# မြန်မာ
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၇

၂၂၈၇၀

# မြန်မာ စွယ်စုံကျမ်း နှစ်ချုပ်

၁၉၉၅

# ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲ ပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့် ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင် ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင် သမိုင်းစဉ်သည် မရပ်မနား ပြောင်းလဲရွေ့လျားနေလေသည်။ ၁၉၈၃ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၈၄ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၈၃ ခုနှစ်က ပဋိပက္ခဖြစ်ခဲ့ကြရာမှ ၁၉၈၄ ခုနှစ်တွင် ငြိမ်းချမ်းရေးသို့ ရှေးရှုလာကြသည့် နိုင်ငံများလည်းရှိသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစ အချိန်မှစ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်း တစ်ရပ်သို့ ဦးတည်နေပြီဖြစ်သည်။ စီးပွားရေး နယ်ပယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်လည်းရှိသကဲ့သို့ ကုန်သွယ်ရေး မညီမျှမှုကြောင့် အပြန်အလှန်ပိတ်ဆို့ တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့် ဖြစ်ရပ်များ ရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် တံခါးဖွင့် မူဝါဒကျင့်သုံးလာကြသည့် ဖြစ်ရပ်များလည်းရှိသည်။ စီးပွားရေးနှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများလည်း ၁၉၈၄ ခုနှစ်တွင် ထူးထူးခြားခြား ဖြစ်ထွန်းသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ် အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးချဲ့သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများ ပေါ်ထွန်းလျက် ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၈၅ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကား လိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

စာပေဗိမာန်

# ဤကျမ်းကိုမရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စိစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၄ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၅ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်း ခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၄ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ အားကစား၊ ယဉ်ကျေးမှုနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ကိုးပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များ သည် ၁၉၉၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာ စာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်းဖော်ပြလေ့ ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၄ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၉၄ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ – စွယ်စုံနှစ်ချုပ် ၁၉၉၄) နှင့် စာမျက်နှာ အမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

**စာပေဗိမာန်**

ကျမ်းဦးစကား
ဤကျမ်းကိုမရှုစားမီ

အပိုင်း ၁

၁၉၉၄ ခုနှစ် ဖြစ်ရပ်များ ..................................................................... ၁

အပိုင်း ၂

ဆေးပညာ၊ အားကစား၊ ယဉ်ကျေးမှုနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ
- ဗုဒ္ဓမြတ်စွယ်တော် ..................................................................... ၃၄
- ရာပြည့်မလွန်စျေးဆန်လူ့ အသင်းကြီး ........................................................ ၄၈
- ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ..................................................................... ၅၈
- မြန်မာနိုင်ငံ ဆေးတက္ကသိုလ်များနှင့် အခြားနီးနွယ်သော တက္ကသိုလ်များ ........................................................ ၆၆
- ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ........................................................ ၈၀
- မြနန်းစံကျော် ရွှေနန်းတော် ..................................................................... ၉၀
- ပလိပ်ရောဂါ ..................................................................... ၉၆
- မြန်မာနှင့် ကမ္ဘာခရီးသွားလုပ်ငန်း ........................................................ ၁၁၀
- မြန်မာ့ကုန်စည်ပြပွဲများ ..................................................................... ၁၂၂

အပိုင်း ၃

၁၉၉၄ ခုနှစ် အကြောင်းရပ်များ ........................................................ ၁၂၈
အက္ခရာစဉ်အညွှန်း ..................................................................... ၃၄၃

# မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များစီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

| | |
|---|---|
| (က) ဦးသော်ကောင်း<br>စာကြည့်တိုက်မှူး<br>တက္ကသိုလ်များဗဟိုစာကြည့်တိုက် | ဥက္ကဋ္ဌ |
| (ခ) ဒေါ်ကြန်<br>အငြိမ်းစားအထက်တန်းသုတေသနမှူး<br>နိုင်ငံသမိုင်း သုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) ဒေါက်တာ တင်ဦး<br>အငြိမ်းစားညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) ဒေါက်တာ မောင်မောင်ညို<br>ပါမောက္ခ<br>ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ် (၁) | အဖွဲ့ဝင် |
| (င) ဦးထွန်းတင့်<br>ညွှန်ကြားရေးမှူး<br>မြန်မာစာအဖွဲ့ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) ဦးမောင်မောင်ကလေး (တက္ကသိုလ် ခင်လေးမောင်)<br>အငြိမ်းစားငွေစာရင်းအရာရှိချုပ်<br>မြန်မာ့မီးရထား | အဖွဲ့ဝင် |
| (ဆ) ဦးသိဟ<br>အငြိမ်းစားပါမောက္ခ<br>အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) ဦးမင်းနိုင်<br>အငြိမ်းစားညွှန်ကြားရေးမှူး<br>ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) ဦးမျိုးသန့် (မောင်ဆုရှင်)<br>အကြံပေးအရာရှိ<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) ဦးဝင်းဖေ (မုံရွာဝင်းဖေ)<br>စာတည်းမှူး<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အတွင်းရေးမှူး |

အပိုင်း – ၁

# ၁၉၉၄ – ခုနှစ် ဖြစ်ရပ်များ

၁၉၉၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့်ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။



၃၄

# မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၅)

## မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ



၆၆



၃၁၈



၃၃၈



၃၁၄

# ၁၉၉၄ ခုနှစ်၊ ဖြစ်ရပ်များ

## ဇန်နဝါရီလ

၁ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက် ရွှေကျင်နိကာယ သာသနာ လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး ရေစက်ချ မင်္ဂလာအခမ်းအနားနှင့် နိုင်ငံတော် ဩဝါဒစရိယ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ သက်တော်ရာပြည့် ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ရွှေကျင် နိကာယ သာသနာ လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပ သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရွှေကျင်ဂိုဏ်း အကြီးအကဲ ဆရာတော်ကြီးများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် နိုင်ငံတော် အကြီးအကဲများ၊ တပည့် ဒါယကာ ဒါယိကာမများ တက်ရောက် ကြည်ညိုကြသည်။

၃ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဂန္ထဓူရ၊ ပရိယတ္တိဝန်ဆောင် ဆရာတော်များ၊ ကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီးများ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းကြောင်း ဖော်ပြသည့် အမိန့်ကြော်ငြာစာ အမှတ် ၁/၉၄ ကိုလည်းကောင်း၊ သူရဘွဲ့၊ သူရဲကောင်းမှတ်ကမ်းဝင်၊ စက်မှုစီးပွားထူးချွန်၊ စိမ်ထူးချွန်၊ လူမှုထူးချွန်၊ ရဲသူရိန်၊ ရဲကျော်စွာ၊ ရဲကျော်သူ တံဆိပ်ရရှိသူ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ အပ်နှင်းကြောင်း ဖော်ပြသည့် အမိန့်ကြော်ငြာစာ အမှတ် ၂/၉၄ ကို လည်းကောင်း ထုတ်ပြန်သည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တို့က (၄၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ပြည်သူ့လွှတ်တော် အဆောက် အအုံ၌ ကျင်းပသည်။

ပထမအကြိမ် မန္တလေးမြို့တော်ဝန် မာရသွန်ပြိုင်ပွဲကို မန္တလေးမြို့တွင် ကျင်းပသည်။

၆ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်း ပေးအပ်ခဲ့ကြသည့် အနုပညာရှင်များအား အမျိုးသားဇာတ်ရုံ ခန်းမတွင် အခမ်းအနားဖြင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ချီးမြှင့်သည်။

ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ရုရှားထောက်လှမ်းရေးနှင့် တန်ပြန်ထောက်လှမ်းရေးအဖွဲ့ကို ကြီးကြပ်ရန်အတွက် အမျိုးသားလုံခြုံရေး အကြံပေးရာထူးသစ်နေရာကို အသက် (၄၄)နှစ်အရွယ်ရှိ အရပ်သား ရူနေ ယူရီဘာတူရင်အား ခန့်ထားလိုက်သည်။

၈ ၁၉၉၃-၉၄ ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊လေ) ဂေါက်သီးရိုက် ပြိုင်ပွဲ စတင်ကျင်းပသည်။ ပြိုင်ပွဲကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နိုင်ငံအကြီးအကဲများ ကြည့်ရှု အားပေး ပါဝင်ယှဉ်ပြိုင်ကြသည်။

မြောက်ကိုရီးယား အုပ်ချုပ်ရေးကောင်စီ ပြည်သူ့ရေးရာ ကော်မရှင်ဥက္ကဋ္ဌ ကွန်ဂျင်တေး (၆၈) နှစ်အား သမ္မတကင်အီဆွန်း၏ အမိန့်ဒီဂရီဖြင့် ဒုတိယ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။

၁၀ နိုင် ငံ တော် ငြိမ် ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာန အစည်းဝေးခန်းမ၌ မိုးကုတ် ရတနာမြေနှင့် မိုင်းရှူးရတနာမြေတို့တွင် မြန်မာ့ ကျောက်မျက် ရတနာရောင်းဝယ်ရေး လုပ်ငန်းနှင့် ဖက်စပ် ကျောက်မျက်တူးဖော်ရေး လုပ်ငန်းတို့မှ တူးဖော်ရရှိသော အရည်အသွေး ကောင်းမွန်သည့် အဖိုးတန် ကျောက်မျက်ရတနာများကို ကြည့်ရှု စစ်ဆေးသည်။

၁၁ (၁၄)ကြိမ်မြောက် သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သန်းညွန့် ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းဇင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အဖွဲ့ဝင် (၁၇၇)နိုင်ငံပါဝင်သည့် ကမ္ဘာ့ဘဏ်သည် ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ အတိုးနှုန်းကို တစ်နှစ်လျှင် ၇ ဒသမ ၄၃ ရာခိုင်နှုန်းမှ ၇ ဒသမ ၂၇ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

၁၂ အမေရိကန်သမ္မတ ကလင်တန်သည် ယူကရိန်းနိုင်ငံ ကိယက်သို့ ရောက်ရှိလာပြီး ယူကရိန်းသမ္မတ လီယိုနစ်ကရာချုပ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကမ္ဘာ့ တတိယ အကြီးဆုံး နျူကလီးယားလက်နက်တိုက်ကို ဖယ်ရှားရန် အပြီးသတ်သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း ထုတ်ဖော် ကြေညာသည်။

၁၃ အီတလီ ဝန်ကြီးချုပ် ကာလို စီ အမ်ပီသည် ရာထူးမှ နုတ်ထွက်သည်။

၁၄ မီယာ အာကာသယာဉ်ဖြင့် အာကာသ အတွင်း ၁၉၇ ရက်ကြာ နေထိုင်ခဲ့ကြသော ရုရှားလူမျိုး ဗာစီလီတိဘီလီယာဗ်နှင့် အလက်ဇန္ဒား စီရီဘာရော့ဗ်တို့ နှစ်ဦးသည် ကမ္ဘာမြေပြင်သို့ ဆိုယုဒ် ၁၇ ယာဉ်ဖြင့် ပြန်လည်ဆင်းသက်လာကြောင်း ရုရှားအာကာသလေ့လာရေး အေဂျင်စီက ပြောကြားသည်။

၁၅ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (ရန်ကုန်တိုင်း) လူထု အစည်းအဝေးကြီးကို အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း ကျင်းပရာ ပြည်သူလူထု တစ်သိန်းကျော် တက်ရောက် ပြီး အဆိုခြောက်ရပ်ကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်အတည်ပြုသည်။

၁၆ မဟာသံ့ဃာရုပ်ရှင်တော်မြတ်၏ ဂန္ဓကုဋိ ကျောင်းတော်သစ် ရေစက်ချပွဲ အခမ်းအနားကို အင်းစိန်မြို့ ဘိုကုန်းရပ်၊ ဇေယျာသိဒ္ဓိ ကျောင်းတိုက်ရှိ ဂန္ဓကုဋိကျောင်းတော်သစ်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဗဟိုဝန်ဆောင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် နိုင်ငံတော် အကြီးအကဲများ တက်ရောက်ကြသည်။

အမေရိကန် သမ္မတ ကလင်တန်နှင့် ဆီးရီးယားသမ္မတ အယ်အာဆတ် တို့သည် အရှေ့အလယ်ပိုင်း အလုံးစုံ ငြိမ်းချမ်းရေးကို ပိတ်ဆို့နေသော အရေးကြီးသော ပြဿနာ အချို့ကို ဖြေရှင်းရန် ဂျီနီဗာတွင် သုံးနာရီကြာ တွေ့ဆုံဆွေးနွေး သည်။

ရုရှား၏ ဈေးကွက် စီးပွားရေး ပြုပြင်ပြောင်းလဲမှု၏ ဗိသုကာဖြစ်သူ ဒုတိယ ဝန်ကြီးချုပ် ယီဂေါဂိုက်ဒါက အစိုးရအဖွဲ့မှ နုတ်ထွက်ကြောင်းကြေညာသည်။

၁၇ မန္တလေးမြို့တွင်ကျင်းပသည့် ပြည်သူလူထု နှစ်သိန်းကျော် တက်ရောက်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (မန္တလေးတိုင်း) လူထု အစည်းအဝေးတွင် လည်းကောင်း၊ တောင်ကြီးမြို့တွင် ကျင်းပသည့် ပြည်သူလူထု တစ်သိန်းနှစ်သောင်းကျော် တက်ရောက်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း (ရှမ်းပြည်နယ်) လူထုအစည်းအဝေး တွင်လည်းကောင်း၊ အခြေခံမူ (၁၀၄) ချက်ကိုအပြည့်အဝထောက်ခံ၍ အဆိုခြောက်ရပ်ကို တစ်ခဲနက်အတည်ပြု ကြပါသည်။



**အမေရိကန်သမ္မတ ကလင်တန်နှင့် ဆီးရီးယား သမ္မတ အယ်အာဆတ်တို့ ဂျီနီဗာတွင် တွေ့ဆုံဆွေးနွေးစဉ်**

ရစ်ချတာ စကေး ၆ ဒသမ ၆ ရှိ ငလျင်ကြီးသည် လော့စ်အိန်ဂျလိစ်ပြည်နယ် ဆန်ဖာနန်ဒို တောင်ကြားကို ဗဟိုပြုတုန်လှုပ်ခဲ့ရာ လူ ၅၆ ဦးမက သေဆုံးပြီး ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ဒေါ်လာ သန်း ၁၅၀၀၀ ကျော်သည်ဟု အေပီက ဖော်ပြ သည်။



**လော့စ်အိန်ဂျလိစ်ပြည်နယ်တွင် လှုပ်ခဲ့သော ငလျင်ကြောင့်ပျက်စီးသွားသော အဝေးပြေးလမ်းမ တစ်နေရာကို တွေ့ရစဉ်**

၁၈ ပြည်သူလူထု တစ်သိန်း ခြောက်သောင်း ကျော် တက်ရောက်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (ကချင်ပြည်နယ်) လူထု အစည်းအဝေးပွဲကြီးကို မြစ်ကြီးနားမြို့တွင် လည်းကောင်း၊ ပြည်သူလူထု နှစ်သိန်းခုနှစ်သောင်းကျော် တက်ရောက်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း (ဧရာဝတီတိုင်း) လူထုအစည်း အဝေးပွဲကြီးကို ပုသိမ်မြို့တွင်လည်းကောင်း ကျင်းပရာ လူထုကြီးက အဆိုခြောက်ရပ်ကို တစ်ခဲနက် ထောက်ခံအတည်ပြုကြသည်။

တောင် ပစိဖိတ်ဒေသကျွန်းစု ဖီဂျီနိုင်ငံတွင် လူမျိုးစု အကြီးအကဲ တစ်ဦးဖြစ်သူ ဝန်ကြီးချုပ်ဟောင်း ရာတုဆာ ကာမီစီစီ မာရာသည် ဖီဂျီနိုင်ငံ၏ ဒုတိယ မြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆို သည်။

၂၀ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကို အဆောက်အအုံတည်ရာ ပြည်လမ်း ခြောက်မိုင်ခွဲတွင် ကျင်းပရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်က အဝေးထိန်းစက်ခလုပ် နှိပ်၍ ဖွင့်လှစ်သည်။

၂၁ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (တနင်္သာရီတိုင်း) လူထုအစည်းအဝေးပွဲကြီးကို ထားဝယ်မြို့တွင် ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က သဘာပတိအမှာစကားပြောကြားသည်။ ယင်းလူထုအစည်းအဝေးပွဲသို့ ပြည်သူလူထု တစ်သိန်းနှစ်သောင်းကျော် တက်ရောက်ကြသည်။

တပ်မတော်(လေ) အမှတ်စဉ် (၅၆) လေယာဉ်မောင်းသင်တန်းဆင်းပွဲနှင့် တောင်ပံအပ်နှင်းပွဲ စစ်ရေးပြအခမ်းအနားကို မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်း၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

စင်ကာပူနိုင်ငံတွင် မူးယစ်ဆေးဝါးပြစ်မှုဖြင့် ဟောင်ကောင်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူ ဝမ်ဝေဟင်(၃၃နှစ်) နှင့် စင်ကာပူနိုင်ငံသား တန်ငှုဆိုက် (၃၅နှစ်) နှစ်ဦးတို့အား ချန်ဂီ အကျဉ်းထောင်၌ ကြိုးပေးသေဒဏ်စီရင်လိုက်သည်။ စင်ကာပူနိုင်ငံတွင်ဘိန်းဖြူ ၁၅ ဂရမ်အထက် လက်ဝယ်ထားရှိသူတို့အား သေဒဏ် စီရင်ရန် ၁၉၇၅ ခုနှစ်က ဥပဒေပြဋ္ဌာန်းထားရှိခဲ့ရာ ယခုအချိန်ထိ လူ ၄၄ဦးကို ကြိုးပေးကွပ်မျက်ပြီးဖြစ်သည်။

၂၂ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (မကွေးတိုင်း) လူထုအစည်းအဝေးကြီးကို မကွေးမြို့တွင် ကျင်းပရာ ပြည်သူလူထုနှစ်သိန်းကျော် တက်ရောက်ကြသည်။

ဒုတိယ အကြိမ် အမျိုးသား အားကစားပွဲတော် ပြန်ကြားရေးနှင့် ဖြေဖျော်ရေးဆပ်ကော်မတီ အားကစားကဏ္ဍ ပြပွဲခင်းကျင်းရေး လုပ်ငန်းအဖွဲ့၏ စာပေ၊ ပန်းချီ၊ ပန်းပု၊ ကာတွန်း၊ ဓာတ်ပုံ ပြပွဲ ဖွင့်ပွဲအခမ်းအနားကို သုဝဏ္ဏ အားကစား ပြိုင်ပွဲရုံ (၁)၌ ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြ သည်။

အမေရိကန် ရှေကမ္ဘာလုံး ရုပ်ရှင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အကောင်းဆုံး ဒါရိုက်တာဆုကို "ရှင်ဒလာလစ်(စ်)" ရုပ်ရှင် ရိုက်ကူးသူ စတီဗင်စပီးလ်ဘတ်ကလည်းကောင်း၊ အမျိုးသား အကောင်းဆုံး သရုပ်ဆောင်ဆုကို "ဖီလာဒေးဖီးယား" ရုပ်ရှင်ကားတွင် သရုပ်ဆောင်ခဲ့သူ "တွမ်ဟင့်စ်" ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို "သည်ပီယာနို" ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့သူ "ဟိုလီဟန်တာ" ကလည်းကောင်း အသီးသီး ဆွတ်ခူးရရှိသည်။

၂၄ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကယားပြည်နယ်) လူထု အစည်းအဝေးကြီးကို လွိုင်ကော်မြို့တွင်ကျင်းပရာ ပြည်သူ တစ်သိန်းခန့် တက်ရောက်၍ အဆိုခြောက်ရပ်ကိုတစ်ခဲနက် ထောက်ခံ အတည်ပြုကြပါသည်။

၂၅ ဒုတိယအကြိမ် အမျိုးသား အားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ ခမ်းနားသိုက်မြိုက်

**ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်**



စည်ကားစွာ ကျင်းပရာ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်း ပြောကြားကာ အားကစား ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ပြည်သူလူထု တစ်သိန်း သုံးသောင်းကျော် တက်ရောက်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ရခိုင်ပြည်နယ်) လူထုစည်း ဝေးပွဲကြီးကို စစ်တွေမြို့ ဝေသာလီ ရင်ပြင်တွင် လည်းကောင်း၊ ပြည်သူလူထု တစ်သောင်း ခြောက်ထောင်ကျော် တက်ရောက်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ချင်းပြည်နယ်) လူထု စည်းဝေးပွဲကြီးကို ဟားခါးမြို့တွင်လည်းကောင်း ကျင်းပရာ တက်ရောက်သူ ပြည်သူလူထုကြီးက အဆိုခြောက်ရပ်ကို တစ်ခဲနက် ထောက်ခံကြသည်။

၂၈ မော်လမြိုင်မြို့တွင် ကျင်းပသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (မွန်ပြည်နယ်) အစည်းအဝေးပွဲသို့ လူထု သုံးသိန်းကျော် တက်ရောက်ပြီး အဆိုခြောက်ရပ်ကို တစ်ခဲနက် ထောက်ခံအတည်ပြုကြသည်။

၂၉ ဒုတိယအကြိမ်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် ပိုစတာ၊ ပို့စကတ်၊ သီချင်းနှင့် စာပေ၊ ပန်းချီ၊ ပန်းပု၊ ကာတွန်း၊ တတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်အမှာစကားပြောပြီး ဆုရရှိသူများကို ဆုများချီးမြှင့်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကရင်ပြည်နယ်) လူထုအစည်းအဝေးပွဲကို ပြည်သူလူထု တစ်သိန်းကျော် တက်ရောက်ကာ အဆိုခြောက်ရပ်ကို တစ်ခဲနက် ထောက်ခံကြသည်။

## ဖေဖော်ဝါရီလ

၁–၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်နှင့်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၃ ခုနှစ် တတိယလေးလပတ် ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမတွင် ဒုတိယနေ့အဖြစ် ဤလ တစ်ရက်နေ့၊ တတိယနေ့အဖြစ် ဤလ နှစ်ရက်နေ့များတွင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုသော နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

၃ အာရှတိုက်သား နှစ်သန်းခန့်သည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အေအိုင် ဒီအက်စ်) ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း၊ အာရှဒေသသည် လာမည့်နှစ်များ (၁၉၉၅–၉၆) ၌ အေအိုင်ဒီအက်စ်ဗိုင်းရပ်စ် အမြန်ဆုံး ကူးစက်ပျံ့နှံ့ရာဒေသ ဖြစ်လာဖွယ်ရှိကြောင်းကမ္ဘာ့ ကျန်းမာရေးအဖွဲ့၊ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားလိုက်သည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့သို့ရောက်ရှိလာသော လောပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွန်ဆာဗက် လင်(န်)ဆာဗတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၅ အစ္စရေး–ပါလက်စတိုင်းဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီး ရှီမွန်ပီရက်စ် ဆွေးနွေးခဲ့သည့် လုံခြုံရေးကိစ္စ ဆွေးနွေးချက်များနှင့် ပတ်သက်၍ အစ္စရေးစစ်တပ်အကြီး အကဲများနှင့် ရှီမွန်ပီရက်စ် အကြား သဘောထားကွဲလွဲမှုများ ဖြစ်သည်။ ယင်းကွဲလွဲမှုများကို ဖြေရှင်းရန် ဝန်ကြီးချုပ် ယစ်ဇက်ရာဘင်သည် စစ်တပ်ဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံသည်။

၆ ဇန်နဝါရီလ ၂၅ ရက်က စတင်ကျင်းပခဲ့သော ၁၉၉၄ ခုနှစ် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးစခန်းတွင် အောင်မြင် စွာကျင်းပပြီးစီးသည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက် ပြီးစီးမှု အခြေအနေနှင့် (၄၉) နှစ်မြောက် တပ်မတော်နေ့ ပြပွဲအတွက် ခင်းကျင်းပြသမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိပုဂ္ဂိုလ်များအား လိုအပ်သည်များကို လမ်းညွှန်မှာကြား သည်။

ပခုက္ကူ ဦးအုန်းဖေ စာပေဆု ဆုနှင်းသဘင်အခမ်းအနားကို ပခုက္ကူမြို့ ပြည်သာယာခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ဤလ ၁၆ ရက်နေ့၌ ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲသို့ ဘက်မလိုက်အဖွဲ့ဝင် ၂၂ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြလိမ့်မည် ဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရတာဝန်ရှိ ပုဂ္ဂိုလ်က ပြောကြားသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ လက်ရှိဥက္ကဋ္ဌမှာ အင်ဒိုနီးရှားသမ္မတ ဆူဟာတို ဖြစ်သည်။

၈ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၁/၉၄ ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အထူးစီမံကိန်းများ အကောင် အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် အမှာစကားပြောကြားသည်။

၈–၁၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဗိုလ်ချုပ်ကြီး) သည် တာဝန်ရှိသူများ လိုက်ပါလျက် ဤလ ၈ ရက်နေ့၌ မန္တလေးမြို့သို့ရောက်သည်။ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေးသည် မန္တလေးတောင် စိမ်းလန်း



**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်သမိုင်းပြတိုက် စစ်ဆေးကြည့်ရှုစဉ်**

စိုပြည်ရေးဆောင်ရွက်မှု၊ ရေရရှိရေးဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးသည်။ ဤလ ၉ ရက်နေ့၌ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မန္တလေး ဆင်ဖြူကန် အားကစားကွင်းတွင် ကျင်းပသည့် မြန်မာရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တက်ရောက်ကြသည်။ ထို့နောက် မန္တလေး အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ယင်းလုပ်ငန်းနှင့် ဆက်နွယ်သော အခြားလုပ်ငန်းကို ကြည့်ရှု စစ်ဆေးသည်။ ဤလ ၁၀ ရက်နေ့၌ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေးနှင့် အဖွဲ့သည် မန္တလေးခေတ်မီ ဈေးချိုတော် တည်ဆောက်မှုလုပ်ငန်း၊ မန္တလေး ပြင်ဦးလွင်ကားလမ်းပေါ်ရှိ ရတနာပုံမြို့သစ်တည်ဆောက်မှုအခြေအနေ၊ ဆောက်လုပ်ဆဲ ရှခင်းသာဟိုတယ်၊ ပြင်ဦးလွင်စစ်တက္ကသိုလ်များကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေးက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၉ တောင်အာဖရိကနိုင်ငံတွင် လူမျိုးပေါင်းစုံပါဝင်ယှဉ်ပြိုင်ကြမည့် ပထမဆုံးအကြိမ်ရွေးကောက်ပွဲ၌ လက်ယာအုပ်စုများပါဝင်လာစေရေးအတွက် ဦးတည်ကျင်းပသော ဆွေးနွေးပွဲများမှာ လိပ်ခဲတည်းလည်းဖြင့် အဆုံးသတ်ခဲ့ရကြောင်း တောင်အာဖရိက သတင်းထုတ်ပြန်ရေးအဖွဲ့ (ဆာပါ) က ကြေညာထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည်။ သို့သော်ရှေးယခင်ကတည်းက ကျင့်သုံးလာခဲ့သည့် ဆိုရှယ်လစ် မူဝါဒများကိုမူ စွန့်ပစ်မည်မဟုတ်ဟု အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီး မင်မိုဟန်ဆင်းကပြောကြား လိုက်သည်။

၁၁ တရုတ်နိုင်ငံတွင်နိုင်ငံတကာအကြွေးဝယ်ယူခွင့်ကတ်ပြား (ခရက်ဒစ်ကတ်) ကုမ္ပဏီကြီးများ၏အကြွေးဝယ်ယူခွင့် ကတ်ပြားများ တွင်ကျယ်စွာ အသုံးပြုလာခြင်းနှင့်အတူ အကြွေးဝယ်ယူခွင့် ကတ်ပြား ကလိန်ကျမှုများ ဖြစ်ပေါ်တိုးပွားလာကြောင်း၊ ယင်းကလိန်ကျမှုသည် အရေးတကြီး ဖြေရှင်းရမည့် ပြဿနာဖြစ်လာကြောင်း အေပီသတင်း တစ်ရပ်တွင် ဖော်ပြသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၁၉၉၄ ခုနှစ် (၄၇) နှစ် မြောက် ပြည်ထောင်စုနေ့ ညစာ စားပွဲကို ရန်ကုန်မြို့ အလုံလမ်း၊ သမ္မတအိမ်တော်တွင် ကျင်းပသည်။

လီလီဟားမား ဆောင်းရာသီ အိုလံပစ် အားကစားပွဲကို နော်ဝေနိုင်ငံ လီလီဟားမားမြို့တွင် စတင်ဖွင့်လှစ်လိုက်သည်။ အဆိုပါ အခမ်းအနားသို့ ပြည်သူ ၃၆,၀၀၀ တက်ရောက်ခဲ့သည်။ အိုလံပစ်မီးရှူးတိုင်ကို နော်ဝေ အိမ်ရှေ့မင်းသား ဟက်ကွန်က ထွန်းညှိ ပေးလိုက်ပြီး နော်ဝေဘုရင် ဟယ်ရောက အားကစားပြိုင်ပွဲကို တရားဝင် ဖွင့်လှစ်ပေးလိုက်သည်။



**လီလီဟားမား ဆောင်းရာသီ အိုလံပစ် အားကစားပွဲ ဖွင့်လှစ်ရန် အိုလံပစ် မီးရှူး တိုင်ကို စကိတ်စီး၍သယ်ဆောင်လာစဉ်**

မြောက်ကိုရီးယားက ယင်း၏ နျူ ကလီး ယား အစီအစဉ်နှင့်ပတ်သတ်၍ကုလသမဂ္ဂ ၏ အရေးယူမှု မှန်သမျှသည် မိမိတို့အပေါ် စစ်ကြေညာသည့် အသွင်သဏ္ဍာန်နှင့် တူ ကြောင်း သတိပေးလိုက်ပြီး နျူ ကလီးယား စစ်ဆေးမှုကိစ္စအငြင်းပွားမှုကို စေ့စပ်ဆွေး နွေးခြင်းဖြင့် ဖြေရှင်းရန် မိမိ တို့ လိုလားဆဲ ပင် ဖြစ် ကြောင်း ပြောကြားလိုက်သည်။

၁၄ မြစ်ကူးတံတားကြီးခြောက်စင်းတည် ဆောက်ရေးနှင့် မီးရထားလမ်းများ ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမတွင်ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အဖွဲ့ဝင် ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်အမှာ စကားပြောကြားသည်။

၁၆ မြန်မာနိုင်ငံသို့လာရောက်လေ့လာ သွားသောအမေရိကန် ပြည်ထောင် စုမှ အောက်လွှတ်တော်အမတ် မစ္စတာ ဘီလ်ရစ်ချတ် (ပ်)ဆင်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် သတင်းစာ ဆရာများနှင့် တွေ့ဆုံ၍ သတင်းစာ ရှင်းလင်းပွဲ တစ်ရပ် ကျင်းပသည်။

ရုရှားနိုင်ငံတွင် အလုပ်လုပ်နေကြသည့် မြောက်ကိုရီးယားနိုင်ငံသားနှစ်ဦးသည် ရုရှား လေယာဉ်တစ်စင်းဖြင့် တောင်ကိုရီးယားသို့ ထွက်ပြေးကာ နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့ ကြောင်း တောင်ကိုရီးယားအမျိုးသားလုံခြုံ ရေးစီမံကိန်း အေဂျင်စီက ပြောကြားသည်။

၁၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
– ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်
၂၀ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး သန်းရွှေသည် ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး အပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ် ရေလှောင်တမံ စီမံကိန်း၊ ပဲခူးမြို့နယ်ရှိ ဇောင်းတူရေအားလျှပ်စစ် စီမံကိန်းနှင့် အခြားလုပ်ငန်းများ၊ တောင်ငူမြို့ တွင်း တည်ဆောက်ရေးလုပ်ငန်းများ၊နတ်တလင်း မြို့နယ်ရှိ တောင်ညို ရေလှောင်တမံ စီမံကိန်း၊ ပေါက်ခေါင်းမြို့နယ်ရှိတောင်နဝင်း ရေလှောင်တမံစီမံကိန်း၊ ဧရာဝတီတံတား (ပြည်)တည်ဆောက်ရေးစီမံကိန်း၊ ရွှေတောင် မြို့နယ်ရှိ လုပ်ငန်းများ၊ သာယာဝတီမြို့နယ် တွင်းရှိ လုပ်ငန်းများကို လှည့်လည် ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ် သည်များကို မှာကြားသည်။

၁၈ ကမ္ဘောဒီးယားနိုင်ငံရှိမိမိတို့နေအိမ် များသို့ ပြန်လာခွင့်မရဘဲ တားမြစ် ပိတ်ပင် ခံနေရသည့် ဗီယက်နမ်မျိုးနွယ် ဒုက္ခသည်ထောင်ပေါင်းများစွာ၏ ပြဿနာ ကို ကမ္ဘောဒီးယားက ကူညီဖြေရှင်း ပေးရန် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင် မန်းကမ်က တောင်းဆိုလိုက်သည်။

၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းရုံး၊ အမှုဆောင်များတွေ့ဆုံဆွေးနွေး ပွဲကို ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင် တွင် ကျင်းပသည်။

၂၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံ တော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ အလီအလာတပ်စ် နှင့် ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံ သည်။

အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များ သည် မိမိတို့၏ အလုပ်သမားများအား အနိမ့်ဆုံးလုပ်ခလစာ ထက်ပို၍ ပေးအပ်ကြ ရန် လုပ်ငန်းရှင်များကို သမ္မတ ဆူဟာတိုက တိုက်တွန်းပြောကြားလိုက်သည်။

၂၂ မြန်မာနိုင်ငံ နယ်စပ်မြို့ တစ်မြို့ဖြစ် သည့် ရွှေကြိဂံဒေသတာချီလိတ်မြို့ ထိုင်း–မြန်မာ ချစ်ကြည်ရေးတံတားထိပ်တွင်

အခန်းပေါင်း ၁၃၈ ခန်းပါဝင်သည့် နှစ်ထပ်ဈေးသစ်ကြီးကို ဒေသခံ ပြည်သူများက ထိုင်းဘတ်ငွေ ၈၁၄၀၂၀၀ အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးသည်။

၂၃ ၁၉၉၁ ခုနှစ် ဆိုဗီယက် အာဏာသိမ်း ခေါင်းဆောင်များနှင့် လွှန်ခဲ့သည့်နှစ် အောက်တိုဘာလက သမ္မတဘောရစ်ယဲ့ဆင်အား ဆန့်ကျင်ခဲ့ကြသည့် သဘောထား တင်းမာသော ပါလီမန် အမတ်ဟောင်းများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးရေးကို ရုရှား ပါလီမန်က အတည်ပြုလိုက်သည်။

၂၄ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည် ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်း၊ အမှတ်စဉ် (၂၅) နောက်ဆုံးနှစ် သင်တန်းသား၊ သင်တန်းသူများက ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ မင်္ဂလာခန်းမတွင် တွေ့ဆုံဂါရဝပြုသည်။ ဂါရဝပြု အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဩဝါဒ အမှာစကားပြောကြားသည်။

ရုရှားနိုင်ငံတွင် ဂိုဏ်းဖွဲ့ကာ ကျူးလွန်သောရာဇဝတ်မှုခင်းများ ကျဆင်းသွားရန် ယခုနှစ်၌ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အထက်လွှတ်တော် နှစ်ရပ်၏ ပထမအကြိမ် အစည်းအဝေးတွင် သမ္မတ ယဲ့လ်ဆင်က ပြောကြားသည်။

၂၅ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေးသည် တပ်မတော်စစ်သမိုင်း ပြတိုက်သို့ သွားရောက်၍ (၄၉) နှစ်မြောက် တပ်မတော်နေ့ပြပွဲ ခင်းကျင်းပြသရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြင်သစ်ဇာတိဖွား မိသုကာပညာရှင်တစ်ဦးဖြစ်ပြီး‌တောင်တက်နည်းပြဆရာတစ်ဦးဖြစ်သူ အာဂျင်တီးနားနိုင်ငံမှ ဒန်နီယယ်အိန်ဆင်ဘက် (၆၁နှစ်) သည်အမေရိကတိုက်ရှိ အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် အက်ကွန်ကာကွာ တောင်ထိပ်သို့ နှစ်စဉ် ဆက်တိုက်တက်ရောက်ခဲ့ရာ အဆိုပါ တောင်ကို အကြိမ် ၂၀ မြောက် တက်သူ အဖြစ် ကမ္ဘာ့စံချိန် ထူလိုက်သည်။

၂၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးသည် ဘုရင့်နောင်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

၂၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဇလွန်မြို့နယ်၊ အဖျောက် သဘာဝဓာတ်ငွေ့ မြေတွင် အစမ်းတွင်း အမှတ် (၉) တူးဖော်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

## မတ်လ

၁ စတုတ္ထအကြိမ်မြောက် မြန်မာ့တပ်မ တော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာဒုံ တပ်မတော် အရိုးရောဂါနှင့် ကိုယ်လက်အင်္ဂါ ပြန်လည်ပြုပြင်ရေး ဆေးရုံကြီး (ခုတင်၅၀၀) ၌ ကျင်းပရာ စစ်ရေးချုပ် လယ်ယာစိုက်ပျိုး ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်အောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တောင်အာဖရိကနိုင်ငံတွင် အင်ကာသာ ဖရီးဒမ်း ပါတီခေါင်းဆောင် ဘူသီလီဇီနှင့် အာဖရိက အမျိုးသားကွန်ဂရက်(အေအင်စီ) ဥက္ကဋ္ဌ မင်ဒဲလားတို့ သည် ကိုးလတာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဒါဘင်ဗဟိုဟိုတယ်ကြီးတွင် စတင်တွေ့ဆုံဆွေးနွေးကြသည်။ တောင်အာဖရိက နိုင်ငံ၏ ပထမဆုံးအကြိမ် လူမျိုးစုံ ရွေးကောက်ပွဲတွင် ၎င်း၏ အဓိက လူမည်း ပြိုင်ဖက်အုပ်စုကြီးဖြစ်သည့် အင်ကာသာ ဖရီးဒမ်း ပါတီ ပါဝင်ယှဉ်ပြိုင်လာစေရေးအတွက် မင်ဒဲလား၏ အစီအစဉ်များကို အဓိကထားဆွေးနွေးရန် ဖြစ်သည်။

ဟီဘရွန် မွတ်စလင် ဗလီတွင်ဖြစ်ပွားခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးတွင် သေဆုံးခဲ့ရသူ ပါလက်စတိုင်းတို့၏ မိသားစုများအား အစ္စရေးနိုင်ငံက လျော်ကြေး ရှက်ကယ် ၅၀၀၀ (ဒေါ်လာ ၁၆၉၀) စီ ပေးလျော်သွားမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ထုတ်ပြန်ကြေညာသည်။

၃ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများကို အထောက်အကူပြုစေရန်နှင့် ပြည်သူများ ငွေစက္ကူ ကိုင်တွယ်သုံးစွဲရာတွင် ပိုမို လွယ်ကူမှု ရှိစေရန် အလို့ငှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ကေသရာဇာ ခြင်္သေ့မင်း ရုပ်ပုံပါ ငွေစက္ကူသစ် အတွဲစဉ်ဖြင့် နိုင်ငံတကာ အဆင့်မီ အဆင့်မြင့် လုံခြုံမှု အဆင့်အတန်းရှိသော ကျပ်ငါးရာတန်၊ ကျပ်တစ်ရာတန်၊ ကျပ်ငါးဆယ်တန်၊ ကျပ်နှစ်ဆယ်တန် ငွေစက္ကူသစ်များနှင့်အတူ ငါးဆယ်ပြားတန် ငွေစက္ကူသစ်ကို ၁၉၉၄ ခုနှစ် မတ်လ ၂၇ ရက်နေ့မှ စတင် ထုတ်ပေးမည်ဖြစ်ကြောင်း၊ ယင်းငွေစက္ကူသစ်များကို ပြည်သူများအား ဘဏ်ဖွင့်ချိန်အတွင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် ငွေကြေးဌာနတွင်လည်းကောင်း၊ ဘဏ်များနှင့် အစိုးရ ငွေတိုက်များတွင်လည်းကောင်း ထုတ်ပေးမည်ဖြစ်ကြောင်း ၁၉၉၄ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ထုတ်ပြန်သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် သတင်းကြေညာချက်တွင် ဖော်ပြပါရှိပါသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင် အေ အီး အေ) မှ ကျွမ်းကျင်သူများသည် တစ်နှစ်ကျော်ကာလအတွင်းပထမဆုံးအကြိမ်အဖြစ် မြောက်ကိုရီးယား နျူကလီးယား စက်ရုံများကို စတင်စစ်ဆေးကြသည်။ လက်ရှိစစ်ဆေးမှုများသည် နျူကလီးယား ပစ္စည်းများအား လက်နက်စမ်းသပ်ထုတ်လုပ်မှု အဖြစ်သို့ ပြောင်းလဲသုံးစွဲနိုင်မှု ရှိမရှိကို သိရှိရန် ရည်ရွယ်သည် ဟုဆိုသည်။

၄ – ၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် မတ်လ ၄ ရက်နေ့တွင် ရေဝတီတိုင်း ဝနေဖြူမြို့နယ် ရေကျော်ကွင်းဒေသ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ မြန်အောင်မြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်း ရေနံအစမ်းတွင်းအမှတ် (၃) တူးဖော်နေမှု အခြေအနေများ၊ ကြခင်း

ဘိုလပ်မြေစက်ရုံ အမှတ်(၂)၊ ဟသာ်တမြို့ တည်ဆောက်ရေးလုပ်ငန်းများ၊ အိမ်မဲ မြစ်ကူး တံတားတည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ မတ်လ ၅ ရက်နေ့တွင် ပုသိမ်မြို့တွင်း တည်ဆောက်ရေး လုပ်ငန်းများနှင့် ပုသိမ်အရှေ့မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများ၊ ကွယ်လွယ်ကျေးရွာ တစ်ဖက်ကမ်း မြောင်းမြ တံတား တည်ဆောက်ရေးလုပ်ငန်း၊ ငပုတောမြို့နယ် ဟိုင်းကြီးကျေးရွာ အုပ်စုအတွင်း ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ၊ လပွတ္တာမြို့အတွင်း ဒေသဖွံ့ဖြိုးရေး အခြေအနေများကိုလည်းကောင်း မတ်လ ၆ ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့ ဒေသဖွံ့ဖြိုးရေးအခြေအနေများ၊ ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာနှင့် ကျိုက်လတ် မြို့နယ်ကညင်ချောင်းကျုံဖားကျေးရွာအုပ်စု ရှိ နွေစပါးစိုက်ခင်းများ၊ ဘိုကလေးမြို့ ဖွံ့ဖြိုး တိုးတက်မှု အခြေအနေများ၊ မအူပင်မြို့နယ် တလုပ်လတ်အရှေ့ကျေးရွာရှိ တိုးမြစ်ကူး မအူပင်တံတား တည်ဆောက်ရေးလုပ်ငန်း၊ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ အုပ်စုရှိ စိုက်ပျိုးရေးလုပ်ငန်း အခြေအနေ များကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးသည်။

၄ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက်သွယ်မှု အဆင့်မြင့်ခြင်းလုပ်ငန်း ဂြိုဟ်တုဆက်သွယ် ရေး မြေပြင်စခန်း ဖွင့်ပွဲ အခမ်းအနားကို သန်လျင်–ကျောက်တန်း လမ်း ဂြိုဟ်တုဆက်သွယ်ရေး မြေပြင် စခန်းဝင်းအတွင်းရှိ မဏ္ဍာပ်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အားပေး ချီးမြှင့်သည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မှော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စု ခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင် ရေး နှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၁/၉၄) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် သြဝါဒစကား မြွက်ကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကမ္ဘာအေး ဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ ကျင်းပမည့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီမှူး ကြီးမှူး ကျင်းပသော (၃၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ အကြိုခင်းကျင်း ပြသမှုများကို လာရောက်ကြည့်ရှု စစ်ဆေးသည်။

၈ 'နိုင်ငံတကာ အမျိုးသမီးများနေ့' ကို ကမ္ဘာ့နိုင်ငံတစ်ဝန်းတွင် သပိတ် မှောက်ပွဲ များ၊ ဆန္ဒပြပွဲများဖြင့် ကျင်းပခဲ့ကြသည်။ အမျိုးသမီးများ အခွင့်အရေး တိုးတက် ရရှိရေးအတွက် တောင်းဆိုခဲ့ကြသည်။

၉ အငြိမ်းစား တရုတ် ဝါရင့် ခေါင်းဆောင် တိန့်ရှောင်ဖိန်အား ဘရုတ် ပြည်လုံး ဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်ပီစီ) ၏ သဘာပတိ အဖွဲ့ဝင်အဖြစ် ရွေးချယ် လိုက်သည်။

၁၀ – ၁၈ (၃၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာ ပြပွဲကို ကမ္ဘာအေး ဘုရားလမ်း ရှိ မြန်မာ့ ကျောက်မျက် ရတနာခန်းမ၌ ကျင်းပသည်။ ပြပွဲ ကာလ အတွင်း ရောင်းရငွေ စုစုပေါင်းမှာ ငွေကျပ် ၅,၁၉,၇၇,၅၁၄ ဒသမ ၁၀၊ အမေရိကန် ဒေါ်လာ ၈၄,၇၁, ၄၆၄ ဖြစ်သည်။

၁၀ တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန် ဂရက် (အင် ပီ စီ ) နှစ်ပတ်လည် အစည်းအဝေး စတင် ကျင်းပသည်။ ဝန်ကြီးချုပ် လီပင်းက နှစ်ပတ်လည် အစီရင်ခံစာ တစ်ရပ်ကို အစည်းအဝေးသို့ တင်သွင်း သည်။

၁၀ – ၁၂ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေးသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ အဖွဲ့ဝင်များ လိုက်ပါလျက် တနင်္သာရီတိုင်း ထားဝယ်နှင့် မြိတ်မြို့နယ် များသို့ သွား ရောက်ကာ နယ်မြေဖွံ့ဖြိုးရေးနှင့် တည် ဆောက်ရေးလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

၁၁ ဆလိုဗက်ကီးယား နိုင်ငံတွင် လပေါင်း များစွာ နိုင်ငံရေး အခြေအနေ မတည်မငြိမ် ဖြစ်နေရာမှ ပါလီမန်သည် ဝန်ကြီးချုပ် ဗလာဒီ မာမက်ဆီယာအား အယုံအကြည်မရှိ အဆိုတင်သွင်းကာ ဖြုတ်ချ လိုက်သည်။

၁၂ ဘော့စနီးယား နိုင်ငံအလယ်ပိုင်းကို ထိန်းချုပ် နိုင်ရေးအတွက် တစ်ဖက်နှင့် တစ်ဖက် အကြီးအကျယ် တိုက်ခိုက်ခဲ့ကြသော ဘော့စနီးယား ခရိုအက်နှင့် မွတ်စလင် တို့သည် ၎င်းတို့၏ စစ်တပ်များ ပူးပေါင်းမည့် သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြသည်။

၁၄ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိ နေသော ကျူးဘားသမ္မတနိုင်ငံ၊ နိုင်ငံခြား ရေး ဝန်ကြီး မစ္စတာ ရောဘတ်တိုရိုဘိုင်းနား ဂွန်ဇာလိဇ် ခေါင်းဆောင်သည့် ကိုယ်စား လှယ်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၅ တောင်ကိုရီးယားနိုင်ငံရေး လောက အဂတိကင်းပြီး သန့်ရှင်းရေး အတွက် တစ်နှစ်ကြာမျှ ကြိုးပမ်းခဲ့သော သမ္မတ ကင်မ်ယုံဆမ်းသည် နိုင်ငံရေး ပြုပြင် ပြောင်းလဲရေး ဥပဒေကြမ်း တစ်ရပ်ကို ဥပဒေ အဖြစ်လက်မှတ်ရေးထိုးလိုက်သည်။ ယင်းသို့ လုပ်ဆောင်လိုက်ခြင်းဖြင့် တောင် ကိုရီးယား ရွေးကောက်ပွဲများ၌ မဲခိုးမှုများနှင့် မဲဝယ်မှုများအဆုံးသတ်သွားစေပြီဖြစ်သည်။

၁၈ ဘော့စနီးယား မွတ်စလင်နှင့် ဘော့ စနီးယား ခရိုအက်တို့သည် ခါးသီးသော အတိတ်စစ်ပွဲ၏ အနိဋ္ဌာရုံများကို လျစ်လျူရှုကာ စစ်ဒဏ်သင့် မိမိတို့ ဒေသ တွင် ဖယ်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းမည့် သဘောတူညီချက် တစ်ရပ်ကို အိမ်ဖြူတွင် သမ္မတ ကလင်တန် သဘာပတိ အဖြစ် ဆောင်ရွက်သည့် အခမ်းအနား၌ လက်မှတ် ရေးထိုးလိုက်ကြသည်။



**ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး ဆရာတော်ကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော်ဆက်ကပ်စဉ်**

၂၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် အနော်ရထာခန်းမ၌ ကျင်းပသော နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် သင်တန်း အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားသည်။

၂၃ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ အဆိုပါပြတိုက်၌ ခင်းကျင်းပြသထားသည့် ၁၉၉၄ ခုနှစ် (၄၉) နှစ်မြောက် တပ်မတော်နေ့ပြပွဲမှ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

၂၅ ဗုဒ္ဓါဘိသေက အနေကဇာ တင်ပွဲ၊ တပ်မတော် ဓမ္မာရုံ ရေစက်ချ လှူဒါန်းပွဲနှင့် ဆွမ်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည် လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၂၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး အမှူးပြုသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီးနောက် ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များကို အသီးသီးဆက်ကပ် လှူဒါန်းပူဇော်ကြသည်။

ကမ္ဘောဒီးယား အစိုးရ တပ်ဖွဲ့ဝင်များသည် ခမာနီတို့၏ နောက်ဆုံး ခြေကုပ်စခန်းဖြစ်သည့် ခမာနီ ဌာနချုပ်ပိုင် လင်းကို သိမ်းယူနိုင်ခဲ့သည်။ စခန်းကြီးတွင် ခမာနီ ပြောက်ကျားများက ရိက္ခာနှင့် လက်နက်တန်ချိန်ပေါင်း များစွာတို့ကို ကွန်ကရစ် အဆောက်အအုံများအတွင်း စုပြုံ ထားရှိသည်ကို တွေ့ရှိရပြီး ကျောက်မျက် ရတနာနှင့် သစ်ပေါကြွယ်ဝသော နေရာတစ်ခုဖြစ်ရာ ၁၅ နှစ်ကြာ ပြည်တွင်းစစ်အတွင်း ခမာနီတို့အတွက် ဒေါ်လာသန်းပေါင်း များစွာ ရရှိခဲ့ကြောင်း သိရှိရသည်။

## ၁၉၉၄ ခုနှစ်၊ ဖြစ်ရပ်များ

၂၇ ၄၉ နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က (၄၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ညှော်ခံပွဲနှင့် ညစာစားပွဲကို အလုံလမ်းရှိ သမ္မတ အိမ်တော်ဝင်း၌ ကျင်းပသည်။

၂၈ – ၃၀ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင် ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်သည်။

၃၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်တိုက်တွင် "မြန်မာ့ကုန်စည်ပြပွဲ ၉၄" အကြို ခင်းကျင်းပြသထားမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ဧပြီလ

၁ "မြန်မာ့ကုန်စည်ပြပွဲ ၉၄" ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးဈေး– စီရုံ အဆောင် (၃)နှင့်(၄)ရှိမြန်မာ့ကုန်တိုက်၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် အားပေးချီးမြှင့်ပြီး ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်က ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ် ပေးသည်။



**ကမ္ဘောဒီးယား အစိုးရတပ်ဖွဲ့များက ခမာနီဌာနချုပ်ပိုင်လင်းကို သိမ်းပိုက်ပြီး နောက်တွေ့ရစဉ်**

၃ ကာကွယ်ရေး ဝန်ကြီးဌာန မိသားစု စုပေါင်းရဟန်းခံရှင်ပြု အလှူတော် မင်္ဂလာ အခမ်းအနားကို ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်သစ်၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့တက် ရောက်၍ လှူဒါန်းမှု အစုစုအတွက် ရေစက် သွန်းချအမျှပေးဝေသည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်လေ့ကျင့်ရေးဌာန ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၁/၉၄) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းဩဝါဒ စကားမြွက်ကြားသည်။

၄ – ၁၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ လိုက်ပါ လျက် ရ ဟတ်ယာဉ်များဖြင့် ဖျဉ်းမနားမြို့၊ တပ်ကုန်း မြို့နယ်၊ မိတ္ထီလာမြို့၊ သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုဂံ–ညောင်ဦးမြို့၊ မြင်းခြံမြို့နယ်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပြင်ဦးလွင်မြို့၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ကောလင်းမြို့နယ်၊

ဝန်းသိုမြို့၊ ရွှေဘိုမြို့၊ ဆားလင်းကြီးမြို့၊ မုံရွာမြို့၊ ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ကလေးမြို့၊ တမူးမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ဂန့်ဂေါမြို့နယ်၊ ရေစကြိုမြို့နယ်၊ ပခုက္ကူမြို့နယ်များသို့ လှည့်လည် သွားရောက်ကာ တည်ဆောက်ပြီးရေလှောင်တမံများ၊ တည်ဆောက်ဆဲ ရေလှောင်တမံစီမံကိန်း လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ သတ္တုတွင်း စီမံကိန်း လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ရေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများနှင့် နယ်မြေဒေသအသီးသီးရှိ တပ်ရင်းတပ်ဖွဲ့များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၆ ရဝမ်ဒါသမ္မတ ဂျူဗီနာ ဟာဘီယာရီမာနာနှင့် ဘူရွန်ဒီသမ္မတ အင်တာယာမီရာ တို့လိုက်ပါ လာသည့် လေယာဉ်သည် ရဝမ်ဒါ မြို့တော်ကီဂါလီ လေဆိပ်သို့ ဆင်းသက်စဉ် လေယာဉ် ပျက်ကျကာ သမ္မတနှစ်ဦးလုံး သေဆုံးသည်။

၈ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၅) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက် အလေးပြုခံပြီး မိန့်ခွန်း ပြောကြားသည်။

၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မန္တလေးမြို့ရှိ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဧည့်ဂေဟာ၌ အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျာမာလူဒင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ သည်။

၁၂ ၁၉၉၄ ခုနှစ်အတွက် စာပေအနုပညာ ပူလစ်ဇာဆုများကို ကြေညာသည်။ ပြဇာတ်စာပေဆုကို အက်ဒွပ် အယ်ဘီက "အရပ်ရှည်ရှည် အမျိုးသမီး သုံးဦး" (Three Tall Women) ဖြင့် လည်းကောင်း၊ ဝတ္ထုစာပေဆုကိုစာရေးဆရာအီးအင်နီ ရောလ်စ်က "သင်္ဘော လုပ်ငန်းသတင်း" (Shipping News) ဝတ္ထုအမည်ဖြင့် လည်းကောင်း၊ သုတစာပေ ဆုကို ဒေးဗစ်ရမ်နစ်က "လီနင်ဂူဆိုဗီယက် အင်ပါယာ၏ နောက်ဆုံးနေ့များ" (Lenin's Tomb: The Last Days of The Soviet Empire) ဖြင့် လည်းကောင်း၊ ကိုယ်ရေး အတ္ထုပ္ပတ္တိ စာပေဆုကို ဒေးဗစ်လီဗာရင် လူးဝိ က "ဒဗလျူ အီးဘီဒူဘွိုင်း မျိုးဆက် တစ်ဆက်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ ၁၈၆၈–၁၉၁၉" (W.E.B. Dubois Biography of a Race, 1868-1919) ဖြင့်လည်းကောင်း၊ ကဗျာစာပေဆုကိုယူဆွတ် ကိုမူနီယာကားက "နီယွန်တိုင်းရင်းသား" (Neon Vernacular) ကဗျာစာအုပ်ဖြင့်လည်းကောင်း၊ တေးဂီတဆုကို ဂန့်သာရှူးလားက "ဘဝအတွေ့အကြုံများနှင့်ရောင်ပြန်ဟပ်မှုများ" (Of Reminiscences and Reflections) တေးဖြင့်လည်းကောင်း အသီးသီးဆွတ်ခူးရရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်သို့ ဒေသစာရီ ကြွချီတော်မူလာစဉ်



၁၉ ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး အာဆိယံ အမြဲတမ်း ကော်မတီ ဥက္ကဋ္ဌ ပရာဆောင်ဇွန်စီရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမတွင် လည်းကောင်း၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံ ရိပ်သာတွင် လည်းဂေါင်း သွားရောက် တွေ့ဆုံသည်။

၂၀ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ အစိုးရတို့၏ ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်ချက်မှုအစီအစဉ်ဖြင့် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ ကြည်ညိုဖူးမြော်နိုင်ရန် ပီကင်းမြို့မှ ပင့်ဆောင်ခဲ့ရာ ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

၂၂ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊
– နမ့်မျှော် ရေအားလျှပ်စစ် ဖွင့်ပွဲ
၂၅ အခမ်းအနားကို လားရှိုးမြို့နယ်ရှိ နမ့်မျှော် ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်၌ ကျင်းပရာ နိုင်ငံတော်ငြိမ် ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများနှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ကြူကုတ် (ပန်ဆိုင်း)မြို့သို့ လည်းကောင်း၊ကွတ်ခိုင်မြို့နယ် ကောင်ခါးမြို့သစ်သို့ လည်းကောင်း၊ ပန်ခမ်း (ပန်ဆန်း) မြို့သို့လည်းကောင်း၊ ကိုးကန့် ဒေသရှိ လောက်ကိုင်မြို့၊ မိုင်းမောမြို့သို့ လည်းကောင်း၊နမ္မတူမြို့နယ် မန်တုံမြို့သို့ လည်းကောင်း သွားရောက်၍ နယ်မြေဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကိုကြည့်ရှုစစ်ဆေးသည်။

၂၂ တောင်ကိုရီးယားသမ္မတကင်မ်ယုံဆမ်သည် ဝန်ကြီးချုပ်လီဝိုင်ချန်၏ နုတ်ထွက် လွှာကိုလက်ခံသည်။ ၎င်း၏ နေရာတွင် ကိုးရီးယားနစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးဌာန ဝန်ကြီး လီယောင်ဒတ်ကို အစားထိုး ခန့်အပ်ခဲ့သည်။

၂၂ အမေရိကန်သမ္မတဟောင်းရစ်ချက်နစ်ဆင်သည် လေးရက်ကြာမျှ လေဖြတ်ဝေဒနာဖြင့် မေ့မျောနေပြီးနောက် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ အသက် (၈၁) နှစ်ရှိပြီဖြစ်သည်။ နစ်ဆင်သည် ၁၉၆၈ ခုနှစ်တွင် ရွေးချယ်ခံရသောအမေရိကန်ပြည်ထောင်စု၏ (၃၇) ဦးမြောက် သမ္မတဖြစ်သည်။

၂၆ တောင်အာဖရိက နိုင်ငံတွင် အနှစ်
– ၃၀၀ ကျော် လူဖြူအုပ်စိုးမှုကို
၂၈ အဆုံးသတ် စေသည့် ပထမဆုံး လူဖြူ–လူမည်း မခွဲခြားသည့် ရွေးကောက်ပွဲကို ဧပြီလ ၂၆ ရက်နေ့ တွင်စတင်ကျင်းပသည်။ မဲဆန္ဒရှင်များသည် အမတ်နေရာ ၄၀၀ ရှိသည့် အောက်လွှတ်တော်နှင့် အမတ်ဦးရေ ၉၀ ရှိသော အထက်လွှတ်တော်တို့အတွက် ဆန္ဒမဲများ ပေးကြရသည်။ ဂျိုဟန် နစ္စဘတ်မြို့ ပတ်လည်မှ လူမည်း မြို့နယ်များမှသည် တောတောင်

တောင်အာဖရိကနိုင်ငံ ရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးရန် စိတ်နှံးစောင့်ဆိုင်းနေကြစဉ်နှင့် နယ်လ်ဆင်မန်ဒဲလားနှင့် ဒီကလပ်တို့ မဲပေးကြစဉ်



ထူထပ်ပြီး ခေါင်လှသည့် နာတဲပြည်နယ် အထိ ဒီမိုကရေစီ၏ အရသာ ကို ပထမဆုံး မြည်းကြည့်ကြမည့် မဲဆန္ဒရှင် ပြည်သူ ၂၃ သန်းတို့ မဲပေးနိုင်ရန် မဲရုံများ ဖွင့်လှစ်ထားသည်။ မဲဆန္ဒရှင် ပြည်သူ သန်း ၂၀ ခန့်မှာမူ လူမည်းများဖြစ်သည်။ မဲဆန္ဒ ပေးမှုတွင် အများစုမှာ အတွေ့အကြုံသစ် ဖြစ်နေသဖြင့်လည်းကောင်း၊ အခြားသော အခြေအနေများကြောင့်လည်းကောင်း ရွေးကောက်ပွဲကို သုံးရက်တိုင် ပြုလုပ်ခဲ့သည်။

၂၈ ရာထူးမှ နုတ်ထွက်သွားသော မိုရိဟီရို ဟိုဆိုကာဝါ နေရာကိုဆက်ခံရန် ဆူတိုမူဟာတာ (၅၈ နှစ်)သည် ဂျပန်ကေရာဖ် အကီဟီတို၏ ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုပြီး ဂျပန်နိုင်ငံ၏ (၅၁) ဦးမြောက် ဝန်ကြီးချုပ်အဖြစ် တရားဝင်ရာထူး လက်ခံသည်၊

## မေလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ဗုဒ္ဓမြတ်စွယ်တော်နှင့် စွယ်တော်ပွားနှစ်ဆူအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

၂ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီမြို့ ဗဟို ပြည်သူ့ဆက်ဆံရေးတပ် လေ့ကျင့်ရေးဌာန ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၂/၉၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဩဝါဒစကားပြောကြားသည်။

၃ အီဂျစ်နိုင်ငံတွင်လွန်ခဲ့သည့်နိုဝင်ဘာလအတွင်းက ဝန်ကြီးချုပ်အတက်ဖ်ဆဒ်ကီအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခဲ့သည့် မွတ်စလင်စစ်သွေးကြွ ငါးဦးကို ကိုင်ရိုအကျဉ်းထောင်တွင် ကြိုးပေးကွပ်မျက်လိုက်သည်။

၄ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တက္ကသိုလ်များဗဟိုကောင်စီခန်းမတွင် ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ မှာကြားသည်။ ယင်းသို့မှာကြားရာတွင် ပညာရေးလောကကို ကျူရှင်က ဝါးမျိုနေကြောင်း၊ အတ္တလွန်ကဲသော ဆရာဆရာမအချို့ကြောင့် ဂုဏ်သိက္ခာစောင့်ထိန်းကြသည့် ဆရာ ဆရာမများ ဂုဏ်သိက္ခာကျနေကြရကြောင်း၊ ကျူရှင်များကြောင့် လုပ်ငန်းခွင်တွင် စည်းလုံးညီညွတ်မှု ပျက်ပြားစေမည့်၊ အေးချမ်းစွာ ပညာသင်ကြားရေးကို အနှောက်အယှက်ဖြစ်စေမည့် အခြေအနေများ ပေါ်ပေါက်နိုင်ကြောင်း။ ထို့ကြောင့် ကျူရှင်ပပျောက်သွားအောင် ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန် ထည့်သွင်းမှာကြားသည်။

အစ္စရေး ဝန်ကြီးချုပ် ရာဘင်နှင့် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ ခေါင်းဆောင် အာရာဖတ်တို့သည် ဂါဇာကမ်းမြောင်ဒေသမှလည်းကောင်း၊ ဂျယ်ရီကိုမြို့မှလည်းကောင်း အစ္စရေးတပ်များ ရုပ်သိမ်းပေးပြီး ပါလက်စတိုင်း ကိုယ်ပိုင် အုပ်ချုပ်ရေးကို စတင်ဖွင့်လှစ်စေမည့် သမိုင်းဝင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဗုဒ္ဓမြတ်စွယ်တော်၊မြဘုရားနှင့်စွယ်တော်ပွားနှစ်ဆူတို့အား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ရာဘင်နှင့် အာရာဖတ်တို့အား အီဂျစ်သမ္မတ မူဘာရက်နှင့်အတူ တွေ့ရစဉ်



၆ တောင်အာဖရိကနိုင်ငံ၏ လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်က ပထမဆုံးကျင်းပသည့် တောင်အာဖရိကနိုင်ငံ၏ လူမျိုးစုံပါဝင်သော ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတမှုရှိကြောင်း ကြေညာလိုက်သည်။

ရဝမ်ဒါနိုင်ငံတွင် အစိုးရနှင့် သူပုန်တို့ အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်ရရန် ထပ်မံကြိုးပမ်း အားထုတ်မှုသည် မအောင်မမြင်ဖြစ်ပြန်ကာ မြို့တော်ကီဂါလီ၌ အစိုးရနှင့် သူပုန်တပ်များ လေးရက်မြောက် အဖြစ် အပြန်အလှန် အပြင်းအထန် တိုက်ခိုက်ကြသည်။

၇ မြန်မာနိုင်ငံ ကုန်သွယ်ရေး ဝန်ကြီးဌာန၊တရုတ်ပြည်လေကြောင်း စက်မှုလက်မှုလုပ်ငန်း အထွေထွေ ကော်ပိုရေးရှင်းနှင့် ပိုင်အိုနီးယား မြန်မာဦးပိုင်လီမိတက်တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြသသော တရုတ်အသေးစား စက်မှုနှင့်ကုန်စည်ပြပွဲ ၉၄ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမတွင်ကျင်းပသည်။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် အားပေးချီးမြှင့်သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်နိုင်ငံ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဂျပန်တရားရေးဝန်ကြီး နဂါနို၏ ကာကွယ်ပြောဆိုခြင်းကို အိမ်နီးချင်း နိုင်ငံများက မခံမရပ်ဖြစ်ပြီး နောက်ပိုင်း နဂါနိုသည် ရာထူးမှ နုတ်ထွက်သွားသည်။

၈ တောင်အာဖရိက သမ္မတ နိုင်ငံ သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုပွဲ တက်ရောက်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် တောင်အာဖရိက သမ္မတနိုင်ငံ ပရီတိုရီယားမြို့သို့ ထွက်ခွာသည်။

၉ – ၁၃ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေး ဦးစီး ချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယ သမ္မတနိုင်ငံ စစ်ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဘိပင်ချန်ဒရာဂျိုရှိနှင့် ဇနီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။



**ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးက အိန္ဒိယနိုင်ငံမှ ဗိုလ်ချုပ်ကြီး ဘိပင်ချန်ဒရာ ဂျိုရှိ နှင့် ဇနီးအား ကြိုဆိုစဉ်**

၉ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) အစည်းအဝေးခန်းမတွင် ကရင်နီ လူမျိုးပေါင်းစုံ လွတ်မြောက်ရေး တပ်ဦး ခေါင်းဆောင်များနှင့် တွေ့ဆုံကာ ဒေသ ဖွံ့ဖြိုး ရေးလုပ်ငန်းများ ညှိနှိုင်း ဆွေးနွေးသည်။

၁၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် အိန္ဒိယ သမ္မတနိုင်ငံ စစ်ဦးစီး ကော်မတီဥက္ကဋ္ဌနှင့် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ဘိပင်ချန်ဒရာဂျိုရှိနှင့်အဖွဲ့အား ပြည်သူ့ လွှတ်တော် သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တောင်အာဖရိကနိုင်ငံတွင် သမ္မတရာထူးအပ်နှင်းပွဲ ကျင်းပပြုလုပ်ရာ တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးလူမည်း သမ္မတအဖြစ် နယ်လ်ဆင်မန်ဒဲလား ကျမ်း သစ္စာကျိန်ဆိုသည်။ အခမ်းအနားတွင် မန်ဒဲလားက "လွတ်လပ်မှု စိုးမိုးပါစေ" ဟု ကြေညာလိုက်ကြောင်း အေပီသတင်း တစ်ရပ်တွင် ဖော်ပြသည်။

၁၁ – ၁၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗိုဗန်ကိယက် ခေါင်းဆောင်သော ကိုယ်စား လှယ် အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိကြ သည်။ ညှို့သည်တော် ဗီယက်နမ် ဝန်ကြီးချုပ်နှင့် အဖွဲ့အား နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးနှင့်တကွ တာဝန်ရှိသူများက ကြိုဆိုကြသည်။

၁၂ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတ နိုင်ငံ စစ်ဦးစီးကော်မတီဥက္ကဋ္ဌနှင့်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဘိပင် ချန်ဒရာဂျိုရှီက ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ ဇနီးနှင့် တပ်မတော်အရာရှိများအား မြရိပ်သို ရှိုင်ရယ်ဟော်တယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် ပြန်လည်တည်ခင်း ဧည့်ခံ သည်။

တောင်အာဖရိကနိုင်ငံတွင် အသားရောင်ခွဲခြားရေးမူဝါဒ ချုပ်ငြိမ်းပြီးနောက် ပထမဦးဆုံး ဖွဲ့စည်းလိုက်သော အစိုးရ အဖွဲ့တွင် သမ္မတ မင်ဒဲလားက ၄င်း၏ လူမည်းပြိုင်ဘက် ခေါင်းဆောင်ဖြစ်သူ ဘူတယ်လီဇီအား ထည့်သွင်းလိုက်ပြီး ကွဲကွာနေသော ဇနီး ဝင်နီအား ဒုတိယဝန်ကြီး ရာထူးခန့်လိုက်သည်။

၁၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် ခေါင်း ဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကနိုင်ငံပရိတိုးရီးယား မြို့တွင် ဤလ ၁၀ ရက်က ကျင်းပသည့် တောင်အာဖရိကသမ္မတနိုင်ငံသမ္မတသစ်နယ်လ်ဆင် မင်ဒဲလား၏ ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။

၁၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည် မန္တလေးမြို့ ချမ်းမြသာစည် ကုန်တိုက်တွင် သမဝါယမ ဝန်ကြီးဌာနက ဦးဆောင်ကျင်းပသည့် သမဝါယမဈေးပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောသည်။

တောင်ယီမင် တပ်များနှင့် ဖြစ်ပွားနေသည့် ၁၀ ရက်ကြာစစ်ပွဲ ချက်ချင်းရပ်စဲရန်နှင့် အမျိုးသားကယ်တင်ရေးအစိုးရ ဖွဲ့စည်းရန် တောင်းဆိုထားသည့် အချက်ရှစ်ချက်ပါ ငြိမ်းချမ်းရေး အစီအစဉ်ကို တောင်ယီမင် ခေါင်းဆောင်များက အဆိုပြုကမ်းလှမ်းလိုက်သည်။

၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဟိုကျိချန်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံ ရိပ်သာတွင် လက်ခံတွေ့ဆုံ သည်။

၁၉ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်းအတွင်းရှိ ဂန္ဓကုဋိတိုက် ရတနာစံ ကျောင်းတော်တွင် ကိုးရက်တာ ကိန်းဝပ်စံပယ် အပူဇော်ခံခဲ့သော ဗုဒ္ဓမြတ်စွယ်တော်သည် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိတော်မူသည်။

အာဖရိကတိုက်သက်တမ်းအရင့်ဆုံး အာဏာ လက်ရှိခေါင်းဆောင် တစ်ဦးဖြစ်သူ မာလာဝီသမ္မတ ကာပူဇူဘန်ဒါက မာလာဝီ နိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် ပါတီစုံရွေးကောက်ပွဲတွင် အရေးနိမ့်ကြောင်း ဝန်ခံလိုက်သည်။

ကွယ်လွန်သူ အမေရိကန် သမ္မတ ဂျွန် အက်ဖ် ကနေဒီ၏ ဇနီး ဖြစ်ခဲ့ပြီး၊ နောင်အခါ ဂရိသင်္ဘောလုပ်ငန်းရှင် သူဌေးကြီး အိုနာဆစ်နှင့် လက်ဆက်ခဲ့ကာ သူဌေးကြီး သေဆုံး၍မုဆိုးမနှစ်ကြိမ်ဖြစ်ခဲ့သူ ဂျက်ကလင်း ကနေဒီအိုနာဆစ်သည် ကင်ဆာ ရောဂါဖြင့် ကွယ်လွန်သည်။

၂၁ ကျန်းမာရေးဝန်ကြီးဌာနစံပြဆေးရုံ သစ်ကြီး (သဃ်န်းကျွန်း) ဖွင့်ပွဲ အခမ်းအနားကို သဃ်န်းကျွန်း မြို့နယ် ကျိုက္ကစံဘုရားလမ်းရှိ အဆိုပါဆေးရုံသစ်ကြီးတွင်ကျင်းပသည်။ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် အမှူးပြုသော တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

၂၂ စုံထောက်ကြီးရှားလော့ဟုမ်းဝတ္ထုများ ကိုရေးသားခဲ့သူ ဆာအာသာကွန်နင်ဒွိုင်း၏ နေအိမ်တွင် ဂုဏ်ပြုကမ္ပည်းထိုးထားသည့် အမှတ်တရကြေးပြားကိုသမီးဖြစ်သူ လေဒီဘရီမက် (၈၁ နှစ်) က အခမ်းအနားဖြင့် ဖွင့်လှစ်ပေးသည်။ ၁၈၅၉ ခုနှစ်၌ မွေးဖွားခဲ့သူ ဆာအာသာကွန်နင်ဒွိုင်း၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် အဆိုပါ အခမ်းအနားကို လန်ဒန်မြို့ အမှတ် (၂) အထက် ဝန်ပိုလမ်း နေအိမ်တွင် ကျင်းပခြင်း ဖြစ်သည်။

၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့သည် ရန်ကုန်မြို့၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကိန်းဝပ်စံပယ်ကာ လူနတ်ဗြဟ္မာတို့၏ ဖူးမြော်ကြည်ညိုခြင်းကို ခံယူတော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတ နိုင်ငံစက်မှုနှင့်ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေး ဝန်ကြီး မစ္စတာ အိုင်အာရ် ဟာတာတိုနှင့်အဖွဲ့အား ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ တွင် လက်ခံတွေ့ဆုံသည်။

၂၆ – ၂၇ – ၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့်ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၄ ခုနှစ် ပထမ လေးလပတ် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေး ခန်းမတွင် ဤလ၂၆ ရက်၊ ၂၇ ရက်နှင့် ၃၀ ရက်နေ့များ၌ သုံးရက်တိုင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက် အမှာစကား ပြောကြားသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးတို့သည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေမဟာပါသာဏ လိုဏ်ဂူတော်အတွင်းရှိ ရတနာပလ္လင်တွင် ကိန်းဝပ်စံပယ် အပူဇော်ခံလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြည်ညိုကန်တော့ကြသည်။

ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်မှု အစိုးရအဖွဲ့သည် အနောက်ဘက်နှင့် ဂါဇာကမ်းမြောင်ကို စတင်တာဝန်ယူခဲ့ချိန်မှစပြီး တူနစ်မြို့တွင်ပထမဆုံး အကြိမ် အစည်းအဝေး ပြုလုပ်သည်။

ဘာလင်တံတိုင်းတည်ဆောက်ရာတွင် ကြိပ်မတ်ခဲ့ပြီး အရှေ့ဂျာမနီနိုင်ငံကို ၁၈ နှစ်ကြာ တင်းကျပ်စွာအုပ်စိုးခဲ့သည့် အဲရစ် ဟွန်နက်ကာသည် ချီလီနိုင်ငံတွင် ကွယ်လွန်သွားသည်။

၃၀ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂/၉၄) ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းဩဝါဒစကား မြွက်ကြားသည်။

## ဇွန်လ

၁ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၉၄) ညှိနှိုင်းအစည်းဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်မှူးကြီးသန်းရွှေ တက်ရောက် အမှာစကား ပြောကြားသည်။

၁
၄ မြောက် ကိုးရီးယား ချူကလီးယား အကျပ်အတည်း ဖြေရှင်းရေးတွင် ရုရှားနိုင်ငံ၏ ထောက်ခံမှု အကူအညီရရှိရန် မျှော်လင့်လျက် တောင်ကိုးရီးယား သမ္မတကင်ယုံဆမ်သည် လေးရက်ကြာ နေထိုင်ဆွေးနွေးရန် မော်စကို မြို့သို့ ဇွန်လ ၁ ရက်နေ့တွင် ရောက်ရှိလာသည် ရုရှားနိုင်ငံတွင် နေထိုင်စဉ်အတွင်း သမ္မတ ဘောရစ်ယဲ့ဆင်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ သည်။

၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား စက်ခေါင်းရုံ အင်းစိန်နှင့် ဘုရင့်နောင်တံတားတို့ကို သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

၅ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရမြန်မာနိုင်ငံတွင် ၄၅ ရက်ကြာ ကိန်းဝပ်စံပါယ် အပူဇော်ခံယူတော်မူခဲ့သော ဗုဒ္ဓမြတ်စွယ်တော်သည် အပြည်ပြည်ဆိုင်ရာ ရန်ကုန်လေဆိပ်မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အထူးလေယာဉ်ဖြင့်ပြန်လည်ကြွချီတော်မူသည်။

၈
၁၃ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုင်ဟောက်ဖုန် ဆာဗန်၏ ဖိတ်ကြားချက်

လာအိုနိုင်ငံသို့ အလည်အပတ်ရောက်ရှိသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့အား လာအိုနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက်ဖုန်ဆာဗန်က ကြိုဆိုစဉ်



အရ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် လောပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် နှင့် အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးနှင့် အဖွဲ့ဝင် များသည် ဇွန်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သို့ ပြန်လည်ရောက်ရှိကြသည်။

၁၆ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်အား ဂျပန်နိုင်ငံ ကိုင်ဒန်ရင် စီးပွားရေးလေ့လာမှု မစ်ရှင်အဖွဲ့ ခေါင်းဆောင်ကိုင်ဒန်ရင် စီးပွားရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် မရုဘီနီကော်ပိုရေးရှင်း ဥက္ကဋ္ဌ မစ္စတာ ကာဇူအိုဟာရှနာနှင့် အဖွဲ့ သည်မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာကာရှီတာဂျီမား လိုက်ပါလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးခန်းသို့ လာရောက်တွေ့ဆုံဂါရဝပြုသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နှင့် မစ္စတာ ကာဇူအိုဟာ ဦးဆောင်သော ဂျပန်စီးပွားရေးလေ့လာမှု မစ်ရှင်အဖွဲ့ ဝင်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

မြောက်ကိုရီးယားသမ္မတကီးအီဆွန် သည် အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာ အား ပြုံယမ်းမြို့တော်တွင် လက်ခံတွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံစဉ် မြောက်ကိုရီးယား နိုင်ငံ၏ နျူကလီးယား အစီအစဉ်များကို အဓိက ထား ဆွေးနွေးကြသည်။

၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တော်တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ ကိုင်ဒန်ရင် စီးပွားရေး လုပ်ငန်းရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မရုဘီနီကော်ပိုရေးရှင်း၏ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ကာဇူအိုဟာရှနာ ခေါင်းဆောင်သည့် စီးပွားရေး လေ့လာမှုမစ်ရှင်အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီး ဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၈) ဆင်းပွဲအခမ်းအနားကို ဗထူးတပ်မြို့ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်၍ အမှာစကားပြောကြားသည်။

(၁၅) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲများ ဖွင့်လှစ်ပွဲ အခမ်းအနားကို အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့ စစ်သည်တော်အားကစားပြိုင်ဝင်းတွင် ကျင်းပသည်။ ဖွင့်လှစ်ပွဲ အခမ်းအနားသို့ ပရိသတ် ၆၃,၀၀၀ ကျော်တက်ရောက်အားပေးခဲ့ကြရာ အမေရိကန်သမ္မတကလင်တန်၊ ဂျာမနီ ဝန်ကြီးချုပ် ဟဲလမွတ်ကိုးလ်နှင့် ဘိုလီးဗီးယားသမ္မတ ဂွန်ဇာကိုဆန်ချေ့ဇ်ဒီလိုဇာ တို့လည်း အပါအဝင်ဖြစ်သည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များ စတင် ဖွင့်လှစ် ကျင်းပကြောင်း ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဂျိုးဟာဗန်းလန့်ဂျီက ကြေညာပြီး သမ္မတ ကလင်တန်က ကမ္ဘာ တစ်ဝန်းလုံးမှ ဘောလုံးဝါသနာအိုးပရိသတ် များအား ကြိုဆိုကြောင်း မိန့်ခွန်းပြောကြား သည်။

(၁၅) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ် များကို အမေရိကန် ပြည်ထောင်စုတွင် စတင်ကျင်းပ သည်။ ပွဲဦးထွက် ပြိုင်ပွဲများအဖြစ် (ဂ) အုပ်စု မှ လက်ရှိချန်ပီယံ ဂျာမနီနှင့် ဘိုလီးဗီးယား၊ စပိန်နှင့် တောင်ကိုရီးယားတို့ ယှဉ်ပြိုင်ကစား ကြရာ ဂျာမနီက ဘိုလီးဗီးယားကို တစ်ဂိုး ဂိုးမရှိနိုင်ပြီး စပိန်နှင့်တောင်ကိုရီးယားတို့ပွဲ တွင် တစ်ဘက်နှစ်ဂိုးစီသရေပွဲ ဖြစ်သွား သည်။

၂၀ ဗဟိုသမဝါယမကောလိပ် ဖွင့်ပွဲ အခမ်းအနားကို လှည်းကူးမြို့နယ်ရှိ ဗဟိုသမဝါယမကောလိပ်အဝင်မုခ်ဦး၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများတက် ရောက်ကြသည်။

၂၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို ပြင်ဆင်သည့် ဥပဒေဖြစ်သည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၇/၉၄ ကိုပြဋ္ဌာန်းလိုက်သည်။

၂၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား လာရေး လုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာ နိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်နှင့် စင်ကာပူနိုင်ငံ Applied Investment (ASIA) Pte. Ltd တို့ အကျိုးတူ ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်အရ ခင်းကျင်းပြသ သည့် မြန်မာ့အပြည်ပြည်ဆိုင် ရာ ကုန်စည် ပြပွဲ -၉၄ (Myanmar International Exposition 94) ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ပြပွဲကိုဖွင့်လှစ် ပေးသည်။

ရုရှားနိုင်ငံသည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) နှင့် မိတ်ဖက်နိုင်ငံအဖြစ် သမိုင်းဝင်စာချုပ်ကို ချုပ်ဆိုလိုက်သည်။ ဆိုဗီယက်၏ ကျူးကျော်မှုကို တိုက်ခိုက်နိုင် ရန်အတွက် နေတိုးအဖွဲ့ကို လွန်ခဲ့သော ၄၅ နှစ်က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ရဝမ်ဒါသူပုန်များက ဆန့်ကျင်မည် ဖြစ်ကြောင်း သတိပေးနေသည့်ကြားမှပင် ရဝမ်ဒါ၌ ပြင်သစ်စစ်ရေး ဝင်ရောက်ကူညီရေး ကိစ္စကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ထောက်ခံမဲ ၁၀ မဲ ကန့်ကွက်မဲမရှိဖြင့် မဲခွဲ အတည်ပြုလိုက်သည်။

၂၃ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက် ရေး တပ်မတော်မှ ချန်ဒူးစစ်ဒေသကြီးမှူး ဗိုလ်ချုပ်ကြီး လီကျိုလောင်းခေါင်းဆောင် သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

## ၁၉၉၄ ခုနှစ်၊ ဖြစ်ရပ်များ



**ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရပြီး နောက် ဆိုရှယ်လစ်ပါတီ ခေါင်းဆောင် တိုမီအိချီမူရာယာမအား ဂျပန်ပါလီမန် တွင် တွေ့ရစဉ်**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ သိမ်ဖြူလမ်း၊ သိမ်ဖြူဈေးရှိ ဂျီအီးစီ အရောင်းခန်းမ၌ အကြိုခင်းကျင်း ပြသသည့် "မိုးဦးပန်း မြန်မာ့သမဝါယမ ထွက်ကုန်နှင့် ထွက်ကုန်သစ်ပြပွဲ ၁၉၉၄ ရန်ကုန်" သို့ လာရောက်ကြည့်ရှုအားပေး သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက် ၍ အမှာစကားပြောကြားသည်။

၂၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော မလေးရှား နိုင်ငံ အခြေခံစက်မှုလုပ်ငန်းများဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး ဒါတိုဆီရီ ဒေါက်တာ လင်းကင်ယိတ်နှင့်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံ သည်။

မိုးဦးပန်း မြန်မာ့သမဝါယမထွက်ကုန် နှင့် ထွက်ကုန်သစ်ပြပွဲ ၁၉၉၄–ရန်ကုန်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ သိမ်ဖြူဈေး ဂျီအီးစီ အရောင်းခန်းမ၌ ကျင်းပသည်။

၂၅ ဂျပန်ဝန်ကြီးချုပ်ဆိုတိုမူဟာတာသည် ၎င်း၏ လူနည်းစုအစိုးရအဖွဲ့နှင့် အတူရာထူးမှနုတ်ထွက်သွားသည်။ ဟာတာ၏ လူနည်းစုအစိုးရကို အယုံအကြည်မရှိကြောင်း အတိုက်အခံနိုင်ငံရေးပါတီက တင်သွင်းသည့် ကိစ္စနှင့်စပ်လျဉ်း၍ပါလီမန်၌ အချေအတင် ဆွေးနွေးပွဲ မပြုလုပ်မီ တစ်နာရီအလိုတွင် ရာထူးမှ နုတ်ထွက်ကြောင်း ဟာတာက ရုပ်မြင်သံကြားမှ ပြောဆိုခဲ့ခြင်းဖြစ်သည်။

၂၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စွယ်တော်ပွားစေတီ တည်ဆောက်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှု စစ်ဆေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် "မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ– ၉၄" ကို သွားရောက်ကြည့်ရှုအားပေးသည်။

၂၉ ဂျပန်ပါလီမန်က ဆိုရှယ်လစ်ခေါင်း ဆောင် တိုမီအိချီမူရာယာမအား ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်လိုက်သည်။ မူရာယာမသည် ၁၉၄၈ ခုနှစ်နောက်ပိုင်း တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်သည့် ပထမဆုံး ဆိုရှယ်လစ် ပါတီခေါင်းဆောင်ဖြစ်သည်ဟု သိရသည်။

## ဇူလိုင်လ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာ နိုင်ငံဆိုင်ရာ လောပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကီဒန် သန်မာဗောင်း အား ကာကွယ်ရေးဝန်ကြီး ဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂ နိုင်ငံတော် သမ္မတ (အငြိမ်းစား)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဒေါက်တာ

ဆောင်ဆောင်သည်ဝဇီ၄၅နာရီအချိန်တွင်ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ်၊ မေခလမ်း၊ အမှတ် (၁၆) နေအိမ် တွင် ကွယ်လွန်အနိစ္စ ရောက်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (က) အုပ်စု အမှတ်ပေးပြိုင်ပွဲကစားစဉ် ကိုလံဘီယာ အသင်းမှ အင်ဒရက်စ်အက်စ်ကိုဘာက မိမိ ဂိုး မိမိပြန်သွင်းမိသည့်အတွက် အမေရိကန် အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရ သောကြောင့် မိမိနေရပ် မယ်ဒလင်းမြို့သို့ ပြန်ရောက်စဉ် ယာဉ်များ ရပ်နားနေရာ တစ်ခုတွင် သေနတ်သမား တစ်စု၏ ပစ်ခတ်ခြင်းကို ခံခဲ့ရသည်။ သေနတ်သမား တစ်ဦးက သေနတ်ဖြင့် မပစ်သတ်မီ ကိုယ့်ဂိုးကိုယ် ပြန်သွင်းသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ကိုလံဘီယာသမ္မတထံ ဝမ်းနည်း ကြောင်းသဝဏ်လွှာပေးပို့သည်။

၃ တရုတ်ပြည်က သိပ္ပံဆိုင်ရာ ဂြိုဟ်တု တစ်လုံးကို နိုင်ငံအနောက်မြောက် ပိုင်း ဂျူကွမ်ဂြိုဟ်တု ပစ်လွှတ်ရေးစခန်းမှ ခုံးကျည် တစ်စင်းဖြင့် ကမ္ဘာပတ်လမ်းကြောင်း အတွင်းသို့အောင်မြင်စွာ ပစ်လွှတ်နိုင်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၄ ပြင်ဦးလွင်မြို့ရှိ တပ်မတော် အင်ဂျင် နီယာ တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါ တက္ကသိုလ် ရန်ကြီးအောင် ခန်းမ၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက် မိန့်ခွန်းပြောကြား သည်။

၈ မြန်မာနိုင်ငံ ဗဟိုဘဏ်သည် နိုင်ငံတော် တွင် အကောင်အထည်ဖော်လျက်ရှိ သည့် ဈေးကွက် စီးပွားရေးစနစ်ကို အထောက် အကူပြု စေရန်အတွက် ငွေရေးကြေးရေး အခန်းကဏ္ဍ၌ နိုင်ငံတကာတွင်ခေတ်စား နေသော ကြွေးဝယ်ကတ်ပြားစနစ်အရ ပြည်တွင်း သုံးငွေဖြင့် ကြွေးဝယ်ကတ်ပြား လုပ်ငန်းကို ပုဂ္ဂလိက ဘဏ်သုံးဘဏ်ဖြစ် သော မြန်မာအရှေ့တိုင်းဘဏ် လီမိတက်၊ ရိုးမဘဏ် လီမိတက်နှင့် မြန်မာမေဖလားဝါး ဘဏ်တို့သို့ ၄င်းတို့၏ လျှောက်ထားချက် အရ ခွင့်ပြုလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံ သမ္မတကင်အီဆွန်း (၈၂) နှစ်သည် ရုတ်တရက် ဖျားနာပြီး ကွယ်လွန်သည်။၄င်းသည် မြောက်ကိုရီယား နိုင်ငံကို နှစ် ၄၀ ကြာမျှတင်းကျပ်စွာ အုပ်ချုပ်သွားခဲ့သူ ဖြစ်သည်။

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသ အေဂျင်စီ (နာဆာ) သည် သက်တမ်းအရင့်ဆုံး အာကာသလွန်း ပျံ ယာဉ် ကိုလံဘီယာအား နိုင်ငံတကာ အာကာသ ယာဉ်မှူးများအဖွဲ့နှင့်အတူ မွန်းလွဲ ၁၂ နာရီ ၄၃ မိနစ်တွင် လွှတ်တင်သည်။

၁၀ နီပေါနိုင်ငံတွင် ရွေးကောက်ပွဲသစ် ကျင်းပနိုင်ရန်အတွက် ဝန်ကြီးချုပ် ဂီရီဂျာပရာဆတ်ကွိုင်ရာလာသည် ရာထူးမှ နုတ်ထွက်သွားသည်။ ကွိုင်ရာလာသည် ဘုရင် ဘီရင်ဒရာထံ နုတ်ထွက်စာ တင်သွင်းပြီး ရွေးကောက်ပွဲသစ် ကျင်းပရန် ဘုရင် ဘီရင်ဒရာအား တိုက်တွန်းပြောဆိုသည်။

၁၁ ယူကရိန်းသမ္မတရွေးကောက်ပွဲတွင် လီယိုနစ်ကွတ်ချ်မာက လီယိုနစ် ကရာဗ်ချွတ်ကို အနိုင်ရကြောင်း ရွေးကောက် ပွဲ အရာရှိများက ပြောကြားသည်။ ၁၉၉၂ ခု အောက်တိုဘာလမှ ၁၉၉၃ စက်တင်ဘာလ အထိ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ကွတ်ချ်မာသည် ယူကရိန်းနိုင်ငံ၏ စီးပွားရေး ကျဆင်းမှုကို ရပ်တန့်သွားစေမည်ဟု ကတိပြုထားကြောင်း အေပီက ရေးသား ဖော်ပြသည်။

၁၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် စက်မှုသွင်းကုန်ထုတ်ကုန် ကော်ပိုရေးရှင်းမှ လုပ်ငန်းအပ်နှံပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ အလုံ သင်္ဘောကျင်းမှ တည်ဆောက်ခဲ့သောတန် (၁၀၀)ကုန်တွဲ ရေယာဉ်အမှတ်(တ-၁၀၀၁) ရေချပွဲ အခမ်းအနားကို ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘော ကျင်း၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

**တပ်မတော် အင်ဂျင်နီယာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲတွင်ဗိုလ်ချုပ်ကြီးမောင်အေးမိန့်ခွန်း ပြောကြားစဉ်။**



တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ ခေါင်းဆောင် ယာဆာအာရာဖတ်သည် အမြဲနေထိုင်ရန်နှင့် ပါလက်စတိုင်းကိုယ်ပိုင် အုပ်ချုပ်မည့်အစိုးရ၏ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဂါဇာကမ်းမြောင်သို့ ပြန်ရောက်လာသည်။

၁၅ ဥရောပ ကုန်သွယ်ရေး အုပ်စု၏ အမှုဆောင်အဖြစ် လူဇင်ဘတ် ဝန်ကြီးချုပ် ဇျက်ဆန်တာကို ခန့်ထားရန် ဥရောပ သမ္မတ ခေါင်းဆောင်များက သဘောတူလိုက်ကြသည်။ ဆန်တာ (၅၇) နှစ်သည် ဥရောပကော်မရှင် ဥက္ကဋ္ဌအဖြစ် ၁၀ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ဇျက်ဒီလာ၏ နေရာကို ဆက်ခံမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့လယ် ရှိ “ဒွန်ဇွမ်” ဈေးကြီး မီးလောင်ကျွမ်းခဲ့ရာ ငွေသားများ၊ ကုန်ပစ္စည်းများနှင့် အဆောက်အအုံများ စုစုပေါင်းတန်ဖိုးငွေ ဒေါ်လာသန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးကာ လူသုံးဦးသေဆုံးခဲ့သည်။ မီးလောင်မှုဖြစ်ပွားချိန်မှာ ဈေးပိတ်ထားချိန်ဖြစ်သည်။

၁၇ ပြည်သူထည့်ဝင်ငွေ ကျပ်သန်း ၄၀ ကျော်၊ နိုင်ငံတော်မှကုန်ကျငွေ သန်း ၅၀ ကျော်၊ စုစုပေါင်းငွေကျပ် ၉၃ ဒသမ ၈သန်း အကုန်ကျခံတည်ဆောက်ခဲ့သည့် ကျိုင်းတုံမြို့တောင်ဘက် ၁၀ မိုင်ကွာတွင် ဆောင်ရွက်ခဲ့သည့် နမ့်ဝှတ် ရေအားလျှပ်စစ် စီမံကိန်း စက်ရုံဖွင့်ပွဲ အခမ်းအနားကို ကျိုင်းတုံမြို့ရှိ ဓာတ်အားခွဲ စက်ရုံဝင်းအတွင်း ကျင်းပရာ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတက်ရောက်၍ အမှာစကားပြောကြားသည်။

၁၅ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ် ပါဆာဒီနာမြို့ ရိုစ်ဘော အားကစားပြိုင်ဝင်းတွင်ကျင်းပရာ ဘရာဇီးအသင်းက အီတလီအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ဖလားကို စတုတ္ထအကြိမ်မြောက် အဖြစ် ဆွတ်ခူးရရှိခဲ့သည်။

၁၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှားနိုင်ငံ၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဒါတိုဆီရီဒေါက်တာ လင်လျောင်ဆစ်နှင့်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံ သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့မှ ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အဌမအကြိမ် ဖျက်ဆီးသည့် ပြပွဲကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရဲရိပ်သာတွင် ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် အမှူးပြုသော နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများ၊ ရန်ကုန်မြို့ရှိ သံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ ကုလသမဂ္ဂအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

၁၉ ၄၇ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အာဇာနည် ဗိမာန်တွင် ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ၄၇နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးကြီး ဖေသိန်း တက်ရောက်သည်။

၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ ယိုမီအုရီရှင်ဘွန်း သတင်းစာမှ အကြီးတန်းလက်ထောက် ဦးဆောင်အယ်ဒီတာ မစ္စတာတာကာအိုအိုအူချီနှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်ခရစ္စတိုဖာသည် ကျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူဆလမ်အယ်လ်မာဂျာလီ၊ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ရှီမွန်ပီရက်စ်တို့နှင့်အတူ အစ္စရေး–ကျော်ဒန်ငြိမ်းချမ်းရေး သမိုင်းဝင် အစည်းအဝေးတစ်ရပ်ကို ကျော်ဒန်နိုင်ငံ ဒက်ဆီးမြို့တွင် ပြုလုပ်ကျင်းပသည်။

၂၂ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေးမိသားစု စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဝါဆို သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ နိုင်ငံခြားရေးဝန်ကြီးအဆင့် နှစ်ပတ်လည်အစည်းအဝေးကို ဗန်ကောက်မြို့တွင် စတင်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ခြောက်နိုင်ငံတို့အပြင် အသင်းဝင်မဟုတ်သည့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့်လာအစ ရှိသော အင်ဒိုချိုင်းနားသုံးနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံလည်း ပါဝင်တက်ရောက်သည့်အတွက် ဒေသတွင်း နိုင်ငံများအစုံအညီ တက်ရောက်သည့် ပထမဆုံးအကြိမ် အစည်းအဝေးဖြစ်ခဲ့သည်။

၂၄ နိုင်ငံတော်၏ အရှေ့နှင့်အနောက် ဆက်သွယ်မှု ပိုမိုကောင်းမွန်စေပြီး ရန်ကုန်တိုင်းမှ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ် စသည့် ဒေသများသို့ ဆက်သွယ်သွားလာနိုင်သည့် ဘုရင့်နောင်တံတားကြီးဖွင့်ပွဲကို မရမ်းကုန်းမြို့နယ်ဘက်ခြမ်း တံတားကြီး အနီးရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်း၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် နိုင်ငံတော် အကြီးအကဲများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ အထူးဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

၂၆ ကယန်း ပြည်သစ်ပါတီ အဖွဲ့မှ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ပြီး တရားဥပဒေဘောင်တွင်း ဝင်ရောက်ခြင်းနှင့်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အခမ်းအနားကို နံနက် (၈) နာရီတွင် လှိုင်ကော်မြို့၊ မြို့တော်ခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် အမှူးပြုသော နိုင်ငံတော်အကြီးအကဲများတက်ရောက်ကြသည်။ ဆက်လက်၍ နံနက် (၉) နာရီတွင် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လှိုင်ကော်) အစည်းအဝေးခန်းမ၌ ကယန်းပြည်သစ်ပါတီ ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးသည်။

အာရှနှင့်ပစိဖိတ်ဒေသ ပတ်ဝန်းကျင် အခြေအနေဆိုင်ရာ ဒေသအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၂၈ ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော် ဘမရသနပလ္လင်ဆောင် (စက်တော်ဆောင်) အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ပဲခူးမြို့ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော် ပြန်လည်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အုတ်မြစ်ချသည်။

၃၁ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် စီးပွားရေးအရ အချက်အချာကျသော ဈေးကွက်ကြီးတစ်ခုဖြစ်သည့် မန္တလေးမြို့၌ ငွေကျပ် ၇၅၆၀ သိန်းခန့် အကုန်အကျခံ တည်ဆောက် ခဲ့သည့် အဆင့်မြင့် ဈေးချိုတော်ကြီးကို ဖွင့်လှစ်သည်။ ဈေးချိုတော်ကြီး ဖွင့်ပွဲအခမ်းအနားသို့နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့်နိုင်ငံ အကြီးအကဲများ ဌာနဆိုင်ရာမှ တာဝန်ရှိ ပုဂ္ဂိုလ်များ မြို့မိမြို့ဖများတက်ရောက်ကြသည်။

## ဩဂုတ်လ

၁ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မှော်ဘီမြို့ ဗဟို ပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စု

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် စီမံခန့်ခွဲရေး သင်တန်း (၃/၉၄) မှ သင်တန်းသားများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တွေ့ဆုံမှတ်ဆက်စဉ်။**



**အာဆီယံ နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ**



**ALL TOGETHER NOW: The festive ASEAN foreign ministers preparing to welcome their guests**



၂၂၇၃၀

ခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် ၃/၉၄ ဖွင့်ပွဲသို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားသည်။

၃ ပြည်တွင်း စစ်ဘေးဒဏ်ခံ ကမ္ဘောဒီးယား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဂျပန်နိုင်ငံက ဒေါ်လာ ၈၃ ဒသမ ၅၄ သန်း အကူအညီ ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ လွှတ်တော်မှ လက်နက်ကိုင် တပ်ဖွဲ့များ ရေးရာ အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ၊ (အငြိမ်းစား) ဗိုလ်ချုပ်ကြီး အာသစ်ကမ်လန်အက်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၄- နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်
၆ ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းများသို့ လှည့်လည်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၅ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်သင်တန်း အမှတ်စဉ် (၈၉) ဆင်းပွဲ အခမ်းအနားကို ဗထူးတပ်မြို့၊ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်းတွင် ကျင်းပသည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်၍ အမှာစကားပြောကြားသည်။

၈ ဟေတီ၏ စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စီးဒရပ်က ဟေတီနိုင်ငံအတွင်းသို့အမေရိကန် ဦးဆောင်သည့် ကျူးကျော် ဝင်ရောက်မှုမှာ ရှောင်လွှဲ၍ ရနိုင်မည် မဟုတ်ဟု ယူဆကြောင်း၊ အကယ်၍ ကျူးကျော် ဝင်ရောက် တိုက်ခိုက်သဖြင့် နစ်ဖက်သေဆုံးမှုများ ရှိလာလျှင် ယင်းအတွက် အမေရိကန် သမ္မတ ကလင်တန်၏ တာဝန်သာ ဖြစ်ကြောင်း ပြောကြား လိုက်သည်။

၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ငုယင်ကောင်တန်နှင့်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

ဂျာမနီ အရှေ့ပိုင်း ဂိုသာမြို့တွင် နာဇီအာဏာရှင် အဒေါ့ဖ် ဟစ်တလာ၏ မိန့်ခွန်းများနှင့် နာဇီလက်သစ် လူငယ် သီချင်းများကို ကက်ဆက်ခွေ ဖွင့် နားထောင်သည့် လူငယ်ရှစ်ဦးအား ခေတ္တ ဖမ်းဆီးပြီး ပြန်လွှတ်ပေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားလိုက်သည်။

၁၀ အပြည်ပြည်ဆိုင်ရာ မြန်မာ့ လေကြောင်းတွင် ပျံသန်းပြေးဆွဲမည့် ဘိုရင်း ၇၃၇ -၄၀၀ လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ကွာလာလမ်ပူမြို့မှ ရောက် ရှိသည်။

အနောက်နိုင်ငံသား ဓားစာခံ သုံးဦးကို ဖမ်းဆီးချုပ်နှောင်ထားသည့် ပြောက်ကျားအခြေစိုက်စခန်းအား ကမ္ဘောဒီးယား အစိုးရတပ်များက ဖျက်ဆီးပစ်ခဲ့သည့် အတွက် လျော်ကြေးငွေ ဒေါ်လာတစ်သန်း ရရှိလိုကြောင်း ခမာနီ ပြောက်ကျားများက ဩစတြေးလျ၊ ပြင်သစ်နှင့် အမေရိကန် ပြည်ထောင်စုနိုင်ငံများကို တောင်းခံလိုက်သည်။

၁၁ ဘရွန်ဖရန်ကင်စတိန်း ကဲ့သို့သော ထိတ်လန့် ချောက်ချားဖွယ်ကောင်းသည့် ရုပ်ရှင်ဇာတ်ကားများဖြင့် နာမည်ကျော်ခဲ့သည့် ရုပ်ရှင်သရုပ်ဆောင် ပီတာကူရှင်း (၈၁) နှစ်သည် ဗြိတိန်နိုင်ငံ ကန်တာဘရီရှိ ဆေးရုံတစ်ရုံတွင် ကင်ဆာရောဂါကြောင့် ကွယ်လွန်သည်။

၁၅ ၁၉၉၄ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့၌ ကျင်းပသော ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၄/၉၄)၏ ဆုံးဖြတ်ချက်အရ မြန်မာ့ ရေလုပ်ငန်း (Myanma Fisheries Enterprise) အား ဖျက်သိမ်းလိုက်သည်။

နိုဒါနှင့် အီရာအမည်ရှိ ခေါင်းချင်း ဆက်အမွှာညီအစ်မကို ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလက ပါကစ္စတန်နိုင်ငံတွင် မွေးဖွားခဲ့သည်။ ယင်း ညီအစ်မကို လာမည့်လ အနည်းငယ်အတွင်း အမေရိကန် သို့မဟုတ် ဗြိတိန်နိုင်ငံတွင် ခွဲစိတ်ကုသမည်ဖြစ်ရာ ကုန်ကျစရိတ် ဒေါ်လာ ၁၅၀,၀၀၀ ကို ဝန်ကြီးချုပ် ဘေနာဇီယာဘူတိုက ကျခံရန် စီစဉ်သည်။

၁၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရတို့သည် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားနှင့် ဆန္ဒတို့နှင့်အညီ ၁၉၉၄ ခုနှစ် ၊ ဩဂုတ်လ ၁၆ ရက်နေ့မှ အစပြု၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့် သံတမန် အဆက်အသွယ် ပြုလုပ်ရန် ဆုံးဖြတ်ကြသည်။

၁၇ ၁၉၉၄ ခုနှစ်၊ ရှစ် ကြိမ် မြောက် အရှေ့တောင် အာရှ လူငယ် အမျိုးသား-အမျိုးသမီးဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပရာ မြန်မာလူငယ် အမျိုးသားအသင်းက ထိုင်းလူငယ် အမျိုးသားအသင်းကို သုံးပွဲပြတ်နှင့် အနိုင်ရ ဗိုလ်စွဲသည်။ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မြန်မာလူငယ် အမျိုးသမီးအသင်း ဒုတိယရရှိသည်။

၁၈ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာ ဦးစီးဌာန အောက်ရှိ တက္ကသိုလ် ဒီဂရီ ကောလိပ်နှင့် ကောလိပ်များ၏ ၁၉၉၄ ခုနှစ် ပညာသင်နှစ် သင်တန်းအားလုံးကို စတင်ဖွင့်လှစ်လိုက်သည်။

အိန္ဒိယနိုင်ငံရှိ ဆင်းရဲသော မိဘများသည် ၎င်းတို့၏ ကလေးများကို အန္တရာယ်ကြီးမားသည့် အလုပ်များတွင် ခိုင်းစေခြင်းမပြုဘဲ စာသင်ကျောင်းသို့ ပို့ရေးဆောင်

ရွက်မည်ဖြစ်ကြောင်း အိန္ဒိယ အစိုးရက ကြေညာလိုက်သည်။

အယ်ဂျီးရီးယားနိုင်ငံရှိ အယ်ဂျီးယားစ်မြို့တော် အနောင်ဘက်မိုင် ၂၅၀ အကွာတွင် ရစ်ချ်စတာစကေး ၅ ဒသမ ၆ အင်အားရှိ ငလျင်လှုပ်သွားရာ အနည်းဆုံးလူ ၁၄၇ ဦး သေဆုံးပြီး ၂၈၉ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာကယ်ဆယ်ရေး အရာရှိများက ပြောကြားသည်။

၁၉ အမေရိကန် ပြည်ထောင်စု ဂျူရီတရားအဖွဲ့က ကွန်ဂရက် လွှတ်တော်အမတ် မဲလ်ရေးနိုး ၄၂ နှစ်အား ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်တစ်ဦးနှင့် လပေါင်းများစွာ လိင်ရှုပ်ပွေခြင်း ရှိခဲ့မှုနှင့် ထိုအမှုကို စုံစမ်းစစ်ဆေးခြင်း မပြုနိုင်အောင် တားဆီးပိတ်ပင်ခဲ့မှုဖြင့် တရားစွဲလိုက်သည်။

၂၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ် လွန်းမောင်၊ အမှတ် (၂) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းရွှေ၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ဒုတိယ ဝန်ကြီး များ၊ တာဝန်ရှိသူများ လိုက်ပါလျက် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၏ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေး လေ့လာကြသည်။

အယ်ဂျီးရီးယားနိုင်ငံ မြေငလျင်ကြောင့် ပြားပြားဝပ်သွားသည့် တောင်ပေါ်ကျေးရွာများတွင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကယ်ဆယ်ရေး လုပ်သားများက မြေငလျင်လှုပ်ပြီး ၂ ရက် အကြာ၌ လူသေအလောင်းများ ထပ်မံတွေ့ရှိကြောင်း သေဆုံးသူ စုစုပေါင်းမှာ အနည်းဆုံး ၁၇၁ ယောက် ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။

၂၂ သန်လျင်– ကျောက်တန်း ဒေသဖွံ့ဖြိုးရေးနှင့်စက်မှုဇုန် တည်ဆောက်ရေး အစည်းအဝေးကို ဝန်ကြီးများရုံး၊ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ ဒုတိယ ဝန်ကြီးချုပ်များဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်း၊ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း သူနာပြုတက္ကသိုလ်ခန်းမတွင် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၊ ဥပဒေအရာရှိများအားတွေ့ဆုံပြီး တရားစီရင်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။ မင်းပင်ကောင်းလျက်၊ မင်းမြောင်ဖျက် ဆိုစကားကဲ့သို့ နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များအစ၊ ဌာနဆိုင်ရာ အကြီးအကဲများအလယ်၊ သာမန်ဝန်ထမ်းများ အဆုံး အားလုံး၏ ကောင်းသတင်းဆိုး သတင်းများသည် နိုင်ငံတော်အစိုးရ၏ ဂုဏ်သတင်းနှင့် ဆက်စပ်နေသည့်အတွက် မိမိအသိနှင့် ဆင်ခြင်ကြရန် အချိန်တန်ပြီဟု ပြောလိုကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အနေနှင့်မူ သမိုင်းတွင် အမည်းစက်တင်မကျန်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့်လမ်းညွှန်မှာကြားသည်။

၂၃ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိသော စင်ကာပူသမ္မတ နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ယိုကျောက်တောင်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်၏ ဧည့်သည်တော်အဖြစ် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်အမတ် မစ္စတာ ဘီလ်အာချာနှင့်အဖွဲ့ဝင်များအား ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၂၉ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီဗဟိုပြည်သူ့ဆက်ဆံ ရေးတပ် ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၃/၉၄) ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းသြဝါဒစကား မြွက်ကြားသည်။

## စက်တင်ဘာလ

၁ မန္တလေးတောင် ဆုတောင်းပြည့်ဘုရားရင်ပြင်တော် ၁၅ ပေကျယ် စကြံ ပတ်လမ်းဖွင့်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနှင့်ဝန်ကြီးများ တက်ရောက်ကြသည်။

အိုင်ယာလန်သမ္မတနိုင်ငံတပ်မတော် (အိုင်အာရ်အေ) က စစ်ဆင်မှုအားလုံးကို ရပ်ဆိုင်းပြီးဖြစ်ကြောင်းကြေညာသည်။

၂ အမျိုးသားညီလာခံရုံးသိအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်းသမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

၄ ရေးမြို့ပြည်သူ့ရင်ပြင်၌ကျင်းပသည့် မှန်ပြည်သစ်ပါတီ ရေးတောင်မြို့နယ်တပ်မှ တပ်ခွဲမှူး နိုင်တလဘွန်းနှင့်အဖွဲ့ဝင်များအား ကြိုဆိုလက်ခံသည့်အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးခေါင်းဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

၅ – ၁၃ ကုလသမဂ္ဂဆိုင်ရာ နိုင်ငံတကာ လူဦးရေ ညီလာခံကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်၌ ကျင်းပသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ် ဘူထရို့စ်ဂါလီက ညီလာခံကို ဖွင့်လှစ်ပေးလိုက်ပြီး ညီလာခံတွင် တစ်ဦးနှင့်တစ်ဦး ငြင်းခုံနေမည့်အစား လူသား၏အနာဂတ် အရေးကိုစဉ်းစားကြရန် ညီလာခံကိုယ်စားလှယ်များအား တိုက်တွန်းလိုက်သည်။ ကိုးရက်ကြာ ကျင်းပမည့် ညီလာခံသို့ကိုယ်စားလှယ် ၁၅,၀၀၀ ကျော် တက်ရောက်သည်။

၆ အိုင်ယာလန်ဝန်ကြီးချုပ်အယ်ဘတ် ရေးနိုးနှင့် အိုင်အာရ်အေအဖွဲ့ ရှင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်တို့ ဒဗ္ဗလင်ရှိအစိုးရဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။ အိုင်ယာလန် သမ္မတနိုင်ငံ တပ်မတော် (အိုင်အာရ်အေ) က အပစ်အခတ်ရပ်စဲကြောင်း ကြေညာအပြီး ရက်သတ္တပတ်မပြည့်မီတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီအတွင်းရေးမှူး မစ္စတာလော်ဂန်၏ ဖိတ်ကြားချက်အရတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်သွားရောက်ရန်အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အားရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက် ပို့ဆောင်နှုတ်ဆက်သည်။

၇ – ၁၄ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး မစ္စတာလော်ဂန်၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်သည်။ ၁၄ ရက်နေ့ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဆနန်းကာ ဂျွန်ပရာဆတ်ခေါင်းဆောင်သော ထိုင်း ကိုယ်စားလှယ်အဖွဲ့ဝင်များက ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာသို့လာရောက် ဂါဝရပြု တွေ့ဆုံသည်။

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၉၀) ဆင်းပွဲအခမ်းအနားကို ဗထူးတပ်မြို့၊ ဗိုလ်သင်တန်းကျောင်းစစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် မုတ္တမကမ်းလွန်ပင်လယ်ပြင် ရတနာသဘာဝဓာတ်ငွေ့တွင်းမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ရောင်းချရန် စာချုပ်ချုပ်ဆိုရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ အစိုးရစက်မှုဝန်ကြီးဌာနတို့ ပူးတွဲကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးသည့် အခမ်းအနားနှင့် နှစ်ဖက်သဘောတူနားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါသဘာဝဓာတ်ငွေ့ ရောင်းချချိန်၌ဘီတီယူတစ်သန်းလျှင် အမေရိကန်ဒေါ်လာသုံးဒေါ်လာဈေးနှုန်းဖြင့် မြန်မာ–ထိုင်းနယ်စပ်တွင် လွှဲပြောင်းရောင်းချမည်ဖြစ်သည်။

၁၃ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၃/၉၄) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာစကားပြောကြားသည်။

၁၅ – ၁၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အထူး အစည်းအဝေး (၁၉၉၄) ကို ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ဗဟို ပြည်သူ့ဆက်ဆံရေး တပ်လေ့ကျင့်ရေး ဌာန ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ စက်တင်ဘာ ၁၅ ရက် ပထမနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ ဩဝါဒစကားပြောကြားသည်။ အဆိုပါ သင်းလုံးကျွတ်အထူးအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက်နေ့အထိ ကျင်းပခဲ့ရာ ယင်းနေ့ အခမ်းအနားသို့လည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်အားပေးသည်။

၁၆ ကျူးကျော်ရေးတပ်များကို မိမိတို့ ခုခံတွန်းလှန်မည်ဟု ဟေတီစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဖိလစ်ဘီယန်ဘီက ကြွေးကြော်လိုက်သည်။ အမေရိကန်သမ္မတကလင်တန်က ဟေတီစစ်ခေါင်းဆောင်များ ဟေတီမှ ထွက်ခွာကြရန် တိုက်တွန်းလိုက်ပြီး လိုက်နာခြင်းမပြုလျှင် အမေရိကန်နှင့် နိုင်ငံစုံတပ်များက အင်အားသုံးဝင်ရောက်ဖြုတ်ချရလိမ့်မည်ဟု သတိပေးခဲ့ပြီးနောက် ဗိုလ်မှူးချုပ်ဘီယန်ဘီကယင်းသို့တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ ဟေတီစစ်ဘက်ခေါင်းဆောင်ဒုတိယဗိုလ်ချုပ်ကြီး ရာအောဆီးဒရပ်ကလည်း အမေရိကန်တပ်များ ဟေတီနိုင်ငံကိုကျူးကျော်ဝင်ရောက်ခဲ့လျှင် မိမိတို့အသက်ပေးတိုက်ရန် ပြင်ဆင်ထားသည်ဟု ပြောဆိုသည်။

၁၈ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အထူး အစည်းအဝေး (၁၉၉၄) သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော်

အဆောက်အအုံ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဟောတီနိုင်ငံခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးဆီးဒရပ်က အောက်တိုဘာ ၁၅ ရက်နောက်ဆုံး ထားပြီး အာဏာလွှဲပေးမည်ဟု မိမိတို့နှင့်နောက်ဆုံးအချိန်ကပ်ပြီး သဘောတူညီလိုက်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ကလင်တန်က ကြေညာလိုက်ရာ အမေရိကန်၏ ဟောတီနိုင်ငံအား စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ရေးအစီအစဉ်ကို လွှဲဖယ်လိုက်နိုင်သည်။

၁၉ အမေရိကန်တပ်ဖွဲ့ဝင်များသည်ဟောတီနိုင်ငံတကာလေဆိပ်သို့ခုခံတိုက်ခိုက်ရမှုမရှိဘဲဆင်းသက်ခဲ့ပြီး ဟောတီနိုင်ငံ၏ ရွေးချယ်တင်မြှောက်ခံထားရသော သမ္မတအား ပြန်လည်အာဏာအပ်နှင်းရန် ၄င်းတို့၏ လုပ်ငန်းစဉ်ကို စတင်လိုက်သည်။

၂၀–၂၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ များ၏၁၉၉၄ ခုနှစ် ဒုတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိပ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်အား အမှတ် (၁) တပ်မတော်ဧည့်ဂေဟာ၌ ရင်းရင်းနှီးနှီး တွေ့ဆုံမှုပြုသည်။ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်လည်းအတူရှိနေကြောင်း သတင်းရရှိသည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကွေးတိုင်းမင်းလှမြို့နယ် မလွန်ကျေးရွာအနီးရှိအမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့အကြီးစား စက်မှုလုပ်ငန်း၏



**နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်အား အမှတ် ( ၁ ) တပ်မတော် ဧည့်ဂေဟာ၌ တွေ့ဆုံပြီးနောက် တွေ့ရစဉ်**

အမှတ် (၂) စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အိန္ဒိယအနောက်ပိုင်းရှိ ဆူရတ်မြို့တွင် ပလိပ်ရောဂါကြောင့် သေဆုံးသူဦးရေသည် ၄၄ ဦးရှိသွားပြီဖြစ်သည်။ ထိတ်လန့်ခြောက်ခြားနေကြသော မြို့နေလူထု ၂၀၀,၀၀၀ ခန့်မှာ ထိုမြို့မှ ထွက်ပြေးသွားကြသည်။ မြို့၏ လမ်းမကြီးများသည်လည်း ပိုးမွှားကာကွယ်ဆေးမှုန့်များဖြူးထားသဖြင့် ဖွေးဖွေးလှုပ်နေသည်။ ကျန်းမာရေးလုပ်သားများက ပဋိဇီဝဆေးများကို လူသန်းပေါင်းများစွာကို ဖြန့်ဝေပေးထားပြီး ဆေးအရောင်းဆိုင်များ၌ ပလိပ်ရောဂါကာကွယ်သည့် ထိုးဆေးများဝယ်ယူသည့် လူများ ပြည့်ကျပ်နေသည်။ လူအများအပြားသည် ပိုးမွှားအန္တရာယ်မှ ကာကွယ်ရန် ၄င်းတို့၏ မျက်နှာများကို အဝတ်များဖြင့် ဖုံးထားကြသည်ဟုဆိုသည်။

၂၅ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်၏ အရှေ့မြောက်ဘက် ၅၆ မိုင်ကွာရှိ နာခွန်နာယုတ်ပြည်နယ်ရှိ ဝမ်တက်ရိုင်းအပန်းဖြေဥယျာဉ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်ပေါင်း ၄၀ အတွင်းအဆိုးရွားဆုံးတောင်ကျရေများ ရုတ်တရက်စီးဆင်းခဲ့သဖြင့် ရေကူးအပန်းဖြေနေသူ ၁၇ ဦးရေနစ်သေဆုံးပြီး ၁၁ ဦး ပျောက်ဆုံးနေကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားသည်။ ဒဏ်ရာရရှိသူ ခြောက်ဦးကိုလည်း ဆေးရုံတင်ကုသထားရသည်ဟု ဆိုသည်။

၂၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၄ ခုနှစ် ဒုတိယလေးလပတ် ညှိနှိုင်းအစည်းအဝေး စတုတ္ထနေ့အစီအစဉ်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိဂုံးချုပ်အမှာစကားပြောကြားသည်။

၂၇-၂၈ ရုရှားသမ္မတ ယဲ့လ်ဆင်နှင့် အမေရိကန်သမ္မတ ကလင်တန်တို့သည် အမေရိကန် သမ္မတအိမ်ဖြူတွင် တွေ့ဆုံသည်။ အမေရိကန် သမ္မတ ကလင်တန်က မိမိတို့၏ သဘောထားကွဲလွဲမှုများကို စစ်အေးတိုက်ပွဲဖြင့် မဟုတ်ဘဲ နွေးထွေးသော ငြိမ်းချမ်းသည့် အခြေအနေ တွင် တွေ့ဆုံညှိနှိုင်းကြမည် ဖြစ်ကြောင်း ပြောကြားကာ ရုရှားသမ္မတ ယဲ့လ်ဆင်အား နုတ်ဆက်ကြိုဆိုလိုက်သည်။ ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံရှိ နျူးကလီးယားလက်နက်များကို အမြန်ဖြုတ်သိမ်းရန် သဘောတူညီလိုက်ကြပြီး စီးပွားရေးနှင့် လုံခြုံရေးတွင် ပိုမိုရင်းနှီးစွာပူးပေါင်းဆောင်ရွက်ကြမည်ဟု ကတိပြုလျက်သဘောတူစာချုပ်များကိုလည်း လက်မှတ်ရေးထိုးလိုက်ကြသည်။

၂၉ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၄/၉၄) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ အမှာစကားပြောကြားသည်။

## အောက်တိုဘာလ

၁ အာကာသအတွင်း လွှတ်တင်ထားသည့် အင်ဒဲဗား လွန်းပျံ အာကာသယာဉ်ပေါ်တွင် တပ်ဆင်ထားသော သုံးဘက်မြင် ရေဒါကိရိယာသည် ဆာဟာရ သဲကန္တာရကို သရုပ်ခွဲလေ့လာ ဆန်းစစ်သည်။ ဒေါ်လာသန်း ၃၆၆ ကုန်ကျထားသည့် အဆိုပါ ရေဒါကိရိယာသည် အဏ္ဏဝါဗေဒ လေ့လာရေးအတွက် ရေခဲနေသော တောင်ပိုင်းသမုဒ္ဒရာကို လည်းကောင်း၊ တောတောင်ထူထပ်ကြမ်းတမ်းသည့် အင်ဒီးတောင်တန်းမြေပုံကောင်းရရှိရန် အတွက်လည်းကောင်း မိုက်ခရိုလှိုင်းစွမ်းအင် ထုတ်လွှင့်၍ လေ့လာခဲ့သေးသည်။

၂ ရခိုင်ပြည်နယ် တောင်ကုတ် မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပြီးစီးသွားသည့် ကြိုးကြာကွင်း ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ခမ်းနား စည်ကားစွာ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် နိုင်ငံတော်အကြီးအကဲများ၊ မြို့နယ်တွင်းရှိ တာဝန်ရှိပုဂ္ဂိုလ် များ၊ မြို့မိ မြို့ဖများတက်ရောက်ကြသည်။

၁၂ ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တွင်ဂျပန်ဘုရင် အကီဟီတိုက တက်ရောက်ဖွင့်လှစ်သည်။ အားကစားမျိုးပေါင်း ၃၄ မျိုးတွင် ရွှေတံဆိပ်ဆု ၃၃၇ဆုချီးမြှင့်မည့် ရက်သတ္တနှစ်ပတ်ကြာ အာရှအားကစားပွဲတွင် ဒေသနှင့် နိုင်ငံပေါင်း ၄၂ နိုင်ငံမှ အားကစားမောင်မယ် ၅၀၀၀ နီးပါး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၃ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီး ဆန်ဂျင်ယန်းနှင့် အသစ်ခန့်အပ်ခြင်းခံရသော စစ်သံမှူး ဗိုလ်မှူးကြီး ကွမ်ဆူအောတို့အား ကာကွယ် ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံ သည်။

Vimy 1994 project အရ ၁၉၁၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ ကမ္ဘာတစ်ဝန်း ခရီးပျံသန်းခဲ့သည့် Vickers Vimy လေယာဉ်ပျံသန်းမှု ၇၅ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ယင်းလေယာဉ် ပုံစံတူ ပြုလုပ်ကာ အင်္ဂလန်နိုင်ငံ ဖမ်းဘာရာမြို့မှ ၁၉၉၄ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတင်၍ ခရီးဝေးပျံသန်းမှု ပြုလုပ်ခဲ့သော လေယာဉ်သည် ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်၊ အီတလီ၊ ဂရိ၊ အီဂျစ်၊ ဆော်ဒီအာရေးဗီးယား၊ ဘာရိန်း၊ အိုမန်၊ ပါကစ္စတန်နိုင်ငံ တို့ကို ရပ်နားကျော်ဖြတ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ တစ်ဆင့် ပျံသန်းလာခဲ့ရာ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် ဆိုက်ရောက်သည်။ လေယာဉ်မှူးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် စားသောက်ဆိုင် ပြည်ပ ခန်းမဆောင်တွင် ပြည်တွင်း ပြည်ပ သတင်းစာ ဆရာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။

၈-၁၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ပဲခူးတိုင်း အတွင်းရှိ မင်းလှ၊ ရွှေတောင်၊ ပြည်၊ မကွေးတိုင်း အတွင်းရှိတောင်တွင်းကြီး၊ မကွေး၊ ရှမ်းပြည်နယ်တွင်းရှိ ရပ်စောက်၊ တောင်ကြီး၊ ညောင်ရွှေ၊ မန္တလေးတိုင်း အတွင်းရှိ ကျောက်ဆည်၊ မန္တလေး၊ စစ်ကိုင်းတိုင်း အတွင်းရှိ တန့်ဆည်၊ မုံရွာ၊ ဆားလင်းကြီး၊ ယင်းမာပင်၊ ပခုက္ကူ မြို့များသို့ လှည့်လည်ကာ စိုက်ပျိုးရေး၊ရေပေးဝေမှု၊ ရေလှောင်တမံ၊ရေလွှဲဆည်၊ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ရေး နန်းမြို့ရိုး ပြန်လည်တူးဖော်မှုစသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးလမ်းညွှန်မှုပေးပြီး ဒေသအတွင်းရှိ တန်ခိုးကြီး ဘုရားများကို ဖူးမြော်သည်။

၁၀ ဟေတီနိုင်ငံတွင် ၃ နှစ်ကြာ အုပ်စိုးလာခဲ့သည့် ဒုတိယ ဗိုလ်ချုပ်ကြီး စီးဒရပ်သည် ပြည်ပရောက်သမ္မတအရစ္စတိ ပြန်လာရေး လမ်းဖွင့်ပေးရန် အတွက် ရာထူးမှ နုတ်ထွက်ပေးသည်။

၁၄ ၁၉၉၄ ခုနှစ်အတွက် နိုဘယ်ငြိမ်းချမ်းရေးဆုကို အစ္စရေးဝန်ကြီးချုပ် ရာဘင်၊ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှီမွန်ပဲရက်နှင့် ပီအယ်လ်အိုခေါင်းဆောင် ယာဆာအာရာဖတ်တို့အား ပူးတွဲချီးမြှင့်ကြောင်းကြေညာသည်။

၁၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အ ဖွဲ့ ဥ က္က ဋ္ဌ၊ တပ် မ တော် ကာ ကွ ယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မောင်အေး၊ ဒုတိယဝန်ကြီးချုပ်များ၊ အတွင်းရေးမှူး (၁)၊ အတွင်းရေးမှူး (၂)နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး



**ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဗိုလ်ချုပ်ကြီး မောင်အေး နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်း ပြသမှုများကို ကြည့်ရှုစစ်ဆေးနေစဉ်**

ကျင်းပသော နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြို ခင်းကျင်းပြသမှုကို ကြည့်ရှုစစ်ဆေး သည်။

၁၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မောင်အေး၊ ဒုတိယဝန်ကြီးချုပ်များ၊ အတွင်းရေးမှူး (၁)၊ အတွင်းရေးမှူး (၂)၊ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့်အတူ လှည်းကူးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာနတွင် ခင်းကျင်း ပြသထားသည့် ၁၉၉၄ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပြခန်းများသို့ လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဖွံ့ဖြိုးမှုဌာနများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၁၉ တပ်မတော် ဓမ္မာရုံတွင် ပူဇော်ကိုးကွယ်မည့် မုဒြာ ၁၀ မျိုးဗုဒ္ဓဆင်းတုတော် ၁၀ ဆူ အနေကဇာတင်ပွဲ အခမ်းအနားကို တပ်မတော်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရေစက်သွန်းချ အမျှ ပေးဝေသည်။

၂၀ ဒုတိယ အကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ မြို့မ ကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ယင်းအခမ်းအနားသို့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ ဒုတိယ ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး နယ်ခြားတံတား အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို သောင်ရင်းမြစ်အရှေ့ဘက်ရှိ ကတ်က်ပြည်နယ် မဲဆောက်ကမ်းနဖူးထိပ်တွင်လည်းကောင်း၊ သောင် ရင်း မြစ်အနောက် ဘက်ရှိ ကရင်ပြည်နယ် မြဝတီမြို့ ကမ်းနဖူးထိပ်တွင် လည်းကောင်း အချိန်နှစ်ပိုင်းခွဲ၍ ကျင်းပရာ မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ရင်နှင့် ထိုင်းနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗင်နိုင်းဆွန်ပွန်တို့က အုတ်မြစ်ချကြသည်။

နာမည်ကျော် အမေရိကန် ရုပ်ရှင်မင်းသားကြီး ဘတ်လန်ကတ်စတာ (၈၀) နှစ်သည် နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သည်။ မင်းသားကြီး ဘတ်လန်ကတ်စတာသည် ရုပ်ရှင်ဇာတ်ကားပေါင်း ၇၀ ကျော်တွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး "ကင်တပ်ကီယန်" အမည်ရှိ ရုပ်ရှင်ကားတွင် ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ပြီး ဒါရိုက်တာလုပ်ရိုက်ကူးခဲ့သည်။

၂၁
–
၂၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး၊ အတွင်းရေးမှူး (၁)၊ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်အတွင်းရှိ ဟဲဟိုး၊ ဗထူး၊ မိုင်းရှူး၊ နမ့်စမ်၊ တောင်ကြီး၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပျဉ်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့များသို့ သွားရောက်၍ မြို့နယ်အတွင်း ပြုပြင်တည်ဆောက်ရေး၊ ကျောက်မျက်တူးဖော်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစသည့် လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို ညွှန်ကြားသည်။

၂၁ ကိုရီးယားကျွန်းဆွယ် နျူးကလီးယားဆိုင်ရာ တင်းမာမှုများ၊ အဆုံးသတ်စေမည့် သမိုင်းဝင်သဘောတူ စာချုပ်တစ်ရပ်ကို အမေရိကန်စေ့စပ်ညှိနှိုင်းရေးမှူး ရောဘတ်ဂါလူစီနှင့် မြောက်ကိုရီးယားစေ့စပ်ညှိနှိုင်း ရေးမှူး ကန်ဆောက်ဂျူတို့က ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားသံရုံးအဆောက်အအုံတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ တစ်နှစ်ကျော်မျှ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ရရှိခဲ့သော အဆိုပါသဘောတူညီချက်အရ မြောက်ကိုရီးယားက ၎င်း၏ လျှို့ဝှက်နျူကလီးယား အစီအစဉ်ကို ထုတ်ဖော်ပြသရမည်ဖြစ်ပြီး ခေတ်မီနည်းပညာများ ရရှိမည့်အပြင် အမေရိကန်ပြည်ထောင်စု၏ အကူအညီနှင့် သံတမန်ရေး

အဆက်အသွယ်များကိုလည်း ရရှိမည်ဖြစ်သည်။

ဆိုးလ်မြို့တော်အား ဖြတ်သန်း စီးဆင်းနေသည့် ဟန်မြစ်ကို ဖြတ်၍ တည်ဆောက်ထားသော ဆွန်ဆု တံတားသည် မနက်ပိုင်း လူနှင့် မော်တော်ယာဉ်များ အသွားအလာများချိန်တွင် တံတားအလယ်ပိုင်းမှ ပြိုကျသွားခဲ့ရာ ခရီးသည်အပြည့်လိုက်ပါလာသော ဘတ်စ်ကားတစ်စီးနှင့် အခြားမော်တော်ယာဉ်အများအပြားသည် တံတားအစိတ်အပိုင်းနှင့်အတူမြစ်အတွင်း ထိုးကျသွားခဲ့ရာ လူ ၃၂ ဦးခန့် သေဆုံးသည်။

၂၃ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ပြင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲမဲဆွယ်ပွဲ တစ်ခုတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အတိုက်အခံ သမ္မတလောင်း ဂါမိနီဒစ်ဆာနာယကေးနှင့် အတိုက်အခံပါတီ ထိပ်တန်း ခေါင်းဆောင်များအပါအဝင် လူ ၅၀ ခန့် သေဆုံး သည်။ ရွေးကောက်ပွဲ ကျင်းပရန် ရက်သတ္တသုံးပတ်ခန့်အလိုတမီလ်တိုက် ဂါးပြောက်ကျားများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြန်လည်ပြုလုပ်ခါနီးတွင် အဆိုပါ ဗုံးပေါက်ကွဲခြင်းဖြစ်ပြီး ကိုယ့်ကိုယ်ကို အသေခံဗုံးဖောက်ခွဲသူ၏ လက်ချက်ဖြစ်သည်ဟု ရဲအဖွဲ့က ယူဆသည်။

၂၆ အစ္စရေးနှင့် ဂျော်ဒန် နိုင်ငံတို့၏ ၄၆ နှစ်ကြာ စစ်ပွဲကို အဆုံးသတ်စေမည့် သမိုင်းဝင် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် လက်မှတ် ရေးထိုးချုပ်ဆိုပွဲကို အစ္စရေးနှင့် ဂျော်ဒန် နယ်ခြားဒေသ ပင်လယ်နီအနီး သဲကန္တာရ၌ ကျင်းပရာ အခမ်းအနားသို့ အမေရိကန် သမ္မတ ကလင်တန်၊ ဂျော်ဒန်ဘုရင် ဟူစိန် နှင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇက်ရာဘင်တို့ တက်ရောက်ကြသည်။

၂၇ စစ်ကိုင်းတိုင်း သမဝါယမ ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို မုံရွာမြို့ မင်္ဂလာဈေးသစ်၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီး များ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ တက်ရောက် ကြသည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် တပ်မတော် ဧည့်ဂေဟာ၌ တွေ့ဆုံကာ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံ တော်၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေ များ၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား အတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက် သည်များကို သုံးနှာရီကြာမျှ ရင်းနှီးပွင့်လင်းစွာ ပြောဆို ဆွေးနွေးသည်။



အစ္စရေးနှင့် ဂျော်ဒန်သမိုင်းဝင် ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးပွဲတွင် အမေရိကန် သမ္မတ ကလင်တန်၊ ဂျော်ဒန်ဘုရင် ဟူစိန်နှင့် အစ္စရေး ဝန်ကြီးချုပ် ယစ်ဇက်ရာဘင်တို့ အား တွေ့ရစဉ်

## နိုဝင်ဘာလ

၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ဖိလစ်ပိုင် နိုင်ငံ Dramant Boart Philip pines Inc မှ ဥက္ကဋ္ဌ မစ္စတာဂိုလန် ဒိုအေ၊ ဂိုလက်ဖ်နှင့် အဖွဲ့က ဝန်ကြီးများရုံးရှိ ဒုတိယ ဝန်ကြီးချုပ်၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက် ဂါရဝပြုသည်။

ဗြိတိသျှဘုရင့် ရေတပ်သည် နှစ်၉၀ ကြာမျှ အခြေစိုက်ထားသည့် ဟောင်ကောင် ဆိပ်ကမ်းမှ ရုပ်သိမ်းသည်။ ၁၉၀၆ခုနှစ်မှ စ၍ ဗြိတိသျှရေတပ် အသုံးပြုခဲ့သည့် ယင်းဆိပ်ကမ်းကို ၁၉၉၇ခုနှစ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွှဲပြောင်းမပေးမီ ကူးသန်းရောင်းဝယ်ရေးအတွက် အသုံးချရန် စီစဉ်သည်။

၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော နိုင်ငံတော် အကြီးအကဲများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူ သမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးနှင့် လေ့လာရေး ခရီးထွက်ခွာသွားသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဆုချီးမြှင့် အခမ်းအနားကို အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက အရေးအတီး ပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့



ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နိုင်ငံတော်အကြီးအကဲများက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်စင်ကာပူသမ္မတနိုင်ငံများမှပြန်လည်ရောက်ရှိလာသည့်ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့အား လေဆိပ်၌ ကြိုဆိုစဉ်

အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အိဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်တောင်ဘက်မိုင် ၂၀၀ခန့် အကွာဒူရန်ကာ မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းစဉ် တံတားတစ်ခုသည် ရေနံလှောင်ကန်တစ်ခုပေါ်သို့ ပြိုလဲကျခဲ့ရာမှ ပေါက်ကွဲမီးလောင်မှု ဖြစ်သောကြောင့် အနည်းဆုံး လူ၁၄၇ဦးသေဆုံးပြီး အနားဝန်းကျင်ဒေသများတွင်လည်း ရေလွှမ်းမိုးသောကြောင့် နောက်ထပ် လူ၃၀ဦး သေဆုံးသွားကြောင်း အေပီသတင်းကဖော်ပြသည်။

၃ မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူး အသင်းပထမအကြိမ် ညီလာခံ ဖွင့်ပွဲအခမ်းအနားကို အင်းစိန်မြို့နယ် အောင်ဆန်းအခြေခံကျန်းမာရေး ဝန်ထမ်းသိပ္ပံကျောင်း ညီလာခံခန်းမ၌ ကျင်းပသည်။ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

၅ ကာကွယ်ရေးဝန်ကြီးဌာန (၄၁)ကြိမ်မြောက် မိသားစု ဘုံကထိန်သင်္ကန်းကပ်လှူ ပူဇော်ပွဲကို ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်တွင် ကျင်းပသည်။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု မြင်းခြံ ဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော ဆရာတော် သံဃတော်များ ကြွရောက်တော်မူကြသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးနှင့် နိုင်ငံတော် အကြီးအကဲများက သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်များ ကပ်လှူကာ ပူဇော်ကန်တော့ကြသည်။

၆ ကချင်ပြည်နယ် ယဉ်ကျေးမှု ပြတိုက်ဖွင့်ပွဲအခမ်းအနားကို မြစ်ကြီးနားမြို့၊ သီတာရပ်ရှိ အဆိုပါ ယဉ်ကျေးမှုပြတိုက် အဆောက်အအုံသစ်တွင် ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြု၍ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ လေ့ကျင့်ရေးဌာန ပြည်ထောင်စု ခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၄/၉၄)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍သင်းတန်းဖွင့် ဩဝါဒစကား မြွက်ကြားသည်။

၉ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း ခရီးစဉ်သစ် တိုးချဲ့ပျံသန်းရေး အစီအစဉ်အရ ရန်ကုန်–ကွာလာလမ်ပူ – ရန်ကုန် ခရီးစဉ်သစ်ဖွင့်ပွဲကို ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကျင်းပသည်။ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်း တက်ရောက်၍ ဖဲကြိုးဖြတ်ကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

သီရိလင်္ကာနိုင်ငံ အတိုက်အခံ သမ္မတလောင်း လုပ်ကြံသတ်ဖြတ်ခြင်း ခံရသဖြင့် မဲဆွယ်စည်းရုံးမှု ပျက်ပြားခဲ့ရပြီးနောက် သမ္မတရွေးကောက်ပွဲကို သီရိလင်္ကာ နိုင်ငံတွင် စတင်ကျင်းပသည်။

၁၁ ကျိုင်းတုံမြို့နယ် မိုင်းလန်း ကျေးရွာအုပ်စုရှိ ကမ္ဘာအေးစေတီ အနီးတွင် နေထိုင်ကြသော ဘာသာမဲ့ 'အင်' လူမျိုး အိမ်ထောင် စုဝင်စုစုပေါင်း ၁၅၀ တို့သည် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြပြီး အင်လူမျိုး လူငယ် ၂၁ ဦး ရှင်သာမဏေအဖြစ် သွတ်သွင်းခြင်း ရှင်ပြုမင်္ဂလာပွဲ အခမ်းအနားကို ကျိုင်းတုံမြို့ ဝပ်ဖကျောက် ကျောင်းတိုက်တွင် ကျင်းပသည်။

၁၂ ချန်ဒရိကာကုမာရာတွန်ဂါသည် သီရိလင်္ကာနိုင်ငံ၏ ပထမဆုံး အမျိုးသမီး သမ္မတအဖြစ် တရားသူကြီးချုပ် ပါလင်ဒါ ဒီဆီးလ်ဗား ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ၄င်းသည်သမ္မတ ရွေးကောက်ပွဲတွင် ဆန္ဒမဲ ၄ ဒသမ ၆၇ သန်းရရှိပြီး ၄င်း၏ ပြိုင်ဘက် ယူဆင်ဒီပါတီမှ ဆရီမာဒစ္စနာယာကေးက ၂ ဒသမ ၇ သန်းရရှိသည်။

၁၃ ကာကွယ်ရေးဝန်ကြီးဌာန ထောက်လှမ်းရေးမိသားစု ပဉ္စမအကြိမ် ဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကိုရန်ကုန်မြို့ တပ်မတော်ဝေဇ္ဇာရုံတွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ အမှူး ပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် နိုင်ငံတော်အကြီးအကဲများ ဌာနဆိုင်ရာ အကြီးအကဲများက သံဃာတော်အရှင်မြတ်များအား ပူဇော်ကန်တော့ကာ ကထိန်သင်္ကန်းနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းကြသည်။

**သီရိလင်္ကာနိုင်ငံ၏ ပထမဆုံး အမျိုးသမီး သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံရသည့် ချန်ဒရိကာ ကုမာရာတွန်ဂါ**



၁၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၏ ကိုယ်စားလှယ် ပါမောက္ခ ယိုဇိုရိုယိုကိုတာအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၅ ဂျာမနီနိုင်ငံကို နောက်ထပ်လေးနှစ် အုပ်စိုးသွားရန် ပြည်ထောင်စုလွှတ်တော် (ပါလီမန်)က ဝန်ကြီးချုပ် ဟဲလ်မွတ်ကိုးလ်အား အတည်ပြု ထောက်ခံပေးလိုက်သည်။

၁၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုသော နိုင်ငံတော်အကြီးအကဲများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်စင်္ကာပူသမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးနှင့် လေ့လာရေး ခရီးသွားရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိလာသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

၁၇_၁၉ တတိယအကြိမ်မြောက် အရှေ့တောင်အာရှ(အပြည်ပြည်ဆိုင်ရာ လော်ခတ်နည်း) လေ့လော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အင်းလျားကန်တွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားသည်။

၁၈ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် သင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲကို နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကုန်းမြင့်သာ အနော်ရထာခန်းမတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်း ပြောကြားသည်။

၂၀ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရာဖိအူဒင်အာမက်သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးအုံးကျော်၏ ဧည့်သည်တော်အဖြစ် မြန်မာနိုင်ငံတွင် လည်ပတ်နေထိုင်ရန် အပြည်ပြည်ဆိုင်ရာ မြန်မာ့ လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

၂၁ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ် ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် မလေးရှားနိုင်ငံ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန်ဆရီဘိုဟန်ဘင်ဟဂျ်အာမက်နှင့် အဖွဲ့ဝင်များက ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

၂၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိ နေသော မလေးရှားနိုင်ငံ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန်ဆရီ ဘိုဟန်ဘင်ဟဂျ် အာမက်နှင့်အဖွဲ့အား လက်ခံ တွေ့ဆုံသည်။

၂၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအမှူးပြုသော နိုင်ငံတော်အကြီးအကဲများသည် သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်ကွင်း စံကျောင်း ဗဟိုမဏ္ဍပ်တွင် ကျင်းပသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်၏ ဦးစီး ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ (အဂ္ဂမဟာ အကျော်) ဘဒ္ဒန္တဝဏ္ဏသိရီ ဆရာတော်ကြီး၏ အန္တိမဈာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညို ပူဇော်သည်။

၂၄ အမျိုးသားဆောင်ပုဒ်များကိုအကောင်အထည်ဖော်သည့် ပဉ္စမအကြိမ်စာပေနှင့် တတ်ပုံပြိုင်ပွဲ၊ ဒုတိယအကြိမ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

စာပေနှင့် ကာတွန်းပြိုင်ပွဲနှင့် ၁၉၉၄ခုနှစ်၊ မြဝတီနှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကို အမျိုးသားဓာတ်ရုံတွင်ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

၂၆ အားကစားနှင့် ကာယပညာကော်မတီနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ ပဋ္ဌမအကြိမ် မြို့တော်ဝန် မာရသွန် ပြိုင်ပွဲကို ကျင်းပသည်။

၂၇ ၁၉၉၄ခုနှစ်ပဋ္ဌမအကြိမ် ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ငြိမ်းချမ်းသာယာရင်ပြင် ပြည်သူ့အားကစား ကွင်းကြီးတွင် ကျင်းပသည်။ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးပန်းအောင်က ကျောင်းသားအားကစားပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

## ဒီဇင်ဘာလ

၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိသော မြန်မာဆေးနှင့် ဆေးပစ္စည်းပြပွဲ(၁၉၉၄) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

၃ ၁၉၉၃ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မျိုးသန့်နှင့် ဒုတိယဝန်ကြီး ဦးသိန်းစိန်တို့က ဆုများပေးအပ် ချီးမြှင့်ကြသည်။

၅ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် လေ့ကျင့်ရေးဌာန ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၄/၉၄) ဆင်းပွဲအခမ်းအနားသို့တက်ရောက်၍သင်တန်းဆင်းသြဝါဒစကား မြွက်ကြားသည်။

၇ ၁၉၉၀ပြည့်နှစ်တွင် လွတ်လပ်ရေးရခဲ့ပြီးနောက် ပထမဆုံးအကြိမ်ကျင်းပသော နမီးဘီးယားနိုင်ငံ သမ္မတနှင့် ပါလီမန်ရွေးကောက်ပွဲများတွင် နမီးဘီးယား ပြည်သူများ မဲပေးကြသည်။ ပါလီမန်ရွေးကောက်ပွဲတွင် ရှစ်ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ သမ္မတရွေးကောက်ပွဲ တွင်ဆမ်နူဂျိုမာက ဆန္ဒမဲ ၇၁ ဒသမ ၇ ရာခိုင်နှုန်း ရရှိကာ သမ္မတအဖြစ်ရွေးကောက် တင်မြှောက် ခံရပြီး ပါလီမန် ရွေးကောက်ပွဲတွင်မူ အာဏာရ ဆွာပိုပါတီက အောင်ပွဲခံခဲ့သည်။

၈ ၁၉၉၄ခုနှစ် ပဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းသားအားကစားပွဲ ပိတ်ပွဲ အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာရင်ပြင် အားကစားကွင်းကြီး၌ ကျင်းပသည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့်မည်သည့်နိုင်ငံမျှ ကင်းကွာ၍ ရနိုင်မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ကလင်တန်က ထုတ်ဖော်ကြေညာလိုက်ပြီးနောက် သမိုင်းတွင် အမေရိကန်နိုင်ငံအား ကမ္ဘာ့ကုန်သွယ်ရေး သဘောတူညီချက်၏ အစိတ်အပိုင်းအဖြစ်သွတ်သွင်းမည့် ဥပဒေကို လက်မှတ်ထိုးလိုက်သည်။

၉ – ၁၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ၉ရက်နေ့တွင် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံ စီမံကိန်း၊ တဘူးလှ(ဥက္ကံ) ရေလှောင်တမံ စီမံကိန်းနှင့် ရာဝတီတိုင်း ဓနုဖြူမြို့နယ်

ရုရှားတပ်ဖွဲ့များ ချီချင်ယာသမ္မတ နိုင်ငံအတွင်းသို့ ဝင်ရောက်လာစဉ်



ရေကျော်ကွင်းစပါး၊ ငါးဘက်စုံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင်များသို့လည်းကောင်း၊ ၁၀ရက်နေ့တွင် မြောင်းမြတံတား တည်ဆောက်ရေးစီမံကိန်းနှင့် ညောင်တုန်းကျွန်းလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

၁၁ ရှုးတင့်ကားများနှင့်စစ်သားများသည် ခွဲထွက်သည့် ချီချင်ယာသမ္မတ နိုင်ငံတွင်းသို့ ရောက်ရှိလာရာ ငြိမ်းချမ်းရေးဖြေရှင်းချက်နှင့် ပတ်သက်၍ ဆွေးနွေးရန်ဒေသခေါင်းဆောင်များကို အတင်းအကျပ်သဘောတူစေခဲ့သည်။

၁၄ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၅/၉၄) ညှိနှိုင်းအစည်းအဝေးကိုကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လမ်းညွှန်မှာကြားသည်။

၁၇–၁၈ ၁၉၉၄ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မင်္ဂလာဒုံ တပ်မတော် ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကစားသည်။

၂၁–၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာ ယှဉ်ကျေးမှု လှေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကန်တော်ကြီး ကရဝိက်ကျွန်းအဝင် ဗဟိုမဏ္ဍပ်မုခ်ဦးထိပ်၌ ကျင်းပသည်။ ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေရောက်ရှိလာပြီး မြန်မာ့ရိုးရာ ယှဉ်ကျေးမှု လှေသဘင်ပွဲတော် လှေလျှော်ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာ ယှဉ်ကျေးမှု လှေသဘင်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်သည်။

၂၆–၂၈ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီဖုန် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်သည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မစ္စတာ လီဖုန်သည် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံဆွေးနွေးကြပြီး ရန်ကုန်– သန်လျင် တံတားသို့ သွားရောက်ကြည့်ရှုလေ့လာသည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုပြီးနောက် ပြည်တွင်းပြည်ပ သတင်းစာ ဆရာများနှင့် တွေ့ဆုံ၍ သတင်းစာ ရှင်းလင်းပွဲပြုလုပ်သည်။ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ဝန်ကြီးချုပ် မစ္စတာ လီဖုန်နှင့်ဇနီး မဒမ်ဂျူလင်းတို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

၃၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေး ဝန်ကြီးဌာန ရုပ်ရှင်လုပ်ငန်း ၁၉၉၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန် ဆု ချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် တက်ရောက်၍ အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ရွှေစင်ရုပ်ဆုများချီးမြှင့်သည်။ ၁၉၉၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ခုနစ် ဆုချီးမြှင့်ရာ အမျိုးသားဇာတ်ဆောင်ဆု တွင် ရဲအောင် (မြစ်တို့၏မာယာ)၊ အမျိုး သမီးဇာတ်ဆောင်ဆုတွင် ဇင်မာဦး(သီတာ ခုနစ်တန်)၊ အမျိုးသားဇာတ်ပို့ဆုတွင် ညွန့်ဝင်း(သီတာခုနစ်တန်)၊ အမျိုးသမီး ဇာတ်ပို့ဆုတွင် ရှုမဝ စမ်းစမ်းအေး (စိန်ခေါ် နေတဲ့အချစ်)၊ ဒါရိုက်တာဆုတွင် မောင်နှံ့ (သီတာခုနစ်တန်)၊ ဓာတ်ပုံဆုတွင် သန်းညွန့်(ပန်းသာ)(မြစ်တို့၏မာယာ) ဇာတ်ကားဆုတွင် (သီတာခုနစ်တန်) တို့ အသီးသီး ရရှိသွားကြသည်။



**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး သန်းရွှေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီဖုန်အား လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်**



တရုတ်ပြည်မှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော် (စာမျက်နှာ၁၁)



မြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ပင့်ဆောင်စဉ် (စာမျက်နှာ၁၁၁)






ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်အထူးအစည်းအဝေးတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ခွန်းပြောကြားစဉ် (စာမျက်နှာ ၂၅၂)



ဒုတိယအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား (စာမျက်နှာ ၈၁)




ဒုတိယအကြိမ် အမျိုးသား အားကစားပွဲတော်၊ ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲကျင်းပစဉ် (စာမျက်နှာ ၈၁)



၁၉၉၂ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်သည့်
အခမ်းအနားတွင် ဗိုလ်မှူးချုပ် မျိုးသန့် မိန့်ခွန်း
ပြောကြားစဉ် (စာမျက်နှာ ၃၀၃)



၁၉၉၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရသူများ
(စာမျက်နှာ ၃၀၃)



၁၉၉၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု၊ အကောင်းဆုံးအမျိုးသမီး
ဇာတ်ဆောင်ဆုအတွက် ဇင်မာဦး ဆုယူစဉ် (စာမျက်နှာ ၃၀၄)

# အပိုင်း – ၂

## ဆေးပညာ၊ အားကစား၊ ယဉ်ကျေးမှုနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


ဗုဒ္ဓမြတ်စွယ်တော် ........................................ ဒေါက်တာခင်မောင်ညွန့် ........... ၃၄
ရာပြည့်မပွေ့န်ဈေးဆန်လူ့အသင်းကြီး............. ညာဏ်ဝင်း (စာပေဗိမာန်) ........... ၄၈
ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ .......................... ခင်မောင်ဝင်းကြည် ........... ၅၈
(မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း)
မြန်မာနိုင်ငံဆေးတက္ကသိုလ်များနှင့် .............. ဒေါက်တာမောင်မောင်ညို ........... ၆၆
အခြားနီးနွှယ်သော တက္ကသိုလ်များ
ဒုတိယအကြိမ်အမျိုးသားအားကစားပွဲတော် .. ခင်မောင်လွင် (အား/ ကာ) ........... ၈၀
မြနန်းစံကျော် ရွှေနန်းတော် .......................... ဦးမင်းနိုင် ........... ၉၀
ပလိပ်ရောဂါ .................................................. ဒေါက်တာမောင်မောင်ညိုနှင့်......... ၉၆
ဒေါက်တာနန်းဥမ္မာ
မြန်မာနှင့် ကမ္ဘာခရီးသွားလုပ်ငန်း ................. ဦးမျိုးသန့် ........... ၁၁၀
မြန်မာ့ကုန်စည် ပြပွဲများ................................ ဆွေသန့်ကို ........... ၁၂၂



# ဗုဒ္ဓမြတ်စွယ်တော်

ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် ကျွတ်ထိုက်သော သတ္တဝါတို့ကို တရားဟောကြားဆုံးမတော်မူပြီး၊ သက်တော် ၈၀၊ ဝါတော် ၄၅ ဝါအရောက်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ကုသိနာရုံ၊ အင်ကြင်းဥယျာဉ်ဝယ် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။ ကျန်ရစ်သော ရုပ်ကလာပ်တော်ကို မလ္လာမင်းတို့ ပူဇော်ကြပြီး၊ တေဇောဓာတ်လောင်စေရာ၊ အကြီး၊ အလတ်၊ အငယ်အရွယ်သုံးပါး ရှိသော သရီရဓာတ်တော်များဖြစ်လာသည်။ မီးမခဲဘဲ ပကတိ အတိုင်းကျန်ရစ်သော ရုပ်ကြွင်းခုနစ်ပါးတို့ကား–

(၁) နဖူးသင်းကျစ်တော်၊ (၂) ယာညှပ်ရိုးတော်၊ (၃) ဝဲညှပ်ရိုးတော်၊ (၄) အထက်လက်ယာစွယ်တော်၊ (၅) အောက် လက်ယာစွယ်တော်၊ (၆) အထက်လက်ဝဲစွယ်တော်နှင့် (၇) အောက်လက်ဝဲစွယ်တော်တို့ ဖြစ်သည်။

ယင်းခုနစ်ပါးသော ရုပ်ကြွင်းမွေတော်တို့ကို တိုင်းနိုင်ငံဌာနအသီးသီးသို့ ပင့်ဆောင်ကိုးကွယ်ကုန်ကြရာ၊ မြတ်စွယ်တော်လေးဆူအနက်၊ အထက်လက်ယာစွယ်တော်ကို တာဝတိံသာနတ်ပြည် စူဠာမဏိစေတီတွင် သိကြားမင်းက ဌာပနာလိုက်သည်။ အောက်လက်ယာစွယ်တော်ကို နဂါးပြည်၊ ရတနာစေတီတွင် နဂါးမင်းက ဌာပနာလိုက်သည်။ အထက်လက်ဝဲစွယ်တော်ကို ဂန္ဓာရတိုင်းစေတီတွင် ဌာပနာထားရာမှ၊ တရုတ်ရဟန်းတော်တစ်ပါးက ပင့်ဆောင်ကိုးကွယ်ရာ၊ ဥဇနာ၊ ခိုတန်နိုင်ငံများမှ တစ်ဆင့် တရုတ်ပြည်ကြီးသို့ ပင့်ဆောင်ရောက်ရှိသွားပြီး၊ ယနေ့တိုင်အောင် တရုတ်ပြည်ကြီးတွင် ကိန်းဝပ်စံပယ်လျက်ရှိသည်။ အောက်လက်ဝဲစွယ်တော်မှာ ရဟန္တာတစ်ပါးက ပင့်ဆောင်သွားပြီး၊ ကလိင်္ဂရာဇ်ပြည်တွင် ကိုးကွယ်ထားရာ၊ ထိုမှတစ်ဆင့် လင်္ကာဒီပကျွန်း(သီရိလင်္ကာနိုင်ငံ) သို့ရောက်ရှိသွားခဲ့သည်။ ယနေ့တိုင်သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့တွင် ကိန်းဝပ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်း၌ဗုဒ္ဓသာသနိကအဆောက်အအုံများကို ရှေးမင်းများလက်ထက်မှစ၍ ယနေ့ဘိုင် တည်ထားကိုးကွယ်လာခဲ့ကြသည်။ ဗုဒ္ဓဘုရား၏ ဓာတ်တော်များ ဌာပနာထားသော ဓာတုစေတီ၊ တရားတော်၊ ပရိတ်တော်တို့ကို ရေးသားဌာပနာထားသော ဓမ္မစေတီ၊ သပိတ်သင်္ကန်းတောင်ဝှေးစသော ပစ္စည်းများ ဌာပနာထားသောပရိဘောဂစေတီနှင့် မြတ်စွာဘုရားကိုယ်စားပြုဆင်းတုတော်များ ဌာပနာထားသော ဥဒ္ဒိဿစေတီဟူသော စေတီ ၄ မျိုး ၄ ပါးစလုံး မြန်မာနိုင်ငံတွင်တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်တည်ထားကိုးကွယ်သော ဓာတုစေတီများတွင် မြတ်စွာဘုရား၏ ဓာတ်တော်၊ စွယ်တော်၊ ဆံတော်၊ အံတော်၊ ညှပ်ရိုးတော်၊ နဖူးသင်းကျစ်တော်တို့ကို ဌာပနာထားသည်။ မြတ်မော်တင်ရွှေဆံတော်၊ တွံတေးရွှေဆံတော်၊ ဒဂုံရွှေဆံတော် (ရွှေတိဂုံ)၊ ပြည်ရွှေဆံတော်၊ တောင်ငူရွှေဆံတော်၊ ပုဂံရွှေဆံတော်ဟူသော ဆံတော်အမည်နှင့် ထင်ရှားသော စေတီများနှင့် ကျိုက်ထီးရိုး၊ ကျိုက္ကဆံ၊ ကျိုက္ကဒေးအပ်၊ ကျိုက်ဝိုင်း၊ ရွှေမော်ဓော စသော ဆံတော်အမည်မပါသော်လည်း မြတ်စွာဘုရားဆံတော်ဌာပနာထားသော စေတီများစွာရှိသကဲ့သို့၊ ပုဂံရွှေစည်းခုံ၊ လောကနန္ဒာ၊ တုရင်တောင်စေတီ၊ တန့်ကြည့်တောင်စေတီ၊ ပြက်ခရွှေတောင်စေတီ၊ ပဲခူးမဟာစေတီ၊ စစ်ကိုင်းကောင်းမှုတော်စေတီ၊ မန္တလေး၊ ကုသိုလ်တော်ကြီးစသော စေတီကြီးသည် မြတ်စွာဘုရား၏ စွယ်တော်ဓာတ်ဌာပနာထားသော စေတီကြီးများဟု ကျော်ကြားလှသည်။ ထို့အတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့ဟောင်းတွင်လည်း မြတ်စွာဘုရား၏ အံတော်ကိုဌာပနာထားသော စေတီရှိသည်။

မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာ့သမိုင်း၊ ယဉ်ကျေးမှုသမိုင်း၊ နိုင်ငံရေးသမိုင်း၊ သံတမန်ဆက်ဆံရေးသမိုင်းနှင့် နိုင်ငံတကာဆက်ဆံရေးသမိုင်း၌ ဗုဒ္ဓမြတ်စွာဘုရား၏ သရီရဓာတ်တော်များဖြစ်သော ဆံတော်၊ စွယ်တော်၊ အံတော်၊ ညှပ်ရိုးတော်၊ နဖူးသင်းကျစ်တော်၊ ပရိဘောဂ ပစ္စည်းများဖြစ်သော သပိတ်တော်၊ တောင်ဝှေးတော်၊ သင်္ကန်းတော်၊ ကျောင်းတော်၊ သလွန်တော်၊ မဟာဗောဓိ ညောင်ပင်များသည် အစောဆုံးသမိုင်းမှသည် ယနေ့မျက်မှောက်ခေတ်အထိ အလွန်အရေးပါလှသော သရီရများဖြစ်သည်။

လူ့ပြည်တွင်ယနေ့အထိကိန်းဝပ်လျက်ရှိသော အထက်လက်ဝဲစွယ်တော်နှင့် အောက်လက်ဝဲစွယ်တော်နှစ်ဆူကို



ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မဟာပါသာဏ လိုဏ်ဂူတော်ကြီးသို့ ပင့်ဆောင်လာကြစဉ်

အကြောင်းပြု၍ ထိုစွယ်တော်များကိန်းဝပ်ရာ ဂန္ဓာလရာဇ် (စိနရဋ္ဌ၊ စိန့်တိုင်း ကြီး) ခေါ် ယနေ့တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လင်္ကာဒီပ ကျွန်း၊ သီဟိုဠ်ကျွန်း၊ သီဟိုဠ်ကျွန်းခေါ် ယနေ့သီရိလင်္ကာနိုင်ငံတို့နှင့် မြန်မာနိုင်ငံသည် အကူးအသန်းအဆက်အသွယ် များခဲ့သည်။ မြန်မာ့ရှေးဟောင်းသုတေသနနှင့် ရာဇဝင်သမိုင်းအထောက်အထားများအရဆိုသော်၊ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သော အနော်ရထာမင်းကြီး (အေဒီ ၁၀၄၄–၇၇) သည် ယင်းနိုင်ငံနှစ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

မှန်နန်းရာဇဝင်တော်ကြီးအပါအဝင်၊ မြန်မာ့ရာဇဝင်ကြီးများက ဂန္ဓာလရာဇ်တိုင်းကြီးဖြစ်သော တရုတ်ပြည်ကြီးရှိ မြတ်စွယ်တော်ကိုပင့်ဆောင်ရန် အနော်ရထာမင်းသည် ရေကြောင်း၊ ကြည်းကြောင်းမှ အလုံးအရင်းနှင့်ချီကြောင်း တရုတ်ဘုန်းတော်ကြီးနှင့် တရုတ်ဧကရာဇ် "ဥတိဘွား" တို့က ကြိုဆိုညှိဝတ်ပြုကြောင်း၊ မြတ်စွယ်တော်ကို ပင့်ခွင့်ပြုကြောင်း၊ အနော်ရထာမင်းသည် ရတနာပန်းတောင်းကို ဦးထိပ်၌ပင့်ရာ၊ မြတ်စွယ်တော်ကြွမလာကြောင်း၊ မြတ်စွယ်တော်သည် တရုတ်ပြည်ကြီး၌ သာသနာငါးထောင်ပြည့်သည်အထိ ကိန်းဝပ်စံပယ်တော်မူမည်ဖြစ်၍ ပင့်မရကြောင်း၊ တရုတ်ဧကရာဇ် "ဥတိဘွား"က မြတ်စွယ်တော်အပါးကိန်းဝပ်လျက်ရှိသော မြဆင်းတုတော်ကို အနော်ရထာမင်းသို့ ပူဇော်ရန် ပေးအပ်ကြောင်း သိရသည်။ အနော်ရထာမင်းမှစ၍ မြန်မာတိုင်းရင်းသားမင်းအပေါင်းနန်းတွင်း၌ ကိုးကွယ်ခဲ့ရာ သီပေါမင်းပါတော်မူသွားသောအခါ မန္တလေးနန်းတွင်းမှ နန်းစဉ်ဆင်းတုတော်များ၊ မန္တလေးရွှေကျီးမြင့်ဘုရားသို့ ပြောင်းရွှေ့ပင့်ဆောင်ကိုးကွယ်ထားရာ၊ "ဥတိဘွား" မင်းပေးသော မြဆင်းတုလည်းပါဝင်သည်။

သရေခေတ္တရာ၌ ဒွတ္တပေါင်မင်းကြီးတည်ထားကိုးကွယ်သော စေတီယိုယွင်းပျက်စီးနေရာ၊ ဌာပနာထားသော နဖူးသင်းကျစ်တော်နှင့် ဓာတ်တော်များကို ပင့်ဆောင်လာပြီး သက္ကရာဇ် ၄၂၁(အေဒီ ၁၀၅၉) နှစ်တွင် အနော်ရထာမင်းကြီးသည် ပုဂံရွှေစည်းခုံစေတီတည်၍ ဌာပနာသည်။ စေတီတော်ပစ္စယံသုံးဆင့်အထိ တည်အပြီး သီဟိုဠ်မှ မြတ်စွယ်တော်ကိုပင့်ဆောင်ပူဇော်ရန် ဆန္ဒဖြစ်လာသောကြောင့်၊ သံအဖွဲ့စေလွှတ်သည်။ သီဟိုဠ်မင်းအတွက် ဆင်ဖြူတော်တစ်စီးလက်ဆောင်ပါးလိုက်သည်။ သီဟိုဠ်မင်း ဓာတုသေနသည် သာသနာရေးကိစ္စအပါအဝင် အကူအညီပေးခဲ့ဖူးသော အနော်ရထာမင်းကို ကျေးဇူးတုံ့ပြန်လိုသဖြင့်၊ မြတ်စွယ်တော်ကိုပင့်ခွင့်ပြုသော်လည်း ကြွမလာချေ။ စွယ်တော်ပွား တစ်ဆူသာရ၍ သံအဖွဲ့ပြန်ခဲ့ကြသည်။ ရောက်လာသော သီဟိုဠ်မြတ်စွယ်တော်ပွားကို အနော်ရထာမင်းကြီးသည် ဆင်ဖြူတော်နှင့်လောကနန္ဒာဆိပ်ကမ်းသို့ လာရောက် ကြိုဆိုပင့်ဆောင်သည်။ စွယ်တော်ပွားတင်ဆောင်ထားသာ ဆင်ဖြူတော်ကို အဓိဋ္ဌာန်ပြု၍စေလွှတ်ရာ၊ ဆင်ဖြူတော်သည် ရွှေစည်းခုံစေတီတွင် ဝပ်သောကြောင့် ထိုစေတီ၌ဌာပနာသည်။ ထိုမှထပ်ဆင့်ပွားလာသော စွယ်တော်ပွားကို အလားတူအဓိဋ္ဌာန်ပြု၍ စေလွှတ်သော် ဆင်ဖြူတော်ဝပ်ရာအရပ်များဖြစ်သော၊ လောကနန္ဒတောင်ထိပ်၊ တန့်ကြည့်တောင်ထိပ်၊ တုရင်တောင်ထိပ်၊ ကျောက်ဆည်၊ပြက်ခရွှေ့တောင်ထိပ်တို့၌ စေတီများတည်၍ စွယ်တော်ပွားများကို ဌာပနာကိုးကွယ်ကြောင်းကို ရာဇဝင်နှင့်ဘုရားသမိုင်းများတွင် ဖော်ပြထားသည်။



ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့တွင် ဒေသစာရီ ကြွချီ အပူးအမြော်ခံစဉ်

အလောင်းစည်သူမင်း (အေဒီ ၁၁၁၂–၆၇) နှင့် နရသီဟပတေ့မင်း (အေဒီ ၁၂၅၄–၈၇) တို့သည်လည်း တရုတ်ပြည်မှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရန် ကြိုးပမ်းကြသည်။ နှစ်နိုင်ငံသံအဖွဲ့ဖလှယ်ရေးအစဉ်အလာအရ၊ အေဒီ ၁၁၁၅ ခုနှစ်တွင် အလောင်းစည်သူမင်းက တရုတ်ကေရာဇ်ထံ ကုန်းကြောင်းမှမြန်မာသံအဖွဲ့စေလွှတ်ပြီး လက်ဆောင်တော်များပေးအပ်၍ မြတ်စွယ်တော်ကို ပစ္စည်းများလှူစေသည်။ သည့်နောက် ကိုယ်တော်တိုင် အလုံးအရင်းနှင့်ချီ၍ မြတ်စွယ်တော်ပင့် သွားရောက်ရာမရဘဲ၊ ဓမ္မလက်ဆောင်များကိုသာရ၍ ပြန်ခဲ့သည်။နရသီဟပတေ့မင်းသည် မြန်မာသံအဖွဲ့စေလွှတ်ပြီး တရုဘ်ကေရာဇ်ထံ လက်ဆောင်များပေးအပ်ပြီး မြတ်စွယ်တော်ကို ပစ္စည်းများလှူစေသည်။ အေဒီ ၁၂၇၃ ခုနှစ်တွင် ကူဗလိုင်ခန် ကေရာဇ်ကြီးက မြန်မာမင်းထံ တရုတ်သံအဖွဲ့စေပြီး လက်ဆောင်တော်များ တုံ့ပြန်သည်။

အင်းဝမင်းဆက်တွင် နရပတိမင်း (အေဒီ ၁၄၄၃–၆၉) နှင့် သားတော်သီဟသူရမင်း (အေဒီ ၁၄၆၉–၈၁) တို့သည် သီရိလင်္ကာသို့ သံအဖွဲ့များစေလွှတ်ပြီး ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်စေသည်။ နရပတိမင်းက ရွှေ ငွေကျောက်သံပတ္တမြားများလှူပြီး၊ ဘုရားဖူးလာ ရဟန်းတော်များ ထောက်ပံ့ရန် လယ်ယာ ဥယျာဉ်မြေများ ဝယ်ယူလှူဒါန်းသည်။ သီဟသူရမင်းက မိမိနှင့်မိဖုရားခေါင်ကြီးတို့ ဆံပင်များနှင့်ပြုလုပ်ထားသော ရတနာစီ ရွှေလက်ကိုင် တပ်တံမြက်ကို စွယ်တော်ကျောင်းဆောင်တံမြက်လှည်းရန် လှူသည်။ သက္ကရာဇ် ၇၅၂ ခု (အေဒီ ၁၃၉၀) တွင် သီဟိုဠ်ဘုရင် ပဏ္ဍုရာမမင်းက၊ သမီးတော် သုမုတ္တဒေဝီနှင့် မြတ်စွယ်တော်ပွားတစ်ဆူကို ဟံသာဝတီဘုရင် ရာဇဓိရာဇ်ထံသို့ ပေးပို့ဆက်သသည်။ သမီးတော်ကို မိဖုရားမြှောက်ပြီး၊ စွယ်တော်ပွားကို ရွှေမော်ဓောစေတီတွင် ဌာပနာသည်။ သက္ကရာဇ် ၈၃၉ခု (အေဒီ ၁၄၇၇) တွင် ဓမ္မစေတီမင်းထံသို့ သီဟိုဠ်မင်းက မြတ်စွယ်တော်ပွား တစ်ဆူဆက်သရာ၊ ကလျာဏီသိမ်အနီး၊ ကလျာဏီစေတီ၌ ဌာပနာသည်။ ဓမ္မစေတီမင်းသည် အေဒီ ၁၄၇၅ ခုနှစ်တွင် ရဟန်းတော် ၂၂ ပါးပါဝင်သော သာသနာပြုအဖွဲ့ကို သီဟိုဠ်သို့ စေလွှတ်သည်။ ဗုဒ္ဓမြတ်စွယ်တော်၊ ဗုဒ္ဓမြတ်စွာဘုရား၏ ခြေတော်ရာနှင့် မဟာဗောဓိညောင်ပင်များတွင် လှူဒါန်းရန် ဓမ္မစေတီမင်းက နီလာများစီခြယ်ထားသော ကျောက်သပိတ်၊ ရွှေ၊ စလင်းကျောက်နှင့်ပြုလုပ်ထားသော ဓာတ်တော်ကြုတ်များကို ဆက်ကပ်ကြသည်။ သီဟိုဠ်ရဟန်းတော်တို့ကို သင်္ကန်းပရိက္ခရာများ၊ ဇင်းမယ်လုပ်ယွန်းကွမ်းအစ်များကပ်လှူပြီး၊ သီဟိုဠ်မင်းအတွက် ဓမ္မစေတီမင်းက ပေးလိုက်သောလက်ဆောင်တော် ပတ္တမြား၊ နီလာ၊ တရုတ်ပိုးထည်၊ သင်ပြူးချောနှင့် ရွှေပုရပိုက်တွင် ရေးထားသော ရာဇမဟာမိတ် သံစာကို သီဟိုဠ်မင်းသို့ ပေးကြသည်။

ရခိုင်ဘုရင် မင်းဆင်ခေါ် မင်းပါကြီး (အေဒီ ၁၅၃၁–၅၃) သည် ရွှေတောင်ဦးဘုရား၊ သျှစ်သောင်းဘုရား၊ ဒုက္ခံသိမ်၊ လေးမျက်နှာဘုရားများနှင့် အံတော်ဘုရားများ တည်ထားကိုးကွယ်ရာ၊ အံတော်ဘုရားမှာ သီဟိုဠ်မင်းက ဆက်သလိုက်သော ဗုဒ္ဓမြတ်စွာဘုရား၏ အံတော်ပွားကိုဌာပနာထားသောဘုရားဖြစ်သည်။

ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သော ဘုရင့်နောင် (အေဒီ– ၁၅၅၁– ၁၅၈၁) လက်ထက်တွင် သီဟိုဠ်နှင့် ဆက်ဆံမှုများပြီး သီဟိုဠ်မှ မြတ်စွယ်တော်သို့ လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းခြင်း မြတ်စွယ်တော်ရယူ ပူဇော်ရေးအတွက် ကြိုးပမ်းခြင်းနှင့် မြတ်စွယ်တော်ပွားများ လက်ခံရရှိ၍ ဌာပနာခြင်းများ ပြုခဲ့သည်။ အေဒီ ၁၅၅၅ ခုနှစ်တွင် ကျောက်မျက်ရတနာများအပါအဝင် လှူဖွယ်ပစ္စည်းများကို ကန္ဒီရှိ မြတ်စွယ်တော်ကျောင်းတော်တွင် လှူရန် သံအဖွဲ့စေလွှတ်သည်။ မြတ်စွယ်တော်ကျောင်း၌ ဆီမီးမပြတ်ထွန်းညှိပူဇော်ရန် လယ်ယာမြေဥယျာဉ်များ ဝယ်ပြီး ဆီမီးထွန်းတာဝန်ယူရန် ကျွန်တော်များထားသည်။ ပန်းပု၊ ပန်းချီ၊ ပန်းတည်း၊ ပန်းတမော့၊ ပန်းထိမ် ပညာရှင် တို့ကို စေလွှတ်၍ မြတ်စွယ်တော်ကျောင်းကို မွမ်းမံပြင်ဆင်စေသည်။ ဘုရင့်နောင်မင်းတရားကြီးသည် မိမိဆံပင်နှင့် မိဖုရားခေါင်ကြီး ဆံပင်များကို ဖြတ်ကာ ရတနာများစီထားသော ရွှေလက်ကိုင်နှင့် တံမြက်ပြုလုပ်လျက် မြတ်စွယ်တော်ကျောင်း၌ တံမြက်လှည်းရန်လှူဒါန်းသည်။

အေဒီ ၁၅၆၀ ပြည့်နှစ်တွင် ပေါ်တူဂီတို့ ကန္ဒီမြို့ကို တိုက်ခိုက်ပြီး မြတ်စွယ်တော်ကို ဂိုအာသို့ ယူဆောင်သွားကြသည်။ ဤသတင်းကြားရသော ဘုရင့်နောင်မင်းတရားကြီးသည် ပေါ်တူဂီသင်္ဘောနှင့် သံတော်များစေလွှတ်ပြီး မြတ်စွယ်တော်ကို ငွေသားတော်အသပြာ ရှစ်သိန်းနှင့် ရွေးယူရန် စကားကမ်းစေသည်။ မြတ်စွယ်တော်ရပါက ပေါ်တူဂီပိုင်ဖြစ်နေသော မလက္ကာသို့ ဆန်စပါး သင်္ဘောအပြည့် ပေးပို့ ထောက်ပံ့ဦးမည်ဟုလည်း ထပ်မံစကားကမ်းစေသည်။ ပေါ်တူဂီ ဘုရင်ခံက ကမ်းလှမ်းချက်ကို လက်ခံချင်သည်။ ပေါ်တူဂီ စစ်ဗိုလ်တို့ကမူ မြတ်စွယ်တော်ကို သင်္ဘောပေါ်တင်ပြီး ဟံသာဝတီနေပြည်တော်သို့ပင့်ဆောင်လျှင် ရွှေငွေရတနာပစ္စည်းလှူကြမည်။ ဤနည်းဖြင့် ပေါ်တူဂီစစ်တပ်အတွက် လက်နက်ဝယ်ရန်၊ ရန်ပုံငွေရရန် အကြံပေးကြသည်။ ပေါ်တူဂီ ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းတော်ကြီးကမူ ခရစ်ယာန်သာသနာပြုရေးတွင် အတား



ဗုဒ္ဓမြတ်စွယ်တော်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး အပါအဝင် နိုင်ငံတော်အကြီးအကဲများ လာရောက်ဖူးမြော် ကြည်ညိုနေကြစဉ်

အဆီးဖြစ်မည့် မြတ်စွယ်တော်ကို ဖျက်ဆီးပစ်ရန် တိုက်တွန်းသောကြောင့် အေဒီ ၁၅၆၁ ခုနှစ်တွင် မြတ်စွယ်တော်ကို အမှုန့်ထောင်းမီးရှို့ပြီး ပြာကို ပင်လယ်သို့မျှောချပစ်လိုက်သည်။ သို့သော်ဖျက်ဆီးခံရသော မြတ်စွယ်တော်ကား စွယ်တော်ပွားသာဖြစ်ပြီး စွယ်တော်အစစ်ကို လုံခြုံရာသို့ ကြိုတင်ဆောင်ယူဝှက်ထားခဲ့ကြသည်။

သီဟိုဠ်၊ ကိုလံဘိုဘုရင်က သီဟိုဠ်၌ဗုဒ္ဓဘာသာကျဆင်းညှိုးမှိန်လာသောကြောင့် ကူညီထောက်ပံ့ရန် ဘုရင့်နောင်မင်းတရားကြီးထံ တောင်းခံလာရာ ဘုရင့်နောင် မင်းတရားကြီးသည် လူ့ဖွယ်ပစ္စည်းလေးပါးနှင့် သာသနာပြု ရဟန်းတော်တို့ကို သီဟိုဠ်သို့စေလွှတ်ပေးသည်။ ကျေးဇူးတုံ့ပြန်သည့်သဘောနှင့် ကိုလံဘိုဘုရင်က သူ၏ နန်းရင်းဝင် သမီးတော်ကို ဘုရင့်နောင်မင်းတရားကြီးသို့ ဆက်သသည်။ ဗုဒ္ဓမြတ်စွယ်တော်ပွား တစ်ဆူနှင့် လက်ဆောင်တော်များကိုလည်း ဆက်သရာ သမီးတော်ကို မိဖုရားမြှောက်ပြီး မြတ်စွယ်တော်ပွားကို ပဲခူးမဟာစေတီတွင် ဌာပနာ၍ ကိုးကွယ်သည်။

အေဒီ ၁၅၇၆ ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ ပုန်ကန်မှုများ ဖြစ်လာရာ နိုင်ငံပြိုကွဲမည့် အန္တရာယ်နှင့် ကြုံလာသည်။ ကွတ်တည်မင်း၊ ခန်တည်မင်းနှင့် သီတာဝက်မင်းတို့က ဗုဒ္ဓဘာသာကိုးကွယ်သော ဓမ္မပါလမင်းကို ထောင်ထားကာ ဗုဒ္ဓသာသနာကို ဖျက်ဆီးကြသည်။ ထို့ကြောင့် ဓမ္မပါလမင်းက ဘုရင့်နောင်မင်း တရားကြီးထံ စစ်ကူတောင်းသည်။ ဘုရင့်နောင်မင်းတရားကြီးသည် လက်ရွေးစဉ်စစ်သည် ရဲမက် ၂၅၀၀ ကို လက်နက် အပြည့်အစုံနှင့် သင်္ဘောငါးစင်း၌ တင်၍ စေလွှတ်ပေးသည်။ ဘုရင့်နောင်မင်းတရားကြီး စေလွှတ်သော ရဲမက်တို့ စခန်းချနေစဉ် စစ်လေ့ကျင့်ကြရာ ထောင်ထားသော မင်းတို့၏ အထောက်တော်တို့ တွေ့မြင်ထိတ်လန့်ပြီး သူတို့မင်းများကို သံတော်ဦးတင်ရာ ဘုရင့်နောင်မင်းတရားကြီး၏ စစ်အင်အားကို လေးခန့်သွားကြသည်။ ဓမ္မပါလမင်းထံ လက်နက်ချသဖြင့် သီဟိုဠ်နိုင်ငံ ပြန်လည်စည်းလုံးသွားသည်။ ဗုဒ္ဓသာသနာတော်လည်း ပြန်လည်ထွန်းကားလာသည်။

ကျေးဇူးတုံ့ပြန်ရန် ဓမ္မပါလမင်းက သက္ကရာဇ် ၉၃၈ ခု (အေဒီ ၁၅၇၆) တွင် လက်ဆောင်လက်နက်များ၊ မြတ်စွယ်

တော်အစစ်ထည့်သွင်းပူဇော်ထားသော ရွှေစေတီတို့ကို အမတ်ကြီး လေးယောက်ကြီးကြပ်ကာ သင်္ဘော ၂ စင်း ဘုရင့်နောင်မင်းတရားကြီးထံသို့ စေလွှတ်ဆက်သသည်။ ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီရွှေမြို့တော်မှ ရေကြောင်းချီလာပြီး မင်းခမ်းမင်းနားနှင့် ပုသိမ်သင်္ဘောဆိပ်သို့ ကြွရောက်ဆီးကြိုကာ ကြီးကျယ်ခမ်းနားစွာ မြတ်စွယ်တော်စစ်ကို နေပြည်တော်သို့ ပင့်ဆောင်သည်။ မိမိစံမြန်းသော ကမ္ဘောဇသာဒီရွှေနန်းတော်ဦးတွင် စွယ်တော်စင်တည်ဆောက်ပြီး ထိုစင်တွင် မြတ်စွယ်တော်စစ်ကို ကိန်းဝပ်စေကာ၊ နေ့ညမပြတ်ပူဇော်ကိုးကွယ်သည်။

ဘုရင့်နောင်မင်းတရားကြီးနောက် ဆက်ခံသော သားတော် နန္ဒဘုရင်သည် စစ်ရှုံး၍ ကျဆုံးသွားရသည်။ ရွှေနန်းတော်ကြီးကိုလည်း လုယက်ဖျက်ဆီး မီးတိုက်ပစ်ကြသည်။ စွယ်တော်စင်မှ မြတ်စွယ်တော်စစ်နှင့် သီဟိုဠ်မင်းဆက်လိုက်သော ဓမ္မလက်ဆောင်မြညိုရောင် ကျောက်သပိတ်တော်ကို တောင်ငူမင်းမဟာဓမ္မရာဇာက သယ်ဆောင်သွားသည်။ ဘုရင့်နောင်မင်းတရားကြီး၏ သားတော်တစ်ပါးဖြစ်သော ညောင်ရမ်းမင်းက ပြိုကွဲနေသော ခမည်းတော်နိုင်ငံတော်ကြီးကို နှလုံးရည်၊ လက်ရုံးရည်နှင့် ပြန်လည်စည်းရုံး လာသည်။ အေဒီ ၁၆၀၅ ခုနှစ်တွင် ကံကုန်သွားရာ သားတော် အနောက်ဖက်လွန်မင်း အရိုက်အရာခံယူပြီး၊ ခမည်းတော်၏နိုင်ငံတော် စည်းလုံးရေးကို ဆက်လက်ဆောင်ရွက်သည်။ အေဒီ ၁၆၁၃ ခုနှစ်တွင် ထောင်ထားနေသော သန်လျင်စား ဇင်ကာ (ပေါ်တူဂီစစ်ဗိုလ် ဒီဘရစ်တို) နှင့် ကြံရာပါ တောင်ငူဘုရင်နတ်သျှင်နောင်တို့ကို တိုက်ခိုက်နှိမ်နင်းလိုက်သည်။ ၁၆၁၀ နှစ်တွင် တောင်ငူကို တိုက်ခိုက်သိမ်းယူရာ၊ မြတ်စွယ်တော်စစ်နှင့် သပိတ်တော်ကို အင်းဝနေပြည်တော်သို့ ပင့်ဆောင်ခဲ့ပြီး၊ နန်းဦး၌ စွယ်တော်စင်ဆောက်လုပ်ကိန်းဝပ်စေပြီး ကိုးကွယ်ထားသည်။ အေဒီ ၁၆၂၈ ခုနှစ်တွင် အနောက်ဖက်လွန်မင်း ကံကုန်သောအခါ ညီတော်သာလွန်မင်း နန်းမွေဆက်ခံသည်။ သက္ကရာဇ် ၉၉၈ ခု (အေဒီ ၁၆၃၆) တွင် သာလွန်မင်းသည် စစ်ကိုင်းအနီး၌ ရာဇာမဏိစူဠာ စေတီတော်ကြီး (စစ်ကိုင်းကောင်းမှုတော်ကြီး) တည်သည်။ များစွာသော ဓာတ်တော် မွေတော်များ၊ ရွှေကိုယ်လေးများ ရုပ်တုဆင်းတုများ၊ ရတနာများနှင့်အတူ ဘိုးတော်ဘုရင့်နောင်မင်းတရားကြီးလက်ထက်က ကိုးကွယ်ခဲ့သော မြတ်စွယ်တော်စစ်နှင့် သပိတ်တော်ကို ဤစေတီကြီးအတွင်းမှာပင် ဌာပနာသည်။ စေတီ၏ပုံစံမှာ သီဟိုဠ်ရှိ မဟာစေတီ၏ပုံစံနှင့် ပြည်မြို့ရှိ ရွှေးဟောင်းဘုရားမာစေတီ၏ပုံစံ တုယူထားကြောင်းကို မှန်နန်းရာဇဝင်ကြီး၌ ရှင်းပြထားသည်။ စေတီကြီး၏ ပရဝုဏ်အတွင်း စိုက်ထူထားသော ရာဇာမဏိစူဠာစေတီ ကျောက်စာတွင် သမိုင်းကြောင်းအပြည့်အစုံကို မော်ကွန်းတင်ထားသည်။

ကုန်းဘောင်ခေတ်တွင် တရုတ်–မြန်မာ ဆက်သွယ်မှုများစွာတိုးတက်ခဲ့သည်။ မင်းနေပြည်တော်များဖြစ်သော ရွှေဘို၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ ရတနာပုံ မန္တလေးမှ တရုတ်နေပြည်တော် ပဲ့ကျင်အရောက် မြန်မာ့သံများ စေလွှတ်ခဲ့သည်။ တရုတ်ဧကရာဇ်တို့ကလည်း မြန်မာမင်းနေပြည်တော်များသို့ သံများစေလွှတ်ခဲ့သည်။ အထူးသဖြင့် ဘိုးတော်ဘုရား (ပဒုံမင်း) လက်ထက် (အေဒီ ၁၇၈၂–၁၈၁၉)နှင့် ဘကြီးတော်ဘုရား (စစ်ကိုင်းမင်း) လက်ထက် (အေဒီ ၁၈၁၉–၃၇) တွင် တရုတ်–မြန်မာ သံအဖွဲ့ အပြန်အလှန် လဲလှယ်မှုများသည်။ အေဒီ ၁၇၉၀ ပြည့်နှစ် ဘိုးတော်ဘုရားထံသို့ စေလွှတ်လိုက်သော တရုတ်သံအဖွဲ့သည် မြတ်စွယ်တော်ပွားတစ်ဆူနှင့် သမီးကညာသုံးဦးကို ဆောင်ယူလာသည်။ မြတ်စွယ်တော်ပွားကို နန်းဦးစွယ်တော်စင်၌ ကိုးကွယ်ထားရာ၊ မြေးတော်ဘကြီးတော်ဘုရားလက်ထက်၌အမရပူရမြို့ ရွှေမြို့တော်နန်းဦးစွယ်တော်စင်ကျောင်း၌က ရောင်ခြည်တော်လွှတ်သည်ကို အကြောင်းပြု၍ ဂီတပညာရှင်ကြီး မြဝတီမင်းကြီး ဦးစက " ထူးမခြားနား " အစချီသော မြတ်စွယ်တော် ရောင်ခြည်တော်ဖွဲ့သီချင်းကြီးကို ရေးစပ်တင်ဆက် သီဆိုခဲ့သည်။

ရတနာပုံမြို့တည်နန်းတည် ပဋ္ဌမ သံဃာယနာတင်မင်းတုန်းမင်းတရားကြီးလက်ထက် (အေဒီ ၁၈၅၃– ၇၈) သက္ကရာဇ် ၁၂၂၀ (အေဒီ ၁၈၅၉)တွင် သီဟိုဠ်မှ မြတ်စွယ်တော်ပွားတစ်ဆူ ပေးဆက်ရောက်လာသည်။ သီဟိုဠ်ရဟန်းတော်တို့သည် သိမ်အယူဝါဒ ကွဲပြားနေသော အမှုကို မန္တလေးရွှေမြို့တော်ရှိ သာသနာပြုဆရာတော်ထံ တင်ပြအဆုံးအဖြတ်ခံယူရာ အမှုပြီးပြတ်သွားသည်။ ကျေးဇူးတုံ့ပြန်သောအားဖြင့် "သီဟိုဠ်မင်း၊ ရဟန်းတော်တို့က ရတနာပုံပြည်ကြီးသခင် သာသနာ့ဒါယကာ၊တရားမင်းမြတ်ကိုးကွယ်ရန် စွယ်တော်ပွားနှင့် အတူ ဓာတ်တော်၊ ရုပ်ပွားဆင်းတုတော်၊ ဗောဓိပင်တော်၊ ဗောဓိ ဒက္ခိဏသာခါ၊ ဘုရားဂူကျောင်း၊ တန်ဆောင်းသိမ်ပုံများကို" ဆက်သလိုက်သည်။

မြတ်စွယ်တော်ပွားနှင့် ဓမ္မလက်ဆောင်တော်များကို မင်းတုန်းမင်းကြီးက မင်းခမ်းမင်းနားနှင့် ကြီးကျယ်စွာ ကြိုဆိုပူဇော်ပြီး၊ နေပြည်တော်အနှံ့အပြား လှည့်လည် ကိန်းဝပ်စေကာ ရဟန်းရှင်လူတို့ကို ပူဇော်စေသည်။ သည့်နောက်မြနန်းစံကျော် ရွှေနန်းတော်ဦး၌ အာလိန်ငါးဆင့်ပုံ စွယ်တော်



**အများပြည်သူများကလည်း ဗုဒ္ဓမြတ်စွယ်တော်အား ဤသို့ တစ်ခဲနက် လာရောက်ဖူးမြော် ကြည်ညိုကြသည်**

စင်၌ တင်ထားကိုးကွယ်သည်။ သည့်နောက် သက္ကရာဇ် ၁၂၂၃ ခု၊ (အေဒီ ၁၈၆၁) တွင် ရွှေမြို့တော် ဂုဏ်ာနစာရင်းဝင် ဖြစ်သော မဟာလောကမာရဇိန်စေတီတော်တွင်သိဟိုဠ် မြတ်စွယ်တော်များကို ဌာပနာသည်။ မဟာဗောဓိ ညောင်တော်ကို တောင်ရူးရူးနံ့သင့်ရာ အရပ်၌ စိုက်ပျိုး ကိုးကွယ်သည်။ စွယ်တော်စင်ကို မန္တလေးနန်းတွင်း ရွှေနန်းတော်ဦး၌လည်းကောင်း၊ ဗောဓိပင်ကို မန္တလေး တက္ကသိုလ်အနီး ဗောဓိကုန်း၌ လည်းကောင်း၊ ယနေ့တိုင် ဖူးတွေ့နိုင်ပါသည်။

ဗြိတိသျှ ကိုလိုနီခေတ်တွင်၊ ဗုဒ္ဓဘာသာ ရဟန်းရှင်လူတို့၏ ကြိုးပမ်းမှုကြောင့် သိဟိုဠ်မှ မြတ်စွယ်တော် မြန်မာနိုင်ငံသို့ ဒေသစာရီကြွရောက်လာသည်။ သက္ကရာဇ် ၁၂၆၀ ပြည့် (အေဒီ ၁၈၉၈) ခုနှစ်က မြန်မာနိုင်ငံမှ ရဟန်းရှင်လူတို့သိဟိုဠ်သို့ ဘုရားဖူးရောက်ကြရာ ရဟန်းတော်များကို ပစ္စည်းလေးပါး လှူကြသည်။ ရဟန်းတော်တို့ လိုအပ်နေသော သင်္ကန်း၊ ပိဋကတ်တော်၊ကမ္မဝါစာ၊ကျောင်းဇရပ်တို့ကိုလည်း လှူဒါန်းကြသည်။ သည့်နောက် မြန်မာနိုင်ငံရှိ ရဟန်းရှင်လူတို့ဖူးမြော်နိုင်ရန် မြတ်စွယ်တော်ကို ပင့်ဆောင်လိုကြောင်းလျှောက်ထားကြသည်။ မြတ်စွယ်တော် ကိန်းဝပ်ရန် ရွှေကြုတ်ကြီး ပြုလုပ်ပေးပို့လှူဒါန်းသည်။ ထို့ကြောင့် ဝိမလ ဓိရတိဿနှင့် သီလာရတနာ တိဿ သိဟိုဠ် ရဟန်းတော်နှစ်ပါး ဦးဆောင်ပြီး နောက်ပါ တပည့်များနှင့်အတူ သိဟိုဠ် မြတ်စွယ်တော်ကို ဒါဘီရှား သင်္ဘောကြီးနှင့် မြန်မာနိုင်ငံသို့ ပင့်ဆောင်လာသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ မော်လိုက်၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်၊ ကသာမြို့များသို့ ကား၊ မီးရထား၊ သင်္ဘော၊ ဘာဂီဒေါက်ကတ် ပက်လက်မြင်းရထားကြီးများနှင့် ဒေသစာရီ ကြွချီ အပူဇော်ခံတော်မူသည်။ သည့်နောက် လှူဒါန်းပူဇော်ကြသော ရွှေ၊ ငွေ၊ ရတနာပစ္စည်းများစွာနှင့် သိဟိုဠ်နိုင်ငံသို့ ပြန်လည်ကြွမြန်းသွားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ကြွရောက်လာသော မြတ်စွယ်တော်မှာ တရုတ်ပြည်မှ အထက်လက်ဝဲစွယ်တော်ဖြစ်သည်။ သာသနာတော် နှစ် ၂၅၀၀ ပြည့်ရန် (၇) လနှင့် (၁၅) ရက်အလို သက္ကရာဇ် ၁၃၁၇ ခု တော်သလင်းလပြည့်ကျော် ၁၄ရက်၊ အေဒီ၁၉၅၅ခု အောက်တိုဘာ ၁၅ ရက်နေ့တွင်၊ မြတ်စွယ်တော် ကြွရောက်လာသည်။ မြန်မာနိုင်ငံ၌ ဆဋ္ဌသင်္ဂါယနာတင်နေချိန်ဖြစ်ရာ ပြီးမြောက်ရန် ရှစ်လသာလိုတော့သည်။ သာသနာတော်ကြီး ၂၅၀၀ ပြည့်တော့မည့်အချိန်၊ ဆဋ္ဌသင်္ဂါယနာတင် အောင်မြင်

ပြီးမြောက်တော့မည့် အချိန်ကောင်းများနှင့် တိုက်ဆိုင်၍ မြတ်စွယ်တော်ဒေသစာရီကြွလာခြင်းသည် ထူးခြားသော ဖြစ်ရပ်ကြီးဖြစ်သည်။ မြန်မာမင်း အဆက်ဆက်တို့ ပင့်ဆောင်ရန်ကြိုးပမ်းခဲ့သော "ဂန္ဓလရာဇ် မြတ်စွယ်တော်ကြီး မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ကြွရောက်လာခြင်း" ဖြစ်၍ မြန်မာ့သမိုင်းတွင် ထူးခြားသော သမိုင်းဖြစ်ရပ်ကြီးပင်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံ အစိုးရတို့နှင့် ဗုဒ္ဓဘာသာဝင် ပြည်သူရဟန်းရှင်လူတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြတ်စွယ်တော်ကို ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ သောင်းသောင်းဖျဖျကြိုဆိုပူဇော်ကြသည်။ မြတ်စွယ်တော်သည် မြန်မာနိုင်ငံတွင် ၈ လကြာ ကိန်းဝပ်စံပယ်အပူဇော်ခံနေသည်။ မြတ်စွယ်တော်ကို စောင့်ရှောက်ရန် လိုက်ပါလာသော တရုတ်ရဟန်းတော်များအဖွဲ့က မြန်မာဗုဒ္ဓဘာသာဝင်တို့ကိုးကွယ်ရန် စေတီတော်တစ်ဆူနှင့် တရုတ်ဘာသာနှင့်ပြုစု ထားသော ပိဋကတ်တော်တစ်စုံ၊ တရုတ်ရဟန်းတို့ရုံသော သင်္ကန်းနှင့်သုံးသောသပိတ်တို့ကို လက်ဆောင်ပေးသည်။ သာသနာ့သမိုင်းဝင်၊ ဆဌသင်္ဂါယနာတင်ပွဲကြီးသို့ တရုတ်ရဟန်းတော်များတက်ရောက်လာပြီး၊ ဦးစီးနာယကရဟန်းတော်က ဩဝါဒမိန့်ကြားသည်။ ရှစ်လကြာကိန်းဝပ်ပြီးနောက် မြတ်စွယ်တော်သည် တရုတ်ပြည်သို့ ပြန်လည်ကြွမြန်းသောအခါ၊ တရုတ်ဗုဒ္ဓဘာသာဝင်တို့ကိုးကွယ်ရန် ငွေစေတီတစ်ဆူနှင့် သတိုးသီရိသုဓမ္မာ ဆာဦးသွင်နှင့် လေဒီသွင်တို့ကောင်းမှု ကျောက်ဆင်းတုရုပ်ပွားတော်တစ်ဆူ၊ ပိဋကတ်တစ်စုံကို ဓမ္မလက်ဆောင် ပေးလှူလိုက်သည်။

၁၉၉၄ ခု ဧပြီလ ၂၀ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဗုဒ္ဓမြတ်စွယ်တော်သည် လေကြောင်းခရီးဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသို့ အပူဇော်ခံရန် ဒုတိယအကြိမ် ဒေသစာရီကြွချီလာသည်။ ဤဒေသစာရီခရီးဖြစ်မြောက်ရန် နှစ်နိုင်ငံအစိုးရနှင့်ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူတို့ အချိန်ယူ၍ ကြိုတင်စီစဉ်ခဲ့ကြသည်။ မြတ်စွယ်တော်ပင့်ဆောင်ရေး အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်သည် ၁၈-၄-၁၉၉၄ နေ့နံနက်က လေယာဉ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကြိုတင်ထွက်ခွာခဲ့သည်။ ဧပြီလ ၁၉ ရက် ဒေသစံတော်ချိန် ၉ နာရီတွင် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံအမတ်ကြီးဦးမောင်ဆက်၊ စစ်သံမှူး ဗိုလ်မှူးကြီး သိန်းကြည်၊ မြန်မာသံရုံးအဖွဲ့ဝင်တို့နှင့် အတူ ပီကင်းမြို့ဗုဒ္ဓမြတ်စွယ်တော် ခေတ္တကိန်းဝပ်တော်မူရာ ကွမ်ဂျီစုဘုရားကျောင်းသို့ သွားရောက်ကြသည်။ တရုတ် ဗုဒ္ဓဘာသာအသင်းဒုတိယဥက္ကဋ္ဌ မစ္စတာတောင်ရှရင်နှင့် အသင်းဝင်တို့က ဆီးကြိုကြသည်။ ဝန်ကြီးနှင့်အဖွဲ့သည် ဆရာတော် မင်ယန်ကို ဂါရဝပြုကြပြီး ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ကြသည်။ ဧည့်ခန်းမဆောင်၌ ဆရာတော်မင်ယန်နှင့်တကွ တိဘက်ဘုန်းတော်ကြီးများ၊ ထေရဝါဒ ဘုန်းတော်ကြီးများနှင့်တွေ့ဆုံရာ ဝန်ကြီးက ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး အစီအစဉ်များကို လျှောက်ထားသည်။ ဆရာတော် မင်ယန်က တရုတ်-မြန်မာနှစ်နိုင်ငံ၏ အစဉ်အလာ ချစ်ကြည်ရေးကို အကြောင်းပြုပြီး မြတ်စွယ်တော် ဒုတိယအကြိမ် မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီအပူဇော်ခံမည်ဖြစ်၍ မြန်မာရဟန်းရှင်လူတို့ ဖူးမြော်ရတော့မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံမှ ဗုဒ္ဓဘာသာဂိုဏ်း ၃ ဂိုဏ်းမှ ဆရာတော်များ လိုက်ပါမည်ဖြစ်ကြောင်း မိန့်ကြားသည်။

ပီကင်းမြို့တော် ကယ်ပီတယ် ဟိုတယ်ဧည့်ခန်းမဆောင်တွင် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပရာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘက်မှ မြန်မာသံအမတ်ကြီး ဦးမောင်ဆက်က လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ သာသနာရေးဗျူရို ဒုတိယ ညွှန်ကြားရေးမှူး (ဒုတိယဝန်ကြီးအဆင့်ရှိသူ) မစ္စတာလူဇင်းချင်နားကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။ သည့်နောက် ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရို ညွှန်ကြားရေးမှူး (ဝန်ကြီးအဆင့်ရှိသူ) မစ္စတာကျန်ရှင်းဆိုက နေ့လယ်စာနှင့်တည်ခင်းဧည့်ခံပါသည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ကွမ်ဂျီစုဘုရားကျောင်းတွင် မြတ်စွယ်တော်ကို အနေကဇာတင်သော အခမ်းအနားကျင်းပရာ ဝန်ကြီးနှင့်အဖွဲ့ တက်ရောက်ကြည်ညိုကြသည်။ မဟာယာနဂိုဏ်းမှ ဆရာတော်ကြီး မင်ယန်အမှူးပြုသော မဟာယာနဂိုဏ်းဘုန်းကြီးများ၊ လာမားဂိုဏ်းတိဘက်ဘုန်းကြီးများနှင့် ယူနန်ပြည်နယ် ထေရဝါဒဂိုဏ်း ဘုန်းကြီးများ၊ ပေါင်း ၁၅၀ ကြွရောက်လာသည်။ အခမ်းအနားအကြောင်းကို မဟာယာနဂိုဏ်းဆရာတော် ကျင်ဝေ့က ရှင်းလင်းမိန့်ကြားသည်။ တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာတောင်ရှရင်က မြတ်စွယ်တော်ပင့်ဆောင်ရေးအကြောင်း ရှင်းလင်းလျှောက်ထားသည်။ ဤပုဂ္ဂိုလ်မှာ ၁၉၅၅ ခုနှစ်က မြတ်စွယ်တော် မြန်မာနိုင်ငံသို့ ပထမအကြိမ် ဒေသစာရီကြွလာစဉ်က စောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါခဲ့ဖူးသည်။ ဂိုဏ်း ၃ ဂိုဏ်းမှ



ဗုဒ္ဓမြတ်စွယ်တော်အားတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ပြန်လည်ပင့်ဆောင်ရန် ရန်ကုန်လေဆိပ်တွင် ပို့ဆောင်ပူဇော်နေကြစဉ်

ရဟန်းတော်တို့ အလှည့်ကျ အနေကဇာတင်ပြီးနောက် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က မြန်မာပိဋကတ်သုံးပုံ စာအုပ်များကို ဆရာတော်မင်ယန်သို့ ဆက်ကပ်ပါသည်။ ညပိုင်းတွင် ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို သာသနာရေးဗျူရိုနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းတို့က ဘိဂျင်းဟိုတယ်တွင် ညစာတည်ခင်းဧည့်ခံပါသည်။ သာသနာရေးဗျူရိုညွှန်ကြားရေးမှူး (ဝန်ကြီးအဆင့်ရှိသူ) မစ္စတာကျန်ရှင်းဆိုနှင့် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်တို့ အပြန်အလှန်ဆုတောင်းပတ္ထနာမိန့်ခွန်းပြောကြားပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

မြန်မာသက္ကရာဇ် ၁၃၅၆ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ ခရစ်နှစ် ၁၉၉၄ ခုဧပြီလ ၂၀ ရက် ဗုဒ္ဓဟူးနေ့နံနက် ၁၁ နာရီ ၃၇ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်မှ ဗုဒ္ဓမြတ်စွယ်တော်သည် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ဒေသစာရီကြွရောက်လာပါသည်။ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်ဦးဆောင်သောအဖွဲ့က ပင့်ဆောင်လာရာ မြတ်စွယ်တော်စောင့်ရှောက်ရေး ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်တို့လည်း တရုတ်နိုင်ငံမှ လိုက်ပါလာကြသည်။ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရဟန်းရှင်လူဦးရေ ငါးထောင်ကျော်ရှိ ပရိသတ်က လေယာဉ်ကွင်းကြီးအပြည့် သောင်းသောင်းဖြဖြ ဆီးကြိုပူဇော်ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတ ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးဆရာကလေးများ၊ တရုတ်ဗုဒ္ဓဘာသာဝင်များ၊ ဟိန္ဒူဘာသာရေးအဖွဲ့ဝင်များ၊ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသူကျောင်းသားများ၊ မြန်မာနိုင်ငံ သဘင်၊ ဂီတ၊ ရုပ်ရှင်၊ စာပေနှင့်ရုံးရာပန်းအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကမ္ဘာအေးစေတီတော်၊ ကျိုက္ကဆံစေတီတော်၊ မယ်လမုစေတီတော်နှင့် ဥက္ကလာပစေတီတော်ဂေါပကအဖွဲ့များနှင့် ဝတ်အဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းတွင် ပါဝင်သော ဖြူဟ္မာ၊ သိကြား၊ နတ်၊ ဘုရင်၊ မိဖုရား၊ မှူးမတ်၊ စစ်သူကြီးများ၊ မင်္ဂလာဒုံတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများသည် သတ်မှတ်နေရာများတွင် ရောက်ရှိကြိုဆိုနေကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး

(၂)ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးများ၊ နိုင်ငံတော်တရားသူကြီးချုပ်၊ နိုင်ငံတော်ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ၄င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး မစ္စတာ လျန်ဖုန်းနှင့် သံရုံးအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များသည် သတ်မှတ်နေရာများတွင် ရောက်ရှိကြိုဆို ဖူးမြော်နေကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသောလေယာဉ်သည် နံနက် ၁၁ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်နှင့် ထိုးစည်၊ ကြေးစည်များတီးကြပြီး ဗုဒ္ဓဘာသာဝင်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ တရုတ်ဗုဒ္ဓဘာသာဝင်တို့ကလည်း တရုတ်ဘာသာနှင့်ပူဇော်ကြသည်။

လေယာဉ်တံခါးဝ၌ အသင့်ကြို ပူဇော်နေသော နတ်သားတို့က ဗုဒ္ဓမြတ်စွယ်တော်ကို ရတနာထမ်းစင်ပေါ်သို့ ပြောင်ရွှေ့ပင့်ဆောင်ကြသည်။ နတ်သားများ ထမ်းဆောင်လာသော မြတ်စွယ်တော်ကိန်းဝပ်သည့်ရတနာထမ်းစင်ကို ကနက္ကဒဏ်ထီးဖြူများ၊ ရွှေထီးများအုပ်မိုး၍ ဗြဟ္မာများ၊ သိကြားမင်းနှင့် နတ်သားများပါဝင်သော ဒေပါဝင်းမင်း၊ မိဖုရားဦးဆောင်သော ရာဇာဝင်များခင်းကာ ကော်ဇော်နီခင်းထားသောနတ်လမ်းမှ ပင့်ဆောင်လာသည်။ သဘင်အစည်းအရုံးက ကြည်ညိုဖွယ် ဓမ္မတေးများဖြင့် လည်းကောင်း၊ ဝတ်အဖွဲ့တို့က ဝတ်ရွတ်စဉ်များဖြင့် လည်းကောင်း သိကျူးရာ ပရိသတ်ကြီးက လက်စုံမိုး၍ ရှိခိုးပူဇော်ကြကုန်သည်။ ထို့နောက် လေယာဉ်ကွင်း၌ တည်ဆောက်ထားသောယာယီစံကျောင်းတော်ဝယ် မြတ်စွယ်တော်သည် ခေတ္တကိန်းဝပ်အပူဇော်ခံတော်မူရာ နိုင်ငံတော်အကြီးအကဲများနှင့် ဇနီးတို့ အနီးကပ်ဖူးမြော်ကြသည်။ သည့်နောက် ရတနာဆင်ဖြူတော်ကသော ရတနာရထားယာဉ်ပေါ်သို့ မြတ်စွယ်တော်ကို ပင့်တင်ယူကြပြီး၊ ဆင်လေးစီးခြံရံကာ ကြီးစွာသောအခမ်းအနားနှင့် လေဆိပ်မှ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး ဆီသို့ ပင့်ဆောင်ကြသည်။

မြတ်စွယ်တော်ပင့်ဆောင်လာသော ရတနာဆင်ဖြူတော်ယာဉ်တော်နောက်မှ သံဃာတော်များ၊ သီလရှင်များ၊ ပညာရှင်များ အနုပညာရှင်များ၊ ဝင်းခင်များ၊ ပန်းပညာရှင်များ၊ စာပေပညာရှင်များ၊ တရုတ်ဗုဒ္ဓဘာသာဝင်များ၊ ဟိန္ဒူဗုဒ္ဓဘာသာဝင်များ၊ ကျောင်းနှင့်တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ၊ ဝေါပကနှင့် ဝတ်အဖွဲ့ဝင်များ၊ ပြည်တောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်တော်အဖွဲ့၊ သူနာပြုနှင့် ဌာနဆိုင်ရာတို့ စီးနင်းလိုက်ပါသော မော်တော်ယာဉ်ပေါင်း ၉၀ ကျော် လိုက်ပါပင့်ဆောင်ကြသည်။

ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း ဝဲယာတို့၌ ရဟန်းရှင်လူ၊ သက်ငယ်၊ သက်လတ်၊ သက်ကြီးရွယ်အိုအားလုံးတို့သည် ကြုံကြိုက်ခဲလှသောအခွင့်အရေးကြီးကို အရယူကာ တန်ခူးလ၏ နေပူရှိန်ကိုမမှုဘဲ မြတ်စွယ်တော်ကို နှစ်ထောင်းအားရ ဆီးကြိုဖူးမြော်ပူဇော်ကြကုန်သည်။ လေဆိပ်အထွက် ပြည်လမ်းတွင် မုခ်ဦးကြီးတစ်ခု၊ မရမ်းကုန်းလမ်း ဆုံ ကမ္ဘာအေးစေတီလမ်းတွင် မုခ်ဦးကြီးတစ်ခုနှင့် ကမ္ဘာအေးကုန်းမြေအဝင်၌ မုခ်ဦးကြီးတစ်ခု ဆောက်ထားပြီး ထိပ်စီး၌ "ဗုဒ္ဓမြတ်စွယ်တော်အား လေးမြတ်စွာ ပူဇော်ပါ၏" စာသားနှင့် ဆီးကြိုဂါရဝပြုထားသည်။ လမ်းဘေးဝဲယာတွင်လည်း အင်းစိန်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လသာမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ ကျောက်တံတားမြို့နယ် ပြည်သူများက မဏ္ဍပ်များထိုးပြီး ဂါထာတော်များ၊ ဂုဏ်တော်များ၊ ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်ကြသည်။ ဗဟိုရုပ်ရှင်၊ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းတို့က ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် သတင်းဓာတ်ပုံများရိုက်၍ မှတ်တမ်းတင်ကြသည်။

မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် မဟာပါသာဏလိုဏ်ဂူတော်ကြီး တောင်ဘက်မုခ်ဦးသို့ မြတ်စွယ်တော် ရောက်ရှိလာရာ နတ်သားအပေါင်းတို့က ရတနာထမ်းစင်နှင့် မြတ်စွယ်တော်ကို လိုဏ်ဂူတော်ကြီးအတွင်းရှိ ရတနာပလ္လင်ပေါ်သို့ ပင့်ဆောင်ကြရာ စုဝေးရောက်ရှိနေသော ပရိသတ်ကြီးက လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့် အနော်ရထာမင်းသို့ တရုတ်ကေရာဇ်ပေးလှူလိုက်သော နန်းစဉ်မြဘုရားတို့ကို ပူဇော်သောအခမ်းအနားကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးမောင်အေး၊နိုင်ငံတော်

ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း၊ မြတ်စွယ်တော်ပင့်ဆောင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အဖွဲ့ဝင်များ၊အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၄င်းတို့၏ဇနီးများ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဘုန်းတော်ကြီးများက ဗုဒ္ဓမြတ်စွယ်တော်နှင့် ဆိုင်သောဂါထာတော်များကို မြန်မာဘာသာနှင့် တရုတ်ဘာသာတို့ဖြင့် ရွတ်ဆိုပူဇော်ကြပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ မဟာဂီတပညာရှင်တို့က ဓမ္မတေးဂီတသီကျူး ပူဇော်ကြသည်။ ဝတ်အဖွဲ့များကလည်း မြတ်စွယ်တော် နှင့် ဆိုင်သောဂုဏ်တော်များ၊ ကျေးဇူးတော်များ၊ ဝတ်ရွတ် စဉ်များကို ရွတ်ဆိုပူဇော်ကြသည်။ သည့်နောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ၊ ဇနီးများ၊ မိသားစုများသည် ဗုဒ္ဓမြတ်စွယ်တော်ကိုအနီးကပ် ကြည်ညိုဖူးမြော်ကန်တော့ကြပြီး မြတ်စွယ်တော်အတွက် အလှူငွေများလှူဒါန်းကြသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ရတနာပလ္လင်ထက်၌ ဧပြီလ ၂၀ ရက်နေ့မှ မေလ ၄ ရက်နေ့အထိ ကိန်းဝပ်စံပယ်စဉ်၊ နေ့စဉ် ၂၄ နာရီ ပတ်လုံး ရဟန်းရှင်လူပြည်သူတို့သည်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ကမ္ဘာအရပ်ရပ်မှ ရောက်လာသော ဧည့်သည် ခရီးသည်များသည်လည်းကောင်း၊ လာရောက်ဖူးမြော်ကြည်ညိုကြပြီး ငွေ၊ ပစ္စည်း၊ ရွှေငွေရတနာတို့ကို လှူဒါန်းကြသည်။ မြတ်စွယ်တော်ကို ဖူးရန် တန်းစီစောင့်သော ပုဂ္ဂိုလ်တို့သည် နေ့ညမပြတ် စည်ကားလျက်ရှိသည်။

မေလ ၅ ရက်နေ့တွင် မြတ်စွယ်တော်သည် မန္တလေးမြို့သို့ ကုန်းကြောင်းဖြင့် ပြည်တွင်းဒေသစာရီခရီးကို စတင်ကြွချီပါသည်။ မော်တော်ယာဉ်နှင့် ဆင်ယင်ထားသော ရတနာယာဉ်နှင့် ကြွချီရာ အောက်ပါအစီအစဉ်အတိုင်း လမ်းခရီးမြို့များတွင် ရပ်နားကိန်းဝပ်စံပယ်ကာ အပူဇော်ခံတော်မူသည်။

| | |
|---|---|
| ၅-၅-၁၉၉၄ | ရန်ကုန်မြို့မှ ပဲခူးမြို့<br>ပဲခူးမြို့တွင် ခေတ္တရပ်နား အပူဇော်ခံသည်။<br>ပဲခူးမြို့မှ ညောင်လေးပင်မြို့<br>ညောင်လေးပင်မြို့တွင် တစ်ညတာကိန်းဝပ်အပူဇော်ခံသည်။ |
| ၆-၅-၁၉၉၄ | ညောင်လေးပင်မြို့မှ ဖြူးမြို့<br>ဖြူးမြို့တွင် ခေတ္တရပ်နားအပူဇော်ခံသည်။<br>ဖြူးမြို့မှ တောင်ငူမြို့<br>တောင်ငူမြို့တွင် တစ်ညတာကိန်းဝပ်အပူဇော်ခံသည်။ |
| ၇-၅-၁၉၉၄ | တောင်ငူမြို့မှ ရေတာရှည်/ဆွာမြို့<br>ရေတာရှည်/ဆွာမြို့မှ ပျဉ်းမနားမြို့<br>ပျဉ်းမနားမြို့တွင် တစ်ညတာ ကိန်းဝပ်အပူဇော်ခံသည်။ |
| ၈-၅-၁၉၉၄ | ပျဉ်းမနားမြို့မှ ရမည်းသင်းမြို့<br>ရမည်းသင်းမြို့မှ မိတ္ထီလာမြို့<br>မိတ္ထီလာမြို့တွင် တစ်ညတာ ကိန်းဝပ်အပူဇော်ခံသည်။ |
| ၉-၅-၁၉၉၄ | မိတ္ထီလာမြို့မှ ကျောက်ဆည်မြို့<br>ကျောက်ဆည်မြို့မှ မန္တလေးမြို့ |

မန္တလေးမြို့တွင် ၁၀-၅-၁၉၉၄ နေ့မှ ၁၈-၅-၁၉၉၄ နေ့အထိ ၉ ရက်တိတိ ဗုဒ္ဓမြတ်စွယ်တော်သည် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာတက္ကသိုလ်ဝင်းအတွင်းရှိ စံကျောင်းတော်၌ ကိန်းဝပ်စံပယ်ကာ ရဟန်းရှင်လူတို့၏ အပူဇော်ခံယူတော်မူသည်။ နေ့စဉ် ၂၄ နာရီပတ်လုံး လာရောက်ဖူးမြော်ကြပြီး ငွေသား၊ ပစ္စည်းနှင့် ရွှေငွေရတနာများကို လှူဒါန်းကြရာ ကြက်ပျံမကျ စည်ကားလှသည်။

၁၉-၅-၁၉၉၄ နေ့တွင် မြတ်စွယ်တော်သည် စံကျောင်းတော်မှ ချမ်းမြသာစည် လေဆိပ်သို့ ဒေသစာရီကြွချီလာပြီး လေယာဉ်နှင့် ရန်ကုန်မြို့သို့မြတ်စွယ်တော် ကိုပင့်ဆောင်လာသည်။ မင်္ဂလာဒုံလေဆိပ်မှ မြတ်စွယ်တော်ကို အခမ်းအနားနှင့် သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးသို့ပင့်ဆောင်ခဲ့ပြီး ရတနာပလ္လင်ထက်၌ ကိန်းဝပ်စံပယ်ပါသည်။ ၁၉-၅-၁၉၉၄ နေ့မှ

၄ –၆–၁၉၉၄နေ့အထိ (၁၆) ရက်ကြာ နေ့စဉ် ၂၄ နာရီပတ်လုံး ရဟန်းရှင်လူတို့၏ ဖူးမြော်ပူဇော်ခြင်းကို ခံယူတော်မူသည်။ ကြွရောက်ဖူးမြော်သူအပေါင်းတို့က၊ ပြည်တွင်းပြည်ပငွေများ၊ ပစ္စည်းများ၊ ရွှေငွေ ရတနာများကို လှူဒါန်း ကြသည်။

၅–၆–၁၉၉၄နေ့တွင် ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံ၌ ၄၅ရက်ကြာ ကိန်းဝပ်စံပယ်နေပြီး၊ ရဟန်းရှင်လူတို့၏ အပူဇော်ခံယူပြီးနောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ပြန်လည်ကြွမြန်းတော်မူသည်။ ထို့နေ့နံနက် ၁၁နာရီတွင်၊ ပြန်လည်ကြွချီပင့်ဆောင်သော အခမ်းအနားကို ကျင်းပရာ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး၊ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် ( ကြည်း ) ဗိုလ်ချုပ်ကြီး မောင်အေးနှင့်ဇနီး၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်းနှင့် ၄င်းတို့၏ ဇနီးများ၊ မြတ်စွယ် တော်ပင့်ဆောင်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦးနှင့်ဇနီး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ နှင့်ဇနီးများ၊ မြတ်စွယ်တော်ပင့်ဆောင်ရေးကော်မတီဥက္ကဋ္ဌ၊ သာသနာ ရေးဝန်ကြီးဌာန၊ ဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့် နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် တရား သူကြီးချုပ်၊ နိုင်ငံတော်ရှေ့နေချုပ်၊ နိုင်ငံတော် စာရင်း စစ်ချုပ်၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လျန်ဖုန်း နှင့် သံရုံးအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဆက်၊ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံမှ ဧည့်သည်တော်များ၊ မြတ်စွယ်တော် ပင့်ဆောင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင် များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်သည်။

ဗုဒ္ဓဘိသေက အနေကဇာတင်သော အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ကြီးများ ဦးဆောင်သော ထေရဝါဒ သံဃာတော်များနှင့် မဟာယာန သံဃာတော်များက၊ အလှည့်ကျစီ အနေကဇာ တင်တော်မူကြသည်။ ပရိသတ်များက၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတထံမှ ငါးပါးသီးလ ခံယူ ဆောက်တည်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော် ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ရေစက်ချတရားတော်ကို ချီးမြှင့်ကာ ရေ စက်ချအမျှဝေကြသည်။ သည့်နောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင် သော နိုင်ငံ အကြီးအကဲများနှင့် ဧည့်ပရိသတ်တို့က မြတ် စွယ်တော်ကို ပူဇော်ကန်တော့ကြသည်။

နတ်သားတို့က မြတ်စွယ်တော်ကို ရတနာပလ္လင် ထက်မှ ရတနာထမ်းစင်သို့ ပင့်ဆောင်ပြီး ဆင်ဖြူတော် ကသော ရတနာရထားယာဉ်ပေါ်ရှိ ရတနာပလ္လင်ထက်သို့ တင်ကာ ပင့်ဆောင်ကြသည်။ မြတ်စွယ်တော်ကို မင်္ဂလာဒုံ လေဆိပ်သို့ ပင့်ဆောင်ရာတွင် မြတ်စွယ်တော် ကြွမြန်း ရောက်ရှိလာစဉ်က အခမ်းအနားအတိုင်း ကျင်းပပင့်ဆောင် ပါသည်။ ခရီးစဉ်တစ်လျှောက် လမ်းဘေးဝဲယာ၌ ရဟန်းရှင် လူအပေါင်းတို့က အုတ်အုတ်ကျက်ကျက်၊ ရှိခိုးပူဇော် ကန်တော့ကြသည်။ ဓမ္မတေးသံနှင့် ဝတ်ရွတ် စဉ်များလည်း အသံမစဲရှိလှသည်။ ကြွမြန်းရောက်ရှိလာစဉ်က ကြိုဆို ပူဇော်ခဲ့ကြသော ငါးထောင်ကျော်မျှသော ပရိသတ်ကြီး သည် ယခုပြန်လည်ကြွချီသွားမည့် မြတ်စွယ်တော်ကို ဖူးမြော်ပူဇော်ရန် လေယာဉ်ကွင်းအပြည့် ရောက်ရှိစုဝေး လာကြသည်။

မြတ်စွယ်တော်ကို ပင့်ဆောင်လာသော ဆင်ဖြူတော် ကသော ရတနာရထားယာဉ်သည် အပြည်ပြည်ဆိုင်ရာ ရန်ကုန်လေဆိပ်သို့ မွန်းလွဲ ၁နာရီ ၅၅ မိနစ်တွင် ရောက်ရှိလာသည်။ အသင့်ရောက်ရှိနေသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတနှင့် မြန်မာရဟန်းတော် ဆရာတော်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရဟန်း တော်များက မြတ်စွယ်တော်ကို ဆီး၍ဖူးမြော်ပူဇော် ကြသည်။ မြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနှင့်တကွ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၄င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံရုံးမှ သံအမတ်ကြီး မစ္စတာလျန်ဖုန်းနှင့် သံရုံးအဖွဲ့ဝင် များကလည်း ဆီးကြိုဖူးမြော်ကြသည်။

အသင့်ရောက်ရှိနေသော ရုပ်ရှင်၊ သဘင်၊ ဂီတ၊ အဖွဲ့ အစည်းများနှင့် ဝတ်အသင်းများက ဓမ္မတေးများ၊ ဝတ်ရွတ်

စဉ်များ သီဆိုပြီး၊ ထိုးစည်၊ ကြေးစည်များတီးခတ်ပူဇော်ကြသည်။ တိပိဋကနိကာယအနုပညာရှင်အဖွဲ့နှင့် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်အောင်မင်းနှင့်အဖွဲ့က မြတ်စွယ်တော်ရတု၊ မြတ်စွယ်တော်ဘွဲ့၊ ရောင်ခြည်တော်ဘွဲ့၊ သတ္တတာတုဂါထာတို့ကို သီကျူးရွတ်ဆိုပူဇော်ကြသည်။ မြတ်စွယ်တော်သည် ခေတ္တအပူဇော်ခံပြီးနောက် နတ်သားများက၊ ရတနာရထားယာဉ်မှ ရတနာထမ်းစင်သို့ပြောင်းရွှေ့ကာ ဒေဝါဝင်း၊ ရာဇာဝင်း အခင်းများခြံရံလျက် လေယာဉ်ဆီသို့ပင့်ဆောင်လာကြသည်။ ထိုအချိန်၌ တိနိဓမ္မတေးအဖွဲ့နှင့် ရုပ်ရှင်အစည်းအရုံးမှ ပညာရှင်တို့ကစွယ်တော်ဘွဲ့ကြီးနှင့်သီဆိုပူဇော်ကြသည်။ ဟိန္ဒူဗုဒ္ဓဘာသာအသင်းက၊ ဟိန္ဒူဘာသာဖြင့် ဓမ္မတေးရွတ်ဆိုပူဇော်ပါသည်။ တရုတ်ဗုဒ္ဓဘာသာအမျိုးသားအဖွဲ့၊ တရုတ်–မြန်မာ အမျိုးသမီးဗုဒ္ဓသာသနာပြုအဖွဲ့တို့က အမှုဝေခြင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည်က၊ အမှုဝေပူဇော်ခြင်းပြုပါသည်။ မြတ်စွယ်တော်ကို လေယာဉ်ပေါ်သို့ပင့်ဆောင်နေစဉ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က၊ မြတ်စွယ်တော်မြန်မာနိုင်ငံတွင် ကိန်းဝပ်စံပယ်စဉ် မှတ်တမ်းတင်ရိုက်ကူးထားသော ဗွီဒီယိုတိတ်ခွေများကို မြတ်စွယ်တော်အားစောင့်ရှောက်ရန် လိုက်ပါလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌမစ္စတာ တောင်ရှရင် သို့ ဓမ္မလက်ဆောင်အဖြစ်ပေးအပ်သည်။

မွန်းလွဲ ၂ နာရီ၊ ၃၅ မိနစ်တွင် မြတ်စွယ်တော်သည် လေယာဉ်ပေါ်သို့ရောက်ရှိကိန်းဝပ်တော်မူပြီးသောအခါ ဓမ္မတေးအဖွဲ့နှင့် သဘင်အစည်းအရုံးတို့က “သုံးလူ့ ရှင်ပင်” အစချီသော ဘုရားရှိခိုးဖြင့် ပူဇော်ကြပြီး ကြေးစည်၊ ထိုးစည်၊ ခေါင်းလောင်းများ တီးခတ်အာရုံပြုကြရာ မြတ်စွယ်တော်ကိန်းဝပ်စံပယ်နေသော လေယာဉ်သည် မွန်းလွဲ ၂ နာရီနှင့် မိနစ် ၅၀၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုပ်ပြည်သူ့သမ္မတနိုင်ငံသို့ ပျံသန်းထွက်ခွာ သွားသည်။ ပြန်လည်ပင့်ဆောင်သော ခရီးစဉ်တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်ခေါင်းဆောင်သောအဖွဲ့က လိုက်ပါသွားကြသည်။

မြတ်စွယ်တော်သည် မြန်မာနိုင်ငံတွင် ၄၅ ရက်ကြာကိန်းဝပ်စံပယ်အပူဇော်ခံစဉ်၊ မြန်မာနိုင်ငံမှစွယ်တော်ပွားနှစ်ဆူပြုလုပ်၍ မြတ်စွယ်တော်နှင့် အတူတကွကိန်းဝပ်စံပယ်အပူဇော်ခံခဲ့သည်။ မြတ်စွယ်တော်ရန်ကုန်မြို့တွင် အပူဇော်ခံစဉ် ရဟန်းရှင်လူ ပြည်သူအများက သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြသော အလှူငွေ စုစုပေါင်းမှာ ၁၀၇၂၉၀၈၇၉ ကျပ်နှင့် ၉၉ ပြားနှင့် ရတနာပစ္စည်း ၇၂၇၄ မျိုးဖြစ်ပြီး၊ မန္တလေးမြို့သို့ ဒေသစာရီကြွချီသော ခရီးစဉ်နှင့် မန္တလေးမြို့၌ ၉ ရက်ကြာကိန်းဝပ်စံပယ် အပူဇော်ခံစဉ်၊ ရဟန်းရှင်လူပြည်သူအများသဒ္ဓါပွား၍ လှူကြသော အလှူငွေ စုစုပေါင်းမှာ ၅၄၉၁၁၁၈၇ ကျပ်နှင့် ၈၄ ပြားနှင့် ရတနာပစ္စည်း ၆၅၀၉ မျိုးဖြစ်သည်။

ယင်းလှူဒါန်းငွေများနှင့် ရတနာပစ္စည်းများကို ရန်ကုန်မြို့တွင် စွယ်တော်စေတီတစ်ဆူ၊ မန္တလေးမြို့တွင် စွယ်တော်စေတီတစ်ဆူတို့ကို တည်ထားကိုးကွယ်ဖြစ်ကြောင်း၊ အများပြည်သူတို့ ကုသိုလ်သဒ္ဓါပွားစေရန်၊ ယင်းစွယ်တော်စေတီများတွင်စွယ်တော်ပွားနှစ်ဆူကို အသီးသီးဌာပနာ၍ အပူဇော်ခံထား ရှိမည်ဖြစ်ကြောင်းကို မြတ်စွယ်တော်ပြန်လည်ပင့်ဆောင် သွားသော ၅–၆–၁၉၉၄ နေ့မှာပင် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ကြေညာသည်။

မြတ်စွယ်တော်ပွားစေတီများ တည်ထားရန်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် နေရာကောင်းများရွေးချယ်ပြီး ပညာရှင်များပါဝင်သောအဖွဲ့များဖွဲ့ကာ ဆောင်ရွက်လျက်ရှိရာ၊ စေတီတော်နှင့် မြတ်စွယ်တော်ကျောင်းဆောင်တော်ပုံစံများထုတ်လုပ်ခြင်းအထိ ပြီးစီးခဲ့သည်။ ရန်ကုန်မြို့တွင် ရွှေတိဂုံဘုရားကြီး ရင်ပြင်တော်၊ ချမ်းသာကြီးတန်ဆောင်း၌ အပူဇော်ခံလျက်ရှိသော မြတ်စွယ်တော်ပွားတစ်ဆူကို၊ နေ့စဉ်နေ့တိုင်း ရဟန်းရှင်လူတို့ လာရောက်ဖူးမြော်ကာ အလှူငွေနှင့် ရတနာပစ္စည်းများလှူဒါန်းနေကြသည်။ အလားတူ မန္တလေးမြို့၊ မဟာမုနိဘုရားအတွင်း၊ မိုးကုတ်တန်ဆောင်း၌ အပူဇော်ခံခဲ့သော မြတ်စွယ်တော်ပွားတစ်ဆူကို နေ့စဉ်နေ့တိုင်း၊ရဟန်းရှင်လူတို့ လာရောက်ဖူးမြော်ကာ၊ ငွေနှင့်ရတနာပစ္စည်းများ လှူဒါန်းကြသည်။ ယခုအခါ မန္တလေး၊ မဟာမုနိဘုရားအတွင်း မိုးကုတ်တန်ဆောင်းမှ မြတ်စွယ်တော်ပွားသည် အညာတစ်ခွင်သို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိသည်။

မကြာမီ မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများနှင့် တင့်တယ်သပ္ပာယ်စွာ တည်ဆောက်ပြီးစီး ဖူးတွေ့ရတော့မည့်ရန်ကုန်၊ မန္တလေးစွယ်တော်စေတီနှစ်ဆူနှင့်စွယ်တော်ကျောင်းဆောင်တော်တို့အတွက် ဒါနကုသိုလ်ပါဝင်နိုင် ရန်၊ ဗုဒ္ဓဘာသာဝင်မြန်မာတိုင်းရင်းသားရဟန်းရှင်လူများ သည် ထူးမြတ်သောအခွင့်အခါနှင့်ကြုံနေကြရလေပြီ။

ဒေါက်တာခင်မောင်ညွန့်







( ပထမအကြိမ် )

# ဆွမ်းဆန်တော် အလှူခံ ဖိတ်ကြားလွှာ။

မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီး၏ ဥက္ကဋ္ဌကြီး အမှူးရှိသော ဒါယကာ အပေါင်းတို့က ရှိသေစွာ ဖိတ်ကြားပါသည်။

နှစ်စဉ်လှူဒါန်းမြဲ နိဗဒ္ဓဝတ် ဆွမ်းဆန်တော်ကို လှူဒါန်း လိုပါ၍ ၁၃၅၅ ခု၊ တော်သလင်းလွှန်း (၁၄) ရက်နေ့ နံနက် (၇) နာရီအချိန်တွင် စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှ ဆိပ်ကမ်းသို့ ဆွမ်းဆန်တော် အလှူခံ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) အထူးမေတ္တာရပ်ခံချက်။ ။ (က) အိတ်ခွံများကို အလှူခံ ပြီးနောက် (၃) ရက် အတွင်း မြို့ ကျောင်းသို့ ပြန်ပို့ပါရန်။

(ခ) လဲလှယ်ရန် လက်မှတ်ပေးသွင်းပြီးပါက ဤဖိတ်ကြားလွှာကို တင်ပြ၍ အလှူခံလက်မှတ် ထုတ်ယူပါရန်။

ကျောင်းအမည်......[illegible]...... ကျောင်းအမှတ်(          )

..............................
ဥက္ကဋ္ဌ

..............................
အတွင်းရေးမှူးချုပ်

# ရာပြည့် မလွန်ဈေး ဆန်လှူအသင်းကြီး

မြန်မာနိုင်ငံ၏ လူမှုရေး၊ဘာသာရေး၊ နိုင်ငံရေး၊ ပညာရေးသမိုင်း၌ အခွန့်ရှည်ကြာ နှစ်တစ်ရာတိုင်တိုင် ကည်တံ့ခိုင်မြဲခဲ့သော အသင်းအဖွဲ့ဟူ၍ ရှေးယခင်က မရှိခဲ့စဖူးဘဲ ယခုမှ ပထမဆုံးစံချိန်ထူ ပေါ်ထွန်းလာသော အသင်းကြီးကား မန္တလေးမြို့ မလွန်ဈေးဆန်လှူ အသင်းကြီး ပင်ဖြစ်သည်။

မလွန်ဈေးဆန်လှူအသင်းကြီးကို ၁၂၅၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ၁၃၅၈ ခုနှစ်တွင် အသင်းကြီး၏ သက်တမ်းနှစ်ပေါင်း ၁၀၀ တိုင်တော့မည်ဖြစ်သည်။ ကိုယ်ကျိုးမပါ သာသနာတော် အကျိုးသက်သက်ဖြင့် ခေတ်အဆက်ဆက် နှစ်အဆက်ဆက် ဆောင်ရွက်ရှည် ကြာ တည်တံ့ လာခဲ့သောထိုအသင်းကြီး၌ ထူးခြားချက် များစွာ ရှိနေပေသည်။

## မြတ်ဗုဒ္ဓဒေသနာနှင့် ညီသောအသင်းကြီး

**ယောစ ဝဿ သတံ ဇီဝေ၊ အပဿံ ဓမ္မ မုတ္တမံ၊**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မ မုတ္တမံ။**
**(ဓမ္မပဒ-၃၀)**

အကြင်ပုဂ္ဂိုလ်သည်ကား၊ မြတ်သောလောကုတ္တရာ တရားကိုးပါးကို (ဝါ) ဒါနသီလဘာဝနာကုသိုလ်တရားသုံးပါး ကိုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှင်ရာ၏။ (ထိုအသက်ရှင်ခြင်းသည်)မမြတ်။ မြတ်သောလောကုတ္တရာ တရားကိုးပါးကို (ဝါ) ဒါနသီလ ဘာဝနာကုသိုလ်တရားသုံးပါး ကို မြင်သောပုဂ္ဂိုလ်၏ တစ်နေ့တစ်ရက် တစ်နံနက်မျှ အသက်ရှင်ရခြင်းသည် မြတ်လှ၏။

ဒါနကုသိုလ်မပြုဘဲ အနှစ်တစ်ရာကာလပတ်လုံး အသက်ရှင်နေရခြင်းထက် ဒါနကုသိုလ်ပြုပြီး တစ်နေ့ တစ်ရက်မျှ အသက်ရှင်ရခြင်းက သာလွန်မြင့်မြတ်သည် ဟူသော ဤဓမ္မပဒ ဒေသနာတော်ကို ထောက်သဖြင့် နှစ်ပေါင်းတစ်ရာ တိုင်တိုင်ဆွမ်းဆန်တော် အလှူဒါနကို နှစ်စဉ်မပြတ် လှူဒါန်း လာခဲ့ကြသော မလွန်ဈေး ဆန်လှူ အသင်းဝင် အလှူရှင်ပုဂ္ဂိုလ် တို့၏ အသက်ရှင်နေရခြင်းက ဒါနကုသိုလ်ပြုပြီး အသက်ရှင် နေခြင်းဖြစ်သဖြင့် အလွန် တရာ မြင့်မြတ်လှပေသည်။

နှစ်ပေါင်းရှည်ကြာ တည်တံ့လာခဲ့သည်ဆိုရာတွင် နှစ်တစ်ရာတိုင်သည်ဆိုနိုင်ရုံမည်ကာမတ္တသာဖြစ်သောအသင်း အဖွဲ့မျိုးမဟုတ်ဘဲ၊ ခေတ်သမိုင်းတစ်လျှောက်၌ တိုင်းပြည် မြို့ရွာမငြိမ်မသက်မှုအဖုံဖုံ၊ စစ်ဘေးစစ်ဒဏ်အသွယ်သွယ် လောကဓံစုံကြုံခဲ့သော်လည်း တစ်နှစ်မျှမပျက်မကွက်ဘဲ သဒ္ဓါတရားသန့်သန့်ဖြင့် ရပ်တည်လာနိုင်ခဲ့ခြင်း၊ တစ်ဦး တစ်ယောက်ပုဂ္ဂလိက အကျိုးမပါ သာသနာတော်မြတ် ကြီး၏ အကျိုးအတွက်သာဖြစ်ခြင်း၊ စတင်တည်ထောင် သည်မှ ယနေ့အထိ တက်သစ်စ နေဝန်း၊ ထွန်းသစ်စ စန်းသော်တာပမာ ဆက်လက်တိုးပွား၍ ကျယ်ပြန့်ထွန်းကား လျက်ရှိခြင်းတို့မှာ အဟောဝတကောင်းလေစွဟု အံ့ချီး ထောမနာ သာဓုခေါ်စရာ ထူးခြားချက်များပင်ဖြစ်ပေ တော့သည်။

## ရှေးမင်း အဆက်ဆက်မှ သာသနပစ္စယာ နဂ္ဂဟ သမိုင်း

မြန်မာနိုင်ငံ၌ သာသနာတော်ကို နေလသဖွယ် ထွန်းလင်းတောက်ပအောင် ဦးဆောင်ပြုလျက်ဆောင်ရွက် တော်မူခဲ့သော ရှင်အရဟံမထေရ်မြတ်သည် စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်တန်းကြီးတို့၌ အနာဂတ် သာသနာ တော် ရှည်ကြာထွန်းလင်းတည်တံ့မည်ကို မြင်တော်မူ၍ စစ်ကိုင်းတောင်ရိုး ပဘာချောင်သို့ကိုယ်တော်တိုင် ကြွရောက်သီတင်း သုံးတော်မူပြီးလျှင် ထိုစစ်ကိုင်းတောင်ရိုး ပေါ်၌ ချောင်ကြီးကိုးချောင်ကို ဦးစွာပထမစတင် တည်ထောင်တော်မူခဲ့လေ သည်။

ဤသို့ဖြင့် ရှင်အရဟံမထေရ်မြတ်မှစ၍ ဘုရင်မင်း မြတ်တို့ဆည်းကပ်ကိုးကွယ်ခဲ့ကြသည့် ဂုဏဝန်သီလဝန် ထေရ်မွန်အကျော် ဆရာတော်ကြီးများ၊ ဆရာစဉ်ဆက် ဆင်းသက်လာကြတော်မူကုန်သောဆရာတော်ကြီးများ၊ မင်းနေပြည်တော်မှသာယာတင့်တယ်ကြီးကျယ်သိုက်မြိုက် တိုက်တာအာရာမ်ကျောင်းဗိမာန်ကြီးများကို မတွယ်မတာ မင့်မကွက်နှစ်သက်မရှိ မငြိမတွယ်စွန့်ပယ်တော်မူ၍ ကျောင်းသင်ခန်းငယ်ဖြင့်သာလျှင် အရညဝါသီတောမှီ ရှင်ပြီး သီတင်းသုံးတော်မူလိုကြကုန်သော ဆရာတော် ကြီးများ တို့သည် စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတည်းဟူသော တောင်ရိုးကြီးသုံးရပ်သို့ ချဉ်းကပ်တော်မူလျက် ဝါနှစ်ပါး




**မလွန်ဆန်လှအသင်းတိုက်ဟောင်း**

မြတ်တရားကိုပွားများကြိုးကုတ်အားထုတ်တော်မူလာခဲ့ကြရာ ဗုဒ္ဓမြတ်စွာသာသနာသည် ထိုတောင်ရိုးကြီးသုံးရပ်၌ ထွန်းကားပြန့်ပွားစည်ပင်လာခဲ့သည်။

ထိုတောင်ရိုးကြီးတို့၌ သီတင်းသုံးတော်မူကြကုန်သော ရဟန်း၊သာမဏေ၊ သူတော်စင်၊ သီလရှင်တို့အားလည်း သာသနာပြု မင်းအဆက်ဆက်နှင့်တကွ ဗုဒ္ဓဘာသာ ကလျာဏဂိုဏ်းဝင် သူတော်စင်အများ တိုင်းသူပြည်သားတို့က စွမ်းအားရှိသမျှ ပစ္စယာနုဂ္ဂဟဖြင့် ထောက်မကြည်ဖြူ ပေးလှူ၍ လာခဲ့ကြသည်။

ကောဇာသက္ကရာဇ် ၇၆၃ ခုနှစ်တွင် နန်းတက်သော အင်းဝဘုရင်မင်းခေါင် (ပထမ မင်းခေါင်) သည်လည်း အင်းဝ တောင်ပလူအရပ်မှ စစ်ကိုင်းတောင်ရိုးသို့ တောရ ဆောက်တည် သီတင်းသုံးရန် ရောက်ရှိတော်မူလာကြသော ပရက္ကမ ဆရာတော်အမှူးပြုသည့် သံဃာတော်တို့အား ပစ္စည်းလေးပါးအလှူကို ပေးလှူတော်မူပြီးလျှင် အမြဲမပြတ် ဆွမ်းဝတ်ပြုနိုင်ရန် ယခုဝတ်ချက်ရွာဟုခေါ်သော လက်ပံရွာအား တာဝန်ပေးအပ်တော်မူခဲ့သည်။

ကောဇာသက္ကရာဇ် ၉၆၁ ခုနှစ်တွင် အင်းဝ ညောင်ရမ်းမင်းဆက်ကို စတင်တည်ထောင်သော ညောင်ရမ်းမင်းတရားကြီးသည်လည်း စစ်ကိုင်းတောင်ရိုးရှိ ရဟန်းသံဃာတော်တို့အား အမြဲမပြတ်နိစ္စဘတ် ဆွမ်းဆက်ကပ်လှူဒါန်း နိုင်စေရန် ထိုလက်ပံရွာသားတို့အား စားမိုးစားမြေများပေး၍ တောင်ရိုးသာသနာကို ပြုနေတော်မူခဲ့လေသည်။

ကုန်းဘောင်မင်းများ၏ လက်ထက်အခါတွင်လည်း အရှေ့အထက်က ခမည်းတော်နောင်တော်တို့ကဲ့သို့တောင်ရိုးရှိ ရဟန်းသံဃာတော်တို့အား ဆွမ်းဆန်တော်ဝတ် မချွတ်စေဘဲ လှူဒါန်းမြဲ လှူဒါန်းတော်မူခဲ့ကြသည်။

အမရပူရ ဒုတိယမြို့တည် ရွှေဘိုမင်းတရားကြီးသည်လည်း ကောဇာသက္ကရာဇ် ၁၂၀၁ ခုနှစ်တွင်စစ်ကိုင်းတော်ရိုးပေါ်သို့ ကြွရောက်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့အား လေးပါးသော ပစ္စယာနုဂ္ဂဟဖြင့် ထောက်မကြည်ဖြူ လှူဒါန်းတော်မူခဲ့သည်။

ရွှေဘိုမင်း၏သားတော် ပုဂံမင်းသည်လည်း ကောဇာသက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် တောင်ရိုးပေါ်သို့ သွားရောက်တော်မူ၍ အလှူခံပုဂ္ဂိုလ်မြတ်တို့အား ပိဏ္ဍပတ်ဆွမ်းဝတ်မချွတ်စေဘဲ ဆွမ်းကဲဆွမ်းမှူး ရာထူးများခန့်အပ်၍ လှူဒါန်းတော်မူခဲ့သည်။

ထို့နောက် သာသနာသက္ကရာဇ် ၂၄၁၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၃၃ ခုနှစ်သို့ ရောက်သောအခါ ရတနာပုံ မန္တလေးမြို့တော်၌ အရှင်မဟာဇာဂရမထေရ် အမှူးပြုသော ရဟန်းတော် ၂၄၀၀ တို့သည် မင်းတုန်းမင်းတရားကြီး၏ ပစ္စယာနုဂ္ဂဟအလှူကို ခံယူတော်မူကြလျက် ဓမ္မဝိနယ ပိဋကသုံးဖြာအဋ္ဌကထာနှင့်တကွသော ဒေသနာတော်တို့ကို ပဉ္စမသံဂါယနာကျောက်ထက်အက္ခရာတင်ကာ သာသနာပြုတော်မူခဲ့လေသည်။

ထိုပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး

သည်လည်း ခမည်းတော်နောင်တော်တို့ကဲ့သို့ တောင်ရိုးကြီး သုံးရပ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်စင်၊ သီလရှင်တို့အား ဆွမ်းဆန်တော်အပါအဝင် ပစ္စည်းလေးဖြာတို့ကို သဒ္ဓါကြည်ဖြူ ပေးလှူတော်မူခဲ့သည်မှာ ထိုမင်းတရားကြီး၏ နန်းစံသက် ၂၆ နှစ်ပတ်လုံးပင် ဖြစ်သည်။

မင်းတုန်းမင်းတရားကြီး၏ သားတော် မန္တလေး ရတနာပုံ ဒုတိယနန်းစံသီပေါမင်းသည်လည်း ကောဇာသက္ကရာဇ် ၁၂၄၀ ခုနှစ်တွင်တောင်ရိုးပေါ်သို့ ကြွချီတော်မူပြီးလျှင် တောင်ရိုး၌ သီတင်းသုံးတော်မူနေကြသည့် ရဟန်း၊ သာမဏေ၊ သူတော်စင်၊ သီလရှင်တို့အား ဆွမ်းဆန်တော်နှင့်တကွ လှူဖွယ်ဝတ္ထုအစုစုဖြင့် ထောက်မကြည်ဖြူပေးလှူတော်မူခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် တစ်နိုင်ငံလုံးသူ ကျွန်ဘဝရောက်ရလေသောအခါဗုဒ္ဓမြတ်စွာသာသနာလည်း သော်တာလစန်း ရာဟုဖမ်းသို့ ရောင်လျှမ်းမထိန် လွန်ညှိုးမှိန် ကြရသောအခါ ဂါမဝါသီ နေပြည်မြို့တွင်း သီတင်းသုံးတော်မူ ကြကုန်သော သာသနာ့ဝန်ထမ်း ရဟန်းတော်အရှင်မြတ်များသော်မှပစ္စည်းလေးပါး ခေါင်းပါးငြိုငြင်ပင်ပန်းတော်မူကြရပေသေးသည်။ လူသူမနီးတောကြီးမြိုင်စောင်း ခိုအောင်းကပ်မှီ အရညဝါသီ အရှင်မြတ်တို့မှာမူကား ဆိုဖွယ်ရာမရှိတော့ပေ။

## မလွန်ဈေးဆန်လှူအသင်းကြီး၏နိဒါန်းအစ

ဤသို့ဖြင့် အမျိုးဘာသာ သာသနာအတွက် စွမ်းစွမ်းတမံ အားသွန်ကြိုးပမ်းထမ်းဆောင်ကြရမည့်တာဝန်သည် မြန်မာပြည်ဖွားတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်အပေါင်း၏ တာဝန်သာလျှင်ဖြစ်သည့်အလျောက် သီပေါမင်းပါတော်မူပြီးနောက် ၁၁နှစ်အကြာ ၁၂၅၈ ခုနှစ်ရောက်သောအခါ မြန်မာဘုရင်အစဉ်အဆက် လှူဒါန်းလာခဲ့သော ဆွမ်းဆန်တော်ပွဲကို အမွေဆက်ခံ၍စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး သုံးရပ်ရှိ အလှူခံမြတ်တို့အား ရှားပါးအာဟာရ ဆွမ်းဒုက္ခမှ ကင်းလွတ်၍ သာသနာကိစ္စ ဓုရနှစ်ပါးမြတ်တရားကို ကြည်လင်ရွှင်လန်းစွာ အားထုတ်တော်မူနိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့ (မလွန်မင်းသားကြီးနေထိုင်ရာ ) မလွန်ရပ်ရှိ ပြာသာဒ် ဒါယကာကြီးဦးကျောက်ခဲ အမှူးပြုသော ပုဂ္ဂိုလ်ကြီးများက စုစည်းတိုင်ပင်၍ မဟာ တဏ္ဍုလဒါန ပေးလှူရန် "မလွန်ဈေးဆန်လှူအသင်းကြီး"ကို စတင်ဖွဲ့စည်းတည်ထောင်လိုက်ကြသည်။

မလွန်ဈေးဆန်လှူအသင်းကြီးကို စတင်တည်ထောင်သည့်အချိန်မှစ၍ အသင်းအမှုဆောင်လူကြီးများနှင့်တကွ အသင်းသူ အသင်းသားအပေါင်းသည် ထက်သန်သောသဒ္ဓါတရားဖြင့် မနေမနားကြိုးစားအားထုတ်ကြပြီးလျှင် မိမိတို့ကိုယ်တိုင်ကမတည်၍ လှူဒါန်းခြင်း၊ မြို့တော်သူမြို့တော်သား၊ နိုင်ငံတော်သူ နိုင်ငံတော်သား သူတော်စင် အများတို့အားလည်း နည်းများမဆို ဆွမ်းဆန်တော် ကုသိုလ်ပါဝင်လှူဒါန်းကြရန် နှိုးဆော်ခြင်းများပြုလုပ်ကြလျက် တောင်ရိုးကြီးသုံးရပ် အလှူခံမြတ်တို့အား နှစ်စဉ်နှစ်တိုင်း ဆွမ်းဆန်တော်များလှူဒါန်းလာခဲ့ကြသည်။

## အဆင့်ဆင့်တိုးတက်လာခဲ့သောအသင်းကြီး

အသင်းကြီး၏ ဆောင်ရွက်ချက်များသည် မည်သည့်ပုဂ္ဂလိကတစ်ဦးတစ်ယောက်၏ ကောင်းကျိုးမျှမပါ၊ သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားသက်သက်အတွက်သာဖြစ်သည်ကို မျက်မြင်ကြုံတွေ့သိရှိလာကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည် သဒ္ဓါတရားများတိုးပွားထက်သန်လာခဲ့ကြကာ ဆွမ်းဆန်တော်မျှသာမက မိမိတို့၏ တိုက်တာ ခြံမြေ အိမ်ရာတို့ကိုပင် အသင်းကြီးသို့လှူဒါန်းခဲ့ကြသူ၊ လုပ်အားဒါနပြုကြသူများစွာ ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံတော်အစိုးရမင်း အဆက်ဆက်ကလည်းအားပေးကူညီထောက်ပံ့ခဲ့ကြသည်။ ဖြူစင်မွန်မြတ်သောရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်



မလွန်ဈေး ဆန်လှူအသင်းကြီး၏ လက်ရှိအသင်းဥက္ကဋ္ဌ
ဦးမောင်မောင်မြ



လှည်း ၁၀ စီးကြားတွင် လိုက်ပါသော နေမျိုးမလ ကျော်သူ ရှာစားစိန်မေဒါကြီး၏ ဆိုင်းအဖွဲ့ငယ်



ဆွမ်းဆန်တော်အိတ်များကို ဆိမ်ကမ်းလုပ်သားကြီးများက ရေယာဉ်ပေါ်သို့ ကုသိုလ်ဖြစ် သယ်ယူပို့ဆောင်ပေးနေစဉ်။

တို့ကြောင့် နှစ်ပေါင်းတစ်ရာတိုင်တိုင်တည်တံ့ခိုင်မြဲလာခဲ့သော အသင်းကြီး၏ သမိုင်းတစ်လျှောက် ထူးခြားခဲ့သော ဒါနမှတ်တိုင်များကို ဤသို့တွေ့မြင်ရပေ သည်။

ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ အင်းမရှာရှိလယ်မြေ ၁၁၄ ဧကကျော်ကိုစစ်ကိုင်းတောင်ရိုး၊ ကောဏ္ဍညချောင် ဆရာတော်ဦးကိတ္တိ၏ ညွှန်ကြားတော်မူချက်အရ မြေပိုင်ရှင် ဒေါ်ရွှေမိသားစုက မလွန်ဈေးဆန်လှူအသင်းကြီး၏ အသင်းပိုင်အဖြစ် လှူဒါန်းခဲ့သည်။

မလွန်ဆန်လှူအသင်းကြီးသို့ မြန်မာပြည်အရပ်ရပ်မှ သင်္ဘောဖြင့် စာင်ပို့လှူဒါန်းကြသော ဆွမ်းဆန်တော်များကို အင်္ဂလိပ်အစိုးရလက်ထက် ဧရာဝတီဖလိုတီလာကုမ္ပဏီက ၁၂၈၅ ခုနှစ်မှစ၍ သင်္ဘောခမယူ အခမဲ့လှူဒါန်းပို့ဆောင်ပေးခဲ့သည်။

မန္တလေးမြို့၊ အောင်နန်းရိပ်သာအနောက်၊ အကွက် (၅၇၈)၊ ဦးပိုင် (၅၆)၊ ၈၄ လမ်း၊ ကျောက်သွေးတန်းရှိ နှစ်ထပ် တိုက်တစ်လုံးနှင့် တစ်ထပ်တိုက်တစ်လုံးတို့ကို ၂၄–၁၀–၁၉၃၃ နေ့တွင် မလွန်ဈေးဆန်လှူအသင်းပိုင်အဖြစ် ဝယ်ယူနိုင်ခဲ့သည်။

၁၃၀၈ခုနှစ်တွင် အသင်းကြီး၏ နှစ် ၅၀ မြောက် ရွှေရတုသဘင် ဆန်လှူပွဲကြီးကို ခမ်းနားထည်ဝါစွာကျင်းပနိုင်ခဲ့သည်။

၁၃၁၅ခုနှစ်တွင် မင်းကွန်းတောင်ရိုး၊ဓမ္မနာဒ ဆရာတော်အရှင် ဝိစိတ္တသာရာဘိဝံသအရှင်မြတ် တိပိဋကဓရ ဘွဲ့တော်ရ ဂုဏပူဇာ မင်္ဂလာသဘင်ကို ကျင်းပပူဇော်နိုင်ခဲ့သည်။ ဆရာတော်ကလည်း ထိုနှစ်ကစ၍ နှစ်စဉ်အမြဲ မလွန်ဈေးဆန်လှူအသင်းကြီး၏ ဓမ္မကထိကဆရာတော်အဖြစ် ဓမ္မာနုဂ္ဂဟ ချီးမြှောက်တော်မူခဲ့သည်။

၁၃၂၀ ပြည့်နှစ်တွင် မန္တလေးမြို့ ကဋ္ဌနမဟီအနောက် မျက်ပါးရပ်အကွက် ၆၃၉ ရှိ မြေနေရာနှင့် အဆောက်အအုံတို့ကို အလှူဒါယကာ ဦးဘဒင်၊ ဒေါ်ခန့်တို့က မလွန်ဈေးဆန်လှူအသင်းပိုင်အဖြစ် လှူဒါန်းခဲ့သည်။

မန္တလေးမြို့အနောက်တောင်မြို့နယ်၊ မန်းဆိပ်ကမ်း ကုန်တင်ကုန်ချ လုပ်သားကြီးများကလည်း ၁၃၂၂ ခုနှစ်မှ စ၍ ယနေ့ထက်တိုင် ရေကြောင်းဖြင့်ပို့ဆောင်သမျှ ဆွမ်းဆန်တော်အိတ်များ တင်ချခြင်းလုပ်ငန်းဟူသမျှကို လုပ်အားခ မယူ အခမဲ့ ဆောင်ရွက် လှူဒါန်းလျက်ရှိကြသည်။

၁၃၂၂ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဦးစီးဌာနက မလွန်ဈေးဆန်လှူ အသင်းကြီးသို့ လှူဒါန်းသော အလှူငွေအပေါ်တွင် အမြတ်တော်ခွန် လွတ်ငြိမ်းခွင့်ပြုကြောင်း အမိန့်ကြော်ငြာ ထုတ်ပြန်ပေးခဲ့သည်။

၁၃၂၅ ခုနှစ်တွင် မန္တလေးမြို့အနောက်တောင်မြို့နယ် သိရိမာလာအရှေ့၊ အကွက်၁၈၀၊ ဦးပိုင်(၁၀) ရှိမြေနှင့် အိမ်ကို အလှူဒါယိကာမဒေါ်မမကြီးနှင့် သားသမီးများက အသင်းသို့ လှူဒါန်းခဲ့သည်။

၁၃၃၁ ခုနှစ်တွင် မန္တလေးမြို့အောင်နန်းရိပ်သာ အနောက်၊ အကွက် (၅၇၆)၊ ဦးပိုင် (၃၄)၊ မလွန်ခဲလန်တန်း ရှိမြေနှင့် တိုက်ကိုအလှူရှင် ဂိတစာဆို ဦးဘသိန်းက လှူဒါန်းခဲ့သည်။

၁၃၃၃ ခုနှစ်တွင် အသင်းကြီး၏ ၇၅ နှစ်မြောက် အထိမ်းအမှတ် စိန်ရတုသဘင် ဆွမ်းဆန်တော်အလှူပွဲကြီးကို ခမ်းနားစွာ လှူဒါန်းပူဇော်ကျင်းပနိုင်ခဲ့သည်။

၁၃၃၈ ခုနှစ်တွင် မန္တလေးမြို့ အောင်နန်းရိပ်သာ အနောက်၊ အကွက် (၅၆၄)၊ ဦးပိုင် (၂၇)၊ ၃၂ လမ်းရှိ မူလအသင်းကြီးပိုင် မြေနေရာပေါ်တွင် စစ်ပြီးခေတ်က ဆောက်လုပ်ထားသော ရွှေစလွယ်ရမင်း ဦးဘိုးရင်- ဒေါ်ခင်လေးဖြူတို့အား ရည်စူး၍ ဒေါ်တင်ဦး၊ (မောင်) ဦးဘကြည်-ဒေါ်မိမိကြီးတို့ လှူဒါန်းထားသော အရှေ့ဖျား တစ်ထပ်တိုက်တစ်လုံး၊ ရုံးသာရပ် အုတ်သူကြီးဦးဗိုလ်- ဒေါ်မိမိ၊ (ညီမ) ဒေါ်အုံးကြည်တို့ လှူဒါန်းထားသော အလယ်မှ တစ်ထပ်တိုက်တစ်လုံး၊ တိုက်ဝါ ဒေါ်သိန်းရင်၊ ဒေါ်သိန်းတင်၊(မောင်)ဦးသိန်းဖေ-ဒေါ်မြသွယ်မိသားစုတို့ လှူဒါန်းထားသော အနောက်ဘက် တိုက်တစ်လုံး စုစုပေါင်း တိုက်သုံးလုံးကိုဖျက်၍ ယခုလက်ရှိ သုံးထပ်တိုက် ညီမူရာ ခန်းမဆောင် အဆောက်အအုံကြီးကို ဆောက်လုပ်နိုင် ခဲ့သည်။ ထိုအဆောက်အအုံကြီး၏ ထိုကာလတန်ဖိုးမှာ သိန်း ၃၀ ဖြစ်သည်။

၁၃၄၂ ခုနှစ်တွင် မန္တလေးမြို့ အရှေ့မြောက်မြို့နယ်၊ ဟေမာဇလအနောက်၊ အကွက် ၆၁၃၊ ဦးပိုင်၄၃တရုတ်တန်း ရှိ မြေနှင့်အိမ်ကို အလှူရှင်ဒေါ်ဇင်က အသင်းပိုင်အဖြစ် လှူဒါန်းခဲ့သည်။ ထိုနှစ်မှာပင် ရန်ကုန်မြို့ ကြည့်မြင်တိုင် အရှေ့၊စမ်းချောင်းမြို့နယ်၊ ပြည်လမ်းအမှတ် ၃၃၄ ရှိ နှစ်ထပ်တိုက်နှင့် ဝင်းခြံ၊ မြေနေရာတို့ကို ကျပ်ငွေ ၆၃၀,၀၀၀ဖြင့် အသင်းပိုင် အဖြစ်ဝယ်ယူ၍ ရန်ကုန်ဌာနခွဲ အဖြစ် အသုံးပြုနိုင်ခဲ့သည်။

၁၃၄၃ခုနှစ်နှင့် ၁၃၄၆ခုနှစ်များတွင် မန္တလေးမြို့ အောင်နန်းရိပ်သာအနောက်၊ အကွက် ၅၆၄၊ ဦးပိုင် ၆၉ မြေနှင့် တစ်ထပ်တိုက်၊ ဦးပိုင် ၆၈ မြေနေရာတို့ကို အသင်းပိုင်အဖြစ် ဝယ်ယူနိုင်ခဲ့သည်။

၁၃၄၈ ခုနှစ်တွင် အသင်းကြီး၏ နှစ် ၉၀ ပြည့် နဝရတ်ရတုသဘင်ဆန်လှူပွဲကြီးနှင့် တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး၏ သက်တော် ၇၅ နှစ်မြောက် စိန်ရတုသဘင်ပူဇော်ပွဲကြီးကို တစ်ပြိုင်နက် လှူဒါန်းပူဇော် ဆင်ယင်ကျင်းပနိုင်ခဲ့သည်။

## ယနေ့လက်ရှိအခြေအနေ

မန္တလေးမြို့မလွန်ရပ်မှ စတင်ခဲ့သော ဆန်လှူအသင်းသည် ယခုအခါ၌ မြန်မာနိုင်ငံ မြို့ရွာနယ်ပယ်အနှံ့ အသင်းထောက် အဖွဲ့ပေါင်းများစွာဖြင့် အလွန်ကျယ်ပြန့်စွာ ဆောင်ရွက်နေသောအသင်းကြီးဖြစ်နေပေပြီ။ တစ်နည်းဆိုသော် သီးခြား တစ်သင်းတစ်ဖွဲ့ဟူ၍ မဟုတ်တော့ဘဲ တစ်နိုင်ငံလုံးနှင့် ဆိုင်သည်၊ တစ်မျိုးသားလုံးနှင့် ဆိုင်သည်၊ ဗုဒ္ဓဘာသာ သူတော်စင်အားလုံးနှင့်ဆိုင်သည့် အသင်းကြီးအဖြစ်သို့ ရောက်ရှိနေပေပြီ။

နိုင်ငံတော်တစ်နံတစ်လျားရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ဆန်လှူသင်းထောက်အဖွဲ့များတွင် ဝေးလံသော ဒေသမျိုး ဖြစ်သည့် ကချင်ပြည်နယ်၊ မိုးညှင်းမြို့ မိုးကောင်းမြို့ ဟိုပင်မြို့ မြစ်ကြီးနားမြို့၊ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့၊ စစ်ကိုင်းတိုင်း မော်လိုက်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့များ လည်း ပါဝင်နေပေရာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ စေတနာသဒ္ဓါတရားကို မှန်းဆကြည့်နိုင်ပေသည်။ ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းတို့မှ အသင်းထောက် အဖွဲ့များ၏ အရေအတွက်ပမာဏမှာမူ လွန်စွာများပြားလှပါ၏။ ထို့ပြင် မန္တလေးမြို့နယ် လေးမြို့နယ်ရှိ အမက၊ အလက၊ အထက စာသင်ကျောင်းအချို့ ကလည်း ဆွမ်းဆန်တော်စုပေါင်းလှူဒါန်းလျက်ရှိကြရာ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားလေးများ၏ သဒ္ဓါတရားမှာ ကြည်နူးလေးစားဖွယ်ရာပင်ဖြစ်၏။

အသင်းကြီး၏လှူဒါန်းလျက်ရှိသော အလှူဒါနပမာဏကို ကြည်ညိုသဒ္ဓါပွားနိုင်ရန် ၁၃၀၈ ခုနှစ်၊ နဝရတ်ရတုသဘင်



စစ်ကိုင်ခေတ် ဥက္ကဋ္ဌကြီး ဦးမောင်မောင်ဆင်



စစ်ကိုင်ခေတ် ဥက္ကဋ္ဌကြီး ကွမ်းရေတော် ဦးသာကြွယ်



စစ်ကိုင်ခေတ်နှင့် စစ်အတွင်း အတွင်းရေးမှူးချုပ် ရွှေကျောင်း
ဒါယကာ ဦးကြား



ဥက္ကဋ္ဌ ပွဲစားကြီး ဦးမြမောင် (၁၃၀၆ ခုနှစ်)

## မလွန်ဈေး ဆန်လှူအသင်းကြီး၏ ခေတ်အဆက်ဆက်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ

| ခုနှစ် | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|
| ၁၃၀၅ | ကျိဝန်စာရေးမင်း ဦးသင် | ရွှေကျောင်းဒါယကာကြီး ဦးကြား |
| ၁၃၀၆ | ပွဲစားကြီး ဦးမြမောင် | ဦးဘရင် |
| ၁၃၀၇ | ဦးဘအုန်း | ဦးဖေနှင်း |
| ၁၃၀၈ | ဦးမြမောင် | ဦးဖေနှင်း |
| ၁၃၀၉ | ဦးဘအုန်း | ဦးဘရင် |
| ၁၃၁၀ | ဦးဘအုန်း | ဦးဘရင် |
| ၁၃၁၁ | ဦးဘအုန်း | ဦးလှမောင် |
| ၁၃၁၂ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၁၃ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၁၄ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၁၅ | ဦးဘအုန်း | ဦးဘသွင် |
| ၁၃၁၆ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၁၇ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၁၈ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၁၉ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၀ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၁ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၂ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၃ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၄ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၅ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၆ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၇ | ဦးဘအုန်း | ဦးဘဟိန်း |
| ၁၃၂၈ | ဦးဘအုန်း | ဦးမောင်မောင်မြ |
| ၁၃၂၉ | ဦးဘအုန်း | ဦးမောင်မောင်မြ |
| ၁၃၃၀ | ဦးဘအုန်း | ဦးမောင်မောင်မြ |
| ၁၃၃၁ | ဦးဘအုန်း | ဦးမောင်မောင်မြ |
| ၁၃၃၂ | ဦးဘအုန်း | ဦးမောင်မောင်မြ |
| ၁၃၃၃ | ဦးဘအုန်း | ဦးမောင်မောင်မြ |
| ၁၃၃၄ | ဦးကံညွန့် | ဦးမောင်မောင်မြ |
| ၁၃၃၅ | ဦးကံညွန့် | ဦးမောင်မောင်မြ |
| ၁၃၃၆ | ဦးကံညွန့် | ဦးမောင်မောင်မြ |
| ၁၃၃၇ | ဦးစိန်မောင် | ဦးမောင်မောင်မြ |
| ၁၃၃၈ | ဦးလှမောင် | ဦးမောင်မောင်မြ |



စစ်ကြိုခေတ်နှင့် စစ်အတွင်း ဥက္ကဋ္ဌကြီး ကျိဝန်စာရေးမင်း
ဦးသင်

| ခုနှစ် | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|
| ၁၃၃၉ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၀ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၁ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၂ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၃ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၄ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၅ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၆ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၇ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၈ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၄၉ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၅၀ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၅၁ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၅၂ | ဦးလှမောင် | ဦးမောင်မောင်မြ |
| ၁၃၅၂* | ဦးမောင်မောင်မြ | ဦးတင်မောင် |
| ၁၃၅၃ | ဦးမောင်မောင်မြ | ဦးတင်မောင် |
| ၁၃၅၄ | ဦးမောင်မောင်မြ | ဦးတင်မောင် |
| ၁၃၅၅ | ဦးမောင်မောင်မြ | ဦးတင်မောင် |
| ၁၃၅၆ | ဦးမောင်မောင်မြ | ဦးတင်မောင် |

(*) ဥက္ကဋ္ဌ ဦးလှမောင် ကွယ်လွန်၍ ၁၃၅၂ ခုနှစ်အတွက် ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းသည်။

ကျင်းပခဲ့သော ၁၃၄၈ ခုနှစ်နှင့် အနီးစပ်ဆုံး မကြာသေးမီကာလဖြစ်သည့် ၁၃၅၅ ခုနှစ်တို့မှ အလှူစာရင်းကို ကောက်နုတ်ဖော်ပြလိုပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်ဖြစ်သည့် ၁၃၀၈ ခုနှစ်တွင် ရဟန်းတော် ၇၅၆ ပါး၊ သာမဏေ ၆၈၅ ပါး၊ လူသူတော် ၉ ဦး၊ သီလရှင် ၁၁၇၂ ဦးတို့ကို ဆွမ်းဆန်တော် သုံးတင်းဝင်အိတ် ၂၇၀ လှူဒါန်းနိုင်ခဲ့သည်။ ၁၃၀၉ ခုနှစ်တွင်မူ အလှူခံပုဂ္ဂိုလ် ထိုအရေအတွက်အတိုင်းကိုပင် ဆွမ်းဆန်တော် သုံးတင်းဝင်အိတ်ပေါင်း ၄၁၀ လှူဒါန်းနိုင်ခဲ့သည်။

နဝရတ်ရတုသဘင်ကျင်းပခဲ့သော ၁၃၄၈ ခုနှစ်တွင် စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး သုံးရပ်ရှိ ရဟန်းတော် ၁၅၇၄ ပါးတို့အား တစ်ပါးလျှင် ဆွမ်းဆန်တော် ငါးတင်း၊ သာမဏေ ၂၄၂၃ ပါးတို့အား တစ်ပါးလျှင် ဆွမ်းဆန်တော် လေးတင်း၊ သူတော် ၆ ဦးတို့အား တစ်ဦးလျှင် သုံးတင်း၊ သီလရှင် ၂၆၄၉ ဦးတို့အား တစ်ဦးလျှင် သုံးတင်း၊ ဘွဲ့ထူးဂုဏ်ထူး ၃၆၅ ဘွဲ့အတွက် တစ်ဘွဲ့လျှင် ဆွမ်းဆန်တော် သုံးတင်း၊ ဩဝါဒါစရိယ ဆရာတော် ငါးပါးအား တစ်ပါးလျှင် ဆွမ်းဆန်တော် ငါးတင်း၊ ရေစက်ချပင့်သံဃာ အပါး ၂၀ အား တစ်ပါးလျှင် ဆွမ်းဆန်တော် သုံးတင်း၊ စုစုပေါင်း ဆွမ်းဆန်တော် ၂၆၈၄၇ တင်း လှူဒါန်းခဲ့သည်။ ထို့ပြင် မန္တလေးမြို့လေးပြင်လေးရပ်ရှိ ရဟန်းတော်၊ သာမဏေ၊ သူတော်၊ သီလရှင်များအားလည်း ဆွမ်းဆန်တော် များ လှူဒါန်းခဲ့သည်။

ထို့ပြင် နဝရတ်ရတုသဘင် အထိမ်းအမှတ်အဖြစ် အသင်းကြီး၏ အမှတ်တံဆိပ် ပါရှိသော ဆွမ်းစားကြွေပန်းကန်ပြားကြီး ချပ်ရေ ၂၀၀၀၀ ကျော်၊ မျက်နှာသုတ်တဘက် ၂၀၀၀၀ ကျော်၊ သော့ချိတ် ၂၀၀၀၀ ကျော်နှင့် ပလတ်စတစ်အိတ် လုံးရေ ၂၀၀၀၀ ကျော်ကိုလည်း အလှူခံပုဂ္ဂိုလ် ၂၁၀၉၃ ပါးအား တစ်ပါးလျှင် လေးမျိုး၊ တစ်စုံကျစီ လှူဒါန်းနိုင်ခဲ့သည်။ မန္တလေးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ကြီးများသို့ ဆွမ်းဆန်တော်များ လှူဒါန်းခဲ့သည်။

၉၇ နှစ်မြောက်ဖြစ်သော ၁၃၅၅ ခုနှစ်တွင် တောင်ရိုးသုံးရပ်ရှိ ရဟန်းတော် ၁၉၆၈ ပါး၊ သာမဏေ ၂၆၇၅ ပါး၊ သူတော် ၁၂ ဦး၊ သီလရှင် ၃၄၉၃ ဦးတို့အား ဆွမ်းဆန်တော် ၁၅,၉၁၁ တင်း၊ ၃ စိတ်နှင့် သီးခြားလှူဒါန်းဆန် ၁၉၆ တင်း၊ ဘွဲ့ပေါင်း ၃၈၆ ဘွဲ့အတွက် လှူဒါန်းငွေ ၅၇၉၀၀ ကျပ်၊ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ အလှူခံပုဂ္ဂိုလ်များအား ဆွမ်းဆန်တော် ၄၃၇၁ တင်း၊ ဘွဲ့ပေါင်း ၆၀၇ ဘွဲ့အတွက် အလှူငွေပေါင်း ၉၁၀၅၀ ကျပ် လှူဒါန်းနိုင်ခဲ့သည်။

ရာပြည့်ပွဲတော်မှ ရှေ့အနာဂတ်တွင်လည်း ဆတက်ထမ်းပိုးလှူဒါန်းနိုင်မည်မှာ မလွဲဧကန်သေချာလှသည်။ အသင်းကြီးပိုင်မြေနေရာမှာ၊ အဆောက်အအုံ၊ ပစ္စည်းအသုံးအဆောင်၊ ငွေကြေးဘဏ္ဍာမှစ၍လည်းလွန်စွာပြည့်စုံခိုင်မာတောင့်တင်းလျက်ရှိသည်။ အသင်းကြီး၏တိုးတက်ရာတိုးတက်ကြောင်း ကြီးပွားရာကြီးပွားကြောင်း မတိမ်းစောင်းရအောင် ဆုံးမပဲ့ပြင်လမ်းညွှန်ပေးတော်မူကြသည့် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ကူညီပံ့ပိုးပေးတော်မူသည့် ဓမ္မကထိကဆရာတော်ကြီးများ၏ ကျေးဇူးကြောင့်လည်း အသင်းကြီးသည်ဤမျှအစွန်ရှည်ကြာ တိုးတက်စည်ပင်လျက်ရှိသည်ဟုဆိုက မှားအံ့မထင်ပေ။

ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏နှလုံးအိမ်၌ သဒ္ဓါတရားမျိုးစေ့ လှုံ့ဆော်ရှင်သန်စပယ်နေသ၍၊ အသင်းသူအသင်းသားနှင့် အမှုဆောင်လူကြီးများသည် သာသနာ အကျိုးဦးထိပ်ထားလျက် ညီညွတ်မျှတသော သမစိတ္တဖြင့် လုံ့လကြိုးကုတ်အားထုတ်နေသ၍၊ ဩဝါဒါစရိယနှင့်ဓမ္မကထိကဆရာတော်ကြီးများ၏ သွန်သင်ညွှန်ပြဩဝါဒနှင့် ကူညီစောင့်ရှောက်မှု တို့တည်ရှိနေသ၍ အသင်းကြီးသည် ရာပြည့်ပွဲပေါင်း မြောက်မြားစွာဆက်လက်ဆင်နွှဲနိုင်မည် ဖြစ်ပေသည်။

## နိဂုံး

လောကတွင် အချို့သောပုဂ္ဂိုလ်များသည် ကိုယ်တိုင်သာလှူ၍ သူတစ်ပါးကိုလှူရန်မတိုက်တွန်းမနှိုးဆော်။ ထိုပုဂ္ဂိုလ်များ၌ စည်းစိမ်ဥစ္စာများစွာရှိလျက် အခြွေအရံကားမရှိ။ အချို့သောပုဂ္ဂိုလ်များသည် ကိုယ်တိုင်ကားမလှူဒါန်း၊ သူတစ်ပါးကိုသာ လှူဒါန်းရန်တိုက်တွန်းတတ်၏။ ထိုပုဂ္ဂိုလ်များ၌ စည်းစိမ်ဥစ္စာကားမရှိ၊ အခြွေအရံတပည့်သားမြေးများကားပေါမျာ၏။ အချို့သောပုဂ္ဂိုလ်သည်ကိုယ်တိုင်လည်း မလှူ၊ သူတစ်ပါးကိုလည်းလှူရန်မတိုက်တွန်း။ ထိုပုဂ္ဂိုလ်မျိုး၌ စည်းစိမ်ဥစ္စာရော အခြွေအရံပါမရနိုင်။ အချို့သောပုဂ္ဂိုလ်များသည် ကိုယ်တိုင်လည်းလှူဒါန်းလျက်သူတစ်ပါးကိုလည်း လှူဒါန်းရန်တိုက်တွန်းတတ်၏။ ထိုပုဂ္ဂိုလ်များသည်ကား အခြွေအရံနှင့်တကွ ပစ္စည်းဥစ္စာရတနာများပါပေါများကြွယ်ဝလျက်သံသရာ၌ အထက်တန်းကျကျကျင်လည်ရ၏။ ထိုသို့သောပုဂ္ဂိုလ်များဖြင့် စုဝေးဆောင်ရွက်လျက်ရှိသော အသင်းကြီးကား မန္တလေးမလွန်ဈေးဆန်လှူအသင်းကြီးပင် ဖြစ်ပေတော့သည်။

ဉာဏ်ဝင်း (စာပေဗိမာန်)










SN


KERS

# ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

အင်္ဂလန်နိုင်ငံမှ အစပြုပေါ်ပေါက်ခဲ့သော ဘောလုံးအားကစားနည်းသည် ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိခဲ့ပြီး အထူးရေပန်းစား လူကြိုက်များသည့် အားကစားနည်း တစ်ရပ်အဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ယခုအခါ ဘောလုံးယှဉ်ပြိုင်ကစားမှုကို ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အမျိုးသားအားကစားနည်းတစ်ရပ်အဖြစ် လက်ခံကာ ဘောလုံးအားကစားနည်းကို တိုးတက်မြင့်မားရေးအတွက် မြေတောင်မြှောက် အားပေးလျက်ရှိကြပေသည်။ သို့ဖြစ်ရာ ဘောလုံးပြိုင်ပွဲများကို ကမ္ဘာ့နိုင်ငံအများအပြားတွင် အထူးအားပေး ကြည့်ရှုကြသည်။

နိုင်ငံတကာ အားကစားပြိုင်ပွဲများအနက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် တစ်ကမ္ဘာလုံးအထူးစိတ်ဝင်စားသည့် ပြိုင်ပွဲတစ်ရပ် ဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ကမ္ဘာ့အကောင်းဆုံး ထိပ်တန်းဘောလုံးအသင်းများချည်း ပါဝင်ယှဉ်ပြိုင်ကစားကြရာ အထင်ပေါ်ဆုံး၊ လူကြိုက်အများဆုံး၊ စိတ်ဝင်စားမှုအရှိဆုံးအားကစားပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်မှ စတင်၍ ဥရုဂွေးနိုင်ငံတွင် ကျင်းပခဲ့ပြီးနောက်ပိုင်းတွင် လေးနှစ်လျှင်တစ်ကြိမ်ကျစီ ပြုလုပ်ရန် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်ကဆုံးဖြတ်ခဲ့သည်။ မူလက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျူးလ်စ်ရီမက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟု သတ်မှတ် ခေါ်ဆိုခဲ့ကြသည်။ အကြောင်းမှာ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ စတင်ပေါ်ပေါက်လာစေရန် အစပျိုးကြိုးပမ်းဆောင်ရွက်ခဲ့သော ထိုစဉ်က ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဂျူးလ်စ်ရီမက်ကို ဂုဏ်ပြုခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။

၁၉၃၀ ပြည့်နှစ် ဥရုဂွေးနိုင်ငံ၌ စတင်ပြုလုပ်ခဲ့သည့် ပထမအကြိမ် ကမ္ဘာ့ဖလားဘောလုံးပြိုင်မှသည် ၁၉၉၄ ခုနှစ်၊ အမေရိကန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအထိ ၁၅ ကြိမ်ရှိသွားပြီ ဖြစ်သည်။ ပထမအကြိမ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၃ နိုင်ငံသာရှိခဲ့ပြီး ၁၉၃၄ ခုနှစ်၊ အီတလီနိုင်ငံတွင် ပြုလုပ်သည့် ဒုတိယအကြိမ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ စတင်ကာ နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်နိုင်ငံ ၁၆ နိုင်ငံအထိ တိုးမြှင့်ခွင့်ပြုခဲ့သည်။ ထို့နောက် ၁၉၈၂ ခုနှစ်၊ စပိန် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ မှ စတင်၍ ကမ္ဘာ့ဖလား နောက်ဆုံး အဆင့် ပြိုင်ပွဲ သို့ အသင်း ၁၆ သင်း အစား ၂၄ သင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။ အာရှတိုက်နှင့်အာဖရိကတိုက်တို့မှ အသင်းတစ်သင်းစီ အစား နှစ်သင်းစီအထိ တိုးမြှင့်ခွင့်ပြု ခဲ့သည်။

သို့ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အခွင့်အလမ်း ပိုမိုများပြားလာသည်နှင့်အမျှ နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ တက်ရောက်နိုင်ရန် ယှဉ်ပြိုင်ကြိုးပမ်းမှုများမှာလည်း အကြိတ်အနယ် ဖြစ်လာခဲ့သည်။ ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ပင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဆင့် အတန်းမှာလည်း တစ်စတစ်စ တိုးတက်မြင့်မားလာတော့သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံး အဆင့် ပြိုင်ပွဲ သို့ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိရေးအတွက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို ကမ္ဘာ့တိုက်ကြီးများအလိုက် ဇုန်ခွဲ၍ ကြိုတင်ကျင်းပခဲ့သည်။ အိမ်ရှင်နိုင်ငံအသင်းနှင့် လက်ရှိချန်ပီယံအသင်းများမှာ ခြေစစ်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် မလိုဘဲ အလိုအလျောက် ခြေစစ်ပွဲအောင်သော နိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံရသည်။ ခြေစစ်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်ခန့်က နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ပြုသည့် ၂၂ နိုင်ငံတွင် ပါဝင်နိုင်စေရန် လူအားငွေအားနှင့် အချိန်ယူပြင်ဆင်မှုများ ပြုလုပ်ကာ အကြိတ်အနယ် ယှဉ်ပြိုင်ကြိုးပမ်းရသည်။

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကြိုဆိုသည့် အခမ်းအနား

(၁၅ ) ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ကြိုဆိုသည့် အထိမ်းအမှတ် အတီးအမှုတ် အဆိုအက ယဉ်ကျေးမှု ဓလေ့ထုံးစံများ သရုပ်ပြ ချီတက် ပြသပွဲကို ချီကာဂိုမြို့တွင် ၁၉၉၄ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ကျင်းပရာ တိုင်းရင်းသားဝတ်စုံများ ဆင်မြန်းထားသည့် ကချေသည်များ၊ မာရီယာချီ ဂီတပညာရှင်များနှင့် လမ်းပေါ်၌ ဘောလုံးကို ခြေနှစ်ဘက်ဖြင့် ထိန်းသိမ်းကာ အပြေးအလွှား သယ်ယူလာကြသော ဘောလုံးသမားများ ပါဝင်ဆင်နွှဲခဲ့ကြသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ထောင်နှင့်ချီ၍ ကြည့်ရှုနေကြသော နိုင်ငံစုံမှ လူမျိုးပေါင်းစုံတို့က ကောင်းချီးသြဘာ




ဘရာဇီးနှင့် ကင်မရွန်းတို့ပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆုရရှိသည့် ဘရာဇီးအသင်းမှ ရိုမာရီယို (နံပါတ် ၁၁) ၏ ကစားဟန်

ပေးခဲ့ကြသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကြိုဆိုသည့် သရုပ်ပြ လှည့်လည်ပွဲ အခမ်းအနားမှာ နှစ်နာရီကြာခဲ့သည်။

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်လှစ်ပွဲ အခမ်းအနား

(၁၅) ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်လှစ်ပွဲ အခမ်းအနားကို အမေရိကန် ပြည်ထောင်စု ချီကာဂိုမြို့ စစ်သည်တော် အားကစား ပြိုင်ဝင်း၌ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ ဖွင့်လှစ်ပွဲအခမ်းအနားသို့ ပရိတ်သတ် ၆၃,၀၀၀ ကျော် တက်ရောက် အားပေးခဲ့ကြသည်။ အမေရိကန် သမ္မတ ကလင်တန်၊ ဂျာမနီ ဝန်ကြီးချုပ် ဟဲလမွတ်ခိုးနှင့် ဘိုလီးဗီးယားသမ္မတ ဂွန်ဇာကိုဆန်ချေ့ဇ်ဒီလိုဇာ တို့လည်း ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များ စတင်ဖွင့်လှစ် ကျင်းပကြောင်း ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂျိုဟာဗန်းလန့်ဂျ်က ကြေညာပြီး သမ္မတကလင်တန်က ကမ္ဘာတစ်ဝန်းလုံးမှ ဘောလုံးဝါသနာအိုး ပရိသတ်များအား ကြိုဆိုကြောင်း မိန့်ခွန်းပြောကြားသည်။

## ကမ္ဘာ့ဖလားပွဲ ရုပ်မြင်သံကြား ထုတ်လွှင့်မှု

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ တစ်ကမ္ဘာလုံးအထူးအာရုံစိုက် စိတ်ဝင်စားသည့်ပြိုင်ပွဲတစ်ခုဖြစ်ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြပုံများကို ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့သည်။ လူထုဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြပုံများကို တစ်ကမ္ဘာလုံးက တစ်ချိန်တည်း ကြည့်ရှုနိုင်ကြပေသည်။ ၁၉၉၀ ပြည့်နှစ် အီတလီ ကမ္ဘာ့ဖလားပွဲကို ကမ္ဘာတစ်ဝန်းမှ ပရိသတ် သန်းဒေါင်ခန့် ကြည့်ရှုခဲ့သည်။ ယခု အမေရိကန်တွင် ကျင်းပသည့် (၁၅) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်မူ ကမ္ဘာတစ်ဝန်းလုံးမှ ဘောလုံးပွဲကြည့် ပရိတ်သတ် သန်း နှစ်ထောင်နီးပါး အထိရှိလာမည်ဟု မျှော်လင့်ထားသည်။

ရေဒီယိုနှင့် ရုပ်သံ သတင်းသမား ၃,၅၀၀ ကျော်တို့သည် နာရီပေါင်း ၁၆, ၅၀၀ ခန့်ထုတ်လွှင့်ရန်အတွက် ပြင်ဆင်

ခဲ့ကြသည်။ နိုင်ငံပေါင်း ၁၉၀ သို့ တိုက်ရိုက် ထုတ်လွှင့်ရန် စီစဉ်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ပထမဆုံး အကြိမ်အဖြစ် ထုတ်လွှင့်ပြသခဲ့ရာ မြန်မာဘောလုံးဝါသနာအိုးများ အထူး ကျေနပ်နှစ်ခြိုက်ကာ စိတ်ဝင်တစား စောင့်စားကြည့်ရှု ခဲ့ကြသည်။ တိုးတက်လာသော ခေတ်နှင့် အညီ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တစ်ခေတ်ဆန်းပြီဟု ဆိုနိုင်ပေသည်။

(၁၅) ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အသင်း ၂၄ သင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဥရောပမှ ၁၃ သင်း၊ တောင်အာဖရိကမှ လေးသင်း၊ အာရှမှ နှစ်သင်း၊ အာဖရိကမှ သုံးသင်းနှင့် မြောက်အမေရိကမှ နှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲကျင်းပရန် နှစ်ပတ်အလိုတွင် ဂျာမနီ၊ ဘရာဇီး၊ အီတလီ၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဘယ်ဂျီယံအသင်းများ လူကြိုက်များနေကြသည်။ ဟော်လန်၊ ရုရှား၊ ကင်မရွန်း၊ အိုင်ယာလန်၊ ရိုမေးနီးယားတို့အား ကော်ကောင်များအဖြစ် သတ်မှတ်ပြောဆို နေခဲ့ကြသည်။

## ပထမအဆင့် အုပ်စုပွဲစဉ်များ

၁၉၉၄ ခုနှစ်၊ (၁၅) ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ အမေရိကန်နိုင်ငံ မြို့ကြီး ကိုးမြို့ ဖြစ်သည့် လော့စ်အိန်ဂျလိစ်၊ ဒါးလက်စ်၊ နယူးယောက်၊ ချီကာဂို၊ ဘော့စတွန်၊ ဝါရှင်တန်၊ အော်လန်ဒို၊ ဆန်ဖရန်စစ္စကိုနှင့် ဒက်ထရွိုက်မြို့တို့တွင် ကျင်းပခဲ့သည်။ ကမ္ဘာ့တစ်ဝန်းမှ ခြေစစ်ပွဲအောင်မြင်ကြသည့် ၂၂ သင်း လက်ရှိချန်ပီယံ ဂျာမနီနှင့် အိမ်ရှင်အမေရိကန်တို့အပါအဝင် စုစုပေါင်း ၂၄ သင်းတို့ အုပ်စု ခြောက်စုခွဲ၍ ယှဉ်ပြိုင် ကစားခဲ့သည်။

အုပ်စု (က) တွင် အိမ်ရှင် အမေရိကန်၊ ဆွစ်ဇာလန်၊ ကိုလံဘီယာနှင့် ရိုမေးနီးယား၊ အုပ်စု (ခ) တွင် ဘရာဇီး၊ ရုရှား၊ ကင်မရွန်းနှင့် ဆွီဒင်၊ အုပ်စု (ဂ)တွင် လက်ရှိချန်ပီယံ ဂျာမနီ၊ ဘိုလီးဗီးယား၊ စပိန်နှင့် တောင်ကိုးရီးယား၊ အုပ်စု (ဃ) အာဂျင်တီးနား၊ ဂရိ၊ နိုင်ဂျီးရီးယားနှင့် ဘူဂေးရီးယား၊ အုပ်စု (င) တွင် အီတလီ၊ အိုင်ယာလန်၊ နော်ဝေနှင့် မက္ကဆီကို၊ အုပ်စု (စ) တွင် ဘယ်ဂျီယံ၊ မော်ရိုကို၊ နယ်သာလန်နှင့် ဆော်ဒီအာရေဗျတို့ ပါဝင်ကြသည်။ ဇွန် ၁၇ ရက်မှ ၃၀ ရက် အထိ ကျင်းပခဲ့သည့် ပထမအဆင့် အုပ်စုပွဲ တွင် စုစုပေါင်း ၃၆ ပွဲ ယှဉ်ပြိုင် ကစားခဲ့ကြသည်။

ပထမအဆင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြရာ မျှော်မှန်းထားသည့် အသင်းကောင်းများ မြင်းကောင်းခွာလိပ် ဖြစ်ခဲ့သလို အမှတ်မထင် ကော်ကောင်အဖြစ် တက်လာခဲ့သည့် အသင်းများကိုလည်း တွေ့ရှိရပေသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်လှစ်သည့် ဇွန် ၁၇ ရက်က ပွဲဦးထွက်ပွဲများအဖြစ် (ဂ) အုပ်စုမှ လက်ရှိချန်ပီယံ ဂျာမနီနှင့် ဘိုလီးဗီးယား၊ တောင်ကိုးရီးယားနှင့် စပိန်တို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ဂျာမနီက ဘိုလီးဗီးယားကို တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပြီး တောင်ကိုးရီးယားနှင့် စပိန်တို့ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဂျာမနီအသင်းတွင် ၁၉၉၀ ပြည့်နှစ် ချန်ပီယံဘွဲ့ ဆွတ်ခူးခဲ့စဉ်က ပါဝင်ကစားခဲ့သူများကို အခြေခံထားအားဖြည့်ထားသည်။ ပထမပိုင်း ၄၅ မိနစ် တစ်ချိန်လုံး လိုလို ဘိုလီးဗီးယား ဂိုးရိယာအတွင်းသို့ရောက်အောင် အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ဂျာမနီ ဂိုးမသွင်းနိုင်ဘဲ ရှိနေခဲ့သည်။ လက်ရှိချန်ပီယံ ဂျာမနီအသင်း အနေဖြင့် ဘောလုံးပညာ အပြည့်အဝဖြင့် အချိတ်အဆက်မိမိ ကစားပြသွားနိုင်ခဲ့သည်။

ဂျာမနီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း ပွဲစပြီး ၁၆ မိနစ်တွင် ဂျာမနီအသင်းမှ လိုသာ မက်သီးယက်စ်က သွင်းယူနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ဂျာမနီအဖို့ ပွဲဦးထွက် အနိုင်ရလိုက်ခြင်းသည် ၁၉၇၀ ပြည့် နှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် လက်ရှိချန်ပီယံ ပွဲဦးထွက် အနိုင်ရရှိသွားခြင်းဖြစ်သည်။

တောင်ကိုးရီးယားနှင့် စပိန်တို့ပွဲတွင် ဥရောပနာမည်ကြီး အသင်းတစ်သင်း ဖြစ်သော စပိန်အသင်းက နှစ်ဂိုး သွင်းထားသည့်တိုင်အောင် စိတ်ဓာတ်နှင့် ကစားရှိန်မကျဘဲ အာရှတိုက်ကိုယ်စားပြု တောင်ကိုးရီးယားအသင်းက အနိုင်မခံအရှုံးမပေး အားကြိုးမာန်တက် ခြေရည်တူကစားကာ ချေပဂိုး နှစ်ဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့သည်။ အာရှတိုက်အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ နှစ်သင်းစလုံး လျှင်လျှင်မြန်မြန် ဖျတ်ဖျတ်လတ်လတ် ကစားနိုင်ခဲ့ရာ ကြည့်ကောင်းသော ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

ဇွန်လ ၁၈ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု (က) ပွဲစဉ်များတွင် ရိုမေးနီးယားက နာမည်ကြီး ကိုလံဘီယာကို သုံးဂိုး တစ်ဂိုးဖြင့်နိုင်ပြီး အိမ်ရှင်အမေရိကန်နှင့် ဆွစ်ဇာလန်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စု (င) ပွဲစဉ်၌ ကမ္ဘာ့ချန်ပီယံဟောင်း နာမည်ကြီး အီတလီကို အိုင်ယာလန်က တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ နာမည်ကြီး အီတလီခြေသာပြီး အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ဘောလုံးဆိုသည်မှာ အလုံးဖြစ်သည့်အတိုင်း မှန်းချက်နှင့် နှမ်းထွက် မကိုက်သည့်အခါမျိုးလည်း ရှိတတ်ပေသည်။

တစ်နည်းအားဖြင့် ဇွန် ၁၈ ရက်နေ့ ပွဲစဉ်များသည်

၁၉၉၄ ခုနှစ်၊ ကမ္ဘာ့ဖလားကို ဗိုလ်စွဲနိုင်သည်ဟု ဘောလုံးဝါသနာရှင် အများစု၏ ထင်ကြေးပေးခဲ့ရသော အီတလီနှင့် ကိုလံဘီယာအသင်းတို့၏ ပွဲဦးထွက် အရေးနိမ့်ခဲ့သော ပွဲစဉ်များဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဆိုသည်မှာ မထင်မှတ်သော ဖြစ်ရပ်များ၊ အလှည့်အပြောင်းများဖြစ်ပေါ်တတ်သည်ကို ဘောလုံးအတွေ့အကြုံများသူများ သိရှိကြပေသည်။ ဇွန် ၃၀ ရက်နေ့ ပထမ အဆင့် အုပ်စုပွဲစဉ်များကစားပြီးသောအခါ အုပ်စုခြောက်အုပ်စု၏ အနိုင်အရှုံးနှင့် ရမှတ်အခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်–

အုပ်စု (က)

| နိုင်ငံ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|
| ရိုမေးနီးယား | ၂ | – | ၁ | ၅ | ၅ | ၆ |
| ဆွစ်ဇာလန် | ၁ | ၁ | ၁ | ၅ | ၄ | ၄ |
| အမေရိကန် | ၁ | ၁ | ၁ | ၃ | ၃ | ၄ |
| ကိုလံဘီယာ | ၁ | – | ၂ | ၄ | ၅ | ၃ |

အုပ်စု (ခ)

| နိုင်ငံ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|
| ဘရာဇီး | ၂ | ၁ | – | ၆ | ၁ | ၇ |
| ဆွီဒင် | ၁ | ၂ | – | ၆ | ၄ | ၅ |
| ရုရှား | ၁ | – | ၂ | ၇ | ၆ | ၃ |
| ကင်မရွန်း | | ၁ | ၂ | ၃ | ၁၁ | ၁ |

အုပ်စု (ဂ)

| နိုင်ငံ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|
| ဂျာမနီ | ၂ | ၁ | – | ၅ | ၃ | ၇ |
| စပိန် | ၁ | ၂ | – | ၆ | ၄ | ၅ |
| တောင်ကိုးရီးယား | – | ၂ | ၁ | ၄ | ၅ | ၂ |
| ဘိုလီးဗီးယား | – | ၁ | ၂ | ၁ | ၄ | ၁ |

အုပ်စု (ဃ)

| နိုင်ငံ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|
| နိုင်ဂျီးရီးယား | ၂ | – | ၁ | ၆ | ၂ | ၆ |
| ဘူဂေးရီးယား | ၂ | – | ၁ | ၆ | ၃ | ၆ |
| အာဂျင်တီးနား | ၂ | – | ၁ | ၆ | ၃ | ၆ |
| ဂရိ | – | – | ၃ | – | ၁၀ | – |

## ဒုတိယ အဆင့် ရှုံးထွက် ပြိုင်ပွဲကြီး –

ပထမအဆင့်ပြိုင်ပွဲများ ကစားအပြီး အနိုင်အရှုံး၊ ရမှတ်နှင့် ဂိုးရရှိမှု ကွာဟချက်များအရ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲသို့ (က) အုပ်စုဗိုလ် ရိုမေးနီးယားနှင့် ဒုတိယ ဆွစ်ဇာလန်၊ (ခ) အုပ်စုဗိုလ် ဘရာဇီးနှင့် ဒုတိယ ဆွီဒင်၊ (ဂ) အုပ်စုဗိုလ် ဂျာမနီနှင့်ဒုတိယ စပိန်၊ (ဃ)အုပ်စုဗိုလ် နိုင်ဂျီးရီးယားနှင့် ဒုတိယ ဘူဂေးရီးယား၊ (င) အုပ်စုဗိုလ်မက္ကဆီကိုနှင့် ဒုတိယ အိုင်ယာလန်၊ (စ) အုပ်စုဗိုလ် နယ်သာလန်နှင့် ဒုတိယ ဆော်ဒီအာရေးဗျတို့ တက်လာကြသည့်အပြင် အုပ်စုခြောက်စုမှ တတိယရသည့် အသင်းခြောက်သင်းအနက် ရမှတ်နှင့် ဂိုးရရှိမှုကွာဟချက် အကောင်းဆုံးလေးသင်း ဖြစ်သည့် အုပ်စု (ဃ) မှ အာဂျင်တီးနား၊ (စ) မှ ဘယ်ဂျီယံ၊ (က) မှ အမေရိကန်၊ (င) မှ အီတလီတို့လည်း တက်လာကြသည်။

ဒုတိယ အဆင့် ရှုံးထွက်ပြိုင်ပွဲများသည် ပထမအဆင့် အုပ်စုပြိုင်ပွဲများထက် ပိုမို အရေးကြီးလာသည်ဖြစ်ရာ နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရေးအတွက် ခွန်အားနှင့် နည်းပညာကို အသုံးချကာ အစွမ်းကုန် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပရိသတ် အကြိုက်အထူးကြည့်ကောင်းသောပွဲများ ဖြစ်ခဲ့သည်။ ဇူလိုင် ၂ ရက်မှ ၅ ရက်နေ့အထိ ဒုတိယအဆင့် ရှုံးထွက် ပြိုင်ပွဲ စုစုပေါင်း ရှစ်ပွဲ ကစားခဲ့ရာ အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်–

၂–၇–၉၄ နေ့ပွဲ

| | | |
|---|---|---|
| ဂျာမနီ | – | သုံးဂိုး |
| ဘယ်ဂျီယံ | – | နှစ်ဂိုး |
| စပိန် | – | သုံးဂိုး |
| ဆွစ်ဇာလန် | – | ဂိုးမရှိ |

**၃ – ၇ – ၉၄ နေ့ပွဲ**

ဆွီဒင် – သုံးဂိုး
ဆော်ဒီအာရေဗျ – တစ်ဂိုး
ရိုမေးနီးယား – သုံးဂိုး
အာဂျင်တီးနား – နှစ်ဂိုး

**၄ – ၇ – ၉၄ နေ့ပွဲ**

ဘရာဇီး – တစ်ဂိုး
အမေရိကန် – ဂိုးမရှိ
နယ်သာလန် – နှစ်ဂိုး
အိုင်ယာလန် – ဂိုးမရှိ

**၅ – ၇ – ၉၄ နေ့ပွဲ**

အီတလီ – နှစ်ဂိုး
နိုင်ဂျီးရီးယား – တစ်ဂိုး
(အချိန်ပို ကစားပြီးမှ အနိုင်ရရှိခြင်း ဖြစ်သည်)

ဘူဂေးရီးယား – လေးဂိုး
မက္ကဆီကို – နှစ်ဂိုး
(ပိုင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရခြင်းဖြစ်သည်)

ဤသို့ဖြင့် ကွာတားဖိုင်နယ်ပွဲစဉ်များသို့ ဂျာမနီ၊ စပိန်၊ ဆွီဒင်၊ ရိုမေးနီးယား၊ ဘရာဇီး၊ နယ်သာလန်၊ အီတလီနှင့် ဘူဂေးရီးယား စုစုပေါင်း အသင်းရှစ်သင်း တက်လာခဲ့သည်။

## ကွာတားဖိုင်နယ်ပွဲစဉ်များ

ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ယှဉ်ပြိုင်ကစားကြပုံများမှာ ပို၍အကြိတ်အနယ်ဖြစ်လာသည်။ အကြိုဗိုလ်လုပွဲ၊ နောက်ဆုံး ဗိုလ်လုပွဲတို့နှင့် လက်တစ်ကမ်းမျှသာလိုတော့သည့်အတွက် အင်တိုက်အားတိုက် အားကြိုးမာန်တက် ကစားခဲ့ကြသည်။

ဇူလိုင် ၉ ရက်နေ့တွင် ကွာတားဖိုင်နယ် ပထမပွဲစဉ်အဖြစ် အီတလီနှင့်စပိန်တို့ယှဉ်ပြိုင်ကစားကြရာ အီတလီက နှစ်ဂိုးတစ်ဂိုး ဖြင့် အနိုင်ရသွားသည်။ပထမပိုင်း၌ အီတလီကအသာစီးဖြင့် ကစားခဲ့သည်။ ဒုတိယပိုင်းတွင် စပိန်အသင်း ကစားပုံရော အတွဲအဖက်ပါ ကောင်းပြီး ခြေစွမ်းပြနိုင်ခဲ့သည်။အီတလီအသင်းမှာ ကစားပုံပျက်ပြီး ခံစစ်ပုံစံဖြစ်နေခဲ့သည်။အီတလီအသင်းအတွက် အနိုင်ဂိုးများကို ဒီနိုဘက်ဂီယိုနှင့် နာမည်ကျော် ဘောလုံးသမားရောဘတ်တိုဘက်ဂီယိုတို့က သွင်းယူ ခဲ့သည်။

ဒုတိယပွဲစဉ်ဖြစ်သည့် ဘရာဇီးနှင့် နယ်သာလန် တို့ပွဲတွင် ဘရာဇီးက နယ်သာလန်ကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ဘရာဇီးအသင်းနှစ်ဂိုးအနိုင်မှနှစ်ဂိုးသရေပြန်ဖြစ်သွားခဲ့သည်။ ဘရာဇီးအသင်းအတွက် အနိုင်ဂိုးကို ဒုတိယပိုင်း ၃၅ မိနစ်တွင် နောက်တန်းလူ ဘရန်ကိုက အလွတ်ကန်ဘောကို လှလှပပ ကန်သွင်း၍ ရယူသွားခဲ့သည်။ ဘရာဇီးအသင်းမှ ဘီဘက်တိုနှင့် ရိုမာရီယိုတို့ အတွဲညီ စွာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ဇူလိုင် ၁၀ ရက်နေ့က ကစားခဲ့သည့် တတိယ ကွာတားဖိုင်နယ်ပွဲတွင် ဘူဂေးရီးယားက လက်ရှိချန်ပီယံ ဂျာမနီကို မမျှော်လင့်ဘဲ နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ကစားပုံ သမာန်သာရှိပြီး ဂိုးမရှိ သရေကျနေသည်။ဒုတိယပိုင်းတွင်ဂျာမနီအသင်းက ပိုင်နယ်တီ ကန်သွင်းခွင့်ရ၍ တစ်ဂိုးစရပြီး ဘူဂေးရီးယားအသင်းကပြစ်ဒဏ်ဘောကန်သွင်းကာ တစ်ဂိုးပြန်လည်ချေပခဲ့သည်။ထို့နောက်ဘူဂေးရီးယားအသင်းအတွက် အနိုင်ဂိုးကို ဒုတိယပိုင်း ၃၃ မိနစ်တွင် သွင်းယူခဲ့သည်။

စတုတ္ထ ကွာတားဖိုင်နယ်ပွဲဖြစ်သည့် ဆွီဒင်နှင့် ရိုမေးနီးယားတို့ပွဲမှာ အကြိတ်အနယ်ရှိ၍ ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။ ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ရှိခဲ့သည်။ ဒုတိယပိုင်းတွင် ဆွီဒင်က ပထမဂိုးစရပြီး ရိုမေးနီးယားက ချေပဂိုးပြန်လည် သွင်းယူခဲ့သည်။ ပွဲပြီးသည်အထိ ဂိုးထပ်မရသဖြင့် အချိန်ပိုကစားရာ အချိန်ပို ပထမပိုင်း ၁၁ မိနစ်တွင် ရိုမေးနီးယားကဒုတိယ ဂိုးသွင်းယူနိုင်ပြီး အချိန်ပိုဒုတိယပိုင်း ၁၀ မိနစ်တွင် ဆွီဒင်က ချေပဂိုးသွင်းခဲ့သည်။ အချိန်ပိုပြီးသည်အထိ နှစ်ဂိုးစီ သရေဖြစ်နေသဖြင့် ပိုင်နယ်တီ အဆုံးအဖြတ်ကန်ကြရာ ဆွီဒင်က ငါးဂိုး၊ ရိုမေးနီးယားက လေးဂိုးသွင်းနိုင်သဖြင့် စုစုပေါင်း ဂိုးအရေအတွက်တွင် ခုနစ်ဂိုး ခြောက်ဂိုးဖြင့် ဆွီဒင်က အောင်ပွဲခံကာ အကြိုဗိုလ်လုပွဲ တက်သွားခဲ့သည်။

## အကြိုဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲအဆင့်သို့ ဘရာဇီး၊ အီတလီ၊ ဆွီဒင်နှင့် ဘူဂေးရီးယားတို့တက်လာခဲ့သည်။ အကြိုဗိုလ်လုပွဲမှာ အလွန်အရေးပါသော အဆင့်သို့ ရောက်ရှိ လာပြီဖြစ်ရာ



ပွဲ တစ်ပွဲတွင် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အငြင်းပွားနေသော ဂရိအသင်းမှ ဘောလုံးသမား တစ်ဦး (ယာ)

မီးကုန် ယမ်းကုန် အစွမ်းကုန်ကြဲကာ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပထမအကြိုဗိုလ်လုပွဲကို နယူးယောက်မြို့ ဂျိုင်းယင်အားကစားကွင်းတွင် ဇူလိုင် ၁၃ ရက်နေ့က ကျင်းပရာ အီတလီက ဘူဂေးရီးယားကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သွားခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ထိန်းကစားနေပြီး ဘောလုံး အပေးအယူ များလည်း မကြာခဏ လွဲချော်သည်။ ပထမပိုင်း မိနစ် ၂၀ နောက်ပိုင်း အီတလီ ရှေ့တန်းအချိတ်အဆက်မိကာ ၂၁ မိနစ်တွင် ဘက်ဂီယိုက ဘူဂေးရီးယား နောက်တန်း လူနှစ်ယောက်ကို လိမ်ကာ ပိုင်နယ်တိုဂိုးရိယာထိပ်မှ ကန်သွင်း၍ ပထမဂိုး ရသည်။ အီတလီအတွက် ဒုတိယဂိုးကို ပထမပိုင်း ၂၆ မိနစ်တွင် ဘက်ဂီယိုကပင် ဘူဂေးရီးယား နောက်တန်းလူနှင့် ယှဉ်ပြေးပြီး ဂိုးသမား ညာထောင့်သို့ ကန်သွင်းယူခဲ့သည်။ ဘူဂေးရီးယား ပြန်လည်ချေပရန် ထိုးဖောက်လာစဉ် ပထမပိုင်းပြီးရန် နှစ်မိနစ်အလိုတွင် ပိုင်နယ်တီရရှိရာ ဟရစ်စတိုစတွိုင်စကောဗ် ကန်သွင်း၍ ဘူဂေးရီးယား တစ်ဂိုး ရသည်။ ဒုတိယပိုင်းတွင် အီတလီအသင်း တိုက်စစ်ထက် ခံစစ်ကို ဦးစားပေး ကစားသွားပြီး ဘူဂေးရီးယားကလည်း ထပ်မံ ဂိုးမသွင်းနိုင်တော့၍ အီတလီက နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်သွားသည်။

ဇူလိုင် ၁၄ ရက်နေ့က ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ဘရာဇီးနှင့် ဆွီဒင်တို့ ပွဲတွင် ၁၉၉၃ ခုနှစ်၊ ကမ္ဘာ့ အကောင်းဆုံး ဘောလုံးသမားဆု၌ နံပါတ်လေးချိတ်ခဲ့သူ ဘရာဇီးမှ နာမည်ကျော် ရိုမာရီယိုက တစ်လုံးတည်းသော အနိုင်ဂိုးသွင်းကာ ဘရာဇီးအသင်းအား ဗိုင်နယ်သို့ ရောက်စေခဲ့သည်။ ဘရာဇီးအသင်းက တစ်ဂိုးသာ ရသော်လည်း တစ်ဖက်သတ် ကစားသွားခဲ့သော ပွဲဖြစ်သည်။ ဘရာဇီးအသင်း ဂိုးသွင်းသေချာပါက ပထမပိုင်း မှာပင် လေးဂိုးထက်မနည်း ရနိုင်ပေသည်။ ပထမပိုင်းတွင် ဆွီဒင်အသင်းမှာ ခံစစ်ကိုသာ ဦးစားပေးကစားခဲ့သည်။ ပထမပိုင်းပြီးချိန်အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းနိုင်ခြင်း မရှိပေ။ ဒုတိယပိုင်း ၃၆ မိနစ်၌ဘရာဇီးမှ ညာနောက်တန်းလူ ဂျော်ဂင်ဟို ဘောလုံးရပြီး ရှေ့တန်း ညာဘက်သို့ ဆွဲယူ၍ ဂိုးရှေ့သို့ ဖြတ်ကန်ပို့လိုက်ရာ ဆွီဒင်နောက်ခံလူသုံးဦးကြားမှ ဘရာဇီး ရှေ့တန်းလူ ရေးနှင့် ရိုမာရီယိုတို့ ခေါင်းယှဉ်တိုက်ခဲ့ရာ ရိုမာရီယိုက ဘောလုံးကို တိတိကျကျ ထိထိမိမိ တိုက်လိုက်နိုင်သဖြင့် ဆွီဒင်ဂိုးသမား၏ ညာဘက်ဂိုးတိုင်ဘေးမှ ကပ်ဝင်သွားခဲ့သည်။ ယင်း တစ်လုံးတည်းသော ဂိုးဖြင့်ပင် ဘရာဇီးက ဆွီဒင်ကို အနိုင်ရခဲ့သည်။

**တတိယ နေရာလုပွဲ**

တတိယ နေရာလုပွဲကို ဇူလိုင် ၁၆ ရက်နေ့တွင် လော့စ်အိန်ဂျလိစ်ရှိ ရိုစ့်ဘောင်းကွင်းတွင် ဆွီဒင်နှင့် ဘူဂေးရီးယားတို့ ယှဉ်ပြိုင်ကစားကြရာ ဆွီဒင်က ခြေအသာဖြင့် လေးဂိုး ဂိုးမရှိဖြင့် နိုင်ပြီး တတိယ နေရာကို ရရှိသွား သည်။

ဗိုလ်လုပွဲ။ ။ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကို ဇူလိုင် ၁၇ ရက်နေ့က လော့စ်အိန်ဂျလိစ်မြို့ ရိုစ့်ဘောင်းကွင်းတွင် ကျင်းပရာ ဘရာဇီးက အီတလီကို ပိုင်နယ်တီ အဆုံးအဖြတ် ကန်ပြီး သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရကာ စတုတ္ထအကြိမ် ကမ္ဘာ့ ဖလားကို ဆွတ်ခူးသွားသည်။

ဗိုလ်လုပွဲမှာ ဘရာဇီးနှင့် အီတလီတို့ အားပြိုင်သည့် ပွဲဖြစ်သည်။ ပွဲကစားချိန် မိနစ် ၉၀ လုံးလုံး ဘရာဇီးတို့က လွှမ်းမိုးထားပြီး အီတလီ လျှပ်တစ်ပြက်သာ ထိုးဖောက်နိုင်သည်။ ပထမပိုင်းတွင် ဘရာဇီးတို့က တစ်ချိန်လုံးလိုလို ဖိကစားခဲ့သော်လည်း အီတလီအသင်းက ခံစစ်ကို သိပ်သိပ် သည်းသည်း ကစားခဲ့သဖြင့် ဘရာဇီးတို့ ထင်သလောက် ခရီးမပေါက် ပေ။ ပွဲမှာ နှစ်ဖက်စလုံး အားသုံး၍ အကြိတ် အနယ် ယှဉ်ပြိုင်ကြသော်လည်း သန့်သန့် ရှင်းရှင်းဖြင့် ဘောလုံးကို အဓိကထား ကစားခဲ့ကြသည်။

ဘရာဇီးမှ ရိုမာရီယိုနှင့် ဘီဘက်တိုတို့သည် အီတလီ ရှေ့တန်းထက် ကြောက်မက်ဖွယ်တိုက်စစ် ပိုမိုဆင်ကစားနိုင်ကြ သည်။ သို့ရာတွင် အီတလီ နောက်တန်းကို ဖရန်ကိုဘာရက်စီက ဦးဆောင်ကာ အသေအလဲ တားဆီးကစားခဲ့ကြသည်။ အီတလီမှ နာမည်ကြီး တိုက်စစ်မှူး ရောဘတ်တိုဘက်ဂီယိုမှာ ပေါင်တွင် ပတ်တီးများစီးကာ နာနေသော ပေါင်နောက်ကြောအား ထိန်း၍ ပွဲချိန်ပြည့် ပါဝင်ကစား သွားခဲ့သည်။

ဤသို့ဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ သာမန်ကစားချိန် ပြီးဆုံးသည်အထိ ဂိုးမရှိ သရေဖြစ်နေပြီး အချိန်ပို ကစားခဲ့ရာ အချိန်ပို နှစ်ပိုင်းပြီးဆုံးသည့်တိုင်အောင် ဂိုးမသွင်းနိုင်ဘဲ သရေဖြစ်နေပြန်သဖြင့် ပိုင်နယ်တီကန်၍ အနိုင်အရှုံး ဆုံးဖြတ်ခဲ့ရသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ပိုင်နယ်တီ အဆုံး အဖြတ်ဖြင့် ပထမဆုံး ဆုံးဖြတ်ရသော ဗိုလ်လုပွဲအဖြစ် လည်း မှတ်တမ်းတင်သွားခဲ့သည်။

ပိုင်နယ်တီ ငါးလုံးစီကန်သွင်းရာ အီတလီအသင်း ခေါင်းဆောင် ဘာရက်စီနှင့် ရောဘတ်တို ဘက်ဂီယိုတို့ကန်သည့် ဘောလုံးများ ဂိုးပေါ်ထောင်ပြီး မာဆာရိုကန်သည့် ဘောလုံး ဂိုးသမားကာကွယ်လိုက်သည်။ အယ်ဘတ်တီနီနှင့် အီဗာနီတို့ ကန်သည့် ဘောလုံးများသာ ဂိုးဝင်၍ အီတလီနှစ်ဂိုးသာရသည်။

ကျင်းပပြီးစီးခဲ့သောကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရာ နိုင်ငံများနှင့် ပထမ၊ ဒုတိယရရှိခဲ့သည့် နိုင်ငံများ၏ အခြေအနေ

| စဉ် | ခုနှစ် | အကြိမ် | ကျင်းပသည့်နိုင်ငံ | ပထမ | ဒုတိယ |
|---|---|---|---|---|---|
| ၁ | ၁၉၃၀ | ပထမ | ဥရုဂွေး | ဥရုဂွေး | အာဂျင်တီးနား |
| ၂ | ၁၉၃၄ | ဒုတိယ | အီတလီ | အီတလီ | ချက်ကိုစလိုဗက်ကီးယား |
| ၃ | ၁၉၃၈ | တတိယ | ပြင်သစ် | အီတလီ | ဟန်ဂေရီ |
| ၄ | ၁၉၅၀ | စတုတ္ထ | ဘရာဇီး | ဥရုဂွေး | ဘရာဇီး |
| ၅ | ၁၉၅၄ | ပဥ္စမ | ဆွစ်ဇာလန် | အနောက်ဂျာမနီ | ဟန်ဂေရီ |
| ၆ | ၁၉၅၈ | ဆဋ္ဌမ | ဆွီဒင် | ဘရာဇီး | ဆွီဒင် |
| ၇ | ၁၉၆၂ | သတ္တမ | ချီလီ | ဘရာဇီး | ချက်ကိုစလိုဗက်ကီးယား |
| ၈ | ၁၉၆၆ | အဋ္ဌမ | အင်္ဂလန် | အင်္ဂလန် | အနောက်ဂျာမနီ |
| ၉ | ၁၉၇၀ | နဝမ | မက္ကဆီကို | ဘရာဇီး | အီတလီ |
| ၁၀ | ၁၉၇၄ | ဒသမ | အနောက်ဂျာမနီ | အနောက်ဂျာမနီ | နယ်သာလန် |
| ၁၁ | ၁၉၇၈ | ၁၁ ကြိမ် | အာဂျင်တီးနား | အာဂျင်တီးနား | နယ်သာလန် |
| ၁၂ | ၁၉၈၂ | ၁၂ ကြိမ် | စပိန် | အီတလီ | အနောက်ဂျာမနီ |
| ၁၃ | ၁၉၈၆ | ၁၃ ကြိမ် | မက္ကဆီကို | အာဂျင်တီးနား | အနောက်ဂျာမနီ |
| ၁၄ | ၁၉၉၀ | ၁၄ ကြိမ် | အီတလီ | အနောက်ဂျာမနီ | အာဂျင်တီးနား |
| ၁၅ | ၁၉၉၄ | ၁၅ ကြိမ် | အမေရိကန် | ဘရာဇီး | အီတလီ |

မှတ်ချက်။ ။ ၁၉၄၂ ခုနှစ် ၊ ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်နှင့် ၁၉၄၆ ခုနှစ် ၊ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစအချိန်များတွင် ပြိုင်ပွဲမကျင်းပဖြစ်ပါ။

ဘရာဇီးမှ ရိုမာရီယို၊ ဘရန်ကိုနှင့် ဒွန်ဂါတို့ကန်သွင်းသည့် ဘောလုံးများ ဂိုးဝင်ပြီး ဆန်တော့စ်ကန်သည့် ဘောလုံး ဂိုးသမား ကာကွယ်ခဲ့သည်။ သို့ဖြစ်ရာ ဘရာဇီးက အီတလီကို သုံးဂိုး– နှစ်ဂိုးဖြင့် နိုင်ပြီးရွှေဖလားကို ဆွတ်ခူးသွားခဲ့သည်။

ဘရာဇီးအနေဖြင့် ၂၄ နှစ်ကြာမှ တစ်ကျော့ပြန်ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ဘရာဇီးအသင်းသည် ၁၉၅၈၊ ၁၉၆၂ နှင့် ၁၉၇၀ ပြည့်နှစ်တို့တွင် ကမ္ဘာ့ဖလားကို ရရှိခဲ့ဖူးသည်။

## ဂိုးအများဆုံးသွင်းသူဆု

ဂိုးအများဆုံးသွင်းသူဆုအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ စနစ်သစ်ဖြစ် သည့် တစ်ဂိုးသွင်းလျှင် သုံးမှတ်ပေးပြီး ဂိုးရအောင် အထောက် အကူပြုခြင်းအတွက် တစ်မှတ်ပေးသည့်စနစ်ကိုအခြေခံ၍ ရွေးချယ်ရာတွင် ရုရှားမှ အိုလက်ဆာလင်ကိုနှင့် ဘူဂေးရီးယားမှ ဟရစ်တိုစတွိုင်ကော့ဗ်တို နှစ်ဦးသည် ခြောက်ဂိုး စီသွင်းပြီး ၁၈ မှတ်ရကာ ဂိုးရရှိရန် အထောက် အကူ ပြုမှု၌ တစ်မှတ်စီရရှိကြသဖြင့် စုစုပေါင်း ၁၉ မှတ်စီ ဖြင့် အမှတ် အများဆုံးရကာ ပူးတွဲပထမဆု ဆွတ်ခူးသွား သည်။ တတိယဆုကို ဘရာဇီးမှ ရိုမာရီယိုက ၁၈ မှတ်ဖြင့် ရရှိသည်။

## အကောင်းဆုံးဘောလုံးသမားဆု

၁၅ ကြိမ်မြောက်ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးဘောလုံးသမား ဆုကို ဘရာဇီးမှရိုမာရီယိုက ဆွတ်ခူးခဲ့သည်။ ယင်းဆုကို ရွေးချယ် ရာတွင် အီတလီမှ ရောဘတ်တို ဘက်ဂီယိုက ဒုတိယရပြီး ဘူဂေးရီးယားမှ စတွိုင်ကော့ဗ်က တတိယရရှိခဲ့သည်။

## ဂိုးသမားဆု

ယခင် ဆိုဗီယက်ပြည်ထောင်စုမှ ကမ္ဘာကျော် ဂိုးသမားကြီး လက်ဗ်ယာရှင်အား ဂုဏ်ပြုသည့် အနေဖြင့် ချီးမြှင့်သော အကောင်းဆုံးဂိုးသမားဆုကို မူဘယ်ဂျီယံ အသင်းဂိုးသမား မစ်ချယ်ပရုဒ်ဟိုမိက ဆွတ်ခူးသွားသည်။

ခင်မောင်ဝင်းကြည်
(မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)











# မြန်မာနိုင်ငံ ဆေးတက္ကသိုလ်များနှင့် အခြားနီးနွယ်သော တက္ကသိုလ်များ

ယခုအခါ မြန်မာနိုင်ငံ၌ ဆေးတက္ကသိုလ်အများအပြားနှင့် ဆေးနှင့်နီးနွယ်နေသော ဘာသာရပ်ဆိုင်ရာ အခြားတက္ကသိုလ်များလည်း ရှိလာပြီဖြစ်သည်။ ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့၌ လွတ်လပ်ရေးရသောအချိန်က မြန်မာနိုင်ငံ၌ ယင်းကဲ့သို့သော တက္ကသိုလ်များ (Institutes or Professional Universities)မရှိခဲ့ပေ။ ယခုဆေးတက္ကသိုလ် (၁) ရန်ကုန် ဟုခေါ်သော ဆေးအတတ်သင်ကျောင်းမှာ ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ဆေးကောလိပ် (Medical College) သို့မဟုတ် ဆေးပညာမဟာဌာန (Faculty of Medicine) အဖြစ်သာ တည်ရှိခဲ့လေသည်။

တက္ကသိုလ်အဆင့် ဆေးပညာသင်ကြားရေးမှာ မြန်မာနိုင်ငံ၌ ၁၉၂၀ ပြည့်တွင် ဥပဒေပြဋ္ဌာန်း၍ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ရန်ကုန်တက္ကသိုလ် ဖွင့်ပြီးသည့် အချိန်ကျမှသာ စတင်နိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ပြည့် ဒီဇင်ဘာလ ၁ ရက်နေ့တွင်စတင်ဖွင့်လှစ်ရာ ရန်ကုန်တက္ကသိုလ်ဥပဒေပါ အချက်အလက်များကို မကျေနပ်သောကျောင်းသားများက ကန့်ကွက်ဆန္ဒပြ သပိတ်မှောက်ခြင်းကြောင့် ရန်ကုန်တက္ကသိုလ်၏ ပညာသင်ခရီးသည် အစမကောင်းခဲ့ပေ။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်ဥပဒေကိုမကျေနပ်ကြသည့် အချက်များစွာအနက် အဓိကအားဖြင့် အောက်ပါအချက်များကြောင့် ဖြစ်သည်ဟု သိရလေသည်–

(၁) ရန်ကုန်တက္ကသိုလ်သည် အင်္ဂလန်နိုင်ငံရှိ အောက်စဖို့ဒ်နှင့် ကိန်းဘရစ် (ဂျ်) တက္ကသိုလ်ကြီးများကဲ့သို့ ဆရာနှင့် ကျောင်းသားများ ကျောင်းအိပ်ကျောင်းစား အတူနေ၍ ပညာထူးချွန်အောင် ပညာသင်ကြားပေးသည့် တက္ကသိုလ်ဖြစ်ရမည်။

(၂) တက္ကသိုလ်စာမေးပွဲများကို အပြင်မှဖြေဆိုခြင်း၊ အရစ်ကျဖြေဆိုခြင်းမရှိစေရ။

(၃) တက္ကသိုလ်များ ဗဟိုကောင်စီတွင် ကျောင်းသားကိုယ်စားလှယ်များမပါဝင်ရ။

(၄) ရန်ကုန်တက္ကသိုလ် ဝင်ခွင့်ကို တက္ကသိုလ်အာဏာပိုင်များက ကိုင်ထား၍ ဘွဲ့သင်တန်း မတက်မီ အကြိုတစ်နှစ် (Preliminary Year) ထားရှိမည်။

(၅) ရန်ကုန်မြို့တော်ပြင်ပ၌ အခြားတက္ကသိုလ်များ ဖွင့်ခွင့်မရှိစေရ။

သို့ဖြစ်၍ သပိတ်မှောက်ကျောင်းသားများက အချက် ၁၆ ချက်ပါ တောင်းဆိုချက်ကို တက္ကသိုလ်အာဏာပိုင်များထံ တင်သွင်းခဲ့၏။ အာဏာပိုင်များက လက်မခံသဖြင့် သပိတ်တိုက်ပွဲမှာ ရှည်ကြာခဲ့၏။ "ကျောင်းသားအရေး" မှ "နိုင်ငံရေးအသွင်သပိတ်" အဖြစ် ပြောင်းလဲသွားခဲ့၏။ သို့ဖြင့် ၁၉၂၃ ခုတွင် အာဏာပိုင်များက ရန်ကုန် တက္ကသိုလ်ဥပဒေကို ပြင်ပေးခဲ့သဖြင့် ကျောင်းသားများ၏ တိုက်ပွဲမှာ အောင်မြင်ခဲ့လေသည်။

ထိုသို့ ရန်ကုန်တက္ကသိုလ်ကို စတင်ဖွဲ့စည်းစဉ်က ဝိဇ္ဇာပညာ နှင့် သိပ္ပံပညာများကိုသာ သင်ပေးနိုင်သော ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့ကို ပေါင်း၍ ဖွဲ့စည်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဆေးကောလိပ်မှာ ရန်ကုန်တက္ကသိုလ်ဖွင့်စက မရှိခဲ့ပေ။ ဆေးကောလိပ်ကို ၁၉၂၅ ခုကျမှ ဆရာဖြစ်သင်ကောလိပ်၊ မန္တလေးဥပစာ ကောလိပ်နှင့် စိုက်ပျိုးရေး ကောလိပ်တို့နှင့်အတူ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၂၀ ပြည့်မတိုင်မီကပင် အဆင့်နိမ့်ဆေးပညာရှင် (ဝါ) အောက်တန်းဆရာဝန်ဟုခေါ်ဆိုအပ်သော အယ်လ်အမ်ပီ (L.M.P, Licentiate of Medical Practice) သင်တန်းကို ရန်ကုန်မြို့ ယခု ရန်ကုန်ဆေးရုံကြီး အရှေ့ဘက် လေဟာပြင် ကွက်လပ်ကြီးပေါ်တွင် နှစ်ထပ်ပျဉ်ထောင် ဆေးရုံဟောင်းကြီး၌ ၁၀ တန်းအောင်ပြီး ၄ နှစ်သင်တန်းအဖြစ် သင်ကြားပေးခဲ့၏။ အင်္ဂလိပ်နှင့် အခြားမျက်နှာဖြူများအတွက် မရည်ရွယ်ဘဲ တိုင်းရင်းသားမြန်မာများနှင့် အိန္ဒိယ လူမျိုးများအတွက်သာ ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထိုကျောင်းမှ ဆင်းသောအခါ လက်ထောက်ဆရာဝန် (AS, Assistant Surgeon) ထက် တစ်ဆင့်နိမ့် ရာထူး ဒု – လက်ထောက် ဆရာဝန် (SAS, Sub Assistant Surgeon) အဖြစ်သာ ခန့်အပ်ခြင်းခံရ၏။ ယင်းတို့သည် မည်သည့်အခါမျှ ခရိုင်ဆရာဝန် (Civil Surgeon) နှင့် တက္ကသိုလ်ဆရာဝန် ဆရာများ (University Appointed Teacher) မဖြစ်နိုင်ပေ။

## တက္ကသိုလ်အဆင့်ဆေးပညာဟူသည်

တက္ကသိုလ်အဆင့်ဆေးပညာဟူသည်မှာ ၁၀ တန်းအောင်ရုံဖြင့် ဆေးကောလိပ် သို့မဟုတ် ဆေးသိပ္ပံ ဝင်ခွင့်မရှိ။ ပထမ တက္ကသိုလ်တွင် သင်ကြားသော သိပ္ပံ နှင့် ဝိဇ္ဇာဘာသာရပ်များကို ၂ နှစ်မှ ၄ နှစ်အထိ သင်ကြားကြရသည်။ အင်္ဂလိပ် သို့မဟုတ် ဗြိတိသျှအင်ပိုင် ယာ အတွင်းရှိ တက္ကသိုလ်များ၌ နှစ်နှစ်မျှ ရူပဗေဒ၊ ဓာတုဗေဒနှင့် သတ္တဗေဒတို့ကို သင်ယူကြရ၏။ အင်္ဂလိပ်လူမျိုးမဟုတ်သူများအဖို့ အင်္ဂလိပ်စာလည်း တတ်ကျွမ်းအောင် သင်ကြရသည်။ ထိုသို့ တတ်မြောက်ပြီးမှ ဆေးပညာဘာသာရပ်များကို ၅ နှစ်မှ ၆ နှစ်အထိ ဆက်သင်ကြား၏။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ရန်ကုန်တက္ကသိုလ် လက်ထက်ကမူ တက္ကသိုလ်အဆင့် ဆေးပညာသင်တန်းကို သုံးပိုင်းခွဲ၍ သင်ကြားရ၏။ ပထမ ၂ နှစ်ကို ဆေးလက်တွေ့အကြို (Preclinical Class) ဟုခေါ်ပြီး ခန္ဓာဗေဒနှင့် ဇီဝကမ္မ တို့ကို သင်ကြားရ၏။ ဇီဝကမ္မဘာသာထဲတွင် သက်ရှိဓာတုဗေဒ (Organic Chemistry) နှင့် ဇီဝဓာတုဗေဒ (Bio Chemistry) တို့ပါဝင်လေသည်။ ဤနှစ်နှစ်ပြီးလျှင် ဆေးလက်တွေ့အခြေခံဘာသာရပ် (Paraclinical Subjects) များဖြစ်သည့် ရောဂါဗေဒ (Pathology)၊ ပိုးမွှားဗေဒ (Bacteriology) ဆေးဝါးဗေဒ (Pharmacology) တို့ကို တစ်နှစ်၊ ထို့နောက် ရောဂါဗေဒ၊ ပြည်သူ့ကျန်းမာရေး (Public Health & Hygiene) နှင့် ဥပဒေရေးရာ ဆေးပညာ (Forensic Medicine or Medical Jurisprudence) တို့ကို ၁ နှစ် သို့မဟုတ် ၂ နှစ် ထပ်၍သင်ရသည်။ ဤဘာသာရပ်များကို ဆေးရုံလက်တွေ့ဆင်း၍ လူနာများ စမ်းသပ်ကုသသည့် ဘာသာရပ်များ (Clinical Subjects) နှင့်အတူ သင်ရ၏။ ဆေးလက်တွေ့ဘာသာရပ်များကို နောက်ထပ်တစ်နှစ် သပ်သပ်သင်ရသေးသည်။

ဤဆေးလက်တွေ့ဘာသာရပ်များမှာ ဖျားနာကုဆေးပညာ ( Medicine)၊ ခွဲစိတ်ကုပညာ (Surgery) နှင့် သားဖွားနှင့် မီးယပ်ပညာ (Obstetrics or Midwifery and Gynaecology ) တို့ဖြစ်လေသည်။ ဤဘာသာရပ်ကို အောင်မြင်ပြီးမှ ဆရာဝန်ဘွဲ့ M. B., B. S (Bachelor of Medicine and Bachelor of Surgery) ပေးလေသည်။ ဤဘွဲ့ရလျှင် မည်သည့်ရောဂါကိုမဆို ကုနိုင်သည်။ တက္ကသိုလ်၌ ပါမောက္ခအထိ ဖြစ်နိုင်သည်။

အမေရိကန်ပြည်ထောင်စု၌မူ အထက်ပါ ဆေးပညာဘာသာရပ်များကို ဆေးကောလိပ်၌ ၄ နှစ်သာ သင်ရ၏။ သို့သော် ဆေးကောလိပ်သို့မဝင်မီ ၄ နှစ်ကြာ ဝိဇ္ဇာ သို့မဟုတ် သိပ္ပံသင်တန်းတစ်ခုကို တက်ခဲ့ရ၏။ ယင်းဘွဲ့တစ်ခု (B.A or B.Sc) ရပြီးမှ ဆေးကောလိပ်၌ ၄ နှစ် တက်ရ၏။ ဆေးကောလိပ်မှ အောင်သောအခါ ဆေးပညာဘွဲ့ (M. D. Doctor of Medicine) ပေးလေသည်။

ဤသို့ ဆရာဝန်တစ်ယောက်ဖြစ်ရန် ၁၀ တန်းအောင်ပြီး ၇ နှစ်မှ ၈ နှစ်အထိ သင်ကြားရသည်မှာ ဆေးကုသတတ်ရန်အတွက်သာမဟုတ်၊ ထိုဆရာဝန်သည် လူလူချင်း စာနာစိတ်၊ ကြင်နာစိတ်နှင့် ယဉ်ကျေးသူဖြစ်ရန်၊ ပြည်သူလူထု၏ အမှောင်ကိုခွင်းအလင်းဆောင်မည့် ခေါင်းဆောင်ဖြစ်ရန် ရည်ရွယ်သောကြောင့် ဖြစ်သည်။ "ဆရာဝန်ဖြစ်လျှင် ဆေးကုတတ်ရမည်" ဟူသည်မှာ ဆရာဝန်သင်တန်း၏ အခြေခံရည်မှန်းချက်တစ်ခုသာ ဖြစ်လေသည်။

အကြောင်းမူ တက္ကသိုလ် (University or Institute) ဟူသည်မှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူအဖြစ်ဝင်လာသူများကို အသက်မွေးဝမ်းကျောင်းပညာပေးရန် အပြင် အောက်ပါရည်မှန်းချက်များကို ဖော်ဆောင်ရန် ဖြစ်သောကြောင့်ပင်–

(၁) အမှန်တရားကို ရှာဖွေ၊ ဖော် ထုတ်၊ ထိန်းသိမ်းရန်။
(၂) လူ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန်။
(၃) အသိဉာဏ်ပညာများကိုတိုးပွားစေရန်၊ ဖြန့်ချိရန်။
(၄) လွတ်လပ်မှုကို မြတ်နိုးတတ်ရန်နှင့် ထိန်းသိမ်းကာကွယ်ရန်။
(၅) လူ့အခွင့်အရေးများကို ထိန်းသိမ်းကာကွယ်ရန်။
(၆) အထက်ပါအချက်များကို အမြဲသုတေသနလုပ်ဖြန့်ဝေ သင်ကြားပေးရန်။
(၇) လူ့ဘောင် (နိုင်ငံ) ကလိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နိုင်ငံခေါင်းဆောင်များ မွေးထုတ်ပေးရန်။

သို့ဖြစ်၍ ယခုခေတ်မြန်မာနိုင်ငံရှိ တက္ကသိုလ်အားလုံး၏ မိခင်ရန်ကုန်တက္ကသိုလ်ကို စတင်ဖွဲ့စည်းတည်ထောင်ရန်ကြံသောအခါ၌ တက္ကသိုလ်ဖြစ်မြောက်ရေး ကော်မရှင်က အောက်ပါအတိုင်း အဆိုပြုခဲ့ခြင်းဖြစ်သည်–

(၁) ရန်ကုန်တက္ကသိုလ်သည် တစ်ခုတည်းသော ဗဟိုကချုပ်ကိုင်သည့်ကျောင်းအိပ်ကျောင်းစား ကောလိပ်များဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။
(၂) ပညာရေးနှင့် ဆိုင်သော ကိစ္စရပ်များကို သက်ဆိုင်ရာ ပညာရေးအဖွဲ့များကသာ ကိုင်တွယ်ဖြေရှင်းရမည်။
(၃) ပညာရေးနှင့် စီမံအုပ်ချုပ်ရေးကို ညှိနှိုင်းဆောင်ရွက်ရန် အဖွဲ့အစည်းနှင့် အခွင့်အလမ်းများရှိရမည်။
(၄) တက္ကသိုလ်ကို မိမိဘာသာရပ်တည်နိုင်သော

လွတ်လပ်စွာအုပ်ချုပ်ခွင့်ရှိသည့် အဖွဲ့အစည်းဖြစ်စေရမည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၁ ခုနှစ် ၁၉၅၂ ခုနှစ်တွင် စုံစမ်းခဲ့သော ရန်ကုန်တက္ကသိုလ်၏ လိုအပ်ချက်ကော်မတီ (University's Needs' Committee) ကလည်း တက္ကသိုလ်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု အစီရင်ခံခဲ့သည်။

(၁) အသိပညာနှင့် အတတ်ပညာများ တိုးတက်ရေးအတွက် သုတေသန လုပ်ငန်းများကို အားပေးရန်။
(၂) နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်။
(၃) နိုင်ငံ၏ ပြောင်းလဲနေသော လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့်အညီ လိုအပ်သော ပညာရှိ သုတေသီများ (Scholars) ပါရဂူများ၊ အသိပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ရန်။

အထက်ပါ အချက်များသည် ရန်ကုန် တက္ကသိုလ်အတွက်သာ အကျုံးဝင်သည်မဟုတ်။ ယခုအခါ "တက္ကသိုလ်" ဟု အမည်တပ်ထားသော ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်နှင့် ဆေးဘက် ဆိုင်ရာ ပညာသည်တက္ကသိုလ်တို့နှင့်လည်း အကျုံးဝင်ကြောင်း သိကြရပါမည်။



မြန်မာ့ဆေးလောက၏ ဘခင်ကြီးနှင့် ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ ပထမဦးဆုံး ပါမောက္ခချုပ် ဒေါက်တာ ဘသန်း

## ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ သမိုင်း

ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ယခုလက်ရှိ တက္ကသိုလ်အားလုံး၏ မိခင်ဖြစ်သကဲ့သို့ ဆေးတက္ကသိုလ် ၁၊ ရန်ကုန်သည်လည်း ယခုလက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးနှင့်နီးနွယ်နေသော အခြားတက္ကသိုလ်အားလုံး၏ မိခင်ပင်ဖြစ် သည်။ တစ်နည်းဆိုက ဆေးတက္ကသိုလ် ၁၊ ရန်ကုန်သည် မူလ ရန်ကုန်တက္ကသိုလ်ကြီး၏ သမီးဖြစ်ပြီး အခြားဆေးတက္ကသိုလ်များနှင့် နီးနွယ်နေသော တက္ကသိုလ်များသည် မြေး၊ မြစ်များဖြစ်သည်ဟုလို။

ဤဆေးတက္ကသိုလ် ၁ ကို မူလက ရန်ကုန်ဆေးကောလိပ်ဟုခေါ်ပြီး ၁၉၂၃- ၂၄ ခုစာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်စတွင် ကျောင်းသားကျောင်းသူ ၃၀ ဦးရှိ၏။ ထိုအထဲ၌ မြန်မာ ၁၀ ယောက်သာ ပါဝင်ပြီး ကျန်ကျောင်းသားများမှာ အိန္ဒိယလူမျိုးနှင့် ကပြားများသာ ဖြစ်သည်။

ထိုစဉ်က ဆေးဝိဇ္ဇာဘွဲ့ခေါ် ဆရာဝန်ဆေးပညာဘွဲ့ (M.B., B.S) ကိုဥပစာသိပ္ပံအောင်ပြီး ၆ နှစ်သင်ကြားရသည်။ သင်ကြားပေးသော ဆရာဝန်ကြီးများမှာ ရန်ကုန်ဆေးရုံကြီးမှ အိန္ဒိယဆေးပငြိညာဉ်ဝန်ထမ်း (Indian Medical Service) ဝင် ဗြိတိသျှ စစ်ဘက်ဆိုင်ရာ ဆရာဝန်ကြီးများ ဖြစ်၏။

ယင်းဆေးကောလိပ်၏ ပထမဦးဆုံး ကျောင်းအုပ်ကြီး (Principal) မှာ ခန္ဓာဗေဒ ပါမောက္ခနှင့် ခွဲစိတ်ဆရာဝန်ကြီး ဗိုလ်မှူးကြီး အိပ်ချ်လက် (ခ်) (Colonel H. Lack) ဖြစ်သည်။ အမ်ဘီဘီအက်စ်နှင့် အက်ဖ်အာရ်စီအက်စ် (တော်ဝင်ခွဲစိတ်မှု အသင်းဝင် ဒီပလိုမာ လက်မှတ်) ရသူဖြစ်၏။ ဆေးပညာသင်ရိုးညွှန်းတမ်းကို စကော့တလန်ရှိ အီဒင်ဘာရာ တက္ကသိုလ်မှ ဆေးပညာသင်ရိုးညွှန်းတမ်းကိုယူ၍ သင်ပေးခြင်းဖြစ်သည်။ ယင်းဆေးကောလိပ်ဖွင့်စက ဆရာကျောင်းသား အချိုးမှာ တစ်ချိုးနှစ်ချိုး ၁:၂ ဖြစ် သည်။ လူနာစမ်းသပ်မှု၊ ခွဲစိတ်မှုတို့ကို ဆေးကျောင်းသားများ ကိုယ်တိုင် ဆရာ၏ ကြီးကြပ်မှုအောက်တွင် ကိုယ်တိုင်လုပ်နိုင်ကြသည်။

သို့ဖြစ်၍ ၁၉၂၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံမှ ဆေးကောင်စီသည် အိန္ဒိယနှင့် မြန်မာနိုင်ငံရှိ ဆေးကောလိပ်များသို့

လာကြည့်ရာ "ရန်ကုန်ဆေးကျောင်းသားများက အိန္ဒိယ ဆေးကျောင်းသားများထက် အဆင့်အတန်းသာလွန်မြင့်မား လှသည်" ဟုမှတ်ချက်ပြုခဲ့သည်။ ထိုစဉ်က ရန်ကုန် တက္ကသိုလ်၏ ဘွဲ့များမှာလည်း အဆင့်အတန်း မြင့်မားလှ၍ ရန်ကုန်တက္ကသိုလ်ကို "အရှေ့တိုင်း၏ အောက်စ်ဖို့ဒ် (Oxford of the East) ဟုတင်စား ပြောခဲ့ကြသည်။" ရန်ကုန် ဆေးကောလိပ်၏ အမ်ဘီဘီအက်စ် ဘွဲ့ကို ၁၉၃၇ ခုနှစ်တွင် ဗြိတိသျှ ဆေးကောင်စီ (General Medical Council) က အသိအမှတ်ပြုခဲ့သည်။ သို့ဖြင့် ရန်ကုန်ဆေးကောလိပ်မှ ဘွဲ့ရသော မြန်မာဆရာဝန်များသည် ဘိလပ်ရှိဆေးတက္ကသိုလ် များနှင့် တော်ဝင်ဆေးပညာရှင်များကောလိပ် (Royal Colleges) တို့က ကျင်းပပြုလုပ်သော သင်တန်းအသီးသီးနှင့် စာမေးပွဲများသို့ အရည်အချင်းစစ်စာမေးပွဲများ ဖြေဆိုရန် မလိုဘဲ တိုက်ရိုက်ဝင်ရောက်နိုင်ခဲ့ကြသည်။ ၁၉၇၄ ခု နောက်ပိုင်း ဘွဲ့ရသူများ ထိုအခွင့်အရေး မရတော့ပါ။

၁၉၄၁ ခုနှစ်ကုန်အထိ ရန်ကုန်ဆေးကောလိပ်က တစ် နှစ်လျှင်ကျောင်းသား၄၀လက်ခံသင်ကြားပေးခဲ့သည်။ယခု လမ်းမတော်ရှိ ဆေးတက္ကသိုလ် ၁ ၏အဆောက်အအုံများမှာ ထိုစဉ်က ဆောက်လုပ်ထားခဲ့သော အဆောက်အအုံများ ဖြစ်သည်။ တစ်တန်းလျှင် ကျောင်းသား ၄၀ ၊ ၅ တန်းစာ ကျောင်းသား ၂၀၀ အတွက် ရည်ရွယ်ဆောက်လုပ် ခဲ့ခြင်းဖြစ်၏။ ယခုမူ တစ်နှစ်လျှင် ကျောင်းသား ၂၀၀မှ ၂၅၀၊ ၃ တန်းမှ ၅ တန်း ကျောင်းသား ၁၀၀၀မှ ၂၀၀၀ အတွင်း သင်ကြားပေးနေ၏။ ပြည်လမ်းရှိ အဆောက်အအုံ များ၌ ၂ တန်းစာ ကျောင်းသား ၅၀၀ ကျော် သင်ကြားပေး နေသည်။ အခြား ဆေးနှင့် နီးနွယ်သောကျောင်းသား များကိုပါ ထည့်တွက်က ယခု ဆေးတက္ကသိုလ် ၁ သည် တစ်နှစ်လျှင်ကျောင်းသား ကျောင်းသူပေါင်း ၂၀၀၀ ကျော် ၃၀၀၀ ခန့်ကို သင်ကြားပေး နေရသည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုမှ ၁၉၄၅ ခုနှစ်အထိ ဆေးကောလိပ်သင်တန်းများကို ရပ်ဆိုင်းထားခဲ့၏။ ၁၉၄၆ ခုနှစ်တွင် ဆေးသင်တန်းများကို ပြန်လည်ဖွင့်လှစ်ပြီး ရန်ကုန် တက္ကသိုလ်၏ ဖွဲ့စည်းပုံအသစ်အရ ဆေးပညာ မဟာဌာန (Faculty of Medicine, University of Rangoon) ဖြစ်လာခဲ့၏။ ဆေးကောလိပ်ကျောင်းအုပ်ကြီး မှာလည်း မဟာဌာနမှူး (Dean) ဖြစ်လာ၏။ ယင်းမဟာဌာန မှူးကို ၂ နှစ်တစ်ကြိမ် လှည့်လည်၍ ခန့်အပ်ခဲ့ရာ ပထမဦးဆုံး မဟာဌာနမှူးမှာ ကာနယ် မင်းစိန်၊ IMS (Retired), M.B., (Cal); F.R.C.P (London) ဖြစ်၏။အခြားအလှည့်ကျ မဟာဌာနမှူးမှာ ဒေါက်တာ ဘသန်း M.B (Cal); F.R.C.S; F.I.C.S, F.A.C.S ဖြစ်လေသည်။ ၁၉၅၄ ခုနှစ်၌ မဟာဌာနမှူး၏ လက်ထောက် (Assistant to the Dean) အဖြစ် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ကိုကြီး M.B., B.S (Rgn), D.O.M.S (London), F.I.C.S, ကို ခန့်အပ်ခဲ့၏။

ယင်းနှစ်၌ပင် မန္တလေးမြို့၌ ဆေးပညာမဟာဌာနခွဲ (Branch Medical Faculty) ကို ဖွင့်လှစ်ခဲ့၏။ ယင်းမဟာ ဌာနခွဲ၏ အကြီးအကဲမှာ ဒေါက်တာ ချောက်ဒရီ M.B., B.S; M.R.C.P ဖြစ်လေသည်။

၁၉၆၂ ခုနှစ်တွင် တပ်မတော်က တော်လှန်ရေးကောင်စီ ဖွဲ့၍ အာဏာသိမ်းပြီးနောက် ပညာရေးစနစ်ကို ပြုပြင် ပြောင်းလဲခဲ့ရာ ရန်ကုန်ဆေးကောလိပ်သည် လွတ်လပ်သော ရန်ကုန်တက္ကသိုလ်၏ အောက်မှ ပညာရေးဝန်ကြီးဌာန အောက်သို့ရောက်ခဲ့၏။ အမည်ကိုလည်း ဆေး ကောလိပ် ၁၊ ရန်ကုန် (Medical College I, Rangoon) ဟု ပြောင်းခေါ်ခဲ့၏။ နောက် ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်ပညာရေးစနစ်ကိုပြုပြင်၍ အသက်မွေးဝမ်းကျောင်းကောလိပ်များကို တက္ကသိုလ်များ (Institutes) ဟုလည်းကောင်း၊ ဝိဇ္ဇာ သိပ္ပံသင် ကောလိပ် များကို တက္ကသိုလ်နှင့် ကောလိပ်များ (Universities, Degree Colleges and Colleges) ဟုလည်းကောင်း ခေါ်တွင်ရာ ဆေးကောလိပ် (၁) မှာ ဆေးတက္ကသိုလ်၁၊ ရန်ကုန် ဖြစ်လာ၏။ ယင်းဆေးတက္ကသိုလ် ၁၊ ရန်ကုန်၏ ပထမဦးဆုံး ပါမောက္ခချုပ် (Rector) မှာ ဒေါက်တာ ဘသန်းပင်ဖြစ်လေသည်။

၁၉၆၄ – ၁၉၆၅ ခုပညာသင်နှစ်၌ ဆေးတက္ကသိုလ် ၁ ၏ လက်အောက်ခံ အပေါင်းအစည်း ကောလိပ်အဖြစ် သွားဘက်ဆိုင်ရာဆေးကောလိပ် (Dental College) ကို စတင် တည်ထောင်ခဲ့၏။ ယင်းကောလိပ်မှ သင်တန်းများကို ဆေးတက္ကသိုလ် (၁) ၏ ဆရာများက ပို့ချပေးရာ မြန်မာ နိုင်ငံ၌ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ (B.D.S., Bachelor of Dentistry) ကိုပေးရန် ခြေလှမ်းသစ်တစ်ခု လှမ်းလိုက်ခြင်းပင်ဖြစ်သည်။ ယင်းသွား/ဆေးသင်တန်းသည် ၁၀ တန်းအောင်ပြီး ၆ နှစ်ကြာမြင့်၍ သင်ရိုးညွှန်းတမ်းမှာ အင်္ဂလန်နှင့် အိန္ဒိယ သွားဘက်ဆိုင်ရာ ဆေးကောလိပ် များမှ သင်ရိုးညွှန်းတမ်း များကို ပေါင်းစပ် ပြုပြင်ထားခြင်း ဖြစ်သည်။

ဆေးတက္ကသိုလ် (၁) မှ ဆရာ၊ ဆရာမများသည် အခြားသော ဆေးနှင့် နီးနွယ်သည့် ဘာသာရပ်ဆိုင်ရာ သင်တန်းများ၌လည်း အခါအားလျော်စွာ ပါဝင်သင်ကြားပေးကြ ရသည်။ ဥပမာ– ရန်ကုန်ဆေးရုံကြီးရှိ သူနာပြုသင်တန်းများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ သားဖွားဆရာမသင်တန်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ အခါအားလျော်စွာ ဖွင့်လှစ်သော ဆေးဘက်ပညာသည်သင်တန်းများ (Paramedical Courses) ဖြစ်သည်။

၁၉၆၃ – ၆၄ ခု ပညာသင်နှစ်တွင် မင်္ဂလာဒုံ၌ ဆေးကောလိပ် ၂ ကို စတင်ဖွင့်လှစ်သောအခါလည်း

ဆေးတက္ကသိုလ် ၁ မှ ဆေးလက်တွေ့ အကြိုဘာသာရပ်ဆိုင်ရာ ပါမောက္ခများသည် ဆေးကောလိပ် ၂ ၏ သက်ဆိုင်ရာ ဌာနများ၌ ကြီးကြပ်ရေးပါမောက္ခများ (Supervising Professor) အဖြစ် ကူညီဆောင်ရွက်ကြရသည်။

ထို့အပြင် ၁၉၆၄ ခုနှစ်မှ စ၍ ဗြိတိန်နိုင်ငံ တော်ဝင်ဆေးကောလိပ်များ (Royal Colleges of Medicine, Surgery and Obstetrics and Gynaecology) တို့မှ ပြုလုပ်သော ပထမပိုင်းစာမေးပွဲကို ဖြေဆိုကြမည့် မြန်မာဆရာဝန်များကိုလည်း အခြေခံဆေးပညာရပ်များ (Basic Medical Sciences) သင်ကြားပေးကြသည်။

## ဆေးတက္ကသိုလ် (၂) ရန်ကုန်

ဆေးတက္ကသိုလ် ၂ ရန်ကုန်ကို ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီအစိုးရ ပေါ်လာပြီးနောက် ၁၉၆၃ – ၁၉၆၄ စာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ဖွင့်ချင်း ဆေးကောလိပ် ၂ ရန်ကုန် (Medical College 2, Rangoon) ဟု ခေါ်ခဲ့၏။ ယင်းဆေးကောလိပ်၏ ပထမဦးဆုံး မဟာဌာနမှူး (Dean) မှာဗိုလ်မှူးကိုကိုကြီး M . B ., B . S (Rgn); M D (Penn); Board- certified Psychiatrist (M.R.C.Psy နှင့်ညီမျှသည်)ဖြစ်၏။ ၁၉၆၄ ခုနှစ်၌ ဆေးတက္ကသိုလ် ၂ အဖြစ် ပြန်လည်ဖွဲ့စည်းသောအခါ၌လည်း ၎င်းပင် ပထမဦးဆုံး ပါမောက္ခချုပ် ဖြစ်ခဲ့လေသည်။

ဆေးတက္ကသိုလ် (၂) ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများမှာ ဆေးတက္ကသိုလ် (၁) အတိုင်းပင်ဖြစ်၏။ သို့သော် သင်ကြားရေးဆေးရုံကြီးမှာကား ပထမတပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံဖြစ်၏။ နောက်ပိုင်းကျမှ မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် ခွဲ၍ သင်ကြားရသည်။ အင်းစိန်ပြည်သူ့ဆေးရုံမှာလည်း ဆေးတက္ကသိုလ်(၂) ၏ တွဲဖက်သင်ကြားရေးဆေးရုံဖြစ်သည်။ ၁၉၉၄ ခု န ၀ တ အစိုးရလက်ထက်တွင် သဃ်္ဃန်းကျွန်း အထူးကုဆေးရုံကြီးကိုလည်း ဆေးတက္ကသိုလ် (၂) ၏ သင်ကြားရေးဆေးရုံကြီးအဖြစ် သတ်မှတ်ထားသည်။

ဆေးတက္ကသိုလ် (၂) ၏ ပါမောက္ခချုပ်ရုံးနှင့် အခြေခံသိပ္ပံပညာနှင့် အခြေခံဆေး ပညာဘာသာရပ်များ၏ သင်ကြားရေးဌာနများမှာ မင်္ဂလာဒုံတွင် စတင်ဖွင့်၏။ ကျောင်းသားကျောင်းသူများ၏ အဆောင်များကိုလည်း မင်္ဂလာဒုံတွင်ထားရှိသည်။ ၁၉၉၃ – ၉၄ ခု စာသင်နှစ်မှစ၍ ဆေးတက္ကသိုလ်(၂)၏အမျိုးသားဆောင်နှင့်အမျိုးသမီးဆောင်တို့ကို မြောက်ဥက္ကလာပရှိ အဆောက်အအုံသစ်များသို့ ရွှေ့ပြောင်းခဲ့၏။ ၁၉၉၄ ခုနှစ်ကုန်လျှင် ဆေးတက္ကသိုလ် (၂) တစ်ခုလုံးသည် မြောက်ဥက္ကလာပရှိ အဆောက်အအုံသစ်များသို့ ရွှေ့ရမည်ဟု ကြားသိရ၏။ ယခု မင်္ဂလာဒုံရှိ ဆေးတက္ကသိုလ် (၂) အဆောက်အအုံများတွင် တပ်မတော်ဆေးတက္ကသိုလ်သစ်က နေရာဝင်ယူမည်ဖြစ်လေသည်။ တပ်မတော် ဆေးတက္ကသိုလ်ကို ၁၉၉၃ခုနှစ်က ကျောင်းသားကျောင်းသူ ၅၀နှင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၁၀၀ ထိ တိုးလက်ခံခဲ့၏။



၁၉၆၃ – ၆၄ ခုနှစ်က စတင်ဖွင့်လှစ်သော ဆေးတက္ကသိုလ် ( ၂ ) ၏ ပါမောက္ခချုပ်ရုံး (ယခင်ကတပ်မတော်ပိုင်ဖြစ်သည်။)

## ဆေးတက္ကသိုလ် ၊ မန္တလေး

ဆေးတက္ကသိုလ် မန္တလေးကို ၁၉၅၃ – ၅၄ စာသင်နှစ်က ရန်ကုန်ဆေးကောလိပ် (ဝါ) ဆေးပညာမဟာဌာနခွဲ (Branch Medical Faculty) အဖြစ် စတင်ဖွင့်လှစ်ခဲ့၏။ စတင်ဖွင့်လှစ် သောအချိန်က ပျဉ်းမနားအထက်ရှိ အညာမြို့နယ်များနှင့် ရှမ်းပြည်နယ်မှ ဥပစာသိပ္ပံ အောင်မြင်သူ ၅၀ တို့ကို ဒုတိယနှစ် အမ်ဘီဘီအက်စ်အတန်းမှ စတင်သင်ကြားပေးခဲ့၏။ ၁၉၅၈ ခုနှစ်တွင် မန္တလေးဒီဂရီကောလိပ်သည် ရန်ကုန်တက္ကသိုလ်လက်အောက်မှ လွတ်ကာ သီးခြားတက္ကသိုလ်အဖြစ် ဖွဲ့စည်းလိုက်သောအခါ မန္တလေးဆေးပညာမဟာဌာနခွဲမှာလည်း မန္တလေးတက္ကသိုလ်၏ လက်အောက်ခံ ဆေးပညာဌာန ဖြစ်လာခဲ့၏။ ယင်းမဟာဌာန၏ ပထမဦးဆုံး မဟာဌာနမှူး (Dean) မှာ ဒေါက်တာချောက်ဒရိုပင်ဖြစ်လေသည်။

၁၉၆၄ ခုနှစ်တွင် ပညာရေးစနစ်ကို ပြန်လည်ပြုပြင်သောအခါ မန္တလေးဆေးပညာမဟာဌာန (ဝါ) ဆေးကောလိပ်မှာ ဆေးတက္ကသိုလ် မန္တလေးဖြစ်လာ၏။ ယင်းဆေးတက္ကသိုလ်၏ ပထမဦးဆုံး ပါမောက္ခချုပ်မှာ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးဟောင်း ဒေါက်တာ မောင်မောင်ကြီး (ဗိုလ်မှူးကြီး အငြိမ်းစား) L. R. C. P (London), M R C S (England) ဖြစ်လေသည်။

၁၉၆၄ ခုနှစ်မှစ၍ မန္တလေးဆေးတက္ကသိုလ်သည် အခြားဆေးတက္ကသိုလ်များလိုပင် ၁၀ တန်းအောင်ပြီး ကျောင်းသားများကို တိုက်ရိုက်လက်ခံကာ ၆ နှစ်ခွဲ အမ်ဘီဘီအက်စ် သင်တန်းကို သင်ကြားပေးသည်။ ထိုအချိန်မှစ၍ နှစ်စဉ်လက်ခံပေးသော ဆေးကျောင်းသားဦးရေမှာ ၁၅၀ ဖြစ်လေသည်။ ယခု ၁၉၉၄ ခုနှစ်တွင် ၂၀၀ အထိ လက်ခံသင်ကြားနေသည်။

## ဆေးပညာ ဘွဲ့လွန်သင်တန်းများ

၁၉၂၅ ခုနှစ် (၁၉၂၃ – ၂၄ စာသင်နှစ်) ရန်ကုန်ဆေးကောလိပ် စတင်ဖွင့်လှစ်သည်မှ ၁၉၆၄ ခုနှစ်အထိ မြန်မာနိုင်ငံ၌ ဘွဲ့လွန်ဆေးပညာသင်တန်းများ မရှိခဲ့ပေ။ အမ်ဘီဘီအက် (စ်) ဆေးပညာဘွဲ့တစ်ခုတည်းကိုသာ ပေးအပ်နိုင်ခဲ့သည်။ အမ်ဘီဘီအက်(စ်) ဘွဲ့ထက်မြင့်သော တော်ဝင်ဆေးကောလိပ်များ၏ သင်တန်းများ ဥပမာ – M R C P, F R C S, M R C O G စသော အဆင့်မြင့်ဒီပလိုမာများနှင့် ဂုဏ်ထူးဆေးပညာ ဘွဲ့လွန်ဒီပလိုမာများ ဖြစ်သည့် မျက်စိ (D O M S or D O)၊ နား၊ နှာခေါင်း၊ လည်ချောင်း (D L O) နှင့် ကလေးကျန်းမာရေးပညာ ဘွဲ့လွန်ဒီပလိုမာ (D C H)၊ ပြည်သူ့ကျန်းမာရေး ဒီပလိုမာ (D P H) များကို ဗြိတိန် သို့မဟုတ် အိန္ဒိယနိုင်ငံသို့ သွားရောက်သင်ယူရ၏။ အပူပိုင်းဆေးပညာဒီပလိုမာ (D T M & H) အတွက်လည်း ထိုနည်းလည်းကောင်းဖြစ်သည်။

စစ်မဖြစ်မီက တက္ကသိုလ်တိုင်း၏ အဆင့်မြင့် ဘွဲ့လွန်ဒီဂရီဖြစ်သော မဟာသိပ္ပံ (M . Sc) နှင့် ပါရဂူဘွဲ့ (Ph . D) များကို ဆေးကောလိပ်က မပေးနိုင်သည့်ပြင် မြန်မာလူမျိုးဆရာဝန်ထဲက ယင်းဘွဲ့ရသူများလည်းမရှိခဲ့ပေ။ လွတ်လပ်ရေးရပြီးမှသာလျှင် ယင်းဘွဲ့လွန်ဒီဂရီများကို မြန်မာဆရာဝန်များသည် ဗြိတိန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျ၊ အိန္ဒိယ စသည်တို့မှ ရရှိခဲ့ကြသည်။

သို့ဖြစ်၍ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် လွတ်လပ်ရေးရရှိပြီးသောအခါ ဆေးပညာဆိုင်ရာ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာများကို ပြည်တွင်းမှာပင် ပေးနိုင်ရန် ကြံရွယ်ခဲ့၏။ ဤအတွက် ကြိုးစားကြရာ ၁၉၆၄ ခုတွင် ဆေးတက္ကသိုလ် ၁၊ ရန်ကုန်မှ မေ့ဆေးပညာဒီပလိုမာ (D A) သင်တန်းကို စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ယင်းနောက် ၁၉၆၅ ခုတွင် ရောဂါဗေဒ ဒီပလိုမာ (D P)၊ ၁၉၆၆ ခုတွင် ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာဒီပလိုမာ (D . P & T . M) နှင့် ၁၉၇၁ ခုတွင် ကလေးကျန်းမာရေးပညာဒီပလိုမာ (D C H)၊ ဗက်တီးရီးယားဒီပလိုမာ (D . Bact) နှင့် နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါဒီပလိုမာ (D L O) သင်တန်းများကို ဖွင့်လှစ်ပို့ချ နိုင်ခဲ့သည်။

မဟာသိပ္ပံ ဘွဲ့လွန် သင်တန်းများအဖြစ် ၁၉၇၁ ခုနှစ်တွင် မဟာသိပ္ပံ (ခန္ဓာဗေဒ) M. Sc (Anotomy) နှင့် မဟာသိပ္ပံ (ဇီဝကမ္မ) M. Sc. (Physiology) တို့ကို ဆေးတက္ကသိုလ် ၁၊ ၌ စတင်ဖွင့်လှစ် သင်ကြားပေးခဲ့၏။ ဆေးလက်တွေ့ ဘာသာရပ်များဖြစ်သည့် ဆေးပညာ (Medicine) နှင့် ခွဲစိတ်ကုပညာ (Surgery) အတွက်လည်း မဟာသိပ္ပံဘွဲ့သင်တန်းများကို ယင်းနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ၁၉၇၆ ခု နောက်ပိုင်းတွင် M. Sc ဆေးဘွဲ့များကို M. Med. Sc ဘွဲ့များဟု ခေါ်တွင်ခဲ့၏။

ဤအတွင်း အခြားဆေးပညာရပ်များအတွက် ဒီပလိုမာ နှင့် မဟာသိပ္ပံဘွဲ့လွန် သင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ယခုအခါ ဆေးတက္ကသိုလ် ၁၊ ရန်ကုန်၌ အောက်ပါဘွဲ့လွန် သင်တန်းများ ရှိသည်။ ။

| | |
|---|---|
| (၁) M . Med. Sc<br>MASTER OF MEDICAL SCIENCE<br>ဆေးပညာ မဟာသိပ္ပံဘွဲ့<br>၁၆ ခု | (ခန္ဓာဗေဒ၊ ဇီဝကမ္မ၊ ဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ ဆေးပညာ၊ ခွဲစိတ်ကု၊ သားဖွားနှင့် မီးယပ်၊ ကလေးကျန်းမာရေးပညာ၊ ဓာတ်မှန်၊ |

၁၉၆၃–၆၄ ခုနှစ်က တပ်မတော် စင်တန်းလျားကို စာသင်ခန်းအဖြစ် ပြုပြင်ထားသည့်ဆေးတက္ကသိုလ်(၂)ခန္ဓာဗေဒဌာန



မေ့ဆေး၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးရောဂါ၊ ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ)

(၂) ဒီပလိုမာ သင်တန်းများ ၄– ခု (စိတ်ရောဂါ၊ ရောဂါဗေဒ၊ ဗက်တီးရီးယား၊ ဓာတ်မှန်)

မန္တလေးဆေးတက္ကသိုလ်၌မူ ယခုအခါ ဆေးပညာမဟာသိပ္ပံဘွဲ့ (M . Med. Sc) အတွက် အောက်ပါဘာသာရပ်များအတွက် သင်တန်းများရှိသည်–

(၁) ခန္ဓာဗေဒ
(၂) ဇီဝကမ္မဗေဒ
(၃) ဇီဝဓာတုဗေဒ
(၄) အဏုဇီဝဗေဒ
(၅) ကလေးရောဂါ
(၆) အရိုးရောဂါ
(၇) ဆေးပညာ
(၈) ခွဲစိတ်ကုပညာ
(၉) သားဖွားနှင့်မီးယပ်ပညာ

စင်စစ် ဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းကို M . Sc. Physiology အဖြစ် မန္တလေးဆေးတက္ကသိုလ်သည် ၁၉၆၇ ခုနှစ်၌ ဇီဝကမ္မဗေဒဘာသာရပ်အတွက် စတင်ဖွင့်လှစ်ခဲ့၏။ သို့သော် ၁၉၇၁ ခုနှစ်တွင် ဆေးပညာဘွဲ့လွန်သင်ကြားရေး အဖွဲ့ ( Board of Postgraduate Medical Education or Studies)ကို ဒေါက်တာ ဦးဘသန်း ဦးဆောင်ပြီး ရန်ကုန်၌ ဖွဲ့စည်းသောအခါ ရန်ကုန်ဆေးတက္ကသိုလ် ၁ မှာသာ ဘွဲ့လွန်သင်တန်း အားလုံးရှိရမည်ဟုဆိုကာ ထိုမန္တလေး ဘွဲ့လွန်သင်တန်းကိုပိတ်ခဲ့၏။ ဒေါက်တာ ဦးဘသန်း၏ လက်ထောက်အဖြစ် စာရေးသူက ဆောင်ရွက်ခဲ့၏။ ၁၉၇၂ ခုနှစ်တွင်မှ အခြားဆေးတက္ကသိုလ်များသည် ဘွဲ့လွန်ဒီဂရီ သင်တန်းများ ပြန်လည် သင်ကြားနိုင်ခဲ့သည်။

ဆေးတက္ကသိုလ် (၂) ၌ ဆေးပညာ မဟာသိပ္ပံဘွဲ့အတွက် ၁၉၇၃ ခုနှစ်တွင် ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ ဘာသာရပ်တို့တွင် စတင်သင်ကြားခဲ့သည်။ ယခုမူ အခြားဆေးပညာဘာသာရပ်များအတွက်လည်း ဘွဲ့လွန်သင်တန်းများရှိနေပြီဖြစ်သည်။ ဥပမာ – ဆေးပညာ၊ ခွဲစိတ်ကု၊ သားဖွားမီးယပ်၊ အရိုးနှင့်ကလေး။

ဆေးတက္ကသိုလ် ၂ ၏ ထူးခြားချက်မှာ ၁၉၇၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင်ပထမဦးဆုံး ဘီအက်စ်စီ (ခန္ဓာဗေဒ) (B .Sc. Anatomy) သင်တန်းကို စတင်သင်ကြားပေးနိုင်ခြင်းဖြစ်၏။ ယင်းသင်တန်းသည် ဒုတိယနှစ် အမ်ဘီဘီအက်စ် အတန်း၌ စာတော်၍ ခန္ဓာဗေဒ ဘာသာ

ရပ်တွင် ထူးချွန်သူ (ဝါ) ဂုဏ်ထူးရသူများအား အဆင့်မြင့် ခန္ဓာဗေဒဘာသာရပ်များနှင့် သုတေသနနည်းများကို သင်ကြားပေးခြင်းဖြစ်၏။ ၁ နှစ်နှင့် ဘီအက်စ်စီ (ခန္ဓာဗေဒ) အထူးဘွဲ့ကိုရရှိပြီး ၄င်းစာမေးပွဲအောင်သော အခါ ကျောင်းသူကျောင်းသားများသည် အမ်ဘီဘီအက်စ်ဘွဲ့ အတွက် ဆေးလက်တွေ့သင်တန်းများကို ထပ်တက်ရ လေသည်။ သို့ဖြင့် ဆေးတက္ကသိုလ်မှ ဘွဲ့ရသောအခါ ယင်းကျောင်းသား များမှာ B.Sc. (Anatomy); M . B, B. S ဘွဲ့ ၂ ခုကို ရရှိလေသည်။ ဤဘီအက်စ်စီ (ခန္ဓာဗေဒ) ဘွဲ့ သင်တန်းမှာဗြိတိန်နှင့်အိုင်ယာလန်နိုင်ငံ တက္ကသိုလ်များမှ ပေးသော ဘီအက်စ်စီ (ဆေးပညာအထူးပြုဘာသာ) သင်တန်းများနှင့် ပုံစံတူလေသည်။ ဤဘွဲ့ရသူများသည် ဆရာဝန်မဖြစ်မီပင် ဆေးပညာ မဟာသိပ္ပံ (ခန္ဓာဗေဒ) သင်တန်းကို တက်လိုက တက်နိုင်ကြပေ၏။ ဗြိတိန်နိုင်ငံ၌မူ ယင်းသို့သော ဘွဲ့ရသူ များသည် ဘွဲ့လွန် အမ်ဒီ ( M.D)၊ ပီအိပ်ချ်ဒီ ( Ph .D)များ ဆက်ယူကာ အတိုင်ပင်ခံ သမား တော်များ ( Consultant Physicians ) နှင့် ပါမောက္ခများ (Professors) စသည်ဖြင့် ပညာရှိ သုတေသီများ (Academicians) နှင့် သိပ္ပံပညာရှင်များ (Scientists) ဖြစ်သွားသည်က များလေသည်။ တပ်မတော် ဆေးတက္ကသိုလ် ကလည်း ၁၉၉၃ ခုနှစ်မှစ၍ ဘွဲ့လွန် ဆေးပညာ သင်တန်း များ ဖွင့်လှစ်သင်ကြားပေးနေသည်။

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ်တွင် ဆေးတက္ကသိုလ် ၁ ၏ လက်အောက်ခံ သွားဘက်ဆိုင်ရာ ဆေးကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့၏။ ထိုကောလိပ်၏ ပထမဦးဆုံး ကျောင်းအုပ်ကြီးမှာ ဒေါက်တာ အောင်သန်း (M.B., B. S.; D. D. S; F. A. C. D, F. I. C. D) ဖြစ်လေသည်။

စတင်လက်ခံစဉ်က ၁၀ တန်းအောင်ပြီး ကျောင်းသား ၅၀ ကို ပထမနှစ် ဘီဒီအက်စ်အတန်းအဖြစ် ပထမနှစ် အမ်ဘီဘီအက်စ် သင်တန်းသားများနှင့် ရော၍ ဆေးအကြို ဘာသာရပ်များ ဖြစ်သည့် အင်္ဂလိပ်၊ မြန်မာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒတို့ကို သင်ပေးခဲ့၏။ ဤသင်တန်းမှာ ၁ နှစ်ခွဲကြာ၏။ နောက် ဘီဒီအက်စ် အတန်းများကို ၄ နှစ်ခွဲမျှ သင်ရသဖြင့် စုစုပေါင်း ၆ နှစ်ကြာ၏။ ဆေးလက်တွေ့အကြိုနှင့် ဆေးလက်တွေ့အခြေခံ ဘာသာရပ်များကို ဆေးတက္ကသိုလ် ၁ မှာပင်သင်ကြားရသည်။ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ သင်တန်းများကို ယခင်က ရန်ကုန်ဆေးရုံကြီး၏ အပြင် လူနာအဆောက်အအုံ၌ သွားဆေးကောလိပ်ဖွင့်လှစ် သင်ကြားပေးခဲ့၏။ ၁၉၇၃ ခုနှစ်၌ ဆေးတက္ကသိုလ်များကို ပညာရေးဝန်ကြီးဌာနအောက်မှ ကျန်းမာရေးဝန်ကြီးဌာန အောက်သို့ ပြောင်းရွှေ့တာဝန်လွှဲလိုက်သောအခါ သွားဘက် ဆိုင်ရာ ဆေးကောလိပ်မှာလည်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အဖြစ်သီးခြားဖြစ်လာခဲ့၏။ ထိုဆေးတက္ကသိုလ်၏ ပထမဦးဆုံးပါမောက္ခချုပ်မှာလည်း ဒေါက်တာ ဦးအောင်သန်း ပင်ဖြစ်သည်။ ယခုအခါ တစ်နှစ်လျှင် ကျောင်းသား ကျောင်းသူ ၆၀ လက်ခံသင်ကြားပေးနေ၏။

## သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့လွန် သင်တန်းများ

၁၉၉၃ – ၉၄ စာသင်နှစ်မှစ၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းများ စတင်သင်ကြားပေး ခဲ့၏။ ၂ နှစ်ကြာ သင်တန်း ဖြစ်၍ ပေးမည့်ဘွဲ့မှာ သွားဘက် ဆိုင်ရာ ဆေးပညာ မဟာသိပ္ပံဘွဲ့ M. D. Sc ဖြစ်၏။

## အခြေခံ ဆေးပညာ ဘွဲ့လွန်သင်တန်းများ

ဆေးလက်တွေ့ ဘာသာရပ်များ ဖြစ်သည့် ဆေးပညာ၊ ခွဲစိတ်ကု ပညာ၊ ကလေးကျန်းမာရေး၊ သားဖွားနှင့် မီးယပ် ပညာ၊ အရိုးရောဂါ စသော အထူးကုဘာသာရပ်များအတွက် ဆရာဝန်များသည် အခြေခံဆေးပညာဘာသာရပ် (Basic Medical Sciences) များကို ကျေညက်အောင် သင်ကြရ၏။ ထိုဘာသာရပ်များကို ကျေညက်မှသာ အထူးကုဆရာဝန် များသည် သိပ္ပံနည်းကျပြီး ယထာဘူတကျစွာဝေဖန် သုံးသပ်ကုသနိုင်ကြသည်။ သို့ဖြစ်၍ ယင်းဘာသာရပ်များကို ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုရှိ ဆေးပညာ ဘွဲ့လွန် သင်တန်းများ၌လည်း အထူးဂရုစိုက်၍ သင်ကြရသည်။ ယင်းတို့ကို အောင်မှ အထူးကု လက်တွေ့ဘာသာရပ်ကို ဆက်လက်သင်ကြရ၊ ဖြေဆိုကြရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ဆေးလက်တွေ့ဘာသာရပ်များ အတွက် ဘွဲ့လွန်သင်တန်းများတွင်လည်း ယင်းဘာသာရပ် များကို ၁၉၇၁ ခုနှစ်မှစ၍ သင်ကြားပေးခဲ့သည်။ ၃ လကြာ သင်တန်းဖြစ်၍ အောက်ပါဘာသာရပ်များပါဝင်သည် –

(၁) ခန္ဓာဗေဒ
(၂) ဇီဝကမ္မဗေဒ
(၃) စာရင်းအင်းပညာ (ယခု ဇီဝဓာတုဗေဒ)
(၄) ရောဂါဗေဒ
(၅) အဏုဇီဝဗေဒ
(၆) ဆေးဝါးဗေဒ

ဤသင်တန်းကို ၁၉၇၉ ခုနှစ်အထိ ဖွင့်လှစ်ခဲ့ပြီး ၁၉၈၀ ခုနှစ်နောက်ပိုင်း၌ အကြောင်းအမျိုးမျိုးကြောင့် ရပ်နား ထားခဲ့သည်။ ယခု ၁၉၉၄ ခုနှစ် စာသင်နှစ်မှစကာ စာမေးပွဲ

၁၉၆၄ ခုနှစ်နောက်ပိုင်း တည်ဆောက်လိုက်သော ဆေးတက္ကသိုလ် ( ၂ ) တိုးချဲ့ အဆောက်အအုံ
(ဘွဲ့နှင်းသဘင်ခန်းမနှင့် ရုံး)



ဖြေဆိုအောင်မြင်ရမည့် ဘာသာရပ်များအဖြစ် ထပ်မံပြဋ္ဌာန်း သတ်မှတ်ခဲ့သည်။ ရည်ရွယ်ချက်မှာ မြန်မာ့ဆေးပညာ အဆင့်မြင့်၍ ကမ္ဘာ့အဆင့်အတန်းမီလာရန် ဖြစ်၏။ ဤစာမေးပွဲကို နှစ်ကြိမ်သာ ဖြေဆိုခွင့်ရှိသည်။

## ဆေးပညာဦးစီးဌာန ပေါ်ပေါက်လာခြင်း

ဘွဲ့လွန်ဆေးပညာသင်တန်းများကို ကြီးကြပ်ကွပ်ကဲရန် အတွက် ၁၉၇၀ ခု၊ ဩဂုတ်လတွင် ဒေါက်တာ ဘသန်းကို ညွှန်ကြားရေးမှူး (ဝါ) ဥက္ကဋ္ဌခန့်၍ ဘွဲ့လွန်ဆေးပညာ သင်ကြားရေးအဖွဲ့ကို ဖွဲ့စည်းခဲ့၏။ ၁၉၇၂ ခုနှစ်၌ ဒေါက်တာဘသန်း ကွယ်လွန်သောအခါ ယင်းအဖွဲ့ကို ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလတွင် ဆေးပညာဦးစီးဌာနအဖြစ် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ ပြန်လည် ဖွဲ့စည်းလိုက်၏။ ဘွဲ့ကြို ဘွဲ့လွန် ဆေးပညာသင်တန်း အားလုံးကို ကွပ်ကဲရန်ဖြစ်ပြီး ယင်းဦးစီးဌာန၏ ပထမဦးဆုံး ညွှန်ကြားရေးမှူးချုပ်မှာ ဒေါက်တာ ခင်မောင်ဝင်း M. B., B. S. (Bombay); F.R.C. Path, F.R.C.P (E) ဖြစ်၏။ ၄င်းသည် ဆေးတက္ကသိုလ် ၁ ၏ ရောဂါဗေဒ ပါမောက္ခလည်း ဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ ဆေးတက္ကသိုလ်အားလုံးသည် ယင်းဦးစီးဌာန အောက်ရောက်လာခဲ့၏။

၁၉၈၅ ခုနောက်ပိုင်းမှစ၍ ဆေးပညာဦးစီးဌာနကို ကျန်းမာရေးလုပ်သားအင်အားဦးစီးဌာနဟု အမည်ပြောင်း ခေါ်ခဲ့ပြီး ကျန်းမာရေးနှင့်ဆိုင်သော ပညာရပ်အားလုံး အတွက် ဦးစီးဌာနဖြစ်လာခဲ့၏။ သို့ဖြစ်၍ ဆေးပညာ သင်တန်းများသာမက သူနာပြုသင်တန်း၊ဆေးဘက်ပညာ သင်တန်းများနှင့် ဆေးဝါးကျွမ်းကျင်မှု သင်တန်းစသည် တို့သည် ဤဦးစီးဌာနနှင့်သာ သက်ဆိုင်လေသည်။

## သူနာပြုတက္ကသိုလ်

၁၉၉၂ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံ၌ တက္ကသိုလ် အဆင့် သူနာပြုသင်တန်းဟူ၍ မရှိခဲ့ချေ။ ကျန်းမာရေးဦးစီး ဌာနက ဖွင့်လှစ်သော လက်မှတ်ရ သူနာပြုသင်တန်း အမျိုးမျိုးနှင့် ၁၉၆၂ ခုနှစ် မတိုင်မီ ခရစ်ယာန် သာသနာပြုဆေးရုံများမှ သင်ကြားပေးသော သူနာပြု သင်တန်းများသာရှိခဲ့သည်။

သို့ဖြစ်၍ န ဝ တ အစိုးရ လက်ထက်တွင် တက္ကသိုလ် အဆင့် သူနာပြု သင်တန်းကို ဖွင့်လှစ်ရန် စီမံစိုင်းပြင်း ခဲ့သည်။ ယင်းသူနာပြုသင်တန်းသို့ တက်ရောက်ရန် သင်တန်းသားရွေးချယ်ရာတွင် ပထမ လက်ရှိလက်မှတ် ရပြီးသော သူနာပြုဆရာမကြီးကိုပင် ဦးစားပေး၍ ရွေးချယ်ကာ ၂ နှစ် ပေါင်းကူးသင်တန်း (Abridged or Bridge Course) ကို ဖွင့်လှစ်ခဲ့၏။ ယင်းသင်တန်းမှ အောင်မြင်သူများကို ၁၉၉၄ ခုနှစ်တွင် သူနာပြုသိပ္ပံဘွဲ့ (B. N .Sc., Bachelor of Nursing Science) ပေးခဲ့၏။

ဤသူနာပြု သိပ္ပံဘွဲ့အတွက် ပုံမှန် ၄ နှစ်သင်တန်းကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ခဲ့၏။ အတန်းတွင်း သင်ကြားမှုများကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် အဆောက်အအုံတွင် ပြုလုပ်ပေး၍ အပြင်သင်တန်းများကိုမူ သင့်လျော်သလို သင်ကြားပေး ခဲ့၏။ ပုံမှန်သင်တန်းအတွက် ၁၀ တန်းအောင်မြင်ပြီးသူများ ထဲမှ တစ်နှစ်လျှင် (၅၀) လက်ခံသင်ကြားပေး၏။

သူနာပြုတက္ကသိုလ် ပထမဦးဆုံး ပါမောက္ခချုပ်မှာ ဓိဝကမ္မ နှင့် ဆေးပညာသိပ္ပံ ပါရဂူဘွဲ့ရ ဒေါက်တာ ဒေါ်ဝင်းမေ M. B., B. S. (Rgn); M. Med. Sc (Rgn); M. H. P. E. (Australia); Ph. D. (USC) ဖြစ်၏။

## ဆေးဘက်ဆိုင်ရာ ပညာသည်တက္ကသိုလ်

နဝတအစိုးရမတက်မီ မြန်မာနိုင်ငံ၌ တက္ကသိုလ် အဆင့် ဆေးဘက်ဆိုင်ရာ အရန်ပညာသည်များ (Paramedical Personnel) ကို သင်ကြားပေးနိုင်ခြင်း မရှိခဲ့ချေ။ ၁၉၆၄ ခုနှစ်မှ နဝတတက်သည့် ၁၉၈၈ ခုနှစ်အထိ ဒီပလိုမာ အဆင့် ဆေးဘက်ပညာသည်သင်တန်း (Paramedical Sciences Diploma Course) သာ ရန်ကုန်ဆေးရုံကြီး၌ ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။ ယင်းသင်တန်း၏ အကြီးအကဲမှာ ထိုစဉ်က ရန်ကုန် ဆေးရုံအုပ်ကြီး ဖြစ်၍ နောက်ပိုင်းတွင် ဆေးတက္ကသိုလ် ၁ ရောဂါဗေဒ ပါမောက္ခက တာဝန်ယူခဲ့သည်။

သို့ဖြစ်၍ ၁၉၉၀ ပြည့်၊ အောက်တိုဘာလတွင် ဆေးဘက်ပညာသည် တက္ကသိုလ် (Institute of Paramedical Sciences) အဖြစ် အစိုးရက သီးခြားဖွဲ့စည်း တည်ထောင်ပြီး ယင်းအတွက် လုပ်ငန်းများကို ကျန်းမာရေးလုပ်သား အင်အားဦးစီးဌာနမှ တာဝန်ယူလုပ်ဆောင်ခဲ့သည်။ ၁၉၉၂ ခု၊ စက်တင်ဘာလတွင် ဆေးဘက်ပညာသည် တက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာ စောကျော်အောင် M. B., B. S. (Ygn.) D. M. R. D. (Ygn.) ကို ခန့်အပ်ခဲ့သည်။

ဆေးဘက်ပညာသည်တက္ကသိုလ်ကို ၂- ၉- ၉၂ ရက်နေ့က တရားဝင်ဖွင့်လှစ်ခဲ့ပြီး ပထမ ဆေးဘက်ပညာသည် ဒီပလိုမာရသူ ၄၅ ဦးအား ပေါင်းကူးသင်တန်း (Abridged or Bridge Course) အဖြစ် ၂ နှစ် သင်တန်းကိုစ၍ သင်ကြားပေးသည်။ ရောဂါဗေဒ (၁၅) ဦး၊ ဓာတ်မှန် (၁၅) ဦးနှင့် ရူပဗေဒဆေးကု (၁၅) ဦးဖြစ်သည်။ ပုံမှန် ၄ နှစ် သင်တန်းကို ၁၉၉၄ ခု စာသင်နှစ်တွင်မှ ၁၀ တန်းအောင် သူများထဲမှ ရွေးချယ်၍ သင်ကြားပေးလေသည်။

ဆေးဘက်ပညာသည်တက္ကသိုလ်၏ ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့ကိုလည်း ၂ - ၉ - ၉၂ ရက်နေ့တွင် သက်ဆိုင်ရာမှ တရားဝင်ဖွဲ့စည်းပေးခဲ့သည်။ ယင်းပညာရေး အဖွဲ့၌ ဆေးတက္ကသိုလ် ၁ ၏ ဆေးအကြို နှင့် ဆေးလက်တွေ့ အကြိုဌာနများမှ ဌာနမှူးနှင့် ပါမောက္ခများ ပါဝင်လေသည်။

ဆေးဘက်ပညာသည် တက္ကသိုလ်၏ ဘွဲ့ကို ဆေးဘက်ပညာသည်သိပ္ပံဘွဲ့ (B. P. Sc., Bachelor of Paramedical Science) ဟုခေါ်ပြီး ပုံမှန် ၄ နှစ်သင်တန်း အတွက် တစ်နှစ်လျှင် ရောဂါရှာဖွေစိစစ်ရေးဘာသာ အတွက် ၂၅ ဦး၊ ဓာတ်မှန်ပညာအတွက် ၂၅ ဦးနှင့် ရူပဗေဒဆေးကုပညာ (ကာယကုသပညာ) အတွက် ၂၅ ဦး၊ စုစုပေါင်း ၇၅ ဦး လက်ခံသင်ကြားနေပြီ ဖြစ်သည်။

## ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်

ဆရာဝန်များအနေဖြင့် လူနာများကို ဆေးညွှန်းသော အခါ ယင်းအညွှန်းအတိုင်း လူနာများအနေဖြင့် ဆေးစစ် ဆေးမှန်များကို ဝယ်ယူရရှိရန်လို၏။ ယင်းဆေး၏ အကျိုး အာနိသင်နှင့် အန္တရာယ်များကိုလည်း သိထားရန်လို၏။ အတူမစားသင့်သော အစာ၊ဆေးစသည်တို့ကိုလည်း သိရန် လို၏။ ဤကိစ္စကို အချိန်ပေး ဆောင်ရွက်နိုင်သူမှာ ဆေးဝါး ကျွမ်းကျင်သူ (Pharmacist) သာဖြစ်သည်။ သို့သော် မြန်မာ နိုင်ငံ၌ တက္ကသိုလ်အဆင့် ဆေးဝါးကျွမ်းကျင်သူဘွဲ့ရ ပုဂ္ဂိုလ်မှာ လက်ဆယ်ချောင်းပင်မပြည့်ပေ။

သို့ဖြစ်၍ နဝတ အစိုးရ လက်ထက်၌ ဆေးဝါးကျွမ်း ကျင်မှု တက္ကသိုလ် (Institute of Pharmacy) ကို ၃၀- ၁- ၉၂ ရက်နေ့မှ စတင်၍ ဖွင့်လှစ်ခဲ့၏။ ရန်ကုန်တက္ကသိုလ် နယ်မြေ၊ သထုံလမ်း ယခင် ဘီအိုစီ အဆောက်အအုံတွင် ဆေးဘက်ပညာသည်တက္ကသိုလ်နှင့်အတူ ပူးတွဲ၍ ဖွင့်လှစ်ခဲ့၏။ ပထမဦးဆုံး ပါမောက္ခချုပ်မှာ ဦးမြင့်သိန်း D P M S in Pharmacy; B. Pharm. (UK); M. I. Pharm. M. (UK) ဖြစ်၏။

ဆယ်တန်းအောင်မြင်ပြီးသူများကို ၄ နှစ် သင်တန်း ဖွင့်၍ သင်ကြားမည်ဖြစ်ရာ ၁၉၉၄ ခုမှစ၍ ကျောင်းသား ၅၀ (၁၉၉၄အတွက် ၄၄ဦး) လက်ခံသင်ကြားပေးနေ၏။ ၄ နှစ် ပြီး၍ စာမေးပွဲအောင်မြင်လျှင် ဆေးဝါးကျွမ်းကျင်မှုပညာဘွဲ့ B. Pharm. (Bachelor of Pharmacy) ရရှိမည် ဖြစ်သည်။

## ဆေးပညာ နီးနှောဖလှယ်ပွဲများ

ဆေးပညာသည် အခြားသိပ္ပံပညာရပ်များ တိုးတက်နေ သလို လိုက်၍ လျှင်မြန်စွာ တိုးတက်နေ၏။ ရိုးရိုးအလင်း ရောင်ဖြင့် ကြည့်ရသော မှန်ဘီလူး (အဏုကြည့်ကိရိယာ) ခေတ် မှ အီလက်ထရွန် မှန်ဘီလူး ပေါ်လာသောအခါ ကလပ်စည်း များ၏ တည်ဆောက်ပုံနှင့် လုပ်ငန်းကို လေ့လာရာတွင် အသစ်အဆန်းတွေ့လာသကဲ့သို့ လေဆာနှင့် အဏုမြူ ရောင်ခြည်များ ပေါ်လာသောအခါ လေဆာဖြင့် ကုသခြင်း၊ အဏုမြူရောင်ခြည်ဖြင့်ရောဂါရှာဖွေခြင်း၊ ကုသခြင်း များကိုလည်း ပြုလုပ်လာ၏။ ထို့အတူ ခေတ်အလိုက် ကပ်ရောဂါများ ဆိုက်ရောက်ခြင်းရှိသလို ကိုယ်ခံစွမ်းအားလျော့ ရောဂါ (A I D S) ပေါ်လာသောအခါလည်း

ဆရာဝန်နှင့် ဆေးကျောင်းသားများ အချိန်မီ သိရန်လိုအပ်၏။ သို့ဖြင့်ဆေးတက္ကသိုလ်များတွင် သင်ကြားသော သင်ရိုးညွှန်းတမ်း (Curriculum ) နှင့် သင်ရိုးမာတိကာများကို (Syllabus) ကို အခါအားလျော်စွာ ပြင်ဆင်ရေးဆွဲကြရလေသည်။

မြန်မာနိုင်ငံ၏ ပထဦးဆုံး ဆေးပညာသင်ရိုးညွှန်းတမ်းမှာ အိဒင်ဘာရာတက္ကသိုလ် ဆေးပညာမဟာဌာန၏ ဆေးပညာသင်ရိုးညွှန်းတမ်းဖြစ်၏။ ဤသည်မှာ ၁၉၂၅ (၁၉၂၃ - ၂၄ စာသင်နှစ်) ကဖြစ်၏။ သို့ဖြစ်၍ခေတ်နှင့်လျော် ညီအောင် ဆေးပညာသင်ရိုးညွှန်းတမ်းကို ပြင်ဆင်နိုင်ရေး အတွက် ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဆေးပညာနီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ခဲ့၏။ ထိုနီးနှောဖလှယ်ပွဲက ဆေးပညာသင်တန်း၏ အချိန်ကာလများကို ပြင်ဆင်ခြင်း၊ စာမေးပွဲစစ်ဆေးပုံနှင့် ၃ ခါကျလျှင် ကျောင်းထုတ်ခြင်း၊ မလုပ်မနေရ အလုပ်သင်ဆရာဝန်ကာလ သတ်မှတ်ခြင်း စသည်တို့ကို သတ်မှတ်ပေးခဲ့၏။

အလားတူ ဆေးပညာနီးနှောဖလှယ်ပွဲများကို ၁၉၇၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ ၁၉၇၂ ခုတွင် တတိယအကြိမ်နှင့် ၁၉၇၈ ခုနှစ်တွင် စတုတ္ထအကြိမ်အထိ ၄ ကြိမ် ပြုလုပ်ခဲ့၏။ ထို့အတူ ၁၉၈၁ – ၈၂ ခုနှစ်၌ လူထုအခြေခံဆေးပညာသင်ကြားရေး (Community - oriented Medical Education C O M E) ကို သင်ကြားရန် ဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့၏။ ထိုသို့သင်ကြားရန်အတွက် ဆေးတက္ကသိုလ်မှ ဆရာများကို လေ့ကျင့်ပေးရန် အလုပ်ရုံ ဆွေးနွေးပုံ (ဝါ) သင်ကြားရင်းလေ့ကျင့်ပွဲ (Workshop) ကို ၅- ၁ - ၈၄ မှ ၇ - ၁ - ၈၄ အထိ ပြုလုပ်ခဲ့၏။

ပဉ္စမအကြိမ်မြောက် ဆေးပညာနီးနှောဖလှယ်ပွဲ (Fifth Medical Education Seminar) ကိုမူ ၃၀ - ၅ - ၈၄မှ ၃ - ၆- ၈၄ အထိ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့၏။ ယင်းနီးနှောဖလှယ်ပွဲပထမနေ့တွင် နဝတ အတွင်းရေးမှူး (၁) နှင့် ကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က တက်ရောက်၍ အဖွင့်အမိန့်ခွန်းမြွက်ကြားခဲ့၏။ ၎င်း၏ မိန့်ခွန်း၌ အဓိကအချက်များတွင် အောက်ပါတို့ ပါဝင်သည်။

"ယနေ့ကျင်းပသည့် ဆေးပညာ နီးနှောဖလှယ်ပွဲနှင့် အလားတူ နီးနှောဖလှယ်ပွဲများကို ၁၉၆၄ ခုနှစ်၊ ၁၉၇၀ ပြည့်နှစ်၊ ၁၉၇၂ ခုနှစ်နှင့် ၁၉၇၈ ခုနှစ်တို့တွင် တစ်ကြိမ်စီ ကျင်းပခဲ့ပြီး ဖြစ်သည့်အတွက် ယခုကျင်းပသည့် ဆေးပညာနီးနှောဖလှယ်ပွဲသည် ပဉ္စမအကြိမ်မြောက် နီးနှောဖလှယ်ပွဲ ဖြစ်သည်ဟု သိရကြောင်း။"

"ယခုလို အလေးပေး ဆောင်ရွက်နေသည်နှင့်အညီ အမျိုးသားကျန်းမာရေးကော်မတီကိုဖွဲ့စည်းပြီး တစ်မျိုးသားလုံး၏ကျန်းမာရေးမြှင့်တင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိရာတွင် အမျိုးသား ကျန်းမာရေး မူဝါဒကို ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း။"

အမျိုးသားကျန်းမာရေး မူဝါဒ၏ အဓိက ဦးတည်ချက်များမှာ –

- နိုင်ငံတော်၏ ကျန်းမာရေး စောင့်ရှောက်မှုကို မြှင့်တင်ရန်
- နိုင်ငံသူ နိုင်ငံသားအားလုံး စိတ်၏ ကျန်းမာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံစေရန်နှင့်
- ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို အခြေခံပြီး သက္ကရာဇ် ၂၀၀၀ တွင် အားလုံး ကျန်းမာကြစေရန်ဖြစ်ကြောင်း။

အမျိုးသားကျန်းမာရေးမူဝါဒတွင် ထူးခြားသည့် အချက်များမှာ –

- "အားလုံးကျန်းမာ သက္ကရာဇ် ၂၀၀၀ မှာ " ရည်မှန်းချက်ကို ရရှိစေမည့် အမျိုးသား ကျန်းမာရေး စီမံကိန်းများ ရေးဆွဲရန်နှင့် ကျန်းမာရေးလုပ်ငန်းများကို ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုကို အခြေခံပြီးအကောင်အထည်ဖော်ရန်ဆိုသည့်အချက်၊
- အမျိုးသား လူဦးရေမူဝါဒဆေးဝါးမူဝါဒများ ချမှတ်ဆောင်ရွက်ရန်ဆိုသည့် အချက်၊
- ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်နွယ်နေသော ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်ရန်ဆိုသည့် အချက်၊
- သမဝါယမ၊ ဖက်စပ်၊ ပုဂ္ဂလိကနှင့်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်နေသည့် ကျန်းမာရေးကဏ္ဍများကို ပြောင်းလဲလာသောစီးပွားရေးမူဝါဒနှင့် လိုက်လျော ညီထွေဖြစ်အောင် တွန်းအားပေးရန် ဆိုသည့် အချက်နှင့်
- ကျန်းမာရေးလုပ်ငန်း တိုးချဲ့ရာတွင် ကျေးလက်ဒေသများသာမက နယ်စပ်ဒေသများကိုပါ အထူးဦးစားပေး ဆောင်ရွက်ရန်ဆိုသည့် အချက်များ ပါဝင်ကြောင်း။ "

ကျန်းမာရေး စံနစ်ဖွံ့ဖြိုးမှုစီမံချက် အောက်တွင် ပါဝင်သည့် လုပ်ငန်းစီမံချက် ရှစ်ခုတွင် ကျန်းမာရေးလူ့အင်အား ဖွံ့ဖြိုးမှုလုပ်ငန်းစီမံချက်ကိုလည်း ထည့်သွင်းရေးဆွဲထားသည်ဟု တွေ့ရကြောင်း၊ ထိုလုပ်ငန်းစီမံချက်တွင် ပါဝင်သည့် အဓိကလုပ်ငန်းရပ်များမှာ –

- အမျိုးသားကျန်းမာရေးမူဝါဒနှင့် လိုက်လျောညီထွေ ရှိမည့် ကျန်းမာရေး လူ့အင်အား မူဝါဒများ ရေးဆွဲ အကောင်အထည်ဖော်ရန်၊
- သင်ကြားရေးကျောင်း/သိပ္ပံ/တက္ကသိုလ်အသီးသီးတွင်ရှိသည့် ဘွဲ့ကြို/ ဘွဲ့လွန် သင်ရိုးညွှန်းတမ်းများကို ပုံမှန်သုံးသပ်ပြုပြင်သွားရန်၊
- ဆေးပညာသင်ကြားရေးမြင့်မားစေရေးအတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ပေးရန်နှင့် သင်ကြားရေးအထောက်အကူများ ပံ့ပိုးပေးရန်၊
- ကျန်းမာရေးဝန်ထမ်းအသီးသီး၏လုပ်ငန်းခွင် အရည်အသွေးမြင့်မားစေရေးအတွက် စဉ်ဆက်မပြတ် ပညာဆည်းပူးနိုင်မည့်စနစ်တစ်ခုကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ဖြစ်ကြကြောင်း။"

"…. ၁၉၉၃ ခုနှစ်က ကျန်းမာရေးဝန်ကြီးဌာနမှ ဦးစီးပြီး ဘွဲ့ကြို/ ဘွဲ့လွန် သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်ခဲ့ကြောင်း၊ ရည်ရွယ်ချက်အနေဖြင့် လက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် သုံးစွဲနေသော သင်ရိုးညွှန်းတမ်းများမှာ လက်ရှိကျင့်သုံးနေသည့် ခေတ်စနစ်နှင့်ကိုက်ညီမှုရှိမရှိ ဆန်းစစ်ရန် ဖြစ်ကြောင်း၊ ယခုလိုဆန်းစစ်ခဲ့သည့်ရလဒ်အနေဖြင့် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တို့၏ ဆေးပညာသင်ကြားရေးတွင် –

- ပြဿနာအခြေခံသင်ကြားနာယူမှု (Problem-based Learning)
- ပြည်သူလူထု ကျန်းမာရေး အခြေခံ သင်ကြား နာယူမှု (Community-based Learning) နှင့်
- အပြုအမူပိုင်းဆိုင်ရာ သိပ္ပံဘာသာရပ်များ (Behavioural Sciences)

ကိုထည့်သွင်းသင်ကြားရန် စီစဉ်နေပြီဟုသိရှိရကြောင်း၊ ယခုလိုဘာသာရပ်သစ်များထည့်သွင်းသင်ကြားပေးခြင်းအားဖြင့် အစဉ်ပြောင်းလဲတိုးတက်လျက်ရှိသည့် ဆေးပညာရပ်အသီးသီးတွင် ရင်းနှီးတက်ကျွမ်းသော ဘက်စုံဆရာဝန်များ မွေးထုတ်ပေးလာနိုင်မှာ ဖြစ်ကြောင်း။"

"အဓိကဦးတည်ဆွေးနွေးရမည့် ခေါင်းစဉ်ကြီး များမှာ–

- ကျန်းမာရေး လူ့အင်အားဆိုင်ရာ မူဝါဒများ ဖော်ထုတ်ရေး၊
- ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ရေး၊
- ဘွဲ့လွန်သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ရေး၊
- ကျန်းမာရေးဝန်ထမ်းအသီးသီးတို့အတွက် စဉ်ဆက်မပြတ် ပညာသင်ကြားရေးစနစ်အကောင်အထည်ဖော်ရေးနှင့်
- ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် ရှိသည့် တက္ကသိုလ်များ၊ သင်တန်းကျောင်းများကို တက်ရောက်ပညာဆည်းပူးခွင့်ရရှိရန်လိုအပ်မည့် ဝင်ခွင့်အရည်အချင်းများ သတ်မှတ်ရေးဆိုသည့် ကဏ္ဍငါးခုခွဲပြီး ဆွေးနွေးသွားမည်ဟု သိရကြောင်း။"

"ကျန်းမာရေးကိစ္စကို စဉ်းစားဆောင်ရွက်ရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာလူမျိုးတို့၏ ခန္ဓာကိုယ် ထွားကျိုင်းမှုအနေအထားသည် အားရစရာမရှိသဖြင့် စားသုံးသည့်အာဟာရအမျိုးအစားနှင့်အချိုးအစားမှန်အောင် ကျန်းမာရေးသုတေသနလုပ်ငန်းနှင့် ကျန်းမာရေးပညာပေး လုပ်ငန်းပေါင်းစပ်ဆောင်ရွက်ရန် မိန့်ကြားခဲ့ဖူးကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုမှာလည်း ကိုယ့်မှာရှိသည့်ရောဂါကို သိရှိပြီး အသက်မဆုံးသင့်ဘဲ မဆုံးရှုံးရလေအောင် ဒေသအသီးသီး၌ လွယ်လွယ်ကူကူဖြင့် ရောဂါရှာဖွေနိုင်သော တတ်ခွဲခန်းငယ်များ ဖွင့်လှစ်ပေးရန်လည်း မိန့်ကြားခဲ့ကြောင်း၊ ၄င်းမှာ ကျန်းမာရေးရှုထောင့်ကနေ အမျိုးသားကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး ဆောင်ရွက်ရန် လမ်းညွှန်ချက်ပင်ဖြစ်ကြောင်း။

ထိုကဲ့သို့ပင် ပြည်သူလူထု၏ ကျန်းမာရေးအတွက် ကုသရေးထက် ကာကွယ်တားဆီးရေးနှင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုတို့ကို ဦးစားပေးဆောင်ရွက်ရန်။

ကျန်းမာရေးလူ့အင်အားကို မြို့ကြီးပြ ကြီး များသာမက ကျေးလက်တောရွာနှင့် နယ်စပ်ဒေသများအထိ ပျံ့နှံ့ရောက်ရှိရေးကို နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သည့် စေတနာရှင်အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံဆရာဝန်အသင်း၊ သူနာပြုအသင်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့ ပေါင်းစပ်ပြီး ဝိုင်းဝန်းကူညီပံ့ပိုးကြရန် တိုက်တွန်းမှာကြားလိုကြောင်း …."

ယင်းဆေးပညာနီးနောဖလှယ်ပွဲမှ ဆေးပညာနှင့် အခြားနီးနွယ်သောပညာရပ်များ၏ သင်ရိုးညွှန်းတမ်း၊ အချိန်ကာလ၊ စာမေးပွဲစစ်ဆေးပုံ၊ လူရွေးပုံနှင့် ဘွဲ့ပေးပုံတို့ကို အသေးစိတ်စဉ်းစားကာ အဆိုသစ်များတင်သွင်းခဲ့၏။ ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ပညာသည်နှင့် ဆေးဝါးကျွမ်းကျင်သူတို့ထားအပ်သော ကျင့်ဝတ်ဆိုင်ရာ ပညတ်ချက် (Ethics) များလည်း တင်သွင်းခဲ့၏။ ကျန်းမာရေးလုပ်သားအင်အားပေါ်လစီမူဝါဒနှင့်ပတ်သက်၍ အောက်ပါအချက် ၁၀ ချက်ကို ပထမဦးဆုံးအကြိမ်တင်ပြခဲ့သည် –

(၁) ကျန်းမာရေးနှင့် ဆိုင်သော ပညာရှင်များကို မွေးထုတ်လေ့ကျင့်၊ တာဝန်ပေးရာတွင် အမျိုးသားကျန်းမာရေးမူဝါဒနှင့် ကိုက်ညီစေရန်။

(၂) ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများသည် "ကျန်းမာရေးကိစ္စ" များ၌ ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ကြရန်။

(၃) ဆေးတက္ကသိုလ်များနှင့် အခြားနီးနွယ်နေသော တက္ကသိုလ်များသို့ ဝင်ခွင့်ကိုယခုထက် ပိုမိုကောင်းမွန်မှန်ကန်သော စနစ်ကို စဉ်းစားအသုံးပြုလက်ခံရန်။

(၄) ဆေးပညာ သင်ရိုးညွှန်းတမ်းနှင့် အခြားနီးနွယ်သော ဘာသာရပ်များ၏ သင်ရိုးညွှန်းတမ်းများကို အမြဲခေတ်မီ ဆန်းသစ်အောင် တီထွင်အသုံးပြုခွင့်ပေးရန်။

(၅) မျိုးချစ်စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးကိုလည်း အလေးပေးသင်ကြားရန်။

(၆) ဆေးတက္ကသိုလ်နှင့် ဆေးရုံများ၌ အဆင့်မြင့်ပညာရှင်များရရန်၊ ၄င်းတို့နှင့် ထိုက်တန်သော ချီးမြှင့်မှုကိုပေးရန်နှင့် အုပ်ချုပ်စီမံရာတွင် ပညာရေးလွတ်လပ်မှု (Academic Freedom and Liberty) ပေးသင့်သမျှပေးရန်။

(၇) ဆေးတက္ကသိုလ်များ၌ သုတေသနလုပ်ငန်းကို အားပေးရန်။

(၈) ဆရာဝန်နှင့်အခြားကျန်းမာရေးလုပ်သားများ အတွက် တိုးတက်ရန် အခွင့်အလမ်းသစ်များဖွင့်ပေး ရန်။

(၉) ဆရာဝန်နှင့် ကျန်းမာရေးလုပ်သားအားလုံးသည် ဘွဲ့ရပြီး စဉ်ဆက်မပြတ် ပညာရေးကို ပြုလုပ်နိုင်အောင် ဆောင်ရွက်ပေးရန်။

(၁၀) ဆေးတက္ကသိုလ်နှင့် အခြားကျန်းမာရေးဆိုင်ရာတက္ကသိုလ်များကို အခြားနိုင်ငံများရှိ အလားတူတက္ကသိုလ်များ၊ ဆက်နွယ်သော အသင်းအဖွဲ့များနှင့် လွတ်လပ်စွာ ဆက်သွယ်ဆောင်ရွက်ခွင့်ပြုရန်။

ဆေးတက္ကသိုလ်များနှင့် အခြားနီးနွယ်သောတက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သည်မှာ ပြည်သူလူထု၏ ကျန်းမာရေးကိုစောင့်ရှောက်သော ဆရာဝန်နှင့်ကျန်းမာရေးလုပ်သားများသာဖြစ်ပါသည်။ ယင်းတက္ကသိုလ်များသည် နိုင်ငံတော်အတွက် အဓိကငွေရှာပေးသောဌာနများ မဟုတ်သော်လည်း ငွေရှာသောဌာနများမှ လူများအပါအဝင် ပြည်သူလူထုအများစုကို ကျန်းမာပျော်ရွှင်စွာ အလုပ်လုပ်နိုင်ဖို့ ၊ ငွေရှာနိုင်ဖို့နှင့် စိတ်ချမ်းသာစွာ အသက်ရှည်နိုင်ဖို့အတွက် အဓိကလုပ်ပေးသောဌာနများ ဖြစ်သည်။ သို့ဖြစ်၍ ဆေးတက္ကသိုလ်များ၏ ဆောင်ပုဒ်မှာ "ဥပါဒ်ဌာန်၊ အနုကမ္ပ၊ ဒယာ" (Service, Sympathy and Humanity) ဖြစ်၏။ အဓိပ္ပါယ်မှာ "ပြည်သူလူထုကို ကြင်နာမှု၊ လူသားချင်း စာနာမှုနှင့် အလုပ်အကျွေးပြုမည်" ဟူ၏။

"အလုပ်အကျွေးပြုမည်" ဟူ၍ ဆိုသဖြင့် ကျန်းမာရေးလုပ်သားများ အထူးသဖြင့် ဆရာဝန်၏အလုပ်မှာ ဆေးကုရန်တစ်ခုတည်းကိုသာမဆိုလိုပေ။ ဆေးတက္ကသိုလ်ကျောင်းသားများအား စာသင်ပေးခြင်း၊ ပြည်သူလူထုအား ကျန်းမာရေးပညာဖြန့်ဝေပေးခြင်း၊ ဆေးသုတေသနပြုလုပ်ခြင်းနှင့် ဆေးဝါးသစ်များ ဖော်စပ်ခြင်း၊ ပြည်သူ့ကျန်းမာရေး စီမံကိန်းများတွင် ကျရာအခန်းမှ ပါဝင်ထမ်းဆောင်ခြင်းတို့လည်း ပါဝင်သည်။ မိမိအတွက် စီးပွားရှာခြင်း (ဝါ) ငွေရှာခြင်းသည် အဓိကအလုပ်မဟုတ်ပေ။ ဆရာဝန်နှင့် ကျန်းမာရေးလုပ်သားတို့၏ အလုပ်သည် "ကုသိုလ်လည်းရ၀မ်းလည်းဝသော အလုပ် " ဖြစ်သဖြင့် ထိုသို့ဖြစ်အောင်လည်း နိုင်ငံတော်က ပြုလုပ်ပေးရမည်။ စီမံစောင့်ရှောက်ပေးရမည်။ "နိုင်ငံတစ်ခု၌ ဆရာဝန်အပါအဝင် အသက်မွေးဝမ်းကျောင်းပညာရှင်များသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာနှင့် လုပ်ကိုင်စားသောက်ခြင်းမပြုနိုင်ပါက ထိုနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးစနစ်သည် ချွတ်ခြုံကျနေပြီဟု ဆိုရိုးရှိလေသည်။"

သို့ဖြစ်၍ မြန်မာနိုင်ငံ၌ ဆေးတက္ကသိုလ်များ၏ အဆင့်ကို ကမ္ဘာ့အဆင့်မီအောင် ကြိုးစားသလို ဆရာဝန်များနှင့်လည်း ၄င်း၏ လုပ်ဖော်ကိုင်ဖက် အခြားကျန်းမာရေးလုပ်သားများ၏ လူနေမှုအဆင့်အတန်းမြင့်အောင်လည်း ဆောင်ရွက်ပေးရပေလိမ့်မည်။ ၄င်းလုပ်သားများသည် ၄င်းတို့၏ ပညာနှင့် တတ်ကျွမ်းမှုကိုပြည်သူလူထုအတွက် ရာနှုန်းပြည့်ဆောင်ရွက်ပေးနိုင်အောင်လည်း ဆောင်ရွက်ပေးရပေမည်။ နိုင်ငံရေးနှင့် စီးပွားရေးစနစ်ကို တစ်ပါတီဗဟိုချုပ်ကိုင်မှု၊ ဗဟိုမှ စီမံကိန်းချ ဆောင်ရွက်မှုများမှ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေး စနစ်သို့ပြောင်းရွှေ့ သွားလျှင် ဆေးတက္ကသိုလ်နှင့် အခြားကျန်းမာရေးပညာတက္ကသိုလ်များ၏ စီမံခန့်ခွဲရေးနှင့် တည်ထောင်မှုတို့ကိုလည်း ပြန်လည်သုံးသပ်ရပေလိမ့်မည်။ အစိုးရကသာ ကြီးမှူးဖွင့်လှစ်ခြင်းအစား ပုဂ္ဂလိက၊ သမဝါယမနှင့် ဖက်စပ် တည်ထောင်ဖွင့်လှစ်ခြင်းများကိုလည်း စဉ်းစားရ၊ အခွင့်ပေးရပေလိမ့်မည်။

သို့မှသာလျှင် ကမ္ဘာကျော် ဟားဗဒ်ဆေးကောလိပ်၊ မီရှီဂန်ဆေးကောလိပ်၊ ဂျွန်ဟော့ပ်ကင်း(စ်) ဆေးကောလိပ်နှင့် အမှတ် ၁ ပီကင်းဆေးကောလိပ်ကဲ့သို့ ဆေးပညာအဆင့်မြင့်၍ကမ္ဘာ့အဆင့်မီဆေးပညာရှင်၊ ဆရာဝန်နှင့်ကျန်းမာရေးလုပ်သားများကို စနစ်တကျ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပေသတည်း။

ဒေါက်တာမောင်မောင်ညို








ငြိမ်အမျိုးသားအားကစား
မောင်နှင်းကာ
အလှမယ်

# ဒုတိယအကြိမ်အမျိုးသားအားကစားပွဲတော်

အားကစားအရည်အသွေးသည် နိုင်ငံတော်၏ အခြေအနေ၊ အဆင့်အတန်း၊ လူမျိုး၏စည်းလုံးညီညွတ်မှုနှင့် စိတ်ဓာတ်ကို ဖော်ညွှန်းနေသည်ဖြစ်ပေရာ၊ အရည်အသွေးပြည့်ဝသော ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစား သမားလူငယ်များ၊ နိုင်ငံဂုဏ်ဆောင်အားကစား မောင်မယ်များ ပေါ်ထွန်းလာစေရေးနှင့် ဇာတိသွေး၊ ဇာတိမာန်၊ ရှင်သန် နိုးကြားလာပြီး နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်ဖြင့် ကြိုးပမ်း ဆောင်ရွက်ကြမည့် အားကစားလူရည်ချွန်၊ လူရည်မွန်များ မွေးမြူဖော်ထုတ်ရေးတို့မှာ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများပင် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အားကစား အောင်မြင်မှုသည် နိုင်ငံတော်၏ အမျိုးသားရေး အောင်မြင်မှုဖြစ်သည်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြင့်မားခြင်းဖြစ်သည်ဟူသော ခံယူချက်ဖြင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လေးလေးနက်နက်ခံယူကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အနေဖြင့် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်" ဟူသော ရည်မှန်းချက်ကို ချမှတ်ကာ အရှိန်အဟုန်ဖြင့် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြင့်ရာ ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်၊ မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

အမျိုးသားအားကစားပွဲတော်များကို ချမှတ်ထားသည့် ရည်မှန်းချက်များနှင့်အညီ နှစ်နှစ်လျှင် တစ်ကြိမ်ကျ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်နှင့်အညီ "ဒုတိယအကြိမ်အမျိုးသားအားကစားပွဲတော်" ကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ပထမအကြိမ်ကထက် ပိုမိုထူးခြား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဦးတည်ချက် (၇) ချက်နှင့်အညီ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအဖွဲ့ဝင် (၂၀)ဦး ပါဝင်သည့် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပသည့် ဦးတည်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) "မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်" ဆိုသည့် ရည်မှန်းချက်ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန်၊

(၂) အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် တည်ဆောက်နေခြင်းဖြစ်သည်ဟု ခံယူလာစေရန်၊

(၃) အားကစားဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ရှင်သန်လာစေရေးအတွက် ဦးတည်လာစေရန်၊

(၄) ထက်မြက်ထူးချွန်သော အားကစားမျိုးဆက်သစ်များ ပေါ်ထွက်လာပြီး ကမ္ဘာ့အဆင့်အထိ တက်လှမ်းလာစေရန်၊

(၅) မြန်မာ့ အားကစား အဆင့်အတန်း မြင့်မားရေးအတွက် တစ်နိုင်ငံလုံးမှ ပါဝင်လှုပ်ရှားပြီး တက်ကြွစွာ အားပေးချီးမြှောက်မှုများ ပြုလုပ်လာစေရန်၊

(၆) ခေတ်မီတိုးတက်သော အားကစားနည်းစနစ်သစ်များဖြင့် လေ့ကျင့်ပျိုးထောင်ထားသော အားကစားထူးချွန်သူများ ပေါ်ထွန်းရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ တက်ကြွစွာပါဝင် ဆောင်ရွက်လာစေရန်၊

(၇) အနယ်နယ်အရပ်ရပ်တွင် ပုန်းနေသည့်ထူးချွန်သော အားကစားသမားအချင်းချင်း ပိုမိုရင်းနှီးမှု ရရှိကာ ပြည်ထောင်စုစိတ်ဓာတ် ပြင်းထန်လာစေရန်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကျင်းပရာတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ ကျင်းပပုံနည်းစနစ်အတိုင်း အားကစားနည်းအမျိုးအစားနှင့် ပြိုင်ပွဲများသတ်မှတ်ခြင်း၊ ကိုယ်အလေးချိန်တန်းများသတ်မှတ်ခြင်း၊ ဆုတံဆိပ်များချီးမြှင့်မှု သတ်မှတ်ခြင်း၊ ဆုပေးပွဲ အခမ်းအနားအစီအစဉ်များ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ အားကစားပြိုင်ပွဲများ ကျင်းပရာတွင် ပထမအကြိမ်ကထက် ပိုမိုစနစ်ကျန ထိရောက်စွာ ဆောင်ရွက်ကျင်းပနိုင်စေရေးအတွက် အောက်ပါအတိုင်း အဆင့်နှစ်ဆင့် ခွဲခြား သတ်မှတ်၍ ကျင်းပပေးခဲ့ပါသည်-

(၁) **ပထမအဆင့် (ဝန်ကြီးဌာနများအဆင့်) -** ဝန်ကြီးဌာန (၂၅) သင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်း၊ စုစုပေါင်း (၂၆) သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(၂) **ဒုတိယအဆင့် (ပြည်နယ်/တိုင်းအဆင့်) -** ပြည်နယ်နှင့် တိုင်း (၁၄) သင်းသည် အားကစားပြိုင်ပွဲများ အားလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဘောလုံးအားကစားပြိုင်ပွဲ တစ်မျိုးတည်းတွင်သာ ပြည်နယ်နှင့်တိုင်း (၁၄) သင်း နှင့်အတူ တပ်မတော် (ကြည်း/ရေ/လေ)၊ တိုင်း စစ်ဌာနချုပ်များနှင့် ပြည်သူ့ရဲအသင်း (၁၂) သင်း အပါအဝင် စုစုပေါင်း (၂၆) သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပခဲ့ရာတွင် တတိယဆင့်အဖြစ် ထည့်သွင်းကျင်းပခဲ့သည့် ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်းအဆင့် ပြိုင်ပွဲကို ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ထည့်သွင်းကျင်းပခြင်းမပြုတော့ဘဲ သီးခြားပြိုင်ပွဲတစ်ရပ်အဖြစ် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲမှ ထူးချွန်စွာပေါ်ထွက်လာသော မျိုးဆက်သစ်အားကစားသမားများကိုသာ ပထမအဆင့် ဝန်ကြီးဌာနအသင်းများနှင့် ဒုတိယအဆင့် ပြည်နယ်နှင့်တိုင်းအသင်းများတွင် ပါဝင်ယှဉ်ပြိုင်စေခဲ့ပါသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများအဆင့် နှစ်ဆင့် သတ်မှတ်ကျင်းပခဲ့ရာတွင် ပထမအဆင့် (ဝန်ကြီးဌာနအဆင့်) တွင် အားကစားသမားနှင့် အုပ်ချုပ်သူပေါင်း (၄၁၃၃)ဦး၊ ဒုတိယအဆင့် (ပြည်နယ်နှင့်တိုင်းအဆင့်) တွင် အားကစားသမားနှင့် အုပ်ချုပ်သူပေါင်း (၄၅၇၁) ဦး၊ စုစုပေါင်းအင်အား(၈၇၀၄) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများတွင် ထည့်သွင်းကျင်းပပေးခဲ့သည့် အားကစားနည်း (၂၄) မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (၁) | ပြေးခုန်ပစ် | (အမျိုးသား/အမျိုးသမီး) |
| (၂) | ကြက်တောင် | (အမျိုးသား/အမျိုးသမီး) |
| (၃) | ဘတ်စကက်ဘော | (အမျိုးသား/အမျိုးသမီး) |
| (၄) | ကာယဗလ/ကာယအလှမယ် | (အမျိုးသား/အမျိုးသမီး) |
| (၅) | လက်ဝှေ့ | (အမျိုးသား) |
| (၆) | စက်ဘီး | (အမျိုးသား/အမျိုးသမီး) |
| (၇) | ဘောလုံး | (အမျိုးသား) |
| (၈) | ဂေါက်သီး | (အမျိုးသား/အမျိုးသမီး) |
| (၉) | ကျွမ်းဘား | (အမျိုးသား/အမျိုးသမီး) |
| (၁၀) | ဟော်ကီ | (အမျိုးသား/အမျိုးသမီး) |
| (၁၁) | ဂျူဒို | (အမျိုးသား/အမျိုးသမီး) |
| (၁၂) | ကရာတေးဒို | (အမျိုးသား/အမျိုးသမီး) |
| (၁၃) | အနောက်တိုင်းလှေ/ကနူးလှေ | (အမျိုးသား/အမျိုးသမီး) |
| (၁၄) | ပိုက်ကျော်ခြင်း | (အမျိုးသား) |
| (၁၅) | ရေကူး/ဒိုင်ဗင်/ဝါတာပိုလို | (အမျိုးသား/အမျိုးသမီး) |
| (၁၆) | သေနတ်ပစ် | (အမျိုးသား/အမျိုးသမီး) |
| (၁၇) | စားပွဲတင် တင်းနစ် | (အမျိုးသား/အမျိုးသမီး) |
| (၁၈) | တိုက်ကွမ်ဒို | (အမျိုးသား/အမျိုးသမီး) |
| (၁၉) | တင်းနစ် | (အမျိုးသား/အမျိုးသမီး) |
| (၂၀) | သိုင်း | (အမျိုးသား/အမျိုးသမီး) |
| (၂၁) | ဘော်လီဘော | (အမျိုးသား/အမျိုးသမီး) |
| (၂၂) | အလေးမ | (အမျိုးသား/အမျိုးသမီး) |
| (၂၃) | ရှူး | (အမျိုးသား/အမျိုးသမီး) |
| (၂၄) | ရွက်လှေ | (အမျိုးသား/အမျိုးသမီး) |

ဖော်ပြပါ အားကစားနည်း (၂၄) မျိုးပါဝင်သည့် အားကစားပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားကွင်း၊ အားကစားရုံ (၃၅) ခုတို့တွင် သတ်မှတ်ရက် ကာလအပိုင်းအခြားအလိုက် ကျင်းပပြုလုပ်ခဲ့ရာ ပွဲစဉ်များပြားသည့် ဘောလုံးပြိုင်ပွဲအတွက် ပြည်နယ်နှင့် တိုင်းအဆင့် ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ လ ၅ ရက်နေ့မှ စ၍လည်းကောင်း၊ ဝန်ကြီးဌာနအဆင့် ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စု ပြိုင်ပွဲများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှ စ၍လည်းကောင်း၊ ကျင်းပပြုလုပ်ပေးခဲ့ပြီး ကျန်အားကစားပြိုင်ပွဲများအတွက်

# ဒုတိယအကြိမ် အမျိုးသား အားကစားပွဲတော်



**ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် လေထီးသူရဲကောင်းတစ်ဦး လေထီးအလွတ်ခုန်၍ကွင်းအတွင်းသို့ ဆင်းသက်လာစဉ်**

အားအစားနည်းအလိုက် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်ပေးခဲ့ပါသည်။

ဒုတိယအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ပွဲတော်ကျင်းပရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ ပို့စကတ်များကို ထုတ်ဝေခဲ့ပြီး ပြိုင်ပွဲစတင်သည်မှ ပြီးဆုံးသည်အထိ နေ့စဉ် သတင်းထုတ်ပြန်ခြင်း၊ သီးခြားသတင်းလွှာများ ထုတ်ပြန်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သကဲ့သို့ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးနှင့် ပတ်သက်၍ သတင်းရယူ လေ့လာနိုင်ရန်အတွက်လည်း ပြည်တွင်းပြည်ပမှ အားကစား သတင်းထောက်များကို ဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ ပွဲတော်သတင်းထုတ်ပြန်စေခြင်း စသည်များကို ပြုလုပ်ပေးခဲ့သည်။

ထို့အပြင် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဆိုင်ရာ ပြန်ကြားရေးနှင့် ဖြေဖျော်ရေးလုပ်ငန်းတစ်ရပ်အဖြစ် အားကစားကဏ္ဍ၊ စာပေ၊ ပန်းချီ၊ ပန်းပု၊ ကာတွန်း၊ ဓာတ်ပုံပြခန်းများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ဖွင့်လှစ်ပေးခဲ့ပြီး ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ ပြသပေးခဲ့ရာ ပြည်သူအများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဒုတိယအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားများ ကျင်းပခဲ့ရာ၌ ကန့်သတ်ထားသော ပရိသတ်အင်အားအခြေအနေအရ အခမ်းအနားကျင်းပရာ လှုင်ယ်အားကစားလေ့ကျင့်ရေးစခန်းအပြင်ဘက်မှ ပရိသတ်များ ကြည့်ရှုနိုင်ရန်အတွက် ဖြေဖျော်ရေးစင် (၄) စင်နှင့် ရုပ်မြင်သံကြား စက် (၁၀) လုံးတို့ကို ကွင်းပြင်ပ သတ်မှတ်နေရာများတွင် ပြသဖြေဖျော်ခဲ့ရာ ပရိသတ်များ ကွင်းလုံးပြည့်မျှ ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့အပြင် ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ရာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ အခမ်းအနားများ၏ ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်မှုများကို အစမှအဆုံး ကြည့်ရှုလေ့လာနိုင်ခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြသောဝန်ကြီးဌာနအဆင့် (၂၆) သင်းနှင့် ပြည်နယ်နှင့် တိုင်းအဆင့် (၁၄) သင်းတို့မှ ပြိုင်ပွဲဝင် အားကစားသမားများအား ဒုတိယအကြိမ် အမျိုးသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌမှ

ဂုဏ်ပြု ကြိုဆို နှုတ်ခွန်းဆက်ခြင်း အခမ်းအနားကို ၁၉၉၄ ခု၊ ဇန်နဝါရီလ ၂၃ ရက် (၁၄၀၀) နာရီအချိန်၌ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) တွင် ကျင်းပခဲ့ရာ ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ဂုဏ်ပြုကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်၏ မှတ်တမ်းတင်ရမည့် ထူးခြားချက်များမှာ မြန်မာ့အားကစားသမိုင်းနှင့် မြန်မာ နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားကြီးများတွင် တစ်ကြိမ်တစ်ခါမျှ ထည့်သွင်းကျင်းပပြုလုပ်ခဲ့ခြင်း မရှိ သေးသည့် ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများကျင်းပရာ သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးစခန်း ဘောလုံးကွင်းကြီး တစ်ကွင်းလုံးအား ခရမ်းနရောင် တာပေါ်လင်ပိတ်စကြီး ဖုံးအုပ် ဆောင်ရွက်ခဲ့ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားတွင် မှော်ဘီမြို့ရှိ ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီး သင်တန်းကျောင်း လေထီးခုန်ကွင်းအတွင်း လေထီးစစ်သမီး (၃၄) ဦးတို့၏ အားကစားပွဲတော် မီးရှူးတိုင်အား ကိုင်ဆောင်ကာ လေထီး ခုန်ဆင်းခြင်း၊ ဖွင့်ပွဲအခမ်းအနားကျင်းပရာ သုဝဏ္ဏလူငယ် အားကစား လေ့ကျင့်ရေးစခန်းအတွင်း လေထီးသူရဲကောင်း (၁၁) ဦး တို့မှ နိုင်ငံတော်အလံအား ကိုင်ဆောင်ကာ လေထီး အလွတ် ခုန်ဆင်းခြင်း (Free Fall) တို့ကို အချိန်တိုတိုအတွင်း လေ့ကျင့်ပြီး အောင်မြင်စွာဆောင်ရွက်ခဲ့ခြင်းတို့ပင် ဖြစ်သည်။

အမျိုးသမီး လေထီးစစ်သမီး (၃၄) ဦးတို့မှာ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်မှ စတင်ကာ အခြေခံ သင်တန်း၊ မွမ်းမံသင်တန်းများ တက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲ နေ့တွင် ခုန်သည့်အကြိမ် အပါအဝင် (၇) ကြိမ်စီသာ ခုန်ခဲ့သည့် အတွေ့အကြုံကို ရရှိခဲ့သူများဖြစ်ပါသည်။ အမျိုးသားလေထီးသူရဲကောင်း (၁၁) ဦးတို့မှာ စင်ကာပူ နိုင်ငံတွင် သင်တန်း တက်ရောက်ခဲ့ကြပြီး အဆိုပါနိုင်ငံ၌ တစ်ဦးလျှင် (၂၇) ကြိမ်စီ မှော်ဘီလေထီးခုန်ကွင်းတွင် တစ်ဦးလျှင် (၃၄) ကြိမ်စီနှင့် အခမ်းအနားကျင်းပရာ သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်း ဘောလုံးကွင်းတွင် တစ်ဦးလျှင် (၂၂) ကြိမ်စီ လေ့ကျင့် ခုန်ဆင်းခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အလံနှင့်အတူ အောင်မြင်စွာ ခုန်ဆင်းသရုပ်ပြသနိုင်ခဲ့ ကြသည်။

ဒုတိယအကြိမ် အမျိုးသား အားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ အင်္ဂါနေ့ (၁၅၃၀) နာရီအချိန်၌ လှိုင်လူငယ်အားကစားလေ့ကျင့်ရေး စခန်း၊ သုဝဏ္ဏတွင် ကျင်းပပြုလုပ်ခဲ့သည်။ ဖွင့်ပွဲအခမ်း အနားသို့ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်နှင့် နယ်ဘက်မှအရာရှိကြီးများ ၊ မြန်မာနိုင်ငံ ဆိုင်ရာ သံအမတ်ကြီးများနှင့် နိုင်ငံခြားသံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံအဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ပအိုလံပစ် ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေး ဆိုင်ရာ ကော်မတီများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိ သူများ၊ ပြည်ပသတင်းထောက်များနှင့် အားကစား သတင်းထောက်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစား အသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြဆရာများ၊ ဒိုင်လူ ကြီးများ၊ အားကစားသမားများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ကွင်းလုံးပြည့် လျှံထွက်သွားသည်အထိ တက်ရောက် ကြည့်ရှု အားပေးခဲ့ကြသည်။ အခမ်းအနားမစတင်မီ မွန်းလွဲ (၂) နာရီကပင် စတင်၍ ကွင်းအတွင်း ဖြေဖျော်ရေးစင် (၂) စင်တွင် ရုပ်ရှင်၊ ဂီတနှင့် ကျောင်းသူ ကျောင်းသားကလေး များ၏ တေးသံသာ အစီအစဉ်များဖြင့် ဖြေဖျော်ခဲ့သည်။

အခမ်းအနားကို အခမ်းအနားမှူးများက မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် အခမ်းအနား အစီအစဉ်များကို ကြေညာပြီး မင်္ဂလာစည်တော်ရွမ်း၍ မြန်မာဆန်ဆန် စတင်ဖွင့်လှစ် ပေးခဲ့သည်။ ထို့နောက် လေထီးအလွတ်ခုန် ( Free Fall) အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလှဝင်း ဦးဆောင်သော လေထီး သူရဲကောင်း (၁၁) ဦးတို့က ရဟတ်ယာဉ် နှစ်စီးဖြင့် အမြင့် ပေ ၆၀၀၀ မှ လေထီးအလွတ်ခုန်ဆင်းခဲ့ပြီး မြေပြင်မှ အမြင့် ပေ ၄၀၀၀ အရောက်တွင် ရောင်စုံလေထီးများကို ဆွဲဖွင့်ကာ အခမ်းအနားကျင်းပရာ လှိုင်လူငယ်အားကစား လေ့ကျင့်ရေး ဘောလုံးကွင်းအတွင်း သက်ဆင်းခဲ့ကြသည်။ မြေပြင်သို့ သက်ဆင်းခဲ့ပြီးနောက် အဖွဲ့ခေါင်းဆောင် ဗိုလ်မှူး လှဝင်းက ၎င်းနှင့်အတူ သယ်ဆောင်လာသော နိုင်ငံတော်အလံကို လေထီးသူရဲကောင်း (၁၀) ဦး၊ လေထီးစစ်သမီး (၃၄) ဦး ခြံရံလျက် အရှေ့ဘက်ပွဲကြည့်စင်ရှေ့ရှိ သတ်မှတ် ထားသော အလံတိုင်ကြီးတွင် နိုင်ငံတော်စစ်တီးဝိုင်း၏ အမျိုးသားသီချင်းသံနှင့်အတူ ဝင့်ကြွားစွာလွှင့်ထူခဲ့သည်။

၎င်းနောက် နိုင်ငံတော်စစ်တီးဝိုင်းနှင့် အလံကိုင်တပ် ဖွဲ့များ ဦးဆောင်လျက် ပြိုင်ပွဲဝင်အသင်း (၄၀) တို့

## ပထမတန်းအဆင့် ဝန်ကြီးဌာနအသင်းများ ပြိုင်ပွဲဝင်ဦးရေနှင့် ယှဉ်ပြိုင်သည့် အားကစားနည်း အရေအတွက်

| စဉ် | ဝန်ကြီးဌာန အသင်း အမည် | ပြိုင်ပွဲဝင်ဦးရေ | | | ယှဉ်ပြိုင်သည့်အားကစားနည်း အရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ကာကွယ်ရေး .... | ၄၄၁ | ၅၁ | ၄၉၂ | ၂၄ | ၄ | ၂၄ |
| ၂ | ကုန်သွယ်ရေး .... | ၂၁၁ | ၉၈ | ၃၀၉ | ၁၉ | ၁၄ | ၁၉ |
| ၃ | ကျန်းမာရေး .... | ၇၀ | ၂၂ | ၉၉ | ၈ | ၅ | ၉ |
| ၄ | အမှတ် (၁) စက်မှု .... | ၂၀၈ | ၇၁ | ၂၇၉ | ၁၃ | ၁၁ | ၁၃ |
| ၅ | အမှတ် (၂) စက်မှု .... | ၁၀၈ | ၄၃ | ၁၅၁ | ၁၀ | ၇ | ၁၁ |
| ၆ | စွမ်းအင် .... | ၉၆ | ၁၁ | ၁၁၀ | ၁၁ | ၅ | ၁၁ |
| ၇ | ဆောက်လုပ်ရေး .... | ၁၂၆ | ၄၄ | ၁၇၀ | ၈ | ၄ | ၉ |
| ၈ | ဆက်သွယ်/စာတိုက် /ကြေးနန်း | ၆၅ | ၁၉ | ၈၄ | ၈ | ၄ | ၈ |
| ၉ | နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး | ၃၈ | ၃ | ၄၁ | ၆ | ၁ | ၆ |
| ၁၀ | ပညာရေး .... | ၁၀၂ | ၆၈ | ၁၇၀ | ၁၂ | ၉ | ၁၂ |
| ၁၁ | ပို့ဆောင်ရေး .... | ၄၅ | ၁၈ | ၆၃ | ၄ | ၂ | ၅ |
| ၁၂ | ပြည်ထဲရေး .... | ၂၀၂ | ၁၁၀ | ၃၁၂ | ၁၇ | ၁၃ | ၁၇ |
| ၁၃ | ပြန်ကြားရေး .... | ၆၃ | ၁၃ | ၇၆ | ၆ | ၃ | ၆ |
| ၁၄ | ဘဏ္ဍာရေးနှင့် အခွန် .... | ၁၂၂ | ၂၄ | ၁၄၆ | ၁၄ | ၅ | ၁၄ |
| ၁၅ | မွေးမြူရေးနှင့် ရေလုပ်ငန်း .... | ၄၂ | ၂၁ | ၆၃ | ၆ | ၅ | ၆ |
| ၁၆ | ရထားပို့ဆောင်ရေး .... | ၁၄၄ | ၆၅ | ၂၀၉ | ၁၁ | ၆ | ၁၁ |
| ၁၇ | မြို့တော်စည်ပင်သာယာရေး.... | ၂၉၉ | ၁၅၆ | ၄၅၅ | ၂၄ | ၁၈ | ၂၄ |
| ၁၈ | လယ်ယာစိုက်ပျိုးရေး .... | ၁၅၂ | ၄၅ | ၁၉၇ | ၁၅ | ၇ | ၁၅ |
| ၁၉ | လူမှုဝန်ထမ်း .... | ၃၉ | ၅ | ၄၄ | ၅ | ၁ | ၅ |
| ၂၀ | ဝန်ကြီးချုပ်ရုံး .... | ၇၅ | ၁၈ | ၉၃ | ၉ | ၅ | ၁၁ |
| ၂၁ | သမဝါယမ .... | ၆၇ | ၁၅ | ၈၂ | ၇ | ၃ | ၇ |
| ၂၂ | သစ်တောရေးရာ .... | ၁၅၇ | ၇၂ | ၂၂၉ | ၁၄ | ၁၂ | ၁၅ |
| ၂၃ | သတ္တုတွင်း .... | ၆၃ | ၁၆ | ၇၉ | ၇ | ၅ | ၇ |
| ၂၄ | ဟိုတယ်နှင့် ခရီးသွားလာရေး.... | ၆၆ | ၃၆ | ၁၀၂ | ၇ | ၃ | ၇ |
| ၂၅ | အမျိုးသားစီမံကိန်းနှင့် စီပွားရေး | ၂၅ | ၆ | ၃၁ | ၃ | ၁ | ၃ |
| ၂၆ | အလုပ်သမား .... | ၄၇ | – | ၄၇ | ၆ | – | ၆ |
| | စုစုပေါင်း | ၃၀၈၂ | ၁၀၅၁ | ၄၁၃၃ | | | |

ကွင်းအတွင်း ဝင်ရောက်ချီတက် နေရာယူကြသည်။ ထိုကဲ့သို့နေရာယူပြီးနောက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားရှစ်ဦးက အမျိုးသားအားကစားပွဲတော်အလံကြီးကို ကွင်းအတွင်းသို့ သယ်ဆောင်လာခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က အဖွင့်မိန့်ခွန်းပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို (၁၆၅၅) နာရီတိတိ အချိန်တွင် ဖွင့်လှစ်ပေးလိုက်သည်။ ထိုအချိန်တွင်ပင် ရောင်စုံပူဖောင်းများ လွှင့်တင်ခြင်း၊ အမျိုးသားအားကစားပွဲတော်အလံအား ခရာ ရှည်သံ ကျူးရင့်တီးမှုတ်၍ အလံတိုင်ထိပ်သို့ လွှင့်ထူခြင်း၊

ဒုတိယတန်းအဆင့် ပြည်နယ်/တိုင်းအသင်းများ ပြိုင်ပွဲဝင်ဦးရေနှင့်
ယှဉ်ပြိုင်သည့် အားကစားနည်း အရေအတွက်

| စဉ် | ပြည်နယ်/တိုင်း အမည် | ပြိုင်ပွဲဝင်ဦးရေ | | | ယှဉ်ပြိုင်သည့်အားကစားနည်း အရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ကချင်ပြည်နယ် .... | ၁၅၃ | ၄၃ | ၁၉၆ | ၁၆ | ၈ | ၁၆ |
| ၂ | ကယားပြည်နယ် .... | ၁၄၅ | ၄၀ | ၁၈၅ | ၁၆ | ၈ | ၁၆ |
| ၃ | ကရင်ပြည်နယ် .... | ၁၆၈ | ၄၈ | ၂၁၆ | ၁၇ | ၉ | ၁၇ |
| ၄ | ချင်းပြည်နယ် .... | ၈၈ | ၂၅ | ၁၁၃ | ၁၀ | ၃ | ၁၀ |
| ၅ | စစ်ကိုင်းတိုင်း .... | ၂၆၁ | ၁၂၇ | ၃၈၈ | ၁၉ | ၁၅ | ၁၉ |
| ၆ | တနင်္သာရီတိုင်း .... | ၁၈၃ | ၅၆ | ၂၃၉ | ၁၇ | ၁၀ | ၁၇ |
| ၇ | ပဲခူးတိုင်း .... | ၂၅၀ | ၁၁၀ | ၃၆၀ | ၂၁ | ၁၅ | ၂၁ |
| ၈ | မကွေးတိုင်း .... | ၂၂၉ | ၈၀ | ၃၀၉ | ၁၉ | ၁၂ | ၁၉ |
| ၉ | မန္တလေးတိုင်း .... | ၃၁၅ | ၁၅၇ | ၄၇၂ | ၂၁ | ၁၈ | ၂၁ |
| ၁၀ | မွန်ပြည်နယ် .... | ၂၃၃ | ၁၁၃ | ၃၄၆ | ၂၀ | ၁၆ | ၂၀ |
| ၁၁ | ရခိုင်ပြည်နယ် .... | ၂၃၂ | ၈၄ | ၃၁၆ | ၁၉ | ၉ | ၁၉ |
| ၁၂ | ရန်ကုန်တိုင်း .... | ၃၄၃ | ၁၉၉ | ၅၄၂ | ၂၃ | ၂၀ | ၂၃ |
| ၁၃ | ရှမ်းပြည်နယ် .... | ၂၆၇ | ၁၂၁ | ၃၈၈ | ၁၈ | ၁၃ | ၁၈ |
| ၁၄ | ဧရာဝတီတိုင်း .... | ၃၃၆ | ၁၆၅ | ၅၀၁ | ၂၂ | ၁၆ | ၂၂ |
| | စုစုပေါင်း | ၃၂၀၃ | ၁၃၆၈ | ၄၅၇၁ | | | |

ဖွင့်ပွဲအခမ်းအနားသီချင်း စုပေါင်းသီဆိုကျူးရင့်ခြင်းတို့ကို တစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။

ထို့နောက် ထိုနေ့ နံနက် (၈၈၃၀) နာရီအချိန်မှ စတင်ပြီး မော်ဘီလေထီးခုန်ချကွင်းသို့ ဗိုလ်မြတ်မြတ်ခိုင် ခေါင်းဆောင်သော လေထီးစစ်သမီး (၃၄) ဦးတို့လေထီးဖြင့် ခုန်ချပြီး သယ်ဆောင်လာသောအမျိုးသား အားကစားပွဲတော် မီးရှူးတိုင်ကို မော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့မှ လက်ဆင့်ကမ်း သယ်ဆောင်လာပြီးနောက် ခေတ္တရပ်နားရာ မြို့တော်ခန်းမမှ တစ်ဆင့် အဖွဲ့တစ်ဖွဲ့လျှင် (၁၅)ဦးစီ ပါဝင်သော မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ အဖွဲ့ပေါင်း (၃၄) ဖွဲ့ စုစုပေါင်း အင်အား (၅၁၀) ဦးတို့ဖြင့် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြသော အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် မီးရှူးတိုင်သည် (၁၇၀၅) နာရီအချိန်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ လူငယ်အားကစားလေ့ကျင့်ရေးစခန်း၊သုဝဏ္ဏသို့ ရောက်ရှိခဲ့သည်။ အဆိုပါ မီးရှူးတိုင်ကို နိုင်ငံ့ဂုဏ်ဆောင် အာရှလက်ရွေးစင် ဘောလုံးသမား ဗိုလ်မှူးဗဟာဒူးက စတင်လက်ခံရယူ သယ်ဆောင်ကာ ၎င်းမှတစ်ဆင့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ငွေတံဆိပ် နှစ်ခုရ ပြေးခုန်ပစ် အားကစားမယ်လေး ပပက လွှဲပြောင်း သယ်ဆောင်ခဲ့ပြီး (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သေနတ်ပစ်ပြိုင်ပွဲတွင် စံချိန်တင် ပထမရရှိခဲ့သူ ဗိုလ်မှူးမြင့်စိုးမှ လွှဲပြောင်းရယူခဲ့ ပြီးနောက် အရှေ့ဘက်ပွဲကြည့်စင်ပေါ်ရှိ စင်မြင့်ကြီး ပေါ်တွင် မီးရှူးတိုင်ကြီးကို မီးထွန်းညှိခဲ့သည်။

ထို့နောက် ကွင်းအတွင်း နေရာယူထားပြီးဖြစ်ကြသည့် ပြိုင်ပွဲဝင် အားကစားအသင်း (၄၀) မှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို တညီတညွတ်တည်း ရွတ်ဆိုခဲ့ကြပြီးနောက် အလံကိုင်တပ်ဖွဲ့နှင့် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ထွက်ခွာသွားခဲ့ကြသည်။

၎င်းနောက် ဖွင့်ပွဲအခမ်းအနား၊ အကအလှ သရုပ်ပြ အစီအစဉ်များကို ဆက်လက်ပြသခဲ့ရာ ကျောင်းသူကလေး များ၏ ပန်းကုံးအက၊ သွေးစည်းချစ်ကြည် မြန်မာပြည် သရုပ်ပြ၊ ကျောင်းသူကလေးများ၏ ဘင်ခရာသရုပ်ပြ၊ မြန်မာ့သိုင်းသရုပ်ပြ၊ ကျောင်းသူကလေးများ၏ ကြိမ်ခွေ




**ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်မှ ဘောလုံးပြိုင်ပွဲ တစ်ပွဲ မြင်ကွင်း**

အက၊ ကျွမ်းဘားသရုပ်ပြ၊ အမျိုးသားအားကစားပွဲတော် တံဆိပ်ပုံဖော်ခြင်း၊ တိုင်းရင်းသူကလေးများ၏ နှလုံးသားပွဲတော် စုပေါင်းအက၊ စုပေါင်းဝန်းရံ နှုတ်ဆက်ဟန် အက၊ အလှ၊ အားကစားသရုပ်ပြ အစီအစဉ်များကို တစ်ခုပြီး တစ်ခု ပြသသွားခဲ့သည်။

ထိုကဲ့သို့ ကျောင်းသူ ကျောင်းသား အားကစားသမားကလေးများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် နိုင်ငံတော် စစ်တီးဝိုင်းများမှ မိမိတို့အလှည့်ကျ အစီအစဉ်များဖြင့် အက၊ အလှသရုပ်ပြ လှုပ်ရှားမှုများကို အဆက်မပြတ် ပြသနေသည့်အချိန်တွင် ဖွင့်ပွဲ အခမ်းအနားကြီး ကျင်းပရာ ကွင်းကြီး၏ အရှေ့ဘက်ပွဲကြည့်စင်ပေါ်မှနေ၍ ကျောင်းသူကလေးပေါင်း (၄၂၀၀) က ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဆိုင်ရာ စာတမ်း၊ ဆောင်ပုဒ်များဖြစ်သည့် "၁၉၉၄ ခုနှစ်၊ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်" "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်" "သွေးစည်းချစ်ကြည်မြန်မာပြည်" "မျိုးချစ်စိတ်ပွား အားကစား" "နိုင်ငံအင်အား တိုင်းရင်းသား" စသည့်စာတမ်းများကို သရုပ်ဖော်ခဲ့ကြသည်။

ထို့အပြင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်အလိုက် သရုပ်ဖော်ကပြနေချိန်တွင် တိုင်းရင်းသားရှစ်မျိုးတို့၏ ရိုးရာအထိမ်းအမှတ်ပုံစံများ ပြည်နယ်နှင့် တိုင်းအလံ (၁၄) ခုတပ်ထားသည့်ပုံ၊ နိုင်ငံတော်အလံပုံနှင့် အားကစားပွဲတော်အလံပုံများကို ကျောင်းသူကလေးများက ကတ်ပြားများဖြင့် သရုပ်ဖော်ပြသခဲ့ကြသကဲ့သို့ မြောက်ဘက်ပွဲကြည့်စင်ပေါ်ရှိ ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်အသုံးပြုရသည့် လျှပ်စစ်အချက်ပေးဇယား သင်ပုန်းကြီးပေါ်တွင်လည်း စာတမ်းများ၊ တိုင်းရင်းသားရိုးရာ အထိမ်းအမှတ် ပုံစံများကို တစ်ပြိုင်တည်းပြသွားခဲ့သည်။

ထို့နောက် ည (၇:၄၇) အချိန်တွင် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရောင်စုံမီးရှူးမီးပန်းများ တစ်ပြိုင်နက်တည်း ပစ်ပေါက်၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် နေ့မှစတင်၍ သတ်မှတ်ထားသည့် အားကစားကွင်း၊ အားကစားရုံ (၃၅) နေရာတို့တွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်ခဲ့ရာ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြိုင်ပွဲများအားလုံး ကျင်းပပြီးစီးခဲ့သည်။

ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခဲ့သည့် အားကစားနည်း

(၂၄) မျိုးတို့တွင် ပထမအဆင့် (ဝန်ကြီးဌာနအဆင့်) (၂၆) သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ရွှေ (၇၅) ငွေ (၄၆) ကြေး (၄၈) ခုဖြင့် ပထမ၊ မြို့တော်စည်ပင်က ရွှေ (၅၄) ငွေ (၅၂) ကြေး (၇၃) ခုဖြင့် ဒုတိယ၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနအသင်းက ရွှေ (၄၀) ငွေ (၅၇) ကြေး (၃၈) ခုဖြင့် တတိယ အသီးသီး ရရှိခဲ့ကြသည်။

ဒုတိယအဆင့် ပြည်နယ်နှင့် တိုင်းအသင်း (၁၄) သင်း ပါဝင် ယှဉ်ပြိုင်ခဲ့ရာ ရန်ကုန်တိုင်းအသင်းကရွှေ (၈၈) ၊ ငွေ (၈၃)၊ ကြေး (၉၀) ခုဖြင့် ပထမ၊ ဧရာဝတီတိုင်းအသင်းက ရွှေ (၆၁)၊ ငွေ (၅၆)၊ ကြေး (၄၈) ခုဖြင့် ဒုတိယ၊ မန္တလေးတိုင်း အသင်းက ရွှေ (၄၄)၊ ငွေ (၄၁)၊ ကြေး (၅၁) ခုဖြင့် တတိယ အသီးသီး ရရှိခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသား အားကစား ပွဲတော်ပိတ်ပွဲ အခမ်းအနားကို ၁၉၉၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ၆ ရက် တနင်္ဂနွေနေ့ (၁၆၀၀) နာရီအချိန်တွင် သုဝဏ္ဏ လူငယ် အားကစား လေ့ကျင့်ရေးစခန်း ဘောလုံးကွင်းကြီးအတွင်း တွင်ပင် ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယအကြိမ်အမျိုးသား အားကစား ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အကြီးအကဲများ နိုင်ငံခြားသံတမန်များ၊ ဖိတ်ကြားထားသော

### ပြိုင်ပွဲဝင်အသင်းများ ရရှိသည့် ဆုတံဆိပ်စာရင်းနှင့် အသင်းလိုက် အဆင့်ရရှိမှုဇယား

| စဉ် | ဝန်ကြီးဌာန အသင်းအမည် | ရွှေ | ငွေ | ကြေး |
|---|---|---|---|---|
| ၁ | ကာကွယ်ရေး ... ... | ၇၅ | ၄၆ | ၄၈ |
| ၂ | မြို့တော်စည်ပင် ... ... | ၅၄ | ၅၂ | ၇၃ |
| ၃ | စက်မှု (၁) ... ... | ၄၀ | ၅၇ | ၃၈ |
| ၄ | လယ်/စိုက် ... ... | ၃၇ | ၁၇ | ၂၀ |
| ၅ | ကုန်သွယ်ရေး ... ... | ၃၃ | ၄၉ | ၄၃ |
| ၆ | ရထားပို့ဆောင်ရေး ... ... | ၂၇ | ၃၄ | ၂၈ |
| ၇ | သစ်တော ... ... | ၂၄ | ၁၇ | ၃၄ |
| ၈ | ပြည်ထဲရေး ... ... | ၂၃ | ၁၃ | ၃၂ |
| ၉ | ဆောက်လုပ်ရေး ... ... | ၁၄ | ၁၁ | ၁၃ |
| ၁၀ | ဟိုတယ်/ခရီး ... ... | ၁၃ | ၈ | ၁၂ |
| ၁၁ | ပြန်ကြားရေး ... ... | ၁၃ | ၄ | ၈ |
| ၁၂ | စက်မှု(၂) ... ... | ၉ | ၁၅ | ၂၁ |
| ၁၃ | မွေး/ရေ ... ... | ၉ | ၈ | ၂ |
| ၁၄ | ဝန်ကြီးချုပ်ရုံး ... ... | ၆ | ၇ | ၅ |
| ၁၅ | ပညာရေး ... ... | ၆ | ၆ | ၉ |
| ၁၆ | သတ္တုတွင်း ... ... | ၆ | ၅ | ၁ |
| ၁၇ | ပို့ဆောင်ရေး ... ... | ၆ | ၄ | ၄ |
| ၁၈ | ဘဏ္ဍာ/အခွန် ... ... | ၅ | ၈ | ၁၁ |
| ၁၉ | စွမ်းအင် ... ... | ၄ | ၂ | ၄ |
| ၂၀ | နယ်စပ်ဒေသ ... ... | ၂ | – | ၃ |
| ၂၁ | အမျိုးသားစီမံကိန်း ... ... | ၁ | – | ၄ |
| ၂၂ | သမဝါယမ ... ... | ၁ | – | ၃ |
| ၂၃ | ကျန်းမာရေး ... ... | ၁ | – | ၁ |
| ၂၄ | ဆက်သွယ်/စာတိုက် ... ... | – | ၂ | ၂ |
| ၂၅ | အလုပ်သမား ... ... | – | – | ၁ |
| ၂၆ | လူမှုဝန်ထမ်း ... ... | – | – | – |

### ဒုတိယအဆင့် ပြည်နယ်/တိုင်း ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိမှု ဇယား

| စဉ် | ပြည်နယ်နှင့်တိုင်းအသင်းအမည် | ရွှေ | ငွေ | ကြေး |
|---|---|---|---|---|
| ၁ | ရန်ကုန် .... | ၈၈ | ၈၃ | ၉၀ |
| ၂ | ဧရာဝတီ .... | ၆၁ | ၅၆ | ၄၈ |
| ၃ | မန္တလေး .... | ၄၄ | ၄၁ | ၅၁ |
| ၄ | ရှမ်း .... | ၁၃ | ၂၂ | ၃၀ |
| ၅ | မွန် .... | ၁၃ | ၁၂ | ၃၅ |
| ၆ | ပဲခူး .... | ၁၂ | ၂၃ | ၃၁ |
| ၇ | ရခိုင် .... | ၈ | ၁၆ | ၁၈ |
| ၈ | စစ်ကိုင်း .... | ၇ | ၇ | ၂၀ |
| ၉ | ကချင် .... | ၅ | ၆ | ၁၆ |
| ၁၀ | ကရင် .... | ၄ | ၉ | ၁၀ |
| ၁၁ | မကွေး .... | ၃ | ၆ | ၉ |
| ၁၂ | တနင်္သာရီ .... | ၂ | ၅ | ၅ |
| ၁၃ | ကယား .... | ၁ | ၄ | ၇ |
| ၁၄ | ချင်း .... | ၁ | ၁ | ၅ |

ဧည့်သည်တော်များ ကွင်းလုံးပြည့်လျှံသွားသည်အထိ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အခမ်းအနားတွင် (၁၆၃၅) နာရီအချိန်မှ စတင်၍ ကွင်းအတွင်းဖြေဖျော်ရေးစင် (၂) စင်တွင် တေးဂီတများဖြင့် ဖျော်ဖြေပြီးနောက် ကျောင်းသူကလေးများ၏ ဘင်ခရာ သရုပ်ပြ၊ ကျောင်းသူကလေးများ၏ ပဝါအက၊ ကျောင်းသားကလေးများ၏ ကျွမ်းဘားသရုပ်ပြ၊ ကျောင်းသူကလေးများ၏ ကြိမ်ခွေအက၊ မြန်မာ့ သိုင်းသရုပ်ပြ၊ အမျိုးသားအားကစား ပွဲတော် တံဆိပ်ပုံဖော် ခြင်း၊ တိုင်းရင်းသူကလေးများ၏ "သီတာရေမြေ မဆုံးသရွေ့" စုပေါင်းအကတို့ဖြင့် သရုပ်ပြခဲ့ကြသည်။

(၁၈၅၀) နာရီအချိန်တွင် နိုင်ငံတော်စစ်တိုးဝိုင်း ဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း ချီတက်နေရာ ယူကြပြီးနောက် ပြိုင်ပွဲမှ ထူးချွန်အားကစားသမားများ၊ မိမိတို့ရရှိခဲ့ကြသည့် ဆုတံဆိပ်များလည်မှာ ချိတ်ဆွဲ၍ ဂုဏ်ယူဝင့်ကြွားစွာ ဆက်လက်ချီတက်နေရာ ယူကြသည်။

(၁၉:၃၈) နာရီအချိန်တွင် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဒုတိယ အကြိမ် အမျိုးသား အားကစားပွဲတော်ကို ပိတ်လိုက်ကြောင်း ကြေညာလိုက်သည်။ ထိုကဲ့သို့ ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် အမျိုးသားအားကစားပွဲတော် အလံအား တိုင်ထိပ် မှ လျှောချပြီးနောက် နိုင်ငံဂုဏ်ဆောင် အားကစား သမားများက အထူးတန်းရေ့မှ အနေးလျှောက် ပုံစံဖြင့် သယ်ဆောင် ထုတ်ယူသွားစဉ် အရှေ့ဘက်ပွဲကြည့်စင်ပေါ်မှ ကျောင်းသူကလေး (၄၂၀၀) တို့၏ "၁၉၉၆ ခုနှစ်တွင် ပြန်လည်ဆုံတွေ့ကြပါစို့" ဟူသော စာတမ်းကို မီးပုံးကလေး များဖြင့် စာတမ်းဖော်ထိုးပြခဲ့ကြသည်။ ဖွင့်ပွဲ အခမ်းအနား နေ့က ထွန်းညှိခဲ့သော မီးရှူးတိုင်ကြီးကိုလည်း တဖြည်းဖြည်း ငြိမ်းစေပြီးနောက် ဒုတိယအကြိမ် အမျိုးသားအားကစား ပွဲတော် ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပခဲ့သည်။

ဒုတိယအကြိမ်အမျိုးသားအားကစားပွဲတော်ကို ချမှတ်ထားသည့် ဦးတည်ချက်ခုနစ်ချက်နှင့်အညီ စည်ကားသိုက် မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ ပွဲတော်မှ ထူးချွန်စွာပေါ်ထွက်လာသော အားကစားသမားများကို အဆက်မပြတ်ပြုစုပျိုးထောင်လျှက် နိုင်ငံဂုဏ်ဆောင်အား ကစားသမားများဖြစ်လာသည်အထိ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရဦးမည် ဖြစ်ပါသည်။ အမျိုးသားရေး စိတ်ဓာတ်အပြည့်ဖြင့် တစ်မျိုးသားလုံးပါဝင် လှုပ်ရှား ကျင်းပခဲ့သော အမျိုးသားအားကစားပွဲတော်ကြီးများမှာ နှစ်နှစ်လျှင် တစ်ကြိမ် ဆက်လက်ကျင်းပသွားဦးမည် ဖြစ်ပါသည်။

**ခင်မောင်လွင်–အား/ကာ**








# မြနန်းစံကျော်ရွှေနန်းတော်

သာယာဝတီရွှေဘိုမင်းသည် နောင်တော်စစ်ကိုင်းမင်း (ဘကြီးတော်) ထံမှ ရတနာပူရ၊ အင်းဝရွှေနန်းကို လွှဲပြောင်း စိုးစံတော်မူသည်။ သည့်နောက် မြို့တော်ကို အမရပူရသို့ တစ်ဖန်ပြောင်းရွှေ့စံမြန်းတော်မူသည်။

သက္ကရာဇ် (၁၂၀၂) ခုနှစ်တွင် ရွှေနန်းတော်ကြီးပြီးစီး၍ နန်းမြို့တော်ကို "အောင်မြေစံရာ" ရွှေနန်းပြာသာဒ် တော်ကြီး ကို "အောင်နန်းသာစံ" ဟုကမ္ဗည်းတပ်တော်မူသည်။ ထိုရွှေနန်းတော်ကြီးမှာပင် သားတော်ပုဂံမင်းဆက်လက် စိုးစံတော်မူ သည်။ (၁၂၁၄) ခုနှစ်တွင် ညီတော်မင်းတုန်းမင်း နန်းတက် တော်မူသည်။ နန်းသက် (၄)နှစ်ခန့်အကြာ

"သိုက်လည်းအမြတ်–ဓာတ်လည်းအကျော်– စနည်း တော်လည်း–အဟော်ဝတာ–မွန်ရှည်စွာဖြင့်– အလာတညီ– အခါဤကား– ပါရမီသခင်– နတ်ရှင်ဘုန်းခေါင်– မန်းရွှေတောင်ဝယ်– နန်းဆောင်ဗိမာန်– တည်ချိန်တန် သည်..." (ရတနာနဒီဘွဲ့မော်ကွန်း) နှင့်အညီ ဘေးလောင်း တော် ဘိုးလောင်းတော်တို့၏ အစဉ်အလာအတိုင်း ကိန်း၊ ခန်း၊ ဓာတ်၊ သိုက် တဘောင်များနှင့် ကိုက်ညီနေသည့်အချိန် မန္တလေးအရပ်တွင် သာသနာတော်ပွင့်လင်းပြီး ပြည်သူအများချမ်းသာစီးပွားဖြစ်ထွန်းစေလိုသည့် ဆန္ဒဖြင့် မင်းတုန်းမင်းတရားကြီးသည် အမရပူရမြို့တော်တွင်စံစား နေရာမှ မန္တလေးတောင်ခြေသို့ နန်းမြို့အသစ်ပြောင်းရွှေ့ စိုက်ထူရန်အကြံဖြစ်သည်။

ထိုသို့ အကြံတော်ဖြစ်ပေါ်လာသည့်အတွက် မှူး၊ မတ် ပညာရှိများ ရဟန်းပုဂ္ဂိုလ်များနှင့်တိုင်ပင်ပြီး မြို့သစ်၊ နန်းသစ်တည်ထောင်ရန် စီစဉ်ဆောင်ရွက်တော်မူသည်။

"ဇမ္ဗူပျံ့မွှေး– မန္တလေးဝယ်– စဉ်ရေးကမ္ဘာ– ကြိုက်ခဲ့စွာသား– ရတနာပုံ– မျက်စုံရောင်ခြည်– နန်းမြို့ပြည်ကို – ဇာနည်ဘုန်းခေါင်– တိုက်လုံးအောင်သည်– ကုန်းဘောင်နတ်ဆွေ– ဆယ်ပွင့်နေလျှင် – ကြက်သရေကြီးခဲ့– ပြီးစေအံ့ဟု ရဲဝံ့မနစ်– အားတော်သစ်၏" ဟုဆိုသည့်အတိုင်း သက္ကရာဇ် (၁၂၁၈) ခုနှစ်တွင် မြို့ရွာချင်းနှင်းပြီး (၁၂၂၀) ပြည့်နှစ်တွင် မြို့တော်၊ နန်းတော်တည်ထောင်စံနေမည် ဆိုပါက ဘုန်းကြီးမည်၊ အသက်ရှည်မည်၊ ရန်အပေါင်းကို လည်းအောင်မည်၊ အကျိုးထူးအပေါင်းနှင့်လည်း ပြည့်စုံမည်ဟု မှူးမတ်ပညာရှိများ၏ လျှောက်ထားချက်အရ၊ ပထမဦးစွာ –မြို့ရွာချင်းနှင်းရန်ဆောင်ရွက်တော်မူသည်။

ထိုသို့ဆောင်ရွက်ရာ၌ (၁၁၄၄) ခုနှစ် ဘေးတော် မင်းတရားကြီးဘုရား အမရပူရမြို့တော်ကို တည်ထောင်စဉ် က အစဉ်အလာ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်ညှိနှိုင်း ဆောင်ရွက်ရန် အမိန့်တော်ချမှတ်သည်။ ယင်းအမိန့်

လေသာဆောင်နှင့် လေသာစနဆောင် အစည်းအဝေး အုတ်တိုက်ဆောင်





သီဟာသန ပလ္လင်တော်ရှိရာ မြေနန်းပြာသာဒ်တော်ကြီးကို နန်းမြင့်ပေါ်မှ တွေ့ရပုံ

တော်ကို သံတော်ဆင့်၊ ရွှေပြည်လယ်တော်အုပ်၊ မင်းလှ သိင်္ခသူက ထုတ်ပြန်ရသည်။

မှူးမတ်များသည် နန်းမြို့ရာကို သွားရောက်ချင်းနင်း ကြည့်ရှုကြပြီး တောင်ကိုလားသော် ဒုဋ္ဌဝတီမြစ်၊ မြောက်ကိုလားသော် မတ္တရာမြစ်၊ အနောက်ကိုလားသော် ဧရာဝတီမြစ်၊ အရှေ့ကိုလားသော် နယ်ထိပ်တာရိုးအထိ၊ ရတနာပုံ ရွှေမြို့တော်၊ နယ်လေးရပ်၊ ရွှေကြိုးပိုင်းခြား သတ်မှတ်ကြသည်။ယင်းနယ်မြေအထဲမှ နန်းတော်နေရာနှင့် မြို့တော်နေရာများကို မင်းတရားကြီးကိုယ်တိုင် ရွေးချယ် သတ်မှတ်ပေးသည်။

(၁၂၁၈) ခု၊ တပို့တွဲလမှ စပြီး မြေညှိခြင်း – တောခုတ်ခြင်း၊ ဆည်များကန်များဖို့ခြင်း၊ ပန္နက်ချခြင်းများကို အစီအစဉ်အတိုင်း လုပ်ဆောင်ကြရသည်။ မြို့နန်းမပြီးမီ စံနေတော်မူရန်အတွက် နန်းမြို့တော်အတွင်း အနောက်မြောက်ထောင့်တွင် ယာယီစံနန်းတော်ကိုလည်း ဆောက်လုပ်သည်။

(၁၂၁၉) ခုနှစ်တွင် စွယ်တော်စင်နှင့် ဗဟိုရ်စင် များကို စတင်ဆောက်လုပ်သည်။ အရပ်ရပ်မင်းခမ်းတော်များကိုလည်းဆောင်ယူပြီး မင်းတုန်းမင်းတရားကြီးသည် ယာယီစံနန်းတော်တွင် ပြောင်းရွှေ့ စံတော်မူသည်။ ရွှေမြို့တော်၊ နန်းတော်၊ ကျုံးတော်များကိုလည်း မြေညှိသည်။

(၁၂၂၀) ပြည်နှစ်တွင် တောင်နန်းမြင့်၊ မြောက်နန်းမြင့်၊ တောင်ပန်းခုံတော်၊ မြောက်ပန်းခုံတော်၊ တံခါးနီနှင့် မြို့ရိုးတော်များကို အုတ်မြစ်ချသည်။ (၁၂၁၈) ခုနှစ်က ဆောက်လုပ်ခဲ့သည့် မြေနန်းပြာသာဒ်တော်နှင့် အဆောင်ဆောင်အခန်းခန်းတို့မှာလည်း တော်တော်ပြီးမြောက်ပြီး ပြည့်ဝစုံလင်လာပြီဖြစ်၍ (၁၂၂၀) ပြည့်နှစ်အတွင်းမှာပင် အပြောက်အမွမ်းများကို တပ်ဆင်သည်။ သည့်နောက် ပလ္လင်တော် (၉) ရပ်ကို ပြောင်းရွှေ့ပြီး နေရာချထားသည်။

"ပလ္လင် (၈) ခန်း ကြငှန်း (၉) ဆူ" ဟူ၍ ဆိုရိုးစကားရှိသည်။ သီဟာသနပလ္လင် (၂) လုံးပါရှိနေသည့် အတွက် ပလ္လင် (၈) မျိုး၊အရေအတွက် (၉)ခု ဖြစ်ပေါ်လာရသည်။ တစ်လုံးကို မြေနန်းပြာသာဒ် တော်ကြီး အတွင်းမှာထားရှိပြီး ကျန်တစ်လုံးကို လွှတ်တော်အတွင်းမှာ ထားရှိသည်။ (၂) မျိုးစလုံး မျိုးတူရွယ်တူဖြစ်ပြီး မွမ်းမံတပ်ဆင်ပုံမှာလည်း အတူတူပင်ဖြစ်သည်။

ပလ္လင်တော် (၉) ရပ်စလုံးကို ဘိုးတော်ဘုရား လက်ထက်မှာ ဆောက်လုပ်ခဲ့ကြောင်းမှတ်သားရသည်။

ရွှေနန်းတော်ကြီးမှာ ကြီးကျယ်ခမ်းနားသည်နှင့်အမျှ အဆောင်ဆောင်အခန်းခန်းရှိသည်။ အရှေ့ပိုင်းတွင် မင်းခမ်းဆောင်တော် (၃၂) ဆောင်အနောက်ပိုင်းမင်းခမ်းတော်

ဆောင်(၄)ဆောင်၊ အနောက်ပိုင်း မိဖုရားဆောင်တော်ကြီးငယ်နှင့် တန်းလျား (၇၈) ဆောင် စုစုပေါင်း (၁၁၄) ဆောင်ရှိသည်။

အဆောင်တော်များကို ဆောက်လုပ်ပြီးစီးသည့်အခါ မှူးမတ်ပညာရှိများနှင့် တိုင်ပင်၍နန်းမြို့တော်ကို "လေးကျွန်းအောင်မြေ" ရွှေနန်းတော်ကို "မြနန်းစံကျော်" ဟု သမုတ်ပြီး မော်ကွန်းကမ္ပည်းသတ်မှတ်သည်။ (၁၂၂၀) ပြည့်၊ ဒုတိယဝါဆိုလဆန်း (၆) ရက်နေ့တွင် နန်းသိမ်းအခမ်းအနားကို ကျင်းပသည်။

ရွှေမြို့တော်ကို သာသနာတော်နှစ် (၂၄၀၀) အထိမ်းအမှတ်အနေဖြင့် တစ်ပြကိုတာ (၅၀) အရှေ့၊ အနောက် (၁၂)ပြ၊တာ (၆၀၀)၊ တောင်၊ မြောက်(၁၂)ပြ၊တာ (၆၀၀)၊ အဝန်းတာပေါင်း (၂၄၀၀)၊ ပြကွက်ပေါင်း (၁၄၄) ယင်းအကွက်များ အနက်မှ၊ နန်းမြို့တော် (၁၆) ကွက်ကို နှုတ်ပြီး ကျန်အကွက်များမှာ၊ မင်းညီမင်းသား၊ မှူးမတ်၊ သူဌေးသူကြွယ်နှင့် အမှုထမ်းများ နေထိုင်ရန်ဖြစ်သည်။

နန်းမြို့တော်ကြီး၏ အလယ်ဗဟိုတည့်တည့်တွင် ရွှေနန်းတော်ကြီးရှိပြီး ပတ်ပတ်လည်မှာ သစ်တပ်ဝင်းတော်နှင့် ကာရံထားသည်။ သစ်တပ်အတွင်း (၁၀) ပေခန့် အကွာတွင် အုတ်မြို့ရိုးတစ်ထပ်ကာရံထားသေးသည်။ ရွှေမြို့တော်၊ လေးပြင်လေးရပ်တွင် ပြည်သူများအတွက် ရပ်ကွက်ပေါင်း (၅၄) ကွက် သတ်မှတ်ပေးထားသည်။

နန်းမြို့တော်ကိုကာရံထားသည့်အုတ်မြို့ရိုးကြီးသည် (၁၈) တောင်မြင့်ပြီး တာဝန်း (၂၄၀၀)ခန့် ရှိသည်။ လေးဘက်လေးတန်တွင်တာ(၂၀) ကျယ်သည့် ပတ်လည်ကျုံးရှိသည်။ ထေရ်ကြီးဝါကြီးများ (၈၀) ကျော်နှင့် ကျောင်းတိုက်ကြီးပေါင်း (၁၇၉) အပါအဝင် ကျောင်းတိုက်စုစုပေါင်း (၁၂၅၇) ကျောင်း၊ (၁၂၃၆) ခုနှစ်စာရင်းအရ ရဟန်းသာမဏေပေါင်း (၁၁၀၆၆) ပါးခန့်ရှိသည်။ မြို့ရိုးကြီးသည် တံခါးကြီး (၁၂) ရပ်၊ ပြငယ် (၃၂)ပြ သာဒ် (၄၈) ဆောင်တို့ဖြင့် ထည်ဝါခံ့ညားလှသည်။

ဘာသာ သာသနာနှင့် ယဉ်ကျေးမှု နေလို၊ လလို ထွန်းပြောင်ခဲ့သည့် မန္တလေးသည် (၁၂၄၇) ခုနှစ် အရှင်နှစ်ပါး ပါတော်မူသည့် အချိန်မှစ၍ မှေးမှိန်လာခဲ့သည်။ (၁၉၄၂) ခုနှစ် ဂျပန်များအဝင်တွင် ဗုံးဒဏ်ခံခဲ့ရသဖြင့် နန်းမ အဆောင်တော်ပျက်စီးပြီး နန်းမြို့ရိုး၊ မြေနန်းပြာ သာဒ်တော်ကြီးနှင့် ပလ္လင်တော် အချို့သာ ကြွင်းကျန်ရစ်သည်။

ဇေတဝန်ဆောင်၏ ယာဘက်ရှိ လေညင်းခံရာ လေသာဆောင်



နောက်တစ်ဖန် မဟာမိတ်တပ်များအဝင် (၁၉၄၅) ခုနှစ်တွင် ဗုံးကြဲချလိုက်ပြန်သည့်အတွက် မြေနန်းပြာ သာဒ်တော်ကြီးနှင့် နန်းမြို့ရိုးမှ ပြာသာဒ် အချို့ ပျက်စီးကုန်ကြပြန်သည်။ထိုးမှုနန်းရာနှင့် ပတ်သက်၍ ယခုအမျိုးသားပြတိုက်တွင် ပြသထားသည့် "သီဟာသနပလ္လင်" နှင့် နန်းတွင်းပစ္စည်းအချို့သာ ပြသစရာကျန်တော့သည်။

မန္တလေးနန်းတော်ကြီး ပြန်လည်တည်ဆောက်ရန်အတွက် ရှေးအခါက နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပေ။ ပါတော်မူပြီး နှစ်ပေါင်း (၁၀၃) နှစ်ခန့်အကြာ ခရစ်နှစ် (၁၉၈၉) ခုနှစ်တွင်မှ ပြန်လည်တည်ဆောက်နိုင်ခဲ့ပေသည်။

"မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော်၏အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်ရေး၊ အမျိုးသားယဉ်ကျေးမှုအားပေးမြှင့်တင်ရေးတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များ အမြဲ ရှင်သန်တိုးတက်စေရေး၊ ဦးတည်ချက်ဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုဖြင့် ရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ရေး ကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီး တည်ဆောက်ခဲ့သဖြင့် ယခုအခါ ပြီးသလောက်ရှိပေပြီ။

ထိုသို့တည်ဆောက်ရာ၌ ရှေးက ပေ၊ ပုရပိုက် မှတ်တမ်းများ၊ အင်္ဂလိပ်၊ မြန်မာမှတ်တမ်းများနှင့် သမိုင်းအထောက်အထားများကို ရှာဖွေစုဆောင်းညှိနှိုင်းပြီး နောက်ဆုံးမင်းဆက်ဖြစ်သည့်သီပေါမင်းလက်ထက်တွင် ရှိခဲ့သည့်အနေအထားအတိုင်း ပြန်လည်တည်ဆောက်ပြီး ခေတ်ပစ္စည်းအချို့ကို ပြောင်းလဲသုံးစွဲထားကြောင်း သိရသည်။

ရွှေနန်းတော်ကြီး၏နန်းခုံသည် အရှေ့ အနောက် ၁၀၀၄ ပေ၊ တောင်– မြောက် ၅၇၄ ပေ ကျယ်ဝန်းပြီး နန်းခုံပေါ်တွင် အဆောင်ပေါင်း ၁၁၄ ဆောင်ကို ရှေးမူမပျက်ပြန်လည်တည်ဆောက်ထားသည်။

နန်းခုံကြီး၏ ရှေ့တွင် (အရှေ့ဘက်မျက်နှာစာတွင်) မင်းတက်လှေကားရှိသည်။ နန်းခုံပေါ်သို့ဘုရင်မင်းမြတ်ဝင်၊ ထွက်၊ ဆင်း၊ တက် စံမြန်းရန် မင်းသုံးလှေကား ဖြစ်သည်။မင်းတက်လှေကားထိပ်မှ အဆောင်ကြီးသည် "အရှေ့စမုတ်ဆောင်ကြီး " ဖြစ်သည်။ မင်းတို့ ဝင်၊ ထွက် ရာ အရပ်သို့ မှန်မျက်နှာလှည့်ထားရာ အဆောင်ဟုခေါ် သည်။ ညီလာခံသဘင်ကျင်းပသည့်အခါ မင်းသားကြီး၊ မင်းသားလတ်၊ မင်းမှူး၊ မင်းသားငယ်များ၊ နာခံတော်၊ သံတော်ဆင့်၊ နာရီတော်မှူးနှင့် သွေးသောက်ကြီးတို့ ခစားကြရသည့် အဆောင်ဖြစ်သည်။ ယင်းအဆောင်နှင့် မြေနန်း ပြာသာဒ်တော်ကြီး၏ အကြားတွင် "မြေနန်းစနဆောင်"ရှိ သည်။ ရှေးအခါက လက်ယာရစ်ခရသင်းထားသော အဆောင်ဖြစ်သည်။ ညီလာခံသဘင်ကျင်းပသည့်အခါ လက်ဝဲစစ်သူကြီး၊ လက်ယာစစ်သူကြီးနှင့် စော်ဘွားကြီးများ ခစားရသော အဆောင်ဖြစ်သည်။

အရှေ့စမုတ်ဆောင်နှင့်တစ်ဆက်တည်းတွင်၊ "လက်ဝဲမြေနန်းပွဲတက်ဆောင်"နှင့် "လက်ယာမြေနန်းပွဲတက်ဆောင်"များရှိသည်။ ညီလာခံသဘင်ကျင်းပသည့်အခါ လက်ဝဲဆောင်တွင် စော်ဘွားကြီးနောက်နေ အမှုထမ်း၊ တော်ချွန်၊ ယိုးဒယားမင်းသား၊ သူဌေးသူကြွယ်နှင့် နေရာငါးသွယ်နေ အမှုထမ်းများ၊ မွန်ယိုးဒယားနှင့် ရှမ်းမြို့စား၊ အမတ်များ ခစားကြရသော အဆောင်ဖြစ်သည်။ ညီလာခံသဘင်ကျင်းပသည့်အခါ၊ လက်ယာဆောင်တွင် လက်ဝဲဆောင်နည်းတူ သက်ဆိုင်ရာအမှုထမ်းများ ခစားကြရသည်။ သက်ဆိုင်ရာ နေရာတော်ချင်းတူကြသော်လည်း လက်ဝဲပွဲတက်အမှုထမ်းများက လက်ယာပွဲတက်အမှုထမ်းများထက် ရာထူးမြင့်ကြ သည်။

မြေနန်းစနဆောင်၏အနောက်ဘက်တွင်ကပ်လျက်ရှိပြီး အမိုးဘုံ (၇) ဆင့်ရှိသည့် ပြာသာဒ် တော်ကြီးသည်ကား မြေနန်းပြာသာဒ် တော်ကြီးပင်ဖြစ်သည်။ နန်းဆောင်များအားလုံးအနက်အမြင့်ဆုံး အကြီးမားဆုံး အခမ်းနားအထည်ဝါဆုံး တန်ဖိုးအမြင့်ဆုံး အဆောင်ကြီး ဖြစ်သည်။ မြေနန်းပြာသာဒ် တော်ဟုခေါ်ဆိုရခြင်းမှာ အောက်ခံအုတ်ခုံကြီးအတွင်း ပလ္လင်တော်တည်ရာအောက်၌ မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံရှိ ရှေးမင်းကောင်းမင်းမြတ်တို့စံရာ၊ ဗာရာဏသီ၊ ဝေသာလီ၊ သာဝတ္ထိ စသည့် နန်းတော်ရာနေရာများမှ အောင်မြေကို မင်္ဂလာယူပြီး သယ်ဖို့ထားခြင်းကြောင့်ဖြစ်သည်။ မြေနန်းပြာသာဒ် တော်ကြီး၏အလယ်တွင် ယမနေသားဖြင့်ထုလုပ်ပြီး ခြင်္သေ့ရုပ်များခံထားသည့် " သီဟာသန ပလ္လင်တော်ကြီး"ရှိသည်။ ပလ္လင် (၈) ခန်းအနက် အရွယ်အကြီးဆုံး အမြင့်ဆုံး အခံ့ညားဆုံး အဖိုးထိုက်တန်ဆုံး မဟာပလ္လင်တော်မျိုးဖြစ်သည်။ ပလ္လင်တော်ကြီး၏ အရှေ့ ဘက်တွင် သိကြားမင်း (၃၃) ပါး၊ နတ်မင်းကြီး (၄) ပါး၊ ဆင်ပျံ၊ ခြင်္သေ့ပျံ ပါဝင်ထုလုပ်ထားသည့် ဥကင်တော်နှင့် နောက်ဘက်တွင် ပန်းခက်ပန်းနွယ်များပါရှိသည့် ဥကင်တော် နှင့် ဆင်နားဇာဝင်ပေါက်တံခါး (၂) ချပ်ရှိသည်။

တစ်ဆောင်လုံးကို ရွှေပိန်းချထားပြီး ရှေးအခါက ဘုရင်မင်းမြတ်စံစားရာ အဆောင်တော်ကြီးဖြစ်သည်။ နှစ်ဦး

တွင်တစ်ကြိမ်၊ ဝါဝင်မှာတစ်ကြိမ်၊ ဝါကျွတ်မှာ တစ်ကြိမ်၊ တစ်နှစ် (၃) ကြိမ် စုစုပေါင်း (၅) ရက် အကန်တော့ခံ လက်ဆောင်တော်ဆက် မင်းပွဲသဘင်ကျင်းပသည့် နေရာ ဖြစ်သည်။ ယင်းအခမ်းအနားသို့ မင်း မိဖုရား (၂) ပါးစုံ ထွက်စံတော်မူပြီး အိမ်ရှေ့မင်းမှစ၍ စော်ဘွား မြို့စား မှူးတော်မတ်တော် ဗိုလ်မှူးစစ်ကဲများသည် မိမိတို့ရာထူး အလျောက် အသနားတော်မြတ်ခံထားရသည့် ဖေါင်း နားတောင်း စလွယ်စသည်များကို ခံ့ညားစွာဝတ်ဆင်၍ ထိုက်တန်သည့်နေရာမှ အသီးသီး ကန်တော့ခစားကြရ သည်။ အခမ်းအနားရှိသည့်အခါ ဝဲ ယာ မင်းခမ်းတော် ပစ္စည်းများကို ချထားပြီး အောင်လံတော် (၇) စင်းနှင့် ထီးဖြူတော် (၈) စင်းကို စိုက်ထူရသည်။

ဝဲ–ယာ တွင် ကဲလားတော်ကြီးများရှိပြီး အခမ်းအနား များရှိသည့်အခါ မြန်မာအငြိမ့် မွန်အငြိမ့်များဖြင့် ညည့်ခံ ဖျော်ဖြေကြရသည်။ ပလ္လင်တော်ကြီး၏ နောက်ဘက် ကြမ်းမြင့်တွင် မိဖုရားကြီးများခစားကြရပြီး ကြမ်းနိမ့်တွင် ကိုယ်လုပ်တော်မောင်းမ မိဿံများခစားကြရသည်။ မြေနန်းပြသာဒ်တော်ကြီးအပါအဝင် မြေနန်းစနဆောင် အရှေ့စမုတ်ဆောင်– ဝဲ–ယာ– ပွဲတက်ဆောင်– အဆောင် ကြီး (၅) ဆောင်တို့သည် ကြီးကျယ်သည့် မင်းခမ်းမင်းနား ကျင်းပရာ အဆောင်စုဖြစ်ပြီး နန်းခုံတော်ကြီးပေါ်တွင် ရှိကြသည်။

မြေနန်းပြာသာဒ် တော်ကြီးနှင့် "နောက်စန" ခြား လျက်ရှိသည့်အဆောင်မှာ ဇေတဝန်ဆောင်ဖြစ်သည်။ မြတ်စွာဘုရားသခင်၏ ဇေတဝန်ကျောင်းတော်ပုံသဏ္ဍာန် ကိုအတုယူ၍ ဆောက်လုပ်ထားပြီး ဤအဆောင်တွင် အရေးကြီးသောကိစ္စရပ်များကို စည်းဝေးတိုင်ပင်၍ ရန် အပေါင်းကို အောင်စေခဲ့သောကြောင့်"ဇေတဝန်ဆောင်" ဟုခေါ်ဆိုကြ သည်။ အဆောင်၏အရှေ့ပိုင်းတွင် ရစ်မြှောင် ပုံ " ဟံသာ သနပလ္လင်တော်" ရှိသည်။ ဇေတဝန်ဆောင်၏ မြောက်ဘက်တွင်ဖြဲတိုက်ဆောင်ရှိသည်။ ဖြဲတိုက်ဆောင် တော်အတွင်း၌ ရှစ်မြှောင့်ထုလုပ်ထားသည့် " ဂဇာသန ပလ္လင်တော်" ရှိ သည်။

ဇေတဝန်ဆောင်၏ တောင်ဘက်တွင် လေသာဆောင် ရှိသည်။ ယင်းအဆောင်၌ ရှစ်မြှောင့်ထုလုပ်ထားသည့် "သင်္ခါသန ပလ္လင်တော်"ရှိသည်။ "ကွမ်းရေတော်ဆောင်" ဟုလည်း ခေါ်ဆိုကြသည်။ ထို့အတူ "ပရိုက်နာဆက်ဆောင်" ဟုလည်းအမည်တွင်ခဲ့သေးသည်။ ဇေတဝန်ဆောင်ကြီး၏ အနောက်ကပ်လျက်ရှိသည့်အဆောင်မှာ "ဖေါင်းတော် စနဆောင်" ဖြစ်သည်။ တောင်ဘက်မင်းတက် လှေကား အနီးမှအဆောင်မှာ "တောင်စမုတ်ဆောင်"ဖြစ်သည်။ ယင်း အဆောင်တွင် "မိဂါသနပလ္လင်တော်" ရှိသည်။ "မြောက် စမုတ်ဆောင်" တွင် "မယူရာသနပလ္လင်တော်" ရှိ သည်။

နန်းခုံတော်ကြီး၏ အလယ်ဗဟိုတွင် မှန်နန်းတော်ကြီး ရှိသည်။ မြေနန်းပြာသာဒ် တော်ကြီးမှအပ အကြီးဆုံး အကျယ်ဝန်းဆုံးနှင့် အမြင့်ဆုံးအဆောင်ဖြစ်သည်။ ယင်း အဆောင်ကြီးတွင် "ဘမရာသနပလ္လင်တော်"ကြီးနှင့် ထီးဖြူ တော်များကို စိုက်ထူထားသည်။ အနောက်စမုတ်ဆောင်၏ အရှေ့ဘက်တွင် အနောက်ဇေတဝန်ဆောင်ရှိသည်။ မြေ နန်းသီဟာသန ပလ္လင်တော်ကြီးနှင့် ပုံစံအရွယ်ဆင်တူသည့် "ပဒုမာသနပလ္လင်တော်" ရှိသည်။

အဆောင်တော်များ၏ အမည်ထူးခြားသလိုပလ္လင် တော်များ၏ အမျိုးအစားပုံပန်းသဏ္ဍာန်နှင့် အသုံးပြုပုံများ မှာလည်း ထူးခြားသည်။ မင်းခမ်းမင်းနားများ ကြီးကျယ်ခမ်း နားသည်နှင့်အမျှ အဆောင်တော်များတွင် မွမ်းမံထားပုံများ မှာလည်း ထွေပြားဆန်းကြယ်သည်။ ရာထူးကြီးငယ်အလိုက် ဝတ်စားဆင်ယင်မှုကွဲပြားသလို နေမှုထိုင်မှုလည်း ကွဲပြားခြား နားသည့်အတွက် အဆောင်ကြီးငယ် အရွယ်အစားစား မွမ်းမံမှု ကွဲပြားခြားနားရခြင်း ဖြစ်သည်။

အဆောင်ဆောင်အခန်းခန်းကို ကြည့်ရခြင်းအားဖြင့် မြန်မာမင်းများသည် အစဉ်အလာကိုလိုက်နာပြီး စည်းစနစ် တကျ ခံ့ခံ့ညားညား ခမ်းခမ်းနားနား နေထိုင်တတ်ကြောင်း ပေါ်လွင်သည်။ လောက၊ ဓမ္မ၊ ရာဇ သုံးမျိုး သုံးထွေနှင့် သင့်တင့်လျှောက်ပတ်အောင် ကျင့်ကြံ အားထုတ်ကြကြောင်း မှာလည်း ထင်ရှားသည်။

အဆောင်ဆောင်အခန်းခန်းတို့ဖြင့် တင့်တယ်ခမ်းနား လှသည့် "မြနန်းစံကျော်– ရွှေနန်းတော်ကြီး" သည် မြန်မာ့ ယဉ်ကျေးမှုတို့ စုဝေးရာ ယဉ်ကျေးမှုနန်းတော် ယဉ်ကျေးမှု ပြတိုက်ကြီးဖြစ်သည်။ ဗိသုကာပညာ လက်မှုပညာနှင့် အနုပညာပေါင်းစုံ စသည့် နေရာကြီးဟုလည်း ဆိုနိုင်သည်။ မြန်မာ့ထီးရိပ် နန်းရိပ်၏ သင်္ကေတအဖြစ် ပြစရာဆို၍ လည်း သည်နန်းတော်ကြီး တစ်ခုသာရှိတော့သည်။

နှစ်ပေါင်း ရာထောင်မကရှည်ကြာခဲ့သည့် မြန်မာ့ သမိုင်းတွင် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးအမွေအနှစ် ဖြစ်သလို မြန်မာနိုင်ငံသားတို့၏ ယဉ်ကျေးမှုအမွေအနှစ် လည်းဖြစ်ပေသည်။ အတိတ်က အမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး ပစ္စုပ္ပန်တွင် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်များကို ရှင်သန်ကြီးထွားအောင် လုပ်ဆောင် ကြရန်မှာ ကျွန်တော်တို့တစ်မျိုးသားလုံး၏ တာဝန်တစ်ရပ် ပင်ဖြစ်ပေသည်။

ဦးမင်းနိုင်





Plague diagnostic chart,
Swiss, ca. 1519.







# ပလိပ်ရောဂါ

ပလိပ်ဟူသောဝေါဟာရသည် အင်္ဂလိပ်လို (Plague) ဟူသောစာလုံးမှလာ၍ အဓိပ္ပါယ်မှာ ပလိပ်ရောဂါပိုး (Plague Bacillus or Pastuerella Pestis) ကြောင့်ဖြစ်သော ရောဂါကိုခေါ်ခြင်းဖြစ်သလို လူအများသေကြေစေသည့် အခြားကပ်ရောဂါများကိုလည်းခေါ်သည်။ အကြောင်းမှာ ၁၄ ရာစုနှစ်က အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပ တစ်ခွင်လုံးတွင် ဖြစ်ပွားသောပလိပ်ရောဂါပိုးကြောင့် လူသန်းပေါင်းများစွာ သေဆုံးခဲ့ရသလို ၁၇ ရာစုနှစ်က ဖြစ်ပွားသော ကမ္ဘာတစ်ခွင်ပျံ့နှံ့သည့် ပလိပ်ရောဂါကြောင့် လူသန်း ၅၀ ခန့် သေကျေပျက်စီးရသည့် ရောဂါကပ်တစ်ခု ဖြစ်ခဲ့သောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ယခုအခါဆေးကု၍ မရနိုင်သော ကိုယ်ခံစွမ်းအားကျရောဂါ (A I D S, Acquired Immuno- Deficiency Syndrome ) ကိုလည်း ကမ္ဘာ တစ်ခွင်လုံးပျံ့နှံ့၍ လူအများကိုသေစေသဖြင့် ပလိပ်ကပ် ရောဂါတစ်ခု(A Plague) ဟုခေါ်ပါသည်။ ထို့အတူပင် လိင်အင်္ဂါရေယုန်ရောဂါကို လည်း လူအများတွင်ဖြစ်ပွားစေ၍ အသက်မဆုံးရှုံးစေသော်လည်း တစ်သက်တာ ဒုက္ခပေး နေသဖြင့် ပလိပ်ကပ်ရောဂါ (Another Plague) ဟုခေါ်ကြပါသည်။

## ယခုပလိပ်ရောဂါ

သို့ဖြစ်၍ ယခုအခါနိုင်ငံတစ်နိုင်ငံ သို့မဟုတ် နေရာ ဒေသတစ်ခု၌ ပလိပ်ရောဂါတစ်ခုဖြစ်သည်ဆိုလျှင် လူအများ ကြောက်ရွံ့စိုးရိမ်ရသလို အိမ်နီးချင်းနိုင်ငံများနှင့် နီးစပ်ရာ ဒေသများမှာလည်း ကြောက်လန့်စိုးရိမ်မှုများဖြစ်ကာ ထိုပလိပ်ရောဂါမပြန့်ပွားရအောင် ကြိုတင်ကာကွယ်မှုများ ပြု လုပ်ကြရသည်။ ၁၉၉၄ ခု၊ စက်တင်ဘာလ ၂၀ ရက်က အိန္ဒိယနိုင်ငံ အနောက်ကမ်းခြေရှိ ဂုဂျာရတ်ပြည်နယ် (Gujarat State) တွင် အကျိတ်ရောင်ပလိပ်ရောဂါ (Bubonic Plague) ဖြစ်ပွားသဖြင့် လူတစ်ယောက် စတင် သေဆုံး ရာမှ အောက်တိုဘာလ ၁၄ ရက်နေ့အထိမှု လူ ၅၈ ယောက် သေဆုံးခဲ့သည်ဟု သိရသည်။ သို့ဖြစ်၍ ထိုမြို့မှလူအများ သည် ပလိပ်ရောဂါ မဖြစ်ပွားမည့် နေရာဒေသများသို့ ထွက်ပြေးကြသလို အခြားမြို့ရွာဒေသများမှလည်း ပလိပ် ရောဂါကိုအကြောက်ကြီးကြောက်ကာ ဆေးရုံများ၊ ဆေးခန်း များသို့တိုး၍တက်ကြ၊ ဆေးများကိုလု၍ဝယ်စားကြနှင့် အားလုံး ကသောင်းကနင်းဖြစ်ခဲ့သည်။

ထိုသတင်းများကို ကြားရ၍ အိမ်နီးချင်းနိုင်ငံများသည် ပလိပ်ရောဂါပျံ့နှံ့လာမှာကိုကြောက်ပြီး ဘင်္ဂလားဒက်(ရှ်)၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မလေးရှားနှင့် အရှေ့အလယ်ပိုင်း ပင်လယ်ကွေ့နိုင်ငံများက အိန္ဒိယနှင့် ရေကြောင်းနှင့် လေကြောင်းဆက်သွယ်မှုများကို ဖြတ်လိုက်သည်။ အိန္ဒိယမှ လာသောလေယာဉ်ခရီးသည်များကို ပလိပ်ရောဂါရှိ မရှိ ဆရာဝန်များနှင့်စစ်ဆေး၍ ခွဲထားစနစ်(Quarantine) ကျင့်သုံးနေသည်ဟုလည်း သိရသည်။ အင်္ဂလန်၊ ဂျာမနီနှင့် အခြားဥရောပနိုင်ငံများကလည်း လေယာဉ်ဆိပ်များတွင် ဆရာဝန်များနှင့် ကြပ်ကြပ်မတ်မတ်စစ်ဆေး၍ ပလိပ် ရောဂါရှိသည်ဟုထင်ရသူများကို သီးသန့်ခွဲထား၊ ဆေးကုနှင့် ပလိပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို လုပ်နေသည် ဟုလည်းကြားရသည်။

## ရှေးကပလိပ်ရောဂါ

အမှန်တော့လည်း ထိုသို့ကြောက်လန့်မည်ဆိုကလည်း ကြောက်လန့်စရာကောင်းပါသည်။ အကြောင်းမူ အိန္ဒိယ ကျန်းမာရေးအရာရှိများ၏အဆိုအရ အိန္ဒိယနှင့် မြန်မာနိုင်ငံ၌ ဖြစ်ပွားသောပလိပ်ရောဂါများကြောင့် သေဆုံးသူများမှာ နှစ်အလိုက်အောက်ပါအတိုင်းဖြစ်ပါသည်။

| ခုနှစ် | သေဆုံးသူအရေအတွက် | မှတ်ချက် |
|---|---|---|
| ၁၈၉၈ – ၁၉၀၈ | ၅၄၈၄၂၇ | (အိန္ဒိယ၊ မြန်မာ လွတ်လပ်ရေးမရမီ) |
| ၁၉၀၉–၁၉၁၈ | ၄၂၂၁၅၃ | ။ |
| ၁၉၁၉ – ၁၉၂၈ | ၁၇၀၂၇၂ | ။ |
| ၁၉၂၉ – ၁၉၃၈ | ၄၂၂၈၈ | ။ |
| ၁၉၃၉ – ၁၉၄၈ | ၂၁၇၉၇ | မြန်မာလွတ်လပ် ရေးရပြီး (၁၉၄၈) |
| ၁၉၄၉ – ၁၉၅၈ | ၄၆၂၈ | အိန္ဒိယ |

## လွတ်လပ်ရေးရပြီးနောက်

ထို့နောက် ၁၉၄၇ ခုနှစ်တွင် အိန္ဒိယလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်၌ မြန်မာနိုင်ငံကပါလွတ်လပ်ရေးရရာ ထို့နောက် ပိုင်း၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပေါ်ပေါက်လာ၍ ပလိပ် ရောဂါကာကွယ်နှိမ်နင်းမှုမှာ ထိရောက်ခဲ့ပါသည်။ သို့ဖြစ်၍ အရှေ့တောင်အာရှနိုင်ငံများ၌ ၁၉၅၀ ပြည့်နှစ်တွင် ပလိပ်



ရောဂါပိုးများကြောင့်ဖြစ်သော ရောဂါများကို ကာကွယ်ဆေးများ ပြုလုပ်၍ ကြိုတင် ထိုးထားခြင်းဖြင့် ယင်းရောဂါများကို ကာကွယ်နိုင်ကြောင်း သိပ္ပံနည်းကျ လမ်းပြခဲ့သည့် လူးဝစ်ပတ်စ်ချား

ရောဂါရသူ ၄၁၃၂၃ မှ ၁၉၆၄ ခုတွင် ၁၀၉ ယောက်သာရှိခဲ့ပါသည်။ အမေရိကတိုက်၌ ပလိပ်ရောဂါဖြစ် ပွားမှုမှာ ၁၉၅၄ ခုနှစ်တွင် ၁၇၁ ယောက်ရှိ၍ ၁၉၆၄ ခုနှစ်တွင် ၆၅၃ ယောက်ရှိပါသည်။ ယခုအခါ အမေရိကန် ပြည်ထောင်စု၊ ကနေဒါနှင့် ဥရောပနိုင်ငံများ၌ ကပ်အသွင်ပလိပ်ရောဂါ ဖြစ်ပွားမှုမရှိပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization)၏အဆိုအရမူ ပလိပ်ရောဂါမှာ ယခုတိုင် အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်ပြည်၊ အိန္ဒိယနှင့် အမေရိကန်အနောက်ပိုင်းပြည်နယ် ၁၅ ခုတို့၌ အကျိတ်ရောင်ပလိပ်ရောဂါအဖြစ် ကြိုးကြားကြိုးကြားဖြစ်ပွားနေ၍

တစ်ခါတစ်ရံတွင် လူသေဆုံးခြင်းပင်ရှိခဲ့သည်ဟု သိရပါသည်။ ၁၉၉၂ ခုနှစ်တွင် ကမ္ဘာပေါ်၌ ပလိပ်ရောဂါဖြစ်ပွားသူပေါင်း ၁၇၆၈ ဦးရှိ၍ ၁၉၈ ယောက်သေဆုံးခဲ့သည်ဟု သိရသည်။ စာရင်းဇယားတစ်ခုအရ ၁၉၉၁ ခုနှစ်၌ အနောက်ဥရောပနိုင်ငံများတွင် ပလိပ်ရောဂါဖြစ်ပွားမှုလုံးဝမရှိဘဲ တရုတ်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံစသောအရှေ့တောင်အာရှနိုင်ငံများ၌သာ ပလိပ်ရောဂါဖြစ်ပွားမှုရှိနေသည်။ ထို့အတူ အာဖရိကနိုင်ငံများဖြစ်သည့် ဇမ်ဘီယာနှင့်ကင်ညာ၊ အီသီယိုးပီးယားစသည့်နိုင်ငံများ၌လည်း ပလိပ်ရောဂါဖြစ်ပွားမှုရှိနေသည်။ တောင်အမေရိကနိုင်ငံများဖြစ်သည့် ဘရာဇီးလ်နိုင်ငံနှင့် ပီရူးနိုင်ငံတို့တွင်လည်း ရောဂါဖြစ်ပွားမှုရှိနေပေသည်။

## မြန်မာနိုင်ငံတွင် ပလိပ်ရောဂါဖြစ်ပွားမှု

မြန်မာနိုင်ငံတွင် ပလိပ်ရောဂါသည် ရှေးစစ်မဖြစ်မီကတည်းကရှိခဲ့ပြီး တစ်ခါတစ်ရံလူသေကြေမှုများစေသောရောဂါအဖြစ်ပျံ့နှံ့ဖြစ်ပွားတတ်သည်။ အထူးသဖြင့် အပူပိုင်းဒေသများဖြစ်သည့် မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိမြို့နယ်အချို့တွင် ကြွက်ကျ၍ ပလိပ်ရောဂါဖြစ်ပွားမှုရှိပါသည်။ ၁၉၉၂ ခုနှစ်က စစ်ကိုင်းတိုင်းအတွင်းရှိ ကန့်ဘလူ၊ ဘုတလင်၊ ဒီပဲယင်းနှင့် ရေဦးမြို့နယ်တို့တွင် ပလိပ်ရောဂါဖြစ်ပွားမှုရှိခဲ့သော်လည်း လူသေဆုံးမှုမရှိပါ။ သို့သော် ချောက်မြို့နယ်အတွင်း၌ ပလိပ်ရောဂါဖြစ်ပွားရာ လူ ၂၃၆ ယောက်ရောဂါရပြီး ၃ ယောက် သေဆုံးခဲ့ပါသည်။ ထို့အတူ ၁၉၉၃ ခုနှစ်က စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်နှင့် မကွေးတိုင်း စကု၊ စလင်း၊ ချောက်နှင့် ထီးလင်းမြို့နယ်များတွင် ပလိပ်ရောဂါဖြစ်ပွားမှုရှိခဲ့သော်လည်း လူသေဆုံးမှုမရှိခဲ့ပါ။

ဤသို့ပလိပ်ရောဂါဖြစ်ပွားသော်လည်း လူသေကြေမှုနည်းပါးသည်မှာ ယခုခေတ်၌ပလိပ်ရောဂါကာကွယ်ဆေးများပေါ်လာခြင်း၊ ကြွက်နှိမ်နင်းရေးနှင့် ကြွက်သန်း (ကြွက်လှေး) သုတ်သင်ရေးအတွက် ပိုးသတ်ဆေးကောင်းများရှိလာခြင်းအပြင် ပလိပ်ရောဂါရနေသော လူများကိုကုသရန် ဆာလ်ဖာနှင့် ပဋိဇီဝဆေးဝါးကောင်းများ ပေါ်လာသောကြောင့်ဖြစ်ပါသည်။ သို့သော် ကူးစက်ရောဂါများကို နှိမ်နင်းရာ၊ ကာကွယ်ရာ၌ သတိဟူသည်ပိုသည်မရှိဘဲ အမြဲကြိုတင်ပြင်ဆင်ကာကွယ်ရန် နည်းလမ်းများနှင့် လုပ်ငန်းများချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ပလိပ်ရောဂါသမိုင်း

စင်စစ်ပလိပ်ရောဂါသည် ယခုမှပေါ်လာသော ရောဂါအသစ်တစ်ခုမဟုတ်ပါ။ ခရစ်တော်မပေါ်မီ ဘီစီ ၁၃၂၀ လောက်ကပင် ဖိလစ်စတင်းနား (Philistina) ဟုခေါ်သော အရှေ့အလယ်ပိုင်း မြေထဲပင်လယ်အရှေ့ဘက်ကမ်းခြေဒေသ (ယခုပါလက်စတိုင်း) ၌ အဖုအကျိတ်ရောင်ပလိပ်ရောဂါဖြစ်ခဲ့ဖူးကြောင်းမှတ်တမ်းများရှိပါသည်။ ထို့အတူ ဘီစီ ၄၃၀ လောက်ကလည်း ဂရိနိုင်ငံ၊ အေသင်မြို့၌ ပလိပ်ရောဂါဖြစ်ပွားခဲ့ဟန်တူကြောင်း မှတ်တမ်းများတွေ့ရသည်။ သမိုင်းနှင့် ဆေးဘက်မှတ်တမ်းအတိအကျအရမူ ခရစ်တော်ပေါ်ပြီး အေဒီ ၅၄၂ ခုနှစ်၌ အီဂျစ်နိုင်ငံအောက်ပိုင်းမှစ၍ ပလိပ်ရောဂါဖြစ်ရာ ထိုစဉ်က အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးနှင့် ဥရောပနိုင်ငံအများအပြားကို ပျံ့နှံ့ခဲ့သည်။ လူများစွာသေဆုံးခဲ့သည်ဟု သိရပါသည်။ ယင်းပလိပ်ကပ်ရောဂါကို ဂျပ်စတင်းပလိပ်ကပ် (Justinian's Plague) ဟုခေါ်ပါသည်။

ထိုစဉ်က ပလိပ်ရောဂါကြောင့် ရွာများပျက်၊ မြို့များပြို၊ လူများသေလိုက်သည်မှာ အမှောင်ခေတ် (Dark Ages) ကို ကျရောက်စေသည်အထိဖြစ်သည်ဟု သိရပါသည်။ ထိုစဉ်က ရောဂါရလျှင် လူမှာအနည်းငယ်ဖျား၍ ပေါင်ခြံမှာ သို့မဟုတ် ချိုင်းမှာ အကျိတ် (အဖု) ထွက်သည်။ ထို့နောက် လူနာမှာအန်၍ အားပြတ်ပြီးသေဆုံးတော့သည်။ အေဒီ ၁၃၄၈ မှ ၁၃၅၀ အထိ ဥရောပနှင့် အင်္ဂလန်တွင် ဖြစ်ပွားခဲ့သောပလိပ်ကပ်ကြီးကို "အနက်ရောင်သေမင်းပလိပ်ကပ်" (Black Death) ဟုခေါ်သည်။ သေဆုံးသူများမှာ ကြွက်သန်း (ဝါ) ကြွက်လှေး (Rat's Fleas) ကိုက်သည့်နေရာ၌ အနက်ရောင်အမှတ်ကလေးများရှိနေ၍ ခေါ်ခြင်းဖြစ်သည်။ ထိုပလိပ်ကပ်ရောဂါကြောင့် ဥရောပတွင် လူ ၂၅ သန်း သေဆုံး၍ တရုတ်နှင့် အိန္ဒိယ၌ လူ ၂၅ သန်း ထပ်သေဆုံးကြသည်ဟု ခန့်မှန်းကြသည်။

ထိုခေတ်က ပလိပ်ရောဂါကို ဘာကြောင့်ဖြစ်မှန်းမသိကြ။ ကြွက်များကျသည် (သေသည်)၊ လူများသေသည်ကိုသာသိသည်။ အမှိုက်ပုံများရှုပ်၍ကြွက်ပေါများပြီး ထိုကြွက်များရှိကြွက်သန်းများပွားကာ ပလိပ်ရောဂါပိုးကူးစက်၍ ရောဂါဖြစ်စေသည်ကို မသိကြပေ။ သို့ဖြင့် ရိုးရာဆေး၊ ရရာဆေးအပြင် ဗေဒင်ကိန်းခန်းမှော်ဟောစာတမ်းများဖြင့် ကုသကြရာ လူအများအပြားသေဆုံးခဲ့ကြရပေသည်။

## ပလိပ်ရောဂါဖြစ်ပွားစေသောပိုး

ပလိပ်ရောဂါမှာ ထိုစဉ်က ထင်ကြသလိုနတ်များ၊ ကဝေများကပြုစား၍လည်းမဟုတ်။ ဘုရားသခင်ကဒဏ်ခတ်ခြင်း၊ ရာသီဥတုကမှန်မှိုင်းခြင်း၊ ပူပြင်းခြင်းကြောင့်လည်းမဟုတ်။ ပလိပ်ရောဂါပိုး (Plague Bacillus) ကြောင့်ဖြစ်ပွားရခြင်းဖြစ်သည်။ ဤပလိပ်ရောဂါပိုးကို ၁၈၉၄ ခုနှစ်၌ ဂျပန်ပိုးမွှားဗေဒပညာရှင် ဂျပန်လူမျိုး ဒေါက်တာ ရှီဘာဆာဘူရိုကီတာ

ဆေတို(Dr. Shibasahuro Kitasato) နှင့် ဆွစ်လူမျိုး ဒေါက်တာအလက်ဇင်ဒါယာဆင်(Dr. Alexandre Yersin) တို့ကရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ သူတို့၏ဆရာလူးဝစ် ပတ်စ်ချားကို ဂုဏ်ပြုသောအားဖြင့် ထိုရောဂါပိုးကို Pasteurella Pestis ဟု အမည်ပေးခဲ့၏။ နောက်မှ Yersinia Pestis ဟု အမည်ပြောင်းခေါ်ခဲ့သည်။ ထိုတွေ့ရှိသော ရောဂါပိုးကိုမွေးမြူကာ ပလိပ်ရောဂါကာကွယ်ဆေး (Anti-plague Vaccine)ကိုလည်း ၁၈၉၅ ခု၌ ဒေါက်တာယာဆင် နှင့် ဒေါက်တာအဲလဘတ်ကာလ်မတ် (Dr. Albert Calmette)တို့က ဖော်စပ်နိုင်ခဲ့ကြသည်။ သို့သော်ထို ကာကွယ်ဆေးမှာ တော်တော်နောက်ကျခဲ့၏။ အကြောင်းမှာ ၁၇ ရာစုနှစ်က ဥရောပ၌ ပလိပ်ကပ်ရောဂါထပ်ဖြစ်ခဲ့သောကြောင့်ပေတည်း။



ယခုခေတ်သစ်တွင် ပလိပ်ရောဂါဖြစ်ပါက ကြွက်နှိမ်နင်းရေးသည် အရေးကြီးသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အိန္ဒိယနိုင်ငံ၌ ကြွက်ထောင်ချောက်များ ဖြန့်ဝေနေပုံ

## ပလိပ်ရောဂါပျံ့နှံ့ပုံ

မှန်ပါသည်။ ၁၆၂၈ ခုမှ ၁၆၃၁ ခုနှစ်အထိ ဥရောပတိုက်၌ ကြွက်ကျ၍ ပလိပ်ရောဂါပျံ့နှံ့ရာ လူအများ ထပ်မံသေဆုံးခဲ့ပြန်သည်။ အီတလီနိုင်ငံ၊ မီလန်မြို့၌ စဖြစ်ပွားရာ မြို့လုံးကျွတ်သေဆုံးခဲ့၏။ အီတလီနိုင်ငံတစ်ခုလုံး၌ လူ ၅ သိန်းခန့်သေဆုံးခဲ့သည်။ ထိုမှ ဟော်လန်၊ ဂျာမနီနှင့် အရှေ့ဥရောပသို့ ပျံ့နှံ့ခဲ့၏။ အင်္ဂလန်သို့ ၁၆၆၄ ခုတွင် စရောက်ရာ ပြဇာတ်၊ ရုံ၊ ကျောင်းနှင့် ဈေးများကိုပိတ်ပစ်ခဲ့ရ၏။ လန်ဒန်မြို့ လူဦးရေ၏ ၆ ပုံ ၁ ပုံ လူပေါင်း ၆၈၀၀၀ ခန့်သေဆုံးခဲ့၏။ ဥရောပတစ်ခုလုံး၌ ပလိပ်ရောဂါမှာ ၁၇၂၀ ပြည့်နှစ်ရောက်မှ ရပ်၏။ တရုတ်နိုင်ငံ၌ ဟောင်ကောင်မှစ၍ ၁၈၉၄ ခုတွင် တစ်ကြိမ်၊ အိန္ဒိယနိုင်ငံ၌ ၁၈၉၆ ခုတွင်တစ်ကြိမ် ထပ်ဖြစ်သေးသည်။ ထိုမှ ဥရောပ၊ ဗဟိုအမေရိကနှင့် မက်ဆီကို၊ နောက် အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်သို့ ပျံ့နှံ့သွားသည်။ သို့ဖြင့် ထိုစဉ်က အမေရိကန်အနောက်ပြည်နယ် ၁၅ ခုနှင့် ကနေဒါ၊ မက်ဆီကိုစသည်တို့မှာ ပလိပ်ရောဂါအမြဲရှိရာအရပ်များဖြစ်ခဲ့၏။ ရောဂါပိုးကို တောရိုင်းလယ်ကြွက်နှင့် ပူး၊ ယုန်၊ မြေခွေးနှင့် အိမ်ခွေးစသောတိရစ္ဆာန်များက သယ်ထားခဲ့ကြသည်။ တစ်ခါတစ်ခါမှ မြို့ကြွက် (ဝါ) အိမ်ကြွက်များကိုကူးရာ ထိုအခါမှ ကြွက်ကျ ကြွက်သန်းကိုက်၍ လူကိုရောဂါကူးတော့သည်။ ကြွက်သန်းမကိုက်ဘဲလည်း ကြွက်သန်း၏မစင်၊ အန်ဖတ်နှင့် သွေးတို့ကို ထိက လူ၏အရေပြားနှင့် အမြေးပါး၊ အနာစသည်တို့မှ တစ်ဆင့်ဝင်ကာ ရောဂါကူးစေနိုင်သည်။

## လူတွင်ဖြစ်ပွားသော ပလိပ်ရောဂါ အမျိုးအစားများ

လူတွင်ဖြစ်ပွားသော ပလိပ်ရောဂါမှာ အဓိကအားဖြင့် နှစ်မျိုးရှိ၏။ ယင်းတို့မှာ–

(၁) အဖုအကျိတ်ရောင် ပလိပ်ရောဂါ (Bubonic Plague)

အနည်းငယ်ဖျားပြီး ပေါင်ခြံနှင့် ချိုင်းရှိ သားနံ့ရည်အကျိတ်များရောင်နိုင်သည်။ ထို့နောက် အဖျားကြီးလာပြီး ကိုယ်လက်ကိုက်ခဲကာ ကယောင်ကတမ်းဖြစ်၍သေနိုင်သည်။ သို့မဟုတ် အစာမစားရ၍ အားပြတ်ကာ သေနိုင်သည်။ ဆေးစွမ်းကောင်းနှင့်တွေ့၍ စောစီးစွာကုသက အသက်ရှင်နိုင်သည်။ သေဆုံးနိုင်နှုန်းမှာ ၅ ရာခိုင်နှုန်းသာရှိ၏။

(၂) အဆုတ်ရောင် ပလိပ်ရောဂါ (Primary Pneumonic Plague)

ဤပလိပ်ရောဂါ၌ သားနံ့ရည်များ မရောင်ဘဲ အဆုတ်သာ စရောင်၏။ ချောင်းဆိုး၏။ သွေးပါနိုင်၏။ အဖျားကြီး၏။ ဆေးမကုဘဲထားက ၁ ရက် ၂ ရက်အတွင်းသေနိုင်သည်။ ချောင်းဆိုးသောချောင်းဖတ်မှ လူတစ်ဦးမှတစ်ဦးသို့ အမြန်ကူးနိုင်၏။ အကူးစက်နိုင်ဆုံးရောဂါဖြစ်သည်။ ရောဂါပျိုးချိန်(Ineubation Period) ဆိုလိုသည်မှာ ရောဂါပိုးဝင်သည်မှ ရောဂါလက္ခဏာပေါ်သည်အထိ ၁ ရက်မှ ၆ ရက်ထိသာကြာ၏။

သို့ရာတွင် အခြားသော ပလိပ်ရောဂါပုံစံများလည်း ရှိသေး၏။ ယင်းတို့မှာ–

(၁) သွေးအဆိပ်တက် ပလိပ်ရောဂါ (Septicaomic Plague)

အဖုအကျိတ်လည်းမထွက်၊ ချောင်းလည်း မဆိုးဘဲ အဖျားကြီးကာ သွေးအဆိပ်တက်၍ ဖျားတတ်၏။ များသောအားဖြင့် ဆေးမဦးလျှင် သေကြ၏။ အမှန်မှာ အဆုတ်မှလာသော ပလိပ်ရောဂါပိုးသည် သွေးတွင် ပျံ့နှံ့ခြင်းဖြစ်သည်။

(၂) ပလိပ်ရောဂါငယ် (Pestis Minor)

ကြွက်သန်းကိုက်ခံရသည့်နေရာတွင် အနာအနည်းငယ်ဖြစ်ပြီး ကိုယ်လက်မအီသာရှိ၏။ နောက်ပြန်ကောင်းသွားသည်။ သေဆုံးမှုမရှိ။

(၃) လည်ချောင်းပလိပ်ရောဂါ (Pharyngeal Plague)

အချို့သူများ၌ ရောဂါလက္ခဏာမပြဘဲ လည်ချောင်းထဲတွင် ပလိပ်ရောဂါပိုးခိုနေသည်ကို တွေ့ရ၏။ အခြားသူများကိုကူးစေနိုင်၏။ ၎င်းတို့မှာ ပလိပ်ရောဂါသယ်သူများဖြစ်သည်။

## ရှေးစာပေများထဲမှ ပလိပ်ရောဂါ

ခရစ်တော်မတိုင်မီ ၁၃၂၀ ဘီစီက ပလိပ်ရောဂါဖြစ်ပွားခဲ့ပုံကို သမ္မာကျမ်းစာ၌ ဤသို့ဖော်ပြထားခဲ့၏။

"... ရောဂါရသူများမှာ ၎င်းတို့၏ ပေါင်ခြံ၌ အဖုအကျိတ်များရှိကြသည်။"

၁၇ ရာစုတွင် ဥရောပတိုက်၌ ပလိပ်ရောဂါတစ်ဖန်ပြန်ဖြစ်ရာ ဂျာမနီနိုင်ငံ မြို့တစ်မြို့မှလူများ ထွက်ပြေးနေကြပုံ



ထိုစဉ်က ပါလက်စတိုင်းနိုင်ငံ၌ ကြွက်များပေါလှရာ ဤသည်မှာ ပလိပ်ရောဂါကိုဆိုလိုကြောင်း အချို့က ကောက်ချက်ချကြသည်။ အချို့ပညာရှင်များကလည်း သွေးဝမ်းရောဂါကြောင့် လိပ်ခေါင်းထွက်ခြင်းကို ဆိုလိုသည်ဟု ယူဆခဲ့ကြသည်။ အမှန်မှာ ပလိပ်ရောဂါဖြစ်ဖို့က ပိုများပါသည်။

ထို့နောက်ပိုင်း ရုဖတ်စ် (Rufus) က ပလိပ်ရောဂါကို အတိအကျဖော်ပြခဲ့၏။ ထိုရောဂါမှာ အီဂျစ်၊ ပါလက်စတိုင်းနှင့် ဆီးရီးယားနိုင်ငံတို့မှာ ဖြစ်ပွားခဲ့သည်။ သူက ဤသို့ ဖော်ပြခဲ့၏။

"ကြွက်ကြောင့်ဖြစ်သော အဖုအကျိတ်ရောဂါမှာ လူကိုသေစေ၏။ ယင်းအကျိတ်များပေါ်လာလျှင် အပြင်းဖျားခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲခြင်း၊ တစ်ကိုယ်လုံးအားပြတ်ခြင်းနှင့် သတိမေ့မြော၍ ကယောင်ကတမ်းအော်ခြင်းများပါ ဖြစ်ပွားသည် ….."

ထို့နောက် အေဒီ ၄၅၂ ခုနှစ်၌ အီဂျစ်နိုင်ငံအောက်ပိုင်း ပဲလူဆီယံ (Pelusium) မြို့မှစတင်ဖြစ်ပွားသော ပလိပ်ရောဂါသည် အီဂျစ်၊ ပါလက်စတိုင်းနှင့် ထိုစဉ်က နီးကပ်နေသောနိုင်ငံအများသို့ ပလိပ်ရောဂါပျံ့ပွားရာ နှစ် ၅၀၊ ၆၀ ကြာခဲ့၏။ လူပေါင်းသန်း ၁၀၀ မျှသေဆုံးခဲ့ရသည်။ ထိုရောဂါကို ဤသို့ဖော်ပြခဲ့၏။

"ပလိပ်ရောဂါသည် မြို့များကို လူသူကင်းမဲ့စေ၍ တောနယ်များကို သဲကန္တာရဖြစ်စေ၏။ လယ်ကွင်းနှင့် ဥယျာဉ်များကို တောတိရစ္ဆာန်များအတွက် ဘေးမဲ့တောများ ဖြစ်စေခဲ့သည်။"

"ရောဂါ၏လက္ခဏာများမှာ ရုတ်တရက်ဖျားခြင်း၊ ပေါင်ခြံ၊ ချိုင်းနှင့် နားရွက်နောက်တွင် အကျိတ်များထွက်ခြင်းနှင့် အချို့တွင် ကိုယ်လက်မအီမသာရှိခြင်း၊ အစာဝေတ်မွတ်၍သေခြင်းနှင့် ကယောင်ကတမ်းဖြစ်ခြင်းတို့ ဖြစ်သည် …"

## အမှောင်ခေတ်အစ ပလိပ်ရောဂါ

၁၄ ရာစုတွင် ဖြစ်ပွားခဲ့သော "အနက်ရောင်သေမင်းကပ် (Black Death)"နှင့် ပတ်သက်၍ ပုပ်ရဟန်းမင်းကြီး ကလီမင့်(၆)၏ သမားတော်ချောလိယက်က ဤသို့ မှတ်တမ်းတင်ခဲ့၏

"ရောဂါသည် ၁၃၄၈ ခု၊ ဇန်နဝါရီလ၌စခဲ့ပြီး ၇ လကြာ ဖြစ်ပွားသည်။ ပုံစံ ၂ မျိုးဖြင့်ဖြစ်၏။ ပထမပုံစံတွင် ၂ လကြာတွင် အဖျားနှင့်စသည်။ သွေးအန်သည်။ ဒုတိယပုံစံမှာ နောက် ၅ လကြာ၏။ အဖျားရှိသည်။ ချိုင်းနှင့် ပေါင်တို့၌ အဖုအကျိတ်များထွက်သည်။ ပေါက်၍ ပြည်တည်နာများဖြစ်သည်။ လူနာသည် ၅ ရက်အတွင်းသေဆုံး၏။ ရောဂါမှာ အလွန်ကူးစက်လွယ်၍ လူနာနှင့် ထိတွေ့ဖူးသူမှန်သမျှ ကူးစက်ခံရသည်။ သို့ဖြစ်၍ သားမှာ ရောဂါဖြစ်လျှင် အဖေက မကြည့်ရှု၊ အဖေမှာ ရောဂါဖြစ်လျှင် သားက ထွက်ပြေး၊ သံယောဇဉ်နှင့် အကြင်နာမေတ္တာတရားတို့ ခေါင်းပါးနေသောကာလဖြစ်သည်။"

ထို ၁၄ ရာစုနှစ်အတွင်း (အေဒီ ၁၃၄၈ မှ ၁၃၅၃ အတွင်း) ဒီကင်မရွန် (Decameron) ဝတ္ထုတွဲကြီးကို ရေးခဲ့သည့် ဘိုကေရှို (Bocacio) ကလည်း ထို "အနက်ရောင်ပလိပ်ကပ်ကြီး" အကြောင်းကို ဤသို့ မှတ်တမ်းတင်ခဲ့၏။

"လူ တိုင်း သို့ ပ လိပ် ရော ဂါ ကူး စက် လာ သော အ ခါ လူတိုင်းပင်ကြင်နာသနားမှု မရှိကြတော့ပါ။ ဖျားနာသူတွေထံမှ ရောဂါလွတ်နိုးနှင့် လူတွေထွက်ပြေးကြသည်။ အချို့ကမူ မိမိတို့၏ သားမယားများနှင့်အတူ အစားအစာ လုံလောက်အောင် သိုလှောင်သောအိမ်ထဲမှ အိမ်ပြင်မထွက်ဘဲ ပုန်းနေကြသည်။ အချို့ကမူ မထူးပါဘူးဟုဆိုကာ ပျော်ပျော်ပင် စားကြ၊ သောက်ကြ၊ ပျော်ပွဲဆင်ကြသည်။ ပတ်ဝန်းကျင်မှာ ဘာဖြစ်နေသည်ဆိုသည်ကို အမှုမထားတော့၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟုဆိုကာ နေကြတော့သည်။ ပျော်ပွဲစားဆိုင် တစ်ဆိုင်မှ အခြားတစ်ဆိုင်သို့ နေ့စဉ်ပြောင်းသွားကာ စားသောက်နေကြလေ၏။ ထိုအချိန်၌ ဘာသာရေးနှင့် ဥပဒေစိုးမိုးရေးမရှိ၊ စည်းကမ်းကလနားလုံးဝမရှိ၊ မိမိကောင်းမည်ထင်သလို ပြုမူကြတော့သည်။ သေဆုံးသူများအတွက် ကြေကွဲဝမ်းနည်းကြရမည့်အစား ပျော်ရွှင်စွာနေခြင်းသာ အသက်ရှည်ရာနည်းလမ်းဟု ထင်ကြတော့သည်။ မိန်းမတွေက ဤသဘောကိုပို၍ဆောင်ကြပေ၏။ ဤအချိန်၌ လူလတ်တန်းစားနှင့် ဆင်းရဲသားနင်းပြားများမှာ အထိခိုက်ဆုံးဖြစ်၏။ သွားစရာမရှိ၊ စားစရာမရှိ၊ အိမ်ထဲမှ တော်၍သေ၊ ရောဂါရ၍ ထောင်ချီသေကြလေ၏။ အချို့မှာလမ်းထဲမှာပင် လဲ၍သေကြလေသည်။ အသက်ရှင်ကျန်ရစ်သူများမှာ ရောဂါကူး၍ သေမှာ ကြောက်သဖြင့် သေဆုံးသူများ၏ အလောင်းများကို အိမ်တံခါးဝမှာစု၍ထားကြ၏။ မနက်လင်းသောအခါ အလောင်းများပုံနေသည်ကို လမ်းပေါ်မှ ဖြတ်သန်းသွားတိုင်း မြင်ရလေ၏။"

## ၁၇ ရာစုနှစ် ပလိပ်ရောဂါ

၁၇ ရာစုနှစ်အတွင်း၌ ဥရောပတွင် ပလိပ်ရောဂါဖြစ်ပွားသောအခါ၌လည်း စာရေးဆရာကြီး ဒယ်နီရယ်ဒီဖိုး (Daniel

Defoe of Robinson Crusoe's Fame) သည် လန်ဒန် ပလိပ်ရောဂါအကြောင်းကို "လန်ဒန်ပလိပ် ဒိုင်ယာရီ" (A Journal of the Plague Year) ဟူ၍ ရေးကာ ၁၇၂၂ ခုနှစ်၌ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခဲ့၏။

သူကယင်းဒိုင်ယာရီထဲ၌ "ပလိပ်ရောဂါကြောင့် လူတွေမှာ စိတ်တုန်လှုပ်ချောက်ချားနေကြောင်း၊ ဤသည်ကိုအခွင့်ကောင်းယူ၍ မသမာသူများက ဆေးတုများ၊ မစွမ်းသောဆေးဝါးများကို ဖော်စပ်ရောင်းချကြကြောင်း၊ သမားတုသမားယောင်များလည်း ဟိုကဒီက ပေါ်လာကြောင်း၊ အားကိုးရာမဲ့သူများမှာ ဗေဒင်ဆရာနှင့် လက္ခဏာဆရာများကိုသာ အားကိုးနေကြရကြောင်း၊ ငတ်မွတ်၍ သေဆုံးကြရကြောင်း ...." ရေးသားထား ခဲ့သည်။



ယာဆင်နှင့်ပူးပေါင်း၍ ပလိပ်ရောဂါ ကာကွယ်ဆေး တီထွင်ခဲ့သည့် ရှီဘာဆာဘူရို ကီတာဆေတို

## ပလိပ်ရောဂါနှင့် ၂၀ ရာစုနှစ် ရသစာပေ

ပလိပ်ရောဂါနှင့် ပတ်သက်၍ ယခု ၂၀ ရာစုနှစ်အတွင်းတွင်မှ ရသစာပေဝတ္ထုရှည်များဖြင့် ရေးသားဖော်ပြကြသည်ကိုလည်း တွေ့ရ၏။ နိုဗဲစာပေဝတ္ထုရှည်ဆုရ အဲလဗတ်ကမူ (Albert Camus) သည် ပြင်သစ်နိုင်ငံ၌ ဂျာမန်ဖက်ဆစ်တပ်များအုပ်စိုးနေသောအခါ ထိုစစ်အာဏာရှင်ဖက်ဆစ်များအုပ်စိုးမှုကို ပလိပ်ရောဂါနှင့် နှိုင်းယှဉ်ဖော်ပြခဲ့၏။ ပလိပ်ရောဂါပပျောက်အောင်ဆောင်ရွက်ရာတွင် ဆရာဝန်၊ ကျန်းမာရေးလုပ်သားများနှင့် ပြည်သူလူထုအားလုံးဝိုင်းဝန်းဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ဖက်ဆစ်စနစ်တိုက်ဖျက်ရေးအတွက် လူအများစည်းလုံးဆောင်ရွက်ကြရမည်ဟု ဖော်ညွှန်းခဲ့ခြင်းဖြစ်၏။ ဝတ္ထုစာအုပ်အမည်ကိုလည်း "ပလိပ်"(The Plague)ဟုပင်ပေးခဲ့၍ ဇာတ်လိုက်မှာလည်း ဆရာဝန်ပင်ဖြစ်သည်။ ထိုစာအုပ်ကို ဒုတိယကမ္ဘာစစ်အတွင်းက ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်၏။

ဒုတိယကမ္ဘာစစ်ပြီးသောအခါ ၁၉၆၁ ခုနှစ်၌မှ အမေရိကန်ပြည်ထောင်စုမှ ဆရာဝန်စာရေးဆရာ ဖရန့်ဂျီစလော့တား (Frank G. Slaughter)က "ကူးစက်ကပ်ဆိုက်ပြီ"(Epidemic!) ဟူ၍ အမည်တပ်ခါဝတ္ထုရှည်ရေးသားခဲ့၏။ ဇာတ်လမ်းမှာ အာဖရိကနှင့် ဆိုဗီယက်ယူနီယံမှ ပြန်လာသော သင်္ဘောတစ်စင်းပေါ်မှ ပလိပ်ရောဂါရသည့် ခရီးသည်များနှင့် ကြွက်များကြောင့် ထိုသင်္ဘောနယူးယောက် ဆိပ်ကမ်းသို့ကပ်ပြီးသောအခါ နယူးယောက်မြို့တော်၌ ပလိပ်ရောဂါဖြစ်ပွားပုံ၊ ထိုရောဂါကိုလူအများသို့မကူးစက်ရန်



ရောဂါကာကွယ်ဆေးများတီထွင်သည့်ဒေါက်တာ ကော့(ခ်)နှင့် ဒေါက်တာ ကီတာဆေတို

ကာကွယ်နှိမ်နင်းပုံတို့ကိုလည်း သည်းထိတ်ရင်ဖိုရေးသားထား၏။ ထိုစာအုပ်မှ အချို့စာသားများကို အောက်တွင်ကောက်နုတ်ဖော်ပြလိုက်ပါသည် –

"သင်္ဘော၏ညာဘက် ကုန်လှောင်အခန်းတံခါးဝမှ နှုတ်သီးချွန်တစ်ခုပေါ်လာ၏။ နှုတ်ခမ်းမွေးနှင့် အညိုရောင်ကိုယ်မွေးများရှိသော ယင်းသတ္တဝါသည် အနံ့ခံသည့်အသွင် နှုတ်သီးကို လှုပ်ရမ်းလိုက်၏။ ပြူးကျယ်သောမျက်လုံးများက ရန်သူရှိမရှိ ဟိုကြည့်ဒီကြည့် ကြည့်ပြီးမှ တစ်ပေမျှရှည်သော ခန္ဓာကိုယ်ကို ရှေ့သို့တိုးထွက်လာ၏။ သူ၏အဖော် ဆယ့်သုံးကောင်မှာလည်း သူ့နောက်မှ အသံမထွက်ဘဲ ငြိမ်သက်စွာ

လိုက်လာခဲ့ကြ၏။ တစ်ကောင်ချင်းပင် သူတို့သည် သင်္ဘောလက်ရန်း၏အရိပ်ကို ခိုရှ်သွားကြ၏။

ဤသင်္ဘောခိုးစီးသည့်သတ္တဝါများကို ကျွန်ုပ်တို့က သိပ္ပံအမည်အားဖြင့် အိမ်ကြွက် (ဝါ) ကြွက်မည်း (Rattus) ဟုခေါ်ပါသည်....”

(စာမျက်နှာ ၁၀–၁၁)

“အဖုအကျိတ်နှင့် အဆုတ်ရောင်ပလိပ်၊ အဲဒီနှစ်မျိုးလုံး နယူးယောက်မြို့တော်မှာဖြစ်နေတယ်”

“အဲဒီအဆုတ်က အသားစကို ယူပြီး ပိုးမွေးကြည့်ချင်တယ်။ ဒေါက်တာမေးနက်က လူနာသေပြီး ရင်ခွဲတော့ အသားစယူတာမဟုတ်လား:”

“အဲဒီဆရာဝန်လဲ ပလိပ်ရောဂါရနေပြီ”

“ဘယ်လိုလုပ်ရောဂါကူးလာသလဲ”

“ဒီသေသွားတဲ့အဆုတ်ရှင်ဟာ မသေမီက သင်္ဘောတစ်စင်းရဲ့ကပ္ပိတန်ဖြစ်တယ်။ သူဟာ အနောက်အာဖရိက သင်္ဘောဆိပ်ကမ်းတစ်ခုမှာ ကုန်တင်စဉ် ရောဂါကူးလာတာဖြစ်မှာပဲ။ ဒါမှမဟုတ်လဲ သင်္ဘောပေါ် ရောဂါရှိတဲ့ကြွက်တွေ ရောက်ပြီး သင်္ဘောသားတွေရောဂါရ၊ အဲဒီက သူလဲရ၊ တချို့လဲ သင်္ဘောပေါ်မှာပဲ သေကြတာပေါ့ ...”

“ရောဂါလက္ခဏာတွေက ဘာတွေလဲ”

“ပထမခေါင်းကိုက်တယ်။ နောက်တုန်ပြီး ဖျားတယ်။ ကိုယ်လက်တွေလဲ ကိုက်ခဲတယ်။ ချောင်းလဲဆိုးတယ်။ နမိုးနီးယားအဆုတ်ရောင်ရောဂါရတာလဲသေချာတယ်...”

(စာမျက်နှာ ၉၈–၉၉)

“ရောဂါကာကွယ်ရေးအတွက် စစ်ဆင်ရေးတစ်ခုလို အကွက်စေ့စေ့ ဆောင်ရွက်ကြရမယ်။ ကပ်ရောဂါစစ်ဆင်ရေးလို့ အမည်ပေးထားတယ် ...”

“ပလိပ်ရောဂါရှင်တွေနှင့် တွေ့ဖူးတဲ့ဆရာဝန်၊ သူနာပြုအလုပ်သမားမှန်သမျှ ပလိပ်ရောဂါကာကွယ်ဆေးထိုးကြရမယ်”

“ပလိပ်ရောဂါကာကွယ်ရေးမှာ စထရက်တိုမိုင်ဆင်ဟာလဲစွမ်းကြောင်း ရုရှားတွေက သိပြီးပြီ။ ၁ ဂရမ်ထိုးထားရင် ရောဂါကာကွယ်နိုင်တယ်။ ဆာလဖာမီရာဇင်းစားထားရင်လဲ ကာကွယ်နိုင်တယ်”

“ဒီအတွင်းမှာ ရောဂါရှင်တွေကို ဆေးရုံမှာတင်ပြီး ခွဲထားပြီးကုနေသလို သူတို့နှင့်တွေ့ဖူးသူတွေကို လိုက်ရှာရမယ်။ ကာကွယ်ဆေးထိုးပြီး စားဆေးပေးရမယ်”

“နောက်ပြီး ရောဂါလက္ခဏာတွေကို ရုပ်မြင်သံကြားက ပညာပေးပြောပြရမည်။ ရောဂါရှိသူတိုင်း ဆေးရုံလာကြဖို့ပေါ့”

“အရေးကြီးတာက မဟုတ်မဟတ်လုပ်ဇာတ်တွေနှင့် ကောလာဟလတွေကို လူတွေမယုံဖို့ဘဲ..”

“တကယ်လို့ လူနာတွေ သိပ်များလာရင် လူစုလို့ရတဲ့နေရာတိုင်းမှာ ကျန်းမာရေးပညာပေးနှင့် ကာကွယ်ရေးစခန်းတွေဖွင့်ရမည်။ ရုံးတွေ၊ ရုပ်ရှင်ရုံတွေ၊ စာသင်ကျောင်းတွေမှာ ...”

(စာမျက်နှာ ၁၁၇–၁၂၀)

ထိုနည်းဖြင့် တိုက်ဖျက်ရာ ၇ ရက်အတွင်း နယူးယောက်မြို့တော်၌ ပလိပ်ရောဂါကပ်ကို အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့ကြသည်။

(Epidemic! by Frank G. Slaughter M.D)

အလားတူပင် အင်္ဂလိပ်စာရေးဆရာ ဂျွန်ဘလက်ဘန်း (John BlackBurn) ကလည်း ၁၉၆၅ ခုက “နှင်းဆီပွင့်တစ်ကုံး” A Ring of Roses ဟူသောဝတ္ထုကိုရေးသားခဲ့၏။ ယင်းဝတ္ထု၌ အနောက်ဘာလင်ရောက် အင်္ဂလိပ် ဗိုလ်မှူးတစ်ဦး၏ ၉ နှစ်ရွယ် သားငယ်တစ်ယောက်သည် အနောက်ဘာလင်မှ မီးရထားစီးသွားရာ အရှေ့ဂျာမနီနယ်အတွင်း ပျောက်ဆုံးသွားခဲ့၏။ ပြန်တွေ့သောအခါ သူ့မှာအဖျားကြီးပြီး ပေါင်၌ နှင်းဆီပွင့်ပုံသွားရာတစ်ခွေကို တွေ့ရ၏။ ထိုမှ ကုသ၍မရဘဲသေသွား၏။ သူ၏အသားစများကို စစ်ဆေးရာ အဆုတ်မှ ပလိပ်ပိုးများကိုတွေ့ရ၏။ ဤတွင် ပလိပ်ရောဂါ နှိမ်နင်းရေးအတွက် ထိုစဉ်က စစ်အေးတိုက်ပွဲဆင်နွှဲနေသော ဗြိတိသျှစစ်တပ်နှင့် အရှေ့ဂျာမနီနှင့် ဆိုဗီယက်စစ်တပ်တို့မှ ပူးတွဲဆောင်ရွက်ကြရသည်။ နောက်ဆုံး၌ အနုမြူဗုံးအစား ပလိပ်ရောဂါပိုးမွေး၍ ကမ္ဘာကြီးကို ဖျက်ဆီးချင်သည့် ဂျာမန်လူမျိုးတစ်ယောက်ကို အသေဖမ်းဆီးရမိကြရသည်။ ထိုဝတ္ထုမှဘာသာပြန်ကောက်နုတ်ချက်အချို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်–

“ဖေဖေဟာ ဗြိတိသျှစစ်တပ်မှာ ဗိုလ်မှူးတစ်ဦးပါ။ စစ်မြေပြင်ရာထူး တစ်ခုကိုယူထားသော်လည်း သူသည် စစ်မြေပြင်သို့ တစ်ခါမျှမသွားရပါ။ မြို့ကြီးများရှိ ရုံးထဲမှာပဲ အမြဲနေရပါသည်။ ဖေဖေသည် အရှေ့ဂျာမနီမှာ မီးရထားစီးသွားလျှင် မည်သူ့ကိုမျှ ပိတ်ထားသော ရထားပြတင်းများကို ဖွင့်ခွင့်မပေးပါ။.... ”



ပလိပ်ရောဂါကာကွယ်ဆေးတီထွင်သည့်ပတ်စ်ချား၏တပည့် ဒေါက်တာ အလက်ဇင်ဒါယာဆင်

"ဘီလီသည် သူ၏အိပ်ခန်းတံခါးကိုဆွဲဖွင့်၍ အပြင်သို့ ထွက်ခဲ့သည်။"

(စာမျက်နှာ ၆ နှင့် ၇)

"မိုလ်မှူးကြီးတက်စ်တာသည် ဗြိတိသျှစစ်တပ်၊ တပ်မတော်ထောက်လှမ်းရေးမှဖြစ်၏။ ဤရာထူးကြီးကို သူရသည်မှာ ကြီးပွားလိုစိတ်ပြင်းထန်၍ အဆက်အသွယ်ကောင်းသောသူ၏ဇနီးကြောင့်ရခဲ့ခြင်းဖြစ်သည်။ ယခု သူ၏လက်အောက်မှ ဗိုလ်မှူးတစ်ဦး၏သားကလေးပျောက်နေသဖြင့် သူ့မှာတုန်လှုပ်ချောက်ချားနေသည် ...."

(စာမျက်နှာ ၁၀–၁၁)

"သတင်းစာတွေက အင်္ဂလိပ်ကလေးတစ်ယောက် အရှေ့ဂျာမနီတွင် ပျောက်ဆုံးနေသည်ကို 'အရှေ့အုပ်စုက ကလေးတွေပေါ် စစ်ဆင်ပြီ' ဟူ၍ ခေါင်းစဉ်တပ်ကာ ဖော်ပြလိုက်သည် ...."

(စာမျက်နှာ ၂၃)

"ကလေးရဲ့အဖျားက ၁၀၇ ဒီဂရီဖာရင်ဟိုက်ရှိတယ် မောင်ရဲ့ .... "

(စာမျက်နှာ ၄၆)

"နောက်ဆုံးပေါ် ဂျိနိမိုင်ဆင်ကို ထိုးပြီးပြီ။ လွန်ခဲ့တဲ့ တစ်နာရီသာသာကပဲ။ အခုလောက်ဆို အဖျားကျရမယ်။ ဒါပေမယ့်အခုထိမကျသေးဘူး"

"အရှေ့ဂျာမန်များ ပြန်ပေးဆွဲခံရသည့် ဗြိတိသျှကလေးအဆုတ်ရောင်ရောဂါရနေပြီ။ အဖျားကြီးလို့ ရောဂါပိုးမွှားပါရဂူ ဆာမားကတ်(စ်) လေဗင်နှင့်တိုင်ပင်ကုနေရပြီ ...."

(စာမျက်နှာ ၄၉ – ၅၀)

"အခုဟာက အဆုတ်ရောင်ပလိပ်ရောဂါပဲ။ ကလေးရဲ့ သလိပ်ကို ပိုးမွေးကြည့်တော့ ပလိပ်ပိုးတွေတွေ့ရတယ်။ အဖျားကလဲကြီးလိုက်တာ ကလေးကိုယ်ဟာ ချစ်ချစ်တောက်ပူနေတာပဲ။ သူ့ကိုယ်ပေါ်မှာလဲ နှင်းဆီပန်းကုံးတွေလို အကွင်းတွေ တွေ့ရတယ်..."

"ပေါင်ခြံအကျိတ်တွေလဲ ကြီးနေရောင်နေတယ်။ ပထမ သစ်ချသီးလောက်ပဲရှိတယ်။ အခုတော့ လိမ္မော်သီးအရွယ်ထိကြီးလာပြီ။ ဒီထက်ကြီးလာရင် အကျိတ်တွေဟာ ကွဲထွက်တော့မယ်"

"လူကြီးဆေးတစ်ဖုံစာ တက်ထရာဆိုက်ကလင်းထိုးပေးပြီးပြီ။ အခုလောက်ဆို သက်သာရမှာ။ ဒါပေမယ့် ...."

"ဒီမှာ အခုသူဟာ အဖုအကျိတ်ရောင်ပလိပ်ရောဂါရှင်လူနာတစ်ယောက်ဖြစ်နေပြီ။ ဒါဟာ တစ်နိုင်ငံလုံးအတွက် အရေးတကြီး ကြေညာရမည့် အရေးပေါ် ကူးစက်ကပ်ရောဂါပဲ..."

"သူ့လူနာကလေးမှာ သေသွားပြီ။ ကလေး၏ အလောင်းကိုကျန်းမာရေးဌာနအားပေးလိုက်၏။ အိမ်ကိုလည်း ရောဂါပိုးသတ်ဆေးများနှင့် ပိုးသန့်စင်ကြရသည်။ ယခုမှ တစ်နိုင်ငံလုံးမက ဥရောပတစ်တိုက်လုံးအတွက် ပလိပ်ရောဂါကာကွယ်ရေးစီမံကိန်းစကြရတော့မည်...."

(စာမျက်နှာ ၅၂ – ၅၅)

"ထိုည၌ ဘာလင်တွင် မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်၊ လန်ဒန်တွင် ယောကျ်ားကြီး နှစ်ယောက်၊ ဟာနိုဗာတွင် ကလေးတစ်ယောက်၊ ပဲရစ်တွင် စစ်သားတစ်ယောက် အဖျားရောဂါဖြင့် သေဆုံးကြသည်။ ဘာရောဂါမှန်း သူတို့မသိ။ မည်သူမျှလည်း မသိကြသေး။ လှောင်အိမ်ထဲတွင် ထားသောရောဂါပိုးသယ်သည့် သံခေါင်း စွပ်မင်းသားလည်းမသိသေးပေ။ "

(စာမျက်နှာ ၆၇)

"အပျော်တမ်းသိပ္ပံပညာရှင်ကားလ်အေမင်သည် အသားစများကို ကြည့်၍ပျော်နေ၏။ သူ၏မွေးမြူ ထားသော ပလိပ်ရောဂါပိုးများသည်ပွားများနေပြီး စွမ်းအား ပျော့သော အကောင်မှ ပို၍ စွမ်းသောအစေ့ (Spores) များ အဖြစ် ပြောင်းလဲနေကြသည်ကို မှန်ဘီလူးအောက်မှာ တွေ့ရ၏။..."

"ကြည့်စမ်း ကြွက်တွေဟာ လှောင်အိမ်ထဲက လွှတ် ပေးတဲ့ငါ့ကို ကိုက်သွားတယ်။ ငါ့ရင်ဘတ်မှာသွေးတွေ ထွက်နေပြီ..."

(စာမျက်နှာ ၁၃၇)

"အခုဆိုလျှင် ကားလ်အေမင်သည် ကမ္ဘာကြီးကို ဖျက်ဆီးနိုင်သည့် အဏုမြူဗုံးတစ်လုံးလို လက်နက်ကို သူပိုင်ဆိုင်နေပြီ။ သူမွေးထားသော ပလိပ်ရောဂါပိုးများ၊ သူ့ကိုယ်ထဲတွင်ရောက်နေသော ပလိပ်ပိုးများဖြင့် အခြား လူများကို ကူးစက်စေပြီး ကမ္ဘာကြီးကိုမျိုးဖြုတ်ပစ်နိုင်ပြီ..."

(စာမျက်နှာ ၁၄၂)

"သူ၏ရောဂါပိုးများသည် ပလိပ်ရောဂါကာကွယ်ဆေး ကိုလည်းခံနိုင်သည်။ နောက်ဆုံးပေါ် ပဋိဇီဝဆေး ဟစ်စ တိုဆင်ကိုလည်းနိုင်သည်။ ယခုထိုပိုးများ သူ့ခန္ဓာကိုယ်ထဲမှ ပျံ့နှံ့နေပြီး ၎င်းပိုးများဖြင့် လူတွေကိုကူးစက်စေသော် ...."

"လန်ဒန်တွင် ပလိပ်ရောဂါကပ်ဆိုက်စဉ်ကလူတွေမှာ အကြင်နာတရား၊ မေတ္တာတရား ခေါင်းပါးကြပုံကရောဂါရှိသူ တွေက ရောဂါမရှိသေးသူတွေရဲ့မျက်နှာကိုတံတွေးထွေးကြ၊ လေမှုတ်ထုတ်ကြသတဲ့။ ရောဂါပိုးပျံ့အောင်တဲ့လေ ...။ အခုလဲ ကားလ်အေမင်သည် ရောဂါပိုးပျံ့အောင် ပြုလုပ် နိုင်ပြီ.... သူပျော်နေလိုက်တာ"

"ဒါကြောင့် အခုပလိပ်ရောဂါမပျံ့ပွားရအောင် ကားလ် အေမင်ကိုလဲ ဖမ်းရုံသတ်ရုံနှင့် မလုံလောက်ဘူး၊ သူ့သွေး သူ့အသား သူမျှားနှင့်မထိအောင် လုံးလုံးဖျက်ဆီးပစ်၊ မီးရှို့ပစ်မှဖြစ်မည်..."

(စာမျက်နှာ ၁၄၇-၁၄၈)

"ပလိပ်ရောဂါကာကွယ်ရေးအောင်မြင်ပြီး ကားလ် အေမင်ကို မီးသေနတ်ဖြင့်ပစ်၍ လောင်မြိုက်သေစေ လိုက်ပြီ"

(စာမျက်နှာ ၁၅၈)

(A Ring of Roses by John Black Burn)

## ပလိပ်ရောဂါနှင့် မြန်မာဝတ္ထုများ

မြန်မာစာရေးဆရာများလည်း မည်ကြပါ။ ဆရာရွှေ လင်းယုန်က "သူ" ဝတ္ထုကြီး၌ ပလိပ်ရောဂါကာကွယ်ရေး အတွက် ဒေါက်တာသက်ထွန်းနှင့် ဒေါက်တာမြင့်မောင်တို့ ဆောင်ရွက်ပုံကို ဤသို့ရေးသားဖော်ပြခဲ့၏။

"အကြော့ဘယ်တုန်း၊ ဘယ်သွားမလို့တုန်း"

"အကြော့မြို့ထဲကို ခဏသွားလိုက်ဦးမယ် ဒေါ်လေး၊ ခဏလေးပါ၊ မခင်လှတို့ဆီကို မရောက်တာကြာလို့"

"အို သူတို့ဆီသွားလို့ဖြစ်ပါ့မလား၊ သူ့ညီမလေးမနေ့ ကပဲ လည်ပင်းမှာအကျိတ်ထွက်ပြီး အလူးအလဲခံနေရ တယ်တဲ့၊ အကြော့သွားလို့ ဖြစ်မယ်မထင်ဘူး၊ မြို့ထဲမှာလဲ တစ်လောင်းပြီးတစ်လောင်း ဆွဲချနေရတယ်တဲ့၊ ဒေါ်လေး မနက်က ဈေးကအပြန်မှာတောင် သုံးလေးလောင်းဆွဲချ သွားတာ တွေ့ခဲ့သေးတယ်၊ ဒီနှစ်ပလိပ်က အဆိုးဆုံးပဲလို့ ညကပဲ မောင်သက်ထွန်းပြောသွားသေးတယ်မဟုတ်လား၊ ပြီး အကြော့မှာလဲ ဆေးထိုးရသေးတာ မဟုတ်ဘူး"

(စာမျက်နှာ ၅)

ဆေးရုံတွင်ကား ကိုသက်ထွန်းမှာ လက်မလည်ရ အောင်ပင် ဆေးထိုးပေးနေရသည်ကို တွေ့ရလေ၏။

(စာမျက်နှာ ၆)

"အကြော့မျက်နှာမကောင်းပါလား၊ ဘာဖြစ်သလဲ" ဟု ကိုသက်ထွန်းက အလွန်ကြောင့်ကြစွာ မေးမြန်းလျက် ရှိနေ သည့်တိုင်အောင် ရုတ်တရက်ဖြေဆိုခြင်းမပြုနိုင်။ ဒေါ်လေး ဖြစ်သူက ကြားကဝင်၍ "သူ့အသက်ဘူးကလေး ကြင်ခ ပလိပ်ထဲပါသွားလို့တဲ့မောင်ရယ်၊ တစ်နေ့ခင်းလုံးအိပ်ရာထဲဝင် အိပ်နေတာပဲ၊ အဒေါ်လဲပြောလို့မရဘူး"ဟုပြောလိုက်မှ....

(စာမျက်နှာ ၃၂)

မီးလောင်နေတဲ့လူမမာတစ်ယောက်ကို အတင်းဝင် ကယ်ပြီး ပြန်ထွက်အလာမှာ လူမမာကိုလက်လွှဲလိုလဲပြီးရော သူ့အပေါ်တိုင်ကြီးတစ်တိုင်လဲကျလာပြီး တစ်ခါတည်း မီးထဲ ကျသွားတယ်၊ မျက်နှာမှာ အောက်ကသံပြားကြီး ဆိုလား ရှပြီး ဒဏ်ရာရတာပဲ၊ ခြေထောက်လဲတစ်ခါတည်း အခုလို ဖြစ်သွားတာပဲ၊ အဲဒါနဲ့ ဆေးရုံပို့မယ်လုပ်တော့ မပို့ပါနဲ့တဲ့ လူတွေကိုသာပို့ပါ၊ ဆေးရုံမှာ အခုလိုရောဂါဘယဖြစ်ချိန်

မျိုးမှာဆိုရင် တစ်နေရာဆိုလဲ မနည်းပါဘူး၊ သူ့အတွက်တော့ နေပါစေတဲ့”

(စာမျက်နှာ ၂၀၇–၂၀၈)

အဲဒီလူရဲ့အကြောင်းတွေတော့ စောစောကပြောတဲ့ ဆရာဝန်ကတော်ဆီကကြားရတာကိုး၊ အဲ သူကလဲ အခု ယောကျ်ားနဲ့အဲဒီလူနှစ်ယောက် တစ်ယောက်ယောက် ရွေးယူဖို့ဖြစ်နေတုန်း ဒီလူကလဲ ရက်တော်တော်ကြာပဲ ပေါ်မလာဖြစ်နေတော့ အထင်မှားပြီး ဟိုတစ်ယောက်ကို ယူလိုက်တာပေါ့၊ အထင်မှားပုံက ရောဂါဘယတွေ အကြီး အကျယ်ဖြစ်နေတုန်းကို တစ်မနက်အေးအေးကလေး အိပ် နေတာတွေ့ရတာကအစ ဒီလူတယ်ပေါ့လျော့နိုင်ပါကလား လို့အထင်လွဲတာပဲ၊ အမှန်တော့ ဒီလူက သူရွေးလိုက်တဲ့ လူထက် အလုပ်လုပ်ရလို့မောပြီး ခဏကလေးအိပ်နေမိ တာကိုး”

“အဲယူလိုက်တဲ့သူကလဲ သူ့သူငယ်ချင်းရဲ့ညီမလေးကို ကိုယ်တိုင်မသတ်ပေမယ့် သတ်သလိုတာဝန်လစ်ဟင်းနေတဲ့ သူဖြစ်တော့ ဒါတွေနောက်မှ သိရလေလေ စိတ်မချမ်းသာ လေလေဖြစ်ပြီး အခုထက်ထိ အဲဒီလူကိုမျှော်နေတုန်းပဲ”

(စာမျက်နှာ ၂၀၈–၂၀၉)

(ရွှေလင်းယုန်၏ “သူ” ဝတ္ထုကြီး)

ဆရာ သူရိယကန္တိ ကမူ “စေတနာမွန်” ဝတ္ထုကြီးကို ပလိပ်ရောဂါကာကွယ်ရေးအတွက် ဦးတည်၍ရေးခဲ့၏။ ဒေါက်တာတင်နွယ်နှင့် မေညွန့်ကကျေးလက်ပြုပြင်ရေးနှင့် လူထုအားကျန်းမာရေးပညာနှင့် ဆေးပညာပေးရန် သဘော တူညီကြ၏။ ဝါသနာတူကြ၏။ သို့သော်ဖက်ဆစ်တော်လှန် ရေးသို့လိုက်သွားသော ဗိုလ်ကြီးဖုန်းစိုးကို ချစ်ရေးအတွက် ကတိပေးပြီးဖြစ်၏။ သို့ဖြင့် ဒေါက်တာတင်နွယ်သည် မေညွန့်ကိုအနီးကပ်ချစ်နေပါလျက် မေတ္တာကိုမတောင်းခံရဲ။ စလင်း၊ မင်းဘူးဘက်၌ ကျန်းမာရေးလုပ်ငန်းများတွင် အတူ လုပ်ကိုင်ရင်း ချစ်စိတ်ကိုမျိုသိပ်ထားရသည်။ သို့သော် တော်လှန်ရေးပြီး၍ကိုဖုန်းစိုးပြန်လာသောအခါ ကိုဖုန်းစိုးမှာ ဒဏ်ရာကိုဒေါက်တာတင်နွယ်နှင့်ကု၊ ဒေါက်တာတင်နွယ်က မေညွန့်ကို ချစ်နေမှန်းသိ၍ ရှောင်ပေးသွားသည်။ ဤတွင် သူတို့နှစ်ဦးညားရလေ၏။

သို့သော် ဝတ္ထုမှာ အချစ်ဝတ္ထု သက်သက်မဟုတ်။ ကြည့်ပါ။

“အစက ကျွန်တော်အစီရင်ခံခဲ့တဲ့အတိုင်း ပလိပ်ရောဂါ ဖြစ်စေတတ်တဲ့ပိုးမျိုးကို ရှေးဦးစွာ ဟောင်ကောင်မြို့က ဂျပန်ဆရာဝန်ကြီးကီတာစာကိုတွေ့ရှိပါတယ်။ အဲဒီလို မတွေ့ခင် အင်္ဂလိပ်သက္ကရာဇ် ၁၈၉၄ ခုနှစ်အတွင်း ဒီပလိပ်ရောဂါဟာ ကမ္ဘာပေါ်မှာရှိတဲ့ ၅၂ နိုင်ငံမှာ အကြီး အကျယ်ဖြစ်ပွားနေပါသတဲ့။ ဒီရောဂါပိုးတွေကို ရှာဖွေ တွေ့ရှိပြီးနောက်မှာတောင် လူပေါင်း ၆၈၅၆၆ ယောက် သေဆုံးပြီး ဟောင်ကောင်မြို့ရဲ့လူဦးရေ ၃ ပုံထဲက ၂ ပုံ ပျက်စီးသွားပါတယ်။ ဒါကြောင့် အင်မတန်ကြောက်စရာ ကောင်းတဲ့ရောဂါကြီးဖြစ်တာတွင်မကသေးဘဲ ပလိပ်ရောဂါ ကို သေသေချာချာပျောက်နိုင်တဲ့ဆေးကို အခုတိုင် မတွေ့ ရသေးဘူးခင်ဗျ။”

ပလိပ်ရောဂါဟာ အမြဲတမ်းလိုလို တောကြွက်များမှာ ဖြစ်ပွားနေတတ်ပါတယ်။ ရောဂါမကျရင်တောင်မှ သူတို့ ကိုယ်ထဲမှာ အမြဲကိန်းအောင်းနေတယ်လို့ ယူဆမိပါတယ်။ တောကြွက်တွေတွင်မကသေးဘူး၊ ရှဥ့်၊ ပွေး၊ ယုန်၊ ဖျံ၊ မျောက်ဆိုတဲ့ သတ္တဝါတွေလဲပလိပ်ရောဂါနဲ့ မကင်းနိုင်ပါဘူး။ တောကြွက်တွေဆီကမှမြို့ထဲရွာထဲက မြေကြွက်တွေဆီကို ကူးလာပါတယ်။ နောက်မြေကြွက်တွေဆီက အိမ်ကကြွက် ဝမ်းဖြူတွေဆီရောက်ပြီး အိမ်ကြွက်တွေဆီက တစ်ခါ လူတွေဆီကူးလာပါတယ်။ အဲဒီလိုလူတွေဆီကူးလာတော့မှ ပဲ ပလိပ်ရောဂါဖြစ်တာကို လူတွေသိကြရတာကိုးခင်ဗျ။ ကြွက်တွေမှာ ပလိပ်ရောဂါဖြစ်နေတော့ တစ်ကောင်ပြီး တစ်ကောင် သေကြကြေကြတာပဲ။ အဲဒီလိုသေတဲ့အခါ သူတို့ရဲ့ ကိုယ်ကိုအမှီပြုပြီး စားသောက်နေထိုင်တဲ့ ကြွက် လှေးများဟာ အသေကောင်တွေကိုစွန့်ပြီး ဟိုခုန်သည်ခုန်နဲ့ သွေးပူသတ္တဝါကိုကိုက်ဖို့ခဲဖို့ရှာပါရော။ ပလိပ်ရောဂါနဲ့ သေတဲ့ ကြွက်ရဲ့ကိုယ်ပေါ်က ကြွက်လှေးတစ်ကောင်မှာ အနည်းဆုံးပလိပ်ပိုးငါးရာထက်မနည်းပါလာတတ်ပါတယ်။ ဒါဟာတစ်ခါထဲ သွေးစုပ်ထားတဲ့ကြွက်လှေးတစ်ကောင်ကို ပြောတာပါ။ ကြွက်လှေးဟာဟိုခုန်သည်ခုန်လုပ်နေတုန်း လူကိုတွေ့ရင် လူပေါ်ရောက်ပြီး လူကိုကိုက်မယ်။ အဲဒီလို ကိုက်မိပလားဆိုရင် ပလိပ်ရောဂါပိုးများဟာ လူရဲ့ကိုယ်ခန္ဓာ ထဲကိုရောက်ပြီး ဘာမှမကြာခင်ဘဲ လူမှာ ပလိပ်ရောဂါဖြစ်ပါ ကရောခင်ဗျ”

(စာမျက်နှာ ၄၇ မှ ၄၉)

“လူမှာပလိပ်ရောဂါဖြစ်ပြီဆိုတာကို ဘယ်လိုသိနိုင်ပါ သလဲ”

“လူမှာပလိပ်ရောဂါဖြစ်ပြီဆိုတာကို ရောဂါရဲ့လက္ခဏာ များကိုကြည့်ပြီးပြောနိုင်ပါတယ်။ အဲဒီလက္ခဏာတွေ ကတော့ ပလိပ်ပိုးဝင်ပြီးတဲ့နောက် ပထမဦးဆုံးနေမကောင်း ထိုင်မသာဖြစ်တယ်။ ခေါင်းကိုက်မယ်။ မအီမလည်ဖြစ်မယ်။ ချမ်းလိုက်ပူလိုက်နဲ့ ဟိုအနားကကိုက်သလို၊ ဒီအနားက

ကိုက်သလိုနေမယ်။ အဲသလို ၄၊ ၅ ရက်လောက်ဖြစ်ပြီးတဲ့နောက် အဖျားဝင်လာပါရော။ အဖျားဝင် လာတဲ့အခါ ချမ်းပြီးတုန်တက်ပါတယ်။ အဲဒီလိုတုန်တက်ပြီး အပူဟာ တစ်ရှိန်ထိုးတစ်ခါတလေ အပူဒီဂရီ ၁၀၇၊ ၁၀၈ အထိတောင် တက်တတ်ပါတယ်။ အပူဟာ တစ်ရှိန်တည်းတက်ပြီး ငှက်ဖျားမှာလို အောက်ကိုကျတယ်မရှိဘဲ ခေါင်းလဲအကြီးအကျယ်ကိုက်မယ်။ မျက်သားတွေလဲ နီရဲနေမယ်။ အလင်းရောင်ကိုလဲမကြည့်နိုင်၊ လူဟာလဲ တကယ့်လူမမာ နာတာရှည်လို ချုံးကျသွားပြီး တစ်ခါတစ်ရံမေ့မြောနေတတ်တယ်။ အများအားဖြင့်တော့ လူးလူးလိမ့်လိမ့်နဲ့ ဂယောင်ချောက်ချားဖြစ်နေတတ်ပါတယ်။ အဲဒီလိုဖြစ်နေတဲ့အခါ ပေါင်၊ ပေါင်ခြံ၊ ချိုင်းကြားနဲ့ လည်ပင်းဆိုတဲ့နေရာတွေမှာ အသေအချာရှာဖွေကြည့်ရမယ်။ ဒီလိုနေရာမှာ ထိလိုက်ရုံနဲ့ အင်မတန်နာတဲ့အဖုအကျိတ်တစ်ခုခု တွေ့ရင်ဖြင့် ပလိပ်ပဲလို့ အသေအချာမှတ်ကြပေရော့။ အကျိတ်အဖု မတွေ့တောင် ပလိပ်ရောဂါမဟုတ်ဘူးလို့ မဆိုနိုင်သေးပါဘူး။ ဘာပြုလို့လဲဆိုတော့ကာ ပလိပ်ရောဂါဟာလဲ အမျိုးမျိုးရှိပါသေးတယ်ခင်ဗျာ။ အဖုအကျိတ်ပေါ်တဲ့ ပလိပ်ရောဂါကို ဗြူဗောနစ်ပလိပ် (Bubonic Plague) လို့ ခေါ်ပါတယ်။ ဗမာလို ရိုးရိုးတော့ အကျိတ်ပလိပ်ပေါ့ခင်ဗျာ။ နောက်ပလိပ်ရောဂါတစ်မျိုးကတော့ နယူမောနစ် (Pneumonic) တဲ့။ အဲဒီပလိပ်ကတော့ ချောင်းဆိုးသွေးပါ လက္ခဏာပါလာလို့ အဆုတ်ပလိပ်လို့ခေါ်ပါတယ်။ ဒါမျိုးကဖြင့် အချင်းချင်း အင်မတန်ကူးလွယ်သဗျ။ တတိယကတော့ အင်မတန်သွေးဆိုးလို့ စက်ပတီးစီးမစ်ပလိပ် (Septiaemic Plague) လို့ခေါ်ပါတယ်။ နောက်ဆုံးတစ်မျိုးကိုတော့ ဟီမိုရက်ဂျစ်ပလိပ် (Haemorrhagic Plague) လို့ဆိုတယ်။ ဒီအမျိုးကတော့ဖြစ်ခဲပါတယ်။ ရောဂါဖြစ်နေတုန်း လူရဲ့ကိုယ်ထဲက ဟိုအနားကသွေးထွက်၊ ဒီအနားကသွေးထွက်တဲ့ပလိပ်ပေါ့။ အဲဒီပလိပ်ရောဂါမျိုးထဲမှာ အကျိတ်ပလိပ်က ရောဂါသည် ၁၀၀ မှာ ၉၀ လောက် ပါပါတယ်။ အဆုတ်ပလိပ်နဲ့ သွေးဆိုးပလိပ်များကတော့ ကျန်တဲ့လူနာ ၁၀ ယောက်လောက်မှာတွေ့ရပါတယ်။ သွေးဆိုးပလိပ်ဖြစ်ရင် ဖြစ်တဲ့လူတိုင်းသေပါတယ်ခင်ဗျာ။ အကုမခံပါ။ အကျိတ်ပလိပ်မှာဖြင့် လူတစ်ရာမှာ တစ်ဝက်လောက် ရှင်နိုင်ပါတယ်။ အဆုတ်ပလိပ်လဲ အင်မတန်ဆိုးလို့ အကုရခဲယဉ်းပါတယ်ခင်ဗျာ။ ကျွန်တော်ပြောခဲ့တဲ့အတိုင်း ပလိပ်ရောဂါဟာ ကြွက်ကစဖြစ်လာတာမို့ ကြွက်မရှိရင် ပလိပ်မရှိနိုင်ဘူးဆိုတာကို တထစ်ချ ယုံကြည်ကြရလိမ့်မယ်လို့၊ အဲဒီတော့ကာ ကြွက်မရှိအောင် လုပ်ကြရလိမ့်မယ်။"

(စာမျက်နှာ ၅၃ မှ ၅၅ ထိ)

"နောက်ပလိပ်ရောဂါကာကွယ်နည်းကတော့ ဆေးထိုးထားဖို့ပါပဲ။ ပလိပ်ကာကွယ်တဲ့ဆေးကိုထိုးထားရင် အနည်းဆုံး ၆ လ ခံပါတယ်။ စိတ်လဲချရပါတယ်။ အခုကျွန်တော်တို့မြို့မှာ ပလိပ်ကာကွယ်ဆေးကို ဂရုစိုက်ပြီးဆေးရုံ၊ ဆရာဝန်တွေရော ကျွန်တော်ပါထိုးပေးနေပါတယ်။ ဆေးထိုးမထားရသေးတဲ့ လူများအားလုံး ဆေးထိုးကြစေလိုပါတယ်ခင်ဗျာ။ ဂျပန်ဆေး မကောင်းဘူးဆိုပြီး မထိုးကြပဲမနေကြပါနဲ့။ သူလဲ အရာရောက်သင့်သလောက် ရောက်ပါတယ်။ တစ်ခါတည်းနဲ့ မကျေနပ်ဘူးဆိုရင် ၂ ခါ ၃ ခါ ထပ်ပြီးထိုးကြတာပဲ။ မကြာခင်ပဲ ဒီကပ်ရောဂါဆိုးကြီးဟာ ကျွန်တော်တို့မြို့မှာ ပပျောက်သွားပါလိမ့်မယ်ဆိုဒါကို ကျွန်တော် အစိုးရင်ခံရခြင်းဖြစ်ပါတယ်ခင်ဗျာ"။

(စာမျက်နှာ ၅၇)

ပလိပ်ရောဂါကား အမှန်ပင် ကြောက်စရာကောင်းသေး၏။ ပေါ့ပေါ့ဆဆ ပစ်ထား၍မရ။ ရောဂါဖြစ်ပွားသည်ဟု ကြားလျှင် ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို ချက်ချင်းကြံဆ လုပ်ကိုင်ဖို့လိုသည်။

## မြန်မာနိုင်ငံ ပလိပ်ရောဂါကာကွယ်ရေး

သို့ဖြစ်၍ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့၌ မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည်ပလိပ်ရောဂါကာကွယ်ရေးအတွက် အမျိုးသားကျန်းမာရေးကော်မတီ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ပါသည်။

ထိုအစည်းအဝေးမှ မြန်မာနိုင်ငံအတွင်းသို့ ပလိပ်ရောဂါ ကူးစက်ပြန့်ပွားလာမှု မရှိစေရန် အောက်ပါအတိုင်း ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြပါသည် –

(၁) ပလိပ်ရောဂါသည် ကူးစက်လွယ်ပြီး အလွန်ကြောက်စရာကောင်းသည့် ရောဂါဖြစ်သဖြင့် မြန်မာနိုင်ငံကျန်းမာရေးကော်မတီကဦးဆောင်၍ ပညာပေးရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန်။

(၂) ပလိပ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာနမှ အဓိကထားဆောင်ရွက်ရန်ဖြစ်သော်လည်း အခြားဝန်ကြီးဌာနများနှင့် ပြည်သူလူထု၏ ပူးပေါင်းကူညီမှုကိုပါ ရအောင်ဆောင်ရွက်ရန်။

(၃) မြန်မာနိုင်ငံအတွင်းသို့ ပလိပ်ရောဂါ ဝင်မလာနိုင်ရန် လေဆိပ်၊ သင်္ဘောဆိပ်နှင့် နယ်စပ်လူဝင်လူထွက် စခန်းများတွင် အထူးကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ရန်။

(၄) ပြည်သူလူထုအကြား ပလိပ်ရောဂါအကြောင်း ပညာပျံ့နှံ့ရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ပညာပေးရန်နှင့် စာနယ်ဇင်းများတွင်လည်း ဆောင်းပါးများ ရေးသားထည့်သွင်းရန်။

(၅) ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်စသော မြို့ကြီးများ၌ ပညာပေးဆိုင်းဘုတ်များ စိုက်ထူရန်နှင့် ကြွက်နှိမ်နင်းရေးများဆောင်ရွက်ရန်။

(၆) လိုအပ်လာလျှင် အသုံးပြုရန်အတွက် ပလိပ်ရောဂါကုဆေးဝါးများကြိုတင်စုဆောင်းရန်။

(၇) ဤပလိပ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၌ သက်ဆိုင်ရာဝန်ကြီးဌာနများအပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အခြားအစိုးရ မဟုတ်သောအသင်းအဖွဲ့များကပါ ကူညီဆောင်ရွက်စေရန်။

## ပလိပ်ရောဂါရပြီဟု ထင်လျှင်

ပလိပ်ရောဂါဖြစ်သည်ထင်လျှင် ဆရာဝန်နှင့် စောစီးစွာ တိုင်ပင်ပါက အသက်ချမ်းသာရာရနိုင်ပါသည်။ ပလိပ်ရောဂါဟုထင်ရသော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ပလိပ်ရောဂါဖြစ်သော နေရာများသို့ သွားခဲ့ခြင်း။

(၂) အနီးပတ်ဝန်းကျင်တွင် ကြွက်ကျခြင်း၊ ကြွက်သန်းအကိုက်ခံရခြင်း။

(၃) ပလိပ်ရောဂါရှိသူနှင့် အတူနေဖူးခြင်း၊

(၄) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ ခြေလက်ကြွက်သားများ ကိုက်ခဲခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ပေါင်၊ ချိုင်းနှင့် လည်ပင်းတစ်နေရာရာတွင် သားနံ့ရည်အကျိတ် ကြီးလာခြင်း၊

(၅) အဖျားကြီး၍ ကယောင်ကတမ်းပြောဆိုခြင်း၊ သတိလစ်ခြင်း၊ မေ့မြောခြင်း။

### ပလိပ်ရောဂါပိုးကို နိုင်သောဆေးများ

ယခုအခါပလိပ်ရောဂါဖြစ်လျှင် နိုင်သောဆေးများရှိ၍ ပူစရာမလိုပါ။ ယင်းတို့မှာ–

(၁) Streptomycin

(၂) Sulphurdiazine, and Sulphurmerazine

(၃) Chloramphenicol

(၄) Tetracycline

(၅) အခြားပဋိဇီဝ ဆေးများ။

## ပလိပ်ရောဂါကာကွယ်ရေး

ပလိပ်ရောဂါဖြစ်လျှင်အလွန်အမင်း ထိတ်လန့်စရာမလိုပါ။ ရွာမှထွက်ပြေး၊ မြို့မှ ထွက်ပြေးရန်မလိုပါ။ ဖျားနာသူများကို ပစ်ပြေးရန်မလိုပါ။ ပလိပ်ရောဂါဖြစ်ပွားနေသည်ဟု ထင်သည်နှင့် အောက်ပါအတိုင်းဆောင်ရွက်ပါ–

(၁) ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းများသို့ အကြောင်းကြားပါ။

(၂) ကြွက်နှိမ်နင်းရာတွင် ပါဝင်ကူညီပါ။

(၃) အမှိုက်သရိုက်များကိုရှင်းပါ။ အစာများကို ကြွက်လုံအောင်ထားပါ။ အိမ်များကို ကြွက်လုံအိမ်ဖြစ်အောင်လုပ်ပါ။

(၄) ကြွက်သန်းများနှိမ်နင်းရာတွင် ပါဝင်ပါ။ ဒီဒီတီ၊ ဒိုင်ယယ်လဒရင်၊ အော်လ်ဒရင်၊ ဂမ်မီဇိန်း(DDT, Diadrin, Aldrin, Gammexane) ဆေးများသည် စွမ်းပါသည်။

(၅) ကြွက်သေတွေ့လျှင် ရေနံဆီ သို့မဟုတ် ပိုးသတ်ဆေးနှစ်အောင်၊ ခွဲအောင်လောင်း၍ မီးရှို့ပေးပါ။

(၆) ပလိပ်ရောဂါရှိသူများကို သီးခြားခွဲထားရန် ဆေးရုံဆေးခန်းသို့ပို့ပါ။

(၆) ပလိပ်ရောဂါရှိသူများနှင့် ထိတွေ့သူသို့မဟုတ် ပလိပ်ရောဂါရှိသောအရပ်မှ ပြန်လာသူများကို ခွဲခြားထားပြီး ပလိပ်ရောဂါ ကာကွယ်ဆေး (Antiplague Vaccine) ထိုးပါ။ သို့မဟုတ် ရောဂါပိုးနိုင်သော ဆေးဝါးများ၊ ဥပမာ– (Tetracycline and Chloramphenicol) ဆရာဝန်နှင့်တိုင်ပင်စားပါ။ ပလိပ်ရောဂါ ကာကွယ်ဆေးမှာ တစ်ခါထိုးက ၆ လမျှ ရောဂါကို ကာကွယ်နိုင်ပါသည်။

ဒေါက်တာ မောင်မောင်ညိုနှင့်
ဒေါက်တာ နန်းဥမ္မာ



# မြန်မာနှင့် ကမ္ဘာ့ ခရီးသွားလုပ်ငန်း

မြန်မာ့ခရီးသွားဧည့်ကြိုနှစ်အဖြစ် ၁၉၉၆ ခုနှစ်ကို သတ်မှတ်ဆုံးဖြတ်ပြီးဖြစ်သည်။ ထိုသို့ဧည့်ကြိုနိုင်ရန် အတွက် ခတ်ကွင်းပြင်လျက်ရှိကြသည်။

ခရီးသွားဧည့်ကြိုလုပ်ငန်းသည် နိုင်ငံတကာတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းတစ်ရပ်ကဲ့သို့ ဝင်ငွေအားထားနိုင်သောလုပ်ငန်းဖြစ်သည်။ ဧည့်ခံစရာ၊ ပြသစရာ၊ ပို့ဆောင်စရာရှိသော နိုင်ငံများက ဧည့်ဝတ်ကျေအောင်၊ အပြကောင်းအောင်၊ အပို့အဆောင် ချောမောအောင် သူ့ထက်ငါကောင်းကြိုးပမ်းလုပ်ကိုင်လျက်ရှိကြသည်။ ဤလုပ်ငန်းသည် ဝင်ငွေကောင်းသောလုပ်ငန်းဖြစ်၍ မီးခိုးမထွက်သော စက်ရုံလုပ်ငန်းဟူ၍ပင် တင်စား၍ခေါ်ဆိုလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် သဘာဝရှုခင်း တောတောင်အလှတို့သည် ခေတ်သစ်လူနေမှုက ဖျက်ဆီးခြင်းမပြုနိုင်သေးသော ပကတိအလှများ (UNSPOILED BEAUTY) ဖြစ်သည်။ မြန်မာ့မြို့ပြတို့သည်ကွန်ကရစ်၊ သံမဏိနှင့်အင်္ဂတေတို့ပေါင်းစပ်ဆောက်လုပ်သောနိုင်ငံတကာတွင်မျက်စိညောင်းလောက်စရာဖြစ်သည့် မိုးထိုးအဆောက်အအုံများ မဟုတ်ကြသေး။ မြန်မာ့ရာသီဥတုမှာ တိုင်းတစ်ပါးခရီးသွား ဧည့်သည်တို့အတွက် မပူလွန်း၊ မအေးလွန်းဥတုသဟ္ဘာယ်မျှတသည့်အနေအထားဖြစ်သည်။ အပြုံးကိုဆောင်လေ့ရှိသော မြန်မာလူမျိုးတို့၏ ခင်မင်ဖော်ရွေမှုစိတ်ထားမှာ ဧည့်သည်ကို နွေးထွေးစွာ လက်ကမ်းကြိုဆိုရန် အသင့်ရှိသော ဖိတ်ခေါ်ချက်ဖြစ်နေသည်။

ထို့ပြင် မြန်မာ့လူမှုပတ်ဝန်းကျင်၌ ခေတ်မီနိုင်ငံကြီးများမှာကဲ့သို့ အပြေးအလွှား၊ အလုအယက်၊ ကသောကမျော၊ အသက်ရှင်ရသော ခေတ်သစ်၏ ကယောက်ကယက်ဘဝ (HECTIC PACE OF MODERN LIFE) မျိုးလည်း မဟုတ်သေး။ အေးအေးလူလူနားနားနေနေရှိနိုင်သော ပတ်ဝန်းကျင်ဖြစ်သည်။

စိမ်းလန်းသော မြန်မာ့သစ်တော၊ ကြွယ်ဝသော အပင်၊ ပန်းမန်နှင့် သဘာဝတိရစ္ဆာန်များက မြန်မာတို့ကို "ဥယျာဉ်နိုင်ငံ" ဟုပင် တင်စားစရာရှိနေသည်။

ဤအခြေအနေများကို ၁၉ ရာစုနှစ်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော ဥရောပဧည့်သည်များ၏ မှတ်တမ်းများ၌ ရေးသားခဲ့ကြသည်။ ၂၀ ရာစုအတွင်းသို့ဝင်၍ ဤရာစုနှစ်ကုန်ခါနီးအချိန်၌ပင် မြန်မာနိုင်ငံသည် ခရီးသွားကမ္ဘာ့ဧည့်သည်တစ်ဦး၏ရှုထောင့်မှကြည့်လျှင် သာယာရွှေပြည်အဖြစ် စိတ်အေးချမ်းသာ လာရောက်နားခိုစရာဖြစ် သည်။ စက်မှုခေတ်လူသားတို့အဖို့ လူသူဝေးရာ၊ ဆိတ်ငြိမ်ရာဖြစ်သော (FAR FROM THE MADDING CROWD) ဟုဆိုနိုင်သည့် နေရာမျိုးလည်းဖြစ်သည်။ ထိုနေရာမျိုးတွင် စိတ်၏ချမ်းသာခြင်း၊ ဘဝကိုရောင့်ရဲ ကျေနပ်ခြင်း၊ မနောအာရုံ၏ တည်ငြိမ်ခြင်းကိုတည်ဆောက် လိုလျှင် မြန်မာအများစုကိုးကွယ်သော ဗုဒ္ဓဘာသာ၊ သာသနာရောင်ဝါအောက်မှ စေတီပုထိုးကျောင်းကန်ရိပ်များရှိနေသည်။ ကမ္ဘာ့ခရီးသွားတို့ခေတ္တခဏတည်းခို နေထိုင်၍ စိတ်တည်ငြိမ်မှုကို လေ့ကျင့်ဆောက်တည်နိုင်သော ဓမ္မရိပ်သာများလည်း ရှိသည်။

ဤသို့ နေနေနားနား သွားရောက်လည်ပတ်၍ နေထိုင်ရန်နေရာမျိုးကို စာပေဝေါဟာရ၌ ရှန်ဂရီလာ (SHANGRI-LA) ဟုခေါ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်မှစ၍ သုံးနှုန်းတွင်ကျယ်ခဲ့သော အင်္ဂလိပ်ဝေါဟာရဖြစ်သည်။မူရင်းအသုံးအနှုန်းမှာ ၁၉၃၃ ခုနှစ်တွင်ထုတ်ဝေသောအင်္ဂလိပ်စာရေးဆရာ ဂျိမ်းစ်ဟီလတန် (JAMES HILTON) ၏ ဝတ္ထုပါ အရပ်ဒေသတစ်ခုအမည်ဖြစ်သည်။ စိတ်အေးလက်အေး၊ နားအေးပါးအေးနှင့် နေနိုင်သော ချမ်းမြေ့ပြည့်စုံသည့်နေရာအဖြစ် လူကြိုက်များလှသည့် "ရှန်ဂရီလာ" မှာ ယခုအခါ ခရီးသွားတို့ကို ကြိုဆိုဧည့်ဝတ်ပြုသော ဟိုတယ်လုပ်ငန်းအုပ်စုကြီးတစ်ခု၏ အမည်ပင်ဖြစ်နေပေပြီ။ ရှန်ဂရီလာသည် လူသူကင်းဝေး အောင် တိမ်းရှောင်ခိုအောင်းရာ နေရာ (HIDEAWAY) ဟူ၍လည်း သဘောပေါက်ကြရလေသည်။

မြန်မာတို့က မြန်မာ့ရွှေမြေ(GOLDEN LAND OF MYANMAR) ကို ရွှေတံခါးကြီးဖွင့်ရန် စီစဉ်သောလုပ်ငန်းတွင် နိုင်ငံတော်ကဦးဆောင်လုပ်ကိုင်လျက်ရှိသည်။ ထိုသို့ဦးဆောင်နိုင်ရန် ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုကော်မတီကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့သည်။ ထိုကော်မတီ ၏ ပထမအကြိမ်အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျင်းပရာ ဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်ငြိမ်ဝပ်

ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားသည်။

"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံကာဝန်ယူစဉ်တွင် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးရည်မှန်းချက်များအောင်မြင်စွာအကောင်အထည်ဖော်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကြောင်း" ထည့်သွင်းပြောကြားသွားသည်။

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီတွင် ဌာနဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သည်။ ကော်မတီ၏လုပ်ငန်းတာဝန်များ သတ်မှတ်ထားပြီး ဖြစ်ရာတွင် အဓိကတာဝန်မှာ ကမ္ဘာလှည့်ခရီးသည်များမြန်မာနိုင်ငံကို ပိုမိုသိရှိပြီး စိတ်ဝင်စားမှုရှိလာရေးနှင့် ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရေးအတွက် အစစဘက်စုံပြင်ဆင်၍ ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီကြီး၏ အောက်တွင်ဆပ်ကော်မတီ ၁၀ ခုကိုလည်း ဖွဲ့စည်းထားသည်။ ဆပ်ကော်မတီများတွင် ဟိုတယ်၊ မိုတယ်နှင့် အင်းများ အဆင့်အတန်းမီရေးဆိုင်ရာ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ ၊ ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ၊ သတင်းဖြန့်ချိရေးဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာ၊ မြို့တော်သာယာရေးဆိုင်ရာ၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ စနစ်တကျရှိရေးနှင့် မွမ်းမံရေးဆိုင်ရာ၊ လော်ကားဥယျာဉ်ဘက်စုံမွမ်းမံရေးဆိုင်ရာ၊ ကမ္ဘာလှည့်ခရီးသည်ဝင်ထွက်မှုလွယ်ကူရေးဆိုင်ရာနှင့် မန္တလေးဒေသဖွံ့ဖြိုးမှုဆိုင်ရာ တို့ဖြစ်သည်။ ထို့ပြင် သားငါးရိက္ခာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အဆင်ပြေရေးအတွက်လည်း တာဝန်ခွဲခြားထားသည်။

ဆပ်ကော်မတီများ ဖွဲ့စည်းမှုနှင့် ဆပ်ကော်မတီအလိုက်လုပ်ငန်းတာဝန်တို့သည် ကမ္ဘာလှည့်ခရီးသည်များလာရောက်ရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုတင်ပြင်ဆင်ထားနိုင်ရန် လုံလောက်သော အစီအမံများပင်ဖြစ်သည်။ ထိုကော်မတီများသည် ခရီးသွားဧည့်ကြိုလုပ်ငန်းကို ဆွဲဆောင်နိုင်သည့် မူလကရှိပြီးသော မြန်မာ့အရင်းအမြစ်၊ အရည်အသွေးများကို စနစ်တကျဖြင့် ကမ္ဘာ့အဆင့်မီ စီးပွားရေးလုပ်ကွက်ကြီးဖြစ်အောင် ဆောင်ရွက်ကြလိမ့်မည်။

ဤတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍမှာ ပွင့်လင်းလာလျက်ရှိသည်။ မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များအား တည်းခိုရေး၊ ပို့ဆောင်ရေး၊ ဧည့်လမ်းညွှန်ရေးတို့တွင် လိုင်စင်ခံ၍ လုပ်ကိုင်ခွင့်ပြုထားပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်အားဖြင့် လူပေါင်းသန်းပေါင်းများစွာတို့သည် နိုင်ငံကူး၍အပန်းဖြေခရီး၊ လေ့လာရေး ခရီး၊ စီးပွားကုန်သွယ်ရေးခရီး၊ အလုပ်တာဝန်ခရီးတို့ကို သွားလာနေကြသည်။ ထိုကမ္ဘာလှည့်ခရီးသွားများ မိမိနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်လည်ပတ်ချင်အောင် အခြေအနေများဖန်တီးပေးဖို့ ကြိုးစားကြရန် လိုသည်။ ထိုအခြေအနေများတွင် အောက်ပါအဆင်ပြေမှု၊ ဝန်ဆောင်မှုနှင့် ခရီးသည် စိတ်ကျေနပ်မှုများ ပါဝင်နိုင်သည်။ ယင်းတို့မှာ–

- နိုင်ငံတွင်းသို့ လာရောက်ရန် ပြည်ဝင်ခွင့်ဗီဇာခွင့်ပြုချက်များရရှိဖို့လွယ်ကူကြောင်း၊
- ရောက်ရှိလာသည့် ဧည့်သည်များအား ဆက်ဆံမှု၊ ပြည်ဝင်စစ်ဆေးမှု၊ ငွေကြေးလဲလှယ်မှုများ အဆင်ပြေ အောင်ပြုလုပ်ပေးလျက်ရှိကြောင်း၊
- ဧည့်သည်အတွက် တည်းခိုနေထိုင်ခ၊ စားသောက်ခ၊ သွားလာဆက်သွယ်ခ စရိတ်များမှာ ဧည့်သည်အဆင့် အတန်းအလျောက် သင့်တင့်လျောက်ပတ်၍ ဝန်ဆောင်မှု များမှာ စရိတ်စကနှင့် လိုက်လျောစွာစိတ်ကျေနပ်အားရဖွယ်ရှိကြောင်း၊
- စားရေးသောက်ရေးတွင် ဒေသခံ အစားအသောက် များကိုသန့်ရှင်းလတ်ဆတ်စွာ ခံတွင်းတွေ့အောင် ချက်ပြုတ် စီမံကျွေးမွေးနိုင်ရုံသာ မက နိုင်ငံတကာအဆင့်မီ အစား သောက်များကို ပါ အဆင့်အတန်းရှိရှိ စံချိန်မီ စီမံနိုင်ကြောင်း၊
- ပြည်တွင်း၌ ရိုးရာယဉ်ကျေးမှု အနုပညာ အရပ်ရပ်တို့ အပြင် စေတီပုထိုးနှင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်း၊ လေ့လာစရာပေါများကြောင်း၊
- နိုင်ငံတွင်းတွင် ထူးခြားဆန်းပြား၍လှပသော ရှုခင်းများ၊ တောတောင်အခင်းအကျင်းများ ဆိပ်ကမ်းသဲသောင်များ ရှိ၍ အပန်းဖြေရန် အဆင်ပြေကြောင်း၊
- မိမိတို့နိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝ၍ သစ်ပင်ပန်းမန်တိရစ္ဆာန်မျိုးစုံတို့ဖြင့် ထူးဆန်းသော ပသာဒရှိဖွယ်နေရာ ဒေသဖြစ်ကြောင်း၊
- နိုင်ငံတွင်း၌ အရင်းအနှီးမြှုပ်နှံ၍ လုံခြုံစိတ်ချစွာ











**ခရီးသွားလုပ်ငန်းတွင် သန့်ရှင်းသပ်ရပ်ခေတ်မီသည့် ဟိုတယ်ကြီးများအသင့်စီမံဆောက်လုပ်ထားရှိရေးမှာ လိုအပ်ချက်တစ်ရပ်ပင်**

လုပ်ကိုင်နိုင်သော တည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေး လုပ်ကွက် အလားအလာများ ရှိသည့်အပြင် ထုတ်ယူသုံးစွဲခြင်းမပြုရသေးသည့် သစ်တော၊ သတ္တုနှင့် သဘာဝသယံဇာတများ ရှိကြောင်း၊

- နိုင်ငံတွင်း၌ ဒေသအသီးသီးတွင်ရောင်စုံဖြာသော တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့စရိုက် ယဉ်ကျေးမှုများမှာ နှစ်လိုဖွယ်ကောင်းကြောင်း၊
- နိုင်ငံ၏ရှည်လျားသော သမိုင်းကြောင်း နောက်ခံဖြင့် သဘင်၊ ဂီတ၊ ပန်းချီပန်းပုနှင့် လက်မှုအနုပညာ ဓလေ့ထုံးတမ်းအစဉ်အလာများ ကြွယ်ဝကြောင်း တို့ဖြစ်ပါသည်။

အထက်ပါအချက်များကို ပေါ်လွင်စေရန်အတွက် အသိပေးဖြန့်ချိခြင်းဖြင့် အစပြုလျက် တကယ့်လက်တွေ့၌ တွေ့ကြုံသိမြင်ခံစားနိုင်သော ပကတိအခြေအနေများကို ဖန်တီးပေးဖို့ကြိုးစားဆောင်ရွက်နေကြသည်။ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုကော်မတီသည် ထိုအကျိုးကိုရည်မျှော်၍ ယခုကပင် လုပ်ငန်းစတင်နေပေပြီ။

ကမ္ဘာလှည့်ခရီးသွားတို့ အများအပြားလာရောက်သော ရာသီမှာ အောက်တိုဘာလမှနောက်တစ်နှစ် မတ်လအထိ ဖြစ်သည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးတိုးတက်မှု ဝန်ကြီးဌာနလက်အောက်ရှိဗဟိုစာရင်းအင်းအဖွဲ့မှ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီနှင့်ဖေဖော်ဝါရီလအတွက် ထုတ်ဝေသော လစဉ်စီးပွားရေးအညွှန်း (MONTHLY ECONOMIC INDICATORS) စာစောင်တွင် ၁၉၈၈–၈၉ ခုနှစ်မှစ၍ နှစ်စဉ်လာရောက်သော ကမ္ဘာလှည့်ခရီးသွား ဦးရေကိုဖော်ပြထားရာ၌ ၁၉၈၈–၈၉ ခုနှစ်တွင် ၉၉၆၃ ဦး၊ ၁၉၈၉–၉၀ ခုနှစ်တွင် ၇၆၉၉ ဦး၊ ၁၉၉၀–၉၁ ခုနှစ်တွင် ၈၄၈၆ ဦး၊ ၁၉၉၁–၉၂ ခုနှစ်တွင် ၇၈၇၉ ဦး၊ ၁၉၉၂–၉၃ ခုနှစ်တွင်

၁၁၅၁၀ ဦး ဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်ခန့်ကနှင့် စာလျှင် ကမ္ဘာလှည့်ခရီးသည်ဦးရေတိုးတက်လာသည်ကိုတွေ့နိုင်သည်။

၁၉၉၄ ခုနှစ်ဦးပိုင်း ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများ အတွက် ပထမလတွင် ၃၁၇၅ ဦးနှင့် ဒုတိယလတွင် ၃၅၇၅ ဦးဖြစ်ကြောင်းလည်း ဖော်ပြထားရာ ထိုနှစ်တွင် ကမ္ဘာလှည့် ခရီးသည်တို့မှာ ၁၉၉၂-၉၃ ခုနှစ်ထက်ကပင် တိုးလာဦးမည့် လက္ခဏာဖြစ်သည်။ ဧည့်သည်တစ်သိန်းခန့်အထိ ခန့်မှန်း ထားပေသည်။

အထက်ပါစာစောင်၌ပင် ၁၉၉၃ ခုနှစ် တစ်နှစ်လုံး အတွက်လာရောက်သူ ခရီးသည်ဦးရေမှာ ၂၁၃၃၉ ဦးရှိ ကြောင်း ဖော်ပြသည်။ ထိုနှစ်အတွက်ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းမှရရှိသော ဝင်ငွေမှာ ၅၉ သန်းမျှရှိသည်။

၁၉၉၄ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေရောင်းချသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၏ ၁၉၉၃-၉၄ ခုနှစ်အတွက် ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများတင်ပြချက် စာအုပ်ကြီးတွင် ကမ္ဘာလှည့်ခရီးသည်များ၊ မြန်မာနိုင်ငံသို့လာရောက်ပြီး သုံးစွဲခဲ့သည့် နိုင်ငံခြားငွေမှာ လူပေါင်း ၂၁၆၁၄ ဦးလာ ရောက်ရာတွင် နိုင်ငံခြားငွေတန်ဖိုးကျပ် ၁၂၀၉ သိန်းရှိ ကြောင်း ဖော်ပြထားသည်။

လာရောက်သောဧည့်သည်ဦးရေသည်၁၉၇၉ ခုနှစ်မှ စ၍ ၁၉၈၈ ခုနှစ်အထိ အနည်းဆုံး ၂၀၀၀၀ (နှစ်သောင်း) ကျော်၍အများဆုံး ၄၀၀၀၀ (လေးသောင်း) ကျော်ရှိသည် ကိုတွေ့ရသည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ သောင်းဂဏန်းအောက်သို့ကျဆင်းသွားခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်သည် ယခင် ၁၀ နှစ် စံချိန်ကိုပြန်၍မီလာခဲ့သည်။ နိုင်ငံက မျှော်မှန်းသော ၁၉၉၆ ခုနှစ်အတွက် ဧည့်သည် ၅ သိန်း ရရှိရေးမှာ ၁၉၉၃ ခုနှစ်ပမာဏ၏ ၂၅ ဆ နီးပါးမျှ တိုးပွားအောင်ဆောင်ရွက်ရန်ဖြစ်သည်။ ယခုတိုးချဲ့ လျက် ရှိသော တည်းခိုရန်အခန်းပမာဏ၊ ဧည့်ကြိုအစီအစဉ် များ၊ ဝန်ဆောင်လုပ်ငန်းများနှင့် ဆိုလျှင် ဖြစ်နိုင်သော မျှော်မှန်း ချက်ဟု ဆိုရမည်။

အိမ်နီးချင်းမလေးရှားနိုင်ငံတွင် ပျမ်းမျှနှစ်စဉ် ဧည့်သည် ၆ သန်းခန့်၊ ထိုင်းနိုင်ငံတွင် နှစ်စဉ် ၅ သန်းခန့် လာရောက်လည်ပတ်လေ့လာကြကြောင်းသိရသဖြင့် မြန်မာနိုင်ငံအဖို့လည်း စနစ်တကျတာထွက်ခဲ့ပြီဖြစ်၍ အစနှစ်ဖြစ်သော ၁၉၉၆ ခုနှစ်တွင် ရည်မှန်းချက်မပြည့်နိုင် စရာမရှိပေ။

ခရီးသွားလုပ်ငန်း၏ အင်အားကိုကြည့်ပါက လက်ရှိ မြန်မာ့ကုန်သွယ်ရေးကဏ္ဍတွင် နိုင်ငံတော်ကပုဂ္ဂလိက လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးရေးကို အားပေးသည့်အလျောက် မှတ်ပုံတင်ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းပေါင်းမှာ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ၁၁၇၀၅ ရှိနေသည်။ ထိုအနက်မှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းပေါင်း ၅၈၂ ခုဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးကို စနစ်တကျဆောင်ရွက် နိုင်ရန် ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းများမှတ်ပုံတင်ဖွင့်လှစ်စေ၍ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ သည်။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြီးမှူး၍ ၁၉၉၃ ခုနှစ် အတွင်း၌ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခဲ့သည်။

ထို့ပြင် ကမ္ဘာလှည့်ခရီးသည် ဝင်ပေါက်များကိုတိုးချဲ့ ပေးခဲ့၏။ မြန်မာနိုင်ငံသို့ တရုတ်ပြည်နယ်စပ်မှ လာရောက် နိုင်သည်။ ထိုင်းနယ်စပ်မှလာရောက်နိုင်သည်။ နေ့ချင်းပြန် လာရောက်နိုင်သော မြဝတီဘုရားသုံးဆူနှင့် ကော့သောင်း ဝင်ပေါက်တို့လည်းရှိသည်။

ခရီးသည်များစိတ်တိုင်းကျနေထိုင်လည်ပတ်နိုင်ရန် ပြည်ဝင်ခွင့်ဗီဇာရက်ကိုလည်း တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။ ယခုအခါ သာမန်ခရီးသွားများကို ၂၈ ရက်အထိ နေထိုင် ခွင့်ပြုသည်။

ဧည့်သည်သည် နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၂၀၀၀ အထိ ကြေညာစရာမလိုဘဲ ယူသွင်းလာနိုင်သည်။ အပြန်တွင် ကျောက်မျက်၊ လက်ဝတ်ရတနာနှင့် ကန့်သတ် မထားသော နှစ်သက်ရာ ယဉ်ကျေးမှုပစ္စည်းတို့ကို လွယ်လင့် တကူပြန်လည်သယ်ဆောင်သွားနိုင်သည်။

တစ်ဦးချင်းလာရောက်သူဧည့်သည်ဖြစ်ပါက ဒေါ်လာ ၃၀၀ အထိယူဆောင်လာရန်လိုသည်။ ထိုငွေကို နိုင်ငံခြား ငွေလက်မှတ်ဖြင့် လဲလှယ်ယူရသည်။ ငွေလဲလှယ်နိုင်သော နေရာဌာနများကို လေဆိပ်နှင့် ဘဏ်တိုက်တို့၌သာမက တည်းခိုရာဟိုတယ်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း ဌာနတို့၌ လဲလှယ်ပေးလျက်ရှိသည်။

CREDIT CARD ခေါ် ဘဏ်ကတ်ပြားကိုင်ဆောင်သူ ဖြစ်ပါက ကမ္ဘာသုံးအမေရိကန် အိတ်စ်ပရက်ကတ်ပြား၊ မာစတာ ကတ်ပြား၊ ဗီဇာကတ်ပြား ဟူသော ဘဏ်တံဆိပ် သုံးမျိုးကို တရားဝင်သုံးစွဲခွင့်ရှိနေသည်။

ကမ္ဘာလှည့်ခရီးသွားတို့အဖို့ နီးစပ်ရာနိုင်ငံများနှင့် လေကြောင်းအဆက်အသွယ်ရှိရာ ဘန်ကောက်၊ စင်ကာပူ၊ ဟောင်ကောင်၊ ဂျာကာတာ၊ ဒါကာ၊ ကူမင်း၊ မော်စကိုမြို့







**ဤကဲ့သို့သော မြန်မာ့အလှ မြန်မာ့ရှုခင်းများဆီသို့ ကမ္ဘာလှည့်ခရီးသည်များအား အရောက်ပို့ဆောင်ပေးရမည်သာ**

တို့သို့ ခရီးဆက်ရန် မခက်ခဲပေ။ ထိုခရီးများအတွက် မြန်မာ့လေကြောင်းခရီးစဉ်အပြင် လက်ရှိအားဖြင့် နိုင်ငံတကာအခြားလေကြောင်းခရီးစဉ် ၅ မျိုးရှိသည်။

## ကမ္ဘာ့ခရီးသွား ရှုခင်း

ကမ္ဘာ့ခရီးသွားလုပ်ငန်းမှာ ၁၉၉၁ ခုနှစ်တွင် ပင်လယ်ကွေ့စစ်ပွဲကြောင့် သိသိသာသာဆုတ်ယုတ်ကျဆင်းသွားရာမှ ၁၉၉၂ ခုနှစ်တွင် ပြန်လည်ဦးခေါင်းမော့လာခဲ့သည်။ တိုးတက်နှုန်းမှာ ၁၉၉၂ ခုနှစ်နှင့်စာလျှင် ၄.၆ ရာခိုင်နှုန်းဖြစ်သည်။ ကမ္ဘာပေါ်တွင် တစ်နေရာမှတစ်နေရာသို့ ကူးလူးခရီးသွားသူဦးရေမှာ ၄၇၆ ရာခိုင်နှုန်းမျှရှိခဲ့သည်။ ထိုခရီးသွားတို့ သုံးစွဲသော ငွေကြေးစရိတ်ပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၇၉၀၀ မျှ ရှိခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဦးရေ တိုးတက်များပြားလာရာ တိုးနှုန်းမှာ ၆.၇ ရာခိုင်နှုန်းဖြစ်ပြီး ခရီးသွားဦးရေမှာ ၅၀၈ သန်းဖြစ်လာသည်။ ၎င်းတို့သုံးစွဲခဲ့သော ငွေပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၀၀၀၀ ဖြစ်သည်။

ပစိဖိတ်အာရှတိုက်ဒေသ၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းမှာ တစ်ကမ္ဘာလုံး၏ ၁၂ ရာခိုင်နှုန်းရှိသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်း ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းရှိသည်ဟု စပိန်နိုင်ငံ၊ မဒရစ်မြို့ရှိ ကမ္ဘာ့ခရီးသွား အဖွဲ့ချုပ်ကြီးက တွက်ချက်ဖော်ပြသည်။

## အာရှခရီးသွားရှုခင်း

ကမ္ဘာ့ခရီးသွားလုပ်ငန်းမှာ နိုင်ငံခြားငွေထူးခြားသိသာစွာရရှိနိုင်သော နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ အိမ်နီးချင်းထိုင်းနိုင်ငံတွင်ဆိုလျှင် နိုင်ငံခြားဝင်ငွေဒုတိယအများဆုံး ရရှိရာအခြေအမြစ်လုပ်ငန်းကြီးတစ်ခုဖြစ်သည်ဟု သိရသည်။

ယခုအခါ အာရှပစိဖိတ်ဒေသသည် ခရီးသွားလုပ်ငန်းတွင် အရှိန်ဖြင့်တိုးတက်လျက်ရှိသည်။ တိုးတက်မှုဟုဆိုရာတွင် ခရီးဝေးနိုင်ငံများမှ လာရောက်ခြင်း(Long Haul) နှင့်

ဒေသတွင်းမှလာရောက်ခြင်း (Intra regional) ဟူ၍ နှစ်မျိုးရှိရာ ထိုနှစ်မျိုးစလုံး၌ပင် တက်ရိပ်များရှိနေသည်ဟုဆို၏။ ကမ္ဘာ့ခရီးသွားလုပ်ငန်း ဆရာတို့က လာမည့် ၁၅ နှစ်အတွင်း အာရှတိုက်ရှိ လုပ်ငန်း အလားအလာကို ခန့်မှန်းကြည့်ရာ ယခုသန်းပေါင်း ၇၀ မျှ လာရောက်သော ကိန်းဂဏန်းမှ ခရစ်နှစ် ၂၀၀၀ တွင် သန်းပေါင်း ၁၀၀၊ ခရစ်နှစ် ၂၀၁၀တွင် သန်းပေါင်း ၁၉၀ ခန့် အထိဦးရေတက်လာလိမ့်မည်ဟု တွက်၍ရသည်။

တစ်နည်းအားဖြင့်ပြောရလျှင် ခရီးဝေးနိုင်ငံများမှ အာရှသို့လာရောက်လည်ပတ်မည့်သူတို့မှာ လာမည့် ၁၅ နှစ်အတွင်း နှစ်ဆတိုးလာပြီး လက်ရှိ သန်း ၂၀ နီးပါးမှ သန်းပေါင်း ၄၀ ခန့်ရှိလာမည်။ အာရှပစိဖိတ်ဒေသကြီးအတွင်းမှ ခရီးသွားမည့်သူတို့မှာလည်း လက်ရှိ သန်း ၅၀ ကျော်မှ သန်း ၁၅၀ အထိ ဦးရေသုံးဆတိုးလာလိမ့်မည်ဟု ဆိုလိုသည်။

## မြန်မာ အလားအလာကောင်း

ဘန်ကောက်တွင် အခြေစိုက်သော မက်ကင်း အယ်ရစ်ကဆန်အမည်ရှိ ကြော်ငြာလုပ်ငန်းကြီးတစ်ခုက အာရှတွင် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် တွင်ကျယ်ရေး၊ ဖွံ့ဖြိုးရေးနှင့် ဖက်စပ်ဆောင်ရွက်ရေးတို့ကို အထူးပြုလာသည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာ ခရီးသွားဧည့်သည်များသည် ၁၉၉၃ ခုနှစ်တွင် ဗီယက်နမ်၌ ၁၄.၅၄ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား၌ ၁၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံ၌ ၈ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ၁၉၉၄ ခုနှစ်တွင် ဗီယက်နမ်၌ ငါးသိန်းကျော် (၅၁၅၂၅၀)၊ လာအို၌ ရှစ်သောင်းကျော် (၈၈၀၀၀)နှင့် ကမ္ဘောဒီးယား၌ ငါးသောင်းကျော် (၅၄၀၀၀) ဦးလာရောက် လည်ပတ်ကြလိမ့်မည်ဟု တွက်ချက်တင်ပြထားသည်။

မြန်မာ့ခရီးသွားလုပ်ငန်းနယ်ပယ်မှ တာဝန်ခံတို့၏ အဆိုအရယခုနှစ်တွင် မြန်မာနိုင်ငံသည် လာအိုနှင့်ကမ္ဘောဒီးယားတို့၌ ခန့်မှန်းသောအရေအတွက်မျိုးကို ရနိုင်လိမ့်မည်ဟုပြောဆိုနေကြသည်။ ၁၉၉၄ ခုနှစ်အတွက် ဧည့်သည်တစ်သိန်းခန့် မျှော်လင့်ထားခြင်းဖြစ်သည်။

ထိုသို့လာရောက်နိုင်ရန် ကြိုတင်ညှိနှိုင်းဆောင်ရွက်သောအားဖြင့် လူဝင်မှုစည်းကမ်းချက်များကို လျှော့ပေါ့ခြင်း၊ ဧည့်ခံကြိုဆိုမည့် အောက်ခြေအဆောက်အအုံကို တိုးတက်ဖွံ့ဖြိုးအောင် စီမံခြင်း၊ ကမ္ဘာလှည့်တို့ စိတ်ဝင်စားဖွယ် အရင်းအမြစ်နေရာဒေသများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ပတ်ဝန်းကျင်အခြေအနေများကို ထိန်းသိမ်းပြုပြင်စောင့်ရှောက်ပေးလျက်ရှိသည့်အပြင် ဤလုပ်ငန်း၌တူညီသော အခြေခံသဘောများကို သုတေသနပြုလုပ်လျက်ရှိကြောင်းကိုလည်း သုံးသပ်ဖော်ပြထားသည်။

ခရီးသွားဧည့်ကြိုလုပ်ငန်းကို ကမ္ဘာနှင့်ချီ၍ ထိရောက်ပျံ့နှံ့အောင်လုပ်ကိုင်ရေးတွင် အာရှနှင့်ပစိဖိတ်ဒေသ၌ နောက်ထပ်နေရာသစ်များ သတ်မှတ်ထားရှိရန်လိုကြောင်းကိုလည်း ခရီးသွားလုပ်ငန်းကြီးတစ်ခုက တင်ပြထားသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က အခြေအနေသုံးရပ်ကို ဖော်ပြထားသည်။ ယင်းတို့မှာ ထိုင်း၊ ဂျပန်၊ အင်ဒိုနီးရှားတို့၌ စိတ်ဝင်စားဖွယ်ကျန်ရှိသောမြို့များကိုသတ်မှတ်ဖော်ထုတ်သင့်သည်။ ထို့ပြင် အပန်းဖြေစခန်းအဖြစ် ပြည့်ပြည့်ဝဝ မသုံးရသေးသော ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကိုရီးယားနှင့် ဂျပန်တို့မှ အပန်းဖြေစခန်းဖြစ်နိုင်သော ဌာနများကို ဖော်ထုတ်သင့်သည်။ နောက်ဆုံးတစ်ချက်မှာ နေရာသစ် များဖြစ်သော ဘရူနိုင်း၊ အင်ဒိုချိုင်းနား၊ မြန်မာနှင့် တောင်ပစိဖိတ်ကျွန်းဒေသများကို တွင်ကျယ်အောင်သတ်မှတ် လုပ်ကိုင်ရေးတို့ဖြစ်သည်ဟု ဆိုသည်။ ထိုဌာနအသီးသီးတို့သည်သီးခြားစိတ်ဝင်စားစရာကောင်းသော ထူးခြားသည့် ခရီးစဉ်များဖြစ်ကြောင်းကို ဖော်ထုတ်ပေးရန် လိုအပ်နေသည်ဟုဆိုသည်။

## ဈေးကွက်နယ်သတ်မှတ်ခြင်း

ကမ္ဘာလှည့်ခရီးသည် ဧည့်ခံကြိုဆိုရေးလုပ်ငန်းဈေးကွက်တွင် ရပ်နီးမှလာသော ဧည့်သည်ဈေးကွက် (SHORT HAUL MARKET)နှင့် ရပ်ဝေးမှလာသော ဧည့်သည်ဈေးကွက် (LONG HAUL MARKET) ဟူ၍ သတ်မှတ် ထားသည်။

ရပ်နီးဈေးကွက်မှ ဂျပန်၊ ထိုင်ဝမ်၊ သြစတြေးလျ၊ ဟောင်ကောင်နှင့် ကိုရီးယားတို့မှ လာရောက်ခြင်းဖြစ်သည်။ သူတို့အထဲတွင် ဂျပန်ခရီးသွားများမှာ ၁၉၉၂ ခုနှစ်တွင် ၁၁ သန်းကျော်ရှိခဲ့၍ ၎င်းတို့၏ပျမ်းမျှခရီးစဉ်အချိန်မှာ ခုနစ်ရက်ခန့်ကြာတတ်သည်။ တစ်နေ့လျှင် ပျမ်းမျှဒေါ်လာ ၁၉၀ ခန့်သုံးစွဲသောနှုန်းရှိ၏။ ထိုအုပ်စုတွင် ကိုရီးယားမှလာသောဧည့်သည်များမှာ ၂ သန်းမျှရှိ၍ အနည်းဆုံးဖြစ်ပြီး ခရီးချိန်တာ ငါးရက်မျှပျမ်းမျှကြာမြင့်ပြီး တစ်နေ့လျှင် ဒေါ်လာ ၂၀၀ ကျော်ပျမ်းမျှ သုံးစွဲသည်ဆို၏။

အထက်ပါနိုင်ငံငါးနိုင်ငံမှ ခရီးသွားများ၏ သွားရောက်ကြသော နိုင်ငံဒေသများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူတတ်ကြပေ။

ရပ်ဝေးဈေးကွက်တွင် နိုင်ငံပေါင်း ၆ နိုင်ငံမှ ခရီးသွား



ကမ္ဘာကျော် ပုဂံရှေးဟောင်းယဉ်ကျေးမှု အလှအပများကိုလည်း ပြသရန်လိုပေလိမ့်မည်

များပါဝင်၍ အီတလီ၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့ဖြစ်ကြသည်။ ၁၉၉၂ ခုနှစ်အတွင်း အာရှသို့လာသော အီတလီလူမျိုးရှစ်သိန်းတို့သည် ပျမ်းမျှ ခရီးချိန်တာ ၁၀ ရက်ခန့်ကြာ၍ နေ့စဉ်ဒေါ်လာ ၁၅၀ မျှ သုံးစွဲကြသည်။ အမေရိကန်တို့၏ အာရှခရီးမှာ ပျမ်းမျှ ရှစ်ရက်ကျော်ကြာမြင့်ပြီး တစ်နေ့လျှင် ပျမ်းမျှဒေါ်လာ ၁၄၀ ဖိုး ခန့်သုံးစွဲကြောင်း တွက်ချက်ရရှိသည်။

အထက်ပါခရီးဝေး ၆ နိုင်ငံတို့မှ ဧည့်သည်များတွင် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သူများကြသည်။ ဤ ၆ နိုင်ငံစာရင်းတွင် မပါဝင်သော ဘယ်လဂျီယံ၊ ဒိန်းမတ်၊ ဖင်လန်၊ စပိန်၊ ဆွီဒင်နှင့်ဆွစ်ဇာလန်တို့မှ ခရီးသွားများသည်လည်း ထိုင်းနိုင်ငံကို ဦးတည်၍ အလည်အပတ်များကြကြောင်းသိရှိရသည်။ ထိုင်းသို့ရောက်ပြီးနောက် မြန်မာနိုင်ငံကို စိတ်ဝင်စားလျှင် သူတို့အဖို့လာရောက်ရေး လွယ်ကူနေလေသည်။

## ခရီးသွားတို့အဖို့ အာရုံစူးစိုက်ရာ

ခရီးသွားတို့အဖို့ သွားလိုသောဒေသ၌ အာရုံစူးစိုက်ရာကိစ္စများမှာလည်း ကွဲပြားသည်။ အာရှသို့လာရောက်သော ရပ်နီးဧည့်သည်တို့မှာ ပင်လယ်ဆိပ်ကမ်းနှင့် အပန်းဖြေမှုခရီး၊ မိသားစုခရီး၊ တစ်ကိုယ်ရေခရီး၊ ပျားရည်ဆမ်းခရီး၊ အားကစားခရီးနှင့် စီးပွားရေးလုပ်ငန်း၊ အစည်းအဝေးစသည့် ခရီးများက များသည်။ ထို့ပြင် သက်ကြီးရွယ်ကြီး အငြိမ်းစားတို့၏ခရီးမျိုးလည်း သီးခြားတစ်ရပ်ပါဝင်သည်။

ရပ်ဝေးမှလာသော ဧည့်သည်မျိုးမှာ အများအားဖြင့် ယဉ်ကျေးမှုလေ့လာရေးခရီး၊ စူးစမ်းစွန့်စားရှာဖွေရေးခရီး၊ လူငယ်ကျောင်းသားခရီး၊ သက်ကြီးရွယ်ကြီးတို့၏ ခရီးနှင့် ကြုံရာကိုကြည့်ရှုလေ့လာလိုသည့် ခရီးများပါဝင်ပေသည်။

## နောက်ပေါက်ထင်ရှားသော ဒေသများ

ကမ္ဘာပေါ်တွင် နောက်ပေါက်ထင်ရှားလာသော ခရီးသွားတို့စိတ်ဝင်စားသည့် ဒေသများမှာ အရှေ့အလယ်ပိုင်းဒေသ၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက၊ ဘရာဇီး၊ ရုရှားနှင့် ဥရောပအရှေ့ပိုင်းဒေသများဖြစ်သည်။ အာရှတွင် တရုတ်ပြည်ကြီးသို့ လာရောက်သောခရီးတွင် လောလောဆယ်ဆွေပြမျိုးပြ အလည်အပတ်ခရီးမှာ အများဆုံးဖြစ်နေသည်ဟုဆိုသည်။

## အသားပေးဆွဲဆောင်မှုအကြောင်းအရာ

ဤကဲ့သို့ ခရီးအမျိုးမျိုး၊ လူအထွေထွေ၊ စိတ်ဝင်စားမှုအသီးသီးရှိကြရာတွင် ခရီးသွားဧည့်ကြိုနိုင်ငံသည် မိမိနိုင်ငံသို့ခရီးသည်များ စိတ်ဝင်စားစေရန်အတွက် အာရုံနှိုးဆွဆွဲဆောင်သော ကြော်ငြာအကြောင်းရပ်များကို ဖန်တီးရလေ့ရှိကြောင်းဖြင့် အတွေ့အကြုံရှိသူတို့က ဆိုကြသည်။

ထင်ရှားသော သာဓကတစ်ရပ်မှာ ထိုင်းနိုင်ငံရှိ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ ကမ္ဘာ့ဈေးကွက်သို့ ထုတ်ပြန်သော ဖိတ်ခေါ်ချက်စာတန်းမျိုးဖြစ်သည်။ ထိုစာတန်းမှာ "မင်းနေပြည်တော်တစ်ခု၏ ရတနာသိုက်ကို ကိုယ်တိုင်ဖော်ထုတ်ကြည့်ကြစို့" (DISCOVER THE TREASURES OF A KINGDOM) ဟူ၍ဖြစ်သည်။ ထိုစာတန်းတွင် ကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ကြည့်ရှုဖို့ ဖိတ်ခေါ်ချက်ပါသည်။ ရတနာသိုက်ဟုဆိုသဖြင့် အထွေထွေအပြားပြား ကြည့်ရှုစရာ ရတနာသိုက်သဘောကို ဆောင်သည်။ မင်းနေပြည်ဟုဆိုသောကြောင့် အခြားလည်ပတ်ကြည့်ရှုစရာများနှင့်မတူဘဲ တစ်မူခြားနေကြောင်းကို ဖော်ပြသည်။

## လူထုဆက်သွယ်ရေး

ခရီးသွားဧည့်ကြိုလုပ်ငန်းသမားတို့သည် ကြော်ငြာကောင်းကောင်းလုပ်နိုင်ဖို့ အရေးကြီးသည်။ မိမိအရပ်ဒေသနှင့် ယဉ်ကျေးမှုကို နိုင်ငံတကာစိတ်ဝင်စားအောင် ကြော်ငြာရသောကြောင့် စရိတ်ကုန်ဝင်မှုရှိသည်။ ကုန်ဝင်သောစရိတ်က ရင်းစားပေးနိုင်ရုံမက ထိရောက်လေလေ ကြာရှည်အမြတ်ထွက်လေလေဖြစ်သည်။ ထို့ကြောင့် ကြော်ငြာရန်အတွက် အရင်းစိုက်ထုတ်မှုလိုအပ်သည်။ ကမ္ဘာ့ဈေးကွက်သို့ ပေါက်ရောက်အောင်ပြုလုပ်ရန်မှာ ပုံနှိပ်ခြင်းအတတ်နှင့် အကျုံးဝင်သော လူထုဆက်သွယ်ရေးလုပ်ငန်းနှင့် ရုပ်သံလွှင့်ခြင်းနှင့်ဆိုင်သော လူထုဆက်သွယ်ရေးလုပ်ငန်းတို့ကို မလွဲမသွေသုံးရသည်။ ရုပ်သံလွှင့်ထုတ်ကြော်ငြာခြင်းမှာ နိုင်ငံအတော်များများသို့ တစ်ချိန်တည်းရောက်ရှိနိုင်သော ဂြိုဟ်တုရုပ်မြင်သံကြားဆက်သွယ်ရေးစနစ်အထိ သုံးနိုင်သည်။ ပုံနှိပ်ခြင်းကိစ္စကား ဂျာနယ်၊ သတင်းစာမျိုးစုံကို အသုံးပြု၍ မည်သို့စီစဉ်ဆောင်ရွက်လျှင်မည်မျှခရီးပေါက်နိုင်သည်ကို ဆောင်ရွက်ပေးနိုင်သော ကြော်ငြာဌာနကြီးများကိုအားကိုးနိုင်သည်။

ဤလုပ်ငန်းအတွက် ကမ္ဘာနှင့်အဝန်းလုပ်ငန်းတိုးချဲ့ဆက်သွယ်ပေးနိုင်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုန်စည်ပြပွဲများ၊ ကမ္ဘာလှည့်ဧည့်ကြိုနှစ်ပတ်လည်အစည်းအဝေးများရှိရာ ဆက်သွယ်ဆောင်ရွက်နိုင်ပါက ကျယ်ပြန့်၍ ရေရှည်အကျိုးများနိုင်သော လုပ်ငန်းဖြစ်သည်။

## မြန်မာတို့ ဆောင်ရွက်ရန်

ခရီးသွားဧည့်ကြိုလုပ်ငန်း၌ သတိပြုစရာတွေရှိသေးသည်။ သို့မှသာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံသို့လာရောက်ရန် ခရီးအစဖြစ်သော ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်းကို အမြန်ဆောင်ရွက်ပေးရန် မြန်မာသံရုံးများက လုပ်ကိုင်ပေးကြမည်။ အခြားနိုင်ငံအချို့တွင် ခွင့်ပြုထားသကဲ့သို့ မြန်မာပြည်ဝင်ဆိပ်ကမ်းရောက်မှ ခရီးရောက်မဆိုက်ပြည်ဝင်ခွင့် ဗီဇာထုတ်ပေးသောအစီအစဉ်မျိုးအထိရှိကြောင်းသိရသည်။

ဧည့်ကြိုလုပ်ငန်းတွင် ဧည့်ဝတ်ကျေပွန်ရေးတာဝန်မှာ ပုဂ္ဂလိကအပိုင်း၊ ပြည်သူ့အပိုင်း၌လည်း ရှိနေသည်။ အချို့နိုင်ငံများတွင် နိုင်ငံခြားသားများကို သွားလိုရာခရီးကို တိုက်ရိုက်မပို့ဘဲ လှည့်ပတ်မောင်းပြီး ငွေပိုတောင်းတတ်သော အငှားကားဆရာများအကြောင်းကို တစ်ချိန်ကကြားရတတ်သည်။ ဤကဲ့သို့ ငွေရဖို့ပြီးရော သဘောထားသည့် အချဉ်ဖမ်းဆက်ဆံမှုမျိုး မရှိဖို့လိုသည်။

ခရီးသွားဧည့်ကြိုလုပ်ငန်းတွင် အိမ်သာမှဧည့်လာနိုင်မည်။ ထိုကိစ္စအတွက် အတတ်နိုင်ဆုံးအဆင်ပြေအောင် စဉ်းစားစရာတွေရှိပါသည်။

ခရီးသွားဧည့်ကြိုလုပ်ငန်းများက မြန်မာနိုင်ငံသာယာလှပပုံကို ကြော်ငြာမောင်းခတ်ရလိမ့်မည်။ ဤတွင်ပုံနှိပ်လုပ်ငန်းဆိုင်ရာလူထုဆက်သွယ်ရေးနှင့် ရေဒီယိုရုပ်မြင်သံကြားဆိုင်ရာ အီလက်ထရွန်နစ် လူထုဆက်သွယ်ရေးနည်းလမ်းကို တွင်တွင် သုံးရပါလိမ့်မည်။

ဆက်သွယ်ရေးကွန်ယက်(NETWORK) များအနက် မိမိအင်အားကိုသာမက နီးစပ်ရာရှိပြီး ပြည်ပအင်အားတို့ကို

၁၉၉၆ ခုနှစ် မြန်မာ့ခရီးသွားနှစ် အထိမ်းအမှတ်တံဆိပ်



လည်း သယံဇာတအလဲအလှယ်ပြု၍ အသုံးချနိုင်အောင် ကြိုးစားရမည်။ ဥပမာ–ရုပ်သံလွှင့်ချိန်အလဲအလှယ်ပြုခြင်းမျိုး၊ စာနယ်ဇင်း ကြော်ငြာအလဲအလှယ်ပြုခြင်းမျိုးတို့ဖြစ်သည်။ ထိုလုပ်ငန်းတို့အစပြုလာသည်ကို တွေ့နေရပြီဖြစ်သည်။

ကမ္ဘာ့လှည့်ခရီးသည်ဝန်ဆောင်လုပ်ငန်းနှင့် စပ်ဆိုင်သော ဌာနနှင့်လုပ်ငန်းခွင်အသီးသီးတို့က ဤလုပ်ငန်းဖြင့် နိုင်ငံ့အကျိုး၊ မိမိအကျိုးကို ဖြစ်စေကြောင်း သဘောပေါက်ကာ အထူးအာရုံပြု၍ည့်ဝတ်ကျေစေရန် စူးစူးစိုက်စိုက် ဆောင်ရွက်နိုင်ကြဖို့လိုမည်။

ကမ္ဘာ့လှည့်ခရီးသွားတို့မှာ သူတို့လာရောက်ရာ ပင်ရင်းနိုင်ငံနှင့်အသက်မွေးမှုလုပ်ငန်း နောက်ခံ၊ ဝါသနာနောက်ခံတို့ကို အခြေပြု၍ စိတ်ဝင်စားသောအကြောင်းအရာနှင့် ကြိုက်နှစ်သက်မှုတို့ အမျိုးမျိုးကွဲပြားကြသည်ဖြစ်ရာ ယင်းတို့၏လူမျိုးအလိုက်၊ နိုင်ငံအလိုက်သဘောထားနှင့်အကြိုက်တို့အပြင် ထင်မြင်ချက်ကိုပါစုဆောင်းလေ့လာထားပေးသောအဖွဲ့အစည်း သို့မဟုတ် ဌာန တစ်ခုရှိသင့်ပါသည်။

ခရီးသွားတို့မြန်မာ့မြေပေါ် ရောက်လျှင်အဆင်ပြေရေးမှာ ပြည်ဝင်ဆိပ်ကမ်း(လေဆိပ်)တွင် အချိန်မဖင့်ရေးသည် ပထမလိုအပ်ချက်ဖြစ်သည်။ စာရွက်စာတမ်းပုံစံတို့ရှည်တို့ကို များများစားစားသုံးစရာမလိုသည့် လျှင်မြန်စွာစစ်ဆေးလက်ခံကြိုဆိုမှုမျိုးရှိအပ်ပါသည်။ အထူးသဖြင့် ဧည့်ကြိုလုပ်ငန်းတစ်ခုခုနှင့် ကြိုတင်ဆက်သွယ်၍လာရောက်ခြင်းမဟုတ်သည့် ဧည့်သည်များအတွက် လေဆိပ်တွင်အခမဲ့ဆက်သွယ်အကူအညီတောင်းနိုင်သော (TOLL-FREE) တယ်လီဖုန်းများ ရှိသင့်ပါသည်။

ဧည့်သည်များမြို့ပြဝန်းကျင်သို့ လှည့်လည်ရာ၌ အလွယ်တကူလမ်းညွှန်၍ကြည့်စရာ ရှုစရာ သိရှိနိုင်သော လမ်းညွှန်မြေပုံဆိုင်းဘုတ်ကြီးများ (BILL BOARDS)တို့ကို စိုက်ထူထားသင့် ပါသည်။ ပုဂံကဲ့သို့ နေရာမျိုးတွင် ထိုလမ်းဘေးလမ်းညွှန် ဆိုင်းဘုတ်မျိုးလိုသည်။ ပြည်သူ့ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လော်ကားဥယျာဉ်၊ မန္တလေးနန်းတော်၊ ပဲခူးမြို့စသည်တို့၌ လည်းအလားတူလိုအပ်သည်။ အချို့နေရာများတွင် ဤသို့ စိုက်ထူပြီးဖြစ်လေသည်။

မြန်မာနိုင်ငံ အတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ စာရင်း (၁၅–၁၁–၉၄)

| စဉ် | ဒေသ/တိုင်း/ပြည်နယ် | နိုင်ငံပိုင် | | ပုဂ္ဂလိကပိုင် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | ဦးရေ | အခန်း | ဦးရေ | အခန်း | ဦးရေ | အခန်း |
| ၁ | ရန်ကုန်တိုင်း | ၈ | ၄၇၇ | ၁၀၂ | ၁၀၁၉ | ၁၁၀ | ၁၄၉၆ |
| ၂ | မန္တလေးတိုင်း | ၈ | ၃၃၀ | ၄၅ | ၁၂၄၇ | ၅၃ | ၁၄၉၆ |
| ၃ | ဧရာဝတီတိုင်း | ၂ | ၆၉ | ၁ | ၂၄ | ၃ | ၉၃ |
| ၄ | ပဲခူးတိုင်း | ၃ | ၇၄ | ၂ | ၂၄ | ၅ | ၉၈ |
| ၅ | ပုဂံ | ၃ | ၁၄၃ | ၁၀ | ၁၂၃ | ၁၃ | ၂၆၆ |
| ၆ | တောင်ကြီး/အင်းလေး | ၇ | ၂၆၇ | ၁၇ | ၃၄၃ | ၂၄ | ၆၁၀ |
| ၇ | ငပလီ | ၂ | ၅၄ | – | – | ၂ | ၅၄ |
| ၈ | ကော့သောင် | ၁ | ၃၁ | ၁ | ၂၀၀ | ၂ | ၂၃၁ |
| ၉ | ကျိုက်ထို | ၁ | ၁၈ | – | – | ၁ | ၁၈ |
| ၁၀ | မော်လမြိုင် | ၂ | ၃၉ | – | – | ၂ | ၃၉ |
| ၁၁ | ကချင် | – | – | ၁ | ၁၀ | ၁ | ၁၀ |
| | စုစုပေါင်း | ၃၇ | ၁၅၀၂ | ၁၇၉ | ၂၉၉၀ | ၂၁၆ | ၄၃၈၄ |

**source:** မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန

## သတိပြုစရာမှတ်ချက်များ

မြန်မာနိုင်ငံသို့ ရောက်ဖူးသူရောက်လာသူတို့က မြန်မာ့ လက်ရှိခရီးသွားဧည့်ကြိုလုပ်ငန်းစနစ်နှင့် မြန်မာနိုင်ငံ အပေါ် သဘောထားတို့ကို ပေးသွားကြသည်။ ထိုသူတို့၏ မှတ်ချက်အများစုမှာ ကောင်းသောအမြင်၊ ကောင်းသော အကြံဉာဏ်များဖြစ်သည်။ ထိုသဘောထားမှတ်ချက်ပါ အကြံပြုချက်တို့ကိုလည်း လေ့လာဂရုစိုက်ရလိမ့်မည်။

ကမ္ဘာလှည့်ခရီးသည်များ "သမုဒ္ဒရာပုလဲ" သင်္ဘော ကြီးဖြင့် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့သော အဖွဲ့ တစ်ဖွဲ့က မြန်မာတို့ခင်မင်စရာကောင်းပုံ၊ သန့်ရှင်းလှပစွာ နေထိုင်တတ်ပုံကို မြန်မာသတင်းစာဆရာများသို့ ပြောကြား သွားသည့်အပြင် မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံထက်ပင် ပျော် စရာကောင်းပြီး ထိုင်းနိုင်ငံ ပူးခက်(Pukhet) အပန်းဖြေ စခန်းထက်ပင် မြန်မာနိုင်ငံက သာယာကြောင်း အင်္ဂလန်သူ တစ်ဦးက မှတ်ချက်ပေးသွားကြောင်းဖတ်ရှုရသည်။

ကိုရီးယားသမ္မတနိုင်ငံ၊ သံအမတ်ကြီး မစ္စတာဂျွန်ရှန် ကင်မိက မြန်မာနိုင်ငံသို့ပထမဆုံးအကြိမ် ရောက်ဖူးရာတွင် ရာသီဥတုသာယာပြီး မြန်မာလူမျိုးများဖော်ရွေသည့် အတွက်နေထိုင်ရသည်မှာ ကောင်းမွန်လှကြောင်း ပြောကြားသွားသည်။

ကမ္ဘာ့ခရီးသွားအဖွဲ့ချုပ်မှ အာရှဒေသဆိုင်ရာကိုယ်စား လှယ် ဒေါက်တာ ဟတ်ရှိဗာမာက ၂၈-၆-၉၃ နေ့က လာ ရောက်ရာတွင် မြန်မာ့ခရီးသွားလုပ်ငန်းကို အခြားနိုင်ငံများ က စိတ်ဝင်စားနေကြကြောင်း၊ အချို့နိုင်ငံများတွင် သဘာဝ တောတောင်နှင့် ပင်လယ်ကမ်းခြေအလှအပကိုသာ ခံစား ကြည့်ရှုရသော်လည်း မြန်မာနိုင်ငံ၌ ထိုအရာများသာမကဘဲ ရှေးဟောင်းသမိုင်းဝင်နေရာများ၊ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ သမိုင်းများကိုပါ တစ်ပါတည်းလေ့လာကြည့်ရှုနိုင်ကြောင်း ဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း အလားအလာကို ချီးမွမ်းပြော ကြားသွားခဲ့သည်။

၁၉၉၃-၉၄ ခုနှစ်အတွင်း မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ မြန်မာနိုင်ငံသို့ လာရောက် သောနိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ၊ လုပ်ငန်းရှင်များနှင့် ဝင်ငွေ အခြေပြဇယား

| ဝင်ရောက်ရာဒေသ | ဦးရေ | ကျပ် | အမေရိကန်ဒေါ်လာ | ထိုင်းဘတ်ငွေ | တရုတ်ယွမ်းငွေ |
|---|---|---|---|---|---|
| ရန်ကုန်မှ ဝင်ရောက်သူများ | ၆၁၃၃၅ | - | ၁၀၈၂၀၈၆၄ | - | - |
| အရှေ့မြောက်ဒေသများမှ ဝင်ရောက်သူများ | ၆၂၀၃၄ | - | ၃၈၆၈၀၅ | - | - |
| အရှေ့ဘက်ဒေသများမှ ဝင်ရောက်သူများ | ၂၆၂၁၇ | - | ၄၇၈၈၇၀ | - | - |
| ချင်းမိုင်နှင့် ချင်းရိုင်ဒေသ များမှ စင်းလုံးငှားလေယာဉ် ဖြင့် ဝင်ရောက်သူများ | ၅၆၁ | - | ၁၀၆၈၅၅ | - | - |
| အရှေ့တောင်ဘက်ဒေသ များမှ ဝင်ရောက်သူများ | ၅၃၉၆ | - | ၂၀၂၀၇ | ၇၈၄၈၀ | - |
| နယ်စပ်လူဝင်မှုကြီးကြပ် ရေးစခန်းများမှ တစ်ဆင့် ဝင်ရောက်သူများ | ၆၈၉၃၀၁ | ၁၅၄၀၄၃၅ | - | ၂၈၁၇၆၈၀ | ၁၃၈၈၁၇ |
| စုစုပေါင်း | ၈၄၄၈၄၄ | ၁၅၄၀၄၃၅ | ၁၁၈၁၃၆၀၁ | ၂၈၉၆၁၆၀ | ၁၃၈၈၁၇ |

source: MYANMAR BUSINESS AND ECONOMIC REVIEW sep+ oct:1994- Pg. 33

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး မစ္စရိုဆာရီယိုဖိကာရီနိုက ၁၃-၁၀-၉၃ နေ့က ဂါရဝပြုတွေ့ဆုံရာတွင် မြန်မာနိုင်ငံကို နှစ်သက်သဘောကျကြောင်း၊ မြန်မာနိုင်ငံတွင် အေးချမ်းသာယာမှုမရှိဟု ကြားသိထားရသည်နှင့်မတူဘဲ အလွန်အေးချမ်းသာယာကြောင်း၊ ရန်ကုန်မြို့တော်သည် မိမိရောက်ဖူးသည့်မြို့ကြီးများထဲ၌ အလှပဆုံးဟုယူဆရကြောင်း၊ ဤမျှသာယာလှပသောနိုင်ငံသို့ ခရီးသွားများဖွင့် ပေးပါက ခရီးသွားများမြန်မာနိုင်ငံ၌လျှံနေမည်ဟု ယူဆကြောင်း သို့သော် အလှအပသစ်ပင်ပန်းပင်များကို လက်ရှိ အတိုင်း မပျက်မယွင်း ထိန်းသိမ်းသွားပါရန် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသံအမတ်ကြီး မိုလ်မူးချုပ် ချင်းဆိုက်ယွန်မှာ မြန်မာနိုင်ငံသို့ ၁၉၈၇ ခုနှစ်တွင် တစ်ကြိမ်ရောက်ခဲ့ပြီး ယခုအကြိမ်ရောက်ရှိရာတွင် မြန်မာနိုင်ငံသည် သဘာဝအလှအပများပေါများသည့်အရပ်ဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များအမြောက်အမြား လာရောက်ရန်အလားအလာများစွာရှိကြောင်း ပြောကြားသွားခဲ့သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီး ဒေါက်တာ ဆာဗစ်ဘိုက်ဝိဟုပ်နှင့် အဖွဲ့က သက်ဆိုင်ရာဝန်ကြီးနှင့် တွေ့ဆုံပြောကြားရာတွင် မိမိတို့နိုင်ငံသည် လာ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် ခရီးသွားလုပ်ငန်းအတွက် နားလည်မှုလက်မှတ်ထိုးပြီး၍ မြန်မာနှင့်လည်းအလားတူပြုလုပ်လိုကြောင်း၊ မြန်မာနိုင်ငံသို့ လွယ်ကူစွာလာရောက်ဝင်ထွက်လည်ပတ်နိုင်သည်ကို မသိကြသေးကြောင်း၊ သိရှိအောင်နှင့် လည်ပတ်နိုင်ရန်နေရာဒေသများကို ကြော်ငြာပေးရန် လိုကြောင်း၊ ထိုင်းနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ကြော်ငြာစရိတ် အမေရိကန်ဒေါ်လာ ၁၅ သန်း သုံးစွဲကြောင်း၊ ထိုင်းနိုင်ငံ၌ ထုတ်ဝေသော အင်းဖလိုက် (IN FLIGHT) မဂ္ဂဇင်းတွင် ပုဂံအကြောင်းဝေဝေဆာဆာ ပါရှိကြောင်း ပြောကြားသွားသည်။

အက်စ်-ဂျီ-ဗွီ-အင်န်-အေ ကုမ္ပဏီမှ ဥက္ကဋ္ဌ မစ္စတာ ဝါရှင်တန် စိုင်စစ်ဝ်နှင့်အဖွဲ့က ခရီးသွားလုပ်ငန်း ဝန်ကြီးအား တွေ့ဆုံရာတွင် မြန်မာနိုင်ငံမြို့တော်အဝင်လမ်းမကြီးများ ကျယ်ပြောမှုမှာအလွန်ကောင်းမွန်သည်။ လေဆိပ်တွင် အနည်းငယ်စောင့်ဆိုင်းရသည်မှအပ အခက်အခဲမရှိ၊ မြို့တော်များတွင် မြင့်မားသည့်တိုက်တာအဆောက်အအုံများ မရှိအောင် ထိန်းသိမ်းဆောင်ရွက်သင့်သည်။ ဧည့်သည်အား လေဆိပ်အဆောက်အအုံတွင်းမှ အမြန်ဆုံးထွက်ခွာခွင့် ရရှိရေးအတွက် ဆောင်ရွက်ပေးသင့်သည်။ လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်နှင့်နိုင်ငံခြားငွေကြေညာသည့် ပုံစံများကို ယခုထက်တိုတောင်းလွယ်ကူအောင်လုပ်ပေးခြင်း၊ ခရီးဆောင်သေတ္တာများ ရွေးနှုတ်ရာတွင် အသုံးပြုသည့်စက်ကိုလည်း ယခုထက်ကြီးမားကောင်းမွန်သည့် စက်မျိုးအသုံးပြုခြင်း စသည့်အချက်များပြုပြင်ရန် အကြံပြုသွားသည်။

ခရီးသွားလုပ်ငန်းမှာ နိုင်ငံတကာမှ ဧည့်သည်အမျိုးမျိုးကိုဧည့်ဝတ်ပြုရသော လုပ်ငန်းဖြစ်သဖြင့် အကျိုးဆောင်လုပ်ငန်း၌ ကျွမ်းကျင်မှုအမျိုးမျိုးလိုအပ်ပါသည်။ စကားပြန်များ၊ ခရီးသွားလမ်းညွှန်များ၊ ယာဉ်ပို့ဆောင်မှုများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ အစားအသောက်လုပ်ငန်းများ၊ တည်းခိုရေးလုပ်ငန်းများ၊ ဖြေဖျော်ရေးလုပ်ငန်းများ၊ အမှတ်တရလက်ဆောင်လုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများစသည်ဖြင့် ကျွမ်းကျင်မှုအမျိုးမျိုးလိုအပ်ရာ ထိုကျွမ်းကျင်လုပ်သားတို့ကိုလေ့ကျင့်မွေးထုတ်ရပေလိမ့်မည်။ အလုပ်အကိုင်များ တိုးချဲ့ရလိမ့်မည်။ ဤလုပ်ငန်းကဏ္ဍ၏ ဝင်ငွေမှာလည်း အမျိုးသားစီးပွားရေးကျယ်ပြန့်လာစေမည့်ကဏ္ဍဖြစ်ပါသည်။

အခြားအရေးတကြီးသတိပြုစရာအချက်တစ်ချက်မှာ မိမိနိုင်ငံ၏ပင်ကိုယ်အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက်ထုံးစံတို့ကို မပျက်မယွင်းထိန်းသိမ်းရေးဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဖလှယ်ထိတွေ့မှုများပြားပြီး ထိုင်ရာမထဆက်သွယ်ရေးတို့ထွန်းကားသောခေတ်၌ မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော ပြင်ပအနေအထိုင်၊ ပြင်ပစရိုက်အလေ့အထတို့ကို ပေါပေါင်ဖြစ်သဖြင့်နှစ်သက်လိုလားသော လူငယ်များရှိနိုင်သည်။ ထိုသို့နှစ်သက်ရာမှ လမ်းလွဲလိုက်မိသော ဖြစ်ရပ်များလည်း ပေါ်ပေါက်နိုင်သည်။ အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဖိုမဆက်ဆံရေး စည်းကမ်းလျော့ရဲမှု၊ အရက်အကြောက်တရားခေါင်းပါးမှုနှင့် ခေတ်ပေါ်ကိစ္စဟူသမျှကို အထင်တကြီးဖြစ်ကာ လိုက်စားမှုတို့ပင်ဖြစ်သည်။ ထိုအရေးတို့နှင့်မကြုံစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှုအခြေခံကောင်းများထွန်းကားခိုင်မာအောင် အရှိန်မပျက်ဆက်လက်ထိန်းသိမ်းဖို့ လိုပါသည်။

ခရီးသွားဧည့်ကြိုလုပ်ငန်းကပင် မိမိတို့၌ အကောင်းဟူသမျှနှစ်သက်ဖွယ်ဟူသမျှ၊ ဂုဏ်သိက္ခာတက်ဖွယ်ဟူသမျှတို့ကိုပြသ၍ကြိုဆိုလက်ခံရသောလုပ်ငန်းဖြစ်ရာ အထက်ပါအဖြစ်မျိုးကို ဆန့်ကျင့်အပ်သည့်သဘောမှာမူလကပင် ပါပြီးဖြစ်သည်။ ထိုသဘောကိုသိ၍ မြန်မာ့စီးပွားရေးလုပ်ငန်း၌ အရိုးကိုအရွက်မဖုံးစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပေသည်။

**ဦးမျိုးသန့်**







# မြန်မာ့ ကုန်စည်ပြပွဲများ

## တာချီလိတ်မြန်မာ့ကုန်စည်ပြပွဲ

"နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းနိုင်ရေး၊ ပြည်ပကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အရည်အသွေးအဆင့်အတန်းမီသော ပြည်တွင်းဖြစ် ပစ္စည်းများဈေးကွက်ရရှိရေး" ဟူသည့် ရည်ရွယ်ချက်များဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရွှေတြိဂံနယ်မြေတာချီလိတ်မြန်မာ့ကုန်စည်ပြပွဲကို ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တာချီလိတ်မြို့ ရှမ်းရိုးမကုန်တိုက်၌ အောင်မြင်စွာ ခင်းကျင်းပြသခဲ့သည်။

ယင်းကုန်စည်ပြပွဲသည် နယ်စပ်ဒေသကုန်စည်ပြပွဲများတွင် ပဏာမပြပွဲဖြစ်၍ နောင်တွင် ကျန်နယ်စပ်ဒေသများ၌လည်း ထိုကုန်စည်ပြပွဲမျိုး ဆက်လက်ပြသသွားရန် အစီအစဉ်များရှိသည်။

ကုန်စည်ပြပွဲ ကျင်းပရာ ရွှေတြိဂံ နယ်မြေသည် ဘိန်းစိုက်ပျိုးပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချသည့် နယ်မြေဒေသအဖြစ် နာမည်ကြီးခဲ့ရာမှ ယခုကဲ့သို့ ကုန်စည် ပြပွဲမျိုးအောင်မြင်စွာကျင်းပနိုင်ခြင်းကြောင့် နယ်မြေဒေသ၏ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု တိုးတက်မှုတို့ကို နိုင်ငံတကာကို တစ်ဖက်တစ်လမ်းမှ လက်တွေ့ပြသနိုင်ခဲ့သည့် အကျိုးကျေးဇူးလည်းရရှိခဲ့သည်။

တာချီလိတ်မြန်မာ့ကုန်စည်ပြပွဲတွင် သမဝါယမ၊ ကုန်သွယ်ရေး၊ အမှတ် (၁) စက်မှု၊ အမှတ် (၂) စက်မှု လယ်ယာစိုက်ပျိုးရေး၊ သတ္တုတွင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ သစ်တောရေးရာဟူသော ဝန်ကြီးဌာနရှစ်ခုအောက်ရှိ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့ပူးပေါင်းကာ တန်ဖိုးငွေ ကျပ်သန်း ၂၀၀ ကျော်ဖိုးရှိကုန်ပစ္စည်းအမျိုးပေါင်း ၅၀၀ ကျော် စီစဉ်ပြသရောင်းချခဲ့သည်။

ဝန်ကြီးဌာနအသီးသီးနှင့် သမဝါယမအသင်းများ၊ ပုဂ္ဂလိကများက လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သစ်သားထည်နှင့် ပရိဘောဂပစ္စည်းများ၊ ပန်းချီကားများ၊ ပန်းပုရုပ်ထုများ၊ သားရေထည်များ၊ ကျောက်မျက်၊ ကျောက်စိမ်းနှင့် လက်ဝတ်ရတနာများ၊ ငွေထည်များ၊ ကြေးသွန်းထည်များ၊ အထည်အလိပ်များ၊ အိမ်သုံး လူသုံးပစ္စည်းများ၊ မြန်မာ့လက်မှုပစ္စည်းများ စသည့်အရည်အသွေး အဆင့်အတန်းမီသည့် ပစ္စည်းများကို ရောင်းချခဲ့သည်။

တာချီလိတ်မြန်မာ့ကုန်စည်ပြပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ဧည့်သည်တော်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကမ္ဘာလှည့်ခရီးသည်များ စည်စည်ကားကား တပျော်တပါးလာရောက်အားပေးခဲ့ကြသည်။

မြန်မာ့ကုန်စည်ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်၊ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းတင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ရင်၊ မြန်မာ့ကုန်စည်ပြပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်တင်အေး၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်တင်ငွေ၊ ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောထွန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ကျိုင်းတုံ) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဖုန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီမောက်ပြည်နယ်ခွဲ နိုင်ငံခြားရေးဌာနမှူး၊ ပြည်နယ်ခွဲအုပ်ချုပ်ရေးမှူး၊ ဆစ်ဆောင်ပန်းနားပြည်နယ်ခွဲ ဒုတိယပြည်နယ်ခွဲမှူး၊ ကျင်းဟုန်ခရိုင်မှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ လာအို ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဟွေဆိုင်ခရိုင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနနှင့်

လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့ကုန်စည်ပြပွဲကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ထိန်နှင့် အထောက်အကူပြုဆပ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တာချီလိတ်တပ်နယ်မှူးနှင့် တပ်ရင်းတပ်ဖွဲ့မှူးများ၊ မိုင်းဖြတ်ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန်နှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မြို့လူထုများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း သုံးသောင်းကျော်က တာချီလိတ်မြန်မာ့ကုန်စည်ပြပွဲကြီးသို့ ဖွင့်ပွဲနေ့တွင် တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

တာချီလိတ် မြန်မာ့ကုန်စည်ပြပွဲ ပိတ်ပွဲနေ့တွင်မူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မောင်အေး [ယခုနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး] ကိုယ်တိုင်တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ပြပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများတွင် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်က ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ရွှေတြိဂံနယ်မြေ တာချီလိတ်မြန်မာ့ကုန်စည်ပြပွဲတွင် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၃၀ ရက်အထိ လက်ငင်းရောင်းချရငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေ ၅၄၀၀၀၊ ထိုင်းဘတ်ငွေ ၆၃၄၆၉၆၀၊ အမေရိကန်ဒေါ်လာ ၄၆၈၇၀ ဖြစ်ပြီး အရောင်းအဝယ်စာချုပ်ဖြင့် အမေရိကန်ဒေါ်လာ ၃၉၆၁၀၀၀ ဖိုး၊ နှစ်ဦးနှစ်ဖက်နားလည်မှုသဘောတူညီမှုမှတ်တမ်းဖြင့် အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ဖိုးရောင်းချရပြီး ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ဆက်လက်ရောင်းချခဲ့သည်။

## မြန်မာ့ကုန်စည်ပြပွဲ ၉၄

ရှမ်းပြည်နယ်အရှေ့ပိုင်း ရွှေတြိဂံနယ်မြေ တာချီလိတ်မြန်မာ့ကုန်စည်ပြပွဲကြီးကို အောင်မြင်စွာကျင်းပခဲ့ပြီးနောက် "မြန်မာ့ကုန်စည်ပြပွဲ ၉၄" ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး (စီ) ရုံအဆောင် (၃) နှင့် (၄) ရှိမြန်မာ့ကုန်တိုက်၌ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယင်းမြန်မာ့ကုန်စည်ပြပွဲ ၉၄ ကို "မြန်မာ့ပို့ကုန်တိုးချဲ့မြှင့်တင်ရေး၊ အရည်အသွေး အဆင့်အတန်းမီသောပြည်တွင်းဖြစ်ပစ္စည်းများအတွက်ဈေးကွက်ရရှိရေး၊ သွင်းကုန်အစားထိုး ပြည်တွင်းဖြစ်ပစ္စည်းများထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးရေး၊ ပြည်ပမှ အကျိုးတူရင်းနှီးမြှုပ်နှံမှုနှင့် အဆင့်မြင့်နည်းပညာများ ပိုမိုရရှိရေး" ဟူသောရည်မှန်းချက်လေးရပ်ဖြင့် ခင်းကျင်းပြသခြင်းဖြစ်သည်။

မြန်မာ့ကုန်စည်ပြပွဲ ၉၄ ၏ ဆောင်ပုဒ်ကို "ပို့ကုန်မြင့်မား ပြည်စွမ်းအား" ဟူ၍သတ်မှတ်၍ ပြပွဲကို ပိုမိုထူးခြားစည်ကားစွာ ကျင်းပနိုင်ခဲ့သည်။

မြန်မာ့ပို့ကုန်များကို ပြည်ပက ပိုမိုသိရှိလာခြင်းဖြင့် ပြည်ပဈေးကွက်ကိုထိုးဖောက်ဝင်ရောက်နိုင်စေရန်ဟူသော ဦးတည်ချက်သည်လည်း မြန်မာ့ကုန်စည်ပြပွဲ ၉၄ ကျင်းပရခြင်း၏အဓိကအကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်သည်။

မြန်မာ့ကုန်စည်ပြပွဲ ၉၄ တွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း ၂၀၊ ဖက်စပ်ကော်ပိုရေးရှင်းရှစ်ခု၊ သမဝါယမအဖွဲ့အစည်း ၃၆ ခုနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် ၇၁ ဦးတို့ပါဝင်ပြသခဲ့ကြသည်။ ပြသခဲ့သည့်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်နှင့် သစ်အခြေခံပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ စားသောက်ကုန်များ၊ စက်မှုလက်မှုပစ္စည်းကိရိယာများ၊ လက်ဝတ်ရတနာများနှင့် မြန်မာ့ကျောက်မျက်ရတနာ စသည်တို့ပါဝင်သည်။

ပြည်ပမှ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်လိုသူများ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများကိုလည်း "မြန်မာ့ကုန်စည်ပြပွဲ ၉၄" သို့ ဖိတ်ကြားထားရာ ပြပွဲသို့လာရောက်ကြည့်ရှုရင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အရေးနှင့် အလားအလာများကို တစ်ပါတည်းလေ့လာသွားနိုင်ခဲ့ကြသည်။

"မြန်မာ့ကုန်စည်ပြပွဲ ၉၄ " တွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြခန်းများကို မြေညီထပ်အဆောင် (၃) ၌ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနတို့မှ အဖွဲ့အစည်းပေါင်း ၂၀ တို့က ကုန်ပစ္စည်းအမျိုးမျိုးကို ခင်းကျင်းပြသခဲ့သည်။




ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြန်မာ့ကုန်စည်ပြပွဲ –၉၄ အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်

မြန်မာ့ကုန်စည်ပြပွဲ –၉၄ ဖွင့်ပွဲအခမ်းအနား



ဤကုန်စည်ပြပွဲကို မူလက ဧပြီလ ၁ ရက်နေ့မှ ၁၂ ရက်အထိသာပြသရန် ရည်ရွယ်ခဲ့သော်လည်း လေ့လာကြည့်ရှုသူများ အဆမတန်များပြားသဖြင့် ကြည့်ရှုသူများအကျိုးမှာ သင်္ကြန်ရက်များအတွင်း ခေတ္တပိတ်ပြီး ဧပြီ ၁၈ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ကာ ၂၄ ရက်နေ့အထိ စုစုပေါင်း ၁၉ ရက်တိုင်တိုင် ပြသခဲ့ရသည်။

ပြပွဲသို့ နိုင်ငံခြားသား ၃၀၀ ခန့်သာလာမည်ဟု ခန့်မှန်းခဲ့သော်လည်း ၁၅၀၀ ကျော်လာရောက်ကြည့်ရှုခဲ့ကြသည်။ ယင်းကုန်စည်ပြပွဲသည် အရောင်းသက်သက်အတွက်သာမဟုတ်ဘဲ မြန်မာ့ကုန်စည်များ၏ အရည်အသွေးကောင်းမွန်မှုကို ကမ္ဘာ့နိုင်ငံအများအပြားသိရှိအောင် ပြသနိုင်သည့် ပြပွဲတစ်ခုဖြစ်သည်။

ပြပွဲတွင် ဖက်ရှင်ပြပွဲကိုလည်း ထည့်သွင်းပြသခဲ့သည်။ မြန်မာ့ပြည်တွင်းဖြစ် အဝတ်အထည်များကို ပြည်ပသို့ ရောင်းချနိုင်ရန်နှင့် ပြည်တွင်းတွင်လည်း တွင်ကျယ်စွာ ရောင်းချနိုင်ရန် မြန်မာဖြစ်အဝတ်အထည်များကို ဝတ်ဆင်စေ၍ ဖက်ရှင်ပြပွဲပြသခဲ့ခြင်းဖြစ်သည်။

မြန်မာ့ကုန်စည်ပြပွဲ ၉၄ ကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၁၂ ရက်အထိနှင့် ၁၈ ရက်မှ ၂၄ ရက်အထိ ၁၉ ရက်တိုင်တိုင် ကျင်းပခဲ့ရာ ပြည်ပနိုင်ငံ ၂၁ နိုင်ငံမှ နိုင်ငံခြားသားဧည့်သည် ၁၅၀၀ ကျော်၊ ပြည်တွင်းမှ လုပ်ငန်းရှင်နှင့် စိတ်ပါဝင်စားသူနှစ်သိန်းခွဲကျော် လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ ပြပွဲတွင် ပြည်တွင်းဖြစ်ပစ္စည်းမျိုးစုံခင်းကျင်းပြသခဲ့ရာ စုစုပေါင်းကျပ် ၂၄ ဒသမ ၈ သန်းဖိုးနှင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၃ သန်း (စာချုပ်အပါအဝင်)ဖိုး ရောင်းချခဲ့ရသည်။

မြန်မာ့ကုန်စည်ပြပွဲ ၉၄ ဖွင့်ပွဲသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး တက်ရောက်အားပေးချီးမြှင့်ခဲ့ပြီး ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

၁၉၉၂ ခုနှစ်တွင် သမဝါယမကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌လည်းကောင်း၊ ၁၉၉၃ ခုနှစ် ထုပ်ပိုးကုန်စည်ပြပွဲကို အဆိုပါခန်းမ၌လည်းကောင်း ပြသခဲ့ပြီးနောက် မြန်မာ့ထုတ်ကုန်ပစ္စည်းများ၏ အလားအလာကို သိရှိခဲ့ကြရာမှ ရွှေတြိဂံနယ်မြေ တာချီလိတ်မြန်မာ့ကုန်စည်ပြပွဲကို ပဏာမ အောင်မြင်စွာ ပြသနိုင်ခဲ့ပြီး၊ "မြန်မာ့ကုန်စည်ပြပွဲ ၉၄" ကို ယခုကဲ့သို့ အောင်မြင်စွာ ခင်းကျင်းပြသနိုင်ခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့တွင်လည်း ၁၉၉၄ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှ ၂၄ ရက်နေ့အထိ သမဝါယမဈေးပွဲတော် (မန္တလေး) ကို ပြပွဲဆန်ဆန်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိသည်နှင့်အညီ မြန်မာ့ထုတ်ကုန်ပစ္စည်းများဈေးကွက်ရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ရာတွင် မြန်မာ့ကုန်စည်ပြပွဲများသည် အထူးအရေးပါသည့် ဆောင်ရွက်ချက်အဖြစ် တွေ့ရှိရသည်။

## စစ်ကိုင်းတိုင်း သမဝါယမ ဈေးပွဲတော်

ထို့နောက် စစ်ကိုင်းတိုင်း သမဝါယမ ဈေးပွဲတော်ကို မုံရွာမြို့ မင်္ဂလာဈေးသစ်တွင် ၁၉၉၄ ခု နှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ နိုဝင်ဘာလ ၄ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်း စစ်ကိုင်းတိုင်းသမဝါယမဈေးပွဲတော်ကို ကျင်းပရာတွင်လည်း ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြင့်လာရေး၊ ဈေးကွက်ရရှိရေး၊ သမဝါယမနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေးဟူသော သမဝါယမ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်ပင် ဖြစ်သည်။

စစ်ကိုင်းတိုင်း သမဝါယမ ဈေးပွဲတော်ကို ကျင်းပခြင်းသည် သမဝါယမ အသင်းအချင်းချင်း ပူးပေါင်းပြီး သမဝါယမ ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်လာရေးနှင့် ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးတို့အတွက် ဦးတည်ကျင်းပရခြင်းလည်းဖြစ်သည်။ ထိုသမဝါယမ ဈေးပွဲတော်တွင် ဒေသအလိုက် တိုင်းရင်းသားရိုးရာ အဝတ်အထည်များ၊ အနုပညာပစ္စည်းများ၊ ရိုးရာအစားအစာနှင့် ဒေသထွက်ကုန်များကို ပြသရောင်းချခဲ့သည့်အပြင် သမဝါယမ ဈေးပွဲတော်ဆိုသည့် အင်္ဂါရပ်နှင့်အညီ ပျော်ပွဲရွှင်ပွဲများဖြစ်သည့် အငြိမ့်ပွဲများ၊ တိုင်းရင်းသားရိုးရာ အဆိုအကများ၊ ဖက်ရှင်ပွဲများ၊ စင်တင်တေးဂီတနှင့် ရုပ်ရှင်ပွဲများကိုလည်း နေ့ရောညပါ တင်ဆက်ခဲ့သည်။

စစ်ကိုင်းတိုင်း သမဝါယမ ဈေးပွဲတော်တွင် လက်ငင်းရောင်းချရငွေ ကျပ် သိန်း ၂၄၃ ဒသမ ၁၂ ဖိုးရှိပြီး စာချုပ်စနစ်ဖြင့် ရောင်းချရငွေ ကျပ်သိန်း ၁၅၃၇ ဒသမ ၉၀ ဖိုး ရှိသည်။ ရောင်းချရငွေ စုစုပေါင်း တန်ဖိုးမှာ ကျပ်သိန်း ၁၇၈၁ ဒသမ ၀၂ ဖြစ်သည်။

**ဆွေသန့်ကို**

# အပိုင်း– ၃

## ၁၉၉၄– ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ် ရပ် များ ကို အ မိ က ထား ရေး သား ထား ပါ သည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကနေဒါနိုင်ငံ။** ။ကင်မ်ကမ်းဘဲလ်ကို ကနေဒါနိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်အဖြစ် ၁၉၉၃ ခုနှစ်၊ ဇွန်လက ရွေးချယ်တင်မြှောက်ခဲ့သည်။ သူမအနေဖြင့် ဘတ်ဂျက်လိုငွေပြနေမှုကိုဖြတ်တောက်ရန်နှင့် စီးပွားရေးကျဆင်းနေမှု ပြန်လည်နာလန်ထူရေးဆောင်ရွက်ရန် စိမ်ခေါ်မှုများ နှင့်ရင်ဆိုင်ခဲ့ရသည်။ တစ်ဖက်တွင် အမျိုးသား ရွေးကောက်ပွဲကျင်းပပေးရန်ကိစ္စတစ်ရပ်ကလည်းရှိနေသည်။ (စွယ်စုံ နှစ်ချုပ် ၁၉၉၄-စာ၊ ၁၁၅-၅။)

သို့ဖြစ်သည့်အားလျော်စွာ ဝန်ကြီးချုပ် ကင်မ်ကမ်းဘဲလ်သည် အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာ ၂၅ ရက်နေ့တွင်ကျင်းပရန် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၈ ရက်နေ့တွင် သူမ၏အစိုးရအဖွဲ့အားညွှန်ကြားခဲ့သည်။

ကင်မ်ကမ်းဘဲလ် ဦးဆောင်သည့် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီမှာ အမတ်နေရာ ၂၉၅ နေရာရှိ သည့် အောက်လွှတ်တော်တွင် ၁၅၃ နေရာရရှိထားသည်။ တိုးတက်သောကွန်ဆာဗေးတစ်ပါတီမှာ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း လူကြိုက်နည်းလာခဲ့သည်။ သို့ရာတွင် ကင်မ်ကမ်းဘဲလ်အား ပါတီခေါင်းဆောင်အဖြစ်တင်မြှောက်ပြီး ဝန်ကြီးချုပ်အဖြစ်ရွေးချယ်လိုက်သည့်အခါ တိုးတက်သောကွန်ဆာဗေးတစ်ပါတီမှာ နာမည်ပြန်လည်ရရှိခဲ့သည်။ သို့ဖြစ်လင့်ကစား အောက်လွှတ်တော်တွင် အမတ်နေရာ ၇၉ နေရာရရှိထားသည့် အတိုက်အခံလစ်ဘရယ်ပါတီမှာ ရွေးကောက်ပွဲနိုင်ရန် အခွင့်အလမ်းအခြေအနေကောင်းလျက်ရှိပေသည်။ မည့်သို့ပင်ဆိုစေကျင်းပရန်ရှိသည့် ရွေးကောက်ပွဲနှင့် စပ်လျှဉ်းပြီးကြိုတင်ခန့်မှန်းရန်မှာ ခက်ခဲပေသည်။

ကနေဒါနိုင်ငံ၏အထွေထွေရွေးကောက်ပွဲများကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်နေ့တွင်ကျင်းပရာ ဂျင်းကရက်ရှန်ဦးဆောင်သည့် အတိုက်အခံလစ်ဘရယ်ပါတီက ပြတ်ပြတ်သားသားအောင်ပွဲခံအနိုင်ရရှိခဲ့သည်။ လစ်ဘရယ်ပါတီသည် ဆန္ဒမဲအားလုံး၏ ၄၁ ရာခိုင်နှုန်း၊ အမတ်နေရာအားဖြင့် ၂၉၅ နေရာရှိသည့် အောက်လွှတ်တော်တွင် ၁၇၇ နေရာရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်ကတည်းက ကနေဒါနိုင်ငံအားအုပ်ချုပ်လာခဲ့သည့် တိုးတက်သောကွန်ဆာဗေးတစ်ပါတီ(ပီစီပီ)မှာ ယခုအကြိမ်တွင်အထိအနာဆုံးဖြစ်ပြီး အမတ်နေရာနှစ်နေရာသာ ရရှိသည်။

ဤကဲ့သို့ ပီစီပီရှုံးနိမ့်ခဲ့သည့်အတိုင်းအတာမှာ ကနေဒါနိုင်ငံ၏နိုင်ငံရေးသမိုင်းအလှည့်အပြောင်းတစ်ခုအဖြစ်ထူးခြားခဲ့ပြီး ရွေးကောက်ပွဲတွင်အင်္ဂလိပ်စကားပြောသည့် ကနေဒါနိုင်ငံပြည်မနှင့်ပြင်သစ်စကားပြောသော ကွီဘက် ပြည်နယ်တို့အကြား အငြင်းပွားမှုပြင်းထန်လာခြင်း၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်သည်ဟုတွက်ဆကြသည်။ ယင်းအချက်ကို ဒေသဆိုင်ရာပါတီနှစ်ခုဖြစ်သည့် ယခင်ပီစီပီ မှဝန်ကြီးဟောင်း လူစီယန်ဘောချတ်ဦးဆောင်သည့် The Bloc Quebecois ပါတီနှင့်ပရက်စ်တွန်မန်နင်းဦးဆောင်သော ပြန်လည်ပြုပြင် ရေးပါတီတို့၏ ရွေးကောက်ပွဲ အောင်မြင်မှုများက ပြဆို နေပေသည်။ အထက်ပါတီနှစ်ခုအနက် လူစီယန်ဘောချတ် ဦးဆောင်သောပါတီက ကွီဘက် ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ် ရေးကိုတောင်းဆိုပြီး ပရက်စ်တွန်မန်နင်းဦးဆောင်သည့် ပါတီက ကွီဘက်ပြည်နယ်သို့ အထူးအခွင့်အရေးများ ပေးခြင်းကိုဆန့်ကျင်ပြီး ကနေဒါနိုင်ငံ၏ အနောက်ပိုင်းပြည်နယ်များအတွက် အခွင့်အာဏာ ပိုမိုရရှိရေးကိုသာ တောင်းဆိုသည်။

ရွေးကောက်ပွဲ အကြိုမဲဆွယ်စည်းရုံးစဉ်ကာလက ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ်ပါတီတို့မှာ လူထုထောက်ခံမှုဆတူနီးပါးရှိခဲ့သည်။ သို့ရာတွင် မဲဆွယ်စည်းရုံးမှု အရှိန်ရလာသည်နှင့်အမျှ ကွန်ဆာဗေးတစ်ပါတီအနေဖြင့် အမှားအယွင်း လုပ်ဆောင်မိခဲ့ရာ ပါတီခေါင်းဆောင်နှင့် ပါတီအပေါ် လူထုထောက်ခံမှုအတော်ကျဆင်းလာခဲ့သည်။ တစ်ဖက်တွင် ခရက်ရှန် ဦးဆောင်သည့် လစ်ဘရယ်ပါတီက အမှားအယွင်း မရှိ မဲဆွယ်စည်းရုံးလှုပ်ရှားနိုင်ခဲ့ပြီး အလုပ်လက်မဲ့လျှော့ချရေးကို ဆောင်ရွက်ပေးမည့် ပါတီ၏ဝန်ခံကတိပြုချက်ကို အလေးအနက်ထားစည်းရုံးခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီ အနေဖြင့် ယခင်မာလ်ရွှန်နီအစိုးရလက်ထက်က စီးပွားရေး ကျဆင်းခဲ့မှုနှင့် ကွီဘက်ပြည်နယ်အား ကနေဒါဖက်ဒရေးရှင်း အတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးအခွင့်အာဏာပိုမိုပေးရန် အဘောတူညီချက်များ အတည်ပြုပေးရေးတို့ကိုပျက်ပြား ခဲ့သည့်အတွက် ကွီဘက် ပြည်နယ်၏ ထောက်ခံမှုကိုဆုံးရှုံး ခဲ့ရသည်။ ထို့ပြင် ရုပ်မြင်သံကြားမှ ပြင်သစ်ဘာသာဖြင့် ရွေးကောက်ပွဲအကြိုပါတီ ခေါင်းဆောင်များ စကားစစ်ထိုးပွဲတွင် ဗြိတိသျှကိုလံဘီယာမှ ကင်မ်ကမ်းဘဲလ်အဖို့ အခက်အခဲ ကြုံခဲ့ရသည်။ ယင်းအားနည်းချက်ကလည်း ကွီဘက်ပြည်နယ် အတွင်း ကွန်ဆာဗေးတစ်ပါတီ၏အနေအထားကို ဆုတ်ယုတ် ကျဆင်းစေခဲ့ သည်။

ရွေးကောက်ပွဲဆန္ဒမဲရေတွက်ပြီးသောအခါ တိုးတက် သောကွန်ဆာဗေးတစ်ပါတီ (ပီစီပီ) က နှစ်နေရာ၊ လစ် ဘရယ်ပါတီက ၁၇၇ နေရာ၊ နယူးဒီမိုကရက်တစ်ပါတီက ကိုးနေရာ၊ Bloc Quebecois ပါတီက ၅၄နေရာ၊ ပြန်လည် ပြုပြင်ရေးပါတီက ၅၂ နေရာနှင့် အခြားပါတီများက တစ်နေရာအသီးသီးရရှိခဲ့သည်။

ရွေးကောက်ပွဲအနိုင်ရရှိပြီးနောက် လစ်ဘရယ်ပါတီ ခေါင်းဆောင်ခရက်ရှန်ကနိုင်ငံ၏စီးပွားရေး၊ အလုပ်အကိုင်



ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ဂျင်းခရက်ရှန်

ရရှိရေး၊ စီးပွားရေးတိုးတက်မှုတည်ဆောက်ရေးနှင့် အလုပ်သမားများဂုဏ်သိက္ခာရှိရေးတို့ကို ၎င်း၏အစိုးရအဖွဲ့သစ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကင်မ်ကမ်းဘဲလ်ကလည်း သူမပါတီ ရှုံးနိမ့်မှုကို လက်ခံအတည်ပြုရင်း ကွန်ဆာဗေးတစ်ပါတီသည် ကနေဒါနိုင်ငံတွင် နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် ရပ်တည်လှုပ်ရှားသွားမည်ဖြစ်ကြောင်း ထောက်ခံသူများအားကတိပေးပြောကြားခဲ့သည်။ အမတ်နေရာ ၅၄ နေရာရရှိခဲ့သည့် Bloc Quebecois ပါတီမှာ အောက်လွှတ်တွင် ဒုတိယအင်အားအကောင်းဆုံးပါတီဖြစ်လာခဲ့သည်။

ဤသို့ဖြင့်ဂျင်းခရက်ရှန်သည်ကနေဒါနိုင်ငံ၏ ၂၀ ဦးမြောက်ဝန်ကြီးချုပ်အဖြစ် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်နေ့တွင်ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အသက် ၅၉ နှစ်၊ အရွယ်ရှိခရက်ရှန်သည် ကွိဘက်ပြည်နယ်ရှာဝီနီဂန်မှ စက်ရုံအလုပ်သမားတစ်ဦး၏ သားဖြစ်သည်။ ရှေ့နေတစ်ဦးအဖြစ်လေ့ကျင့်သင်ကြားခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် လစ်ဘရယ်ပါတီဝင်တစ်ဦးအနေဖြင့် အောက်လွှတ်တော်သို့စတင်ဝင်ရောက်ခဲ့သည်။ ခရက်ရှန်သည် ကွိဘက်ပြည်နယ်အချုပ်အခြာအာဏာအရေးကိစ္စနှင့် စပ်လျဉ်းပြီးကျင်းပသည့် ၁၉၈၀ ပြည့်နှစ်ပြည်သူ့ဆန္ဒခံယူပွဲ တွင်ခွဲထွက်ရေးဝါဒကို ပြင်းပြင်းထန်ထန် ဆန့်ကျင်လှုပ်ရှား ခဲ့သူဖြစ်သည်။ ၎င်းသည်ကနေဒါညီညွတ်ရေးကို စွဲမြဲခိုင်မာ စွာဟောပြောခဲ့သူဖြစ်သည်။ ၁၉၈၄ ခုနှစ်၊ လစ်ဘရယ်ပါတီအတွင်း ခေါင်းဆောင်ပိုင်းယှဉ်ပြိုင်ရွေးချယ်ရာတွင် ရှုံးနိမ့်ခဲ့ ပြီး ၁၉၈၆ ခုနှစ်တွင် ပါလီမန်မှနုတ်ထွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင်ပါလီမန်သို့ တစ်ဖန်ပြန်လည်ရွေးချယ်ခံရပြီး ယင်းနှစ်မှာပင်လစ်ဘရယ်ပါတီခေါင်းဆောင်ပိုင်းနေရာကို ရရှိခဲ့သည်။

နိုဝင်ဘာ ၄ ရက်နေ့မှာပင် ဝန်ကြီးချုပ် ခရက်ရှန်က အစိုးရအဖွဲ့ဝင်ဝန်ကြီး ၂၂ ဦးကို ခန့်အပ်ခဲ့သည်။ ခရက်ရှန် ဦးဆောင်သောအစိုးရအဖွဲ့သစ်အနေဖြင့် ဘတ်ဂျက်လိုငွေ ပြနေမှုအပါအဝင် အဓိကစီးပွားရေးပြဿနာများကို ရင်ဆိုင်ရန်ရှိနေပေသည်။ ခရက်ရှန်အနေဖြင့်ရွေးကောက်ပွဲတွင် ပေးခဲ့သောကတိကဝတ်များအနက်မှ အချက်နှစ်ချက်ကို ဦးစွာစတင် လုပ်ဆောင်ခဲ့သည်။ အငြင်းပွားလျက်ရှိသည့် စစ်သုံးရဟတ်ယာဉ်အသစ်များ ဝယ်ယူရေးကန်ထရိုက် စာချုပ်ကိုပယ်ဖျက်ပြီး အလုပ်လက်မဲ့လျှော့ချရေးနှင့် ပြည်တွင်းလိုအပ်ချက်တိုးမြှင့်ရေးကို ရည်ရွယ်သည့် လူထုလုပ်ငန်းများဆိုင်ရာအစီအစဉ်များအတွက်ရန်ပုံငွေ ခွင့်ပြုမှုကို စတင်ဆောင်ရွက်ခဲ့သည်။

ရဟတ်ယာဉ်ဝယ်ယူရေးသဘောတူညီမှုတွင် အီတလီနှင့်ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့မှ ဦးဆောင်သည့် ဖက်စပ်ကုမ္ပဏီနှစ်ခုပေါင်းမှ အီးအိတ်ချ်-၁၀၁ စက်အသစ် ၄၃ ခုဝယ်ယူရန်ပါဝင်ပေသည်။ ယင်းစက်အသစ်များကို ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်လှုပ်ရှားမှုတွင် သုံးမည့် လေယာဉ်များတွင် ပြန်လည်တပ်ဆင်ရန်ရည်ရွယ်ပေသည်။ ၎င်းလေယာဉ်များကိုတည်ဆောက်ဆဲဖြစ်သည့် ရေငုပ်သင်္ဘောအုပ်စု စစ်သင်္ဘောများပေါ်မှ အသုံးပြုသွားမည်ဖြစ်သည်။ ယခင်ကွန်ဆာဗေးတစ်ပါတီ အစိုးရက လက်မှတ်ရေးထိုးခဲ့သော အမေရိကန်ဒေါ်လာသန်း ၄,၄၀၀ တန်ဖိုးရှိသည့် ယင်းသဘောတူညီမှုကန်ထရိုက်စာချုပ်ကို အတိုက်အခံ နိုင်ငံရေးပါတီများက မဲဆွယ်စည်းရုံးလှုပ်ရှားမှုကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့်ရှုတ်ချခဲ့သည်။

ယင်းသဘောတူစာချုပ်ကို ခရက်ရှန်ကပယ်ဖျက်လင့်ကစား (Bloc Quebecois) ပါတီခေါင်းဆောင်ဘောချတ်က စီးပွားရေးဆုံးရှုံးနစ်နာမှုများအတွက် ကွိဘက်ပြည်နယ်အား လျော်ကြေးပေးရန်တောင်းဆိုခဲ့သည်။ ထို့ပြင် ဘောချတ်က အခြားကာကွယ်ရေးကန်ထရိုက်သဘောတူစာချုပ်လုပ်ငန်းများကိုပါ ဆိုင်းငံ့ထားရန်အကြံပြုခဲ့ရာ ယင်းကိုခရက်ရှန်က ကန့်ကွက်ခဲ့သည်။ ခရက်ရှန်၏ကန့်ကွက်မှုကို ပြန်လည်ပြုပြင်ရေး ပါတီကရှုတ်ချခဲ့သည်။

ဝန်ကြီးချုပ်ခရက်ရှန်က ရဟတ်ယာဉ်များဝယ်ယူရေး သဘောတူညီမှုကို ပယ်ဖျယ်လိုက်ခြင်းမှာ ကနေဒါနိုင်ငံ၏ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးမူဝါဒများကိုပြန်လည် သုံးသပ်မှု၏ အစပင်ဖြစ် သည်ဟု အသိအမှတ်ပြုပြောကြား ခဲ့သည်။

ရွေးကောက်ပွဲတွင် ဒုတိယမဲအများဆုံးရရှိခဲ့သည့် လူစီယန်ဘောချတ်ခေါင်းဆောင်သည့် ခွဲထွက်ရေးဝါဒီ (Bloc Quebecois ) ပါတီမှာ ကနေဒါနိုင်ငံ၏တရားဝင်



ကွိဘက်ပြည်နယ် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက် ဂျက်ပါရီဇီယောအား တွေ့ရစဉ်

အတိုက်အခံနိုင်ငံရေးပါတီကြီး တစ်ခုဖြစ်လာခဲ့သည်။ ယင်းပါတီမှာပြင်သစ်ဘာသာစကားပြောသည့် ကွိဘက်ပြည်နယ်လွတ်လပ်ရေးရရေးအတွက် အဓိကထားဆောင်ရွက်မည့် ပါတီဖြစ်ပေသည်။

ရွေးကောက်ပွဲတွင်ရှုံးနိမ့်ခဲ့သည့် တိုးတက်သောကွန်ဆာဗေးတစ်ပါတီ (ပီစီပီ) ခေါင်းဆောင်ကင်မ်ကမ်းဘဲလ်သည်လည်း ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် ပါတီခေါင်းဆောင်အဖြစ်နုတ်ထွက်ခဲ့သည်။

**အစိုးရအဖွဲ့သစ်၏ပထမဆုံးဘတ်ဂျက်** – ဝန်ကြီးချုပ်ခရက်ရှန်ဦးဆောင်သောအစိုးရအနေဖြင့် အလုပ်လက်မဲ့မြင့်မားမှုနှင့် ကြွေးမြီဝန်ထုပ်ဝန်ပိုးကြီးမားမှုများနှင့်ရင်ဆိုင်ကြုံတွေ့လာရရာ စစ်ဘက်အသုံးစရိတ်ဖြတ်တောက်ခြင်း၊ အလုပ် လက်မဲ့ခံစားခွင့်လျှော့ချခြင်းနှင့် ဝန်ကြီးချုပ်အပါအဝင် အစိုးရဝန်ထမ်းအလုပ်သမားများ၏ လစာနှုန်းထားတိုးမြှင့် မှုရပ်ဆိုင်းထားခြင်းဆိုင်ရာ ဘတ်ဂျက်ကို ဘဏ္ဍာရေးဝန်ကြီး ကအောက်လွှတ်တော်သို့ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင်တင်သွင်းခဲ့သည်။ အမေရိကန်ဒေါ်လာ ၁၂၃ ဘီလီယံစာရင်းပြထားသည့်အဆိုပါဘတ်ဂျက်မှာ ခရက်ရှန် အစိုးရအဖွဲ့၏ ပထမဆုံးဘတ်ဂျက်ပင်ဖြစ်သည်။

ဘတ်ဂျက်တွင် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံလိုငွေပြနေသော်လည်း အကောက်ခွန်အသစ်ကောက်ခံမှုနှင့် နှုန်းထားတိုးမြှင့်မှုများ မပါရှိပေ။ သို့ရာတွင် အခြားနည်းလမ်းများဖြင့် အခွန်အကောက်တိုးတက်ရရှိရန် စီမံထားသည်။ လာမည့်ငါးနှစ်အတွက် အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များကို ရည်ညွှန်းကိုးကား၍ ပြောကြားရာတွင် ဘဏ္ဍာရေးဝန်ကြီးက တစ်ဒေါ်လာအခွန်တိုးကောက်တိုင်း အစိုးရအသုံးစရိတ်ကို ငါးဒေါ်လာဖြတ်တောက်မည်ဟု ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် အလုပ်လက်မဲ့နှုန်း ၁၁ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ကြွေးမြီအမေရိကန်ဒေါ်လာ ၃၇၅ ဘီလီယံ တင်လျက်ရှိပေသည်။ အစိုးရအနေဖြင့် ဘတ်ဂျက်လိုငွေပြနေမှုကို အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံဒေါ်လာမှ ၃၀ ဘီလီယံဒေါ်လာသို့လျှော့ချရန် ကြံရွယ်ထားသည်။ ကနေဒါဝန်ကြီးချုပ် ခရက်ရှန်က ဘတ်ဂျတ်လိုငွေနေပြမှုကို ၁၉၉၆–၉၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံခန့် အထိလျှော့ချရန် သန္နိဋ္ဌာန်ချထားသည်။

**ရာဇဝတ်မှုနှင့် လက်နက်ထိန်းချုပ်ရေးဥပဒေ** – ကနေဒါနိုင်ငံသည် ကမ္ဘာ့အတင်းကျပ်ဆုံးလက်နက်ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းချက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အောတဝါနှင့် တိုရွန်တိုမြို့နှစ်မြို့တွင် ၁၉၉၄ ခုနှစ်၊ ဧပြီလအတွင်း အဓိပ္ပာယ်မဲ့ပစ်ခတ်သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့ရာ လက်နက်ထိန်းချုပ်ရေးဥပဒေပို၍တင်းကျပ်ရန် အကြောင်းရှိနေခဲ့သည်။ တရားရေးဝန်ကြီး အယ်လန်ရောခ်က ၄င်းအနေဖြင့်လက်နက်အသေးစားများလုံးဝ ပိတ်ပင်ရန်နှင့် ကနေဒါ

နိုင်ငံမြို့ကြီးများတွင် လက်နက်များအားလုံးတားမြစ်ရန်ကို စဉ်းစားလျက်ရှိကြောင်း ပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်က မွန်ထရီရယ်မြို့တွင် အမျိုးသမီး ၁၄ ဦး အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရရာ လူထုအတွင်းလှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့်ပင် လက်နက်ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းခဲ့ရသည်။

ပြည်သူလူထုအနေဖြင့် ကြမ်းတမ်းခက်ထန်သည့် ရာဇဝတ်မှုများအပေါ်စိုးရိမ်ပူပန်မှုဖြစ်ပေါ်ခဲ့ရာ ယင်းအရေးကိစ္စနှင့်စပ်လျဉ်းပြီး ၁၉၉၄ ခုနှစ်၊ ဧပြီ ၂၂ ရက်မှ ၂၇ ရက်အတွင်း နိုင်ငံအနှံ့လူထုဆန္ဒစစ်တမ်းကောက်ယူခဲ့သည်။ ကနေဒါနိုင်ငံသားလေးပုံသုံးပုံနီးပါးက လက်နက်အသေးစားများ လုံးဝပိတ်ပင်ခြင်းကို လိုလားကြောင်း ဆန္ဒပြုခဲ့ကြသည်။

မေလ ၂ ရက်နေ့တွင် အင်ဂတ်စ်ရေးဒ်အဖွဲ့က ထုတ်ပြန်ခဲ့သည့် လူထုဆန္ဒစစ်တမ်းတစ်ရပ်တွင် တွေ့ဆုံမေးမြန်းခဲ့သူ ၁,၅၀၆ ဦးအနက် ၇၃ ရာခိုင်နှုန်းက ရဲနှင့်စစ်ဘက်ဆိုင်ရာတို့မှတစ်ပါး လက်နက်အငယ်စားများအားလုံး လုံးဝပိတ်ပင်ခြင်းကို လိုလားကြောင်းကို ဖော်ပြခဲ့သည်။

**ကနေဒါနိုင်ငံခြားရေးဝန်ကြီး၏ အာရှခရီးစဉ်** – ကနေဒါနိုင်ငံခြားရေး ဝန်ကြီး အင်ဒရေအိုအယ်လက်သည် အာရှခရီးစဉ်အဖြစ်ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံများသို့သွားရောက်ခဲ့သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန်ဝန်ကြီးချုပ် မူရာယာမာ အပါအဝင် ဂျပန်ခေါင်းဆောင်များနှင့်တွေ့ဆုံကာ စီးပွားရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့သည်။ ဈေးကွက်ဖွင့်ခြင်းနှင့် စည်းမျဉ်းများလျှော့ချခြင်းနည်းလမ်းများ ဖြင့် ပြည်တွင်းလိုအပ်ချက်ကိုတိုးမြှင့်ရန် ဂျပန်တို့၏လုပ်ဆောင်မှုအား ၄င်းကထောက်ခံခဲ့သည်။

ကနေဒါနိုင်ငံသည်ဂျပန်နိုင်ငံသို့ပို့ကုန်တင်ပို့ရန်စီမံချက်ကို တိုးတက်ဆောင်ရွက်လျက်ရှိသည်။ ဂျပန်နိုင်ငံမှာ ကနေဒါ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် နှစ်နိုင်ငံကြားကုန်သွယ်မှု တန်ဖိုးဒေါ်လာ ၁၉ ဘီလီယံ ကျော်ရှိခဲ့သည်။

ကနေဒါနိုင်ငံခြားရေးဝန်ကြီးက ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂတွင် ပိုမိုအရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နေရာရရှိရန် ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုများကို ထောက်ခံကြောင်းကိုလည်း ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံခြားရေးဝန်ကြီးသည် ဇူလိုင် ၂၀ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိခဲ့ပြီး သမ္မတ ကင်မ်ယောင်ဆမ်နှင့် ဇူလိုင် ၂၂ ရက်နေ့တွင် တွေ့ဆုံခဲ့သည်။ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့်လည်းတွေ့ဆုံကာ နှစ်ခြမ်းကွဲနေသော တောင်ကိုရီးယားကျွန်းဆွယ်တွင် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံဘန်ကောက်မြို့သို့သွားရောက်ကာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အစည်းအဝေးသို့ တက်ရောက်ကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံပြီး ဒေသဆိုင်ရာလုံခြုံရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

**ကွိဘက်ပြည်နယ်ရွေးကောက်ပွဲ** – ကွိဘက်ပြည်နယ် ရွေးကောက်ပွဲကို စက်တင်ဘာ ၁၂ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကွိဘက်ပြည်နယ် ဝန်ကြီးချုပ် ဒင်နီယယ်ဂျွန်ဆင်က ဇူလိုင် ၂၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ရွေးကောက်ပွဲမှာ ဒင်နီယယ်ဂျွန်ဆင်၏ လစ်ဘရယ်ပါတီနှင့် ခွဲထွက်ရေးဝါဒီ **Parti Quebecois** ပါတီတို့ ယှဉ်ပြိုင်ရမည့်ပွဲဖြစ်သည်။ လူထုဆန္ဒကောက်ယူမှုတွင် Parti Quebecois က ရှေ့မှ ဦးဆောင်လျက်ရှိသည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက တစ်နှစ်အတွင်းကွိဘက်ပြည်နယ်ခွဲထွက်ရေးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း Parti Quebecois ကပြောကြားခဲ့သည်။

ကွိဘက်ပြည်နယ် မဲဆန္ဒရှင်များအနေဖြင့် အစိုးရအပြောင်းအလဲကို လိုလားကြပြီး အများစုကမူ ခွဲထွက်ရေးကို မလိုလားကြပေ။ ဂျွန်ဆင်၏ လစ်ဘရယ်အစိုးရမှာ ကွိဘက်ပြည်နယ်ကို ကိုးနှစ်ကြာ အုပ်ချုပ်ခဲ့သည်။

ကွိဘက်ပြည်နယ်သည် ကနေဒါနိုင်ငံ လူဦးရေ ၂၇ သန်း၏ လေးပုံတစ်ပုံ နေထိုင်ရာ ဒေသဖြစ်သည်။ ပြင်သစ်အမျိုးသားရေး ဝါဒီများက အင်္ဂလိပ်ဘာသာစကားလွှမ်းမိုးသည့် ကနေဒါနိုင်ငံ လူ့အဖွဲ့အစည်းတွင် ပြင်သစ်ဘာသာစကားနှင့် ယဉ်ကျေးမှုကိုကာကွယ်ရန် ပြည်နယ်ခွဲထွက်ရေးလိုအပ်သည်ဟု စောဒကတက်ကြသည်။ သို့ရာတွင် ကနေဒါနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းသို့ခွဲထွက်ပြီး လွတ်လပ်ရေးကြေညာနိုင်သည့် ဥပဒေပြဋ္ဌာန်းချက် မပါရှိချေ။ ဖွဲ့စည်းပုံ အရ ခွဲထွက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရန် မဖြစ်နိုင်ပေ။

ဤသို့ဖြင့် ကွိဘက်ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲကို စက်တင်ဘာ ၁၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ခွဲထွက်ရေးဝါဒီ (Parti Quebecois) ပါတီက အနိုင်ရရှိခဲ့သည်။ တရားဝင်ထုတ်ပြန်သော ရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းအရ ဂျက်ပါရီဇိုယော ဦးဆောင်သည့် Parti Quebecois ပါတီက ၁၂၅ နေရာရှိသည့် လွှတ်တော်တွင် ၇၇ နေရာအနိုင်ရရှိခဲ့သည်။

၄င်း၏ ပါတီမှာ ခရိုင် ၁၂ ခုတွင် ဦးဆောင်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဝန်ကြီးချုပ် ဒင်နီရယ်ဂျွန်ဆင် ဦးဆောင်သည့် လစ်ဘရယ်ပါတီကမူ ခရိုင်ငါးခုတွင် ဦးဆောင်နိုင်ခဲ့ပြီး ၃၈ နေရာသာ အနိုင်ရရှိခဲ့သည်။

ပါရီဇိယောက ပြင်သစ်ဘာသာစကားပြော ကွီဘက်ပြည်နယ်အား အင်္ဂလိပ်ဘာသာစကားပြော ကနေဒါမှ ခွဲထွက်ရေးနှင့် စပ်လျဉ်းပြီး ပြည်သူ့ဆန္ဒခံယူပွဲကို ၄င်း၏ အစိုးရအဖွဲ့က တစ်နှစ်အတွင်းကျင်းပပေးမည်ဟု ကတိပြု ပြောကြားခဲ့သည်။ ဒင်နီရယ်ဂျွန်ဆင်ကမူ ကွီဘက်ပြည်နယ် လွတ်လပ်ရေးတောင်းဆိုမှုသည် မတည်ငြိမ်မှုနှင့် စီးပွားရေး ကျဆင်းမှုဖြစ်ပေါ်စေလိမ့်မည်ဟု သတိပေး ပြောကြား ခဲ့သည်။

ကွီဘက်ပြည်နယ်ခွဲထွက်သွားခဲ့ပါက ရေလမ်းကြောင်းတွင် ရှိသည့် ပြည်နယ်များဖြစ်သည့် နိုဗာစကော့ရှား၊ နယူးဘရန်းစ်ဝစ်၊ ပရင့်စ်အက်ဝပ်ကျွန်းနှင့် နယူးဖောင်လင့် တို့သည် ကနေဒါနိုင်ငံ၏ အခြားအစိတ်အပိုင်းများနှင့် ပြတ်တောက်သွားပေလိမ့်မည်။ အထူးသဖြင့် ကွီဘက် ပြည်နယ်လွတ်လပ်ရေး ရရှိသွားပါက ကနေဒါနိုင်ငံ အနောက်ပိုင်းဒေသပြည်နယ်များတွင် ခွဲထွက်ရေးဝါဒ လှိုင်းဂယက်ရိုက်ခတ်မှုကို အားပေးအားမြှောက်ပြုရာ ရောက်ပေလိမ့်မည်။ ၁၉၈၀ ပြည့်နှစ်က ကွီဘက်ပြည်နယ် လွတ်လပ်ရေးအတွက် ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပခဲ့ရာ ကန့်ကွက်မဲ ၆၀ ရာခိုင်နှုန်း၊ ထောက်ခံမဲ ၄၀ ရာခိုင်နှုန်း ဖြင့် ပယ်ချခဲ့သည်။ အကြာသေးမီက ထောက်ခံရရှိသော လူထု ဆန္ဒစစ်တမ်းများက ဆန္ဒခံယူပွဲ အသစ် တစ်ရပ် ပြုလုပ်ရေးမှာ အောင်မြင်မည်မဟုတ်ဟု ထောက်ပြကြသည်။ ကွီဘက်ပြည်နယ်သားများအနေဖြင့် ပါရီဇိယော၏ Parti Quebecois ကိုမဲပေးခဲ့ခြင်းမှာ ကွီဘက်ပြည်နယ် လွပ်လပ်ရေး အတွက် ထောက်ခံ အတည်ပြုပေးခြင်းမဟုတ်ဘဲ လစ်ဘရယ် ပါတီအစိုးရ၏ ကိုးနှစ်ကြာ အုပ်ချုပ်မှုမှ အပြောင်းအလဲလိုလား သောကြောင့်သာ ဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး ဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် Parti Quebecois ပါတီ ခေါင်းဆောင် ဂျက်ပါရီဇိယောက ၄င်း၏ ပထမဆုံးအကြိမ် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ၁၉၉၅ ခုနှစ်တွင် ကနေဒါနိုင်ငံမှ ကွီဘက်ပြည်နယ်ခွဲထွက်ရန် ကွီဘက် ပြည်နယ်သားများက ထောက်ခံဆန္ဒမဲပေးကြလိမ့် မည်ဟု ၄င်းအနေဖြင့် ယုံကြည်ကြောင်း ပြောကြား ခဲ့သည်။

**ကနေဒီ၊ အိုနာဆစ်၊ ဂျက်ကလင်း (ခရစ် ၁၉၂၉– ၁၉၉၄)။** ။ ကွယ်လွန်သူ အမေရိကန်သမ္မတ ဂျွန်အက်ဖ် ကနေဒီ၏ဇနီးဖြစ်ခဲ့ပြီး နောင်အခါတွင်



ဂျက်ကလင်း ကနေဒီအိုနာဆစ်

ဂရိသင်္ဘော လုပ်ငန်းရှင်သူဌေးကြီး အိုနာဆစ်နှင့် လက်ဆက်ခဲ့ပြီးနောက် မုဆိုးမနှစ်ကြိမ်ဖြစ်ခဲ့သူ ဂျက်ကလင်းကနေဒီ အိုနာဆစ်ကို အမေရိကန် ပြည်ထောင်စု၊ နယူးယောက် ပြည်နယ် လောင်းအိုင်းလင်း၊ ဆောက်သမ္ပတန်မြို့တွင် ၁၉၂၉ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ တွင်မွေးဖွားခဲ့သည်။ ငယ်မည်မှာ ဂျက်ကလင်း ဘိုဗီးယားဖြစ်ပြီး မိဘနှစ်ပါးမှာ ဂျွန်ဘိုဗီးယား နှင့် ဂျက်နက် ဘိုဗီးယား တို့ဖြစ်ကြသည်။

ငယ်စဉ်က ဂျော့ဝါရှင်တန်တက္ကသိုလ် ဗာဆာကောလိပ် နှင့် ပြင်သစ်နိုင်ငံ ပဲရစ်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ သည်။ ၁၉၅၂ ခုနှစ်တွင် ဝါရှင်တန် တိုင်းမ်စ် ဟာရဲလ်ဒ် သတင်းစာတိုက်တွင် ဓာတ်ပုံသတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ဂျက်ကလင်းဘိုဗီးယားသည် ၁၉၅၃ ခုနှစ်တွင် မက်ဆာချူးဆက်ပြည်နယ်မှ ဆီးနိတ်လွှတ်တော်အမတ် ဂျွန်အက်ဖ်ကနေဒီနှင့် လက်ထပ်ခဲ့သည်။ ဂျွန်အက်ဖ် ကနေဒီ သည် ၁၉၆၁ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု ၏ ၃၅ ဦးမြောက် သမ္မတဖြစ်လာခဲ့သည်။ ဂျက်ကလင်း သည် ဂျွန်အက်ဖ်ကနေဒီနှင့် သားနှစ်ယောက် သမီး တစ်ယောက် ထွန်းကားခဲ့ရာ သားတစ်ယောက်မှာ ကွယ်လွန်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ သမ္မတ ဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံလိုက်ရသောအခါ ဂျက်ကလင်း ကနေဒီသည် မုဆိုးမဘဝသို့ အသက် ၃၄ နှစ်အရွယ်၌ ရောက်ခဲ့ရသည်။

ခင်ပွန်းသည်ရှိစဉ်ကာလအတွင်း သမ္မတအိမ်ဖြူတော်၏ သမိုင်းဝင်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ၌ ရှေ့ဆောင်ရှေ့ရွက်ပြု၍ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် သမ္မတ၏ တာဝန်ပေးချက်အရ သမ္မတ၏ အထူးကိုယ်စားလှယ်အဖြစ် အိန္ဒိယနိုင်ငံသို့ အလည်အပတ် ခရီးသွားရောက်ခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ဂျက်ကလင်းကနေဒီသည် ဂရိ သင်္ဘော လုပ်ငန်းရှင် သူဌေးကြီး အရစ္စတိုတယ်လ် အိုနာဆစ် နှင့်လက်ထပ်ခဲ့သည်။ သူဌေးကြီးအိုနာဆစ်သည် ၁၉၇၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သောအခါ ဂျက်ကလင်းကနေဒီ အိုနာဆစ်သည် ဒုတိယအကြိမ်မုဆိုးမဖြစ်ခဲ့ရပြန်သည်။ ထို့နောက်ပိုင်းတွင် ဂျက်ကလင်းသည် လူထင်ပေါ်သော လုပ်ငန်းများကို ရှောင်ရှားရင်း ဘဝကိုအလုပ်ထဲ၌သာ နှစ်မြှုပ်ခဲ့သည်။

၁၉၇၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ဗိုက်ကင်းစာအုပ် ထုတ်ဝေရေးလုပ်ငန်းတွင် အတိုင်ပင်ခံအဖြစ်လည်းကောင်း၊ ဒဗ်ဘယ်လ်ဒေးနှင့်ကုမ္ပဏီတွင် တွဲဖက်အယ်ဒီတာအဖြစ် ၁၉၇၈ မှ ၁၉၈၂ ခုနှစ်အထိနှင့် ၁၉၈၂ ခုနှစ်တွင် အယ်ဒီတာအဖြစ် လည်းကောင်းလုပ်ကိုင်ခဲ့သည်။

ဂျက်ကလင်းကနေဒီအိုနာဆစ်သည် ကင်ဆာရောဂါ ဖြင့် ဆေးရုံတက်ကုသနေရာမှ ဆရာဝန်များက လက်လျှော့ လိုက်သဖြင့် နယူးယောက်မြို့နေအိမ်သို့ ပြန်ခေါ်ခဲ့ပြီး နောက်တစ်နေ့ဖြစ်သော ၁၉၉၄ ခုနှစ်၊ မေလ ၁၉ ရက် ကြာသပတေးနေ့ည ၁၀ နာရီ ၁၅ မိနစ်တွင် ကွယ်လွန် ခဲ့သည်။ ကွယ်လွန်ချိန်တွင် သားဂျွန်အက်ဖ်ကနေဒီ ဂျူနီယာနှင့် သမီးကာရိုလင်း ကနေဒီရှလော့စ်ဘတ်တို့ ကျန်ရစ်ခဲ့ကြသည်။

**ကုလသမဂ္ဂ။** ။ (၄၈) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။(စွယ်စုံနှစ်ချုပ် ၁၉၉၄ - စာ၊ ၁၃၈-ရှု။) ထိုနှစ် နိုဝင်ဘာလအလယ်သို့ ရောက်ရှိချိန်တွင် ယင်းညီလာခံကြီး၏ အစည်းအဝေးအစီအစဉ်၌ ဆွေးနွေးရန် အကြောင်းအရာ ၁၈၂ ခုမျှ ပါဝင်နေပြီးဖြစ်သည်။ ဤသည်မှာ ယခင်က အမြင့်ဆုံးစံချိန်ဖြစ်သည့် ၁၉၈၉ ခုနှစ် စံချိန်ထက် အကြောင်းအရာ ၂၄ ခု ပိုမို၍ ကုလသမဂ္ဂ၏ ညီလာခံ သမိုင်းတွင် စံချိန်သစ်တင်လိုက်ခြင်းဖြစ်သည်။ အစည်းအဝေးအစီအစဉ်၌ အကြောင်းအရာ အသစ် ၂၅ ခု တိုးပွားလာခဲ့ရာ၊ ယင်းတို့အနက် ကိုးခုကို ညီလာခံအစည်း အဝေးကြီးက ကိုင်တွယ်ဆွေးနွေး ဆောင်ရွက်ရန်ဖြစ်သည်။

ဤညီလာခံကြီး၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့ရေးရာများနှင့်ပတ်သက်၍ ဆန်းစစ်သုံးသပ် ပြောဆို ကြသည့် အထွေထွေဆွေးနွေးပွဲကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့စ၍အောက်တိုဘာလ ၁၃ ရက်နေ့ အထိ ကျင်းပခဲ့ရာ၊ ပါဝင်ဆွေးနွေးသူပေါင်းမှာ ၁၇၅ ဦးမျှ ရှိခဲ့သည်။ ဤအရေအတွက်မှာ စံချိန်သစ်ဖြစ်၍၊ နိုင်ငံ ခေါင်းဆောင် ၂၈ ဦး၊ အိမ်ရှေ့မင်းသား နှစ်ဦး၊ ဝန်ကြီးချုပ် ၁၃ ဦး၊ နိုင်ငံခြားရေးဝန်ကြီး ၁၀၇ ဦး၊ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး ၁၅ ဦး၊ အခြားဝန်ကြီးနှစ်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ ရှစ်ဦးတို့ ပါဝင်သည်။

(၄၈) ကြိမ်မြောက် ညီလာခံကြီးကို ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ရပ်နားခဲ့ရာ၊ စတင်ဖွင့်လှစ် သည်မှ ရက်သတ္တ ၁၃ ပတ်အတွင်း၌ ဒေသဆိုင်ရာ အရေး အခင်းများမှစ၍ ဥပဒေရေးရာကိစ္စများအထိ အကြောင်း အရာအမျိုးမျိုးနှင့် ပက်သက်၍ ပြဋ္ဌာန်း ချက်ပေါင်း ၂၆၅ ခုနှင့် ဆုံးဖြတ်ချက်ပေါင်း ၁၀၆ ခု ချမှတ်ခဲ့ပေသည်။

ညီလာခံကြီး၏ လုပ်ငန်းများတွင် အထင်ရှားဆုံး လုပ်ငန်းများမှာ -

(က) တောင်အာဖရိက နိုင်ငံအပေါ် ၃၁ နှစ် တိုင်တိုင် စီးပွားရေး ပိတ်ဆို့ထားမှုကို ရုပ်သိမ်း ဖယ်ရှားလိုက်ခြင်း၊

(ခ) လူ့အခွင့်အရေးများနှင့် ပတ်သက်၍ ကုလသမဂ္ဂမဟာမင်းကြီးရာထူး အသစ်တစ်ခုကို ဖန်တီးခြင်း၊

(ဂ) ၁၉၉၄ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မိသားစု နှစ်အဖြစ် သတ်မှတ်ခြင်း၊

(ဃ) ၁၉၉၄ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ အားကစားနှင့် အိုလံပစ် စံပြနှစ်အဖြစ် ကြေညာခြင်း၊

(င) ၁၉၉၅ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ခွင့်လွှတ် သီးခံခြင်း (International Year of Tolerance) အဖြစ်ကြေညာခြင်း၊

(စ) ၁၉၉၆ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ဆင်းရဲ နွမ်းပါးမှု အမြစ်ဖြုတ်သုတ်သင်ရေးနှစ်အဖြစ် ကြေညာခြင်း၊

(ဆ) ၁၉၉၃ - ၂၀၀၃ ခုနှစ်အထိ အချိန်ကာလကို လူမျိုးရေးနှင့် လူမျိုးခွဲခြားမှုဝါဒတိုက် ဖျက်ရေး တတိယဆယ်စုနှစ်အဖြစ် ကြေညာခြင်း၊

(ဇ) ကမ္ဘာ့တိုင်းရင်းသားများ၏ အပြည်ပြည်ဆိုင်ရာ ဆယ်စုနှစ်ကို ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ (၁၀) ရက်နေ့တွင် စတင်ကျင်းပရန် အတည်ပြုခြင်း၊

(ဈ) နာမည်သစ်ပေးလိုက်သော "သက်ကြီးရွယ်အို များနှစ်" ကို ၁၉၉၉ ခုနှစ်တွင် ကျင်းပရန် အစီအစဉ်များကို ညီလာခံကြီးမှ စစ်ဆေးသုံး သပ်ကာ အတည်ပြုခြင်း၊

(ည) အပြည်ပြည်ဆိုင်ရာ မစွမ်းမသန်သူများနေ့ကို နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့တွင် လည်းကောင်း၊ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ရေးနေ့ကို နှစ်စဉ် မေလ ၃ ရက်နေ့တွင်လည်းကောင်း ဆင်ယင်ကျင်းပကြရန် တောင်းဆိုခြင်း၊

စသည်တို့ဖြစ်သည်။

**ကုလသမဂ္ဂ ရွှေရတုသဘင်** – ထိုမှတစ်ပါး ဤညီလာခံကြီးက ၁၉၉၅ ခုနှစ်ကိုကုလသမဂ္ဂအဖွဲ့ကြီး၏အနှစ်၅၀ မြောက် နှစ်ပတ်လည်ဆင်ယင်ကျင်းပရေးအတွက် အစီအစဉ်များနှင့် ပတ်သက်၍လည်း အရေးယူဆောင်ရွက်ခဲ့ရာ ထိုနှစ်ကို " ကုလသမဂ္ဂ အဖွဲ့ဝင်ပြည်သူများ ဖြစ်ကြသော ကျွန်ုပ်တို့သည် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးအတွက် သွေးစည်းညီညွတ်ကြလျက်" ဟူသော တရားဝင်ကြွေးကြော်သံဖြင့် ကျင်းပရန် သတ်မှတ်ခဲ့ပေသည်။

(၄၈) ကြိမ်မြောက် ညီလာခံကြီးသည် အောက်ပါတို့ အပါအဝင် ၁၉၉၄ မှ ၁၉၉၆ ခုနှစ်အတွင်း ကျင်းပလတ္တံ့သော အရေးကြီးသည့် အပြည်ပြည်ဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးများနှင့်ပတ်သက်၍ စဉ်းစားဆွေးနွေးခဲ့သည်။

(က) ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံငယ်များဆိုင်ရာ နိုင်ငံတကာမျက်နှာစုံညီ အစည်းအဝေး (ဘာဘေးဒိုးကျွန်းတွင် ၁၉၉၄ ခုနှစ်၊ ဧပြီလ)။

(ခ) လူဦးရေနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာမျက်နှာစုံညီအစည်းအဝေး (ကိုင်ရိုမြို့တွင် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ)။

(ဂ) အမျိုးသမီးများ တိုးတက်ရေးဆိုင်ရာ နိုင်ငံတကာ မျက်နှာစုံညီအစည်းအဝေး (ပီကင်းမြို့တွင် ၁၉၉၅ ခုနှစ်)။

(ဃ) လူမှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာ မျက်နှာစုံညီအစည်းအဝေး (ကိုပင်ဟေဂင်မြို့တွင် ၁၉၉၅ ခုနှစ်)။

ညီလာခံကြီးက ၁၉၉၄ ခုနှစ်၊ မေလတွင် သဘာဝဘေးအန္တရာယ်များလျော့ချရေးဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကို ဂျပန်နိုင်ငံ၊ ယိုကိုဟားမားမြို့၌ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ယင်းအစည်းအဝေးမှာ ဤကိစ္စနှင့်ပတ်သက်၍ ကျင်းပပြုလုပ်ဆဲဖြစ်သော အပြည်ပြည်ဆိုင်ရာ ဆယ်စုနှစ်၏ စွမ်းဆောင်အောင်မြင်မှုများကို သုံးသပ်ပြီး အနာဂတ်ကာလအတွက် လုပ်ငန်းဆောင်ရွက်ရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲပြုစုရန်ဖြစ်သည်။

၁၉၉၅ ခုနှစ်တွင် တူရကီ နိုင်ငံအစ္စတန်ဘူမြို့၌ ကျင်းပမည့် အိုးအိမ်အပိုင်း(၂) လူသားများ အခြေချနေထိုင်ရာ အိုးအိမ်ဂေဟာရပ်ရွာများဆိုင်ရာ ကုလသမဂ္ဂ ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေးနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ်တွင် ချမှတ်ခဲ့သည့် သက္ကရာဇ် ၂၀၀၀အရောက် အိုးအိမ်ဂေဟာများ တည်ဆောက်ရေး ကမ္ဘာ့မဟာဗျူဟာ စီမံချက်နှင့်အညီ နိုင်ငံများအလိုက် အိုးအိမ်ဂေဟာများ တည်ဆောက်ရေးဆိုင်ရာ အမျိုးသားအစီအစဉ်များကို ဖော်ဆောင် လုပ်ကိုင်ကြရန် နိုင်ငံအစိုးရများအား တိုက်တွန်းနှိုးဆော်ခဲ့လေသည်။

## အပြည်ပြည်ဆိုင်ရာမိသားစုနှစ်

၁၉၉၃ခုနှစ်၊ စက်တင်ဘာလ၂၀ရက်နေ့တွင် ကုလသမဂ္ဂညီလာခံ (၄၇ကြိမ်မြောက်)က၁၉၉၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မိသားစုနှစ်ကို စတင်ဖွင့်လှစ်ရေးအတွက် (၄၈) ကြိမ်မြောက် ညီလာခံ၏ စုံညီအစည်းအဝေးတစ်ခုကို ၁၉၉၃ခုနှစ်၊ ဒီဇင်ဘာလ – လဦးပိုင်းတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ၎င်းနှင့်တစ်ပါတည်း အပြည်ပြည်ဆိုင်ရာ မိသားစုနှစ်ကို ၁၉၉၄ခုနှစ်မှ စ၍ နှစ်စဉ် မေလ ၁၅ ရက်နေ့တိုင်း ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ထိုမှတစ်ပါး ညီလာခံကြီးက ၁၉၉၄ ခုနှစ် ညီလာခံတွင် စုံညီအစည်းအဝေး နှစ်ကြိမ်ကို အပြည်ပြည်ဆိုင်ရာမိသားစုနှစ် ဆင်ယင်ကျင်းပမှုအဖြစ် သတ်မှတ်ပြီး မိသားစုနှစ်နှင့် ပတ်သက်သည့်နောက်ဆက်တွဲ လုပ်ငန်းများဖော်ဆောင်ရေးကို စဉ်းစားဆောင်ရွက်ရန်လည်း ဆုံးဖြတ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ မိသားစုနှစ်ဆင်ယင်ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို တိုးတက်အားထုတ်လုပ်ဆောင်ကြရန် အစိုးရများ၊ အထူးအေဂျင်စီများနှင့် အဖွဲ့အစည်းများအား တိုက်တွန်းပြောကြားခဲ့သည်။

## ငြိမ်းချမ်းရေးအတွက်အစီအစဉ်တစ်ရပ်

အထက်ဖော်ပြပါနေ့(၂၀-၉-၉၃) မှာပင်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ "ငြိမ်းချမ်းရေးအတွက် အစီအစဉ်တစ်ရပ်" နှင့်ပတ်သက်၍ ကုလသမဂ္ဂညီလာခံကြီးက ဆုံးဖြတ်ချက် အမှတ် – ၄၇/၁၂၀ ဘီကို ချမှတ်၍ ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့်အညီ အရည်အချင်းနှင့် ပြည့်စုံသော ကုလသမဂ္ဂအဖွဲ့အစည်းများစပ်ကြား ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရေးအတွက် သင့်လျော်သော နည်းလမ်းများကို စဉ်းစားရန်ဆုံးဖြတ်ခဲ့သည်။ ထိုအပြင် ကိစ္စတစ်ခုချင်းအလိုက် ကာကွယ်တားဆီးရေးတပ်များ အသုံးပြုခြင်းနှင့် သို့မဟုတ် စစ်မဲ့ဇုန်နယ်များသတ်မှတ်ထားခြင်းတို့ကို စဉ်းစားရန်အရေးကြီးပုံကို အသိအမှတ်

ပြုခဲ့သည်။ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရေး အတွက် အပြည်ပြည်ဆိုင်ရာတရားရုံးတော်ကြီးအား တိုးတက်အသုံးပြုကြရန် နိုင်ငံများအား အားပေးတိုက်တွန်းခဲ့သည်။ ထိုမှတစ်ပါး ကာကွယ်တားဆီးရေး၊ သို့မဟုတ် အကျပ်ကိုင်ရေးအစီအမံများကို ဖော်ဆောင်ရာမှ အထူးစီးပွားရေးပြဿနာများ ကြုံတွေ့ကြရသော နိုင်ငံများအား ကူညီရန်အလို့ငှါ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ အပိုဒ် ၅၀ပါ ပြဋ္ဌာန်းချက်များကို ဖော်ဆောင်ရန် နည်းလမ်းများအား ဆက်လက်စစ်ဆေးသုံးသပ်ရေး အတွက်လည်း ဆုံးဖြတ်ခဲ့ပေသည်။

## ကုလသမဂ္ဂညီလာခံနှင့် လုံခြုံရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ

**တောင်အာဖရိကနိုင်ငံ၏ အသွင်ကူးပြောင်းရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေ**

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တောင်အာဖရိကနိုင်ငံ၊ အေအင်စီပါတီခေါင်းဆောင် မစ္စတာမင်ဒဲလားက တောင်အာဖရိကနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်း ပေးရန် တောင်းဆိုခြင်းမပြုမီတစ်ရက် (၂၃ - ၉ - ၉၃) တွင် တောင်အာဖရိကပါလီမန်က ရွေးကောက်ပွဲများမကျင်းပမီ တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးသော လူမျိုးပေါင်းစုံပါဝင်သည့်ကြားကာလ အလုပ်အမှုဆောင်ကောင်စီကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက တောင်အာဖရိက သမ္မတ ဒီကလပ်အား နယူးယောက်မြို့တွင် ချီးကျူးပြောကြားခဲ့သည်။ ထို့အပြင် တောင်အာဖရိကနိုင်ငံက ၁၉၂၂ ခုနှစ်မှစ၍ ၎င်း၏ ပိုင်နက်နယ်မြေအဖြစ် ကိပ်တောင်းပြည်နယ်အတွင်း တည်ရှိလာခဲ့သော ဝေါလ်ဗစ္စ်ပင်လယ်အော်အား အိမ်နီးချင်း နမီးဘီးယားနိုင်ငံသို့ အမြန်ဆုံးလွှဲပြောင်းပေးရန် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ သဘောတူညီချက်အား ထောက်ခံကြောင်းကိုလည်း အတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

အဖွဲ့ဝင် ၁၈၄ နိုင်ငံပါဝင် တက်ရောက်သည့် (၄၈) ကြိမ်မြောက်ကုလသမဂ္ဂညီလာခံကြီးသည် တောင်အာဖရိကနိုင်ငံအပေါ် ၃၁ နှစ်တိုင် ပြဋ္ဌာန်းထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာ ၈ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၄၈/၁ ဖြင့် ရုပ်သိမ်းဖယ်ရှားခဲ့ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ကာ တောင်အာဖရိကနိုင်ငံ၌ ပါတီပေါင်းစုံဆွေးနွေးစေ့စပ်မှုများ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အောင်မြင်စွာပြီးဆုံးသွားခြင်းကိုလည်းကောင်း ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေကြမ်းတို့နှင့် ပတ်သက်၍လည်းကောင်း ကြိုဆိုကြောင်း ထုတ်ဖော်ပြောဆိုပြီးလျှင် တောင်အာဖရိကနိုင်ငံရှိ ပါတီအားလုံးက ဖော်ပြပါဆွေးနွေးစေ့စပ်မှုများတွင် ရရှိခဲ့ကြသော သဘောတူညီချက်များကို လေးစားကြရန်၊ ဒီမိုကရေစီမူဝါဒများကို လက်ခံ၍ ရွေးကောက်ပွဲများတွင် ပါဝင်ဆင်နွှဲကြရန်နှင့် ကျန်ရှိနေသော ပြဿနာများကို ငြိမ်းချမ်းသောနည်းများဖြင့် ဖြေရှင်းကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် (၄၈) ကြိမ်မြောက် ညီလာခံကြီးက နောက်ထပ်ဆုံးဖြတ်ချက်လေးခု (၄၈/၁၅၉ အေ မှ ၄၈/၁၅၉ ဒီ အထိ) ကိုချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်များမှာ လူမျိုးအသားအရောင်ခွဲခြားမှုဝါဒဖျက်သိမ်းရေးနှင့် တောင်အာဖရိကနိုင်ငံအား ညီညွတ်၍ လူမျိုးခွဲခြားမှုမရှိသော ဒီမိုကရက်တစ်နိုင်ငံအဖြစ် တည်ထောင်ရေးတို့နှင့်ပတ်သက်ပေသည်။

ဆက်လက်၍ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် - ၈၉၄ (၁၉၉၄) ကို တညီတညွတ်တည်းချမှတ်ပြီးလျှင် တောင်အာဖရိကနိုင်ငံရှိ ပါတီများအားလုံးကို ဆွေးနွေးစေ့စပ်မှုများတွင် ရရှိခဲ့သော သဘောတူညီချက်များကို လေးစားကြရန်နှင့် ဒီမိုကရေစီမူဝါဒများကို ကျင့်သုံးကာ ရွေးကောက်ပွဲများတွင် ပါဝင်ဆင်နွှဲကြရန် ထပ်လောင်းတိုက်တွန်းခဲ့သည်။ ထို့အပြင် လုံခြုံရေးကောင်စီက ပါတီများအားလုံးအား အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကို အဆုံးသတ်ရပ်စဲကြရန်လည်း တောင်းဆိုလိုက်သည်။ တစ်ချိန်တည်းတွင် လုံခြုံရေးကောင်စီက ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၆ မှ ၂၈ ရက်အထိ ကျင်းပမည့် တောင်အာဖရိက ရွေးကောက်ပွဲများအား ပိုမိုကောင်းမွန်စွာ စောင့်ကြည့်လေ့လာနိုင်ရေးအတွက် တောင်အာဖရိကနိုင်ငံရှိ ကုလသမဂ္ဂလေ့လာရေးအဖွဲ့ (ယူနွမ်ဆာ) ၏ အင်အားကို ၁၀၀ မှ ၃၀၀၀ သို့ တိုးမြှင့်အားဖြည့်ပေးပြီး လုပ်ငန်းတာဝန်ကိုလည်း တိုးချဲ့ပေးခဲ့သည်။

လုံခြုံရေးကောင်စီ၏ အထက်ပါဆုံးဖြတ်ချက်ကို ကုလသမဂ္ဂညီလာခံကြီးက ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ချမှတ်သည့် ဆုံးဖြတ်ချက်အမှတ် ၄၈/၂၃၃ ဖြင့် ထောက်ခံခဲ့ပြီး တောင်အာဖရိကနိုင်ငံသားအားလုံး အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ရွေးကောက်ပွဲမဲဆန္ဒပေးမှုများ၌ ခြိမ်းခြောက်မှုမရှိ လွတ်လပ်စွာပါဝင်စည်းရုံးလှုံ့ဆော်ဆင်နွှဲခွင့်ရှိရေးကို ကာကွယ်ပေးရန် တောင်အာဖရိကအာဏာပိုင်များအား တောင်းဆိုခဲ့ပေသည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အေအင်စီပါတီဥက္ကဋ္ဌ မစ္စတာမင်ဒဲလားက ကျင်းပလတ့်သော ရွေးကောက်ပွဲများ၌ ပါတီအားလုံးပါဝင်ဆင်နွှဲကြစေရန် အလို့ငှါ ကြေညာချက်တစ်ရပ်ထုတ်ပြန်ကာ လွပ်လပ်ရေး မဟာမိတ်အဖွဲ့အား လိုက်လျောမှုအသစ်များ ကမ်းလှမ်းခဲ့သည်။ ထို့နောက်တစ်ဖန် မတ်လ ၁ ရက်နေ့တွင် အင်ကာသာ လွတ်မြောက်ရေးပါတီ (အိုင်အက်ဖ်ပီ) ခေါင်းဆောင် မန်ဂိုဆူသူဘူသေလီဇီနှင့် နယ်လ်ဆင်မင်ဒဲလားတို့ တွေ့ဆုံကြပြီး နိုင်ငံရေးပါတီအားလုံးအနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အပါအဝင် အသွင်ကူးပြောင်းရေးကာလ အစီအစဉ်များတွင် ပါဝင်ကြရေးအတွက် အစီအမံတစ်ရပ်ကို ရေးဆွဲပြုလုပ်ခဲ့ကြသည်။ တောင်အာဖရိက သမ္မတ ဒီကလပ်ကလည်း နိုင်ငံရေးပါတီအားလုံး အသွင်ကူးပြောင်းရေးကာလ အစီအစဉ်များတွင် မပျက်မကွက် ပါဝင်ဆောင်ရွက်ကြရေးအတွက် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့သည်။

ဤအတောအတွင်း ပြည်သူများအတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားပေါ်ပေါက်လာခဲ့ပြန်ရာ အခြေအနေများ စိုးရိမ်ကြောင့်ကျဖွယ်ရာပင် ဖြစ်နေခဲ့သည်။ ယင်းအကြမ်းဖက်မှုများမှာ အဓိကအားဖြင့် နေတယ်နှင့် အိစ်ရင်းအရပ်ဒေသများ၌ ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်မှုများကြောင့် အသက်သေဆုံးသူများအနက် ၉၀ ရာခိုင်နှုန်းမှာ ထိုဒေသများတွင် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ လက်ယာဂိုဏ်း၏ အကြမ်းဖက်မှုများမှာလည်း တိုးပွားလာခဲ့သည်။ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဂျိုဟင်နစ္စဘတ်မြို့ လူထုချီတက်ဆန္ဒပြပွဲတစ်ခု၌ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပြီး လူများအသက်ဆုံးရှုံးခဲ့ကြသည်။ ဤဖြစ်ရပ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ၊ အာဖရိကညီညွတ်ရေးအဖွဲ့၊ ဓနသဟာယအဖွဲ့နှင့် ဥရောပသမဂ္ဂ စသော အပြည်ပြည်ဆိုင်ရာလေ့လာရေးကိုယ်စားလှယ်အဖွဲ့များက ရှုတ်ချပြောဆိုကြပြီး တောင်အာဖရိက နိုင်ငံရေးခေါင်းဆောင်များအား ဆင်ခြင်တုံတရားလက်ကိုင်ထား၍ တာဝန်အသိစိတ်ရှိကြရန် တောင်းဆိုခဲ့ကြသည်။ ထို့အပြင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ကြွေးကြော်သံကို နိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လွှင့်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြသည်။

ဤတွင် အခြေအနေတိုးတက်ကောင်းမွန်လာခဲ့ပြီး တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးသော လူမျိုးခွဲခြားမှုမရှိ ဒီမိုကရေစီနည်းကျသော ရွေးကောက်ပွဲကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၆ မှ ၂၉ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပခဲ့လေသည်။ ဤရွေးကောက်ပွဲ၌ နယ်လ်ဆင်မင်ဒဲလားနှင့် ၎င်း၏ အေအင်စီပါတီက အနိုင်ရရှိခဲ့ရာ ၁၉၉၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် မစ္စတာမင်ဒဲလားသည် တောင်အာဖရိက သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရသည်။

ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးနိုင်သူ ၂၃ သန်းရှိသည့် အနက် ခန့်မှန်းခြေအားဖြင့် ၈၆ ရာခိုင်နှုန်းမျှ ဆန္ဒမဲ ပေးခဲ့ကြသည်။ ရွေးကောက်ပွဲပြီးဆုံး၍ ဧပြီလ ၂၇ ရက်နေ့ ညဉ့်သန်းခေါင်ယံအချိန်၌ ခြောက်ရောင်ချယ်နိုင်ငံတော်အလံသစ်ကို လွှင့်တင်လိုက်သောအခါ တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးသော လူမျိုးခွဲခြားမှုမရှိ၊ ဒီမိုကရေစီနည်းကျသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဏာသက်ဝင်လာပြီး ၄၆ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော အသားရောင်ခွဲခြားရေးဝါဒသည် ဇိဝိန်ချုပ်ငြိမ်းသွားခဲ့တော့သည်။

၁၉၉၄ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၁၉ (၁၉၉၄)ကို တညီတညွတ်တည်းချမှတ်ကာ တောင်အာဖရိကနိုင်ငံ၏ ရွေးကောက်ပွဲနှင့် ပေါင်းစည်းညီညွတ်၍ ဒီမိုကရေစီနည်းကျပြီး လူမျိုးခွဲခြားမှုမရှိသော တောင်အာဖရိကအစိုးရအားကြိုဆိုပြီးလျှင် တောင်အာဖရိကနိုင်ငံအပေါ် ပြဋ္ဌာန်းချမှတ်ထားသော လက်နက်ပိတ်ဆို့မှုနှင့်တကွ အခြားတားမြစ်ကန့်သတ်မှုများကို ရုပ်သိမ်းဖယ်ရှားလိုက်လေသည်။

**ဘော့စနီးယား – ဟာဇီဂိုဗီးနားပြည်တွင်းစစ်**

ဘော့စနီးယား – ဟာဇီဂိုဗီးနားနိုင်ငံတွင် ပြိုင်ဘက်အုပ်စုများသည် အချင်းချင်း အပြန်အလှန် တိုက်ခိုက်လျက်ရှိကြစဉ် အခြားတစ်ဘက်၌ ပြည်တွင်းစစ်ပြီးဆုံးရေးအတွက် ဆွေးနွေးလျက်ရှိခဲ့ကြရာ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ဂျီနီဗာမြို့၌ နိုင်ငံဖွဲ့စည်းပုံနှင့် ပတ်သက်၍ သဘောတူညီချက် တစ်ရပ်ရရှိခဲ့ကြသည်။ ဤသဘောတူညီချက်အရ မူစလင်အများစုသမ္မတနိုင်ငံက ပြည်ထောင်စုနယ်မြေတစ်ခုလုံး၏ ၃၀ ရာခိုင်နှုန်းထက်မနည်းသော နယ်မြေကို ရရှိမည်ဖြစ်သည်။ ပြည်ထောင်စုတွင် ပါဝင်သည့် သမ္မတနိုင်ငံများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ အမည်နာမကို ခေါ်ဝေါ်သမုတ်ရမည်ဖြစ်သည်။ ထို့နောက် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လအတွင်း ဆက်လက်ကျင်းပသည့် ဂျီနီဗာ ဆွေးနွေးပွဲများ၌ ဘော့စနီးယား သမ္မတအိုင်ဇက်ဘီဂိုဗစ်က ဘော့စနီးယားနယ်မြေအတွက် (၄) ရာခိုင်နှုန်းတိုးပေးရန် တောင်းဆိုခဲ့ရာ ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင် ရာဒိုဗန်ကာရာဒစ်နှင့် ဘော့စနီးယားခရိုအက်ခေါင်းဆောင် ဘိုဗန်တို့က ငြင်းဆန်ခဲ့ကြသည်။

ဘော့စနီးယားသမ္မတ ဘီဂိုဘစ်က နယ်မြေအပိုတောင်းခံသည့်အပြင် အေဒရီယာတစ်ပင်လယ်သို့ ထွက်ပေါက်လမ်းရရှိရေးကိစ္စကိုလည်း တင်ပြတောင်းဆိုခဲ့သည်။ မည်သို့မဆို အထက်ပါဂျီနီဗာ ဆွေးနွေးပွဲ များ၌ ပြိုင်ဘက်အုပ်စုများက ဆာရာယေဗိုနှင့် မော့စတာမြို့များကို ကုလသမဂ္ဂနှင့် ဥရောပအဖွဲ့(အီးစီ)တို့၏ အုပ်ချုပ်မှုအောက်တွင် ၂ နှစ်တာမျှ အသီးသီးထားရှိရန် သဘောတူခဲ့ကြသည်။

ဘော့စနီးယား – ဟာဇီဂိုဗီးနားနိုင်ငံတွင် ငြိမ်းချမ်းရေးမှာ ဖမ်းမမိနိုင်အောင်ဖြစ်နေကြောင်း ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက အစီရင်ခံတင်ပြခဲ့သည်။ တိုက်ပွဲများမှာ နိုင်ငံ၏ အလယ်ပိုင်း၊ တောင်ပိုင်းနှင့် နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများမှာလည်း တားဆီးပိတ်ပင်၍ ဖျက်လိုဖျက်ဆီးပြုလုပ်ခြင်း၊ သို့မဟုတ် စစ်ရေးစစ်ရာအတွက် ပြောင်းလွဲအသုံးပြုခြင်းခံခဲ့ရကြောင်း ဖော်ပြခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွင်း ကုလသမဂ္ဂ၊ ဥရောပအဖွဲ့နှင့် ယခင်ယူဂိုစလားဗီးယားနိုင်ငံဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်၏ ပဲ့ကိုင်ကော်မတီတို့ ပူးပေါင်းကာ နိုင်ငံရေးဖြေရှင်းချက်တစ်ရပ် ရရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်မှုများမှာလည်း အရာမထင်ဖြစ်ခဲ့ရသည်။ ဘော့စနီးယား အရေးနှင့် ပတ်သက်၍ ဘက်စုံသဘောတူညီချက်အသစ် တစ်ရပ်မှာ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့တွင် ဘော့စနီးယား လွှတ်တော်က ပယ်ချလိုက်သဖြင့် ပျက်ပြားသွားခဲ့ရသည်။

အခြေအနေမှာ ၁၉၉၃ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း လုံခြုံရေးကောင်စီဆုံးဖြတ်ချက် – ၈၁၆ (၁၉၉၃) ဖြင့် ဘော့စနီးယား လေပြင်အတွင်း စစ်ရေးစစ်ရာလေယာဉ်ပျံသန်းမှုများ မပြုလုပ်ရန် တားမြစ်ပိတ်ပင်ချက်ကို ၂၅၇ ကြိမ်မျှ ချိုးဖောက်ခဲ့ကြသည်။ ဧပြီ၊ မေနှင့်ဇွန်သုံးလကာထက် ၁၃၂ ကြိမ်ပိုမိုများပြားခဲ့သည်။ စက်တင်ဘာ ၁ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီသည် ဂျီနီဗာမြို့တွင် နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် မင်းဖရက်ဝိုးနားနှင့် တွေ့ဆုံပြီး ဘော့စနီးယား ငြိမ်းချမ်းရေးနှင့် ဘော့စနီးယားရှိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးအဖွဲ့ (အန်ပရိုဖိုး)အား နေတိုးအဖွဲ့က ကူညီရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဘော့စနီးယား ငြိမ်းချမ်းရေးအစီအစဉ် တစ်ရပ်အတွက် နေတိုးအဖွဲ့နှင့် အန်ပရိုဖိုးအဖွဲ့တို့၏ အမြဲတန်းပူးတွဲစစ်ဦးစီးအဖွဲ့တစ်ဖွဲ့ တည်ထောင်ရေးကို စက်တင်ဘာ ၂၈ ရက်နေ့တွင် ဇာဂရက်မြို့၌ စဉ်းစားဆွေးနွေးခဲ့ကြသည်။

## အပြည်ပြည်ဆိုင်ရာ ခုံရုံးဖွဲ့စည်းရေး

ဤအတောအတွင်း ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၁၅ နှင့် ၁၇ ရက်နေ့များတွင် ကုလသမဂ္ဂ ညီလာခံကြီးသည် လုံခြုံရေးကောင်စီက ၁၉၉၁ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဘော့စနီးယားနိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာ လူမှုစာနာရေး ဥပဒေအရ ပြစ်မှုကြီးများ ကျူးလွန်ခဲ့သူတို့အား တရားစွဲဆိုစစ်ဆေးရေးအတွက် ဆုံးဖြတ်ချက် ၈၂၇ (၁၉၉၂) ဖြင့် ဖွဲ့စည်းခဲ့သော အပြည်ပြည်ဆိုင်ရာ ခုံရုံးအတွက် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၈၅၇ (၁၉၉၃) ဖြင့် ထောက်ခံတင်ပြခဲ့သော တရားသူကြီးများစာရင်းမှ တရားသူကြီး ၁၁ ဦးကို ရွေးချယ်ခန့်ထားပေးခဲ့ပေသည်။

၁၉၉၃ ခုနှစ်၊ ဇူလိုင် ၁ မှ အောက်တိုဘာ ၄ ရက်အတွင်း လုံခြုံရေးကောင်စီသည် ဘော့စနီးယားအရေးနှင့် ပတ်သက်၍ ၁၁ ကြိမ်မျှ တွေ့ဆုံဆွေးနွေးဆုံးဖြတ်ကာ ဆုံးဖြတ်ချက် ၆ ရပ်ချမှတ်ပြီး ကြေညာချက် ၅ စောင် ထုတ်ပြန်ခဲ့သည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၈၅၉ (၁၉၉၃) ကို ချမှတ်ပြီး ဘော့စနီးယား အခြေအနေသည် "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အန္တရာယ်" တစ်ရပ်ဖြစ်နေကြောင်း ပြောကြားကာ ပြိုင်ဘက်အုပ်စုများက ချက်ချင်းအပစ်အခတ်ရပ်စဲ၍ အားလုံးက လွတ်လပ်စွာ သဘောတူသော တရားမျှတ ပြည့်ဝသည့် နိုင်ငံရေးဖြေရှင်းချက် တစ်ရပ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံး ချမှတ်ချုပ်ဆိုကြရန် တိုက်တွန်းခဲ့လေသည်။ ထို့အပြင် ဘော့စနီးယားနိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် နိုင်ငံရေးလွတ်လပ်မှုတို့သည် တည်မြဲတည်ရှိကြောင်း အခိုင်အမာ အတည်ပြုပြောကြားခဲ့သည်။

ထို့မှ နောက်တွင် တိုးတက်မှုအချို့ရှိလာခဲ့သည်။ ၁၉၉၃၊ စက်တင်ဘာ ၁၄ ရက်တွင် ဘော့စနီးယား သမ္မတ ဘီဂိုဘစ်နှင့် ခရိုအေရှားသမ္မတ ဖရန်ဂျိုတပ်ဂျမင်း တို့က ဘော့စနီးယား – ဟာဇီဂိုဗီးနားပြည်ထောင်စုအတွင်း မွတ်စလင်အများစုသမ္မတနိုင်ငံနှင့် ခရိုအက်အများစု သမ္မတနိုင်ငံတို့၏ ပိုင်နက်နယ်မြေသတ်မှတ်ရေးအတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် သဘောတူညီခဲ့ကြသည်။ ယင်းတို့နှစ်ဦးအနေဖြင့် အပစ်အခတ်ရပ်စဲကြရန်လည်း သဘောတူခဲ့ကြသည်။ သို့သော်လည်း နောက်ပိုင်းတွင် ၄င်းသဘောတူညီချက်ကို ဖောက်ဖျက်ခဲ့ကြသည်။ ဘော့စနီးယားသမ္မတ ဘီဂိုဘစ်နှင့် ဘော့စနီးယား ဆာဘ်ခေါင်းဆောင် ဒေါက်တာ ကာရာဒစ်၏ ကိုယ်စားလှယ်ဖြစ်သူ မွမ်စီလိုကရာဂျိနစ် တို့ကလည်း အလားတူလုပ်ငန်း

အဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ပြီး ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲကြရန် သဘောတူခဲ့ကြသည်။

ထို့နောက်တစ်ဖန် ဘော့စနီးယား ပြိုင်ဘက်အုပ်စုများ၏ ဆွေးနွေးပွဲ တစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အေဒရီယာတစ် ပင်လယ်အတွင်း အိပ်ချ်အမ်အက်စ်အင်ဗင်းဆီးဘဲလ် စစ်သင်္ဘောပေါ်၌ ကျင်းပခဲ့ရာ သဘောတူညီချက်တစ်စုတစ်စည်းရရှိခဲ့ကြသည်။ ယင်းတစ်စုတစ်စည်းတွင် မူစလင်အများစု သမ္မတနိုင်ငံအတွက် ပင်လယ်သို့ ထွက်ပေါက်လမ်းတစ်လမ်းကို ခရိုအက်အများစု သမ္မတနိုင်ငံနယ်မြေကို ဖြတ်သန်းသွားစေရန် သဘောတူညီချက်တစ်ရပ် ထည့်သွင်းပြဋ္ဌာန်းပေးခဲ့သည်။ ထို့အပြင် မူစလင်အများစုဘက်နှင့် ဆာ့ဘ်အဖွဲ့တို့အကြား၌လည်း နယ်မြေညှိနှိုင်းမှုတစ်ရပ်ကို သဘောတူညီခဲ့ကြရာ ယင်းသဘောတူညီချက်အရ ဂိုရက်ဇဒီမြို့နှင့် ဗိုဆီဂရတ်မြို့များအကြား ဒရီနာမြစ်တစ်လျှောက် နယ်မြေအချို့ကို မူစလင်တို့ဘက်သို့ အပိုင်ဆောင်းပေးမည်ဖြစ်သည်။ သို့ဖြစ်စေကာမူလည်း ၄င်းအဆိုပြု သဘောတူညီချက်ကို ဘော့စနီးယားပါလီမန်က ၁၉၉၃၊ စက်တင်ဘာ ၂၉ ရက်နေ့တွင် ပယ်ချခဲ့ပြန်လေသည်။

**စစ်ရာဇဝတ်မှုခုံရုံး** – ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးတော်ကြီး (အိုင်စီဂျေ) က ယာယီစီမံချက်များဆိုင်ရာ ကြားဖြတ်အမိန့်တစ်ရပ်ကို ထုတ်ပြန်ကာ မျိုးတုံး မျိုးပြုတ်အောင်သတ်ဖြတ်သည့် ပြစ်မှုကျူးလွန်ခြင်းမျိုးကို ကာကွယ်တားမြစ်ရေးအတွက် ၄င်း၏ အာဏာစက်အတွင်းရှိသမျှ စီမံဆောင်ရွက်မှုများကို ချက်ချင်းပြုလုပ်ရန် ယူဂိုဆလပ်အစိုးရအား တောင်းဆိုလိုက်သည်။ မျိုးတုံးမျိုးပြုတ်အောင် သတ်ဖြတ်မှုများ၏ လက်ရှိအခြေအနေမှာ "ထိတ်လန့်တုန်လှုပ်ဖွယ်" ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ကမ္ဘာ့ရုံးတော်ကြီးကပြောကြားရာ၌ ၄င်း၏ ၈–၄–၉၃ ရက်စွဲပါ အမိန့်နှင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကိုယှဉ်လျက် ဘော့စနီးယား – ဟာဇီဂိုဗီးနားတွင် လူများအကြီးအကျယ် ဒုက္ခခံစားနေကြရပြီး အသက်သေဆုံးလျက်ရှိရကြောင်း၊ လောကနီတိတရားနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်၍ လူသားတစ်ရပ်လုံးအား စိတ်နှလုံးတုန်လှုပ်ချောက်ချားစေကြောင်းဟူ၍ ဖော်ပြခဲ့သည်။

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၇၈၀ (၁၉၉၂) ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော ကျွမ်းကျင်သူများကော်မရှင်အဖွဲ့သည် ၁၉၉၃၊ ဇူလိုင်မှ စက်တင်ဘာလအထိ ကာလပိုင်းအတွင်း အစည်းအဝေးနှစ်ကြိမ် ကျင်းပပြီး ယခင် ယူဂိုဆလပ်နယ်မြေအတွင်း၌ အပြည်ပြည်ဆိုင်ရာ လူမှုစာနာရေးဥပဒေနှင့် ဂျီနီဗာကွန်ဗင်းရှင်းစာချုပ်တို့အား ဖောက်ဖျက်ကျူးလွန်ရာရောက်ဖွယ်ရှိသည့် အပြုအမူများကို စစ်ဆေးသုံးသပ်ခဲ့ကြသည်။ ယင်းကော်မရှင်က ၁၉၉၃၊ ဇူလိုင် ၁၃ မှ ၁၄ ထိကျင်းပခဲ့သော ၄င်း၏ဆဋ္ဌမအစည်းအဝေး၌ လူများအား စုပြုံမြှုပ်နှံထားသော သင်္ချိုင်းများ၊ စနစ်တကျကာမကျူးလွန်မှုများ၊ အကျဉ်းထောင်စခန်းများနှင့် ယဉ်ကျေးမှုပစ္စည်းများနှင့် အရပ်ဘက်ဆိုင်ရာ ဝတ္ထုပစ္စည်းများအား ဖျက်ဆီးခြင်းစသည့်ကိစ္စများကို ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်တစ်ရပ်ကိုလည်း အခြားဆုံးဖြတ်ချက်များနှင့်အတူ ချမှတ်ခဲ့ပေသည်။

**ပြည်တွင်းစစ်ရပ်စဲရေးကြိုးပမ်းအားထုတ်မှု** – ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးဝန်ကြီးများနှင့် ယခင်ယူဂိုဆလားဗီးယားဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်၏ ပဲ့ကိုင်ကော်မတီပူးတွဲ သဘာပတိများနှင့် ဘော့စနီးယား ပြည်တွင်းစစ်ဆိုင်ရာ ပြိုင်ဘက်အုပ်စုများပါဝင်သော အစည်းအဝေးတစ်ရပ်ကို ဂျီနီဗာမြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ သဝဏ်လွှာတစ်စောင်ပေးပို့ရာ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဘော့စနီးယားနှင့် ခရိုအေးရှားရှိ ကုလသမဂ္ဂ ကာကွယ်မှုခံ ဒေသများတွင် တိုက်ခိုက်မှုများရပ်စဲကြပြီး စိတ်ဝမ်းကွဲပြား အငြင်းပွားမှုများကို အချင်းချင်း လိုက်လျောမှုများဖြင့် ဖြေရှင်းကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဘော့စနီးယား – ဟာဇီဂိုဗီးနား အရေးနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီသည် ၁၉၉၃၊ အောက်တိုဘာ ၅ မှ ဒီဇင်ဘာ ၃၁ ရက်နေ့အတွင်း တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ သုံးကြိမ် တွေ့ဆုံဆွေးနွေးကာ ဆုံးဖြတ်ချက်တစ်ရပ်နှင့် ကြေညာချက် သုံးစောင်တို့ကို ထုတ်ပြန်ခဲ့ပေသည်။

**ကုလသမဂ္ဂညီလာခံဆုံးဖြတ်ချက်များ** – ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ၄၈ ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၈/၈၈ ကို ထောက်ခံမဲ ၁၀၉ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၅၇ မဲဖြင့် ချမှတ်ပြီးလျှင် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၇၁၃ (၁၉၉၁) ဖြင့် ယခင် ယူဂိုဆလားဗီးယားနိုင်ငံအပေါ် လက်နက်များ ပိတ်ဆို့ထားခြင်းမှ ဘော့စနီးယား – ဟာဇီဂိုဗီးနားနိုင်ငံအား ကင်းလွတ်ခြင်းပြုရန် လုံခြုံရေးကောင်စီအား တိုက်တွန်းလိုက်သည်။ ဘော့စနီးယား – ဟာဇီဂိုဗီးနားနိုင်ငံက ၄င်း၏ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ကိုယ်ပိုင်ခုခံကာကွယ်ခွင့်ကို ကျင့်သုံးရာ၌ နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီးလျှင် ဆာဗီးယားတပ်များက ဘော့စနီးယားနှင့် ခရိုအေးရှား

နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာနယ်ခြားအား ဆက်လက်ဖောက်ဖျက်ကျူးကျော်နေခြင်းကို ရှုတ်ချခဲ့သည်။ ထို့အပြင် (ဆာဗီးယားနှင့် မွန်တီနီဂရိုတို့ပါဝင်သော) ယူဂိုဆလပ်ပြည်ထောင်စုသမ္မတနိုင်ငံက ဘော့စနီးယားဆာ့ဘ်တို့၏ ပြည်သူ့စစ်များအား စစ်လက်နက်များ၊ ပစ္စည်းကိရိယာများနှင့် ဝန်ဆောင်မှုများပေးနေခြင်းကို ချက်ချင်းရပ်စဲရေးအတွက် မဖြစ်မနေ အရေးယူဆောင်ရွက်ရန် လုံခြုံရေးကောင်စီအား တောင်းဆိုပြောကြားလိုက်သည်။

ကုလသမဂ္ဂညီလာခံကြီးက ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၄၈/၁၅၃ ကို ချမှတ်ပြီး ဘော့စနီးယား – ဟာဇီဂိုဗီးနား၊ ခရိုအေးရှားနှင့် ယူဂိုဆလားဗီးယားပြည်ထောင်စု သမ္မတနိုင်ငံတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှုတ်ချခဲ့သည်။ ထိုနေ့မှာပင် ဆုံးဖြတ်ချက်အမှတ် ၄၈/၁၄၃ ကို ချမှတ်ခဲ့ပြီး အထူးသဖြင့် ဘော့စနီးယား – ဟာဇီဂိုဗီးနားနိုင်ငံရှိ မူစလင်အမျိုးသမီးများနှင့် ကလေးများအပေါ်၌ စနစ်တကျ မုဒိန်းကျင့်မှုပြုခြင်းကို စစ်လက်နက်တစ်ခုအဖြစ်လည်းကောင်း၊ လူမျိုးနွယ်သန့်စင်ရေးကိရိယာ တစ်ခုအဖြစ်လည်းကောင်း အသုံးချနေသည်ကို ထိတ်လန့်ရွံရှာဖွယ်ရက်စက်ကြမ်းကြုတ်မှု တစ်ခုအဖြစ် ဖော်ပြလိုက်သည်။

ဘော့စနီးယား ပြိုင်ဘက်အုပ်စု သုံးစုနှင့် ဂျိနီဗာ၊ ဘဲလ်ဂရိတ်၊ ဆာရာယေဗိုနှင့် ဇာဂရက်မြို့များတွင် အထူးသဖြင့် ပင်လယ်သို့ထွက်လမ်းနှင့်ပတ်သက်၍ ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြောင်း ၁၉၉၃၊ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ပဲ့ကိုင်ကော်မတီပူးတွဲသဘာပတိများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ဤအရေးနှင့်ပတ်သက်၍ ဘော့စနီးယား မူစလင်များနှင့် ဘော့စနီးယား ခရိုအက်တို့အကြားတွင် ၄င်းလမ်းကို နီယွမ်ဒေသနှင့် စတိုလက်ဒေသ တစ်စိတ်တစ်ပိုင်းကို ဖြတ်သန်းသွားစေရန် ဆွေးနွေးစေ့စပ်ခဲ့ကြသော်လည်း ပြီးပြတ်ခြင်းမရှိခဲ့ပေ။ အခြားတစ်ဘက်တွင်မူ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ကုန်ဆုံးသည့်အချိန်၌ ပြိုင်ဘက်အုပ်စုများအားလုံးက ဘော့စနီးယား – ဟာဇီဂိုဗီးနားကို သမ္မတနိုင်ငံ သုံးနိုင်ငံပါဝင်သော ပြည်ထောင်စုအဖြစ်ဖွဲ့စည်းထည်ထောင်၍ မူစလင်အများစု သမ္မတနိုင်ငံက နယ်မြေတစ်ခုလုံး၏ ၃၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘော့စနီးယား ခရိုအက်တို့က ၁၇ ဒသမ ၅ ရာခိုင်နှုန်းရရှိရန် သဘောတူညီမှုရှိနေပြီဖြစ်ကြောင်း ပူးတွဲသဘာပတိများက ပြောကြားခဲ့ကြသည်။

**ဒုက္ခသည်များအရေးစိတ်မအေးဖွယ်** – ဒုက္ခသည်များအား ထောက်ပံ့ကယ်ဆယ်ရေးအတွက် ကုလသမဂ္ဂက ၁၉၉၃၊ အောက်တိုဘာလ ၈ ရက်နေ့တွင် လူပေါင်း ၄ သန်းကျော်အတွက် ဒေါ်လာသန်း ၇၀၀ ခန့် တန်ဖိုးရှိ အရေးပေါ်ထောက်ပံ့ရေး အကူအညီများကို ဖြန့်ချိ ပေးနိုင်ခဲ့သည်။ ကယ်ဆယ်ရေးပစ္စည်းများအတွက် မေတ္တာရပ်ခံချက်များအား တုံ့ပြန်မှုများမှာ အားရဖွယ်ဖြစ်သော်လည်း ယင်းအရေးပေါ်ထောက်ပံ့ရေးပစ္စည်းများအား အနှောင့်အယှက်မရှိ ချောမောစွာ ဖြန့်ဖြူးပေးပို့ရေးမှာ ပို၍ပို၍ စိတ်မအေးစရာဖြစ်လာခဲ့ရသည်။ လူမှုကယ်ဆယ်ရေးမော်တော်ယာဉ်တန်းများမှာ ပိတ်ဆို့ခြင်းခံခဲ့ကြရသည်။ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် လူမှုကယ်ဆယ်ရေးလုပ်သားများမှာ တမင်တကာ တိုက်ခိုက်သတ်ဖြတ်ခြင်းခံခဲ့ကြရပေရာ၊ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်နေ့အထိ ကုလသမဂ္ဂအကာအကွယ်ပေးရေးတပ်ဖွဲ့မှ တပ်သား ၅၉ ဦး ကယ်ဆယ်ရေးလုပ်သား ၁၀ ဦးမျှ အသက်ဆုံးရှုံးခဲ့ကြရသည်။

**ပြဿနာဖြေရှင်းရေး ဖြစ်ပေါ်တိုးတက်မှုများ** – ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အတွင်း အကျပ်ဆိုက်နေသော ယူဂိုဆလပ်အရေးနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီသည် တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ရှစ်ကြိမ်မျှတွေ့ဆုံဆွေးနွေးပြီး ဆုံးဖြတ်ချက်နှစ်ရပ်နှင့် ကြေညာချက်လေးရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ဤအတောအတွင်း ဘော့စနီးယားအရေးအခင်းကို စေ့စပ်ဆွေးနွေးမှုဖြင့် ဖြေရှင်းရေးအတွက် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလအတွင်းက အင်ဗင်းဆီးဘဲလ်စစ်သင်္ဘောပေါ်၌ တင်ပြခဲ့ကြသော သဘောတူညီရေးအဆိုပြုချက်များအပေါ် အခြေပြုကာ ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ၁၉၉၄၊ ဇန်နဝါရီ ၁၈ နှင့် ၁၉ ရက်များတွင် ဂျိနီဗာမြို့၌ ကျင်းပခဲ့သော ဆွေးနွေးပွဲများတွင် ဘော့စနီးယားသမ္မတ အစ်ဇက်ဘီဂိုဗစ်က မူစလင်အများစုသမ္မတနိုင်ငံအတွက် သမ္မတနိုင်ငံ သုံးနိုင်ငံ ပါဝင်သော ပြည်ထောင်စုနယ်မြေတစ်ခုလုံး၏ ၃၃ ဒသမ ၅၆ ရာခိုင်နှုန်းကို ရယူရန် ကမ်းလှမ်းထားကြကြောင်း ပြောကြားခဲ့သည်။ သို့ဖြစ်စေကာမူ ဘော့စနီးယားသမ္မတက နယ်မြေအကျယ်အဝန်းတစ်ခုလုံးကို ၃၃ ဒသမ ၃ ရာခိုင်နှုန်းတွင်သာ ထားရှိပြီး မူစလင်အများစုနယ်မြေအတွင်း၌ ဘော့စနီးယားအရှေ့ပိုင်း၊ အနောက်ပိုင်းနှင့် အလယ်ဗဟိုရှိ အချို့သောဒေသများအား ထည့်သွင်းပေးကာ မြေပုံကို ပြုပြင်ရေးဆွဲရန် အကြံပြုခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ မှ ၁၂ ရက်နေ့အထိ ဂျိနီဗာမြို့၌ ကျင်းပခဲ့ကြသော နောက်တစ်ကြိမ်ဆွေးနွေးပွဲ၌ "ပြိုင်ဘက်အုပ်စုသုံးခုလုံးက သမ္မတနိုင်ငံများပါဝင်သော ပြည်ထောင်စုတစ်ခုဖွဲ့စည်းခြင်းကို လက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့ကြသည်" ဟုပူးတွဲသဘာပတိများက

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဖော်ပြခဲ့သည်။ နောက်များ မကြာမီ မတ်လ ၁ ရက်နေ့တွင် ဘော့စနီးယားအစိုးရနှင့် ဘော့စနီးယားခရိုအက်တို့က ၄င်းတို့လက်တွင်ရှိ နယ်မြေများကို ပြည်ထောင်စုတစ်ခုအတွင်း ပူးပေါင်းထည့်သွင်းကြရန် သဘောတူညီချက်ရရှိခဲ့ကြသည်။ ယင်းသဘောတူညီချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကြိုဆို၍ ကုလသမဂ္ဂ၏ကမကထပြုမှုဖြင့် ဝါရှင်တန်မြို့၌ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးခဲ့ ကြသည်။

တစ်ချိန်တည်းတွင် တူဇလာလေယာဉ်ကွင်းအား ပြန်လည်ဖွင့်လှစ်ရန် ပြိုင်ဘက်အုပ်စုများက ၁၉၉၄၊ မတ်လ ၁ ရက်နေ့တွင် သဘောတူညီခဲ့ကြခြင်းကို ပဲ့ကိုင်ကော်မတီ ပူးတွဲသဘာပတိများက ကြိုဆိုခဲ့ကြသည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၀၀ (၁၉၉၄) ကို ချမှတ်ကာ ဆာရာယေဗိုမြို့တွင်းနှင့်ဝန်းကျင်ဒေသတွင် အပစ်အခတ်ရပ်စဲထားမှုကို အခိုင်အမာပြုလုပ်ရေးအတွက် ဘော့စနီးယား အရေးအခင်းဆိုင်ရာ ပြိုင်ဘက်အုပ်စုများအနေဖြင့် ကုလသမဂ္ဂ အကာအကွယ်ပေးရေးတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည်။ မတ်လ ၁၆ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တင်ပြရာ၌ ဘော့စနီးယား အစိုးရတပ်များနှင့် ဘော့စနီးယားဆာ့ဘ်တပ်များက ဆာရာယေဗိုမြို့တွင်းမြို့ပြင်တစ်ဝိုက်ရှိ ၄င်းတို့၏ လက်နက်ကြီးများအား ရုပ်သိမ်းခြင်း သို့မဟုတ် ကုလသမဂ္ဂတပ်ဖွဲ့ ထိန်းသိမ်းမှုအောက်တွင် ထားရှိခြင်းပြုခဲ့ကြပြီးဖြစ်ကြောင်း ဖော်ပြခဲ့လေသည်။

**နေတိုးလေယာဉ်များအသုံးပြုရေး –** ၁၉၉၄ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် ဆာရာယေဗိုမြို့ရှိ ဗဟိုလေဟာပြင်ဈေးကို မော်တာများဖြင့် အပြင်းအထန်ပစ်ခတ် တိုက်ခိုက်ရာ အရပ်သား ၅၈ ဦးသေဆုံး၍ ၁၄၂ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြသည်။ ယင်းကိစ္စကို "စက်ဆုတ်ရွံရှာဖွယ်ကောင်းသော အကြမ်းဖက်မှု" ဟူ၍ ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ဖေဖော်ရီ ၄ ရက်နေ့တွင် ဒိုဗရင်ဂျာမြို့ ဆင်ခြေဖုံးရပ်ကွက်မှာလည်း အလားတူ ပစ်ခတ်တိုက်ခိုက်ခြင်းခံရ၍ ၁၀ ဦး သေပြီး ၁၈ ဦး ဒဏ်ရာရခဲ့သည်။ မတ်လ ၁၄ ရက်နေ့တွင်လည်း ဘောစနီးယား ဆာဘ့်တို့က မက်(ဂျ်) လတ်(ဂျ်)မြို့ရှိ အရပ်သားများအား အမြောက်ကြီးများဖြင့် အရမ်းကာရော ပစ်ခတ်ခြင်းကို လုံခြုံရေးကောင်စီက ပြင်းထန်စွာရှုတ်ချပြီး ဘော့စနီးယား ဆာ့ဘ်တို့က ၄င်းမြို့အား ၉ လကြာ ဝိုင်းဝန်းပိတ်ဆို့ထားခြင်းကို ချက်ချင်းရပ်စဲရန် တောင်းဆိုခဲ့သည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ယာဆူရှိအကာရိုက သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်မှုကိုအကာအကွယ်ပေးရန်အတွက်ဖေဖော်ဝါရီလ ကုန်ဆုံးချိန်တွင် နေတိုးအဖွဲ့၏ လေယာဉ်များကို ပထမဆုံး အကြိမ်အဖြစ် ခေါ်ယူအသုံးပြုခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုအခါက ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် နေတိုးတပ်ဖွဲ့များက ဘင်ဂျာလူကာမြို့အနီးတွင် လေယာဉ်လေးစီးကို ပစ်ချခဲ့သည်။ ဆာရာယေဗိုမြို့အား တိုက်ခိုက်နေခြင်းများကို ရပ်စဲပစ်ရေးအတွက် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ပေးရန် ကုလသမဂ္ဂမှ မေတ္တာရပ်ခံလျှင် ဆောင်ရွက်ပေးရန် နေတိုးအဖွဲ့က ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်နေ့တွင် ဆုံးဖြတ် ခဲ့သည်။ လုံခြုံရေးကောင်စီက ဘော့စနီးယား– ဟာဇီဂိုဗီးနား လေပြင်၌ ခွင့်ပြုချက်မရှိသော လေယာဉ်ပျံသန်းမှုကို ပိတ်ပင်ထားရာ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁၂ မှ မတ်လ ၃၁ ရက်အတွင်း ကျူးကျော်ချိုးဖောက်ပျံသန်းမှု အကြိမ်ပေါင်း ၄၀၅ ကြိမ်ခန့်ရှိခဲ့သည်။

**ယူဂိုဆလားဗီးယားအားပိတ်ဆို့မှုလျှော့ပေးခြင်း –** ယူဂိုဆလားဗီးယားနိုင်ငံက ဘော့စနီးယားနှင့် ယူဂိုဆလားဗီးယား နယ်စပ်ကို ပိတ်ပစ်လိုက်ခြင်းနှင့် ငြိမ်းချမ်းရေး အစီအစဉ်ကို ဘော့စနီးယားဆာဘ်တို့က ငြင်းပယ်ခြင်းကြောင့် ဘော့စနီးယား ဆာဘ်တို့အား ချုပ်ချယ်လိုက်ခြင်းအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယူဂိုဆလားဗီးယားနိုင်ငံအား ပိတ်ဆို့အရေးယူထားခြင်းကို လျှော့ပေးရေးအတွက် ၁၉၉၄၊ စက်တင်ဘာ ၂၃ ရက်နေ့တွင် ထောက်ခံမဲ ၁၁ မဲ၊ ကန့်ကွက်မဲ ၂ မဲ၊ (ဂျိဘူတီနှင့်ပါကစ္စတန်)၊ ကြားနေမဲ ၂ မဲ (နိုင်ဂျီးရီးယားနှင့်ရဝမ်ဒါ)ဖြင့် အတည်ပြုချမှတ်လိုက်သည်။ တင်းကျပ်စွာ ပိတ်ဆို့အရေးယူရေးအဆိုကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၁ မဲ (တရုတ်) ဖြင့် အတည်ပြုခဲ့သည်။ လူမျိုးစုံသုတ်သင်ရှင်းလင်းခြင်းအား ပြစ်တင်ရှုတ်ချခြင်းကိုမူ လုံခြုံရေးကောင်စီဝင်အားလုံးက တစ်ခဲနက်ထောက်ခံခဲ့ကြသည်။ ဤအရေးယူမှုကို လျှော့ပေးရန် သဘောတူချက်သည် အမြဲတမ်းမဟုတ်ဘဲ ရက်ပေါင်း ၁၀၀ အတွက်သာဖြစ်သည်။

## ဆိုမားလီးယား ပြည်တွင်းငြိမ်းချမ်းရေးပြဿနာ

မိုဂါဒစ်ရှူးမြို့တစ်ဝိုက်တွင် ကင်းလှည့်နေသော ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် ပြင်းထန်သော တိုက်ခိုက်မှုများအရှိန်မြင့်မားလာစဉ် လုံခြုံရေးကောင်စီက ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၈၆၆ (၁၉၉၃) ကို ချမှတ်ပြီးလျှင် ဆိုမားလီးယားရှိ ကုလသမဂ္ဂလုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ် – ၂) ၏ လုပ်ငန်းများကို ၁၉၉၅ ခုနှစ်၊

မတ်လတွင် အလုံးစုံပြီးစီးနိုင်ရန် ယင်းတပ်ဖွဲ့၏ရည်ရွယ်ချက်များအား အောင်မြင်စွာပြည့်ဆည်းပေးရန် အရေးကြီးပုံကို အတည်ပြုခဲ့သည်။ ယင်းရည်ရွယ်ချက်များမှာ လူမှုကယ်ဆယ်ရေးအကူအညီများပေးခြင်းကို ချောမောပြေပြစ်အောင်ပြုလုပ်ပေးပြီး တရားဥပဒေစိုးမိုးရေးအခြေအနေကို ပြန်လည်ဖော်ဆောင်ကာ လွတ်လပ်၍ ဒီမိုကရေစီနည်းကျသည့် အချုပ်အခြာအာဏာပိုင် ဆိုမားလီးယားနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ပေါင်းစည်းရေးတည်ဆောက်ရန်ပင်ဖြစ်ကြောင်း လုံခြုံရေးကောင်စီက ဖော်ပြခဲ့သည်။

**လက်နက်ဖြုတ်သိမ်းရေး –** ၁၉၉၃ ခုနှစ်၊ ဩဂုတ်လအလယ်ပိုင်းခန့်တွင် ကုလသမဂ္ဂလုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ်) သည် ၄င်း၏ မူလအရင်းခံလုပ်ငန်းတာဝန်ဖြစ်သော လူမှုကယ်ဆယ်ရေးအကူအညီပေးရေးမှ သွေဖည်၍ စစ်ဆင်ရေးလုပ်ရပ်များကို လုပ်ကိုင်လျက်ရှိကြောင်း အချို့သူများက ဝေဖန်ပြောဆိုခဲ့ကြခြင်းကို တုံ့ပြန်သည့်အနေဖြင့် အတွင်းရေးမှူးချုပ်က ယူနိုဆုမ်သည် ၄င်း၏ အခြားသောတာဝန်များကို ပြည့်ဆည်းလုပ်ဆောင်နိုင်ခြင်းငှါ အားလုံးသောအုပ်စုများနှင့် စစ်ခေါင်းဆောင်များအား ထိရောက်စွာလက်နက်ဖြုတ်သိမ်းရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ကုလသမဂ္ဂလုပ်ငန်းတာဝန်များကို ညီညွတ်သောဆိုမာလီကွန်ဂရက် / ဆိုမာလီအမျိုးသားမဟာမိတ်အဖွဲ့ (ယူအက်စ်စီ / အက်စ်အင်အေ) ဟူ၍ ခေါ်ဝေါ်သောဗိုလ်ချုပ်ကြီး အိုင်ဒစ်၏ ခါးပိုက်ဆောင်တပ်များက နေ့စဉ်နှင့်အမျှ နည်းမျိုးစုံဖြင့် နှောင့်ယှက်လျက်ရှိကြောင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မစ္စတာဟောင်းက ၁၉၉၃၊ စက်တင်ဘာ ၁၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဆိုမားလီးယားတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတည်ဆောက်ရန်မှာ လက်နက်များမဖြုတ်သိမ်းဘဲ မရနိုင်ကြောင်း အတွင်းရေးမှူးချုပ်က တင်ပြခဲ့သည်။ လက်နက်ဖြုတ်သိမ်းရေးကို လုံခြုံရေးကောင်စီနှင့် အခြားများစွာသော နိုင်ငံတကာအဖွဲ့အစည်းများအပြင် ဆိုမာလီနိုင်ငံရေးပါတီခေါင်းဆောင်များကိုယ်၌က သဘောတူခဲ့ကြသည်။

အခြေအနေမှာ မိုဂါဒစ်ရှုးတောင်ပိုင်းတွင် အကြီးစား၊ အလတ်စားနှင့် အသေးစားလက်နက်များ အလွန့်အလွန်မြောက်မြားစွာရှိနေကြောင်း ထင်ရှားစွာသိရသည်။ ဆိုမားလီးယားနိုင်ငံ၏ အခြားနေရာဒေသများတွင် လက်နက်များဖြုတ်သိမ်းမှုမှာ တိုးတက်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တင်ပြခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လကုန်အထိ ရှစ်လအတွင်း၌ စုပေါင်းတပ်ဖွဲ့ (ယူနီတပ်ဖ်) နှင့်ယူနိုဆုမ် တို့က တန်ချိန်ရာပေါင်းများစွာသော လက်နက်ခဲယမ်းများကို ဖယ်ရှားခြင်း၊ သို့မဟုတ် ဖျက်ဆီးခြင်းပြုခဲ့ကြသည်။

**နိုင်ငံရေးပြန်လည်သင့်မြတ်မှုရရှိရေး –** ဆိုမားလီးယားနိုင်ငံတွင် နိုင်ငံရေးပြန်လည်သင့်မြတ်မှုရရှိရေးအတွက် အက်ဒစ်အဘာဘာသဘောတူညီချက်ကို အခြေခံထား၍ ဆက်လက်ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။ ဤသဘောတူညီချက်တွင် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကုန်ဆုံးမည့် ၂ နှစ်တာ အသွင်ကူးပြောင်းရေးကာလအတွင်း ခရိုင်နှင့်ဒေသကောင်စီများတည်ထောင်ရေးနှင့် ဆိုမားလီးယားတွင် အဓိကနိုင်ငံရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်မည့် ကိုယ်စားလှယ်အဖွဲ့ဝင် ၇၄ ဦး ပါဝင်မည့် အသွင်ကူးပြောင်းရေးအမျိုးသားကောင်စီတစ်ရပ်ဖွဲ့စည်းတည်ထောင်ရန် ပြဋ္ဌာန်းချက်နှင့် အခြားပြဋ္ဌာန်းချက်များပါဝင်သည်။ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လအကုန်တွင် ဆိုမားလီးယားနိုင်ငံရှိ ၉၂ ခရိုင်အနက် ၂၁ ခရိုင်၌ ခရိုင်ကောင်စီများ အလုပ်လုပ်ကိုင်လျက်ရှိနေခဲ့ကြပြီဖြစ်သည်။ ဤအတောအတွင်း ဆိုမားလီးယားနိုင်ငံတောင်ပိုင်းရှိ ကစ္စမာယိုဆိပ်ကမ်းမြို့၌ ဩဂုတ်လ ၆ ရက်နေ့တွင် ဂျူဘာလန်ငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ဤဒေသရှိမျိုးနွယ်စု ၂၀ ကျော်တို့အကြား ဖြစ်ပွားနေသော တိုက်ခိုက်မှုများကို ရပ်စဲရန် သဘောတူခဲ့ကြသည်။ ကစ္စမာယို၊ ဘာဒိုရာနှင့် မိုဂါဒစ်ရှုးသုံးမြို့နယ်စပ်ကြား တြိဂံဒေသအတွင်း လူများတော်မှတ်ခေါင်းပါး၍ လူများအတားအဆီးမရှိ သေဆုံးနေကြခြင်းအခြေအနေမှာ ယခုအခါ၌ မိုဂါဒစ်ရှုးမြို့တောင်ဘက်တစ်နေရာ၌သာရှိတော့သည်ဟူ၍ ကုလသမဂ္ဂဆိုင်ရာဆိုမားလီးယား အမြဲတမ်းမစ်ရှင်အဖွဲ့၏ ယာယီတာဝန်ခံက ၁၉၉၃၊ စက်တင်ဘာ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

**ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များတိုက်ခိုက်ခံရမှု –** ၁၉၉၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် လမ်းတစ်လမ်းပေါ်၌ ပုန်းကွယ်ချောင်းမြောင်းတိုက်ခိုက်ခံရ၍ ပါကစ္စတန်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်သား ၂၄ ဦး အသက်ဆုံးရှုံးရမှုဖြစ်ပွားပြီးနောက်တစ်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၈၃၇ (၁၉၉၃) ကို ချမှတ်ကာ ယင်းတိုက်ခိုက်မှုသည် ဗိုလ်ချုပ်ကြီး အိုင်ဒစ်၏ တပ်သားများက ကြိုတင်ပြင်ဆင်ပြုလုပ်ခြင်းဖြစ်သည်မှာ ထင်ရှား၍ ရှုတ်ချကြောင်း ဖော်ပြပြီးလျှင် ယူနိုဆုမ်(၂)တပ်ဖွဲ့အား ၄င်းတိုက်ခိုက်မှုကို ပြုလုပ်သူများအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ပစ်ဒဏ်ပေးခြင်းအပါအဝင် လိုအပ်သောနည်းလမ်းအားလုံးဖြင့် အရေးယူရန် အခွင့်အာဏာပေးအပ်လိုက်သည်။ ဤတွင်

ယူနီဆုမ်တပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့တို့က ဆိုမာလီ အမျိုးသားပေါင်း ၇၄၀ ကိုဖမ်းဆီးခဲ့သည်။ သို့သော် လူပေါင်း ၆၉၈ ဦးကို နိုဝင်ဘာ ၁၂ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။

ထို့နောက် ၁၉၉၃၊ အောက်တိုဘာ ၃ ရက်နေ့တွင် အမေရိကန်တပ်သားများ လမ်းပေါ်တွင် အပြင်းအထန် ပစ်ခတ်တိုက်ခိုက်ခြင်းခံကြရသည့်တွင် တပ်သား ၁၈ ဦး သေဆုံး၍ ၇၅ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ အမေရိကန် ရဟတ်ယာဉ်မောင်းသူတစ်ဦးမှာ ဖမ်းဆီးခြင်းခံရပြီးနောက် ၁၁ ရက်အကြာ အောက်တိုဘာ ၁၄ ရက်နေ့တွင် နိုင်ဂျီးရီးယား နိုင်ငံသား ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်သား တစ်ဦးနှင့်အတူ လွှတ်ပေးလိုက်သည်။ ဤတွင် အမေရိကန်နိုင်ငံက ၄င်း၏ တပ်သားအားလုံးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရုတ်သိမ်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အခြားသော နိုင်ငံအချို့ကလည်း အလားတူကြေညာခဲ့ကြသည်၊ လုံခြုံရေး ကောင်စီကမူ နိုဝင်ဘာ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ချက် ၈၈၅ (၁၉၉၃) ကို ချမှတ်ပြီး ယူနီဆုမ် (၂) တပ်သားများ လက်နက်ဖြင့် တိုက်ခိုက်ခြင်းခံရမှုများကို စုံစမ်းစစ်ဆေးရန် အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်း ထည်ထောင်ရန် အခွင့်အာဏာပေးအပ်လိုက်သည်။

ဆက်လက်၍ လုံခြုံရေးကောင်စီက ၁၉၉၃၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဆုံးဖြတ်ချက် ၈၈၆ (၁၉၉၃) ကို တညီ တညွတ်တည်းချမှတ်၍ ယူနီဆုမ်တပ်ဖွဲ့၏ သက်တမ်းကို ၁၉၉၄၊ မေလ ၃၁ ရက်အထိ တိုးပြီးလျှင် လူမှုကယ်ဆယ် ရေးလုပ်ငန်းနှင့် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်း လုပ်ကိုင် နေသူများအား အကြမ်းဖက်ကာ လက်နက်ကိုင် တိုက်ခိုက် သူများအား ပြစ်တင်ရှုတ်ချလိုက်သည်။ ထို့အပြင် ဆိုမာလီ အုပ်စုများအား အက်ဒစ္စအဘာဘာ သဘောတူညီချက်များကို ချက်ချင်းလိုက်နာကျင့်သုံးပြီး နိုင်ငံရေး ပြန်လည် သင့်မြတ်မှု၊ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုတို့ ရရှိရေးအတွက် အရှိန် အဟုန် တိုးတက်မြင့်တင် လုပ်ဆောင်ကြရန် တိုက်တွန်း ပြောကြားခဲ့သည်။ ထို့မှတစ်ပါး လုံခြုံရေးကောင်စီက ၁၉၉၂၊ ဇန်နဝါရီ ၂၃ ရက်နေ့တွင် ဆိုမားလီးယားနိုင်ငံသို့ လက်နက်နှင့် စစ်ဘက်ပစ္စည်းကိရိယာများ တင်ပို့ခြင်းမပြုရန် ပိတ်ဆို့ တားမြစ်လိုက်ခြင်းကို နိုင်ငံများက အပြည့်အဝ လိုက်နာ ကျင့်သုံးကြရန် တောင်းခံပြောကြားလိုက်သည်။

အထက်ပါ လုံခြုံရေးကောင်စီ၏ အရေးယူ ဆောင်ရွက် မှုများမတိုင်မီ ၁၉၉၃၊ အောက်တိုဘာ ၃ ရက်နေ့တွင် အမေရိကန်တပ်သားများ ပစ်ခတ်ခံရပြီးနောက် အောက်တိုဘာ ၉ ရက်နေ့တွင် ယူအက်စ်စီနှင့် အက်စ်အင်အေပါတီများ (ဗိုလ်ချုပ်ကြီးအိုင်ဒစ်၏အဖွဲ့များ) က အပစ်အခတ်ရပ်စဲကြောင်း တစ်ဖက်သတ်ကြေညာခဲ့သည်။ ဤကြေညာချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က နိုဝင်ဘာ ၁၂ ရက်နေ့တွင် ကြိုဆိုခဲ့သည်။ သို့ဖြစ်စေကာမူ ယူနီဆုမ် နှစ်တပ်ဖွဲ့က မိုဂါဒစ်ရှူ လုံခြုံရေးအကြံပေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး ဆိုမားလီးယားအုပ်စုအားလုံးကို ဖိတ်ခေါ်ခဲ့ရာ ယူအက်စ်စီ/ အက်စ်အင်အေပါတီများက ၄င်းကော်မတီအား သပိတ် မှောက်ခဲ့ကြသည်။

ထို့နောက် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်မှ ၁၁ ရက် နေ့အထိ ဆိုမားလီးယားအုပ်စု ၁၂ စုနှင့် ဆိုမာလီ အမျိုးသား မဟာမိတ်အဖွဲ့တို့၏ နိုင်ငံရေးအစည်းအဝေးတစ်ရပ်ကို အီသီယိုးပီးယားအစိုးရ၏ ဖိတ်ကြားချက်အရ အက်ဒစ္စ အဘာဘာမြို့တွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးမှ မည်သည့်အကျိုးရလဒ်မှ ဖြစ်ပေါ်ခဲ့ခြင်းမရှိပေ။ ခရိုင်နှင့် ဒေသဆိုင်ရာကောင်စီများနှင့်ပတ်သက်၍ အပြင်းအထန် သဘောကွဲလွဲခဲ့ကြ၍ အခြားသဘောကွဲလွဲမှုများလည်း ရှိခဲ့သည်။

ဆိုမားလီးယားနိုင်ငံတွင်း ဒုက္ခသည်များ ပြဿနာမှာ ရောမကြီးမားလျက်ရှိဆဲဖြစ်၍ နိုင်ငံတကာမှ တိုးတက်ကူညီ ထောက်ပံ့ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ၁၉၉၃ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်နေ့တွင် မေတ္တာရပ်ခံခဲ့သည်။ (၄၈) ကြိမ်မြောက် ညီလာခံကြီးကလည်း ဒီဇင်ဘာ ၂၁ ရက် နေ့တွင် ဆိုမားလီးယားနိုင်ငံအား လူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကိစ္စအမျိုးမျိုးအတွက် နိုင်ငံတကာမှ ကူညီ ထောက်ပံ့ကြရန် မေတ္တာရပ်ခံခဲ့သည်။ (ဆုံးဖြတ်ချက် ၄၈/ ၂၀၁)။

၁၉၉၃ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ၈၈၆ (၁၉၉၃) အရ ကုလသမဂ္ဂ အတွင်း ရေးမှူးချုပ်က ဆိုမားလီးယားနိုင်ငံတွင် ယူနီဆုမ်တပ်ဖွဲ့ အတွက် အနာဂတ်လုပ်ငန်း ဦးတည်ချက် မဟာဗျူဟာ တစ်ရပ်ကို ရေးဆွဲတင်ပြခဲ့ရာ ၁၉၉၄၊ ဖေဖော်ဝါရီ ၄ ရက် နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၈၉၇ (၁၉၉၄) ကို ချမှတ်ပြီး အချက် ၇ ချက်ပါ လုပ်ငန်းတာဝန်များကို လုပ်ဆောင်ပေးအပ်လိုက်သည်။ ယင်းတို့တွင်–

(က) ဆိုမာလီပါတီအဖွဲ့အစည်းများအား လက်နက် ဖြုတ်သိမ်းမှု ရရှိ၍ အပစ်အခတ် ရပ်စဲရေးကို ရိုသေလေးစားမှုရရှိအောင် ကူညီရေး၊

(ခ) နိုင်ငံတစ်ဝန်းလုံးတွင် လူမှု ကယ်ဆယ်ရေး ထောက်ပံ့မှုများပေးရန် ဆက်လက်အားထုတ် လုပ်ဆောင်ရေးနှင့်

(ဂ) နောက်ဆုံးတွင် ဒီမိုကရေစီနည်းကျ ရွေးချယ် တင်မြှောက်သော အစိုးရအဖွဲ့တစ်ဖွဲ့ ပေါ်ထွန်း

ရေးသို့ ဦးတည်သည့် နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို ကူညီဖေးမပေးရန်
စသည်တို့ ပါဝင်သည်။

## အရှေ့အလယ်ပိုင်း အာရပ်–အစ္စရေးပြဿနာ

၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် ဝါရှင်တန်မြို့၌ ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးစာချုပ်ကိုအစ္စရေးနှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) တို့ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီ တက်ရောက်ခဲ့သည်။ နောက်တစ်နေ့ (၁၄–၉–၉၃) တွင် အတွင်းရေးမှူးချုပ်က ပီအယ်လ်အိုအဖွဲ့ ဥက္ကဋ္ဌ မစ္စတာအာရာဖတ်အား နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံရာ၌ ဖော်ပြပါစာချုပ်ချုပ်ဆိုခြင်းအတွက် ချီးကျူးဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် အဆိုပါစာချုပ်အား အကောင်အထည်ဖော်ရာ၌ ကုလသမဂ္ဂ အဖွဲ့အစည်းများက ကူညီရန် အသင့်ရှိကြောင်း အတွင်းရေးမှူးချုပ်က မစ္စတာအာရာဖတ်အား အတည်ပြုပြောကြားခဲ့သည်။ ယင်းစာချုပ်၌ ပါလက်စတိုင်းတွင် အပြည်ပြည်မှ ကိုယ်စားလှယ်များရှိရန် ရည်ညွှန်းချက်တစ်ရပ် ပါရှိသည်။

အထက်ပါ အစ္စရေး–ပီအယ်လ်အိုစာချုပ်အရ ပါလက်စတိုင်းတွင် ကြားဖြတ်ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းတစ်ခုကို ငါးနှစ်ထက် မပိုလွန်သော အသွင်ကူးပြောင်းရေးကာလအတွက် ဖွဲ့စည်းတည်ထောင် ထားရှိပြီး နောက်ဆုံးတွင် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၂၄၂ (၁၉၆၇) နှင့် ဆုံးဖြတ်ချက် ၃၃၈ (၁၉၇၃) တို့အပေါ်တွင် အခြေပြုသည့် အမြဲတမ်း ငြိမ်းချမ်းရေး သဘောတူစာချုပ်ချုပ်ဆိုရေးသို့ ဦးတည်ရန် ပြဋ္ဌာန်းထားရှိသည်။

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် (၄၈) ကြိမ်မြောက် ကုလသမဂ္ဂညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၈/၅၈ ကို ထောက်ခံမဲ ၁၅၅ မဲ၊ ကန့်ကွက်မဲ ၃ မဲ (အီရန်၊ လက်ဗနွန်၊ ဆီးရီးယား) နှင့် ကြားနေမဲ ၁ မဲ (လစ်ဗျား) ဖြင့် ချမှတ်ကာ စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်နေ့များတွင် အသီးသီးချုပ်ဆိုသော အစ္စရေး–ပီအယ်လ်အိုနှင့် အစ္စရေး–ဂျော်ဒန်စာချုပ်များကို ကောင်းချီးပေးပြီးလျှင် အရှေ့အလယ်ပိုင်းဒေသ၌ ဆက်လက် ပြုလုပ်နေကြသော အာရပ်–အစ္စရေး စေ့စပ်ဆွေးနွေးမှုများ အလျင်အမြန်တိုးတက်ရန် လိုအပ်ကြောင်း အလေးအနက် ပြောကြားလိုက်သည်။ ထို့နောက်တစ်ဖန် ၁၉၉၃၊ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ညီလာခံကြီးက ပါလက်စတိုင်းပြဿနာနှင့် ပတ်သက်၍ အမှတ် ၄၈/၁၅၈ အေမှ ဒီအထိ ဆုံးဖြတ်ချက်လေးရပ် ချမှတ်ပြီးလျှင် ယင်းပြဿနာအား ငြိမ်းချမ်းစွာဖြေရှင်းရန် လိုအပ်ပုံကို ထပ်လောင်းအတည်ပြုခဲ့သည်။ ဆုံးဖြတ်ချက် ၄၈/၁၂၅ ဒီတွင် ညီလာခံကြီးက ငြိမ်းချမ်းရေးရရှိရေးအတွက် မူဘောင်ချက်ကို ထပ်လောင်းအတည်ပြုဖော်ပြခဲ့သည်။ ယင်းမူများတွင် သိမ်းပိုက်ထားသော ပါလက်စတိုင်းနယ်မြေမှ အစ္စရေးက ဆုတ်ခွာရေး၊ ထိုဒေသရှိနိုင်ငံအားလုံးအတွက် လုံခြုံရေး အစီအစဉ်များ ပြုလုပ်ရေးနှင့် ဘာသာရေးဆိုင်ရာ မြင့်မြတ်သော နေရာဌာနများသို့ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ရေးတို့ကို အာမခံချက်ပေးရန်တို့ ပါဝင်သည်။

ထို့နောက်တွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့က ဂါဇာဒေသနှင့် ဂျေရီကိုမြို့တို့တွင် ကိုယ်ပိုင်အုပ်ချုပ်မှု တည်ထောင်ရေးကိစ္စများကို ဆက်လက်ဆောင်ရွက်နေကြစဉ် ၁၉၉၄၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် အနောက်ဘက်ကမ်း ဟီဘရွန်မြို့ရှိ အီဘရာဟင် ဗလီကျောင်းအတွင်းသို့ လူတစ်ယောက်က ဝင်ရောက်ပြီး ပစ်ခတ်ရာ ဘုရားဝတ်ပြုနေသူ ပါလက်စတိုင်းအရပ်သား ၅၀ ဦး အသက်ဆုံးရှုံးခဲ့ကြပြီး လူပေါင်း ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြသည်။ ဤဖြစ်ရပ်ကို ထိုနေ့မှာပင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် (၄၈) ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံ သဘာပတိတို့က အပြင်းအထန်ဆုံး စကားလုံးများသုံးကာ ပြစ်တင်ရှုတ်ချခဲ့ကြသည်။ လုံခြုံရေးကောင်စီက ဤအရေးကို ၁၉၉၄၊ ဖေဖော်ဝါရီ ၂၈ မှ မတ် ၂ ရက်နေ့အထိ ဆွေးနွေးခဲ့သည်။ ပါလက်စတိုင်းတို့က အစ္စရေးတို့ သိမ်းပိုက်ထားသော နယ်မြေများအတွင်း အခြေချ နေထိုင်သူများထံမှ လက်နက်များ ဖြုတ်သိမ်းပြီး အခြေချ နေထိုင်ရာ ရပ်ကွက်များကို ဖျက်သိမ်းပစ်ရန် တောင်းဆိုခဲ့သည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၀၄ (၁၉၉၄) ကို ချမှတ်ကာ "ဟီဘရွန်မြို့ လူသတ်ပွဲကြီး" ကို ပြင်းထန်စွာ ရှုတ်ချလိုက်သည်။ ထို့အပြင် အစ္စရေးနိုင်ငံအား အရေးယူ ဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ရန် တောင်းဆိုရာ၌ အခြေချ နေထိုင်ကြသော အစ္စရေးအမျိုးသားများက မတရား အကြမ်းဖက်မှုများ မပြုလုပ်နိုင်အောင် ကာကွယ်ရေးအတွက် လက်နက်များကို သိမ်းယူရန် ပြောကြားခဲ့သည်။ ၁၉၉၃၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် အစ္စရေးနှင့် ပီအယ်လ်အိုတို့ လက်မှတ်ရေးထိုးခဲ့ကြသော ပါလက်စတိုင်း ကြားဖြတ် ကိုယ်ပိုင်အုပ်ချုပ်ရေး အစီအစဉ်များဆိုင်ရာ မူဝါဒများ ကြေညာချက်ကို မဆိုင်းမတွ အကောင်အထည်ဖော်ရန်လည်း တိုက်တွန်းလိုက်သည်။

## အီရတ်က လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ လိုက်နာဆောင်ရွက်ရေးပြဿနာ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၇၁၅ (၁၉၉၁) အရ အီရတ်နိုင်ငံက လူများကို အစုလိုက်အပြုံလိုက် သေစေနိုင်သောလက်နက်များ မရရှိစေရေးကိစ္စနှင့် စပ်လျဉ်း၍ အီရတ်နိုင်ငံအား လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကော်မရှင်၏ အမှုဆောင်ဥက္ကဋ္ဌ မရော့ဖ်အီကေးယာ့စ်နှင့် အီရတ် ဒုတိယဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးကြပြီးနောက် အီရတ်နိုင်ငံက ဒုံးလက်နက်များ စမ်းသပ်ရေးစခန်းနှစ်ခု၌ စောင့်ကြပ်ကြည့်ရှုရေး ဓာတ်ပုံရိုက်ကင်မရာများ တပ်ဆင်ထားရှိရေးကို သဘောတူခဲ့သည်။ ယင်းကင်မရာများအား စက်ဖွင့်ထားခြင်းကိုတားဆီးပိတ်ပင်ခြင်း ပြုတော့မည်မဟုတ်ကြောင်း အီရတ်က ၁၉၉၃၊ စက်တင်ဘာ ၂၃ ရက်နေ့တွင် အကြောင်းကြားခဲ့သည်။

ထိုနောက် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၆၈၇ (၁၉၉၁) အရ အချို့သော လက်နက်များအား ပိတ်ပင်တားမြစ်ခဲ့ခြင်းအတွက် အီရတ်နိုင်ငံက လိုက်နာဆောင်ရွက်ရေးကိုမည်သို့ရရှိစေနိုင်သည်ဟူသောအချက်နှင့်ပတ်သက်၍ အထူးကော်မရှင်နှင့် အိုင်အေအီးအေတို့ကတစ်ဖက်၊ အီရတ်နိုင်ငံကတစ်ဖက် နှစ်ဦးနှစ်ဖက်မှ အဆင့်မြင့်ပညာရှင်များ၏ဆွေးနွေးပွဲများကို ၁၉၉၃၊ ဩဂုတ် ၃၁ မှ စက်တင်ဘာ ၉ ရက်နေ့အထိ နယူးယောက်မြို့တွင် ကျင်းပခဲ့ရာ ရရှိသော ရလဒ်များမှာ ကောင်းမွန်သော သဘောရှိကြောင်း တင်ပြခဲ့ပေသည်။

လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၆၆၁ (၁၉၉၀) အရ အီရတ်–ကူဝိတ် အခြေအနေနှင့် ပတ်သက်၍ ဖွဲ့စည်းတည်ထောင်ခဲ့သော ကော်မတီက ၁၉၉၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှစ၍ "ကျူးလွန်ဖောက်ဖျက်ကြောင်း စွပ်စွဲချက်များ မရှိ" ဟူ၍ စက်တင်ဘာ ၁၂ ရက်နေ့တွင် အစီရင်ခံတင်ပြခဲ့သည်။ သို့တစေလည်း အီရတ်နိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို ဆက်လက်ထားရှိရန် လုံခြုံရေးကောင်စီက စက်တင်ဘာ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ချမှတ်ထားသော ပြဋ္ဌာန်းချက်များကို ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သော အခြေအနေများရှိပြီဟူသော "သဘောတူညီမှုမျိုးမရှိကြောင်း" လုံခြုံရေးကောင်စီက ဖော်ပြခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အနုမြူအေဂျင်စီ (အိုင်အေအီးအေ) က ၄င်း၏ "စစ်ဆေးရေး ရည်ရွယ်ချက်များ" ပြည့်စုံပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ နျူကလီယား စစ်ဆေးမှုများနှင့် ပတ်သက်၍ ၁၉၉၃၊ ဇွန် ၂၅ မှ ၃၀ ရက်အထိ အကြိမ် ၂၀ မြောက် စစ်ဆေးမှုနှင့် ၁၉၉၃ ခုနှစ်၊ ဇူလိုင် ၂၄ မှ ၂၇ ရက်နေ့အထိ (၂၁) ကြိမ်မြောက် စစ်ဆေးမှုတို့မှ ရလဒ်များကို အိုင်အေအီးအေက အစီရင်ခံတင်ပြခဲ့သည်။ ယင်းအစီရင်ခံစာများ၌ ဗုံးသီး၊ ဒုံးကျည်၊ ဒုံးပျံထိပ်ဖူးနှင့် အမြောက်ဆံ စသည် ဓာတုခဲယမ်း ၁၉၀၀၀ ကျော်နှင့် လီတာပေါင်း ထောင်သောင်းမက များစွာသော ဓာတုဗေဒခဲယမ်း ထုတ်လုပ်ရေး ဓာတုပစ္စည်းများကို ဖျက်ဆီးခဲ့ကြောင်းနှင့် ၁၉၉၃၊ ဩဂုတ် ၂ ရက်နေ့တွင် အထူးကော်မရှင်က အယ်လ်ရာဖာစခန်း၌ အီရန်၏ ပထမဆုံး ဒုံးပျံစမ်းသပ်မှုကို လေ့လာကြည့်ရှု၍ ဓာတ်ပုံများ ရိုက်ယူခဲ့ကြပြီး ယင်းစမ်းသပ်မှုနှင့်ပတ်သက်သော အချက်အလက် ကိန်းဂဏန်းများကို ရရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

မည်သို့ပင်ဖြစ်စေကာမူ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်အပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို ရုပ်သိမ်းဖယ်ရှားခြင်း မပြုနိုင်သေးကြောင်း ထပ်မံကြေညာခဲ့သည်။

ထိုနောက် ၁၉၉၄၊ ဖေဖော်ဝါရီ ၂ မှ ၅ ရက်နေ့အထိ ဘဂ္ဂဒက်မြို့၌ ကုလသမဂ္ဂ၏ အီရတ်လက်နက်ဖျက်သိမ်းရေး အထူးကော်မရှင် အမှုဆောင်ဥက္ကဋ္ဌ မစ္စတာအီးကီးရပ်(စ်)နှင့် အီရတ် ဒုတိယဝန်ကြီးချုပ်တို့၏ ဆွေးနွေးပွဲအပြီး၌ နှစ်ဦးနှစ်ဖက်တို့က အီရတ်နိုင်ငံတွင် ပြုလုပ်ဆဲဖြစ်သော စောင့်ကြည့်စစ်ဆေးရေးလုပ်ရပ်များကို စေတနာကောင်းဖြင့် ပိုမိုလျင်မြန်စွာ ပြီးမြောက်အောင် ပြုလုပ်ပေးရန် အသင့်ရှိကြောင်း ပူးတွဲကြေညာခဲ့ကြသည်။ အလားတူ ဆွေးနွေးပွဲ တစ်ရပ်ကို ၁၉၉၄၊ မတ်လ ၁၄ မှ ၁၉ ရက်နေ့အထိ နယူးယောက်မြို့၌ ကျင်းပခဲ့ရာ အီရတ်နိုင်ငံက ၄င်းအနေဖြင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၆၈၇ ၏ ပြဋ္ဌာန်းချက်အားလုံးကို ဖြည့်ဆည်းပြီးဖြစ်၍ ၄င်းအပေါ် ချမှတ်ထားသော ရေနံပိတ်ဆို့မှုကို ရုပ်သိမ်းဖယ်ရှားပေးရန် အဆိုပြုခဲ့သည်။ သို့သော်လည်း အီရတ်နိုင်ငံသည် ယင်းပိတ်ဆို့မှုများကို ရုပ်သိမ်းဖယ်ရှားပေးရန်အတွက် လိုအပ်သော ဆောင်ရွက်မှုများအားလုံးကို ပြည့်စုံစွာ ဆောင်ရွက်ပြီးခြင်း မရှိသေးကြောင်း အထူးကော်မရှင်က ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အထူးကော်မရှင်က ၄င်းအနေဖြင့် အီရတ်နိုင်ငံက ထုတ်ဖော်ကြေညာခဲ့ပြီး သိမ်းဆည်းရရှိခဲ့သော စစ်ဆင်တိုက်ခိုက်ရေး ဓာတုဗေဒ လက်နက်ပစ္စည်း အမြောက်အမြားကို အားလုံးဖျက်ဆီးပြီးစီးပြီဟု ဆိုရလောက်အောင် ဖျက်ဆီးပြီးဖြစ်ကြောင်း တင်ပြခဲ့သည်။

ဤအတောအတွင်း ၁၉၉၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၈၉၉ (၁၉၉၄) ကို တညီတညွတ်တည်း ချမှတ်ကာ အီရတ်နှင့် ကူဝိတ် နှစ်နိုင်ငံ

နယ်နိမိတ်ကို တရားဝင် သတ်မှတ်လိုက်သဖြင့် ကူဝိတ်နိုင်ငံမှ အီရတ်နိုင်ငံသို့ ပြောင်းရွှေ့နေရာချထားခြင်းခံရသော အီရတ်နိုင်ငံ၏ အရပ်သူ အရပ်သားအချို့အား လျော်ကြေးပေးနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ပေးရမည့်လျော်ကြေးမှာ စုစုပေါင်း အီရတ်ဒိုင်နာငွေ ၇၁ ဒသမ ၅ သန်းဖြစ်၍ ၎င်းကို ကူဝိတ်နိုင်ငံက ပေးရမည်ဖြစ်သည်။

**ရဝမ်ဒါပြည်တွင်းစစ်နှင့် ဒုက္ခသည်များအရေး**

ရဝမ်ဒါနိုင်ငံတွင် ရဝမ်ဒါအစိုးရတပ်ဖွဲ့များ (အာရ်ဂျီအက်ဖ်) နှင့် ရဝမ်ဒါ မျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်) တို့ စပ်ကြားတွင် သုံးနှစ်ကြာမျှ ဖြစ်ပွားလာခဲ့သော ပြည်တွင်းစစ်သည် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် တန်ဇားနီးယား ပြည်ထောင်စုသမ္မတနိုင်ငံ၏ အရူရှားမြို့၌ ချုပ်ဆိုခဲ့ကြသော ငြိမ်းချမ်းရေး သဘောတူစာချုပ်ဖြင့် ပြီးဆုံးသွားခဲ့သည်။

ယင်းမတိုင်မီက ရဝမ်ဒါနိုင်ငံတွင် ရှိခဲ့ကြသော အပစ်အခတ် ရပ်စဲမှုကို ၁၉၉၂၊ ဇူလိုင်မှ ၁၉၉၃၊ ဇူလိုင်အထိ တစ်နှစ်တာမျှ အာဖရိက ညီညွတ်ရေးအဖွဲ့ကြီး (အိုအေယူ)၏ ကြားနေ စစ်ဘက်လေ့လာရေးအဖွဲ့စု (အင်န်မော့ဂ်) က စောင့်ကြပ်ကြည့်ရှုပေးခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လတွင် ယင်းတပ်ဖွဲ့ကို တပ်သားပေါင်း ၁၃၂ ဦးအထိ အင်အားတိုးဖြည့်ပြီး အင်န်မော့ဂ်-၂ ဟုခေါ်တွင်ခဲ့သည်။ ထိုအတောအတွင်း ၁၉၉၃၊ ဇွန်လ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကုလသမဂ္ဂ ယူဂန္ဒာ-ရဝမ်ဒါ လေ့လာရေးအဖွဲ့ (ယူနိုမား) ကို ဖွဲ့စည်းတည်ထောင်၍ ယူဂန္ဒာနိုင်ငံမှ တစ်ဆင့် ရဝမ်ဒါနိုင်ငံသို့ စစ်ဘက်အကူအညီများ မဝင်ရောက်စေရန် စောင့်ကြပ်ကြည့်ရှုစေခဲ့သည်။

**ဒုက္ခသည်များပြဿနာ**– ရဝမ်ဒါနိုင်ငံတွင်း ပြိုင်ဘက်အုပ်စုတို့ ပြည်တွင်းစစ် တိုက်ခိုက်ခဲ့ကြရာ၌ ၁၉၉၃ ခုနှစ်၊ မတ်လ အချိန်တွင် ရဝမ်ဒါလူဦးရေတစ်ရပ်လုံး၏ ၁၃ ရာခိုင်နှုန်းမျှရှိသော လူပေါင်း ၉၀၀,၀၀၀ ခန့်မှာ အိုးပစ်အိမ်ပစ် ထွက်ပြေးတိမ်းရှောင် သွားခဲ့ကြသည်။ ဤမျှများပြားလှသော လူများအတွက် စားနပ်ရိက္ခာရရှိရေးမှာ အထူးစိုးရိမ်သောကဖြစ်ရကြောင်း ဖော်ပြ၍ ကမ္ဘာ့ရိက္ခာ အစီအစဉ်အဖွဲ့ (ဒဗလျူအက်ဖ်ပီ) က အရေးပေါ် အစီအစဉ်တစ်ရပ်ကို ပြုလုပ်ခဲ့ရသည်။

အထက်ဖော်ပြပါ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ချုပ်ဆိုသည့်အချိန်၌ လူပေါင်း ၆၀၀,၀၀၀ ခန့်မှာ သူတို့၏ အိုးအိမ်များသို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီးဖြစ်သည်။ ရဝမ်ဒါနိုင်ငံ၌ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ရောက်ရှိလာခဲ့ကြသော ဘူရွန်ဒီ ဒုက္ခသည်ပေါင်း ၁၅၀၀ တို့လည်း ရှိနေခဲ့သည်။

ထို့နောက် ၁၉၉၃၊ အောက်တိုဘာ ၂၁ ရက်နေ့တွင် ဘူရွန်ဒီနိုင်ငံ၌ အာဏာသိမ်းယူမှုဖြစ်ပွားခဲ့ရာတွင် ရဝမ်ဒါနိုင်ငံတွင်းသို့ ဘူရွန်ဒီ ဒုက္ခသည် ၃၇၅,၀၀၀ တို့ ဝင်ရောက်လာခဲ့ပြန်သည်။

**ငြိမ်းချမ်းမှု ခိုင်မာရေး အစီအစဉ်**– ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ရဝမ်ဒါနိုင်ငံတွင် ငြိမ်းချမ်းမှု ထိန်းသိမ်းရေး အစီအစဉ်တစ်ရပ်ကို တင်ပြခဲ့သည်။ ယင်းအစီအစဉ်၌ အဆင့်လေးဆင့်ပါဝင်ရာ ပထမတွင် ကီဂါလီမြို့တော်၌ အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ရန်၊ ဒုတိယတွင် ပြိုင်ဘက်တပ်များ ခွဲခြားဖျက်သိမ်း၍ ပေါင်းစည်းရန်၊ တတိယတွင် ဒုတိယအဆင့်လုပ်ငန်းပြီးဆုံး၍ ကုလသမဂ္ဂတပ်ဖွဲ့ကို လျှော့ချရန်နှင့် နောက်ဆုံးတွင် ကုလသမဂ္ဂတပ်ဖွဲ့မှ အသွင်ကူးပြောင်းရေးကာလ၏ နောက်ဆုံးအဆင့်အခြေအနေကိုလုံခြုံခိုင်မာအောင်ပြုလုပ်ကာ ရွေးကောက်ပွဲ ကျင်းပရန်ဖြစ်သည်။

၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၈၇၂ (၁၉၉၃) ကို ချမှတ်ကာ ပြိုင်ဘက်အုပ်စုနှစ်စုတို့က အရူရှား ငြိမ်းချမ်းရေး သဘောတူစာချုပ်အား အကောင်အထည် ဖော်ဆောင်ကြခြင်းကို စောင့်ကြပ်ကြည့်ရှုစေရန် အင်အား ၂၅၄၈ အထိ အများဆုံး ရှိမည့် ရဝမ်ဒါအတွက် ကုလသမဂ္ဂ ကူညီရေးမစ်ရှင်အဖွဲ့ (ယူနာမီ) ကိုဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။ ဤမစ်ရှင်အဖွဲ့ကို ရဝမ်ဒါနိုင်ငံ၌ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ သို့မဟုတ် ထိုနှစ် ဒီဇင်ဘာလထက် နောက်မကျစေဘဲ အမျိုးသားရွေးကောက်ပွဲ ကျင်းပ၍ အစိုးရအဖွဲ့သစ်တစ်ဖွဲ့ ဖွဲ့စည်းပြီးသည့်အချိန်အထိ ထားရှိရန် ရည်ရွယ်ခဲ့သည်။

ထို့နောက် ၁၉၉၄၊ ဇန်နဝါရီ ၅ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသူ ဒုတိယဗိုလ်ချုပ်ကြီး ဂျူဗီနယ်ဟာဗျာရီမာနာသည် အရူရှားသဘောတူစာချုပ်အရ နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဖေဖော်ဝါရီလ အလယ်ပိုင်းတွင် နိုင်ငံရေးခေါင်းဆောင်များအကြား အသွင်ကူးပြောင်းရေးကာလ အစိုးရအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းတည်ထောင်ကြရန် ကျယ်ပြန့်စွာ တူညီဆန္ဒတစ်ရပ် ရရှိခဲ့ကြသည်။ သို့သော်လည်း ၎င်းမှာ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် အရေးကြီးသော ခေါင်းဆောင်နှစ်ဦး သတ်ဖြတ်ခြင်းခံရပြီး အကြမ်းဖက်မှုများ ဖြစ်ပွားလာသဖြင့် လမ်းချော်ပျက်ပြားသွားခဲ့ရသည်။

၁၉၉၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်၉၀၉ (၁၉၉၄) ကိုတညီတညွတ်တည်း ချမှတ်ကာ ရဝမ်ဒါနိုင်ငံ၌ လုံခြုံမှုအခြေအနေ ယိုယွင်းလာခြင်းကို စိုးရိမ်ကြောင်း ဖော်ပြပြီး သက်ဆိုင်ရာပါတီများအား အရူရှားစာချုပ်အရ အသွင်ကူးပြောင်းရေး အဖွဲ့အစည်းများကို ချက်ချင်းတည်ထောင်နိုင်ရန်အလို့ငှာ ၎င်းတို့၏ ဝိဝါဒကွဲမှုများကို မဆိုင်းမတွ ဖြေရှင်းကြရန် တိုက်တွန်း လိုက်သည်။

ထိုအချိန်မှာပင် ၁၉၉၄၊ ဧပြီလ ၆ ရက်နေ့တွင် ရဝမ်ဒါနိုင်ငံသမ္မတ ဂျူဗီနယ်ဟာဗျာရီမာနာနှင့် ဘူရွန်ဒီနိုင်ငံသမ္မတ ဆိုင်ပရီယန်နတ္တာယာမိရာတို့နှစ်ဦး စီးနင်းလိုက်ပါလာသော လေယာဉ်တစ်စင်းသည် သင်္ကာမကင်းဖွယ်အခြေအနေမျိုးဖြင့် ကီဂါလီမြို့တော်လေဆိပ်တွင် ထိုးကျပျက်စီးပြီး သမ္မတနှစ်ဦးစလုံး သေဆုံးသွားခဲ့ကြသည်။ ဤတွင် သမ္မတအစောင့်တပ်မှ တွတ်ဆီနှင့် ဟူတူ ပြိုင်ဘက်များအကြား သတ်ဖြတ်မှုများ အနှံ့အပြား ကူးစက်ဖြစ်ပွားခဲ့သည့်အပြင် တွတ်ဆီတို့ စိုးမိုးထားသည့် ရဝမ်ဒါ မျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်) တပ်များ၏ စစ်ထိုးတိုက်ခိုက်မှုအသစ်များ ဖြစ်ပေါ်လာခဲ့တော့သည်။ ကီဂါလီမြို့တော်၌ သတ်ဖြတ်မှုများ၊ အကြမ်းဖက်ဆန္ဒပြမှုများ၊ လမ်းပိတ်ဆို့မှုများဖြင့် လုံခြုံရေးအခြေအနေမှာ ထိတ်လန့်ဖွယ် လျင်မြန်စွာ တိုးတက်ဆိုးဝါးလာနေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့သည်။ ထိုစဉ်တွင် ရဝမ်ဒါနိုင်ငံ၌ လူမှုရေးအခြေအနေမှာ ပို၍ပို၍ စိုးရိမ်ဖွယ်ဖြစ်လာနေသည်။ စားနပ်ရိက္ခာများမှာ သေရေးရှင်ရေးတမျှ အကျပ်ဆိုက်လာ၍ ကျန်းမာရေး၊ သန့်ရှင်းရေး၊ လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ယိုယွင်းလာသဖြင့် လူပေါင်းမြောက်မြားစွာအတွက် အသက်အန္တရာယ်ရောက်နိုင်သည့် အခြေအနေမျိုး ဖြစ်ပေါ်နေ ခဲ့သည်။

**လူသတ်ပွဲ အခြေအနေ ရပ်တန့်ရန်တောင်းဆို–** ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်၉၁၂ (၁၉၉၄)ကို ချမှတ်ပြီးလျှင် ပြိုင်ဘက်အုပ်စုနှစ်စုအကြား တိုက်ခိုက်မှုများ ချက်ချင်းရပ်စဲကာ ရဝမ်ဒါနိုင်ငံတွင် ဖြစ်ပွားနေသော "အဓိပ္ပာယ်မရှိ မိုက်မဲသည့် အကြမ်းဖက်မှုနှင့် လူသတ်ပွဲကြီး" ကိုရပ်တန့်ကြရန် တောင်းဆိုလိုက်သည်။ ရဝမ်ဒါနှင့် ဘူရွန်ဒီသမ္မတများ မရှုမလှ အသက်ဆုံးရှုံးခဲ့ကြရပြီးနောက် ဖြစ်ပေါ်လာသော အကြမ်းဖက်မှုများ၌ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အစိုးရအရာရှိများနှင့် ထောင်ပေါင်းများစွာသော အရပ်သားများ သေဆုံးခဲ့ကြခြင်းများကို ဝမ်းနည်းကြောင်း လုံခြုံရေးကောင်စီက ဖော်ပြခဲ့သည်။

ရဝမ်ဒါနိုင်ငံ၌ အခြေအနေ ပိုမိုဆိုးဝါးလာကြောင်း သတင်းများကို လုံခြုံရေးကောင်စီက ဧပြီလ ၃၀ ရက်နေ့တွင် ထပ်မံရရှိခဲ့သည်။ အရပ်သားများအား နောက်ထပ်သတ်ဖြတ်ရန် စီမံလုပ်ဆောင်လျက်ရှိကြောင်း၊ လူပေါင်းများစွာတို့အား ကျေးလက်တောနယ်များ၊ အထူးသဖြင့် တောင်ပိုင်းဒေသများတွင် ဆက်လက်သတ်ဖြတ်လျက်ရှိကြကြောင်း သတင်းများကဆိုသည်။ ပြိုင်ဘက်အုပ်စုများက ကီဂါလီမြို့ကို အပိုင်းပိုင်းခွဲခြား၍ တစ်ဘက်နှင့်တစ်ဘက် အမြောက်များ၊ မော်တာများဖြင့် မကြာခဏ ပစ်ခွင်းလျက်ရှိကြကြောင်း သိခဲ့ရသည်။ မေလ ၆ ရက်နေ့တွင် နိုင်ဂျီးရီးယားနိုင်ငံ သမ္မတ မစ္စတာဂမ်ဘာရီကလည်း ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်မှုများ မရပ်မစဲ ဆက်လက်ဖြစ်ပွားနေ၍ လတ်တလော အရေးတကြီး ထိရောက်စွာ အရေးယူသင့်ကြောင်း တင်ပြခဲ့သည်။

**လက်နက်ပိတ်ဆို့မှု ပြဋ္ဌာန်းခြင်း–** သို့နှင့် ၁၉၉၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၁၈ (၁၉၉၄) ကို တညီတညွတ်တည်း ချမှတ်ကာ ကုလသမဂ္ဂ ယူနာမီအဖွဲ့၏ တပ်သားအင်အားကို၅၅၀၀ အထိ တိုးမြှင့်ကာ အရပ်သားများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၏ လုံခြုံရေးကို ကာကွယ်ပေးရန် တာဝန်ပေးအပ်ပြီး ရဝမ်ဒါနိုင်ငံအပေါ် လက်နက်ပိတ်ဆို့မှုတစ်ရပ်ကိုချမှတ်ပြဋ္ဌာန်းလိုက်သည်။ သို့ဖြစ်စေကာမူ လူများအား သတ်ဖြတ်မှုများမှာ ဆက်လက်ဖြစ်ပွားနေရာ အခြေအနေမှာ "မျိုးတုံးမျိုးသုဉ်းရေး" လုပ်ရပ်များသဘောဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က မေလ ၃၁ ရက်နေ့တွင် ဖော်ပြခဲ့သည်။ ဤဖြစ်ရပ်များအတွက် "ကြားဖြတ်အစိုးရ" နှင့် ရဝမ်ဒါအစိုးရတပ်များတွင် တာဝန်ရှိကြောင်း ပြောဆိုပြီး ၎င်းလုပ်ရပ်များကို ချက်ချင်းရပ်စဲကြရန် ပြိုင်ဘက်အုပ်စုနှစ်စုလုံးအား အတွင်းရေးမှူးချုပ်က တောင်းဆိုလိုက်သည်။

၁၉၉၄၊ ဇွန်လ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၂၅ (၁၉၉၄) ကို ချမှတ်ကာ ကုလသမဂ္ဂကူညီရေးအဖွဲ့ (ယူနာမီ) ၏ သက်တမ်းကိုတိုး၍ နောက်ထပ်တပ်ရင်းသုံးရင်းတို့အား ဖြည့်တင်းပေးပြီးလျှင် ယူနာမီသည် အကာအကွယ်ပေးထားသော နေရာများနှင့် လူများအား ခြိမ်းခြောက်လာခဲ့သော် ကိုယ်ပိုင်ကာကွယ်ခွင့်အရ အရေးယူဆောင်ရွက်ရန် လိုအပ်လာဖွယ်ရှိသည်ဟု အသိအမှတ်ပြုခဲ့သည်။ ယူနာမီသည် ပြိုင်ဘက်အုပ်စုများစပ်ကြား အပစ်အခတ် ရပ်စဲမှုတစ်ရပ် ရရှိရေးအတွက်လည်း ကြားလူအဖြစ် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**တိုးပွားလာသော လူမှုကာကွယ်ရေးနှင့် ကယ်ဆယ်ရေးပြဿနာ –** ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် လုံခြုံ

ရေးကောင်စီက ဆုံးဖြတ်ချက် ၉၂၉ (၁၉၉၄) ကို ထောက်ခံမဲ ၁၀ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၅ မဲ (ဘရာဇီး၊ တရုတ်၊ နယူးဇီလန်၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန်) ဖြင့် ချမှတ်ပြီးလျှင် ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ အခန်း (၇) အရ ယာယီ နိုင်ငံစုံစစ်အသွင် လှုပ်ရှားဆောင်ရွက်မှုတစ်ရပ် ဖွဲ့စည်းတည်ထောင်ပြီး အသက်ဘေးစိုးရိမ်နေရသော အရပ်တစ်ပါး ရောက်ရှိနေသူများ၊ စစ်ပြေးဒုက္ခသည်များနှင့် အရပ်သားများအား ကာကွယ် စောင့်ရှောက်ပေးစေရန် တာဝန်ပေးအပ်လိုက်သည်။ ဤဆုံးဖြတ်ချက်အရ တာကွိုက်(စ်) စစ်ဆင်ရေးနှင့် ရဝမ်ဒါ အရှေ့တောင်ပိုင်းတွင် လူများ ဘေးကင်းဇုန်နယ်တစ်ခုတို့ ဖြစ်ပေါ်လာခဲ့သည်။

ဤသို့သော အခြေအနေများတွင် ထိုဒေသ၌ စစ်ပြေးဒုက္ခသည်များနှင့် ပြန်လာသူ ဒုက္ခသည်များမှာ တစ်သန်းတစ်သိန်းမျှ ရှိလာပြီး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာရ်) က စောင့်ရှောက်ထားခဲ့ရသည်။ ထို့မှတစ်ပါး နောက်ထပ်လိုမ့်ဝင်လာသော ရဝမ်ဒါဒုက္ခသည် ၂၀၀,၀၀၀ အတွက်လည်း အစီအစဉ်များ အရေးတကြီး ပြုလုပ်ခဲ့ရသည်။ ဒဗလျူအိပ်ချ်အိုနှင့် ဒဗလျူအက်ဖ်ပီတို့ကလည်း လူပေါင်းနှစ်သိန်းနှင့် နှစ်သိန်းလေးသောင်းအထိရှိသော လူများအတွက် ဆေးဝါးနှင့် စားနပ်ရိက္ခာများ အသီးသီး ဖြန့်ချိဝေငှပေးခဲ့ကြရသည်။

## လက်နက်ဖျက်သိမ်းရေး

**ဂျီနီဗာ လက်နက်ဖျက်သိမ်းရေးကွန်ဖရင့် (၁၉၉၃)** – ဤကွန်ဖရင့်၏ ၁၉၉၃ ခုနှစ်ဆိုင်ရာ ညီလာခံကို ဂျီနီဗာမြို့တွင် ၁၉၉၃၊ ဇန်နဝါရီ ၁၉ မှ ၂၆ အထိတစ်ပိုင်း၊ မေလ ၁၀ မှ ဇွန်လ ၂၅ အထိတစ်ပိုင်းနှင့် ဇူလိုင် ၂၆ မှ စက်တင်ဘာ ၃ ရက်နေ့အထိတစ်ပိုင်း သုံးပိုင်းခွဲ၍ ကျင်းပခဲ့သည်။ ဤအစည်းအဝေးများ၌ ယင်းကွန်ဖရင့်က ယခင်က ၎င်း၏ အစည်းအဝေးများ၌ စဉ်းစားဆွေးနွေး ဆောင်ရွက်ခဲ့သော အကြောင်းကိစ္စများကို ဆောင်ရွက်ခဲ့သည်။

အထူးဖြစ်ပေါ်မှုတစ်ရပ်မှာ ဓာတုလက်နက်များကို အလုံးစုံ တားမြစ်ပိတ်ပင်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်က ဓာတုလက်နက်များ အလုံးစုံ ဘက်စုံ တားမြစ်ပိတ်ပင်သည့် စာချုပ်တစ်ရပ်အတွက် ဆွေးနွေးစေ့စပ်မှုများ စတင်ပြုလုပ်ရန် ၁၉၉၃၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ဤကိစ္စအလို့ငှာ ၁၉၈၂ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော အနုမြူစမ်းသပ်မှု တားမြစ်ပိတ်ပင်ရေးလုပ်ငန်းကော်မတီအား တာဝန်ပေးအပ်လိုက်သည်။

ဤညီလာခံတွင် နျူကလီးယားနိုင်ငံကြီး ၅ နိုင်ငံနှင့် အခြားစစ်ဘက်ဆိုင်ရာ အရေးကြီး ထင်ရှားသောနိုင်ငံများအပြင် "၂၁ နိုင်ငံအဖွဲ့" တွင် ပါဝင်သော ကြားနေနှင့် ဘက်မလိုက်နိုင်ငံများ အပါအဝင် အဖွဲ့ဝင် ၃၈ နိုင်ငံတို့က ဤလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ အဖွဲ့ဝင်ဦးရေကို အဆောတလျင် အရေးတကြီး တိုးချဲ့ရန် လိုအပ်ကြောင်းကို အသိအမှတ်ပြုကာ နောက်ထပ် ၂၃ နိုင်ငံကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းရန် ထောက်ခံခဲ့ကြသည်။ ယင်းနိုင်ငံများမှာ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘီလာရုစ်၊ ကင်မရွန်း၊ ချီလီ၊ ကိုလံဘီယာ၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဖင်လန်၊ အီရတ်၊ အစ္စရေး၊ နယူးဇီလန်၊ နော်ဝေ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဆီနီဂေါ၊ စလိုဗက်သမ္မတနိုင်ငံ၊ တောင်အာဖရိက၊ စပိန်၊ ဆွစ်ဇာလန်၊ ဆီးရီးယား၊ တူရကီ၊ ယူကရိန်း၊ ဗီယက်နမ်နှင့် ဇင်ဘာဗွေနိုင်ငံတို့ဖြစ်သည်။

(၄၈) ကြိမ်မြောက်ညီလာခံ ဆုံးဖြတ်ချက်များ– ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်နေ့တွင် (၄၈) ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံကြီးက ဆုံးဖြတ်ချက် ၄၈/၇၀ ကို ချမှတ်ကာ နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုများ အလုံးစုံ ဘက်စုံတားမြစ်ပိတ်ပင်ရေးအတွက်လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်တွင် နိုင်ငံစုံဆွေးနွေးစေ့စပ်မှုများကို နိုင်ငံအားလုံးက ထောက်ခံကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ယင်းသို့ ပိတ်ပင်ခြင်း မပြုနိုင်မီ နျူကလီးယားလက်နက်ပိုင်နိုင်ငံများက အားလုံးသဘောတူညီမှုဖြင့်ဖြစ်စေ၊ တစ်ဦးချင်းပိတ်ပင်မှုဖြင့်ဖြစ်စေ တားမြစ်ပိတ်ပင်ကြရန် ညီလာခံကြီးကတိုက်တွန်းခဲ့ သည်။

ညီလာခံကြီးက ဆုံးဖြတ်ချက် ၄၈/၇၁၊ ၄၈/၇၂ နှင့် ၄၈/၈၆ တို့ကိုချမှတ်ပြီး အရှေ့အလယ်ပိုင်းဒေသ၊ တောင်အာရှဒေသနှင့် အာဖရိကတိုက်တို့ကို နျူကလီးယားကင်းမဲ့ဇုန်များအဖြစ် တည်ထောင်ဖန်တီးရန် တိုက်တွန်းခဲ့သည်။

**ဂျီနီဗာ လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်(၁၉၉၄)**–"ကမ္ဘာတွင် အုပ်စုနှစ်စုကွဲသည့်အခြေအနေ ပြီးဆုံးသွားခြင်းသည် လက်နက်ဖျက်သိမ်းရေးကို ယုတ်လျော့သွားစေခြင်းမရှိဘဲ ပို၍ပင် လိုအပ်လာစေသည်" ဟူ၍ ၁၉၉၄ ခုနှစ်အတွက် ကျင်းပသည့် အထက်ပါကွန်ဖရင့်၏ ဇန်နဝါရီ ၂၅ မှ မတ်လ ၃၁ ရက်နေ့အထိ ကျင်းပသည့် ညီလာခံပထမပိုင်း အစည်းအဝေးသို့ ပေးပို့သည့် သဝဏ်လွှာ၌ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ပြောကြားလိုက်သည်။

ဤညီလာခံက ၁၉၉၄ ခုနှစ်အတွင်း ၎င်း၏လုပ်ငန်းများ၌ အဖွဲ့ဝင်မဟုတ်သော နိုင်ငံ ၄၇ နိုင်ငံတို့ ပါဝင်ခြင်းကို သဘောတူအတည်ပြုခဲ့သည်။ ညီလာခံက ဇန်နဝါရီ ၂၅ ရက်နေ့တွင် ၎င်း၏အစည်းအဝေး အစီအစဉ်ကို ချမှတ်ရာ၌ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုများ ပိတ်ပင်ရေးကိစ္စနှင့်

ယခင်က စဉ်းစားဆွေးနွေးဆဲဖြစ်သော အကြောင်းအရာ သုံးရပ်တို့ကို ချက်ချင်းစတင်ဆောင်ရွက်ရန် သဘောတူခဲ့သည်။

အထက်ပါကွန်ဖရင့်၏ ၁၉၉၄ ခုနှစ် ညီလာခံ၏ ဒုတိယပိုင်းကို မေလ ၁၉ မှ ဇူလိုင် ၁ ရက်နေ့အထိ ဂျီနီဗာမြို့၌ ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံက အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) မှ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် နုတ်ထွက်ခဲ့သည့် အရေးတကြီးပြဿနာနှင့်ပတ်သက်၍ အချေအတင် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် လက်နက်များ အထိန်းအကွပ်မရှိ ပျံ့နှံ့စီးဆင်းနေခြင်းကိစ္စ၊ စစ်အေးခေတ်နောက်ပိုင်းတွင် အစုအပြုံလိုက်သေစေနိုင်သော လက်နက်များ ပျံ့ပွားနေခြင်း အန္တရာယ်နှင့် လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ အဖွဲ့ဝင်နိုင်ငံဦးရေ တိုးချဲ့ရေးကိစ္စတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

**လက်နက်ဖျက်သိမ်းရေးကော်မရှင်** – ဤကော်မရှင်အဖွဲ့၏ ၁၉၉၄ ခုနှစ်ဆိုင်ရာ ညီလာခံကို နယူးယောက်မြို့တွင် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁၈ မှ မေလ ၉ ရက်နေ့အထိ ကျင်းပခဲ့ပြီး ကော်မရှင်က အပြည်ပြည်ဆိုင်ရာ လက်နက်လွှဲပြောင်းမှုများအတွက် လမ်းညွှန်ချက်များနှင့်ပတ်သက်၍ ကနဦးအချက်အလက်များကို စဉ်းစားဆွေးနွေးခဲ့သည်။ ကော်မရှင်က ၎င်း၏ လုပ်ငန်းအဖွဲ့သုံးဖွဲ့၏ အစီရင်ခံစာများကို စုစည်း၍ ကုလသမဂ္ဂညီလာခံကြီးအတွက် အန္တိမအစီရင်ခံစာ တစ်စောင်ကို အတည်ပြုခဲ့သည်။ သို့သော်လည်း ကော်မရှင်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးနှင့် လက်နက်ဖျက်သိမ်းရေး အနေအထားအတွင်း သိပ္ပံနှင့်နည်းပညာ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ တူညီဆန္ဒတစ်ရပ်ကို (တစ်ဆက်တည်းလေးနှစ်မြောက်အဖြစ်) မရရှိခဲ့ပေ။ ထို့အပြင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဘောင်ခွင်အတွင်း ချုံ့ကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စတွင်လည်း တူညီဆန္ဒ မရရှိခဲ့ပေ။

## အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးရေးကွန်ဖရင့် (အိုင်စီပီဒီ–၉၄)

ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးရေးကွန်ဖရင့်ကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၅ မှ ၁၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဤကွန်ဖရင့်ကို ၁၉၈၉ ခုနှစ်တွင် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (အီကိုဆော့ခ်) ၏ တောင်းဆိုချက်အရ ကျင်းပခဲ့ခြင်းဖြစ်သည်။ အီကိုဆော့ခ်က လူဦးရေပြဿနာများကို မြင့်မားသောအဆင့်၌ ဆက်လက်ဂရုထား အာရုံစိုက်၍ ဆောင်ရွက်သင့်ကြောင်း တင်ပြခဲ့သည်။

အိုင်စီပီဒီ–၉၄ ၏ အဓိက အခြေခံဦးတည်ချက်မှာ လူဦးရေ၊ ပတ်ဝန်းကျင် ခိုင်မာတောင့်တင်းသော စီးပွားရေး တိုးတက်ကြီးထွားမှုနှင့် တာရှည်ခံသော ဖွံ့ဖြိုးမှုတို့စပ်ကြား ဆက်စပ်မှုရှိပုံကို ဖော်ထုတ်တင်ပြရန်ဖြစ်သည်။

အစည်းအဝေးသို့ စုစုပေါင်းအားဖြင့် ၁၈၃ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ကွန်ဖရင့်တွင် မိန့်ခွန်းပြောကြားသူ ၂၄၉ ဦး အပါအဝင် လူပေါင်း ၁၀၇၅၇ ဦးတို့ပါဝင်တက်ရောက်ခဲ့ကြသည်။ တရားဝင် ညီလာခံအစည်းအဝေးတွင်မူ နိုင်ငံပေါင်း ၁၇၉ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၂၃၄၆ ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ညီလာခံ အစည်းအဝေးကြီးမှ အခန်း ၁၆ ခန်း ပါဝင်သော လုပ်ငန်းအစီအစဉ် တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့သည်။ ယင်းအစီအစဉ်၌ ယေဘုယျမူများကိုလည်းကောင်း၊ အနာဂတ်တွင် လူဦးရေပေါ်လစီ ချမှတ်ခြင်းနှင့် အစီအစဉ်များ ပြုလုပ်ရာ၌ လမ်းညွှန်မှုပေးရန် တိကျသော ထောက်ခံချက်များကိုလည်းကောင်း ထည့်သွင်းဖော်ပြထားသည်။

ညီလာခံ အစည်းအဝေးကြီးကို စက်တင်ဘာ ၅ ရက်နေ့တွင် ဖွင့်လှစ်ရာ၌ အီဂျစ်နိုင်ငံ သမ္မတကြီး မိုဟာမက်ဟော့စ်နီမူဘာရက်က အိုင်စီပီဒီသည် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်တို့ကို ဆက်စပ်ပေးရာ ပေါင်းကူးတံတား တစ်ခုဖြစ်သင့်ကြောင်း ပြောကြားခဲ့သည်။ သမ္မတကြီး၏ ဇနီး မဒမ်ဆူဇိန်း မူဘာရက်ကလည်း မိန့်ခွန်းစကား ပြောကြားခဲ့သည်။ အခြားမိန့်ခွန်းပြောကြားသူများတွင် အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂိုး၊ နော်ဝေးနိုင်ငံဝန်ကြီးချုပ် ဂျီအိပ်ချ်ဘရန့်လင်း၊ ဆွာဇီလန်ဝန်ကြီးချုပ် မင်းသား မာဘီလီနီနှင့် ပါကစ္စတန် ဝန်ကြီးချုပ် မဒမ်ဘီနဇာဘူတိုတို့ ပါဝင်သည်။

အိုင်စီပီဒီ အတွင်းဝန်ချုပ်ရုံးသည် ဤလူဦးရေရေးရာ ညီလာခံအတွက် ညီလာခံသို့ တက်ရောက်သည့်နိုင်ငံများက ပြုစုရေးသားထားသော ၎င်းတို့နိုင်ငံများဆိုင်ရာ အမျိုးသား အစီရင်ခံစာ အမျိုးသားစာတမ်း ၁၆၈ စောင်ကို လက်ခံရရှိခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုရေးရာ ကိုင်ရို ညီလာခံသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး မြသင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က စက်တင်ဘာ ၁၂ ရက်နေ့ ညီလာခံအစည်းအဝေးတွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

**လာမည့်နှစ်ပေါင်း ၂၀ အတွက် လုပ်ငန်းအစီအစဉ်–** ဤ လူဦးရေ ညီလာခံကြီးသို့ ကုလသမဂ္ဂဌာနချုပ်မှ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီကိုယ်တိုင် ပါဝင်တက်ရောက်ခဲ့သည်။ ညီလာခံတွင် အမှာစကားပြောကြားရာ၌ အတွင်းရေးမှူးချုပ်က ဤညီလာခံသို့ တက်ရောက်လာကြသူများသည် တည်ကြည်ခိုင်မာမှု၊ သည်းခံမှုနှင့် အသိတရားရှိမှု စိတ်ဓာတ်ဖြင့် တူညီဆန္ဒရရှိကြရန် အားထုတ်ဆောင်ရွက်သင့်ကြကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ ဤသို့အားဖြင့်လည်း ဆောင်ရွက်ခဲ့ကြရသည်။ တူညီဆန္ဒရရှိရေးအတွက် အပြင်းအထန် အကြိတ်အနယ်ဆောင်ရွက်ခဲ့ကြသည်။ ညီလာခံသည် အချိန်ကာလ ရှည်ကြာ၍ စိတ်ပန်းလူပန်း ဖြစ်ခဲ့ကြရကြောင်း၊ သို့သော် အောင်မြင်မှုများမှာ အမှန်တကယ်ပင် သမိုင်းတွင်ရစ်မည်ဖြစ်ကြောင်းဟူ၍ ညီလာခံအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ လူဦးရေဆိုင်ရာ လုပ်ငန်း ရန်ပုံငွေအဖွဲ့ (ယူအင်အက်ဖ်ပီအေ) ၏ အမှုဆောင်ညွှန်ကြားရေးမှူး နာဖစ္စဆာဒစ်က ရေးသားဖော်ပြခဲ့သည်။ ကိုယ်စားလှယ်များသည် လာမည့်နှစ်ပေါင်း ၂၀ အတွက် လုပ်ငန်းအစီအစဉ်တစ်ရပ်ကို ရေးဆွဲခဲ့ကြခြင်းဖြစ်ကြောင်း၊ ဤအစီအစဉ်သည် ကမ္ဘာကြီးကို ပြောင်းလဲသွားစေနိုင်သော သတ္တိရှိကြောင်းဟူ၍ ၎င်းက တင်ပြခဲ့သည်။

## (၄၉) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ (၁၉၉၄–၉၅)

ကုလသမဂ္ဂအဖွဲ့ကြီး၏ (၄၉) ကြိမ်မြောက် အထွေထွေညီလာခံကြီးကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ စတင်ကျင်းပရာ ထိုနေ့မှာပင် အစည်းအဝေးက အိုင်ဗော်ရီကို့စ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ မစ္စတာ အမာရာအက်ဆီ (အသက် ၅၀) အား ညီလာခံ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ (၄၈ ကြိမ်မြောက် အထွေထွေညီလာခံသည် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြီးဆုံးခဲ့သည်)။

ထိုနေ့မွန်းလွဲပိုင်းတွင် ညီလာခံအဖွင့်မိန့်ခွန်း ပြောကြားရာ၌ မစ္စတာ အမာရာအက်ဆီက ဖွံ့ဖြိုးရေးသည် ယနေ့ ကုလသမဂ္ဂအဖွဲ့ကြီးအား ရင်ဆိုင်လျက်ရှိသည့် အရေးအကြီးဆုံးလုပ်ငန်း တာဝန်ကြီးဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီကလည်း (၄၉) ကြိမ်မြောက်ညီလာခံသို့ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ ၁၉၉၄ ခုနှစ်ဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာကို တင်ပြရာ၌ မနုဿလူသားတို့အတွက် အရှည်ခံ၍ တည်တံ့သော တိုးတက်မှုအတွက် ၎င်းအနေဖြင့် "ဖွံ့ဖြိုးရေးအတွက် အစီအစဉ်တစ်ရပ်" ခေါင်းစဉ်ပါ အစီရင်ခံစာတစ်စောင်ကို မကြာမီက တင်ပြခဲ့ပြီးဖြစ်ကြောင်း ဖော်ပြပြီးလျှင် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်ဟူသော အချက်ကို မငြင်းနိုင်တော့ကြောင်း၊ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်အရေး၊ လူမှုရေးနှင့် ဒီမိုကရေစီရေးတို့သည် ဖွံ့ဖြိုးရေးအတွက် တစ်ခုနှင့်တစ်ခု ချိတ်ဆက် ယှက်စပ်နေသော ဘောင်တန်းများဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခြင်း–** (၄၉) ကြိမ်မြောက် ညီလာခံကြီးသို့ တက်ရောက်ကြသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက အစဉ်အလာအတိုင်း ညီလာခံကြီး၏ အစပိုင်း၌ ကမ္ဘာ့ရေးရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြရာ ယင်းညီလာခံသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ်အဖွဲ့အား ခေါင်းဆောင်တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းကျော်က ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ဝန်ကြီး ဦးအုန်းကျော်က ကမ္ဘာ့အရေးနှင့် မြန်မာ့အရေး၊ ကမ္ဘာ့အသွင်နှင့်မြန်မာ့အမြင်တို့ကို သုံးသပ်ဆွေးနွေးတင်ပြရာ၌ မြန်မာနိုင်ငံသည် နှစ်ပေါင်း ၅၀ နီးပါးမျှ သက်တမ်းရှိခဲ့ပြီဖြစ်၍ နိုင်ငံအများ လက်ခံကျင့်သုံးကြသည့် ဥပဒေသဘော သက်ဝင်သော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို "တိကျစွာလိုက်နာ လျက်ရှိသည်နှင့်အညီ မြန်မာနိုင်ငံအနေနဲ့ မိမိနယ်မြေကို အသုံးပြုပြီး အခြားတစ်နိုင်ငံကို ထိပါးကျူးကျော်ရေးအတွက်ကိုသော်လည်းကောင်း၊ ခြိမ်းခြောက်ရေးအတွက်ကိုသော်လည်းကောင်း မည်သည့်အခါကမျှ လက်ခံခွင့်ပြုခဲ့ခြင်းမရှိခဲ့သလို နောင်အနာဂတ်ကာလမှာလည်း မည်သည့်အခါမျှ လက်ခံခွင့်ပြုလိမ့်မယ် မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ထိုနည်းတူစွာပဲ အခြားနိုင်ငံများအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ ဆက်ဆံရာမှာ ဒီမူကြီးများနဲ့အညီ လိုက်နာကျင့်သုံးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်" စသည်ဖြင့် ပြောကြားခဲ့ပေသည်။

ထို့အပြင် လူ့အခွင့်အရေးကိစ္စကို ရည်ညွှန်းပြောဆိုရာ၌လည်း ဝန်ကြီးဦးအုန်းကျော်က လူ့အခွင့်အရေးများ တိုးတက်မြှင့်တင်ရေးကို ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်

တူညီဆန္ဒ ရရှိနိုင်ရန် ကြိုးပမ်းခြင်း နည်းလမ်းဖြင့် အကောင်အထည်ဖော်ခြင်းကိုသာ မြန်မာနိုင်ငံက တွေ့မြင် လိုကြောင်း၊ "ဗန်ကောက်ကြေညာစာတမ်းက ထပ်လောင်းအတည်ပြု ခဲ့တဲ့အတိုင်း နိုင်ငံတော် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ ခိုင်မြဲမှုနဲ့ ပြည်တွင်းရေးကိစ္စများမှာ ဝင်ရောက်မစွက်ဖက်ရေးဆိုတဲ့ မူဝါဒများကို နိုင်ငံတိုင်းက လေးစားလိုက်နာဖို့ လိုပါတယ်။ လူ့အခွင့်အရေးကို ဗန်းပြပြီး နိုင်ငံများရဲ့ ပြည်တွင်းရေးသက်သက်မျှသာဖြစ်တဲ့ ကိစ္စများမှာ ဝင်ရောက်စွက်ဖက်ရန် ကြိုးစားခြင်းများကိုလည်း ရှောင်ကြဉ်ဖို့ လိုပါတယ်" ဟူ၍ တင်ပြခဲ့ပေသည်။

## လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်ထားခြင်း

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဖွဲ့စည်းပုံအရ အမြဲတမ်း အဖွဲ့ဝင် မဟုတ်သော အဖွဲ့ဝင် နိုင်ငံသစ် (၅) နိုင်ငံကို ၂ နှစ်သက်တမ်းအတွက် နှစ်စဉ်ရွေးချယ် ခန့်ထားသည့် အစဉ်အလာအတိုင်း လုံခြုံရေးကောင်စီမှ ရွေးချယ်ကာ ထောက်ခံတင်ပြသော ငါးနိုင်ငံကို (၄၉) ကြိမ်မြောက် ညီလာခံအစည်းအဝေးက ၁၉၉၄၊ အောက်တိုဘာ ၂၁ ရက်နေ့တွင် တူညီဆန္ဒဖြင့် အတည်ပြုခဲ့သည်။ ယင်းငါးနိုင်ငံမှာ ဘော့စ်ဝါနာ၊ အင်ဒိုနီးရှား၊ ဟွန်ဒူးရပ်၊ ဂျာမနီနှင့် အီတလီနိုင်ငံတို့ဖြစ်သည်။

အထက်ပါ ငါးနိုင်ငံတို့သည် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလတွင် (၄၇) ကြိမ်မြောက် ညီလာခံကြီးက ၁၉၉၃ နှင့် ၁၉၉၄ ခုနှစ် ၂ နှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခဲ့၍ ယခုအခါ၌ သက်တမ်းစေ့ကာ အနားယူကြမည့် ဘရာဇီး၊ ဂျီဘူတီ၊ ပါကစ္စတန်၊ စပိန်နှင့် နယူးဇီလန်နိုင်ငံတို့၏ နေရာများသို့ ဝင်ရောက်ကြမည်ဖြစ်သည်။

## ကုလသမဂ္ဂ၏ ဘဏ္ဍာရေး အခြေအနေ

ကုလသမဂ္ဂ၏ (၄၈) ကြိမ်မြောက် ညီလာခံကြီးက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သတ်မှတ်သည့် ထည့်ဝင်ငွေများကိုမဆိုင်းမတွအလျင်အမြန် အပြည့်အဝပေးကြရန် တာဝန်ရှိကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။ သတ်မှတ်သည့် ထည့်ဝင်ကြေးများကို အပြည့်အဝ အချိန်အတိုင်း မပေးသွင်းကြခြင်းသည် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ၎င်း၏ လုပ်ငန်းဆောင်တာများအား ထိရောက်ထက်မြက်စွာ ဖော်ဆောင်လုပ်ကိုင်နိုင်စွမ်းကို ပျက်ပြားစေခဲ့ကြောင်း၊ ဆက်လက်၍ ပျက်ပြားစေလျက်လည်းရှိကြောင်း မှတ်သားပြောဆိုခဲ့သည်။ ဤကိစ္စကို ဆက်လက်ကျင်းပမည့် (၄၈) ကြိမ်မြောက် ညီလာခံ အစည်းအဝေး၌ ဆက်လက် စဉ်းစားရန် ဆုံးဖြတ်ကြောင်း ဆုံးဖြတ်ချက်အမှတ် ၄၈/၂၂၀ ဖြင့် ဖော်ပြခဲ့သည်။

ထို့နောက်ကုလသမဂ္ဂ၏(၄၈)ကြိမ်မြောက်ညီလာခံတွင် အတွင်းရေးမှူးချုပ်က တင်ပြသော ၁၉၉၄-၁၉၉၅ ခုနှစ် အတွက် တင်ပြသည့် ရသုံးငွေစာရင်း ဘတ်ဂျက်မူကြမ်းကို စဉ်းစားဆွေးနွေးပြီးလျှင် ညီလာခံကြီးက ဆုံးဖြတ်ချက် အမှတ်၄၈/၂၃၁ အေနှင့်ဘီတို့ဖြင့် အသုံးစရိတ် လျာထားငွေ ဒေါ်လာ ၂,၅၈၀,၂၀၀,၂၀၀ နှင့် ရငွေ ခန့်မှန်းခြေ ဒေါ်လာ ၄၇၇,၄၀၁,၇၀၀ တို့ကို အတည်ပြုလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီကလည်း ၎င်း၏ ၁၉၉၄ ခုနှစ်ဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ၌ ကုလသမဂ္ဂအဖွဲ့ကြီးသည် ၎င်း၏ လုပ်ငန်းဆောင်တာများကို တိုးချဲ့ဆောင်ရွက်ခဲ့ရာ၌ ကုလသမဂ္ဂ၏စွမ်းရည်ကို ပိုမိုယုံကြည်စိတ်ချလာကြစေကာမူ အဖွဲ့ဝင်နိုင်ငံများက သတ်မှတ်သော ထည့်ဝင်ကြေးများကို အချိန်အတိုင်း အပြည့်အဝ မပေးသွင်းကြသဖြင့် အဖွဲ့ကြီးမှာ အခက်ကြုံတွေ့နေရကြောင်း၊ ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံများက လွန်ခဲ့သည့်နှစ်တွင် ပေးရန်ပျက်ကွက်ခဲ့သောငွေများ အပါအဝင် ကုလသမဂ္ဂ၏ ပုံမှန်ဘတ်ဂျက်သို့ ပေးသွင်းရန် ကြွေးကျန် ဒေါ်လာ ၈၃၅ သန်းရှိသည့်အပြင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများအတွက် ထည့်ဝင်ရန် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ကျန်ရှိနေသေးကြောင်း တင်ပြခဲ့သည်။

## ညီလာခံ အစည်းအဝေး အစီအစဉ်

(၄၉) ကြိမ်မြောက်ကုလသမဂ္ဂ ညီလာခံကြီး၏ ယာယီ အစည်းအဝေး အစီအစဉ်တွင် စဉ်းစားဆွေးနွေး အရေးယူရန် အကြောင်းအရာ ၁၅၄ ခု ပါဝင်သည်။ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ကျင်းပခဲ့သည့် (၄၈) ကြိမ်မြောက် ညီလာခံ၏ အစည်းအဝေး အစီအစဉ်တွင် အကြောင်းအရာ ၁၈၀ မျှ ပါဝင်ခဲ့သည်။

**တက္ကသိုလ်သက်မန်**

**ကုသ(ဦးတိုးအောင်)(ခရစ်၁၉၀၆-၁၉၇၆)။** ။ စာရေးဆရာ ကုသအမည်ခံဦးတိုးအောင်ကို သထုံခရိုင် သိမ်ဆိပ်မြို့တွင် မိဘနှစ်ပါးဖြစ်သော ဦးဖိုးရှိန်-ဒေါ်စိမ်းရင် တို့က ၁၉၀၆ ခုနှစ်၌ မွေးဖွားသည်။ မွေးချင်း လေးယောက် အနက် ဒုတိယမြောက်သား ဖြစ်သည်။



စာရေးဆရာ ကုသ

ဦးတိုးအောင်သည် မဟာဝိဇ္ဇာ(မြန်မာစာ)ဂုဏ်ထူးဘွဲ့ ကို ၁၉၃၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် အမှုထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်၌ ဦးတိုးအောင်သည် မြန်မာစာကထိကအဖြစ်တိုးမြှင့်ခန့်ထားခြင်းခံရပြီး မန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့ အမှုထမ်းရသည်။ တစ်ဖန် ၁၉၅၃ ခုနှစ်၌ မော်လမြိုင် ကောလိပ်ကျောင်း အုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ထမ်းရွက်ခဲ့ရ သည်။

ဦးတိုးအောင်သည် ၁၉၆၃ ခုနှစ်၌ မော်လမြိုင်ကောလိပ်ကျောင်းအုပ်ကြီးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ အင်းလျားမြိုင်လမ်းနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ကာစာရေးစာဖတ်ခြင်း၊သုတေသနပြုခြင်းစသော စာအုပ်စာပေ အလုပ်များကို လုပ်ခဲ့ သည်။

ဦးတိုးအောင်သည် ၁၉၂၆ ခုနှစ်မှစတင်၍ မြန်မာနှင့် အင်္ဂလိပ်သတင်းစာများ၊မဂ္ဂဇင်းဂျာနယ်များတွင် ဆောင်းပါး၊ ဝတ္ထုတို၊ဝတ္ထုရှည်၊အတ္ထုပ္ပတ္တိစာပေများကိုအမြောက်အမြားရေးသားပြုစုလာခဲ့သော စာရေးဆရာကြီးတစ်ဦး ဖြစ်သည်။ ဝတ္ထုများရေးသားရာတွင် ဟာသဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ ၁၉၃၅–၃၆ ခုနှစ်က မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းကြီးမှ ထုတ်ဝေခဲ့သော ခေတ်စမ်းပုံပြင်စာအုပ်တွင် ဟာသဝတ္ထုတိုများရေးသားခဲ့ပြီး၊ ခေတ်စမ်းကဗျာစာအုပ်တွင် ကဗျာများ စပ်ဆို ရေးသားခဲ့သည်။

မဟာဝိဇ္ဇာဘွဲ့၊ F.R.G.S. F.R.H.S ဘွဲ့ များကို ရရှိခဲ့ပြီး၊ စာပေနယ်တွင် စာရေးဆရာကုသအဖြစ် ကျော်ကြားခဲ့သော မော်လမြိုင် ကောလိပ်ကျောင်းအုပ်ကြီးဟောင်း ဦးတိုးအောင်သည် ၁၉၇၆ ခုနှစ် မတ်လ ၃၀ ရက်နေ့၌ ရန်ကုန်မြို့ အင်းလျားမြိုင်လမ်းနေအိမ်တွင် ကွယ်လွန်သည်။

**ကောလိပ်မြိုင်။** ။ ပြည်ချစ်မယ် ကောလိပ်မြိုင်၏ အမည်ရင်းမှာ မလှမြိုင်ဖြစ်သည်။ နေပြည်တော်မြို့ လေးထပ်ပိုင်းအရပ်၊ ရွှေပန်းထိမ်ဆရာ ဦးညွန့်မောင်နှင့် အမိ ဒေါ်ရှိန်တို့မှ မွေးဖွားခဲ့သည်။ အမေ၏မောင်ဖြစ်သူမှာ မင်းသားရွှေမန်းမောင်စိန် ဖြစ်သည်။

အသက် (၁၂) နှစ်အရွယ်တွင် သုံးပန်လှအောင်ထွန်းကြည်နှင့် မကျင်ရီတည်ထောင်သော ဇာတ်အဖွဲ့၌ ပညာယူခဲ့ပြီး၊ ရှစ်လအကြာတွင် ရဲရဲတောက်ဘားဆပ်ကပ်၌ "အာရှမယ်စိန်လှမြိုင်"အမည်နှင့် အငြိမ့်တေးသရုပ်ဖော်များကပြ ခဲ့သည်။

ကျိုက်လတ်ဖျာပုံဘက်တွင် ပွဲထွက်ရင်း ဦးဒံပေါက် က ရန်ကုန်သို့ခေါ်လာခဲ့သည်။ အငြိမ့်ကပြရာမှ ဦးဒံပေါက်ကွယ်လွန်သည့်အခါ ဦးပိုလိုအငြိမ့်၌ ပါဝင်ခဲ့သည်။ (၅) လအကြာ အာဇာနည်ခေါင်းဆောင်ကြီးများ တမ်းတသည့်တေးများ သီဆိုရာ၌ ပရိသတ်က ချီးမြှင့်သော ရွှေလက်စွပ်ဆုကို ပထမဆုံးရရှိခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် အငြိမ့်ထောင်ဦးလေးဆင်က ကူညီသဖြင့် ကပြခဲ့ရာ ရန်ကုန်တက္ကသိုလ်ဥတ္တရကျောင်းဆောင်မှ ခေါင်းဆောင်မင်းသမီးကောလိပ်မြိုင်အား ပြည်ချစ်မယ်ဘွဲ့နှင့် ရွှေတံဆိပ်ဆုချီးမြှင့်ခဲ့သည်။

မဟာဂီတသီချင်းကြီးများကို မယ်ဒလင်ဦးယုကြိုင်၏ တိုက်တွန်းချက်အရ ဘာဂျာဆရာစိုးကြီးထံ၌ သင်ကြားဆည်းပူးခဲ့သည်။ သူ၏ထူးခြားသော ကရုဏာသံနှင့် လည်ချောင်း၌ ခလုတ်ကလေးပါသည်ဆိုသော ဟဲသံကြောင့် ပရိသတ်ကို ဆွဲဆောင်အားကြီးခဲ့သည်။

လူရွှင်တော်ကြီး ဦးကြယ်ပြောင်မှတစ်ဆင့် လှည်းတန်း ဦးညွန့်၊ ဒေါ်မြလေးတို့တည်ထောင်သော အငြိမ့်၌ဆန်းညွန့် ကောလိပ်မြိုင်အဖြစ်လည်းကောင်း၊ ဗဟန်းအုတ်လမ်း ဦးစံမြ၏ အငြိမ့်တွင် ခေါင်းဆောင်မင်းသမီးအဖြစ်လည်းကောင်း ကပြခဲ့သည်။

ရန်ကြီးအောင်စစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေးများ၌ တပ်မတော်သားများကို ဖျော်ဖြေရန် လွယ်လင်၊ မိုင်းတုံ၊ မိုင်းဆတ်၊ ပုံပါကျင်၊ မဲကင်းအထိ တပ်မတော်နှင့် လိုက်ပါခဲ့သည်။



အငြိမ့်မင်းသမီးကြီး
ပြည်ချစ်မယ်
ကောလိပ်မြိုင်

ဆန်းညွန့်အငြိမ့်မှ တစ်ဖန်ကိုယ်ပိုင်အငြိမ့်ထောင်ခဲ့သည်။ ပံ့ပိုးပေးသော ဆရာများမှာ ရွှေခြံထွန်းနှင့် ဦးမျိုးညွန့် တို့ဖြစ်သည်။ မြန်မာ့အသံဆရာစိုး သီချင်းကြီး တူရိယာအဖွဲ့ မှ မဟာဂီတသီချင်းကြီးများနှင့် ဖျော်ဖြေရာ ထင်ပေါ်ကျော် ကြားခဲ့သည်။ ခက်ခဲနက်နဲသော မဟာဂီတ သီချင်းကြီးများကို အငြိမ့်စင်ပေါ်မှ ဖော်ထုတ်ပေးခဲ့ရင်း မန္တလေးပန်တျာကျောင်း၌ အကနည်းပြဆရာမကြီးအဖြစ် ရွေးချယ်ခံရသည်။ သီချင်းကြီးများကိုလည်း ကိုယ်တိုင် ရေးစပ်နိုင်သည်။ ကမ္ဘာလှည့်ခရီးသည်များအား ညှော်ခံရန် မန္တလေးပန်တျာ ကျောင်းမှ သွားရောက်ဖျော်ဖြေရသည်။

ဒေါ်ကောလိပ်မြိုင်သည် အငြိမ့်ခန်း၌ကိုယ်တိုင်မင်းသားလုပ်၍ နှစ်ပါးသွားခွင်ကိုလည်း ဖန်တီးခဲ့သည်။ အကဝါသနာရှင်လေးများကိုလည်း စနစ်တကျရိုးရာမပျက် သင်ကြားပို့ချပေးခဲ့သည်။ အငြိမ့်မင်းသမီးလောက၌ သီချင်းကြီးအဆိုတော်ဟုထူးခြားစွာအမည်တွင်ခဲ့သည်။ တပ်မတော်သားများအား ဂုဏ်ပြုခဲ့သော "မျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်"နှင့် "ဂီတအလင်းရောင်"၊ "ဗုံ့ရှည်"သီချင်းများမှာ ထင်ရှားခဲ့သည်။ "နန်းတွင်းသဘင်မဟာ၊ ကောလိပ်မြိုင်က အနုပညာတစ်ခု အဝင်အပါ ကောင်းတာကို သင်ပြပါမှ သာသနာဘာသာ လူမျိုး အဓိကပါ၊ ရှေးဦးမဆွ၊ မြန်မာ့ အနုပညာ" ဟူသော သီချင်းမျိုးကိုသာ ဆိုလေ့ရှိသည်။

နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ၊ တရုတ်ပြည်သို့ကိုယ်စားလှယ်အဖြစ်နှင့်လည်း ရောက်ရှိခဲ့သည်။ အနုပညာလက်ဆင့်ကမ်းသည့်အနေနှင့် အဆိုအကအနုပညာများကို သားသမီးများအားလည်း အမွေပေးအပ်ခဲ့သည်။ အငြိမ့်လောကတွင် ထိပ်တန်းပညာရှင် မဟာဂီတအဆိုကျော်ပြည်ချစ်မယ် ကောလိပ်မြိုင်သည် ရန်ကုန်မြို့ပန်တျာကျောင်းအကနည်းပြဆရာအဖြစ် အမှုထမ်းရင်း (၁၆-၇-၉၄) နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့ရာ ခင်ပွန်းသည် ဦးတင်မော်၊ သားဖြစ်သူ ဦးသျှန်ထွန်း (ယဉ်ကျေးမှုဌာန ဦးစီးအရာရှိ ၊ တီးဝိုင်း) နှင့် သမီးဖြစ်သူ အနုပညာရှင် မအေးအေးမော်( တတိယနှစ် မြန်မာစာ ရန်ကုန်တက္ကသိုလ်) တို့ ကျန်ရစ်ခဲ့လေသည်။

**ကိုရီးယားသမ္မတနိုင်ငံ။** ။သမ္မတကင်မ်ယောင်ဆမ်နှင့် ၄င်း၏မိသားစုပိုင်ဆိုင်သောပစ္စည်းဥစ္စာမှာဒေါ်လာ ၂ ဒသမ ၅ သန်းဖိုးရှိကြောင်း သမ္မတရုံးတာဝန်ရှိသူများက ၁၉၉၄ ခုနှစ်၊ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ ယခုကြေညာချက်တွင် ဒေါ်လာ ငါးသိန်းတိုးလာသည်။

နိုင်ငံအနှံ့အစိုးရအဖွဲ့ဝင်များ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစိတ်အပိုင်းတစ်ခုအဖြစ် သမ္မတ ကင်မ်ယောင်ဆမ် ကိုယ်တိုင်အစပျိုးလုပ်ဆောင်ခဲ့သည့် ဥပဒေသစ်အရ အစိုးရထိပ်တန်းအရာရှိကြီးများအနေဖြင့် မိမိတို့ပိုင်ဆိုင်သော ဥစ္စာဓနပစ္စည်းများတန်ဖိုးကို မှတ်ပုံတင်ဖော်ပြရန်လိုအပ်ပြီး အပြောင်းအလဲရှိပါကလည်း နှစ်စဉ်ပြင်ဆင်ဖော်ပြရန်ဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လက ပိုင်ဆိုင်ဥစ္စာပစ္စည်းများ မှတ်ပုံတင်ဖော်ပြမှု ပထမအကြိမ်စတင်ခဲ့ရာ တရားရုံးချုပ်တရားသူကြီးချုပ်အပါအဝင် ဥပဒေပြုအမတ်အများအပြားရာထူးမှနုတ်ထွက်ခဲ့ကြသည်။ အကြောင်းမှာ ၄င်းတို့အနေဖြင့် ဥစ္စာဓနများကို မသမာသောနည်းလမ်းဖြင့်လည်းကောင်း၊ မြေများဈေးကစားခြင်းအားဖြင့်လည်းကောင်း စုဆောင်းရယူခဲ့သည်ဟု စွပ်စွဲခံရသောကြောင့်ဖြစ်သည်။

ကင်မ်၏ ပစ္စည်းဥစ္စာများတွင် အိမ်၊ လယ်ယာမြေနှင့် ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းငွေကြေးတန်ဖိုး ဒေါ်လာ ၇,၁၀,၀၀၀ ပါဝင်ပေသည်။ ယခင်ပထမအကြိမ်မှတ်ပုံတင်ကြေညာစဉ်က ကင်မ်မိသားစု၏ပိုင်ဆိုင်ပစ္စည်းမှာ ဒေါ်လာ နှစ်သန်းသာရှိခဲ့ပြီး ယခုအကြိမ်မှတ်ပုံတင်ကြေညာ မှုတွင် ဒေါ်လာ ၂ ဒသမ ၅ သန်း ရှိလာသဖြင့် ဒေါ်လာ ငါးသိန်း တိုးခဲ့ပေသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ သမ္မတကင်မ် ယောင်ဆမ်လက်ထက်အဓိက အချက်အချာကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ဥပဒေပြုအမတ်များ၊ လုပ်ငန်းရှင်များနှင့် ထိပ်တန်းစစ်ဘက်ဗိုလ်ချုပ်ကြီးများအား နိုင်ငံရေး အပေးအယူလုပ်လာဘ်ယူမှု သို့မဟုတ် အခြားလာဘ်စားမှုများအတွက် ရာထူးမှထုတ်ပယ်ခြင်း၊ ထောင်ချခြင်း သို့မဟုတ် သတိပေးဆုံးမခြင်းများ လုပ်ဆောင်ခဲ့သည်။

ပြုပြင်ပြောင်းလဲရေးဥပဒေကြမ်း - တောင်ကိုရီးယား ရွေးကောက်ပွဲများတွင် မဲမသမာမှုများနှင့် လာဘ်စားမှုများ ချုပ်ငြိမ်းစေရေးကို ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းများကို သမ္မတကင်မ်ယောင်ဆမ်ကမတ်လ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။ ယင်းမှာ ကင်မ်ယောင်ဆမ်၏ နိုင်ငံရေးသန့်ရှင်းစေရေး လုပ်ဆောင်ချက်ကို ဆက်လက်ဆောင်ရွက်ခြင်းဖြစ်သည်။

အာဏာရပါတီနှင့် အတိုက်ခံပါတီများ လပေါင်းများစွာ အကြိတ်အနယ်ဆွေးနွေးမှုမှ ပေါ်ထွက်လာခဲ့သည့် ယင်းဥပဒေကြမ်းသည် ရွေးကောက်ပွဲများ သန့်ရှင်းစေရေးနှင့် စရိတ်အကုန်အကျနည်းစေရန် ရွေးကောက်ပွဲလုပ်ရှားမှု

ရန်ပုံငွေနှင့် စပ်လျဉ်းပြီးတင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားသည်။ ဖောက်ဖျက်ပါက ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများအနေဖြင့် အရည်အချင်း မပြည့်မီသူအဖြစ်သတ်မှတ်ခံရမည်ဖြစ်သည်။ ပါလီမန်က တညီတညွတ်တည်း အတည်ပြုခဲ့ပြီး သမ္မတ ကင်မ်ယောင်ဆမ်ပြဋ္ဌာန်းခဲ့သည့် ယင်းဥပဒေသည် ကိုရီးယားနိုင်ငံရေးလောကတွင် အဂတိလိုက်စားမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကင်မ်၏လှုပ်ရှားမှုတွင် နောက်ထပ်အောင်ပွဲတစ်ရပ် ဖြစ်ပေသည်။

လွန်ခဲ့သည့်ရွေးကောက်ပွဲများတွင် မဲမသမာမှုများနှင့် လာဘ်ထိုးမှုများရှိသည်ဟု စွပ်စွဲခဲ့ရာ ရွေးကောက်ပွဲဂုဏ်သိက္ခာကို ထိခိုက်ခဲ့ရသည်။ မဲပေးသူများကို အစားအသောက်များ ရက်ရက်ရောရော ကျွေးမွေးခြင်း၊ အခမဲ့ လည်ပတ်ရေး ခရီးစဉ်များအပါအဝင် လက်ဆောင်များ ပေးခြင်းတို့ဖြင့် ဆွဲဆောင်ခဲ့သည်ဟု ဆိုသည်။

ယခု ပြဋ္ဌာန်း လိုက်သော ဥပဒေသစ်အရ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းအားလုံးသည် မိမိတို့၏ ဘဏ္ဍာရေး ရပိုင်ခွင့်များနှင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ထုတ်ဖော်ကြေညာရမည်ဖြစ်သည်။ သတ်မှတ်ထားသောရွေးကောက်ပွဲကုန်ကျစရိတ်ကို ကျော်လွန်ပါက သို့မဟုတ် လိမ်လည်၍ ကြေညာပါက ရွေးကောက်ပွဲနိုင်သည်ကိုပင် ပယ်ဖျက်သည်အထိ အရေးယူအပြစ်ပေးနိုင်ပေသည်။

သမ္မတလောင်းတစ်ဦးသည် ယခင်ကရွေးကောက်ပွဲကုန်ကျစရိတ်ဒေါ်လာ ၄၆ ဒသမ ၅သန်း သုံးခွင့်ရှိရာမှ ယခု ဒေါ်လာ ၂၈ သန်းသာသုံးခွင့်ရှိပေတော့မည်။ ပါလီမန်အမတ်လောင်းတစ်ဦးအနေဖြင့် ယခင်ကရွေးကောက်ပွဲကုန်ကျစရိတ်ဒေါ်လာ ၁ ဒသမ ၅ သန်းသုံးစွဲခွင့်ရှိရာမှ ယခု ၆၆,၀၀၀ ဒေါ်လာသာ သုံးခွင့်ရှိပေမည်။

**နျူကလီးယားအငြင်းပွားမှုပြဿနာ** – ကိုရီးယားကျွန်းဆွယ်တွင် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးနှင့်အတွက် လိပ်ခဲတည်းလည်း ဖြစ်နေသောပြဿနာတစ်ရပ်မှာ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်ပင်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံက နျူကလီးယား လက်နက်ထုတ်လုပ်လာမည်ကို တောင်ကိုရီးယားနိုင်ငံကစိုးရိမ်ပူပန်လျက်ရှိပြီး အမေရိကန် နိုင်ငံကလည်း ယင်းကိစ္စအတွက် မြောက်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးလျက်ရှိနေခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြောက်ကိုရီးယားနိုင်ငံအပေါ် သံသယစိတ်ဖြင့် စောင့်ကြည့်နေခဲ့ကြသည်။ မြောက်ကိုရီးယားနိုင်ငံကလည်း နျူကလီးယား လက်နက်ထုတ်လုပ်ရန် စိုင်းပြင်းနေသည်ဆိုသည့် စွပ်စွဲချက်ကို ငြင်းဆိုပြီး မြောက်ကိုရီးယားရှိ နျူကလီးယားစက်ရုံ တည်ရှိရာနေရာများအား နိုင်ငံတကာစစ်ဆေးမှုခွင့်ပြုရန် ငြင်းဆိုခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ဖိအားပေးခြင်းသို့မဟုတ် ခြိမ်းခြောက်ခြင်း ပြုလုပ်လာပါက ဘေးဒုက္ခဖြစ်စေလိမ့်မည်ဟု မြောက်ကိုရီးယား သမ္မတကင်အီဆွန်းက ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့က နှစ်သစ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားကာ သတိပေးခဲ့သည်။

မြောက်ကိုရီးယားသမ္မတက ယင်းသို့ ပြောကြားလင့်ကစား အမေရိကန်နှင့် မြောက်ကိုရီးယား နိုင်ငံတို့သည် မြောက်ကိုရီးယားရှိ နျူကလီးယား လက်နက်ထုတ်လုပ်သည်ဟု သံသယရှိသည့်ဌာနများကိုပြင်ပမှ စစ်ဆေးရန်နှင့် တောင်ကိုရီးယား – အမေရိကန် ပူးတွဲစစ်ရေး လေ့ကျင့်မှုကို ပယ်ဖျက်ရန်တို့ကိုမူအားဖြင့် သဘောတူပြီးဖြစ်သည်ဟု တောင်ကိုရီးယား ရေဒီယိုက ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ကြေညာခဲ့သည်။

တောင်ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်အစီအစဉ်အပေါ်အငြင်းပွားမှုကို စောစီးစွာဖြေရှင်းရန် ဆန္ဒရှိနေပေသည်။ မြောက်ကိုရီးယားနိုင်ငံက ၎င်း၏နျူကလီးယား အစီအစဉ်မှာ စွမ်းအင်ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းစွာ အသုံးချရေးဖြစ်ကြောင်း တစိုက်မတ်မတ် ပြောကြားနေခဲ့သည်။ အမေရိကန် ဗဟိုထောက်လှမ်းရေး၏ အစီရင်ခံစာအရ မြောက်ကိုရီးယားနိုင်ငံက အဏုမြူဗုံး တစ်လုံး သို့မဟုတ် နှစ်လုံး ထုတ်လုပ်ပြီး ဖြစ်သည်ဟု ထင်မြင်ယူဆလျက်ရှိသည်။

တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ်



ဩစတြေးလျနိုင်ငံ ဗီယင်နာမြို့တွင် အခြေစိုက်သည့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) ကလည်း မြောက်ကိုရီးယားနိုင်ငံနှင့် အဆက်အသွယ်ပြုကာ မြောက်ကိုရီးယားရှိ နျူကလီးယား အသုံးအဆောင်ပစ္စည်းများ ရှိရာ နေရာအားလုံးကို စစ်ဆေးခွင့်ရရန် ကြိုးပမ်းနေခဲ့သည်။ တစ်ဖက်တွင် အမေရိကန်နှင့် မြောက်ကိုးရီးယား ဆွေးနွေးပွဲမှ တိုးတက်မှုများရရှိခဲ့ရာ နိုင်ငံတကာစစ်ဆေးမှု ခွင့်ပြုချက် ရရှိရန် လမ်းပွင့်လာလျက် ရှိနေခဲ့သည်။ မြောက်ကိုရီးယား နိုင်ငံက ၄င်းကြေညာထားသော နျူကလီးယားအသုံးအဆောင် ပစ္စည်းများရှိရာနေရာ ခုနစ်ခုအနက် ငါးခုကိုသာ စစ်ဆေး ခွင့်ပြုထားသည်။ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက ခုနစ်ခုလုံးကို စစ်ဆေးခွင့်ပြုရန် တောင်းဆိုထားသည်။ သို့ဖြစ်ရာ မြောက်ကိုရီးယားနိုင်ငံက စစ်ဆေးခွင့်ပြုသည့် တိုင်အောင် အကန့်အသတ်ဖြင့် ခွင့်ပြုသည့်အတွက် ပြဿနာဖြစ်နေခဲ့ ပြန်သည်။ စစ်ဆေးရန်ခွင့်မပြုသည့် နေရာနှစ်နေရာမှာ ယွန်ဗြူးရှိနေရာများဖြစ်သည်။ ဤပြဿနာပြေလည်ခြင်းမရှိပါက ရေနံအပါအဝင် စီးပွား ရေးပိတ်ဆို့အရေးယူမှုကို ကုလသမဂ္ဂက ဆောင်ရွက်ရလိမ့် မည်ဟု အမေရိကန်က မြောက်ကိုရီးယားအား ခြိမ်းခြောက် ခဲ့သည်။ သို့ရာတွင် နောက်ပိုင်း၌ အမေရိကန်က အပျော့ ဆွဲကာ နိုင်ငံတကာစစ်ဆေးမှုကိုခွင့်ပြုရန် မြောက်ကိုရီးယားအား ဖျောင်းဖျခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားစစ်ဆေး မှုအရေးကိစ္စနှင့်စပ်လျဉ်းပြီး နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) နှင့် ဆွေးနွေးမှုများ ပြန်လည် စတင်ခဲ့သည်။ ဆွေးနွေးမှုများ ပြန်လည်စတင်ကြောင်းကို အိုင်အေအီးအေက ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ တစ်ချိန်တည်းမှာပင် တောင်ကိုရီးယားနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များက ပိုင်းခြားထားသော ကိုရီးယား ကျွန်းဆွယ်တွင် နျူကလီးယား မဲ့ရေးဆွေးနွေးရန် တောင်နှင့် မြောက်နှစ်နိုင်ငံတို့မှ အထူးကိုယ်စားလှယ်များ အပြန် အလှန် လဲလှယ်စေလွှတ်ရန် မျှော်လင့်ကြောင်းပြောကြား ခဲ့သည်။

နျူကလီးယားစစ်ဆေးကိစ္စအငြင်းပွားမှုမှာ ၁၉၉၃ ခုနှစ် စတင်ကတည်းကပင် တင်းမာလာလျက်ရှိနေခဲ့ရာ ယင်းနှစ်မတ်လတွင် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယား မပြန့်ပွားရေးစာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်မည် ဖြစ်ကြောင်းကြေညာသည်အထိဖြစ်ခဲ့ရသည်။ နောက်ပိုင်းတွင် နုတ်ထွက်မည့်သဘောထားကိုရွှေ့ဆိုင်းခဲ့သည်။ ယင်းအချိန် ကတည်းကပင် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယား မပြန့်ပွားရေး စာချုပ်ပါစည်းမျဉ်းများနှင့် ကိုက်ညီခြင်းရှိမရှိသိရှိရန် ယင်းနိုင်ငံရှိ နျူကလီးယားပစ္စည်းများရှိရာနေရာများအား အပြည့်အဝစစ်ဆေးခွင့်ပြုရန်လိုအပ်ကြောင်း တောင်းဆိုလျက် ရှိနေခဲ့ပြီး မြောက်ကိုရီးယားကလည်း အပြည့်အဝစစ်ဆေးရေး ခွင့်ပြုရန်ငြင်းဆိုနေခဲ့သည်။

၁၉၅၀-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲနောက်ပိုင်း ရန်စောင်လျက်ရှိကြသည့်တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ တို့သည် ကိုရီးယားကျွန်းဆွယ်ဒေသတွင် နျူကလီးယား လက်နက်တားမြစ်ရေးနှင့် နှစ်နိုင်ငံရှိနျူကလီးယားအသုံး အဆောင်ပစ္စည်းများအပြန်အလှန်စစ်ဆေးရေးကို ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် သဘောတူညီခဲ့ကြသည်။ ယင်းသဘော တူချက် အကောင်အထည်ဖော်ရေးညှိနှိုင်းဆွေးနွေးရေးမှုများ ဆက်လက်ပြုလုပ်ခဲ့ရာ တိုးတက်မှုမရရှိဘဲ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဆွေးနွေးပွဲလုံးဝပျက်ပြားသွားခဲ့သည်။ နောက်ပိုင်းတွင် ယင်းဆွေးနွေးပွဲပျက်ပြားသွားခြင်းဖြစ်ရပ်အား နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက မြောက်ကိုရီးယားရှိ နျူကလီးယားဌာနများ အပြည့်အဝစစ်ဆေးခွင့်ရရှိရန် တောင်းဆိုလာခြင်းနှင့် မြောက်ကိုရီးယားကပြင်းပြင်း ထန်ထန် ငြင်းဆန်နေခြင်းကိစ္စတို့က လွှမ်းမိုးသွားခဲ့သည်။

နျူကလီးယားဌာနများအားအပြည့်အဝစစ်ဆေးရေးကို မြောက်ကိုရီးယားက သဘောတူရန်ကြိုးပမ်းမှုတွင် တိုးတက်မှု ရှိမရှိသုံးသပ်ရန်နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ဘုတ်အဖွဲ့အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် ကျင်းပရန်ရှိနေသည်။ တောင်ကိုရီးယားနိုင်ငံက ယင်းကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်ပြပြီး ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင်အစည်းအဝေးမတိုင်မီ မြောက်ကိုရီးယားက နျူကလီးယားဌာနများအပြည့်အဝစစ်ဆေးမှုကို ခွင့်မပြုပါက စီးပွားရေးပိတ်ဆို့အရေးယူမှုကိုလုံခြုံရေးကောင်စီက စဉ်းစား ပေးရန် ဆန္ဒရှိနေပေသည်။

မြောက်ကိုရီးယားနိုင်ငံကလည်း အမေရိကန်နိုင်ငံ အနေဖြင့် နျူကလီးယားဌာနများစစ်ဆေးရေးအတွက် နိုင်ငံ တကာအဏုမြူစွမ်းအင်အေဂျင်စီက ချမှတ်သည့်သတ်မှတ် ချက်များအတိုင်းလက်ခံရန်ဖိအားပေးလုပ်ဆောင်မည်ဆိုပါက နျူကလီးယားမပြန့်ပွားရေး စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်ရေးလမ်းကိုလိုက်ရမည်ဖြစ်ကြောင်း သတိပေး ခဲ့သည်။ ထို့ပြင် မြောက်ကိုရီးယားက ဒုံးကျည်များဖြင့် တိုက်ခိုက်လာပါက ခုခံကာကွယ်ရန် အမေရိကန်ပက်ထရီရော့ ဒုံးကျည်များတောင်ကိုရီးယားတွင် ဖြန့်ကျက်ဖြန့်ထားရေး အစီအစဉ်ကိုလည်း ကန့်ကွက်ခဲ့သည်။

တစ်ဖက်တွင် တောင်ကိုရီးယားနိုင်ငံသည် ၁၉၉၄ ခုနှစ် အတွင်း အမေရိကန်ပြည်ထောင်စုနှင့် ပူးတွဲလျက် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်ရှိနေသည်။ ယင်းစစ်ရေးလေ့ကျင့်မှုကို (Team Spirit) ဟု အမည်ပေး ထားသည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းစစ်ရေးလေ့ကျင့်မှုကို ဖျက်သိမ်းပစ်ရန် တောင်းဆိုနေခဲ့ပြီး အဆိုပါ စစ်ရေးလေ့ကျင့်မှုမှာ မြောက်ကိုရီးယားအား ကျူးကျော်ရေးအတွက် အစမ်းလေ့ကျင့်မှုတစ်ရပ်အဖြစ် ခေါ်ဝေါ်သမုတ်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှု အစီအစဉ် ဖျက်သိမ်းရေး၊ မဖျက်သိမ်းရေးမှာ မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားဌာနများ စစ်ဆေးခွင့်ပြုမပြုအချက်ပေါ်တွင် တည်မှီနေပေသည်။ မြောက်ကိုရီးယားနိုင်ငံကသာ သံသယ ဖြစ်ဖွယ်ရှိသည့် နျူကလီးယားဌာနများ အပြည့်အဝစစ်ဆေးရေးကို ခွင့်ပြုမည်ဆိုပါက စစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို ဖျက်သိမ်းရန် တောင်ကိုရီးယားနှင့် အမေရိကန်တို့သဘော တူညီပြီးဖြစ်သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် "Team Spirit" စစ်ရေးလေ့ကျင့်မှုအတွက်အသေးစိတ်ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားစစ်ဆေးရေးခွင့်ပြုမှုကိုဖေဖော်ဝါရီ ၂၁ ရက်နေ့ နောက်ဆုံးထားပြန်ကြားရန်ကို သတ်မှတ်ခဲ့သည်။

"Team Spirit 94" ဟုအမည်ပေးထားသည့် စစ်ရေးလေ့ကျင့်မှုကို မတ် ၂၂ မှ ၃၁ ရက်နေ့ထိပြုလုပ်ရန်သတ်မှတ်ထားသည်။ ယခုနှစ် စစ်ဆင်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန် သတ်မှတ်ထားသည့်တောင်ကိုရီးယားနှင့် အမေရိကန်စစ်သားဦးရေမှာ ၄၀,၀၀၀ ခန့်ဖြစ်သည်။ လွန်ခဲ့သော ၁၉၉၃ ခုနှစ် စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့သောဦးရေ၏ သုံးပုံတစ်ပုံဖြစ်သည်။ လွန်ခဲ့သည့်နှစ်က အမေရိကန်စစ်သား ၅၀,၀၀၀ ပါဝင်ခဲ့ရာ စစ်သားအများစုကို အမေရိကန်ပြည်ထောင်စုမှ ခေါ်ယူခဲ့သည်။ ယခုနှစ်စစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားရှိ အခြေစိုက်စခန်းများမှ အမေရိကန်စစ်သားများနှင့် တောင်ကိုရီးယားစစ်သားများသာ အဓိကပါဝင်လေ့ကျင့်မည်ဖြစ်သည်။

နျူကလီးယားအစီအစဉ်နှင့် စပ်လျဉ်းပြီး မြောက်ကိုရီးယားနိုင်ငံအား ကမ္ဘာ့ကုလသမဂ္ဂက စီးပွားရေးပိတ်ဆို့အရေးယူမှုပြုပါက စစ်ကြေညာမှုတစ်ရပ်အဖြစ် သဘောထားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားက ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် သတိပေးပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့်အခြားနိုင်ငံများကလည်း နျူကလီးယားစစ်ဆေးခွင့်ပြုရေးကို ငြင်းဆိုနေမည်ဆိုပါက မြောက်ကိုရီးယားအား ကုလသမဂ္ဂက စီးပွားရေး ပိတ်ဆို့အရေးယူမှုဆောင်ရွက်ရေးကို ဆွေးနွေးလျက်ရှိနေခဲ့ကြသည်။ ဗီယင်နာတွင် အခြေစိုက်သည့် ကုလသမဂ္ဂ အိုင်အေအီးအေအဖွဲ့ကလည်း မြောက်ကိုရီးယားနျူကလီးယားအငြင်းပွားမှုကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ လွှဲပြောင်းကာပိတ်ဆို့အရေးယူရေး မယူရေး ဆွေးနွေးရန် စိုင်းပြင်းခဲ့သည်။ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁-၂၂ တွင် ကျင်းပရန် သတ်မှတ်ထားသည်။

ဤသို့အခြေအနေများတင်းမာနေဆဲမှာပင် မြောက်ကိုရီးယားကိုယ်စားလှယ်များသည် နျူကလီးယားစစ်ဆေးရေးနှင့် စပ်လျဉ်းပြီးနိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ဗီယင်နာ၌ ဆွေးနွေးပွဲများ ပြန်လည်စတင်ခဲ့သည်။ နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ၏ အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့ကလည်း အစည်းအဝေးကျင်းပကာ စစ်ဆေးမှုများကိုခွင့်ပြုရန် မြောက်ကိုရီးယားကသဘောမတူပါက နျူကလီးယားမပြန့်ပွားရေး စာချုပ်ပါလိုက်နာရန် စည်းမျဉ်းသတ်မှတ်ချက်များကို ချိုးဖောက်သူအဖြစ် ကြေညာရန် ရှိနေပေသည်။

ယင်းသို့ရှိနေခဲ့ရာမှ မြောက်ကိုရီးယားက နျူကလီးယားစစ်ဆေးခွင့်ပြုရေးကို ရုတ်တရက်လမ်းဖွင့်ပေးလိုက်သည်။ ဤသို့မြောက်ကိုရီးယားက သဘောတူလိုက်လျောခြင်းကို တောင်ကိုရီးယားအစိုးရက ကြိုဆိုလိုက်ပြီး သမ္မတ ကင်မ်ယောင်ဆမ်ကလည်း ချီးကျူးထောပနာပြုခဲ့သည်။

ယခုမြောက်ကိုရီးယားက သဘောတူညီခဲ့သည့် နျူကလီးယားစစ်ဆေးခွင့်ပြုရေးတွင် နျူကလီးယားထိပ်ဖူးများလုပ်ရန် အသုံးပြုနိုင်သည့် ပလူတိုနီယမ်များ သိုလှောင်ထားသည်ဟု သံသယရှိသည့် ယွန်ဗြူးတွင်ရှိသော နေရာနှစ်နေရာပါဝင်ခြင်းမရှိပေ။ ယင်းနေရာ နှစ်နေရာအား စစ်ဆေးခွင့်ဖွင့်လှစ်ရေးအတွက် ယခင်က ညှိနှိုင်းဆွေးနွေးခဲ့ဖူးရာ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေခဲ့သည်။

ယခုစစ်ဆေးမှုတွင် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့က နောက်ဆုံးစစ်ဆေးခဲ့ပြီး နောက်ပိုင်းနျူကလီးယားပစ္စည်းများကို ပြောင်းလဲထုတ်လုပ်ခြင်းမရှိကြောင်းနှင့် နောင်စစ်ဆေးမှုများအတွက် အထောက်အကူဖြစ်စေရန် ထောက်လှမ်းရေးကင်မရာများ ပြန်လည်တပ်ဆင်ရေးအတွက် အတည်ပြုလုပ်ဆောင်ရန်ဖြစ်သည်။

မြောက်ကိုရီးယားက ၎င်း၏နျူကလီးယားအစီအစဉ် အစိတ်အပိုင်းအချို့ စစ်ဆေးခွင့်ပြုရေး ဖွင့်လှစ်ပေးရန် သဘောထားကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီသို့ အကြောင်းကြားခဲ့ပြီးနောက် နာရီပိုင်းအတွင်းမှာပင် နယူးယောက်မြို့၌ အမေရိကန်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခဲ့သည်။ စစ်ဆေးမှုများကို စောစီးစွာမြန်မြန်ဆန်ဆန် ခွင့်ပြုရန် အမေရိကန်က

မြောက်ကိုရီးယားအား တိုက်တွန်းခဲ့သည်။ အိုင်အေအီးအေကလည်း ကျွမ်းကျင်သူများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့ကို မြောက်ကိုရီးယားသို့စေလွှတ်ရန် စီစဉ်ခဲ့သည်။ ဂျပန်နှင့်တရုတ်နိုင်ငံတို့ကလည်း နျူကလီးယားစစ်ဆေးရေးကို ခွင့်ပြုရန်မြောက်ကိုရီးယားက ဆုံးဖြတ်သဘောတူခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။

ဤသို့ဖြင့် နျူကလီးယားအငြင်းပွားမှုနှင့် စပ်လျဉ်းပြီး မြောက်ကိုရီးယားနိုင်ငံ၏ ရပ်တည်ချက်အနေအထား ပြောင်းလဲသွားခဲ့ရာ တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန် ပက်ထရီရော့ ဒုံးကျည်များ ဖြန့်ကျက်ထားရှိရေးကိစ္စမှာ ရွှေ့ဆိုင်းသွားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပက်ထရီရော့ ဒုံးကျည်များ ဖြန့်ကျက်ထားရှိရေးကိစ္စအား အမေရိကန်က ပြန်လည်စဉ်းစားစေလိုသည့် ဆန္ဒရှိနေပေသည်။ အမေရိကန်က ယင်းကိစ္စနှင့် ပတ်သက်ပြီး အပြီးသတ် ဆုံးဖြတ်ချက်မချမှတ်ရသေးလင့်ကစား မြောက်ကိုရီးယားက စကဒ်ဒုံးကျည်ဖြင့် တိုက်ခိုက်လာမည်ဆိုပါက ဟန့်တားကာကွယ်ရန် ပက်ထရီရော့ ဒုံးကျည်များလိုအပ်သည်ဟု ယူဆထားသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဟန်ဆွန်ဂျူးက အမေရိကန်နိုင်ငံသည် ပက်ထရီရော့ ဒုံးကျည်များ တောင်ကိုရီးယားတွင် ဖြန့်ကျက်ထားရန် အစီအစဉ်ကို ပြန်လည်စဉ်းစားသင့်သည်ဟု ပြောကြားရင်း အိုင်အေအီးအေ၏ စစ်ဆေးမှုများမှာ လုံလောက်မှုရှိနိုင်မည် မဟုတ်ကြောင်း၊ အကြောင်းမှာ အဓိကအချက်အချာကျသော ငါးမီဂါဝပ်ရှိ နျူကလီးယားဓာတ်ခွဲခန်း၌ အသုံးပြုလျက်ရှိသော လောင်စာချောင်းများမှ နမူနာကိုထုတ်ယူရန် စစ်ဆေးသူများအား မြောက်ကိုရီးယားက ခွင့်ပြုမည်မဟုတ်သောကြောင့် ဖြစ်ကြောင်းထည့်သွင်း ပြောကြားခဲ့သည်။

လောင်စာအချောင်းများမှ နျူကလီးယားနမူနာပစ္စည်းများကို ဓာတ်ခွဲကြည့်ခြင်းသည် အဏုမြူဗုံးထုတ်လုပ်ရေးအတွက် အဓိကပစ္စည်းဖြစ်သည့် ပလူတိုနီယမ်ကို နျူကလီးယားဓာတ်ပေါင်းဖိုမှ ထုတ်ယူပြီးဖြစ်မဖြစ်စစ်ဆေးသိရှိရန် အရေးပါသည်ဟု နျူကလီးယားကျွမ်းကျင်သူများက ပြောကြားကြသည်။

ယင်းအခြေအနေတွင် တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးအတိုက်အခံ အုပ်စုဖြစ်သည့် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ လီကီတိတ်က နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာ အသုံးချရေးကို ခွင့်ပြုရန်တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား နျူကလီးယားမဲ့ဖြစ်ရေး စာချုပ်ကို ပြန်လည်သုံးသပ်သင့်ကြောင်း တောင်းဆိုခဲ့သည်။

အပြုသဘောဆောင်သည့် အခြေအနေများဖြစ်ပေါ် တိုးတက်လျက်ရှိနေဆဲမှာပင် စစ်ဆေးမှုများအတိုင်းအတာကိုချဲ့ထွင်ရန် ဖိအားပေးလုပ်ဆောင်လာမည်ဆိုပါက ပေးထားသောကတိကို ဖျက်ရလိမ့်မည်ဟု ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် မြောက်ကိုရီးယားက ခြိမ်းခြောက်ခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယား၏ နျူကလီးယားဌာနများကို စစ်ဆေးခွင့်ပြုခဲ့ခြင်းအတွက် အပြန်အလှန်အနေဖြင့် အမေရိကန်နှင့် တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုများကို ရပ်ဆိုင်းပါမည်ဟုစာဖြင့်ရေးသားထားသည့် ဝန်ခံချက်ကို အမေရိကန်က လုပ်ဆောင်ပေးရန် မြောက်ကိုရီးယားက လိုလားပေသည်။ စာဖြင့်ရေးသားထားသည့် အဆိုပါ ဝန်ခံချက် ရရှိပြီးမှသာ ကုလသမဂ္ဂစစ်ဆေးသူများအတွက် ဗီဇာထုတ်ပေးရန် မြောက်ကိုရီးယားက ရည်ရွယ်ထားသည်။ အမေရိကန်က ယင်းတောင်းဆိုချက်ကို အခြေခံအားဖြင့် လက်ခံခဲ့သည်ဟုဆိုသည်။

ဖေဖော်ဝါရီ ၂၃ ရက်နေ့က နယူးယောက်မြို့တွင် ကျင်းပသော အမေရိကန်နှင့်မြောက်ကိုရီးယားလုပ်ငန်း အဆင့် ဆွေးနွေးပွဲတွင် အိုင်အေအီးအေစစ်ဆေးမှုများကို မတ်လ ၁ ရက်နေ့မှ စတင်၍ခွင့်ပြုရန် မြောက်ကိုရီးယားက ကမ်းလှမ်းခဲ့သည်။

ဤအခြေအနေတွင် တောင်ကိုရီးယားနိုင်ငံက တောင်နှင့်မြောက်နှစ်နိုင်ငံအကြား အထူးကိုယ်စားလှယ်များ ဖလှယ်ရေးကိုလိုလားလျက်ရှိသည်။ ယင်းကိစ္စအား အမေရိကန်–မြောက်ကိုရီးယားအဆင့်မြင့် ဆွေးနွေးပွဲပြန်လည် ကျင်းပရေးနှင့် အမေရိကန်–တောင်ကိုရီးယားပူးတွဲ စစ်ရေး လေ့ကျင့်မှု ပယ်ဖျက်ရေးသဘောတူညီချက်တို့နှင့် ဆက်စပ်ထားသည်။ ယင်းကန့်သတ်ချက်ကို မြောက်ကိုရီးယားက လက်မခံခဲ့ချေ။ သို့ရာတွင် မြောက်ကိုရီးယားသည် သံခင်းတမန်ခင်းနှင့် စီးပွားရေး၊ ဆက်ဆံရေးများ တိုးတက်ရေး အတွက် အမေရိကန်နှင့် အဆင့်မြင့် ဆွေးနွေးပွဲများ ပြုလုပ်ရန် လိုလားလျက်ရှိနေသည်။

မည်သို့ပင်ဖြစ်စေ မြောက်ကိုရီးယားကခွင့်ပြုသဘောတူညီခဲ့သည့်အတိုင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) မှ စစ်ဆေးသူများသည် မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်ကာ နျူကလီးယား စစ်ဆေးမှုများကိုပြုလုပ်ခဲ့ကြသည်။ အမေရိကန်နိုင်ငံကလည်း အမေရိကန် – တောင်ကိုရီးယားပူးတွဲ စစ်ရေးလေ့ကျင့်မှု အစီအစဉ်ကို ရပ်ဆိုင်းထားခဲ့သည်။

စစ်ဆေးမှုများမှာ အစပိုင်းတွင် ချောမွေ့ခဲ့သော်



နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီမှ စစ်ဆေးသူများ မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ ထွက်ခွာသွားကြစဉ်

လည်း နောက်ပိုင်းတွင် ပြဿနာတက်ခဲ့သည်။ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက နျူကလီးယားစစ်ဆေးမှုများမှာ ပြီးပြည့်စုံခြင်းမရှိကြောင်း ကြေညာခဲ့သည်။ ပြဿနာဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အဏုမြူဗုံးလုပ်ရာတွင် အရေးပါသည့်ပစ္စည်းဖြစ်သည့် ပလူတိုနီယမ် ထုတ်လုပ်သည်ဟုထင်ရသော အချက်အချာကျသည့် နေရာများမှ နျူကလီးယား ပစ္စည်းနမူနာများကို တိုင်းတာစစ်ဆေးခွင့်ပြုရန် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီမှ စစ်ဆေးရေးအဖွဲ့ဝင် ခုနစ်ဦးအား မြောက်ကိုရီးယားက တားမြစ်သောကြောင့် ဖြစ်သည်။ အထက်ပါ နေရာများမှာ နျူကလီးယား လက်နက်လျှို့ ဝှက်စွာ ထုတ်လုပ်သည်ဟု သံသယရှိသည့် ယွန်ဗြုံရှိနေရာများဖြစ်ကြသည်။

မြောက်ကိုရီးယားက ဖြစ်ပေါ်လာသော ပြဿနာရပ်အပေါ် အလျှော့မပေးဘဲရှိခဲ့ရာ အခြေအနေမှာ တင်းမာလာခဲ့သည်။ မြောက်ကိုရီးယားက နျူကလီးယားမပြန့်ပွားရေးစာချုပ်အဖွဲ့မှ နုတ်ထွက်မည်ဟု ထပ်မံခြိမ်းခြောက်ခဲ့ပြန်သည်။ တောင်ကိုရီးယားကလည်း ၄င်း၏ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကို တပ်လန့်ထားခဲ့သည်။ အမေရိကန်နိုင်ငံက အမေရိကန်–ကိုရီးယားပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ပြန်စရန် စဉ်းစားရလိမ့်မည်ဟုဆိုသည်။ ယင်းအခြေအနေမှာပင် အမေရိကန်သမ္မတ ကလင်တန်က ပက်ထရီယော့ဒုံးကျည်များ တောင်ကိုရီးယားတွင် ဖြန့်ကျက်ချထားရန် မတ် ၂၁ ရက်နေ့တွင် အမိန့်ပေးခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂက မြောက်ကိုရီးယားအား ပိတ်ဆို့အရေးယူမှုများ ပြဋ္ဌာန်းလုပ်ဆောင်လာပါက တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ အင်အားကို အားဖြည့်ရန် အမေရိကန်က ပြင်ဆင်ခဲ့သည်။ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက ဖြစ်ပေါ်လာသော ပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြားဝင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

မတ် ၂၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက တစ်လအတွင်း နျူကလီးယားစစ်ဆေးမှုများကို ပြန်လည်ခွင့်ပြုရန် မြောက်ကိုရီးယားအား တိုက်တွန်းထားသည့် ကုလသမဂ္ဂဆုံးဖြတ်ချက် မူကြမ်းကို လုံခြုံရေးကောင်စီသို့ ရေးဆွဲတင်ပြခဲ့သည်။ ယင်းဆုံးဖြတ်ချက်မူကြမ်းကို ဗြိတိန်၊ ပြင်သစ်နှင့် ရုရှားနိုင်ငံတို့က ထောက်ခံခဲ့သည်။ အမေရိကန်နိုင်ငံက ဖိအားပေးမှုများကို ရှေ့တိုးလုပ်ဆောင်လာမည်ဆိုပါက စစ်ကြေညာမှုတစ်ရပ်အဖြစ် သဘောထားရလိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားက ကြေညာခဲ့သည်။

ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများမြင့်တက်နေဆဲမှာပင် တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ်သည် ဂျပန်နှင့် တရုတ်နိုင်ငံများသို့ ခရီးထွက်ခဲ့သည်။ ကင်မ်ယောင်ဆမ်၏ ခရီးစဉ်မှာ ဆိုးဝါးလာသော မြောက်ကိုရီးယား နျူကလီးယား အငြင်းပွားမှုပြဿနာ ဖြေရှင်းရေးအတွက် အထောက်အကူပြုစေရန်ဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးအရ ထိန်းသိမ်းချုပ်ကိုင်နိုင်သည့် အနေအထားရှိပြီး တရုတ်နိုင်ငံမှာလည်း မြောက်ကိုရီးယားနိုင်ငံ၏ အဓိက အဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်ရာ မြောက်ကိုရီးယားနျူကလီးယားအငြင်း

ပွားမှုပြဿနာဖြေရှင်းရာတွင် ယင်းနိုင်ငံများက ကူညီပံ့ပိုးနိုင်မည်ဟု တောင်ကိုရီးယားနိုင်ငံက ယုံကြည်ထားပေသည်။

မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ဂျပန်နိုင်ငံခရီးစဉ်အတွင်း သမ္မတ ကင်မ်ယောင်ဆမ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် ဟိုဆိုကာဝါနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဂျပန်ပါလီမန်တွင်လည်း မိန့်ခွန်းပြောကြားခဲ့သည်။ ဝါဆေဒါတက္ကသိုလ်တွင်လည်း ကျောင်းသား ၂၀၀ နှင့် တွေ့ဆုံစကားပြောခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုပြုလုပ်ရန် တောင်းဆိုလာသည့်အခါ ဂျပန်နိုင်ငံက လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဟိုဆိုကာဝါက ကင်မ်အားပြောကြားခဲ့သည်။

မတ်လ ၂၆ ရက်နေ့တွင် ကင်မ်ယောင်ဆမ်သည် တရုတ်နိုင်ငံသို့ခရီးဆက်ခဲ့သည်။ မတ် ၂၆ မှ ၃၀ ရက်အထိ တရုတ်နိုင်ငံခရီးစဉ်အတွင်း ကင်မ်ယောင်ဆမ်သည် တရုတ်သမ္မတ ကျန်ဇီမင်း၊ ဝန်ကြီးချုပ် လီပင်းတို့နှင့် ပီကင်းမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ တောင်ကိုရီးယားအစိုးရအနေဖြင့် မြောက်ကိုရီးယားအား အထီးကျန်ဖြစ်စေရန် အကြံအစည်မရှိကြောင်း၊ မြောက်ကိုရီးယားအစိုးရအား စီးပွားရေးနှင့် နိုင်ငံရေးအရ ကူညီလိုပါကြောင်း တရုတ်ခေါင်းဆောင်များအား ကင်မ်က အာမခံချက်ပေးခဲ့သည်။ အရှေ့မြောက်အာရှငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသော မြောက်ကိုရီးယား၏ လျှို့ဝှက်နျူကလီးယားအစီအစဉ် ပြဿနာဖြေရှင်းရေးအတွက် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တရုတ်နှင့်ရုရှားနိုင်ငံတို့အကြား အနီးကပ်ပူးပေါင်းဆောင်ရွက်မှုမှာ အဓိကအရေးပါကြောင်း ကင်မ်က ပြောကြားခဲ့သည်။

ဂျပန်နှင့်တရုတ် ခရီးစဉ်နှင့်ပတ်သက်ပြီး ကင်မ်ယောင်ဆမ်က အမေရိကန် သမ္မတ ကလင်တန်အား တယ်လီဖုန်းဖြင့် မတ်လ ၃၁ ရက်နေ့က ပြောကြားရာတွင် တောင်ကိုရီးယားအနေဖြင့် ကိုရီးယားကျွန်းဆွယ်ပေါင်းစည်းရေးကို ဂျာမနီပေါင်းစည်းရေးပုံစံမျိုးဖြင့် လုပ်ဆောင်မည်မဟုတ်ကြောင်းကို မြောက်ကိုရီးယားအားပြောပြရန် တရုတ်နိုင်ငံအား ပန်ကြားခဲ့ကြောင်း၊ ဆွေးနွေးခြင်းဖြင့် မြောက်ကိုရီးယား နျူကလီးယား ပြဿနာကို ဖြေရှင်းရေးကို တရုတ်နိုင်ငံက အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် သဘောတူကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ကင်မ်ယောင်ဆမ်၏ ရှင်းလင်းပြောကြားချက်မှာ နှစ်နိုင်ငံပေါင်းစည်းသည့်အခါ ကွန်မြူနစ်စနစ်ပျက်သုဉ်းပြီး ပိုမိုချမ်းသာသည့် တောင်ကိုရီးယားအရင်းရှင် စနစ်အတွင်းသို့ သိမ်းသွင်းသွားမည့်အရေး မြောက်ကိုရီးယား၏ စိုးရိမ်ပူပန်မှုကို ပပျောက်စေရန်ဖြစ်သည်ဟု မှတ်ယူကြသည်။ အကြောင်းမှာ တောင်ကိုရီးယားနိုင်ငံသည် အရှေ့ဂျာမနီကွန်မြူနစ်စနစ်အား ပိုမိုချမ်းသာသော အနောက်ဂျာမနီအရင်းရှင် စနစ်အတွင်းသို့ သိမ်းသွင်းသွားသည့် ဂျာမနီပေါင်းစည်းရေးပုံစံကို အတုယူလုပ်ဆောင်ရန် စိုင်းပြင်းလျက်ရှိသည်ဟု မြောက်ကိုရီးယားက စွပ်စွဲထားသောကြောင့်ဖြစ်သည်။ ကင်မ်ယောင်ဆမ်က ကိုရီးယားကျွန်းဆွယ်ပေါင်းစည်းရေးအတွက် မြောက်ကိုရီးယားခေါင်းဆောင် ကင်အီဆွန်းနှင့် ဆွေးနွေးလိုကြောင်း ဖေဖော်ဝါရီလအတွင်းက ပြောကြားခဲ့သည်။

မတ်လ ၃၁ ရက်နေ့မှာပင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ်အတည်ပြုချမှတ်ပြီး နျူကလီးယား စစ်ဆေးမှုကို အပြည့်အဝ ခွင့်ပြုရန် မြောက်ကိုရီးယားအား တိုက်တွန်းလိုက်သည်။ ယင်းကြေညာချက်တွင် အမေရိကန်က ဖြစ်စေလိုသည့်ပိတ်ဆို့အရေးယူရေးအစီအစဉ်မပါရှိရာ ပျော့ပျောင်းမှုရှိသည်ဟု ဆိုရပေမည်။ ယင်းကြေညာချက်ကို တောင်ကိုရီးယားကြိုဆိုပြီး ကြေညာချက်ပါဖော်ပြချက်အတိုင်း အပြည့်အဝလိုက်နာလုပ်ဆောင်ရန် မြောက်ကိုရီးယားအား တောင်းဆိုခဲ့သည်။ မြောက်ကိုရီးယားက လိုက်နာရန် ငြင်းဆိုနေခဲ့သည်။

မြောက်ကိုရီးယားက တင်းခံနေသောအချက်တစ်ချက်မှာ တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြား အထူးကိုယ်စားလှယ်များဖလှယ်ရေးကို မလိုလားခြင်းပင်ဖြစ်သည်။ တောင်ကိုရီးယားကလည်း ယင်းအချက်ကို တောင်းဆိုနေခဲ့သည်။ အထူးကိုယ်စားလှယ်များ ဖလှယ်ရေးကိစ္စ ဖိအားပေးမှု ရပ်ဆိုင်းပြီး အမေရိကန်က မြောက်ကိုရီးယားနှင့် နှစ်နိုင်ငံအဆင့်မြင့် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် သဘောတူမည်ဆိုပါက နျူကလီးယားစစ်ဆေးမှုများ ပြန်လည်ခွင့်ပြုမည်ဟု ကမ်းလှမ်းချက်ကို မြောက်ကိုရီးယားက အမေရိကန်သို့ စာရေးအကြောင်းကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံကလည်း ပြန်လည်စဉ်းစားသုံးသပ်ကာ နျူကလီးယားစစ် ဆေးမှုများ ပြန်လည်စတင်နိုင်ရေးအတွက် အခက်အခဲ အဟန့်အတားဖြစ်နေမှုကို ကျော်လွှားနိုင်ရန် အထူးကိုယ်စားလှယ်များ ဖလှယ်ရေးကိစ္စကို ဖိအားပေးတောင်းဆိုမည် မဟုတ်တော့ကြောင်း ဧပြီ ၁၅ ရက်နေ့တွင် ပြောကြားခဲ့ သည်။

ဤအခြေအနေတွင် မြောက်ကိုရီးယားနျူကလီးယားအငြင်းပွားမှုမှ မမျှော်လင့်သည့်ဖြစ်ရပ်များ ပေါ်ပေါက်လာပါက မြန်ဆန်စွာတုံ့ပြန်နိုင်ရေးအတွက်လုံခြုံရေးရာကောင်စီ





**အမေရိကန် ကာကွယ်ရေးဝန်ကြီး ဝီလျံပယ်ရီ ဆိုးလ်မြို့သို့ ရောက်ရှိလာစဉ် (ဝဲ) နှင့် တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးအတွက် အားဖြည့်ထားသည့် အမေရိကန် ပတ်ထရီရော့ဒုံးကျည်ပစ်စင်အား တွေ့ရစဉ်**

တစ်ရပ်ဖွဲ့စည်းရန် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား သမ္မတကင်မ်ယောင်ဆမ်က အမိန့်ပေးခဲ့သည်။ ယင်းလုံခြုံရေးရာကောင်စီ အစည်းအဝေးကို လုံခြုံရေးနှင့် နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရန် တစ်ပတ်လျှင်အနည်းဆုံး တစ်ကြိမ်ကျင်းပရန်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံကလည်း ၎င်း၏သဘောထားကို အနောက်နိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိသွားစေရန် ရည်ရွယ်လျက် အနောက်နိုင်ငံသတင်း ဌာနများကို ပြုံယမ်းသို့ လာရောက်လည်ပတ်ခွင့် ဖွင့်ပေးခဲ့သည်။ ဤတွင် မြောက်ကိုရီးယားနိုင်ငံ၏ သဘောထားများ ထွက်ပေါ်လာခဲ့သည်။ မြောက်ကိုရီးယားသမ္မတ ကင်အီဆွန်းက ၎င်းအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားကြောင်း၊ နျူကလီးယားလက်နက်များထုတ်လုပ်ရန် အစီအစဉ်များမရှိကြောင်း မေ ၁၆ ရက်နေ့တွင် ပြောကြားခဲ့သည်ဟု စီအင်အင်သတင်းဌာနပိုင်ရှင်ဗျူရို အကြီးအကဲ မိုက်ချီနိုင်း၏ ရည်ညွှန်းကိုးကားချက်အရ သိရှိရသည်။ မိမိတို့နိုင်ငံမှာ နိုင်ငံငယ်ကလေးတစ်ခုသာဖြစ်ကြောင်း၊ နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲရန် နေရာမရှိကြောင်း၊ မိမိတို့တွင်မရှိသော နျူကလီးယား လက်နက်များကိုပြသရန် ကမ္ဘာကတောင်းဆိုနေကြောင်း၊ တောင်ကိုရီးယားရှိ မိမိလူမျိုးဖြစ်သည့် ကိုရီးယားများအား ဆန့်ကျင်ကာ နျူကလီးယားလက်နက်ကို အသုံးမပြုနိုင်ပါကြောင်း ကင်အီဆွန်းက ဆက်လက်ပြောကြားခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် ကင်အီဆွန်းက နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီမှ စစ်ဆေးသူများအား နျူကလီးယားစစ်ဆေးမှု ပြန်လည်ခွင့်ပြုမည်မပြုမည်ကို တစ်စုံတစ်ရာ ပြောကြားခဲ့ခြင်းမရှိဟု ဆိုသည်။

သို့ရာတွင် ဂျပန်ရုပ်မြင်သံကြားလုပ်ငန်းဖြစ်သည့် အင်အိတ်ချ်ကေက တင်ပြသောမေးခွန်းများကို စာဖြင့်ရေးသားပြန်ကြားရာတွင် ကင်အီဆွန်းက အမေရိကန် ပြည်ထောင်စုနှင့် တိုက်ရိုက်ဆွေးနွေးခြင်းသည်သာ မြောက်ကိုရီးယား နျူကလီးယား သံသယဖြစ်မှုပြဿနာကို ဖြေရှင်းရန် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ဝေဖန်မှုပြုခဲ့သည်ဟု သိရှိရသည်။

ယင်းသို့ရှိနေစဉ် ပတ်ထရီရော့ဒုံးကျည်များတင်ဆောင်ထားသည့် အမေရိကန်သင်္ဘောများ မေ ၁၈ ရက်နေ့တွင် တောင်ကိုရီးယားသို့ ဆိုက်ရောက်လာခဲ့သည်။ ယင်းနေ့မှာပင်အမေရိကန်ကာကွယ်ရေးဝန်ကြီးဝီလျံပယ်ရီသည် တောင်ကိုရီးယားသို့ လာရောက်လည်ပတ်ရန် ဝါရှင်တန်မှ ထွက်ခွာခဲ့သည်။ ဝီလျံပယ်ရီ ဆိုးလ်သို့ရောက်ရှိပြီး မေ ၂၀ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၌ တောင်ကိုရီးယားအရာရှိနှင့် ဆွေးနွေးမှုများ ပြုလုပ်နေစဉ် ကျောင်းသား ၁၅၀ ခန့်က ဝိုင်းဝန်း ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။

ဝီလျံပယ်ရီသည် တောင်ကိုရီးယားခေါင်းဆောင်များ၊ အမေရိကန်ဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရာတွင် မြောက်ကိုရီးယားက လက်နက်အလုံးအရင်းဖြင့် ရှောင်တခင်တိုက်ခိုက်လာပါက အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များအသင့်အနေထားဖြစ်စေရေးကို တွက်ဆဆွေးနွေးခဲ့သည်။

ဤသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်ခဲ့ရာ တောင်ကိုရီးယားဝန်ကြီးချုပ် လီဟိုင်ချန်းသည် မြောက်ကိုရီးယား နျူ ကလီးယားပြဿနာ ဖြေရှင်းရေးနှင့်ပတ်သက်ပြီး အရေးကြီးသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ၄င်းအား မဆွေးနွေးဘဲလုပ်ဆောင်ခဲ့သည်ကို မကျေနပ်သောကြောင့် ဧပြီ ၂၂ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ သမ္မတ ကင်မ်ယောင်ဆမ်က ဝန်ကြီးချုပ်နေရာတွင် ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးလီယောင်ဒွတ်ကို အစားထိုးခန့်ထားခဲ့သည်။ လစ်လပ်သွားသော ပြန်လည်ပေါင်းစည်းရေးဝန်ကြီးနေရာတွင် နိုင်ငံရေးသိပ္ပံပညာရှင်ဖြစ်သူ လီဟောင်ကူကို ခန့်ထားသည်။

လီယောင်ဒွတ်အား ဝန်ကြီးချုပ်အဖြစ်ခန့်ထားခြင်းကို ပါလီမန်၏ အတည်ပြုချက်ရယူရာတွင် အတိုက်အခံ ဒီမိုကရက်တစ်ပါတီက ဟန့်တားနေသဖြင့် ကြန့်ကြာမှုဖြစ်ခဲ့ရသည်။ အာဏာရ ဒီမိုကရက်တစ် လစ်ဘရယ်ပါတီအနေဖြင့် နိုင်ငံရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်လွှဲနိုင်ရေးအတွက် အဓိကအတိုက်အခံပါတီ၏ သဘောတူညီမှုကို ရယူလိုသည့် သဘောထားရှိနေပေသည်။ ယခု ဝန်ကြီးချုပ်ခန့်ထားမှု အတည်ပြုရေးတွင် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းမရ ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် ပါလီမန်တွင် အင်အားကောင်းသော ဒီမိုကရက်တစ် လစ်ဘရယ်ပါတီက အတိုက်အခံ ဒီမိုကရက်တစ်ပါတီ အမတ်များ သပိတ်မှောက်သည့်ကြားမှပင် လီယောင်ဒွတ်အား ဝန်ကြီးချုပ်အဖြစ်ခန့်ထားမှုကို ထောက်ခံမဲ ၁၇၀၊ ကန့်ကွက်မဲ ၁၀ ဖြင့် အတည်ပြုနိုင်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကလည်း နျူ ကလီးယား စစ်ဆေးမှုများ ပြန်လည်ခွင့်ပြုရန်ကို ငြင်းဆန်မြဲ ငြင်းဆိုနေခဲ့သည်။ သို့ရာတွင် နျူ ကလီးယားဓာတ်ပေါင်းဖိုတစ်ခုကို လောင်စာပြန်ဖြည့်ရာတွင် နိုင်ငံတကာ စစ်ဆေးသူများအား ကြည့်ရှုလေ့လာခွင့်ပေးမည်ဖြစ်ကြောင်း၊ ယင်းဓာတ်ပေါင်းဖိုမှ နမူနာပစ္စည်းများကိုမူ ထုတ်ယူစစ်ဆေးခြင်းခွင့်ပြုမည်မဟုတ်ကြောင်း မြောက်ကိုရီးယားက ပြောကြားသည်ဟု ဧပြီ ၂၈ ရက်နေ့က တောင်ကိုရီးယားသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ နမူနာပစ္စည်းများ ထုတ်ယူစစ်ဆေးခွင့်မပြုပါက မြောက်ကိုရီးယား၏ ၅ မီဂါဝပ်ရှိ နျူကလီးယားဓာတ်ပေါင်းဖိုလောင်စာပြန်လည်ဖြည့်ခြင်းကို ကြည့်ရှုလေ့လာရန် စစ်ဆေးသူများအား စေလွှတ်လိမ့်မည်မဟုတ်ဟုနိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက ပြောကြားခဲ့သည်။ အသုံးပြုပြီး လောင်စာအချောင်းများမှ နမူနာပစ္စည်းများကို စစ်ဆေးကြည့်မှသာ နျူ ကလီးယားပစ္စည်းများအား နျူ ကလီးယား လက်နက်ထုတ်လုပ်ရန် ပြောင်းလဲအသုံးချခဲ့ခြင်းရှိမရှိ ဆုံးဖြတ်နိုင်ပေမည်။

အထက်ပါ အငြင်းပွားလျက်ရှိသည့် နျူ ကလီးယား ဓာတ်ပေါင်းဖိုမှာ ဆိုးလ်မြို့မြောက်ဘက်မိုင် ၆၀ အကွာ ယွန်ဖြူတွင်ရှိ ၅ မီဂါဝပ် နျူ ကလီးယား ဓာတ်ပေါင်းဖိုပင်ဖြစ်သည်။ ယင်းဓာတ်ပေါင်းဖိုကို ၁၉၈၆ ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ရက်ပေါင်း ၁၀၀ ပိတ်ထားခဲ့သည်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက အဆိုပါဓာတ်ပေါင်းဖို လောင်စာပြန်လည် ဖြည့်ခြင်းအား ကြည့်ရှုစစ်ဆေးမည့် အချိန်ဇယားကို မြောက်ကိုရီးယားနှင့် ညှိနှိုင်းခဲ့ပြီး အသုံးပြု ပြီး လောင်စာအချောင်းများမှ နမူနာပစ္စည်းများ စစ်ဆေးခွင့်ရရှိရေးကိုပါ တောင်းဆိုခဲ့သည်။ မြောက်ကိုရီးယားက နျူ ကလီးယား ဓာတ်ပေါင်းဖို လောင်စာ ပြန်လည်ဖြည့်ခြင်းကိုသာ ကြည့်ရှုစစ်ဆေးခွင့်ပြုပြီး နမူနာပစ္စည်းရယူစစ်ဆေး ခွင့်ကိုမူ ငြင်းဆိုနေခဲ့သည်။ သို့ရာတွင် နမူနာပစ္စည်းများကို မည်သည့် အချိန်တွင် မည်ကဲ့သို့ ထုတ်ယူစစ်ဆေးမည်ကို ဆွေးနွေးရန်ကို မြောက်ကိုရီးယားက သဘောတူခဲ့သည်။

ဤသို့ရှိနေစဉ် မြောက်ကိုရီးယားက နျူ ကလီးယား ဓာတ်ပေါင်းဖိုလောင်စာဖြည့်ခြင်းကို မေလ ၁၄ ရက်တွင် စတင်လုပ်ဆောင်နေကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ ယင်းအချိန်တွင် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီမှ စေလွှတ်သော စစ်ဆေးသူများ မြောက်ကိုရီးယားသို့ ရောက်မလာသေးချေ။ မြောက်ကိုရီးယား၏ ယင်းလုပ်ရပ်အတွက် စီးပွားရေးပိတ်ဆို့ အရေးယူရန် အချိန်တန်ပြီဖြစ်ကြောင်း အမေရိကန်အောက်လွှတ်တော်အမတ်များက ပြောကြားကြသည်။ နိုင်ငံတကာ စစ်ဆေးသူများ ရောက်ရှိမလာသေးမီတွင် နျူကလီးယား ဓာတ်ပေါင်းဖိုလောင်စာဖြည့်ခြင်း စတင်လုပ်ဆောင်မိသည့်အတွက် စီးပွားရေးပိတ်ဆို့ အရေးယူမှုမခံထိုက်ကြောင်း မြောက်ကိုရီးယားဘက်က မေလ ၁၆ ရက်နေ့တွင် ပြန်လည်ပြောကြားသည်။ လုံခြုံရေးအတွက် နျူ ကလီးယား လောင်စာဖြည့်ခြင်းကို အချိန်မီလုပ်ဆောင်ရသည်ဟု မြောက်ကိုရီးယားက အကြောင်းပြသည်။ မေလ ၁၇ ရက်နေ့တွင် နိုင်ငံတကာ စစ်ဆေးသူများ မြောက်ကိုရီးယားသို့ စတင်ရောက်ရှိခဲ့သည်။

တောင်ကိုရီးယားနိုင်ငံကလည်း ၄င်း၏ လက်နက်ကိုင်တပ်ဖွဲ့များကို တပ်လှန့်ထားခဲ့သည်။ ဤသို့ ပြုလုပ်ခြင်းမှာ သမ္မတ ကင်မ်ယောင်ဆမ် ရုရှားနိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည်ဟု ဆိုသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နျူ ကလီးယား ဓာတ်ပေါင်း

ဖိုလောင်စာဖြည့်ခြင်းကို ရပ်ဆိုင်းရန် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ သမ္မတ ကင်မ်ယောင်ဆမ်က ဖြစ်ပေါ်တိုးတက်လျက်ရှိသော အခြေအနေများကို အမေရိကန် သမ္မတ ကလင်တန်အား တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။ သမ္မတကလင်တန်က အခြေအနေမှာ အလွန်အန္တရာယ်ရှိသော အနေအထားသို့ ရောက်ရှိနေပြီဟု ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နျူ ကလီးယားပြဿနာဖြေရှင်းရာတွင် ရုရှားနိုင်ငံ၏ ထောက်ခံမှုရရှိစေရန် မျှော်မှန်းလျက် သမ္မတ ကင်မ်ယောင်ဆမ်သည် မော်စကိုမြို့သို့ ဇွန်လ ၁ ရက်နေ့တွင် ထွက်ခွာခဲ့သည်။ မြောက်ကိုရီးယား၏ ဓာတ်ပေါင်းဖိုမှ သုံးပြီးလောင်စာချောင်းများ အမြန်ဖယ်ရှားရေးတွင် သဘောထားတင်းမာမှုများ ကြီးထွားနေချိန်တွင် သမ္မတ ကင်မ်ယောင်ဆမ် ရုရှားသို့ ခရီးထွက်ခြင်းဖြစ်သည်။

သမ္မတ ကင်မ်ယောင်ဆမ်နှင့်အတူ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပရာ သမ္မတ ယဲ့လ်ဆင်က မြောက်ကိုရီးယား နျူ ကလီးယား အကျပ်အတည်းပြဿနာကိုဖြေရှင်းရန် နိုင်ငံတကာ ညီလာခံတစ်ရပ်ခေါ်ယူကျင်းပရန် အဆိုပြုခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂက မြောက်ကိုရီးယားအား စီးပွားရေး ပိတ်ဆို့အရေးယူမှုပြုလုပ်ပါက ရုရှားနိုင်ငံကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကင်မ်ယောင်ဆမ်အား ယဲ့လ်ဆင်က ကတိပေးခဲ့သည်ဟု ဆိုသည်။

ထပ်လောင်း၍ ရုရှားနိုင်ငံသည် ယခင်ဆိုဗီယက်ပြည်ထောင်စုက မြောက်ကိုရီးယားနှင့် ၁၉၆၁ ခုနှစ်က ချုပ်ဆိုထားသည့် ချစ်ကြည်ရေးစာချုပ်ကို အဆုံးသတ်လိုက်တော့မည်ဟု သမ္မတ ကင်မ်ယောင်ဆမ်က ဇွန်လ ၃ ရက်နေ့တွင် ပြောကြားသည်။ မြောက်ကိုရီးယားနှင့် စာချုပ်ချုပ်ဆိုထားသည့် ချစ်ကြည်ရေးစာချုပ် နှစ်နှစ်အတွင်း ပျက်ပြယ်သွားသည့်အခါ နောက်ထပ်အသစ်မချုပ်ဆိုတော့ကြောင်း သမ္မတ ယဲ့လ်ဆင်က ကတိပေးထားသည်ဟု ရုရှားခရီးစဉ်၌ ကင်မ်နှင့်အတူလိုက်ပါခဲ့သော တောင်ကိုရီးယားသတင်းထောက်များကို ကင်မ်ကပြောကြားခဲ့သည်။ သို့ဖြစ်ရာ သမ္မတ ကင်မ်ယောင်ဆမ်၏ ရုရှားခရီးစဉ်မှာ မြောက်ကိုရီးယား နျူ ကလီးယားအကျပ်အတည်းတွင် တောင်ကိုရီးယားဘက်မှ ရပ်တည်မည့် ရုရှားနိုင်ငံ၏ ထောက်ခံချက်ကို ရရှိခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်သည်ဟု ဆိုရပေမည်။

နျူ ကလီးယား ဓာတ်ပေါင်းဖိုလောင်စာ ဖြည့်ခြင်းကို ရပ်ဆိုင်းထားရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကပြောကြားထားသည်ကို ဂရုမပြုဘဲ မြောက်ကိုရီးယားက ဆက်လက်လုပ်ဆောင်ခဲ့ရာ ယူရေနီယမ်အား အခြားသောပစ္စည်းများ အဖြစ်ပြောင်းလဲထုတ်လုပ်ခဲ့ခြင်းရှိမရှိကို ဆုံးဖြတ်ရန်ပင် မဖြစ်နိုင်တော့သည့် အခြေအနေသို့ ရောက်သွားပြီဖြစ်ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက ပြောကြားခဲ့သည်။ မြောက်ကိုရီးယား၏ ယင်းလုပ်ရပ်အတွက် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီသည် မြောက်ကိုရီးယား နိုင်ငံအား နည်းပညာအကူအညီ မပေးဘဲဖြတ်တောက်ထားရန် ဇွန်လ ၁၀ ရက်နေ့တွင် ဆန္ဒမဲပေး ဆုံးဖြတ်ခဲ့သည်။ အမေရိကန်ကလည်း မြောက်ကိုရီးယားအား ကုလသမဂ္ဂက ပိတ်ဆို့အရေးယူရေးကို ဦးဆောင်တွန်းအားပေးလျက်ရှိနေခဲ့သည်။ မြောက်ကိုရီးယားက ၄င်းကို စီးပွားရေးအရ ပိတ်ဆို့အရေးယူခဲ့လျှင် လက်တုံ့ပြန်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ထားခဲ့သည်။ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် နောက်ထပ်စစ်ဆေးမှုများကို လက်ခံမည်မဟုတ်ကြောင်း ပြောကြားကာ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) မှ နုတ်ထွက်ခဲ့သည်။

ဤသို့ နျူ ကလီးယား အငြင်းပွားမှု ပြဿနာကြီးထွားလာနေစဉ်တွင် ကြားဝင်စေ့စပ်ပေးရန် အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာသည် မြောက်ကိုရီးယားသို့ သွားရောက်ခဲ့သည်။ သမ္မတဟောင်း ကာတာ၏ မြောက်ကိုရီးယားခရီးစဉ်မှာ အလွတ်သဘောသွားရောက်ခြင်းဖြစ်သော်လည်း သမ္မတ ကလင်တန်အစိုးရက လက်ခံအတည်ပြုသည့် ခရီးဖြစ်သည်။ သမ္မတဟောင်း ဂျင်မီကာတာသည် ပြုံယမ်းမြို့ သမ္မတ နန်းတော်၌ ကင်အီဆွန်းနှင့် ဇွန်လ ၁၆ ရက်နေ့တွင် တွေ့ဆုံခဲ့ရာ မြောက်ကိုရီးယား နျူ ကလီးယား ကိစ္စကို အဓိကထား ဆွေးနွေးခဲ့သည်။ အရေးကြီးသည်မှာ တစ်ဦးနှင့်တစ်ဦးယုံကြည်မှု၊ စိတ်ချမှုပင်ဖြစ်ကြောင်း၊ ယခုလို တွေ့ဆုံခြင်းမှာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုအတွက် ပထမဆုံးအစပျိုးမှုပင်ဖြစ်ကြောင်း ကင်အီဆွန်းက ကာတာအားပြောကြားခဲ့သည်ဟု ဆိုသည်။ ကင်အီဆွန်းက ကိုရီးယားကျွန်းဆွယ် နျူ ကလီးယား ကင်းလွတ်သည့် ဒေသဖြစ်ရေးဆန္ဒကို ထုတ်ဖော်ခဲ့သည်ဟု ကာတာက ပြောကြားခဲ့သည်။ ဂျင်မီကာတာကလည်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးက တည်ခင်းသည့် ညစာစားပွဲ၌ ဝါရှင်တန်နှင့် ပြုံယမ်းတို့အကြား အပြည့်အဝချစ်ကြည်ရေး တည်ဆောက်ရန် အချိန်ရောက်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု မြောက်ကိုရီးယား သတင်းဌာနက ရည်ညွှန်းဖော်ပြခဲ့သည်။

ကာတာသည် မြောက်ကိုရီးယားသို့ သွားရောက်ခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ဇွန်လ ၁၈ ရက်နေ့တွင် ပြန်ရောက်လာခဲ့သည်။ ၄င်းက မြောက်ကိုရီးယား ခေါင်းဆောင် ကင်အီဆွန်းသည် အမေရိကန်နှင့် ဆွေးနွေးနေစဉ်အတွင်း မြောက်ကိုရီးယား၏ နျူ ကလီးယား အစီ

အစဉ်ကို ရပ်ဆိုင်းထားရန် သဘောတူကြောင်းလည်း ပြောဆိုသည်။

ကာတာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်အီဆွန်းသည် တောင်ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်နှင့် အချိန်အဆိုင်းဘဲ ဆွေးနွေးရန် စီစဉ်နိုင်ကြောင်းကို မိမိမှတစ်ဆင့် သမ္မတကင်မ်ယောင်ဆမ်ထံ ပြောပြစေလိုခဲ့သည်ဟု ရှင်းလင်းပြောဆိုသည်။

ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးခေါင်းဆောင်များသည် ၁၉၄၅ ခုနှစ်တွင် ကွန်မြူနစ် မြောက်ကိုရီးယားနှင့် အရင်းရှင် တောင်ကိုရီးယားဟူ၍ နှစ်ပိုင်းကွဲခဲ့ချိန်မှစပြီး တစ်ခါမျှ တွေ့ဆုံခဲ့ဖူးခြင်းမရှိပေ။

ကိုရီးယား ထိပ်သီးခေါင်းဆောင်များ ဆွေးနွေးပွဲဖြစ်ခဲ့လျှင် နျူကလီးယားအငြင်းပွားမှု အပါအဝင် ဆိုင်းငံ့နေသော ပြဿနာအမြောက်အမြား ဖြေရှင်းသွားနိုင်မည်ဖြစ်သည်။

ဤအခြေအနေတွင် တောင်ကိုရီးယားနိုင်ငံက တောင်နှင့်မြောက် နှစ်နိုင်ငံခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်နိုင်ရေးအတွက် ပဏာမအကြိုဆွေးနွေးပွဲများကို ဇွန်လ ၂၈ ရက်နေ့တွင် ကျင်းပရန်အဆိုပြုခဲ့ရာ မြောက်ကိုရီးယားဘက်က လက်ခံခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းထားရန် ဆန္ဒရှိကြောင်း အတည်ပြုလိုက်ပြီဟု မေရိကန်သမ္မတ ကလင်တန်က ဇွန်လ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်က မြောက်ကိုရီးယားအား ကုလသမဂ္ဂအရေးယူ ပိတ်ဆို့ရေးဆိုင်ရာ ကြိုးပမ်းမှုကို ရပ်ဆိုင်းထားခဲ့သည်။

ဤသို့ဖြင့် ဇူလိုင်လ ၁ ရက်နေ့တွင် ပန်မွန်ဂျုံနယ်စပ်ကျေးရွာ၌စတင်ကျင်းပသည့် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံ လုပ်ငန်းအဆင့်ဆွေးနွေးပွဲတွင် သမိုင်းတွင်ရစ်မည့် ကိုရီးယားနှစ်နိုင်ငံ သမ္မတနှစ်ဦး၏ ထိပ်သီးဆွေးနွေးပွဲကို ပြုံယမ်းမြို့တော်တွင် ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပရန် စီစဉ်ခဲ့သည်။

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးအတွက် အခြေအနေကောင်းများ လမ်းပွင့်လာလျက်ရှိနေဆဲမှာပင် အသက် ၈၂ နှစ်ရှိပြီဖြစ်သည့် မြောက်ကိုရီးယားသမ္မတ ကင်အီဆွန်းသည် ရုတ်တရက်မကျန်းမမာဖြစ်ရာမှ ဇူလိုင် ၈ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ မြောက်ကိုရီးယား နျူကလီးယား ပြဿနာပြေလည်စေရေးအတွက် ဂျီနီဗာတွင် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ စတင်ဆွေးနွေးပြီး နာရီပိုင်းမျှအကြာတွင် ကင်အီဆွန်းသေဆုံးသည့် တုန်လှုပ်ဖွယ်သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။ ကင်အီဆွန်းသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံး ကွန်မြူနစ်ခေါင်းဆောင်ကြီးဖြစ်ပြီး မြောက်ကိုရီးယားကို နှစ်ပေါင်း ၄၀ ကြာ တင်းတင်းကျပ်ကျပ် ထိန်းချုပ်ခဲ့သူလည်း ဖြစ်သည်။ (ကင်အီဆွန်း – ရှု။)

မြောက်ကိုရီးယားခေါင်းဆောင် ကင်အီဆွန်း ကွယ်လွန်သွားခြင်းကြောင့် တောင်ကိုရီးယားနှင့် ကျင်းပရန် စီစဉ်ထားသည့် နှစ်နိုင်ငံထိပ်သီး ဆွေးနွေးပွဲကို မြောက်ကိုရီးယားက အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်သည်။ တောင်ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်နှင့် အမေရိကန်သမ္မတ ကလင်တန်တို့သည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်အီဆွန်း ကွယ်လွန်ပြီးနောက် တူညီသော မဟာဗျူဟာ ထားရှိရေးအတွက် ဇူလိုင် ၁၅ ရက်နေ့တွင် တယ်လီဖုန်းဖြင့် မိနစ် ၂၀ ကြာ ဆွေးနွေးခဲ့ရာတွင် မြောက်ကိုရီးယား နျူကလီးယား အစီအစဉ်အား ထိန်းချုပ်ရန် ကြိုးပမ်းရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြ သည်။ ကွယ်လွန်သူ ခေါင်းဆောင် ကင်အီဆွန်း၏ မူဝါဒများကို ၎င်းအား ဆက်ခံဖွယ်ရှိသည့် သားဖြစ်သူ ခေါင်းဆောင်သစ် ကင်ဂျုံအီက ယေဘုယျအားဖြင့် ဆက်လက်ကျင့်သုံးမည်ဟု တောင်ကိုရီးယားက မျှော်လင့်ထားသည်။




**မြောက်ကိုရီးယားသမ္မတ ကင်အီဆွန်း သေဆုံးမှု သတင်းကို ဖတ်ရှုနေသည့် တောင်ကိုရီးယား စစ်သားများ**



တောင်နှင့်မြောက်နှစ်နိုင်ငံ စစ်မဲ့ဇုန် နယ်ခြားဒေသကို ကင်းလှည့်စောင့်ကြပ်လျက်ရှိသည့်တောင်ကိုရီးယား စစ်သားများ

ဇူလိုင် ၈ ရက်နေ့တွင် ပြန်လည်ကျင်းပနိုင်ခဲ့သော အမေရိကန်–မြောက်ကိုရီးယား နျူကလီးယားဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲမှာလည်း ကင်အီဆွန်း ကွယ်လွန်မှုကြောင့် ဇူလိုင် ၉ ရက်နေ့မှစပြီး ရပ်ဆိုင်းခဲ့ရသည်။ ယင်းဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်နေ့တွင် ပြန်လည်စတင်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် မြောက်ကိုရီးယား၌ရှိသော အသုံးပြုပြီး နျူကလီးယားလောင်စာချောင်း ၈၀၀၀ ကို မည်သို့လုပ်ဆောင်မည်နှင့် စပ်လျဉ်းပြီး သဘောမတူညီမှုများဖြစ်ပေါ်ခဲ့သည်။ သို့ရာတွင် ဩဂုတ် ၁၃ ရက်နေ့တွင် ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်နှင့် မြောက်ကိုရီးယားတို့က ပူးတွဲကြေညာချပ်တစ်ရပ် ထုတ်ပြန်ခဲ့ရာ အသုံးပြုပြီး နျူကလီးယားလောင်စာချောင်း ၈၀၀၀ ကိုအအေးခံကန်တွင် သာထားရန်နှင့် ၎င်းတို့ကို သန့်စင်ခြင်းမပြုလုပ်ရန် သဘောတူညီခဲ့သည်ဟုဖော်ပြထားသည်။ ထို့ပြင် ယင်းသဘောတူညီချက်အရ အမေရိကန်က မြောက်ကိုရီးယားအား ပိုမိုစိတ်ချရပြီး ရိုးရိုးရေအသုံးပြုဓာတ်ပေါင်းဖိုများ (Light-water reactors) ပေးကမ်းထောက်ပံ့မည်ဟု သိရှိရသည်။ မြောက်ကိုရီးယားတွင် လက်ရှိအသုံးပြုနေသော ဓာတ်ပေါင်းဖိုများမှာ ခေတ်မမီတော့သည့် ဂရပ်ဖိုက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများဖြစ်သည်ဟုဆိုသည်။ ရိုးရိုးရေသုံး ဓာတ်ပေါင်းဖိုတစ်ခု တည်ဆောက်ရန် ၁၀ နှစ်ကြာ မည်ဖြစ်ပြီး ဒေါ်လာ နှစ်ဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံက အဏုမြူဗုံး ထုတ်လုပ်နေခြင်းမရှိကြောင်း ပြသနိုင်ပါက ခေတ်မီသည့် နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခု ပေးကမ်းရန်ကိုလည်း တောင်ကိုရီးယားက ကမ်းလှမ်းခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကိုရီးယားကျွန်းဆွယ်ဒေသ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက နျူကလီးယားအငြင်းပွားမှု ပြဿနာကို စိတ်ရှည်ရှည်ထားကာ အချိန်ယူ ဆွေးနွေးဖြေရှင်းရဦးမည် ဖြစ်သည်။

ဦးခင်မောင်လေး

**ကင်အီဆွန်း (ခရစ် ၁၉၁၂ – ၁၉၉၄)။** ။ ထင်ရှားသည့် နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် ကင်အီဆွန်းကို မြောက်ကိုရီးယားနိုင်ငံ၊ မန်ဂျူဒေးတွင် ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် တောင်သူလယ်သမားမိသားစုမှ မွေးဖွားခဲ့သည်။

ကင်အီဆွန်းသည် ၁၉၂၆ ခုနှစ်တွင် နယ်ချဲ့စနစ်ကျဆုံးစေရေး သမဂ္ဂအဖွဲ့ကိုလည်းကောင်း၊ ၁၉၂၇ ခုနှစ်တွင် လူငယ်ကွန်မြူနစ်အဖွဲ့ချုပ်ကိုလည်းကောင်း စတင်ဖွဲ့စည်း

ထူထောင်ခဲ့သည်။ ၁၉၂၉ – ၃၀ ခုနှစ်တွင် ထောင်ကျခဲ့ပြီး ၁၉၃၀ ခုနှစ်တွင် ကိုရီးယားတော်လှန်ရေးတပ်မတော်ကို ထူထောင်ခဲ့သည်။

ထို့နောက် ၁၉၃၁ ခုနှစ်တွင် ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့ပြီး ၁၉၃၂ – ၄၅ ခုနှစ်အတွင်း ကိုရီးယားပြည်သူ့တော်လှန်ရေးတပ်မတော်ကိုဖွဲ့စည်းဦးဆောင်ကာ ဂျပန်တို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။

၁၉၃၆ ခုနှစ်တွင် အဖနိုင်ငံတော်ပြန်လည်ထူထောင်ရေးအသင်းကြီးကိုဖွဲ့စည်းထူထောင်ခဲ့ရာ ယင်းအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ တစ်ဖန် ၁၉၄၅ ခုနှစ်တွင်လည်း ကို ရီးယားအလုပ်သမားပါတီကို ဖွဲ့စည်းထူထောင်ခဲ့ရာ ယင်းပါတီ၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

၁၉၅၀ – ၅၃ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့်ကိုရီးယားစစ်ပွဲတွင် ကိုရီးယားပြည်သူ့တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် ဦးဆောင်ခဲ့သည်။ ထို့နောက် ၁၉၄၈ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှစပြီး နိုင်ငံတော်အကြီးအကဲ (နိုင်ငံတော်သမ္မတ) ဖြစ်လာသည်။

ကင်အီဆွန်းသည် နိုင်ငံရေးစနစ်အဖြစ် ဆိုရှယ်လစ်စက်မှုလက်မှုနှင့် သမဝါယမစနစ် အကောင်အထည်ဖော်ရေး အစီအစဉ်ကို ၁၉၅၇ – ၇၀ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၆ ခုနှစ်မှစပြီး ကိုရီးယားအလုပ်သမားပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့သည်။

ကင်အီဆွန်းအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် အမြောက်အမြားရရှိခဲ့ရာ အလုပ်သမားသူရဲကောင်းသေနာပတိဘွဲ့နှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သူရဲကောင်းဘွဲ့ (သုံးကြိမ်)၊ အမျိုးသားအလံဘွဲ့ (ပထမတန်းစား) (ငါးကြိမ်)၊ လွတ်လပ်ရေးနှင့် လွတ်မြောက်မှုဘွဲ့ (ပထမတန်းစား)၊ ယူဂိုစလပ်မဟာပုဂ္ဂိုလ် ထူးဘွဲ့၊ လီနင်ဘွဲ့ (၁၉၇၂)၊ ကားလ်မာ့စ်ဘွဲ့ (ဂျီဒီအာရ်) (၁၉၈၂) တို့ ပါဝင်ပေသည်။

စာပေလက်ရာအဖြစ် 'ကင်အီဆွန်း၏ စာစုများ' (အတွဲသုံးဆယ်)၊ 'ကင်အီဆွန်း၏ သီးသန့်စာစုများ' (ရှစ်တွဲ)၊ ' ကင်အီဆွန်း၏ စာစုများလက်ရွေးစင်' (ခြောက်တွဲ) နှင့် အခြားစာပေလက်ရာအများအပြားကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ကိုရီးယားကျွန်းဆွယ်တွင် အခြေအနေများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေစဉ်အချိန် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဝန်ဆန်ဆိပ်ကမ်းသို့ ကင်အီဆွန်း ရောက်ရှိလာရာ ၄င်းမှာ သာမန်ပုဂ္ဂိုလ် တစ်ဦးမျှသာ ရှိချေသေးသည်။ ကင်အီဆွန်းမှာ ထိုကာလ မတိုင်မီလွန်ခဲ့သောငါးနှစ်ခန့် ဖြစ်သည့် ၁၉၄၀ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုတွင် မထင်မရှားနေထိုင်ခဲ့သည်။ အမိမြေကိုရီးယားသို့ ဆိုဗီယက်တပ်မတော် စစ်ဗိုလ်ဝတ်စုံဖြင့် ပြန်လည်ရောက်ရှိလာရာ တချို့က ကင်အီဆွန်းကို မမှတ်မိကြပေ။ မန်ချူးရီးယားတွင် ဂျပန်တို့ကို တိုက်ခိုက်ရင်း ကင်အီဆွန်းကျဆုံးသွားပြီဟု တချို့က ထင်မှတ်နေကြသည်။

ပြုံယမ်းမြို့ အနောက်တောင်ဘက်တွင်ရှိ သာယာလှပတင့်မောဖွယ်ကောင်းသည့် ဒေသဖြစ်သည့် မန်ဂျုံဒေးကို မြောက်ကိုရီးယားတို့က တော်လှန်ရေး၏ ဘူမိနက်သန်မှန်ရာမြေဟု ကင်ပွန်းတပ်ကြသည်။ ကင်အီဆွန်း၏ အဘေးဖြစ်သူစာရင်ငှါးလယ်သမားဖြစ်သူအား ၄င်း၏ မြေပိုင်ရှင်က ၄င်းတို့မိသားစု၏ သုသာန်မြေအား ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ပေးခဲ့ပြီးနောက် ကင်အီဆွန်းတို့ မိသားစု အဆိုပါ မန်ဂျုံဒေး အရပ်တွင် အခြေချနေထိုင်ခဲ့ကြသည်။

အသက် ၁၇ နှစ် အရွယ်တွင် ကင်အီဆွန်းသည် လေးတန်းကျောင်းသားများအား မာ့စ်၏အခြေခံသဘောတရားများနှင့် အညမညရုပ်ဝါဒကို သင်ကြားပေးနေပြီဖြစ်သည်။

ထို့နောက် ကင်အီဆွန်းတို့ မိသားစုမှာ မန်ဂျုံဒေးမှ မန်ချူးရီးယားသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုအချိန်က မန်ချူးရီးယားအား ကိုရီးယားကဲ့သို့ပင် ဂျပန်တို့က သိမ်းပိုက်ထားခဲ့သည်။ ယင်းဒေသတွင် နေထိုင်ရင်း ကင်အီဆွန်းသည် တရုတ်တို့ ဖွဲ့စည်းထူထောင်ထားသည့် ဂျပန်ဆန့်ကျင်ရေး စစ်တပ်ဖွဲ့တွင် ပါဝင်ကာ ပြောက်ကျားစစ်သားအဖြစ် လှုပ်ရှားခဲ့သည်။

ယင်းသို့ ရှိနေစဉ် ဂျပန်နယ်ချဲ့စစ်တပ်က တရုတ်ပြောက်ကျားများကို ချေမှုန်းသုတ်သင်လာသည့် အခါတွင် ကင်အီဆွန်းသည် ၁၉၄၀ ခုနှစ်၌ မန်ချူးရီးယားမှ ဆိုဗီယက်ပြည်ထောင်စုသို့ထွက်ပြေးခဲ့သည်။ ဤသို့ဖြင့် ကင်အီဆွန်းသည် မိမိကိုယ်မိမိ အသွင်သစ်ဖြင့် ပြန်လည်ပြုပြင်ဖန်တီးခွင့် ရရှိခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုတွင် နေထိုင်စဉ်အတွင်း ကင်အီဆွန်းမှာ ခါဗာရိုဗာ့စ်ခ် ခြေလျင်တပ် အရာရှိသင်တန်းကျောင်းတွင် တာဝန်ပေးအပ်ခြင်းခံရပြီး ဆိုဗီယက်ဦးဆောင်သည့် ကိုရီးယားမျိုးနွယ်စု တပ်ခွဲတွင် ဗိုလ်အဆင့်အဖြစ် တာဝန်ပေးခန့်အပ်ခံရသည်။ ခါဗာရိုဗာ့စ်ခ်မှာပင် ကင်ချုံဆွခ်ဆိုသည့် အမျိုးသမီးနှင့် အိမ်ထောင်ကျခဲ့သည်။ ကင်ချုံဆွခ်မှာ ၁၉၃၅ ခုနှစ်ကာလ မန်ချူးရီးယားဒေသတွင် ပြောက်ကျားစစ်သည်အဖြစ် လှုပ်ရှားနေသည့်ကင်အီဆွန်းနှင့် လက်တွဲခဲ့ပြီး ကင်အီဆွန်း ဆိုဗီယက်ပြည်ထောင်စုသို့ ထွက်ပြေးခိုလှုံသောအခါ လိုက်ပါလာခဲ့သူဖြစ်သည်။

၁၉၄၅ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု စစ်ထဲသို့ ပါဝင်လာပြီး ဂျပန်တို့၏ အရှေ့မြောက်အာရှဒေသ နယ်မြေများကို သိမ်းပိုက်ခဲ့ပြီးနောက် ကင်အီဆွန်းနှင့်အတူ အရာရှိ ၆၆ ဦးတို့အား ဝန်ဆန်ဒေသသို့ ပို့လွှတ်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြောက်ကိုရီးယား အဆင့်မြင့် အမာခံကျောရိုးတပ်ဖွဲ့ ဖွဲ့စည်းထူထောင်ရန်ဖြစ်သည်။ ထိုအချိန်က ဒေသဆိုင်ရာ ဆိုဗီယက်စစ်ဦးစီးချုပ်များက မော်စကို၏စိတ်ကြိုက်ပုဂ္ဂိုလ်အဖြစ် ကင်အီဆွန်းအား ကိုရီးယားခေါင်းဆောင်တစ်ဦးအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်ဒေသတွင် ပဋိပက္ခပြင်းထန်ခဲ့ရာမှ စစ်ပွဲကြီးတစ်ပွဲ ဖြစ်စေခဲ့ခြင်းအတွက် အမေရိကန် သို့မဟုတ် ဆိုဗီယက်တို့အား အပြစ်တင်ရန်ရှိနေပေသည်။ သို့ရာတွင် ကင်အီဆွန်းအနေဖြင့် ဤကဲ့သို့သော စစ်ပွဲတစ်ပွဲ တိုက်ခိုက်ရန် အကြောင်းရင်းများ ရှိခဲ့သည်။ ကိုရီးယားကျွန်းဆွယ်အားပေါင်းစည်းရန်နှင့် တောင်ကိုရီးယား ဆိုးလ်မြို့တွင် အမေရိကန်တို့ ကျားကန်ပေးထားသည့် စင်မန်ရီးအစိုးရကို မောင်းထုတ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ စစ်ပွဲ သာလျှင်ဖြစ်ကြောင်း ကင်အီဆွန်းက အစဉ်အမြဲဟောပြော ခဲ့သည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် ကိုရီးယားကျွန်းဆွယ် ပေါင်းစည်းရန် ကွဲပြားသောနည်းလမ်းများကို တိုက်တွန်းလျက်ရှိသည့် အခြားကိုရီးယား ကွန်မြူနစ်များထက် ၎င်း၏ အရေးပါမှုအနေထားကို အထောက်အကူပြုစေလိမ့်မည်ဟု ကင်အီဆွန်းက ယုံကြည်ထားသည်။



မြောက်ကိုရီးယားသမ္မတ ကင်အီဆွန်း

စတာလင်က ကင်အီဆွန်းအား ရုပ်သေးရုပ်တစ်ရုပ်အဖြစ် သဘောထားခဲ့သော်ငြားလည်း မကြာခဏဆိုသလိုပင် ကင်အီဆွန်းက ဆိုဗီယက်ခေါင်းဆောင်များကို ကြိုးဆွဲနိုင်ခဲ့ပေသည်။ အမေရိကန်၊ ရုရှားနှင့် တရုတ်စာရေးသူတို့ ပူးပေါင်း၍စတန်းဖို့ဒ်တက္ကသိုလ်ပုံနှိပ်တိုက်မှ၁၉၉၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့်"စတာလင်၊ မော်နှင့်ကိုရီးယားစစ်ပွဲ"မရေရာသည့် မိတ်ဖက်များ အမည်ရှိ စာအုပ်တွင် ရေးသားထားချက်များ အရ ကင်အီဆွန်းသည် မော်စကိုမြို့သို့ အကြိမ်ကြိမ် သွားရောက် ခဲ့ပြီး တောင်ကိုရီးယားတို့အနေဖြင့် မိမိ၏ တော်လှန်ရေး တပ်ဖွဲ့များနှင့် လက်တွဲရန် အသင့်ရှိကြောင်း ကို စတာလင်အား ယုံကြည်စိတ်ချစေရန် ပြောကြားခဲ့သည် ဟုဆိုသည်။ ကိုရီးယားကျွန်းဆွယ် ပဋိပက္ခတွင် အမေရိကန် တို့သည် မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက် လိမ့်မည် မဟုတ်ဟု ဆိုဗီယက်တို့ယုံကြည်နေမှုကိုလည်း ကင်အီဆွန်းက ပိုမိုခိုင်မာစေခဲ့သည်။ မော်စီတုံး၏ တပ်ဖွဲ့များကို ဆန့်ကျင် လျက်ရှိသည့် အမျိုးသားရေးဝါဒီတရုတ်တို့အား အမေရိကန်က အကူအညီမပေးခဲ့လျှင် ဆိုးလ်တွင်ရှိ စင်မန်ရီးအစိုးရကို အမေရိကန်တို့က အဘယ်အတွက်ကြောင့် အကူအညီ ပေးမည်နည်း။ ယင်းအချက်ကို ကင်အီဆွန်းက တွက်ဆကာ ယုံကြည်စိတ်ချနေခဲ့သည်။ တစ်ဖက်တွင်ကင်အီဆွန်းသည် ဆိုဗီယက်တို့ထံမှ စစ်ဘက်ဆိုင်ရာ အကူအညီများကို အလုံးအရင်းဖြင့် ရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်က ကိုရီးယားကျွန်းဆွယ် ဒေသတွင် ရှုံးနိမ့်သွားသော ဂျပန်တပ်ဖွဲ့များ၏ လက်နက်များ အပါအဝင် အမှတ် ၂၅ ဆိုဗီယက်တပ်မတော်၏ လက်နက်များ ကိုပါ ကင်အီဆွန်းက အမွေဆက်ခံရရှိခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်ဒေသ၌ တိုက်ခိုက်မှုများဖြစ်ပွားကြောင်းကို ကြားသိသောအခါ မြောက်ကိုရီးယားတို့အနေဖြင့် လက်နက် ချို့တဲ့မှု ရှိနေပါသလားဟု စတာလင်က ကင်အီဆွန်းအား မေးမြန်း ခဲ့သည်။ ထို့ပြင် စတာလင်က လိုအပ်သော လက်နက်များကို ပေးမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားကို အနိုင်တိုက်ရမည် ဖြစ်ကြောင်း၊ အကယ်၍ အရှုံးနှင့် ရင်ဆိုင်ရပါက မိမိကူညီနိုင် မည်မဟုတ်ကြောင်း၊ မော်စီတုံးထံမှသာ အကူအညီတောင်းခံ သင့်ကြောင်း သတိပေးပြောကြားခဲ့ဖူး သည်။

သို့ဖြစ်ရာ ကင်အီဆွန်းသည် တရုတ်နိုင်ငံ ပီကင်းမြို့သို့ သွားရောက်ကာ မော်စီတုံးနှင့်တွေ့ဆုံပြီး ကိုရီးယားစစ် ပွဲတွင် မြောက်ကိုရီးယားတို့ အနိုင်ရရှိမည်ဟု စတာလင်က ယုံကြည်ထားကြောင်းကို ရှင်းလင်းပြောကြားပြီး မော်စီတုံးအား အယုံသွင်းနိုင်ခဲ့သည်။ တရုတ်ခေါင်းဆောင် မော်စီတုံးကလည်း ယင်းပြောကြားချက်ကို လက်ခံကာ မြောက်ကိုရီးယား၏

မဟာမိတ်အဖြစ် ရပ်တည်မည် ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ကင်အီဆွန်း၏ ဘဝတစ်သက်တာရည်မှန်းချက်မှာ ကိုရီးယားနှစ်နိုင်ငံအား အင်အားသုံး၍ ပေါင်းစည်းရန်ဖြစ်သည်။ သို့ဖြစ်ရာ ကင်အီဆွန်းသည် ယင်းရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းသည့်အနေဖြင့် ၁၉၅၀ ပြည့်နှစ်တွင် တောင်ကိုရီးယားအား ရုတ်တရက်တိုက်ခိုက်ကာ စစ်ပွဲတစ်ရပ်ကိုဆင်နွှဲခဲ့သည်။

ကင်အီဆွန်းအနေဖြင့် အတွက်အချက်မှားခဲ့သည်ဟု ဆိုရပေမည်။ မျှော်လင့်ထားသလိုမဟုတ်ဘဲ အမေရိကန်တို့ ကိုရီးယားစစ်ပွဲအတွင်း ဝင်ရောက်လာရာ ကင်အီဆွန်း ပြုံယမ်းမှ စွန့်ခွာပြေးရသည်အထိ ဖြစ်ကာတရုတ်ထံမှ အကူအညီ တောင်းခံခဲ့ရတော့သည်။ ကင်အီဆွန်းကိုယ်တိုင် စစ်ပွဲတစ်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်ပွဲပြီးဆုံးသောအခါ တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံစလုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး ပြည်သူသုံးသန်းသေကျေခဲ့သည်။

ကင်အီဆွန်းသည် ၄င်းအုပ်ချုပ်ခဲ့သည့်သက်တမ်းကာလအတွင်း ရက်စက်ကြမ်းကြုတ်စွာပြုမူခဲ့သည်ဟု ယူဆခြင်းခံခဲ့ရသည်။ ၄င်း၏ အစိုးရအဖွဲ့အတွင်းမှ အတိုက်အခံပြုလာသည့်ရန်ဖက်များကိုဖယ်ရှားခဲ့သည်။ ကင်အီဆွန်းထူထောင်ခဲ့သည့် လုံခြုံရေးယန္တရားမှာ နေရာစုံ၊ ထောင့်စုံကို ခြုံငုံမိသည့် ကမ္ဘာတွင်အကြီးမားအကျယ်ပြန့်ဆုံး ယန္တရားတစ်ခုဖြစ်ခဲ့သည်။ အဆိုပါယန္တရားက ပြည်သူ လူထုကို သစ္စာရှိသော အင်အားစု၊ တွေဝေယိမ်းယိုင်နေသော အင်အားစု၊ ရန်လိုသောအင်အားစုဟု အတန်းအစားသုံးမျိုးခွဲခြားကာ စောင့်ကြည့်လေ့လာနေခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏ အစီရင်ခံစာအရ မြောက်ကိုရီးယားတွင် သဘောထားအယူအဆ ကွဲလွဲသူ ထောင်ပေါင်းများစွာ ရှိနေကြပြီး ကင်အီဆွန်း၏ နိုင်ငံရေးအတိုက်အခံရန်ဖက်များမှာ အကျဉ်းစခန်းများတွင် ရှိနေသည်ဟု သိရှိရသည်။ ယင်းတို့အနက် အရေအတွက်မသိရှိရသည့် အချို့ကို သုတ်သင်ကွပ်မျက်ခဲ့ပြီး ဖြစ်သည်ဟု ဆိုသည်။

အစဉ်အမြဲစိတ်ပါလက်ပါမဟုတ်သည့်တိုင်အောင် တရုတ်နှင့် ဆိုဗီယက်တို့က ကင်အီဆွန်းအား နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ကူညီပံ့ပိုးခဲ့သည်။ ကင်အီဆွန်းရှည်ကြာစွာ ရှင်သန်နေခြင်းမှာ နိုင်ငံရေးအယူအဆ သဘောတရားရေးရာနှင့် သက်ဆိုင်သည့်ဂုဏ်တစ်ရပ်ပင် ဖြစ်သည်ဟုဆိုရပေမည်။ အာရှတိုက်ဒေသတွင် အမေရိကန်တို့ တည်ရှိနေမှုကို ဆန့်ကျင်ရာတွင် မြောက်ကိုရီးယားသည် ရှေ့ဆုံးတန်းမှ ပါဝင်သည့် နိုင်ငံ တစ်နိုင်ငံ ဖြစ် လာခဲ့သည်။ စစ်အေးကာလ တစ်လျှောက်လုံး အမေရိကန်နှင့် မြောက်ကိုရီးယား ဆက်ဆံရေးများ ရဲဖန်ရံခါဆိုသလို တင်းမာခက်ထန်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကင်အီဆွန်းအနေဖြင့် တရုတ်နှင့် ဆိုဗီယက်တို့အပေါ်တွင် အစဉ်အမြဲမှီခိုနိုင်ပေသည်။

ယင်းသို့မှီခိုနေခဲ့သော်ငြားလည်း ကင်အီဆွန်းသည် ကိုယ့်အားကိုယ်ကိုးရေး၊အမှီအခိုကင်းမဲ့ရေး သဘောတရားကို ချမှတ်အကောင်အထည်ဖော်ခဲ့သူဖြစ်သည်။ ယင်းကို ကိုရီးယားဘာသာစကားဖြင့် ဂျူချီဟု ခေါ်ဆိုပေသည်။ စင်စစ်အားဖြင့် ၁၉၆၀ ပြည့်လွန်နှစ်များကာလက မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံထက် စီးပွားရေးအရ သာလွန် ခဲ့သည်ဟု ဆိုရပေမည်။ သို့ရာတွင် နောက်ထပ် ဆယ်စုနှစ်ကာလဖြစ်သည့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကိုယ့်အားကိုယ်ကိုးရေးဖြစ်သည့်ဂျူချီသဘောတရားမှာ ခန်းခြောက်ပျောက်ကွယ်သွားတော့သည်။ အကြောင်းမှာ စွမ်းဆောင်ရည်မရှိသည့် ကွန်မြူနစ်စနစ်စီမံကိန်းများနှင့် ကာကွယ်ရေးအသုံးစရိတ် ကြီးကြီးမားမားယိုဖိတ်မှုကြောင့်ပင်ဖြစ်သည်။ အဆိုပါ ဂျူချီသဘောတရားက အမျိုးသားရေး အတ္တဝါဒကို ပြဋ္ဌာန်းစေပြီး ကင်အီဆွန်းအား အမှန်အမြတ်ကိုးကွယ်စရာ ပုဂ္ဂိုလ်ကြီးအဖြစ်သို့ ရောက်စေတော့သည်။ ယင်းမှာ စတာလင်နှင့် မော်စီတုံးကဲ့သို့ ပုဂ္ဂိုလ်စွဲကိုးကွယ်မှုကို ပုံတူကူးချသည်နှင့် တူတော့သည်။ ကင်အီဆွန်း၏ ရုပ်ပုံလွှာ ပုံတူများကို နိုင်ငံအနှံ့ တွေ့မြင်နိုင်ပေသည်။ ခေါင်းဆောင်ကြီး ကင်အီဆွန်း၏ ကြီးမားသည့်ရုပ်တုများကို နိုင်ငံတစ်ဝန်းလုံးတွင် ထုလုပ်စိုက်ထူထားပေသည်။ ထို့မျှသာမက ပြုံယမ်းမြို့တွင်လည်း ရွှေပြားများဖြင့် ခြယ်သထားသည့် လွန်စွာကြီးမားသော ကင်အီဆွန်း၏ ပုံတူရုပ်လွှာကို တွေ့မြင်နိုင်ပေသည်။

ကင်အီဆွန်းသည် မိမိ၏အရိုက်အရာကို သားဖြစ်သူ ကင်ယုံအီဆက်ခံစေရန် သတ်မှတ်ပေးခဲ့သည်။ ဖခင်နှင့်သားနှစ်ဦးစလုံး နိုင်ငံအနှံ့ အတူတကွသွားရောက်ကာ ၄င်းတို့အပါအဝင် ကင်အီဆွန်းမိသားစုတို့၏ အထိမ်းအမှတ်ကျောက်တိုင်များကို တည်ဆောက်စိုက်ထူခဲ့ကြသည်။ ၁၉၈၂ ခုနှစ်တွင် တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က အခွင့်အာဏာကိုမိသားစုအမွေအနှစ်အဖြစ်မလုပ်ဆောင်ရန် ကင်အီဆွန်းအား အကြံပြုခဲ့သည်ဟုဆိုသည်။

အထက်ပါလုပ်ရပ်များ၏ အကျိုးသက်ရောက်မှုအဖြစ် ကိုးရီးကားရားနိုင်သည့် အမျိုးသားနိုင်ငံရေးတစ်ရပ် ဖြစ်လာတော့သည်ဟု နိုင်ငံရေးဆန်းစစ်သူများက ဝေဖန်ကြသည်။ ဥပမာတစ်ခု ပြရပါက ဖားအသည်းကို ထုတ်ယူစားသုံးပါက

ကျန်းမာရေးကောင်းမွန်စေသည်ဟု မိမိ၏ ယုံကြည်မှုကို ကင်အီဆွန်းက မြွက်ဟခဲ့ဖူးရာ ၄င်း၏ပြည်သူ့တပ်မတော်မှ စေတနာ့ဝန်ထမ်း ဖားရှာဖွေပေးလိုသူများက နိုင်ငံအနှံ့မှ ဖားကောင်ရေ ၅၀၀၀ ဖမ်းယူစုဆောင်းပြီး သမ္မတနန်းတော်သို့ ပေးပို့ခဲ့သည်အထိ ဖြစ်ခဲ့သည်။

ဤသို့ဖြင့် မြောက်ကိုရီးယားနိုင်ငံအား နှစ်ပေါင်း ၄၀ ကျော်ကြာ သံမဏိစည်းမျဉ်းဖြင့်အုပ်စိုးခဲ့သောသြဇာတိက္ကမကြီးမားလှသည့် ခေါင်းဆောင်ကြီး ကင်အီဆွန်းသည် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်ခဲ့သည်။

ကင်အီဆွန်း ကွယ်လွန်သည့် သတင်းကို ပြုံယမ်းရေဒီယိုက ထုတ်ပြန်ကြေညာခဲ့ရာ ဆိုးလ်၊ တိုကျို၊ ပီကင်း၊ ဝါရှင်တန်နှင့် ဂျီနီဗာမြို့သို့တိုင် ဂယက်ရိုက်ကာ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့သည်။ ဂျီနီဗာမြို့တွင် အမေရိကန်နှင့် မြောက်ကိုရီးယား စေ့စပ်ညှိနှိုင်းသူများက မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်အပေါ် စိုးရိမ်ဖွယ်ကောင်းလောက်အောင် အငြင်းပွားလာမှုနှင့် စပ်လျဉ်း၍နှစ်ဦးနှစ်ဖက် ဆွေးနွေးမှုများ စတင်နေသည့်အချိန် ဖြစ်သည်။ ကင်အီဆွန်း ကွယ်လွန်သွားသည့်အတွက် ဆွေးနွေးမှုများ ရွှေ့ဆိုင်းရန် မြောက်ကိုရီးယားက တောင်းဆိုခဲ့ရာ အမေရိကန်တို့ဘက်မှ နားလည်မှုရှိရှိဖြင့် လိုက်လျောခဲ့သည်။ တောင်ကိုရီးယားသမ္မတ ကင်ယောင်ဆမ်ကလည်း တောင်ကိုရီးယားတပ်ဖွဲ့များကို အရေးပေါ် တပ်လှန့်ထားခဲ့သည်။ (ကိုရီးယား သမ္မတနိုင်ငံ– ရှု)

ကင်အီဆွန်းကွယ်လွန်သည့်သတင်း ထွက်ပေါ်လာသည်နှင့် ကလေးသူငယ်များ မျက်ရည်ယိုစွဲ ငိုပွဲဆင်ရုံမျှမက ပူဆွေးတသကြေကွဲလျက်ရှိကြသည့်ပြည်သူတစ်ရပ်လုံး လမ်းမကြီးများပေါ်သို့ စီတန်းလျက်ထွက်လာခဲ့ကြသည်။

ကမ္ဘာတစ်ဝန်း အမာခံကွန်မြူနစ်စနစ်ယိမ်းယိုင်ပြိုလဲကျဆုံးခြင်းနှင့်အတူ ကင်အီဆွန်း၏ လက်သုံးအတွေးအခေါ်ဖြစ်သည့် ကိုယ့်အားကိုယ်ကိုးရေး၊ အမှီအခိုကင်းမဲ့ရေးဟု အဓိပ္ပာယ်ရသည့် ဂျူချီသဘောတရားမှာလည်း သိသာမြင်သာသည့် မအောင်မြင်မှု၊ လိမ်လည်မှုအဖြစ်သို့ ရောက်ရှိသွားတော့သည်။

**ကမ္ဘောဒီးယားနိုင်ငံ။** ။ ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်နှင့် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်တို့ဦးဆောင်သည့် ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရသည် ခမာနီများနှင့် စေ့စပ်ဆွေးနွေးပွဲများ မပြုလုပ်နိုင်သေးဘဲ နှစ်ဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ယင်းသို့ တိုက်ခိုက်လျက်ရှိရာ ကမ္ဘောဒီးယားအစိုးရတပ်များက အနောက်မြောက်ပိုင်း ပြည်နယ်လေးခုကို သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ကမ္ဘောဒီးယားပြန်ကြားရေးဝန်ကြီး အင်ပိုလိက ပြောကြားသည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့၌ ကမ္ဘောဒီးယားလက်နက်ကိုင်တပ်များက ခမာနီတို့သည် ထိုးစစ်ကြီးဆင်နွှဲခံရချိန် နီးကပ်နေပြီဖြစ်ကြောင်း သတိပေးလိုက်သည်။ အဆိုပါ ထိုးစစ်ကြီး၏ အဆုံးစွန်သောရည်ရွယ်ချက်မှာ ပိုင်လင်းအနောက်ပိုင်းရှိခမာနီတို့၏ ဌာနချုပ်များကို အစိုးရက ပြန်လည်သိမ်းပိုက်ရန်ဖြစ်သည်။ မကြာမီထိပ်တိုက်တွေ့တော့မည့် ထိုးစစ်ကြီးကို ရှောင်လွှဲနိုင်ရန် အမျိုးသားရေးအဖွဲ့အစည်းအတွင်းသို့ အမြန်ပြန်လာကြရန် ကမ္ဘောဒီးယားအစိုးရ ရေဒီယိုက ထုတ်လွှင့်ကြေညာသည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့၌ ကမ္ဘောဒီးယားအစိုးရတပ်သား ၁၀၀၀ ကျော်သည် ခမာနီအခြေစိုက်စခန်းတစ်ခုဖြစ်သော ကမ္ဘောဒီးယားအနောက်မြောက်ပိုင်းရှိ အန်လွန်ဗင်းအခြေစိုက်စခန်းသို့ ချီတက်ခဲ့ကြသည်။ ကမ္ဘောဒီးယားအစိုးရ၏ ကာကွယ်ရေးဝန်ကြီး တီးကန်က မိမိတို့သည် အန်လွန်ဗင်းအခြေစိုက်စခန်းကို ဖေဖော်ဝါရီလ ၅ ရက်နေ့က သိမ်းပိုက်လိုက်ကြောင်း ပြောကြားသည်။ အစိုးရတပ်များက အန်လွန်ဗင်းကိုသိမ်းပြီး တစ်ပတ်အကြာ၌ သတင်းစာဆရာများကို အဆိုပါစခန်းသို့ဖိတ်ခေါ်ပြသခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ အန်လွန်ဗင်းကို မိမိတို့ ပြန်လည်သိမ်းပိုက်လိုက်ကြောင်း ခမာနီရေဒီယိုက ထုတ်လွှင့်သည်။ ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီး ဌာန ဒုတိယဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ပန်သေက ခမာနီတို့၏ အသံလွှင့်ကြေညာချက်ကို ဝေဖန်ချက်ပေးရန် ငြင်းဆိုခဲ့သည်။ ခမာနီရေဒီယိုက သတင်းထုတ်လွှင့်ရာတွင် ခမာနီတပ်များက အစိုးရတပ်သား ၄၉ ဦးကို သုတ်သင်ခဲ့ပြီး အရာရှိ ၂၆ ဦးအပါအဝင် တပ်သား ၁၀၀ ကျော်ကိုဖမ်းဆီးထားကြောင်း၊ တင့်ကားသုံးစီးကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ မော်တာများ လက်ပစ်ဗုံးများ စက်သေနတ်များကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း ဖော်ပြထုတ်လွှင့်သည်။

ယင်းသို့ အန်လွန်ဗင်း အခြေစိုက်စခန်းကို အစိုးရတပ်များနှင့် ခမာနီတို့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်သိမ်းပိုက်မှုများ ဖြစ်ပွားခဲ့သကဲ့သို့ ခမာနီတို့၏ အခိုင်အမာအခြေခံစခန်းဖြစ်သည့် "ပိုင်လင်း" တွင်လည်း မတ်လထဲတွင် နှစ်ဖက် တိုက်ခိုက်မှုများဖြစ်ပွားသည်။ ပိုင်လင်းသည် ဖနွမ်းပင် အနောက်မြောက်ဘက် ၃၅၅ ကီလိုမီတာအကွာ ထိုင်းနယ်စပ်အနီးတွင်ရှိသည်။ ကမ္ဘောဒီးယားအစိုးရတပ်များသည် ခမာနီတို့၏ အဓိကဌာနချုပ်ဖြစ်သည့် ပိုင်လင်းမှ သုံးကီလိုမီတာအကွာသို့ ချဉ်းကပ်ခဲ့ကြပြီး မတ်လ

၁၈ ရက်နေ့၌ ပိုင်လင်းကို တိုက်ခိုက်ရန် စီစဉ်ခဲ့သည်။ ထို့နောက် ပိုင်လင်းကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း မတ်လ ၁၉ ရက်နေ့တွင် ကမ္ဘောဒီးယားအစိုးရက ကြေညာသည်။ ပိုင်လင်းမြို့တစ်ဝိုက်တွင် တိုက်ပွဲများဖြစ်သဖြင့် ကမ္ဘာဒီးယား ပြည်သူ ၂၀၀၀၀ ကျော်သည် ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင် သွားကြသည်။ ကမ္ဘောဒီးယား တပ်ဖွဲ့ဝင် ၅၀၀၀ ခန့် တို့က သိမ်းပိုက်လိုက်သည့် ခမာနီ တို့၏ နောက်ဆုံးအခိုင်အမာစခန်းဖြစ်သော ပိုင်လင်းသို့ သတင်းထောက်များသည် မတ်လ ၂၅ ရက်နေ့တွင် ရောက်ရှိခဲ့ကြသည်။ ခမာနီပြောက်ကျားများက ပိုင်လင်းစခန်းတွင် ရိက္ခာနှင့်လက်နက် တန်ချိန်ပေါင်းများစွာကို ကွန်ကရစ် အဆောက်အအုံများအတွင်း သိုလှောင်ထားသည်။ ပိုင်လင်း ဒေသသည် ကျောက်မျက်ရတနာနှင့်သစ်ပေါများကြွယ်ဝသော နေရာတစ်ခုဖြစ်ရာ ၁၅ နှစ်ကြာ ပြည်တွင်းစစ်အတွင်း ခမာနီတို့အတွက် ဒေါ်လာသန်းပေါင်း များစွာရရှိခဲ့သည်။ ခမာနီတို့အား အခွန်အမြောက်အမြားပေးပြီး ကန်ထရိုက် စာချုပ်ဖြင့် ပိုင်လင်းဒေသအတွင်း သစ်ခုတ်၊ ကျောက်စိမ်းတူး နေကြသူ ထိုင်းနိုင်ငံသားများစွာ ရှိသည်ဟု ဆိုသည်။

**ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးရေးကြိုးပမ်းခြင်း** – ကမ္ဘောဒီးယား ပြည်တွင်းစစ်ပြီးဆုံးရေးအတွက် စေ့စပ်ဆွေးနွေးရေး ကော်မတီတစ်ရပ်ဖွဲ့စည်းခြင်းသည့်သာ ပြည်တွင်း၌ ခမာနီများ သောင်းကျန်းမှုကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့် နောက်ဆုံး အခွင့်အရေးဖြစ်သည်ဟု ပထမဝန်ကြီးချုပ် မင်းသား ရာနာရစ်က ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြောကြားသည်။

၁၅ နှစ်ကြာ ပြည်တွင်းစစ်ပြီးဆုံးရေးအတွက် စေ့စပ် ဆွေးနွေးပွဲများမကျင်းပမီ ရှေးဦးစွာ အပစ်အခတ်ရပ်စဲထား ရမည်ဟု အစိုးရအဖွဲ့က တောင်းဆိုသည်။ ထို့အပြင် မင်းသား ရာနာရစ်က စေ့စပ်ဆွေးနွေးရန်အတွက် ကမ္ဘောဒီးယား အစိုးရအရာရှိများနှင့် ခမာနီကိုယ်စားလှယ်များပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းရေးကို အဆိုပြုခဲ့သည်။ သို့သော် ခမာနီခေါင်းဆောင် ခရူဆမ်ဖန်က အစိုးရအဖွဲ့၏ အပစ်အခတ် ရပ်စဲရေး တောင်းဆိုချက်နှင့် ကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုပြုချက်ကို ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်၍ လက်မခံဘဲပယ်ချခဲ့သည်။ ညွန့်ပေါင်းအစိုးရ၏ ငြိမ်းချမ်းရေးအဆိုပြုချက်သည် ခမာနီ အုပ်စုကို ဖျက်ဆီးပစ်ရန် ထောင်ချောက်ဆင်ခြင်းသာ ဖြစ်ကြောင်း ခရူဆမ်ဖန်က စွပ်စွဲခဲ့သည်။

**ခမာနီအခြေစိုက်စခန်းတစ်ခုကို ထိုးစစ်ဆင်ရာတွင် ဒဏ်ရာရရှိသော ကမ္ဘောဒီးယား အစိုးရ တပ်သားအချို့**





ပထမဝန်ကြီးချုပ် ရာနာရစ် (ဝဲ) နှင့် ဒုတိယ ဝန်ကြီးချုပ် ဟွန်ဆန် (ယာ)

သည့်နောက် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကမ္ဘောဒီးယားအစိုးရအဖွဲ့ ပထမဝန်ကြီးချုပ် ရာနာရစ်က ခမာနီတို့ ထိန်းချုပ်ထားသော နယ်မြေအများအပြားသည် အစိုးရတပ်များ၏ ထိုးစစ်ဆင်မှုအောက်သို့ ရောက်ရှိခဲ့ပြီ ဖြစ်၍ ခမာနီတို့နှင့် တွေ့ဆုံဆွေးနွေးစရာအကြောင်း သိပ်မရှိတော့ကြောင်း ပြောကြားသည်။ အစိုးရအနေဖြင့် ဆွေးနွေးရန် အတွက် ခမာနီတို့အား အမြဲတမ်းတံခါးဖွင့်ထားကြောင်း၊ သို့သော်ဆွေးနွေးပွဲကျင်းပမည်ဆိုလျှင် အခြေအနေမှာ ယခင်ကနှင့်မတူတော့ကြောင်း ရာနာရစ်က ပြောကြားသည်။ ယခင်က ဆိုသည်မှာ အန်လွန်ဗင်နှင့် ပိုင်လင်းဒေသများ အစိုးရလက်မကျမီကို ဆိုလိုခြင်းဖြစ်သည်။

ရာနာရစ်က ယင်းသို့ကြေညာပြီး မရှေးမနှောင်း ဧပြီလ ၁၁ ရက်နေ့၌ ခမာနီတို့ဘက်မှ ကြေညာချက်တစ်ရပ်ထွက်ပေါ်လာသည်။ ကမ္ဘောဒီးယားဘုရင် သီဟာနုနှင့် ခမာနီပြောက်ကျားခေါင်းဆောင်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲရက်ကို သတ်မှတ်ပြီး လုံခြုံရေးအခြေအနေအရ ဆွေးနွေးပွဲကို ပီကင်းတွင်ကျင်းပရန် ဆုံးဖြတ်လိုက်သည်ဟု ခမာနီတို့က ကြေညာခြင်း ဖြစ်သည်။

ဖနွမ်းပင်ရှိ ဘုရင့်နန်းတော်တွင် ခမာနီတို့နှင့်တွေ့ဆုံရန် မူလက ဘုရင်သီဟာနုက သဘောတူခဲ့ပြီးဖြစ်သည်။ သို့သော် ခမာနီခေါင်းဆောင် ခ္ယူဆမ်ဖန်၏ လုံခြုံရေးကို ဖနွမ်းပင်တွင် အာမခံချက်မပေးနိုင်၍ ပီကင်းသို့ ပြောင်းရွှေ့လိုက်ရခြင်းဖြစ်သည်ဟု ဆိုသည်။ အခြေအနေအရပ်ရပ်ကြောင့် ယင်းသို့ပြောင်းလဲမှုများ ဖြစ်ပေါ်လာရာ ဘုရင်မင်းမြတ်အနေဖြင့် မိမိတို့အား ပီကင်းတွင် ဖွန့်လဲ့တွေ့ဆုံပါရန် ခမာနီတို့၏ ကြေညာချက်၌ ဖော်ပြထားသည်။

ခမာနီတို့၏ အဓိကခြေကုပ်စခန်းတစ်ခုဖြစ်သော ပိုင်လင်းကို မတ်လ ၁၉ ရက်နေ့၌ ကမ္ဘောဒီးယားအစိုးရတပ်များက သိမ်းယူခဲ့ပြီးနောက် နှစ်ဖက်စလုံးမှ စစ်ရေးအရ ငြိမ်နေကြသည်။ စစ်ရေးအရ အောင်မြင်မှုရခဲ့သော အစိုးရဘက်က ခမာနီတို့အပေါ် တင်းတင်းမာမာဆက်ဆံလာခဲ့သည်။ ခမာနီတို့ဘက်က ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် အသစ်တစ်ဖန် ထပ်မံကမ်းလှမ်းချက်ကို ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်နှင့် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်တို့က သဘောမတူကြကြောင်း ဘုရင်သီဟာနုကပြောသည်။

သင့်လျော်သော ခမာနီခေါင်းဆောင်အချို့အား ဝန်ကြီးအဖွဲ့ဝင်ရာထူးပေးမည်ဟု ရာနာရစ်-ဟွန်ဆန်အစိုးရက ယခင်က ကမ်းလှမ်းခဲ့ဖူးသည်။ ခမာနီတို့က ယင်းကမ်းလှမ်းချက်ကို ဆုပ်ကိုင်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲကျင်းပရန် တောင်းဆိုလာပြန်ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားအစိုးရ၏ အဆိုပါ ကမ်းလှမ်းချက်တွင် ချွင်းချက်အဖြစ် ခမာနီတို့က



ခမာနီခေါင်းဆောင် ခ္ယူဆမ်ဖန်

အပစ်အခတ်ရပ်စဲရန်၊ ထိန်းချုပ်ထားသော နယ်မြေများဖွင့်ပေးရန်၊ ခမာနီပြောက်ကျားတပ်မှ အင်အား ၈၀၀၀ ခန့်တို့ လက်နက်စွန့်လွှတ်ရန်ဟူသည့် စည်းကမ်းချက်များပါရှိသည်။ ထိုစည်းကမ်းချက်များကိုမူ ခမာနီတို့က လိုက်နာနိုင်ခြင်းမရှိသေးပေ။

ထိုသို့သော အခြေအနေ၌ ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်က ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အခြေခံအကြောင်းတစ်ရပ်ဖြစ်စေမည့် ကမ္ဘောဒီးယားအစိုးရတပ်များနှင့် ခမာနီပြောက်ကျားများအကြား နှစ်သစ်ကူး အပစ်အခတ်ရပ်စဲရေးကို ဧပြီလ ၁၁ ရက်နေ့က ကမ်းလှမ်းလိုက်သည်။ ခမာနီတို့၏ နှစ်သစ်ကူးပွဲတော်သည် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကြာမြင့်မည်ဖြစ်ရာ နှစ်ကူးပွဲတော်စတင်သည့် ဧပြီလ ၁၃ ရက်နေ့မှစပြီး ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲရန် ဒုတိယဝန်ကြီးချုပ်က ကမ်းလှမ်းသည်။ ဟွန်ဆန်၏ အပစ်အခတ်ရပ်စဲရေး ကမ်းလမ်းချက်ကို ခမာနီအဖွဲ့က လက်ခံမည်မဟုတ်ကြောင်း ဖနွမ်းပင်ရှိ ခမာနီရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တုံ့ပြန်ပြောကြားလိုက်သည်။

ယင်းသို့ ရာနာရစ်–ဟွန်ဆန်အစိုးရနှင့် ခမာနီတို့စေ့စပ်ဆွေးနွေးရေးအထမမြောက်နိုင်ဘဲ ရှိနေချိန်၌ ဘုရင်သီဟာနုက ပိုမိုဆိုးရွားလာသည့် ကမ္ဘောဒီးယား အခြေအနေကို ဖြေရှင်းရေးအတွက် အစိုးရနှင့် ခမာနီတို့ စေ့စပ်ဆွေးနွေးကြရန် ဧပြီလ ၂၂ ရက်နေ့တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်၍ တိုက်တွန်းလိုက်သည်။

သီဟာနုက ကမ္ဘောဒီးယားနိုင်ငံ သမ္မတ ချီဆင်းမ်၊ ပထမဝန်ကြီးချုပ်နိုရိုဒွန်ရာနာရစ်၊ ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်၊ ခမာနီခေါင်းဆောင် ခယူဆမ်ဖန်တို့အား ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အစည်းအဝေးသို့ ဖိတ်ကြားထားကြောင်း ပြောကြားသည်။ အဆိုပါ အစည်းအဝေးကို မေလ ၂ ရက်မှ ၇ ရက်အထိ ၎င်း၏နန်းတော်တွင် ကျင်းပမည်ဟု ဆိုသည်။ သီဟာနု၏ အစီအစဉ်ကို ဖိတ်ကြားခံရသူအားလုံးက ထောက်ခံကြောင်း စာဖြင့် အသီးသီး အကြောင်းကြားခဲ့ကြသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဘင်နီဝစ်ဒိုနီက ပြောကြားသည်။

သီဟာနု၏ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး အစည်းအဝေးကျင်းပရေး အဆိုပြုချက်ကို ကမ္ဘောဒီးယားအစိုးရနှင့် ခမာနီတို့က ယင်းသို့ထောက်ခံသဘောတူခဲ့ကြလင့်ကစား အစိုးရတပ်နှင့် ခမာနီ ပြောက်ကျားများသည် ကမ္ဘောဒီးယား အနောက်မြောက် ဒေသများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ခမာနီတို့ အစည်းအဝေး တက်မည့်အရေးမှာ မရေမရာ ဖြစ်နေကြောင်း၊ အစည်းအဝေးကျင်းပနိုင်မည် မထင်ကြောင်း သံတမန်များနှင့် အစိုးရအရာရှိများက ပြောဆိုကြသည်။

ခမာနီပြောက်ကျား ကိုယ်စားလှယ်အဖွဲ့၏ လုံခြုံရေးကို အစိုးရက ပေးနိုင်စွမ်းရှိမည်မဟုတ်ဟု စိုးရိမ်ပူပန်မှုကြောင့် အစည်းအဝေးတက်မည့်အရေးကို မိမိတို့ရေငုံနှုတ်ပိတ်နေခြင်းဖြစ်သည်ဟု ခမာနီတို့ကပြောဆိုသည်။ ခမာနီတို့၏ ပြောဆိုချက်ကို ကမ္ဘောဒီးယားအစိုးရက ငြင်းဆိုပြီး ၎င်းတို့၏ လုံခြုံရေးကို ရာနှုန်းပြည့်အာမခံကြောင်း ပြောကြားသည်။ ခမာနီတို့သည် အစည်းအဝေးပျက်ပြားအောင် ပရိယာယ်ဆင်နေခြင်းဖြစ်သည်ဟု အစိုးရကစွပ်စွဲလိုက်သည်။

ကမ္ဘောဒီးယားအစိုးရက ဖနွမ်းပင်တွင် ပြုလုပ်မည့် ဆွေးနွေးပွဲသို့ တက်ရောက်မည့် ခမာနီတို့၏ လုံခြုံရေးကို အာမခံသည်ဟု မည်သို့ပင်ဆိုစေ ခယူဆမ်ဖန်က ဖနွမ်းပင်သည် ၎င်း၏ လုံခြုံရေးကို အာမခံချက်မပေးနိုင်ဟုဆိုကာ ဖနွမ်းပင်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပမည့်ကိစ္စကို ငြင်းပယ်ခဲ့သည်။ မေလ ၉ ရက်နေ့၌ ဘုရင်သီဟာနုထံ ခမာနီခေါင်းဆောင် ခယူဆမ်ဖန်ကပေးပို့သည့်စာတွင် ဘုရင်သီဟာနုသည် ငြိမ်းချမ်းရေးအတွက် ၎င်း၏အကြံပြုတိုက်တွန်းချက်ကို မြောက်ကိုရီးယားတွင်သက်သေထူရန် ရေးသားပြောကြားခဲ့သည်။ အဆိုပါ ရေးသားပြောကြားချက်ကို အကြောင်းပြု၍ မေလ ၁၇ ရက်နေ့၌ သီဟာနုက အစိုးရနှင့် ခမာနီတို့ စေ့စပ်ဆွေးနွေးကြရန် ထပ်မံတိုက်တွန်းလိုက်ပြီး မေလ ၂၇ ရက်နေ့မှစ၍ မြောက်ကိုရီးယားရှိ ၎င်း၏ ဧည့်သည်တော်စံအိမ်တွင် ဆွေးနွေးပွဲကျင်းပရန် အဆိုပြုလိုက်ပြန်သည်။

မြောက်ကိုရီးယားမြို့တော်ပြုံယမ်းရှိ ဘုရင်သီဟာနု၏ ဧည့်သည်တော်စံအိမ်တွင် ကျင်းပမည့် ဆွေးနွေးပွဲသို့ မိမိတို့ သုံးဦးတက်ရောက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်က ထုတ်ဖော်ပြောကြားသည်။ ဟွန်ဆန်ပြောကြားသော မိမိတို့သုံးဦးဆိုသူများမှာ ၎င်းကိုယ်တိုင်နှင့် ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ချေယာဆင်တို့ဖြစ်သည်။

ခမာနီပြောက်ကျားအုပ်စုနှင့် ကမ္ဘောဒီးယားအစိုးရတို့အကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို မြောက်ကိုရီးယား၊ ပြုံယမ်းမြို့တော်ရှိ ဘုရင်သီဟာနုဧည့်သည်တော်စံအိမ်တွင် မေလ ၂၇ ရက်မှ မေလ ၃၀ ရက်နေ့ထိ ပြုလုပ်ခဲ့သည်။ သို့သော် ပြုံယမ်းငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အောင်မြင်မှုမရဘဲ အဆုံးသတ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ဘုရင်သီဟာနု၏ ဇွန်လ ၁၅ ရက်နေ့မှစ၍ ခြွင်းချက်မရှိအပစ်အခတ်ရပ်စဲရေး

တောင်းဆိုချက်ကို ခမာနီခေါင်းဆောင် ခယူဆမ်ဖန်က ပယ်ချခဲ့သည်။ ၄င်းက Minimal Political Programme ကို တင်ပြခဲ့သောအခါတွင်လည်း ရာနာရစ်က ခယူဆမ်ဖန်၏ တင်ပြချက်သည် ကမ္ဘောဒီးယားတရားဥပဒေကို ဖျက်ဆီးမည့် တင်ပြချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့နှင့် ပြီးယမ်း ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့သည်။

**အာဏာသိမ်းရန်ကြိုးပမ်းမှု** – ၁၉၉၄ ခုနှစ်၊ ဇူလိုင်လထဲတွင် ကမ္ဘောဒီးယားနိုင်ငံတွင် အာဏာသိမ်းရန်ကြိုးပမ်းမှု တစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ဇွန်လ ၂ ရက်နေ့တွင် လက်နက်ကိုင် ၃၀၀ ကျော်သည် သံချပ်ကာကား ၁၂ စီးနှင့် စစ်ထရပ်ကား ၅ စီးဖြင့် ဖနွမ်းပင်မြို့တော်သို့ ဦးတည်လာခဲ့သည်။ ယင်း အချင်းအရာသည် အာဏာသိမ်းရန် ကြံစည်မှုဖြစ်ကြောင်း အစိုးရကလေ့လာသိရှိခဲ့သည်။ အစိုးရက အာဏာသိမ်းရန် ကြိုးပမ်းမှုကို သေနတ်တစ်ချက်မျှ မဖောက်ရဘဲ နှိမ်နင်းနိုင်ခဲ့ပြီး အာဏာသိမ်းရန်ကြိုးပမ်းသူ ခေါင်းဆောင်နှစ်ဦးအနက် တစ်ဦးကို ဖမ်းဆီးပြီး၊ တစ်ဦးကို ပြည်နှင်ဒဏ်ပေးခဲ့သည်။ ထိုသူနှစ်ဦးမှာ ဆင်ဆွန်နှင့် မင်းသားနိုရိုဒွန်ချာကရာဘွန်တို့ ဖြစ်သည်။ ဆင်ဆွန်မှာ ယခင်အစိုးရလက်ထက်က ပြည်ထဲရေး ဝန်ကြီးဖြစ်ပြီး မင်းသားချာကရာဘွန်သည် ထိုစဉ်က ဒုတိယ ဝန်ကြီးချုပ် ဖြစ်သည်။

အစိုးရက ဆင်ဆွန်ကို အကျယ်ချုပ် ချုပ်ထားလိုက်ပြီး မင်းသားနိုရိုဒွန်ချာကရာဘွန်ကိုမလေးရှားနိုင်ငံသို့ပြည်နှင်ဒဏ် ပေးလိုက်သည်။ မင်းသားချာကရာဘွန်ကို ဖမ်းမည့်အစား တိုင်းပြည်မှနှင်ထုတ်ရန် ဖခင်ဖြစ်သူ ဘုရင်သီဟာနုနှင့် ဖအေတူမအေကွဲ ညီအစ်ကိုတော်သူ ဒုတိယဝန်ကြီးချုပ် မင်းသားရာနာရစ်တို့က ကြားဝင်ဆောင်ရွက်ခဲ့သည်။ ကမ္ဘောဒီးယားအစိုးရအဖွဲ့ကလည်း သွေးထွက်သံယိုမှုနှင့် ရှုပ်ထွေးလာမည့် နိုင်ငံရေးပြဿနာများကို ရှောင်ရှားလို၍ ချာကရာဘွန်အား ပြည်နှင်ဒဏ်ပေးခြင်းကို သဘောတူ လက်ခံခဲ့သည်ဟု ဆိုသည်။

လက်ရှိကမ္ဘောဒီးယားအစိုးရက ဆင်ဆွန်နှင့်ချာကရာ ဘွန်တို့၏ အာခံပုန်ကန်မှုကိုနှိမ်နင်းခြင်းသည် ယခုအကြိမ်မှာ ဒုတိယမြောက်နှိမ်နင်းခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ မေလရွေးကောက်ပွဲ၌ ၄င်းတို့၏ ကမ္ဘောဒီးယားပြည်သူ့ ပါတီ ပွတ်ကာသိကာ ရှုံးနိမ့်သွားပြီးနောက် ၄င်းတို့နှစ်ဦးသည် ကမ္ဘောဒီးယားနိုင်ငံမှ ခွဲထွက်ရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့ သောကြောင့် အစိုးရကနှိမ်နင်းသဖြင့် မလေးရှားနိုင်ငံသို့ ထွက်ပြေးခဲ့ဖူးသည်။ ညွန့်ပေါင်းအစိုးရဖွဲ့စည်းသောအခါ ၄င်းတို့ပါတီက ပါလီမန်တွင် အမတ် ၅၁ နေရာရရှိနေရာ ၄င်းတို့အတွက် အမတ်နှစ်နေရာရရှိရေးအလို့ငှာ ဖနွမ်ပင်သို့ ပြန်လာခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ဤကဲ့သို့အာဏာ သိမ်းရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုမဖြစ်ပွားမီ ရက်အနည်းငယ် အလို၌ ထိုင်းလူမျိုး ၁၅ ဦးသည် ကမ္ဘောဒီးယားနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့သည်ဟု ကမ္ဘောဒီးယားပြည်ထဲရေး ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါ ထိုင်းလူမျိုး ၁၅ ဦးတွင် ဒုတိယရဲမှူးကြီး အဒူဘွန်ဆတ် အမည်ပါ နိုင်ငံကူးပတ်စ်ပို့ကိုင်ဆောင်သူတစ်ဦးလည်း ပါဝင်လာသည်ဟု ဆိုသည်။ ၄င်းသည် ထိုင်းပါလီမန်အမတ် တစ်ဦးလည်း ဖြစ်သည်ဟု ဆိုသည်။

ဇွန်လ ၃ ရက်နေ့တွင် ထိုင်းလူမျိုး ၁၄ ဦးကို အာဏာသိမ်း ခေါင်းဆောင်နှစ်ဦး၏ နေအိမ်များမှဖမ်းဆီးရမိခဲ့သော်လည်း ဒုတိယရဲမှူးကြီး အဒူဘွန်ဆတ်ဖြစ်မည်ဟု ယူဆရသူမှာ လွတ်မြောက်ထွက်ပြေးသွားကြောင်း ပြည်ထဲရေးဝန်ကြီး ဌာနအရာရှိက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးက ဖမ်းဆီးထားသော ထိုင်းလူမျိုး ၁၄ ဦး နှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှ မသိကြောင်းပြော ကြားသည်။ ဘန်ကောက်မှ ပြောရေးဆိုခွင့်ရှိသူများက ဖမ်းဆီးခြင်းခံရသော ထိုင်း ၁၄ ဦးနှင့် ထိုင်းအစိုးရသည် မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိဟု ပြောခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ပရာဆန်ဆွန်ဆီရိက ကမ္ဘောဒီးယားတွင် အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်ပတ်သက်၍ ဝမ်းနည်းကြောင်း ဇွန်လ ၃ ရက်နေ့က ထုတ်ဖော်ပြောကြား

**အာဏာသိမ်းရန် ကြံစည်မှုဖြင့် မလေးရှားနိုင်ငံသို့ပြည်နှင်ဒဏ် ပေးခံရသည့် မင်းသား နိုရိုဒွန်ချာကရာဘွန်အား ဖနွမ်ပင် လေဆိပ်၌ မထွက်ခွာမီ တွေ့ရစဉ်**



ခဲ့ပြီး ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရက ငြိမ်းချမ်းရေး ထိန်းသိမ်းရန် ဆက်လက်ကြိုးပမ်းနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

**ခမာနီအဖွဲ့အား မတရားအသင်းအဖြစ်ကြေညာခြင်း**

ကမ္ဘောဒီးယားအစိုးရအဖွဲ့နှင့် ခမာနီတို့၏ ပြည်ယမ်းငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားခဲ့ပြီးနောက် ဇွန်လ ၁၅ ရက် နေ့၌ ဖနွမ်းပင်တွင် နောက်ထပ်ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တစ်ခုကို ထပ်မံကျင်းပပြန်သည်။ သို့သော်အဆိုပါ ဆွေးနွေးပွဲတွင် အစိုးရက တင်ပြလာသော ဇွန် ၃၀ ရက် နောက်ဆုံးထား၍ အပစ်အခတ်ရပ်စဲရန် အဆိုပြုချက်ကို ခမာနီတို့က လက်မခံဘဲ ပယ်ချခဲ့ပြန်သည်။ သို့နှင့် ဖနွမ်းပင်ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲမှာလည်း အောင်မြင်ခြင်းမရှိဘဲ အဆုံးသတ်ခဲ့ပြန်သည်။

ဘုရင်သီဟာနုသည် အစိုးရနှင့် ခမာနီတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ကြိမ်ဖြစ်မြောက်အောင် စည်းရုံးပြုလုပ်ပေးခဲ့သည်။ သို့သော် ခမာနီတို့က အပစ်အခတ်ရပ်စဲရေးကို လက်မခံဘဲ ဆွေးနွေးပွဲတိုင်းတွင်ပယ်ချခဲ့ပြီး အစိုးရအဖွဲ့တွင် အာဏာခွဲဝေယူရေးကို ရှေ့တန်းတင် တင်ပြခဲ့ကြသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ကြိမ်စလုံး ပျက်ပြားသွားခဲ့ရခြင်းဖြစ်သည်။

ယင်းသို့ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲများ ပျက်ပြားသွားပြီးနောက် ကမ္ဘောဒီးယားအစိုးရသည် ဖနွမ်းပင်ရှိ ခမာနီအရာရှိများနှင့် ခမာနီကိုယ်စားလှယ်အဖွဲ့အား ဖနွမ်းပင်မှ နှင်ထုတ်လိုက်သည်။ ၁၉၉၁ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံရေးအုပ်စုသုံးခု သဘောတူချုပ်ဆိုခဲ့သော ပဲရစ်ငြိမ်းချမ်းရေးစာချုပ်ကို ခမာနီတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးချိန်မှစ၍ ခမာနီကိုယ်စားလှယ်အဖွဲ့အား ဖနွမ်းပင်ရှိ ဘုရင်နန်းတော်၏ တိုးချဲ့ခြံဝင်းကြီးထဲတွင် နေထိုင်ခွင့်ပေးထားခဲ့သည်။

ကမ္ဘောဒီးယားအစိုးရက ဖနွမ်းပင်တွင် နောက်ဆုံးကျန်ရှိနေသော ခမာနီအရာရှိများအား မြို့တော်မှ ထွက်ခွာကြရန် ဇွန်လ ၁၇ ရက်နေ့၌ နောက်ဆုံးအမိန့်ထုတ်ပြန်ခဲ့သည်။ အဆိုပါ ခမာနီအရာရှိများသည် ဇွန်လ ၂၀ ရက်နေ့၌ ဖနွမ်းပင်မှ ထိုင်းနိုင်ငံသို့ လေယာဉ်ဖြင့်ထွက်ခွာသွားကြသည်ဟု ဆိုသည်။

ကမ္ဘောဒီးယားအစိုးရ အဖွဲ့ခေါင်းဆောင်များက ပီဒီကေဟုခေါ်သော ခမာနီအုပ်စုကို မတရားအသင်းကြေညာမည့် ဥပဒေထုတ်ပြန်ရန်အတွက် ပါလီမန်အမတ်များအား သဘောတူ လက်မှတ်ထိုးခိုင်းနေကြောင်း အစိုးရအဖွဲ့ဘဏ္ဍာရေးဝန်ကြီးက ဇွန်လ ၂၉ ရက်နေ့က ထုတ်ဖော်ပြောသည်။ သီဟာနုက ညွန့်ပေါင်းအမျိုးသားအစိုးရသည် နိုင်ငံကို ကောင်းမွန်တည်ငြိမ်အောင် မအုပ်ချုပ်နိုင်ကြောင်း ပြောကြားပြီး ခမာနီအုပ်စုအား မတရားအသင်း ကြေညာမည့် အစီအစဉ်ကို ဆန့်ကျင်ခဲ့သည်။

သို့သော်လည်း ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရက ၁၉၉၄ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့၌ဒီမိုကရက်တစ်ကမ်ပူးချားဟု တရားဝင်ခေါ်သော ခမာနီအဖွဲ့အား မတရားအသင်း ကြေညာသည့် ဥပဒေကြမ်းကို ပါလီမန်သို့တင်သွင်းလိုက်သည်။ အဆိုပါ ဥပဒေကြမ်းကို ဇူလိုင်လ ၇ ရက်နေ့၌ ကမ္ဘောဒီးယားဥပဒေပြုပါလီမန်အမတ် ၁၀၃ ဦးက ထောက်ခံအတည်ပြုခဲ့သည်။ ဥပဒေကြမ်းတွင် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်က ဒီမိုကရက်တစ်ကမ်ပူးချားအုပ်စုနှင့် ၎င်း၏ လက်နက်ကိုင်တပ်များကို မတရားအသင်းအဖြစ် ကြေညာကြောင်း ဖော်ပြထားသည်။

ယင်းသို့ ခမာနီအုပ်စုအား မတရားအသင်းကြေညာပြီး မကြာမီ ဇူလိုင်လ ၁၁ ရက်နေ့၌ ခမာနီခေါင်းဆောင် ခရူဆမ်ဖန်က ပရတ်ဗိဟာရပြည်နယ် မြောက်ပိုင်းတွင် အခြေစိုက်သော ယာယီအစိုးရကို ဖွဲ့စည်းတည်ထောင်လိုက်သည်။ မိမိသည် ယာယီအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်ကြောင်း ခရူဆမ်ဖန်က ခမာနီရေဒီယိုမှတစ်ဆင့် ကြေညာခဲ့သည်။

**ပြည်ပဆက်ဆံရေး :-** ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ချွန်လီပိုင်သည် ကမ္ဘောဒီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်၌ ပြင်သစ်တို့ထံမှ ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးရပြီးနောက် ယခုအကြိမ်သည် ထိုင်းဝန်ကြီးချုပ်တစ်ဦး ပထမဆုံးအကြိမ် ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက်ရှိခြင်းဖြစ်သည်။ ညှိသည်တော်ထိုင်းဝန်ကြီးချုပ်၊ ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်နှင့် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်တို့သည် နယ်စပ်ဒေသလုံခြုံရေး၊ စီးပွားရေးလုပ်ငန်းသဘောတူ ဆောင်ရွက်ရေးနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကူအညီပေးရေးဆိုင်ရာ စာချုပ်များကို ချုပ်ဆို လက်မှတ်ထိုးခဲ့ကြသည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၌ ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် ရာနာရစ်နှင့် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်တို့သည် အစိုးရအဖွဲ့ဝင်များလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ခရီးထွက်ခွာခဲ့ကြသည်။ တရုတ်ဝန်ကြီးချုပ် လီပင်း၏ဖိတ်ကြားချက်အရ ယင်းသို့ အလည်အပတ်သွားရောက်ကြခြင်းဖြစ်သည်ဟု

ဆိုသည်။ ဝန်ကြီးနှစ်ဦး၏ အလည်အပတ်ခရီးသည် ခြောက်သွေ့ ရာသီ၌ ခမာနီပြောက်ကျားများကို ထိုးစစ်ဆင်ရန် လက်နက်ရရှိရေးကိစ္စဖြစ်သည်ဟု သတင်းများထွက်ပေါ်သည်။

**စစ်ပြေးဒုက္ခသည်များ** – ကမ္ဘောဒီးယားတွင် တိုက်ပွဲများဖြစ်ပွားခဲ့သောကြောင့် စစ်ပြေးဒုက္ခသည်များသည် ထိုင်းနိုင်ငံတွင်းသို့ ထွက်ပြေးခဲ့ကြရသည်။ ၁၉၉၄ ခုနှစ်၊ မတ်လအတွင်းက ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးလာသည့် ကမ္ဘောဒီးယား ဒုက္ခသည် ၂၀၀၀၀ ကို ထိုင်းစစ်တပ်က ထရပ်ကားများဖြင့် ကမ္ဘောဒီးယားသို့ ပြန်ပို့ခဲ့သည်။

မေလအတွင်းက ကမ္ဘောဒီးယားအနောက်ပိုင်းရှိအစိုးရတပ်များထိန်းချုပ်ထားသည့် ဒေသများကို ခမာနီတို့က တိုးမြှင့်တိုက်ခိုက်ခဲ့သည့်အတွက် ပြည်သူ ၅၅၀၀၀ အိုးအိမ်များ စွန့်ခွာ၍ဘေးလွတ်ရာ ထွက်ပြေးခဲ့ကြသည်ဟု နိုင်ငံတကာထောက်ပံ့ရေး အရာရှိများက မေလ ၃ ရက်နေ့က ပြောကြားကြသည်။ ထောင်ပေါင်းများစွာသော ပြည်သူများသည် လမ်းတစ်လျှောက်ရှိ ဆွေမျိုးများအိမ်တွင် လည်းကောင်း၊ ဘုရားရှိခိုးကျောင်းများနှင့် ပြည်နယ်မြို့တော်များတွင်လည်းကောင်း ခိုအောင်းနေထိုင်ကြသည်။ အချို့သော ကျေးရွာအုပ်စုများမှာ လူသူကင်းလျက်ရှိသည်ဟု ဖနွမ်းပင်ရှိ ကုလသမဂ္ဂ စားနပ်ရိက္ခာ အစီအစဉ်အကြီးအကဲ စကော့လက်ပါးက ပြော သည်။

**ကမ္ဘောဒီးယားပြန်လည်ထူထောင်ရေး** – ကမ္ဘောဒီးယားပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအကူအညီပေးရေး အစည်းအဝေးတစ်ရပ်ကို ၁၉၉၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့၌ တိုကျိုတွင် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ၃၃ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ကမ္ဘောဒီးယားတွင် ပါဝင်လုပ်အားပေးခဲ့ကြသည့်နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ တက်ရောက်ကြသည်။

၁၉၉၄–၉၅ ခုနှစ်များအတွက် ဒေါ်လာ ၇၇၃ သန်း ထည့်ဝင်မည်ဟု အစည်းအဝေးက ကတိပြုသည်။ အစည်းအဝေးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ္စတိုဖာက အမေရိကန်ပြည်ထောင်စုသည် ၁၉၉၄ ခုနှစ် အတွက် ဒေါ်လာ ၃၃ ဒသမ ၃ သန်းနှင့် ၁၉၉၅ ခုနှစ် အတွက် ဒေါ်လာသန်း ၄၀ အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂျပန်က ဒေါ်လာ ၈၈ ဒသမ ၁ သန်း ကူညီမည်ဟု ကတိပြုသည်။ ဂျပန်သည် ကမ္ဘောဒီးယား၏ အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေး လုပ်ငန်းများတွင် ဒေါ်လာ သန်း ၁၉၀ သုံးစွဲခဲ့ပြီးဖြစ်သည်။

အထက်ပါ အကြောင်းရပ်များသည် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ဖြစ်ပေါ်ခဲ့သော ကမ္ဘောဒီးယားနိုင်ငံ၏ အခြေအနေအရပ်ရပ်ဖြစ်ပေသည်။

ဦးစိန်ငွေး

## ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ (၁၉၉၄)။ ။

ပြည်ထောင်စုမြန်မာနိုင်ငံ၌ လည်းကောင်း၊ နိုင်ငံတကာ၌ လည်းကောင်း သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူပုဂ္ဂိုလ်များ ရှိကြသည်။

### မြန်မာရဟန်းတော်များ

**ကေတုမတီ၊ ဘဒ္ဒန္တ**
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ ရေးမြို့နယ်လုံးဆိုင်ရာ မရမ်းကုန်းကျောင်းတိုက်၏ဂိုဏ်းချုပ်၊ ရွာကလေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၅ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ကေလာသ၊ ဘဒ္ဒန္တ**
သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊
ဂန့်ဂေါမြို့နယ် (ယောနယ်) ကန်တောရကျောင်းတိုက်ဆရာတော်၊
(၁၃၅၅ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်၌ပျံလွန်တော်မူသည်။)

**ကေသရသီရိ၊ ဘဒ္ဒန္တ**
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မုံရွာမြို့ မြို့မရွှေကူကျောင်းတိုက် မဟာနာယက၊
(၁၃၅၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်၌ ပျံလွန်တော်မူသည်။)

**စာရိတ္တာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊
ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (သက္ကသီဟ ၁၂၉၈ ခုနှစ်)၊ ကော့ကပ်ကြီးနဲ့ကြီးရွာလယ်ကျောင်း–ချိုးဖြူတောရဆရာတော်၊
(၁၃၅၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်၌ ပျံလွန်တော်မူသည်။)

**အာဂရ၊ ဘဒ္ဒန္တ**
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၅) ဝါ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မြင်းဝန်မင်းကြီးကျောင်းတိုက် တိုက်အုပ်ဆရာတော်၊
(၁၃၅၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏုတ္တရ၊ ဘဒ္ဒန္တ**
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၁) ဝါ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးကျေးရွာ၊ ပညာလင်္ကာရကျောင်း (စာသင်ကျောင်း) ဆရာတော်၊
(၁၃၅၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**မဟောသဓပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တ**
အဂ္ဂမဟာပဏ္ဍိတ၊ ပြင်ဦးလွင်မြို့ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ခုနှစ် နယုန်လပြည့်ကျော် ၂ရက်၌ ပျံလွန်တော်မူသည်။)

**ဝါသဝါဘိဝံသ၊ ဘ ဒ္ဒန္တ**
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၇)ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သက္ကလမြို့ သာသနာ့ရောင်ခြည် ပရိယတ္တိစာသင်ကျောင်းတိုက်ကြီး၏ ဦးစီးနာယက၊
(၁၃၅၅ခုနှစ် နတ်တော်လဆုတ် ၄ရက်၌ ပျံလွန်တော်မူသည်။)

**ဝိမလာစာရ၊ ဘဒ္ဒန္တ**
သက်တော်(၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါ၊
အဘိဓဇမဟာရဋ္ဌဂုရု၊ ဝေဠုဝန် နိကာယ ဆဋ္ဌ သာသနာပိုင်၊ မွန်ပြည်နယ် - ချောင်းဆုံမြို့နယ်- မရမ်းရွာ- စမ်းချောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်၌ ပျံလွန်တော်မူသည်။)

**ဝဏ္ဏသိရိ၊ ဘဒ္ဒန္တ**
သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၅) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ (အဂ္ဂမဟာအကျော်)၊
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ တန်ခူးလဆုတ် ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သူရိယမဟာထေရ၊ ဘဒ္ဒန္တ**
သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၁) ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက် တိုက်အုပ်ဆရာတော်၊ နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ဝင်၊
(၁၃၅၅ခုနှစ် တပေါင်းလဆန်း ၆ရက်၌ ပျံလွန်တော်မူသည်။)

**သောဘဏ၊ ဘဒ္ဒန္တ**
သက်တော်(၆၈)နှစ်၊ သိက္ခာတော် (၄၈)ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ မြိတ်မြို့တောကျောင်း ပရိယတ္တိစာသင်တိုက်နှင့် ကုက္ကိုကျောင်း စာသင်တိုက် ဦးစီးပဓာန နာယက၊
(၁၃၅၅ ခုနှစ် ပြာသိုလဆုတ် ၂ရက်၌ ပျံလွန်တော် မူ သည်။)

**ဣန္ဒာစာရ၊ ဘဒ္ဒန္တ**
သက်တော် (၇၈)နှစ်၊ သိက္ခာတော် (၅၈) ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒစရိယ သံတွဲ-မြို့မဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဣန္ဒာစာရာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ၊
တိုက်ကြီးမြို့၊ ရှမ်းစုရပ်ကွက်၊ ရှမ်းဂိုဏ်းကြီး၏ ပဓာန နာယက၊
ပုညရံသီကျောင်းတိုက်၊ ကမ္မဋ္ဌာနာစရိယ
(၁၃၅၅ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်၌ပျံလွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

**ကုသ (ဦးတိုးအောင်)**
အသက် (၇၀) နှစ်၊
စာရေးဆရာ၊ [M.A (Hon) (F. R. G. S, F.R.H. S)]
(၃၀.၃.၇၆ ခုနှစ်၌ ကွယ်လွန်သည်။)

**ခင်မောင်အေး၊ ဦး**
အသက် (၆၃) နှစ်၊
စာရေးဆရာ ပစ်တိုင်းထောင်၊ အကြံပေးပုဂ္ဂိုလ်၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊
(၆.၅.၉၄ ရက်နေ့၌ ကွယ်လွန်သည်။)

**စိန်၊ ဦး**
အသက် (၇၀) နှစ်၊
ပန်းချီနှင့်ကာတွန်းဆရာကြီး
(၆.၃.၉၄ ရက်နေ့၌ကွယ်လွန်သည်။)
**စိန်မိုလ်တင့်၊ ဦး**
အသက် (၅၇) နှစ်၊
နိုင်ငံကျော်ဆိုင်းဆရာကြီး၊ သဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီဝင်၊
(၂၃.၁၁.၉၄ ရက်နေ့၌ ကွယ်လွန်သည်။)

**ညီညီ၊ ဦး (လင်းယုန်နီ)**
အသက် (၆၉) နှစ်၊
စာရေးဆရာ၊ ဒုတိယ ဥက္ကဋ္ဌမြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊
(၁၃.၆.၉၄ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်အုန်း၊ ဦး**
အသက် (၇၆)နှစ်
အငြိမ်းစားသမိုင်းပါမောက္ခ၊ အငြိမ်းစား ဒုတိယဝန်ကြီး၊ အငြိမ်းစားပြည်သူ့တရားသူကြီးအဖွဲ့ အဖွဲ့ဝင်၊
(၂၀.၉.၉၄ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဦး၊ ဦး**
အသက် (၇၆)နှစ်
စာရေးဆရာအလင်းရောက်တင်ဦး၊ နိုင်ငံဂုဏ်ရည် ဒုတိယအဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်
(၃၀.၁၀.၉၄ရက်နေ့၌ ကွယ်လွန်သည်။)

**ထွန်းရှိန်၊ ဦး**
အသက် (၇၆)နှစ်
စာရေးဆရာ မိုးဟိန်း၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)
(၇.၇.၉၄ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်၊ ဒေါက်တာ**
အသက် (၇၀)နှစ်
နိုင်ငံတော် သမ္မတ(အငြိမ်းစား)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
(၂.၇.၉၄ရက်နေ့၌ ကွယ်လွန်သည်။)

**မျိုးချစ် (တက္ကသိုလ်)**
အသက် (၇၄)နှစ်
မြန်မာ့ပြဇာတ်လောကနှင့် ရုပ်ရှင်လောကတွင် အောင်မြင်ကျော်ကြားခဲ့သော ဝဏ္ဏကျော်ထင်ဘွဲ့ရ ပြဇာတ်နှင့် ရုပ်ရှင်မင်းသား
( ၂၃- ၁- ၉၄ ရက်နေ့၌ ကွယ်လွန်သည် )

**မြင့်သိန်း၊ ဦး**
အသက် (၉၄)နှစ်
အငြိမ်းစားနိုင်ငံတော်တရားဝန်ကြီးချုပ်၊ အေတိအမ်ဘွဲ့ (အမှုထမ်းကောင်းတံဆိပ်ရမင်းဘွဲ့)၊အို. ဘီ. အီး. ဘွဲ့ (Order of the British Empire)၊ ဒိန်းမတ်အယ်လ်ဘွဲ့ (Danish Order of Liberty)၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) များ နှင်းအပ်ခံရသူ၊
(၃.၁၀.၉၄ရက်နေ့၌ ကွယ်လွန်သည်။)

**ရန်အောင်မောင်မောင်**
အသက် (၆၅)နှစ်
အငြိမ်းစားထောင်ပိုင်၊ နိုင်ငံကျော်စာရေးဆရာ
(၉.၄.၉၄ရက်နေ့၌ ကွယ်လွန်သည်။)

**သီသီ၊ ဒေါ် (အကယ်ဒမီ)**
အသက် (၆၁)နှစ်
အကယ်ဒမီဆုရှင် နိုင်ငံကျော်ရုပ်ရှင်မင်းသမီးကြီး၊
(၂၇.၆.၉၄ ရက်နေ့၌ ကွယ်လွန်သည်။)

**သန်းညွန့်၊ ဦး**
ဒုတိယဝန်ကြီး အငြိမ်းစား၊
(၉.၁.၉၄ ရက်နေ့၌ ကွယ်လွန်သည်။)

**အေးလှိုင်၊ ဦး (ဒေါက်တာ)**
အသက် (၇၅) နှစ်၊
အငြိမ်းစားပါမောက္ခချုပ် (စီးပွားရေးတက္ကသိုလ်)၊ ဥက္ကဋ္ဌ-ပြည်ထောင်စု
မြန်မာနိုင်ငံတော်ဘဏ် (အငြိမ်းစား)
(၁၄.၂.၉၄ ရက်နေ့၌ ကွယ်လွန်သည်။)

## နိုင်ငံတကာ

၁၉၉၃ ခုနှစ်အတွင်းက ကွယ်လွန်ခဲ့သော်လည်း အချိန်မီ စာရင်းပြုစုနိုင်ခြင်းမရှိခဲ့သူများကို ယခု၁၉၉၄ ခုနှစ်အတွင်းကွယ်လွန်သူများစာရင်းတွင် ထည့်သွင်းဖော်ပြပါသည်။ ထို့ကြောင့် ကွယ်လွန်သည့် ခုနှစ်မဖော်ပြလျှင် ၁၉၉၄ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ခြင်းဟုယူ၍ ခုနှစ်သီးခြားဖော်ပြလျှင် ထိုခုနှစ်၌ ကွယ်လွန်ခြင်းဟုယူရန် ဖြစ်ပါသည်။

### ကနေဒီ–အိုနာဆစ်, ဂျက်ကလင်း (၆၅ နှစ်)

ကွယ်လွန်သူ အမေရိကန်သမ္မတဂျွန်အက်ဖ်ကနေဒီ၏ ဇနီးဖြစ်ခဲ့ပြီး နောင်အခါတွင် ဂရိသင်္ဘောလုပ်ငန်းရှင်သူဌေးကြီး အရစ္စတိုတယ်လ်အိုနာဆစ်နှင့် လက်ဆက်ခဲ့ပြီးနောက် မုဆိုးမ နှစ်ကြိမ်ဖြစ်ခဲ့သူ။ မေလ ၁၉ ရက်နေ့တွင် ကွယ်လွန်သည်။

### ကနက်တီ, အဲလီယတ်စ် (၈၉နှစ်)

၁၉၈၁ ခုနှစ် စာပေနိုဗဲဆုရ ဗူလဂေးရီးယားနိုင်ငံဖွား စာရေးဆရာကြီး။ ဇူးရစ်၊ ဖရန့်ဖတ်နှင့် ဗီယင်နာမြို့များတွင် ပညာသင်ကြားပြီး ၁၉၂၉ ခုနှစ်တွင် ဓာတုဗေဒပညာနှင့် ပါရဂူဒေါက်တာဘွဲ့ရရှိခဲ့သည်။ နာဇီတို့တန်ခိုးထွားလာသောအခါ ဂျူးလူမျိုးဖြစ်သော ကနက်တီသည် ဩစတြေးလျနိုင်ငံကိုစွန့်ခွာခဲ့ရသည်။ ၁၉၃၉ ခုနှစ်တွင် ဗြိတိန်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၈၈ ခုနှစ်မှစ၍ ဆွစ်ဇာလန်နိုင်ငံတွင် အမြဲတမ်းအခြေချနေထိုင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ရေးခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထပ်မံထုတ်ဝေခဲ့သည့် "Die Blendung" နှင့် ၁၉၆၀ ပြည့်နှစ်ထုတ် "Crowds and Power" ဝတ္ထုရှည်နှစ်ပုဒ်သည် ဝေဖန်သူများ၏ ချီးကျူးခြင်းခံရသည်။ သို့သော် စာဖတ်ပရိသတ်အများစုကမူ နိုဗဲဆုရလာမှ သိလာခဲ့ကြသည်။ သူ၏ပန်ကြားခဲ့ချက်အရ သူ့ရုပ်ကလာပ်ကို ဇူးရစ်မြို့ရှိ ကမ္ဘာကျော် စာရေးဆရာကြီး ဂျိမ်းစ်ဂျွိုက်စ်၏ အုတ်ဂူဘေးတွင် စက်တင်ဘာလအတွင်းက မြှုပ်နှံခဲ့သည်။

### ကံမာဂို, ဆက်တီယာအို (၈၄ နှစ်)

" ဘဝဆိုတာစက်ဘီးလိုပါပဲ၊ ဘယ်သူပဲဖြစ်ဖြစ် နင်းတာရပ်လိုက်ရင် လဲကျမှာပဲ" ဟု ကောက်ချက်ချခဲ့သော ဘရာဇီးလူမျိုး ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီး။ အမဇုန်မြစ်ဖြတ် အဝေးပြေးလမ်းမကြီး၊ ဘရာဇီးလျားမြို့တော်နှင့် ရီယို့နိတာရှိုင်တံတားကြီးအပါအဝင် ဘရာဇီးနိုင်ငံ၏ရောမ ဆောက်လုပ်ရေးလုပ်ငန်းကြီးများနှင့် စီမံကိန်းလုပ်ငန်း စုစုပေါင်း ၁၀၀၀ကျော်လုပ်ဆောင်ခဲ့သူ။တတိယတန်းမျှသာပညာသင်ခဲ့ရသော်လည်း ကိုယ့်ဒူးကိုယ်ချွန်ဘဝဖြင့် ကြိုးစား၍ တစ်ဦးတည်းပိုင်ဆိုင်မှုဒေါ်လာသန်း ၁၃၀၀ ကျော် ချမ်းသာကြွယ်ဝလာခဲ့သူ။ စက်တင်ဘာလတွင် ကွယ်လွန်သည်။

### ကာတာ, ကီဗင် (၃၃ နှစ်)

၁၉၉၄ ခုနှစ်ပူလစ်ဇာဆုရ တောင်အာဖရိကနိုင်ငံသား ဓာတ်ပုံဆရာ။ အစာရေစာငတ်ပြတ်၍ သေအံ့မူးမူး ဖြစ်နေသောဆူဒန်ကလေးငယ်တစ်ဦးကိုလင်းတတစ်ကောင်က စောင့်ကြည့်နေသည့် ဓာတ်ပုံဖြင့် ပူလစ်ဇာ ဆုရခဲ့ပြီး နာမည်ကျော်ကြားသွားခဲ့သူ။ ဩဂုတ်လ အတွင်းက မိမိကိုယ်ကို လုပ်ကြံ၍ သေဆုံးခဲ့သည်။

### ကာရီ, ဂျွန် (၄၄ နှစ်)

ကမ္ဘာကျော် ရေခဲပြင်စကိတ်စီးချန်ပီယံ။ အားကစားနှင့်အနုပညာကို ပေါင်းစပ်ပြီး ရေခဲပြင်အကကို အစပထမဖော်ထုတ်ခဲ့သူ။ အေ့ဒ်စ်နှင့်ဆက်နွှယ်သောရောဂါဖြင့် ဧပြီလအတွင်းက အမေရိကန်ပြည်ထောင်စုတွင် ကွယ်လွန်သည်။

### ကားမက်, ယန်း (၇၃ နှစ်)

ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ခန့်တွင် ပါဝင်သရုပ်ဆောင်ခဲ့သော နာမည်ကျော်ပြင်သစ် ရုပ်ရှင်သရုပ်ဆောင်။ ၁၉၈၂ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်တို့တွင် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု (ဆီဇာဆု) များရရှိခဲ့သည်။ ပြင်သစ်နိုင်ငံ ဆီးဗရက်စ်မြို့တွင် ကွယ်လွန်သည်။

### ကူရှင်, ပီတာ (၈၁ နှစ်)

လော့ရင့်စ်အိုလီဗီယာနှင့်အတူ ဂန္ထဝင်ရုပ်ရှင်ကားများတွင် သရုပ်ဆောင်ခဲ့သော မင်းသားကြီး။ ရင်ထိတ်သည်းဖိုကြောက်မက်ဖွယ်ရုပ်ရှင်ကားများ၌ ဘယ်ရွန်ဖရန့်ကင်စတိန်း အဖြစ် ပိုမိုထင်ရှားသူ။ ၁၉၁၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် မွေးဖွားခဲ့ပြီး လန်ဒန်မြို့ရှိ ဂိလ်ဟောလ်ဂီတနှင့်ပြဇာတ်သင်ကျောင်းတွင် ပညာသင်ဆုရခဲ့သည်။ ဟောလီးဝုဒ်တွင် "သံမျက်နှာဖုံးစွပ်နှင့်လူ" အပါအဝင် နာမည်ကျော်ရုပ်ရှင်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီး လန်ဒန်သို့ပြန်လာသည်။ ၁၉၅၄၊ ၁၉၅၅၊ ၁၉၅၆ ခုနှစ်များတွင် သုံးနှစ်ဆက်တိုက်အကောင်းဆုံးရုပ်မြင်သံကြားမင်းသားဆု ရရှိခဲ့သည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကင်ဆာရောဂါဖြင့် လန်ဒန်မြို့တွင် ကွယ်လွန်သည်။

### ကူးပါး, ဒိမ်းမ်ရှိနာ (၉၈ နှစ်)

နယူးဇီလန်နိုင်ငံတွင် ဒေသခံမာအိုရီပြည်သူများက "နိုင်ငံ့မိခင်" အဖြစ်အလေးစား၊ အမြတ်နိုးဆုံး ခေါင်းဆောင်ကြီး။ မွေးဖွားစဉ်က နိုင်ငံ၏အဆင်းရဲဆုံး တောကြိုအုံကြားဒေသမီးဖိုဆောင်တစ်ခု၏ ဂွံ့အခင်းပေါ်တွင် မွေးဖွားခဲ့ရသည်။ တစ်နိုင်ငံလုံး၏ မြေဧရိယာဟတ်တာ ၂၇ သန်းအနက် တစ်သန်းမှတစ်ပါး အားလုံးနီးပါးကို ဒေသခံတိုင်းရင်းသားမာအိုရီများလက်မှ လူဖြူများက နှစ်ပေါင်းများစွာ အနိုင်အထက်သိမ်းယူထားမှုကို အသက် ၁၈ နှစ်အရွယ်ကပင် ပထမဆုံးရဲရဲဝံ့ဝံ့ ကန့်ကွက်ဆန္ဒပြခဲ့သည်။ ၁၉၇၅ ခုနှစ် သူမ၏အသက် ၈၀အရွယ်တွင် အဆစ်အမြစ်ကိုက်ရောဂါဝေဒနာခံစားနေရသည့်ကြားမှ မာအိုရီလူမျိုး ၅၀၀၀ကို သူမနေထိုင်ရာ မြောက်ပိုင်းဒေသမှ ကိုလိုမီတာ



နိုဗဲဆုရ ဓာတုဗေဒ ပညာရှင် လင်းနပ်စ်ပေါလင်း



အီတလီလူမျိုး ရုပ်ရှင် ဒါရိုက်တာကြီး ဖက်ဒါရီကို ဖယ်လီနီ



တွေးခေါ် ပညာရှင် ဆာကားလ်ပေါ်ပါ



စာပေနိုဗဲဆုရ အဲလီယတ်စ် ကနက်တီ



အမေရိကန်ရုပ်ရှင် မင်းသမီးကြီး ဂျက်ဆီကာတန်ဒီ



နေတိုးအဖွဲ့၏ အတွင်းရေးမှူးချုပ် မန်းဖရက်ဝါနာ

၁၁၀၀ အကျော နယူးဇီလန်နိုင်ငံမြို့တော် ဝယ်လင်တန် အရောက် ချီတက်ဆန္ဒပြပွဲတွင် ဦးဆောင်ခဲ့သည်။ လူမျိုးနွယ်စုများကြားတွင်လည်း ညီညွတ်မျှတမှုရအောင် ဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဗြိတိသျှအင်ပါယာ ၏ "ဒိမ်းမ်ကမန်ဒါ" ဘွဲ့ကို ရရှိခဲ့သည်။ နယူးဇီလန်နိုင်ငံ၊ ပန်ဂူရူမြို့၌ ဧပြီလအတွင်းက ကွယ်လွန်ခဲ့သည်။

**ကင်အီဆွန်း (၈၂ နှစ်)**

မြောက်ကိုရီးယားနိုင်ငံကို နှစ်ပေါင်း၄၀ကျော်တစ်သွေးတစ်သံတစ်မိန့်ဖြင့်အုပ်စိုးခဲ့သော ကမ္ဘာ့သက်တမ်းအရှည်ဆုံး ကွန်မြူနစ်ခေါင်းဆောင်။ ဂျပန်ကိုလိုနီလက်အောက်မှ ကိုရီးယားကျွန်းဆွယ်လွတ်မြောက်ခဲ့ပြီး သုံးနှစ်အကြာ ၁၉၄၈ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံ တည်ထောင်ချိန်မှစ၍ ကွယ်လွန်ချိန်အထိ နိုင်ငံ၏ပြိုင်ဘက်မဲ့ တစ်ဦးတည်းသော တစ်ပါတီအာဏာရှင် ခေါင်းဆောင်။ ရုတ်တရက် နာမကျန်းဖြစ်ရာမှ ဇူလိုင်လ ၈ ရက်နေ့ နံနက် ၂ နာရီတွင် ကွယ်လွန်သည်။

**ချွန်အီကွန်း (၇၆ နှစ်)**

အငြိမ်းစားတောင်ကိုရီးယားဗိုလ်ချုပ်ကြီး။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက ကိုရီးယားသမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်နိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူ။ တောင်နှင့်မြောက်ကိုရီးယားပြည်တွင်းစစ်ပွဲတွင် တောင်ပိုင်းတပ်များအားလုံးကို ကွပ်ကဲဦးဆောင်ခဲ့ပြီး နိုင်ငံ၏ပထမဆုံးကြယ်လေးပွင့်ဗိုလ်ချုပ်ကြီးဖြစ်လာခဲ့သည်။ ဟဝိုင်ယီတွင် ဆေးဝါးကုသမှုခံယူနေစဉ် ကင်ဆာရောဂါဖြင့် ဇန်နဝါရီလအတွင်း ကွယ်လွန်သည်။

**ဂို့ရှ်, တူရာကန္တီ (၉၅ နှစ်)**

အိန္ဒိယသတင်းစာလောက၏ ဝါရင့်ထိပ်တန်းသတင်းစာဆရာကြီး။ နေ့စဉ်ထုတ်သတင်းစာသုံးစောင်နှင့် အပတ်စဉ်ထုတ် သတင်းစာတစ်စောင်တို့ကို တည်ထောင်ခဲ့သော အယ်ဒီတာကြီး။ ၁၈၆၈ ခုနှစ်က သူ၏ဖခင်တည်ထောင်ခဲ့သော "အမ္ဗရစ်တ ဘဇားပါတရိက" သတင်းစာကို ၁၉၂၈ ခုနှစ်မှ ကွယ်လွန်ချိန်အထိ အယ်ဒီတာအဖြစ် ဦးဆောင်ထုတ်ဝေခဲ့သည်။ အိန္ဒိယနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မိုဟန်ဒါစ် (မဟာတ္တမ) ဂန္ဒီ၊ ဂျဝါဟာလာနေရူးတို့နှင့်အတူ ပူးပေါင်းပါဝင်ခဲ့သည်။ သတင်းစာကို အမျိုးသားရေးနိုးကြားတက်ကြွရန် အသုံးပြုလှုံ့ဆော်ခဲ့သည်။ အုပ်စိုးသူဗြိတိသျှအစိုးရကို ထိပါးသော ဆောင်းပါးတစ်ပုဒ်ထည့်သွင်းမှုကြောင့် ၁၉၃၅ ခုနှစ်တွင် ထောင်ကျခဲ့သည်။ စက်တင်ဘာလအတွင်းက ကာလကတ္တားမြို့တွင် ကွယ်လွန်သည်။

**စကာရီ, ရစ်ချတ်မက္ကလာရီ (၇၄ နှစ်)**

ကလေးစာအုပ်များစွာရေးခဲ့ပြီးသရုပ်ဖော်ပုံများစွာလည်းရေးဆွဲခဲ့သော နာမည်ကျော်စာရေးဆရာနှင့် သရုပ်ဖော်ပန်းချီဆရာကြီး။ ခွေး၊ ကြောင်၊ ယုန်၊ ဝက် စသည့် ချစ်စရာတိရစ္ဆာန်ငယ်ကလေးများဖြင့် သရုပ်ဖော်ခြယ်မှုန်းထားသည့် စကာရီ၏စာအုပ်များသည် ကမ္ဘာတစ်ဝန်း၌ အုပ်ရေသန်း ၁၀၀ ကျော်ရောင်းချခဲ့ရပြီး ဘာသာစကား ၃၀ ခန့်သို့ ပြန်ဆိုခဲ့ပြီးဖြစ်သည်။ ဧပြီလ ၃၀ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီစတာဒ့်မြို့တွင် ကွယ်လွန်သည်။

**စတိန်းဟော့ဖ်, ဂျိုဟန်နက်စ် (၈၀ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်လေယာဉ် ၁၆၇ စင်းကို ပစ်ချခဲ့သော ဂျာမန်လေတပ်မှတိုက်လေယာဉ်မှူးဟောင်း။ အနောက်ဂျာမနီလေတပ်မတော်တည်ဆောက်ရာတွင် ပါဝင်ကူညီခဲ့သူ။ ၁၉၄၅ ခုနှစ်တွင် လေယာဉ်ပျက်ကျ၍ ဆိုးရွားစွာထိခိုက်ဒဏ်ရာရခဲ့ပြီးနောက် လေယာဉ်ပျံသန်းမှုကို စွန့်လွှတ်ခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ နေတိုးစာချုပ်အဖွဲ့၏ စစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ အဖွဲ့အစည်းတစ်ခုလုံး၏ ရည်မှန်းချက်၌ တစ်နိုင်ငံချင်း၏ အကျိုးစီးပွားများက ဝင်ရောက်စွက်ဖက်ခြင်းကို လုံးဝခွင့်မပြုခြင်းကြောင့် အဖွဲ့ဝင်များ၏ လေးစားမှုကို ခံယူရရှိခဲ့သည်။ ၁၉၉၄ ခုနှစ် နှစ်ဦးပိုင်းတွင် ကွယ်လွန်သည်။

**စပါဒိုလိနီ, ဂိယိုဗန်နီ (၆၉ နှစ်)**

၁၉၈၀ ပြည့်လွန်နှစ်များက အီတလီညွန့်ပေါင်းအစိုးရအဖွဲ့ နှစ်ဖွဲ့ကို ဦးဆောင်ခဲ့သော ဝန်ကြီးချုပ်ဟောင်း။ အသက် ၂၅ နှစ်အရွယ်တွင် ပါမောက္ခဖြစ်ခဲ့သူ။ နိုင်ငံတွင် စောင်ရေအများဆုံးနှင့် ဩဇာတိက္ကမ အရှိဆုံးသတင်းစာကြီး "ကော်ရီယယ်ဒဲလာဆီရာ" ၏ အယ်ဒီတာအဖြစ် ၁၉၆၈ မှ ၁၉၇၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ရိုးသားဖြောင့်မတ်မှုကြောင့် နာမည်ကောင်းထွက်ခဲ့သည်။ ဩဂုတ်လ ၄ ရက်နေ့က ကင်ဆာရောဂါဖြင့် ရောမမြို့တွင် ကွယ်လွန်သည်။

**ဆာဗာလာ့စ်, တယ်လီ (၇၀ နှစ်)**

၁၉၇၀ ပြည့်လွန်နှစ်များက "ကိုဂျက်ခ်" ရုပ်မြင်သံကြားဇာတ်လမ်းတွဲများတွင် စုံထောက်အဖြစ် သရုပ်ဆောင်ခဲ့သော နာမည်ကျော်ရုပ်မြင်သံကြားမင်းသား။ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၌ ကွယ်လွန်သည်။

**ဆာဘင်, ဒေါက်တာ အဲလ်ဘာ့ထ် (၈၆ နှစ်)**

၁၉၅၀ ပြည့်လွန်နှစ်လယ်များအတွင်းက ပိုလီယိုဆေးကို တိုးတက်အောင်စမ်းသပ်ထုတ်လုပ်ခဲ့သော ဆေးပညာရှင်

ကြီး။ သူ၏ဆေးသည် လူငါးသန်းခန့်ကို ပိုလီယိုဝေဒနာ မဖြစ်အောင် ကာကွယ်ပေးနိုင်ခဲ့ပြီး လူအသက်ပေါင်း ငါးသိန်းခန့်ကို ကယ်တင်နိုင်ခဲ့သည်။ ပိုလန်နိုင်ငံမှ အမေရိကန်ပြည် ထောင်စုသို့ ပြောင်းရွှေ့လာပြီး ၁၉၃၁ ခုနှစ်တွင် နယူးယော့ခ်ဆေးတက္ကသိုလ်မှ ဆေးပညာဘွဲ့ရရှိခဲ့သည်။ ဗိုင်းရပ်စ်သုတေသနတွင် နှစ်ပေါင်း ၂၀ ကျော် စူးစူးစိုက်စိုက် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်ဝန်းကျင်နှစ်များတွင် ဒေါက်တာဆာဘင်၏ အသက်ရှင်ဗိုင်းရပ်စ်ပိုလီယိုကာကွယ်ဆေးသည် ၄င်းနှင့်အပြိုင်အဆိုင် သုတေသနပြုနေသူ ဒေါက်တာ ဂျိုနာ့စ်ဆော့ခ်၏ သတ်ထားသောဗိုင်းရပ်စ်ပိုလီယိုကာကွယ်ဆေးထက် သာလွန်သွားခဲ့သည်။ အသက် ၈၆ နှစ်အရွယ် ၁၉၉၃ ခုနှစ် မတ်လတွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

### ဆွာမိဂါးလ်, ရှရီချန္ဒရာ စက္ကရန္ဒရာ ဆာရာဝတီ (၉၉ နှစ်)

အိန္ဒိယနိုင်ငံ၏အထင်ရှားဆုံး ဟိန္ဒူဘာသာရေးခေါင်းဆောင်ကြီး။ ဆင်းရဲသော ဗြဟ္မဏမျိုးနွယ်ကျောင်းဆရာတစ်ဦး၏ သားဖြစ်ပြီး ငယ်စဉ်ကအမေရိကန်မစ်ရှင် သာသနာပြုကျောင်းတွင် ပညာသင်ကြားခဲ့ရာ သမ္မာကျမ်းစာသင်တန်းများတွင် ပထမစွဲခဲ့သည်။ ၁၃ နှစ်သားအရွယ်မှစ၍ ဘဝကို ဘာသာရေးလေ့လာဆည်းပူးခြင်း၌သာ မြှုပ်နှံခဲ့သည်။ ဘာသာစကား ၁၂ မျိုးခန့်လည်း လေ့လာတတ်မြောက်ခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးအနှံ့ ခြေလျင်ဖြင့် ၂၁ နှစ်ကြာ ဂန္ဓာရီခရီးလှည့်လည်ခဲ့သည်။ သည်းခံခြင်းတရားကို စွဲမြဲစွာ ယုံကြည်လိုက်နာသော ဘာသာရေးခေါင်းဆောင်ကြီးဖြစ်ပြီး မူစလင်နှင့် ခရစ်ယာန်တို့၏ လေးစားခြင်းကိုပါခံရသည်။ ဇန်နဝါရီလအတွင်းက အိန္ဒိယနိုင်ငံ ကန်ချီပူရမ်မြို့တွင် ကွယ်လွန်သည်။

### တာနာကာ, ကာကူအီ (၇၅ နှစ်)

၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ။ လော့ခ်ဟိဒ်ကော်ပိုရေးရှင်းလာဘ်ပေးလာဘ်ယူမှုအရှုပ်တော်ပုံကြောင့် ၁၉၈၃ ခုနှစ်တွင် ထောင်ဒဏ်လေးနှစ် ကျခဲ့သူ။ တိုကျိုမြို့တွင် ၁၉၉၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

### တာဟိုနီ, ဘာဂျတ် (၈၂ နှစ်)

ဂျော်ဒန်ဘုရင် ဟူစိန်၏ ယုံကြည်အားအထားရဆုံး အတိုင်ပင်ခံပုဂ္ဂိုလ်။ ၁၉၆၀နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဂျော်ဒန်ဝန်ကြီးချုပ် သုံးကြိမ်ဖြစ်ခဲ့သူ။ ဇန်နဝါရီလတွင် ကွယ်လွန်သည်။

### တင်ဘာဂျင်, ယန် (၉၁ နှစ်)

နိုဗဲဆုရ ဒတ်ချ်လူမျိုး ဘောဂဗေဒပညာရှင်ကြီး။ နယ်သာလန် နိုင်ငံအစိုးရအဖွဲ့ စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်။ စီးပွားရေးဆောင်ရွက်မှုကို ပိုင်းခြားစိတ်ဖြာသုံးသပ်ရန် သင်္ချာစံများ အသုံးပြုသည့် အီကိုနိုမက်ထရစ်ပညာရပ်ကို ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သူ။ ထို့အတွက် ၁၉၆၉ ခုနှစ်တွင် ပထမဆုံးဘောဂဗေဒနိုဗဲဆု ရရှိခဲ့သည်။ ဇွန်လအတွင်းက အမ်စတာဒမ်မြို့တွင် ကွယ်လွန်သည်။

### ဒေါ်နယ်ဆန်, ဖရန်ဆက်စ် (၈၇ နှစ်)

နာမည်ကျော်စာရေးဆရာနှင့် အတ္ထုပ္ပတ္တိရေး ဆရာမကြီး။ ၁၉၇၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော အဋ္ဌမအက်ဒွပ်ဘုရင်ကြီး၏ အတ္ထုပတ္တိစာအုပ်ဖြင့် ဝုဖ်ဆန်စာပေဆုရရှိခဲ့သည်။ မတ်လ ၂၇ ရက်နေ့တွင် လန်ဒန်မြို့တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

### ဒွိုင်စနို, ရောဘတ် (၈၁ နှစ်)

ပြင်သစ်လူမျိုးကမ္ဘာကျော် ဓာတ်ပုံဆရာကြီး။ ဧပြီလ ၁ ရက်နေ့တွင် ပါရီမြို့၌ ကွယ်လွန်သည်။

### နီအား, အဲဖရက်အိုစီ (၈၂ နှစ်)

ထင်ရှားသော ရူပဗေဒပညာရှင်ကြီး။ ဓာတုဒြပ်စင်အလှည့်မှန်ဇယားမှ အိုင်ဆိုတုပ်ဒြပ်စင်များကို လေ့လာရန်နှင့် အမျိုးအစားခွဲရန် အလွန်အသုံးဝင်သော ကိရိယာတစ်ခုကိုတီထွင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ယူရေနီယမ်ဒြပ်စင်ကို လေ့လာရာမှ ယူရေနီယမ် ၂၃၅ အိုင်ဆိုတုပ်၏ သဘာဝကို တွေ့ရှိခဲ့သည်။ သူ၏တွေ့ရှိချက်ကိုမူတည်၍ $U_{235}$ အိုင်ဆိုတုပ်ကို အခြေပြုသော အနုမြူဗုံးကို သုတေသနပညာရှင်များက ထုတ်လုပ်ခဲ့သည်။ ပိုတက်စီယမ်– အာဂွန်နည်းဖြင့် ဘူမိသက်တမ်းကို တိုင်းတာသည့် နည်းစနစ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ကမ္ဘာ့သက်တမ်းကိုနှစ်သန်းပေါင်း ၅၀၀၀ ဟု ခန့်မှန်းတွက်ချက်နိုင်ခဲ့သည်။ မေလအတွင်းက အမေရိကန်ပြည်ထောင်စု မင်နီဆိုးတာပြည်နယ်တွင် ကွယ်လွန်သည်။

### နိုက်တင်ဂေးလ်, အက်ဗလင်း (၉၀ နှစ်)

နာမည်ကျော်စာရေးဆရာကြီး အက်ဗလင်းဝေါင်း၏ ပထမဇနီး။ လွန်ခဲ့သောနှစ် ၇၀ ကာလက လွန်စွာထင်ပေါ်ခဲ့သော အမျိုးသမီးတစ်ဦးဖြစ်ခဲ့ပြီး အက်ဗလင်းဝေါင်း၏ ဝတ္ထုကြီးများတွင် စံပြအမျိုးသမီးအဖြစ် ထည့်သွင်းရေးဖွဲ့ခြင်းခံရသူ။ မတ်လအတွင်းက လန်ဒန်မြို့တွင် ကွယ်လွန်သည်။

**နစ်ဆင်, ရစ်ချတ် (၈၁ နှစ်)**

အမေရိကန်ပြည်ထောင်စု၏ ၃၇ ဦးမြောက် သမ္မတဖြစ်ခဲ့သော သမ္မတဟောင်း လေဖြတ်သည့်ဝေဒနာကြောင့် လေးရက်ကြာမေ့မြောပြီးနောက် ဧပြီလ ၂၂ ရက်နေ့တွင် ကွယ်လွန်သည်။

**ပူချီ (၈၇ နှစ်)**

တရုတ်နိုင်ငံ ပဒေသရာဇ်ခေတ်၏ နောက်ဆုံးဧကရာဇ်ဖြစ်သူ ပူယီ၏ညီတော်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပီကင်းမြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**ပေါလင်း, လင်းနပ်စ် (၉၃ နှစ်)**

နိုဗဲဆုနှစ်ကြိမ်ရ ဓာတုဗေဒပညာရှင်ကြီးနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပုဂ္ဂိုလ်ကြီး။ အသက် ၃၀ အရွယ်မျှတွင် ပင် သုတေသနစာတမ်းပေါင်း ၅၀ ရေးခဲ့၍ ဓာတုဗေဒပညာကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့သူ။ မော်လီကျူးများကို အတူတကွပေါင်းစည်းထားစေသော ဓာတုစည်းများ၏ သဘာဝကို စူးစမ်းတွေ့ရှိမှုကြောင့် ၁၉၅၄ ခုနှစ်တွင် ဓာတုဗေဒ နိုဗဲဆုကိုရခဲ့သည်။ သူ၏ လေ့လာတွေ့ရှိမှုသည် ဒီအင်အေမော်လီကျူးတည်ဆောက်ပုံကို သိရှိရန် လမ်းဖွင့်ပေးခဲ့သည်။ ထို့ပြင် နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုကို အစဉ်တစိုက်ဆန့်ကျင်ကန့်ကွက်ခဲ့သော ငြိမ်းချမ်းရေးဆောင်ရွက်သူ ပုဂ္ဂိုလ်ကြီးဖြစ်သောကြောင့် ၁၉၆၃ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဗဲဆုကို ရရှိခဲ့ပြန်သည်။ နိုဗဲဆုကိုပူးတွဲမဟုတ်ဘဲ တစ်ဦးတည်းနှစ်ကြိမ်ရသူအဖြစ် နိုဗဲဆုသမိုင်းတွင် သူတစ်ဦးတည်းသာရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဘစ်ဆားမြို့အနီး မွေးမြူရေးခြံကြီးရှိနေအိမ်တွင် ဩဂုတ်လ ၁၉ ရက်နေ့ ည ၇ နာရီ မိနစ် ၂၀ ၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**ပေါ်ပါ, ဆာကားလ် (၉၂ နှစ်)**

တင်ရှားသော တွေးခေါ်ပညာရှင်ကြီး။ မာ့က်စ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့အပေါ် ဝေဖန်မှုများကြောင့် ထင်ရှားခဲ့သူ။ ၁၉၃၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော "သိပ္ပံနည်းကျရှာဖွေတွေ့ရှိမှု၏ တက္ကဗေဒ" အမည်ရှိ ကျမ်းကြောင့် ကမ္ဘာသိဖြစ်ခဲ့သူ။ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် မွေးဖွားခဲ့သော်လည်း ၁၉၃၀ ပြည့်လွန်နှောင်းပိုင်းနှစ်များတွင် အင်္ဂလန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး လန်ဒန်စီးပွားရေးတက္ကသိုလ်တွင် အငြိမ်းစားယူချိန် ၁၉၆၉ ခုနှစ်အထိ ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့သည်။ စက်တင်ဘာလအတွင်းက ခရွိုင်ဒွန်မြို့တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**ဖရာလေ, အော်စကာ (၇၉ နှစ်)**

နာမည်ကျော် "The Untouchables" ဝတ္ထုကြီး အပါအဝင်စာအုပ်ပေါင်း ၃၀ ကျော်ရေးသားခဲ့သော စာရေးဆရာကြီး။ ယူပီအိုင် သတင်းဌာနတွင် ၂၅ နှစ်ကြာ အမှုထမ်းခဲ့ပြီးနောက် ၁၉၆၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့ သည်။ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဖလော်ရီဒါပြည်နယ်တွင် ကွယ်လွန်သည်။

**ဖယ်လီနီ, ဖက်ဒါရီကို (၇၃ နှစ်)**

ထင်ရှားသည့် အော်စကာဆုရ အီတလီလူမျိုး ရုပ်ရှင်ဒါရိုက်တာကြီး။ ဒါရိုက်တာမဖြစ်မီက မှုခင်းသတင်းထောက်၊ ရုပ်ပြောင်ဆရာ၊ ပြက်လုံးရေးဆရာ စသည့်ဘဝတို့တွင် ကျင်လည်ခဲ့ဖူးသည်။ ဒါရိုက်တာအဖြစ် ပထမဆုံးကမ္ဘာကျော်ခဲ့သည့် ဇာတ်ကားမှာ "La Strada" ဖြစ်ပြီး ၁၉၅၄ ခုနှစ်တွင် ရိုက်ကူးခဲ့သည်။ အခြားကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကား အများအပြားရိုက်ကူးခဲ့ပြီး ၁၉၉၃ ခုနှစ်၊ မတ်လတွင် အော်စကာဆုရရှိခဲ့သည်။ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းက လေဖြတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**ဘာလိမာ့ခ်, ရောဘတ် (၈၄ နှစ်)**

ဘရာဇီးနိုင်ငံသား ထင်ရှားကျော်ကြားသော ပတ်ဝန်းကျင် ဗိသုကာပညာရှင်။ ဇွန်လ ၄ ရက်နေ့တွင် ကွယ်လွန်သည်။

**ဘော်ဒွင် (၁)၊ မဲလဂျီယမ်ဘုရင် (၆၂ နှစ်)**

စပိန်နိုင်ငံတွင် အပန်းဖြေခရီးထွက်စဉ် နှလုံးရောဂါဖြင့် ၁၉၉၃ ခုနှစ်၊ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဘိုရော့ထရာ, ယန်း (၉၅ နှစ်)**

၁၉၂၀ ပြည့်လွန်နှစ်များနှင့် ၁၉၃၀ ပြည့်လွန်နှစ်များက ဝင်ဘယ်လ်ဒန်တင်းနစ်ချန်ပီယံဆုကို ခြောက်ကြိမ်ရခဲ့သော ပြင်သစ်လူမျိုး ကမ္ဘာ့ကျော်တင်းနစ်ကစားသမားကြီး။ ပြင်သစ်အသင်းကို ၁၉၂၇ မှ ၁၉၃၂ ခုနှစ်အထိ ဒေးဗစ်ဖလားချန်ပီယံဆုကို ခြောက်နှစ်ဆက်တိုက်ရအောင် စွမ်းဆောင်ပေးခဲ့သူ။ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဘိုးလ်, ပျဲ (၈၁ နှစ်)**

နာမည်ကျော် "ကွေ့မြစ်ပေါ်မှ တံတား" (၁၉၅၄) နှင့် "မျောက်ဝံတို့ဂြိုဟ်ကမ္ဘာ" အမည်ရှိ ဝတ္ထုကြီးများကို ရေးခဲ့သော ပြင်သစ်စာရေးဆရာကြီး။ ဖေဖော်ဝါရီလအတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကွယ်လွန်သည်။

**ဘစ်ချ်, မာစဲလ် (၇၉ နှစ်)**

၁၉၅၀ ပြည့်လွန်နှစ်များက နာမည်ကျော် ဘီအိုင်စီ ဖောင်တိန်, သင်ဝှန်းဓားနှင့် မီးခြစ်တို့ကို တီထွင်ခဲ့ပြီး ချမ်းသာကြွယ်ဝလာခဲ့သူ။ မေလ ၃၁ ရက်နေ့တွင် ပါရီမြို့၌ ကွယ်လွန်သည်။

**တန်ဒီ, ဂျက်ဆီကာ (၈၅ နှစ်)**

အသက် ၈၀ အရွယ်ကျမှ အကယ်ဒမီဆုရရှိခဲ့သော နာမည်ကျော်အမေရိကန် ရုပ်ရှင်မင်းသမီးကြီး။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကွန်နက်တီကပ်ပြည်နယ် အီစတန်မြို့၌ ကွယ်လွန်သည်။

**မာဆီနာ, ဂူလီယက်တာ (၇၃ နှစ်)**

ကွယ်လွန်သူ အီတလီရုပ်ရှင်ဒါရိုက်တာနှင့် ထုတ်လုပ်သူ ဖက်ဒါရီကိုဖယ်လီနီ၏ ဇနီး။ ၁၉၅၄ ခုနှစ် အော်စကာဆုရ ဖယ်လီနီ၏ အကျော်ကြားဆုံးရုပ်ရှင်ကား "La Strada" အပါအဝင် ခင်ပွန်းသည်၏ နာမည်ကျော်ရုပ်ရှင်ကားပေါင်းများစွာ၌ ထူးချွန်စွာ သရုပ်ဆောင်ခဲ့သောရုပ်ရှင်မင်းသမီးကြီး။ ၁၉၅၆ ခုနှစ် ကန်နက်စ်ရုပ်ရှင်ပွဲတော်တွင် "The Nights Of Cabiria" ရုပ်ရှင်ကားဖြင့် အကောင်းဆုံးမင်းသမီးဆုရခဲ့သူ။ အီတလီနိုင်ငံ ရောမမြို့တွင် မတ်လ ၂၃ ရက်နေ့က ကွယ်လွန်သည်။

**မာ့က်စ်, ရောဘတ်တိုဘာလီ (၈၄ နှစ်)**

ဘရာဇီးနိုင်ငံသား ကမ္ဘာကျော်ပန်းချီဆရာကြီး။ ရေမြေတောတောင်သဘာဝ ရှုမျှော်ခင်းပန်းချီတွင် လွန်စွာထင်ရှားသည်။ သူ၏ပန်းချီကား ၁၅၀၀ ကျော်သည် ကမ္ဘာတစ်ဝန်းရှိ ပန်းခြံနှင့်ဥယျာဉ်ကြီးများတွင် ရောက်ရှိနေသည်။ သူ၏ကိုယ်ပိုင် ရုက္ခဗေဒဥယျာဉ်တစ်ခုသည် ကမ္ဘာပေါ်တွင် အပင်မျိုးအစုံလင်ဆုံးသော ဥယျာဉ်များအနက် အပါအဝင်ဖြစ်သည်။ သူမကွယ်လွန်မီ ၁၉၈၅ ခုနှစ်က ထိုဥယျာဉ်ကြီးကို နိုင်ငံတော်သို့ လှူဒါန်းသွားခဲ့သည်။ ဇွန်လအတွင်းက ကွယ်လွန်ခဲ့သည်။

**မော်ဂန်, ဝီလီယံ (၈၈ နှစ်)**

ဤရာစုနှစ်၏ အထင်ရှားဆုံး သိပ္ပံပညာရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်သော ရူပဗေဒနှင့် နက္ခတ္တဗေဒပညာရှင်ကြီး။ ကြယ်များ၏ လင်းအားကို တိုင်းတာသော မော်ဂန်–ကီနန် စနစ်ကို ပူးတွဲတီထွင်ခဲ့သည်။ ယင်းတီထွင်မှုကို အခြေခံ၍ နဂါးငွေ့တန်း ကြယ်စုကြီး၏ ခရုပတ်ပုံဖွဲ့စည်းတည်နေမှုကို ရှာဖွေတွေ့ရှိခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် ကြေညာခဲ့သည်။ ယင်းသည်မော်ဂန်၏ အထင်ရှားဆုံး ရှာဖွေတွေ့ရှိချက်အဖြစ် ကမ္ဘာကျော်ခဲ့သည်။ ဇွန်လအတွင်းက အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ် ဝီလီယံဘေးမြို့တွင် ကွယ်လွန်သည်။

**မန်စီနီ, ဟင်နရီ (၇၀ နှစ်)**

ဂရမ်မီဆုနှင့် အော်စကာဆုရ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားတေးရေးဆရာကြီး။ အမေရိကန်ပြည်ထောင်စုတွင် ဇွန်လအတွင်းက ကွယ်လွန်သည်။

**မန်း, ဂိုလို (၈၅ နှစ်)**

ထင်ရှားသော ဂျာမန်လူမျိုးသမိုင်းပညာရှင်ကြီး။ စာရေးဆရာကြီး သောမတ်မန်း၏ နောက်ဆုံးကျန်ရစ်သောသား။ ၁၉၅၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် "၁၉ ရာစုနှင့် ၂၀ ရာစု ဂျာမနီသမိုင်း" သည် သမိုင်းပညာရှင်များနှင့် သုတေသီများ လေးစားအားထားရသောကျမ်းတစ်ဆူဖြစ်ခဲ့သည်။ ဧပြီလအတွင်းက ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**မွန်ဆယ်နီ, ဖယ်ဒရီကာ (၈၈ နှစ်)**

ဥရောပတိုက်တွင် ပထမဆုံးအမျိုးသမီးဝန်ကြီးဖြစ်ခဲ့သူ။ ၁၉၃၀ ပြည့်လွန်နှစ်များက စပိန်နိုင်ငံ၏ မင်းမဲ့ဝါဒီခေါင်းဆောင်များအနက် နောက်ဆုံးကျန်ရစ်သူ။ စပိန်ပြည်တွင်းစစ်ကာလ ၁၉၃၆–၃၉ ခုနှစ်အတွင်း ရီပတ်ဘလီကင်အစိုးရအဖွဲ့တွင် ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သူ။ ၁၉၃၉ ခုနှစ်တွင် ဖရန်ကို၏ အမျိုးသားရေးဝါဒီများ အာဏာရလာသောအခါ မိသားစုနှင့်အတူ ပြင်သစ်နိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့သည်။ ဇန်နဝါရီလအတွင်းက ပြင်သစ်နိုင်ငံ တူလူဆီမြို့တွင် ကွယ်လွန်သည်။

**ယာမာဒါ, အီတိုင် (၉၈ နှစ်)**

ယုံကြည်ကိုးကွယ်ခဲ့သူ အဖွဲ့ဝင် ၆၀၀,၀၀၀ ရှိသော ဂျပန်နိုင်ငံတန်ဒိုင်ဗုဒ္ဓဘာသာဂိုဏ်းကြီးကို ၁၉၇၄ ခုနှစ်မှစ၍ ဦးဆောင်ခဲ့သော ဂိုဏ်းချုပ်ဆရာတော်။ ဂျပန်နိုင်ငံ အော့စုမြို့တွင် ပျံလွန်သည်။

**ယန်း, တဲရင့်စ် (၇၉ နှစ်)**

၁၉၆၀ ပြည့်လွန်နှစ်များက နာမည်ကျော်ဂျိမ်းစ်ဘွန်း ရုပ်ရှင်ကားများအနက် ပထမဆုံးကား "Dr. No" ဒုတိယကား "From Russia with Love" နှင့် စတုတ္ထကား "Thunderball" တို့ကို ရိုက်ကူးခဲ့သော ရုပ်ရှင် ဒါရိုက်တာကြီး။ စက်တင်ဘာလ ၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ရီမက်ဖ်, အဟာရွန် (၇၄ နှစ်)**

အစ္စရေးလေတပ်မတော်ကို တည်ထောင်ခဲ့သူ။ ဆယ်ကျော်သက်အရွယ်ကပင်မြေအောက်ပြောက်ကျားလှုပ်ရှားမှုအဖွဲ့ဖြစ်သော ဟာဂါနာ (Haganah) အဖွဲ့တွင် ပါဝင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အတွင်း ဗြိတိသျှဘုရင့်လေတပ်မတော်တွင် အမှုထမ်းခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် အစ္စရေးလေတပ်မတော်၏ အကြီးအကဲတပ်မှူးဖြစ်လာ သည်။ အသက် ၂၉ နှစ်အရွယ်နှင့် လေတပ်ဗိုလ်ချုပ်ကြီး ဖြစ်ခဲ့သူ ရီမက်ဖ်သည် ၁၉၅၁ ခုနှစ်တွင် လေတပ်မတော်၏ ကွပ်ကဲမှုတည်ဆောက်ပုံနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများ ကိုအကြောင်းပြု၍ ရာထူးမှနုတ်ထွက်ခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ဗြိတိန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ် ကြီး၊ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အစ္စရေးဆိပ်ကမ်း အာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် စသည့် တာဝန်များ ထမ်းဆောင်ခဲ့သည်။ သံအမတ်ကြီးအဖြစ်ဆောင်ရွက်စဉ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂ ကို ရေးဆွဲရာ၌ ပါဝင်ကူညီခဲ့သည်။ ဧပြီလအတွင်းက ဂျရူးဆလမ်မြို့တွင် ကွယ်လွန်သည်။

**ရှူးလ်မန်း,ပေါလ် (၇၂ နှစ်)**

အမေရိကန် ရေတပ် အရာရှိ ဟောင်းတစ်ဦးဖြစ်ပြီးနောင်တွင် အစ္စရေးရေတပ်တွင် ပထမဆုံးတပ်မှူးဖြစ်လာခဲ့သူ။ မေလ ၁၆ ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ရှိုက်ဇာ, ပုံ–ပေါလ် (၈၁ နှစ်)**

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ကို ၁၉၆၃ မှ ၁၉၇၃ ခုနှစ်အထိ ဦးဆောင်ခဲ့သော ပြင်သစ်ဘဏ်လုပ်ငန်းရှင်ကြီး။ ထင်ရှားသောဆွေကြီးမျိုးကြီးမှ ပေါက်ဖွားလာခဲ့သည်။ သူ၏ဦးလေးတော်သူ အဲလ်ဘတ် ရှိုက်ဇာနှင့် အစ်ကိုနှစ်ဝမ်းကွဲတော်သူ ကမ္ဘာကျော်စာရေးဆရာကြီး ယန်းပေါလ်ဆတ်တိုသည် နိုဗဲဆုရပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။ အိုင်အမ်အက်ဖ်တွင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်အကြီးမားဆုံးတာဝန်ထမ်းဆောင်ရသော်လည်း နိဝါတတရားနှင့်ပြည့်စုံသူအဖြစ်ထင်ရှားသည်။ ဇန်နဝါရီလအတွင်းက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကွယ်လွန်သည်။

**လှိုင်း,မာနာ (၈၈ နှစ်)**

၁၉၃၀ ပြည့်နှောင်းပိုင်းနှစ်များအတွင်းကရုပ်ရှင်ဘုရင်မအဖြစ် ထင်ရှားခဲ့သော အမေရိကန်ရုပ်ရှင်မင်းသမီးကြီး။ အော်စကာဆုမရခဲ့ဖူးသော်လည်း ၁၉၉၁ ခုနှစ်တွင် ဂုဏ်ထူးဆောင်အကယ်ဒမီဆုချီးမြှင့်ခံခဲ့ရသည်။ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်သည်။

**ဝါနာ, မန်းဖရက် (၅၉ နှစ်)**

အဖွဲ့ဝင် ၁၆ နိုင်ငံပါဝင်သော နေတိုး(မြောက် အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့) ၏ အတွင်းရေးမှူးချုပ်။ စစ်အေးကာလကို အဆုံးသတ်စေရန်နှင့် တစ်ချိန်က ရန်သူဖြစ်ခဲ့သော ဝါဆောစစ်စာချုပ်အဖွဲ့ဝင်နိုင်ငံများနှင့်ဆက်ဆံရေး၊ ပူးပေါင်း ဆောင်ရွက်ရေးကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သူ။ ဘရပ်ဆဲလ်မြို့တွင် ဩဂုတ်လအတွင်းက ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**ဝဲလ်စ်, ဖရန့်ခ် (၆၂ နှစ်)**

ကမ္ဘာကျော်ဝေါ့ဒစ္စနေကုမ္ပဏီကြီး၏ဥက္ကဋ္ဌ၊ ဧပြီလအတွင်းက အားလပ်ရက်အပန်းဖြေခရီးထွက်စဉ် အမေရိကန်ပြည်ထောင်စု နီဗားဒါးပြည်နယ်အလယ်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ၍ ကွယ်လွန်သွားသည်။

**ဝိတ်ဒ်နာ, ဂျွန်ဟင်နရီ (၈၁ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်းက ဖက်စစ်နာဇီတော်လှန်မှုတွင် ပါဝင်ခဲ့သော ဒတ်ချ်လူမျိုးခေါင်းဆောင်တစ်ဦး။ ဂျူးလူမျိုးနှင့် မဟာမိတ်လေကြောင်းတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်ကို စပိန်နှင့်ဆွစ်ဇာလန်နိုင်ငံသို့ ခိုးထုတ်ကယ်ဆယ်နိုင်ခဲ့သည်။ ပြင်သစ်၊ ဗဲလဂျီယမ်၊ ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုတို့မှ ဆုတံဆိပ်များစွာချီးမြှင့်ခံရသည်။ သူ့ကိုခေါင်းဖြတ်ပေးနိုင်လျှင် ဖရန့်ငွေငါးသိန်းပေးမည်ဟု နာဇီဂက်စတာပိုအဖွဲ့က ဆုငွေအထုတ်ခံခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု လော့အိန်းဂျလိစ်မြို့တွင် ကွယ်လွန်သည်။

**ဝှိုက်ထ်, ဝီလီယမ်အက်စ် (၈၆ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်း ရပ်ဝေးသတင်းထောက်၊ နိုင်ငံရေးသတင်းထောက်၊ ကော်လံစားသတင်းစာဆရာနှင့် ပူလစ်ဇာဆုရ အတ္ထုပ္ပတ္တိရေးဆရာကြီး။ အေပီသတင်းဌာန၊ နယူးယော့ခ်တိုင်းမ်စ်သတင်းစာ၊ တိုင်းမ်စ်မဂ္ဂဇင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် "The Taft Story" အတ္ထုပ္ပတ္တိစာအုပ်ဖြင့် ပူလစ်ဇာဆုရရှိခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့ တွင် အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ်တွင် ကွယ်လွန်သည်။

**ဟာဆေး, ဂျွန် (၇၈ နှစ်)**

"ဟီရိုရှီးမား" အမည်ရှိ ကမ္ဘာကျော် သမိုင်းဖြစ်ရပ်မှန်စာအုပ်ကို ရေးခဲ့သည့် ထင်ရှားသော သတင်းစာဆရာနှင့် စာရေးဆရာကြီး။ နှစ်ပေါင်း ၅၀ အတွင်း စာအုပ်ပေါင်း ၂၃

အုပ်ရေးသားခဲ့သည့်အနက် ၁၉၄၄ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သော "A Bell for Adano"သည်သူ၏ပထမဆုံးပူလစ်ဇာဆုရဝတ္ထု ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ သည်။

**ဟော့ဂျ်ကင်း, ဒေါ်ရော့သီ (၈၄ နှစ်)**

၁၉၆၄ ခုနှစ်၊ နိုဗဲဆုရ အမျိုးသမီးဓာတုဗေဒပညာရှင်ကြီး။ ပင်နီစလင်၊ အင်ဆူလင်နှင့် ဗီတာမင်ဘီ(၁၂)တို့၏ မော်လီကျူးတည်ဆောက်ပုံ ပညာရပ်တွင် အထူးကျွမ်းကျင်သူ။ အရှေ့နှင့်အနောက်နိုင်ငံများမှ သိပ္ပံပညာရှင်များ စုဝေး၍ နျူကလီးယားလက်နက် ထိန်းချုပ်ရေးဆွေးနွေးပွဲများ ဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့သော ပတ်ဂ်ဝပ်ရှ် လှုပ်ရှားမှုအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ။ အင်္ဂလန်နိုင်ငံ ရှစ်စတန်အွန်စတိုးမြို့ရှိ သူမ၏နေအိမ်တွင် ကွယ်လွန်သည်။

**ဟိုစ်ထ်, ဂျိုဟန်ဂျော်ဂင် (၅၆ နှစ်)**

နော်ဝေနိုင်ငံခြားရေးဝန်ကြီး၊ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်ခဲ့သော အစ္စရေး–ပီအယ်လ်အိုငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှု ဖြစ်မြောက်စေရန် အဓိကအခန်းမှ ပါဝင်ခဲ့သူ။ အစ္စရေးဝန်ကြီးချုပ်ယစ်ဇက်ရာဘင်က "ဝေးနေသူများကို နီးအောင်ပြုလုပ်ခဲ့သူ" ဟုချီးကျူးခဲ့သူ။ ဆရာဝန်များ၏အဆိုအရ ငြိမ်းချမ်းရေးရရှိရန် မနားမနေအားသွန်ခွန်စိုက်ဆောင်ရွက်ရာမှ ပင်ပန်းမှုဒဏ်ပိ၍ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဆေးရုံတက်ခဲ့ရသည်။ ဒီဇင်ဘာလနှင့် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလတို့တွင် လေနှစ်ကြိမ်ဖြတ်ပြီး အော်စလိုမြို့ဆေးရုံတွင် ကွယ်လွန် သွားခဲ့ရသည်။

**ဟွန်နက်ကာ, အဲရစ် (၈၁ နှစ်)**

ဘာလင်တံတိုင်းတည်ဆောက်ရာတွင် ကြပ်မတ်ခဲ့ပြီး အရှေ့ဂျာမနီနိုင်ငံကို ၁၈နှစ်ကြာ တင်းကျပ်စွာအုပ်စိုးခဲ့သူ။ ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလတွင် ရာထူးဖယ်ရှားခံခဲ့ရပြီး တရားစွဲဆိုခံခဲ့ရသည်။ အသည်းကင်ဆာရောဂါကြောင့် ၁၉၉၃ ခုနှစ်၊ နှစ်ဦးပိုင်းက ချီလီနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မေလ ၂၉ ရက်နေ့တွင် ကွယ်လွန်သည်။

**အိုချောင်ဝါ, ဆီမီရို (၈၈ နှစ်)**

စပိန်နိုင်ငံဖွား နိုဗဲဆုရ ဇီဝဓာတုဗေဒပညာရှင်ကြီး။ နယူးယော့ခ် တက္ကသိုလ်ဓာတ်ခွဲခန်းတစ်ခုတွင် ရိုင်ဗိုနျူကလီယစ်အက်စစ်တု ပြုလုပ်ရန် ဘက်တီးရီးယားအင်ဇိုင်းတစ်မျိုးကို အသုံးပြုစမ်းသပ်ထုတ်ဖော်နိုင်ခဲ့သည့်အတွက် သူ၏တပည့်ဟောင်းတစ်ဦးဖြစ်သူ အာသာကောန်ဘာ့ဂ်နှင့်အတူ ပူးတွဲ၍ ၁၉၅၉ ခုနှစ် ဆေးပညာနိုဗဲဆုရရှိခဲ့သည်။ ၁၉၉၃ နိုဝင်ဘာလတွင် ကွယ်လွန်သည်။

**အိုဂါကော့စ်, နီကိုလိုင် (၇၆ နှစ်)**

ယခင်ဆိုဗီယက်ပြည်ထောင်စု၏ မာရှယ်ဗိုလ်ချုပ်ကြီးဟောင်း။ ၁၉၇၇ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ဆိုဗီယက်လက်နက်ကိုင်တပ်များ၏ သေနာပတိချုပ်အဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလက ကိုရီးယားလေကြောင်းမှ ခရီးစဉ်အမှတ် (၀၀၇) ခရီးသည်တင် လေယာဉ်ကြီးကို ရုရှားတိုက်လေယာဉ်တစ်စင်းက ပစ်ချခဲ့၍ လူ ၂၆၉ ဦးသေဆုံးခဲ့မှုတွင် ဆိုဗီယက်လေကြောင်းပိုင်နက်အတွင်းဝင်လာသော သူလျှိုလေယာဉ်ဟု ယူဆသောကြောင့် ပစ်ချခဲ့ရကြောင်း သဘောထားတင်းမာစွာ ရပ်တည်ခဲ့သူ။

**အိုနက်တိ, ဟွမ်ကာလိုစ် (၈၄ နှစ်)**

ဥရုဂွေးနိုင်ငံဖွား နာမည်ကျော် စာရေးဆရာကြီး။ ခေတ်သစ်တောင်အမေရိက ဝတ္ထုလောက၏ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးအဖြစ်ထင်ရှားသူ။ စပိန်နိုင်ငံ၊ မဒရစ်မြို့တွင် ဇွန်လအတွင်းက ကွယ်လွန်သည်။

**အက်ဘ်စ်, ဟာမန်ဂျိုးဆက်ဖ် (၉၂ နှစ်)**

ဂျာမနီနာဇီခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာကို ကူညီထောက်ခံခဲ့သူဟု စွပ်စွဲခံရပြီး ဒုတိယကမ္ဘာစစ်အပြီး အနောက်ဂျာမနီကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင်လည်း တစ်တပ်တစ်အားပါဝင်ခဲ့သည့် ဘဏ်လုပ်ငန်းရှင်ကြီး။ ဖေဖော်ဝါရီလအတွင်း ကွယ်လွန်သည်။

**အန်ဒါဆင်, လင်းဆေး (၇၁နှစ်)**

၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များက ဗြိတိသျှရုပ်ရှင်လောကကို တစ်ခေတ်ဆန်းစေခဲ့သော ရုပ်ရှင်ဒါရိုက်တာကြီး။ ၁၉၅၄ ခုနှစ်တွင် "Thursdays's Children" ရုပ်ရှင်ကားသည် အော်စကာဆုရခဲ့ပြီး "If......."(၁၉၆၈)ရုပ်ရှင်ကားသည်သူ၏အထင်ရှားဆုံးလက်ရာ ဖြစ်ခဲ့သည်။ စက်တင်ဘာလအတွင်းကပြင်သစ်နိုင်ငံတွင်ကွယ်လွန်သည်။

**ခင်ရွှေ၊ ဒေါ် (ဘီအေ၊ ဘီအီးဒီ)။** ။ဒေါ်ခင်ရွှေသည် နတ်တလင်းမြို့ သမဝါယမအရာရှိ ဦးမောင်လေးနှင့် ဒေါ်ဒေါ်ညွှန့်တို့မှ ၁၉၁၂ ခု၊ ဩဂုတ်လ ၂ ရက်နေ့၌ ဖွားမြင်ခဲ့သည်။ ဖခင်ဖြစ်သူ ဦးမောင်လေး တည်ထောင်ခဲ့သော နတ်တလင်းမြို့ အစိုးရမူလတန်းကျောင်း တွင် ၄ နှစ်အရွယ်ကစ၍ ပညာသင်ကြားခဲ့သည်။ ကျောင်း ဝင်နံပါတ်



ဒေါ်ခင်ရွှေ

မှာ ၂၁ ဖြစ်သည်။ ထိုကျောင်းသည် အလယ်တန်းကျောင်းအဖြစ်တိုးမြှင့်လာချိန်၌ ဒေါ်ခင်ရွှေသည် အစိုးရစစ်ခုနစ်တန်းကို ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။

ထို့နောက် ရေကျော်မက်သဒစ်ကျောင်းသို့ပြောင်းလာကာ ဆယ်တန်းစာမေးပွဲ၌ ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာ၊ ဂျီဩမေတြီဘာသာရပ်များ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည်။ ယူနိဘာစီတီမှ ဘီအေနှင့်ဘီအီးဒီဘွဲ့ကိုပါ ဆွတ်ခူးခဲ့သည်။ ဒေါ်ခင်ရွှေသည် ကျောင်းဘာသာရပ်များအပြင် ပရိယတ္တိစာမေးပွဲများကိုလည်း ငယ်စဉ်ကပင်ဝင်ရောက်ဖြေဆိုခဲ့ရာ သံခိပ်ပြိုင်ပွဲများ၌ ဆုစာအုပ်များချီးမြှင့်ခြင်းခံခဲ့ရသည်။ ကျောင်းကပွဲရန်ပုံငွေရှာပွဲများ၌လည်း တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့သည်။

အမျိုးသားဆရာဖြစ်သင်ကျောင်း၌ ကထိကအဖြစ်သင်ရိုးညွှန်းတမ်းသင်ကြားနည်းများနှင့် သင်္ချာဘာသာရပ်ကိုပို့ချခဲ့သည်။ ဆရာဖြစ်သင်ကောလိပ်တွင် ဂဏန်းသင်္ချာနည်းပြနှင့် ကထိကဖြစ်ခဲ့သည်။

စစ်မဖြစ်မီကပင် ရန်ကုန်မြို့ မြူနီစပယ်တွင် တွဲဖက်ပညာရေးအရာရှိမှ ပညာရေးအရာရှိအဖြစ်တိုးမြှင့်ခံခဲ့ရသည်။ စစ်ဖြစ်ခါနီး၌ (A.R.P) လေကြောင်းကာကွယ်ရေးအဖွဲ့ အမျိုးသမီးဌာနစိတ်၌ ဒေါ်မြစိန် အမ်အေက ဥက္ကဋ္ဌ၊ ဒေါ်ခင်ရွှေက အတွင်းရေးမှူးနှင့် ငွေထိန်းအဖြစ်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

စစ်အတွင်း၌ နတ်တလင်းမြို့ ရပ်ရွာ၏တာဝန်ပေးချက်အရ အလယ်တန်းကျောင်းကို အထက်တန်းအဖြစ်တိုးမြှင့်ကာ ဒေါ်ခင်ရွှေအား ကျောင်းအုပ်ကြီးအဖြစ်တာဝန်ပေးအပ်ခြင်းခံရသည်။ ဖဆပလအဖွဲ့ဝင်၊ အာရှလူငယ်အမျိုးသမီးဌာနမှူးအနေနှင့် ဂျပန်စာသင်ခြင်း၊ အာရှလူငယ်ရန်ပုံငွေရှာခြင်းများပြုလုပ်ခဲ့သည်။

စစ်ပြီးသည့်အခါ ၁၉၄၆ မှ ၁၉၅၄ အထိ မူလရာထူးကိုဆက်လက် လက်ခံပြီး လက်ထောက်ပညာရေးအရာရှိရာထူးကို ရခဲ့သည်။ ၁၉၅၄ မှ ၁၉၅၉ အထိ ပညာရေးအရာရှိ တိုးမြှင့်ခံရသည်။ ပညာရေးဘုတ်အဖွဲ့ကို ဖျက်သိမ်း၍ မြူနီစပယ်ကျောင်းများ၊ အစိုးရကျောင်းအဖြစ် ပြောင်းလဲသွားသည့်အခါ မြူနီစပယ်တွင်ကျန်ရစ်ပြီး ဒုအတွင်းရေးမှူးဟု အထူးခန့်ထားခြင်းခံရလေသည်။ ၁၉၅၉ မှ ၁၉၆၇ အထိ ဖြစ်သည်။

ဒေါ်ခင်ရွှေသည် လူမှုဝန်ထမ်းစိတ်ထက်သန်သော ပုဂ္ဂိုလ်ဖြစ်သည်။ ၁၉၃၆ ခုနှစ် မြို့မကျောင်း ရန်ပုံငွေအတွက် ဂျူဗလီဟောရုံတွင် ကပွဲများကျင်းပသည့်အခါ ဘွဲ့ရ အမျိုးသမီးကြီးများ ပါဝင်သရုပ်ဆောင်ကပြသော ပေဖူးလွှာအခန်း၌ ဒေါ်မမခင်က သတင်းစာအယ်ဒီတာအဖြစ်လည်းကောင်း၊ ဒေါ်ခင်ရွှေက ဆောင်းပါးရှင်အဖြစ်လည်းကောင်း၊ ဘိလပ်ပြန်သန်း ဒေါ်ရာသန်းအေးက လိုင်ထိပ်ခေါင်တင်အဖြစ်လည်းကောင်း၊ ဒါရိုက်တာဆရာခန့်၊ ရွှေပြည်အေးနှင့် ဆရာရွှေတိုင်ညွန့်တို့ စီစဉ်သော တေးသရုပ်ဖော်အခန်းများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ကောလိပ်ကျောင်းသူအနေနှင့်လည်း၊ ဗုဒ္ဓဘာသာအသင်း၊ နေ့ကျောင်းသူများအသင်း၊ တက္ကသိုလ်ဓမ္မာရုံ ရန်ပုံငွေရှာဖွေရေးများ၌ အားသွန်ခွန်စိုက်ပါဝင်လှုပ်ရှားခဲ့သည်။ ဆရာဖြစ်သင်ကောလိပ်၌ ယိမ်းများစီစဉ်ပေးခဲ့သည်။

၁၉၅၇ တွင် ငှက်ပြာကင်းထောက် အမျိုးသမီးငယ်လေးများ၏ ခေါင်းဆောင်အဖြစ်နှင့် လူငယ်လေးများကို စုစည်းလမ်းပြပေးခဲ့သည်။ ငှက်ပြာလေးများ၏ မင်းကြီးအမည်ကို ခံယူခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် နိုင်ငံတကာကင်းထောက်အမျိုးသမီးကွန်ဖရင့်ကျင်းပရာ နယူးဒေလီမြို့သို့ အခြားကိုယ်စားလှယ်လေးဦးနှင့်အတူ တက်ရောက်ခဲ့သည်။

၁၉၅၁ ခု ကစ၍ တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာကလျာဏယုဝတီအသင်းတွင် အတွင်းရေးမှူးတာဝန်ယူခဲ့သည်။ မင်္ဂလာတရားတော်စာမေးပွဲများတွင် မြူနီစပယ်ကျောင်းသားအများအပြား ဖြေဆိုအောင်မြင်ခဲ့သည်။ ဗုဒ္ဓဘာသာကလျာဏယုဝတီအသင်း၏ အဆောက်အအုံမှာ ဗိုလ်တထောင် အီဒင်လမ်း၌ တည်ရှိခဲ့သည်။ ဘာသာရေး၌ ငယ်စဉ်ကပင် ကိုင်းရှိုင်းခဲ့သူပီပီ ဆရာ ဆရာမများကို စုစည်း၍ မိမိကခေါင်းဆောင်ကာ ဗုဒ္ဓဂါယာသို့လည်း ရောက်ရှိခဲ့သည်။

ဒေါ်ခင်ရွှေကိုမြန်မာပီသသော ဆံထုံးကြီးနှင့် အမြဲမြင်တွေ့ရသည်။ သူ၏စိတ်သဘောထားကို သူ၏ဝတ်စားဆင်ယင်မှုမြင်ရုံနှင့် အတိမ်အနက် အကဲခတ်နိုင်ပါသည်။ စေတနာဝန်ထမ်းပါဝင်လှုပ်ရှားခဲ့သော အဖွဲ့အစည်းများမှာ နေရှင်နယ်ကောင်စီအမျိုးသမီးအဖွဲ့၊ တနင်္လာညနေအသင်း၊

အမျိုးသမီးစောင့်ရှောက်ရေးအသင်း၊ ယူနီဘာစီတီအမျိုးသမီးများအသင်းနှင့် အမျိုးသမီးကင်းထောက်အသင်းများဖြစ်သည်။

ခင်ပွန်းသည်မှာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးဦးတင်ထွင့်ဖြစ်၍နောင်တွင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။သားသမီးများမှာဒေါက်တာသိန်းထွင့်၊ဒေါက်တာကျော်ကျော်ထွင့်၊ ဗိုလ်ကြီးမျိုးမြင့်ထွင့်၊ ဒေါက်တာ အောင်မြတ်ထွင့်နှင့် ဒေါက်တာခင်နွဲ့ရည်ထွင့်တို့ဖြစ်သည်။ ၁၄နှတ်မောက်လမ်းတွင် ၆-၁၀-၉၄ နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့ရာ မြန်မာမှုကို လေးစားထိန်းသိမ်းခဲ့သောထူးချွန်သည့် ပညာရေးလောကမှ အမျိုးသမီးကြီးတစ်ဦးဆုံးရှုံးခဲ့ရသည်။

**ချက်သမ္မတနိုင်ငံ။** ။ချက်သမ္မတနိုင်ငံ၏နယ်မြေအကျယ်အဝန်းမှာ ၇၈,၈၆၄ စတုရန်း ကီလိုမီတာဖြစ်၍ လူဦးရေ ၁,၀၂,၉၉,၀၀၀ ရှိသည်။ မြို့တော်မှာ ပရာဟာဖြစ်၍ ရုံးသုံးဘာသာစကားအဖြစ် ချက်ဘာသာစကားကို ပြောကြားသည်။ ထို့ပြင် စလိုဗက်ဘာသာစကားကိုလည်း ပြောကြားမှုရှိသည်။ ပင်မ ကိုးကွယ်သည့်ဘာသာမှာ ခရစ်ယာန်ဘာသာဖြစ်သည်။ ကာကွယ်ရေးတပ်ဖွဲ့အင်အားမှာ ၉၀,၀၀၀ ရှိသည်။ လှည့်ပတ်သုံးစွဲနေသောငွေကြေးမှာ ကိုရူနာဖြစ်သည်။

ချက်နှင့် စလိုဗက်ဖက်ဒရယ်ပြည်ထောင်စုကြီးအား ဖျက်သိမ်းပြီးနောက် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သည့် ချက်သမ္မတနိုင်ငံဖြစ်လာခဲ့သည်။ ယင်းနေ့မှာပင် စတင်အာဏာသက်ရောက်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချက်သမ္မတနိုင်ငံအား တစ်ခုတည်းသောနိုင်ငံအဖြစ် သတ်မှတ်ပြဋ္ဌာန်းသည်။ ဥပဒေပြုအာဏာမှာ အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်တွင် တည်သည်။ လေးနှစ်တစ်ကြိမ်ရွေးချယ်တင်မြှောက်သည့် အောက်လွှတ်တော်တွင် အဖွဲ့ဝင် ၂၀၀ ဦးရှိ၍ ခြောက်နှစ်တစ်ကြိမ်ရွေးချယ်တင်မြှောက်သည့် အထက်လွှတ်တော်တွင် အဖွဲ့ဝင် ၈၁ ဦးရှိသည်။ ငါးနှစ်သက်တမ်းရှိသော သမ္မတရာထူးကိုအောက်လွှတ်တော်ကရွေးချယ်တင်မြှောက်သည်။ နိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်နှင့်ဝန်ကြီးအဖွဲ့က ကိုင်တွယ်ကျင့်သုံးပေသည်။

ချက်သမ္မတနိုင်ငံ၏ သမ္မတမှာဗက်ကလပ်ဟာဗဲဖြစ်၍ ဝန်ကြီးချုပ်မှာ ဗက်ကလပ်ကလောဖ့်ဖြစ်သည်။ ဗက်ကလပ်ဟာဗဲအား သမ္မတအဖြစ် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ချက်ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့သည်။

**နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ကော်မတီသစ်** – နိုင်ငံခြားရေးမူဝါဒများကို ညှိနှိုင်းရန်အတွက်အဖွဲ့ဝင် ၁၁ ဦးပါသော အတိုင်ပင်ခံကော်မတီတစ်ရပ်ကို ညွှန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်သည့် ပါတီများသဘောတူညီမှုရရှိပြီးနောက် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့တွင် သမ္မတဗက်ကလပ်ဟာဗဲနှင့် ဝန်ကြီးချုပ်တို့အပါအဝင်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ နိုင်ငံခြားရေးဒုတိယဝန်ကြီး နှစ်ဦး၊ ပြည်သူ့ကိုယ်စားလှယ်များအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌနှင့်ညွှန့်ပေါင်းပါတီများမှ ခေါင်းဆောင်များပါဝင်ကြသည်။

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပြင်ဆင်ချက်ပြဋ္ဌာန်းခြင်း** – သမ္မတဗက်ကလပ်ဟာဗဲသည်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပြင်ဆင်ချက်ကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်တွင် လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတော်အစိုးရနှင့် ပါလီမန်တို့အား ပြစ်မှုကျူးလွန်သူအဖြစ်သို့ ရောက်စေပြီး ဂုဏ်သိက္ခာကျဆင်းစေနိုင်လောက်သည့်ယင်းဥပဒေပါပြဋ္ဌာန်းချက်များကို ဗက်ကလပ်ဟာဗဲကိုယ်တိုင်ဝေဖန်ခဲ့ဖူးသော်ငြားလည်း ယခုသူကိုယ်တိုင် အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ ဟာဗဲက ယင်းပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၏ ပုဒ်မ ၁၀၂ နှင့် ၁၀၃ တို့ကို ပြန်လည်စဉ်းစားသုံးသပ်ရန် အစိုးရအဖွဲ့အားတောင်းဆိုထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ယင်းပုဒ်မများကို ပယ်ဖျက်သင့်ကြောင်းအကြံပြုသည်။ အတိုက်အခံပါတီများကလည်း ယင်းပုဒ်မများကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်တောင်းဆိုထားသည်။ အတိုက်အခံတို့၏ လှုပ်ရှားမှုများကို ကန့်သတ်ရန်ယင်းပုဒ်မများကို အသုံးပြုနိုင်သည်ဟု အတိုက်အခံပါတီများက ပြောကြားကြသည်။

**ချက်ရီပတ်ပလီကင် ပါတီနှင့်ဇာရင်နောဖ့်စကီး** – အစွန်းရောက် လက်ယာဂိုဏ်းဖြစ်သည့် ချက်ရီပတ်ပလီကင် ပါတီအနေဖြင့် ရုရှားနိုင်ငံမှ အမျိုးသားရေးဝါဒီ နိုင်ငံရေးသမားဖြစ်သည့် ဗလာဒီမာဇာရင်နောဖ့်စကီးအား ချက်သမ္မတနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားရေးအတွက် စီစဉ်လျက်ရှိကြောင်းကို ပါတီမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားခဲ့ရာ ဝေဖန်မှုများထွက်ပေါ်ခဲ့သည်။

ရီပတ်ပလီကင်ပါတီသည် ချက်ပါလီမန်တွင် နေရာ ၁၄ နေရာ ရရှိထားသည့် ပါတီဖြစ်ပြီး ချက်နှင့်စလိုဗက်ဖက်ဒရယ် ပြည်ထောင်စုကြီးမှ ချက်နိုင်ငံနှင့် စလိုဗက်နိုင်ငံ တစ်နိုင်ငံချင်း သီးခြားစီခွဲထွက်ရေးကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် ပါတီဖြစ်သည်။

ယင်းပါတီခေါင်းဆောင် မီရိဆလပ်ဆလာဒက်အား

လူနည်းစုမျိုးနွယ်များနှင့် အိမ်ခြေရာခြေမဲ့တို့အပေါ် ၎င်း၏ အမြင်နှင့် စပ်လျဉ်းပြီး နိုင်ငံရေးသမားများနှင့် သတင်းဝေဖန်သူများက လူမျိုးရေးဝါဒီတစ်ဦး၊ ဖက်ဆစ်ဝါဒီတစ်ဦး အဖြစ် ခေါ်ဝေါ်သမုတ်ကြသည်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်နေ့က ထုတ်ပြန်သော ရီပတ်ပလီကင်ပါတီ၏ ကြေညာချက်တစ်ရပ်တွင် ချက်နိုင်ငံသတင်းစာများသည် ဇာရင်နော့ဗ်စကီးအား ဝေဖန်တိုက်ခိုက်ရင်း၎င်းကို ပုံတူပြုကာ ရီပတ်ပလီကင်ပါတီခေါင်းဆောင် ဆလာဒက်ကိုလည်း ဝေဖန်တိုက်ခိုက်လျက်ရှိသည်ဟု ဖော်ပြခဲ့သည်။

ချက်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အစိုးရအနေဖြင့် ဇာရင်နော့ဗ်စကီး ချက်နိုင်ငံအတွင်းသို့ဝင်ရောက်လာမှုကို တားဆီးနိုင်မည်မဟုတ်ကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ရုရှားနိုင်ငံသားများအနေဖြင့် ချက်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် ပြည်ဝင်ခွင့်ဗီဇာမလိုအပ်ချေ။ ရုရှားနိုင်ငံ အစွန်းရောက်အမျိုးသားရေးဝါဒီ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဇာရင်နော့ဗ်စကီးက ချက်သမ္မတနိုင်ငံအနေဖြင့် အနာဂတ်မရှိကြောင်းနှင့် ဂျာမနီနိုင်ငံ၏ ဝါးမျိုခြင်းကို ခံရလိမ့်မည်ဖြစ်ကြောင်းဖြင့် ဝေဖန်ခဲ့သည်။ ၎င်းအား ဝေဖန်တိုက်ခိုက်ရေး၌ နှုတ်သီးကောင်းလျှာပါး ပုဂ္ဂိုလ်တစ်ဦးအဖြစ် အများကယူဆကြသည်။

**ဟာဗဲ၏ ပထမဆုံးအာရှခရီးစဉ်** – ချက်သမ္မတ ဗက်ကလပ်ဟာဗဲသည် ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက် (၉) နှင့် မိဖုရားသီရိခေတ်တို့၏ ဧည့်သည်အဖြစ် ထိုင်းနိုင်ငံသို့ လေးရက်ကြာသွားရောက်လည်ပတ်ခဲ့သည်။ ဤခရီးစဉ်မှာ ချက်သမ္မတ တစ်ဦးအနေဖြင့် ဟာဗဲ၏ ပထမဆုံးအာရှခရီးစဉ်ဖြစ်သည်။ ဟာဗဲခေါင်းဆောင်သည့်အဖွဲ့ဝင် ၂၅ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့တွင် ဟာဗဲ၏ဇနီးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ကုန်သွယ်ရေးဝန်ကြီး၊ စိုက်ပျိုးရေးဝန်ကြီးတို့ ပါဝင်ကြသည်။

သမ္မတဟာဗဲသည် ထိုင်းနိုင်ငံသို့ အသွားအိန္ဒိယနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ယခင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံအတွင်း ဒီမိုကရေစီဖြစ်ထွန်းရေးတွင် ၎င်းပါဝင်ဆောင်ရွက်ကြိုးပမ်းခဲ့မှုအတွက် ၁၉၉၃ အင်ဒီရာဂန္ဒီဆုကို လက်ခံရယူခဲ့သည်။

**ပုပ်ရဟန်းမင်းကြီး၏ တောင်းဆိုချက်** – သမ္မတ ဗက်ကလပ်ဟာဗဲသည် ၁၉၉၄ ခုနှစ်၊ မတ်လ ပထမပတ်ထဲတွင် ပထမဆုံးအလည်အပတ်ခရီးအဖြစ် ဗက်တီကင်မြို့တော်သို့ သွားရောက်ခဲ့ရာ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါနှင့် တွေ့ဆုံခဲ့သည်။ ပုပ်ရဟန်းမင်းကြီးက သမ္မတ ဟာဗဲအား တောင်းဆိုမှု တစ်ခုပြုခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် ကွန်မြူနစ်စနစ်လက်အောက်တွင် သိမ်းယူခဲ့သော ခရစ်ယာန်နှင့်ဂျူးတို့၏ ပစ္စည်းဥစ္စာများ ပြန်လည်ပေးအပ်ရေးကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးပါရန် ပုပ်ရဟန်းမင်းကြီးက တိုက်တွန်းခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ဘုရားသခင်မရှိဟု အယူအဆရှိသူ တိတ္ထိတို့က မတရားသဖြင့် သိမ်းယူခဲ့သော ဂျူးညီအစ်ကိုနောင်ရင်းများ၊ ခရစ်ယာန်ဂိုဏ်းများအပါအဝင် ကက်သလစ်ဘုရားကျောင်းမှပစ္စည်းများ ပြန်လည်ပေးရေးကိစ္စကို ၎င်းအနေဖြင့် အလေးအနက်ထားပြောကြားလိုသည်ဟု ဟာဗဲအား ပြောကြားခဲ့သည်။ ဆက်လက်ပြီး ပုပ်ရဟန်းမင်းကြီးက ပြိုလဲကျဆုံးသွားပြီဖြစ်သော ကွန်မြူနစ်နိုင်ငံများအနေဖြင့် ဘာသာတရား၏တန်ဖိုးကို မသိဘဲနေရာမပေးပါက လူမှုရေးအရှုပ်အထွေးပြဿနာများ ဖြစ်ပေါ်စေလိမ့်မည်ဟု ပြောကြားခဲ့သည်။

အခြားအရှေ့ဥရောပနိုင်ငံများနည်းတူ ချက်နိုင်ငံတွင်လည်းသိမ်းယူခဲ့သောပစ္စည်းများပြန်လည်ပေးအပ်ရေးမှာ ဖြေရှင်းရန် ရှုပ်ထွေးသည့်ကိစ္စတစ်ရပ် ပြဿနာတစ်ရပ်ဖြစ်နေသည်။ အကြောင်းမှာ ကွန်မြူနစ်တို့သိမ်းယူခဲ့သော မြေများနှင့် အဆောက်အအုံအများအပြားကို အခြားအသုံးအဆောင်အဖြစ်ပြောင်းလဲအသုံးချခဲ့သောကြောင့်ဖြစ်သည်။ သဘောထားအယူအဆကွဲလွဲသူ တစ်ဦးအနေဖြင့် ရှိခဲ့စဉ်က ဟာဗဲကိုယ်တိုင်ထိန်းသိမ်းထားခြင်းခံရသော ပရာဟာမြို့ရှိအကျဉ်းစခန်းမှာ ကွန်မြူနစ်တို့အာဏာရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တိုင်အောင် သီလရှင်ကျောင်း တစ်ကျောင်းဖြစ်ခဲ့သည်။ ယခုအခါဟိုတယ်တစ်ခုဖြစ်နေပြီ ဖြစ်သည်။

**အကြီးမားဆုံးဆန္ဒပြမှုတစ်ခု** – ၁၉၉၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ဆန္ဒပြသူ ၂၀,၀၀၀ ကျော်တို့က အလုပ်သမားနှင့် ပင်စင်ဥပဒေများတွင် ပြင်ဆင်ရန် အဆိုပြုချက်များကို ပရာဟာမြို့လယ်ခေါင်တွင် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။ ဤဆန္ဒပြမှုမှာ ၁၉၈၉ ခုနှစ်နှောင်းပိုင်း ကွန်မြူနစ်အုပ်ချုပ်မှု ပြိုလဲကျဆုံးပြီးနောက်ပိုင်း ချက်နိုင်ငံတွင်အကြီးမားဆုံးဆန္ဒပြပွဲ တစ်ခုဖြစ်သည်။

ဆန္ဒပြသူများက နိုင်ငံတော်လုပ်ငန်းများတွင် ကုန်သွယ်ရေးသမဂ္ဂများကို တားမြစ်ပိတ်ပင်ရန်၊ ကာလတိုကန်ထရိုက်စနစ်ဖြင့် အလုပ်သမားများငှားရမ်းအသုံးပြုရေးကို ခွင့်ပြုရန်နှင့် တရားဝင်အငြိမ်းစားယူသည့် သက်တမ်းတိုးမြှင့်ရန် အစိုးရ၏ အစီအစဉ်များကို ကန့်ကွက်ခဲ့ကြသည်။ ပါလီမန်အနေဖြင့် သမဂ္ဂများ၏ သဘောထားအမြင်များကို ပေါင်းစုလေ့လာပြီးနောက်မှသာ ဥပဒေကြမ်းများကို စဉ်းစား

ဆုံးဖြတ်ရန် တောင်းဆိုထားသည့် မေတ္တာရပ်ခံချက်ကိုလည်း ဆန္ဒပြသူများက ချမှတ်ခဲ့သည်။

အလုပ်သမားနှင့် ပင်စင်ဆိုင်ရာ ဥပဒေကြမ်းအရ အမျိုးသားများအတွက် အငြိမ်းစားယူသည့်အသက်ကို ၆၀ နှစ်မှ ၆၂ နှစ်အထိ တိုးမြှင့်ထားပြီး အမျိုးသမီးများအတွက် သားသမီးဦးရေပေါ်မူတည်၍ နောက်ထပ်လေးနှစ်အထိ တိုးမြှင့်ထားသည်။

ချက်နိုင်ငံ၏ လူနေမှုအဆင့်အတန်းမှာ အခြားသော အရှေ့ဥရောပနိုင်ငံများထက် ကောင်းမွန်မြင့်မားသည်ဟု ဆိုရပေမည်။ ၁၉၉၃ ခုနှစ်တွင် ချက်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၃ ဒသမ ၇ ရာခိုင်နှုန်းရှိ၍ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။

သို့ရာတွင် ချက်နိုင်ငံသားအများစုမှာ ယခင်ကွန်မြူနစ်စနစ်က လုပ်ဆောင်ပေးခဲ့သော လူမှုဖူလုံရေးခံစားခွင့်ကို ကျင့်သားရရှိခဲ့သည်ဖြစ်ရာ အစိုးရပိုင်လုပ်ငန်းကြီးများမှ အလုပ်သမားများသည် မိမိတို့၏ လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်သည့်အခါတွင် အလုပ်လက်မဲ့ဖြစ်ပွားမည့်အရေးကို စိုးရိမ်လျက်ရှိကြသည်။

**နယ်စပ်တစ်လျှောက် ပြည့်တန်ဆာလုပ်ငန်းနှင့် စွန့်ပစ်ခံကလေးမွေးဖွားမှု ကြီးထွားလာခြင်းပြဿနာ** – ဂျာမနီနှင့် ချက်နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်ဖြတ်သန်းရာဒေသများတွင် ပြည့်တန်ဆာလုပ်ငန်းရှိနေမှုကြောင့် စွန့်ပစ်ခံ ကလေးမွေးဖွားမှု ပြဿနာကြီးထွားလာခဲ့ရာ ချက်အာဏာပိုင်များ ခေါင်းခဲခဲ့ရသည်။ စွန့်ပစ်ခြင်းခံရသည့် ကလေးသူငယ် ၁,၇၀၀ ကျော်တို့အား ချက်နိုင်ငံကလေးသူငယ်ဂေဟာများတွင် စောင့်ရှောက်ထားကြရသည်။ ယင်းကလေးသူငယ်အများစုမှာ ချက်နိုင်ငံနယ်စပ်ဘက်တွင် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်းပြုသည့် နိုင်ငံခြားသူ မိခင်များမှ မွေးဖွားသူများဖြစ်ကြသည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်းတွင် ပါဝင်ခဲ့သည့်နိုင်ငံများမှ ရာပေါင်းများစွာသော အမျိုးသမီးများသည် ဂျာမနီနိုင်ငံမှ ရောက်ရှိလာကြသည့် ကမ္ဘာလှည့်ခရီးသည်များ အဝင်အထွက်ရှိရာ ချက်နိုင်ငံဘက်ရှိ နယ်စပ်ဒေသများသို့ လာရောက်ပြီး ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်တတ်ကြသည်။ ၁၉၉၃ ခုနှစ်တွင် ချက်နိုင်ငံသို့ နိုင်ငံခြားသား ၇၁ သန်းကျော် လာရောက်လည်ပတ်ခဲ့ရာ အများစုမှာ အနောက်ဥရောပမှ ဖြစ်သည်။

ပရာဟာနှင့် ဒရက်စ်ဒင်ဆက်သွယ်ထားရာ အဝေးပြေးလမ်းမကြီးကို အီး – ၅၅ ဟုအမည်ပေးထားသည်။ ယင်းအဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် လူမျိုးစုံပြည့်တန်ဆာများကို တွေ့ရှိရလေသည်။ ယင်းတို့သည် နယ်စပ်ဒေသမြို့တစ်မြို့ဖြစ်သည့် တက်ပ်လစ်အနီး ဒုဘီမြို့တွင် ကျက်စားလျက်ရှိရာ ယင်းနယ်စပ်မြို့မှာ ပြည့်တန်ဆာလုပ်ငန်းကြီးထွားရာ အချက်အချာဒေသတစ်ခုဖြစ်လာခဲ့သည်။

ဒေသဆိုင်ရာချက်အာဏာပိုင်များကပြည့်တန်ဆာလုပ်ငန်းကြောင့် ပေါ်ပေါက်လာခဲ့ရသည့် စွန့်ပစ်ခံကလေးသူငယ်များကို "အီး – ၅၅ ကလေးများ" ဟု ကင်ပွန်းတပ်မှည့်ခေါ်လိုက်သည်။ ယင်းကလေးသူငယ်အများစုမှာ စလိုဗက်ဇာတိဖြစ်ကြသည်။ စလိုဗက်ပြည့်တန်ဆာများသည် ချက်ကိုစလိုဗက်ကီးယားပြည်ထောင်စုကြီး ပြိုကွဲပြီး လွတ်လပ်သော ချက်နိုင်ငံနှင့်စလိုဗက်နိုင်ငံဟူ၍ အသီးသီးပေါ်ပေါက်လာကြပြီးနောက် အထက်ပါနယ်စပ်ဒေသသို့ ပြောင်းရွှေ့လာခဲ့ကြသည်။

ယခုအခါ စလိုဗက်မိခင်များမှ မွေးဖွားခဲ့သည့် စွန့်ပစ်ခံကလေးသူငယ်များကို စလိုဗက်လူမျိုးတို့ကသာ မွေးစားနိုင်ပေသည်။ သို့ဖြစ်လင့်ကစား ကလေးသူငယ်များမွေးစားရေးလျှောက်ထားရန် ချက်နိုင်ငံအပါအဝင် ဥရောပရှိ နိုင်ငံများမှ ကလေးမွေးစားလိုသူမိသားစုများ နယ်စပ်ဒေသ တက်ပ်လစ်မြို့သို့ စုရုံးရောက်ရှိခဲ့ကြသည်။

**ဂျူးလူမျိုးပိုင်ပစ္စည်းများ ပြန်လည်ပေးရေးဆိုင်ရာ ဥပဒေ** – နာဇီဂျာမန်ကျူးကျော်သူများနှင့် ယခင်ချက်ကိုစလိုဗက်ကီးယားနိုင်ငံ အုပ်စိုးသူကွန်မြူနစ်များက သိမ်းယူခဲ့သော ဂျူးလူမျိုးများပိုင် ပစ္စည်းများပြန်လည်ပေးရေးဆိုင်ရာ ဥပဒေကို ချက်ပါလီမန်က အတည်ပြုချမှတ်ခဲ့သည်။ လက်ရှိ တည်ဆဲဖြစ်သော ပြန်လည်ပေးရေး ဥပဒေများအရ ၁၉၈၉ ခုနှစ်တွင် ကွန်မြူနစ်အုပ်ချုပ်မှု ပြိုလဲကျဆုံးပြီးနောက် ချက်နိုင်ငံသား ထောင်ပေါင်းများစွာတို့သည် အသိမ်းခံပစ္စည်းများ ပြန်လည်ရရှိခဲ့ကြသည်။ သို့ရာတွင် အဆိုပါ ဥပဒေများအရ ၁၉၄၈ ခုနှစ်၊ နောက်ပိုင်းကာလသာ အကျုံးဝင်လေသည်။

ယခုပြဋ္ဌာန်းလိုက်သော ဥပဒေသစ်အရ ဂျူးလူမျိုးတို့၏ မြေနှင့်အဆောက်အအုံ ၂၀၂ ခုကို ပြန်လည်လွှဲပြောင်းပေးအပ်နိုင်မည်ဖြစ်သည်။ ယင်းတို့အနက် အများစုမှာ ဂျူးလူမျိုးတို့၏ ဘာသာရေးဆိုင်ရာ အဆောက်အအုံများဖြစ်ကြပြီး ယင်းပစ္စည်းများကို ဂျူးလူမျိုးအဖွဲ့အစည်းက ၁၉၃၉ ခုနှစ်တွင် ချက်ကို စလိုဗက်ကီးယားနိုင်ငံအား နာဇီ ဂျာမနီတို့ သိမ်းပိုက်ခြင်း မပြုမီကာလ ကတည်းကပင် ပိုင်ဆိုင်ခဲ့ကြသည်။ ယခု ဥပဒေသစ်သည် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် တရားဝင် အကျိုးသက်ရောက်မည်ဖြစ်သည်။ ချက်နိုင်ငံတွင် ဂျူးလူမျိုး ၃၀၀၀ နှင့် ၅၀၀၀ ကြားရှိမည်ဟု ခန့်မှန်းထားသည်။



စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် ဂိုချုပ်တောင်

**ဂိုချုပ်တောင်(ခရစ်၁၉၄၁ –)**။ ။မစ္စတာ ဂိုချုပ်တောင်ကို ၁၉၄၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့၌ မွေးဖွားခဲ့သည်။ စင်ကာပူနိုင်ငံ၌ သက်တမ်းအရင့်ဆုံးဖြစ်သော ဂက်ဖ်ဖဲလ် အထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့သည်။ စင်ကာပူ တက္ကသိုလ်တွင် စီးပွားရေးဘာသာရပ်များကို လေ့လာ ဆည်းပူးသည်။ ထိုစင်ကာပူတက္ကသိုလ်မှပင် ပထမတန်း ဂုဏ်ထူးဖြင့် ဘွဲ့ရရှိခဲ့သည်။

မစ္စတာဂိုချုပ်တောင်သည် ၁၉၆၄ ခုနှစ်၌ စင်ကာပူအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုလုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ စင်ကာပူအစိုးရ၏စီမံခန့်ခွဲမှုလုပ်ငန်းတွင် စီးပွားရေးစီမံကိန်းရေးဆွဲသည့် ဌာန၌ အမှုထမ်းခဲ့ပြီးနောက် နှစ်နှစ်ကြာသောအခါ အမေရိကန်ပြည်ထောင်စု ဝီလီယံကောလိပ်၌ ဖွံ့ဖြိုးမှုစီးပွားရေးဘာသာရပ်များကို ဘွဲ့လွန်ဆည်းပူးလေ့လာရန် အမေရိကန်ပြည်ထောင်စုသို့ ပညာတော်သင် စေလွှတ်ခြင်းခံရသည်။ မဟာဝိဇ္ဇာဘွဲ့ရပြီးနောက် ဂိုချုပ်တောင်သည် စင်ကာပူသို့ပြန်လာကာ ဘဏ္ဍာရေး ဝန်ကြီးဌာန၌ ဆက်လက်အမှုထမ်းဆောင်သည်။

၁၉၆၉ ခုနှစ်တွင် မစ္စတာဂိုချုပ်တောင်သည် စီမံကိန်းရေးဆွဲရေးနှင့် စီမံကိန်းလုပ်ငန်းမန်နေဂျာအဖြစ်ဖြင့် အမျိုးသားသင်္ဘောကုန်တင်မှုကုမ္ပဏီဖြစ်သော“နက်ပ်ကျွန်းအိုရီးယင့်” လိုင်းတွင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ရာထူးကို တိုးမြှင့်ခြင်းခံရသည်။ ထိုကုမ္ပဏီ၌ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် လေးနှစ်အမှုထမ်းခဲ့သည်။

မစ္စတာဂိုချုပ်တောင်သည် အစိုးရပိုင်အိမ်ရာများ၌ နေထိုင်သူများအတွက် သတ်မှတ်ပေးသည့် မဲဆန္ဒနယ်သစ်တစ်ခုဖြစ်သည်။ “မရိန်းပရိဒ်” မဲဆန္ဒနယ်မြေဆိုင်ရာ လွှတ်တော်အမတ်အဖြစ် ၁၉၇၆ ခုနှစ်တွင်အရွေးခံရသည်။ တစ်နှစ်မပြည့်မီ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ၌ ဂိုချုပ်တောင်သည် ဘဏ္ဍာရေးဝန်ကြီးဌာန တွဲဖက် ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၉၇၉ ခုနှစ်တွင် ဂိုချုပ်တောင်သည် ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဆိုင်ရာ ဝန်ကြီးဖြစ်လာ သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မစ္စတာဂိုချုပ်တောင်သည် ကျန်းမာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးအဖြစ်လည်းကောင်း တစ်ပြိုင်တည်းထမ်းဆောင်ခဲ့သည်။

၁၉၈၅ ခုနှစ်၌ ဂိုချုပ်တောင်သည် စင်ကာပူရှိနိုင်ငံရေးခေါင်းဆောင်များ၏ မျိုးဆက်သစ်ခေါင်းဆောင်ဖြစ်လာပြီး ပထမ ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ တစ်ပြိုင်တည်း၌ ဂိုချုပ်တောင်သည် ကာကွယ်ရေးဝန်ကြီးအဖြစ်လည်း ခန့်အပ်ထားခံရသည်။

၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၈ ရက်၌ မစ္စတာ ဂိုချုပ်တောင်သည် စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ (၁၉၉၁ စွယ်စုံနှစ်ချုပ် – စာ၊ ၂၂၅–၆။)

အာဏာရပြည်သူ့လှုပ်ရှားမှုပါတီတွင် ဂိုချုပ်တောင်သည် ၁၉၇၉ ခုနှစ်မှစ၍ ဗဟိုအမှုဆောင်ကော်မတီ၌ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဂိုချုပ်တောင်သည် လောလောဆယ်တွင် ပါတီ၏ပထမတွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

မစ္စတာဂိုချုပ်တောင်သည် ၁၉၇၇ ခုနှစ်တွင် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်ဖြစ်ခဲ့သည်။ ထိုစဉ်အခါက ဂိုချုပ်တောင်သည် စင်ကာပူလေဘာဖောင်ဒေးရှင်းတွင် ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်း၌ ၁၉၈၁ ခုနှစ်တွင် ဥက္ကဋ္ဌဖြစ်လာသည်။ ထို့အပြင် ဂိုချုပ်တောင်သည် ညွှန်ကြားရေးမှူးများဘုတ်အဖွဲ့ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ဂိုချုပ်တောင်သည် စင်္ကာပူဘဏ္ဍာထိန်းဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ်နှင့် စက်မှုအလုပ်သမားများအဖွဲ့ ဘက်စုံသမဝါယမအသင်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် မစ္စတာ ဂိုချုပ်တောင်အား နိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ကွန်ဂရက်က ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ခဲ့သည်။

မစ္စတာဂိုချုပ်တောင်သည် ရှေ့နေတန်ချူလင်းနှင့် လက်ထပ်ခဲ့သည်။ မစ္စတာဂိုချုပ်တောင်နှင့်ဇနီးတို့တွင် သားသမီးနှစ်ဦး ထွန်းကားခဲ့ရာ သားယောကျ်ားလေးနှင့်သမီး မိန်းကလေးအမြွှာမောင်နှမဖြစ်သည်။ မစ္စတာဂိုချုပ်တောင် သည် အပန်းဖြေအနားယူရာတွင် ဂေါက်ရိုက်ခြင်းနှင့် တင်းနစ်ကစားခြင်းတို့ကို နှစ်သက်သည်။

**ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၄)။** ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ထွန်းကားပြန့်ပွားရေးအတွက်ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိ ဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး နှင့် တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများ၊ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူ့ရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များနှင့် ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်များဆပ်ကပ်လှူဒါန်းခြင်း နှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ဆပ်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်း ပြုသည် နှင့်အညီ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆပ်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်ဆရာကြီးများ ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များ၏ ဘွဲ့အမည်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့်ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏အမည်စာရင်းများ၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်နှင့် ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနှစ်ပတ်လည်အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် (၁/၉၄) အရ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၉ ပါးနှင့် စင်ကာပူနိုင်ငံမှ တစ်ပါး စုစုပေါင်း အပါး ၂၀၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၆ ပါးနှင့် သီလရှင်ဆရာကြီးငါးပါးစုစုပေါင်း ၂၁ ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၂၄ ပါး၊ အိန္ဒိယနိုင်ငံမှ တစ်ပါး၊ သီလရှင်ဆရာကြီး နှစ်ပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦး စုစုပေါင်း ၂၉ ပါး၊ စူဠဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ကိုးပါးနှင့် သီလရှင်ဆရာကြီး နှစ်ပါး စုစုပေါင်း ၁၁ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ကိုးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ငါးပါး၊ စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး နှစ်ပါး၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးငါးပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၂ ပါးနှင့် အိန္ဒိယနိုင်ငံမှနှစ်ပါး စုစုပေါင်း ၁၄ ပါး၊ မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ခုနစ်ပါး၊ သီလရှင် တစ်ပါးနှင့် လူပုဂ္ဂိုလ် သုံးဦး စုစုပေါင်း ၁၁ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၁ ပါးနှင့် လူပုဂ္ဂိုလ်

နှစ်ဦး စုစုပေါင်း ၁၃ ပါး၊ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် နှစ်ဦး၊ သုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်း ခံရသော လူပုဂ္ဂိုလ် နှစ်ဦး၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ် တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး စုစုပေါင်း ဦးရေ ၁၅၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၉၄) အရဂုဏ်ထူးဆောင် ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် သူရဘွဲ့ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ် လေးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်ခံ ရသော ပုဂ္ဂိုလ်ခြောက်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသောပုဂ္ဂိုလ်ခုနစ်ဦး၊ စိမ်ထူးချွန် တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခြောက်ဦး၊ စိမ် ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်ခံရသောပုဂ္ဂိုလ်လေးဦး၊ စိမ်ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၄၁ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ရှစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်ခံ ရသော ပုဂ္ဂိုလ်ခြောက်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၅၉ ဦး၊ ရဲသူရိန်တံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ ရဲကျော်စွာတံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ် တစ်ဦး၊ ရဲကျော်သူတံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၀ ဦး စုစုပေါင်း ၁၅၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ်(၃/၉၄) အရ စစ်မှုထမ်း ကောင်း တံဆိပ်ချီးမြှင့်ခြင်း ခံရသူများတွင် အငြိမ်းစား စစ်မှုထမ်း ၁၇၄ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲစစ်မှုထမ်း ၃,၈၆၄ ဦး စုစုပေါင်း ၄,၀၃၈ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၄/၉၄) အရ ပြည်သူ့ ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်းခံရသူများတွင်အငြိမ်းစား ဝန်ထမ်း ၉၈၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်း ၈,၅၄၈ ဦး စုစုပေါင်း ၉,၅၃၃ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၅/၉၄) အရ ရဲမှုထမ်း ကောင်း တံဆိပ်ချီးမြှင့်ခြင်းခံရသူများတွင်အငြိမ်းစားရဲမှုထမ်း ၂၉ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ရဲမှုထမ်း ၂၄၃ ဦး စုစုပေါင်း ၂၇၂ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၆/၉၄) အရ နိုင်ငံတော် ရဲမှုထမ်း တံဆိပ်ချီးမြှင့်ခြင်းခံရသူများတွင် အငြိမ်းစား ရဲမှုထမ်း ခုနစ်ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ရဲမှုထမ်း ၃၈၃ ဦး စုစုပေါင်း ဦးရေ ၃၉၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၇/၉၄) အရ ပြည်သူ့ ဝန်ထမ်းတံဆိပ်ချီးမြှင့်ခြင်းခံရသူများတွင်အငြိမ်းစားဝန်ထမ်း ၁,၀၀၈ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်း ၂၉,၅၅၀ ဦး စုစုပေါင်း ၃၀,၅၅၈ ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ်ချီးမြှင့်ခြင်းခံရသူများတွင် အငြိမ်းစားဝန်ထမ်း ၁,၂၅၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၄၃,၄၁၉ ဦး စုစုပေါင်း ၄၄,၆၇၀ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၈/၉၄) အရပြည်သူ့ရဲပူးတွဲ တိုက်ပွဲဝင်တံဆိပ် ချီးမြှင့်ခြင်းခံရသူများတွင် အငြိမ်းစား ၁၃ ဦး နှင့် တာဝန်ထမ်းဆောင်ဆဲ ၂,၄၇၉ ဦး စုစုပေါင်း ၂,၄၉၂ ဦး ပါဝင်သည်။

ထို့ပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကနိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့ကြ သော စစ်မှုထမ်း ၁၀ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်၏ သူရဲကောင်းလက်မှတ်နှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် ပေးအပ်သော တာဝန်များကို ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၂၃ ဦးအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

**ဂတ် (အကောက်ခွန်နှင့်ကုန်သွယ်ရေးဆိုင်ရာအထွေထွေ သဘောတူညီမှုစာချုပ်အဖွဲ့)။** ။ ကမ္ဘာ့နိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားကုန်သွယ်ရေးတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အကျိုးထိခိုက်စေခြင်းအားဖြင့်ဖြစ်စေ၊ ဆက်စပ်ပေါင်းစည်း အကျိုးပြုကြ၍ဖြစ်စေ၊ ကမ္ဘာ့ အခြေအနေများကို ပြုပြင်ပြောင်းလဲနိုင်ကြသည်ဖြစ်ရာ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် နောက်တွင်စစ်မက် အနိဋ္ဌာရုံများကင်းရှင်း၍ ကမ္ဘာ့အခြေအနေတည်တံ့ ခိုင်မြဲရေးအတွက် နိုင်ငံရေးဘက်တွင် အစီအစဉ်များပြု လုပ်ခဲ့ကြသည့်နည်းတူ စီးပွားကုန်သွယ်ရေးမျက်နှာစာ တွင်လည်း လျော်ကန်သင့်မြတ်သော စီမံဖန်တီးမှုများကို ပြုလုပ်ခဲ့ကြသည်။

၁၉၃၀ ပြည့်နှစ်များကာလအတွင်းဝယ် အများဆုံးအား ဖြင့်ကုန်သွယ်ရေး ချုပ်ချယ်ကန့်သတ်မှုများကြောင့် ကမ္ဘာ့ စီးပွားရေးမှာ ကျဆင်းခဲ့ရ၏။ စီးပွားရေးပြဿနာများကို ဖြေရှင်းရန် စစ်ပြီးကာလစီမံကိန်းများအရ "အပြည်ပြည် ဆိုင်ရာကုန်သွယ်ရေးအဖွဲ့" (အိုင်တီအို) အား အထူးသီးခြား

အဖွဲ့တစ်ရပ်အဖြစ် ကုန်သွယ်ရေးစာချုပ်ကန့်သတ်မှုများကို အပြည်ပြည်ဆိုင်ရာထိန်းချုပ်မှုဖြင့် ထိန်းချုပ်စေ၍ ကမ္ဘာ့ကုန်သွယ်ရေးတိုးချဲ့မှုကို အကူအညီပေးစေပြီး လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာအောင် အထောက်အကူပြုစေခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အိုင်တီအိုအတွက် ပဋိညာဉ်စာတမ်းမူကြမ်း (ဟာဗားနားပဋိညာဉ်စာတမ်း) ကို အပြီးသတ်ရေးဆွဲခဲ့သော်လည်း လိုအပ်သောအတည်ပြုမှုများ ရရှိလိမ့်မည်မဟုတ်ဟူ၍ သိသာထင်ရှားလာသောအခါ ယင်းပဋိညာဉ်စာတမ်းကို ဘေးဖယ်ထားလိုက်ရသည်။ ထို့နောက်တွင်ကား ဂတ် (GATT) ခေါ် အကောက်ခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အထွေထွေသဘောတူညီမှု စာချုပ်အဖွဲ့သည်သာလျှင် ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြသည့် နိုင်ငံများက လက်ခံသောကုန်သွယ်ရေးစည်းမျဉ်းဥပဒေများကို ချမှတ်ပေးသည့် တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာ တရားဝင်စာချုပ်အဖွဲ့အဖြစ်ရပ်တည်လျက်ရှိခဲ့ပေသည်။

ဂတ်အဖွဲ့၏ အပြီးသတ်သဘောတူစာချုပ် (Final Act) ကို ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂမျက်နှာစုံညီအစည်းအဝေး၏ ပြင်ဆင်ရေးကော်မတီ၏ နောက်ဆုံးအစည်းအဝေးအပြီးတွင် အတည်ပြုကာ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် နိုင်ငံပေါင်း ၂၃ နိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ဂတ်အဖွဲ့အား ယင်းသို့မူလတည်ထောင်ခဲ့ကြသော နိုင်ငံများတွင် မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။ ဂတ်စာချုပ်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့မှစ၍ အတည်ဖြစ်လာခဲ့သည်။

**ဂတ်အဖွဲ့ဝင်နိုင်ငံများဦးရေတိုးလာခြင်း** – ဂတ်အဖွဲ့ကို မူလအစတွင် ၂၃ နိုင်ငံဖြင့်သာ ဖွဲ့စည်းခဲ့သော်လည်း ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်နေ့တွင် မာလီနိုင်ငံပါဝင်လာသောအခါ အဖွဲ့ဝင်ဦးရေသည် ၁၀၅ နိုင်ငံရှိနေပြီဖြစ်ပြီး အောက်တိုဘာတွင် ၁၁၁ နိုင်ငံသို့ တိုးပွားလာခဲ့သည်။ ထိုနောက် ၁၉၉၄ ခုနှစ် ဇန်နဝါရီလတွင် ပါရာဂွေးနိုင်ငံပါဝင်လာသောအခါ ၁၁၅ နိုင်ငံဖြစ်လာပြီး မတ်လတွင် ယူအေအီးနိုင်ငံ၊ ဂင်နီဘီဆော နိုင်ငံနှင့် စိန့်ကစ္စအင်နေဗစ္စနိုင်ငံတို့ ပါဝင်လာသောအခါ အဖွဲ့ဝင်ဦးရေသည် ၁၁၉ နိုင်ငံသို့ တိုးပွားလာခဲ့သည်။ ထိုနောက် တစ်ဖန် ၁၉၉၄ ခုနှစ်၊ မတ်လတွင် လိ(ချ်)တင်စတိန်နိုင်ငံနှင့် ဧပြီလတွင် ကာတာ၊ အင်ဂိုလာနှင့် ဟွန်ဒူရပ်(စ်)နိုင်ငံတို့ ပါဝင်လာခဲ့ရာ စုစုပေါင်းအဖွဲ့ဝင်ဦးရေ မှာ ၁၂၃ နိုင်ငံဖြစ်လာ ခဲ့သည်။

လက်ရှိတရုတ်ပြည်သူ့သမ္မတနိုင်ငံက ဂတ်အဖွဲ့သို့ ပြန်လည်ဝင်ရောက်ရန် ၁၉၈၆ ခုနှစ်တွင် လျှောက်ထားခဲ့သည်။ တရုတ်ပြည်သည် ဂတ်အဖွဲ့ကို မူလတည်ထောင်ခဲ့သော သန္ဓေနိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော်လည်း ၁၉၄၉ ခုနှစ်တွင် ကွန်မြူနစ်တို့အာဏာရ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုတည်ထောင်သောအခါ တရုတ်ပြည်သည် ၁၉၅၀ ပြည့်နှစ်တွင် ဂတ်အဖွဲ့မှ နုတ်ထွက်ခဲ့သည်။ ဂတ်အဖွဲ့တွင် တရုတ်ပြည်ပြန်လည်ပါဝင်ရေးကို ၁၉၉၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျီနီဗာမြို့၌ စေ့စပ်ဆွေးနွေးခဲ့ကြရာ ဂတ်အဖွဲ့ဝင်တစ်စုက အင်တိုက်အားတိုက်ထောက်ခံခဲ့ကြသည်။ ဂတ်အဖွဲ့သို့ တရုတ်ပြည်ပြန်လည်ဝင်ရောက်ရေးကို အမေရိကန်က ပိတ်ဆို့လျက်ရှိကြောင်း တရုတ်ပြည်က ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် စွပ်စွဲပြောဆိုလိုက်သည်။ တရုတ်ပြည်သည် ဂတ်အဖွဲ့သို့ပြန်ဝင်ရန် ၁၉၈၆ ခုနှစ်တွင် လျှောက်ထားခဲ့ပြီးနောက် ပြုပြင်ပြောင်းလဲမှုများစွာကို ပြုလုပ်ပြီး ကြီးမားသော စွန့်စားလုပ်ဆောင်မှုများကို ပြုလုပ်ခဲ့ ကြောင်း၊ ယခုကဲ့သို့ ပိတ်ဆို့တားဆီးနေလျှင် တရုတ်ပြည်က ရှစ်နှစ်အတွင်း ပေးခဲ့သော ကတိကဝတ်များကို လေးစားလိုက်နာနိုင်တော့မည် မဟုတ်ကြောင်းထုတ်ဖော်ပြောကြား ခဲ့သည်။

**ဂတ်အဖွဲ့၏ရည်ရွယ်ချက် / ဦးတည်ချက်များ**– ဂတ်စာ ချုပ်ကို ထိုစဉ်က ဟာဗားနားပဋိညာဉ်စာတမ်းကို ဆွေးနွေးစေ့စပ်ခဲ့ကြသည့် အစိုးရများကပင် ကမကထပြုခဲ့ပြီး ယင်းပဋိညာဉ်စာတမ်း၏ စည်းကမ်းချက်များပေါ်တွင် အများဆုံးအခြေခံထားခဲ့ကြသည်။ ဂတ်အဖွဲ့၏ အခြေခံရည်ရွယ်ချက်မှာ ကမ္ဘာ့ကုန်သွယ်ရေးကို လွတ်လပ်စွာပြုလုပ်နိုင်ရေးအတွက် ဖန်တီးပေးရန်နှင့် လုံလုံခိုင်မာသော အခြေခံပေါ်တွင် တည်ထားရန်ဖြစ်သည်။ ဤသို့ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့သူကမ္ဘာ့သားများ သာယာဝပြောလာစေရန် ရည်မှန်းသည်။

အထက်ပါရည်ရွယ်ချက်နှင့် ဦးတည်ချက်များ အကောင်အထည်ပေါ်စေရန်အလို့ငှာ ဂတ်အဖွဲ့က အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအတွက် ကျင့်ထုံးဥပဒေ တစ်ရပ်ကို ချမှတ်ပေးခဲ့သည်။ အခြေခံမူများမှာ–

(က) ကုန်သွယ်မှုကို အဆင့်အတန်း မခွဲခြားသည့် အခြေခံဖြင့် ကျင့်သုံးလုပ်ဆောင်ရန် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် သွင်းကုန်ပို့ကုန်များအပေါ်တွင် အကောက်အခွန်များကောက်ခံရာ၌ နိုင်ငံတစ်နိုင်ငံအား အထူးအခွင့်အရေးပေးသည်နှင့်အမျှ စာချုပ်ဝင်နိုင်ငံများအချင်းချင်းကိုလည်း ယင်းသို့ အပြန်အလှန်ပေးကြရန် စာချုပ်ဝင်နိုင်ငံအားလုံး၌ တာဝန်ရှိသည်။ ("အခွင့်ထူးခံနိုင်ငံ" စာပိုဒ်)

(ခ) ပြည်တွင်းစက်မှုလုပ်ငန်းကို အရေးအတွက်အရ ချုပ်ချယ်ကန့်သတ်ခြင်း၊ သို့မဟုတ်အခြားတစ်ပါးသော နည်းများဖြင့် ချုပ်ချယ်ကန့်သတ်ခြင်းမဟုတ်မှု၍အကောက်ခွန်နှုန်းဖြင့်သာ ကာကွယ်စောင့်ရှောက်ခြင်းပြုရန်၊

(ဂ) စာချုပ်ဝင် နိုင်ငံများစပ်ကြား ဆွေးနွေးစေ့စပ်ခဲ့ကြသော အကောက်ခွန်နှုန်းများကိုကြပ်မတ်ထိန်းချုပ် ခြင်းဖြင့်ကုန်သွယ်ရေးအတွက် တည်ငြိမ်၍ခန့်မှန်းနိုင်သောအခြေခံတစ်ရပ် ထားရှိပေးရန်၊

(ဃ) စာချုပ်ဝင်နိုင်ငံများ၏ ကုန်သွယ်မှု အကျိုးစီးပွားများထိခိုက်ပျက်စီးခြင်းကို ရှောင်ရှားနိုင်ရန် အလို့ငှာ အဖွဲ့ဝင်နိုင်ငံများအချင်းချင်းတိုင်ပင်ဆွေးနွေးကြရန်၊

(င) ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်သွယ်ရေးပြဿနာများကို အထူးဂရုပြုကြရန်၊

(စ) အကောက်အခွန်နှင့်ကုန်သွယ်ရေးဆိုင်ရာ အခြားတားဆီး ပိတ်ပင်မှုများကို လျှော့ချရန် ဆွေးနွေးစေ့စပ်မှုများ ပြုလုပ်ရေးအတွက် စိမ်ချက်ဘောင်ခွင်တစ်ခုအပြင် ယင်းသို့ ဆွေးနွေးစေ့စပ်မှုဖြင့် ရရှိသော ရလဒ်များကို ဥပဒေစာချုပ် စာတမ်းတစ်ရပ်အဖြစ် စုပေါင်းဖွဲ့စည်းရေးအတွက် အဖွဲ့အစည်းတစ်ရပ်ကို စီမံဖန်တီးပေးရန်–

တို့ဖြစ်ပေသည်။

**အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဗဟိုဌာန**–ဂတ်အဖွဲ့ကြီး၏ရည်ရွယ်ချက်နှင့် ဦးတည်ချက်များကို ဖော်ဆောင်ရာ၌ အထောက်အကူဖြစ်စေရန် ဂတ်အဖွဲ့ကြီးက ၁၉၆၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဗဟိုဌာန(အိုင်တီစီ)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ယင်းဗဟိုဌာနကို ဂတ်အဖွဲ့နှင့် ကုလသမဂ္ဂတို့က ပူးတွဲလုပ်ဆောင်ခဲ့သည် (ကုလသမဂ္ဂအနေဖြင့် ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုကွန်ဖရင့်– အန်ခ်တက် မှတစ်ဆင့်လုပ်ဆောင်သည်)။ ဤဌာနသည် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်များရေးဆွဲဖော်ဆောင်ရာ၌ ကူညီပံ့ပိုးသည့်အပြင် ပြည်ပပို့ကုန်ဈေးကွက်များနှင့် ပတ်သက်၍လည်းကောင်း၊ ကုန်ရောင်းချမှုနည်းလမ်းများနှင့် ပတ်သက်၍လည်းကောင်း သတင်းအချက်အလက်နှင့် အကြံဉာဏ်များပေးသည်။ ထို့မှတစ်ပါး ပြည်ပပို့ကုန် မြှင့်တင်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ ကုန်တင်ပို့ဖြန့်ချိရောင်းချရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွဲ့စည်းတည်ထောင်မှုများနှင့် ပတ်သက်၍လည်းကောင်း ကူညီ၍အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများအား လေ့ကျင့်သင်ကြားပေးမှုများကို ပြုလုပ်ဆောင်ရွက်သည်။ ၁၉၈၄ ခုနှစ်တွင် အိုင်တီစီသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (ယူအင်ဒီပီ) ၏ အမှုဆောင်ကိုယ်စားလှယ် (အေဂျင်စီ) ဖြစ်လာခဲ့သည်။ ယင်းအေဂျင်စီအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်၍ ယူအင်ဒီပီမှ ငွေကြေးထောက်ပံ့သည့် စီမံချက်များဖော်ဆောင်လုပ်ကိုင်ခြင်းတို့ကို တိုက်ရိုက်တာဝန်ယူလုပ်ဆောင်ရပေသည်။

**ဂတ်အဖွဲ့၏ စီမံခန့်ခွဲရေးနှင့်လုပ်ငန်းအဖွဲ့အစည်းများ**–ဂတ်အဖွဲ့ကြီး၏လုပ်ငန်းတာဝန်များကို စီမံဆောင်ရွက်ရန်အတွက် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် စာချုပ်ဝင်နိုင်ငံများ၏ ညီလာခံအစည်းအဝေးနှင့် ကိုယ်စားလှယ်များကောင်စီအပြင် ကော်မတီများ၊ အမြဲတမ်းကောင်စီများ၊ ကောင်စီများနှင့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိသည်။ စာချုပ်ဝင်နိုင်ငံများ၏ ညီလာခံကို နှစ်စဉ် ဂျီနီဗာမြို့၌ ကျင်းပလေ့ရှိသည်။ ယင်းညီလာခံတစ်ခုနှင့်တစ်ခု စပ်ကြား ဖြစ်ပေါ်လာသော လတ်တလောအရေးတကြီးကိစ္စများနှင့် လုပ်ရိုးလုပ်စဉ်ကိစ္စများကို ကိုယ်စားလှယ်များကောင်စီက ဆောင်ရွက်သည်။ ယင်းကောင်စီ၏ အစည်းအဝေးများကို ဖော်ပြပါကိစ္စများပေါ်ပေါက်၍ လိုအပ်လာသကဲ့သို့ခေါ်ယူကျင်းပသည်။

ဂတ်အဖွဲ့ကြီး၏ "ဥရုဂွေးရောင်း" (URUGUAY ROUND) ခေါ် "ဥရုဂွေးဝိုင်း" ဆွေးနွေးစေ့စပ်မှုများမှ စောစောပိုင်းတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်အရ ကုန်သွယ်ရေး မူဝါဒသုံးသပ်ရေးနည်းစနစ်တစ်ရပ်ကို ပြုလုပ်ဖန်တီးခဲ့ရာ ယင်းနည်းစနစ်အရ ဆောင်ရွက်ရသည့် လုပ်ငန်းမှာ ကိုယ်စားလှယ်များကောင်စီ၏ လုပ်ငန်းတာဝန်ဖြစ်လာခဲ့ ပေသည်။ ယင်းလုပ်ငန်းတာဝန်မှာ အဖွဲ့ဝင်တစ်ဦးစီ၏ ကုန်သွယ်ရေးမူဝါဒနှင့် လုပ်နည်းလုပ်ဟန်များသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစနစ်အပေါ်၌ မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို အခါအားလျော်စွာကျင်းပသောအစည်းအဝေးများ၌ လေ့လာစိစစ်ရခြင်းဖြစ်သည်။ ဤလုပ်ငန်းတာဝန်အရ ကိုယ်စားလှယ်များကောင်စီသည် ၁၉၉၃ ခုနှစ်တွင် အာဂျင်တီးနား၊ ဩစတြေးလျား၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ ကနေဒါ၊ အီဂျစ်၊ ဖင်လန်၊ ဂါနာ၊ ဂျပန်၊ ရိုမေးနီးယား၊ စင်ကာပူ၊ အမေရိကန် ပြည်ထောင်စု၊ ဥရုဂွေးနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အား သုံးသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

**ကမ္ဘာ့ကုန်သွယ်ရေးပြဿနာများ** – မကြာလှသေး သော အတိတ်ကာလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ပါလျှင်၊ ၁၉၈၀ ပြည့်နှစ်များ၏ အစောပိုင်း၌ ကာကွယ်ရေးဖိအားပေးမှုလုပ်ရပ်များ

အား ထပ်လောင်းလုပ်ဆောင်ခဲ့ကြသည်ကို ရှုမြင်ရပေမည်။ ထိုစဉ်က ကမ္ဘာ့ကုန်သွယ်ရေးအတွက် အခြားပြဿနာများလည်း ပေါ်ပေါက်လာခဲ့ရာ ထိုပြဿနာများမှာ ဒေသအလိုက်အုပ်စုဖွဲ့ခြင်းများ၊ အခွင့်အရေးပေးမှု၌ ခွဲခွဲခြားခြားပြုလုပ်သော သဘောတူညီချက်များ၊ ငွေကြေး မတည်ငြိမ်မှုများ၊ ပြည်ပငွေပေးငွေယူ ရှင်းတမ်းလက်ကျန်မညီမျှမှုများနှင့် လယ်ယာစိုက်ပျိုးရေးအတွက် ပံ့ပိုးငွေများပေးမှုကို အနံ့အပြား ပြုလုပ်လာကြခြင်းစသော ဖြစ်ရပ်များဖြစ်သည်။ ဤတွင် ဂတ်အဖွဲ့သည် အငြင်းပွားမှုများကို ဆွေးနွေးဖြေရှင်းရန် စင်မြင့်တစ်ခုအဖြစ်လည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးကို ပိုမိုလွတ်လပ်စေရန် အဆက်အပြတ်ဖိအားပေးခြင်းဖြင့် ယင်းသို့ အသစ်အသစ်ဖြစ်ပွားသော ဖြစ်ရပ်များ၏မလိုလားအပ်သော အကျိုးတရားများကို ဆန့်ကျင်ချေဖျက်ရန် လက်နက်ကိရိယာတစ်ခုအဖြစ် လည်းကောင်း ဂတ်အဖွဲ့၏ အခန်းကဏ္ဍသည် ထင်ရှားပေါ်လွင်လာခဲ့သည်။

**ဂတ်အဖွဲ့၏ဆောင်ရွက်လုပ်ရှားမှုများ** –အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် အကောက်ခွန်အတားအဆီးများကို လျှော့ချရေးအတွက် ဂတ်အဖွဲ့၏ ကမကထပြုမှုဖြင့် ဆွေးနွေးစေ့စပ်မှုများကို ၁၉၄၇ ခုနှစ်မှ စတင်ပြုလုပ်လာခဲ့ရာ ၁၉၉၃ ခုနှစ်အထိ "ဂတ်ရောင်း" (GATT ROUND) ခေါ် ဂတ်အဖွဲ့၏ ဆွေးနွေးစေ့စပ် မှုဝိုင်းများကို ရှစ်ဝိုင်းမျှပြုလုပ်ခဲ့သည်။

- ပထမဆုံးဂတ်ဝိုင်းကို ၁၉၄၇ ခုနှစ်တွင် ဂျီနီဗာမြို့၌ကျင်းပခဲ့ရာ ဤဆွေးနွေးပွဲက နိုင်ငံတကာဈေးကွက်များသို့ ထိုအချိန်၌ ဝင်ရောက်လျက်ရှိသော ကုန်စည်အားလုံး၏ ၄၄ ရာခိုင်နှုန်းအပေါ်၌အကောက်ခွန်များကိုလျှော့ကျစေခဲ့သည်။
- ဒုတိယ ဂတ်ဝိုင်းကို ၁၉၄၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံ အန်နီစီမြို့၌ ကျင်းပခဲ့ရာ ကုန်စည်အားလုံး၏ ၃ ရာခိုင်နှုန်းပေါ်တွင် အကောက်ခွန်နှုန်းများ လျှော့ကျစေခဲ့သည်။
- တတိယ ဂတ်ဝိုင်းကို ၁၉၅၁ခုနှစ်တွင် အင်္ဂလန်ပြည်၊ တော်ကေးမြို့၌ ကျင်းပခဲ့ရာ အကောက်ခွန်နှုန်းများကို၉ ရာခိုင်နှုန်းပေါ်၌ ကျဆင်းစေခဲ့သည်။
- စတုတ္ထ ဂတ်ဝိုင်းကို ၁၉၅၆ ခုနှစ်တွင် ဂျီနီဗာမြို့၌ ကျင်းပခဲ့ရာ ၁၁ ရာခိုင်နှုန်းအပေါ်တွင် ကျဆင်းစေခဲ့သည်။
- ပဥ္စမ ဂတ်ဝိုင်းကို ၁၉၆၂ ခုနှစ်တွင် ဂျီနီဗာမြို့၌ ကျင်းပခဲ့ရာ အကောက်ခွန်နှုန်းများကို ၁၅ ရာခိုင်နှုန်းပေါ်၌လျှော့ကျသွားစေခဲ့သည်။ (ဤဆွေးနွေးစေ့စပ်ပွဲကို "ဒီလီယံဝိုင်း" ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။
- ဆဋ္ဌမ ဂတ်ဝိုင်းကို ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ဂျီနီဗာမြို့၌ ကျင်းပခဲ့ရာ၊ ယင်းဆွေးနွေးပွဲကို "ကင်နေဒီဝိုင်း" ဟူ၍ ခေါ်တွင်ခဲ့ကြသည်။
- သတ္တမဂတ်ဝိုင်းကို ၁၉၇၃ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ကျင်းပခဲ့ကြရာ ဦးစွာပထမ ဂျီနီဗာမြို့၌ကျင်းပပြီး ၁၉၇၄ ခုနှစ်တွင် ဂျပန်နိုင်ငံတိုကျိုမြို့သို့ ပြောင်းရွှေ့ကျင်းပခဲ့ကြသည်။ (ဤဆွေးနွေးစေ့စပ်မှုများကို "တိုကျိုဝိုင်း" ဟူ၍ ရည်ညွှန်းခဲ့ကြသည်။)
- အဋ္ဌမဂတ်ဝိုင်းကို ၁၉၈၆ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဥရုဂွေးနိုင်ငံ ပန္တာဒယ်လက္ခတေးမြို့၌ ကျင်းပခဲ့သည် (ဤဆွေးနွေးစေ့စပ်မှုများသည် "ဥရုဂွေးဝိုင်း" ဟု အမည်တွင်ခဲ့သည်)။

**ကင်နေဒီဝိုင်း** – ဤ ကုန်သွယ်ရေးဆွေးနွေးစေ့စပ်မှုများမှာ အမေရိကန် ပြည်ထောင်စုသမ္မတ ဂျေအက်ဖ်ကင်နေဒီက ဦးဆောင်နှိုးဆော်ကျင်းပခဲ့ခြင်းဖြစ်၍ "ကင်နေဒီဝိုင်း" ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြခြင်းဖြစ်သည် (အထက်–ဆဋ္ဌမဂတ်ဝိုင်း)။ ထိုစဉ်၌ အမေရိကန်ပြည်ထောင်စုက ကုန်သွယ်မှုတိုးချဲ့ရေး အက်ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ရာ ယင်းအစိုးရအနေဖြင့် အကောက်ခွန်များကို ငါးနှစ်တာကာလအတွင်း အပြန်အလှန်အခြေခံဖြင့် ၅၀ ရာခိုင်နှုန်းမျှ တဖြည်းဖြည်း လျှော့ချခွင့်ရှိခဲ့သည်။ ၁၉၆၇ ခုနှစ်၊ဇွန်လ ၃၀ ရက်နေ့တွင် ဤဝိုင်း၌ ပါဝင်ကြသော ဂတ်အဖွဲ့ဝင် ၄၁ နိုင်ငံတို့က ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြရာ အများအားဖြင့်စက်မှုလုပ်ငန်းဆိုင်ရာ ကုန်ပစ္စည်းများအပေါ်တွင် အကောက်ခွန်များ ၃၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဤဆွေးနွေးစေ့စပ်မှုများ၌ အပူပိုင်းဇုန်ထွက်ကုန်များအတွက်သဘောတူညီချက်တစ်စုံတစ်ရာမရရှိခဲ့ပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်လည်းထင်ရှားသော ရလဒ်ဟူ၍ အနည်းငယ်မျှသာ ရရှိခဲ့သည်။

**တိုကျိုဝိုင်း** – ဂတ်အဖွဲ့၏ သတ္တမမြောက် ဆွေးနွေးစေ့စပ်ပွဲဖြစ်သည် (အထက်–သတ္တမဂတ်ဝိုင်း)။ ဤဝိုင်းကို ၁၉၇၃ ခုနှစ်တွင် အမေရိကန်သမ္မတ အာရ်နစ်ဆင်၏ ဦးဆောင်နှိုးဆော်မှုဖြင့် ကျင်းပခဲ့သောကြောင့် ကနဦးတွင် "နစ်ဆင်ဝိုင်း" ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ သို့သော်လည်း ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် သမ္မတနစ်ဆင်ရာထူးမှ နုတ်ထွက်သောအခါ တိုကျိုမြို့တွင် ဆက်လက်ကျင်းပခဲ့ကြသည်။ ဤဆွေးနွေးစေ့စပ်မှုများတွင် ဂတ်အဖွဲ့ဝင် ၈၁ နိုင်ငံမှ ကျွမ်းကျင်သူများက ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ

၁၂ မှ ၁၄ ရက်နေ့အထိ တိုကျိုမြို့၌ ကျင်းပခဲ့သော အစည်းအဝေးတွင် "တိုကျိုကြေညာချက်" ဟုဆိုသော စာတမ်းတစ်စောင်ကို ချမှတ်ကာ နှစ်ဆင်ဝိုင်းအတွင်း စေ့စပ်မှုများတွင် လိုက်နာကျင့်သုံးကြရန် စည်းမျဉ်းများကို သတ်မှတ်ခဲ့ကြသည်။ တိုကျိုဝိုင်းစေ့စပ်မှုများသည် ၁၉၇၄ ခုနှစ်တွင် အမေရိကန် ကွန်ဂရက်က အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးအက်ဥပဒေကိုပြဋ္ဌာန်းခြင်းနှင့် စွမ်းအင်အကျပ်အတည်းပြဿနာတို့ကြောင့် နှောင့်နှေးခဲ့ရပြီး ၁၉၇၅ ခုနှစ်တွင်မှ ပြန်လည်ကျင်းပခဲ့ကြရာ ၁၉၇၉ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ ထိုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့တွင် တိုကျိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသော သဘောတူညီချက်များသည် ၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် အတည်ဖြစ်လာခဲ့ကြသည်။

တိုကျိုဝိုင်းတွင် ၉၉ နိုင်ငံပါဝင် ဆွေးနွေးစေ့စပ်ခဲ့ကြပြီး ထောင်ပေါင်းများစွာသော စက်မှုနှင့်လယ်ယာထွက်ကုန်များ အပေါ်တွင် အကောက်ခွန်များလျှော့ချရန် သဘောတူခဲ့ကြသည်။ တိုကျိုသဘောတူညီချက်များ ပြုလုပ်ပြီးသည့်နောက်တွင် ကမ္ဘာ့စက်မှုဈေးကွက်နိုင်ငံကြီး ကိုးနိုင်ငံ၏စက်မှုကုန်ပစ္စည်းများအပေါ်ကောက်ခံသည့်သွင်းကုန်အကောက်ခွန်နှုန်းသည် ပျမ်းမျှခုနှစ်ရာခိုင်နှုန်းမှ ၄ ဒသမ၇ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ နှိုင်းယှဉ်ကြည့်လျှင် ဂတ်အဖွဲ့မတည်ထောင်မီက ရှိခဲ့သည့်အကောက်ခွန်နှုန်းများ၏ ပျမ်းမျှ ၃၅ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပေသည်။ ဤတိုကျိုဝိုင်း သဘောတူညီချက်များတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကျိုးရှိသည့်အကောက်ခွန်နှုန်းများနှင့် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိရေးအပြင် ဖွံ့ဖြိုးဆဲနိုင်ငံများစပ်ကြား၌လည်း ယင်းသို့သောအကောက်ခွန်နှုန်းများနှင့် ကင်းလွတ်ခွင့်များထားရှိရေးကို အသိအမှတ်ပြုသည့်ပြဋ္ဌာန်းချက်များလည်းပါရှိသည်။ ထို့မှတစ်ပါး ၁၉၆၇ ခုနှစ် ဂတ်အဖွဲ့၏ "ကုန်စည်များထိုးသွင်းစုံပုံချထားမှုဆန့်ကျင်ရေး"(ANTI - DUMPING) ပြဋ္ဌာန်းချက်များကို ပြင်ဆင်သည့် သဘောတူညီချက်တစ်ရပ်လည်း ပါဝင်သည်။ နွားသား၊ နွားနို့ထွက်ကုန်ပစ္စည်းများ၊ အပူပိုင်းဒေသထွက်–ကုန်ပစ္စည်းများနှင့် ပတ်သက်သော သဘောတူညီချက်များလည်းပါဝင်သည်။ အရပ်သုံး လေယာဉ်များနှင့် ပတ်သက်၍ လွတ်လပ်စွာ ကုန်သွယ်ရေးအတွက် သဘောတူညီချက်တစ်ရပ်လည်း ပါဝင်သည်။

ဥရုဂွေးဝိုင်း (ဥရုဂွေးရောင်း) – ဤဝိုင်းသည် ဂတ်အဖွဲ့မှ ကမကထပြုသည့် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးစေ့စပ်ပွဲများတွင် အဋ္ဌမမြောက်ဖြစ်သည်(အထက်–အဋ္ဌမဂတ်ဝိုင်း)။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တိုကျိုဝိုင်းပြီးဆုံးသည့်နောက် ၁၉၈၀ ပြည့်နှစ်များ၌ ကမ္ဘာ့ကုန်သွယ်ရေးတွင် ပြဿနာများပေါ်ပေါက်လာရာ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု လွတ်လပ်စေရန်အတွက်လည်းကောင်း၊ ဂတ်အဖွဲ့၏စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်များကို ခိုင်မာတောင့်တင်းစေရန်အတွက်လည်းကောင်း၊ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးစေ့စပ်ပွဲအသစ်တစ်ရပ်ကို စတင်ပြုလုပ်ရေးအတွက် ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပြင်ဆင်မှုများပြုလုပ်ခဲ့ကြသည်။

ဤဝိုင်းမှ စတွက်ကတည်းကပင် အထစ်အငေါ့များနှင့် ကြုံခဲ့ရသည်။ ဤဝိုင်း၏ဆွေးနွေးစေ့စပ်ရေး အစီအစဉ်၌ ဝန်ဆောင်မှုများနှင့်ပတ်သက်သော ကုန်သွယ်မှုကို လွတ်လပ်စွာပြုလုပ်ရေးကိစ္စကို ထည့်သွင်းရန် အမေရိကန်ပြည်ထောင်စုက အဆိုပြုခဲ့သည်။ ဝန်ဆောင်မှုဆိုသည်မှာ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့်အာမခံလုပ်ငန်းစသည်တို့ပါဝင်၍ ယခင်က ဂတ်အဖွဲ့က မကိုင်တွယ်ခဲ့ဘူးသော နယ်ပယ်တစ်ခုဖြစ်သည်။ အမေရိကန်၏ အဆိုပြုချက်ကို ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတို့က ကန့်ကွက်ခဲ့ကြသည်။ နောက်ဆုံးတွင် အချင်းချင်းညှိနှိုင်းလိုက်လျောမှုဖြင့် ဤကိစ္စကို ဂတ်အဖွဲ့ကကြီးကြပ်မည့် သီးခြားကော်မတီတစ်ရပ်ဖြင့် ဆွေးနွေးစေ့စပ်ကြရန် သဘောတူညီခဲ့ကြသည်။

ဥရုဂွေးဝိုင်းဆွေးနွေးစေ့စပ်မှုများကို ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ကျင်းပခဲ့ကြရာ လေးနှစ်အတွင်း (၁၉၉၀ ပြည့်နှစ်တွင်) အလုံးစုံ ပြီးစီးမည်ဟုမျှော်မှန်းခဲ့ကြသည်။ စေ့စပ်ဆွေးနွေးမှုများကို အစုအဖွဲ့ ၁၅ ဖွဲ့တို့က ပြုလုပ်ခဲ့ကြရာ ကုန်သွယ်ရေးနှင့်ပတ်သက်၍ အကောက်ခွန်များ ကောက်ခံရေးနှင့်မကောက်ခံရေး၊ ဂတ်အဖွဲ့၏ပြဋ္ဌာန်းချက်များ ပြန်လည်သုံးသပ်ရေး၊ အပူပိုင်းဒေသထွက်ကုန်များ၊ အဝတ်အထည်နှင့် အထည်အလိပ်များ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းစသည့် အကြောင်းအရာအမြောက်အမြားပါဝင်ခဲ့သည်။ ယင်းတို့အနက် ထူးခြားသောအကြောင်းအရာအချို့မှာ သဘာဝသယံဇာတအခြေပြုထွက်ကုန်များ(အထူးသဖြင့် ငါး၊ သစ်တောထွက်ပစ္စည်းများ၊ သံမပါသောသတ္တုများနှင့် တွင်းထွက်ပစ္စည်းများ) ကိစ္စ၊ ထောက်ပံ့ကြေးပေးမှုများနှင့် နစ်ဘက်ချိန်မျှရေး အလေးတင်းမှုစိမ်ဆောင်ရွက်ချက်များ (COUNTERVAILING MEASURES) ကိစ္စ၊ အငြင်းပွားမှုများ ဖြေရှင်းရေးကိစ္စ၊ ကုန်သွယ်ရေးနှင့်ဆက်နွှယ်သောပစ္စည်းတုများ ရောင်းဝယ်မှုအပါအဝင် အသိပညာဆိုင်ရာပစ္စည်းဝတ္ထုများ ကာကွယ်ရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ဆက်နွှယ်သော ရင်းနှီးမြှုပ်နှံမှုများကိစ္စ၊ ဘဏ္ဍာရေးဝန်ဆောင်မှုကိစ္စ စသည်တို့ဖြစ်သည်။

**အောင်မြင်မှုအချို့** – ၁၉၈၉ ခုနှစ်– နှစ်လယ်ပိုင်းတွင် ဥရုဂွေးဝိုင်းမှ အောက်ပါရလဒ်များ ဖြစ်ပေါ်လာခဲ့သည်–

– အပူပိုင်းဒေသထွက်ကုန်များနှင့်ပတ်သက်သည့် ကုန်သွယ်မှုကို လွတ်လပ်စွာပြုလုပ်စေရန် သဘောတူညီချက် (ဤကုန်သွယ်မှုမှာ နှစ်စဉ်တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာသန်း၂၀,၀၀၀ ခန့်ရှိ၍ ဤသဘောတူညီချက်မှ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်)။

– အငြင်းပွားမှုများဖြေရှင်းရေး ၊ နည်းလမ်းများတွင် တိုးတက်ပြုပြင်မှုများ၊

– ဂတ်အဖွဲ့ဝင်နိုင်ငံများအား အချိန်မှန်စစ်ဆေးရန်အတွက် ကုန်သွယ်ရေးမူဝါဒသုံးသပ်ရေး အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းတည်ထောင်ခြင်း။

**အတ္တလန္တိတ်သမုဒ္ဒရာနှစ်ဖက်ရှိနိုင်ငံများကုန်သွယ်ရေးစစ်ဖြစ်လုမတတ်အခြေအနေ**– ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဥရုဂွေးဝိုင်း စေ့စပ်မှုများ၌ နိုင်ငံပေါင်း ၁၀၇ နိုင်ငံပါဝင် လျက်ရှိခဲ့သည်။ ဤနှစ်အတောအတွင်း၌ ပြင်းထန်သော သဘောကွဲလွဲမှုများပေါ်ပေါက်လာကာ ဆွေးနွေးစေ့စပ်မှုများအတွက် အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ ပြဿနာ တစ်ရပ်မှာ ဂတ်အဖွဲ့စည်းမျဉ်းများနှင့် ဆန့်ကျင်၍ကုန်ပစ္စည်းများထိုးသွင်းစုပုံချထားမှု ဆန့်ကျင်ရေးစီမံချက်များအား အလွဲသုံးစားပြုလုပ်ကြောင်း စွပ်စွဲခြင်းဖြစ်သည်။ (ဤသည်မှာ ကုန်တင်ပို့သည့် နိုင်ငံတစ်နိုင်ငံက မိမိထွက် ကုန်ပစ္စည်းများကို မိမိနိုင်ငံတွင် ရောင်းချသောဈေးနှုန်းများ အောက်လျှော့ချကာ တင်ပို့ခြင်းကို တားမြစ်ပိတ်ပင်ရေးစီမံချက်များဖြစ်သည်။ယင်းတို့မှာ ကုန်တင်သွင်းသော နိုင်ငံများ၏ပြည်တွင်းစက်မှုလုပ်ငန်းများကို အကာအကွယ်ပေးရန်ဖြစ်သည်)။ အခြားပြဿနာတစ်ရပ်မှာ အမေရိကန်ပြည်ထောင်စုက လယ်ယာထွက်ကုန်များ ကုန်သွယ်မှုကို လွတ်လပ်စွာပြုလုပ်စေရန် လုပ်ဆောင်ရေးနှင့် "ကိန်း(စ်)အဖွဲ့"ဟုခေါ်ဝေါ်သည့် လယ်ယာထွက်ကုန်များ တင်ပို့သော နိုင်ငံများ အစု (၁၃ နိုင်ငံ)က အီးစီခေါ် ဥရောပ အဖွဲ့အား လယ်ယာထွက်ကုန်တင်ပို့သူများသို့ ငွေကြေးပံ့ပိုးမှုများပေးနေခြင်းကို ဖျက်သိမ်းပစ်ရန်နှင့် လယ်ယာထွက်ကုန်များတင်သွင်းမှုအပေါ် ကန့်သတ်ချုပ်ချယ်ထားမှုများကို ဖျက်သိမ်းပစ်ရန် တောင်းဆိုခြင်းဖြစ်သည်။ နိုင်ငံပေါင်း ၄၀ တို့ပါဝင် လက်မှတ်ရေးထိုးပြီး ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင် အတည်ဖြစ်ခဲ့သော အမ်အက်ဖ်အေ(MULTI FIBRE ARRANGEMENT)ခေါ် "အပြည်ပြည်ဆိုင်ရာ အထည်အလိပ်များကုန်သွယ်ရေးနှင့်ပတ်သက်သောအစီအစဉ်"ကို တစ်စတစ်စတိုးတက်ဖျက်သိမ်းရေးအတွက် တောင်းဆိုမှုမှာလည်း ပြဿနာတစ်ရပ်အဖြစ် ပါဝင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်၊ဒီဇင်ဘာလတွင် ကုန်သွယ်ရေးဝန်ကြီးများက ဥရုဂွေးဝိုင်းကို အပြီးသတ်ရန် ရည်ရွယ်ချက်ဖြင့် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြသည်။ ဤတွင် ငါးနှစ်အတွင်း အကောက်ခွန်နှုန်းများ လျှော့ချသွားရေးအပါအဝင် ရေးရာကိစ္စအများအပြားတွင် တိုးတက်မှုရရှိခဲ့ကြသော်လည်း လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ငွေကြေးပံ့ပိုးမှုများကိစ္စတွင် သဘောတူညီမှုမရသဖြင့် အပြီးမသတ်နိုင်ဘဲ တစ်ဆို့မှု ဖြစ်ခဲ့ရသည်။ ဤအချိန်တွင် စိုက်ပျိုးရေးပံ့ပိုးငွေပေးသည့်စနစ်ကျင့်သုံးကြသည့်အပြင် ဆီထွက်သီးနှံများအမြောက်အမြား ထုတ်လုပ်တင်ပို့ရောင်းချခြင်းတို့နှင့်ပတ်သက်၍ အမေရိကန်နှင့် အီးစီအဖွဲ့ ဥရောပနိုင်ငံများစပ်ကြား ကုန်သွယ်မှုအခြေအနေများ ပေါက်ကွဲမည့်စိုးရိမ်ဖွယ် အခြေအနေသို့ရောက်ရှိလာခဲ့သည်။ အမေရိကန်တို့၏တောင်းဆိုချက်အရ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် အီးစီကော်မရှင်အဖွဲ့က လယ်ယာလုပ်သားများအား ပေးသော ပံ့ပိုးကြေးများကို ၃၀ ရာခိုင်နှုန်းလျှော့ချရန် ကြေညာခဲ့ရာ၊ ဒိန်းမတ်၊ နယ်သာလန်နှင့် ဗြိတိန်နိုင်ငံတို့က လိုက်နာရန် ငြင်းဆန်ခဲ့ကြသည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက် နေ့တွင် အမေရိကန်နိုင်ငံက အီးစီနိုင်ငံများအနေဖြင့် ၁၀ နှစ်အတွင်း ပြည်တွင်းလယ်ယာထောက်ပံ့ကြေးများကို ၇၅ ရာခိုင်နှုန်းလျှော့ချပြီး ကုန်တင်ပို့မှုပံ့ပိုးကြေးများကို ၉၀ ရာခိုင်နှုန်း ဖြတ်တောက်ရန် တရားဝင် အဆိုပြုခဲ့သည်။

ဥရုဂွေးဝိုင်းသည် မူလရည်မှန်းချက်အတိုင်း ၁၉၉၀ ပြည့်နှစ် အကုန်တွင် ပြည်ဖုံးကားမချနိုင်ဘဲ ၁၉၉၁ ခုနှစ်တွင်းသို့ချဉ်းနင်းဝင်ရောက်လာခဲ့ပြီး အထက်ပါမကျေလည်မှုများ ဆက်လက်တည်ရှိနေရာမှ ၁၉၉၂ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလများအတွင်း၌ အမေရိကန်နိုင်ငံက အောက်ပါတောင်းဆိုချက်အသစ်များ ထပ်ဆောင်းပြုလုပ်လာခဲ့သည်–

(က) အီးစီအဖွဲ့ဝင် ဥရောပနိုင်ငံများက ဆီထွက်သီးနှံထုတ်လုပ်မှုကို တန်ချိန် ၁၃ သန်းမှ ၉ သန်းသို့ လျှော့ချပြီး၊ နောက်ထပ်ခြောက်နှစ်အတွင်း တန်ချိန် ခုနစ်သန်းသို့လျှော့ချရန်။

(ခ) အထက်ပါ အီးစီနိုင်ငံများက ၎င်းတို့၏ နံ့စားသီးနှံ တင်ပို့မှုများကို ခြောက်နှစ်အတွင်း ၂၄ ရာခိုင်နှုန်းသို့လျှော့ချရန်။

ဤတွင် အပြန်အလှန်အားဖြင့် အီးစီနိုင်ငံများက

အမေရိကန်ပြည်ထောင်စုအား အီးစီအဖွဲ့၏ လိုက်လျောမှုများနှင့်"ပြန်လည်ချိန်ညှိမှုပေး"ရန် ၄င်း(အမေရိကန်)၏ အချို့ကုန်များတင်ပို့မှုအပေါ်ထိန်းချုပ်ကန့်သတ်မှုများပြန်လုပ်ရန် တောင်းဆိုခဲ့ကြသည်။ ထို့နောက် နိုဝင်ဘာလကုန်ခါနီးတွင် အမေရိကန်ပြည်ထောင်စုက အီးစီအပေါ် ဆိုထွက်သီးနှံများနှင့် ပတ်သက်၍ ခေါင်းမာနေခြင်းကို လက်စားချေသည့်အနေဖြင့် အမေရိကန်ဒေါ်လာသန်း၁၀၀၀ တန်ဖိုးရှိ အီးစီ ကုန်ပစ္စည်းများအပေါ် ဒဏ်ခတ်သည့်သဘောအကောက်ခွန်နှုန်းများ ကောက်ခံမည်ဖြစ်ကြောင်းအချက်ပေးပြောကြားခဲ့သဖြင့် အခြေအနေမှာ အထူးတင်းမာ လာခဲ့ရာ ဂတ်အဖွဲ့ဝင် ၁၀၈ နိုင်ငံတို့က ဂတ်အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် အာသာဒန်ကယ်အား အတ္တလန္တိတ်သမုဒ္ဒရာနှစ်ဖက်ရှိ နိုင်ငံများစပ်ကြား ကုန်သွယ်ရေးစစ်ပွဲတစ်ရပ် ဖြစ်ပွားမှုကို ရှောင်ရှားနိုင်ရေးအတွက် လွှန်းပြန်သွားလာစေ့စပ်ညှိနှိုင်းပေးရန် တာဝန်ပေးအပ်ခဲ့ကြသည်။

ဤသို့ဖြင့် ခေါင်းခိုက်လာသော မီးတောက်ကို ငြိမ်းသတ်နိုင်ရန် အီးစီအဖွဲ့နှင့်အမေရိကန်ပြည်ထောင်စုတို့ ဆွေးနွေးစေ့စပ်ခဲ့ကြရာ၊ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကာလရှည်ကြာစွာဖြစ်ပွားနေသည့် လယ်ယာစိုက်ပျိုးမှုပံ့ပိုးကြေးများဆိုင်ရာ အငြင်းပွားမှုနှင့်ပတ်သက်၍ သဘောတူညီချက်ရရှိခဲ့ကြသည်။ သို့သော် အီးစီအဖွဲ့အတွင်း၌ ပြင်သစ်နိုင်ငံက သဘောတူညီချက်ကို ရှုတ်ချပြောဆိုခဲ့ပြီး ပြင်သစ်နိုင်ငံတစ်ဝန်းလုံးတွင် မကျေမနပ်ကန့်ကွက်ဆန္ဒပြမှုများ အနှံ့အပြားဖြစ်ပွားခဲ့သည်။

**ဥရုဂွေးဝိုင်းစခန်းသိမ်း** – မည်သို့ပင်ဆိုစေအထက်ပါသဘောတူညီချက်သည် ခြောက်နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော ဥရုဂွေးဝိုင်းဆွေးနွေးစေ့စပ်ပွဲကို ဆက်လက်ပြုလုပ်နိုင်ရန် လမ်းပွင့်သွားစေသည်။ လမ်းပွင့်လာသောအခွင့်အလမ်းအရ ဂတ်အဖွဲ့ဝင်နိုင်ငံများက ဥရုဂွေးဝိုင်း ဆွေးနွေးစေ့စပ်မှုများကို ဆက်လက်ပြုလုပ်ခဲ့ကြရာ၊ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် လက်စသတ်နိုင်ခဲ့ကြ သည်။ ထို့နောက် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် မော်ရိုကိုနိုင်ငံ မာရာကက်ရှ်မြို့တော်၌ ဥရုဂွေးဝိုင်း၏စာမျက်နှာ ၂၀,၀၀၀ ပါဝင်သော အပြီးသတ်သဘောတူညီစာချုပ်ကို ဥရုဂွေးဝိုင်းတွင် ပါဝင်ခဲ့ကြသော နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ၁၁၁ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများက လက်မှတ်ရေးထိုး ခဲ့ကြသည်။ ဤတွင် ဂတ်အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ပီတာ ဆပ်သာလင်က ဤစာချုပ်မှာ"သမိုင်းတွင် အကြီးဆုံးကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်ကြောင်း:" ဖော်ပြခဲ့ သည်။

အထက်ပါသဘောတူစာချုပ်တွင် စက်မှုလုပ်ငန်းဆိုင်ရာအကောက်ခွန်နှုန်းများကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ချရန်၊ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုထောက်ပံ့ကြေးများကို ဖြတ်ချရန်နှင့် ဝန်ဆောင်မှုနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုတို့တွင် စံသတ်မှတ်များချမှတ်ရန်ပြဋ္ဌာန်းချက်များပါဝင်သည်။ ထို့အပြင် ဂတ်အဖွဲ့အား ဒဗလျူတီအို–ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WORLD TRADE ORGANIZATION) အဖြစ်ပြောင်းလဲဖွဲ့စည်းတည်ထောင်ရန် သဘောတူညီချက်လည်း ပါဝင်သည်။ ဤသဘောတူညီစာချုပ်သည် ၁၀ နှစ်အတွင်း ကမ္ဘာ့ဝင်ငွေကို တစ်နှစ်လျှင် ဒေါ်လာသန်း ၂၁၅,၀၀၀ ပိုမိုလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် အခွန်အကောက်ဆိုင်ရာ အတားအဆီးများကို လျှော့ချပေးပြီး လယ်ယာကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ ကုန်သွယ်ရေးစည်းမျဉ်းများကို ပထမဆုံးအကြိမ် ချမှတ်ပေးမည်ဖြစ်၍ နိုင်ငံအားလုံးအား အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဂတ်အဖွဲ့ညွှန်ကြားရေးမှူးချုပ် ပီတာဆပ်သာလင်က ပြောကြားခဲ့သည်။ ဤသဘောတူညီချက်ကြောင့် ကုန်သွယ်ရေးလွတ်လပ်ခွင့်ရလာသည့် အတွက် လာမည့်ဆယ်စုနှစ်တွင် ကမ္ဘာ့ထွက်ကုန်သည် အမေရိကန်ဒေါ်လာ ၆ ထရီလီယံ ရှိလာမည်ဟုလည်းကောင်း၊ နေ့ကွေးလျက်ရှိသော ကမ္ဘာ့စီးပွားရေးကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ခန့်တိုးလာစေမည်ဟုလည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဂျီဒီပီကို အမေရိကန် ဒေါ်လာ ၈၀ ဘီလီယံခန့် တိုးတက်စေမည်ဖြစ်ရာ၊ လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်ရေးသဘောတူညီချက်တစ်ခု တည်းအတွက်ပင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံမှ ၆၀ ဘီလီယံအထိ တိုးတက်လာစေမည်ဟုလည်းကောင်း ခန့်မှန်းယုံကြည်ကြသည်။

**ဒဗလျူတီအို ဖွဲ့စည်းတည်ထောင်ခြင်း** – ဥရုဂွေးဝိုင်းသဘောတူညီချက်စာချုပ်သည် ဂတ်အဖွဲ့အားကုန်သွယ်ရေးကို အမြဲတမ်းအကဲခတ်စောင့်ကြည့်မည့် ဒဗလျူတီအို ခေါ် "ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့" အဖြစ်သို့ ပြောင်းလဲတည်ထောင်ပေးလိုက်သည်။ ဒဗလျူတီအိုသည် အိုင်အမ်အက်ဖ် ခေါ် အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့နှင့် အဆင့်တူညီသော ဘဏ္ဍာရေးဝဒ်ငွေကြေးစနစ်၏တတိယမဏ္ဍိုင်အဖြစ်တည်ရှိမည်ဖြစ်သည်။ ဤအဖွဲ့ကို ၂ နှစ်လျှင် တစ်ကြိမ်ကျင်းပမည့်ဝန်ကြီးအဆင့် မျက်နှာစုံညီအစည်းအဝေးက ဦးဆောင်၍ အထွေထွေကောင်စီတစ်ခုက ကြီးကြပ်သွားမည်ဖြစ်သည်။ ဒဗလျူတီအိုအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်လိုလျှင် ဥရုဂွေးဝိုင်းရလဒ်များကို အကြွင်းမဲ့လက်ခံရမည်ဖြစ်သည်။ ဤအဖွဲ့သစ်သည် ၁၉၉၅ ခုနှစ်တွင် စတင်လုပ်ငန်းဆောင်ရွက်မည်ဟုမျှော်လင့်ရသည်။ ဥရုဂွေးဝိုင်းဆိုင်ရာ သဘောတူစာချုပ်ကို မာရာကက်ရှ်မြို့၌ လက်မှတ်ရေးထိုးသည့်အချိန်တွင် ယင်းစာချုပ်အရ ဖွဲ့စည်းသည့်

ဒဗလျူတီအိုတွင်ပါဝင်ရန် ၉၇ နိုင်ငံမှ ဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။

**ဂျပန်နိုင်ငံ။** ။ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၉၃ ခု၊ ဇူလိုင်လက တာဝန်ယူခဲ့သော မစ္စတာ မိုဆိုဟီရိုဟိုဆိုကာဝါသည် အချက်လေးရပ်ပါဝင်သော ဥပဒေမူကြမ်းကို ၁၉၉၃ ခုနှစ်၊ နိုင်ဝင်ဘာလ ၁၉ ရက်နေ့က ဒိုင်ယက် အောက်လွှတ်တော်သို့တင်သွင်းရာ လွှတ်တော်အမတ်၅၁၁ ဦးရှိသည့်အနက် အမတ် ၂၇၀ ကထောက်ခံပြီး ၂၂၆ ဦးက ကန့်ကွက်သည်။ ၁၅ ဦးက ကြားနေသည်။

ထိုအဆိုတွင် ပါဝင်သော အချက်ကြီးများမှာ (၁) လက်ရှိရွေးကောက်ပွဲ ဥပဒေသည် တရားမျှတမှုမရှိသောကြောင့် ယင်းဥပဒေကို ပြင်ဆင်ရန်၊ (၂) ရွေးကောက်ပွဲဥပဒေသစ် ရေးဆွဲရန် ဝန်ကြီးချုပ် လက်အောက်တွင် ကော်မတီသစ်တစ်ရပ်ဖွဲ့စည်းရန်၊ (၃) နိုင်ငံရေး သို့မဟုတ် ပါတီရေးနှင့်ပတ်သက်၍ လူတစ်ဦးတစ်ယောက်ကိုလည်းကောင်း၊ ပါတီအဖွဲ့စည်းတစ်ရပ်ကိုလည်းကောင်း၊ လှူဒါန်း ၊ ပေးကမ်း၊ ထောက်ပံ့မှုများကို တားမြစ်ရန်၊ (၄) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသို့ အစိုးရက ဒေါ်လာ ၂၉၄ သန်း ကူညီပံ့ပိုးရန်တို့ဖြစ်သည်။ ယင်းအဆိုကို အထက်လွှတ်တော်သို့တင်ရဦးမည်ဖြစ်သည်။

၁၉၉၄ ခု၊ ဇန်ဝါရီလ ၂၁ ရက်နေ့တွင် အထက်လွှတ်တော်က ယင်းအဆိုကို၁၃၀–၁၁၈ မဲဖြင့် ကန့်ကွက်သည်။ ထို့နောက်ဆက်လက်ညှိနှိုင်းကြရန် ဆုံးဖြတ်သည်။ အထက်အောက်လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ် ၁၀ ဦး ဦးဆောင်ကာ ညှိနှိုင်းပြီးနောက် အချက် ၁၀ ချက်ပါသည့် ညှိနှိုင်းညီညွတ်မှုအဆိုကို နောက်ဆုံးရက် လွှတ်တော်အစည်းအဝေး၏ နံနက်သန်းခေါင် ကျော် တစ်နာရီတွင် အစိုးရအဖွဲ့နှင့် အတိုက်အခံ လစ်ဘရယ်ဒီမိုကရက်တစ်အဖွဲ့တို့ သဘောတူညီကြသည်။ နှစ်ဘက် အလျှော့အတင်းပြု၍ ညီညွတ်ကြခြင်းဖြစ်သည်။

ယင်းညီညွတ်မှုကို ခေါင်းဆောင်ခဲ့သော အယ်လ်ဒီပီခေါင်းဆောင် ယိုဟိုင်းကိုနိုနှင့် ဝန်ကြီးချုပ် ဟိုဆိုကာဝါတို့မှာ အမတ်အချို့၏ ငြိုငြင်မှုကို ခံခဲ့ရသည်။

ထိုအတောအတွင်း အဂတိလိုက်စားမှုနှိမ်နင်းမည်ဟု ကြွေးကြော်ခဲ့သော ဟိုဆိုကာဝါမှာ သူကိုယ်တိုင် ကျူးလွန်မိခဲ့ပုံကို ဖွင့်ပြောပြီးနောက် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့က ရာထူးမှ နုတ်ထွက်လိုက်သည်။ ၄င်းနေရာတွင် ဟိုဆိုကာဝါ၏ အာဏာရပါတီတွင် ပါတီဝင်ဖြစ်သော ဆူကိုမူဟာတာကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ကြသည်။ ဟိုဆိုကိုကာဝါမှာ သက်ဆိုင်ရာ၏ စစ်ဆေးမှုကို ခံယူလျက်ရှိသည်။

ဟိုဆိုကာဝါ၏ ညွန့်ပေါင်းအစိုးရတွင် ဒုတိယ အင်အားအများဆုံးပါတီ၏ ခေါင်းဆောင်ဖြစ်သော ဟာတာသည်

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဥပဒေကြမ်းကို ကန့်ကွက်ရာတွင် အနိုင်ရရှိသွားသော အတိုက်အခံအမတ်များအား အထက်လွှတ်တော်တွင် တွေ့ရစဉ်



ဖော်ရွေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ကက်ဘိနက် အဖွဲ့တွင် လေးကြိမ်တိုင်ပါဝင်ခဲ့သူသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် စိတ်ဝင်စားသူဖြစ်သည်။ ဟာတာသည် နိုင်ငံရေးပါတီရေး၌ ကျွမ်းကျင်လည်ပတ်သူ အီချီရိုအိုကာဝါ၏ အပေါင်းအသင်းလည်းဖြစ်သည်။

ထိုအတောအတွင်း ပြည်ပသို့ ဂျပန်စစ်တပ်များ ပို့လွှတ်ရေး ပြဿနာပေါ်လာသည်။ ကမ္ဘောဒီးယားသို့ ဂျပန်တပ်များပို့လွှတ်ရေးကိစ္စတွင် လွှတ်တော်အမတ်အချင်းချင်း သဘောကွဲလွဲသကဲ့သို့ ပြည်သူအချင်းချင်း သဘောကွဲကြသည်။

စစ်ပြီးနှစ်တွင် ရေးသားပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြည်ပသို့စစ်တပ်မပို့ရဆိုသောအပိုဒ်ပါရှိသည်။ နောက်ဆုံးတွင် တိုက်ခိုက်ရေးအတွက် မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက် သက်သက်သာဟု စည်းကမ်းချက်ထားကာ ကမ္ဘောဒီးယားသို့ ဂျပန်စစ်သားများကို ပို့လွှတ်ခဲ့သည်။ ကန့်ကွက်ဆန္ဒပြသူက ပြခဲ့ကြသည်။

ဂျပန်ထောက်လှမ်းရေးအဖွဲ့သည် လာဘ်ပေးလာဘ်ယူရှိပြီး မသန့်ရှင်းသောအမတ်များ၊ နိုင်ငံရေးသမားများကို နောက်ယောင်ခံ၍ စုံစမ်းလျက်ရှိသည်။ ထို့ကြောင့်ပင် ဆောက်လုပ်ရေးဝန်ကြီးဟောင်း နာကာမူရာမှာ ၁၉၉၄ ခု၊ မတ်လ ၁၉ ရက်နေ့တွင် အဖမ်းခံရသည်။ ရဲနှင့်အစိုးရရှေ့နေတို့၏ ရုံးသို့ ဆင့်ခေါ်ခြင်းခံရသည်။

မစ္စတာဟာတာကိုယ်တိုင်မှာလည်း မရှင်းမရှင်းဖြစ်သောကြောင့် ဇွန်လ ၂၆ ရက်နေ့တွင် ရာထူးမှထွက်ရသည်။ ကက်ဘိနက်ကို ၂၉ ရက်နေ့တွင် ဖျက်သိမ်းလိုက်သည်။ ထို့ကြောင့် ဝန်ကြီးချုပ်အသစ်တစ်ဦးကို ရွေးကြရပြန်သည်။ မကြာမီက ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်ဖြစ်သော တိုမီအိချိမူရာယာမကိုတွေ့ကြသည်။ သူသည်မြောက်ကိုရီးယားနိုင်ငံနှင့် အေးအေးဆေးဆေး ဆက်ဆံလိုသူဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဂျပန်နိုင်ငံက နေရာတစ်နေရာရရေးကို အာရုံမစိုက်ပေ ။

ယမန်နှစ်က ဖြစ်ပွားခဲ့သော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အရေးအခင်းနှင့် စီးပွားရေးပြေလည်မှုတို့လောက် ကုလသမဂ္ဂအရေး၌ စိတ်ဝင်စားမှုမရှိပေ။ အသက် ၇၀ ကျော်ပြီဖြစ်သော မူရာယာမသည် ဝန်ကြီးချုပ်ရာထူးကို ၁၉၉၄ ခု၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျမ်းကျိန်ဆိုလက်ခံသည်။ ၁၉၄၇ ခုနှစ်မှစ၍ အာဏာယူခဲ့သော လစ်ဘရယ်ဒီမိုကရက်တစ်အစိုးရနေရာတွင် ဂျပန်ဆိုရှယ်လစ်ပါတီက လက်ခံရယူခြင်းဖြစ်သည်။ မူရာယာမကို အယ်လ်ဒီပီပါတီကလည်း လက်ကမ်းကြိုဆိုသည်။ ကာဝါစကီမြို့တွင်ရှိသော စက်ရုံ အလုပ်ရုံငယ်ကလေး၏ ဥက္ကဋ္ဌ ဖြစ်သူ မူရာယာမအား မစ္စတာကိုနိုက ထောက်ခံခြင်းကို မမျှော်လင့်ခဲ့ကြပေ။ ပါတီကြီးနှစ်ခုပေါင်းစည်းညှိနှိုင်းခြင်းသည်လည်း ဂျပန်နိုင်ငံရေး၏ ထူးခြားသောအပြောင်းအလဲတစ်ရပ်ဖြစ်လာသည်။

ပြည်ပသို့ဂျပန်စစ်တပ်များပို့လွှတ်မှုတွင် ဂျပန်ဆိုရှယ်လစ်ပါတီသည် ဘဝင်မကျပေ။ သို့ရာတွင် ဂျပန်ပြည်တွင်းသို့ ဆန်တင်ပို့ရေးကိစ္စတွင် အဆင်ပြေစေလိုသောကြောင့် လက်တွဲဆောင်ရွက်ခြင်းဖြစ်သည်။ မူရာယာမနှင့် ကိုနိုတို့သည် အိုဇာဝါကို လက်မခံကြပေ။ လစ်ဘရယ်ပါတီမှ ခွဲထွက်ခဲ့သူ အိုဇာဝါကို ဆန့်ကျင်ကြသည်။

ဂျပန်နိုင်ငံအတွင်းသို့ဆန်တင်ပို့ခွင့်ရရေးတွင် အမေရိကန်နှင့် အကျောက်အကန်ပြောကြရသည်။ လွှတ်လပ်စွာကုန်သွယ်ခွင့်ပေါ်လစီအရ ဆန်ဈေးကွက်ကို ဖွင့်ပေးရသည်။ လယ်သမားများ၏ ဆန္ဒပြဆန့်ကျင်မှုကို ခံရသည်။ ဂျပန်အစိုးရသည် ဆန်တန်ချိန် ၁ ဒသမ ၅ သန်း ကို အရေးပေါ်သုံးရန် သိုလှောင်ထားသည်။

ထို့အပြင် လျှပ်စစ်ပစ္စည်းကိရိယာများတင်သွင်းခွင့်ကိုလည်းကောင်း၊ အမေရိကန် ကန်ထရိုက်များ အလုပ်လုပ်ခွင့်ကိုလည်းကောင်း အမေရိကန်သမ္မတ ကလင်တန်အစိုးရက အခိုင်အမာတောင်းဆိုလျက်ရှိရာ ယင်းကုန်သွယ်ရေးပြဿနာနှင့် ဂျပန်သုံးငွေ "ယန်း" တန်ဖိုးကိစ္စများကို ဆိုရှယ်လစ်ပါတီအစိုးရက ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။

**စီးပွားရေး** – အမေရိကန်အစိုးရက တောင်းဆိုသော ဆန်ဈေးကွက်ကို အထိုက်အလျောက် ဖွင့်ပေးရသည်။ ဆန်စားသုံးသူ ဂျပန်ပြည်သူတို့ အားရနှစ်သက်ကြသည်။ ဆက်သွယ်ရေးပစ္စည်းနှင့် ဆေးဝါးပစ္စည်း တင်သွင်းခွင့်ကိစ္စမှာ မပြတ်သေးပေ။ အပြီးအပြတ်ပြန်ကြားရန် ဂျပန်အစိုးရသို့ အမေရိကန်အစိုးရက ရက်ခြောက်ဆယ် အချိန်ပေးထားသည်။ တောင်းဆိုချက်ကို မလိုက်လျောလျှင် ဂျပန်နှင့် ကုန်သွယ်ရေး အဆက်ဖြတ်မည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်ထားသည်။

ဂျပန်အစိုးရကလည်း အမေရိကန်က အရေးယူလျှင် အစိုးရသည် ဆွေးနွေးမှုများကို ရပ်ဆိုင်းရလိမ့်မည်ဟု ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ဇူလိုင်လ ၃၁ ရက်နေ့က ပြောပြသည်။ နှစ်ဖက်ဆွေးနွေးပွဲများသည် ဇူလိုင်လ ၃၀ ရက်က သဘောတူညီမှုမရဘဲ ပြီးဆုံးခဲ့သည်။ ဂျပန်နှင့် အမေရိကန်ကုန်သွယ်မှုတွင် ဂျပန်က တစ်နှစ်လျှင် ဒေါ်လာ ဘီလီယံ ၆၀၀၀ မြတ်သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) ၏ အဆိုအရ ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေး အမြတ်သည် ၁၉၉၂ ခုနှစ်က ဒေါ်လာဘီလီယံ ၁၂၀ ဖြစ်သည်။

ဂျပန်ကုန်သွယ်ရေးသည် အလွန်အကျွံ အပိုပြနေသည်။ ထို့ကြောင့်ပင် အမေရိကန်အစိုးရက အရေးဆိုခဲ့ရာ ဆန်နှင့်ကုန်ပစ္စည်းအချို့ ဂျပန်ပြည်တွင်းသို့တင်သွင်းခွင့်ရခဲ့သည်။ အမေရိကန် ပန်းသီးများကို ဂျပန်နိုင်ငံသို့ တင်သွင်းခွင့်ပြုရန် ဂျပန်လယ်ယာစိုက်ပျိုးရေး၊ သစ်တောရေးနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနတို့က ဩဂုတ်လ ၁၉ ရက်နေ့က ကြေညာခဲ့သည်။ ယင်းသို့ဆုံးဖြတ်ခြင်းမှာ အလျှင်စလိုနိုင်သည်ဟု ဝေဖန်မှုများရှိခဲ့သည်။

**အလုပ်သမားများ အခြေအနေ** – ယန်းငွေတန်ဖိုးခိုင်မာမှု၏ ဂယက်ရိုက်ခတ်မှုကြောင့် အလုပ်သမားလျှော့ချမည်ဟု ထင်မှတ်ခဲ့ကြသော်လည်း လျှော့ချခြင်းမပြုဘဲ ရပ်တည်နိုင်ခဲ့သည်။

ယန်းငွေတန်ဖိုးသည် တစ်ဒေါ်လာလျှင် ၉၈ ယန်းဖြစ်သည်ကိုဩဂုတ်လ ၂၅ရက်နေ့က တွေ့ရှိရသည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ နောက်ပိုင်းတွင် ၂၂ ရာခိုင်နှုန်း တက်လာသည်။

ဩဂုတ်လဆန်းပိုင်းတွင် ထွက်ချက်ရရှိသော ကိန်းဂဏန်းအရ ဇွန်လတွင် အလုပ်လက်မဲ့ ၂ ဒသမ ၉ ရာခိုင်နှုန်း၊ မေလတွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ယမန်နှစ်ကမူ ၂ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။

**နိုင်ငံတကာဆက်ဆံရေး** – ဂျပန်ဧကရာဇ် အကီဟီတိုနှင့် မိဖုရား မီချီကိုတို့သည် ဇွန်လတွင် ကမ္ဘာ့နိုင်ငံကြီးများသို့ ၁၆ ရက်ကြာ ခရီးလှည့်ခဲ့သည်။ အိမ်ရှေ့မင်းသား ဇနီးမောင်နှံ တို့ကလည်း အာဖရိက နိုင်ငံများသို့ ခရီးထွက် ရင်း မဟာမိတ်ပြုခဲ့သည်။ အခြားသော ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ နိုင်ငံခေါင်းဆောင်များကလည်း အာရှနိုင်ငံများ၊ အထူးသဖြင့် အာဆီယံ အရှေ့တောင်အာရှနိုင်ငံများသို့ လှည့်လည်သွားရောက်ရင်း၊ ကုန်သွယ်ရေး၊ လူမှုရေး စာချုပ်များ ချုပ်ဆိုကြသည်။

ဂျပန်ဝန်ကြီးချုပ် မူယာရာမမှာ ဩဂုတ်လတွင် အာရှနိုင်ငံကြီးများသို့ သွားလာမိတ်ဖွဲ့လျက်ရှိသည်။ ထိုသို့ သွားလာရင်း စစ်တွင်းကာလ ဂျပန်နိုင်ငံ၏ ကျူးကျော်တိုက်ခိုက်မှုကို တောင်းပန်ကြသည်။ သို့ရာတွင် ပြည့်တန်ဆာ ပြဿနာတစ်ရပ်က ကျန်နေသေးသည်။ စစ်အတွင်းက ဂျပန်စစ်သားတို့ စော်ကားခဲ့သော အမျိုးသမီးများပြဿနာ ဖြစ်သည်။ ယင်းအမျိုးသမီးများအတွက် လျော်ကြေးပေးမည်မဟုတ်ဘဲ လူမှုရေးထောက်ပံ့မည်ဟုဆိုသည်။

ဂျပန်အစိုးရပိုင်းတွင် ပါဝင်သူအချို့နှင့် အချို့သော ခေါင်းဆောင်တို့က မိမိတို့သည် ကျူးကျော် တိုက်ခိုက်ခြင်း မဟုတ်၊ အနောက်နိုင်ငံတို့၏ နိုပ်ကွပ်မှု အောက်မှ ကယ်တင်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။

ယင်းသို့ ပြောမှားဆိုမှား ပြုတိုင်း တရုတ်၊ ကိုးရီးယား၊ ဖိလစ်ပိုင်နိုင်ငံစသည်တို့က တုံ့ပြန်အပြစ်တင်ကြသည်။ ပြောမှားဆိုမှား စော်ကားသူများတွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဝန်ကြီး ဆာကူရိုင်း ပါဝင်သည်။ ဆာကူရိုင်းကို အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံရေးခေါင်းဆောင်များက ဝေဖန်ပြစ်တင်သောကြောင့် ဩဂုတ်လ ၁၄ ရက်နေ့က ရာထူးမှ နုတ်ထွက်လိုက်သည်။ ဝန်ကြီးချုပ်မူရာယာမက ယင်းအတွက် တရုတ်နှင့် ကိုးရီးယားအစိုးရတို့အား တောင်းပန်လိုက်သည်။

ယခင်က တရားရေးဝန်ကြီးဟောင်း နာဂါနိုမှာလည်း အလားတူ နုတ်ထွက်ခဲ့ရဖူးသည်။ ဂျပန်ပြည်သူအချို့က ပြောကြားသည်မှာ မိမိတို့သည် ကျူးကျော်စော်ကားသူများ မဟုတ်ဘဲ မိမိတို့သာလျှင် သားကောင်သဖွယ် ရက်စက်သတ်ဖြတ်ခြင်းခံရသည်ဟု ချေပပြောဆိုကြသည်။ ယခုနှစ်တွင်ပြုလုပ်သော အာဇာနည်ကျောက်တိုင်သို့ ဝန်ကြီးအချို့လောက်ပင် သွားရောက်အလေးပြုကြသည်။ စစ်အတွင်း၌ ဂျပန်သုံးသန်းသေဆုံးပြီး အာရှတိုက်သား ၁၇ သန်း သေဆုံးခဲ့သည်။ ယင်းသို့ဝမ်းနည်းဖွယ်ကြုံတွေ့ရသောကြောင့် စစ်ဒဏ်နိုင်ငံများသို့ ကူညီရန် ဒေါ်လာသန်း ၆၀၀၀ တန်

ဂျပန်ဝန်ကြီးချုပ် မူရာယာမ



ချစ်ကြည်ရေးရန်ပုံငွေထူထောင်မည်ဟု ဂျပန်အစိုးရက ဩဂုတ်လ ၃၁ ရက်နေ့က ကြေညာသည်။

**ကာကွယ်ရေး** – မြောက်ကိုရီးယား၏ ဗျူဟာလက်နက်သတင်း၊ ဒုံးကျည်သတင်းများကို ကြားနေရသဖြင့် ဂျပန်အစိုးရသည် မိမိတို့၏ စစ်တပ်ကို တိုးမြှင့်ခြင်း၊ လက်နက်သစ်များ အစားထိုးခြင်း ပြုလုပ်ရသည်။ ယခုနှစ် ကာကွယ်ရေး အသုံးစရိတ်ကို သုညဒသမငါးရာခိုင်နှုန်း တိုးရန် ဆုံးဖြတ်ကြသည်။

ပြည်ပသို့ စစ်တပ်များ ပို့နိုင်ရန်နှင့် စစ်အကူအညီ တောင်းခံနိုင်ရန် ဥပဒေကြမ်းတွင် ပြင်ဆင်ချက် ၂၀ ပြင်ဆင်ပြဋ္ဌာန်း မည်ဖြစ်သည်။ အရေးပေါ်လျှင် အမေရိကန်တပ်များသုံးခွင့် ဖိတ်ခေါ်ခွင့်ရှိမရှိကိုလည်း လေ့လာလျက်ရှိသည်။

၁၉၉၅ ခုနှစ်တွင် ကာကွယ်ရေး စရိတ်ကို သုညဒသမ ကိုးရာခိုင်နှုန်းအောက်လျှော့သွားမည်ဟု တွက်ချက်ထားသည်။ ယခုနှစ်ကာကွယ်ရေးအသုံးစရိတ်သည် ဒေါ်လာသန်း ၄၇၇၀၀ ဖြစ်သည်။

**ရွေးကောက်ပွဲ မဲဆန္ဒနယ် စနစ်သစ်** – ဝန်ကြီးချုပ်ဟောင်း မစ္စတာဟိုဆိုကာဝါ လက်ထက်က အာသာငမ်းငမ်းတမ်းတခဲ့သော ရွေးကောက်ပွဲ မဲဆန္ဒနယ် ခွဲခြမ်းသတ်မှတ်ရေး ဥပဒေကို အများသဘောကျကြသဖြင့် ယင်းခွဲခြမ်းသတ်မှတ်ထားသည့် မြေပုံကို ဩဂုတ်လ ၁၁ ရက်နေ့က ထုတ်ပြန်ကြေညာသည်။

ကျေးလက်ပြည်သူများနှင့် မြို့ပြနေပြည်သူတို့ အခွင့်အရေး တန်းတူ ရရှိရန်လည်းကောင်း၊ မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်လောင်းတစ်ယောက်ကိုသာ ရွေးကောက်ရန်လည်းကောင်း၊ အပြိုင်အဆိုင်ယှဉ်ပြိုင်ကြခြင်းဖြင့် မသမာမှုများ မပြုလုပ်မိကြရန် လည်းကောင်း ဟန့်တား ထားသည်။

လောလောဆယ်တွင် အောက်လွှတ်တော်၌ အမတ် ၅၁၁ ဦးရှိသည်။ တစ်နယ်တွင် အမတ် နှစ်ဦးမှ ခြောက်ဦးအထိ ပါဝင်ယှဉ်ပြိုင် အရွေးခံခဲ့ကြသည်။ တစ်ခါတစ်ရံ ပါတီတစ်ခုတည်းမှ အမတ်လောင်း အများအပြား ယှဉ်ပြိုင်ကြသည့်အခါများရှိခဲ့သည်။

ယခုစနစ်သစ်အရ မဲဆန္ဒနယ်တစ်နယ်မှ အမတ်တစ်ဦးစီကိုသာ ရွေးချယ်တင်မြှောက်ရမည် ဖြစ်သည်။ မဲဆန္ဒနယ် ၃၀၀ အတွက် အမတ် ၃၀၀ ရှိမည်ဖြစ်သည်။

နိုင်ငံရေး ပါတီများက အချိုးအစားအားဖြင့် အမတ် ၂၀၀ ရွေးချယ်ရမည်ဖြစ်ရာ စုစုပေါင်း ၅၀၀ ရှိမည်ဖြစ်သည်။

**သုံးပွင့်ဆိုင်ဖက်စပ်** – အထက်ကဖော်ပြခဲ့သည့်အတိုင်း ဝန်ကြီးချုပ်မူရာယာမသည် စီးပွားရေးကို အာရုံစိုက်သူဖြစ်သည်။ ထို့အပြင် ရင်ဆိုင်ဆန့်ကျင်ရေးထက် ဆွေးနွေးဖြေရှင်းဆက်သွယ်ရေးကို လိုလားသူဖြစ်သည်။

စီးပွားရေး၊ နိုင်ငံရေးဒွန်တွဲပါရှိသော လုပ်ငန်းတစ်ရပ်သည် ဩဂုတ်လဆန်းပိုင်းက တိုင်းကျော်ပြည်ကျော် ဖြစ်လာခဲ့သည်။

ဂျပန်၊ တရုတ်နှင့် အမေရိကန်တို့ ပါဝင်ဆက်နွှယ်သော ဂျက်လေယာဉ်တည်ဆောက်မှုဖြစ်သည်။ ဂျပန်မှ လေယာဉ်ကုမ္ပဏီကြီး ငါးခု၊ အမေရိကန်မှ ဘိုးအင်းကုမ္ပဏီ နှင့် တရုတ်အစိုးရ သုံးဦးသုံးဖလှယ်ပေါင်းစပ်၍ တည်ဆောက်မည့် ဂျက်လေယာဉ်သည် ခရီးသည် ၁၀၀ တင်ဆောင်နိုင်မည် ဖြစ်သည်။ တရုတ်ပြည်၊ မြို့ကြီးများအကြား ဆက်သွယ်ပျံသန်းမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ခရီးသည် ၇၅ ဦးတင်နိုင်သော ဂျက်လေယာဉ်ကိုအသုံးပြုလျက်ရှိသဖြင့် လူဦးရေပေါများသော တရုတ်ပြည်တွင် လူ ၁၀၀ ဆံ့သည့် ပို၍ ကြီးမားသော လေယာဉ်တည်ဆောက်ရန် လိုအပ်လာသည်။ ဤသို့လုပ်ငန်းသစ်များ ပေါ်ထွက်လာဖြင့်ဖြင့်ဂျပန်၏အလုပ်လက်မဲ့ တစ်သန်းရစ်သိန်း ပြဿနာကို သက်သာစေလိမ့် မည်ဟု ယူဆရသည်။

**အာကာသသိပ္ပံ** – စက်မှုသိပ္ပံပိုင်းတွင် ထူးချွန်ပြီးဖြစ်သော ဂျပန်တို့သည် အာကာသသိပ္ပံဘက်သို့ တိုးချဲ့ကြိုးပမ်း လုပ်ဆောင်လာကြသည်။ဒုံးကျည်လွှတ်တင်ရန်ကို အားသွန်ခွန်စိုက်ခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် “အိတ်ချ်–၂” ဒုံးကျည်ကို လွှတ်တင်ရန် ကြိုးပမ်းရာ မအောင်မြင်သဖြင့် အစီအစဉ်ကို ပယ်ဖျက်လိုက်ရသည်။

သို့ဖြစ်လင့်ကစား ဩဂုတ် ၂၈ ရက်နေ့ ညနေ ၄ နာရီ ၅၀ မိနစ်အချိန်တွင် “အိတ်ချ်–၂” ဒုံးကျည်ကို အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့သည်။ ယခုဒုံးကျည်တွင် အမေရိကန်လုပ်ပစ္စည်းများကို မသုံးဘဲ ဂျပန်စက်မှုသိပ္ပံဖြင့် ဖန်တီးထားသော ပစ္စည်းများကိုသာ အသုံးပြုသည်။

အိတ်ချ် – ၂ ဒုံးကျည်သည် မြေပြင်အထက် မိုင် ၂၂၃၀၀ တွင် ရပ်တည်နေမည့် ဆက်သွယ်ရေး ဂြိုဟ်တုကို လွှင့်တင်ထားလိုက်သည်။ ဤသို့ဖြင့် ဂျပန်နိုင်ငံသည် ငွေကြေးအကျိုးအမြတ်ထွက်မည့် သတင်းဆက်သွယ်ရေး ဂြိုဟ်တုလောကသို့ ဝင်ရောက်လာပြီဖြစ်သည်။

**ဦးဘသောင်း**

**ကျော်ဂျီယာသမ္မတနိုင်ငံ။** ။ကျော်ဂျီယာနိုင်ငံ အက်ဘ်ခါဇီယာဒေသတွင် ခွဲထွက်ရေးသူပုန်များက ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ထိုးစစ်ဆင်နွှဲခဲ့ရာ အခြေအနေမှာ ဆိုးဝါးပြင်းထန်လာသဖြင့် ကျော်ဂျီယာခေါင်းဆောင် ရှီဗာ့နာဇေအဖို့ အခက်ကြုံခဲ့ရသည်။ အက်ဘ်ခါဇီယာ ခွဲထွက်ရေးသူပုန်တပ်ဖွဲ့များက မြို့တော်ဆူခူမီ ဝန်းကျင်ဒေသ အများအပြားကို သိမ်းပိုက်နိုင်ခဲ့ပြီး ပွဲသိမ်းအဖြစ် မြို့တော်ဆူခူမီကိုပါ ဆက်လက်သိမ်းပိုက်နိုင်ရန် အပြင်းအထန် ထိုးစစ်ဆင်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄၊ စာ–၁၈၂-ရှု) ဤသို့ဖြင့် ပင်လယ်နက်ဒေသအပန်းဖြေစခန်းမြို့ ဖြစ်သည့် မြို့တော်ဆူခူမီမှာ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့တွင် အက်ဘ်ခါဇီယာခွဲထွက်ရေး သူပုန်များလက်သို့ ကျရောက်သွားခဲ့သည်။ ရှီဗာနာဇေကိုယ်တိုင် စက်တင်ဘာ ၂၈ ရက်နေ့တွင် ဆူခူမီမြို့တော်မှ လေယာဉ်ဖြင့် စွန့်ခွာခဲ့ရသည်။ ဆူခူမီမြို့တော် သူပုန်လက်သို့ ကျရောက် သွားရခြင်းမှာ ရုရှားနိုင်ငံ၏ လက်ချက်ဖြစ်သည်ဟု ရှီဗာနာဇေက ပြစ်တင်ပြောကြားခဲ့သည်။ ဆူခူမီမြို့တော် ကျဆုံးသွားခြင်းနှင့်အတူ အက်ဘ်ခါဇီယာဒေသ ပြည်တွင်းစစ်မှာလည်း တစ်စခန်းရပ်သွားခဲ့သည်။

အခြားတစ် ဖက်တွင် ကျော်ဂျီယာနိုင်ငံသည် သမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယားအား သစ္စာခံသည့် တပ်ဖွဲ့များ၏ ပုန်ကန်ထကြွမှုများကို ကျော်ဂျီယာအနောက်ပိုင်းဒေသတွင် နှိမ်နင်းတိုက်ခိုက်ခဲ့ရသည်။ ဂမ်ဆတ်ဟာ ဒီးယား၏ သူပုန်တပ်ဖွဲ့များက ပိုတီ၊ ဆမ်ထရီဒီယာနှင့် ဇတ်ဒီဒီမြို့များကို သိမ်းပိုက်ခဲ့သည်။ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်နေ့မှစတင်ကာ ကျော်ဂျီယာအစိုးရတပ်ဖွဲ့များက တန်ပြန်တိုက်ခိုက်ခဲ့ရာ အထက်ပါမြို့များကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ အချက်အချာကျသည့် ကားလမ်းများနှင့် မီးရထားလမ်းများကို ကျော်ဂျီယာတပ်ဖွဲ့များက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ သမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယားသည် ၎င်း၏ လက်ကျန်တပ်ဖွဲ့များနှင့်အတူ အက်ဘ်ခါဇီယာ ခွဲထွက်ရေးဒေသ ဂါလီမြို့သို့ ပြန်လည်ဆုတ်ခွာသွားပြီဟု ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့တွင် ကျော်ဂျီယာရေဒီယိုက ကြေညာခဲ့သည်။

**ဂမ်ဆတ်ဟာဒီးယားသေဆုံးခြင်း** — ကျော်ဂျီယာသမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယားသည် ကျော်ဂျီယာအနောက်ပိုင်း ဒေသများတွင် ရန်သူများအဝိုင်းခံရပြီးနောက် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် မိမိကိုယ်ကို မိမိ အဆုံးစီရင်သွားသည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။

ဂမ်ဆတ်ဟာဒီးယားသေဆုံးမှုသတင်းနှင့်စပ်လျဉ်း၍ ကျော်ဂျီယာလုံခြုံရေးဝန်ကြီး၏ လက်ထောက်ဖြစ်သူက ရည်ညွှန်းပြောဆိုရာတွင် သမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယား၏ သေဆုံးမှုသတင်းကိုကြားသိရကြောင်း၊ ဂမ်ဆတ်ဟာဒီးယား အသတ်ခံရသည် သို့မဟုတ် မိမိကိုယ်မိမိ အဆုံးစီရင်သွားသည်ကိုမူ မပြောကြားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဂမ်ဆတ်ဟာဒီးယားကို ၎င်း၏ ဘက်တော်သားများက အာဇာနည်သူရဲကောင်းတစ်ဦး အဖြစ် ဖန်တီးရန် သတ်ပစ်လိုက်ခြင်းဖြစ်နိုင်ကြောင်း၊ ဂမ်ဆတ်ဟာဒီးယားနှင့် ၎င်း၏ စစ်ဦးစီးချုပ်ဟောင်းတို့ အပြင်းအထန် အချင်းများခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့ကြောင်း ကျော်ဂျီယာ လုံခြုံရေးဝန်ကြီး၏ လက်ထောက် ဖြစ်သူက ထင်မြင်ချက် ပေးခဲ့သည်။

၁၉၉၂ ခုနှစ် ဇန်နဝါရီလက ပြည်တွင်းစစ်ပွဲတွင် သမ္မတရာထူးမှ ဖယ်ရှားခြင်းခံရသော ဂမ်ဆတ်ဟာဒီးယားသည် ၎င်း၏နေရာကို ဆက်ခံသူ ယခင်ဆိုဗီယက် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဟောင်း ရှီဗာနာဇေကို ဆန့်ကျင်လျက် ကျော်ဂျီယာအနောက်ပိုင်းဒေသတွင် ထကြွပုန်ကန်မှုကို ဦးဆောင်လှုပ်ရှားခဲ့သည်။ သို့ရာတွင် ရှီဗာနာဇေ၏ တပ်ဖွဲ့များက အပေါ်စီးရကာ ပုန်ကန်ထကြွမှုများကို နှိမ်နင်းနိုင်ခဲ့ရာ ဂမ်ဆတ်ဟာဒီးယား၏ အနေအထားမှာ ယိမ်းယိုင်ခဲ့သည်။

ကျော်ဂျီယာသမ္မတ ရှီဗာနာဇေ



ဂမ်ဆတ်ဟာဒီးယားသည် ရုရှားပြည်ထောင်စုမှ ခွဲထွက်ခဲ့သည့် ချီချင်ယာဒေသတွင် ခိုလှုံခဲ့ပြီးနောက် ၁၉၉၃ ခုနှစ် ဆောင်းဦးပေါက်တွင် ဂျော်ဂျီယာအနောက်ပိုင်းဒေသသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။ ၎င်း၏ဇနီးနှင့် မိသားစုမှာ ယင်းဒေသတွင် ယခုတိုင် ခိုလှုံလျက်ပင်ရှိသည်။

နာမည်ကျော် ဝတ္ထုရေးဆရာတစ်ဦး၏ သားဖြစ်သူ ဂမ်ဆတ်ဟာဒီးယားသည် ဆိုဗီယက်ဆန့်ကျင်ရေးသဘောထားကွဲလွဲသူတစ်ဦးအဖြစ် အသက် ၁၇ နှစ်အရွယ် ၁၉၅၆ ခုနှစ်တွင် ပထမဆုံး အဖမ်းခံခဲ့ရသည်။ တစ်ဖန် ၁၉၇၇ ခုနှစ်တွင် လူ့အခွင့်အရေးအုပ်စု တစ်ခုဖွဲ့စည်းထူထောင်ခဲ့ရာ ဖမ်းဆီးခြင်း ခံခဲ့ရပြန်သည်။

သီးသန့်အခန်းတွင် တစ်ဦးတည်း တစ်နှစ်ကြာအကျဉ်းချခံရပြီးနောက် ရုံးတင်စစ်ဆေးခဲ့ရာ ဆိုဗီယက်ဆန့်ကျင်ရေးဝါဒဖြန့် လုပ်ရပ်များအတွက် ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထို့နောက် နှစ်နှစ်အကြာတွင် ၎င်း၏ အယူအဆသဘောထားကို စွန့်လွှတ်ကြောင်း ရုပ်မြင်သံကြားမှ တစ်ဆင့် ပြောကြားခဲ့ပြီးနောက် ထောင်မှလွတ်ခဲ့သည်။

ထောင်မှ လွတ်မြောက်ခဲ့ပြီး ၁၀ နှစ်အကြာတွင် ဂမ်ဆတ်ဟာဒီးယားသည် ဂျော်ဂျီယာလွတ်လပ်ရေးလှုပ်ရှားမှုတွင် ရှေ့တန်းမှပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဂျော်ဂျီယာပါလီမန် ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ဂမ်ဆတ်ဟာဒီးယားသည် ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်ခဲ့ပြီး ဂျော်ဂျီယာနိုင်ငံ၏ လွတ်လပ်ရေးကို ကြေညာခဲ့သူဖြစ်သည်။ ယင်းကာလသည် သူ၏ အအောင်မြင်အကျော်ကြားဆုံး အချိန်များပင်ဖြစ်သည်။ ၁၉၉၁ ခုနှစ် မေလတွင် ကျင်းပသည့် သမ္မတရွေးကောက်ပွဲ၌ အပြတ်အသတ်အောင်ပွဲဆင်ကာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄ -စာ၊ ၁၇၅-၅။)

သမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယား သေဆုံးမှုနှင့်စပ်လျဉ်းပြီး ဂျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေ ၎င်းသေဆုံးမှုသတင်းမှာ စစ်ဒဏ်ခံနေရသည့် ဂျော်ဂျီယာနိုင်ငံအတွက် အရေးမပါကြောင်း ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၆ ရက်နေ့တွင် ဝေဖန်ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် ဂမ်ဆတ်ဟာဒီးယားအသက်ရှင်လျက်ပင် ရှိသေးသည်ဟု သတင်းများထွက်ပေါ်နေခဲ့သည်။ သို့ရာတွင် ဂမ်ဆတ်ဟာဒီးယားခိုလှုံခဲ့သည့် ချီချင်ယာဒေသမှ ကိုယ်စားလှယ်များ ဂျော်ဂျီယာနိုင်ငံမြို့တော် တီဘလီစီသို့ အလည်အပတ်ရောက်ရှိရာတွင် ဂမ်ဆတ်ဟာဒီးယားသေဆုံးမှုသတင်းကို ဇန်နဝါရီ ၅ ရက်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ရှီဗာနာဇေက ဂမ်ဆတ်ဟာဒီးယား အမှန်တကယ်သေဆုံးခြင်းဟုတ်မဟုတ်ကို စုံစမ်းဖော်ထုတ်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ရုရှားမှ ခွဲထွက်ခဲ့သည့် ချီချင်ယာသမ္မတနိုင်ငံမြို့တော် ဂရို့ဇ်နီသို့စေလွှတ်ခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့က ဂမ်ဆတ်ဟာဒီးယားသေဆုံးမှုနှင့်ပတ်သက်၍ မျက်မြင်သက်သေနှစ်ဦးကို စုံစမ်းဖော်ထုတ်နိုင်ခဲ့သည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်နှစ်ဦးအား တွေ့ဆုံမေးမြန်းခြင်းမပြုရန် ဂမ်ဆတ်ဟာဒီးယားမိသားစုကတားဆီးကြသည်။ ထို့ပြင် ဂမ်ဆတ်ဟာဒီးယားအလောင်းအားခွဲစိတ်စစ်ဆေးရန်ကိုလည်း ၎င်း၏မိသားစုက ခွင့်မပြုခဲ့ပေ။ သို့ဖြစ်ရာ ဂမ်ဆတ်ဟာဒီးယားအလောင်းရှိသည့် နေရာမှာ မရေမရာဖြစ်နေခဲ့သည်။ ဂမ်ဆတ်ဟာဒီးယားအား ၎င်းသေဆုံးခဲ့သည့် နေရာဖြစ်သည့် ဂျော်ဂျီယာကျေးရွာ တစ်ရွာတွင် မြှုပ်နှံထားကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ဂမ်ဆတ်ဟာဒီးယား၏ ဇနီးဖြစ်သူ မာနာနာက ၎င်း၏ခင်ပွန်းအား ဂရို့ဇ်နီမြို့တွင် မြှုပ်နှံသင်္ဂြိုဟ်ရန် ဆန္ဒရှိသည်ဟုပြောကြားခဲ့သည်။ သို့ရာတွင် သူမက ဂမ်ဆတ်ဟာဒီးယား၏အလောင်းမှာ လုံခြုံစိတ်ချရသည့်နေရာတွင်ရှိကြောင်း ပြောကြားပြီး အလောင်းရှိသည့်နေရာကို ထုတ်ဖော်ပြောကြားရန်ကိုမူ ငြင်းဆိုခဲ့သည်။

ဇန်နဝါရီ ၁၉ ရက်နေ့တွင် ရှီဗာနာဇေက စေလွှတ်လိုက်သော စုံစမ်းရေးအဖွဲ့ခေါင်းဆောင်က ဂမ်ဆတ်ဟာဒီးယားသေဆုံးသွားသည်မှာ လုံးဝသံသယရှိစရာ မလိုကြောင်း ပြောကြားပြီးမည်သည့်အကြောင်းကြောင့် သေဆုံးသည်ကို အတည်ပြုနိုင်ရန် ဆေးဘက်ကျွမ်းကျင်သူများ ပါဝင်သည့် နိုင်ငံတကာအဖွဲ့တစ်ဖွဲ့က ဂမ်ဆတ်ဟာဒီးယား၏ အလောင်းကို မကြာမီခွဲစိတ်စစ်ဆေးလိမ့်မည်ဟု ကြေညာခဲ့သည်။ ယင်းကြေညာချက်ထွက်ပေါ်ခဲ့ပြီးနောက် ဂမ်ဆတ်ဟာဒီးယား၏ ဇနီးဖြစ်သူက ဂျော်ဂျီယာအာဏာပိုင်များသည် သူမ၏ ခင်ပွန်း

သမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယား



အလောင်းကိုရှာဖွေတွေ့ရှိခဲ့ပြီး သူမအားပြန်လည်လွှဲအပ်ရန် ငြင်းဆိုလျက်ရှိသည်ဟု စွပ်စွဲခဲ့သည်။ သို့ဖြစ်ရာ ဂမ်ဆတ်ဟာဒီးယားအလောင်းကို ကျော်ဂျီယာမြို့တော် တီဘလီစီသို့ သယ်ဆောင်သွားပြီဟု ထင်မြင်ယူဆချက်များ ဖြစ်ပေါ်စေခဲ့ပေသည်။ ဂမ်ဆတ်ဟာဒီးယား၏ ဇနီးစွပ်စွဲချက်များမှာ မဟုတ်မမှန်ကြောင်း ကျော်ဂျီယာမှ တာဝန်ရှိသူများက ငြင်းဆိုခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ကျော်ဂျီယာ ခေါင်းဆောင် ရှီဗာနာဇေက သမ္မတဟောင်းနှင့် သူပုန်ခေါင်းဆောင်ဟောင်းဖြစ်သည့်ဂမ်ဆတ်ဟာဒီးယားကို ထောက်ခံသည့် လက်နက်ကိုင်တပ်ဖွဲ့က ကျော်ဂျီယာအနောက်ပိုင်း လျှို့ဝှက်သည့်နေရာတွင်ရှိသည့် ဂမ်ဆတ်ဟာဒီးယား၏ ဂူကိုစောင့်ကြပ်လျက်ရှိကြောင်း ဇန်နဝါရီ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဤအခြေအနေတွင် ကွယ်လွန်သူ သမ္မတဟောင်း ဂမ်ဆတ်ဟာဒီးယားကို ထောက်ခံသူ ၁၈ ဦးတို့က ကျော်ဂျီယာ ပါလီမန်လှေကားထစ်တွင် ဇန်နဝါရီ ၂၄ ရက်နေ့က အစာတော်ခံ ဆန္ဒပြရာ ၄င်းတို့အား ရဲက ဖမ်းဆီးခဲ့သည်။ ဆန္ဒပြသူများက ဂမ်ဆတ်ဟာဒီးယားသေဆုံးမှုနှင့် စပ်လျဉ်းပြီး စုံစမ်းမှုအစီအစဉ်ကို ရွှေ့ဆိုင်းရန် ကျော်ဂျီယာအစိုးရအား တောင်းဆိုခဲ့သည်။

ဂမ်ဆတ်ဟာဒီးယားသေဆုံးမှုအား ကျော်ဂျီယာအစိုးရက ဆက်လက်စုံစမ်းခဲ့ရာ နောက်ဆုံးတွင် ၄င်း၏အလောင်းအား တူးဖော်တွေ့ရှိခဲ့သည်။ ဂမ်ဆတ်ဟာဒီးယား၏အလောင်းအား ကျော်ဂျီယာအနောက်ပိုင်းတစ်နေရာမှ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် တူးဖော်တွေ့ရှိခဲ့ရာ ကျော်ဂျီယာအစိုးရက ၄င်း၏ သေဆုံးမှုကို အတည်ပြုခဲ့သည်။ ရုရှားမှခွဲထွက်ခဲ့သည့် ချီချင်ယာနှင့် ကျော်ဂျီယာမှ ပူးတွဲကော်မရှင်တစ်ရပ်က စနယ်ဇင်းသမားများလိုက်ပါလျက် တစ်ပိုင်းတစ်စ ပုပ်နံပျက်နေသည့် ဂမ်ဆတ်ဟာဒီးယား အလောင်းကို စုံစမ်းဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ အလောင်းတွင် ဦးခေါင်း၌ သေနတ်ထိမှန်ထားသည့် ဒဏ်ရာတွေ့ရှိရသည်။

**ဝန်ကြီးများ လုပ်ကြံသတ်ဖြတ်ခံရခြင်း** – ကျော်ဂျီယာ ဒုတိယကာကွယ်ရေးဝန်ကြီး၏နေအိမ်တွင် ဖေဖော်ဝါရီ ၃ ရက်နေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဒုတိယ ကာကွယ်ရေးဝန်ကြီး သေဆုံးခဲ့ရသည်။ အဆိုပါဗုံးပေါက်ကွဲမှုမှာ ကျော်ဂျီယာသို့ လာရောက်သော ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်၏ ခရီးစဉ်ကို အနှောင့်အယှက်ပြုရန် ကြိုးပမ်းမှုတစ်ရပ် သို့မဟုတ် ကျော်ဂျီယာစစ်ဘက်နှင့် လျှို့ဝှက်ထောက်လှမ်းရေးရဲ့အဖွဲ့တို့ အကြား ကာလရှည်ကြာစွာ ဖြစ်ပွားခဲ့သည့် အာဏာယှဉ်ပြိုင်မှု တစ်ရပ်ဟု ပြောဆိုရန်မှာ မရှင်းမလင်း ဖြစ်နေခဲ့သည်။ ဗုံးဖောက်ခွဲမှုမှာ မည်သူ့လက်ချက်ဖြစ်သည်ဟု ပြောဆိုကြေညာမှု မရှိခဲ့ချေ။

ယင်းလုပ်ကြံသတ်ဖြတ်မှုမှာ ကျော်ဂျီယာနှင့်ရုရှားနိုင်ငံတို့ အကြားစီးပွားရေးနှင့်စစ်ရေးဆက်ဆံမှုများဆွေးနွေးရန် အတွက် ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး ပါဗယ်ဂရာချက်တို့ ကျော်ဂျီယာနိုင်ငံမြို့တော်တွင် ရောက်ရှိနေသည့်အချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ယခင်ဆိုဗီယက်ပြည်ထောင်စု ဟောင်း၏ကြည်းတပ်စခန်း အနည်းဆုံး ငါးခုကို ကျော်ဂျီယာ၊ အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့တွင် ဆက်လက်ထားရှိလိုပြီး ယင်းဒေသတွင် တပ်သား ၂၃,၀၀၀ ခန့် တပ်စွဲထားလိုသည်ဟု ဂရာချက်က ပြောကြားခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်ကာ လွတ်လပ်ရေး ကြေညာခဲ့ပြီးနောက် ကျော်ဂျီယာနိုင်ငံသည် ပြည်တွင်း စစ်ဒဏ်ခံခဲ့ရပြီး ငြိမ်ဝပ်ပိပြားမှု ပျက်ပြားခဲ့ရသည်။

၁၉၉၃ ခုနှစ် ဒီဇင်ဘာလက လုံခြုံရေးဝန်ကြီးဌာန အဆောက်အအုံ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရပြီး အရာရှိ နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ လျှို့ဝှက်ရဲအဖွဲ့အရာရှိများက ယင်းဗုံးပေါက်ကွဲမှုကို ကာကွယ်ရေးဝန်ကြီးဌာန အပေါ် အပြစ်ဖို့ထားသည်။ ကာကွယ်ရေးဝန်ကြီးဌာနကလည်း ၄င်းတို့တွင် တာဝန်မရှိကြောင်း ငြင်းဆိုခဲ့သည်။

ယင်းသို့ရှိနေစဉ် ကျော်ဂျီယာ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ် ကျော်ဂျီကာကာရှက်ရှ်ဗီလီသည် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ အက်ဘ်ခါဇီယာ ခွဲထွက်ရေးဒေသအား ခွဲထွက်ရေးသမားအင်အားစုများက သိမ်းပိုက်ခြင်းကို မဟန့်တားနိုင်ခြင်းအတွက် နုတ်ထွက်ခြင်း ဖြစ်သည်ဟု ၄င်းကအကြောင်းပြသည်။ သို့ရာတွင် ကျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေနှင့် ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်တို့နှစ်နိုင်ငံအကြား စစ်ရေး ဆက်ဆံရေးများ ပိုမိုနီးကပ်စွာ ဆောင်ရွက်ရန် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းအား ဆန့်ကျင်သည့်အနေဖြင့် နုတ်ထွက်ခြင်းဖြစ်သည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

ကာကာရှတ်ရှ်ဗီလီသည် ကာကွယ်ရေးဝန်ကြီးအဖြစ် ရှိနေစဉ် အခြားသောဝန်ကြီးများနှင့် မကြာခဏဆိုသလို အချင်းများခဲ့ပြီး လုံခြုံရေးဝန်ကြီးနှင့် ထိုးကြိတ်သည်အထိ ဖြစ်ခဲ့ရသည်။ ၄င်း၏ ရင်းနှီးသော မိတ်ဆွေဖြစ်သည့် ဒုတိယကာကွယ်ရေးဝန်ကြီး လုပ်ကြံသတ်ဖြတ်မှုကို စုံစမ်းစစ်ဆေးသည့်အခါ ၄င်း၏အနေအထားကို ချိန့်စေခဲ့သည်။ ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာန၌ အဂတိလိုက်စားမှုများ

ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေကြောင်း ဖော်ထုတ်ခဲ့ရာ အောက်လက်ငယ်သား စစ်သားများ၏ အထူးလေးစားခြင်း ခံရသည့်ကာကာရှတ်ဗ်ရှီဗိလီ၏ ဂုဏ်သိက္ခာကို ထိခိုက်ခဲ့ရသည်။

နုတ်ထွက်သွားသော ၄င်း၏ နေရာတွင် ရှီဗာနာဇေက ယာယီကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် ရှီဗာနာဇေက ရုရှား ကြည်းတပ်မှ ဒုတိယ ဗိုလ်ချုပ်ကြီးဟောင်းဖြစ်သူ ဗာဒီကိုနာဒီ ဘိုင်ဇေကို ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ရွေးချယ်ခဲ့ရာ ကျော်ဂျီယာ ပါလီမန်က ဧပြီ ၂၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ဧပြီလအတွင်း နောက်ထပ်လုပ်ကြံသတ်ဖြတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြန်သည်။ အရှိန်ဖြင့် မောင်းနှင်နေသော ကားတစ်စီး အတွင်းမှ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဒုတိယ ပြည်ထဲရေးဝန်ကြီးသေဆုံးခဲ့ရသည်။ မည်သူ၏ လက်ချက် ဖြစ်သည်ဆိုသည့် ထုတ်ဖော်ကြေညာချက် မရှိခဲ့ချေ။ အာဏာပိုင်များအနေဖြင့် သမ္မတဟောင်း ဂမ်ဆက်ဟာ ဒီးယားအား ထောက်ခံသူများကို သံသယရှိခဲ့သည်။ ယင်းပြည်ထဲရေး ဒုတိယဝန်ကြီးသည် လွန်ခဲ့သောလများက ကျော်ဂျီယာအနောက်ပိုင်းတွင် အစိုးရကို ဆန့်ကျင်တိုက်ခိုက် နေသည့် သူပုန်များ၏ ဖမ်းဆီးမှုကိုခံရပြီး သေဒဏ်ချမှတ် ခံရရာ ကျော်ဂျီယာ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့က ကယ်တင်ခဲ့သဖြင့် သေဘေးမှ သီသီကလေး လွတ်မြောက် ခဲ့သူဖြစ်သည်။

**အက်ဘ်ခါဇီယာဒေသကိုယ်ပိုင်အုပ်ချုပ်ရေးဆွေးနွေးပွဲ** – ကျော်ဂျီယာအစိုးရ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အက်ဘ်ခါဇီယာ ခွဲထွက်ရေးဒေသမှ ကိုယ်စားလှယ်များသည် အက်ဘ်ခါ ဇီယာဒေသ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ဂျိနီဗာမြို့၌ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပထမအကြိမ် ဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲ ဖြစ်မြောက်ရန် ကုလသမဂ္ဂ ကိုယ်စားလှယ် အက်ဒွပ်ဘရန်းနားနှင့် ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ပက်စ်တူခေါ့ဗ်တို့က ကြားဝင်စေ့စပ်ပေးခဲ့ခြင်း ဖြစ်သည်။ ဆွေးနွေးပွဲတွင် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့က နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးခဲ့သော အကြို အပစ်အခတ်ရပ်စဲရေးကို ဆက်လက်လိုက်နာရန်နှင့် စစ်သုံ့ပန်းလဲလှယ်ရေးအပါအဝင် ကျော်ဂျီယာ စစ်ဘေး ဒုက္ခသည်များ နေရပ်သို့ ပြန်လာနိုင်ရေး စသည်ဖြင့် အချက် ရှစ်ချက်ပါ နားလည်မှုစာချွန်လွှာတို့ကို သဘောတူညီ ခဲ့ကြသည်။ ၁၉၉၃ ခုနှစ် စက်တင်ဘာလတွင် အက်ဘ်ခါဇီယာ သူပုန်များက မြို့တော် ဆူခူမီကို ရှောင်တခင် ထိုးစစ်ဆင်ကာ သိမ်းပိုက်ခဲ့ရာ အနည်းဆုံး ပြည်သူ တစ်သိန်းခန့် အိုးအိမ် များကို စွန့်ခွာထွက်ပြေးခဲ့ကြသည်။ သူပုန်များ၏ အောင်ပွဲက ကျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေကို အရှက်ရစေခဲ့ပြီး အက်ဘ်ခါဇီယာ ခွဲထွက်ရေးဒေသတွင် တစ်နှစ်ကျော်ကြာ တိုက်ပွဲများဖြစ်နေမှုကို အဆုံးသတ်သွား စေခဲ့သည်။

ဒုတိယ အကြိမ်ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နေ့တွင် မော်စကိုမြို့၌ ပြန်လည်စတင်ကျင်းပနေဆဲမှာပင် ကျော်ဂျီယာနှင့် အက်ဘ်ခါဇီယာတို့ တိုက်ခိုက်မှုများ ပြန်ဖြစ် ခဲ့သည်။ ကျော်ဂျီယာက အက်ဘ်ခါဇီယာ ခွဲထွက်ရေးဒေသရှိ တိုက်ပွဲဖြစ်ပွားနေသည့်နေရာသို့ကုလသမဂ္ဂမှ လေ့လာသူများ လာရောက်ရန်ပန်ကြားခဲ့သည်။ ကျော်ဂျီယာနှင့် အက်ဘ်ခါဇီယာ တို့က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ချိုးဖောက် မှုကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စွပ်စွဲခဲ့ကြသည်။

တိုက်ပွဲဖြစ်ပွားနေသည့်နေရာမှာ အက်ဘ်ခါဇီယာ ဒေသတောင်ပိုင်းရှိ နယ်စပ်ခရိုင်မြို့ ဂါလီတွင်ဖြစ်သည်။ လေးရက်ကြာတိုက်ပွဲကြောင့် လူအမြောက်အများ သေဆုံး ခဲ့ပြီး လူ ၃၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ကာ အိမ်ခြေ ၈၀၀ ပျက်စီးခဲ့သည်။

အက်ဘ်ခါဇီယာ တို့ အနေဖြင့် ၄င်းတို့ဒေသတွင် ကျန်ရှိ နေသေးသည့် ကျော်ဂျီယာမျိုးနွယ်များကို မောင်းထုတ်ရန်နှင့် ကျော်ဂျီယာလူမျိုး နှစ်သိန်းခန့် နေရပ်သို့ ပြန်လာမည့် အရေးကို ဟန့်တားရန် မြေလှန်ဖျက်ဆီးသည့် စနစ် ကျင့်သုံးလျက်ရှိသည်ဟု ကျော်ဂျီယာက စွပ်စွဲခဲ့သည်။ အက်ဘ်ခါဇီယာ ခေါင်းဆောင်များက ယင်းစွပ်စွဲချက် မဟုတ်မမှန်ကြောင်း ငြင်းဆိုပြီး ကျော်ဂျီယာတိုက်ခိုက်ရေး သမားများသည် အင်ဂူရီမြစ်ကို ဖြတ်ကာ အက်ဘ်ခါဇီယာ ဒေသအတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်ဟု ပြောကြားသည်။

ဆွေးနွေးပွဲတွင် အက်ဘ်ခါဇီယာကိုယ်စားလှယ်များက အက်ဘ်ခါဇီယာဒေသတွင် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပြီး လွတ်လပ်သည့် အက်ဘ်ခါဇီယာ သမ္မတနိုင်ငံ တစ်နိုင်ငံအဖြစ် လိုလားခြင်းရှိမရှိနှင့် ကျော်ဂျီယာအတွင်း ကွန်ဖက်ဒရေးရှင်း အဆင့်ဖြင့်ရပ်တည်ရေးကို လိုလားခြင်း ရှိမရှိ အစရှိသည့် မေးခွန်းများကို မဲဆန္ဒရှင်များက ဆန္ဒမဲပေး ဆုံးဖြတ်စေရေးကို ဆွေးနွေးပွဲတွင်ပါဝင်သည့် အဖွဲ့အားလုံးက သဘောတူစေချင်သည့် ဆန္ဒရှိနေပေသည်။ ကျော်ဂျီယာ ဘက်မှ ဆွေးနွေးညှိနှိုင်းသူများက ဤကဲ့သို့ မဲဆန္ဒပေး ဆုံးဖြတ်ခြင်းသည် တရားဝင်ဖြစ်စေလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကျော်ဂျီယာနှင့် အက်ဘ်ခါဇီယာ ကိုယ်စားလှယ်များသည် ဆက်လက်ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီး ရုရှားအပါအဝင်

ကုလသမဂ္ဂ အတည်ပြုသည့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များ အက်ဘ်ခါဇီယာဒေသတွင် ချထားနိုင်ရေးကို လမ်းပွင့်စေမည့်ဆွေးနွေးပွဲများအတွက် ပြင်ဆင်ခဲ့ကြသည်။ ဂျီနီဗာမြို့တွင် ကျင်းပသည့် ပထမအကြိမ် ဆွေးနွေးပွဲမှာပင် နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးတပ်ဖွဲ့များချထားရန် အသေးစိတ်အစီအစဉ်ကို အတည်ပြုခဲ့ပြီး အဆိုပါငြိမ်းချမ်းရေး တပ်ဖွဲ့အား အတည်ပြုပေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား တောင်းဆိုခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂ၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်နေ့မှစတင်ပြီး ဒုက္ခသည် ၂၀၀၀၀၀ နေရပ်သို့ ပြန်လည်နိုင်ရေးကိုလည်း အစမ်းသဘောအားဖြင့် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။

ဆွေးနွေးမှုများ ပြုလုပ်နေသည့်ကြားမှပင် အပစ်အခတ်ရပ်စဲရေးကို ရန်ဖန်ရန်ခါဆိုသလို ချိုးဖောက်လျက်ရှိရာ မေလ ၁၄ ရက်နေ့တွင် မော်စကိုမြို့၌ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးခဲ့ပြန်သည်။

ဂျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေကလည်း အက်ဘ်ခါဇီယာ သူပုန်ခေါင်းဆောင် အာဇင်ဘာနှင့် စက်တင်ဘာ ၁၆ ရက်နေ့တွင် မမျှော်လင့်ဘဲတွေ့ဆုံခဲ့သည်။ ရှီဗာနာဇေသည် အက်ဘ်ခါဇီယာဒေသ ဂူဒေါတာမြို့သို့ ဂျော်ဂျီယာ ဒုက္ခသည်များ နေရပ်သို့ပြန်နိုင်ရေးကိစ္စ ဆွေးနွေးညှိနှိုင်းရန် ရောက်ရှိလာခဲ့ရာအာဇင်ဘာနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ရှီဗာနာဇေသည် အာဇင်ဘာနှင့်လေးနာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ပြီး ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်က အမြန်စေလွှတ်လိုက်သည့် ရုရှားကာကွယ်ရေးဝန်ကြီး ပါဗယ်ဂရာချက်နှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့သည်။ အက်ဘ်ခါဇီယာဒေသတွင်ရှိသော ရုရှားငြိမ်းချမ်းရေး တပ်ဖွဲ့များက ထောင်ပေါင်းများစွာသော ဂျော်ဂျီယာလူမျိုးများအား ဂါလီမြို့သို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည့် အစီအစဉ်ကို အက်ဘ်ခါဇီယာ ပါလီမန်က ရှုတ်ချမည့်အရေးကိုတုံ့ပြန်ရန်အတွက် ဂရာချက်အားစေလွှတ်လိုက်ခြင်းဖြစ်သည်။ ယင်းပြဿနာကြောင့် ဒေသဆိုင်ရာ ငြိမ်းချမ်းရေး ကြားဝင်စေ့စပ်ပေးခဲ့သူဖြစ်သည့် ရုရှားနိုင်ငံ၏ သိက္ခာကို ထိခိုက်စေရန် အကြောင်းရှိနေပေသည်။

**ဒုက္ခသည်များ နေရပ်သို့ ပြန်လာနိုင်ရေး –** အက်ဘ်ခါဇီယာဒေသ၌ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မှာ ၁၉၉၃ ခုနှစ် စက်တင်ဘာလတွင် မြို့တော် ဆူခူမီကို အက်ဘ်ခါဇီယာဒေသခွဲထွက်ရေး သူပုန်တပ်ဖွဲ့များက သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ပြီးဆုံးသွားခဲ့သည့်တိုင်အောင် ယင်းဒေသမှ ထွက်ပြေးခဲ့သည့် ဒုက္ခသည်များ ပြဿနာမှာဖြေရှင်းရန် ကျန်နေပေသည်။

အက်ဘ်ခါဇီယာပြည်တွင်း စစ်ကြောင့် ယင်းဒေသမှ ဂျော်ဂျီယာလူမျိုး ၂,၅၀,၀၀၀ ခန့် အိုးအိမ်များကို စွန့်ခွာထွက်ပြေးပြီး ဒုက္ခသည် ဘဝသို့ရောက်ခဲ့ရသည်။ ယခုအခါ ယင်းဒုက္ခသည်များနေရပ်သို့ ပြန်ရေးမှာ အခက်အခဲဖြစ်လျက်ရှိနေသည်။ အကြောင်းမှာ ၎င်းတို့၏ ပစ္စည်းဥစ္စာ အိုးအိမ်များ စစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပြီး ယင်းဒေသမှာ အက်ဘ်ခါဇီယာခွဲထွက်ရေးသမားများ၏ ထိန်းချုပ် လွှမ်းမိုးမှုအောက်တွင်ရှိနေသောကြောင့် ဖြစ်သည်။ စစ်မဖြစ်မီက ယင်းဒေသတွင် ဂျော်ဂျီယာလူမျိုးစုများက အများစုဖြစ်သည်။

အက်ဘ်ခါဇီယာ ခွဲထွက်ရေးထွက်ရေးသူပုန်အုပ်စုနှင့် ဂျော်ဂျီယာတို့မှ ကိုယ်စားလှယ်များသည် စစ်ကြောင့် ထွက်ပြေးခဲ့ရသော ဒုက္ခသည်များ နေရပ်သို့ ပြန်လာရေးကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ အက်ဘ်ခါဇီယာဒေသတွင် ချထားရန် ကုလသမဂ္ဂအား ပူးတွဲပန်ကြားရေးကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ သဘောတူညီမှုတစ်ရပ်ကို ဧပြီ ၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ မော်စကိုမြို့တွင် ပြုလုပ်ခဲ့သည့် အထက်ပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရိုစ်ဂါလီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး အင်ဒရေကိုဇီရက်တို့လည်း တက်ရောက်ကြသည်။

ဆွေးနွေးမှုများဆက်လက်ပြုလုပ်ခဲ့ရာ ရုရှားနိုင်ငံက ကြားဝင်စေ့စပ်ပေးခဲ့သည့် နောက်ထပ်သဘောတူညီချက်တစ်ရပ်ကို မေလအတွင်း ဂျော်ဂျီယာနှင့် အက်ဘ်ခါဇီယာတို့

**အက်ဘ်ခါဇီယာစစ်ပြေး ဒုက္ခသည်များ**



လက်မှတ်ရေးထိုးခဲ့ပြန်သည်။ အဆိုပါသဘောတူညီချက်အရ အက်ဘ်ခါဇီယာဒေသမှ ကျော်ဂျီယာစစ်သားများ ရုပ်သိမ်းသည်နှင့်တစ်ပြိုင်နက် ကျော်ဂျီယာ ဒုက္ခသည်များ နေရပ်သို့ ပြန်လာရေးကို စတင်ဆောင်ရွက်ရန် ဖြစ်သည်။ ဒုက္ခသည်များ၏လုံခြုံရေးကို အာမခံချက်ပေးရန်ရုရှားငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်သား ၃၀၀၀ နှင့် ကုလသမဂ္ဂမှ စောင့်ကြည့်လေ့လာသူ ၁၅၀ ကို အက်ဘ်ခါဇီယာဒေသ၌ ချထားခဲ့သည်။

ဇူလိုင် ၂၁ ရက်နေ့က ပြုလုပ်ခဲ့သည့် ဒုက္ခသည်များ နေရပ်သို့ပြန်လာနိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို အက်ဘ်ခါဇီယာတို့ဘက်က ရွှေ့ဆိုင်းခဲ့သည်။ အချို့ကျော်ဂျီယာ စစ်သားများကို ရုပ်သိမ်းခြင်းမရှိသေးဟု အက်ဘ်ခါဇီယာတို့က စွပ်စွဲခဲ့သည်။ ထို့နောက် ဩဂုတ် ၂၆ ရက်နေ့တွင် ဆွေးနွေးပွဲကို ပြန်လည်စတင်ခဲ့ပြီး ဒုက္ခသည်အချို့ကို ဩဂုတ် ၂၇ ရက်နေ့မှစပြီး ပြန်လည်ဝင်ရောက်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။ ဩဂုတ် ၂၇ ရက်နေ့မှာပင် ကျော်ဂျီယာ ဒုက္ခသည်အချို့နေရပ်သို့ စတင်ပြန်လာခဲ့ကြသည်။

**ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ချထားရေး အစီအစဉ် –** ကျော်ဂျီယာနိုင်ငံ အက်ဘ်ခါဇီယာ ဒေသတွင် ပြည်တွင်းစစ်ရပ်စဲခဲ့ပြီးနောက်ပိုင်း အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးတိုးတက် ဖြစ်ပေါ်စေရေးကို အထောက်အကူပြုနိုင်စေရန် အတွက် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ ချထားရေးမှာ လိုအပ်ချက်တစ်ရပ် ဖြစ်လာပေသည်။ ယင်းလိုအပ်ချက်ကို ကုလသမဂ္ဂက အရေးယူဆောင်ရွက်ခဲ့ပေသည်။

၁၉၉၃ ခုနှစ် ဩဂုတ်လကတည်းကပင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ကျော်ဂျီယာနိုင်ငံအတွင်း ကုလသမဂ္ဂ လေ့လာသူမစ်ရှင်အဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့သည်။ ယင်းအဖွဲ့ဝင်အင်အားကို ထိုနှစ်ဒီဇင်ဘာလတွင် ၅၅ ဦး သတ်မှတ်ခဲ့သည်။ ၁၉၉၄ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့တင်ပြသည့် အစီရင်ခံစာတစ်ရပ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရိုစ်ဂါလီက ကျော်ဂျီယာနိုင်ငံတွင် လက်နက်မဲ့ ကုလသမဂ္ဂ စစ်ဘက်ဆိုင်ရာ လေ့လာစောင့်ကြည့်သူ ၅၅ ဦးဆက်လက် ထားရှိရေးကို ထောက်ခံတင်ပြခဲ့သည်။

ကျော်ဂျီယာအစိုးရနှင့် အက်ဘ်ခါဇီယာ ခွဲထွက်ရေးသမားများ ကလည်း ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့များ ချထားရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အမိန့်ချမှတ်ပေးရေးကို တောင်းဆိုရန်သဘောတူခဲ့ကြသည်။ ထို့ပြင်ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့တွင် ရုရှားနိုင်ငံက ပါဝင်ဆောင်ရွက်ရေးကိုလည်း သဘောတူခဲ့သည်။ သို့ဖြစ်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့များ ချထားနိုင်ရန်မှာကျော်ဂျီယာနှင့် အက်ဘ်ခါဇီယာတို့ ငြိမ်းချမ်းရေး ဆွေးနွေးမှု တိုးတက်ဖြစ်ပေါ်မှုများအပေါ်တွင် တည်နေပေသည်။

အမေရိကန်သမ္မတ ကလင်တန်က အမေရိကန်ပြည်ထောင်စုအနေဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များ ကျော်ဂျီယာ၌ ချထားရေးကို ထောက်ခံမည်ဖြစ်ကြောင်း မတ်လ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဆက်လက်၍ သမ္မတ ကလင်တန်က ကျော်ဂျီယာတွင် ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်လာ သည်နှင့် အမျှ အမေရိကန်အစိုးရသည် လူသားချင်း စာနာထောက်ထားသည့် အကူအညီအဖြစ် ကျော်ဂျီယာသို့ ဒေါ်လာသန်း ၇၀ ပေးကမ်းရန်လျာထားပြီး ဖြစ်ကြောင်းနှင့် စက်မှုနည်းပညာအကူအညီပိုမိုပေးရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

သမ္မတ ကလင်တန်သည် အထက်ပါစကားများကို ဝါရှင်တန်ရှိ သမ္မတအိမ်ဖြူတော်သို့ လာရောက်သော ကျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေနှင့် တွေ့ဆုံအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ရှီဗာနာဇေသည် ကျော်ဂျီယာသမ္မတတစ်ဦးအဖြစ် အမေရိကန် သမ္မတအိမ်ဖြူတော်သို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်သည်။ ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်း သမ္မတ ဂေါ်ဘာချော့ လက်ထက်တွင် ဆိုဗီယက်နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ရှိခဲ့စဉ်က ရှီဗာနာဇေသည် အိမ်ဖြူတော်သို့ မကြာခဏ ဆိုသလိုရောက်ရှိခဲ့ဖူးသည်။

ရုရှားနိုင်ငံအနေဖြင့် အက်ဘ်ခါဇီယာဒေသသို့ ရုရှားငြိမ်းချမ်း ရေးထိန်းသိမ်းမှုတပ်ဖွဲ့များ စေလွှတ်စေချင်သည့် ဆန္ဒရှိနေပေသည်။ သို့ရာတွင် ယင်းကိစ္စကို ရုရှားအထက်လွှတ်တော်က အတည်ပြုပေးရန်လိုအပ်ပေသည်။ တစ်ဖက်တွင် အခြေခံအားဖြင့် ကျော်ဂျီယာသည်မိမိနိုင်ငံ၏ပြည်တွင်းရေးတွင် ရုရှားတို့ ပါဝင်ပတ်သက်မည်ကို ဆန့်ကျင်ပေသည်။ သို့ဖြစ်သည့်တိုင်အောင် ရှီဗာနာဇေသည် ကျော်ဂျီယာတွင် တည်ငြိမ်မှုရှိစေရေးအတွက် ရုရှားထံမှ အကူအညီ တောင်းခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ ရုရှားသမ္မတ ဘောရစ်ယဲလ်ဆင်သည် ကျော်ဂျီယာနိုင်ငံ အက်ဘ်ခါဇီယာဒေသသို့ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များ စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ဇွန်လ ၁၆ ရက်နေ့တွင် ကြေညာခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် ယခင်ဆိုဗီယက်

ပြည်ထောင်စုဟောင်းအတွင်း ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ရုရှားတပ်ဖွဲ့များက ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို ကုလသမဂ္ဂက ခွင့်ပြုရန်ကြိုးပမ်းခဲ့သည်။ ဤသို့ဖြင့် ရုရှားငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့များသည် အက်ဘ်ခါဇီယာဒေသသို့ ဝင်ရောက်ခဲ့ပြီး ဇွန်လ ၂၆ ရက်နေ့မှစ၍ လုပ်ငန်းစခဲ့သည်။ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများတွင် ရုရှားစစ်သား ၃၀၀၀ ပါဝင်ဆောင်ရွက်မည် ဖြစ်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကလည်း ဂျော်ဂျီယာတွင် ရုရှား ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့များ ထားရှိခြင်းကို ထောက်ခံပြီး ယင်းတပ်ဖွဲ့များ၏ လှုပ်ရှားမှုများကို ကြီးကြပ်ရန် ယင်းဒေသတွင်ရှိ ကုလသမဂ္ဂ စစ်ဘက်ဆိုင်ရာ စောင့်ကြည့်လေ့လာသူများတွင် အခွင့်အာဏာ ရှိသည်ဟု သတ်မှတ်ခဲ့သည်။

**လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့သို့ ဝင်ရောက်ရေး** – လွတ်လပ်သော နိုင်ငံများ၏ ဓနသဟာယအဖွဲ့ (စီအိုင်အက်စ်) သို့ဝင်ရောက်ရန် သဘောတူညီမှုကို ဂျော်ဂျီယာပါလီမန်က ထောက်ခံမဲ ၁၂၁ မဲ၊ ကန့်ကွက်မဲ ၆၆ မဲဖြင့် ဆုံးဖြတ်အတည်ပြုခဲ့သည်။ အတိုက်အခံ ပါလီမန်အမတ်များက ရှီဗာနာဇေသည် ဂျော်ဂျီယာ နိုင်ငံအား ရုရှားသို့ ရောင်းစားခဲ့သည်ဟု စွပ်စွဲကြသည်။ ရှီဗာနာဇေအနေဖြင့် ရုရှားဦးဆောင်သည့် လွတ်လပ်သော နိုင်ငံများ ဓနသဟာယအဖွဲ့သို့ ဝင်ရေးကို မူလက ဆန့်ကျင်ခဲ့သော်လည်း စီးပွားရေးပျက်ကပ်၊ ပြည်တွင်းစစ်ဒဏ်တို့နှင့် ကြုံတွေ့ခဲ့ရသော ဂျော်ဂျီယာနိုင်ငံအဖို့ အခြားရွေးစရာ လမ်းမရှိဘဲ စီအိုင်အက်စ် သို့ဝင်ရန် ပြန်လည်စဉ်းစား ခဲ့ရသည်။

မတ်လ ၃၁ ရက်နေ့တွင် တီဘလီစီ မြို့တော်၌ ဆန္ဒပြသူ ၅၀၀၀ ခန့်က ရှီဗာနာဇေအား ဆန့်ကျင်ဆန္ဒပြပြီး ၎င်း၏ ရုရှားယိမ်းသည့် မူဝါဒများကို ရှုတ်ချခဲ့ကြသည်။ ယင်းမှာ လူစုလူဝေး စုရုံးခြင်းများကို တားမြစ်သည့် အရေးပေါ် အခြေအနေကို ဖေဖော်ဝါရီလတွင် ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း အကြီးမားဆုံး ရှီဗာနာဇေ ဆန့်ကျင်ရေး ဆန္ဒပြမှုဖြစ်သည်။

**ဈေးနှုန်းများမြင့်တက်မှုကိုကန့်ကွက် ဆန္ဒပြခြင်း** – ဂျော်ဂျီယာနိုင်ငံတွင် ပေါင်မုန့်၊ တတ်ငွေ့နှင့် လျှပ်စစ်ဈေးနှုန်းများကို အစိုးရက အဆမတန် မြှင့်တင်ခဲ့ရာ ယင်းကို မကျေနပ်သူများက မြို့တော် တီဘလီစီ လမ်းမများကို ပိတ်ဆို့ကာ ကန့်ကွက်ဆန္ဒပြမှု စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည်။ ရှီဗာနာဇေက ရုပ်မြင်သံကြားမှတစ်ဆင့်နိုင်ငံသို့ တောင်းပန်စကားပြောကြားခဲ့သည်။

ကလေးငယ်များ ချီထားသည့် မိခင်များ၊ အဘွား အိုများ၊ ကလေးများနှင့် ယောကျ်ားများသည် တီဘလီစီမြို့လယ်ခေါင်လမ်းမများကို ပိတ်ဆို့ကာ ဆန္ဒပြခဲ့ကြပြီး ဈေးနှုန်းများ မြှင့်တင်မှုကို ပယ်ဖျက်ပေးရန် အစိုးရအား တောင်းဆိုခဲ့သည်။

ပေါင်မုန့်ဈေးနှုန်းအဆ ၂၀၀၊ တတ်ငွေ့ဈေးနှုန်းငါးဆနှင့် လျှပ်စစ်ဈေးနှုန်း ၁၁ ဆခန့် မြှင့်တင်မှုကို အစိုးရက ကြေညာခဲ့သည်။ ဤဈေးနှုန်းမြှင့်တင်မှုမှာ ငွေကြေးဖောင်းပွမှုမြင့်တက်နေခြင်းကို တိုက်ဖျက်ရန်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)နှင့် သဘောတူညီခဲ့သည့် ခြိုးခြံချွေတာရေးအစီအစဉ်အရ ဆောင်ရွက်ခြင်းဖြစ်သည်။ ကျဆင်းနေသော စီးပွားရေးကို တည်ငြိမ်မှုရှိစေရန် များများစားစားလိုအပ်လျက်ရှိသည့် ငွေကြေးထောက်ပံ့မှုကို အနောက်နိုင်ငံများမှ ရယူလိုပါလျှင် အိုင်အမ်အက်ဖ်၏ ဆေးခါးကြီးကို ဂျော်ဂျီယာနိုင်ငံအနေဖြင့် မျိုချရမည်ဖြစ်ကြောင်း ရှီဗာနာဇေက ပြောကြားခဲ့သည်။

**စာဆိုတော်နေ့ (၁၉၉၄)** ။ ။နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့သည် မြန်မာနိုင်ငံတွင် စာပေဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်နေကြသော ပညာရှင် အသီးသီးနှင့် စာပေယဉ်ကျေးမှုကို ချစ်မြတ်နိုးသူ ပြည်သူ အပေါင်းအတွက် နေ့ထူးနေ့မြတ်ဖြစ်သည်။ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ရောက်တိုင်း စာဆိုတော်နေ့ အခမ်းအနားများကို နိုင်ငံအနှံ့ ကျင်းပမြဲဖြစ်သည်။ နတ်တော်လ သည် နတ်တို့ကို ပူဇော်ပသသောလ၊ နတ်လဟု အဓိပ္ပာယ် ရသည်။ ရှေးအခါက နတ်တော်လတွင် မဟာပိန္နဲနတ်ကို ပူဇော်ပသသောပွဲသဘင်များ ဆင်ယင်ကျင်းပလေ့ရှိသည်။ သို့သော် ဘိုးတော်မင်းတရားလက်ထက်တွင် မဟာပိန္နဲနတ် ပွဲတော်အစား စာဆိုပညာရှိကြီးများအား ချီးမြှင့်မြှောက်စား သော ဘွဲ့နှင်းသဘင်ပွဲများ ပြုလုပ်စေခဲ့သည်။

မြန်မာနတ်တော်လဆန်း ၁ ရက်နေ့အား စာဆိုတော်နေ့အဖြစ် သတ်မှတ်ရေးကို ဂျပန်ခေတ်၌ ပညာတံခွန်အသင်းကြီးက စတင်ခဲ့သည်။ ပညာတံခွန်အသင်းသည် ကွမ်းခြံကုန်း၌ အဘိဓာန်ကျမ်းနှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းကို ဆောင်ရွက်နေစဉ် ဦးပုညနေ့ ကျင်းပရေးအစီအစဉ်တစ်ရပ် ချမှတ်လုပ်ဆောင်ခဲ့ကြသည်။ ထိုအကြောင်းကို ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးသို့ အကြောင်းကြားခဲ့သည်။ ထိုအခါ ပညာတံခွန်အသင်းကြီးက

စာဆိုတော်တစ်ဦးတည်းအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပသည်ထက် စာဆိုတော်အများနှင့်သက်ဆိုင်သော နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပရန် စာပေပညာရှင်များ၊ ပညာတံခွန်အသင်းက ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်တွင် စာဆိုတော်နေ့ကျင်းပရေး အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးကြီးက ဦးပုညနေ့အစား 'ဗမာ့စာဆိုတော်နေ့' အဖြစ် ကျင်းပရန်နှင့် စာဆိုတော်နေ့ကို နှစ်စဉ်မြန်မာနှစ် နတ်တော်လဆန်းတစ်ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ ကြသည်။

ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် (၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့) တွင် ရန်ကုန်မြို့၊ ကန်တော်ကြီးစောင်းရှိ မြို့ဇာတ်ရုံ၌ ကျင်းပသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက ဝိဇယပြဇာတ်ကခဲ့သည်။ အနယ်နယ်အရပ်ရပ်၌ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများ၊ စာပေဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

ထိုအခါမှစ၍ နတ်တော်လဆန်း ၁ ရက်နေ့တိုင်း နိုင်ငံအဝန်း စာဆိုတော်နေ့အခမ်းအနားများ ကျင်းပခဲ့သည်။ စာဆိုတော်နေ့အခမ်းအနားများကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ဦးစီးကျင်းပသည်။ စာဆိုတော်နေ့အခမ်းအနား၌ သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ကန်တော့ခဲ့ကြသည်။ စာပေဟောပြောမှုများလုပ်ခဲ့သည်။ ညပိုင်းတွင် ရှေးစာဆိုတော်တစ်ဦးဦး၏ အတ္ထုပ္ပတ္တိကို ဇာတ်အိမ်ဖွဲ့ကာ ပြဇာတ်ကခဲ့ကြသည်။ ယင်းသို့ ပြဇာတ်ကခြင်းမှာ စာပေသဘောအရ စာဆိုတော်ကြီးများကို ဂုဏ်ပြုခြင်းဖြစ်သည်။ နေ့ပိုင်းအခမ်းအနားများမှာ စာရေးဆရာများသာ ပါဝင်ဆင်နွှဲနိုင်သော အခမ်းအနားသက်သက်သာဖြစ်ခဲ့ပြီး ညပိုင်းပြဇာတ်များမှာမူ ပြည်သူအများကြည့်နိုင်သော ပြဇာတ်များဖြစ်သည်။ ထို့ပြင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် 'စာရေးဆရာ' ဘာပေ' စသည့်စာစောင်များ၊ မဂ္ဂဇင်းများ ထုတ်ခဲ့ကြသည်။

၁၃၁၂ စာဆိုတော်နေ့ (၁၀-၁၂-၅၀) တွင် စာဆိုနေ့အခမ်းအနားကို လူထုအစည်းအဝေးအခမ်းအနားကြီးအဖြစ် လှုံ့ဆော်စည်းရုံးကျင်းပခဲ့သည်။ ထိုအခါမှစ၍ စာဆိုတော်နေ့ကို တစ်မျိုးသားလုံးနှင့်သက်ဆိုင်သောနေ့တစ်နေ့အဖြစ် ကျင်းပနိုင်ရန် စတင်ဆောင်ရွက်ခဲ့ကြသည်။ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာဆိုတော်တစ်ဦးဦးအကြောင်းကို ပြဇာတ်ကပြခဲ့သောအစဉ်အလာကို ၁၃၀၆ ခုနှစ်မှစ၍ ၁၃၁၇ ခုနှစ်အထိ ဆက်လက်ကျင့်သုံးခဲ့သည်။ ၁၃၁၈ ခုနှစ်မှစ၍ ပြဇာတ်ကခဲ့သောအစီအစဉ်ကို ဖျက်ခဲ့သည်။

ထိုသို့ရန်ကုန်မြို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနားကိုကျင်းပသည့်နည်းတူ နိုင်ငံအနယ်နယ်အရပ်ရပ်တွင်လည်း စာဆိုတော်နေ့အခမ်းအနားများကျင်းပခဲ့ကြသည်။ နယ်စာဆိုတော်နေ့အခမ်းအနားများကို စာပေဝါသနာရှင်များ၊ ကျောင်းသားလူငယ်များ၊ သတင်းထောက်များနှင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များက ဦးစီးကျင်းပလေ့ရှိသည်။ ထိုစာဆိုတော်နေ့အခမ်းအနားများ၌ စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ဟောပြောပွဲများနှင့် ရန်ကုန်နည်းတူ ပြဇာတ်များ၊ ပဒေသာကပွဲများ ပါဝင်လေ့ရှိသည်။

နောက်ပိုင်းတွင် နယ်များ၌ကျင်းပသောစာဆိုတော်နေ့အခမ်းအနားများမှာ အသွင်ပြောင်းလာသည်။ အထူးသဖြင့် ရန်ကုန်ရှိ စာရေးဆရာများကိုဖိတ်ကြား၍ စာပေဟောပြောပွဲများကျင်းပသောအလေ့အထ ထွန်းကားလာသည်။ စာပေဟောပြောပွဲများမှ တစ်ဆင့်တက်ကာ စာရေးသူ၊ စာဖတ်သူ ဒူးတိုက်တွေ့ဆုံဆွေးနွေးသော စာပေဆွေးနွေးပွဲများပါ ပြုလုပ်လာကြသည်။ ထိုအခါ စာဆိုတော်နေ့ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများ ကျင်းပမှုအစဉ်အလာထွန်းကားလာသည်။

စာဆိုတော်နေ့အခမ်းအနားကျင်းပသောကာလမှာ ရက်သတ္တတစ်ပတ်ကာလထက် ပိုမိုရှည်လျားလာသည်။ နတ်တော်လတစ်လလုံးကျင်းပကြသည့်နယ်များ ပိုများလာသည်။ အချိန်ကာလလည်း ပိုရှည်လာသည်။ စာဆိုတော်နေ့အထိမ်းအမှတ်ကျင်းပသောကာလသည် စာဆိုတော်နေ့အကြိုနှင့် စာဆိုတော်နေ့နောက်ပိုင်းကာလအထိ တစ်လကျော်ကျော် ကျင်းပသည်အထိ အချိန်ကာလရှည်လျားလာခဲ့သည်။ ဟောပြောပွဲ၊ ဆွေးနွေးပွဲလုပ်ငန်းများအပြင် လေ့လာရေးလုပ်ငန်းကိုပါ ပူးတွဲလုပ်ဆောင်လာကြသည်။

စာဆိုတော်နေ့အခမ်းအနားများသည် မြန်မာနိုင်ငံတစ်ဝန်းကျယ်ပြန့်များပြားလာရုံသာမက နိုင်ငံတော်အစိုးရသည် ၁၉၆၂ ခုနှစ်မှစ၍ စာဆိုတော်နေ့တွင် အမျိုးသားစာပေဆုနှင်းသဘင်ပွဲများ၊ စာပေဗိမာန်စာမူဆုနှင်းသဘင်ပွဲများ ကျင်းပကာ စာပေပညာရှင်များအား နှစ်စဉ်ဂုဏ်ပြုချီးမြှင့်လာခဲ့သည်။

၁၉၉၄ ခုနှစ် စာဆိုတော်နေ့တွင် ၁၉၉၃ ခုနှစ်အတွက်

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူ ဆုနှင်းသဘင်ပွဲ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်အဖွဲ့က ကြီးမှူး၍ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။ (မြန်မာနိုင်ငံစာပေဆုများ– ရှု။)

ထို့ပြင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) ကကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းစာဆိုတော်နေ့ အခမ်းအနားနှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို နတ်တော်လဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ(ပထမထပ်)၌ ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် စာပေပညာရှင်ကြီး ၃၆ ဦး အနက် ဆရာကြီး ဦးလေးခင် (မျိုးမြင့်စော)၊ ဆရာကြီး ဦးသိန်းမောင်(ရတနာပုံသိန်းသိန်း)၊ ဆရာကြီးဦးခင်မောင်ကြီး (ပုဂံခင်မောင်ကြီး)၊ ဆရာကြီး ဦးစံထွား၊ ဆရာမကြီး ဒေါ်ခင်မလေး (ဒဂုန်ခင်လေးဆွေ)၊ ဆရာကြီး ဦးရန်အောင် (ရန်အောင်)၊ ဆရာမကြီး ဒေါ်စောရင်၊ ဆရာကြီး ဦးဝန် (မင်းသုဝဏ်)၊ ဆရာကြီး ဦးခင်သန်း (တိုင်းပညာဝန် ဦးခင်သန်း)၊ ဆရာကြီး ဦးထင်ဖတ်(မောင်ထင်)၊ ဆရာကြီး ဦးတင်မြင့်(သခ်ီ)၊ ဆရာကြီး ဦးသိန်းမောင် (ဦးသုခ)၊ ဆရာကြီး ဦးထွန်းလှ (လောကခံဦးထွန်းလှ)၊ ဆရာကြီး ဦးလွန်းမောင် (မေမြို့မောင်)၊ ဆရာကြီး ဦးဇော်ဝိတ်၊ ဆရာကြီးဦးဘထွန်း(ဘထွန်း–ဘီအေ)၊ ဆရာကြီး ဦးအောင်သိမ်း၊ ဆရာကြီး ဦးကျော်လင်း (ထားဝယ်ကျော်လင်း)၊ ဆရာကြီး ဦးဖေခင် (မဟာသရေစည်သူ ဦးဖေခင်)၊ ဆရာကြီး ဦးဘသောင်း (မောင်လှိုင်ဝင်း)၊ ဆရာကြီး ဦးကိုလေး(ဇေယျာမောင်)၊ ဆရာကြီး ဦးဆန်နီ (စုံထောက်ဦးဆန်နီ)၊ ဆရာကြီး ဦးအုန်းဖေ (တက်တိုး)၊ ဆရာကြီး ဦးအေးမောင် (ဦးအေးမောင်–စာပေဗိမာန်)၊ ဆရာကြီး သခင်ဗဟုန် (လေနီ)၊ ဆရာကြီး ဦးဧမောင် (ပန်းတောင်းဧမောင်)၊ ဆရာမကြီး ဒေါ်သိန်းဆိုင် (မမြတ်လေး)၊ ဆရာမကြီး ဒေါ်ရီကြိန်၊ ဆရာမကြီး ဒေါ်မြမြ (မြစန္ဒာ)၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်၊ ဆရာကြီး ဦးအောင်မြင့်(မောင်သုစိတ္တ)၊ ဆရာကြီး ဦးကြီးမောင် (ငွေဥဒေါင်း)၊ ဆရာကြီး ဦးခင်မောင်လတ်၊ ဆရာကြီး ဦးသန်းဖေ (ကာယဗလ ဦးသန်းဖေ)၊ ဆရာမကြီး ဒေါ်ခင်ခင် (မယ်ခွေး)၊ ဆရာကြီး ဗိုလ်မှူးကြီးလှအောင် (အငြိမ်းစား)တို့ ကြွရောက်ကြပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးဝင်းဖေ (မုံရွာဝင်းဖေ)က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ဦး (ဟိန်းလတ်) က ပူဇော်ကန်တော့ခံ စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် စာပေပညာရှင်ကြီးများ၏ စာပေနှင့် ပတ်သက်သော ထူးခြားသည့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း စာဆိုတော်နေ့ စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) ဒုတိယဥက္ကဋ္ဌ၊ အခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်စာရင်းကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) တွဲဖက်အတွင်းရေးမှူး ဒေါ်မြမြသန်း (မနှင်းဖွေး)က ဖတ်ကြားကြေညာပြီး ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က ပရိသတ်များအား ဂါရဝတရားရှေ့ထားပြီး သက်ကြီးစာပေပညာရှင်များအား ကန်တော့ကြရန် ရှင်းလင်းတင်ပြ ပန်ကြား၍ စာပေပညာရှင်များအား ကန်တော့ကြသည်။

ဆက်လက်၍ စာပေပညာရှင်များအား အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်များကိုယ်စား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှထွန်း၊ ဦးမောင်ဝင်း၊ ဦးကြည်ညွှန့်နှင့် ဦးရဲတင့်တို့က ပေးအပ်လှူဒါန်းကြပြီး ဒဂုံဦးတင်ဝင်းနှင့်အဖွဲ့က ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအနက် အသက်အကြီးဆုံးအမျိုးသားစာပေပညာရှင် ဆရာကြီး ဦးလေးခင် (မျိုးမြင့်စော)နှင့် အမျိုးသမီး စာပေပညာရှင် ဆရာမကြီး ဒေါ်ခင်မလေး (ဒဂုန်ခင်လေးဆွေ) တို့အား တစ်ဦးလျှင် ထောက်ပံ့လှူဒါန်းငွေကျပ် ၁၂၀၀၀ ကိုလည်းကောင်း၊ စာရေးဆရာမကြီး ဒေါ်ခင်စိန်လှိုင်နှင့် အဆိုတော် မြရည်နန္ဒာတို့က သက်ကြီးစာပေရန်ပုံငွေအတွက် အလှူငွေကျပ် ၉၀၀၀ ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပခုက္ကူဦးအုံးဖေနှင့် ဒေါက်တာမောင်မောင်ညိုတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကန်တော့ခံစာပေပညာရှင်ကြီးများကိုယ်စား ဆရာကြီး ဦးထင်ဖတ် (မောင်ထင်)က ဩဝါဒစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**စင်ကာပူသမ္မတနိုင်ငံ။** ။စင်ကာပူဟူသောအမည်မှာ သက္ကတဘာသာဖြင့် မှည့်ခေါ်ထားခြင်းဖြစ်ပြီး "ခြင်္သေ့မြို့တော်" ဟု အဓိပ္ပာယ်ရသည်၊ ခြင်္သေ့သည် အရှယ်ငယ်သော်လည်း စွမ်းအားနှင့်စိုးမိုးမှုကြီးမားသကဲ့သို့ စင်ကာပူသည်စီးပွားရေး အရာ၌ ဟောင်ကောင်၊ ထိုင်ဝမ်၊ တောင်ကိုရီးယားနိုင်ငံများကဲ့သို့ နဂါးလေးကောင်အဖြစ် စံထားရာ၌လည်း ပါဝင်ခဲ့လေသည်။ တစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄,၀၀၀ ဖြင့် အိမ်နီးနားချင်းနိုင်ငံများထက် သာလွန်နေသည်။ စင်ကာပူနိုင်ငံသည် မလေးကျွန်းဆွယ် တောင်ဘက်ကျွန်းအဖြစ် တည်ရှိပြီး စတုရန်းမိုင် ၂၂၄ မိုင်ကျယ်ဝန်းသည်။ ၁၃ နှင့် ၁၄ ရာစုနှစ်များအတွင်း ယင်းဒေသ၌မလေးလူမျိုးများ နေထိုင်ခဲ့ပြီး ၁၈၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဆူမတ္တရာကျွန်းမှ ဗြိတိသျှဘုရင်ခံ ဆာစတန်ဖို့ရက်ပယ်ဆိုသူက စင်ကာပူမြို့ကို စတင်တည်ထောင်၍ ဗြိတိသျှကိုလိုနီ ကျွန်းနိုင်ငံကလေးဖြစ်ခဲ့လေသည်။

၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့၏လက်တွင် ကျဆင်းသွား၍ ၁၉၄၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဗြိတိသျှတို့က ပြန်လည်သိမ်းပိုက်ပြီးနောက် မြို့ပြအုပ်ချုပ်ရေးဖြင့်အုပ်ချုပ်ကာ စင်ကာပူမြို့ပြနိုင်ငံအဖြစ် ရောက်ရှိခဲ့လေသည်။ ပြည်သူ့လှုပ်ရှားမှုပါတီကို ၁၉၅၉ ခုနှစ်တွင် လီကွမ်ယူကတည်ထောင်ခဲ့၍ ထိုပါတီမှ ဝန်ကြီးချုပ် ဂိုချုပ်တောင်က နိုင်ငံကိုယခုတိုင် ဦးဆောင်လျက်ရှိသည်။ ၁၉၈၈ ခုနှစ်ကတင်မြှောက်ခဲ့သော စင်ကာပူသမ္မတမှာ ၁၉၉၃ ခုနှစ်တွင် သက်တမ်းကုန်ဆုံး၍ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လတွင်သမ္မတရွေးကောက်ပွဲကျင်းပရာ ဒုတိယဝန်ကြီးချုပ်ဟောင်း အွန်တန်ချွန်းကထောက်ခံမဲ ၅၉ ရာခိုင်နှုန်းဖြင့် သမ္မတအဖြစ်အရွေးချယ်ခံလိုက်ရသည်။ လက်ရှိအာဏာရ ပြည်သူ့လှုပ်ရှားမှုပါတီကပင် နိုင်ငံကို ဦးဆောင်နေသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကမ္ဘာ့မြို့ကြီးပြကြီးများတွင် မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုများအဆက်မပြတ်ဖြစ်ပွားနေချိန်တွင် အနိဋ္ဌာရုံများကင်းရှင်းလျက် စီးပွားရေး ခိုင်မာတောင့်တင်းလျက်ရှိသည်။ စင်ကာပူသည် သန့်ရှင်းပြီးစီးပွားရေးဖွံ့ဖြိုးခိုင်မာသည်။ စင်ကာပူ၌ လူတိုင်းအားအလုပ်ပေးနိုင်၍ မူးယစ်ဆေးဝါးပြဿနာကို ထိန်းထားနိုင်သည်။ ရာဇဝတ်မှုများနည်းပါး၍ ယာဉ်ပိတ်ဆို့မှုကြုံရခဲသည်။ ပြည်သူလူထုများ သွားလာရေးအဆင်ပြေ၍ လေကောင်းလေသန့်ရှူရှိုက်ရသည်။ လမ်းဘေးဝဲယာတွင် စိမ်းလန်းစိုပြည်အောင် စိုက်ပျိုးဖန်တီးထား၍ မြို့ပြတစ်ခုလုံးရှိ အိမ်တိုင်းမှ နေ့စဉ်အမှိုက်သိမ်း၍ သန့်ရှင်းသာယာလျက်ရှိသည်။ လူဦးရေ သုံးသန်းမျှရှိသော ဤမြို့ပြနိုင်ငံ၏ ခေါင်းဆောင်များမှာ ရိုးသားပြီးအရည်အချင်းရှိ၍ တာဝန် သိသည်ဟူ၍ ကျော်ဇောထင်ရှားသည်။

နိုင်ငံခေါင်းဆောင်များသည် နိုင်ငံတော်အာဏာ လေးစားရေးဝါဒတွင် တုပြိုင်ကင်းသောခေါင်းဆောင်များဟု ထင်ရှားနေသည်။ စီးပွားရေးတဟုန်ထိုးတိုးတက်လာသော အခြားအာရှမြို့ကြီးများနှင့်အတူ အရာရာတွင် စင်ကာပူသည် စည်းကမ်းတကျနှင့်စနစ်ရှိသည်။ သောက်ရေသန့်ရှင်းဖူလုံ၍ လျှပ်စစ်ဓါတ်အားမှာလည်း အားထားလောက်သည်။ စင်ကာပူနိုင်ငံဤသို့ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ "စည်းကမ်း"က ဖန်တီးပေးသည်။ စင်ကာပူနိုင်ငံအား လက်အောက်ခံကိုလိုနီဘဝမှ အဘက်ဘက်၌ ခေတ်နောက်ကျနေခဲ့ရာမှ လျှမ်းလျှမ်းတောက် ခေတ်မီစီးပွားရေးတိုးတက်အောင် ပြုပြင်ဖေါ်ဆောင်မှုနှင့် ပတ်သက်၍ ချီးကျူးအခံရဆုံးပုဂ္ဂိုလ်မှာ လီကွမ်ယူဖြစ်သည်။

စင်ကာပူနိုင်ငံတွင် အလုပ်လက်မဲ့များ၊ ဆင်းရဲမွဲတေမှုများနှင့်တကွ တရုတ်၊ မလေးနှင့် အိန္ဒိယလူမျိုးများ အချင်းချင်း မသင့်မတင့်မှု တစ်နိုင်ငံလုံးဖြစ်ပွားခဲ့သည်။ စီးပွားရေးမှာ မခိုင်မာ လက်နက်များမှာလည်း နိုင်ငံကို ကာကွယ်နိုင်စွမ်း မရှိခဲ့ပေ။ ထိုသို့သောအခြေအနေတွင် စက်မှုလုပ်ငန်းဟူ၍ မရှိဘဲ ၁၉၆၅ ခုနှစ်တွင် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်ကာ စင်ကာပူစတင်ထူထောင်ခဲ့သည်။ ထိုစဉ်က ဝန်ကြီးချုပ်တာဝန်ယူသူ လီကွမ်ယူမှာ ခက်ခဲပြီး အရှုံးမပေးသော နည်းလမ်းများနှင့်စပ်လျဉ်း၍ မည်သည့်အခါမျှ တောင်းပန်ခြင်းမပြုခဲ့ပေ၊ ပုဂ္ဂိုလ်ရေးကိစ္စများကို မစွတ်ဖက်ဘဲ စီးပွားရေးတိုးတက်မှုကို မိမိတို့ဖေါ်ဆောင်နိုင်မည် မဟုတ်ကြောင်း မိမိတို့သည် မှန်ရာကိုဆုံးဖြတ်ပြီး အများတကာတို့ မည်သို့ထင်မြင်ယူဆသည်ဖြစ်စေ လုပ်စရာရှိသည်ကို လုပ်ကြရမှာဖြစ်ကြောင်း ၃၁ နှစ်ကြာ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် ရာထူးမှ ဆင်းမပေးမီ လီကွမ်ယူကပြောကြားခဲ့သည်။ ထို့ကြောင့် လီကွမ်ယူသည် ယခုအခါတွင် ဌာနလက်ကိုင်မရှိဘဲ စင်ကာပူအစိုးရအဖွဲ့တွင် "ဝါရင့်ဝန်ကြီး" ဘွဲ့ယူကာ သြဇာကြီးမားလျက်ရှိနေသည်။

**စင်ကာပူနိုင်ငံ၌ ကြိမ်ဒဏ်စနစ်** – အမေရိကန်ပြည်ထောင်စု မစ်ဆူရီပြည်နယ်စိန့်လူးဝစ္စမြို့မှ အသက် ၁၈ နှစ်အရွယ်ရှိ မိုက်ကယ်ပီတာဖေးဆိုသူအား မော်တော်ယာဉ်များကို မှုတ်ဆေးဖြင့်သုတ်မှု၊ ကြက်ဥများဖြင့်ပစ်ပေါက်မှုများဖြင့် ကြိမ်ဒဏ်ခြောက်ချက်အပြစ်ပေးပြီး အလှအပကိုဖျက်ဆီးမှုနှင့် အခြားစွဲချက်များအတွက် ထောင်ဒဏ်ကျခံစေရန် စင်ကာပူနိုင်ငံခရိုင် တရားရုံးက ၁၉၉၃ ခုနှစ်၊ မတ်လ ၃ ရက်

နေ့တွင် စီရင်ချက်ချခဲ့သည်။ ယင်းပြစ်ဒဏ်ချမှတ်ခြင်းမှာ အပြစ်နှင့်ပြစ်ဒဏ်များညီညွတ်ခြင်းမရှိကြောင်း စင်ကာပူရှိ အမေရိကန် သံရုံးမှ စောဒကတက်ခဲ့သည်။ ပီတာဖေးအား စင်ကာပူဒေါ်လာ ၇၅၀၀ ဖြင့် အာမခံ ပေးထားပြီး အယူခံဝင်ခွင့်လည်းပေးခဲ့သည်။

စင်ကာပူ၌ ပြည်သူ့ပစ္စည်းဖျက်ဆီးမှုဖြင့် အမေရိကန်လူငယ်ပီတာဖေးအား ကြိမ်ဒဏ်ပေးခဲ့ရာမှစ၍ ပြစ်မှုနှင့် ပြစ်ဒဏ်ကိစ္စများကို လူအများက အာရုံစိုက်လာခဲ့ကြသည်။ ယင်းသို့ ပစ္စည်းများကို ဖျက်ဆီးမှုတွင် ကြိမ်ဒဏ်သုံးချက်ပေးသည့်ပြစ်ဒဏ်သည် ဥပဒေအရ သတ်မှတ်ချက်ပင်ဖြစ်သည်။ ခေတ်သစ် စင်ကာပူတွင် ကြိမ်ဒဏ်ပေးသည်ဟုဆိုရာတွင် လေးပေအရှည်ရှိဝါးတုတ်ဖြင့် တင်ပါးကိုရိုက်ခြင်းဖြစ်သည်။ ယင်းသို့ရိုက်ရာတွင် ဝါးစများဖွာထွက်မသွားစေရန်နှင့် အသား၌စိုက်ဝင်မနေစေရန် အဖျားကိုရေဆွတ်၍ ရိုက်ခြင်းဖြစ်သည်။ အပြစ်ဒဏ်ခံရသူတစ်ဦးသည် ထိုသို့ကြိမ်ဒဏ် အရိုက်ခံနိုင်စွမ်းရှိမရှိ ဆရာဝန်၏ ထောက်ခံချက် လိုအပ်သည်။ ကြိမ်ဒဏ်အရိုက်ခံရသူက စင်တစ်ခုတွင် ကုန်းပေးရပြီး ခါးကို အဝတ်ထူထူပတ်ပေးရသည်။ ကျောရိုးနှင့်ဝမ်းတွင်းသားများကို ကာကွယ်ရန်ဖြစ်သည်။

ကြိမ်ဒဏ်ပေးသူသည် လက်မောင်းအားနှင့်သာမက ခန္ဓာကိုယ်အားကိုပါ အသုံးပြုရိုက်နှက်ခြင်းဖြစ်သည်။ ကြိမ်ဒဏ်အရိုက်ခံရသူသည် တင်ပါး၌ အရေပြားစုတ်ပြဲသွားပြီး ကြိမ်ဒဏ်သုံးချက်မျှ အရိုက်ခံရပြီးနောက်သွေးများထွက်လာတော့သည်။ ဒဏ်ရာကျက်ရန် ရက်သတ္တပတ်တစ်ပတ်မှ တစ်လအထိကြာတတ်ပြီး သေရာပါအမာရွတ်ကြီး တင်ကျန်လေ့ရှိသည်။ လူသတ်ရန်ကြံစည်မှု၊ လုယက်မှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ပစ္စည်းဖျက်ဆီးမှုစသော ပြစ်ဒဏ်များတွင် ကြိမ်ဒဏ်သည် မဖြစ်မနေပေးရသော ပြစ်ဒဏ်ဖြစ်သည်။ အထူးသဖြင့် နှိပ်စက်ညှဉ်းပန်းခြင်း၊ ထိခိုက်နာကျင်စေခြင်းအမှုများတွင်လည်း ယင်းသို့ကြိမ်ဒဏ်ပေးလေ့ရှိသည်။

မိုက်ကယ်ပီတာဖေး၏ အယူခံမှာ မတ်လ ၃၁ ရက်နေ့တွင် ရုံးနိမ့်ခဲ့ရာ အမေရိကန်သံရုံးမှ ထပ်မံစောဒကတက်

ကြိမ်ဒဏ်စီရင်ချက် ချမှတ်ခံရသည့် မိုက်ကယ်ပီတာဖေး



ဝေဖန်ခဲ့သည်။ စင်ကာပူနိုင်ငံကလည်း တုံ့ပြန်ပြောကြားခဲ့သည်။

ငြိမ်ဝပ်ပိပြားရေးအတွက် စင်ကာပူနိုင်ငံ၏ ကြိမ်ဒဏ်အသုံးပြုမှုကို အမေရိကန်က ဝေဖန်နေခြင်းမှာ အနောက်တိုင်းနှင့် အရှေ့တိုင်းတို့၏ အမြင်ချင်းမတူကွဲပြားခြားနားနေမှုကို ပြသနေခြင်းဖြစ်ကြောင်း၊ အနောက်တိုင်းတွင် လူ့အဖွဲ့အစည်းသည် တစ်ဦးချင်း အကျိုးစီးပွားကို



**ကြိမ်ဒဏ်ပေးပုံ ပေးနည်းကို သရုပ်ပြ ရိုက်ပြနေဟန်**

ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပြီး တစ်ဦးချင်းစီကို ကြိုက်သလို လုပ်ခွင့်ပေးထားကြောင်း၊ အရှေ့တိုင်း၌ လူ့ဘောင်လူ့အဖွဲ့အစည်းကို ဦးစားပေးကြောင်း၊ တစ်ဦးချင်းအကျိုးစီးပွားထက် လူ့အဖွဲ့အစည်းအကျိုးစီးပွားကို အလေးအနက်ထားကြောင်း ဝန်ကြီးချုပ်ဟောင်းနှင့် ဝါရင့်ဝန်ကြီး လီကွမ်ယူက ဧပြီလ ၁၃ ရက်နေ့တွင် တုံ့ပြန်ပြောကြားခဲ့သည်။ ကြိမ်ဒဏ်ချမှတ်မှုကြောင့် အမေရိကန်နိုင်ငံတွင် အတော်ပွက်လောရိုက်ခဲ့သည်။ ပြစ်ဒဏ်ပြင်းထန်လွန်းသည်ဟုဆိုကာ အမေရိကန်အစိုးရ၊ အမေရိကန်အထက်လွှတ်တော်နှင့် အမေရိကန်စာနယ်ဇင်းများက ယင်းကိစ္စကို ယိုးမယ်ဖွဲ့ပြီး စင်ကာပူနိုင်ငံကို ပြက်ရယ်ပြုခဲ့ကြသည်။

အယူခံရှုံးနိမ့်ခဲ့ပြီးနောက် ဖီတာဖေး၏ ရှေ့နေများက စင်ကာပူသမ္မတထံ အသနားခံလွှာတင်ခဲ့သည်။ ဖီတာဖေး၏ အမှုတွင် ပြစ်ဒဏ်များလုံးဝကင်းလွတ်ခွင့်မပြုသည့်တိုင်အောင် စင်ကာပူနှင့် အမေရိကန်ရင်းနှီးစွာဆက်ဆံရေးကို ထောက်ရှုသောအားဖြင့် စင်ကာပူအစိုးရက မေလ ၄ ရက်နေ့တွင် ကြိမ်ဒဏ်ခြောက်ချက်မှ လေးချက်သို့ လျှော့ချခဲ့သည်။

မော်တော်ယာဉ်များကို ဆေးဖြင့်မှုတ်ပြီး အလှအပကို ဖျက်ဆီးခဲ့သော အမေရိကန်လူငယ်မိုက်ကယ်ဖေးကို ကြိမ်ဒဏ်ပေးပြီးနောက်ပိုင်း၌ အလှအပဖျက်ဆီးမှုနှင့် ပတ်သက်၍ အပြစ်ဒဏ်ပေးခြင်းကို ဆန္ဒမဲကောက်ယူခဲ့ရာ စင်ကာပူနိုင်ငံသားအများစုက ထောက်ခံခဲ့ကြသည်ဟု ဆန်းဒေးတိုင်းသတင်းစာက မေလ ၂၉ ရက်နေ့တွင် ရေးသားဖော်ပြခဲ့သည်။ လူ ၇၀၅ ဦးကို ဆန္ဒမဲကောက်ကြည့်ရာတွင် ၇၅ ရာခိုင်နှုန်းက အလှအပဖျက်ဆီးမှုကို ကြိမ်ဒဏ်ပေးရန် ထောက်ခံပြီး ၉၉ ရာခိုင်နှုန်းက မုဒိမ်းကျူးလွန်သူများကို ကြိမ်ဒဏ်ပေးရန် ၉၂ ရာခိုင်နှုန်းက လက်နက်လက်ဝယ်ပိုင်ဆိုင်ထားရှိသူများကို ကြိမ်ဒဏ်ပေးရန် ၈၈ ရာခိုင်နှုန်းက ကာယိခြွေဖျက်ဆီးမှုကို ကြိမ်ဒဏ်ပေးရန်နှင့် ၈၂ ရာခိုင်နှုန်းက ဓားပြမှုကို ကြိမ်ဒဏ်ပေးရန် ဆန္ဒမဲပေးခဲ့ကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဖောက်ဖျက်ကျူးလွန်သူများအား ကြိမ်ဒဏ်ပေးရန်၊ ရက် ၉၀ ထက်ကျော်ပြီး ဗီဇာရက်လွန်ဖြင့် နေထိုင်ကြသော နိုင်ငံခြားသားများ၊ တရားမဝင်အလုပ်သမားများကို ငှားရမ်းသောကန်ထရိုက်လုပ်ငန်းရှင်များကို ကြိမ်ဒဏ်ပေးရန် ၃၄ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြသည်။ အမေရိကန်လူငယ်မိုက်ကယ်ဖေး၊ ဟောင်ကောင်မှ လူငယ်ရှူချီဟိုနှင့်အခြား နိုင်ငံခြားသားများအား မော်တော်ကားများကိုဖျက်ဆီးမှုဖြင့် ကြိမ်ဒဏ်ပေးခဲ့ပြီးနောက်ပိုင်း ကြိမ်ဒဏ်အပြစ်ပေးခြင်းကို အခြေအတင်ဆွေးနွေးခဲ့ကြသည်။ စင်ကာပူနိုင်ငံ၌ နှစ်စဉ် လူ ၁၀၀၀ ခန့်ကို ကြိမ်ဒဏ်အပြစ်ပေးခဲ့သည်ဟု ဆိုသည်။

စင်ကာပူနိုင်ငံတွင် 'ပဲ့ပြင်ဆုံးမမဲ့ကလေးပျက်စီးလွယ်' စာတမ်းများ ရိုက်နှိပ်ထားသော စွပ်ကျယ်အင်္ကျီများကို ဇွန်လ ၁၈ ရက်နေ့၌ စတင်ရောင်းချခဲ့သည်။ ကြိမ်ဒဏ်အပြစ်ပေးခံရသော အမေရိကန်ဆယ်ကျော်သက်အရွယ် မိုက်ကယ်ဖေးကို အကွက်ကောင်းယူ၍ ငွေရှာခြင်းဖြစ်သည်ဟု ဆိုသည်။ အင်္ကျီနောက်ကျော၌ ပြစ်မှုနှင့်ပြစ်ဒဏ်စာရင်းများ ရိုက်နှိပ်ထားသော အင်္ကျီများကို တစ်ထည်လျှင် စင်ကာပူဒေါ်လာ ၂၂ ဒသမ ၅၀ (အမေရိကန်ဒေါ်လာ ၁၅) ဖြင့် ရောင်းချရာ အရောင်းသွက်လျက်ရှိသည်။ ယင်းပုံစံမျိုးဖြင့် ကော်ဖီသောက်မတ်ခွက်နှင့် သော့ချိတ်များကိုလည်း ထုတ်ဝေရောင်းချမည်ဟု ဆိုသည်။

**ဆေးလိပ်မသောက်ရ ဥပဒေ** - စင်ကာပူ အစိုးရသည် ဆေးလိပ်မသောက်ရတားမြစ်ချက် ဥပဒေကို စက်ရုံအလုပ်ရုံများနှင့် လူနေတိုက်ခန်းများ တည်ရှိရာနေရာ၏ အများနှင့် သက်ဆိုင်သောနေရာများအထိပါ တိုးချဲ့လိုက်သည်။ ထို့

ကြောင့် စင်ကာပူဆေးလိပ်သောက်မှု တိုက်ဖျက်ရေးဥပဒေသည် ကမ္ဘာတွင် စည်းကမ်းအတင်းကျပ်ဆုံး ဥပဒေတစ်ရပ်ဖြစ်လာသည်။ ယင်းဥပဒေသည် စင်ကာပူနိုင်ငံသား ဆေးလိပ်မသောက်သူ လူများစု၏ အကျိုးစီးပွားကို ကာကွယ်ရန် ရည်ရွယ်သည်ဟု ဆိုသည်။ လောလောဆယ်တွင် စင်ကာပူတွင် အစိုးရရုံးများ၊ မြေအောက်ရထားများ၊ ဘတ်စ်ကားများ၊ အငှားယာဉ်များ၊ ရုပ်ရှင်ရုံများနှင့် ဆံသဆိုင်များ စသော အများနှင့်သက်ဆိုင်သောနေရာများတွင် ဆေးလိပ် သောက်မှုကို ပိတ်ပင်ထားသည်။ တားမြစ်ချက်ကို ချိုးဖောက်လျှင် စင်ကာပူဒေါ်လာ ၁၀၀၀ (အမေရိကန် ဒေါ်လာ ၆၆၆) အထိ ဒဏ်ငွေရိုက်နိုင်သည်။

**စီးပွားရေး** – စင်ကာပူနိုင်ငံသည် လာမည့်ခြောက်နှစ်မှ ဆယ်နှစ်အတွင်း ဖွံ့ဖြိုးပြီး ကမ္ဘာရရှိသော ဝင်ငွေအဆင့်ကို ရောက်ရှိရန် မျှော်မှန်းထားသည်။ ၁၉၉၄ ခုနှစ်အတွက် စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ကိုးရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကြား ရှိမည်ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ စီးပွားရေးကဏ္ဍအားလုံးကို ချဲ့ထွင်ထားပြီး ထုတ်လုပ်မှုမှာလည်း မြင့်မားလျက်ရှိသည်။ စင်ကာပူနိုင်ငံတွင် သဘာဝ သယံဇာတ များများစားစား မရှိလင့်ကစားဂျပန်နိုင်ငံပြီးလျှင် အာရှတိုက်၏ အချမ်းသာဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာသည်။ စင်ကာပူနိုင်ငံတွင် လူတစ်ယောက်၏ တစ်နှစ်ဝင်ငွေသည် ဗြိတိန်နှင့်နယူးဇီလန်နိုင်ငံတို့ထက် ပိုမိုမြင့်မားသည်။ လူတစ်ယောက် တစ်နှစ်လျှင်၁၄,၀၀၀ ဒေါ်လာဝင်ငွေရှိသည်။

စင်ကာပူနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအများစုကို နိုင်ငံခြားသားများက လုပ်ကိုင်ကြသည်။ ၁၉၉၄ ခုနှစ် ဒုတိယသုံးလပတ်အတွင်း ကုန်စည်ထုတ်လုပ်ရေးကဏ္ဍတွင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုသည် စင်ကာပူ ဒေါ်လာသန်း ၁,၄၀၀ (အမေရိကန် ဒေါ်လာ ၉၉၃ သန်း) ဖိုး ရှိခဲ့သည်။ အမေရိကန်သည် စင်ကာပူ၌ အဓိက ရင်းနှီးမြှုပ်နှံသူဖြစ်သည်။ အမေရိကန်ပြီးလျှင် ဥရောပသမဂ္ဂနှင့် ဂျပန်တို့က ဒုတိယနှင့်တတိယ အသီးသီးလိုက်သည်။ ကုန်စည်တင်ပို့မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် စင်ကာပူစီးပွားရေးမြင့်တက်ခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ။** ။ဥက္ကဋ္ဌကြီးမော်စီတုန်း ကွယ်လွန်ခဲ့သည်မှာ ၁၈ နှစ်ရှိပြီဖြစ်သည်။ ဥက္ကဋ္ဌကြီးမော်စီတုန်းသည် ၁၈၉၃ ခုနှစ်တွင် တရုတ်ပြည်တောင်ဘက် အလယ်ပိုင်း ရှောင်ရှန်ရွာတွင်မွေးဖွားပြီး ၁၉၇၆ ခုနှစ်၊ အသက် ၈၇ နှစ်အရွယ်၌ကွယ်လွန်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် ဥက္ကဋ္ဌ မော်အား သတိရလွမ်းဆွတ်ဆုတောင်းပွဲကို ပီးကင်းမြို့ပြည်သူ့ခန်းမကြီး၌ကျင်းပပြုလုပ်ရာ လူ ၁၀,၀၀၀ ကျော်တက်ရောက်သည်။

လူထုစည်းရုံးပွဲတွင် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ ကျန်ဇီမင်းတက်ရောက်ပြီးမိန့်ခွန်းပြောကြားသည်။ ဥက္ကဋ္ဌကြီးမော်သည် ယဉ်ကျေးမှုတော်လှန်ရေး၌ အမှားအယွင်းရှိခဲ့

သားရှိရာ အကျဉ်းထောင်သို့ လာရောက်တွေ့ဆုံခဲ့သည့် မိုက်ကယ်ပီတာဖေး၏ မိခင်



သော်လည်း နိုင်ငံတော်ဖွဲ့စည်းတည်ထောင်ခဲ့သူ ဖြစ်သည်ဟု ချီးကျူးပြောကြားသည်။ မော်၏အချို့သော လုပ်ရပ်တို့ကို ဝေဖန်သူအချို့ကထောက်ပြသည်။ ဥက္ကဋ္ဌကြီး မော်သည် သူကိုယ်တိုင်သက်စွန့်ဆံဖျားတော်လှန်ခဲ့သည် သာမက သူ၏သားကြီးမှာ မြောက်ကိုရီးယားတော်လှန်ရေး၌ အသက်ပေးစတေးခဲ့သူ ဖြစ်သည်။ မော်၏မွေးရပ်မြေဖြစ်သော ရှောင်ရှန်သို့ ၁၉၉၂ ခုနှစ်က လာရောက်ဂါဝရပြုသူမှာ တစ်သန်းကျော်ရှိခဲ့သည်ဟု ဆိုသည်။

မော်၏ခရီးရှည်ချီတက်ပွဲတွင် တစ်တပ်တစ်အားပါဝင်ခဲ့သောခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်မှာလည်း ယခုအသက် ၈၉ နှစ်ရှိပြီဖြစ်သည်။ ပြည်သူလူထု၏လေးစားချစ်ခင်ခြင်းကို ခံရဆဲဖြစ်သည်။ နှစ်သစ်ကူးပွဲတွင်သမီးနှစ်ယောက်နှင့်ထွက်လာသော ခေါင်းဆောင်ကြီးတိန့်အား စာနယ်ဇင်းနှင့်ပြည်သူတို့က ပီတိအပြည့်နှင့် ကြိုဆိုကြသည်။

ဥက္ကဋ္ဌကြီး မော်နှင့်တိန့်ရှောင်ဖိန်တို့ကဲ့သို့ တရုတ်ပြည်တွင် သက်ကြီးရွယ်အိုပုဂ္ဂိုလ်အမြောက်အမြားရှိရာ ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုအများဆုံးရှိသည့် နိုင်ငံဖြစ်သည်။ လောလောဆယ်တွင်တရုတ်ပြည်လူဦးရေသန်း ၁၁၃၀ အနက် ၁၀ ရာခိုင်နှုန်းသည် အသက် ၆၅ နှစ်အထက်အသက်အရွယ်များဖြစ်နေသည်။

လူဦးရေတိုးတက်မှုနှုန်းကိုလျှော့ချရန် တရုတ်ပြည်၌သတ်မှတ်လုပ်ဆောင်ခဲ့သည်။ အမျိုးသားတစ်ဦးသည် အသက် ၂၂ နှစ်ရှိမှလက်ထပ်ခွင့်ရသကဲ့သို့အမျိုးသမီး မှာ အသက် ၂၀ ပြည့်မှလက်ထပ်ရန်ဖြစ်သည်။

ဆိုရှယ်လစ်စနစ်ပုံပိုးကူညီသောဈေးကွက်ဖွင့်စီးပွားရေးစနစ်ကိုကျင့်သုံးသဖြင့် ကုန်သွယ်ရေးဖွံ့ဖြိုး၍ ငွေပေါင်းဖွမှုနှုန်းသည် နှစ်စဉ် ၂၀ ရာခိုင်နှုန်းဖြစ်နေသည်။ သန်း ၅၀ ရှိသော တောရပ်နေပြည် သူတို့သည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာနေ ကြသည်။ လူဦးရေတစ်သန်းဝါးသိန်းသည် ပီကင်းမြို့ပတ်ဝန်းကျင်သို့ပြောင်းရွှေ့နေထိုင်လာကြသည်။ ပီကင်း၊ ရှန်ဟဲ၊ ဂွမ်ချူးနှင့် ရှင်ဇင်းပတ်ဝန်းကျင်တွင် အလားတူ ကျူးကျော်နေထိုင်သူများနယ်မြေကိုပန်းရောင်နယ်မြေဟု ခေါ်ကြသည်။

အလုပ်သမားအလုပ်လုပ်ချိန်ကို တစ်ပတ်လျှင် ၄၈ နာရီမှ ၄၄ နာရီသို့လျှော့ရန် ဖေဖော်ဝါရီလ ၉ ရက်နေ့ကဆုံးဖြတ်သည်။ အလုပ်သမားတို့အား အခွင့်အရေးပေးနေချိန်တွင် အလုပ်ရှင် အလုပ်သမား ပဋိပက္ခမှုခင်းများ တိုးပွားလျက်ရှိသည်ဟု အလုပ်သမားဝန်ကြီးဌာနကပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် တစ်နှစ်လျှင်အလုပ်သမား ၃၀၀၀ ကျော်ကိုပြည်ပတိုင်းပြည်များ၌ သင်္ဘောသားအလုပ်လုပ်ခွင့်ကိုပေးလိုက်သည်။ ရှေ့လာမည့်နှစ်တွင်သင်္ဘောသား ၂၀,၀၀၀ ခွင့်ပြုလုပ်ကိုင်စေမည်ဟုတရားဝင် တရုတ်နေ့စဉ်သတင်းစာကရေးသားသည်။ ဤလူဦးရေမှာ နည်းသေးသည်ဟု ဆိုသည်။ နိုင်ငံခြားသင်္ဘောများတွင် ဖိလစ်ပိုင်သင်္ဘောသား တစ်သိန်းအလုပ်လုပ်လျက် ရှိသည်ကို ထောက်ပြကြသည်။

ကုန်သွယ်ရေး – ယခု ၁၉၉၄ ခုနှစ်တွင် တရုတ်ပြည်၏ ကုန်သွယ်မှု တောင့်တင်းခိုင်မာလာသည်ကိုတွေ့ရသည်ဟု စီးပွားရေးပညာရှင်များက ပီကင်းမြို့တွင်ဇူလိုင်လ ၃၀ ရက်နေ့ကပြောကြားသည်။

၁၉၉၄ ခုနှစ်၊ ပထမခြောက်လအတွင်းကုန်သွယ်မှုသည် ၁၉၉၃ ခုနှစ်၏အလားတူကာလအထိ ၂၅ ဒသမ ၅ ရာခိုင်နှုန်းမျှကြီးထွားလာခဲ့ရာ ဒေါ်လာသန်း ၉၇,၆၀၀ အထိတိုးတက်လာသည်။ ပို့ကုန်တန်းဖိုးသည် ဒေါ်လာသန်း ၄၈,၃၉၀ အထိ (၃၀ ဒသမ ၂ ရာခိုင်နှုန်း) မြင့်တက်လာကာ သွင်းကုန်တန်ဖိုးသည်ဒေါ်လာသန်း ၄၉,၂၁၀ အထိ (၂၁ ဒသမ ၁ ရာခိုင်နှုန်း) မြင့်တက်လာသည်။

တရုတ်ပြည်ကုန်သွယ်ရေးတောင့်တင်းခိုင်မာခဲ့သဖြင့် ၁၉၉၃ ခုနှစ်၏ ပထမခြောက်လ၌ကုန်သွယ်ရေးလိုငွေပြမှု ဒေါ်လာသန်း ၃,၄၉၀ ရှိခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၈,၂၀၀ လျှော့ချနိုင်ခဲ့သည်။

တရုတ်ပြည်၏လျင်မြန်စွာကြီးထွားတိုးတက်လာသော ပို့ကုန်ပစ္စည်းများမှာ အထည်အလိပ်များ၊ ဖိနပ်များ၊ ကစားစရာများ၊ ခရီးသွားအသုံးအဆောင်များ၊ အလူမီနီယံသွပ်၊ ပဲပိစပ်နှင့်မြေပဲတို့ဖြစ်သည်။ တရုတ်ကနိုင်ငံခြားသို့တင်ပို့သည့်သကြား၊ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းများမှာမူ ကျဆင်းသွားသည်။ လက်နက်ရောင်းချမှုမှာလည်း အလားတူလျော့ကျသွားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား သတ္တုတူးဖော်ရေးဌာနတွင်လည်းကောင်း၊ ဆောက်လုပ်ရေးနှင့်စက်မှုလုပ်ငန်းများတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံခွင့်ဖွင့်ပေးကာ ဖက်စပ်လုပ်ငန်းများကိုတိုးချဲ့လုပ်ကိုင်စေမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံခြားကုမ္ပဏီနှင့် လုပ်ငန်းရှင်တို့သည် တရုတ်အလုပ်သမားတို့အားအခွင့်အရေးမျှမျှတတရရှိစေရန်ကိုလည်း တိုက်တွန်းပြောကြားသည်။

စက်တင်ဘာလတွင် အမေရိကန်အစိုးရကုန်သွယ်ရေးဝန်ကြီး ဖွန်ဗရောင်းခေါင်းဆောင်သောကုန်သည်ကြီးများနှင့် လုပ်ငန်းရှင် ၂၀ တို့သည် တရုတ်ပြည်ပီကင်းသို့ရောက်ရှိကာ တရုတ်စီးပွားရေးဝန်ကြီး ဝန်ယီနှင့် ကုန်သွယ်စီးပွားရေးစာချုပ်များချုပ်ဆိုသည်။

လူဦးရေသန်းပေါင်းများစွာရှိပြီး သယံဇာတပေါကြွယ်ဝသော တရုတ်ပြည်ကြီးမပါဘဲနှင့် "ဂတ်" ခေါ် အကောက်အခွန်နှင့်ကုန်သွယ်ရေးဆိုင်ရာအထွေထွေသဘောတူညီမှုစာချုပ်အဖွဲ့သည်အောင်မြင်နိုင်မည်မဟုတ်ဟု စီးပွားရေးပညာရှင်တို့က ပြောကြားကြသည်။ (ဂတ်_ ရှု။)

**တိဗက်ဒေသ** – ၁၉၉၄ ခုနှစ်တွင် တရုတ်ပြည် တိဗက်ဒေသ အေးအေးချမ်းချမ်းရှိသည်ကို တွေ့ကြရသည်။ ဘုန်းတော်ကြီးဒလိုင်းလားမား၏ ပိုတာလာနန်းတော်ကို တရုတ်အစိုးရက ပြင်ဆင်မွမ်းမံထားသည်။ ပတ်ဝန်းကျင်ရှိ ကျောင်းဆောင်များကိုလည်း ဆောက်လုပ်ပြုပြင်ထားသဖြင့် နန်းတော်ကျောင်းဆောင်များရှေ့တွင် အေးချမ်းသာယာလျက်ရှိသည်။ စစ်သားများနှင့် တိဗက်တို့ သင့်သင့်မြတ်မြတ် ဆက်ဆံသည်ကိုတွေ့ရသည်။ ကဆုန်လပြည့်ပွဲကိုမေ ၂၄ ရက်နေ့က ကျင်းပရာပြည်ပသတင်းထောက်တို့ကောင်းစွာ မြင်တွေ့ရသည်။

တိဗက်ဒေသရှိ ပိုတာလာ နန်းတော်အား တွေ့ရစဉ်



ဒလိုင်းလားမားနှင့်တရုတ်အစိုးရတို့မှာအမြင်နီးလျက် ခရီးဝေးနေကြသည်။ တိဗက်လွတ်မြောက်ရေးစကားမပါလျှင် ဒလိုင်းလားမားအား တရုတ်ပြည်တွင် လက်ခံမည်ဟု ဆိုသည်။ ဒလိုင်းလားမားကလည်း ယင်းစည်းကမ်းချက်များနှင့် ပြန်မလာနိုင်ဟု ပြောကြားသည်။

**ဟောင်ကောင်ကျွန်းအရေး** – ဗြိတိသျှဘုရင်ခံ ခရစ္စတို ဖာပက်တင်းစီမံထားခဲ့သော ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ပယ်ဖျက်မည်ဟု တရုတ်အစိုးရက ဖွင့်ဟပြောကြားထားသည်။ မဲပေးနိုင်သောမဲဆန္ဒရှင်၏ အသက်ကို ၁၈ နှစ်သို့လျှော့ချရေးနှင့် ပြည်သူတို့ကတင်မြှောက်သော ကိုယ်စားလှယ်များ သာပါဝင်ရေးစသည့် ဥပဒေများကို ဖျက်သိမ်းမည်ဟု ကြေညာထားသည်။ ၁၉၉၇ ခုနှစ်တွင် ဟောင်ကောင်ကျွန်းအား တရုတ်အစိုးရအုပ်ချုပ်မှု လက်အောက်သို့ လွှဲပြောင်းပေးမည်ဖြစ်သည်။

**နိုင်ငံတကာဆက်ဆံရေး** – တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် နိုင်ငံနယ်စပ်အငြင်းပွားမှုကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ဖူးရာ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် အိန္ဒိယနှင့်တရုတ် တပ်များချထားခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နာရာဆင်ဟာရောင်းသည် ပီကင်းမြို့သို့သွားရောက်ပြီးတရုတ်အစိုးရနှင့် စေ့စပ်ညှိနှိုင်းခဲ့ရာ နှစ်ဖက်တပ်များရုပ်သိမ်းရေးအတွက် သဘောတူညီမှု ရရှိခဲ့သည်။

ထို့ပြင် တောင်တရုတ်ပင်လယ်ရှိပရက်စလေကျွန်းများအရေးကိစ္စနှင့်ပတ်သက်၍ ဗီယက်နမ်နိုင်ငံနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ နယ်စပ်အရေးနှင့် ကျွန်းများအရေးကို ဆွေးနွေးခြင်းဖြင့် သာဖြေရှင်းကြရမည်ဟု နှစ်ဖက်စလုံးက ခံယူထားသည်။ တရုတ်နိုင်ငံကဗီယက်နမ်နိုင်ငံသို့ ငွေကြေးအကူအညီများပေးရန် ကိုလည်း စီစဉ်ထားသည်။

တရုတ်ပြည်တွင် လူ့အခွင့်အရေးချိုးဖောက်လျက်ရှိနေသည်ဟု အမေရိကန်အစိုးရက ပြစ်တင်ဝေဖန်လျက်ပင်ရှိသည်။ တရုတ်ပြည်အားကုန်သွယ်ရေးအခွင့်ထူးပေးရေးကို ရုပ်သိမ်းရန် အမေရိကန်ကွန်ဂရက်ကဆုံးဖြတ်ခဲ့သည်ကို အမေရိကန်သမ္မတ ကလင်တန်ကလက်မခံဘဲ ဆက်လက်ပေးရန် ဆုံးဖြတ်ခဲ့သည်။ သမ္မတကလင်တန်က တရုတ်ပြည်တွင်လူ့အခွင့်အရေးတိုးတက်လာမှုနှင့် ကုန်သွယ်ရေးအခွင့်ထူးပေးရေးကိုဆက်စပ်ကာအလျှော့အတင်းလုပ်၍ စောင့်ကြည့်ခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးဆွေးနွေးရန် ကုန်သွယ်ရေးမစ်ရှင်အဖွဲ့တစ်ဖွဲ့ကို တရုတ်ပြည်သို့စေလွှတ်ခဲ့သည်။



တရုတ်နိုင်ငံသည် တောင်ကိုရီယား၊ မြောက်ကိုရီယား၊ ဂျပန်၊ မွန်ဂိုလီးယား စသောအိမ်နီးချင်းနိုင်ငံတို့နှင့်ဆက်ဆံရေးသင့်မြတ်လျက်ရှိသည့်အပြင် အီးအီးစီဥရောပနိုင်ငံများ၊ အာဆီယံအရှေ့တောင်အာရှနိုင်ငံများနှင့် လည်းရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။

**တာနာကာ, ကာကူအီ**။ ။ ဂျပန်နိုင်ငံရေးသမိုင်းတွင် လွန်စွာ ဩဇာတိက္ကမကြီးမားခဲ့သူ၊ လာဘ်ပေးလာဘ်ယူမှုအရှုပ်တော်ပုံကြောင့် နာမည်ပျက်ခဲ့ရသူ၊ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်အဖြစ် ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သူ ကာကူအီတာနာကာကို ၁၉၁၈ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် နီအီဂါတာ အုပ်ချုပ်ရေးနယ်မြေ၌ မွေးဖွားခဲ့သည်။ မိဘများမှာ ကာဇူကီတာနာကာနှင့် ဖူမေတာနာကာ တို့ဖြစ်ကြသည်။



ဂျပန်ဝန်ကြီးချုပ်ဟောင်း တာနာကာ

ဖခင်သည် ဆင်းရဲသော ကျွဲနွားကုန်သည်တစ်ဦးသာဖြစ်သော်လည်း သားဖြစ်သူ ကာကူအီတာနာကာသည် စက်မှုပညာကိုကြိုးစားသင်ယူခဲ့သည်။ ငယ်စဉ်က တိုကျိုမြို့၊ ချူအိုစက်မှုအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ယူခဲ့ပြီး ဆောက်လုပ်ရေးအတတ်ပညာပိုင်းကို ဦးစားပေးလေ့လာခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ကိုယ်ပိုင်ဆောက်လုပ်ရေးလုပ်ငန်းကို စတင်လုပ်ကိုင်သည်။ ၁၉၄၀ မှ ၁၉၄၇ ခုနှစ်အတွင်း တိုကျိုမြို့တွင် အဆောက်အအုံကန်ထရိုက်တာအဖြစ် အသက်မွေးမှုပြုခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် တာနာကိုဆာကာမိုတိုနှင့် လက်ထပ်ခဲ့ပြီး သမီးတစ်ယောက် မွေးဖွားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် နိုင်ငံရေးလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ ထိုနှစ်တွင် ပါလီမန်အောက်လွှတ်တော်အမတ်အဖြစ် အရွေးခံရသည်။

ငွေကြေးချမ်းသာကြွယ်ဝသော တာနာကာသည် ၄င်း၏ဥစ္စာဓနအင်အားကိုအသုံးချကာ ပါတီတွင်း၌ ထိပ်တန်းရာထူးများကို အချိန်တိုကာလအတွင်း ရယူနိုင်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် တရားရေး ဒုတိယဝန်ကြီး၊ ၁၉၅၇– ၅၈ ခုနှစ်တွင် စာတိုက်နှင့်ကြေးနန်းဝန်ကြီး၊ ၁၉၆၁ – ၆၂ ခုနှစ်တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒသုတေသန ကောင်စီဥက္ကဋ္ဌ၊ ၁၉၆၅ – ၆၆ ခုနှစ်နှင့် ၁၉၆၈ – ၇၁ ခုနှစ်တို့တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးချုပ်၊ ၁၉၆၂ – ၆၅ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီး၊ ၁၉၆၇– ၆၈ခုနှစ်တွင် လစ်ဘရယ်ဒီမိုကရက်တစ် ပါတီ စည်ပင်သာယာရေးမူဝါဒ (မြူနီစီပယ်ပေါ်လစီ) ဆိုင်ရာ သုတေသန ကော်မတီဥက္ကဋ္ဌ၊ ၁၉၇၁ – ၇၂ ခုနှစ်တွင် နိုင်ငံ့တကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး စသည့် ရာထူးများ အဆင့်ဆင့်ရရှိခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ တာနာကာ၏ အသက်သည်ထိုအချိန်တွင် ၅၄ နှစ်သာ ရှိသောကြောင့် ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း ဂျပန်နိုင်ငံ၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ်အဖြစ် စံချိန်တင်ခဲ့သည်။

တာနာကာသည် ဝန်ကြီးချုပ်တာဝန်ကို ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ အစပထမတွင် လူထုထောက်ခံမှုကိုအခိုင်အမာရရှိခဲ့သူ၏ ပြောင်မြောက်သော လုပ်ဆောင်မှုများကြောင့် “ကွန်ပျူတာတပ်ထားသော ဘူဒိုဇာကြီး” ဟုပင်နာမည်ပေးခံရသော်လည်း သူ၏ ဝန်ကြီးချုပ်အဖြစ်တာဝန်ယူစဉ် ကာလအတွင်း နိုင်ငံ၏ စီးပွားရေးဆိုးရွားလာခြင်းကြောင့် လူထုသည် သူ၏ “ငွေကြေးနိုင်ငံရေး” ကို စိတ်ပျက်လာခဲ့သည်။ ငွေကြေးဆိုင်ရာ မသမာမှုများရှိသည်ဟုလည်း ပြည်သူလူထုက မယုံသင်္ကာဖြစ်လာကြသည်။ လော့ခ်ဟိဒ် လာဘ်ပေးလာဒ်ယူ အရှုပ်တော်ပုံကြောင့် ၁၉၇၄ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်ခဲ့ရပြီး ၁၉၇၆ ခုနှစ်၊ ဇူလိုင်လတွင် ငွေကြေးချစားမှု စွဲချက်များဖြင့် ဖမ်းဆီးခံခဲ့ရသည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်အဖြစ်မှလည်း တစ်ဆက်တည်း နုတ်ထွက်ခဲ့ရသည်။ သို့ရာတွင် စွဲချက်တင်ထားခံရစဉ် ကာလအတွင်း၌လည်း တာနာကာသည် ဂျပန်နိုင်ငံရေး ဇာတ်ဆရာအဖြစ် ကန့်လန့်ကာနောက်ကွယ်မှ အရှိန်အဝါ သုံးနိုင်ခဲ့သည်။ လော့ခ်ဟိဒ်ကော်ပိုရေးရှင်းမှ လာဘ်ယူခဲ့ကြောင်းထင်ရှားသဖြင့် ၁၉၈၃ ခုနှစ်တွင် ထောင်ဒဏ် လေးနှစ် စီရင်ချက်ချမှတ်ခံခဲ့ရသည်။ သို့သော် အယူခံဝင်ထားစဉ်ကာလအတွင်း လွတ်လပ်စွာနေနိုင်ခဲ့ပြီး သူ၏ နောက်ပိုင်းတက်လာသည့် ဝန်ကြီးချုပ်များကို ရွေးချယ်ရေး၌ အနည်းဆုံး သုံးဆက်တိုင်တိုင် သူ၏သြဇာမကင်းခဲ့ချေ။

ဂျပန်ဝန်ကြီးချုပ်ဟောင်း တာနာကာသည် အသက် ၇၅ နှစ်အရွယ်၊ ၁၉၉၃ ခုနှစ်တွင် တိုကျိုမြို့၌ ကွယ်လွန်သည်။



နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ဦးတင်အုန်း

**တင်အုန်း၊ ဦး (ခရစ် ၁၉၁၈–၁၉၉၄)**။ ။အငြိမ်းစား သမိုင်းပါမောက္ခ၊ အငြိမ်းစား ဒုတိယဝန်ကြီး၊ အငြိမ်းစား ပြည်သူ့တရားသူကြီးအဖွဲ့–အဖွဲ့ဝင်နှင့် မြန်မာ့သမိုင်းအဖွဲ့–အဖွဲ့ဝင် ဦးတင်အုန်းကို အဖ သင်္ကန်းပရိက္ခရာဆိုင်ပိုင်ရှင် ဦးဘိုးချက်၊ အမိ ဒေါ်ထွေးတို့က ၁၉၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဓနုဖြူမြို့၌ ဖွားမြင်သည်။ မွေးချင်း နှစ်ယောက်အနက် အကြီးဖြစ်၍ ငယ်နာမည်မှာ မောင်ပျို ဖြစ်သည်။

ငယ်စဉ်မှ ၁၉၃၃ ခုနှစ်အထိ ဓနုဖြူမြို့ အေဘီအမ် ကျောင်းတွင် ပညာသင်ယူသည်။ ၁၉၃၄–၃၅ ခုနှစ်တွင် ရန်ကုန်ဟိုက်စကူးကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူရာ ၁၀ တန်းအောင်မြင်သည်။ ၁၉၃၅ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ရန်ကုန်ယူနီဘာစီတီကောလိပ်တွင် တက္ကသိုလ်ပညာ သင်ယူသည်။ တက္ကသိုလ်ပညာသင်ယူနေစဉ် ၁၉၃၆–၃၈ ခုနှစ် ကျောင်းသားသပိတ်တွင် ပါဝင်သည်။

ဦးတင်အုန်းသည် ၁၉၄၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ မန္တလေးဥပစာကောလိပ် သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဓနုဖြူမြို့တွင် ပြန်လည် နေထိုင်ပြီး ကုန်သည်လုပ်ကိုင်ရင်း အာရှလူငယ်အဖွဲ့တွင် ပါဝင်ဆောင်ရွက်သည်။ ၁၉၄၅–၄၆ ခုနှစ် အရေးပေါ် တက္ကသိုလ် သင်တန်းတွင် ဆရာအဖြစ်လုပ်ကိုင်သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ရန်ကုန်ယူနီဘာစီတီကောလိပ်တွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။

ဦးတင်အုန်းသည် ၁၉၄၇ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ လန်ဒန်တက္ကသိုလ်တွင် ပညာတော်သင်အဖြစ် ပညာ သင်ယူခဲ့ရာ ၁၉၅၀ ပြည့်နှစ်တွင် လန်ဒန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၅၁ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။ လုပ်သားများ ကောလိပ် ညနေသင်တန်းတွင်လည်း ကထိကအဖြစ် ဆောင်ရွက်သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သည်။ ရန်ကုန်တက္ကသိုလ်တွင် တာဝန် ထမ်းဆောင်နေစဉ် သင်ကြားရေးလုပ်ငန်းအပြင် သမိုင်းသုတေသန လုပ်ငန်းများကို ဆောင်ရွက်သည်။ ထို့ပြင်ရန်ကုန်တက္ကသိုလ်အရန်တပ်ရင်း ဒုတိယ တပ်ရင်းမှူး၊ တက္ကသိုလ် အနုပညာအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ သုတေသနအသင်းဥက္ကဋ္ဌ တာဝန်များကိုလည်း ဆောင်ရွက်သည်။ ၁၉၇၇ ခုနှစ်တွင် သမိုင်းပါမောက္ခအဖြစ်မှ အငြိမ်းစားယူသည်။

ဦးတင်အုန်းသည် ၁၉၇၇ ခုနှစ်တွင် တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) မှပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်ကို ထမ်းဆောင်သည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်သူ့တရားသူကြီးအဖွဲ့-အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၈၈ ခုနှစ်တွင် ပြည်သူ့တရားသူကြီးအဖွဲ့-အဖွဲ့ဝင်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးတင်အုန်းသည် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း ၁၉၅၆ ခုနှစ်တွင် ယူကေနှင့် အမေရိကန်နိုင်ငံသို့လည်းကောင်း၊ ၁၉၇၈ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ဂျမေးကားနိုင်ငံသို့လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံသို့လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဂျာမနီနိုင်ငံသို့လည်းကောင်း တာဝန်ဖြင့် သွားရောက်သည်။

ဦးတင်အုန်းသည် ၁၉၄၇ ခုနှစ်တွင် ဓနုဖြူမြို့ ဆန်စက်ပိုင်ရှင် ဦးဘိုးလူ၊ ဒေါ်ဖွားရင်တို့၏သမီး ဒေါ်တင်ရီနှင့် လက်ထပ်သည်။

ဦးတင်အုန်းသည် နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်အပ်နှင်းသော နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ရရှိသည်။

ကွယ်လွန်ချိန်အထိ မြန်မာ့သမိုင်း အဖွဲ့-အဖွဲ့ဝင် အဖြစ်တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား သမိုင်း ပါမောက္ခ၊ အငြိမ်းစား ဒုတိယဝန်ကြီးနှင့် အငြိမ်းစား ပြည်သူ့တရားသူကြီးအဖွဲ့-အဖွဲ့ဝင် ဦးတင်အုန်းသည် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်တင်ရီနှင့်သား သုံးဦး၊ သမီးနှစ်ဦး၊ မြေးသုံးဦး ကျန်ရစ်သည်။

## တောင်အာဖရိကသမ္မတနိုင်ငံ။

။ လူဦးရေသန်း ၃၀ ခန့်ရှိသော တောင်အာဖရိကသမ္မတနိုင်ငံတွင် လူဖြူဦးရေသည် သုံးသန်းခန့်သာရှိသည်။ သို့သော် လူနည်းစုလူဖြူများက တောင်အာဖရိကကို လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ ကျော်ခန့်မှစ၍ အပတ်သိုက်ဟုခေါ်သော အသားအရောင်ခွဲခြားသည့်ဝါဒကျင့်သုံးကာ အစဉ်အဆက်အုပ်ချုပ်လာခဲ့သည်။ တောင်အာဖရိက လူဖြူအစိုးရသည် ၁၉၄၀ ပြည့်လွန်နှစ်ကာလများက စတင်၍ အပတ်သိုက်ဝါဒကို ကျင့်သုံးကာ အုပ်ချုပ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံပေါင်းများစွာက ကိုလိုနီစနစ်ကို ပြစ်တင်ရှုတ်ချနေကြစဉ် တောင်အာဖရိကတွင် လူဖြူတို့၏ အကျိုးကိုသာကြည့်သော လူဖြူအစိုးရက တိုင်းရင်းသားလူမည်းတို့အပေါ် ရက်ရက်စက်စက် ဖိနှိပ်ချုပ်ချယ် အုပ်ချုပ်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်၌ အာဖရိက အမျိုးသားကွန်ဂရက် (အေအင်စီ) ပါတီ၏ ဥက္ကဋ္ဌဖြစ်လာသော နယ်လ်ဆင်ရိုလီလာလာမင်ဒဲလားသည် ၁၉၅၂ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလများအတွင်း လူဖြူအစိုးရ ဆန့်ကျင်တော်လှန်ရေး လှုပ်ရှားမှုများတွင် ခေါင်းဆောင်ပါဝင်ခဲ့သည်။ မင်ဒဲလားသည် နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်သဖြင့် အကြိမ်ကြိမ်အဖမ်းခံရသည်။ ၎င်း၏ အေအင်စီပါတီ၏ လှုပ်ရှားမှုဟူသမျှမှာ ပိတ်ပင်ခြင်းခံရသည်။ ၁၉၆၄ ခုနှစ်၌ မင်ဒဲလားနှင့်အတူ ၎င်း၏လုပ်ဖော်ကိုင်ဖက်ရှစ်ဦးကိုနိုင်ငံတော်သစ္စာဖောက်မှု၊ အစိုးရပုန်ကန်တော်လှန်မှု၊ အဖျက်လုပ်ငန်းများ လျှို့ဝှက်လုပ်ကိုင်မှုစွဲချက်များဖြင့် ရုံးတင်ကာ ထောင်တစ်သက်တစ်ကျွန်းချခဲ့သည်။

၁၉၈၆ ခုနှစ်သို့ ရောက်လာသောအခါတွင်မူ တောင်အာဖရိကတွင် အုပ်ချုပ်သူ လူဖြူများပြောင်းလဲလာခြင်းနှင့်အတူ အသားရောင်ခွဲခြားသော အပတ်သိုက်ဝါဒမှာ လည်း အနည်းငယ်ပျော့ပျောင်းလာခဲ့သည်။ ထိုနှစ်မှစ၍ ထောင်ထဲရှိ မင်ဒဲလားနှင့် လူဖြူအစိုးရကိုယ်စားလှယ်များအကြား ဆက်သွယ်မှုများရှိလာခဲ့သည်။ ထိုမှတစ်ဆင့်တက်၍ စေ့စပ်မှုများ၊ ဆွေးနွေးမှုများ၊ ညှိနှိုင်းမှုများလုပ်လာနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်အရောက်၌ လူဖြူသမ္မတသစ်

အက်(ဖ)ဒဗလျူဒီကလပ်နှင့် မင်ဒဲလားတို့သည် လူချင်းတွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သမ္မတ ဒီကလပ်က ၎င်း၏ အစိုးရအနေဖြင့် လူဖြူလူမည်းခွဲခြားသော အပတ်သိုက်ဝါဒကို စွန့်လွှတ်ဖျက်သိမ်းကြောင်း၊ အေအင်စီအပါအဝင် နိုင်ငံရေးပါတီများအပေါ် တားမြစ်ပိတ်ပင်ထားချက်များကို ရုပ်သိမ်းကြောင်းကမ္ဘာသို့ ထုတ်ပြန်ကြေညာလိုက်သည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ မင်ဒဲလားကို အကျဉ်းထောင်မှ အချုပ်အချယ် လုံးဝမရှိဘဲပြန်လွှတ်ပေးခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လတွင် အေအင်စီပါတီ၏ ဥက္ကဋ္ဌအဖြစ် မင်ဒဲလားကို ပါတီဝင်များက ပြန်လည်တင်မြှောက်ခဲ့သည်။ ယင်းနောက်တွင် တောင်အာဖရိကကို ဒီမိုကရေစီလူဘောင်သို့ အသွင်ပြောင်းရေးအတွက် သမ္မတဒီကလပ်နှင့်မင်ဒဲလားတို့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ အကြိမ်ကြိမ်ဆွေးနွေး အဖြေရှာခဲ့မှုရလဒ်အဖြစ် တောင်အာဖရိကရှိ လူမျိုးပေါင်းစုံပါဝင်သော ပါတီစုံရွေးကောက်ပွဲကြီးကို ၁၉၉၄ ခုနှစ်၊ ဧပြီ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပရန် သဘောတူဆုံးဖြတ်နိုင်ခဲ့သည်။

**နိုင်ငံရေးအကြမ်းဖက်မှုများ** – တောင်အာဖရိကနိုင်ငံတွင် အသားအရောင်ခွဲခြားမှုဝါဒကို အဆုံးသတ်စေမည့် လူမျိုးပေါင်းစုံပါဝင်သော ပါတီစုံရွေးကောက်ပွဲကျင်းပချိန်မရောက်မီ နိုင်ငံရေးအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ နိုင်ငံရေးအကြမ်းဖက်မှုများမှာ အဓိကအားဖြင့် ဇူးလူးအကြီးအကဲ မန်ဂိုဆူတူဘူတယ်လီဇီ ဦးဆောင်သည့် အင်ကာသာလွတ်မြောက်ရေးပါတီနှင့် မင်ဒဲလား၏ အာဖရိကအမျိုးသားကွန်ဂရက်ပါတီ (အေအင်စီ) လိုလားသူတို့အကြား ဖြစ်ပွားခြင်းဖြစ်သည်။

အင်ကာသာပါတီခေါင်းဆောင် ဘူတယ်လီဇီနှင့် အသားအရောင် ခွဲခြားရေးဝါဒကိုကိုင်စွဲသူ လူဖြူအစွန်းရောက်များသည် ရွေးကောက်ပွဲ၌ မင်ဒဲလား၏ အေအင်စီပါတီအနိုင်ရပြီး ကွန်မြူနစ်အစိုးရ ထူထောင်မည်ကို စိုးရိမ်ကြောင့်ကြခဲ့ကြသည်။ ထို့ပြင် အင်ကာသာပါတီ ခေါင်းဆောင်ဘူတယ်လီဇီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြောင်းလဲပြင်ဆင်ရန် သမ္မတဒီကလပ်၊ အေအင်စီခေါင်းဆောင် မင်ဒဲလားတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ပြေလည်မှုမရခဲ့ပေ။ သို့နှင့် ဘူတယ်လီဇီ၏ အင်ကာသာပါတီကို ထောက်ခံသော လူထုနှင့်မင်ဒဲလား၏ အေအင်စီပါတီ ထောက်ခံသူများအကြား နိုင်ငံရေး အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မနှစ်က နိုင်ငံရေးအကြမ်းဖက်မှုများ ဖြစ်ပွားသဖြင့် လူမည်း ၃၀၀၀ ကျော် သေဆုံးခဲ့သည်ဟု ဆိုသည်။ ထိုအကြမ်းဖက်မှုများမှာ များသောအားဖြင့် အေအင်စီပါတီနှင့် အင်ကာသာပါတီထောက်ခံသူများအကြား ဖြစ်ပွားခြင်းဟုဆိုသည်။

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၌ သမ္မတဒီကလပ်က လူမည်းမြို့နယ်များတွင် ဆူပူအုံကြွအောင်လှုံ့ဆော်နေသည်ဆိုသော ရဲတပ်ဖွဲ့များကို အချို့ဒေသမှ ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ကြေညာသည်။ ယင်းကြေညာချက်သည် ဂျိုဟန်နက်စ်ဘတ်မြို့အရှေ့ဘက် လူမည်းမြို့နယ်များတွင် ဆူပူမှုလျော့နည်းသွားစေရေးနှင့် ဧပြီလအတွင်းကျင်းပမည့် ရွေးကောက်ပွဲအမီ ဒေသတည်ငြိမ်ရေးတို့အတွက် သမ္မတဒီကလပ်နှင့် အေအင်စီခေါင်းဆောင် မင်ဒဲလားတို့ စေ့စပ်ညှိနှိုင်းထားသည့် ငြိမ်းချမ်းရေးအစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ လွန်ခဲ့သည့် ရှစ်လအတွင်း နိုင်ငံရေးအကြမ်းဖက်မှုကြောင့် သေဆုံးကြသူများအနက် ၈၀ ရာခိုင်နှုန်းမှာ ကက်တယ်ဟွန်၊ တိုကိုဇာ၊ ဗိုစလူရပ်နှင့် အရှေ့ရမ်နယ်မြေရှိ အခြားမြို့နယ်များတွင်ဖြစ်ကြောင်း၊ သွေးထွက်သံယိုမှုမဖြစ်အောင် ရှောင်ရှားနိုင်ခြင်းမရှိခြင်းက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ အလားအလာကောင်းများကို မှေးမှိန်စေကြောင်း သမ္မတဒီကလပ်က ပြောကြားသည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့၌ နေတယ်လ်ဒေသတွင် မင်ဒဲလား၏ အေအင်စီပါတီကို ထောက်ခံသူ ၁၄ ဦးအား အမည်မသိ အကြမ်းဖက်တိုက်ခိုက်သူများက ပစ်ခတ်သတ်ဖြတ်ခဲ့ပြန်သည်။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ အဆိုပါ အေအင်စီပါတီလိုလားသူ ၁၄ ဦးအားသတ်ဖြတ်မှုနှင့် ပတ်သက်သည်ဟုဆိုသော အင်ကာသာပါတီမှ အရာရှိတစ်ဦးကို ရဲအဖွဲ့ကဖမ်းဆီးခဲ့သည်။ မင်ဒဲလား၏ အေအင်စီပါတီမှ အကြီးအကဲများက အင်ကာသာပါတီခေါင်းဆောင် မန်ဂိုဆူတူဘူတယ်လီဇီအားအဆိုပါသတ်ဖြတ်မှုနှင့် ပတ်သက်၍ ပစ်တင်ရှုတ်ချခဲ့သည်။ ဘူတယ်လီဇီသည် နိုင်ငံရေးအကြမ်းဖက်မှုများဖြစ်အောင် သွေးထိုးလှုံ့ဆော်ပြီး ဧပြီလ၌ကျင်းပမည့် လူမျိုးပေါင်းစုံပါဝင်သည့် ရွေးကောက်ပွဲကြီးကို ပျက်စီးအောင်ပြုလုပ်နေကြောင်း စွပ်စွဲခဲ့ကြသည်။

တစ်ဖန် ၁၉၉၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၌ ဂျိုဟန်နက်စ်ဘတ်မြို့တွင် နိုင်ငံရေးအကြမ်းဖက်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြန်သည်။ ဧပြီလ၌ကျင်းပမည့် တောင်အာဖရိကလူမျိုးပေါင်းစုံပါဝင်ယှဉ်ပြိုင်မည့် ပါတီစုံရွေးကောက်ပွဲကို ဇူးလူးလူမျိုး ၁၀,၀၀၀ ခန့်က ဂျိုဟန်နက်စ်ဘတ်မြို့တွင် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ဇူးလူးများမှာ အင်ကာသာပါတီခေါင်းဆောင် ဇူးလူးအကြီးအကဲ ဘူတယ်လီဇီဘက်တော်



အင်ကာသာပါတီခေါင်းဆောင် ဘူတယ်လီဇီ

သားများဖြစ်ကြသည်။ ယင်းသို့ဆန္ဒပြကြသော ရွေးကောက်ပွဲဆန့်ကျင်သည့်ဇူးလူးများနှင့် အခြားပါတီများကိုထောက်ခံသော လူထုအကြား နိုင်ငံရေးအကြမ်းဖက်မှုဖြစ်ပွားကာ လူ ၅၀ ကျော် သေဆုံးခဲ့သည်။ ပထမဆုံးအကြိမ် လူမျိုးစုံရွေးကောက်ပွဲများ ပျက်ပြားစေရန် ခြိမ်းခြောက်နေသော အကြမ်းဖက်မှုများကို အဆုံးသတ်ကြရန် သမ္မတဒီကလပ်က အဆိုပါအကြမ်းဖက်မှု ဖြစ်ပွားသည့်နေ့၌ တိုက်တွန်းပြောကြားခဲ့စဉ်တွင်ပင် ဂျိုဟန်နက်စ်စဘတ်မြို့အနီးတွင် တက္ကစီအငှား ကားတစ်စီးကို သေနတ်သမားများက ပစ်ခတ်ပြန်ရာ လူခုနစ်ဦး သေဆုံးခဲ့ပြန်သည်။

အဆိုပါ လူ ၅၀ ကျော် သေဆုံးခဲ့သည့် နိုင်ငံရေးအကြမ်းဖက်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဝမ်းနည်းကြောင်း အပြင်းထန်ဆုံးစကားလုံးများသုံးကာ ကြေညာသည်။ အဆိုပါအကြမ်းဖက်မှုသည် တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီလူနေမှုဘဝသို့ အသွင်ပြောင်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ တောင်အာဖရိက ပြည်သူတို့အား ဒီမိုကရေစီနိုင်ငံများ၏ လူ့အဖွဲ့အစည်းနှင့် ပူးပေါင်းလက်တွဲရေးကို ငြင်းဆိုမည့်ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှုနှင့် ရန်စလှုံ့ဆော်မှုများကို ခွင့်မပြုနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်ကို လုံခြုံရေးကောင်စီဥက္ကဋ္ဌ ပြင်သစ်သံအမတ်ကြီး ဂျင်းဘားနတ်မာရီမီးက ဖတ်ကြားခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ် ငါးပတ်အတွင်း ကွာဇူးလူးလူမည်းမျိုးနွယ်စုတို့၏ နေရင်းဌာနေအပါအဝင် နေတယ်လ်ပြည်နယ်၌ လူမည်းချင်းဖြစ်ပွားသည့် နိုင်ငံရေးပဋိပက္ခတွင် လူ ၄၀၀ ကျော် သေဆုံးခဲ့ရာ နေတယ်လ်ပြည်နယ်အတွင်းသို့ အစိုးရတပ်သား ၇၀၀ ကို ၁၉၉၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့၌ ထပ်မံစေလွှတ်ခဲ့၏။ နေတယ်လ်ပြည်နယ်တွင် စုစုပေါင်း အစိုးရတပ်သား ၁၉၀၀ ခန့်ရှိသည်။ ငြိမ်ဝပ်ပိပြားရေးအတွက် ယင်းသို့ အစိုးရတပ်များ ရောက်ရှိနေပြီဖြစ်၍ နေတယ်လ်ပြည်နယ်တွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းထားရေးကို မိမိဆန့်ကျင်ကြောင်း အေအင်စီခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားက ပြောဆိုခဲ့သည်။

ယင်းသို့ နိုင်ငံရေးအကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိရာ အကြမ်းဖက်မှုများ လျော့နည်းသွားစေမည့် ဆွေးနွေးပွဲတစ်ရပ်ကို ဧပြီလ ၁၉ ရက်နေ့က ပြုလုပ်နိုင်ခဲ့သည်။ ဧပြီလ ၁၈ ရက်နေ့၌ တောင်အာဖရိက နိုင်ငံရေးခေါင်းဆောင်များက အရိပ်အမြွက်ပြောကြားရာတွင် တောင်အာဖရိကနိုင်ငံတွင် ရှေ့သီတင်းပတ်၌ ကျင်းပမည့် လူမျိုးပေါင်းစုံရွေးကောက်ပွဲများကို ဇူးလူးလူမျိုးတို့ သပိတ်မှောက်နေမှု အဆုံးသတ်မည့် သဘောတူချက်အား မိမိတို့ရလုဆဲဆဲအခြေအနေရှိသည်ဟု ပြောကြားသည်။ ယင်းသို့ ပြောကြားပြီး ဧပြီလ ၁၉ ရက်နေ့၌ သမ္မတ ဒီကလပ်၊ ဇူးလူးအကြီးအကဲ အင်ကာသာပါတီခေါင်းဆောင် ဘူတယ်လီဇီနှင့် အာဖရိကအမျိုးသားကွန်ဂရက် (အေအင်စီ) ခေါင်းဆောင် မင်ဒဲလားတို့ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ အင်ကာသာပါတီ ခေါင်းဆောင် ဘူတယ်လီဇီက ဆွေးနွေးပွဲအခြေအနေကောင်းသည်ဟု ပြောကြားသည်။

**လူမျိုးပေါင်းစုံပါဝင်သည့်ရွေးကောက်ပွဲ** – လူဖြူတစ်ယူသန်ဝါဒီများက လူမျိုးပေါင်းစုံပါဝင်မည့် ရွေးကောက်ပွဲကို အနှောင့်အယှက်ပြုရန် အကြမ်းဖက်လုပ်ရပ်များကို အသုံးချလိမ့်မည်ဟု စိုးရိမ်ပူပန်မှုများကြားမှ သမ္မတ ဒီကလပ်၏ အာဏာရ တောင်အာဖရိကအမျိုးသားပါတီသည် သမိုင်းတွင်မည့် အာဖရိကလူမျိုးပေါင်းစုံ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ တရားဝင်မှတ်ပုံတင်သည်။ သမ္မတ ဒီကလပ်၏ပါတီသည် ပဉ္စမမြောက် မှတ်ပုံတင်သည့် ပါတီဖြစ်သည်။ မင်ဒဲလား၏ အာဖရိကအမျိုးသားကွန်ဂရက် (အေအင်စီ) သည် ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ ရွေးကောက်ပွဲယှဉ်ပြိုင်ရန် မှတ်ပုံတင်ခဲ့ပြီးဖြစ်သည်။ ယခင်က တရားမဝင်ဟုဆိုကာ ပိတ်ပင်ခံရသည့် အတိုက်အခံပါတီများအနက် ပထမဆုံးမှတ်ပုံတင်သည့် အဖွဲ့အစည်းဖြစ်သည်။ နေရှင်နယ်ပါတီ အာဏာရလာသည့် အနှစ် ၄၀ ကာလတစ်လျှောက်လုံး တရားဝင်အတိုက်အခံပါတီဖြစ်ခဲ့သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအပါအဝင်

ပါတီငယ်များသည်လည်း ရွေးကောက်ပွဲဝင်ရန် မှတ်ပုံတင်ခဲ့ကြပြီးဖြစ်သည်။

တောင်အာဖရိက ဥပဒေအရ နိုင်ငံရေးပါတီများသည် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ကြရန် ဖြစ်သည်။ သို့သော် ဧပြီလ လူမျိုးပေါင်းစုံရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်လူမည်းများနှင့် လူဖြူများပါဝင်ယှဉ်ပြိုင်လာရန်အလို့ငှာ နောက်ဆုံးသတ်မှတ်ရက်ကို တိုးပေးနိုင်ကြောင်း အစိုးရက ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ပြောကြားသည်။ ထိုနေ့မှာပင် လက်ယာဂိုဏ်းသား လူဖြူ အာဖရိကန်နာဗောက်ဖရန့်အုပ်စုက ရွေးကောက်ပွဲကို သပိတ်မှောက်မည်၊ ရွေးကောက်ပွဲမကျင်းပဖြစ်စေရန် တားဆီးမည်ဟု ကြေညာခဲ့သည်။ ယင်းအဖွဲ့သည် အာဖရိကတွင် ရှေးပဝေသဏီက အခြေချခဲ့ကြသည့် ဒတ်ချ်လူမျိုးမိသားစုမှ ဆင်းသက်လာသော အာဖရိကန်နာဟု မှည့်ခေါ်ထားကြသူ လူဖြူ သုံးသန်းကို ကိုယ်စားပြုအဖွဲ့ ဖြစ်သည်။ အဆိုပါအဖွဲ့သည် လွတ်လပ်သော လူဖြူ ကိုယ်ပိုင်ဒေသ ထူထောင်ရေးကို တောင်းဆိုခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့၌ အေအင်စီခေါင်းဆောင် မင်ဒဲလားက အတိုက်အခံ မဟာမိတ်များအား လိုက်လျောမှုပေးသည့်အချက်များကို ကြေညာသည်။ ယင်းသို့ လိုက်လျောခြင်းမှာ တောင်အာဖရိက နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲသပိတ်မှောက်ခြင်းကို ရှောင်ရှားရန်နှင့် ပြည်တွင်းစစ်ဖြစ်ပွားမည့် အန္တရာယ်မှကာကွယ်ရန် ဖြစ်သည်ဟုဆိုသည်။ လူဖြူလူနည်းစု စိုးမိုးမှုအဆုံးသတ်ရေးအတွက် ဧပြီလတွင်ပြုလုပ်မည့် လူမျိုးပေါင်းစုံ ရွေးကောက်ပွဲတွင် မဲတစ်မဲတည်းဆန္ဒမဲပေးရန်စနစ်ကို အေအင်စီက တောင်းဆိုထားသည်။ ထို့အပြင် အဆိုပါအဆိုပြုချက်ကို အတည်ပြုရေးအတွက် ဖေဖော်ဝါရီလ ၂၁ ရက်နေ့၌ ပါတီစုံတွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲ ခေါ်ယူကျင်းပရန်လည်း အေအင်စီခေါင်းဆောင် မင်ဒဲလားက တောင်းဆိုထားသည်။ လူဖြူလူမည်းမဟာမိတ် အတိုက်အခံအုပ်စုများက ဧပြီလ ရွေးကောက်ပွဲတွင် မဲဆန္ဒနှစ်ကြိမ်ထည့်သင့်သည်၊ အမျိုးသားပါလီမန်အတွက် တစ်ကြိမ်နှင့် ဒေသဆိုင်ရာ ဥပဒေပြုလွှတ်တော်အတွက် တစ်ကြိမ် ထည့်သင့်သည်ဟု တောင်းဆိုခဲ့ကြသည်။ မင်ဒဲလားသည် မိမိ၏တောင်းဆိုချက်ကို ရုပ်သိမ်းကာ မဟာ မိတ် အတိုက်အခံ လူဖြူလူမည်း အုပ်စုတို့၏ တောင်းဆိုချက်ကို လိုက်လျောခဲ့သည်။ မဲဆန္ဒနှစ်ကြိမ်ပေးခြင်းဖြင့် အတိုက်အခံပါတီငယ်များအဖို့ မိမိတို့နယ်မြေ၏ ထောက်ခံမှုကိုရရှိကာ မိမိတို့နယ်မြေတွင် အနိုင်ရရှိနိုင်သည့်အခွင့်အလမ်းများရှိသည်။ မဲတစ်မဲတည်းသာပေးရသည့်စနစ်ကို ကျင့်သုံးပါက ပါတီကြီး




တောင်အာဖရိကနိုင်ငံ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ်ကာလ လှုပ်ရှားမှုများ






၁၉၉၄ ခုနှစ်၊ မေလ ၆ ရက်နေ့၌ လွတ်လပ်သော ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က တောင်အာဖရိက နိုင်ငံ၏ လူမျိုးစုံပါဝင်သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုရှိကြောင်း ကြေညာသည်။ ရွေးကောက်ပွဲတွင် မင်ဒဲလား၏အာဖရိက အမျိုးသားကွန်ဂရက်ပါတီ (အေအင်စီ) သည်ဆန္ဒမဲ ၆၂ ဒသမ ၆၅ ရာခိုင်နှုန်းရပြီး သမ္မတ ဒီကလပ်၏ အမျိုးသားပါတီက ဆန္ဒမဲ ၂၀ ဒသမ ၃၉ ရာခိုင် နှုန်းဖြင့် ဒုတိယရကာ ဇူးလူးအကြီးအကဲ ဘူတယ်လီဇီ၏ အင်ကာသာလွတ်မြောက်ရေးပါတီက ဆန္ဒမဲ ၁၀ ဒသမ ၅၄ ရာခိုင်နှုန်းရကြောင်း ကော်မရှင်က အပြီးသတ်ကြေညာသည်။

အာဖရိက အမျိုးသားကွန်ဂရက်ပါတီ (အေအင်စီ) သည် အမတ်ဦးရေ ၄၀၀ ရှိ ပါလီမန်သစ်တွင် အမတ်နေရာ ၂၅၂ နေရာရသည်။ အမျိုးသားပါတီက ၈၂ နေရာရသည်။ အင်ကာသာလွတ်မြောက်ရေးပါတီက ၄၃ နေရာရသည်။ ပါလီမန်အမတ်ဦးရေ၏ သုံးပုံနှစ်ပုံရရှိသော အေအင်စီ ပါတီသည် တောင်အာဖရိကနိုင်ငံ၏အပြီးသတ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြားပါတီခြောက်ခု၏ အတည်ပြုချက် မယူဘဲ ရေးဆွဲနိုင်မည်ဖြစ်သည်။

ဖြစ်သော မင်ဒဲလား၏ အေအင်စီပါတီက အမျိုးသား ပါလီမန်နှင့် ဒေသဆိုင်ရာဥပဒေပြုလွှတ်တော် နှစ်ရပ် စလုံးတွင် အမတ်နေရာအများစုရရှိမည့် အလားအလာ ရှိသည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့၌ တောင်အာဖရိက လူဖြူလက်ဝဲဝါဒီ ကွန်စတန်ဗီဂျီယင်သည် လွတ်လပ်သော ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံးသို့ သွားရောက်၍ ရွေးကောက်ပွဲဝင်ရန် မှတ်ပုံတင်သည်။ ဗီဂျီယင်သည် အာဖရိကန်နာပြည်သူတပ်ဦး (အေဗွီအက်ဖ်) ပါတီ၏ ခေါင်းဆောင်ဖြစ်သည်။ ၎င်းသည် လက်ယာဝါဒီလွတ်လပ်ရေး မဟာမိတ်အဖွဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ အလား တူပင် လက်ယာဝါဒီလွတ်လပ်ရေးမဟာမိတ်အဖွဲ့ဝင် တစ်ဦးဖြစ်သူ အင်ကာသာလွတ်မြောက်ရေးပါတီ အကြီး အကဲ ဇူးလူးလူမျိုးစုခေါင်းဆောင် မန်ဂိုဆူတူဘူတယ်လီဇီ သည်လည်း ရွေးကောက်ပွဲဝင် မှတ်ပုံတင်စာရင်းပိတ်ရန် သုံးနာရီအလိုတွင် မှတ်ပုံတင်စာရင်းသွင်းခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်တောင်အာဖရိက နိုင်ငံ၌ အနှစ် ၃၀၀ ကျော် လူဖြူအုပ်စိုးမှုအဆုံးသတ် စေသည့် လူမျိုးပေါင်းစုံပါဝင်သော ရွေးကောက်ပွဲကို စတင် ကျင်းပသည်။ ရွေးကောက်ပွဲကို ဧပြီလ ၂၆ ရက်နေ့မှ မူလ သတ်မှတ်ရက်ထက် တစ်ရက်တိုး၍ ဧပြီလ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည်။ ရွေးကောက်ပွဲကျင်းပချိန် တစ်လျှောက် မဲဆန္ဒရှင်များလုံခြုံရေးအတွက် ရဲနှင့်စစ်တပ်အင်အားကို မူလစီစဉ်ထားသည်ထက်နှစ်ဆတိုးကာ အင်အား ၁၀၀,၀၀၀ ကျော်ထိ တိုးမြှင့်ချထားသည်။ မဲဆန္ဒရှင်များသည် အမတ် နေရာ ၄၀၀ ရှိအောက်လွှတ်တော်နှင့် အမတ်ဦးရေ ၉၀ ရှိ အထက်လွှတ်တော်တို့အတွက် ဆန္ဒမဲပေးကြသည်။ ဂျိုဟန် နက်စ်ဘတ်ပတ်လည်ရှိ လူမည်းမြို့နယ်များမှ တောတောင် ထူထပ်ဝေးလံသီခေါင်သော နေတယ်လ်ပြည်နယ်အထိ မဲဆန္ဒရှင် ပြည်သူ ၂၃ သန်းတို့ မဲပေးနိုင်ရန် မဲရုံများဖွင့်လှစ် ထားသည်။ မဲဆန္ဒရှင်ပြည်သူ သန်း၂၀ ခန့်မှာ လူမည်းများ ဖြစ် ကြသည်။

ရွေးကောက်ပွဲစတင်သည့် ဧပြီလ ၂၆ ရက်နေ့၌ တောင်အာဖရိကတွင် လူဖြူလူနည်းစု အုပ်စိုးစဉ်က လွှင့်ထူ ခဲ့သည့် အလံတော်ဟောင်းကို ဖြုတ်ချဖယ်ရှားခဲ့သည်။ အလံ တော်ဟောင်းကို ဖြုတ်ချဖယ်ရှားပြီး အလံတော်သစ်လွှင့်ထူ သည့် အခမ်းအနားများကို တောင်အာဖရိကနိုင်ငံ၏ ပြည်နယ်သစ်ကိုးခု၏ မြို့ကြီးများတွင် ကျင်းပသည်။ပါလီမန် အဆောက်အအုံ၏ အပြင်ဘက်တွင်လည်း အလံတော် ဟောင်းကို အလံတိုင်မှဖြုတ်ချပြီး အလံတော်သစ် လွှင့်ထူသည်။

**သမ္မတသစ်ကျမ်းသစ္စာကျိန်ဆိုပွဲ** – အာဖရိက အမျိုးသား ကွန်ဂရက်(အေအင်စီ)ခေါင်းဆောင်နယ်လ်ဆင်မင်ဒဲလားသည် ၁၉၉၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့၌ အာဖရိကနိုင်ငံ၏ ပထမဆုံး လူမည်းသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ သမ္မတရာထူးကို လက်ခံလိုက်သည်။ ကမ္ဘာ့နိုင်ငံကြီးများ၏ ခေါင်းဆောင်များနှင့် တိုက်ပွဲဝင် သူရဲကောင်းများတက်ရောက် သည့် သမ္မတမင်ဒဲလား၏ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံ ပွဲ အခမ်းအနားကို ယူနီယံအဆောက်အအုံ၏ စက်ဝိုင်းခြမ်းပုံ ခုံတန်းအဆင့်ဆင့်ရှိ ပွဲကြည့်စင်တွင်ကျင်းပသည်။

အခမ်းအနားတွင် သမ္မတ မင်ဒဲလားက မိန့်ခွန်းပြောကြား ရာတွင် အသားအရောင်ခွဲခြားမှုဝါဒမှာ အလွန်အလွန်အချိန် ကြာမြင့်စွာ ကျင့်သုံးခဲ့သော လူမဆန်သည့် အနိဋ္ဌာရုံတစ်ခု ဖြစ်ကြောင်း၊ တောင်အာဖရိကနိုင်ငံ၏လူဖြူရောလူမည်းပါ တစ်ဖက်နှင့်တစ်ဖက် စိုးရိမ်ကြောင့်ကြကင်းမဲ့စွာ အတူအကွ ဆောင်ရွက်နိုင်စေရန်၊ ငြိမ်းချမ်းပြီး ကမ္ဘာ့အလယ်တွင် ဂုဏ် သိက္ခာရှိသည့် နိုင်ငံဖြစ်လာစေရန် အာမခံချက်ပေးနိုင်သည့် လူ့အဖွဲ့အစည်းကို မိမိတို့ထူထောင်ရမည်ဖြစ်ကြောင်း ပြောကြားပြီး ဤလှပသောနိုင်ငံတွင် တစ်ဦးကိုတစ်ဦး ဖိနှိပ်ချုပ်ချယ်ခဲ့မှုမျိုး ကမ္ဘာ့အလယ်တွင် ရှုံ့မုန်းဖွယ်ရာ ဂုဏ်သိက္ခာ ကင်းမဲ့မှုမျိုး မည်သည့်အချိန်မည်သည့်အခါမျှ ထပ်မံမပေါ်ပေါက်စေရဟု မင်ဒဲလားက ကတိပြုလိုက် သည်။



**တောင်အာဖရိက နိုင်ငံ၏ ပထမဆုံး လူမည်းသမ္မတ နယ်လ်ဆင် မင်ဒဲလား**

မင်ဒဲလားက ဒီမိုကရေစီကူးပြောင်းရေးတွင် မစ္စတာ ဒီကလပ်ပါဝင်ခဲ့မှုနှင့် စဉ်လျဉ်း၍ အထူးလေးစားဂုဏ်ပြုကြောင်း မိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ဒီကလပ်သည် လူဖြူလူမည်းအသားအရောင်ခွဲခြားမှုနှင့် လူမည်းများအား အနိမ့်ခံဘဝမှာထားသောအပတ်သိုက် မူဝါဒကို ဖျက်သိမ်းပေးခဲ့ခြင်းဖြင့် တောင်အာဖရိကတွင် သွေးချောင်းစီးမည့်အဖြစ်ဆိုးကြီးကို အချိန်မီ တားဆီး ကာကွယ်နိုင်ခဲ့သူဖြစ်သည်။ မင်ဒဲလားနှင့် သမ္မတဒီကလပ်တို့ အပေးအယူ အလျှော့အတင်း ပြုလုပ်ခဲ့ခြင်းဖြင့် တောင်အာဖရိကနိုင်ငံ ပြိုကွဲပျက်စီးမည့် ဘေးအန္တရာယ်ဆိုးကြီးကိုလည်း ရှောင်တိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ၁၉၉၃ ခုနှစ်က နိုဗဲငြိမ်းချမ်းရေး ဆုကြီးကို အတူတွဲ ရရှိခဲ့ကြသည်။

မင်ဒဲလား၏ သမ္မတရာထူးလက်ခံပွဲနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကမ္ဘာတစ်ဝန်းမှနိုင်ငံ အကြီးအကဲများ တက်ရောက်ကြရာတွင် အမေရိကန်သမ္မတကတော် ဟီလာရီကလင်တန်၊ အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂိုးနှင့်ဇနီး၊ အမေရိကန် လူမည်းခေါင်းဆောင် ဂျက်စီဂျက်ဆင်၊ ကွယ်လွန်သူ အမေရိကန် လူမည်းခေါင်းဆောင် မာတင်လူသာကင်း၏ ဇနီးကော်ရက်တာကင်း၊ ဗြိတိန်ဘုရင်မကြီး၏ ကြင်ယာတော် ဖိလစ်မင်းသားကြီး၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလပ်စ်ဟတ်ဒ်၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဘူထရိုစ်ဂါလီ၊ ပီအယ်လ်အိုအဖွဲ့ခေါင်းဆောင် အာရာဖတ်၊ ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇီရဘူတို၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် စသူတို့ ပါဝင်ကြသည်။

**အစိုးရသစ်ဖွဲ့စည်းခြင်း** – တောင်အာဖရိကနိုင်ငံတွင် အသားရောင်ခွဲခြားမှုဝါဒချုပ်ငြိမ်းပြီးနောက် အာဖရိက အမျိုးသားကွန်ဂရက်ပါတီ(အေအင်စီ) သည်တောင်အာဖရိက နိုင်ငံ၏ လူမည်းခေါင်းဆောင် အစိုးရအဖွဲ့သစ်တွင် ခန့်အပ်မည့် ပုဂ္ဂိုလ်များ စာရင်းကို ၁၉၉၄ ခုနှစ်၊ မေလ ၆ ရက်နေ့၌ ကြေညာသည်။

တောင်အာဖရိက သမ္မတနိုင်ငံ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ဌာန ၂၇ ခုရှိရာ မင်ဒဲလား၏ တောင်အာဖရိက အမျိုးသား ကွန်ဂရက် (အေအင်စီ) ပါတီမှ ၁၈ နေရာ၊ သမ္မတဟောင်း ဒီကလပ်၏ အမျိုးသားပါတီက ခြောက်နေရာ နှင့် ဘူတယ်လီဇီ၏ အင်ကာသာ လွတ်မြောက်ရေးပါတီက သုံးနေရာ အသီးသီးရရှိကြသည်။

အစိုးရအဖွဲ့သစ်တွင် နယ်လ်ဆင်မင်ဒဲလားသည် သမ္မတ အဖြစ်လည်းကောင်း၊ ဒီကလပ်နှင့် အေအင်စီ ပါတီတို့မှ သာဘိုအမ်ဘဲကီတို့က ဒုတိယ သမ္မတများအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ လူဖြူအမျိုးသားပါတီ ခေါင်းဆောင် သမ္မတဟောင်း ဒီကလပ်၏ အမျိုးသားပါတီ သည် ရွေးကောက်ပွဲတွင် ဒုတိယလိုက်ခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတဟောင်း ဒီကလပ်သည် ဒုတိယသမ္မတရာထူး ရပိုင်ခွင့်ရှိသည်။ ဇူးလူးအကြီးအကဲ၊ အင်ကာသာ လွတ်မြောက်ရေးပါတီ ခေါင်းဆောင် ဘူတယ်လီဇီသည် ပြည်ထဲရေးဝန်ကြီးတာဝန်ယူသည်။ နိုင်ငံခြားရေးဝန်ကြီး အဖြစ် အေအင်စီပါတီမှ အယ်ဖရက်အင်ဇို၊ ကာကွယ်ရေး ဝန်ကြီးအဖြစ် ဂျိုးမိုဒစ်စီနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် အမျိုးသားပါတီမှ ဒေရက်ကီးစ်တို့အား အသီးသီး တာဝန်ပေး အပ်သည်။ ကမ္ဘာတွင်နိုင်ငံခြား ရေးဝန်ကြီးအဖြစ် အရှည်ကြာဆုံးတာဝန်ယူခဲ့သူ ပစ်ဘိုသာအား သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ အေအင်စီပါတီမှ ဆစ်ဒနီမူဖာမာဒီအား ရဲတပ်ဖွဲ့အကြီးအမှူးအဖြစ် ခန့်အပ်သည်။

**ပြည်ပအကူအညီ** – အမေရိကန်ပြည်ထောင်စုက တောင်အာဖရိကသမ္မတနိုင်ငံအားအနည်းဆုံးဒေါ်လာသန်း ၁၄၀ အထိ နှစ်ဆတိုးထောက်ပံ့ရန် စီစဉ်လျက်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရွန်ဘရောင်းက ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့က ပြောကြားခဲ့သည်။ အဆိုပါ ထောက်ပံ့ကူညီငွေကို တောင်အာဖရိကနိုင်ငံ၏ လူမှုရေးပြန်လည်

တည်ဆောက်ရေးကိစ္စ၊ အထူးသဖြင့် အိမ်ရာဆောက်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ပညာရေးနှင့်ကျန်းမာရေး စောင့်ရှောက်ရေးတို့အတွက် ရည်ရွယ်ထောက်ပံ့ခြင်း ဖြစ်ကြောင်း ရွှန်ဘရောင်းက ပြောခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ တောင်အာဖရိကနိုင်ငံနှင့် ဗြိတိန်နိုင်ငံ ဓနသဟာယဖွံ့ဖြိုးမှု ကော်ပိုရေးရှင်းတို့သည် တောင်အာဖရိကနိုင်ငံဖွံ့ဖြိုးရေးနှင့် စီးပွားရေးတိုးတက်ရေးဆိုင်ရာ အကူအညီပေးရေး စာချုပ်ကို ချုပ်ဆိုခဲ့သည်။

တောင်အာဖရိကနိုင်ငံရှိ ပြည်တွင်းအလုပ်သမားများ၏ အနိမ့်ဆုံး လစာသည် တောင်အာဖရိကငွေ ရမ် ၄၀၀ (အမေရိကန်ဒေါ်လာ ၁၁၁ ဒေါ်လာ) ဖြစ်သည်။ လယ်ယာအလုပ်သမားများ၏ ဝင်ငွေမှာ ထိုထက်လျော့နည်းသည်။ တစ်နိုင်ငံလုံးပျမ်းမျှ မိသားစုလစဉ် ဝင်ငွေသည် ရမ် ၁၂၀၀ ခန့် (၃၃၃ ဒေါ်လာ) ဖြစ်ပေသည်။ အသားအရောင်ခွဲခြားစဉ် ကာလများတစ်လျှောက် တောင်အာဖရိကရှိ လူဖြူများ၏ ဝင်ငွေသည် လူမည်းများ ဝင်ငွေထက် ငါးဆမှ ၁၀ ဆအထိ ပိုခဲ့ပေသည်။

**တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်း။** ။ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်းသည် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၆) ရပ်ကွက် ဘူတာရုံလမ်းတွင် တည်ရှိသည်။ ကျောင်း၏ မူလပထမအမည်သည် အင်္ဂလိပ်– မြန်မာ ပထမစစ်ပွဲတွင် စစ်သူကြီး မဟာဗန္ဓုလ တပ်စခန်းချရာ စစ်တပ်အတွင်း၌ ကရင်ဆရာတော် ဦးလိပ် စတင်သီတင်းသုံး နေထိုင်ခဲ့ခြင်း ကြောင့် တပ်တွင်းကျောင်းဟု ခေါ်တွင်သည်။

တပ်တွင်းကျောင်းစတုတ္ထဆရာတော် ဦးပညာဇောတလက်ထက် ၁၉၂၄ ခုနှစ်တွင် အိန်အန်တောင် ကျားတဲဆိပ် ဆေးတိုက်ပိုင်ရှင် သူဌေးကြီး ဦးဘွန်ဟောနှင့် ဦးဘွန်ပါ ညီအစ်ကိုနှစ်ဦးတို့က လူမျိုးမရွေး ဘာသာမရွေး အခမဲ့ ပညာသင်ကြားနိုင်ရန် ကျောင်းများ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းကြောင့် အဆိုပါသူဌေးညီအစ်ကို၏ ကျားတဲဆိပ် ဆေးတိုက်ကိုအစွဲပြုပြီး ကျားကျောင်းဖြစ်လာသည်။ ကျားကျောင်းကို ပထမဆရာတော် ဦးနန္ဒဝံသနှင့် ကျောင်းအုပ် ဆရာတော်ဦးဉာဏိန္ဒတို့က ဆက်လက်အုပ်ချုပ်ခဲ့ရာ ၁၉၂၈ ခုနှစ်တွင် အစိုးရအထောက်အပံ့ခံ အင်္ဂလိပ်–မြန်မာနှစ်ဘာသာသင် အလယ်တန်းကျောင်း အဆင့်သို့ ရောက်ရှိသည်။

၁၉၄၆ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးစအချိန်တွင် ဆဋ္ဌမဆရာတော် ဦးဉာဏိန္ဒသည် အနယ်နယ်အရပ်ရပ်ရှိ ပညာမသင်ကြားခဲ့ရသော မိဘမဲ့ကလေးများအား သနားကရုဏာဖြစ်တော်မူပြီး လက်ရှိ သတ္တမဆရာတော် ဦးပဏ္ဍိတနှင့်အတူ ပရဟိတလုပ်ငန်းဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ခဲ့သည်။ စစ်ဘေးစစ်ဒဏ်ကြောင့် အားကိုးစရာမရှိသော မိဘမဲ့ကလေးများအား ဘဝအာမခံ ရရှိသည်အထိ ပြုစုပျိုးထောင်ပေးရန်၊ ဖက်ဆစ်တော်လှန်ရေးကာလအတွင်း အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တိုက်တွန်းချက်အရ ပြည်နယ် တောင်ပေါ်ဒေသများရှိ မရှိဆင်းရဲနွမ်းပါးသူကလေးများအား ခေါ်ယူကျွေးမွေးစောင့်ရှောက်ပညာသင်ကြားပေးခြင်းဖြင့် ပြည်နယ် ပြည်မ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာလာစေရန် ၊ နယ်ချဲ့သမားများ၏ တမန်တော်များ ဖြစ်ကြသော သာသနာပြုသူများ၏ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားအောင် ဘာသာရေးဖြင့် ဖျက်ဆီးနေသည့် အန္တရာယ်မှ ကာကွယ်၍ မိမိဘာသာ သာသနာ ထွန်းကားပြန့်ပွားလာစေရန်၊ စာရိတ္တကောင်းမွန်ပြီး တိုင်းချစ် ပြည်ချစ်စိတ်ဓာတ် ပရဟိတလုပ်ငန်း ဆောင်ရွက်လိုသော စိတ်ဓာတ်တို့ တောင့်တင်းခိုင်မာလာအောင်စည်းရုံးလျက် တိုင်းပြည်အတွက် လူတော်လူကောင်း လုပ်သားကောင်းများ ပေါ်ထွက်လာစေရန်၊ နိုင်ငံတော်အစိုးရ၏ လူမှုဝန်ထမ်းလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ကူညီ ဆောင်ရွက်ပေးရန် ဟူသော ရည်ရွယ်ချက်များဖြင့် မိဘမဲ့ကလေးများကို ခေါ်ယူ ကျွေးမွေးစောင့်ရှောက်ခဲ့ခြင်းကြောင့် ပရဟိတ (ကျား) ကျောင်း ဖြစ်လာသည်။

ပရဟိတ (ကျား) ကျောင်း ဆရာတော်ဦးပဏ္ဍိတသည် ၁၉၅၄ ခုနှစ်မှစ၍(ကျား)၌ အထူးသင်တန်း – အထက်တန်းကျောင်းကိုလည်း ဖွင့်လှစ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် အလံနီ သခင်စိုးအဖွဲ့က ဆင်စွယ်ရှာရှိ ယောကျ်ားများကို ရွာလုံးကျွတ် သတ်ဖြတ်ခဲ့ရာ ကျန်ရစ်သူမိခင်များနှင့် ကလေးဒုက္ခသည်ဦးရေ ၂၀၀ အား ဆရာတော် ဦးပဏ္ဍိတက ပရဟိတ (ကျား ) ကျောင်းသို့ခေါ်ယူပြီး ကျွေးမွေး စောင့်ရှောက်ခဲ့သည်။ ထို့ပြင် မိဘမဲ့ကလေးများ ဘဝမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ပရဟိတကျောင်း ၇၈ ကျောင်းပေါ်ပေါက်လာအောင် စည်းရုံးဆောင်ရွက်ခဲ့ပြီး လိုအပ်သော ငွေနှင့်ပစ္စည်းများကို ထောက်ပံ့ကူညီခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း၏ အစိတ်အပိုင်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်

နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ လုပ်ငန်းတစ်ရပ်အဖြစ် တာဝန်ယူလျက် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်းအမည်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်းသည် တိုင်းရင်းသားအချင်းချင်း ပိုမို၍ စည်းလုံးညီညွတ်မှုရရှိစေရန်၊ တိုင်းရင်းသား ရိုးရာဓလေ့များကို မြတ်နိုးစွာ ထိန်းသိမ်းသွားစေရန်၊ ပညာရပ်များ အဆင့်မြင့်မားစွာ တတ်မြောက်၍ မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်စေရန်၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ ထူးချွန်စွာ သင်ကြားတတ်မြောက်၍ မိမိဒေသ၌ အသက်မွေးဝမ်းကျောင်း ပညာရပ်များပြန့်ပွားပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်စေရန်ဟူသော ရည်ရွယ်ချက်လေးရပ်ဖြင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးများအား စနစ်တကျလေ့ကျင့် စောင့်ရှောက်ရေးလုပ်ငန်းများနှင့် သင်ကြားပို့ချရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်ဝန်က နာယကအဖြစ်ပါဝင်ပြီး ဌာနဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူး များနှင့် ညွှန်ကြားရေးမှူးချုပ်များက အဖွဲ့ဝင်များအဖြစ်ပါဝင်သော တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်း အကြံပေးအဖွဲ့၊ လှိုင်မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက၊ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး မြို့နယ်တွင်းရှိဌာနဆိုင်ရာ ဦးစီးမှူး များအဖွဲ့ဝင်များအဖြစ်ပါဝင်သော တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်း ကြီးကြပ်ရေးကော်မတီ နှင့် ကျောင်းအုပ်ချုပ်ရေးမှူးအပါအဝင် ဝန်ထမ်း၁၄ ဦး ပါဝင်သော အုပ်ချုပ်ရေးရုံးအဖွဲ့တို့ကို ဖွဲ့စည်းကာဆောင်ရွက် လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်းတွင် လက်ခံပြုစုပျိုးထောင်ပေးသည့် ကလေးများသည် နယ်စပ်ဒေသအသီးသီးမှ မိဘမဲ့ကလေးများ၊ မိမဲ့ကလေးများ ဘမဲ့ကလေးများနှင့် ဆင်းရဲနွမ်းပါးသော ကလေးများဖြစ်ရမည့်အပြင် အသက်ခြောက်နှစ်မှ ၁၈ နှစ်အတွင်းရှိ ယောကျ်ားကလေးများဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ယင်းကလေးများအား စစ်တိုင်းကြီးများ အလိုက် လူမျိုးစု ခေါင်းဆောင်များက မဖွံ့ဖြိုးသေးသည့်နယ်စပ်ဒေသများမှ စိစစ်ရွေးချယ်ပေးခြင်းဖြစ်သည်။ ယခုအခါ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်းတွင်
၁၆ မြောင်စီး နှစ်ဦး၊ ဗမာ ၁၉ ဦး၊ ရခိုင်ရှစ်ဦး၊ "ဝ" လေးဦး၊ ပအိုဝ်း ၃၃ ဦး၊ ပလောင် ၂၈ ဦး၊ ကယား ၁၉ ဦး၊ လားဟူ ၁၁ဦး၊ အာခါ ၁၄ ဦး၊ထားဝယ်တစ်ဦး၊ ကချင် ၅ ဦး၊ ရှမ်း ၁၁ဦး၊ ကယန်း ၃ဦး၊ ချင်း ၁၁ဦးနှင့် လီရှော ၁၀ ဦး စုစုပေါင်း တိုင်းရင်းသားကလေး ၁၈၉ ဦးနေထိုင်လျက်ရှိသည်။ ကလေးများအား နံနက်မှ ညအထိ ကျန်းမာရေးလေ့ကျင့်ချိန်၊ စစ်ရေးပြချိန်၊ ဘုရား ဝတ်ပြုချိန်၊ စာသင်ချိန်၊ လုပ်ငန်းလက်တွေ့သင်ချိန်၊ စားသောက်ချိန်၊ နားနေချိန်၊ စာကြည့်ချိန်၊ ရုပ်မြင်သံကြား ကြည့်ချိန် စသည်ဖြင့် အချိန်ဇယားရေးဆွဲသတ်မှတ်ပြီးစနစ်တကျ လေ့ကျင့်ပေးလျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်းရှိကလေးများ အတန်းပညာသင်ယူရေးအတွက် လှိုင်မြို့နယ်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း နှင့် အမှတ် (၄) အခြေခံပညာ အလယ်တန်းကျောင်း တို့တွင် တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။ ၁၉၉၄-၉၅ ပညာသင်နှစ်တွင် သူငယ်တန်း ၁၂ဦး၊ ပထမတန်း ၁၁ဦး၊ ဒုတိယတန်း ၁၃ဦး၊တတိယတန်း ၁၃ဦး၊ စတုတ္ထတန်း ၁၆ဦး၊ ပဉ္စမတန်းဦးရေ ၂၀၊ ဆဋ္ဌမတန်း ၃၈ဦး၊ သတ္တမတန်း ၁၉ဦး၊ အဋ္ဌမတန်း ၁၆ဦး၊ နဝမတန်း ၁၄ဦး၊ ဒသမတန်း ၁၀ ဦး၊



တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်းမှ ပညာသင်ကြားနေသော ကျောင်းသားကလေးများ

စက်မှုအထက်တန်းကျောင်းသား တစ်ဦးနှင့် လုပ်ငန်းခွင်ကျောင်းသား ခြောက်ဦး စုစုပေါင်း ၁၈၉ ဦး ပညာသင်ယူလျက်ရှိသည်။ လုပ်ငန်းခွင်ကျောင်းသားများသည် အောင်ဆန်းမြို့ရှိ လက်မှုပညာသင်ကျောင်း ဆံသ သင်တန်းသား လေးဦးနှင့် ကျောင်းတွင် ဖွင့်လှစ်ထားသော လက်သမား သင်တန်းသား နှစ်ဦးတို့ဖြစ်သည်။ အတန်းပညာသင် ကလေးများအား ကျောင်းအားလပ်ချိန်များ၌ ကျောင်းရှိလက်သမား သင်တန်း၊ စက်ချုပ်သင်တန်း၊ တွင်ခုံသင်တန်း နှင့် ပိုးဇာပုံနှိပ်သင်တန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ လက်သမား သင်တန်းတွင် ၁၁ဦး၊ စက်ချုပ်သင်တန်းတွင် ၁၁ဦး၊ တွင်ခုံ သင်တန်းတွင် ၁၁ဦးနှင့် ပိုးဇာပုံနှိပ်သင်တန်းတွင် ၃၇ ဦး လေ့ကျင့်သင်ယူလျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်းအတွက် လူမှုဝန်ထမ်းဦးစီးဌာနက နှစ်စဉ်ဆန်ဖိုးငွေ ကျပ် နှစ်သိန်းခန့်နှင့် စားစရိတ်၊ ဝတ်စရိတ်၊ ဂေဟာမှူး ထောက်ပံ့ကြေးငွေ ကျပ် တစ်သိန်းခွဲခန့်ထောက်ပံ့သည်။ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်းရှိ ကလေးတစ်ဦးအတွက် စားစရိတ်သည် ရိုးရိုးနေ့တွင် ကိုးကျပ်နှုန်းနှင့် အထူးနေ့တွင် ၁၅ ကျပ်နှုန်း၊ နေ့စဉ်မုန့်ဖိုးသည် အထက်တန်းကျောင်းသားတစ်ဦးလျှင် သုံးကျပ်နှုန်း၊ အလယ်တန်း ကျောင်းသား တစ်ဦးလျှင် နှစ်ကျပ်နှုန်းနှင့် မူလတန်း ကျောင်းသားတစ်ဦးလျှင် တစ်ကျပ်နှုန်း၊ နှစ်စဉ် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ ဝယ်ယူစရိတ်သည် အထက်တန်းကျောင်းသား တစ်ဦးလျှင် ၂၃၅ ကျပ်နှုန်း၊ အလယ်တန်းကျောင်းသား တစ်ဦးလျှင် ၁၅၀ ကျပ်နှုန်းနှင့် မူလတန်းကျောင်းသားတစ်ဦးလျှင်ကျပ် ၉၀ နှုန်း၊ ကလေးအားလုံးအတွက် နှစ်စဉ်ဝတ်စုံ နှစ်စုံစီနှင့် ပညာသင်ကျောင်းသားများအတွက် နှစ်စဉ် ကျောင်းဝတ်စုံနှစ်စုံစီ ကုန်ကျသည်။

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်းရှိ ကလေးများ၏ စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ကို အထောက်အကူပြုနိုင်ရန် ဆပ်ပြာစက်လုပ်ငန်း၊ ဆေးခန်းလုပ်ငန်း၊ သစ်စက်လုပ်ငန်းနှင့် တွင်ခုံလုပ်ငန်း စသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျောင်းတွင်တည်ထောင်ထားသည်။ ကုန်ထုတ်လုပ်မှု ပုံမှန်ဆောင်ရွက်နေသော ဆပ်ပြာစက်လုပ်ငန်းသည်တစ်လလျှင် အဝတ်လျှော်ဆပ်ပြာတောင့် ၇၂,၀၀၀ ထုတ်လုပ်ပေးနေသည်။ ဆပ်ပြာစက်လုပ်ငန်းမှ ငွေကျပ် တစ်သောင်း၊ ဆေးခန်းလုပ်ငန်းမှ ငွေကျပ် တစ်သောင်း၊ သစ်စက်မှ ငွေကျပ် နှစ်သောင်းခွဲကျော်၊ တွင်ခုံလုပ်ငန်းမှ ငွေကျပ် တစ်သောင်းကျော် လစဉ်ဝင်ငွေရရှိသည်။

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေသားနှင့် ပစ္စည်းများ

**ပရဟိတ (ကျား) ကျောင်းရှိ ကလေးများ စားသောက်ချိန်တွင် ဤသို့ စနစ်တကျ စားသောက်နေကြသည်**





**ပရဟိတ (ကျား) ကျောင်း ဖွံ့ဖြိုးရေး လုပ်ငန်းတစ်ခုဖြစ်သည့် ဆပ်ပြာချက်လုပ်ငန်း**

လှူဒါန်းလျက်ရှိရာ ၁၉၉၃ ခုနှစ်၊ ဧပြီလမှ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ အထိ ပြည်တွင်းပြည်ပ အလှူရှင်၇၁ ဦးက ငွေကျပ် ၁၀သိန်း ကျော်နှင့် အမေရိကန်ဒေါ်လာ ၂,၇၁၀၊ အလှူရှင် ၂၂ဦးက ငွေကျပ် သုံးသိန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၃,၅၀၀ တန်ဖိုးရှိသည့်ပစ္စည်းများကိုလှူဒါန်းခဲ့ကြသည်။ တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်း ဖွံ့ဖြိုးရေး လုပ်ငန်းများ ယခုထက် ပိုမို တိုးတက်အောင် ဆောင်ရွက်နိုင် ရန် ငွေနှင့်ပစ္စည်းများ လိုအပ်နေဆဲဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်းသည် ယခုကဲ့သို့ နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသားကလေးများအား လေ့ကျင့်ပြုစုပျိုးထောင် ပေးလျက် ရှိရာ နိုင်ငံအကြီးအကဲများ၏ မိန့်မှာချက်များနှင့် အကြံပေးအဖွဲ့၏လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ကျောင်းသားများအား နိုင်ငံအကြီးအကဲများ မျှော်မှန်းထားသည့် ဘက်စုံထူးချွန်သော ကျောင်းသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစု ပျိုးထောင်သွားရန်၊ ကျောင်းတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျောင်း၏ ဝန်ဆောင်မှုစရိတ် ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက် သွားရန် ၊ ကျောင်းသားများ၏ စားဝတ်နေရေး ၊ ပညာ သင်ကြားရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့ မြင့်မား တိုးတက်စေရေးအတွက် ဆောင်ရွက်သွားရန် ဟူသော ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပြီး ဆောင်ရွက် လျက်ရှိ သည်။

**ထိုင်းနိုင်ငံ။** ။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်တွင် ခရီးသည် ပို့ဆောင်ရေး စီမံကိန်းများသာမက မြေအောက် ရထားလမ်းပါ ဖောက်လုပ်ရန်လိုအပ်လျက်ရှိသည်။ မြေပြင် ပေါ်၌ ဆောက်လုပ်ရေးလုပ်ငန်းများ အကြီးအကျယ် တိုးတက်လာခြင်းကြောင့် ပို့ဆောင်ရေးလုပ်ငန်းကို မြေပြင်ပေါ်မှ မြေအောက်သို့ ပြောင်းရန်လိုအပ် လာသည် ဟု မြို့တော်ဘုရင်ခံက ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဘန်ကောက်မြို့၌ ဆောက်လုပ်ရေး လုပ်ငန်းများအတွက် မြေ မရှိသလောက် ဖြစ်နေသည်။

ဒေါ်လာသန်း ၆၀၀၀ ကုန်ကျမည့် မြေအောက်ရထား လမ်း ဖောက်လုပ်ရေးစီမံကိန်း ပဏာမ လေ့လာရေးလုပ်ငန်း များကို ၁၉၉၄ ခုနှစ်တွင်စတင်၍ ပထမဆုံးမြေအောက် ရထားလမ်းမှာ ၁၉၉၈ ခုနှစ်တွင် ပြီးမည်ဖြစ်ပြီး တစ်နာရီ တွင် ခရီးသည်တစ်သိန်းခွဲကို သယ်ပို့ပေးနိုင်မည်ဖြစ်သည်။ တိုးချဲ့မြေအောက်ရထားလမ်းများကိုလည်း ဆက်လက်



**ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်**

ဖောက်လုပ်သွားမည်ဖြစ်သည်။ ဘန်ကောက်မြို့၌ တစ်နေ့လျှင် ကားသစ်အစီး ၄၅၀၊ မော်တော်ဆိုင်ကယ် ၄၀၀ တို့ ဝင်ရောက်လာလျက်ရှိသည်။

**အယုံအကြည်မရှိအဆို** – ထိုင်းဝန်ကြီးချုပ်ချွမ်လီပိုင်၏ အစိုးရသည် ပါလီမန်တွင် အတိုက်အခံကိုက တင်သွင်းသော အယုံအကြည်မရှိအဆိုများကို မဲခွဲရာ၌ နိုဝင်ဘာလ ၁၂ ရက်နေ့က အနိုင်ရရှိသည်။ အတိုက်အခံပါတီများက အစိုးရအဖွဲ့၏ ဝန်ကြီး ၂ ဦးတို့အား အာဏာအလွဲသုံးစား ပြုမှု၊ ဆွေမျိုးသားချင်းကောင်းစားရေး ဝါဒထားရှိမှု၊ လာဘ်ယူမှုနှင့် အိမ်သူဇနီး က ပါဝင်စွက်ဖက်မှုတို့ဖြင့် ပြစ်တင်ဝေဖန်ဆွေးနွေးပြီး နောက်အဆိုကို မဲခွဲခဲ့ခြင်း ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်အား ရည်ညွှန်းသော အယုံအကြည်မရှိအဆိုကို မဲခွဲရာ၌ ၁၉၁ မဲ ၁၆၄ မဲဖြင့် အစိုးရဘက်က အနိုင်ရခဲ့ပြီး ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ယုထိုင်းပင် ချိုင်းချွန်အား ရည်ညွှန်းသော အယုံအကြည်မရှိအဆိုကို မဲခွဲရာ၌ ၁၉၁ မဲ ၁၆၇ မဲဖြင့် အစိုးရဘက်က အနိုင်ရရှိခဲ့သည်။ အမတ်ဦးရေ ၃၆၀ ရှိသော ပါလီမန်တွင် ချွမ်လီပိုင်၏ ငါးပါတီညွန့်ပေါင်း အစိုးရအဖွဲ့က အမတ်အင်အား ၁၉၃ နေရာရှိသည်။

**ထိုင်းဘုရင်၏အလှူ** – ဘန်ကောက်မြို့၌ မော်တော်ယာဉ်များ ကျပ်ညပ်နေခြင်းနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိပုံကို ဒီဇင်ဘာလ ၄ ရက်နေ့က သူ၏မွေးနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာ၌ ထိုင်းဘုရင်မင်းမြတ်က ထည့်သွင်းပြောကြားခဲ့သည်။ ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်မှာ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် အသက် ၆၆ နှစ် အတွင်းဝင်ရောက်ခဲ့သည်။ ယာဉ်ထိန်းရဲများအတွက် မော်တော်ဆိုင်ကယ်သစ် ၁၅၀ ပါဝင်သောမော်တော်ယာဉ်လမ်း တိုးတက်ကောင်းမွန်ရေး စီမံကိန်းအတွက် သူပိုင်ငွေမှ ဘတ် ငွေ ၁.၂ သန်း (ဒေါ်လာ ၄၀၅၉၀) ကို မိမိလှူဒါန်းခဲ့ကြောင်း ၊ ထိုင်းဘုရင်မင်းမြတ်က ပြောကြားသည်။ မြို့တော်၏ အရေး ကြီးသော ပြဿနာများဖြေရှင်းရန် မော်တော်ယာဉ်များနှင့် ရေစုပ်စက်များဝယ်ယူရေးအတွက် မီးသတ်ဌာနသို့လည်း ဘတ်ငွေ တစ်သန်း (ဒေါ်လာ ၃၉၂၁၅) ကို ဘုရင်မင်းမြတ်က လှူဒါန်းခဲ့သည်။ ၁၉၈၀ ပြည့်နှစ်များမှစ၍ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစဉ်အတွင်း လမ်းမျက်နှာပြင် ချို့ယွင်းပျက်စီးလာခြင်း၊ ယာဉ်စည်းကမ်းဥပဒေများကို လိုက်နာမှုမရှိခြင်းနှင့် ပုဂ္ဂလိက မော်တော်ယာဉ်များတိုးပွားလာခြင်းတို့ကြောင့် ဘန်ကောက်မြို့မှာ ကမ္ဘာတွင်အဆိုးဆုံး မော်တော်ယာဉ်ကြောပိတ်ဆို့မှုအချို့ရှိနေသည်။

စည်းမျဉ်းခံ ထိုင်းဘုရင်နှင့်မိဖုရားကြီး သီရိခေတ်တို့မှာ နိုင်ငံရေး၌ ပါဝင်ခဲ့သည်။ သို့ရာတွင် ဩဂုတ်မှ စတင်လျက် မော်တော်လမ်း ယာဉ်ကြောနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြုလုပ်ရန် အစိုးရအား ဘုရင်နှင့်မိဖုရားကြီးတို့က တိုက်တွန်းခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄–စာ၊ ၂၀၈–ရှု။)

**ဖွဲ့စည်းပုံဥပဒေပြင်ရန် ကြံရွယ်ချက်** – ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ ပါရှိရန် ဝန်ကြီးချုပ် ချွမ်လီပိုင်အစိုးရက တွန်းအားပေး ဆောင်ရွက်နေသည်။ ကြံရွယ်ထားသော ဖွဲ့စည်းပုံပြင်ဆင်ချက် ၂၅ ခုတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ အသက် ၂၀ မှ ၁၈ နှစ်အထိ လျော့ချခြင်း၊ ခန့်အပ်သော အထက်လွှတ်တော်၏ အာဏာလျော့ချရေးတို့ပါဝင်သည်။ ပြင်ဆင်ချက် လေးငါးခု အတွက်သာ အစိုးရနှင့်အတိုက်အခံသဘောတူညီချက်ရမည်ဟု မိမိယုံကြည်ကြောင်း၊ အမတ်ဦးရေ ၃၆၀ ရွေးကောက်တင်မြှောက်ခံရသော အောက်လွှတ်တော်တွင် အမတ်ဦးရေ ၁၉၃ ဦးရရှိထားသော မိမိအစိုးရမှာ ပြင်ဆင်ချက်များကို မိမိတို့ဘာသာမလုပ်နိုင်ကြောင်း၊ ဝန်ကြီးချုပ် ချွမ်လီပိုင်က ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ဖော်ပြော ကြားခဲ့သည်။

ဖွဲ့စည်းပုံဥပဒေ ပြောင်းလဲသောဥပဒေကြမ်းတင်သွင်းရန် အထက်အောက်လွှတ်တော်နှစ်ရပ်လုံး၏ အမတ်ဦးရေသုံးပုံနှစ်ပုံ သို့မဟုတ် အမတ်ဦးရေ ၂၁၀ ရှိရသည်။ ဥပဒေကြမ်းကို အတည်ပြုရန် အမတ်အများစု သို့မဟုတ် အမတ်ဦးရေ ၃၁၆ ဦးလိုအပ်သည်။ ကြံ့ရွယ်ထားသော ပြင်ဆင်ချက် ၂၅ ခုလုံးပါဝင်သော ပြင်ဆင်ချက်ဥပဒေတစ်ခုတည်းကို အစိုးရက တင်သွင်းရန်အတိုက်အခံပါတီများက လိုလားသည်။

**ဖင်းမယ်မြို့တည်ဆောက်ရေး** – ထိုင်းအစိုးရသည် ထိုင်းနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့၏ လမ်းများစီမံကိန်းအတွက် ဘတ်ငွေ (၂၁.၁ ဘီလီယံ) (ဒေါ်လာ ၈၄ သန်း) အသုံးပြုရန် အတည်ပြုလိုက်ကြောင်း၊ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် ထိုင်းရေဒီယိုက ကြေညာသည်။ ယင်းစီမံကိန်းအရ ဖင်းမယ်မြို့တွင် ၁၉၉၅ ခုနှစ်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ယာဉ်အသွားအလာ ထိန်းသိမ်းရေးစနစ်သစ် တစ်ရပ်ကို အချိန်မီ ဆောင်ရွက်ပြီးစီးရမည်ဖြစ်သည်။ ယင်း အစီအစဉ်တွင် ဘန်ကောက်မြောက်ဘက် မိုင် ၃၆၀ အကွာတွင်တည်ရှိသော ဖင်းမယ်မြို့တွင် မြို့ပတ်လမ်းတစ်လမ်းကို လေးနှစ်အတွင်း အပြီးတည်ဆောက်ရန်နှင့် သံလမ်းပြေး ခရီးသည်ပို့ဆောင်ရေးစနစ်တစ်ရပ်အတွက် လေ့လာမှုများ ပြုလုပ်ရန်လည်း ပါဝင်သည်။

ထိုင်းအစိုးရသည် ဖင်းမယ်မြို့အား ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ပညာသင်ကြားရေးတို့နှင့်ပတ်သက်၍ အချက်အချာဒေသအဖြစ် အသွင်ပြောင်းရန်ဆန္ဒရှိနေပြီး ဘန်ကောက်တွင် ရင်ဆိုင်နေရသော ယာဉ်အသွားအလာများပိတ်ဆို့မှုပြဿနာများကို ဖင်းမယ်၌ ရှောင်ရှားနိုင်မည်ဟု မျှော်လင့်ထားသည်။ တစ်နေ့တခြား လူနေထူထပ်လာသော ဘန်ကောက်မြို့တော်မှ ပြောင်းရွှေ့လာသူများဖြင့် ပြည့်နှက်လာသော ဖင်းမယ်တွင် ယခုအခါ လူဦးရေ လေးသိန်းရှိနေပြီးဖြစ်သည်။ လွန်ခဲ့သော အနှစ် ၅၀ ခန့်က လူဦးရေသုံးသောင်းသာရှိသည်။

**ပြည်နယ်ဘုရင်ခံများ ရွေးချယ်တင်မြှောက်ရေး** – ဒီမိုကရေစီဝါဒ စိတ်ဓာတ်တက်ကြွသူများနှင့် အာဏာရညွန့်ပေါင်းအစိုးရအဖွဲ့မှ အဓိကပါတီကြီးတစ်ခုတို့က ဖိအားပေးနေစေကာမူ ပြည်နယ်ဘုရင်ခံများရွေးချယ်တင်မြှောက်ပွဲများ ကျင်းပရေးကို ထိုင်းအစိုးရက ငြင်းပယ်ထားသည်။ ထိုင်းနိုင်ငံတွင် ပြည်နယ်၊ တိုင်း ၇၅ ခုရှိ၍ ပြည်နယ်ဘုရင်ခံများကို ပြည်ထဲရေးဝန်ကြီးက တိုက်ရိုက်ရွေးချယ်ခန့်ထားသော အစဉ်အလာရှိခဲ့သည်။ သို့သော် ခြွင်းချက်အနေဖြင့် ဘန်ကောက်မြို့တော်တစ်ခုတွင်း၌သာလျှင် ဘန်ကောက်မြို့တော်အုပ်ချုပ်ရေးမှူးကို ပြည်သူတို့၏ ဆန္ဒမဲဖြင့်ရွေးချယ်တင်မြှောက်လေ့ရှိသည်။

ထိုင်းနိုင်ငံသည် ပဋ္ဌမမြောက် 'ရာမ' ဘုရင်လက်ထက် ၁၉ ရာစုနှစ်အနှောင်းပိုင်းနှင့် ၂၀ ရာစုအစပိုင်းအထိ ဗဟိုချုပ်ကိုင်မှုဖြင့် အုပ်ချုပ်ခဲ့သော နိုင်ငံဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်က ဖေဖော်ဝါရီလ ၇ ရက် နေ့ညက ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ သို့သော် အစိုးရက ဗဟိုချုပ်ကိုင်မှု အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးရွာကိစ္စများ၏ အရေးကိစ္စများကို စီမံခန့်ခွဲနိုင်ခွင့်ရှိသော ဒေသဆိုင်ရာ အစိုးရအဖွဲ့ငယ်များကို အောက်ခြေ၌ ရွေးကောက်တင်မြှောက်ပေးသွားမည်ဖြစ်ကြောင်း ယောင်ချိုင်ယုဒ်က ပြောကြားခဲ့သည်။ ယင်းသို့ပြည်နယ်ဘုရင်ခံများ ရွေးချယ်တင်မြှောက်ရေးကို စတင်လှုံ့ဆော်လာခြင်းမှာ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် အခြားစိတ်ဓာတ်တက်ကြွသူများ ပါဝင်ပေါင်းစပ်ထားသော ဒီမိုကရေစီအဖွဲ့ချုပ်မှဖြစ်သည်။

**ဗီယက်နမ်ခရီးစဉ်** – ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ကို ခေါင်းဆောင်၍ ဗီယက်နမ်သို့ လေးရက်ကြာ ခရီးစဉ်အဖြစ် မတ် ၁၆ ရက်နေ့တွင် ထွက်ခွာခဲ့သည်။ ယင်းခရီးစဉ်မှာ ဗီယက်နမ်ဈေးကွက်၌ ထိုင်းလုပ်ငန်းအပြိုင်အဆိုင်ခြေချနိုင်ရေး ကြိုးပမ်းရန်ဖြစ်သည်။ ယခင်လက စင်ကာပူအဖွဲ့ ဗီယက်နမ်သို့ရောက်ခဲ့ရာတွင် များစွာအလုပ်ဖြစ်ခဲ့သည်ကို တွေ့ခဲ့ရရာ ထိုင်းနိုင်ငံကလည်း စီးပွားရေး ကျားတစ်ကောင်ဖြစ်လာနေပြီဆိုသည်ကို ဗီယက်နမ်တို့အား ပြသလိုသော ဆန္ဒရှိသည်ဟု ဆိုသည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် ဗီယက်နမ်နှင့် ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များကို ချုပ်ဆိုခဲ့သည်။ သို့သော် ငါးဖမ်းခွင့်စာချုပ် ချုပ်ဆိုရေးမှာ အရေးတကြီးလုပ်ငန်း တစ်ရပ်အဖြစ်တည်ရှိနေသည်။ ထိုင်းကုမ္ပဏီတို့က ဗီယက်နမ်ရေပိုင်နက်အတွင်း ငါးဖမ်းခွင့်ရရှိလိုကြသည်။ သို့သော် ငါးထုတ်လုပ်ရေး စက်ရုံများ ဗီယက်နမ်၌ တည်ဆောက်ရေးတွင်မူ ရင်းနှီးမြှုပ်နှံရန် ဆန္ဒနည်းပါးလျက်ရှိသည်။ (ဗီယက်နမ်နိုင်ငံ – ရှု။)

**ဖွဲ့စည်းပုံဥပဒေဆိုင်ရာပြင်ဆင်ချက်** – ထိုင်းပါလီမန်သည် ထိုင်းအစိုးရ၏ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအဆိုပြုချက်ကို ပယ်ချခဲ့ပြီး အတိုက်အခံတို့

ထောက်ခံသော ပြင်ဆင်ချက်များကို အတည်ပြုပေးခဲ့သည်။ ပါလီမန်တွင် ယင်းသို့ဆောင်ရွက်မှုများရှိခဲ့သည့်တိုင်အောင် မိမိသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခြင်းသော်လည်း ကောင်း၊ ရွေးကောက်ပွဲသစ်ခေါ်ယူကျင်းပခြင်းသော်လည်း ကောင်း ပြုလုပ်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်ချွမ်လီပိုင်က ဧပြီလ ၂ ရက်နေ့တွင် ပြောကြားသည်။ မဝေးလှသော အနာဂတ်တွင် ပါလီမန်ဖျက်သိမ်းလိမ့်မည်မဟုတ်ကြောင်း ပြည်သူတို့အား မိမိအာမခံချက်ပေးလိုသည်ဟု ချွမ်လီပိုင်က ထိုင်းရေဒီယိုမှတစ်ဆင့် ပြောကြားခဲ့သည်။ အထက်လွှတ်တော်အမတ်ဦးရေတိုးမြှင့်ရေးအတွက် အတိုက်အခံတို့၏ အဆိုတစ်ရပ်ကို လွှတ်တော်နှစ်ရပ်ပေါင်း ပါလီမန်အစည်းအဝေးက ဆန္ဒမဲပေးပြီး ထောက်ခံအတည်ပြုခဲ့၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပိုမို၍ ဒီမိုကရေစီအခွင့်အရေး ပြည့်စုံစေရန် ကြိုးပမ်းမှုများမှာ အကြီးအကျယ်အထိနာခဲ့သည်။ အတိုက်အခံများနှင့် အထက်လွှတ်တော်တို့သည် အင်အားချင်းပူးပေါင်းပြီးနောက် အစိုးရကတင်သွင်းသော အထက်လွှတ်တော်၏ အာဏာလျှော့ချရေး ဥပဒေကြမ်းကို ဆန္ဒမဲပေးပြီး ပယ်ချခဲ့သည်။ အတိုက်အခံခေါင်းဆောင်တို့က ပါလီမန်တွင် အစိုးရဘက်မှ အရေးနိမ့်သွားပြီ ဖြစ်၍ ချွမ်လီပိုင်အစိုးရနုတ်ထွက်ပေးရန်နှင့် လွှတ်တော် ဖျက်သိမ်းရန် တောင်းဆိုခဲ့သည်။

ထိုင်းအစိုးရက တာဝန်ခံသော ဖွဲ့စည်းပုံဆိုင်ရာ ပြင်ဆင်ချက် ခုနစ်ခုကို ထိုင်းပါလီမန်၌ ဧပြီလ ၂၉ ရက်နေ့က ဆန္ဒမဲပေးပြီး အတည်ပြုချက်ရယူရာတွင်လည်း ပြင်ဆင်ချက် ခုနစ်ခုလုံးအတည်မပြုနိုင်သဖြင့် ဝန်ကြီးချုပ် ချွမ်လီပိုင်၏ အုပ်ချုပ်ရေးမှာ ထပ်မံတည်ငြိမ်မှုမရှိ ဖြစ်သွားရသည်။ ထိုင်းအောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေး၌ ပြင်ဆင်ချက်များ အတည်ဖြစ်ရေးအတွက် ထောက်ခံမဲ ၃၁၃ မဲ ရရှိရန် လိုအပ်သော်လည်း ပြင်ဆင်ချက်တစ်ခုစီကို သီးခြားဆန္ဒမဲပေးရာ၌ ပြင်ဆင်ချက်မူကြမ်း ခုနစ်ခုလုံး ဆန္ဒမဲ ၂၂၄ မဲထက်ကျော်လွန် မရရှိခဲ့ဟုဆိုသည်။ အထက်လွှတ်တော်အမတ်များက အတိုက်အခံတို့နှင့် ပေါင်းကာ ပြင်ဆင်ချက်များကို ဆန္ဒမဲမပေးဘဲနေခဲ့ကြသည်။ ထိုင်းအစိုးရသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများအဖြစ် ဖွဲ့စည်းပုံဆိုင်ရာ ပြင်ဆင်ချက်များကို အတင်းအကျပ်လုပ်ဆောင်ခြင်းဖြစ်သည်။ ပါလီမန်၌ ဆန္ဒမဲပေးပြီးနောက် အတိုက်အခံပါတီများက ပါလီမန်ဖျက်သိမ်းပြီး ရွေးကောက်ပွဲသစ်ကျင်းပရန် တောင်းဆိုလိုက်သည်။ သို့သော် ဝန်ကြီးချုပ် ချွမ်လီပိုင်ကမူ တောင်းဆိုချက်ကိုပယ်ချခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်၏ကံကြမ္မာသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ သဘောထားကွဲပြားမှုကြောင့် အာဏာရညွန့်ပေါင်းအဖွဲ့မှ နုတ်ထွက်မည်၊ မနုတ်ထွက်မည်ကိုဇွန်လနောက်ဆုံးအပတ်၌ ဆုံးဖြတ်မည့် ပါတီတစ်ခု၏ ဆုံးဖြတ်ချက်၌တည်နေကြောင်း ဇွန်လ ၁၈ ရက်နေ့တွင် အေပီကရေးသားဖော်ပြသည်။ ညွန့်ပေါင်းအဖွဲ့မှ အဖွဲ့တစ်ဖွဲ့ဖြစ်သော ပါလန်ဓါမာပါတီသည် နုတ်ထွက်မည်၊ မနုတ်ထွက်မည်ကို ဇွန်လ ၂၀ ရက်နေ့၌ ဆုံးဖြတ်ချက်ချရန် ပါတီဖွဲ့စည်းတည်ထောင်သူ ချန်လွန်သီရိမွန်အား တောင်းဆိုထားသည်။ အစိုးရရာထူးများမှ သဘောထားတင်းမာသူ သုံးဦးဇွန်လ ၁၇ ရက်နေ့က နုတ်ထွက်သွားချိန်တွင် ပါလန်ဓါမာ ပါတီမှ ထပ်ပြီးနုတ်ထွက်သွားသူ ပိုမိုများပြားလာမည်ဖြစ်သည်။ ပါလန်ဓါမာ ပါတီ ညွန့်ပေါင်းအဖွဲ့မှ နုတ်ထွက်သွားပါက ချွမ်လီပိုင်သည် ပါလီမန်၌ သူ၏အစိုးရအဖွဲ့ မူလအတိုင်း တည်မြဲမှု ရှိရေးအတွက် အတိုက်အခံပါတီတစ်ခုကို သူ၏ ညွန့်ပေါင်း အဖွဲ့ထဲသို့ ဆွဲသွင်းရမည်ဖြစ်သည်။ သို့မဟုတ်ပါက ပါလီမန် ဖျက်သိမ်းပြီး ရွေးကောက်ပွဲသစ် ကျင်းပရမည်ဖြစ်သည်။

**ဒုတိယဝန်ကြီးချုပ် နုတ်ထွက်ခြင်း** – ထိုင်းအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးချုပ် တစ်ဦးနုတ်ထွက်လိုက်ခြင်းနှင့် အတိုက်အခံတို့က ဝန်ကြီးလေးဦးတို့ကို အယုံအကြည်မရှိ အဆိုတစ်ရပ်တင်သွင်းထားခြင်းတို့သည် ဝန်ကြီးချုပ် ချွမ်လီပိုင်၏ ညွန့်ပေါင်းအစိုးရကို ထပ်မံ၍ မတည်မငြိမ်ဖြစ်ဖွယ်ရာရှိကြောင်း ထိုင်းသတင်းစာများက ဇူလိုင်လ ၉ ရက်နေ့တွင် ရေးသားဖော်ပြကြသည်။ ဒုတိယဝန်ကြီးချုပ် ဗီရာဝမ်သည် အစိုးရအဖွဲ့ဝင်အဖြစ်မှလည်းကောင်း၊ ချွမ်လီပိုင်၏ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်သော နယူးအက်စ်ပရေးရှင်း ပါတီ၏ ဒုတိယခေါင်းဆောင်အဖြစ်မှလည်းကောင်း၊ ဇူလိုင်လ ၈ ရက်နေ့တွင် နုတ်ထွက်သွားခဲ့သည်။ ဘဏ်လုပ်ငန်းရှင်ဟောင်းတစ်ဦးဖြစ်သူ ဗီရာဝမ်က တိုင်းပြည်၏ လူမှုရေးနှင့် စီးပွားရေးပြဿနာများကို ဖြေရှင်းရေးတွင် ထိထိမိမိ ပါဝင်အကျိုးပြုနိုင်မည့် ပါတီသစ်တစ်ခုကို ထူထောင်လိုကြောင်း ပြောသည်။

ဗီရာဝမ်ရာထူးမှ နုတ်ထွက်ချိန်မှာပင် အတိုက်အခံအမတ် ၈၉ ဦးတို့က အစိုးရအဖွဲ့ဝင် အဓိကဝန်ကြီးလေးဦးတို့အပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့ကြသည်။ ထိုင်းအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးချုပ် ဘွန်ချူးရိုဂျာနာစတင်ယင်၊ ပြည်ထဲရေးဝန်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်၊နိုင်ငံခြားရေးဝန်ကြီးပရာဆောင်ဆွန်သီရိနှင့် ဆက်သွယ်ရေးဝန်ကြီး ဝိနိုင်းဆွမ်ပွန်တို့သည် လုပ်ငန်းတာဝန်ထမ်းဆောင်ရာ၌ လုပ်ရည်ကိုင်ရည်ညံ့ဖျင်းကြပြီး ကိုယ်ကျိုးစီးပွားအတွက် မိမိတို့ရာထူးများကို အသုံးချခဲ့သည်ဟု အတိုက်အခံတို့က စွပ်စွဲခဲ့သည်။

**ကလေးပြည့်တန်ဆာတားဆီးရေးဥပဒေ** – ထိုင်းနိုင်ငံမှ ကလေးပြည့်တန်ဆာလုပ်ငန်း ထူထောင်ဖွင့်လှစ်သူများနှင့် ဖောက်သည်များအား အပြစ်ပေးမည့်ဥပဒေကြမ်းတစ်ရပ်ကို အစိုးရအဖွဲ့က ဇူလိုင်လ ၁၃ ရက်နေ့တွင် အတည်ပြုလိုက်ကြောင်း ဝန်ကြီးချုပ်ရုံးက ကြေညာသည်။ ပြည့်တန်ဆာလုပ်ငန်းသည် ထိုင်းနိုင်ငံ၌ တရားဝင်ခွင့်ပြုသောလုပ်ငန်းမဟုတ်၊ သို့သော် နိုင်ငံတစ်ဝန်းပျံ့နှံ့လျက်ရှိသည်။ ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာ ၈၀,၀၀၀ ခန့်ရှိသည်ဟု တာဝန်ရှိသူများက ပြောသည်။ သို့သော် အခြားသူများ၏ ခန့်မှန်းချက်အရ ပြည့်တန်ဆာ (၂.၈) သန်းခန့်အထိ ရှိသည်ဟုဆိုသည်။ ပြည့်တန်ဆာလုပ်သူ အမျိုးသမီးငါးဦးတွင် တစ်ဦးမှာ အသက် ၁၈ နှစ်မပြည့်သေးဟုဆိုသည်။ ၁၉၆၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သော ပြည့်တန်ဆာနှိမ်နင်းရေး ဥပဒေက ကလေးများနှင့် လိင်ဆက်ဆံသူများကို ပြစ်ဒဏ်ခတ်ခြင်းမပြုသည့်ပြင် ဖိမ်လုပ်ငန်းအတွက်အမျိုးသမီးများကိုစုစည်းပေးသူများအတွက် ပြစ်ဒဏ်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပေ။

ပါလီမန်သို့တင်သွင်းမည့် အဆိုပါဥပဒေကြမ်းတွင် အသက် ၁၅ နှစ်နှင့် ၁၈ နှစ်အကြားရှိ ပြည့်တန်ဆာများနှင့် ပျော်ပါးသူရော၊ ထိုလုပ်ငန်းအတွက် မြူဆွယ်သူများပါ အများဆုံးထောင်ဒဏ်သုံးနှစ် ပြစ်ဒဏ်ချမှတ်ရန်ပါရှိသည်။ အသက် ၁၅ နှစ်အောက်ကလေးများနှင့် လိင်ဆက်ဆံမှုပြုသူများအတွက် ပြစ်ဒဏ်ကို အထူးဖော်ပြမထားဟုဆိုသည်။ ဥပဒေကြမ်းအရ ပြည့်တန်ဆာလုပ်ငန်းကိုကူညီအားပေးသော မိဘများသို့မဟုတ် မွေးစားမိဘများအား ဖိမ်ခေါင်းများထက်ပင် ပိုမိုပြင်းထန်စွာ အရေးယူအပြစ်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ပြည့်တန်ဆာအိမ်ရှင်နှင့်ပြည့်တန်ဆာခေါင်းများမှာ ထောင်ဒဏ်ငါးနှစ်အထိ ကျခံစေရမည်ဟု သိရသည်။ ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာလုပ်ငန်းအတွက် အခြားလုပ်ငန်းများကို ဗန်းပြထားတတ်ကြသည်ဟု ဆိုသည်။

**သိပ္ပံနှင့် အတတ်ပညာဆိုင်ရာ ညီလာခံ** – ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်သည် ရက်သတ္တတစ်ပတ်ကြာကျင်းပမည့် နိုင်ငံတကာ သိပ္ပံနှင့်အတတ်ပညာဆိုင်ရာ ညီလာခံကြီးကို ဩဂုတ်လ ၁၈ ရက်နေ့ကဘန်ကောက်မြို့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ယင်းညီလာခံမှာ ဒေသတွင်းဖွံ့ဖြိုး တိုးတက်မှုအတွက် အိမ်နီးချင်းနိုင်ငံများအချင်းချင်း ပူးပေါင်း ဆောင်ရွက်ရေးကို ဖန်တီးရာရောက်စေမည် ဖြစ်သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အဖွံ့ဖြိုးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ရာ အိမ်နီးချင်းများဖြစ်ကြသော ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လောနိုင်ငံတို့အကြား သိပ္ပံနှင့်အတတ်ပညာများလွှဲပြောင်းပေးအပ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပထမဆုံးအကြိမ်ကျင်းပသော နိုင်ငံတကာ သိပ္ပံနှင့်အတတ်ပညာဆိုင်ရာ ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့ရခြင်းဖြစ်သည်။ ဩဂုတ်လ ၁၈ ရက်နေ့တွင် စတင်ကျင်းပသော အဆိုပါညီလာခံသို့ ကိုယ်စားလှယ်များ ၂၀၀၀ ခန့် တက်ရောက်ရာ အိမ်နီးချင်း လေးနိုင်ငံမှ ကိုယ်စားလှယ်များနှင့် တရုတ်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့မှ အကဲခတ်လေ့လာသူများလည်းပါဝင်တက်ရောက်ကြသည်။

## နစ်ဆင်, ရစ်ချတ်မီလ်ဟောက်စ် (ခရစ် ၁၉၁၃–၁၉၉၄)။

။အမေရိကန် ပြည်ထောင်စု၏ ၃၇ ဦးမြောက် သမ္မတအဖြစ် အရွေးခံခဲ့ရသော သမ္မတဟောင်း ရစ်ချတ် မီလ်ဟောက်စ်နစ်ဆင်ကို ၁၉၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ယော်ဘာလင်ဒါမြို့၌ မွေးဖွားခဲ့သည်။ မိဘနစ်ပါး မှာ ဖရန်ဆစ်နစ်ဆင်နှင့် ဟန်နာနစ်ဆင်တို့ ဖြစ်ကြသည်။

ငယ်စဉ်က ဝှစ်တီယာကောလိပ်နှင့် ဂျူခ်တက္ကသိုလ်ဥပဒေဌာနတွင် ပညာသင်ယူခဲ့သည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဝှစ်တီယာမြို့တွင် ဥပဒေပညာဖြင့် အသက်မွေး

အမေရိကန်သမ္မတဟောင်း ရစ်ချတ်နစ်ဆင်



ဝမ်းကျောင်းပြုခဲ့သည်။ ၁၉၄၂ ခုနှစ်တွင်ဝါရှင်တန်ဒီစီ၌ ဥပဒေအကျိုးဆောင်အဖြစ် အမှုထမ်းခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် သဲလ်မာကက်သရင်းရိုင်ယန်နှင့် လက်ထပ်ခဲ့ရာ သမီးနှစ်ယောက်ထွန်းကားခဲ့သည်။

ရစ်ချတ်နစ်ဆင်သည် အမေရိကန်ပြည်ထောင်စု ရေတပ်မတော်တွင် ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ အမှုထမ်းခဲ့ရာ ဗိုလ်မှူးအဆင့်အထိရရှိခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ကွန်ဂရက်လွှတ်တော်အမတ်ဖြစ်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ကာလီဖိုးနီးယားပြည်နယ်မှ ဆီးနိတ်လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရသည်။

တစ်ဖန် ၁၉၅၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ ဒုတိယ သမ္မတအဖြစ်အရွေးခံခဲ့ရပြန်ပြီး ၎င်းတာဝန်ကို ၁၉၅၃ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ သို့သော် ၁၉၆၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ၏ သမ္မတလောင်းအဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရစ်ချတ်နစ်ဆင်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းဂျွန်အက်ဖ် ကနေဒီကိုရှုံးနိမ့်ခဲ့သည်။

သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ရစ်ချတ်နစ်ဆင်သည် ကာလီဖိုးနီးယားပြည်နယ်သို့ပြန်လာခဲ့သည်။ သို့ရာတွင် ၁၉၆၂ ခုနှစ်တွင် ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ၌လည်း နစ်ဆင်သည် မရှုမလှ ရှုံးနိမ့်ခဲ့ရ ပြန်သည်။

ဇွဲသတ္တိအပြည့်ရှိသော ရစ်ချတ်နစ်ဆင်သည် အနိုင်မခံ အရှုံးမပေးဘဲ ဆက်လက်၍ ကြိုးစားဆောင်ရွက်ခဲ့ရာ ၁၉၆၈ ခုနှစ်၊ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု၏ ၃၇ ဦးမြောက်သမ္မတအဖြစ် ၁၉၆၉ ခုနှစ်တွင် ဆောင်ရွက်ခွင့်ရရှိခဲ့သည်။

တစ်ဖန်၁၉၇၂ ခုနှစ်တွင်ပြုလုပ်ခဲ့သော သမ္မတရွေးကောက်ပွဲတွင်လည်း ရစ်ချတ်နစ်ဆင်သည် နိုင်ငံသမိုင်း၌ မှတ်တမ်းတင်လောက်သော မဲအသာရမှုဖြင့် အပြတ်အသတ်အနိုင်ရကာ သမ္မတအဖြစ် ဒုတိယအကြိမ် အရွေးခံခဲ့ရပြန်သည်။

ရစ်ချတ်နစ်ဆင် သမ္မတတာဝန်ယူစဉ် ကာလအတွင်း၌ နိုင်ငံခြားရေးရာကိစ္စများ၌ ကြီးမားတိုးတက်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ခါးသည်းသောရန်သူကြီးများသဖွယ် ဆက်ဆံရေးတင်းမာခဲ့သည့် ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် တင်းမာမှုလျော့နည်းအောင်ဆောင်ရွက်ခဲ့ခြင်း၊ ဗီယက်နမ်ပြည်တွင်းစစ်တွင် အမေရိကန်ပြည်ထောင်စုပါဝင်ပတ်သက်မှုကို အဆုံးသတ်စေခဲ့ခြင်းနှင့် အရှေ့အလယ်ပိုင်းဒေသ၌ ကျေအေးသဘောတူညီမှု အတန်အသင့်ရရှိစေနိုင်ခဲ့ခြင်းတို့သည် နိုင်ငံရေးရာဆောင်ရွက်မှု၌ အောင်မြင်ထင်ရှားသော မှတ်တိုင်များဖြစ်ခဲ့ကြသည်။

၁၉၇၂ခုနှစ်၊ဖေဖော်ဝါရီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်သွားရောက်ခဲ့ရာ တရုတ်နိုင်ငံသို့သွားရောက်ခဲ့သည့် ပထမဆုံး အမေရိကန်သမ္မတအဖြစ်မှတ်တမ်းတင်ခဲ့သည်။ ထို့နောက် ၁၉၇၂ခုနှစ်၊ မေလတွင် ဆိုဗီယက်ပြည်ထောင်စုသို့သွားရောက်ခဲ့ပြန်သည်။ နစ်ဆင်၏ထိုခရီးစဉ်များသည် ကမ္ဘာ့နိုင်ငံကြီးများကြား တင်းမာမှုလျော့ပါးရေး၌ လွန်စွာထိရောက်အောင်မြင်စေခဲ့သည်။ သမ္မတအဖြစ်မှနုတ်ထွက်ပြီး နောက်ပိုင်း ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလနှင့် ၁၉၈၂ ခုနှစ်၊ စက်တင်ဘာ တို့တွင် ရစ်ချတ်နစ်ဆင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးများ ထပ်မံသွားရောက်ခဲ့သေးသည်။

နိုင်ငံခြားရေးရာ၌ အောင်မြင်ခဲ့သော်လည်း ပြည်တွင်းရေး၌ နစ်ဆင်၏အစိုးရအဖွဲ့သည် ဂုဏ်သိက္ခာကျဆင်းမှုနှင့် ကြုံခဲ့ရသည်။ ၁၉၇၄ ခုနှစ်တွင် ဝေါတားဂိတ်အရှုပ်တော်ပုံကြီး လူသိရှင်ကြားပေါက်ကြားခဲ့သောအခါ နစ်ဆင်၏ အစိုးရအဖွဲ့မှ ဒုတိယသမ္မတဖြစ်သူ စပီရိုအက်နယူးသည် ရာထူးမှနုတ်ထွက်ခဲ့ရသည်။ ၎င်း၏လက်အောက်အမှုထမ်း ၂၈ ဦးသည်လည်း ပြစ်မှုဆိုင်ရာတရားဥပဒေအရ အရေးယူခြင်း၊ စွဲဆိုခြင်းများခံခဲ့ကြရသည်။ ဤသို့ဖြင့် ထိုအရှုပ်တော်ပုံကြီးကို ဆက်လက်စုံစမ်းဖော်ထုတ်စစ်ဆေးခဲ့ရာ သမ္မတကိုယ်တိုင်ပါဝင်ပတ်သက်မှုရှိခဲ့ကြောင်း တွေ့ရှိရသဖြင့် ရာထူးမှနုတ်ထွက်ခဲ့သည်။ ဤသို့ဖြင့် အမေရိကန်နိုင်ငံသမိုင်းတွင် ရာထူးမှနုတ်ထွက်သော ပထမဆုံးသမ္မတဖြစ်သွားခဲ့ရသည်။ ၎င်း၏နုတ်ထွက်လွှာသည် ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် အတည်ပြုအကျိုးသက်ရောက်ခဲ့သည်။

နစ်ဆင် သမ္မတမှနုတ်ထွက်သွားပြီးနောက် ဒုတိယသမ္မတ ဂျရယ်လ်ဖို့ဒ်က သမ္မတဖြစ်လာသည်။ ဂျရယ်လ်ဖို့ဒ်သည် ဒုတိယသမ္မတ စပီရိုအက်နယူး၏နေရာတွင် သမ္မတနစ်ဆင်က အစားထိုးခန့်အပ်ခဲ့သူ ဖြစ်သည်။ ဝေါတားဂိတ်အရှုပ်တော်ပုံကြောင့် နစ်ဆင် နုတ်ထွက်ခဲ့ရပြီး ဆက်လက်၍ စုံစမ်းစစ်ဆေး အရေးယူ မှုများပြုလုပ်ခဲ့သော်လည်း ဂျရယ်လ်ဖို့ဒ်က သမ္မတ၏အထူးအခွင့်အာဏာကို အသုံးပြုလျက် နစ်ဆင်အား ၁၉၇၄ ခုနှစ် စက်တင်ဘာတွင် လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့သည်။

ရစ်ချတ်နစ်ဆင်သည် အသက် ၈၁ နှစ်အရွယ်ဖြစ်သော ၁၉၉၄ ခုနှစ်၊ ဧပြီလအတွင်းက လေးရက်ကြာမျှလေဖြတ်ဝေဒနာခံစားပြီး ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံတက်နေစဉ်

အတွင်း၌ ရုရှားသမ္မတ ယဲလ်ဆင်အပါအဝင် နိုင်ငံတကာ ခေါင်းဆောင်များက ပြန်လည်ကျန်းမာစေကြောင်း ဆုတောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

နိုင်ငံတကာငြိမ်းချမ်းရေး တိုးတက်ဖြစ်ပေါ်စေမှု၌ ထူးထူးခြားခြားပါဝင်ဆောင်ရွက်ခဲ့သော၊ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ၌ ဗီယက်နမ်စစ်ကို အဆုံးသတ်၍ ငြိမ်းချမ်းရေးအပြေကို ရှာဖွေဖော်ထုတ်လျက် ကြီးမားသောသမိုင်းမှတ်တိုင်ထူခဲ့သော ဘဝတစ်လျောက်၌ အရှုံးအနိုင် အနိမ့်အမြင့် အတက်အကျ လောကဓံရိုက်ခတ်သမျှကို အမျိုးမျိုးကိုကြုံ တွေ့ခဲ့ရသော အမေရိကန်သမ္မတဟောင်း ရစ်ချတ်နစ်ဆင်သည် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၂ ရက် သောကြာနေ့တွင် ကွယ် လွန်ခဲ့သည်။

ရစ်ချတ်နစ်ဆင်သည် ဘဝအတွေ့အကြုံနှင့် စပ်လျဉ်း၍ စာအုပ်များရေးသားထုတ်ဝေခဲ့ရာ အကျပ်အတည်းခြောက်ခု (၁၉၆၂)၊ ရစ်ချက်နစ်ဆင်မှတ်မိသမျှ (၁၉၇၈)၊ တကယ့်စစ် (၁၉၈၀) ခေါင်းဆောင်များ (၁၉၈၂)၊ တကယ့်ငြိမ်းချမ်းရေး -အနောက်အတွက် မဟာဗျူဟာ (၁၉၈၄ ) စသည်တို့ ပါဝင် သည်။

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုများ (၁၉၉၄)။

။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်၊ မေလမှ စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်း၍ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှည်သဖြင့် စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သည်။

### ကချင်အထူးဒေသ (၁)

ကချင်အထူးဒေသ (၁) လမ်းပန်းနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ မြစ်ကြီးနား- ဆားဒုံး- ကန်ပိုက်တီးလမ်း၊ မံမင်း- ချီဖွေလမ်း တို့တွင်ကျောက်ခင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် တံတားခြောက်ခုကိုလည်း ဆောက်လုပ်ပေးခဲ့သည်။

ပညာရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နဗွန်ဘော် ကန်ပိုက်တီးနှင့် ဆဒုံးမူလတန်းကျောင်းများအား အလယ်တန်းကျောင်းများအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန် စီစဉ်ထားပြီးဖြစ်သည်။ ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အထိ မူလတန်းကျောင်း ၂၂ ကျောင်းနှင့် အလယ်တန်းကျောင်းနှစ်ကျောင်း ဖွင့်လှစ်ပေးခဲ့သည်။

ကျန်းမာရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ဆဒုံးပါကျေးလက်ကျန်းမာရေးဌာနခွဲကို နယ်စပ်ဒေသဆေးပေးခန်းအဖြစ် ၁၉၉၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှ စတင်သတ်မှတ်ပေးခဲ့သည်။ ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အထိ ကချင်အထူးဒေသ (၁) အတွင်း ဆေးရုံလေးရုံနှင့် ဆေးပေးခန်း ၁၂ ခန်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သော ဓာတ်မြေဩဇာ ၁၃ တန်၊ ပိုးသတ်ဆေးမှုန့် ၂၂၅ ကီလို၊ ပိုးသတ်ဆေးရည်လစ်တာ ၆၀ ဖြန့်ဖြူးပေးခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းအထောက်အကူပြု ရေစုပ်စက် ၁၅ လုံးနှင့် လက်တွန်းထွန်စက် နှစ်စီးကိုလည်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများအတွက် ဆဒုံးနှင့်ပန်ဝါဒေသတို့တွင် တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးစီ ခန့်ထားပေးခဲ့သည်။ ဘက်စုံမွေးမြူရေးသင်တန်းကိုလည်း ၁၉၉၄ ခုနှစ်၊ မတ်လတွင် မြစ်ကြီးနားမြို့၌ ပို့ချပေးခဲ့ပြီးဖြစ်သည်။

ကချင်အထူးဒေသ (၁) အတွင်းဆက်သွယ်ရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ပေးခဲ့သည်။ ဆော့လော်တွင် ကြေးနန်းရုံးတစ်ရုံးဖွင့်လှစ်ပေးခဲ့ပြီး နမ့်ဖတ်ကာတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။ ထို့အပြင် တနိုင်းတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံ တည်ဆောက်လျက်ရှိသည်။

ဒေသအတွင်းအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ လဂျောင်ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ ဝါခြိုဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ ဆဒုံးပါနှင့် နဗွန်ဘော် အလယ်တန်းကျောင်းများကို အခိုင်အမာဆောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

ကချင်အထူးဒေသ (၁) အတွက် ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အတွင်း သုံးစွဲခဲ့သည့်ငွေကြေးစုစုပေါင်းမှာ ငွေကျပ် ၁၃ ဒသမ ၁၅သန်းဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်း

အင်အားစုစုပေါင်းဦးရေ ၁၉၀ တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ကချင်အထူးဒေသ (၂)**

ကချင်အထူးဒေသ (၂) အတွင်းလမ်းပန်းနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ မြစ်ကြီးနား–တနိုင်း–နန်းယွန်း–ပန်ဆောင်လမ်း ၂၂၈ မိုင် တိုးတက်ကောင်းမွန်အောင် တံတားများပြုပြင်တည်ဆောက်ခဲ့သည်။ မိုးကောင်း – ကာမိုင်း – လုံးခင်း ၅၂ မိုင် မြေလမ်းများဖေါက်လုပ်ပြီးဖြစ်သည်။ ဟိုပင် – ကုန်းသာ – လုံးတုံ–ညောင်ပင်လမ်း ၄၃ မိုင် လမ်းပြုပြင်ခြင်းလုပ်ငန်းတွင် သစ်သားတံတား လေးခုနှင့် ဘေလီတံတားတစ်ခု ပြုပြင်ဖောက်လုပ်ပေးခဲ့ပြီး ကျောက်စုဆောင်းခြင်းနှင့်ကျောက်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ မြစ်ကြီးနား – ဗန်းမော်နှင့် မြစ်ကြီးနား – ဆွမ်ပရာဘွမ်လမ်းများ ဖောက်လုပ်ရန် လမ်းအူကြောင်းသစ် များရှာဖွေလျက်ရှိသည်။

စွမ်းအင်လုပ်ငန်းများကိုလည်း ဒေသအတွင်း ဆောင်ရွက်ပေးခဲ့သည်။ ၂ – ကေဗွီအေမီးစက်နှစ်လုံးနှင့် ၄ – ကေဗွီအေမီးစက်သုံးလုံး စုစုပေါင်း မီးစက်ငါးလုံးဝယ်ယူပြီး တပ်ဆင်ပေးနိုင်ရေးစီစဉ်လျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် လက်တွန်းထွန်စက် ၂၀၊ မွေးမြူရေးလုပ်ငန်းအတွက် မြစ်ကြီးနား အခြေစိုက် မွေးမြူရေးခြံ ဖွင့်လှစ် ဆောင်ရွက်နေပြီဖြစ်သည်။

ကချင်အထူးဒေသ (၂) ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးအတွက် စုစုပေါင်း ငွေကျပ် ၃၈ ဒသမ ၆၇ သန်းသုံးစွဲခဲ့ပြီးဖြစ်သည်။

**ကိုးကန့်ဒေသ**

ကိုးကန့်ဒေသတွင် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ချင်းရွှေဟော် – လောက်ကိုင်လမ်းကို လေးမိုင်နှစ်ဖာလုံ ကျောက်ခင်းနိုင်ခဲ့သည်။ ကတ္တရာခင်းရန်အတွက် ကတ္တရာ ၂၄ တန် စုဆောင်းရောက်ရှိပြီး ဖြစ်သည်။ လောက်ကိုင်–ကုန်းကြမ်းလမ်းတွင် ကျောက်လမ်း နှစ်မိုင် လေးဖာလုံခင်းခဲ့သည်။

ပညာရေးလုပ်ငန်းများကိုလည်း ဒေသအတွင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း မန်စီမြို့နယ် ခါးကန့်မူလတန်းကျောင်းကို ဆောက်လုပ်ခဲ့ပြီးဖြစ်ရာ ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အထိ မူလတန်းကျောင်း ၁၀ ကျောင်းနှင့် အလယ်တန်းကျောင်း နှစ်ကျောင်း ဖွင့်လှစ်ပေးပြီး ဖြစ်သည်။

ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကိုးကန့်ဒေသ ချင်းရွှေဟော်ဆေးရုံ၊ လောက်ကိုင်ဆေးရုံ၊ မုံးကိုးဆေးရုံများသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လှူဒါန်းသည့် ခွဲစိတ်ကိရိယာပစ္စည်းများ ပေးပို့ခဲ့သည်။ ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အထိ ကိုးကန့်ဒေသတွင် ဆေးရုံသုံးရုံ၊ ဆေးပေးခန်း ရှစ်ခန်း ဖွင့်လှစ်ပေးပြီးဖြစ်သည်။

ကိုးကန့်ဒေသစိုက်ပျိုးရေးလုပ်ငန်းအတွက် နှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်သီးနှံပျိုးပင်၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးရည်၊ ပိုးသတ်ဆေးမှုန့်၊ ရေစုပ်စက်အလုံး ၂၀ နှင့် လက်တွန်းထွန်စက် ၁၀ စီးတို့ကို ဖြန့်ဖြူးပေးခဲ့ပြီး ပိုးစာစိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေး လက်တွေ့သင်တန်း သင်ကြားပို့ချပေးခဲ့သည်။ ဖော်မော်ဆည်နှင့် နမ့်ပန်ဆည်တည်ဆောက်မှုရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ လောက်ကိုင်၊ တာရွှေထန်၊ ကုန်းကြမ်းနှင့် မုံးကိုးတို့တွင် တိရစ္ဆာန်ဆေးကုသရုံးတစ်ရုံးစီ ဆောက်လုပ်ပေးထားပြီး တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးစီခန့်ထားကာ တိရစ္ဆာန်ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ နေရောင်ခြည်သုံးရေခဲသေတ္တာတစ်လုံး၊ ဟွန်ဒါဆိုင်ကယ်တစ်စီးနှင့် ရေခဲဘူး ခြောက်ဘူးတို့ကို ပေးပို့ခဲ့သည်။

ဒေသတွင်းဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် လောက်ကိုင်တွင် ဓာတ်တိုက်တစ်တိုက်၊ လိုင်း ၃၀ ပါတယ်လီဖုန်းအိတ်ချိန်းနှင့် ကြူကုတ်တွင် ကြေးနန်းရုံးတို့ကို ဖွင့်လှစ်ပေးပြီးဖြစ်သည်။ ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း ချင်းရွှေဟော် –လောက်ကိုင် အဝေးလိုင်း ၂၂ မိုင်နှင့် နမ့်ဖတ်ကါ – မူဆယ် အဝေးလိုင်း ၃၄ မိုင် တည်ဆောက်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ လောက်ကိုင်တွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်ဖွင့်လှစ်ခဲ့ပြီး အစီအစဉ်များ ထုတ်လွှင့်နေပြီဖြစ်သည်။

အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ရာ ပါစင်ကျော်၊ တာရွှေထန်၊ မုံးကိုး၊ လောက်ကိုင်စာသင်ကျောင်းများကို အခိုင်အမာ ဆောက်လုပ်ခဲ့ပြီး ဝန်ထမ်းအိမ်ရာများကိုပါ ဆောက်လုပ်ပေးခဲ့သည်။

အထွေထွေဗဟုသုတရရှိရေးအတွက် ကိုးကန့်ဒေသမှ ကျောင်းသားကျောင်းသူ ၁၁၈ ဦးကို ရန်ကုန်မြို့အပါအဝင် မြို့ကြီးများသို့ လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ပေးခဲ့သည်။

ကိုးကန့်ဒေသအတွက် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအသီးသီးတွင်သုံးစွဲခဲ့သည့် ငွေကြေးစုစုပေါင်းမှာ ငွေကျပ် ၄၀ ဒသမ ၃၆ သန်းဖြစ်သည်။ ကိုးကန့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အားစုစုပေါင်း ၁၅၅ ဦးတာဝန်ထမ်းဆောင်လျက်ရှိသည်။

**"ဝ" ဒေသ**

"ဝ" ဒေသတွင် လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဟိုပန် – နမ့်တစ် ကိုးမိုင်နှစ်ဖာလုံလမ်း၊ မိုင်းမော – ပန်ဝိုင် ၃၂ မိုင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ဟိုပန် – မိုင်းမောတွင် ကျောက်လမ်း သုံးမိုင် ခင်းပြီးဖြစ်သည်။ မိုင်းမော–မန်တွန်လမ်း တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ပန်ခမ်းမြို့တွင်းလမ်းကို ကတ္တရာခင်းရန် ပြင်ဆင်ပြီးဖြစ်သည်။ တာကော်အက် – ဝိန်းကောင် – ပန်ဆန်းလမ်း တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းမိုင် ၄၀ ဆောင်ရွက်ခဲ့ရာ ကတ္တရာလေးဖါလုံခင်းပြီးဖြစ်သည့်အပြင် ကတ္တရာ ၃၈ တန် ဝယ်ယူထားပြီးဖြစ်သည်။

၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အထိ မူလတန်းကျောင်း ၂၁ ကျောင်းဖွင့်လှစ်ပြီး ပညာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဒေသခံတိုင်းရင်းသားများအလွယ်တကူ ဆေးဝါးကုသနိုင်ရန်အတွက် ပန်ခမ်း(ပန်ဆန်း) ဆေးရုံကို ၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လှူဒါန်းသည့် မိုက်ကရိုစကုပ် တစ်လုံးစီကို ဝိန်းကောင်ဆေးရုံနှင့် နမ့်တစ်ဆေးရုံသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။ ၁၉၉၃–၉၄ ဘဏ္ဍာနှစ်အထိ "ဝ" ဒေသတွင် ဆေးရုံလေးရုံ၊ ဆေးပေးခန်းခြောက်ခန်းဖွင့်လှစ်ခဲ့သည်။

စွမ်းအင်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ပန်ဝိုင်တွင် ၃၆ ကေဗွီအေဓာတ်အားပေးစက်နှင့် ပန်လုံတွင် ၂၅ ကေဗွီအေဓာတ်အားပေးစက်တို့ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ နမ့်ဆောင်ချောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ ရာခိုင်နှုန်း ၄၀ ပြီးစီးနေပြီဖြစ်သည်။

ပန်ဆန်းတွင် ပိုးစာစိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူလုပ်ငန်းဆောင်ရွက်နိုင်ရန် ပိုးစာမျိုးစေ့များပေးပို့ခဲ့သည်။ ဟိုပန်မြို့နယ်တွင် ရော်ဘာစိုက်ပျိုးပြုစုနည်းသင်တန်းဖွင့်လှစ်ခဲ့သည်။ နားဖန်ကျေးရွာ၊ မိုင်းမောမြို့၊ ပန်ဝိုင်ကျေးရွာ ရေရရှိရေးအတွက်လိုအပ်သည့်လေ့လာတိုင်းထွာမှုများဆောင်ရွက်ခြင်းနှင့် တိုင်းတာတွေ့ရှိချက်များအရ ပုံစံဒီဇိုင်းများရေးဆွဲသည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်သည်။ "ဝ" ဒေသစိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ရေစုပ်စက် ၂၅ လုံးနှင့် လက်တွန်းထွန်စက် ၁၀ စီးထောက်ပံ့ပေးခဲ့သည်။

"ဝ" ဒေသမွေးမြူရေးလုပ်ငန်းအတွက် ပန်ဆန်းတွင် စံပြမွေးမြူရေးခြံ ဖွင့်လှစ်ခဲ့သည်။ မိုင်းမောစံပြကျေးရွာများတွင် မွေးမြူရန်နွားပြာစိမ်း နွားအကောင် ၅၀ ဖြန့်ဝေပေးခဲ့သည်။ မိုင်းမော၊ ပန်ဝိုင်၊ ဟိုပန် (နမ့်တစ်)၊ ပန်ဆန်းတို့တွင် တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးစီ ခန့်ထားပေးပြီးဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ရာ ပန်ဆန်းနှင့် မိုင်းမောတွင် အဆင့်(၅) စာတိုက်တစ်တိုက်စီ၊ ကြေးနန်းရုံး တစ်ရုံးစီ၊ ရေဒီယိုတယ်လီဖုန်း တစ်လုံးစီ၊ လိုင်း ၃၀ပါ အိတ်ချိန်းတစ်လုံးစီ ဆောက်လုပ်ပြီး ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ပန်လုံတွင် လိုင်း ၃၀ပါ အိတ်ချိန်းစနစ်တစ်ခု ဖွင့်လှစ်ပေးခဲ့သည်။ ဟိုပန်–ပန်ခွန်–ပန်လုံအဝေးလိုင်း ၂၂ မိုင်တည်ဆောက်ပြီး ဖြစ်သည်။ ပန်ခမ်း (ပန်ဆန်း) တွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်ပေးထားပြီး မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။ မိုင်းမောတွင်လည်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ဝိန်းကောင်–တာကော်အက်–ပန်ဆန်းလမ်း၊ မိုင်းမော–ပန်ဆန်းမြို့တွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် နမ့်လန်းချောင်းကူးဆုတ်လွှတံတားများအတွက် ငွေကျပ် ၁၅ ဒသမ ၉ သန်းထုတ်ပေးခဲ့သည်။

နမ့်တစ်တွင် ဘိန်းအစားထိုးသီးနှံရော်ဘာဧက ၅၀ စိုက်ပျိုးရေးအတွက် ငွေကျပ် ၄ ဒသမ၅ သိန်းထုတ်ပေးခဲ့ပြီးဖြစ်သည်။ ဘိန်းအစားထိုးသီးနှံစပါး၊ ပဲပုပ်၊ ပြောင်းစိုက်ပျိုးရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဗင်းဟင်–မာဆုံပါ ရေသွယ်မြောင်းပြုပြင်ရေးအတွက်ငွေကျပ် သုညဒသမ ၅ သန်း၊ နမ္မားတံတားနှင့် လုံခွာတံတားများအတွက် ငွေကျပ် ၁၂ ဒသမ ၇၅ သန်းနှင့် ဆန်အိတ် ၂,၅၀၀ တန်ဖိုးငွေကျပ် သုညဒသမ ၇၉ သန်းဖိုးကို "ဝ" ဒေသအတွက် ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

"ဝ" ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးအတွက် ၁၉၉၃–၉၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းငွေကျပ် ၁၀၄ ဒသမ ၈၉ သန်းသုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အား စုစုပေါင်း ၁၆၇ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ရှမ်းဒေသ

ရှမ်းဒေသလမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဆောင်ကြဲ-မိုင်းရယ် လမ်းနှစ်မိုင်၊ နမ့်ခမ်း-မုံးဝီး-ပြင်လုံလမ်း နှစ်မိုင်လေးဖါလုံတို့ကို ကျောက်ခင်းနိုင်ခဲ့ပြီးဖြစ်သည်။

ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အထိ သီပေါမြို့နယ်တွင် မူလတန်းကျောင်း ငါးကျောင်း၊ နမ့်ခမ်းမြို့နယ်တွင် အလယ်တန်းကျောင်း တစ်ကျောင်းတို့ကို ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိသည်။ ကျန်းမာရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ရာ ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အထိ ရှမ်းဒေသတွင် ဆေးရုံနှစ်ရုံနှင့် ဆေးပေးခန်း ခြောက်ခန်း ဖွင့်လှစ်ပေးခဲ့သည်။

ရှမ်းဒေသ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မိုင်းယောင်းမြို့နယ် မိုင်းခေးဆည်နှင့် တူးမြောင်းတည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းတွင် အပိုင်း (၁) ကို ဆောင်ရွက်ပေးခဲ့ပြီး အပိုင်း (၂)ကို ၃၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။ ဆင်ကျော့ဒေသ၊ နမ့်ဆာဒေသနှင့် နောင်ချိုမြို့နယ် ရွှေပြည်သွန့်ကျေးရွာသစ်များအတွက် ဓာတ်မြေဩဇာ၊ နှစ်ချင်းသီးနှံမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်တို့ကို ဖြန့်ဖြူးပေးခဲ့သည်။ ထို့ပြင် ရေစုပ်စက် ၁၅ လုံးနှင့် လက်တွန်းထွန်စက်နှစ်စီး ကိုလည်းဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ဆင်ကျော့တွင် အဆင့် (၅) စာတိုက်၊ ကြေးနန်းရုံး၊ လိုင်း ၃၀ပါ အိတ်ချိန်းစနစ်နှင့် ဆင်ကျော့ - သီပေါ အဝေးလိုင်း မိုင် ၃၀ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး ခဲ့သည်။ လားရှိုး-ကုန်းညောင် အဝေးလိုင်း ၂၅ မိုင်ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ရှမ်း ဒေ သ ဖွံ့ ဖြိုး ရေး လုပ် ငန်း အ သီး သီး အ တွက် ၁၉၉၃ - ၉၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းငွေကျပ် ၉ ဒသမ ၇၃ သန်း သုံးစွဲခဲ့ပြီးဖြစ်သည်။

## ကချင် (အရှေ့မြောက်) ဒေသ

ကချင် (အရှေ့မြောက်) ဒေသလမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကွတ်ခိုင်-ကောင်းခါးလမ်း ငါးမိုင် ကျောက်ခင်းပြီးဖြစ်သည်။

၁၉၉၃-၉၄ ဘဏ္ဍာနှစ်အထိ ကချင်(အရှေ့မြောက်) ဒေသတွင် ကျန်းမာရေးဆေးပေးခန်း သုံးခန်း၊ ကောင်းခါး-ဟိုခို - လီဆူးခတ်ကန် တို့တွင် မူလတန်းကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးခဲ့သည်။

ဒေသအတွင်းစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးရည်၊ နှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်သီးနှံပျိုးပင်များနှင့် ရေစုပ်စက် ၁၀ လုံး၊ လက်တွန်းထွန်စက် နှစ်စီးတို့ကို ဖြန့်ဝေပြီးဖြစ်သည်။

မွေးမြူရေးလုပ်ငန်းအတွက် ကောင်းခါးစံပြမွေးမြူရေးခြံကို အဆင့်တိုးမြှင့်မွေးမြူနိုင်ရန်လိုအပ်သည့် ငွေကျပ်သုည ဒသမ ၃ သန်း ထုတ်ပေးခဲ့သည်။ မွေးမြူရေးနှင့်ကုသရေး သင်တန်းသား ၇၁ ဦးကိုလည်း သင်ကြားပို့ချပေးပြီးဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ကောင်းခါးတွင် အဆင့် (၅) စာတိုက်၊ ကြေးနန်းရုံး၊ လိုင်း ၃၀ပါ အိတ်ချိန်း၊ ကောင်းခါး - ကွတ်ခိုင် အဝေးလိုင်း ၁၁ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဖွင့်လှစ်ပေးခဲ့သည်။

ကချင် (အရှေ့မြောက်) ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးအတွက် ၁၉၉၃ - ၉၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၃၃ သန်း သုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အားစုစုပေါင်း ၃၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ပလောင်ဒေသ

ပလောင်ဒေသ လမ်းပန်းနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျောက်မဲ- မိုင်းမော-နမ့်ဆန်လမ်း ငါးမိုင် ကျောက်ခင်းပြီးဖြစ်သည်။

ပလောင်ဒေသအတွင်း ဆေးရုံလေးရုံ၊ ဆေးပေးခန်း နှစ်ခန်း ဖွင့်လှစ်ပေးခဲ့သည်။ နမ့်ဆန်မြို့နယ်တွင် မူလတန်းကျောင်း ခုနစ်ကျောင်း၊ နမ္မတူမြို့နယ်တွင် မူလတန်းကျောင်း ၁၉ ကျောင်းနှင့် မန်တုံကျေးရွာတွင် အလယ်တန်းကျောင်း တစ်ကျောင်း၊ နမ့်ခမ်းမြို့နယ်တွင် မူလတန်းကျောင်း တစ်ကျောင်းတို့ကိုဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးရည်၊ ပိုးသတ်ဆေးမှုန့်၊ နှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်သီးနှံပျိုးပင်၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ရေစုပ်စက် ၁၀ လုံး၊ လက်တွန်းထွန်စက် နှစ်စီးတို့ကို ဖြန့်ဝေပေးခဲ့သည်။ ပလောင်ဒေသတစ်ခုလုံးတွင် စပါး၊ ပြောင်း၊ ပဲပုပ်သီးနှံ စုစုပေါင်း ၂၂၁ ဧက စိုက်ပျိုးပြီးဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများအတွက် နမ့်ဆန်မွေးမြူရေးခြံကို ဖွင့်လှစ်ပေးခဲ့သည်။ နမ့်ဆန်ငါးမွေးကန်တွင် လားရှိုး ငါးကန်စခန်းမှ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် မြက်စား ငါးကြင်းမျိုးတို့ကို စိုက်ထည့်ပေးခဲ့သည်။

ဆက်သွယ်ရေးလုပ်ငန်းများအတွက် မန်တုံကြေးနန်းရုံး

လိုင်း ၃၀ ပါ အိတ်ချိန်းစနစ်တည်ဆောက်မှုလုပ်ငန်းတို့ကို ဖွင့်လှစ်ပေးပြီးဖြစ်သည်။

ပလောင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးအတွက် ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အတွင်းစုစုပေါင်းငွေ ကျပ် ဖိဒသမ ၂၄ သန်း သုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အား စုစုပေါင်း ၉၄ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ကျိုင်းတုံအရှေ့ဒေသ

ကျိုင်းတုံအရှေ့ဒေသ လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် မိုင်းဝေါင်း-မိုင်းဝလမ်းနှင့် ကြက်ဥတောင်-မိုင်းပေါက်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ မိုင်းယု-မိုင်းဟဲလမ်းနှင့် မိုင်းယန်း-ဆီလူးလမ်းတို့ချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသောမိုင်များအတိုင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဆီလူး-မိုင်းလားလမ်း တိုးချဲ့ဖောက်လုပ်မှုတွင် ၁၆ မိုင် ဆောင်ရွက်ပြီးဖြစ်သည်။ မိုင်းယန်း-မိုင်းဖျန်း-ဟိုတောင်းလမ်း၊ မိုင်းပေါက်-ပန်ဆန်းလမ်းနှင့် မိုင်းယောင်း-ဝမ်ဖိုင်ကျိုင်းကုန်းလမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မိုင်းကိုင်-မိုင်းတင်း-လန်းဆတ်-မိုင်းဖြတ်လမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းကို သတ်မှတ်မိုင်အားလုံးပြီးစီးအောင်ဆောင်ရွက်ခဲ့သည်။ ကျိုင်းတုံ-မိုင်းခွန်-ရေအားလျှပ်စစ်လမ်း သုံးမိုင် ကျောက်ခင်းပြီးဖြစ်သည်။ ဝမ်တာခတ်၊ ဟိုခို၊ မုန်းကျက် ဘေလီတံတားများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ကျိုင်းတုံ-တာပင်း-မိုင်းမလမ်း ကိုးမိုင် သုံးဖါလုံ ကျောက်ခင်းပြီးဖြစ်သည်။ မယ်ယန် - ပါဆာ - စံဖူးလမ်း ခုနစ်မိုင် လေးဖါလုံ ကျောက်ခင်းပြီးရေပြွန် ၁၄ ခု ဆောင်ရွက်ပေးခဲ့သည်။ လင်းခေး-မိုင်းပန်-တာဆန်းလမ်း လေးမိုင် ခုနစ်ဖါလုံ ကတ္တရာခင်းပြီးလမ်းမြေညှိခြင်း ပေ ၃၀၀၀ နှင့် တံတားသုံးခု ကို ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

၁၉၉၃-၉၄ ဘဏ္ဍာနှစ်အတွင်း မိုင်းယန်းမြို့နယ် တုံခေါ် မူလတန်းကျောင်းနှင့် ကျိုင်းတုံမြို့နယ်လွယ်မွေ မူလတန်းကျောင်းတို့ကို အသစ်ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အထိ ကျိုင်းတုံအရှေ့ဒေသတွင် မူလတန်းကျောင်း ၄၀၊ ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်း ၁၃ ခန်းဖွင့်လှစ်ပေးပြီးဖြစ်သည်။

ကျိုင်းတုံအရှေ့ဒေသ ဝမ်ပုံတွင် ၃၆ - ကေဗွီအေ ဓာတ်အားပေးစက်နှင့် မိုင်းညှင်းတွင် ၇၃-ကေဗွီအေ ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးရည်၊ ပိုးသတ်ဆေးမှုန့်၊ နှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်သီးနှံပျိုးပင်များနှင့် ရေစုပ်စက် ၅၂ လုံး လက်တွန်းထွန်စက် ၁၀ စီးတို့ကို ဖြန့်ဝေပေးခဲ့သည်။ ဆီလူး၊ ဝမ်ပိန်းကျေးရွာ ရေသွယ်ရေးလုပ်ငန်းဧရာခိုင်နှုန်း ၅၀၊ မိုင်းလားဒေသ ဝမ်ဝေ့ဆည်တည်ဆောက်မှုလုပ်ငန်း ဧရာခိုင်နှုန်း ၈၀၊ တူးမြောင်းဖောက်လုပ်မှု ဧရာခိုင်နှုန်း ၂၀၊ မိုင်းမောဆည်၊ ဝေ့ဖန်ကျောက်ဆည် ဧရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်သည်။ ကျေးရွာများတွင် ထင်းဖူလုံစွာရရှိရေးအတွက် မိုင်းရှူးဒေသ ဝမ်စလီကျေးရွာအနီးတွင် ထင်းစိုက်ခင်း ၅၁ ကေနှင့် ဝမ်တွန် ကျေးရွာအနီးတွင် ထင်းစိုက်ခင်းဧက ၅၀ စိုက်ပျိုးပြီးဖြစ် သည်။

မွေးမြူရေးလုပ်ငန်းအတွက် ကျိုင်းတုံ - မိုင်းမ - မိုင်းယုနှင့် ဆီလူးဒေသများတွင် မွေးမြူရေးခြံများဖွင့်လှစ်ထားပြီး ကြက်၊ ဝက် မွေးမြူလျက်ရှိသည်။ ကျိုင်းတုံအခြေစိုက် မွေးမြူရေးခြံတွင် အခြေခံမွေးမြူရေးသင်တန်း ဖွင့်လှစ်ပေးခဲ့သည်။ မိုင်းမ၊ ဆီလူး၊ မိုင်းယန်း၊ မိုင်းယု၊ မိုင်းဝ၊ မိုင်းရယ်၊ ပါလျှို၊ ကျိုင်းလတ်ဒေသများတွင် တိရစ္ဆာန်ဆေးကုသရေးရုံ တစ်ရုံးစီ ဆောက်လုပ်ပေးထားပြီး တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးစီ ခန့်ထားပေးပြီးဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းအတွက် မိုင်းလားနှင့် မိုင်းကိုင်တွင် အဆင့် (၅) စာတိုက်များ ဖွင့်လှစ်ပေးခဲ့သည်။ မိုင်းလားနှင့် မိုင်းမတွင် လိုင်း ၃၀ ပါ အိတ်ချိန်းစနစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည်။

ကျိုင်းတုံအရှေ့ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးအတွက် ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းငွေကျပ် ၅၉ ဒသမ ၇၀ သန်း သုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အား စုစုပေါင်း ၂၆၆ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

## မော်ဖဒေသ

မော်ဖဒေသ မက်မန်းမြို့နယ်တွင် မူလတန်းကျောင်း ၁၃ ကျောင်းနှင့် မိုင်းရှူးမြို့နယ်တွင် မူလတန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပြီးဖြစ်သည်။ ပန်ယန်းမြို့နယ် ကောင်းလန်နှင့် မုလုတွင် ဆေးပေးခန်းများ ဖွင့်လှစ်ခဲ့သည်။ မော်ဖဒေသတွင် ဆေးရုံနှစ်ရုံနှင့် ဆေးပေးခန်း ရှစ်ခန်း ဖွင့်လှစ်ပြီး ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် နှစ်ချင်းသီးနှံမျိုးစေ့နှင့် နှစ်ရှည်သီးနှံပျိုးပင်များ ဖြန့်ဖြူးပေးခဲ့သည်။

မက်မန်းတွင် လိုင်း ၃၀ပါ အိတ်ချိန်းစနစ် တည်ဆောက်ဖွင့်လှစ်ပြီး ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မော်ဖဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီး အတွက် ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းငွေ ကျပ် ၂ ဒသမ ၇၈ သန်း သုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အား စုစုပေါင်းဦးရေ ၁၄၀ တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ပအိုဝ်းဒေသ

ပအိုဝ်းဒေသ လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် နောင်တရား၊ ကျောက်တလုံး၊ ဆိုက်ခေါင်၊ မောက်မယ်လမ်း နှစ်မိုင် အမာခံလမ်းပြီးစီးခဲ့ပြီး တံတားလေးခု ဆောက်လုပ်ပြီးဖြစ်သည်။

တောင်ကြီးမြို့နယ်တွင် မူလတန်းကျောင်းရှစ်ကျောင်းနှင့် အလယ်တန်းကျောင်းခုနစ်ကျောင်း၊ ညောင်ရွှေမြို့နယ်တွင် မူလတန်းကျောင်းငါးကျောင်း၊ ရပ်စောက်မြို့နယ်တွင် မူလတန်းကျောင်းသုံးကျောင်း၊ မောက်မယ်မြို့နယ်တွင် မူလတန်းကျောင်းခြောက်ကျောင်း၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ ဟိုပုန်းမြို့နယ်တို့တွင် အလယ်တန်းကျောင်း တစ်ကျောင်းစီဖွင့်လှစ်ပေးခဲ့သည်။

ပအိုဝ်းဒေသတွင် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အထိ ဆေးရုံတစ်ရုံဖွင့်လှစ်ခဲ့ပြီး ဆေးဝါးကုသပေးလျက်ရှိသည်။ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဖာပွန်၊ ဟန်းဆီးနှင့် ပေါ်မူတွင် ၄ – ကေဗွီအေ ဓာတ်အားပေးစက် သုံးလုံး ဝယ်ယူ တပ်ဆင်ထားပြီးဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ဟင်းသီးဟင်းရွက်၊ နှစ်ချင်းသီးနှံမျိုးစေ့နှင့် နှစ်ရှည်သီးနှံပျိုးပင်များ၊ ရေစုပ်စက် ၁၀ လုံးနှင့် လက်တွန်းထွန်စက် နှစ်စီး ဖြန့်ဝေပေးခဲ့သည်။

ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့တွင် ရေ့တန်းအခြေစိုက် မွေးမြူရေးခြံ တစ်ခြံစီ ဖွင့်လှစ်ထားပြီး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ တောင်ကြီး ( ကျောက်တစ်လုံး) တွင် တိရစ္ဆာန် ဆေးကုသရေးရုံးဖွင့်လှစ်ပြီး တိရစ္ဆာန် ဆေးကုဆရာဝန် တစ်ဦးခန့်ထားပေးခဲ့သည်။

ပအိုဝ်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးအတွက် စုစုပေါင်းငွေကျပ် ၃ ဒသမ ၈၆ သန်း သုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးအသီးတွင် ဝန်ထမ်းအင်အား စုစုပေါင်း ၁၈၁ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ကယားဒေသ

ကယားဒေသ လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဘော်လခဲ– ရွာသစ် – စွတ်ပိုင်လမ်း အမာခံလမ်း တစ်မိုင် သုံးဖာလုံ ဖောက်လုပ်ခြင်းနှင့် ကတ္တရာလမ်းသုံးဖာလုံလမ်းခင်းခြင်း၊ လွိုင်ကော် – ပွန်ချောင်း – ရှားတောလမ်း လေးမိုင် နှစ်ဖာလုံကျောက်ခင်းခြင်း၊ လေးဖာလုံ ကတ္တရာခင်းခြင်းနှင့် တစ်ကြောင်းတိုး မြေလမ်း ခုနစ်မိုင် ဖောက်လုပ်ခြင်းတို့ ဆောင်ရွက်ပြီးဖြစ်သည်။

ဖယ်ခုံမြို့နယ်၊ ခရက်ခုံစပြွာတွင် မူလတန်းကျောင်း သစ်ဖွင့်လှစ်ပေးခဲ့ပြီး ဖာဆောင်းမြို့နယ်၊ မော်ချီး၊ တောင်ပေါ်မူလတန်းကျောင်းကို ပြန်လည်ပြုပြင်ပေးခဲ့သည်။ ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အထိ ကယားဒေသ မယ်စဲ့၊ နန်းမား၊ ခရက်ခုံနှင့် မယ်စဲ့နန်တို့တွင် ကျန်းမာရေးဆေးပေးခန်း လေးခန်းဖွင့်လှစ်ပေးပြီးဖြစ်သည်။ စွမ်းအင်လုပ်ငန်းအတွက် ဝမ်ကန်တွင် ၂ – ကေဗွီအေ ဓာတ်အားပေးစက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဓာတ်မြေဩဇာ ငါးတန်၊ ပိုးသတ်ဆေးရည် လစ်တာ ၄၀၊ မျိုးစပါး တင်း ၃၀၊ နှမ်း သုံးတင်းနှင့် နှစ်ရှည်သီးနှံအပင် ၇၅၀ တို့ကို ဖြန့်ဖြူးစိုက်ပျိုး ပေးပြီးဖြစ်သည်။ ဆက်သွယ်ရေးလုပ်ငန်းအတွက် မယ်စဲ့ – လွိုင်ကော် ရေဒီယိုတယ်ဖုန်းဆက်ကြောင်းကို တပ်ဆင်ပေး ခဲ့သည်။

ကယားဒေသဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးအတွက် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း သုံးစွဲခဲ့သည့် ငွေကြေး စုစုပေါင်းမှာ ငွေကျပ် ၂ ဒသမ ၃၇ သန်းဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အား စုစုပေါင်း ၉၉ ဦး တာဝန် ထမ်းဆောင်လျက်ရှိသည်။

## ရခိုင်ဒေသ

ရခိုင်ဒေသ လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဘူးသီးတောင် – တောင်ပဗာလမ်း၊ မောင်တော – ကြိမ်ချောင်း – အောင်သပြေလမ်း၊ ကျောက်တော် – ဘူးသီးတောင်လမ်း၊ မောင်တော – အလယ်သံကျော် – အငူမော်လမ်းများနှင့် လမ်းများပေါ်ရှိ တံတားများကို ပြုပြင်တည်ဆောက်လျက်ရှိသည်။

ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အထိ ဘူးသီးတောင်မြို့နယ်များတွင် မူလတန်းကျောင်း ငါးကျောင်း၊ မောင်တောမြို့နယ်တွင်

မူလတန်းကျောင်း ခုနစ်ကျောင်း၊ ကြိမ် ချောင်းကျေးရွာနှင့် တောင်ပြို လက်ဝဲကျေးရွာတွင် အထက်တန်းကျောင်း တစ်ကျောင်းစီဖွင့်လှစ်ပြီးဖြစ်သည်။

ကျန်းမာရေးလုပ်ငန်းအတွက် မေရဝတီ၊ တောင်ပဇာနှင့် ကြိမ်ချောင်းတွင် ဆေးရုံတစ်ရုံစီ စုစုပေါင်းဆေးရုံ သုံးရုံနှင့် မေရဝတီ၊ ကြိမ်ချောင်းနှင့် အောင်သပြေတွင် ဆေးပေးခန်း တစ်ခန်းစီ စုစုပေါင်း ဆေးပေးခန်း သုံးခန်း ဖွင့် လှစ်ပေး ခဲ့သည်။

စွမ်းအင်လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးခဲ့ရာ ကျီကန်းပြင်၊ အောင်သပြေ၊ တောင်ပြိုလက်ဝဲ၊ ကြိမ်ချောင်း ကျေးရွာတို့တွင် ဓာတ်အားပေးစက် တစ်လုံးစီဖြင့် လျှပ်စစ် ဓာတ်အားဖြန့်ဖြူး ပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များတွင် အသစ်တည်ဆောက်နေသည့် ကျေးရွာသစ်များအား လယ်မြေ ၉၉၈ ဧက၊ မြေရှိုင်း ၁၇၅ ဧကနှင့် ကျွဲနွားအကောင် ၆၉၀ တို့ကို ခွဲဝေပေးထားပြီး လယ်ယာသုံးပစ္စည်းများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ မျိုးနှင့် ရေစုတ်စက်တို့ကို ဖြန့်ဝေပေးခဲ့သည်။ စစ်တွေ၊ မောင်တောနှင့် ကြိမ်ချောင်းတို့တွင် မွေးမြူရေးခြံများ ဖွင့်လှစ်ပေးခဲ့ပြီး တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးစီခန့်ထား ပေးပြီးဖြစ်သည်။

ရခိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးအတွက် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းငွေကျပ် ၂၆ ဒသမ ၂၆ သန်း သုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်း အင်အား စုစုပေါင်း ၈၁ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ချင်းဒေသ

ချင်းဒေသလမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် တီးတိန် – ရိဒ်လမ်း ၅၂ မိုင်အနက် မြေလမ်းသစ် တစ်မိုင် နှစ်ဖာလုံဖောက်လုပ်ခြင်း၊ တီးတိန် – တွန်းဇံ – ကျီးခါးလမ်း မိုင် ၈၀ အနက် လမ်းအူကြောင်း တစ်မိုင် တစ်ဖာလုံ ရှာဖွေ ခြင်းနှင့် နှစ်မိုင်တစ်ဖာလုံကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

တွန်းဇံမြို့နယ် ခွန်နွေး အလယ်တန်းကျောင်းကို ပြန်လည် ပြင်ဆင်ဆောက်လုပ်ပေးခဲ့ပြီး တီးတိန်မြို့နယ် လှိုင်တီးဆေးရုံကို ၁၉၉၃ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက် ပေးခဲ့ရာ ခွန်နွေး၊ လှိုင်တီး အလယ်တန်းကျောင်း၊ ဝန်ထမ်း အိမ်ရာများနှင့် ကျီးခါးအလယ်တန်းကျောင်း ဝန်ထမ်း အိမ်ရာများကို ယာယီအဆောက်အအုံများအဖြစ် ဆောက်လုပ်ပေးခဲ့သည်။

ချင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးအတွက် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်းစုစုပေါင်း ငွေကျပ် ဝ ဒသမ ၂၅ သန်းသုံးစွဲခဲ့ပြီးဖြစ်သည်။

## စစ်ကိုင်း (နာဂ) ဒေသ

စစ်ကိုင်း (နာဂ) ဒေသလမ်းပန်းနှင့် သယ်ယူပို့ဆောင် ရေးလုပ်ငန်းတွင် ခန္တီး – လဟယ်လမ်းမိုင် ၅၀ ၌ ၅၀ ရာခိုင်နှုန်း လမ်းကွေ့ချဲ့ခြင်းနှင့် တံတားလေးခု တည်ဆောက်ခြင်း၊ ထမံသီ – လေရှီးလမ်း ၄၆ မိုင်၌ မြေဖို့ လုပ်ငန်း ၁၀/၄ မိုင်နှင့် ကျောက်ကမ်းပါးဖြိုခြင်း ၆၀ ရာခိုင် နှုန်း၊ တမူးစေတီလမ်း၌ မြေသုံးမိုင်နှင့် ကျောက် ၈/၄ မိုင်၊ ရေဦး – ဟုမ္မလင်း – ခန္တီးလမ်း၌ ကျောက်ခင်းခြင်း ခြောက် မိုင်နှင့် မြေခြောက်မိုင် ပြုပြင်ဆောက်လုပ်ခြင်း လုပ်ငန်း များဆောင်ရွက်ပြီးစီးခဲ့သည်။

ပညာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ခန္တီးမြို့တွင် အလယ်တန်းကျောင်းဖွင့်လှစ်ပေးပြီး လေရှီးအလယ်တန်း ကျောင်းကို အထက်တန်းကျောင်းအဖြစ် တိုးမြှင့် ခဲ့ပြီး ဖြစ်သည်။ စွမ်းအင်လုပ်ငန်းအတွက် နန်းယွန်းနှင့် လေရှီး တွင် ၄ – ကေဗွီအေဓာတ်အားပေးစက် တစ်လုံးစီဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများကိုလည်းဆောင်ရွက်ပေးလျက် ရှိရာ လဟယ်မြို့ ရေပေးဝေရေးလုပ်ငန်းတည်ဆောက်ပြီးစီး ပြီဖြစ်၍ ရေပေးဝေလျက်ရှိသည့်ပြင် ရေစုပ်စက် ငါးလုံး ပေးပို့ထားပြီးဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းအတွက် လဟယ် – ခန္တီး ရေဒီယိုဆက်ကြောင်းနှစ်စုံ၊ လေရှီး – ခန္တီး ရေဒီယို ဆက်ကြောင်း နှစ်စုံတို့ကို ဖွင့်လှစ်နိုင်ခဲ့သည်။

စစ်ကိုင်း (နာဂ) ဒေသအတွက် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ် အတွင်း သာသနာရေးဆိုင်ရာလှူဒါန်းမှုများမှာ တန်ဖိုး ငွေကျပ် ဝ ဒသမ ဝ၂ သန်း၊ လှူသုံးကုန်ပစ္စည်းတန်ဖိုးငွေကျပ် ဝ ဒသမ ဝ၈ သန်းဖြစ်သည်။

စစ်ကိုင်း (နာဂ)ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီး အတွက် စုစုပေါင်း ငွေကျပ် ၃ ဒသမ ၃၁ သန်းသုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အား စုစုပေါင်း ၁၅၂ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

### ကဘော်ဒေသ

ကဘော်ဒေသလမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် ကလေးဝ – ကျီးကုန်း – တမူးလမ်း၌ ကျောက်လမ်း ကိုးမိုင်၊ တံဟဲသနန်လမ်း၌ ကျောက်ခင်းခြင်း လုပ်ငန်းငါးမိုင် နှစ်ဖာလုံပြီးစီး၍ တံတားလေးခု ဆောက်လုပ်နိုင်ခဲ့သည်။

ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ တမူးမြို့နယ် နန့်အောင်မော်နှင့် မြို့သစ်တွင် အလယ်တန်းကျောင်း တစ်ကျောင်းစီ၊ စေတီဟောင်း၊ အောင်ဇေယျ၊ ဗန္ဓုလနှင့် နန့်အောင်မော်တို့တွင် မူလတန်းကျောင်း တစ်ကျောင်းစီနှင့် မင်းသာတွင် အထက်တန်းကျောင်း တစ်ကျောင်း ဆောက်လုပ်ပေးပြီးဖြစ်သည်။ ကျန်းမာရေးလုပ်ငန်းအတွက် မင်းသာတွင် ဆေးရုံတစ်ရုံ၊ ဗန္ဓုလကျေးရွာနှင့် ဦးအောင်ဇေယျကျေးရွာတွင် ဆေးပေးခန်းတစ်ခန်းစီ ဖွင့်လှစ်ပေးထားသည်။

စွမ်းအင်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ သနန်ကျေးရွာတွင်၁၀ ဒသမ ၅–ကေဗွီအေ ဓာတ်အားပေးစက်နှင့် ဦးအောင်ဇေယျကျေးရွာတွင် ၂၇–ကေဗွီအေ ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက် ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာ ၄၅ ဒသမ ၃၃ တန်၊ ပိုးသတ်ဆေးရည် ၄၃ လစ်တာ၊ ပိုးသတ်ဆေးမှုန့် ငါးကီလို၊ နှစ်ချင်းသီးနှံမျိုးစေ့ ၂,၃၄၉ တင်းနှင့် နှစ်ချင်းသီးနှံမျိုးပင် ၄,၁၉၀ ပင်ဖြန့်ဖြူးပေးခဲ့သည်။ စပါး ၅,၄၃၈ ဧကစိုက်ပျိုးခဲ့ရာ ၅,၁၂၃ ဧကရိတ်သိမ်းပြီး ၁၉၃,၇၆၁ တင်းထွက်ရှိခဲ့သည်။ ရေစုပ်စက် ၁၀ လုံးနှင့် လက်တွန်းထွန်စက်ခုနစ်စီး ဖြန့်ဝေပေးထားပြီးဖြစ်သည်။ ထို့ပြင် ရာနီးဆည်တည်ဆောက်မှု ရာခိုင်နှုန်းပြည့်ပြီးစီးခဲ့ပြီး သနန်ဆည် တည်ဆောက်မှု ရာခိုင်နှုန်း ၈၀ ပြီးစီးနေပြီဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းအတွက် ဦးအောင်ဇေယျ ကြေးနန်းရုံးနှင့် ဗန္ဓုလကြေးနန်းရုံးတို့ကို ဖွင့်လှစ်ပေးပြီးဖြစ်သည်။ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွင် ဗန္ဓုလ ညည့်ရိပ်သာ၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ရုံး၊ လူဝင်မှုကြီးကြပ်ရေးရုံး၊ ဆေးပေးခန်း၊ မူလတန်းကျောင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးငန်းများအနက် အချို့ဆောက်လုပ်ပြီးဖြစ်၍ အချို့ဆောက်လုပ်ဆဲဖြစ်သည်။ ဆရာလူနေအိမ်အလုံး ၁၀၀၊ ဆေးပေးခန်းနှင့်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ရာ တမူးမြို့နယ် သံဃာဆေးရုံအတွက် သွပ်အချပ် ၂၀၀ လှူဒါန်းခဲ့သည်။

ကဘော်ချိုင့်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါက်တူးအလက် ၅၀၀၊ ပေါက်ပြား အလက် ၅၀၀၊ သံတူးရွင်း အလက် ၅၀၀၊ လယ်ထွန်စက်နှစ်စီး၊ ကြွေရည်သုတ်ပန်းကန် ၁,၀၀၀၊ ဒန်အိုးဒန်ခွက်စုံ ပေါင် ၁၀,၀၀၀ ရေနံဆီပီပါ ၅၀၊ ဓာတ်ဆီ ၁၀ပီပါ၊ ဖယောင်းတိုင်သေတ္တာ ၅၀၀ ဝယ်ယူခွင့်ပြုခဲ့သည်။ ထို့ပြင် စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါး ပစ္စည်းများ ဝယ်ယူခွင့်ရရှိရေးကိုလည်း ဆောင်ရွက်ပေး ခဲ့သည်။

ကဘော်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးအတွက် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ငွေကျပ် ၈ ဒသမ ၁၅ သန်းသုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် ဝန်ထမ်းအင်အား စုစုပေါင်း ၃၄၉ ဦး တာဝန်ထမ်းဆောင်လျက် ရှိသည်။

### ကရင်ဒေသ

ကရင်ဒေသ ဒေါလန်းကျေးရွာတွင် အလယ်တန်းကျောင်းတိုးချဲ့ကျောင်းဆောင်သစ်၊ မူလတန်းကျောင်း (၃) အုတ်ခုံ၊ အမိုးအကာ၊ တံခါးပြုပြင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန နံရံအံချောကိုင်ဆေးသုတ်၊ မျက်နှာကြက်တပ်၊ ဝင်းခြံဆူးကြိုးကာခြင်း၊ အောက်ပိုင်ကျုံကျေးရွာတွင် အလယ်တန်းကျောင်းအမိုး၊ အခင်းအကာ၊ တံခါးပြုပြင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန အမိုး၊ အုတ်ကာ၊ သံမံတလင်းခင်းခြင်း၊ အထက်ပိုင်ကျုံကျေးရွာတွင် မူလတန်းကျောင်း အမိုး၊ လှေကား၊ ပြတင်းတံခါးပြုပြင်ခြင်း လုပ်ငန်းများအတွက် ခွင့်ပြုငွေများပေးပြီးဖြစ်သည်။

ကရင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးအတွက် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းငွေကျပ် ၆ ဒသမ ၂၄ သန်း သုံးစွဲခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးတွင် ဝန်ထမ်းအင်အားစုစုပေါင်း ၉၇ ဦးတာဝန်ထမ်းဆောင် လျက်ရှိသည်။

နယ်စပ်ဒေသအသီးသီးတွင် ဆောင်ရွက်ပေးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၁၉၉၃ – ၉၄ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသရန်ပုံငွေမှ ငွေကျပ် ၃၆၃ ဒသမ ၈၃ သန်းနှင့် ဝန်ကြီးဌာန ရန်ပုံငွေမှ ငွေကျပ် ၁၃၂ ဒသမ ၁၈ သန်း စုစုပေါင်း ငွေကျပ် ၄၉၆ ဒသမ ၀၁ သန်း၊ ၁၉၉၄ – ၉၅ ဘဏ္ဍာနှစ်အတွင်း ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ နယ်စပ်ဒေသ ရန်ပုံငွေမှ ငွေကျပ် ၆၄ ဒသမ ၄၈ သန်းနှင့် ဝန်ကြီးဌာနရန်ပုံငွေမှ ငွေကျပ် ၁ ဒသမ ၆၈

သန်းစုစုပေါင်း ငွေကျပ် ၆၆ ဒသမ ၁၆ သန်းသုံးစွဲခဲ့ပြီး ဖြစ်သည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် ၁၉၈၉ ခုနှစ်၊ မေလမှ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ငါးနှစ်အတွင်း နယ်စပ်ဒေသ ရန်ပုံငွေမှ ငွေကျပ် ၁,၀၁၁ ဒသမ ၈၆ သန်းနှင့် ဝန်ကြီးဌာန ရန်ပုံငွေမှ ငွေကျပ် ၈၂၇ ဒသမ ၉၈ သန်း စုစုပေါင်းငွေကျပ် ၁,၈၃၉ ဒသမ ၈၄ သန်း ကျခံပြီး နယ်စပ်ဒေသအသီးသီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပေသည်။

**ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင်။** ။မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်စည်ပင်ရေးကို ဦးတည်ရည်သန်၍ပခုက္ကူမြို့၊ ဗိုလ်ချုပ်လမ်းနေ "သိန်းတစ်ရာ ဆေးပေါင်းရုံ" ပိုင်ရှင် ဦးအုံးဖေက သူ၏ကိုယ်ပိုင်ငွေမှ ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်ကို နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းခြင်းဖြင့် "ပခုက္ကူ ဦးအုံးဖေ စာပေဆု" ဟု အမည်တွင်သော စာပေရန်ပုံငွေ တစ်ရပ်ကို တည်ထောင်ပေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ဦးအုံးဖေစာပေ ရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့နှင့် ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့သည့် အလျောက် ရန်ပုံငွေကို စနစ်တကျ ထိန်းသိမ်းကြီးကြပ် စီမံခန့်ခွဲရန် ဥပဒေပညာရှင်များ၏ အကြံဉာဏ်ကိုရယူ၍ စည်းမျဉ်းစည်းကမ်း များကို ပြဋ္ဌာန်းပေးခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ညှိနှိုင်းကာ ဆုရွေးချယ်ရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း သတ်မှတ်ပြဋ္ဌာန်း ပေးခဲ့သည်။

ရန်ပုံငွေစည်းကမ်းအရ ဘဏ်အပ်ငွေ ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်မှ ရရှိလာသော အတိုးငွေ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ် နှစ်စဉ် ခွဲဝေချီးမြှင့်ပေးရန်၊ နှစ်ဆယ်ရာခိုင်နှုန်းကို အစည်းအဝေးစရိတ် ရုံးစရိတ် သုံးစွဲရန်၊ ကျန် ၃၀ ရာခိုင်နှုန်းကို အရင်းအနှီး တိုးပွားစေရေး အတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ဆက်လက်ထားရှိရန် ဖြစ်သည်။

လှူဒါန်းမတည်ငွေ၏ အတိုးအညွန့်ဖြင့် ချီးမြှင့်မည့် စာပေဆုများမှာ ခြောက်မျိုးဖြစ်သည်။ ခြောက်မျိုးအနက် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာမူဆုနှင့် သုတေသန စာပေဆုတို့မှာ စာမူကို ဖိတ်ခေါ်၍ ရေးသားယှဉ်ပြိုင်စေကာ ရွေးချယ်ဆုချီးမြှင့်ရန် ဖြစ်ပြီး ကျန်တစ်ဆုဖြစ်သော တစ်သက်တာစာပေဆုကိုမူ

**၁၉၉၄ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆုနှင်းသဘင် အခမ်းအနားတွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ခွန်းပြောကြားစဉ်**



၁၀ တစ်သက်တာလုံး စာပေအကျိုးကို ရှပ်ရှပ်ချွံချွံ သယ်ပိုး ထမ်းရွက်ခဲ့သည့် စာရေးဆရာကြီးများအား စာပေ ပညာရှင်ကြီးများက တစ်နှစ်လျှင် တစ်ဦးကျ ရွေးချယ်ရေး အဖွဲ့က သီးခြား လေ့လာ၍ ဆုချီးမြှင့်ရန် ဖြစ်သည်။

၄င်းအပြင် မြန်မာစာပေတိုးတက်ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေအံ့သောငှာ တက္ကသိုလ်ပညာကို မြန်မာစာအထူးပြု၍ ဆက်လက်ပညာသင်ကြားကြမည့် ၁၀ တန်းတွင် မြန်မာစာ၌ အမှတ်အများဆုံး ရရှိခဲ့သော ကျောင်းသားလေးဦးကိုလည်း နှစ်စဉ်ဆုချီးမြှင့်သွားရန် ဖြစ်သည်။

ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်) ဦးဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ပခုက္ကူ ဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် သတ်မှတ်ရက်အမီ တင်သွင်းသော ဘာသာရပ် ၅ မျိုးမှ စာမူပေါင်း ၁၉၀ စောင်ကို အဖွဲ့ငယ်များ ဖွဲ့၍ စနစ်တကျ ဖတ်ရှုစိစစ်ခဲ့ပြီး အောက်ပါ စာမူများကို ဆုပေးရန် ရွေးချယ် ထောက်ခံချက် ပေးခဲ့သည်။

## ပြိုင်ပွဲဝင်ဆုရ စာမူများ

(က) ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ဆုပြည့်နိုး ရေးသားသော "ဆရာ့စကား ဝတ္ထုတိုများ"
(ခ) ကဗျာပေါင်းချုပ်ဆုတွင် မောင်ယဉ်နွယ် ရေးသားသော "လမင်းနှစ်စင်း အလင်းပြိုင် ကဗျာများ"
(ဂ) ကျမ်းစာမူဆုတွင်စစ်ကိုင်းလှရွှေရေးသား ပြုစုသော "မဟာဂီတ"
(ဃ) သုတေသန စာပေဆုတွင် စောလူရေးသားသော "ပုဂံခေတ် မြန်မာစာ"

(မှတ်ချက် – ဝတ္ထုရှည်ဆုအတွက် ဆုချီးမြှင့်ရန် အရည်အချင်း ပြည့်မီသောစာမူကို ရွေးချယ်နိုင်ခြင်း မရှိပါ)

## တစ်သက်တာ စာပေဆု

တစ်သက်တာစာပေဆုမှာ တစ်နှစ်လျှင် တစ်ဦးသာ ပေးအပ်ချီးမြှင့်ရန်ဖြစ်သော်လည်း တစ်သက်တာ စာပေဆု အတွက် ချမှတ်ထားသော မူများ၊ စည်းကမ်းများ၊ အချက်အလက်များ၊ စာပေလက်ရာစာရင်း အတ္ထုပ္ပတ္တိ စသည်များကို စုစည်းရှာဖွေ၍ စနစ်တကျ ညှိနှိုင်းဆွေးနွေးရာ တစ်သက်တာစာပေဆုနှင့် အထိုက်တန်ဆုံးသော စာရေးဆရာကြီးမှာ နှစ်ဦးဖြစ်နေသဖြင့် နှစ်ဦးလုံး ဆုပေးရန် အဖွဲ့ကဆုံးဖြတ်ခဲ့သည်။

ဆုရစာရေးဆရာကြီးနှစ်ဦးမှာ –

(က) ဆရာကြီး ဦးထင်ဖတ် (မောင်ထင်)
(ခ) ဆရာကြီး ဦးတင်မြင့် (သခ္ဂါ) တို့ဖြစ်သည်။

## မြန်မာစာထူးချွန်ဆု

မြန်မာစာ ထူးချွန်ဆုအတွက် အထက်တန်းပညာ ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ပြီး ၁၉၉၁ ခုနှစ် ပညာသင်နှစ်အတွင်း ၁၀ တန်းစာမေးပွဲတွင် မြန်မာစာ၌ အမှတ်အများဆုံး ရရှိပြီး တက္ကသိုလ်ပညာကို မြန်မာစာ အထူးပြု၍ ဆက်လက်ပညာသင်ကြားသည့် အောက်ဖော်ပြပါ ကျောင်းသား ၄ ဦးကို ဆုချီးမြှင့်ရန် ရွေးချယ် ထောက်ခံချက် ပေးခဲ့ သည်။ ယင်းတို့မှာ–

| | | |
|---|---|---|
| (က) | မချောစုခိုင် | အဝေးသင်တက္ကသိုလ် (စစ်တွေ ဌာနခွဲ) |
| (ခ) | မခင်မာကြူ | မကွေးဒီဂရီကောလိပ် |
| (ဂ) | မောင်အောင်ဆွေ | အဝေးသင်တက္ကသိုလ် (မန္တလေး ဌာနခွဲ) |
| (ဃ) | မဖင်မာဦး | အဝေးသင်တက္ကသိုလ် (ပြည်ဌာနခွဲ) တို့ဖြစ်သည်။ |

## ဆုငွေများ

ပြိုင်ပွဲဝင်စာမူများ ဖြစ်ကြသော ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာမူဆု၊ သုတေသန စာပေဆုများအတွက် ချီးမြှင့်ငွေမှာ တစ်ဆုလျှင် ကျပ် ၄၀၀၀၀ စီဖြစ်ပြီး တစ်သက်တာ စာပေဆုအတွက် ချီးမြှင့်ငွေမှာ တစ်ဦးလျှင် ကျပ် ၅၀၀၀၀ ဖြစ်သည်။ မြန်မာစာ ထူးချွန်ဆုအတွက်မူ တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ချီးမြှင့်ရန် ဖြစ်ပါသည်။

## စာပေဆုနှင်းသဘင်

ပထမအကြိမ် ပခုက္ကူ ဦးအုံးဖေ စာပေဆုနှင်း သဘင် အခမ်းအနားကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် တနင်္ဂနွေနေ့တွင် အလှူရှင် ဦးအုံးဖေ၏ ဆန္ဒအရ ပခုက္ကူမြို့ ပြည်သာယာခန်းမတွင် ခမ်းနားထည်ဝါစွာ ကျင်းပ ပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် နှင့် နိုင်ငံတော် အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များ၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုရွေးချယ်ရေး အဖွဲ့ဝင်များ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ၊ ဆုရရှိ

သူများ၊ စာပေအလှူရှင် ဦးအုံးဖေနှင့်တကွ ပခုက္ကူမြို့မှ ရပ်မိရပ်ဖများ၊ စာပေဝါသနာရှင်များ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်း ပြောကြားပြီး တစ်သက်တာ စာပေဆုရရှိသူ ဆရာကြီး သခ်ီနှင့် ဆရာကြီး မောင်ထင် ကိုယ်စား သားဖြစ်သူ ဦးမျိုးထင်အားလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ် ဆုရသူ ဆုပြည့်နိုး၊ ကဗျာပေါင်းချုပ် ဆုရသူ မောင်ယဉ်နွယ်၊ ကျမ်းစာမူဆုရသူ စစ်ကိုင်းလှရွှေ ကိုယ်စား တူဖြစ်သူ ဦးမျိုးတင့်နှင့် သုတေသနစာပေဆုရသူ စောလူတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

မြန်မာစာထူးချွန်ဆုရသော မချောစုခိုင်၊ မခင်မာကြူ၊ မောင်အောင်ဆွေနှင့် မဇင်မာဦးတို့အားပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူး ချုပ်မျိုးသန့်က ဆုချီးမြှင့်သည်။

ဆုချီးမြှင့်ခြင်းခံရသူများကိုယ်စား တစ်သက်တာ စာပေဆုရသူ ဆရာကြီး သခ်ီနှင့် ဆရာမ ဆုပြည့်နိုးတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ထို့နောက် အလှူရှင် ဦးအုံးဖေက စာပေဆုရန်ပုံငွေ လှူဒါန်းရန် စိတ်ကူးပေါ်လာပုံမှစ၍ ဆုချီးမြှင့် ရသည့်အတွက် နှစ်ထောင်း အားရလှကြောင်း စသည်များကို ရှင်းလင်းပြောကြားပြီး ဆုနှင်းသဘင်အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ပခုက္ကူဦးအုံးဖေ စာပေဆုကို နှစ်စဉ် ချီးမြှင့်ပေးသွားခြင်းဖြင့် မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးလာကာ စာပေတင့်မှ လူမျိုးမြင့်မည်ဆိုသည့် စကားအတိုင်း မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးတို့သည် ကမ္ဘာ့အလယ် ထည်ဝါနေမည်ဖြစ်ပါသည်။

**ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ။** ။ပါကစ္စတန်နိုင်ငံပါလီမန်ရွေးကောက်ပွဲများကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလတွင်ကျင်းပခဲ့ရာ ဘီနဇာဘူတို ဦးဆောင်သည့် ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) က အနိုင်ရရှိခဲ့ပြီး အခြားပါတီများနှင့် ပူးပေါင်းကာ ညွန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့သည်။ သို့ဖြစ်ရာ အတိုက်အခံခေါင်းဆောင်တစ်ဦးအဖြစ် ကာလအတန်ကြာ လှုပ်ရှားရန်းကန်ခဲ့ရသည့် ဘီနဇာဘူတိုသည်လည်း ပါကစ္စတန်နိုင်ငံ၏တစ်ကျော့ပြန် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄– စာ၊ ၂၁၉–ရှု။) ဝန်ကြီးချုပ် ဘူတို၏ အဓိကအတိုက်အခံပြိုင်ဘက်မှာ နာဝပ်ဇ်ရှရစ်ဖ်ခေါင်းဆောင်သည့် မူဆလင်အဖွဲ့ချုပ်ပါတီ ပင်ဖြစ်သည်။

စင်စစ်အားဖြင့် ဘီနဇာဘူတိုသည် ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ပါကစ္စတန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာခဲ့သူဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉ – စာ၊ ၂၀၁– ရှု) ထို့နောက် လ ၂၀ မျှသာ သက်တမ်းရှိသေးသည့် ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် သူမ၏ အစိုးရအဖွဲ့ကို အဂတိလိုက်စားမှု စွပ်စွဲချက်များဖြင့် သမ္မတဂူလမ်အစ်ရှတ်ခန် က ၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ဖြုတ်ချခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂–စာ၊ ၂၃၈– ရှု။)

ယခုအကြိမ် တစ်ကျော့ပြန် ဝန်ကြီးချုပ်ဖြစ်လာချိန်တွင်လည်း ဘီနဇာဘူတို၏ အစိုးရအဖွဲ့မှာ ပြည်တွင်းနိုင်ငံရေး အတိုက်အခံအင်အားစုများနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသည်။ ယင်းတို့အနက် နာဝပ်ဇ်ရှရစ်ဖ် ဦးဆောင်သည့် အဖွဲ့မှာ ပါကစ္စတန်နိုင်ငံသမိုင်းတွင် အင်အားအကောင်းဆုံး အတိုက်အခံ အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ဘီနဇာဘူတိုနှင့် နာဝပ်ဇ်ရှရစ်ဖ်တို့မှာ တစ်ဦးနှင့်တစ်ဦး အတိုက်အခံဖြစ်လင့်ကစား အိမ်စောင့်အစိုးရအဖွဲ့နှင့် စစ်တပ်က ကြိုးပမ်းသည့် ဝန်ကြီးချုပ်ရာထူးကို အဓိကပါတီကြီးမှ ခေါင်းဆောင်နှစ်ဦး နှစ်နှစ်ခွဲစီရယူရေး အစီအစဉ်ကိုမူ နှစ်ဦးစလုံးက ကန့်ကွက်ခဲ့ကြသည်။

ဝန်ကြီးချုပ်ရာထူးလက်ခံသည့်နေ့က ပြောကြားသည့် မိန့်ခွန်းတွင် ဘီနဇာဘူတိုက အိမ်စောင့်အစိုးရအဖွဲ့က အစပျိုး လုပ်ဆောင်ခဲ့သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် နိုင်ငံရေး အဂတိလိုက်စားမှုများကို အမြစ်လှန်ချေမှုန်းပစ်မည် ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ထို့ပြင် မကြာသေးသည့် နှစ်များအတွင်း ဖြစ်ပွားခဲ့သည့် နိုင်ငံရေး ထိပ်တိုက် ရင်ဆိုင်မှုများကို အဆုံးသတ်ကြရန် ဘီနဇာဘူတိုက တောင်းဆိုလိုက်ပြီး တည်ငြိမ်သည့် ဗဟိုအစိုးရ ဖြစ်ပေါ်စေ ရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် ပြည်နယ် အစိုးရအဖွဲ့များအား တိုက်တွန်းခဲ့သည်။

မရှေးမနှောင်းဆိုသလိုပင် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၏ သမ္မတသစ်အဖြစ် ဖာရူးအာမက်လက်ဟာရီ ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ လက်ဟာရီသည် အောက်စဖို့ဒ်တက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ဩဇာတိက္ကမ ရှိသော ဘလူချီဒေသ လက်ဟာရီမျိုးနွယ်စု၏ အကြီးအကဲတစ်ဦးလည်းဖြစ်လေသည်။ ပါကစ္စတန်ပြည်သူ့ ပါတီ (ပီပီပီ)၏ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦး လည်းဖြစ်ပြီး ဝန်ကြီးချုပ်ဘီနဇာဘူတို၏ ယုံကြည်စိတ်ချ အားထားရသူဖြစ်သည့် လက်ဟာရီအား အောက်တိုဘာလကပင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်အပ်ခဲ့ပြီးဖြစ်သည်။ လက်ဟာရီအား သမ္မတအဖြစ်ရွေးချယ်



လူထုအစည်းအဝေးပွဲတစ်ခုတွင် အတိုက်အခံခေါင်းဆောင် နာဝပ်ဇ်ရှရစ်ဖ်အား တွေ့ရစဉ်

တင်မြှောက်မှုမှာ ငါးနှစ်သက်တမ်းပြည့်သည်အထိ အုပ်ချုပ်သွားနိုင်သည့် ပထမဆုံးအစိုးရအဖွဲ့ ဖြစ်စေရန် အာဏာရ ပါကစ္စတန်ပြည်သူ့ပါတီ၏ အခွင့်အလမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်ဟု ရှုမြင်ကြပေသည်။

သမ္မတဖြစ်လာသူ လက်ဟာရီက ၄င်းအနေဖြင့် ပါတီများအားလုံးအကြား ဘက်မလိုက်ဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပီပီပီပါတီအဖွဲ့ဝင် အဖြစ်မှ ရပ်ဆိုင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အငြင်းပွားလျက်ရှိသော ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အဋ္ဌမပြင်ဆင်ချက်အား ဖျက်သိမ်းရေးကို ထောက်ခံမည်ဟုလည်း ကတိပြုပြောကြားခဲ့သည်။ အဆိုပါ ပြင်ဆင်ချက်အရ ရွေးချယ်တင်မြှောက်ထားသော အစိုးရအဖွဲ့အား ဖြုတ်ချခွင့်နှင့် ပါလီမန်အား ဖျက်သိမ်းခွင့် အာဏာများအပါအဝင် သမ္မတစိတ်ကြိုက်လုပ်ပိုင်ခွင့်ရှိသည့် အာဏာများ ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုထားပေသည်။

ဤသို့ရှိနေစဉ် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် အာဏာရ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)၏ ဗဟိုအလုပ်အမှုဆောင်ကောင်စီက ဝန်ကြီးချုပ် ဘီနဇာဘူတိုအား ပါတီ၏တစ်ဦးတည်းသော ခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့ပြီး ယခင် ၁၉၈၆ ခုနှစ်ကတည်းက ပါတီတွဲဖက်ဥက္ကဋ္ဌဖြစ်သူ ဘီနာဇာဘူတို၏ မိခင်နူဆရတ်ဘူတိုအား ဖယ်ရှားခဲ့သည်။ မိခင်နှင့်သမီးဖြစ်သူတို့အကြား ဆက်ဆံရေးများမှာ ဘီနဇာဘူတို၏မောင်ငယ်ဖြစ်သူ မာတာဇာဘူတို၏ နိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး သဘောထားကွဲလွဲမှု ကြောင့် တင်းမာခဲ့ရသည်။

ဤသို့ဖြင့် ၁၉၉၄ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံအတွင်း ဆက်လက်ဖြစ်ပေါ်ခဲ့သည့် အခြေအနေ အရပ်ရပ်ကို အောက်ပါအတိုင်း တွေ့မြင်လာရပေသည်။

**ပြည်တွင်းနိုင်ငံရေးအခြေအနေ** – ပါကစ္စတန်အစ္စလာမ္မစ်အခြေခံဝါဒီဖြစ်သည့် ဂျမတ်–အီ–အစ္စလာမ်မီပါတီခေါင်းဆောင် ကွာဇီဟူစိန်အာမတ်သည် ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလရွေးကောက်ပွဲတွင် ၄င်း၏ ပါတီရှုံးနိမ့်ခဲ့ခြင်းအတွက် တာဝန်မကင်းဟု ယူဆသောကြောင့်လည်းကောင်း၊ ပါတီ၏ ယုံကြည်ကိုးစားမှုကို မရရှိတော့ဟု ထင်မြင်သောကြောင့်လည်းကောင်း ပါတီခေါင်းဆောင်အဖြစ်မှ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ယခင်ဝန်ကြီးချုပ်ဟောင်း ဖြစ်သူ နာဝပ်ဇ်ရှရစ်ဖ်နှင့် မဟာမိတ်ပြုမှုကို ဖြတ်တောက်ခဲ့ခြင်းနှင့် ပါတီ၏အခြေခံကို ချဲ့ထွင်ရန် ကြိုးပမ်းခဲ့ခြင်းအတွက် ပါတီတွင်းရှိ သဘောထားတင်းမာသူများက ဟူစိန်အာမတ်အား ဝေဖန်တိုက်ခိုက်ခဲ့သည်။ သို့ဖြစ်ရာ ပါတီတွင်း ထောက်ခံမှုနှင့် ပါတီ၏ ယုံကြည်ကိုးစားမှု မရရှိနိုင်တော့သည့် အနေအထားသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ယခုကဲ့သို့ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်ဖြစ်လာသူ ဘီနဇာဘူတိုမှာလည်း အထက်

လွှတ်တော်သို့ ဥပဒေမူကြမ်းတစ်ခုတင်သွင်းခဲ့ရာ မွေဆော်ဦးဆိုသလို အရေးနိမ့်ခဲ့သည်။ ဗဟိုဘဏ်၏ လွတ်လပ်ခွင့်ကို လျှော့ချရန်ရည်ရွယ်သည့် ဥပဒေကြမ်း တစ်ခုကို အထက်လွှတ်တော်သို့ တင်သွင်းခဲ့ရာ ပယ်ချခံရခြင်းဖြစ်သည်။ အထက်ပါတင်သွင်းသည့် ဥပဒေကြမ်း အရ ယခင်အစိုးရလက်ထက်က ပါကစ္စတန်နိုင်ငံ ဗဟိုဘဏ်သို့ လုပ်ပိုင်ခွင့်ပေးထားသည့် ဥပဒေကို ကန့်သတ်ထိန်းချုပ်မည်ဖြစ်သည်။ ယင်းမှာ ဘီနဇာဘူတိုဝန်ကြီးချုပ်အဖြစ် တာဝန်စတင်ယူပြီးနောက် ပထမဆုံးအကြိမ် လွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်းတစ်ခုဖြစ်သည်။ ယင်းဥပဒေကြမ်းမှာ ပါလီမန် (အောက်လွှတ်တော်) နှင့် အထက်လွှတ်တော်တို့တွင် အတည်ပြုချက် ရယူရမည်ဖြစ်သည်။ ဘီနဇာဘူတိုသည် ယင်းဥပဒေကြမ်းတွင် ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရ လေးခုတို့အတွက် ငွေပို၍ထုတ်ခြင်းကို ငြင်းဆိုနိုင်ခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ မူဝါဒကို ချမှတ်နိုင်သည့် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့် အာဏာကို ရုပ်သိမ်းထားသည်။

ပြည်တွင်းရေးအခြေအနေများနှင့် စပ်လျဉ်းပြီး ဘီနဇာဘူတိုကို အစိုးရကြုံတွေ့နေရသော ပြဿနာတစ်ခုမှာ ပြည်နယ်အချို့တွင် ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်ဆူပူ လှုပ်ရှားမှုများပင် ဖြစ်သည်။ သာဓကအဖြစ် ဆင်းပြည်နယ်အတွင်း မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိသည့် ဆူပူ အကြမ်းဖက်မှုများကို လေ့လာကြည့်ရှုပါက ကောင်းစွာသိရှိနိုင်ပေသည်။

ဆင်းပြည်နယ်ရှိ ကရာချိမြို့တစ်ဝိုက်တွင် ၁၉၈၀ ပြည့်လွန်နှစ်နှောင်းပိုင်းကာလအတွင်း နိုင်ငံရေးအကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ လူ ၃၀၀၀ ခန့်သေဆုံးခဲ့ပြီး ဖြစ်သည်။ ယင်းအကြမ်းဖက်မှုများတွင် မိုဟာဂျာကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) ပါဝင်ပတ်သက်နေပေသည်။

အဆိုပါ မိုဟာဂျာကွာမီ လှုပ်ရှားမှုအဖွဲ့မှာ ၁၉၄၇ ခုနှစ်တွင် မူလတစ်နိုင်ငံတည်းမှ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံဟူ၍ သီးခြားစီခွဲထွက်ခဲ့ပြီး အိန္ဒိယနိုင်ငံမှ ပါကစ္စတန်နိုင်ငံသို့ ဝင်ရောက်လာသော မူဆလင်များကို ကိုယ်စားပြုပေသည်။ ယင်းအဖွဲ့မှာ ကရာချိမြို့နှင့် ပါကစ္စတန်နိုင်ငံတောင်ပိုင်း အခြားမြို့များတွင် အင်အားကောင်းလျက်ရှိသည်။ သို့ရာတွင် ကျေးလက်ဒေသများတွင် နိုင်ငံရေးအင်အားနည်းနေသည်။

ယင်းအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်း အချက်အချာကျသည့် မြို့တော်ကရာချိတွင် ဆန္ဒပြမှုများ ဖြစ်ပေါ်စေရန် မကြာခဏဆိုသလို လှုံ့ဆော်တတ်ပြီး အကြမ်းဖက် ခြိမ်းခြောက်မှုများလည်း ပြုမူတတ်ကြသည်။ သို့ဖြစ်ရာ ကရာချိမြို့တော်တစ်ဝိုက်တွင် လုံခြုံရေးအတွက် စစ်တပ်ဖွဲ့များ ချထားခဲ့ရာ မကြာသေးသည့်နှစ်များအတွင်း သတ်ဖြတ်အကြမ်းဖက်မှုများ လျော့နည်းကျဆင်းခဲ့သည်။ သို့ဖြစ်လင့်ကစား ကရာချိမြို့တော်၏ အခြေအနေမှာ တည်ငြိမ်မှုမရှိသေးဟုဆိုရပေမည်။

ဆင်းပြည်နယ်အစိုးရက အုပ်ချုပ်ရေးဆိုင်ရာ စီရင်စုနယ်မြေဒေသအသစ်များကို ကြေညာခဲ့ရာ မိုဟာဂျာကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) က ယင်းလုပ်ရပ်မှာ ၄င်းတို့၏ဩဇာ အာဏာကို လျှော့နည်းကျဆင်းစေပြီး ၄င်းတို့အားထောက်ခံသူများကိုလည်း ခွဲခြားဆန့်ကျင်ခြင်းဖြစ်သည်ဟု မှတ်ယူကြသည်။

ဤသို့ဖြင့် ဆင်းပြည်နယ်အစိုးရ၏ လုပ်ရပ်ကို ကန့်ကွက်ဆန္ဒပြရန် စည်းရုံးလှုံ့ဆော်မှုများနှင့် အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုများ ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ဖြစ်ပွားခဲ့ရာ စည်ကားသည့် ကရာချိမြို့တော်မှာ လူသူကင်းမဲ့ခြောက်သွေ့သွားခဲ့ရသည်။ အချက်အချာလမ်းဆုံများတွင် ချထားသည့် လုံခြုံရေးတပ်ဖွဲ့ယာဉ်များမှအပ မြို့တော်ရှိ စည်ကားရာလမ်းများမှာ လူသူကင်းမဲ့နေခဲ့သည်။ အကြမ်းဖက်သူများကခရီးသည်တင် ဘတ်စ်ကားတစ်စီးကို ပစ်ခတ်ရာ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာ ရရှိခဲ့သည်ဟု ဆိုသည်။ အကြမ်းဖက်သူများမှာ မိုဟာဂျာကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) နှင့် ဆက်နွှယ်မှုရှိသည်ဟု ယူဆကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုဖြစ်ပွားရာ အနီးအနားရှိ နယ်မြေများကိုပိတ်ပြီး တစ်အိမ်တက်ဆင်းရှာဖွေကာ လူ ၁၀၀ကျော်ကိုဖမ်းဆီးခဲ့သည်။ ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိမြို့တော်တွင် လူဦးရေ ၁၀ သန်း ခန့် နေထိုင်လျက်ရှိသည်။

ဘီနဇာဘူတို အနေဖြင့် တစ်ကျော့ပြန် ဝန်ကြီးချုပ်ဖြစ်လာသည့်တိုင်အောင် ယခင်ပထမအကြိမ် ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ်က သူမအား ရာထူးမှ ဖြုတ်ချခဲ့ပြီး အာဏာကို အလွဲသုံးစားပြုခဲ့မှုဖြင့် စွဲချက်တင်ခဲ့ရာ ယင်းအမှုများကို တရားရုံးတော်က ကြားနာစစ်ဆေးခဲ့သည်။ ဟိုတယ်လုပ်ငန်းတည်ထောင်သူတစ်ဦးအား နိုင်ငံပိုင်မြေ ၂၈၇ ဧကကိုတရားမဝင်ရောင်းချခဲ့မှုဖြင့် စွပ်စွဲချက်ကို အထူးခုံရုံးက ကြားနာစစ်ဆေးပြီး လုံလောက်သည့် သက်သေအထောက်အထားမရှိသည့်အတွက် ဘီနဇာဘူတို အပေါ် စွဲဆိုချက်များကို ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဤသို့ရှိနေခဲ့ရာမှ ပါကစ္စတန်သမ္မတ ဖာရူးလက်ဟာရီသည် ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် အနောက်မြောက်နယ်ခြားဒေသပြည်နယ်ရှိ အစိုးရကိုရုပ်ဆိုင်းကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။ ယင်းလုပ်ရပ်မှာ နိုင်ငံရေး ပဋိပက္ခကို ပိုမိုဖြစ်ပွား

စေမည့် အလားအလာတစ်ရပ်ပင် ဖြစ်သည်။ ထို့ပြင် သမ္မတ၏ ဆုံးဖြတ်ချက်မှာ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလက ရွေးကောက်ပွဲများ ငြိမ်းချမ်းစွာကျင်းပခဲ့ပြီး ဘီနဇီရဘူတို အာဏာပြန်လည်ရရှိကာ နိုင်ငံ၏ပြည်နယ်လေးခုတွင် အစိုးရ အဖွဲ့သစ်များ ရွေးချယ်တင်မြှောက်ပြီးခဲ့သည့်တိုင်အောင် ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေးစနစ်တည်ငြိမ်မှု မရှိသေးဆိုသည့် အချက်ကို သတိပေးလိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုရပေမည်။

စင်စစ်အားဖြင့် သမ္မတလက်ဟာရီနှင့် ဝန်ကြီးချုပ် ဘီနဇီရဘူတိုတို့နှစ်ဦးစလုံးမှာ အစိုးရအဖွဲ့ကို ထိန်းချုပ်နေသည့် အာဏာရပါတီကြီးဖြစ်သော ပါကစ္စတန် ပြည်သူ့ပါတီမှပင် ဖြစ်ကြပေသည်။ သို့ရာတွင် အနောက်မြောက် နယ်ခြားဒေသ ပြည်နယ်လွှတ်တော်တွင်မူ ပါကစ္စတန် ပြည်သူ့ပါတီမှာ အတိုက်အခံပါတီအဖြစ်သာ ရပ်တည်နိုင်ခဲ့သည်။ သို့ဖြစ်ရာ ပါကစ္စတန်ပြည်သူ့ပါတီသည် အနောက်မြောက်နယ်ခြား ဒေသပြည်နယ်ရှိ တစ်သီးပုဂ္ဂလများနှင့် ပါတီငယ်များအား မိမိဘက်သို့ ပါလာစေရန် ဆွဲဆောင်စည်းရုံး လှုပ်ရှားလျက် ရှိနေခဲ့သည်။ အဆိုပါ အနောက်မြောက် နယ်ခြားဒေသ ပြည်နယ်ရှိ ပါကစ္စတန် မူဆလင်အဖွဲ့ချုပ်နှင့် အဝါမီအမျိုးသား ပါတီတို့၏ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖြုတ်ချရန် လွှတ်တော်၌ လုံလောက်သည့် အများစုထောက်ခံဆန္ဒမဲ ရရှိထားပြီ ဟုလည်း ပါကစ္စတန် ပြည်သူ့ပါတီက ကြေညာခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်အစိုးရအဖွဲ့ကို ဖျက်သိမ်းခွင့်အာဏာကို သမ္မတအား အပ်နှင်းထားပေသည်။ ဤသို့ဖြင့် သမ္မတ၏အမိန့်ဖြင့် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်အစိုးရအဖွဲ့ကို ရပ်ဆိုင်းလိုက်သည့် လုပ်ရပ်သည် ယင်းဒေသရှိ ပါကစ္စတန် ပြည်သူ့ပါတီ၏အင်အားကို ပိုမိုကောင်းမွန်စေရန် အထောက်အကူပြုနိုင်သလို အတိုက်အခံနိုင်ငံရေးပါတီများ ကိုလည်း အမျက်ထွက်စေရန် ဆွပေးသလိုဖြစ်စေခဲ့သည်။

ယင်းသို့ ဖြစ်ပေါ်တိုးတက်လျက်ရှိနေဆဲမှာပင် ဝန်ကြီးချုပ်ဘီနဇီရဘူတို၏ ခင်ပွန်းဖြစ်သူ အဇစ်အလီဇာဒါရီ အပေါ် စွဲဆိုထားသည့် စွဲချက်များအနက် ၁၉၉၀ ပြည့်နှစ်က ဇာဒါရီသည် ၄င်း၏မိတ်ဆွေများ ဖြစ်ကြသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဘဏ်ချေးငွေ ရူပီး ၆၃ သန်း (ဒေါ်လာ ၂ ဒသမ ၁ သန်း) ရရှိရန် ယူနိုက်တက်ဘဏ် လီမိတက်မှ ဘဏ်အရာရှိများအား ဖိအားပေးခဲ့သည် ဟူသည့် စွဲချက်အား တရားရုံးတစ်ရုံးက ပြည်လည်ရုပ်သိမ်း ခဲ့သည်။

ဇာဒါရီသည် ဘီနဇီရဘူတိုအာဏာရရှိခဲ့သည့် ၁၉၈၈ – ၉၀ ခုနှစ်ကာလသက်တမ်းအတွင်း ထင်ပေါ်ခဲ့သူဖြစ် သည်။ ဘီနဇီရဘူတိုအစိုးရအဖွဲ့ ဖြုတ်ချခံရပြီး နောက်ပိုင်း တွင် ရာဇဝတ်မှုအမျိုးမျိုးဖြင့် စွဲချက်တင်ခံရပြီး ထောင်ကျခဲ့သည်။ ရုံးတော်တွင်အမှုကြားနာစစ်ဆေးရန် စောင့်ဆိုင်း နေစဉ်ကာလဖြစ်သည့် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလမှ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ လ ၃၀ ကြာ ထောင်ကျ ခဲ့သည်။

သို့ရာတွင် ၁၉၉၃ ခုနှစ်၊ အောက်တိုဘာ ရွေးကောက်ပွဲ တွင် အမျိုးသားလွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခံ ရသည်။ ဇာဒါရီမှာ ဘီနဇီရဘူတိုအစိုးရအဖွဲ့တွင် ဩဇာ တိက္ကမရှိသည်ဟု အများက ထင်မြင်ယူဆကြသည်။ ယခု အကြိမ်တွင်မူ ဇာဒါရီသည် အများအမြင်တွင် ထင်ထင် ပေါ်ပေါ်ဖြစ်စေမည့် အပြုအမူများကို ရှောင်ရှားခဲ့သည်။

မတ်လ ၂ ရက်နေ့တွင် အထက်လွှတ်တော်အမတ် နေရာ ၃၇ နေရာအတွက် အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် လေးခုမှ အမတ်များက မဲဆန္ဒပေး ရွေးချယ်ခဲ့ရာ ဘီနဇီရဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီက ၁၉ နေရာရရှိခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် ဘီနဇီ ဘူတို၏ ပါတီမှာ အမတ်နေရာစုစုပေါင်း ၈၇ နေရာ ရှိသည့် အထက်လွှတ်တော်တွင် အမတ်နေရာအများစု ရရှိခြင်း မရှိပေ။ သို့ဖြစ်ရာ ထိထိရောက်ရောက်အုပ်ချုပ်နိုင်ရေး အတွက် အောက်လွှတ်တော်တွင် လုပ်ခဲ့သလိုပင် အထက် လွှတ်တော်တွင်လည်း အခြားပါတီငယ်များနှင့် ပူးပေါင်းကာ ၄င်းတို့၏ ထောက်ခံမှုကို ရရှိရန်လိုအပ်လျက်ရှိပေသည်။

ဤသို့ရှိနေခဲ့ရာမှ မတ်လ ၂၁ ရက်နေ့တွင် ပါကစ္စတန် မူဆလင်အဖွဲ့ချုပ်မှ ဝါဆင်ဆာဂျက်အား အထက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်ရာ လူမှုရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးမည်ဟု ကတိပေးခဲ့သော ဘီနဇီရဘူတိုအဖို့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အခက်အခဲကြုံလာနိုင်စရာ အကြောင်းရှိနေပေသည်။ သူမအနေဖြင့် အဓိကကျသည့် ဥပဒေများမတင်သွင်းမီ အထက်အောက်လွှတ်တော် နှစ်ရပ် စလုံးတွင် လိုအပ်သည့် အမတ်အများစုအင်အားရရှိရန် မျှော်လင့်လျက်ရှိနေခဲ့သည်။ ဥပဒေများကို လွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုရမည်ဖြစ်သည်။

ဧပြီ ၂၄ ရက်နေ့တွင် ပါကစ္စတန်ပြည်သူ့ပါတီနှင့် မဟာမိတ်ပါတီများ၏ အနောက်မြောက်နယ်ခြားဒေသ ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့အပေါ် အယုံအကြည်ရှိကြောင်း အဆိုကို ပြည်နယ်လွှတ်တော်တွင် မဲပေးဆုံးဖြတ်ရာ အဆိုဘက်မှ အနိုင်ရရှိခဲ့သဖြင့် ပါကစ္စတန်ပြည်သူ့ပါတီ အောင်ပွဲဆင် ခဲ့သည်။ သို့ဖြစ်ရာ ပါကစ္စတန်နိုင်ငံတွင် ပြည်နယ် လွှတ်တော်လေးခုအနက် သုံးခုတွင် ပါကစ္စတန်ပြည်သူ့ ပါတီနှင့် မဟာမိတ်ပါတီများက လွှမ်းမိုးထိန်းချုပ်ထားနိုင်ပြီ ဖြစ်သည်။

ဤသို့ဖြင့် အထက်ပါကိစ္စကို အကြောင်းပြု၍ အနောက်မြောက်နယ်ခြားဒေသပြည်နယ်ရှိ နာဝပ်ဇ်ရှရစ်ဖ်ကို ထောက်ခံသည့်ပြည်နယ်အစိုးရအဖွဲ့အား ပါကစ္စတန်ပြည်သူ့ပါတီက ဖြုတ်ချခဲ့ခြင်းကို ကန့်ကွက်သည့် အနေဖြင့် နာဝပ်ဇ်ရှရစ်ဖ်ဦးဆောင်သည့်ပါကစ္စတန်မူဆလင်အဖွဲ့ချုပ်ပါတီမှ ပါလီမန်အမတ်များက ပါလီမန်ကို သပိတ်မှောက်ခဲ့သည်။ နောက်ပိုင်းတွင် အတိုက်အခံများက ပါလီမန်ကို သပိတ်မှောက်ခြင်းအား အဆုံးသတ်ပြီး ဘီနဇီရဘူတိုကို နုတ်ထွက်ပေးရေးအတွက် ပါလီမန်တွင် လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့သည်။

ဤအတောအတွင်း အစိုးရအဖွဲ့အတွင်း အဂတိလိုက်စားမှုများရှိကြောင်းနှင့် ယင်းကိစ္စတွင် သမ္မတ လက်ဟာရီ ပါဝင်ပတ်သက်မှုရှိကြောင်း မူဆလင်အဖွဲ့ချုပ် ပါတီခေါင်းဆောင် နာဝပ်ဇ်ရှရစ်ဖ်ကပါလီမန်တွင် စွပ်စွဲပြောကြားခဲ့သည်။ သမ္မတလက်ဟာရီသည် မသမာမှုများတွင် ပါဝင်လှုပ်ရှားနေ သည့် မီဟရန်ဘဏ်မှ ရူပီးငွေ ၇ ဒသမ ၅ သန်း (၂၅၀,၀၀၀ ဒေါ်လာ) လက်ခံရရှိခဲ့သည်ဟု မူဆလင်အဖွဲ့ချုပ်ပါတီက စွပ်စွဲခဲ့သည်။ ယင်းဘဏ်တည်ထောင်သူမှာ ဒေါ်လာ သန်း ၃၀ ကျော်အလွဲသုံးစားလုပ်မှုဖြင့် သံသယရှိသဖြင့် ဖမ်းဆီး ခံရသည်။

သမ္မတ လက်ဟာရီက ၎င်းအပေါ်စွပ်စွဲချက်များကို ငြင်းဆိုလိုက်ပြီး မဟုတ်မမှန်စွပ်စွဲသူများကို တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ဇွန်လ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံရေး လောကတွင် အတိုက်အခံ ပြိုင်ဘက်နိုင်ငံရေးပါတီများသည် ကိုယ်ကျင့်တရားပျက်ပြားသည့် တရားမဝင်သည့် လုပ်ရပ်များနှင့် စပ်လျဉ်းပြီး တစ်ဦးနှင့်တစ်ဦး မကြာခဏဆိုသလို အပြန်အလှန် စွပ်စွဲ ပြောကြားတတ်ကြသည်။

အဂတိလိုက်စားမှုနှင့် မသမာမှုများရှိကြောင်း စွပ်စွဲချက်များပေါ်ပေါက်ခဲ့ခြင်းကို အကြောင်းပြု၍ သမ္မတလက်ဟာရီက အစိုးရအဖွဲ့အတွင်း ရာထူးကြီးများထမ်းဆောင်ရသည့် ပုဂ္ဂိုလ်များပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာဓနကို စိစစ်သွားရန် ဝန်ကြီးချုပ် ဘီနဇီရဘူတိုအား တာဝန်ပေးလုပ်ဆောင်စေရေးကို ထောက်ခံမည်ဟု သမ္မတနန်းတော်၌ သတင်းထောက်များက တွေ့ဆုံမေးမြန်းရာတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းသို့ ရှိနေစဉ် မူဆလင်အဖွဲ့ချုပ်ပါတီနှင့် အဝါမီအမျိုးသားပါတီမှ အဖွဲ့ဝင်များက ပါလီမန်ကော်မတီများမှ နုတ်ထွက်လွှာများကို ပါလီမန် ဥက္ကဋ္ဌသို့ တင်သွင်းခဲ့သည်။ အစိုးရအဖွဲ့၏ နိုင်ငံခြားရေးရာ မူဝါဒများနှင့် စီးပွားရေးကိစ္စ တလွဲတချော် ကိုင်တွယ်လုပ်ဆောင်ပုံနှင့် တိုးပွားလာသော အဂတိ လိုက်စားမှုများကို ကန့်ကွက်သည့်အနေဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်ဟုဆိုသည်။

အခြားတစ်ဖက်တွင် မူဆလင်အဖွဲ့ချုပ် ပါတီခေါင်းဆောင် နာဝပ်ဇ်ရှရစ်ဖ်ကလည်း ကရာချိမြို့မှ အစ္စလာမ္မာဘတ်မြို့သို့ ရထားဖြင့်စီးနင်းလိုက်ပါကာ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲ လုပ်ဆောင်ရန် စီစဉ်စိုင်းပြင်းလှုံ့ဆော်လျက်ရှိနေခဲ့သည်။ ဤလုပ်ဆောင်မှုဖြင့် ဘီနဇီရဘူတိုအစိုးရအဖွဲ့ ပြုတ်ကျသွားသည်အထိ ဖြစ်စေရန် နာဝပ်ဇ်ရှရစ်ဖ်က ရည်မှန်းထားခဲ့သည်။ သို့ရာတွင် နိုင်ငံရေး လေ့လာဆန်းစစ် သုံးသပ်သူများကမူ နာဝပ်ဇ်ရှရစ်ဖ်၏ ယင်းလုပ်ရပ်မှာ ဟိုးလေးတကျော်ဖြစ်စေရန် အဆန်းထွင်ခြင်းသာဖြစ်ပြီး ဘီနဇီရဘူတို၏ အစိုးရအဖွဲ့ကို သိက္ခာကျစေလိမ့်မည်မဟုတ်ဟု ရှုမြင်သုံးသပ်ကြသည်။

ဤသို့ဖြင့် နာဝပ်ဇ်ရှရစ်ဖ်သည် စက်တင်ဘာ ၁၁ ရက်နေ့ညတွင် ပါကစ္စတန်နိုင်ငံတောင်ပိုင်း၊ ဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိမြို့မှ ရထားဖြင့် စတင်စီးနင်းလိုက်ပါခဲ့သည်။ ရထားပေါ်သို့ မတက်မီ ဘီနဇီရဘူတိုအစိုးရအဖွဲ့ ပြုတ်ကျ သွားသည်အထိ ဆက်လက်လှုပ်ရှားသွားမည် ဖြစ်ကြောင်း ၎င်းအားထောက်ခံသူများအား နာဝပ်ဇ်ရှရစ်ဖ်က ပြောကြားခဲ့သည်။ နာဝပ်ဇ်ရှရစ်ဖ်သည် ဤခရီး မစတင်မီ သိတင်းပတ် အနည်းငယ်ကတည်းကပင် အငြင်းပွားဖွယ်ရာ ကိစ္စရပ် များကို တစ်ခုပြီးတစ်ခု ဖော်ထုတ်လာခဲ့သည်။ ပါကစ္စတန် နိုင်ငံအနေဖြင့် နျူကလီးယားဗုံး ထုတ်လုပ်ပြီး ဖြစ်သည်ဟု ဩဂုတ်လအတွင်းက ပြောကြားသည်အထိ ဖြစ်ခဲ့သည်။ ၎င်း၏ပြောကြားမှုကြောင့် ပါကစ္စတန်နိုင်ငံသည် နျူကလီးယား လက်နက်ထုတ်လုပ်နိုင်စွမ်းရှိသော်လည်း ယခုအချိန်အထိ ယင်းလက်နက်မျိုးမထုတ်လုပ်ရသေးပါဟု ပါကစ္စတန်နိုင်ငံ၏ ရပ်တည်ပြောကြားချက်ကို တစ်မျိုးတစ်ဖုံဖြစ်သွားစေခဲ့သည်။ နာဝပ်ဇ်ရှရစ်ဖ်သည် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၃ခုနှစ် အထိ ၎င်းကိုယ်တိုင် ဝန်ကြီးချုပ်ဖြစ်ခဲ့စဉ်ကမူ ပါကစ္စတန် နိုင်ငံသည် နျူကလီးယားလက်နက် မရှိကြောင်း အစဉ်အမြဲ ငြင်းဆိုခဲ့သည်။

နာဝပ်ဇ်ရှရစ်ဖ်၏ ‘မီးရထားခရီးချီတက်လှုပ်ရှားမှု မှာ ပါကစ္စတန်နိုင်ငံထုတ် သတင်းစာမျက်နှာဖုံးများတွင် အလေးပေး ဖော်ပြခဲ့ရသည့်သတင်း ဖြစ်လာခဲ့သည်။ မစ္စစ်ဘူတိုအစိုးရကလည်း နာဝပ်ဇ်ရှရစ်ဖ်၏ ခရီးစဉ်ကို ဝင်ရောက်စွက်ဖက်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် မစ္စစ်ဘူတို အတိုက်အခိုက် နိုင်ငံရေးသမားအဖြစ် ရှိစဉ်က မြို့တော် အစ္စလာမ္မာဘတ်သို့ ခရီးရှည်ချီတက်လှုပ်ရှားခဲ့ဖူးရာ ယင်းကို အားကျပြီး ယခုကဲ့သို့ မီးရထားခရီး ချီတက်လှုပ်ရှား

မှုပြုရန် နာဝပ်ဇ်ရှရစ်ဖ်က ကြိုးပမ်းခြင်း ဖြစ်ဟန်တူသည်။ ထိုစဉ်က မစ္စစ်ဘူတို၏ လှုပ်ရှားမှုကြောင့် နာဝပ်ဇ်ရှရစ်ဖ် အစိုးရအဖွဲ့ကို အင်အားချည့်နဲ့စေခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် နုတ်ထွက်ပေးခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

ကရာချိမြို့မှစတင်သော မီးရထားခရီး ချီတက်လှုပ်ရှားမှုတွင် ရထားခရီးလမ်းတစ်လျှောက်နေရာ ၁၂ နေရာကျော်၌ ရပ်နားခဲ့ပြီး ယင်းဒေသရှိ ၄င်းအား ထောက်ခံအားပေးသူများအား နာဝပ်ဇ်ရှရစ်ဖ်က ဟောပြောစည်းရုံး လှုံ့ဆော်ခဲ့သည်။

နာဝပ်ဇ်ရှရစ်ဖ် စီးနင်းလိုက်ပါခဲ့သော မီးရထားသည် စက်တင်ဘာ ၁၂ ရက်နေ့တွင် လာဟိုးမြို့သို့ ဆိုက်ရောက်ခဲ့ရာ ၄င်းအား ထောက်ခံသူ ထောင်ပေါင်းများစွာက ကြိုဆိုခဲ့ကြသည်။ စက်မှုမြို့တော်ဖြစ်သည့်လာဟိုးမြို့မှာ နာဝပ်ဇ်ရှရစ်ဖ်၏ မူဆလင်အဖွဲ့ချုပ်ပါတီကို ထောက်ခံသော ဒေသတစ်ခု ဖြစ်ပေသည်။

ယင်းသို့ဖြစ်ပေါ်လျက်ရှိနေရာမှ စက်တင်ဘာ ၂၇ရက်နေ့တွင် ဆင်းပြည်နယ် အစိုးရအဖွဲ့အမိန့်ဖြင့် အတိုက်အခံခေါင်းဆောင် နာဝပ်ဇ်ရှရစ်ဖ်နှင့် အခြားနိုင်ငံရေးသမား ငါးဦးတို့အား ဆင်းပြည်နယ်အတွင်းသို့ ဝင်ရောက်ခြင်းမှ ၁၀ ရက်ကြာ တားမြစ်ပိတ်ပင်လိုက်သည်။ နာဝပ်ဇ်ရှရစ်ဖ်ကလည်း တားမြစ်ချက်ကို အလေးမထားဘဲ အခြားအတိုက်အခံခေါင်းဆောင်များနှင့်အတူ ဖြစ်သည့်နည်းဖြင့် ကရာချိမြို့သို့ အရောက်သွားမည်ဖြစ်ကြောင်း အစ္စလာမ္မာဘတ်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ပြောကြားခဲ့သည်။ နာဝပ်ဇ်ရှရစ်ဖ်၏ မူဆလင်အဖွဲ့ချုပ်ပါတီနှင့် မဟာမိတ်ပါတီများက ဝန်ကြီးချုပ် ဘီနဇာဘူတို အစိုးရအဖွဲ့ကို ဆန့်ကျင်သည့်လှုပ်ရှားမှုအဖြစ် ဆန္ဒပြချီတက်ပွဲကို စက်တင်ဘာ ၂၉ ရက်နေ့တွင် ပြုလုပ်ရန် လှုံ့ဆော်တိုက်တွန်းခဲ့သည်။

ဤအခြေအနေတွင် ဝန်ကြီးချုပ် ဘီနဇာဘူတိုက အတိုက်အခံများနှင့် သင့်မြတ်မှုဖြစ်စေရန် ရည်ရွယ်လျက် ကုလသမဂ္ဂတွင် ကက်ရှ်မီးယားဒေသအရေး အချေအတင် ဆွေးနွေးသည့်အခါ နိုင်ငံအား ကိုယ်စားပြု ဆွေးနွေးပေးရန် အတိုက်အခံခေါင်းဆောင် နာဝပ်ဇ်ရှရစ်ဖ်အား ကမ်းလှမ်းခဲ့သည်။ နာဝပ်ဇ်ရှရစ်ဖ်ဘက်မှ ပြန်ကြားချက်မရရှိခဲ့ချေ။ အစ္စလာမ္မာဘတ်မြို့၌ အတိုက်အခံပါလီမန်အမတ်များ၏ အစည်းအဝေးတစ်ရပ်တွင် ပါကစ္စတန်ဝန်ကြီးချုပ်နှင့် သမ္မတနှစ်ဦးစလုံး နုတ်ထွက်ပေးရန်ကို နာဝပ်ဇ်ရှရစ်ဖ်က ပြောကြားခဲ့သည်။ ထို့ပြင် အစိုးရအဖွဲ့ တစ်ဖွဲ့အနေဖြင့် ငါးနှစ်သက်တမ်းပြည့် တာဝန်ထမ်းဆောင်နိုင်စေရေးနှင့် မည်သည့် ဝန်ကြီးချုပ်မျှ ၁၀ နှစ်တာကာလအတွင်း အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းမခံရစေရေးအတွက် အာမခံချက်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သင့်သည် ဟုလည်း ပြောကြားခဲ့သည်။

အောက်တိုဘာ ၄ ရက်နေ့တွင် ဝန်ကြီးချုပ် ဘီနဇာဘူတိုက အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုကို ဖျက်သိမ်းပြီး နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးရန် နာဝပ်ဇ်ရှရဖ်အား ဖိတ်ခေါ်ခဲ့သည်။

သို့ရာတွင် နာဝပ်ဇ်ရှရစ်ဖ် ခေါင်းဆောင်သော အတိုက်အခံများက အောက်တိုဘာ ၁၂ ရက်နေ့တွင် အထွေထွေ သပိတ်ဆင်နွှဲရန် စီစဉ်ခဲ့ရာ ယင်းနေ့မတိုင်မီတွင် ဆန္ဒပြချီတက်ပွဲများကို တားဆီးပိတ်ပင်ပြီး အတိုက်အခံလှုပ်ရှားသူများကို ဖမ်းဆီးရန်ဝန်ကြီးချုပ် ဘီနဇာဘူတိုက အမိန့်ထုတ်ပြန်ခဲ့သည်။

ပန်ဂျပ်ပြည်နယ် ဝန်ကြီးက ၄င်း၏ ပြည်နယ်အစိုးရအနေဖြင့် အကြမ်းဖက်နည်းဖြင့် ဆန္ဒပြပွဲကို အတင်းအကျပ် လုပ်ဆောင်ရန် ကြံစည်မှုများကို ကြိုတင်ကာကွယ်ရန်အတွက် မူဆလင်အဖွဲ့ချုပ်ပါတီမှ အဖွဲ့ဝင် ၉၀၀ နီးပါးခန့်ကို ထိန်းသိမ်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ဤသို့ တားမြစ်နေသည့်ကြားမှ အောက်တိုဘာ ၁၂ ရက်နေ့တွင် အတိုက်အခံများ၏ တစ်စိတ်တစ်ပိုင်း ဆန္ဒပြကန့်ကွက်လှုံ့ဆော်မှုကြောင့် ဆူပူမှုများ ဖြစ်ပွားရာ လူ ၁၁ ဦး သေဆုံးပြီး ၃၀ ကျော် ဒဏ်ရရှိခဲ့သည်ဟု ရဲများနှင့် အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားကြသည်။

ဦးမြလင်း

**ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေး။** ။အစ္စရေးပီအယ်လ်အို ငြိမ်းချမ်းရေးစာချုပ်ကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ဂျော်ဒန်အနောက်ဘက်ကမ်းဒေသ၌ အစ္စလာမ္မစ်စစ်သွေးကြွဝါဒီများနှင့် အစ္စရေးစစ်သားတို့ ရင်ဆိုင်တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့က ဖြစ်ပွားခဲ့သည့် ကိုးနာရီကြာတိုက်ပွဲတွင် ပါလက်စတိုင်း ငါးဦး၊ အစ္စရေးတစ်ဦးသေဆုံးခဲ့၍ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် သွေးစွန်းဆုံးနေ့ဖြစ်သည်ဟု ဆိုစမှတ်ပြုသည်။

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဖြစ်ပွားသော အစုပြုအလိုက်သတ်ဖြတ်မှုသည် ပိုမိုဆိုးရွားခဲ့ပေသည်။ အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့တွင် မွေးဖွားခဲ့သူ ဘာရုဂိုးစတိုင်းအမည်ရှိ ဂျူးအခြေစိုက်တစ်ဦးက ဟေဗရွန်မြို့ရှိ ဗလီတစ်ခုတွင် ပါလက်စတိုင်းလူမျိုး ၄၃ ဦးကို ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ဂျူးအစွန်းရောက်ဝါဒီတစ်ဦး လုပ်ရပ်ကို မကျေနပ်ကြ၍ သိမ်းပိုက်ခံနယ်မြေများအတွင်း ဆူပူအုံကြွ

မှုများပေါ်ပေါက်ခဲ့သည်။ အစ္စရေးစစ်သားများက နှိမ်နင်းခဲ့ရာ နောက်ထပ်အာရပ်လူမျိုး ၃၁ ဦးနှင့် အစ္စရေးနှစ်ဦးသေဆုံးခဲ့ပြီး လူပေါင်း ၄၅၀ ကျော်ဒဏ်ရာရရှိခဲ့သည်။ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်ပွားခဲ့သောဗလီသည်သမ္မာကျမ်းလာဂိုဏ်းချုပ်များ၏ သင်္ချိုင်းတွင်တည်ရှိ၍ ထိုအရပ်သည်မူဆလင်များအတွက်သာမက ဂျူးလူမျိုးများအတွက်ပါဘာသာရေးအထွက်အမြတ်နေရာဖြစ်နေသည်။ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် အမေရိကန်ခရစ်ယာန်ဘုန်တော်ကြီးဂျက်စီဂျက်ဆင်သည် ပါလက်စတိုင်းလူမျိုးရာပေါင်းများစွာကို ဦးဆောင်ခေါ်လာပြီး ထိုသင်္ချိုင်းအတွင်းသို့ဝင်ရောက်ဝတ်ပြုခွင့်ပြုရန် အစ္စရေးစစ်သားများထံအရေးဆိုခဲ့သည်။ ခွင့်ပြုချက်မရသဖြင့် ဂျက်ဆင်နှင့်ပါလက်စတိုင်း စစ်သွေးကြွဝါဒီဟားမတ်စ်လှုပ်ရှားမှုအဖွဲ့မှ မူဆလင်ဝတ်အသင်း ခေါင်းဆောင်တေဆာတာမိနီတို့သည် ထိုသင်္ချိုင်းအနီးတွင် ဆုတောင်းပွဲကျင်းပရန်ဆုံးဖြတ်ခဲ့ကြသည်။ ဂျက်စီဂျက်ဆင်၏ ငြိမ်းချမ်းရေးတရားပွဲအပြီးတွင် ပါလက်စတိုင်းများက အစ္စရေးစစ်သားများကိုခဲများဖြင့်စတင်ပစ်ပေါက်ခဲ့ခြင်းကြောင့် စစ်သားများကရာဘာကျည်နှင့်မျက်ရည်ယိုဗုံးများကို သုံးလျက်လူစုခွဲခဲ့ရသည်။

ထိုအစုပြုံလိုက်သတ်ဖြတ်မှုမျိုးထပ်မံမဖြစ်ပွားစေရန် ဂျူး "အစွန်းရောက်ဝါဒီ" များထံမှ လက်နက်များဖြုတ်သိမ်းခြင်း၊ အရေးပေါ်ထိန်းသိမ်းခြင်း၊ လှုပ်ရှားမှုကန့်သတ်ခြင်းတို့ကို စီစဉ်ဆောင်ရွက်သင့်သည်ဟု ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က အစ္စရေးအစိုးရအဖွဲ့အစည်းအဝေးတွင်ဆုံးဖြတ်ခဲ့သည်။ သိမ်းပိုက်ခံနယ်မြေများတွင် ဂျူးအခြေစိုက် ၁၂၀,၀၀၀ ရှိနေခြင်းကြောင့် ထိုသို့ဆောင်ရွက်ရန်မှာ လက်တွေ့အားဖြင့်မလွယ်ကူချေ။ ထို့ပြင် ဟေဗရွန် ဗလီအတွင်းအစုအပြုံလိုက် သတ်ဖြတ်ခံရသော ပါလက်စတိုင်းတို့၏ မိသားစုများအားလျော်ကြေးအဖြစ် ရှက်ကယ် ၅,၀၀၀ (ဒေါ်လာ ၁,၆၉၀) ပေးမည်ဟူ၍ မတ်လ ၂ ရက်နေ့တွင် အစ္စရေးအစိုးရက ကြေညာခဲ့သည်။ မတ်လ ၁ ရက်နေ့က ဆအူးဒီအာရေဗျနိုင်ငံအနေဖြင့် ထိုလူသတ်ပွဲ၌ သေဆုံးခဲ့သူ၏ ပါလက်စတိုင်းမိသားစုတစ်စုချင်းစီအား ရီယယ် ၂၀၀,၀၀၀ (ဒေါ်လာ ၅၃,၀၀၀) ထောက်ပံ့မည်ဟု ကြေညာချက်ထွက်ပေါ်ခဲ့ပြီး ဖြစ်သည်။

ထိုအစုအပြုံလိုက်သတ်ဖြတ်မှုကြောင့် တင်းမာမှုအရှိန်မြင့်တက်နေသည့်ပြဿနာကိုဖြေရှင်းရန် မေလ ၉ ရက်နေ့တွင် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာသည်။ လက်နက်တပ်ဆင်ခြင်းမရှိဘဲ အဖြူရောင်တူညီဝတ်စုံဝတ်ဆင်ထားသည့် အဖွဲ့ဝင် ၁၁ ဦးပါသော ယာယီ ဟေဗရွန်မြို့တော် နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့

**ဝါဇာကမ်းမြောင်ဒေသသို့ ပြန်လည်ရောက်ရှိလာသည့် ပါလက်စတိုင်း ခေါင်းဆောင် ယာဆာအာရာဖတ်**



(တစ်ဖ်) (တီအိုင်ပီအိပ်ချ်) သည် မြို့တော်ဝန်ရုံးရှေ့၌ ပါလက်စတိုင်း လူမျိုးများနှင့် အစ္စရေးစစ်သားတို့ ထိပ်တိုက် ရင်ဆိုင်နေပုံကို စတင်တွေ့ကြုံခဲ့ရသည်။ ထိုအရေးအခင်း များကြောင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) နှင့် အစ္စရေးတို့အကြားငြိမ်းချမ်းရေးစာချုပ် အကောင်အထည်ဖော်ရေးဆွေးနွေးပွဲများလည်း ခေတ္တရပ်ဆိုင်း သွားခဲ့ရာမှ အဆိုပါနိုင်ငံတကာ စောင့်ကြည့်လေ့လာရေး အဖွဲ့ထားရှိရေးကို အစ္စရေးနိုင်ငံက သဘောတူညီခဲ့ပြီး နောက်ပိုင်းတွင် ဆွေးနွေးပွဲများပြန်လည်အရှိန်ရလာခဲ့ခြင်း ဖြစ်သည်။

၁၉၉၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ပီအယ်လ်အိုနှင့် အစ္စရေးတို့သည် ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက် ကမ်းဒေသရှိ ဂျရီကိုမြို့တို့၌ အင်အား ၉,၀၀၀ နီးပါးရှိ ပါလက်စတိုင်းရဲတပ်ဖွဲ့ချထားရေးကို သဘောတူညီခဲ့ကြ သည်။ ထိုဆုံးဖြတ်ချက်သည် သိမ်းပိုက်ခံနယ်မြေများ၌ ပါလက်စတိုင်းကန့်သတ်ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော် နိုင်ရန်လမ်းပွင့်သွားစေခဲ့သည်။ ထိုရဲတပ်ဖွဲ့များကို ယေမင် နိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့တွင်ကြိုတင် လေ့ကျင့် ထားပြီး ဖြစ်သည်။ အစ္စရေးတပ်ဖွဲ့ဝင်များဆုတ်ခွာ၍ ကိုယ်ပိုင်အုပ်ချုပ်ရေးစတင်ပြီးလျှင် ပါလက်စတိုင်း ရဲတပ်ဖွဲ့ဝင် များက လုံခြုံရေးတာဝန်လွှဲပြောင်းယူနိုင်ရန် ပါလက်စတိုင်း ရဲတပ်ဖွဲ့ တပ်မှူးများသည် အီဂျစ်နိုင်ငံမှ ဂါဇာကမ်းမြောင် အတွင်းသို့ လက်နက်မပါ၊ ယူနီဖောင်း မဝတ်ဆင်ဘဲ ဝင်ရောက်ရန် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သည်။ မေလ ၈ ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင်များကိုင်ဆောင်မည့်လက်နက် များကို ဂါဇာသို့ တရားဝင်ပေးပို့ခဲ့သည်။ နော်ဝေးနိုင်ငံ၊ ဒိန်းမတ်နိုင်ငံနှင့် အီတလီနိုင်ငံတို့မှ အဖွဲ့ဝင် ၁၁၇ ဦးပါ လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ရှေ့မှောက်တွင်ပင် ထိုရဲတပ်ဖွဲ့အတွက် လက်နက်သယ်ဆောင်ရေးအဖွဲ့ကို ပါလက်စတိုင်းလူမျိုးများက ကြိုဆိုခဲ့ကြသည်။ မေလ ၁၀ ရက်နေ့တွင် လင်းယုန်တံဆိပ်ပါ ဦးထုပ်များဝတ်ဆင် ထားသော ပါလက်စတိုင်းရဲတပ် ရောက်ရှိလာသည်။ ရဲတပ်ဖွဲ့တပ်မှူးချုပ်အဖြစ် ဗိုလ်ချုပ်နာဆာယူဆွတ်က ကွပ်ကဲသည်။ ယေမင်နိုင်ငံတွင် ပြည်တွင်းစစ် ရုတ်တရက် ဖြစ်ပွားမှုကြောင့် ယေမင်နိုင်ငံ၌ လေ့ကျင့်ထားသော ရဲတပ်ဖွဲ့ဝင် ၁,၄၀၀ အချိန်မီ ရောက်ရှိနိုင်ခြင်းမရှိချေ။ မည်သို့ပင်ဖြစ်စေ မေလ ၁၁ ရက်နေ့တွင် ရောက်ရှိပြီးသော ပါလက်စတိုင်းရဲတပ်ဖွဲ့ဝင်များ သည်လုံခြုံရေးအဆီးအတား အင်္ဂတေတံတိုင်းအကာအရံ ၂၀၀ ခန့်ကို ပြိုဖျက်ကြလိုက် သည်။ တစ်ချိန်က ရွံ့မုန်းစရာ အထိမ်းအမှတ်လက္ခဏာ ဆောင်သည့် ယင်းအဆီးအတားများပျောက်ကွယ်သွားရန် ဆောင်ရွက်ခြင်းဖြစ်သည်။ အစ္စရေးတပ်ဖွဲ့ အခြေစိုက် စခန်းများကို ပါလက်စတိုင်းလူမျိုးတို့ ခဲဖြင့်မပစ်ပေါက်နိုင်ရန် တည်ဆောက်ထားခဲ့သည့် အဆီးအတားများ ဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များတပ်ခွဲလိုက်သည့်အခါ အစ္စရေးတို့၂၇ နှစ်တာ သိမ်းပိုက်ထားခဲ့ခြင်းအဆုံးသတ်၍ ပါလက်စတိုင်း အလံများ လွှင့်ထူ၍ ဂါဇာဒေသသားတို့ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ ကြသည်။ မေလ ၁၃ ရက်နေ့တွင် အနောက်ဘက်ကမ်းဆိုင်ရာ အစ္စရေးစစ်အုပ်ချုပ်ရေးမှူး ဗိုလ်မှူးချုပ် ဂါဒီဇိုဟာက အနောက်ဘက်ကမ်းမြို့တော် ဂျရီကိုမြို့ကို ပါလက်စတိုင်း ရဲတပ်ဖွဲ့၏ လက်သို့တရားဝင်လွှဲအပ်ပေးခဲ့သည်။

ပါလက်စတိုင်းရဲတပ်ဖွဲ့သည် ပီအယ်လ်အို ဥပဒေနှင့် အညီငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းသည်။ အစ္စရေးနိုင်ငံက အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့ကို သိမ်းပိုက်ခဲ့သော ၁၉၆၇ ခုနှစ်၊ ဇွန်လမတိုင်မီက အာဏာ သက်ရောက်ခဲ့သည့် ဥပဒေများနှင့်အညီ တရားရုံးများနှင့် ဘာသာရေးခုံရုံးများကိုဖွင့်လှစ်ရန် ပီအယ်လ်အိုခေါင်းဆောင် အာရာဖတ်က ၁၉၉၄ ခုနှစ်၊ ဧပြီလ ကပင် ညွှန်ကြားခဲ့ပြီး ဖြစ်သည်။ ထိုဥပဒေနှင့်အညီ ပထမဆုံးထောင်သွင်းအကျဉ်း ချခံရသူမှာ အီဗရာဟင်အယ်ဟင်ဒီဆိုသူ ပါလက်စတိုင်း လူမျိုးတစ်ဦးဖြစ်သည်။ အစ္စရေးစစ်သားများကို လေးနှစ် တာမျှ ခဲဖြင့်ပစ်ပေါက်ခဲ့ဖူးသူ အယ်ဟင်ဒီသည် ဇွန်လ ၆ ရက်နေ့တွင် ပါလက်စတိုင်းရဲတပ်ဖွဲ့ဝင်တစ်ဦးကို ရိုက်နှက် မှုဖြင့် အရေးယူခံခဲ့ရခြင်းဖြစ်သည်။

ပါလက်စတိုင်းရဲတပ်ဖွဲ့ဝင်များသည် အစ္စရေးစစ်သား များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော ဂါဇာကမ်းမြောင်ဒေသ သားပါလက်စတိုင်းလူမျိုးများကိုဖမ်းဆီးအရေးယူနေကြောင်း ဖြင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇက်ရာဘင်က ဇွန်လ ၁၅ ရက်နေ့တွင် စွပ်စွဲခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည် ကိုယ်ပိုင် အုပ်ချုပ်ရေးသဘောတူညီချက်ကို ပီအယ်လ်အိုက ချိုးဖောက်ခြင်းဖြစ်သည်ဟု ထောက်ပြကန့်ကွက်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ၁၉၉၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့ တွင် အီဂျစ်နိုင်ငံကိုင်ရိုမြို့၌ အစ္စရေးဝန်ကြီးချုပ် ယစ်ဇက် ရာဘင်နှင့် ပီအယ်လ်အိုခေါင်းဆောင် ယာဆာအာရာဖတ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည့် သမိုင်းဝင်သဘောတူညီချက်သည် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အရေးပါသည် ကား အမှန်ပင်ဖြစ်သည်။ ထိုစာချုပ်အရ ဂါဇာကမ်းမြောင် ဒေသနှင့် ဂျရီကိုမြို့တို့မှ အစ္စရေးတို့ဆုတ်ခွာပြီး ပါလက် စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် လမ်းပွင့်စေခဲ့သည်။ ထိုစာချုပ်လက်မှတ်ရေးထိုးရေးဆိုင်ရာအခမ်းအနားသို့

အီဂျစ်သမ္မတဟောစနီမူဘာရက်နှင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဝါရင် ခရစ္စတိုဖာတို့တက်ရောက်ခဲ့ကြသည်။ သို့ရာတွင် ဂျရီကိုမြို့ပတ်ဝန်းကျင်ရှိ နယ်မြေမည်မျှအကျယ်အဝန်းကို ပါလက်စတိုင်းတို့ထိန်းချုပ်နိုင်ကြောင်းပြသသည့် မြေပုံကိုမူ အာရာဖတ်ကလက်မှတ်ရေးထိုးခြင်း မရှိသေးချေ။

ထိုစာချုပ်အရ အစ္စရေးနိုင်ငံကပါလက်စတိုင်းအကျဉ်းသား ၅၀၀၀ ခန့်ကိုလွှတ်ပေးရန်သို့မဟုတ် ပါလက်စတိုင်းအာဏာပိုင်များထံလွှဲပြောင်းပေးရန် ကတိပြုထားသည်။ မေ ၁၄ သဘောတူစာချုပ်ချုပ်ဆိုသည့်အချိန်တွင် အစ္စရေးနိုင်ငံသည် ပါလက်စတိုင်းအကျဉ်းသားစုစုပေါင်း ၉,၆၀၀ ကို ထိန်းသိမ်းထားသည့်အနက် ၂၀၀၀ ခန့်ကို လွှတ်ပေးပြီးဖြစ်သည်။ ကျန်ရှိသော အကျဉ်းသားများသည် "အကြမ်းဖက်လှုပ်ရှားမှု" များကို ရှောင်ကြဉ်မည်ဟု လက်မှတ်ရေးထိုးကတိပြု ရန်ငြင်းဆန်ခြင်းကြောင့် လွှတ်ပေးရန်မဖြစ်နိုင်ကြောင်းဖြင့် အစ္စရေးလုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

ပီအယ်လ်အို ဥက္ကဋ္ဌ ယာဆာအာရာဖတ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဂျရီကိုနှင့် ဂါဇာကမ်းမြောင်ဒေသ တို့ကို စီမံအုပ်ချုပ်မည့် ပါလက်စတိုင်းကောင်စီတွင် သူ၏ပြိုင်ဘက်များ ပါဝင်လာရန် ကမ်းလှမ်းခဲ့သည်။ အထူးသဖြင့် အာရာဖတ်၏ ဖတား အဖွဲ့ချုပ်ပြီးလျှင် ဒုတိယ အင်အားအကြီးဆုံးဖြစ်သော မာ့စ်ဝါဒီ ပါလက်စတိုင်း လွတ်မြောက်ရေးပေါ်ပြူလာတပ်ဦးအား ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ် စက်တင်ဘာလက ချုပ်ဆိုခဲ့သော ပီအယ်လ်အို အစ္စရေး သဘောတူစာချုပ်ကို ထိုတပ်ဦး အဖွဲ့၏ ခေါင်းဆောင် ဂျော့ဟာဘက်ရှ်က ဆန့်ကျင်နေဆဲဖြစ်သည်။ မေလ ၄ ရက်နေ့ စာချုပ်အရ အဆိုပါ ပါလက်စတိုင်းကောင်စီတွင် အဖွဲ့ဝင် ၂၄ ဦးနှင့် အာရာဖတ်တို့ ပါဝင်ကြမည်ဖြစ်သည်။ အတိုက်အခံ အဖွဲ့များကို ကမ်းလှမ်းသည့် ၁၉၉၄ ခုနှစ်၊ မေလ ကုန်ပိုင်းတွင် အမျိုးသမီး နှစ်ဦးအပါအဝင် ကောင်စီဝင် ၁၉ဦးကိုရွေးချယ်ထားပြီးဖြစ်သည်။ ၁၄ ဦးကို ဝန်ကြီးဌာနများ အပ်နှင်းခဲ့ပြီး အာရာဖတ်သည် ပါလက်စတိုင်း ရဲတပ်ဖွဲ့ကို ကွပ်ကဲရသည့် ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ယူထားသည်။ ခန့်အပ်ထားသောဝန်ကြီးများအနက် ၁၉၉၃ခုနှစ်ကအစ္စရေးနှင့်အော့စလိုမြို့၌ လျှို့ဝှက်သဘောတူညီချက် ရရှိစေရန် ညှိနှိုင်းပေးခဲ့သူ စီးပွားရေး မဟာဗျူဟာ ပညာရှင် အာမက်ကွာရီယာသည် စီးပွားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးအဖြစ်လည်းကောင်း၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အရေးပါသည့် ညှိနှိုင်းရေးသမားတစ်ဦးဖြစ်သော နာဘီလ်ရှားသည် စီမံကိန်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးအဖြစ်လည်းကောင်း အသီးသီး တာဝန်ယူကြရသည်။

ပီအယ်လ်အို ဥက္ကဋ္ဌအာရာဖတ်သည် ၁၉၉၄ ခုနှစ်၊ ဇူလိုင် လ ၁ ရက်နေ့တွင် ဂါဇာကမ်းမြောင်ဒေသ လာဇာမြို့တော်သို့ ဆိုက်ရောက်လာခဲ့သည်။ အီဂျစ်နိုင်ငံနယ်စပ်မှ ကူးလာခဲ့ခြင်းဖြစ်ရာ နယ်စပ်အထိ အီဂျစ်သမ္မတမူဘာရက်က လိုက်ပါပို့ဆောင်ခဲ့သည်။ ဇူလိုင်လ ၆ ရက်နေ့တွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ရုံးစိုက်ရာ ဂျရီကိုမြို့သို့ အီဂျစ်စစ်ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့သည်။ အာရာဖတ်သည် အနောက်ဘက်ကမ်းဒေသသို့ ၂၇ နှစ်တာအတွင်း ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို စီမံကွပ်ကဲမည့် အစိုးရအဖွဲ့ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့တက်ရောက်ခဲ့သည်။

စင်စစ်အားဖြင့် လက်ရှိအခြေအနေအရ ပိုမိုကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ရေးကို မတည်ဆောက်နိုင်မီ ပါလက်စတိုင်းကောင်စီရင်ဆိုင်နေရသည့် ပြဿနာမှာ ဘဏ္ဍာရေးပင်ဖြစ်သည်။ အစိုးရဌာနပေါင်း ၃၃ ခုတွင် အချိန်ပြည့်ဝန်ထမ်း ၇၂၀၀ နှင့် ယာယီဝန်ထမ်း ၄၂၀၀တို့ကို ခန့်အပ်ထားပြီးဖြစ်သော်လည်း ငွေကြေးမရှိ၍ စီမံကိန်းများ စတင်အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးကြောင်းဖြင့် လာဇာရှိ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးက ဇွန်လ ၂၇ ရက်နေ့တွင် တင်ပြခဲ့သည်။ နိုင်ငံတစ်ကာအလှူရှင်နိုင်ငံများက ငါးနှစ်တာကာလအတွက် အကူအညီ ဒေါ်လာသန်းပေါင်း ၂၄၀၀ပေးအပ်မည်ဟု ကတိပြုထားသည်။

ကမ္ဘာ့ဘဏ်အစီရင်ခံစာတစ်ရပ်တွင်မူ အစ္စရေးတို့သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ်က ထိုနယ်မြေများ၏စီးပွားရေးကို အစ္စရေးတို့က ဝါးမျိုသွားခဲ့၍ တုန်လှုပ်ဖွယ်အခြေအနေဆိုးလေးရပ်နှင့်ရင်ဆိုင်နေရသည်ဟုဆိုသည်။

- ပါလက်စတိုင်းကုန်ထုတ်လုပ်မှုကို ထိန်းချုပ်၍ ပြည်ပပို့ကုန်ကို ပိတ်ဆို့ထားစဉ် ပါလက်စတိုင်းလူမျိုးများ တို့သည်ကျွမ်းကျင်မှု မလိုအပ်သော အလုပ်အကိုင်များကို ရရှိရန် ပိုမိုဖွံ့ဖြိုးသော အစ္စရေးနိုင်ငံသို့ ရွှေ့ပြောင်းဝင်ရောက်သွားကြခြင်း၊
- သိမ်းပိုက်ခံနယ်မြေများကိုအုပ်ချုပ်ရန် အစ္စရေးစစ်တပ်က တာဝန်ပေးသည့် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့သည် အပိုအလိုမရှိသော ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲထားသော်လည်း ရင်းနှီးမြှုပ်နှံမှုနှုန်းမှာ အလွန်အမင်းနည်းပါးလှသည်။ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၏ သုံးရာခိုင်နှုန်းရှိ၍

အကျိုးဆက်အားဖြင့် လူမှုအဆင့်အတန်းအခြေအနေ ပိုမိုနိမ့်ကျ ဆိုးရွားလာခြင်း၊

- ရေ၊ မြေနှင့်အခြားသဘာဝရင်းမြစ်များရရှိနိုင်ရေးကို ကန့်သတ်ထား၍ ဖွံ့ဖြိုးမှုမရှိဖြစ်ရသည်။ အနောက်ဘက်ကမ်းနှင့် ဂါဇာဒေသရှိ ရေလေးပုံသုံးပုံကို အစ္စရေးတို့က သုံးစွဲကာ၊ ဂျူးအခြေစိုက်စခန်းများသည် စိုက်ပျိုးနိုင်သောမြေများပေါ်တွင် နေရာယူထား၍ အခြေအနေကိုပိုမိုဆိုးရွားစေခြင်း၊
- ပါလက်စတိုင်းပုဂ္ဂလိက စီးပွားရေးကဏ္ဍကို အမိန့်ကြေညာချက်အမျိုးမျိုးဖြင့်ချုပ်ချယ်ထားခဲ့ခြင်းတို့ဖြစ်သည်။

ပါလက်စတိုင်း အစ္စရေးငြိမ်းချမ်းရေးညှိနှိုင်းမှုများကြောင့် အစ္စရေးနိုင်ငံသည် အကျိုးအမြတ်များရရှိခဲ့သည်။ ၁၉၆၇ ခုနှစ် နောက်ပိုင်းပထမဆုံးသော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို ၁၉၉၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် အစ္စရေးနှင့်ပြင်သစ်နိုင်ငံတို့ လက်မှတ်ရေးထိုးဖြစ်ခဲ့သည်။ ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲဖြစ်ပွားချိန်မှစ၍ ပြင်သစ်သမ္မတ ချားလ်စ် ဒီဂေါလ က အစ္စရေးနိုင်ငံအားလက်နက်တင်ပို့မှု ပိတ်ဆို့ရေးကိုပြဋ္ဌာန်းခဲ့သည်။ ၁၉၉၄ ခုနှစ်၊ သဘောတူစာချုပ်အရ စစ်ရေးနည်းပညာသုတေသနနှင့် ဖွံ့ဖြိုးမှုကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံသည် ပါလက်စတိုင်းလူမျိုးတို့ကိုလည်း အနာဂတ်ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရအတွက် လုံခြုံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်လိုကြောင်းနှင့် စီးပွားရေးအကူအညီပေးအပ်လိုကြောင်း ကမ်းလှမ်းထားပြီး ဖြစ်သည်။

အနောက်ဘက်ကမ်းဒေသကို ၁၉၆၇ ခုနှစ်တွင် အစ္စရေးတို့မသိမ်းပိုက်မီက ဘဏ်ခွဲများထားရှိခဲ့ဖူးသည့် ဂျော်ဒန်ဘဏ်ကို ပြန်လည်ဖွင့်လှစ်ရန် နားလည်မှုရရှိသည့် စာချွန်လွှာတစ်စောင်ကို ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက အစ္စရေးနှင့်ဂျော်ဒန်နိုင်ငံတို့ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၁၉၆၇ ခုနှစ်မတိုင်မီက ဂျရုဆလမ်၊ ဂျေနင်နှင့် ဂျရီကိုမြို့တို့တွင် ဘဏ်ခွဲများထားရှိခဲ့သော ဂျော်ဒန်ဘဏ်သည် သိမ်းပိုက်ခံနယ်မြေများတွင် ဒုတိယမြောက်ဂျော်ဒန်ဘဏ်တစ်ခုဖြစ်သည်။ ၁၉၈၆ ခုနှစ်က အစ္စရေးနိုင်ငံသည် နက်ဘလုတွင် အကန့်အသတ်ဖြင့် လုပ်ငန်းလုပ်ပိုင်ခွင့်ကိုကိုင်ရိုအမွန်ဘဏ်အားခွင့်ပြုထားပြီး ဖြစ်သည်။ ဂျော်ဒန်နိုင်ငံသည် အစ္စရေးတို့မသိမ်းပိုက်မီက ထိုအနောက်ဘက်ကမ်းဒေသကို အုပ်ချုပ်ခဲ့သည်။ သို့ရာတွင် ၁၉၈၈ ခုနှစ်တွင် ထိုဒေသအပေါ်ပိုင်ဆိုင်ခွင့်တောင်းဆိုနေခြင်းကို ဂျော်ဒန်ဘုရင်ဟူစိန်က စွန့်လွှတ်လိုက်ရာမှ ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးပေါ်ထွန်းရန် လမ်းပွင့်သွားခဲ့သည်။ အစ္စရေး၊ ဂျော်ဒန် နှစ်နိုင်ငံဆက်ဆံရေးလည်း ပိုမိုအဆင့်မြင့်လာခဲ့သည်။

အစ္စရေးဝန်ကြီးချုပ်ယစ်ဇက်ရာဘင်နှင့် ဂျော်ဒန်ဘုရင်ဟူစိန်တို့သည် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဝါရှင်တန်မြို့၌ သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုစာချုပ်ဖြင့် ၄၆ နှစ်ကြာ ရန်လိုနေမှုအဆုံးသတ်သွားသည်ဟု ဆိုနိုင်သည်။ အစ္စရေးတို့ထိန်းချုပ်ထားသော ဂျရုဆလမ်မြို့ရှိ မူဆလင်ဘာသာရေးအတွက် အမြတ်နေရာများကိုထိန်းချုပ်ရန် ဂျော်ဒန်နိုင်ငံအား အထူးအခွင့်အာဏာ အပ်နှင်းကြောင်းဖြင့် ထိုစာချုပ်တွင်ပါရှိသည်။ ထိုဂျရုဆလမ်မြို့၏ အရှေ့ဖက်ခြမ်းကို ၁၉၆၇ ခုနှစ်တွင် ဂျော်ဒန်နိုင်ငံ၏လက်မှ အစ္စရေးတို့ သိမ်းပိုက်ရယူသွားခြင်းဖြစ်သည်။ နောက်ပိုင်းတွင် အစ္စရေးနိုင်ငံက ထိုအပိုင်းကို မိမိ၏မြို့တော်အတွင်းသို့ ထည့်သွင်းခဲ့သည်။ အရှေ့ဂျေရုဆလမ်ကို ပါလက်စတိုင်းနိုင်ငံတော် ပေါ်ထွန်းသည့်အခါ မြို့တော်ဖြစ်စေရမည်ဟူသော ပါလက်စတိုင်းလူမျိုးတို့၏ တောင်းဆိုချက်ကို အစ္စရေးနိုင်ငံက ပယ်ချထားဆဲဖြစ်သည်။ အစ္စရေးလက်ယာစွန်းဝါဒီ လွှတ်တော်အမတ်များက ဂျော်ဒန်နိုင်ငံ အားထိန်းချုပ်ခွင့် အထူးအာဏာပေးခြင်းဖြင့် ဂျရုဆလမ်မြို့ကို အစ္စရေးတို့ထိန်းချုပ်ထားမှုချည့်နဲ့စေနိုင်သည်ဟုဆိုကာ သဘောတူစာချုပ်ကို ဆန့်ကျင်ခဲ့ကြသည်။ သို့ရာတွင် လွှတ်တော်၌ မဲခွဲသောအခါ ထောက်ခံမဲ ၉၁ မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေနှစ်မဲဖြင့် အတည်ပြုနိုင်ခဲ့သည်။

ဂျော်ဒန်ဘုရင်ဟူစိန်သည် စစ်သွေးကြွဝါဒီ ပါလက်စတိုင်းအုပ်စုဖြစ်သော ဟားမတ်စ်အဖွဲ့ကို မတရားသင်းအဖြစ် ကြေညာပေးခဲ့သည်။ ဟားမတ်စ်အဖွဲ့သည် အစ္စရေးနိုင်ငံအတွင်း၌ အသေခံဗုံးခွဲ၍ အကြမ်းဖက်မှုကျူးလွန်နေသော အဖွဲ့ဖြစ်သည်။

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း များ၏ လှုပ်ရှားမှုများ။

။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့က လူမှုရေး အသင်းတစ်သင်းအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံ တင်လျက် ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဗဟိုအသင်း၊ ပြည်နယ်နှင့်တိုင်းအသင်းများ၊ ခရိုင်အသင်းများ၊ မြို့နယ်အသင်းများ၊ ရပ်ကွက်အသင်းများနှင့် ကျေးရွာ အုပ်စုအသင်းများဟူ၍ အဆင့်ဆင့်ဖွဲ့စည်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်ကိုဖွဲ့စည်းပြီးနောက် ၁၉၉၄ ခုနှစ်အတွင်း လူထုအစည်း



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (တနင်္သာရီတိုင်း) လူထုအစည်းအဝေးပွဲကြီးမြင်ကွင်း

အဝေးများကျင်းပခဲ့သည်။ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူထုအစည်းအဝေးပွဲကြီးကို ရန်ကုန်မြို့၊ အောင်ဆန်းကစားပြိုင်ဝင်းအတွင်းတွင် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းဝင်များ၊ ပြည်သူလူထုများ စုစုပေါင်း ၁,၁၀,၀၀၀ ကျော်တက်ရောက်သည်။

အဆိုပါ လူထုအစည်းအဝေးကြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကိုလေးက သဘာပတိအဖြစ်ဆောင်ရွက်၍ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးမြင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ တွဲဖက်အခမ်းအနားမှူးအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်ဝင်းကဆောင်ရွက်သည်။

မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူထုအစည်းအဝေးကြီးကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၌ မန္တလေးဆင်ဖြူကန် အားကစားကွင်းတွင် ကျင်းပသည်။ လူထုအစည်းအဝေးပွဲကြီးသို့ မန္တလေးခရိုင်ရှိ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြေ့သာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပြင်ဦးလွင်ခရိုင်ရှိ မတ္တရာမြို့နယ်၊ ကျောက်ဆည်ခရိုင်ရှိကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များမှ အသင်းဝင်များနှင့်ပြည်သူလူထု ၂,၀၀,၀၀၀ ကျော် တက်ရောက်ကြသည်။

မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းလူထုအစည်းအဝေးအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က သဘာပတိအဖြစ်ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦး ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းထွန်းကလည်းကောင်း ဆောင်ရွက်သည်။

ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူထုအစည်းအဝေးကြီးကိုလည်း ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၌ ရှမ်းပြည်နယ်တောင်ကြီးမြို့

အားကစားကွင်းတွင်ကျင်းပသည်။ လူထုအစည်းအဝေးကြီးသို့ တောင်ကြီးခရိုင်ရှိ မြို့နယ်များဖြစ်သော ကလော၊ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ ဟိုပုံး၊ ပင်လောင်း၊ ဖယ်ခုံ၊ ဆီဆိုင်၊ ရပ်စောက်၊ အေးသာယာမြို့သစ်နှင့် လွိုင်လင်မြို့နယ်များမှ ပြည်သူလူထု ၁,၈၀,၀၀၀ ကျော်တက်ရောက်ကြသည်။

အဆိုပါ လူထုအစည်းအဝေးအခမ်းအနားတွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်သိန်းက သဘာပတိအဖြစ်ဆောင်ရွက်သည်။ ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးညာဏ်လင်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူထုအစည်းအဝေးပွဲကြီးကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့၌မြစ်ကြီးနားမြို့ပြည်သူ့အားကစားကွင်းတွင်ကျင်းပရာ ပြည်သူလူထု ၁,၆၂,၁၈၀ ဦး တက်ရောက်ကြသည်။

လူထုအစည်းအဝေးအခမ်းအနားတွင် သဘာပတိအဖြစ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီအတွင်းရေးမှူး ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းစိန်က ဆောင်ရွက်၍အခမ်းအနားမှူးအဖြစ် ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးရဝမ်ဂျုံက ဆောင်ရွက်သည်။

ရေဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူထုအစည်းအဝေးကြီးကိုလည်း ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့၌ ပုသိမ်မြို့လေယာဉ်ကွင်းသစ်တွင်ကျင်းပသည်။ လူထုအစည်းအဝေးကြီးသို့ လူထု ၂,၇၁,၅၃၀ တက်ရောက်ကြသည်။ လူထုအစည်းအဝေးအခမ်းအနားတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် ရေဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်တင်မြင့်က ဆောင်ရွက်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်အရှေ့ပိုင်း လူထုအစည်းအဝေးပွဲကြီးကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့၌ ကျိုင်းတုံမြို့၊ မြို့မအားကစားကွင်း အတွင်းကျင်းပရာ ပြည်သူလူထု ၁,၂၀,၀၀၀ ကျော်တက်ရောက်သည်။ လူထုအစည်းအဝေးအခမ်းအနားတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်သိန်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာ စိုင်းဆေးကော်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကျိုင်းတုံခရိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းလုံဆိုင်ကလည်းကောင်း ဆောင်ရွက်သည်။

ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူထုအစည်းအဝေးပွဲကြီးကို ဗန်းမော်ပြည်သူ့အားကစားကွင်းကြီးတွင် ဇန်နဝါရီလ ၁၉ ရက်နေ့က ပြုလုပ်သည်။ လူထု ၅၅,၀၀၀ ကျော်တက်ရောက်သော အဆိုပါလူထုအစည်းအဝေးပွဲကြီးတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီအတွင်းရေးမှူး ဝန်ကြီးဦးဝင်းစိန်ကဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် ဗန်းမော်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်နွယ်က ဆောင်ရွက်သည်။

ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူထုအစည်းအဝေးပွဲကြီးကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၌ ပဲခူးမြို့တိုင်းအားကစားပြိုင်ဝင်းအတွင်းတွင်ကျင်းပရာ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ဝေါ၊ ကဝ၊ သနပ်ပင် စသည့်မြို့နယ်များမှ ပြည်သူလူထု ၁၂၀,၀၀၀ ကျော် တက်ရောက်ကြသည်။ လူထုအစည်းအဝေးအခမ်းအနား သဘာပတိအဖြစ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးပန်းအောင်( ယခုဝန်ကြီး) ကဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဦးစောမော်ထွန်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်စိုးကလည်းကောင်း ဆောင်ရွက်သည်။

မိတ္ထီလာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူထုအစည်းအဝေးကြီးကိုမိတ္ထီလာမြို့ခရိုင်အားကစားကွင်းတွင် ၁၉၉၄ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့၌ကျင်းပသည်။ လူထုအစည်းအဝေးပွဲကြီးသို့ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်များမှ ပြည်သူလူထု ၁,၆၇,၀၀၀ ကျော်တက်ရောက်သည်။ မိတ္ထီလာခရိုင် လူထုအစည်းအဝေးအခမ်းအနားတွင်

သဘာပတိအဖြစ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ အထွေထွေ အတွင်းရေးမှူး ဦးသန်းအောင်က ဆောင်ရွက်၍ အခမ်းအနား မှူးအဖြစ် မိတ္ထီလာခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးအောင်က ဆောင်ရွက် သည်။ တွဲဖက်အခမ်းအနားမှူးအဖြစ် အမှတ် (၃) အလယ် တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စန္ဒာသန်းက ဆောင်ရွက်သည်။

ရောဝတီတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းလူထုအစည်းအဝေးကြီးကို ပုသိမ်မြို့တွင်ကျင်းပပြီး နောက် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၌ ဟင်္သာတမြို့ လေယာဉ်ကွင်းတွင် ထပ်မံကျင်းပသည်။ အဆိုပါလူထု အစည်းအဝေးကြီးသို့ ဟင်္သာတ၊ ဇလွန်၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ လေးမျက်နှာမြို့နယ်များရှိ ပြည်သူလူထု ၂၄၀,၀၀၀ ကျော်တက်ရောက်ကြသည်။ လူထုအစည်းအဝေးအခမ်း အနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက သဘာပတိအဖြစ်ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် ရောဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိန်ညွန့်က ဆောင်ရွက်သည်။

ထို့နောက် ၁၉၉၄ ခု၊ ဇန်နဝါရီလ ၂၁ ရက်နေ့၌ တနင်္သာရီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူထုအစည်းအဝေးကြီးကို ထားဝယ်အားကစား ကွင်းတွင် ကျင်းပသည်။ အစည်းအဝေးကြီးသို့ ထားဝယ်၊ သရက် ချောင်း၊ လောင်းလုံ၊ ရေဖြူမြို့နယ်များမှ ပြည်သူ လူထု ၁,၂၀,၀၀၀ ကျော်တက်ရောက်ကြသည်။ အစည်း အဝေးအခမ်းအနားတွင် သဘာပတိအဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်ကဆောင်ရွက်ပြီးအခမ်းအနားမှူးအဖြစ်တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်ကျော်ဌေးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး အဖြစ် အမှုဆောင်ဦးနေမျိုးကလည်းကောင်း အသီးသီး ဆောင်ရွက်ကြသည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့၌ပင် စစ်ကိုင်း ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူထု အစည်းအဝေးပွဲကြီးကို စစ်ကိုင်းအားကစားကွင်းသစ်ကြီး တွင်လည်းကောင်း၊ ရှမ်းပြည်နယ်လားရှိုးခရိုင်လူထုအစည်း အဝေးပွဲကြီးကို လားရှိုးပြည်သူ့အားကစားကွင်းကြီးတွင် လည်းကောင်း တစ်ချိန်တည်းအသီးသီးကျင်းပကြသည်။ စစ်ကိုင်းခရိုင်လူထုအစည်းအဝေးကြီးသို့ လူထု ၁,၃၀,၀၀၀ ကျော်တက်ရောက်ကြပြီးပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်း အလုပ်အမှုဆောင်ကော်မတီအတွင်းရေးမှူး ဝန်ကြီး ဦးဝင်းစိန်ကသဘာပတိအဖြစ် ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းညွန့်ဌေးကဆောင်ရွက်သည်။ လားရှိုးခရိုင်လူထု အစည်းအဝေးပွဲကြီးသို့ ပြည်သူလူထု ၂,၁၇,၀၀၀ ကျော် တက်ရောက်ပြီး သဘာပတိအဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဝန်ကြီး ဦးခင်မောင်သိန်းကဆောင်ရွက်သည်။ အခမ်းအနားမှူး အဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းကဆောင်ရွက်သည်။

ထို့နောက် ၁၉၉၄ ခု၊ ဇန်နဝါရီလ ၂၂ ရက်နေ့၌ မကွေး တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူထု အစည်းအဝေးပွဲကြီးကို မကွေးမြို့လေယာဉ်ကွင်းတွင် လည်းကောင်း၊ တစ်ချိန်တည်းမှာပင် ရွှေဘိုခရိုင်လူထု အစည်းအဝေးကို ရွှေဘိုမြို့ရန်ကြီးအောင် အားကစားကွင်း တွင်လည်းကောင်း၊ တောင်ငူခရိုင်လူထုအစည်းအဝေးကို တောင်ငူမြို့လွတ်လပ်ရေးကျောက်တိုင်အားကစားကွင်းတွင် လည်းကောင်း အသီးသီးကျင်းပကြသည်။ မကွေးလူထု အစည်းအဝေးအခမ်းအနားတွင်သဘာပတိအဖြစ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ကော်မတီ ဝင် ဝန်ကြီးဦးစိုးသာက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မကွေးတိုင်းအတွင်းရေးမှူး ဦးသွင် လင်းကဆောင်ရွက်သည်။ ရွှေဘို လူထုအစည်းအဝေးအခမ်းအနားတွင်သဘာပတိ အဖြစ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟို အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူး ဝန်ကြီးဦးဝင်းစိန် ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရွှေဘိုခရိုင် အတွင်း ရေးမှူး ဦးတင်မြင့်၊ တွဲဖက်အခမ်းအနားမှူးအဖြစ်ရွှေဘိုခရိုင် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမြင့်ကျော်က အသီးသီးဆောင်ရွက် ကြသည်။ တောင်ငူခရိုင် လူထုအစည်းအဝေးပွဲအခမ်းအနား တွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းအလုပ်အမှုဆောင်ကော်မတီဝင်ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးပန်းအောင်(ယခု ဝန်ကြီး)ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစောမော်ထွန်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် တောင်ငူ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးအောင်နိုင်တို့က အသီးသီးဆောင်ရွက်ကြသည်။

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

တစ်ဖန် ၁၉၉၄ ခု၊ ဇန်နဝါရီလ ၂၃ ရက်နေ့၌ ကယား ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူထုအစည်းအဝေးကြီးကိုလွိုင်ကော်မြို့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းမုံရွာခရိုင်လူထုအစည်းအဝေးပွဲကြီးကို မုံရွာမြို့တွင်လည်းကောင်း တစ်ချိန်တည်း ကျင်းပ သည်။ပြည်သူလူထု ၁,၀၀,၀၀၀ခန့်တက်ရောက်သော ကယားပြည်နယ် လူထုအစည်းအဝေးပွဲ အခမ်းအနားတွင် သဘာပတိ အဖြစ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဗဟို အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူး ဝန်ကြီး ဦးခင်မောင်သိန်းက ဆောင်ရွက်သည်။ အခမ်းအနားမှူး အဖြစ်ကယားပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးဘော်ရယ်၊ တွဲဖက်အခမ်းအနားမှူး အဖြစ်ပြည်နယ်အသင်းအလုပ် အမှုဆောင်အဖွဲ့ဝင်ဦးမောင် မောင်တာတို့ကအသီးသီး ဆောင်ရွက်ကြသည်။ ပြည်သူလူထု ၁,၈၀,၀၀၀ ကျော် တက်ရောက်သော မုံရွာခရိုင်လူထု အစည်းအဝေးပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် ပြည် ထောင်စုကြံ့ ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှု ဆောင်ကော် မတီ အတွင်းရေးမှူး ဝန်ကြီးဦးဝင်းစိန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မုံရွာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှမြင့်၊ တွဲဖက် အခမ်းအနားမှူးအဖြစ်ချောင်းဦးမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်ဝင်း တို့က အသီးသီးဆောင်ရွက်ကြသည်။

ပြည်သူလူထု ၁,၀၆,၀၀၀ ကျော်တက်ရောက်သည့် ပဲခူးတိုင်း သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူထုအစည်းအဝေးပွဲကြီးကို သာယာဝတီ မြို့ အမှတ်၄ အားကစားကွင်းတွင်လည်းကောင်း၊ လူထု ၁,၇၇,၀၂၈ ဦးတက်ရောက်သည့်ပခုက္ကူခရိုင် လူထုအစည်း အဝေးပွဲကြီးကို ပခုက္ကူမြို့ လေယာဉ်ကွင်းတွင်လည်းကောင်း ဇန်နဝါရီလ ၂၄ ရက်နေ့၌ တစ်ချိန်တည်းပြုလုပ်ကျင်းပခဲ့ကြ သည်။

သာယာဝတီခရိုင်လူထုအစည်းအဝေးပွဲကြီးတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးပန်းအောင် (ယခု ဝန်ကြီး) ကဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ် အမှုဆောင်အဖွဲ့ဝင်ဦးသိန်းအောင်ကဆောင်ရွက်ပြီးတွဲဖက် အခမ်းအနားမှူးအဖြစ် သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းဝင်း က ဆောင်ရွက်သည်။

ပခုက္ကူခရိုင် လူထုအစည်းအဝေးပွဲကြီးတွင် သဘာ ပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက ဆောင်ရွက် သည်။ အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ပခုက္ကူမြို့နယ်) အလုပ်အမှုဆောင် ဦးဝင်း မောင်က ဆောင်ရွက်သည်။

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း လူထုအစည်းအဝေးပွဲကြီးနှင့် ချင်းပြည်နယ် ဖလမ်း ခရိုင်လူထုအစည်းအဝေးပွဲကြီးများကို ဇန်နဝါရီလ ၂၅ ရက်နေ့ ၌ တစ်ချိန်တည်းကျင်းပခဲ့သည်။ လူထု ၁,၃၀,၀၀၀ ကျော် တက်ရောက်သည့် ရခိုင်ပြည်နယ်လူထုအစည်းအဝေးပွဲကြီး ကို စစ်တွေမြို့ ဝေသာလီရင်ပြင်အားကစားကွင်းတွင် ပြုလုပ် သည်။ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် ပြည်နယ်အသင်းအတွင်းရေးမှူး ဦးဦးကျော်ရင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဦးအောင်ဇော်က ဆောင်ရွက်သည်။

လူထု ၁၆;၃၀၀ တက်ရောက်သော ဖလမ်းခရိုင်လူထု အစည်းအဝေးပွဲကြီးကို ချင်းပြည်နယ်မြို့တော် ဟားခါးရှိ ဘောလုံးကွင်းကြီးတွင် ကျင်းပသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ကော်မတီ အတွင်းရေးမှူး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းစိန်က အခမ်းအနားသဘာပတိအဖြစ် ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် အသင်းအတွင်းရေးမှူး ဦးအောင်မင်းက ဆောင်ရွက်သည်။

မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းလူထုအစည်းအဝေးကြီးနှင့်ပြည်ခရိုင်လူထုအစည်း အဝေးပွဲကြီးများကို ဇန်နဝါရီလ ၂၆ ရက်နေ့၌ မင်းတပ်မြို့ အ.ထ.က (၁)အားကစားကွင်းတွင်လည်းကောင်း၊ ပြည်မြို့ မိတ္တာ ၄၀၀ အားကစားကွင်းတွင်လည်းကောင်း တစ်ချိန် တည်း အသီးသီးကျင်းပခဲ့သည်။ မင်းတပ်လူထုအစည်း အဝေးပွဲကြီးသို့ လူထု ၁၅,၀၀၀ ကျော်တက်ရောက်သည်။ အခမ်းအနားတွင် သဘာပတိအဖြစ် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းစိန်က ဆောင်ရွက်၍ အခမ်း အနားမှူးအဖြစ် ခရိုင်အသင်းဝင် ဦးတင်ထွန်းလတ်က ဆောင်ရွက်သည်။

ပြည်ခရိုင်လူထုအစည်းအဝေးပွဲကြီးသို့ လူထု ၂၄၅,၀၀၀ ကျော်တက်ရောက်သည်။ အခမ်းအနားသဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးပန်းအောင် (ယခုဝန်ကြီး) က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်းအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဇော်လွင်ဦးက ဆောင်ရွက်သည်။တွဲဖက်အခမ်းအနားမှူးအဖြစ် သဲကုန်းမြို့နယ်အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်မင်းသူက ဆောင်ရွက်သည်။

မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းလူထုအစည်းအဝေးကြီးကို မော်လမြိုင်မြို့ လေယာဉ်ကွင်းတွင် ဇန်နဝါရီလ ၂၈ ရက်နေ့၌ ကျင်းပသည်။ လူထု ၃,၀၉,၄၉၁ ဦး တက်ရောက်သော လူထုအစည်းအဝေးပွဲကြီးတွင် သဘာပတိအဖြစ် ဗဟိုအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာ ဒုတိယဝန်ကြီးဦးသိန်းစိန်က ဆောင်ရွက်သည်။ အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အသင်းအတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အသင်းအလုပ်အမှုဆောင် ဒေါက်တာ ခင်ဇော်လှိုင်က ဆောင်ရွက်သည်။

ကရင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူထုအစည်းအဝေးပွဲကြီးကို ဘားအံမြို့၊ အောင်သံလွင် အားကစားကွင်းတွင် ဇန်နဝါရီလ ၂၉ ရက်နေ့၌ ကျင်းပရာ လူထု ၁,၁၀,၀၀၀ တက်ရောက်သည်။ အခမ်းအနားသဘာပတိအဖြစ် ဗဟိုအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပြည်နယ်အသင်းအတွင်းရေးမှူး ဦးဌေးကျော်၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဘားအံခရိုင် အသင်းအတွင်းရေးမှူး ဦးဆွေဇင်လတ်က ဆောင်ရွက်သည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ ပြည်နယ်နှင့်တိုင်းမြို့နယ် ၂၆ မြို့နယ်တွင် အထက်ပါအတိုင်း အောင်မြင်စွာကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ လူထုအစည်းအဝေးများသို့ တစ်ခဲနက် စုဝေးတက်ရောက်ခဲ့ကြသည့် အလွှာပေါင်းစုံမှ ပြည်သူလူထုအင်အားမှာ သိန်း ၄၀ ကျော်ရှိသည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့၌ ပြည်ထောင်စုကြံ့ခိုင်
၈ ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များစီမံခန့်ခွဲရေး
သင်တန်းအမှတ်စဉ် (၁/၉၄)ကို မော်ဘီမြို့ ဗဟိုပြည်သူဆက်ဆံရေးတပ်လေ့ကျင့်ရေးဌာန ပြည်ထောင်စုခန်းမတွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားနှင့် သင်တန်းဆင်းအခမ်းအနားများတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်၍ သင်တန်းဖွင့်အမှာစကားနှင့် သင်တန်းဆင်းအမှာစကားများ ပြောကြားခဲ့သည်။ ထို့အတူပင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၄ ခုနှစ်၊ မေလ ၂ ရက်နေ့၌ ကျင်းပခဲ့သောပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၂/၉၄) သင်တန်းဖွင့်ပွဲနှင့်ဆင်းပွဲတွင် လည်းကောင်း၊ ၁၉၉၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့၌ကျင်းပသော အလားတူသင်တန်း (၃/၉၄)သင်တန်းဖွင့်ပွဲနှင့်ဆင်းပွဲတွင်လည်းကောင်းတက်ရောက် ဩဝါဒစကားများ ပြောကြားသွားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အထူးအစည်းအဝေးကြီး (၁၉၉၄) ကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့ထိ မှော်ဘီမြို့နယ် ဗဟိုပြည်သူဆက်ဆံရေးတပ်လေ့ကျင့်ရေးဌာန ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းကျောင်း ပြည်ထောင်စုခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါအထူးအစည်းအဝေးပွဲကြီးသို့ ကိုယ်စားလှယ်ပေါင်း ၃၉၆ ဦး တက်ရောက်ကြသည်။

အထူးအစည်းအဝေးပွဲကြီးပထမနေ့တွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအမှူးပြု၍ နိုင်ငံတော်အကြီးအကဲများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းပညာရှင်များ ဟူသည့် အစည်းအရုံးလေးခုနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဥက္ကဋ္ဌများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ၁၉၉၄ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသောကျောင်းသူကျောင်းသားများ၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့မှထူးချွန်တပ်ဖွဲ့ဝင်များ၊ ထူးချွန်လေကြောင်းမျိုးဆက်သစ်လူငယ်များ၊ စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လေ့လာသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အထူးအစည်းအဝေး (၁၉၉၄) ပထမနေ့၌ ဩဝါဒအမှာစကား ပြောကြားခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး

အသင်းကြီး၏ရည်ရွယ်ချက်ငါးရပ်သည် မြန်မာနိုင်ငံသားတိုင်းနှင့်သက်ဆိုင်နေသည့် အဓိကအမျိုးသားရေးလုပ်ငန်းလမ်းညွှန်မီးရှူးတန်ဆောင်ကြီးဖြစ်သည့်အတွက် အသင်းကြီး၏ ရည်ရွယ်ချက်ငါးရပ်ကို မည်သည့်အခါမျှ မျက်ခြည်ပြတ်မသွားရန် အလေးအနက်မှာကြားလိုကြောင်း၊ အဖြစ်မှန်၊ အသိမှန်၊ ခံယူချက်မှန်၊ ရပ်တည်ချက်မှန်ကန်နေအောင် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့်စာနယ်ဇင်းများမှတစ်ဆင့် ပြည်တွင်းပြည်ပအခြေအနေအရပ်ရပ်ကို အစဉ်မပြတ် လေ့လာဆည်းပူးပြီးတစ်ဦးနှင့်တစ်ဦးအသိပညာဗဟုသုတများဖလှယ်နေရန်လိုအပ်ကြောင်း စသည်ဖြင့် အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အထူးအစည်းအဝေးကြီးကိုအကြိုညှိနှိုင်းအစည်းအဝေးနှစ်ရက်၊ နှစ်ပတ်လည်ပုံမှန်အစည်းအဝေးသုံးရက် (စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်) စုစုပေါင်းငါးရက်ကျင်းပခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများကို ပြည်နယ်တိုင်း ၁၆ သင်း၊ ခရိုင် ၅၅ သင်း၊ မြို့နယ် ၃၁၆ သင်းဖွဲ့စည်းခဲ့ပြီး အသင်းဝင်အင်အား ၈,၃၀,၃၂၂ ဦးရှိနေပြီဖြစ်ပေသည်။

**ဗီယက်နမ်ပြည်သူ့သမ္မတနိုင်ငံ။** ။အရှေ့တောင်အာရှ၌ လူဦးရေ သန်း ၇၀ ရှိသော ဗီယက်နမ်နိုင်ငံသည် ၁၉၇၈ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ခဲ့သော်လည်း ယခုအခါ အိမ်နီးချင်းနိုင်ငံများနှင့်ရော နိုင်ငံတကာနှင့်ပါ သင့်မြတ်အောင်နေနိုင်လာပြီဖြစ်သည်။ ဗီယက်နမ် သည် တရုတ်ပြည်စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အတုယူကာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်နေသည်။

ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက်အနှစ် ၂၀ နီးပါးကာလအတွင်းအမေရိကန်စစ်ဘက်မှအဆင်မြင့်အရာရှိတစ်ဦး ဗီယက်နမ်နိုင်ငံသို့ပထမဆုံးအကြိမ် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ကရောက်ရှိခဲ့သည်။ ယင်းသို့လာရောက်ခြင်းမှာ အမေရိကန်က ဗီယက်နမ်နှင့်စီးပွားရေးနှင့်သံတမန် ပြန်လည်ဆက်သွယ်ရေးတွင် နီးစပ်လာမည့်လက္ခဏာတစ်ရပ်ပင်ဖြစ်သည်ဟုဆိုသည်။ ဗီယက်နမ်သို့ သုံးရက်ကြာခရီးစဉ်အဖြစ် ရောက်ရှိလာသူအမေရိကန်စစ်ဘက်အကြီးအကဲမှာ အမေရိကန်ပစ္စဖိတ်တပ်များ၏တပ်မှူးကြီးရေတပ်ဗိုလ်ချုပ်ကြီးချားလ်ကဆင်ဖြစ်၍ ဗီယက်နမ်စစ်ပွဲအတွင်းပျောက်ဆုံးခဲ့သော အမေရိကန်စစ်သည်များ စာရင်းပြုစုရေးတွင် ဗီယက်နမ်၏ ပူးပေါင်းကူညီမှုရရှိရေးအတွက် ဗီယက်နမ်အရာရှိများနှင့်ဆွေးခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်က ဗီယက်နမ်အပေါ်ချမှတ်ထားသည့် ကုန်သွယ်ရေးပိတ်ဆို့မှုကိုလျှော့ချရေး သို့မဟုတ် ရုပ်သိမ်းရေးအတွက် အလားအလာရှိကြောင်း အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီဝင် အထက်လွှတ်တော်အမတ်ဂျွန်ကယ်ရီက အရိပ်အမြွက်ပြောကြားခဲ့သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ၏အဓိကပါတီညီလာခံတစ်ရပ်မတိုင်မီအကြိုကာလတွင် ပါတီ၏နိုင်ငံရေးဦးဆောင်မှုအဖွဲ့၌ အဖွဲ့ဝင်သစ် လေးဦးကို ဖြည့်စွက်ခဲ့သည်။ အဖွဲ့ဝင် ၁၄၆ ဦးပါဝင်သောပါတီဗဟိုကော်မတီသည် ဇန်နဝါရီလ ၁၈ ရက်နေ့က စတင်ကျင်းပသောကြားဖြတ်ညီလာခံတံခါးပိတ်အစည်းအဝေးတစ်ရပ်တွင် ပါတီခေါင်းဆောင်ပိုင်း၌ လူငယ်လူရွယ် များကို ဆန္ဒမဲဖြင့် ရွေးချယ်ဖြည့်စွက်ခဲ့သည်။ လူငယ်များကိုထည့်သွင်းခြင်းဖြင့် ပါတီနိုင်ငံရေးဦးဆောင်မှုအဖွဲ့တွင် အင်အားခိုင်မာတောင့်တင်းစေသည်ဟုဆိုသည်။ ယခင်က နိုင်ငံရေးဦးဆောင်မှုအဖွဲ့တွင် ၁၃ ဦးသာပါဝင်ခဲ့ရာမှ ယခုအခါ ၁၇ ဦးရှိသွားပြီဖြစ်သည်။ ဖြည့်စွက်ထားသူ လေးဦးတွင် နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကမ်းလည်းပါဝင်သည်။ ၁၉၉၁ နှင့် ၁၉၉၆ ခုနှစ်၊ ပါတီ ညီလာခံနှစ်ရပ်အကြား ကြားဖြတ်ညီလာခံမှ ဦးတည်ချက် များနှင့်ပတ်သက်၍ ကြီးမားသောအပြောင်းအလဲရှိမည် မဟုတ်ဟုဆိုသည်။ ငါးရက်ကြာကျင်းပသော ပါတီညီလာခံတွင် ပါတီအထွေထွေအတွင်းရေးမှူး ဒိုမွိုင်းက အစီရင်ခံစာတင်သွင်း၍ နိုင်ငံခြား သတင်းထောက်များအား တက်ရောက်ခွင့် မပေးခဲ့ပေ။ နှစ်ပေါင်း ၂၀ နီးပါးကြာပြီးနောက် အမေရိကန် နှင့် စီးပွားရေးနှင့်သံတမန် ပြန်လည်ဆက်သွယ်ရေးကို ကြိုပမ်းရာ၌ တိုးတက်မှုရရှိနေကြောင်း ဒိုမွိုင်းက ဇန်နဝါရီလ ၁၉ ရက်နေ့က ပါတီညီလာခံတွင်ပြောကြားသည်။

နိုင်ငံတော်ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြုပ်နှံမှုကော်မတီက ၁၉၈၇ ခုနှစ်မှစ၍ ခြောက်နှစ် ကာလအတွက် ဒေါ်လာသန်း ၆၄၆၀ နီးပါး အရင်းအနှီးမြုပ်နှံရန် နိုင်ငံခြားရင်းနှီးမြုပ်နှံမှု စီမံကိန်း ၈၆၃ ခုကို လုပ်ကိုင်ခွင့်ပြုထားသည်။ ဗီယက်နမ်နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီးနောက် စီးပွားရေးဆုတ်ယုတ်ပျက်ယွင်းမှုမှ ၁၉၈၉ ခုနှစ်တွင် စတင်ရုန်းထွက်နိုင်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုမှာ နှစ်စဉ်ပျမ်းမျှ ၅၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ကြောင်း နိုင်ငံတော်ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြုပ်နှံမှုကော်မတီကကြေညာသည်။ ၁၉၉၃ ခုနှစ်တွင် တစ်နှစ်တည်းမှာပင် စုစုပေါင်းရင်းနှီးမတည်ငွေ ဒေါ်လာသန်း ၂၈၀၀ ဖြင့် စီမံကိန်း ၂၆၀ ကို လုပ်ကိုင်ခွင့်ပေးခဲ့သည်။ အစဦးတွင် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုအများစုမှာ ရေနံ

ထုတ်လုပ်ရေးနှင့် ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများ ဖြစ်၍ ၁၉၉၃ ခုနှစ်တွင် စက်မှုထုတ်လုပ်ရေးအပိုင်း၌ ရင်းနှီးမှုမှာ စုစုပေါင်းမတည်ရင်းနှီးငွေ၏ ၄၅ ရာခိုင်နှုန်းအထိ တိုးတက်လာသည်။

၁၉၉၃ ခုနှစ်အတွင်း ဟန်္နွိုင်းနှင့်မြောက်ပိုင်းပြည်နယ်များတွင် မတည်ရင်းနှီးမြှုပ်နှံမှု၏ ၄၄ ရာခိုင်နှုန်းအထိရှိလာသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် စက်ရုံနှင့်အခြားလုပ်ငန်းများတွင် အလုပ်အကိုင် ၄၅,၈၁၃ ဖန်တီးပေးနိုင်ပြီး အခြားဆက်နွှယ်သောလုပ်ငန်းများတွင်လည်း ပြည်သူ ၁၀၀,၀၀၀ (တစ်သိန်း) နီးပါး အားအလုပ်အကိုင်ပေးနိုင်ခဲ့သည်။ ခေတ်မမီသောနည်းပညာနှင့် ပစ္စည်းများကို တင်သွင်းအသုံးပြုလာခြင်းဖြင့် ဖက်စပ်လုပ်ငန်းအချို့အရှုံးပေါ်ခဲ့ပြီး ဗီယက်နမ်အစုရှင်များဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း ကော်မတီကကြေညာခဲ့သည်။ နိုင်ငံခြားသား အစုရှင်များနှင့် ဖက်စပ်လုပ်ကိုင်ရာတွင် ခေတ်မီနည်းပညာ နှင့် ရင်းနှီးကျွမ်းဝင်ပြီးဈေးကွက်စီးပွားရေးစနစ်ကို နားလည်သော အရည်အချင်းပြည့်သူပုဂ္ဂိုလ်များ လိုအပ်သဖြင့် အရှုံးပေါ်ခဲ့ရသည်။

ပျောက်ဆုံးနေသောအမေရိကန်စစ်သားများ၏ ရုပ်ကြွင်းများရှာဖွေရေးတွင် ဗီယက်နမ်တို့ကပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြသသဖြင့် ဗီယက်နမ်နိုင်ငံအပေါ် ကုန်သွယ်ရေး တားမြစ်ပိတ်ပင်ထားခြင်းကို ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် သမ္မတကလင်တန်က ရုပ်သိမ်းပေးခဲ့သည်။ ယင်းသို့အရေးယူဆောင်ရွက်ခြင်းမှာ ဗီယက်နမ်နိုင်ငံတွင် အမေရိကန်စီးပွားရေးအခွင့်အလမ်းများတိုးချဲ့ရေးအပေါ်မူတည်ဆုံးဖြတ်ခြင်းမဟုတ်ဘဲ ဗီယက်နမ်စစ်ပွဲတွင်ပျောက်ဆုံးနေသောအမေရိကန်စစ်သားများ၏ ရုပ်ကြွင်းများအားလုံးရှာဖွေရာတွင် ဆက်လက်ကြိုးပမ်းပါဝင်ကူညီလိမ့်မည်ဟူသော ယုံကြည်မျှော်လင့်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ မကြာမီလများအတွင်းက ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် ပျောက်ဆုံးနေဆဲဖြစ်သော အမေရိကန်စစ်သား ၂၂၃၈ ဦးနှင့် ပတ်သက်၍ ရှာဖွေဖော်ထုတ်ရာ၌ တိုးတက်မှုများမှာရရှိခဲ့သည်။ ကုန်သွယ်ရေးပိတ်ပင်မှုကို ရုပ်သိမ်းခြင်းသည် သံတမန်အပြည့်အဝပြန်လည်ထူထောင်ခြင်းမဟုတ်ကြောင်းဖြင့်အမေရိကန်သမ္မတကလင်တန်ကပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ ကုန်သွယ်ခွင့်နှင့်ရင်းနှီးမြှုပ်နှံမှုခွင့်ကို အမေရိကန် ကုမ္ပဏီများအား သမ္မတ ကလင်တန်က ပထမဆုံးအကြိမ်ဖွင့်ပေးလိုက်၍ အမေရိကန်ကုမ္ပဏီများသည် ဗီယက်နမ်၌သွားရောက်လုပ်ကိုင်ကြရန် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် စိုင်းပြိုင်းလျက်ရှိကြသည်။ ကုန်သွယ်မှုပိတ်ပင်တားမြစ်ချက်ကို ရုပ်သိမ်းပေးလိုက်ပြီးနောက်ပိုင်း အမေရိကန်လေကြောင်းလိုင်းများက လော့စ်အိန်ဂျလိစ်နှင့် ဟိုချီမင်းမြို့တော်လေကြောင်းပျံသန်းမှုပြုလုပ်ပေးမည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အစိုးရအဖွဲ့ချင်းအတည်ပြုချက်ရလျှင်ရချင်းလက်တွေ့အကောင်အထည်ဖော်မည်ဟုဆိုသည်။

ကုန်သွယ်ရေးပိတ်ဆို့မှုကို ရုပ်သိမ်းပေးပြီးနောက် လေးရက်အကြာတွင် စစ်အတွင်းက ပျောက်ဆုံးခဲ့သော အမေရိကန် စစ်သည်များ၏ ရုပ်ကြွင်းများကို ဗီယက်နမ်အစိုးရက ထပ်မံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ဗီယက်နမ်ပါဝင်ခွင့်ရရေးကိစ္စနှင့် စပ်လျဉ်း၍အာဆီယံအတွင်းရေးမှူးချုပ် အဂျစ်ဆင်းနှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကမ်းတို့ ဟန်္နွိုင်းမြို့တွင် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဗီယက်နမ်သည်အာဆီယံ၌လေ့လာသူ အဆင့်ရရှိ ထားသည်။ အရှေ့တောင်အာရှဒေသအတွင်း တစ်ခုတည်းသောကွန်မြူနစ်နိုင်ငံအနေဖြင့် အာဆီယံ၌ လေ့လာသူ အဆင့်ရရှိထားခြင်းဖြစ်သည်။ မစ္စတာဆင်း၏ ဗီယက်နမ် ခရီးစဉ်သည် အာဆီယံအတွင်းရေးမှူးချုပ်တစ်ဦးအနေဖြင့် ပထမဆုံးခရီးစဉ်ဖြစ်သည်။ မစ္စတာဆင်းသည် ဗီယက်နမ်ဆိုင်ရာ မလေးရှားသံအမတ်ကြီးအဖြစ် ဗီယက်နမ်တွင် ၁၉၈၀ မှ ၁၉၈၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ အာဆီယံတွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ဗီယက်နမ်ပါဝင် လာရေးကို အာဆီယံနိုင်ငံများက မျှော်မှန်းထားကြကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကမ်းက သတင်းထောက်များအားပြောကြားခဲ့သည်။

အမေရိကန်နှင့်ဗီယက်နမ်စေ့စပ်ညှိနှိုင်းရေးမှူးများသည် ငွေရေးကြေးရေးနှင့်နိုင်ငံရေးဆွေးနွေးပွဲများကိုဖေဖော်ဝါရီလ ၂၈ ရက်နေ့က ဟန်္နွိုင်းမြို့၌ စတင်ပြုလုပ်ကြသည်။ ယင်းဆွေးနွေးပွဲများသည် အနှစ် ၂၀ နီးပါးကြာမှ ပြတ်တောက်နေသော နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုများ ပြန်လည်ပြုလုပ်နိုင်ရန် ဦးတည်နေသည်။ ဗီယက်နမ်စစ်ပွဲကို အဆုံးသတ်စေခဲ့သော ၁၉၇၃ ခုနှစ်၊ ပါရီငြိမ်းချမ်းရေးသဘောတူစာချုပ် ချုပ်ဆိုပြီး နောက်ပိုင်း၊ နှစ်နိုင်ငံအကြား ပထမဆုံးအကြိမ်ပြုလုပ်သော နိုင်ငံရေးအရ အဓိကကျသောဆွေးနွေးပွဲဖြစ်သည်။ ဗီယက်နမ်စစ်ပွဲအဆုံးသတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံမှ အမေရိကန်ကငွေကြေးလျော်ကြေး

တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းဖြစ်သည်။ ယင်းဆွေးနွေးပွဲသည် ဗီယက်နမ်နိုင်ငံအား ၁၉ နှစ်ကြာ အမေရိကန်စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရေးဆိုင်ရာ ဖေဖော်ဝါရီလ ၃ ရက်နေ့က အမေရိကန်သမ္မတ ကလင်တန် ဆောင်ရွက်ချက်ကို စတင်အကောင်အထည်ဖော်သော သဘောပင်ဖြစ်သည်။

ဗီယက်နမ်နှင့် အမေရိကန်တို့သည် ဆက်သွယ်ရေးရုံးများအပြန်အလှန်ဖွင့်လှစ်ရေးနှင့်တကွ ဗီယက်နမ်စစ်ပွဲနှင့် စပ်လျဉ်း၍ဗီယက်နမ်ထံမှအမေရိကန်က ငွေကြေးတောင်းမှုကိစ္စတွင် နှစ်နိုင်ငံစေ့စပ်ရေးမှူးများက မူအားဖြင့်သဘောတူညီ လိုက်ကြပြီးဖြစ်ကြောင်း မတ်လ ၂ ရက်နေ့တွင် ထုတ်ဖော် ကြေညာခဲ့သည်။

နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး အတွက် ဟိုချီမင်းမြို့တော်တွင် သဘောတူစာချုပ် ငါးခု လက်မှတ်ရေးထိုးပွဲသို့ သမ္မတရာမိုစ်တက်ရောက်ခဲ့သည်။ ဟိုချီမင်းမြို့၌ ဗွာနေဖိလစ်ပိုင်လူမျိုး ၁၀၀ ခန့်ကို သမ္မတရာမိုစ် တွေ့ဆုံခဲ့သည်။ ရာမိုစ်သည် ဗီယက်နမ်သမ္မတ၊ ဝန်ကြီးချုပ်၊ ကွန်မြူနစ်ပါတီအတွင်းရေးမှူးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီးချုပ် ဗိုဗန်ကီယက်သည် ကမ္ဘောဒီးယားနိုင်ငံမှ နှင်ထုတ်ထားသော ဗီယက်နမ်လူမျိုးများ၏အနေအထားနှင့် နယ်စပ်အငြင်းပွားမှုများကိုဆွေးနွေးရန် ဧပြီလ ၂ ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံသို့သွားရောက်၍ ကမ္ဘောဒီးယားခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ တရားဝင် ချစ်ကြည်ရင်းနှီးစွာဆက်ဆံသော်လည်း ကမ္ဘောဒီးယားက ဗီယက်နမ်ကိုသံသယဝင်မှုများမှာ နက်ရှိုင်းစွာအမြစ်တွယ်ခဲ့သည်။ ခမာနီပြောက်ကျားများကလည်း ဗီယက်နမ်ကို သံသယရှိခဲ့သည်။ နှစ်ဖက်အဖွဲ့အစည်းများသည် နယ်စပ်ပြဿနာများ၊ နှစ်နိုင်ငံအကြား လူဝင်လူထွက်ကိစ္စ၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနယ်စပ်တွင် သောင်တင်နေသော ကမ္ဘောဒီးယားမှ နှင်ထုတ်ထားသော ဗီယက်နမ်လူမျိုး ၅၀၀၀ ၏ အနာဂတ်အရေးကိစ္စတို့ကို ဆွေးနွေးကြသည်ဟုဆိုသည်။

ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့သည်နှစ်နိုင်ငံနယ်စပ် နယ်နိမိတ်သတ်မှတ်ချက်အငြင်းပွားမှုများနှင့် ကမ္ဘောဒီးယားရှိ ဗီယက်နမ်အမျိုးသားများပြဿနာတို့ကို ကိုင်တွယ်ဖြေရှင်းရေးအတွက်လုပ်ငန်းအဖွဲ့များဖွဲ့ရန် ဧပြီလ ၃ ရက်နေ့တွင် သဘောတူခဲ့ကြသည်။ ယင်းသဘောတူညီချက်များမှာ ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကီယက်ဖနွမ်းပင်သို့ နှစ်ရက်ကြာလာရောက်ပြီး ထုတ်ပြန်သောအချက် ၁၄ ချက်ပါပူးတွဲကြေညာချက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် နယ်စပ်ဒေသ နယ်နိမိတ် အငြင်းပွားမှုနှင့် လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများ၏လုပ်ငန်းအဖွဲ့နှင့်ကမ္ဘောဒီးယားနိုင်ငံအတွင်း မှီတင်းနေထိုင်သူ ဗီယက်နမ်လူမျိုးများ၏ အခြေအနေဆိုင်ရာ ကျွမ်းကျင်သူများ၏ လုပ်ငန်းအဖွဲ့ဟူ၍ နှစ်ဖွဲ့ဖွဲ့ရန် ပါရှိသည်။ နှစ်နိုင်ငံကိုဖြတ်ကျော်စီးဆင်းသော မဲခေါင်မြစ်အသုံးချရေးကိစ္စကို ဆက်လက်ဆွေးနွေးရေးလည်း ကြေညာချက်၌ တိုက်တွန်းထားသည်။

ကမ္ဘောဒီးယားတွင် အခြေချနေထိုင်ခဲ့ကြသော ဗီယက်နမ်လူမျိုး ၁၅၀၀၀၀ ခန့်ရှိကြောင်း ဖနွမ်းပင်မြို့ရှိ ဗီယက်နမ်သံရုံးကခန့်မှန်းသည်။ ဗီယက်နမ် ၅၀၀၀ ခန့်မှာ နှင်ထုတ်ခံရပြီးနောက် နယ်စပ်တွင်သောင်တင်နေသည်။ နှစ်နိုင်ငံစီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်နှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်တို့ကိုလည်း နှစ်နိုင်ငံလက်မှတ်ရေးထိုးကြသည်။

ဒိန်ဘိန်ဖူးတိုက်ပွဲ၌ ဗီယက်နမ်ကွန်မြူနစ်တို့အောင်ပွဲခံအနှစ် ၄၀ မြောက်အခမ်းအနားကို ဟနွိုင်းမြို့တွင် မေလ ၆ ရက်နေ့၌ကျင်းပခဲ့ရာ ဗီယက်နမ်ခေါင်းဆောင် များနှင့် ဒိန်းဘိန်ဖူးတိုက်ပွဲပြန်စစ်မှုထမ်းဟောင်းများ တက်ရောက်ခဲ့ကြသည်။ တောင်ဗီယက်နမ်မြို့တော်ကို သိမ်းယူခဲ့သော အနှစ် ၂၀ မြောက်နှစ်ပတ်လည်နေ့အမီ တစ်နှစ်စောပြီး ဟိုချီမင်းမြို့တော်အားခေတ်မီမြို့ကြီး ဖြစ်လာစေရန် အသင့်ပြင်ဆင်ခဲ့ကြသည်။

နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးတွင် အရေးကြီးသော ခြေလှမ်းတစ်ရပ်အဖြစ် ဗီယက်နမ်နှင့်အမေရိကန်သံရုံးများ အလဲအလှယ်ပြုရန် သဘောတူထားပြီးဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက မေလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာ ခဲ့သည်။ သံတမန်များဖလှယ်ရေးအစီအစဉ်မှာ နှစ်နိုင်ငံသံတမန်အပြည့်အဝ ဆက်ဆံရေးအတွက် ကြားကာလ ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း ဒုတိယ နိုင်ငံခြားရေးဝန်ကြီး လေမိုင်က စာစာပိုင်းက ပြောကြားခဲ့သည်။ ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် များမကြာမီ ကာလအတွင်း အပြည့်အဝ ပုံမှန်ဆက်ဆံနိုင်တော့မည်ဟု မိမိယုံကြည်ကြောင်း ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးငုယင်မန်ကမ်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သွားရောက်လည်ပတ်စဉ် မေလ ၂၉ ရက်နေ့က ဒါကာမြို့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံအားအမြဲတမ်းအဖွဲ့ဝင်အဖြစ် ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကောင်စီ (ပီအီးစီစီ) က

ဇူလိုင်လ ၅ ရက်နေ့တွင် ဝင်ခွင့်ပြုလိုက်သည်။ ဗီယက်နမ်နိုင်ငံသည် ပထမတွင် ပီအီးစီစီ၏အရန်အဖွဲ့ဝင်ဖြစ်၍ မေလက ကွာလာလမ်ပူမြို့တွင် ကျင်းပသောပီအီးစီစီ၏ ၁၀ ကြိမ်မြောက် အထွေထွေအစည်းအဝေး၌ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရန် လျှောက်ထားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည်အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် အဖွဲ့ဝင်ဖြစ်ရန်ကြိုးစားလျှင် အာဆီယံတွင် တင်းပြည့်အဖွဲ့ဝင်အဖြစ်ပါဝင်လုပ်ရှားနိုင်ရေးအတွက် ဗျူရိုကရေစီယန္တရားနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ ရှိကြောင်းပြသရလိမ့်မည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး ပရာဆောင်ဆွန်သီရိက ဇူလိုင်လ ၂၀ ရက်နေ့က ဗန်ကောက်မြို့၌ ထုတ်ဖော်ပြောကြားသည်။ အာဆီယံတွင် ဗီယက်နမ် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရရှိလျှင် အာဆီယံသို့ပထမဆုံး ဝင်ခွင့်ရရှိသော ကွန်မြူနစ်နိုင်ငံဖြစ်လိမ့်မည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ နှစ်ပတ်လည်ညီလာခံမှာ ဇူလိုင်လ ၂၃ ရက်နေ့ကပြီးဆုံးခဲ့သည်။ အစည်းအဝေးအပြီး အချက် ၃၂ ချက် ပါရှိသော ကြေညာချက်ထုတ်ပြန်ရာ၌ ဗီယက်နိုင်ငံအား အဖွဲ့ဝင်အဖြစ်လက်ခံရန်အာဆီယံက အသင့်ဖြစ်နေပြီဟုဖော်ပြထားသည်။ ညီလာခံအပြီးတွင် အာဆီယံဥက္ကဋ္ဌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ပရာဆောင် ဆွန်သီရိက သတင်းစာရှင်းလင်းပွဲကျင်းပရာ၌ ဗီယက်နမ် အဖွဲ့ဝင်ဖြစ်ရေးအတွက် လမ်းခင်းပေးရန် ကော်မတီဖွဲ့စည်းထားပြီဖြစ်ကြောင်း၊ သို့ရာတွင် ဟန်နွိုင်းအစိုးရကအဖွဲ့ဝင်ဖြစ် လိုကြောင်း၊ တရားဝင်လျှောက်ထားခြင်း မရှိသေးကြောင်း ပြောကြားခဲ့သည်။

ခြောက်နိုင်ငံပါဝင်သောအာဆီယံအဖွဲ့တွင် ကွန်မြူနစ်ဗီယက်နမ်အား အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံရန် အသင့်ရှိနေသော်လည်း ထိုသို့လက်ခံရေးအတွက် ဗီယက်နမ်၏စီးပွားရေးပြုပြင်ပြောင်းလဲမှုက နှောင့်နှေးကြံ့ကြာစေနိုင်ကြောင်း အစည်းအဝေးသတင်းရပ်ကွက်က ပြောကြားသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ဗီယက်နမ်အာဆီယံဝင်ရောက်ရေးကို ရက်သတ်မှတ်မပေးနိုင်စေကာမူ ထိုင်းနိုင်ငံတွင် နောင်နှစ်ကုန်၌ကျင်းပမည့် အာဆီယံ ထိပ်သီး အစည်းအဝေးတွင် ဝင်ရောက်ရေးကို အတည်ပြုပေးကောင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ငွေလုံးငွေရင်း ဒေါ်လာ (၈ ဒသမ ၉၈) ဘီလီယံရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၈၅၉၃ တို့ဖြင့် ယခုအခါ ဗီယက်နမ်နိုင်ငံ၌လုပ်ငန်းဆောင်ရွက်နေပြီဖြစ်သည်။ ယင်းငွေကြေးပမာဏ၏သုံးပုံတစ်ပုံကျော်မှာ ထိုင်ဝမ်နှင့် ဟောင်ကောင်တို့မှ လာရောက်ရင်းနှီးမြှုပ်နှံသောငွေများဖြစ်သည်။ ယခင်နှစ်က ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၀၀ ကို အစိုးရက လိုင်စင်ထုတ်ပေးခဲ့သည်။ အမေရိကန်သမ္မတ ကလင်တန်သည် ဗီယက်နမ်အပေါ် ချမှတ်ထားသောနှစ် ၃၀ ကြာစီးပွားရေးပိတ်ဆို့မှုအမိန့်ကို ရုပ်သိမ်းပေးခဲ့ပြီးချိန်မှစ၍ ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာခဲ့သည်။ စုစုပေါင်းငွေလုံးငွေရင်းဒေါ်လာ ၁၅ ဒသမ ၈ သန်းပမာဏရှိသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၁၄ ခုကို ဗီယက်နမ်နိုင်ငံအစိုးရက အမေရိကန်ကုမ္ပဏီများသို့ထုတ်ပေးခဲ့သည်ဟု ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတော်ကော်မတီက ဩဂုတ်လ ၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက်ပိုင်း ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးရောက်ရှိလာသော ဂျပန်ဝန်ကြီးချုပ် တိုမိအီချီ မူရာယာမက ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ထောက်ခံအားပေးမည်ဖြစ်ကြောင်းဩဂုတ်လ ၂၅ ရက်နေ့တွင် ဟန်နွိုင်းမြို့၌အာမခံပြောကြားသည်။ ဗီယက်နမ်နိုင်ငံသို့လာရောက်သောပထမဆုံး ဂျပန်ဝန်ကြီးချုပ်ဖြစ်ရသည့်အတွက် များစွာကြည်နူးပျော်ရွှင်မိကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကီယက်နှင့် စတင်တွေ့ဆုံစဉ် မူရာယာမက ပြောကြားသည်။ ဂျပန်ဝန်ကြီးချုပ် မူရာယာမအား ဗီယက်နမ်ခေါင်းဆောင်များက ဟန်နွိုင်းမြို့တွင် လှိုက်လှဲပျူငှာစွာ လက်ခံကြိုဆိုခဲ့ကြသည်။ ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုက ဗီယက်နမ်စီးပွားရေးအရှိန်ဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကတွန်းအားပေးလိမ့်မည်ဟု ဗီယက်နမ်ခေါင်းဆောင်များက မျှော်လင့်ထားကြသည်။

သင့်ဘဝ– ဦးရဲလွင်

**ဗိုဗန်ကီယက်၊ (ခရစ် ၁၉၂၂– )**။ ။ဝန်ကြီးချုပ် ဗိုဗန်ကီယက်သည် ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် တွင် ကူလွန်းပြည်နယ်၊ ဗန်လင်းမ်ခရိုင်၊ ထရန်ဟစ်ပ်ရွာ၌ လယ်သမားမိသားစုမှ မွေးဖွားလာသူ ဖြစ်သည်။

၁၉၃၈ ခုနှစ်အတွင်း တော်လှန်ရေးတွင် စတင်ပါဝင်ကာ ၁၉၃၉ ခုနှစ်တွင် အင်ဒိုချိုင်းနားကွန်မြူနစ်ပါတီသို့ဝင်ခဲ့သည်။ ၁၉၄၁ ခုနှစ်နှင့် ၁၉၄၅ ခုနှစ်ကြားတွင် ရက်ဂီးတော်လှန်ရေးလှုပ်ရှားမှု၌ ပြည်နယ် ပါတီကော်မတီဝင်အဖြစ် ဆောင်ရွက်ပြီး ရက်ဂီးပြည်နယ်တွင် အာဏာသိမ်းရန်ပုန်ကန်ရာ၌ တက်ကြွစွာ ပါဝင်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ဗီယက်နမ်တောင်ပိုင်း(နမ်ဘို) ဆိုင်ရာ ဒေသပါတီကော်မတီဝင် ဖြစ်လာသည်။ ထိုအပြင်



ဗီယက်နမ်နိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုဗန်ကိယက်

ဟောက်ဂျင်း ဒေသဆိုင်ရာ ပြည်နယ်ပါတီကော်မတီ၏ ဒုတိယ အတွင်း ရေးမှူးဖြစ်လာခဲ့သည်။ ထို့နောက် ဆိုင်ဂုံ ဂီဒင်း ဒေသဆိုင်ရာ ပါတီကော်မတီ အတွင်းရေးမှူး ဖြစ်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင်ကျင်းပသည့်ဗီယက်နမ်ကွန်မြူနစ်ပါတီ(စီပီဗွီ)၏ တတိယအကြိမ် ပါတီညီလာခံတွင် ဗဟိုကော်မတီ၏ အလှည့်ကျအဖွဲ့ဝင်အဖြစ်အရွေးခံရသည်။ ဆိုင်ဂုံ ဂီဒင်း ဆိုင်ရာ ပါတီကော်မတီ အတွင်းရေးမှူးရာထူးကို ဆက်လက် တာဝန်ယူသည်။ ထို့နောက်တွင် အမှတ်(၉) ဒေသ (နမ်ဘို အနောက်ပိုင်း) ဆိုင်ရာ ပါတီကော်မတီ၏ အတွင်းရေးမှူး ဖြစ်လာခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ပါတီဗဟိုကော်မတီ၏ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ စီပီဗွီ၏ အမြဲတမ်း ကော်မတီဝင်အဖြစ်ဖြင့် တောင်ဗီယက်နမ်ဆိုင်ရာ ပါတီကော်မတီတွင် ဆောင်ရွက်ခဲ့ သည်။

ဆိုင်ဂုံလွတ်မြောက်ရေးကာလအတွင်း တောင်ဗီယက်နမ် ဆိုင်ရာ အထူးပါတီကော်မတီ အတွင်းရေးမှူးနှင့် ဆိုင်ဂုံ စစ်အုပ်ချုပ်ရေး ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၇၆ ခုနှစ်တွင် ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး နှင့် ဟိုချီမင်းမြို့တော် ပြည်သူ့ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မစ္စတာ ဗိုဗန်ကိယက်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဆဋ္ဌမအကြိမ် အမျိုးသား လွှတ်တော်၏ အမတ်တစ်ဦးဖြစ်သည်။

၁၉၇၆ ခုနှစ်က ကျင်းပသည့် စတုတ္ထအကြိမ် ပါတီ ညီလာခံတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် အရွေးခံရပြီး၊ ပေါ်လစ်ဗျူရို အလှည့်ကျအဖွဲ့ဝင်အဖြစ်လည်း အရွေးခံရ သည်။ ဝန်ကြီးများကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်နိုင်ငံတော် စီမံကိန်းကော်မတီ ဥက္ကဋ္ဌအဖြစ် ခန့်ထားခြင်းခံရသည်။

၁၉၈၆ ခုနှစ်၊ ဆဋ္ဌမအကြိမ် ပါတီညီလာခံ ဗဟို ကော်မတီနှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ပြန်အရွေးခံရ သည်။ ၁၉၈၇ ခုနှစ်တွင် ဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော်ကို အမတ်အဖြစ် အရွေးခံရပြီး ဝန်ကြီးများကောင်စီ၏ပထမ ဒုတိယ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၉၁ ခုနှစ်၌ သတ္တမအကြိမ် ပါတီညီလာခံတွင်လည်း ပါတီဗဟိုကော်မတီ နှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ပြန်လည်အရွေးခံရသည်။

ဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော် နဝမအကြိမ် အစည်းအဝေးတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဝန်ကြီးများကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရ သည်။

နဝမအကြိမ် အမျိုးသားလွှတ်တော် ပထမအကြိမ် အစည်းအဝေး၌ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတ နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသည်။

**ဘုရင့်နောင်တံတား။** ။မြန်မာနိုင်ငံ အရှေ့ဘက် ခြမ်းနှင့် အနောက်ဘက်ခြမ်းဆက်သွယ်မှု ပိုမိုလွယ်ကူ ကောင်းမွန်စေပြီး ရန်ကုန်တိုင်းမှ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်စသည့်ဒေသများသို့အချိန်တိုတောင်းစွာဖြင့် လည်းကောင်း၊ အန္တရာယ်ကင်းရှင်းစွာဖြင့်လည်းကောင်း ဆက်သွယ် သွားလာနိုင်သည့် လှိုင်မြစ်ကို ဖြတ်ကူးသော ဘုရင့် နောင်တံတားကြီးကို ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မရမ်းကုန်းမြို့နယ် ဘက်ခြမ်း တံတားကြီး အနီးရှိ ယာယီမဏ္ဍပ်၌ ဖွင့်ပွဲကျင်းပ၍ ဖွင့်လှစ်ခဲ့သည်။

တံတားဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးချုပ် များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်မောင်ခင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်း၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် တရားသူကြီးချုပ်၊ နိုင်ငံတော်ရှေ့နေချုပ်၊ နိုင်ငံတော် စာရင်း

စစ်ချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိများ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ သံရုံး ယာယီ တာဝန်ခံများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်ရုံးမှ တာဝန် ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တံတားဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မရမ်းကုန်းမြို့နယ်ဘက်ခြမ်း တံတားထိပ်အနီးရှိ မင်္ဂလာမဏ္ဍပ်တွင် မြန်မာနိုင် ငံ ဂီတအစည်းအရုံးမှ တေးသံရှင်များ၊ လှိုင်သာယာဘက် ခြမ်း တံတားထိပ်အနီးရှိ မင်္ဂလာမဏ္ဍပ်တွင် မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးမှ အနုပညာရှင်များကတေးသီးချင်းများဖြင့် သီဆိုဖျော်ဖြေ ကြသည်။

တံတားဖွင့်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်ရင်က အမှာစကားပြောကြားရာ မင်္ဂလာ အချိန်အခါဖြစ်သည့် နံနက် ၇ နာရီ ၁၈ မိနစ်တွင် ဘုရင့်နောင်တံတား တည်ဆောက်ရေး စီမံကိန်း၊ စီမံကိန်း ဒါရိုက်တာ ဦးစောယိုအေးလက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ သည်။

တံတားကြီး ဖွင့်လှစ်လိုက်ပြီး တာဝန်ရှိပုဂ္ဂိုလ်များသည် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှု စစ်ဆေးကြကာ လှိုင်သာယာ ဘက်ကမ်းတွင် စောင့်ကြိုနေကြသည့် ပြည်သူများ၊ အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များကို နှုတ်ဆက်သည်။ တံတားကြီး ဖွင့်လိုက်သည်နှင့် လှိုင်မြစ်အတွင်းရှိ ရေယာဉ်များက ဥသြရှည်များ မှုတ်၍ ဂုဏ်ပြု ဖြတ်သန်း မောင်းနှင်ကြပြီး ဘုရင့်နောင်တံတားဖွင့်ပွဲအခမ်းအနားသည် နံနက် ၇ :၃၀ တွင် အောင်မြင်စွာပြီးစီး သွားခဲ့သည်။

ဘုရင့်နောင်တံတားကြီးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏လမ်းညွှန်မှုကိုခံယူ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ တံတားကြီးကို ၁၉၈၉ ခုနှစ်၊ ဧပြီလမှ စတင်၍အထောက်အကူပြုရန် အသင့် ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ယာဉ်များ စတင်ဖြတ်သန်းမောင်းနှင်နိုင်ခဲ့ သည်။

တံတားကြီးသည် သံမဏိ သံပေါင် တံတားအမျိုးအစား ဖြစ်ပြီး ယာဉ်သွားလမ်း နှစ်လမ်းမှာ အကျယ် ၂၈ ပေ ရှိကာ တစ်ဖက်တစ်ချက်ရှိ လူသွားလမ်းအကျယ်မှာ ၅ ပေဖြစ် သည်။ တံတားကြီး၏ စုစုပေါင်းအရှည်မှာ ၅၀၀ ဒသမ ၂မီတာ (၁၆၄၁ ပေ) ရှိပြီး ကမ်းကပ်ခန်းဖွင့် နှစ်ခန်း၊ ပင်မ ခန်းဖွင့် သုံးခန်း စုစုပေါင်းခန်းဖွင့် ငါးခန်းဖြင့် ဆောက်လုပ် ထားသည်။ ကမ်းကပ်ခန်းဖွင့် တစ်ခန်းသည် ၆၅ ဒသမ ၆၀မီတာ (၂၁၅ ပေ ၃ လက်မ) ရှိပြီး ပင်မခန်းဖွင့်ပွဲ သုံးခန်းမှာ တစ်ခန်းလျှင် ၁၂၃ မီတာ (၄၀၃ ပေ ၆ လက်မ) အသီးသီး ရှိသည်။

ပင်မခန်းဖွင့် တစ်ခန်းစီ၏ ရေလမ်းကြောင်း ကင်းလွတ် နယ်မှာ ၁၁၈ မီတာ (၃၆၁ ပေ) အကျယ်နှင့် ရေမျက်နှာပြင် အထက် တံတားအောက် သံပေါင် ကင်းလွတ်နယ်မြေ အမြင့် ၁၀ မီတာ (၃၃ ပေ) ရရှိအောင် တည်ဆောက်ထားသဖြင့် ရေယာဉ်ကြီးများ ရာသီမရွေး တံတားကြီးအောက်မှ ဖြတ်သန်း သွားလာနိုင်မည်ဖြစ်သည်။

တံတားကြီး၏ အောက်ခြေ အုတ်မြစ်လုပ်ငန်းတွင် ကမ်းကပ်ခုံများနှင့် ကမ်းကပ်တိုင်များအောက်၌ ၂ဒသမ ၅မီတာ (၈ ပေ) အချင်းရှိ ပိုင်တိုင်များကို မြေဝင်ပေ ၁၂၀ အထိ မြေတွင်းတူး၍ ထည့်သွင်းထားပြီး ရေလည်တိုင်များ အောက်ခြေမှာ ၁ ဒသမ ၈ မီတာ (၆ ပေ) အချင်းရှိသည့် ပိုင်တိုင်များကို မြေဝင်ပေ ၇၀ အထိ မြေတွင်းတူး ထည့် သွင်းတည်ဆောက်ခဲ့သည်။

တံတားကြီး၏အပေါ်ပိုင်း သံပေါင်များကို အီတလီနိုင်ငံမှ COSTRUZIONI CIMOLA ARMANDO SPA နှင့် ဆွစ်ဇာလန် နိုင်ငံမှ TIBCON TRADING AG ဖက်စပ်ကုမ္ပဏီတို့မှ ဝယ်ယူခဲ့ပြီး ကုမ္ပဏီ အင်ဂျင်နီယာများနှင့် ပူးပေါင်းတပ်ဆင် ခဲ့သည်။

ပင်မခန်းဖွင့်များသည် ၄၀၃ ပေ ၆ လက်မ အကျယ်ရှိ သည့်အတွက် လှိုင်မြစ်၏ ရေတက်ရေကျရှိမှု ရေနက်မှုတို့ ကြောင့် မြန်မာနိုင်ငံတွင် ပထမဆုံးစတင် အသုံးပြုသည့် အစွန်းထွက် တပ်ဆင်သည့် CANTILEVER ERECTION METHOD ကို ယာယီသံပေါင်မသည့် တိုင်စင်အသုံးပြုပြီး တပ်ဆင်ခဲ့သည်။ ယင်း ယာယီသံပေါင်မသည့်တိုင်စင်ကို ပြည်တွင်းမှာ လက်ဝယ်ရှိပြီးဖြစ်သော သံပေါင်များ၊ စက်ကိရိယာများ ကိုသာ သုံးစွဲ၍ ပြုလုပ်တပ်ဆင်ခဲ့သည်။

ဘုရင့်နောင်တံတားကြီးကို နိုင်ငံတော်က ငွေကျပ် သန်း၂၅၀ ကျခံပြီး ပြည်သူလူထုအတွက် တည်ဆောက်ပေး ခဲ့သည်။ ယင်းကုန်ကျငွေထဲမှ ငွေကျပ် ၂၈ ဒသမ ၄၀ သန်းနှင့် ညီမျှသော နိုင်ငံခြားငွေလည်း ပါဝင်သည်။

ဘုရင့်နောင်တံတားကြီးသည် ရန်ကုန်– ပုသိမ်လမ်းမကြီး ပေါ်ရှိ၁၀ ခုမြောက်တံတား၊ အကြီးဆုံး တံတားကြီးဖြစ်သလို ရန်ကုန် – ပုသိမ်လမ်း စီမံကိန်း၏ အရေးပါသော အစိတ်အပိုင်း ကွင်းဆက်တစ်ခု ဖြစ်သည်။ ရေဝတီတိုင်း၊

ပဲခူးတိုင်း၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်တို့နှင့် ရန်ကုန်မြို့တော်ကို ဆက်သွယ်ပေးသည့် ဝင်ပေါက် တံခါးမကြီးလည်းဖြစ်သည်။ ဧရာဝတီတိုင်း၏ မြို့တော်ဖြစ်သည့် ပုသိမ်မြို့နှင့် ရန်ကုန်မြို့ကို ငါးနာရီဖြင့် ရောက်အောင်သွားနိုင်ပြီး ဧရာဝတီတိုင်းအတွင်း အဓိကကျသောမြို့များကိုလည်း အလွယ်တကူ ဆက်သွယ်နိုင်သည်။ ထို့အပြင် ရန်ကုန်–ပုသိမ် လမ်းမကြီးမှ တစ်ဆင့် ငသိုင်းချောင်းမြို့ရှိငဝန်တံတားကိုဖြတ်ကျော်ပြီး ရခိုင်ပြည်နယ်ရှိ ဂွမြို့ သံတွဲမြို့များသို့ဆက်သွယ်နိုင်သလို ပုသိမ်–မုံရွာ လမ်းမကြီးမှ တစ်ဆင့် ပဲခူးတိုင်းနှင့်မကွေးတိုင်းများရှိ မြို့ကြီးများနှင့် ဆက်သွယ်နိုင်သည်။

တံတားကြီးတည်ဆောက်ပြီးစီးသွားသည့်အတွက် ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသများ၏ နယ်မြေ လုံခြုံရေး၊ လူမှုရေး၊ စီးပွားရေးတို့ကိုအထောက်အကူပြုရုံသာမက တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေကာ နိုင်ငံတော်၏လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဟူပြီး တာဝန်ကြီးတစ်ရပ်ကို တစ်ခန်းတစ်ကဏ္ဍမှ အောင်မြင်စွာ ဖြည့်ဆည်းပေးလိုက် ခြင်းပင်ဖြစ်သည်။

## ဘွဲ့တံဆိပ်တော်ရဆရာတော်အရှင်မြတ်များ။ ။

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိစဉ်က သာသနာတော်ကို အများတကာထက် ထူးကဲ သာလွန်အောင် စွမ်းဆောင်နိုင်သော ရဟန်းတော်များ၊ ဘိက္ခုနီမများအား ဧတဒဂ်ဘွဲ့တံဆိပ်တော်များ ချီးမြှင့်တော်မူခဲ့သည်။ ပညာအရာသာလွန်ထူးချွန်သော လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် ပညာဝန္တဧတဒဂ်၊ တန်ခိုးအရာ သာလွန်ထူးခြားတော်မူသော လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးသည် ဣဒ္ဓိမန္တဧတဒဂ်၊ တရားဟောရာတွင် သာလွန်ထူးချွန်သော အရှင်မဓမ္မဒိန္နာထေရီသည် ဓမ္မကထိက ဧတဒဂ်၊ ဝိနည်းအရာတွင် သာလွန်ထူးချွန်သော အရှင်မ ပဋာစာရီထေရီသည် ဝိနယဓရဧတဒဂ်စသည်ဖြင့် ဘုရားရှင် ချီးမြှင့်တော်မူသော ဧတဒဂ်ဘွဲ့ထူးများရရှိ တော်မူခဲ့ ကြသည်။

ဘုရားရှင်၏ ဗုဒ္ဓသာသနာထွန်းကားသည့် မြန်မာ နိုင်ငံတွင်လည်း ဘုရားရှင်၏သာသနာ့ထုံးကို နှလုံးမူ လိုက်နာ ကျင့်သုံးလျက် သာသနာအကျိုးကို ထူးထူးချွန်ချွန် သယ်ပိုး ခဲ့ကြသော ရဟန်းတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ် များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခဲ့ကြသည်မှာ ပုဂံခေတ်သာသနာပြုမင်းများလက်ထက် မှစ၍ ယနေ့တိုင်ဖြစ်သည်။ ပုဂံမင်းများလက်ထက်တွင် အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဝိလာသ၊ ဒိသာပါမောက္ခ စသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊ ပင်းယခေတ် သာသနာပြုမင်းများလက်ထက်၌ သီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိစသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်သာသနာပြုမင်းများ လက်ထက်တွင် ရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ပထမ စာချ၊ ဒုတိယစာချ စသော ဘွဲ့တံဆိပ်တော်များကို လည်းကောင်း၊ လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင်လည်း အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း အစဉ်အလာမပျက် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အစိုးရလက်ထက်၌ ၁၉၉၁ ခုနှစ်မှစ၍ ရှေးယခင်က ဆက်ကပ်ခဲ့သော ဘွဲ့တံဆိပ်တော်များအပြင် သာသနာပြုဘွဲ့၊ စာချဘွဲ့၊ ကမ္မဋ္ဌာနာစရိယဘွဲ့၊ ဓမ္မကထိကဘွဲ့၊ သာသနာ နုဂ္ဂဟဘွဲ့ စသည့်ဘွဲ့တံဆိပ်တော် ၂၀ ကို အသစ်တီထွင် ပြဋ္ဌာန်း၍ ဆက်ကပ်လှူဒါန်းခဲ့သည်။

၁၉၉၄ ခုနှစ်၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့အစိုးရ၏ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် များဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော ဆရာတော်ကြီး များ၊ ချီးမြှင့်အပ်နှင်းခြင်းခံရသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပေသည်–

| | | |
|---|---|---|
| (၁) | အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | – ၁ ပါး |
| (၂) | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ | – ၂၀ ပါး |
| (၃) | အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများ | – ၁၆ ပါး |
| (၄) | အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ သီလရှင်များ | – ၅ ပါး |
| (၅) | မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများ | – ၂၅ ပါး |
| (၆) | မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ သီလရှင်များ | – ၂ ပါး |
| (၇) | မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ လူပုဂ္ဂိုလ်များ | – ၂ ဦး |
| (၈) | စူဠဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများ | – ၉ ပါး |
| (၉) | စူဠဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ သီလရှင်များ | – ၂ ပါး |
| (၁၀) | အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများ | – ၉ ပါး |
| (၁၁) | မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများ | – ၅ ပါး |
| (၁၂) | စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများ | – ၂ ပါး |

(၁၃) မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး – ၁ ပါး
(၁၄) ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ – ၅ ပါး
(၁၅) အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီး – ၁ ပါး
(၁၆) အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ – ၁၄ ပါး
(၁၇) မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ – ၇ ပါး
(၁၈) မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင် – ၁ ပါး
(၁၉) မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များ – ၃ ဦး
(၂၀) သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ – ၁၁ ပါး
(၂၁) သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များ – ၂ ဦး
(၂၂) သီဟ သုဓမ္မ မဏိဇောတ ဓရ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များ – ၂ ဦး
(၂၃) သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် – ၁ ဦး
(၂၄) သီရိသုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များ – ၂ ဦး
(၂၅) သီဟသုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် – ၁ ဦး
(၂၆) သုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် – ၁ ဦး

အထက်ဖော်ပြပါအတိုင်း ဘွဲ့တံဆိပ်တော် အသီးသီး ဆက်ကပ်လှူဒါန်း ခံရတော်မူသော ဆရာတော်ကြီးများအနက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံ ဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ အသီးသီးရရှိ တော်မူကြသော ဆရာ တော်ကြီးအချို့၏ ထေရုပ္ပတ္တိများကို ကြည်ညို သဒ္ဒါပွားနိုင်ကြရန် ဖော်ပြပါသည်။

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊မရမ်းကျေးရွာ၊စမ်းကျောင်းတိုက်

## ဆရာတော်ဘဒ္ဒန္တဝိမလာစာရ

(သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၅ ဝါ)

ဆရာတော်ဘဒ္ဒန္တဝိမလာစာရကို ရေဝတီတိုင်း၊ မြန်အောင်မြို့၊ မြို့မတဲကြီးကုန်းကျေးရွာတွင် ခမည်းတော် ဆေးဆရာကြီး ဦးစံညွန့်၊ မယ်တော်ဒေါ်ပုတို့က သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၌ ဖွားမြင်တော်မူသည်။ သားသမီး လေးယောက်ရှိသည့်အနက်ဒုတိယမြောက် သားရတနာဖြစ်၍ အမြိတ္တရက်၌ ဖွားမြင်သောကြောင့် မွေးနံကိုမယူဘဲ မောင်ဖိုးထွန်းဟု အမည်ပေးခဲ့သည်။



အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဝိမလာစာရ

### ရှင်,ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၅ နှစ်အရွယ်သို့ရောက်သောအခါ ပထမဝေဠုဝန် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် မြန်အောင်မြို့ ဝေဠုဝန် ကျောင်းတိုက်၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်ဖြစ်တော်မူသော ပထမဝေဠုဝန် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် "ရှင်ဝိမလာစာရ" ဟူသော ဘွဲ့အမည်ကို ချီးမြှင့်တော်မူခဲ့သည်။

သက္ကရာဇ် ၁၂၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်နေ့၌ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော်ဦးကေလာသကို ဥပဇ္ဈာယ်ပြုလျက်မြန်အောင်မြို့ သမာဓိမြိုင်ဦးကျောက်လုံး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

### စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ငါးနှစ်သားအရွယ်မှစ၍ ဇာတိရပ်ရွာရှိကျောင်းဆရာကြီး ဦးစိထံတွင် ပညာသင်ယူတော်မူသည်။ ၁၂ နှစ်သား အရွယ်ရောက်သောအခါ ဂူကိုးလုံးကျောင်း ဒုတိယ ဂူကိုးလုံး ဆရာတော်ထံတွင် ပညာသင်ယူတော်မူသည်။ ၁၃ နှစ် အရွယ်၌ ပထမဝေဠုဝန်ဆရာတော်ဘုရားကြီးထံရောက်ရှိ တော်မူ၍ ပိဋကတ်စာပေများကို သင်ကြားဆည်းပူးတော် မူသည်။၎င်းဆရာတော်ဘုရားကြီးထံတွင် အခြေခံပိဋကတ်

သဒ္ဒါကျမ်းများနှင့်တကွ ပါဠိအဋ္ဌကထာဋီကာကျမ်းများကို ရဟန်းသိက္ခာ ၁၀ ဝါရသည်အထိ အကုန်အစင် နည်းခံသင်ယူတော်မူခဲ့သည်။

ဆရာတော်သည် စစ်ကိုင်းတောင်ရှေပြည်ချောင် ဆရာတော်ဦးဝိသုဒ္ဓ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် ဦးကြည်တို့ထံတွင်လည်း ပိဋကတ်စာပေများကို နည်းအစုံစုံအဖုံဖုံလေ့လာသင်ယူတော်မူခဲ့သည်။

### သာသနာအရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၂၈၁ ခုနှစ်၌ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မရမ်းရွာ၊ စမ်းကျောင်းကျောင်းတိုက်တွင် ကျောင်းထိုင် စာချ နှစ်ဝသော သာသနာ့တာဝန်များကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူသည်မှာ ယနေ့အထိပင် ဖြစ်သည်။ ဆရာတော်သည် သက်တော် ၅၀ ထိ ရဟန်းသာမဏေများအား တစ်နေ့လျှင် သုံးဝါ စာပေများကို ပို့ချတော်မူသည်။ သက်တော် ၅၀ ကျော်မှစ၍ တစ်နေ့လျှင် စာဝါ နှစ်ဝါ ပို့ချကာ ပရိယတ္တိလုပ်ငန်းများကို ကြိုးပမ်းအားထုတ်တော်မူသည်။

### စာပေကျမ်းဂန်များပြုစုတော်မူခြင်း

ဆရာတော်သည် ပဋိဘာဏ်ဉာဏ်စွမ်းရှိတော်မူသည့်အလျောက် စာမျက်နှာ ၂၇၀ ကျော်ရှိသော ဝေဠုဝန်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကထာကျမ်းကို ရေးသားပြုစုတော်မူခဲ့သည်။ ထို့အပြင် တပည့်စာသင်သားများအတွက် အလင်္ကာရနိဿယသစ်ကျမ်းကိုလည်း ပြုစုတော်မူခဲ့သည်။

### အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာအကျိုး၊ လောကအကျိုးများကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆောကဂ္ဂန္ထဝုရာဝဟ မဟာထေရ လဒ္ဓိပေသလ သိက္ခာကာမဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မရမ်းကျေးရွာ၊ စမ်းကျောင်းတိုက် ဝေဠုဝန်နိကာယတိုက်သစ် ဆန္ဒမဟာနိကာယာဓိပတိဖြစ်သော ဆရာတော် ဘဒ္ဒန္တဝိမလာစာရ ဆရာတော်ဘုရားကြီးသည် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း၊ရွှေဘိုမြို့နယ်၊ဆိပ်ခွန်ရွာ၊အင်ကြင်းပင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ (သက်တော် ၆၆ နှစ်၊ သိက္ခာတော် ၄၆ ဝါ)

ဆရာတော် ဘဒ္ဒန္တကုဏ္ဍလကို စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်လှုပ်တောင်ရွာတွင် ခမည်းတော် ဦးဖိုးမို၊ မယ်တော် ဒေါ်မတိုက ၁၂၈၉ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၌ မီးရှူးသန့်စင် ဖွားမြင်သည်။ မွေးချင်းခြောက်ယောက်အနက် ဒုတိယသားရတနာဖြစ်ပြီး၊ ငယ်နာမည်မှာ မောင်ချစ်ရှိန် ဖြစ်သည်။

### ရှင်, ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၁ နှစ်အရွယ်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် စစ်ကိုင်းတိုင်း၊ ဒီးပဲယင်းမြို့နယ်၊ လက်လှုပ်တောင်ရွာ၊ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ဦးသာသနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကုဏ္ဍလ ဖြစ်သည်။

၁၃၀၉ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့၌ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ လိန်လှရွာတောင်သူကြီး ဦးအောင်ရ ဒေါ်ဘန်းတို့၏ ပစ္စယာနုဂ္ဂဟ ချီးမြှင့်မှုကိုခံယူလျက် လိန်လှကျေးရွာတောင်ကျောင်း ခဏ္ဍသိမ်၌လက်လှုပ်မြောက်ရွာတိုက်သစ် ကျောင်းဆရာတော် ဦးဂန္ဓမာ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။

### စာပေပရိယတ္တိသင်ကြားတော်မူခြင်း

အသက်ခြောက်နှစ်သားအရွယ်၌ လက်လှုပ်တောင်ရွာ၊ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ဦးသာသနထံတွင် စာပေစတင်သင်ကြားသည်။ရဟန်းဘဝတွင် မန္တလေးဘုရားကြီးတိုက်၊ ဖြူးကျောင်းဆရာတော် ဦးသောဘိတ၊ ဇောတိကာရုံ အုတ်ကျောင်းဆရာတော် ဦးနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ မစိုးရိမ်ကျောင်းတိုက် ပါဠိနယ်ပူပဒေသကျောင်း ပဌာန်း ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ (အဂ္ဂါဘိဓဇ) စသော ဆရာတော်ကြီးများထံတွင် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ပါဠိအဋ္ဌကထာဋီကာတို့ကို သင်ကြားတတ်မြောက်တော်မူခဲ့သည်။

### သာသနာအရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၂၄ ခုနှစ်မှ ယနေ့အထိ အင်ကြင်းပင်ကျောင်းတိုက်တွင် ပထမပြန်စာမေးပွဲဆိုင်ရာ

ကျမ်းစာများနှင့် စာချဆိုင်ရာကျမ်းစာများကို စာသင်သား သံဃာတော်များအား သင်ကြားပို့ချပေးတော်မူလျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်း သံဃာ့ဝန်ဆောင်၊ စစ်ကိုင်းတိုင်း တိုင်းသံဃနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်း တိုင်းသံဃနာယက အဖွဲ့တွဲဖက်အကျိုးတော်ဆောင်၊ ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ အင်ကြင်းတော စေတီတော်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ စသည်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့၊ ထမ်းဆောင်တော်မူဆဲဖြစ်သည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသောကြောင့် လဒ္ဓိပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တဣန္ဒကသည် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
ပဲခူးတိုင်း၊ ပဲခူးမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း
ကျောင်းအုပ်ဆရာတော်

## ဘဒ္ဒန္တနိပုဏ

(သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၄ ဝါ)

ဆရာတော် "ဘဒ္ဒန္တနိပုဏ"ကို မန္တလေးတိုင်း၊ မလှိုင်မြို့နယ်၊ အုပ်ဖိုကံအုပ်စု၊ အုပ်နဲ့စုရွာတွင် ခမည်းတော် ဦးဘိုးရီ၊ မယ်တော် ဒေါ်မယ်ယဉ်တို့က ၁၂၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် စနေနေ့၌ဖွားသန့်စင်သည်။ သားချင်း ရှစ်ယောက်တို့တွင် စတုတ္ထမြောက် သားရတနာဖြစ်၍ ငယ်နာမည်မှာ "မောင်ထွန်းအေး" ဖြစ်သည်။

### ရှင်၊ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

၁၄ နှစ်သားအရွယ်တွင် မလှိုင်မြို့ရွှေကျင်ကျောင်း ဆရာတော်ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ "ရှင်နိပုဏ" ဟူသော ဘွဲ့တော်ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၃၀၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့တွင် ရွှေကျင်ကျောင်း ခဏ္ဍသိမ်တော်မြတ်၌ ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မလှိုင်မြို့နယ်၊ ဆန်ကုန်သည် ဒေါ်လှနှင့်သမီး မအမာ၊ မသန်း၊ဆွေမျိုး တစ်စုတို့၏ ပစ္စည်းလေးပါးအထောက်အပံ့ဖြင့် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်တော်မူသည်။

### စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ဇာတိရပ်ရွာရှိဆရာမကြီးဒေါ်မယ်မှီ မူလတန်းအလွတ်ပညာသင်ကျောင်းတွင် စတင်ပညာသင်သည်။ ရှစ်နှစ်သား အရွယ်၌ငါးတောင်ပုံရွာ တောင်ကျောင်းအဘိုးဘုန်းတော်ကြီး နေမိန္ဒထံတွင် လောကုတ္တရာစာပေများသင်ကြားသည်။

ရဟန်းအဖြစ်သို့ရောက်ရှိတော်မူပြီးနောက် မန္တလေး အလုံကျောင်းဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ၊ ရတနာဗိမာန်ကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒမဥ္ဇူ၊ မလှိုင် ဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ ပဲခူးမြို့မ စာသင်တိုက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌ ဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဲခူးမြို့မ ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရ စသော ဆရာတော်ကြီးများထံတွင် ပါဠိတော်အဋ္ဌကထာဋီကာတို့ကို သင်ကြားတတ်မြောက် တော်မူခဲ့သည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

အစိုးရဝိနယပထမငယ်တန်း၊ ဝိနယာဓိက ပရိယတ္တိ အလတ်တန်းများတွင် ဂုဏ်ထူးနှင့်တကွ အစိုးရဓမ္မာစရိယ စာချတန်းအောင်မြင်သည်။ ယင်းသို့ အောင်မြင်၍ သာသနာဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ရရှိသည်။ ထို့နောက် ပဲခူးမြို့မစာသင်တိုက်တွင် နှစ်စဉ်စာသင်သံဃာ ၁၅၀ ကျော်ကို ၂၃ နှစ်တိုင်တိုင် စာဝါများသင်ကြားပို့ချပေး တော်မူခဲ့သည်။

ဆရာတော်သည် သာသနာတော်ထွန်းကားရေးအတွက် တပည့်စာသင်သားများအား စာပေများပို့ချပေးရုံသာမက ပဲခူးမြို့နယ်သံဃာ့ဝန်ဆောင်မြို့နယ်၊ တိုင်းဝိနည်းဓိုရ် စသည်ဖြင့် သာသနာ့တာဝန်များထမ်းဆောင်ခြင်းဖြင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
ပဲခူးတိုင်း၊ ပြည်မြို့၊ကန်တွင်းဆုတောင်းပြည့်ကျောင်းတိုက်

## ဆရာတော်ဘဒ္ဒန္တဓမ္မာဘိဝရ

(သက်တော် ၇၈ နှစ်၊ သိက္ခာတော် ၅၈ ဝါ)

ဆရာတော်ဘဒ္ဒန္တဓမ္မာဘိဝရကိုပဲခူးတိုင်း၊ ပန်းတောင်းမြို့၊ ဖောင်ကန်ရပ်၌ ခမည်းတော် ဦးထွန်းမြိုင်၊ မယ်တော် ဒေါ်တုတ် တို့က ၁၂၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ စနေနေ့တွင် ဖွားမြင်သည်။

### ရှင်၊ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၂၉၂ ခုနှစ်တွင် ပြည်မြို့၊ သိရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တဓိရက္ခိတကို ဥပဇ္ဈာယ်ပြု၍ ပြည်မြို့

ဦးစိုးဝင်း-ဒေါ်သိုက်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က "ရှင်ဝမ္မာဘိဝရ" ဟု ဘွဲ့မည်ပေးတော်မူခဲ့သည်။

၁၂၉၇ ခုနှစ်၊ သီးတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့တွင် ပြည်မြို့၊ ကန်တွင်းဆုတောင်းပြည့်ကျောင်းတိုက်ရှိ ခဏ္ဍသိမ်တော်၌ အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော် ဘဒ္ဒန္တဝါသဝကို ဥပဇ္ဈာယ်ပြု၍ ပြည်မြို့ ဦးစိုးဝင်း-ဒေါ်သိုက်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ပြည်မြို့၊ ကန်တွင်းဆုတောင်းပြည့်ကျောင်းတိုက် ဘဒ္ဒန္တသုဘာသိတ၊ ရေဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့ ဆုတောင်းပြည့်ကျောင်းသစ်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ ဆရာတော်များထံ၌ ပရိယတ္တိအခြေခံကျမ်းစာများ၊ ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲဆိုင်ရာကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် အစိုးရပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာချတန်း၊ ဂုဏ်ထူးတန်းတို့ကို အောင်မြင်တော်မူပြီးနောက် မဲဇလီကုန်းမြို့ဆုတောင်းပြည့်ကျောင်းသစ်တိုက်၊ ပန်တောင်းမြို့ဆုတောင်းပြည့်ကျောင်းတိုက်၊ ပြည်မြို့ကန်တွင်းဆုတောင်းပြည့်ကျောင်းတိုက်များတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်မှစ၍ ယနေ့အထိ လောကုတ္တရာကျမ်းစာများကို တပည့်စာသင်သားများအား သင်ကြားပို့ချပေးတော်မူခဲ့မူဆဲဖြစ်သည်။

စာပေကျမ်းဂန်များပို့ချရင်း တစ်ဖက်မှကျမ်းစာများ ရေးသားတော်မူခဲ့သည်။ ရေးသားပြုစုတော်မူခဲ့သောကျမ်းများမှာ ဝဿုပနာယိကဒီပကကျမ်း၊ ဒွါရဝါဒီနှစ်တရာမော်ကွန်း၊ ဓမ္မဝိနယရှင်ကျင့်ဝတ် စသည်တို့ဖြစ်သည်။

သာသနာ့တာဝန်များကိုလည်း ထမ်းဆောင်တော်မူခဲ့ရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ လူသေလူဖြစ် ဝါဒဝိနိစ္ဆယတွင် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်၊ ပြည်ရွှေဆံတော်ဂေါပက ဩဝါဒါစရိယ စသည်ဖြင့် ထမ်းဆောင်တော်မူခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တ၊ ဝိနယဂရုက၊ ဂန္ထန္တရဆေက၊ ဗာဟုသစ္စစသော ဂုဏ်တို့နှင့်ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် "ဘဒ္ဒန္တဓမ္မာဘိဝရ" သည် သာသနာအကျိုး ဆောင်ရွက်တော်မူခဲ့သောကြောင့် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အရ
မကွေးတိုင်း၊ ချောက်မြို့၊ အနောက်ငွေတောင်တိုက်

## ဆရာတော် ဘဒ္ဒန္တကုန္ဒကသာမိ

(သက်တော် ၇၀ နှစ်၊ သိက္ခာတော် ၄၉ ဝါ)

ဆရာတော် "ဘဒ္ဒန္တကုန္ဒကသာမိ" ကို မကွေးတိုင်း၊ ချောက်မြို့နယ်၊ ကြို့ပင်ရွာ၌ ခမည်းတော် ဦးစံအား၊ မယ်တော် ဒေါ်ရွှေထပ်တို့က ၁၂၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့တွင်ဖွားမြင်သည်။

### ရှင်,ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

အသက် (၁၄) နှစ် သားအရွယ်တွင် ချောက်မြို့နယ်၊ ကြို့ပင်ရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကေလာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်တော်မူခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က "ရှင်ကုန္ဒကသာမိ" ဟု ဘွဲ့အမည်ပေးတော်မူခဲ့သည်။

၁၃၀၆ ခုနှစ်၊ မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ စဉ့်ကူမြို့၊ လေသာတိုက်၊ ယာပြင်ကျယ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတကိုဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းတိုက်သိမ်တော်၌ စဉ့်ကူမြို့၊ ဈေးရပ်၊ ကုန်သည်ဦးတင် ဆရာမ ဒေါ်သန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

### စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ကြို့ပင်ရွာကျောင်းဆရာတော် ဘဒ္ဒန္တကေလာသ၊ စဉ့်ကူ ယာပြင်ကျယ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ နတ်မောက်ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ၊ မန္တလေးချမ်းသာကြီးတိုက် ဘဒ္ဒန္တနန္ဒမဥ္ဇူ၊ ပခုက္ကူမဟာဝိသုတာရာမတိုက် ဘဒ္ဒန္တပဏ္ဍိတ စသောဆရာတော်ကြီးများထံတွင် လောကုတ္တရာ စာပေကျမ်းဂန်များ သင်ကြားတော်မူခဲ့သည်။ ဆရာတော်သည် အစိုးရဓမ္မာစရိယ (ဂုဏ်ထူး ၉ ကျမ်း) ကို အောင်မြင်ခဲ့သည်။

### သာသနာအရေးအားပေးဆောင်ရွက်မှုများ

စာသင်သားများအားပထမပြန်၊ ဓမ္မာစရိယစာမေးပွဲဆိုင်ရာကျမ်းစာများပို့ချတော်မူခြင်း၊ ယဉ်ကျေးမှုအဘိဓမ္မာ

### စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ပခုက္ကူ မဟာဝိဇယာရာမဆရာတော် ဘဒ္ဒန္တဇောတိက (အဂ္ဂမဟာပဏ္ဍိတ) မန္တလေးချမ်းသာကြီးတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမဉ္ဇူ (အဘိဓဇမဟာရဋ္ဌဂုရု) စကုတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒစရိယ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်ကြီးများထံတွင် ပိဋကတ်ကျမ်းစာ လောကုတ္တရာစာပေများ သင်ကြားတော်မူခဲ့သည်။

ပထမပြန်စာမေးပွဲ (ပါဠိဂုဏ်ထူး)၊ ဓမ္မာစရိယစာချတန်း (ဂုဏ်ထူးဆောင်ကျမ်းများနှင့် ကျမ်းရင်းသုံးရင်း) တို့ကို အောင်မြင်တော်မူခဲ့၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်ရရှိတော်မူသည်။

### သာသနာအရေးအားပေးဆောင်ရွက်ချက်များ

ပရိယတ္တိစာပေများကို နှစ်ပေါင်း ၄၀ ခန့် တပည့်သံဃာများအား ပို့ချပေးတော်မူခြင်း၊ သံယုတ္တနိကာယ်ပါဠိတော် နိဿယ စသောကျမ်းများရေးသားတော်မူခြင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စသည်ဖြင့် ဆောင်ရွက်တော်မူခြင်း။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆောက၊ ဂန္ထဓုရာဝဟာ၊ ပရိယတ္တိဝိသာရဒ၊ လဒ္ဓိပေသလ, သိက္ခာကာမ စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် "ဘဒ္ဒန္တနေမိန္ဒ" သည် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ<br>
မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ဝါးခင်းကုန်း ဣဿာသယ<br>
ပရိယတ္တိစာသင်တိုက်

## ဆရာတော် ဘဒ္ဒန္တဇဋိလ

(သက်တော် ၇၁ နှစ်၊ သိက္ခာတော် ၅၁ ဝါ)

ဆရာတော် "ဘဒ္ဒန္တဇဋိလ" ကို မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မီးလောင်ကျွန်းရွာ၌ ခမည်းတော်ဦးဖိုးအို မယ်တော် ဒေါ်ဝါးတို့က ၁၂၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁) ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ မွေးချင်းသုံးယောက်အနက်

(ပ/၃) ကျမ်း၊ ဓမ္မာစရိယအိတ်ဆောင်ကျမ်း၊ ဝိနည်းဝိုရ် ဆရာတော်ကြီးများမှတ်တမ်းစသောကျမ်းများရေးသားတော်မူခြင်း၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူခြင်း၊ ဂေါပကအဖွဲ့များ၏ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခြင်း။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာအကျိုးဆောင်ရွက်တော်မူသောကြောင့် လဒ္ဓိပေသလ၊ ကိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ၊ ပရိယတ္တိမာမက၊ သာသနဟိတဓရ စသော ဂုဏ်နှင့်ကုံလုံပြည့်ဝတော်မူသည့် "ဆရာတော်ဘဒ္ဒန္တဣန္ဒကသာမိ" သည် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ<br>
မကွေးတိုင်း၊ ပခုက္ကူမြို့<br>
မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် (အရှေ့တိုက်)

## ဆရာတော် ဘဒ္ဒန္တနေမိန္ဒ

(သက်တော် ၇၁ နှစ်၊ သိက္ခာတော် ၅၁ ဝါ)

ဆရာတော် ဘဒ္ဒန္တနေမိန္ဒကို မကွေးတိုင်း၊ ပခုက္ကူမြို့နယ် လယ်ယာကြီးအုပ်စု၊ ဆင်လမ်းကျေးရွာ၌ ခမည်းတော် ဦးသန့်၊မယ်တော် ဒေါ်ငွေမိတို့က ၁၂၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ စနေနေ့ တွင် မီးရှူးသန့်စင်ဖွားမြင်သည်။ အမည်မှာ မောင်ထွန်းလှဖြစ်သည်။

### ရှင်,ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

၁၂၉၇ ခုနှစ်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပခုက္ကူမြို့နယ်၊ ဆင်လမ်းရွာ၊ ဆင်လမ်းကျောင်းဆရာတော် ဦးကေသရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ဘွဲ့တော်မှာ ရှင်နေမိန္ဒ ဖြစ်သည်။

၁၃၀၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၇) ရက်နေ့တွင် ပခုက္ကူမြို့ လယ်ယာတောင်ပေါ်ကျောင်းခဏ္ဍသိမ်တွင် လယ်ယာရွာသူကြီး ဦးဘလတ်၊ သူကြီးကတော် ဒေါ်စိန်မိတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ လယ်ယာတောင်ပေါ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဒုတိယမြောက် သားရတနာဖြစ်သည်။ ငယ်မည် "မောင်စောမောင်" ဖြစ်သည်။

### ရှင်,ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၂၉၂ ခုနှစ်၊ တပေါင်းလဆန်း (၇) ရက်နေ့တွင် မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မီးလောင်ကျွန်းရွာ၊ ဒက္ခိဏာရာမကျောင်းကြီးတိုက် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရကို ဥပဇ္ဈာယ်ပြု၍ ဘုရားအစ်မကျောင်းအစ်မကြီး ဖွားကွန့်ဆင့်၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၁၃၀၄ ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ဝါးခင်းကုန်း ဣန္ဒာသရ အဘယခေမိက တိုက်ကျောင်းခဏ္ဍသိမ်၌ ဝါးခင်းကုန်း သရက်တောကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ မြို့အုပ်မင်း ဦးဘသက်၊ မင်းကတော် ဒေါ်ချစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

### စာပေပရိယတ္တိသင်ကြားတော်မူခြင်း

မုံရေးရွာ မဟာဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမဗုဒ္ဓိ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသန္ဒနာဘိဝံသ (တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တနာရဒါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ နန္ဒိသေနာ ရာမတိုက် ဘဒ္ဒန္တနန္ဒိသေန (အဘိဓဇမဟာရဋ္ဌဂုရု) စသော ဆရာတော်ကြီးများထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော လောကုတ္တရာစာပေများကို ပေါက်မြောက်အောင် သင်ကြားတော်မူခဲ့သည်။

### သာသနာ့အရေးအားပေးဆောင်ရွက်တော်မူခြင်း

ဝါးခင်းကုန်း ဣန္ဒာသယကျောင်းတိုက်တွင် ကျောင်းထိုင်အဖြစ် သီတင်းသုံး၍ ရှင်ရဟန်းများအား ပရိယတ္တိစာပေပို့ချခြင်း၊ စာပေပို့ချရင်း ပရိယတ္တိအခြေခံမှ ပဋိပတ္တိကျင့်စဉ်ကျမ်း၊ ဣန္ဒာသယ ယမကတ္ထတံခွန်ကျမ်းတို့ကို ရေးသားတော်မူခြင်း၊ မန္တလေးနန်းဦးတိုက်၊ မော်လမြိုင်ကျောင်း၊ မြို့ဦးမဟာစည် သာသနာ့ရိပ်သာ စသော ကျောင်းတိုက်ခွဲပေါင်းကိုးခုကို တည်ထောင်ခြင်း၊ စာဖြေသံဃာများအား ဆွမ်းလှူခြင်း၊ စုဋ္ဌဘွဲ့နှင်းသဘင်တွင် ဆုပေးခြင်းစသော သာသနာအကျိုးသယ်ပိုးတော်မူခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သာသန ဟိတဧရစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ "ဇဋိလ" သည် ၁၃၅၅-(၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ် လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိ တော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ<br>
မန္တလေးတိုင်း၊ကျောက်ဆည်မြို့၊<br>
လေသာပရိယတ္တိပြန့်ပွားရေးကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တဇဝန

(သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၇၀ ဝါ)

ဆရာတော် "ဘဒ္ဒန္တဇဝန" ကို တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ပဉ္စသိမော်ရွာ၌ ခမည်းတော် ဦးရွှေပြည်၊ မယ်တော် ဒေါ်သာဝတို့က ၁၂၆၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။

### ရှင်, ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ပဉ္စသိမော်ရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က "ရှင်ဇဝန" ဟု ဘွဲ့အမည်ပေးတော်မူခဲ့သည်။

၁၂၈၆ ခုနှစ်တွင် မန္တလေးတိုင်း၊ ကျောက်ဆည်မြို့၊ မင်းကုန်းဆရာတော် ဘဒ္ဒန္တမေဃဝံသကို ဥပဇ္ဈာယ်ပြု၍ ၄င်းဆရာတော်ကျောင်းရှိ ခဏ္ဍသိမ်၌ ကျောက်ဆည်မြို့၊ စုကြီးရပ်၊ ဒေါ်ပိုး၊ ဒေါ်လေး၊ ဒေါ်ပေါ ညီအစ်မတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေပရိယတ္တိသင်ကြားတော်မူခြင်း

လောင်းလုံမြို့နယ်ပဉ္စသိမော်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒနှင့် ဘဒ္ဒန္တကေလာသတို့ထံတွင် ပိဋကတ်ကျမ်းစာများ စတင်သင်ကြားတော်မူသည်။ ထို့နောက် ကျောက်ဆည်မင်းကုန်းဆရာတော် ဘဒ္ဒန္တ မေဃဝံသ၊ မန္တလေးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရ၊ ဟံသာဝတီဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်ကြီးများထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ကျမ်းအစောင်စောင်ကို ကျမ်းကြီးပေါက်တတ်မြောက်သည်ထိ သင်ယူတော်မူခဲ့သည်။



အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဇဝန

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ
ပရိယတ္တိစာသင်ကျောင်းတိုက်
**ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ**
(သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၄ ဝါ)

ဆရာတော် "ဘဒ္ဒန္တဝိသုဒ္ဓ" ကို မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ၌ ခမည်းတော် ဦးထွန်းအေး၊ မယ်တော် ဒေါ်ငွေဇင်တို့က ၁၂၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် (၄) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။

### ရှင်,ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

၁၂၉၇ ခုနှစ်၊ မော့ကနင်ကျောင်းတိုက် ဆရာတော် ဦးပညာဇောတကို ဥပဇ္ဈာယ်ပြု၍ မော့ကနင်ကျေးရွာ၊ ခမည်းတော် ဦးထွန်းအေး မယ်တော်ဒေါ်ငွေဇင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိသည်။

၁၃၀၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့တွင် သောင်ပြင်ကျောင်းကြီးဆရာတော် ဦးပုပ္ဖရမ္မကို ဥပဇ္ဈာယ်ပြု၍ သောင်ပြင်ကျောင်းကြီးခဏ္ဍသိမ်တော်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

### စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်၊ ပါဠိအဋ္ဌကထာ ဋီကာတို့ကို ဦးပညာဇောတိ (သောင်ပြင်ပဝရဏာအုပ်စုချုပ်)၊ ကော့နပ် မွန်ပရိယတ္တိမူလပင်မကျောင်းတိုက် ဘဒ္ဒန္တကေသရ၊ ချောင်းဆုံတော်ကနာရွာကျောင်းဆရာတော် ဘဒ္ဒန္တဦးဣန္ဒ၊ ဘဒ္ဒန္တဂုဏဝံသ (ပိဋကတ္တယ-ပါရဂူဘုရားကျောင်းပေါင်မြို့) ရေးမြို့ရွာကလေးကျောင်းသီဟိုဠ်ပြန်ဆရာတော် ဘဒ္ဒန္တကေတုမတိ စသောဆရာတော်ကြီးများထံတွင် သင်ကြားတော်မူခဲ့သည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

မော့ကနင်ပရိယတ္တိစာသင်ကျောင်းတွင် ၁၃၀၄ ခုနှစ်မှ ယနေ့ထိ သံဃာတော်အပါး ၁၁၀ ကျော်တို့အား စာပေပရိယတ္တိ သင်ကြားပို့ချတော်မူခြင်း၊ ပိဋကစာပေများကို မွန်ဘာသာသို့ ပြန်ဆိုတော်မူခြင်း၊ ရာမညဓမ္မာစရိယ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်ခြင်း စသည်ဖြင့် သာသနာရေး အားပေးတော်မူခဲ့သည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

၁၃၀၆ ခုနှစ်၌ လေသာပရိယတ္တိကျောင်းကို တည်ထောင်၍စာသင်သား "ရဝ" ကျော်အထိ တိုးတက်လာအောင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ ဒုတိယနှင့် တတိယအကြိမ် မြို့နယ်/တိုင်း ဩဝါဒစရိယ၊ ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စသည်ဖြင့် ဆောင်ရွက်တော်မူခြင်း၊ မြို့နယ်ဝိနည်းစာမေးပွဲကို ဦးစီးကျင်းပခဲ့ခြင်းစသော သာသနာရေးအားပေးဆောင်ရွက်တော်မူခဲ့သည်။

ပိဋကတ်အခြေခံကျမ်းများ၊ အစိုးရပထမပြန်ဆိုင်ရာကျမ်းစာများ၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းစာများကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာအကျိုးသယ်ပိုးခဲ့သော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ ပရိယတ္တိဝိသာရဒ စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် "ဘဒ္ဒန္တဇဝန" သည် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဓုရာဝဟ၊ ပရိယတ္တိဝိသာရဒ၊ လဒ္ဓိပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် "ဘဒ္ဒန္တဝိသုဒ္ဓ" သည် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊
ဘုရားကြီးကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တပဏ္ဏဝ

(သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၄ ဝါ)

ဆရာတော် ဘဒ္ဒန္တပဏ္ဏဝကိုရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကမ်းထောင့်ကြီးကျေးရွာ၌ ခမည်းတော် ဦးဖြူလှအောင်၊ မယ်တော် ဒေါ်နီသာဦးတို့က ၁၂၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်ငွေးဖြစ်သည်။

### ရှင်, ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၂၉၅ ခုနှစ်၊ တပေါင်းလတွင် မြေပုံမြို့နယ်၊ ကမ်းထောင့်ကြီးကျေးရွာ၊ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မဟာရတနာဒီပကျောင်း ဆရာတော် ဦးကောဏ္ဍညကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ပဏ္ဏဝဖြစ်သည်။

၁၃၀၂ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်တွင် အမ်းမြို့နယ်၊ ကန္နားပြင်ကျေးရွာ သူကြီး ဦးမောင်ရွှေပွင့် ဒေါ်သာချေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကန္နားပြင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဦးပဒုမကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

### စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ကျောက်ဖြူမြို့ ပူလာရုံကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍည၊ ဓနုဖြူဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ အကျော်ကျောင်းစာချဆရာတော် ဘဒ္ဒန္တပဒုမ၊ မန္တလေး ခင်မကန်တိုက် အုတ်လှေကားဆရာတော်၊ စကုအလယ်တိုက်ဆရာတော်၊ ရန်ကုန်မင်္ဂလာသုခ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကေသရ စသော ဆရာတော်ကြီးများထံတွင် စာပေပရိယတ္တိများကိုသင်ကြားတော်မူခဲ့သည်။

ဆရာတော်သည် ဓနုဖြူအမျိုးသားပရိယတ္တိ သာသနာနုဂ္ဂဟစာမေးပွဲအကြီးတန်း၊ ညောင်တုန်းသုဓမ္မာ ပရိယတ္တိစာမေးပွဲအကြီးတန်း၊ အစိုးရဓမ္မာစရိယတန်းနှင့် ဂုဏ်ထူးခြောက်ကျမ်းတို့ကို အောင်မြင်တော်မူသည်။ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ ရရှိတော်မူသည်။

### သာသနာအရေးအားပေးဆောင်ရွက်တော်မူခြင်း

ရန်ကုန်မြို့ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချကထိကအဖြစ် စာပေများပို့ချခြင်း၊ ၁၃၂၀ ပြည့်နှစ်မှ ယနေ့အထိ ကျောက်ဖြူဘုရားကြီးကျောင်းတိုက်တွင် ပရိယတ္တိစာပေများသင်ကြားပို့ချတော်မူခြင်း၊ ကျောက်ဖြူ အမျိုးသားစာမေးပွဲများ၏ ပါဠိပညာရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်စသည့်ဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်ကာ သာသနာရေးအားပေးတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက, ဂန္ထဓုရာဝဟ, ပရိယတ္တိဝိသာရဒ,လဒ္ဓိပေသလ သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် "ဘဒ္ဒန္တပဏ္ဏဝ" သည် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ရောဝတီတိုင်း၊ ဓနုဖြူမြို့
ရွှေဟင်္သာကျောင်းတိုက်

## ဆရာတော်ဘဒ္ဒန္တကုဝေရ

(သက်တော် ၈၄ ခုနှစ်၊ သိက္ခာတော် ၆၅ ဝါ)

ဆရာတော် ဘဒ္ဒန္တကုဝေရကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မင်းရွာ၌ ခမည်းတော် ဦးကြယ်မောင်၊ မယ်တော် ဒေါ်သာရှိတို့က ၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ဖွားမြင်သည်။ မွေးချင်းခုနစ်ယောက်ရှိသည့်အနက် အငယ်ဆုံးသားရတနာဖြစ်သည်။ ငယ်မည် မောင်မောင်စိန် ဖြစ်သည်။



အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တကုဝေရ

### ရှင်,ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

၁၃ နှစ်သားအရွယ်သို့ ရောက်သောအခါ ဓနုဖြူမြို့၊ မဟာဗောဓိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုန္ဒရကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ယင်းကျောင်းတိုက်၌ပင်ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကုဝေရ ဖြစ်သည်။

၁၂၈၂ ခုနှစ်၊ တန်ခူးလဆုတ် ၈ ရက်နေ့တွင် ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ခနွဲ့ကဘိုရွာ ရွှေကျင်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဓနုဖြူမြို့မဟာဗောဓိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရကိုပင် ဥပဇ္ဈာယ်ပြု၍ ပန်းတနော်မြို့နယ်၊ ခနွဲ့ကဘိုရွာ ဦးဘသောင်း+ ဒေါ်သိတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

### စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ဓနုဖြူမြို့ မဟာဗောဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ညောင်းတုန်းရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဌမစံကျောင်းဆရာတော် ဘဒ္ဒန္တဝါယာမ (အဂ္ဂမဟာပဏ္ဍိတ)၊ ဒုတိယစံကျောင်းဆရာတော် ဘဒ္ဒန္တ ကလျာဏ၊ တတိယစံကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ၊ စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ (အဘိဓဇမဟာရဋ္ဌဂုရု) မန္တလေး ရွှေဂူတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စံကင်း ဆရာတော် ဘဒ္ဒန္တစန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တကောသလ္လာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်ကြီးများထံတွင် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းများကို သင်ကြားတတ်မြောက်တော်မူခဲ့သည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ညောင်တုန်းရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးတွင် ၂၅ နှစ်၊ ဓနုဖြူမြို့ရွှေဟင်္သာတိုက်သစ်တွင် ၃၅ ဝါအရမှ ယနေ့တိုင်စာသင်သားသံဃာများအား စာပေပရိယတ္တိများ သင်ကြားပေးတော်မူသည်။

ဆဋ္ဌသံဂါယနာတွင် သင်္ဂီတိကာရက ပါဠိဝိသောဓက၊ ပထမအကြိမ်–ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပါဠိပထမပြန်စာမေးပွဲနာယက စသည်ဖြင့် သာသနာတာဝန်များကိုထမ်းဆောင်ကာ သာသနာရေးအားပေးတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆောက, ဂန္ထဓုရာဝဟ, ပရိယတ္တိ ဝိသာရဒ, လဇ္ဇီပေသလ,သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် "ဘဒ္ဒန္တကုဝေရ" သည် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

(ဦးအုန်းလွင်)

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေး ဝါး များ အန္တရာယ် တား ဆီး ကာ ကွယ် ရေး (မြန်မာနိုင်ငံ)(၁၉၉၄)။** ။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသည် ကမ္ဘာပေါ်ရှိ လူသားအားလုံးနှင့် နိုင်ငံအားလုံးကို အန္တရာယ်ပြုလျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို မြန်မာနိုင်ငံတွင် အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများသာမက

စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒပစ္စည်းများသည်လည်း အန္တရာယ်ပေးလာခြင်းကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ၁၉၉၃ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းခဲ့သည်။ ဥပဒေသစ်အရ မူးယစ်ဆေးဝါးများသာမက စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသောဓာတုဗေဒပစ္စည်းများကိုပါ ထိရောက်စွာ ဖမ်းဆီးအရေးယူအပြစ်ပေးနိုင်ပြီဖြစ်သည်။ ထို့အပြင် ဥပဒေအသစ်အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၁၉၉၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကိုအောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

## ကုလသမဂ္ဂ–မြန်မာပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး စီမံကိန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးစီမံကိန်း ရည်မှန်းချက်များမှာ နယ်စပ်ဒေသကို ဖြတ်ကျော်၍ မူးယစ်ဆေးဝါးနှင့် ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒဆေးရည်များ သယ်ဆောင် ရောင်းဝယ်မှုကို လျှော့ချရန်၊ နယ်စပ်ဒေသတွင် လူမှု–စီးပွား ဘက်စုံတိုးတက်ရေး အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုကို အပြီးတိုင် ပပျောက်အောင်ဆောင်ရွက်ရန်နှင့် နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးဆောက်ရွက်ပေးရန်တို့ ဖြစ်သည်။

မြန်မာ – ထိုင်း နယ်စပ်ဒေသ မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေး ပင်မစီမံကိန်းနှင့် လူမှု–စီးပွားဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းခွဲတို့ကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စီမံကိန်းကာလ သုံးနှစ်သတ်မှတ်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဒေသတွင် တာချီလိတ်မြို့နယ် ဆန်လူးနှင့် အဒီးကျေးရွာအုပ်စုရှိ ကျေးရွာ ၁၇ ရွာပါဝင်သည်။ မြန်မာ – ထိုင်း နယ်စပ်ဒေသ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး စီမံကိန်းခွဲကို စီမံကိန်းဒေသဖြစ်သော ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တွင် ၁၉၉၄ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စီမံကိန်းကာလ နှစ်နှစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၄,၅၄၀,၀၀၀ ထည့်ဝင်ပြီး မြန်မာနိုင်ငံက ဝန်ထမ်း၊ အဆောက်အအုံ၊ လောင်စာဆီနှင့် ဝန်ဆောင်စရိတ်များ ထည့်ဝင်ခဲ့သည်။

မြန်မာ – တရုတ်နယ်စပ်ဒေသ မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေး ပင်မစီမံကိန်းနှင့် လူမှု–စီးပွား ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းခွဲတို့ကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စီမံကိန်း ကာလ သုံးနှစ်သတ်မှတ်ဆောင်ရွက်လျက်ရှိရာ စီမံကိန်း ဒေသတွင် မိုင်းယန်းမြို့နယ် ဆီလူးနှင့် ပန်ကိုင်ကျေးရွာ အုပ်စုရှိ ကျေးရွာ ၁၂ ရွာပါဝင်သည်။ မြန်မာ–တရုတ် နယ်စပ်ဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲကို စီမံကိန်းဒေသဖြစ်သော မူဆယ်မြို့နယ်တွင် ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စီမံကိန်းကာလ သုံးနှစ်သတ်မှတ် ဆောင်ရွက် လျက်ရှိသည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန် ဒေါ်လာ ၇,၇၆၅,၁၂၅ ထည့်ဝင်ပြီး မြန်မာနိုင်ငံက ဝန်ထမ်း၊ အဆောက်အအုံ၊ လောင်စာဆီနှင့် ဝန်ဆောင်စရိတ်များ ထည့်ဝင်ခဲ့သည်။

## နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှု

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်ခြင်းထက် ဒေသခွဲအတွင်း၊ ဒေသအတွင်းနှင့် နိုင်ငံတကာ ပူပေါင်း ဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းကို "မူးယစ်အန္တရာယ် လူသားရန်စွယ် ကာကွယ် တိုက်ဖျက် နိုင်ငံချင်းဆက်" ဟူသောဆောင်ပုဒ်ချမှတ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ လာဩပြည်သူ့ဒီမိုကရက် တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် ဒုတိယအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်း ဗဟိုဌာနအဆောက်အအုံ ညီလာခံခန်းမ၌



ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို နိုင်ငံခြားသံရုံးများမှ သံမှူးများ စစ်ဆေးကြည့်ရှုစဉ်

ကျင်းပခဲ့ပြီး ဒုတိယအကြိမ်အစည်းအဝေးနှင့် ပတ်သက်သည့် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့၏ ဒေသခွဲအတွင်း ပူးပေါင်းဆောင်ရွက်ချက်စီမံကိန်းနှင့်ပတ်သက်၍ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို မေလ ၂၄ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌လည်းကောင်း၊ ဇွန်လ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ လည်းကောင်း ကျင်းပခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံသည် ၁၉၈၈ ခု မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းသိမ်းရေးဆိုင်ရာ စာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်လာခြင်းကြောင့် ဇွန်လ ၇ ရက်နေ့တွင် စာချုပ်ကို လက်မှတ်ရေးထိုးပြီး နိုင်ငံတော်က လက်ခံအတည်ပြုကြောင်း ဖော်ပြသည့်စာချွန်လွှာအား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ လောပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့မှ ကိုယ်စားလှယ်များက ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ လက်မှတ်ရေးထိုးခဲ့သည့် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်အရ ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပရန်အတွက် အရာရှိကြီးများအဆင့် ညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၃၀ ရက်နေ့နှင့် ဇူလိုင်လ ၁ ရက်နေ့တွင် လောပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယန်ကျင်းမြို့၌ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာ– အိန္ဒိယ နယ်စပ်ဒေသ အောက်ခြေအဆင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့နှင့် မတ်လ ၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း တမူးမြို့နယ်၌လည်းကောင်း၊ မြန်မာ– အိန္ဒိယ နယ်စပ်ဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆက်ဆံရေး အရာရှိများ ဒုတိယအကြိမ် အစည်းအဝေးကို ဇူလိုင်လ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့၌ လည်းကောင်း အသီးသီးကျင်းပခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးသည် ဇွန်လ ၉ ရက်နေ့တွင်

ရုရှဖက်ဒရေးရှင်းနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ အကြီးအကဲခေါင်းဆောင်သော အဖွဲ့နှင့်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထဲရေးအတွင်းဝန် ခေါင်းဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သောအဖွဲ့သည် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန်နှင့်လည်းကောင်း၊ မတ်လ ၁၄ ရက်နေ့တွင် ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်းမှသတင်းထောက်နှင့် လည်းကောင်း၊ ဧပြီလ ၅ ရက်နေ့တွင် အိန္ဒိယရုပ်မြင်သံကြားမှ တွဲဖက်အယ်ဒီတာ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ လူထုဆက်ဆံရေးမှူးနှင့်လည်းကောင်း၊ မေလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးစီမံကိန်းရုံးမှ အကြံပေးအရာရှိနှင့်လည်းကောင်း၊ ဇွန်လ ၉ ရက်နေ့နှင့် ၁၄ ရက်နေ့တွင် ရုရှဖက်ဒရေးရှင်းနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ အကြီးအကဲ ခေါင်းဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ ပြည်သူ့ရဲတပ်ဖွဲ့ ဌာနချုပ် မူးယစ်ဗဟိုနှင့် တားဆီးနှိမ်နင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူးခေါင်းဆောင်သောအဖွဲ့သည် မေလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ သံအရာရှိခေါင်းဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန်နှင့်လည်းကောင်း၊ ဩဂုတ်လ ၂ ရက်နေ့တွင် ဂျပန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဌာနမှ ရဲအရာရှိခေါင်းဆောင်သောအဖွဲ့နှင့်လည်းကောင်း အသီးသီးတွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ဌာနေကိုယ်စားလှယ်၊ စီမံကိန်းအကြံပေးအရာရှိ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သောအဖွဲ့သည် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရှမ်းပြည်နယ်အရှေ့ပိုင်း ဟိုတောင်းမိုင်းဖျန်ဒေသနှင့် ဆီလူးပန်ကိုင်ဒေသများသို့ လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးခေါင်းဆောင်သော ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်မှ အရှေ့တောင်အာရှဒေသ ဒေသညွှန်ကြားရေးမှူးနှင့် ရန်ကုန်မြို့ရှိ ဌာနေကိုယ်စားလှယ်၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့မှ အရာရှိများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ စစ်သံမှူးနှင့် မူးယစ်ဆေးဝါးဆိုင်ရာ သံအရာရှိ၊ ဂျပန်အင်န်အိပ်ချ်ကေ သတင်းအဖွဲ့နှင့် ဘန်ကောက်မြို့အခြေစိုက် ဂျာမန်ရုပ်မြင်သံကြားအဖွဲ့မှ ပုဂ္ဂိုလ်များပါဝင်သည့် ပြည်တွင်းပြည်ပ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များသည် မတ်လ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ပန်ဆန်းဒေသနှင့် ဟိုတောင်းဒေသများသို့လည်းကောင်း အသီးသီး သွားရောက်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မှုများကို လေ့လာခဲ့သည်။

## အပြည်ပြည်ဆိုင်ရာအထိမ်းအမှတ်နေ့ကျင်းပခြင်း

၁၉၈၇ ခုနှစ်တွင်ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံက အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်ဖြင့် နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ကို မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာအထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြသင်းက မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နေ့အတွက် သဝဏ်လွှာပေးပို့ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ပြပွဲပြိုင်ပွဲများ၊ ဟောပြောပွဲများနှင့် ဆွေးနွေးပွဲများကို လည်းကောင်း၊ အထိမ်းအမှတ်နေ့မတိုင်မီ ဇွန်လ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရက်သတ္တတစ်ပတ် လှုပ်ရှားမှုအဖြစ် အခြေခံပညာကျောင်းများ၊ ဆရာအတတ်သင်ကျောင်းများနှင့် သိပ္ပံများတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ နံရံကပ်စာစောင်များ ပြုလုပ်ပြသခြင်းနှင့် ပန်းချီပြိုင်ပွဲများကို လည်းကောင်း တက်တက်ကြွကြွလှုပ်ရှားကျင်းပခဲ့သည်။

## ဘိန်းခင်းများ ဖျက်ဆီးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို ဘက်ပေါင်းစုံမှ

အရှိန်အဟုန်မြှင့်၍ ကာကွယ်တိုက်ဖျက်လျက်ရှိရာ တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းစိုက်ခင်းများကို ဖော်ထုတ်မီးရှို့ဖျက်ဆီးခြင်းဖြင့် ဘိန်းထွက်ရှိမှုကို တားဆီးနိုင်ခဲ့သည်။

၁၉၉၃-၉၄ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်းစုစုပေါင်း ၂,၀၂၈ ဒသမ ၈၄ ဧက ဖျက်ဆီးနိုင်ခဲ့ခြင်းကြောင့် ဘိန်းထွက်ရှိမှုတန်ချိန် ၈ ဒသမ ၉၃ တန် တားဆီးနိုင်ခဲ့သည်။ ၁၉၈၈-၈၉ ခုနှစ် ဘိန်းစိုက်ရာသီမှ ၁၉၉၃-၉၄ ခုနှစ် ဘိန်းစိုက်ရာသီအထိ ဘိန်းခင်းစုစုပေါင်း ၁၄,၀၂၇ ဒသမ ၈၈ ဧကဖျက်ဆီးခဲ့ရာ ဘိန်းထွက်ရှိမှုတန်ချိန်ပေါင်း ၆၁ ဒသမ ၇၁ တန်တားဆီးနိုင်ခဲ့သည်။ ဖျက်ဆီးခဲ့သည့်ဘိန်းခင်းစုစုပေါင်းတွင် ရှမ်းပြည်နယ်မှ ဘိန်းခင်း ၁၃,၄၇၆ ဒသမ ၀၂ ဧက၊ ချင်းပြည်နယ်မှဘိန်းခင်း ၅၃၆ ဒသမ ၈၆ ဧကနှင့် ကယားပြည်နယ်မှဘိန်းခင်း ၁၅ ဧကပါဝင်သည်။

## တားဆီးနှိမ်နင်းမှု

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တားဆီးနှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှုများတွင် တပ်မတော်နှင့်ပြည်သူ့ရဲတပ်ဖွဲ့တို့သည် အရေးကြီးသော ကဏ္ဍမှ ထိထိရောက်ရောက်ပါဝင်ခဲ့သည်။ တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့သည် ဒေသခံတိုင်းရင်းသားများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်းလျက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တားဆီးနှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှုများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လူသားမျိုးနွယ်စုအားလုံးအညွန့်တုံးအောင်လုပ်ဆောင်နေသည့် ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်က အသက်သွေးချွေးစတေး၍ စစ်ဆင်ရေးများဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် မုံးကျွတ်ဒေသစစ်ဆင်ရေးကို မေလ ၁၁ ရက်နေ့မှ ဇွန်လ ၂၄ ရက်နေ့အထိ ပြုလုပ်ခဲ့ရာ ခွန်ဆာဦးစီးသည့် လွယ်မော်ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများနှင့်တပ်မတော်တပ်ရင်းစစ်ကြောင်းများ တိုက်ပွဲကြီးငယ်ပေါင်း ၁၁၁ ကြိမ် ဖြစ်ပွားခဲ့ပြီး လွယ်မော်ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ကျဆုံးသူဦးရေ ၂၅၀ (အလောင်းရရှိ)၊ လက်နက်မျိုးစုံ ၁၆၃ လက်၊ ခဲယမ်းမျိုးစုံအတောင့် ၁၁,၃၅၀၊ မိုင်းမျိုးစုံအလုံး ၅၆၀၊ ဗုံးသီးမျိုးစုံအလုံး ၃၄၀၊ ဆေးခြောက်နှစ်ပိဿာနှင့်ဘိန်းဖြူသုံးကီလို သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်စစ်ကြောင်းတစ်ကြောင်းသည် လွိုင်လင်မြို့နယ် ဝမ်လုံကျေးရွာအနီး၌ အက်စ်ယူအာရ်အေ အကြမ်းဖက်သောင်းကျန်းသူများနှင့် မေလ ၁၃ ရက်နေ့တွင် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ရာ ထိုင်း-မြန်မာနယ်စပ်ရှိ လွယ်မော်သောင်းကျန်းသူ ခွန်ဆာ၏ဘိန်းချက်စခန်းများသို့ ပို့ဆောင်မည့်လား၊ မြင်းကုန်းနီး ၆၂ ခုနှင့် အသင့်ချည်နှောင်ထားသော ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသည့် အက်စစ် တစ်အင်ဟိုက်ဒရိုက် ၁၂၆ ပုံး အက်စစ်ရည်ပမာဏ ၃,၃၃၃ ဒသမ ၉၆ လစ်တာ သိမ်းဆည်းရမိခဲ့သည်။

ပြည်သူ့ရဲတပ်ဖွဲ့ကလည်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများသယ်ယူရောင်းဝယ်သုံးစွဲမှုများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရန် မူးယစ်အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ဇွန်လ ၁ ရက်နေ့မှစ၍ မူဆယ်နှင့် တာချီလိတ်တွင် မူးယစ်အထူးအဖွဲ့နှစ်ဖွဲ့တိုးချဲ့ဖွဲ့စည်းပြီး မူးယစ်အထူးအဖွဲ့ပေါင်း ၁၇ ဖွဲ့ဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သယ်ဆောင်ရောင်းဝယ်သုံးစွဲမှုများကို ထိရောက်စွာ ဖမ်းဆီးအရေးယူလျက်ရှိသည်။

၁၉၉၄ ခုနှစ်အတွင်း တပ်မတော်နှင့်ပြည်သူ့ရဲတပ်ဖွဲ့တို့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

## မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

ရှမ်းပြည်နယ် ပန်ဆန်းဒေသ ယုံတင့်ကျေးရွာနှင့် ဟိုတောင်းဒေသ မိုင်းနွံ့ကျေးရွာအနီးရှိ ဘိန်းဖြူချက်စက်ရုံများ၊ ဘိန်းချက်ကိရိယာများနှင့် ဓာတုဗေဒဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို မတ်လ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ဒုတိယ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး ခေါင်းဆောင်သော ပြည်တွင်းပြည်ပ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ပြီး ဒေသခံ "ဝ" တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ ဘိန်းဖြူချက်စက်ရုံနှစ်ရုံ၊ ဘိန်းချက်ကိရိယာများနှင့် ဘိန်းဖြူချက်လုပ်သည့် ဓာတုဗေဒဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အငှမအကြိမ် ဖျက်ဆီးသည့်ပြပွဲကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း၊ ရဲရိပ်သာ၌ ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများရှေ့မှောက်၌ ဖင်ဆီဒိုင်းဆေးရည် မီလီလစ်တာ ၅၀၀ ဝင် ၃၇ ပုလင်း ဆေးရည်ပမာဏ ၁၈ ဒသမ ၅၀၀ လစ်တာ၊ ၁၂၅ မီလီလစ်တာဝင် ၅,၇၄၇ ပုလင်း ဆေးရည်ပမာဏ ၇၁၈ ဒသမ ၃၇၅ လစ်တာ၊ မီလီလစ်တာ ၆၀ ဝင် ၁၇၃ ပုလင်း ဆေးရည်ပမာဏ ၁၀ ဒသမ ၃၈၀ လစ်တာ စုစုပေါင်း ဖင်ဆီဒိုင်းဆေးရည် ၅,၉၅၇ ပုလင်း၊ ဆေးရည်ပမာဏ ၇၄၇ ဒသမ ၂၅၅ လစ်တာ၊ တာရာဒိုင်းဆေးရည် ၃၅ ဒသမ ၇၈၆ လစ်တာနှင့် ဖင်ကိုဒင်းဆေးရည် ၀ ဒသမ ၃၇၅ လစ်တာတို့ကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍ဖျက်ဆီးခဲ့သည်။ ထို့အပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်စစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး၊ အီဂျစ်နိုင်ငံသံအမတ်ကြီး၊ ဟရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဌာနေကိုယ်စားလှယ်တို့က စက်ခလုတ်များကို အသီးသီးနှိပ်၍ ဘိန်းဖြူ ၁၆၂ ဒသမ ၀၁၈ ကီလို၊ ဘိန်း ၁,၂၉၁ ဒသမ ၂၃၅ ကီလို၊ ဆေးခြောက် ၂၆၂ ဒသမ ၇၈၆ ကီလို၊ ဘိန်းဆီ ၅ ဒသမ ၃၂၉ ကီလိုနှင့် ဘိန်းရည် ၁ ဒသမ ၉၃၄ ကီလိုတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်အထိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ရှစ်ကြိမ်၊ နယ်စပ်ဒေသတွင် ၁၂ ကြိမ်၊ စုစုပေါင်း အကြိမ် ၂၀ ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၁,၆၁၅ ဒသမ ၄၉၂ ကီလို၊ ဘိန်း ၈,၅၄၇ ဒသမ ၆၃၄ ကီလို၊ ဆေးခြောက် ၃,၅၇၂ ဒသမ ၅၅၂ ကီလို၊ ဖင်ဆီဒိုင်း ၁၉,၈၁၈ ဒသမ ၆၆၅ လစ်တာနှင့် ၅၄ ဒသမ ၄ ကီလို၊ ဘိန်းညို ၂၄၄ ဒသမ ၄၃၅ ကီလို၊ ဘိန်းရည် ၁၁၆ ဒသမ ၁၅၁ ကီလို၊ ဘိန်းဆီ ၆၈ ဒသမ ၂၃၇ ကီလို၊ တာရာဒိုင်းဆေးရည် ၁၂၇ ဒသမ ၇၇၂ လစ်တာ၊ ကိုရက်ဆေးရည် ၃၉ ဒသမ ၇၈ လစ်တာ၊ ပရိုမီဒိုင်း ဆေးရည် ၁၀ လစ်တာ၊ ဂလိုင်ကိုဒင်းဆေးရည် ၈ ဒသမ ၈၂ လစ်တာ၊ ဖင်ကိုဒင်းဆေးရည် ၀ ဒသမ ၃၇၅ လစ်တာ၊ အက်စစ်တစ် အင်ဟိုက်ဒရိုက် ၁၅ ဂါလန်၊ ဘိန်းချက်စက်ရုံ ၂၀၊ ဘိန်းချက်ကိရိယာများနှင့် ဓာတုဗေဒဆေးဝါးများ ဖျက်ဆီးခဲ့ပြီးဖြစ်သည်။



ပန်းချီနှင့် ကာတွန်း ဆရာကြီး
မောင်စိန်

## မောင်စိန် ( ပန်းချီ)၊ ဦး (ခရစ် ၁၉၂၄–၁၉၉၄)။

ပန်းချီ၊ ကာတွန်း လောကတွင် မောင်စိန်ဟု ကျော်ကြားသော ပန်းချီနှင့် ကာတွန်းပညာရှင် ဦးစိန်ကို အဖ ဦးဖိုးရန်၊ အမိ ဒေါ်လှသင် တို့က ၁၉၂၄ ခုနှစ်၌ ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။ ပန်းချီ ပညာကို ၁၉၃၈ ခုနှစ်တွင် ဆရာဦးအုန်းမောင်ထံတွင်လည်း ကောင်း၊ ၁၉၃၉ ခုနှစ်တွင် ဦးဘဉာဏ်ထံတွင်လည်းကောင်း၊ ၁၉၄၉ ခုနှစ်တွင် ဦးငွေကိုင်ထံတွင်လည်းကောင်း သင်ကြား ဆည်းပူးခဲ့သည်။ ပန်းချီဆရာများက ဦးစိန်၏အစ်ကိုများအား ပန်းချီပညာလာရောက်သင်ကြားပေးရင်း ဦးစိန်သည်ဝါသနာပါကာ ပန်းချီပညာကို သင်ကြားတတ်မြောက်လာခြင်းဖြစ်သည်။ ဦးစိန်၏အကိုများကား ပန်းချီဆရာဖြစ်မလာဘဲ အင်ဂျင်နီယာများဖြစ်သွားကြသည်။ ၁၉၅၂ ခုနှစ်မှစ၍ စာပေဗိမာန်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်းတို့၏ သရုပ်ဖော်ပန်းချီများကို စတင်ရေးဆွဲခဲ့သည်။ နောက်ပိုင်းတွင် ကလေးဂျာနယ်၊ ပေဖူးလွှာ၊ နဝဒေး၊ ဒီမိုကရေစီမဂ္ဂဇင်း၊ မြတ်လုလင်စာစောင်၊ ရွှေဒါးစာစောင်မှ သည်ယနေ့ထုတ် စာနယ်ဇင်းများအထိ တွင်ကျယ်စွာ ရေးဆွဲခဲ့သည်။

၁၉၆၂ ခုနှစ်တွင် UNESCO FELLOWSHIP လေ့လာရေးဆုရရှိပြီး ပြင်သစ်၊ အင်္ဂလန်၊ အနောက်ဂျာမနီ၊ ဆွစ်ဇာလန်၊ အီတလီနိုင်ငံများသို့ စာနယ်ဇင်းသရုပ်ဖော်ပန်းချီပညာကို သွားရောက်လေ့လာခဲ့သည်။ ဦးစိန်သည် ဆီဆေး၊ ရေဆေးပန်းချီကားများကိုသာမက ဝတ္ထုသရုပ်ဖော်၊ လုံးချင်းမျက်နှာဖုံး၊ မဂ္ဂဇင်းအဖုံးပန်းချီများလည်း ရေးဆွဲသည်။ ဦးစိန်သည် ရှုမဝမဂ္ဂဇင်းတွင် ကလေးရှုမဝသရုပ်ဖော်၊ ဝတ္ထုသရုပ်ဖော်ပုံများ၊ ငွေတာရီမဂ္ဂဇင်းမျက်နှာဖုံးပုံများ၊ အတွင်းသရုပ်ဖော်ပုံများ၊ မင်္ဂလာ မောင်မယ်ဇာတ်လမ်းသရုပ်ဖော်ပုံများ အများအပြားရေးဆွဲခဲ့သည်။ မဂ္ဂဇင်းပေါင်းစုံတွင်လည်း လေးမျက်နှာကာတွန်း၊ တစ်မျက်နှာကာတွန်းများကို လစဉ်မှန်မှန်ရေးဆွဲခဲ့သည်။ ဦးစိန်၏ကာတွန်းများသည် အတွေးအခေါ်ကောင်း၍ လက်ရာမြောက်လှသည်။

ပေဖူးလွှာမဂ္ဂဇင်းတွင် ပါရှိသော "လူကြီးခန်း"၊ တစ်မျက်နှာကာတွန်းများမှာ သရော်ချက် ထိမိ၍ လူကြိုက်များသည်။

ဦးစိန်သည် ရုပ်ရှင်မင်းသားကြီး အကယ်ဒမီ ဦးကျော်ဝင်းနှင့် အကယ်ဒမီ ဖိုးပါကြီးတို့နှင့်အတူ မြင်ရုံတွင် ရုပ်ရှင်ပိုစတာများရေးဆွဲနေရာ ဒါရိုက်တာဆရာခန့်က ဦးစိန်အား ရုပ်ချောဗလကောင်း၍ ရုပ်ရှင်မင်းသားလုပ်ဖို့ပြောဆိုခဲ့သည်။ ဦးကျော်ဝင်းနှင့် ဖိုးပါကြီးတို့ကပါ ဦးစိန်အား ရုပ်ရှင်မင်းသားလုပ်ရန် တိုက်တွန်းကြသော်လည်း ဦးစိန်သည် သူ့ဝါသနာပါသော ပန်းချီရေးဆွဲခြင်းကို မစွန့်လွှတ်နိုင်ဟုဆိုကာ ငြင်းဆန်ခဲ့သည်။

ဦးစိန်သည် ဂျပန်ခေတ်၌ ဂျပန်သတင်းဖြန့်ချိရေးဌာနတွင် ဦးသုခ(စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဦးသုခ)နှင့်အတူ အလုပ်လုပ်ရာ တစ်နေ့တွင် ဂျပန်တစ်ဦးက ဦးသုခကို ပါးရိုက်ရာ ဦးစိန်က ပါးရိုက်သော ဂျပန်ကို ဓားဖြင့်ခုတ်၍ ထွက်ပြေးသည်။ ဂျပန်များက ဦးစိန်အား လိုက်လံဖမ်းဆီးရာ ဦးစိန်သည် ဟင်္သာတအထိ ပြေးခဲ့ရသည်။ ဦးစိန်သည် မြန်မာ့လွတ်လပ်ရေးအတွက် အာရှလူငယ်အစည်းအရုံးတွင်လည်း ဝင်ရောက်လှုပ်ရှားခဲ့သေးသည်။

ဦးစိန်သည် စာပေအနုပညာသမားများကို ခင်မင်သည်။ စေတနာထားကာကူညီသည်။ မဂ္ဂဇင်းစာစောင်တစ်စောင်သည် ရပ်တည်နိုင်အောင်မနည်းကြိုးစားနေရသည်ဟုကြားသိရလျှင် ရေးဆွဲခမယူပေ။ မေတ္တာဖြင့်ရေးဆွဲပေးလေ့ရှိသည်။

ဦးစိန်ရေးဆွဲသော သရုပ်ဖော်ပုံများသည် သေသပ်ကောင်းမွန်၍ ဆွဲဆောင်မှုကောင်းသည်။ ကလေးများအတွက် ရေးဆွဲသော ပုံများမှာ အရောင်အသွေးလိုက်ဖက်ညီပြီး ကလေးများ အလွန်နှစ်သက်ကြသည်။ ရှုမဝကလေးကဏ္ဍသရုပ်ဖော်ပုံများ၊ ရွှေသွေးစာစောင်မှ ကဗျာသရုပ်ဖော်ပုံများ မောင်ခေတ်ထွန်း ရေးသားသည့် သားရွှေစင်ပုံပြင် သရုပ်ဖော်ပုံများမှာ လက်ရာကောင်းမွန်၍ ရေးသားချက်အသက်ဝင်လှသည်။

ဦးစိန်ထံ ပန်းချီပုံအပ်ထားလျှင် ရက်ချိန်းအတိုင်း ပုံရသည်။ နေထိုင်မကောင်းလျှင်သာ ရက်ချိန်းလွဲသည်။ သို့သော် လွဲခဲသည်။ ဦးစိန်သည် စာအလွန်ဖတ်သူလည်း ဖြစ်သည်။ စာတည်းတစ်ယောက်ဟု ဆိုနိုင်သည်။ တချို့ဇာတ်လမ်းကို ပိုမိုကောင်းမွန်အောင်ဖြည့်စွက်၍လည်းကောင်း၊တည်းဖြတ်၍လည်းကောင်း ရေးဆွဲပေးလေ့ရှိသည်။ ဦးစိန် ဖြည့်စွက်တည်းဖြတ်၍ ဇာတ်လမ်းပျက်သွားသည်ဟူ၍ မရှိပေ။ထို့ပြင် ဦးစိန်သည် အကြောင်းအရာတစ်ရပ်ကို ရေးတော့မည်ဆိုလျှင် သေသေချာချာလေ့လာပြီးမှ ရေးဆွဲလေ့ရှိသည်။ သက်ဆိုင်သော စာအုပ်စာတမ်းများကို ဖတ်ရှုပြီးမှ ရေးဆွဲလေ့ရှိသည်။

ပန်းချီ၊ကာတွန်းအနုပညာလောကတွင် ထင်ရှားကျော်ကြားခဲ့သော ဦးစိန်သည် ၁၉၉၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကင်ဆာရောဂါဖြင့် ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ကြည်ကြည်မြင့် ကျန်ရစ်သည်။



**နိုင်ငံတော်သမ္မတ (အငြိမ်းစား) ဒေါက်တာမောင်မောင်**

**မောင်မောင်၊ ဒေါက်တာ(ခရစ်နှစ် ၁၉၂၅–၁၉၉၄)။** ။ နိုင်ငံတော်သမ္မတ (အငြိမ်းစား) ဒေါက်တာမောင်မောင်ကို အဘအထက်တန်းရှေ့နေဦးဆင့်၊ အမိဒေါ်အေးတင်တို့က ၁၉၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မန္တလေးမြို့၌ဖွားမြင်သည်။ မွေးချင်းနှစ်ယောက်ရှိသည့်အနက် တတိယမြောက်တစ်ဦးတည်းသော သားဖြစ်သည်။

ငယ်စဉ်က မန္တလေးမြို့အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ယူသည်။ ၁၉၃၉ ခုနှစ်တွင် မန္တလေးမြို့ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းမှ ၁၀ တန်းအောင်မြင်ပြီး မန္တလေးဥပစာကောလိပ် သိပ္ပံတန်းသို့တက်ရောက် ပညာသင်ကြားသည်။ ၁၉၄၃ ခုနှစ်တွင်ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီ–ဒီ–အေ) ထောက်ပံ့ရေးတပ်ရင်းသို့ဝင်ရောက်အမှုထမ်းသည်။ တပ်ကြပ်အဆင့်ရရှိပြီးနောက် ၁၉၄၄ ခုနှစ် တွင် မင်္ဂလာဒုံ စစ်တက္ကသိုလ် စတုတ္ထပတ်ဗိုလ်သင်တန်းတက်ရောက်သည်။ ၁၉၄၅ ခုနှစ်တွင်ဗိုလ်သင်တန်းဆင်းပြီး စစ်ဝန်ကြီးရုံးစစ်ပညာဌာနကြီးတွင် ဗိုလ်လေးအဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။ တော်လှန်ရေးတွင် ဟင်္သာတခရိုင်၊ မျိုးချစ်ဗမာ့တပ်မတော်တိုင်း (၁)ဌာနချုပ်၊ ပဲနွယ်ကုန်းတို့၌ တပ်များသိမ်းသည်အထိတာဝန်ထမ်းဆောင်သည်။

ဒေါက်တာမောင်မောင်သည် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ယူခဲ့ရာ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်

တက္ကသိုလ်မှအင်္ဂလိပ်စာဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၄၆ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာနနည်းပြအဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ပြန်ကြားရေးဌာန၊ နယူးတိုင်းအော့ဖ်ဘားမားသတင်းစာ အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ် နှစ်ဦးပိုင်းမှ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလအထိ မြန်မာနိုင်ငံမီးရထားဌာနလက်ထောက်အတွင်းဝန်အဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်သည်။

ဒေါက်တာမောင်မောင်သည် ၁၉၄၉ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ အင်္ဂလန်နိုင်ငံလန်ဒန်မြို့၌ ဥပဒေအပြည်ပြည်ဆိုင်ရာဆက်ဆံရေး၊ ပြန်ကြားရေးပညာများကို လေ့လာဆည်းပူးသည်။ ဟော်လန်နိုင်ငံရှိ ACADEMY OF INTERNATIONAL LAW မှ အပြည်ပြည်ဆိုင်ရာဥပဒေဒီပလိုမာရရှိသည်။ UTRECHT တက္ကသိုလ်မှကျော်ကြားသော ဥပဒေပညာရှင် PROF. J.H.W VERZIYL ထံတွင် ဒေါက်တာဘွဲ့အတွက်ကျမ်းပြုခွင့်ရသည်။ ၁၉၅၂ ခုနှစ်တွင် လန်ဒန်မြို့ LINCON'S INN မှ BARRISTER-AT-LAW ဝတ်လုံအဖြစ်ခံယူသည်။ ၁၉၅၆ ခုနှစ်တွင် ဟော်လန်နိုင်ငံ UTRECHT တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်ဖြင့် ဥပဒေပါရဂူ L.L.D (DOCTOR OF LAW) ဘွဲ့ရရှိသည်။

ဒေါက်တာမောင်မောင်သည် ဗိုလ်ချုပ်ကြီးနေဝင်းအိမ်စောင့်အစိုးရလက်ထက် ၁၉၅၉ ခုနှစ်တွင် လက်ထောက်ရှေ့နေချုပ်၊ ရန်ကုန်တက္ကသိုလ်ဥပဒေကထိက တာဝန်များထမ်းဆောင်သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ နှစ်အထိ အမေရိကန်နိုင်ငံ YALE တက္ကသိုလ်၌ ကထိကအဖြစ် စာပေပို့ချရင်းကျမ်းပြုကာ ၁၉၆၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်အတွက် ဒေါက်တာဘွဲ့ကို ရရှိသည်။

ဒေါက်တာမောင်မောင်သည် တော်လှန်ရေးကောင်စီလက်ထက်တွင် တရားရုံးချုပ်တရားသူကြီးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအမြှုတေပါတီကာလတွင် ပညာရေးရာကော်မတီဝင်အဖြစ်တာဝန်ထမ်းဆောင်သည်။ ၁၉၇၁ ခုနှစ်၊ပထမအကြိမ်ပါတီညီလာခံတွင် ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းသောအဖွဲ့ဝင် ၉၇ ဦးပါဝင်သည့် နိုင်ငံတော်ဖွဲ့စည်း အခြေခံဥပဒေသစ် (မူကြမ်း) ရေးဆွဲရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည်။ ၁၉၇၂ ခုနှစ်တွင် တော်လှန်ရေး ကောင်စီအဖွဲ့ဝင်ဖြစ်လာပြီး ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိတော်လှန်ရေးအစိုးရ အဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်သည်။

ဒေါက်တာမောင်မောင်သည် ဒုတိယအကြိမ်ပါတီညီလာခံ၊ တတိယအကြိမ်ပါတီညီလာခံနှင့် စတုတ္ထအကြိမ်ပါတီညီလာခံတို့တွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ်သုံးကြိမ်ဆက်တိုက်ရွေးချယ်ခံရသည်။ ၁၉၇၄ ခုနှစ်၊ ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ် တင်မြှောက်ပွဲတွင် အမရပူရမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှလည်းကောင်း၊ ၁၉၇၈ ခုနှစ်၊ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ၊ ၁၉၈၁ ခုနှစ်၊တတိယအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲနှင့် ၁၉၈၅ ခုနှစ်၊ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများတွင် မန္တလေးအရှေ့မြောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်အရွေးခံရပြီး သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်အစည်းအဝေးများက နိုင်ငံတော်ကောင်စီဝင် အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၈ ခုနှစ်တွင်ဥပဒေကော်မရှင်ဥက္ကဋ္ဌတာဝန်ထမ်း ဆောင်သည်။ ၁၉၈၈ ခုနှစ်တွင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၊ ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ပြီး စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတ အဖြစ်မှ အငြိမ်းစားယူသည်။

ဒေါက်တာမောင်မောင်သည် နိုင်ငံတော်တာဝန်များ ထမ်းဆောင်နေစဉ်အတွင်း အင်္ဂလန်၊ ဟော်လန်၊ ပြင်သစ်၊ အမေရိကန်၊ အစ္စရေး၊ အီဂျစ်၊ လက်ဘနွန်၊ ဆွစ်ဇာလန်၊ အိန္ဒိယ၊ နီပေါ၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ဂျာမနီ၊ တရုတ်၊ လော၊ ကိုရီးယား၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဩစတြေးလျ စသည့်နိုင်ငံများသို့ တာဝန်ဖြင့် သွားရောက်ခဲ့ သည်။

ဒေါက်တာမောင်မောင်သည်မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် စာပေရေးသားပြုစုခဲ့သည်။ မြန်မာဘာသာဖြင့်ရေးသားထုတ်ဝေခဲ့သောစာအုပ်အချို့မှာ သွေးနီ (၁၉၄၆)၊ သက်ရှိရာဇဝင် (၁၉၅၆)၊ တို့ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ (၁၉၅၉)၊ နိုင်ငံတော်လုပ်ကြံမှု ပြည်ထောင်စုနှင့်ဦးစော (၁၉၆၅)၊ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း (၁၉၆၉)၊ သားမောင်စစ်သည်သို့ (၁၉၇၂)၊ တရားဥပဒေအထွေထွေဗဟုသုတ (၁၉၇၄)နှင့်

ပြည်သူ့ ဝန်ထမ်းသားသမီးများသို့ (၁၉၈၇) စာအုပ်တို့ ဖြစ်သည်။ ထိုစာအုပ်များအနက် မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီး နေဝင်း (၁၉၆၉) စာအုပ်သည် ၁၉၆၉ ခုနှစ်၊ အမျိုးသားစာပေ ဆု (နိုင်ငံရေးစာပေ) ရရှိသည်။ အင်္ဂလိပ်ဘာသာဖြင့်ရေးသား ထုတ်ဝေခဲ့သောစာအုပ်အချို့မှာ

NOTES ON A BOOK OF ENGLISH VERSE FOR MATRICULATION STUDENTS. THE FORGOTTEN ARMY (1946). BURMA'S TEETHING TIME (1949). LONDON DIARY (1952). GRIM WAR AGAINST KMT (1953). BURMA IN THE FAMILY OF NATIONS (1956). BURMA' S CONSTITUTION (1959). A TRAIL IN BURMA (1960). AUNG SAN OF BURMA (1961). LAW AND CUSTOM IN BURMA AND THE BURMESE FAMILY (1961). BURMA AND GENERAL NE WIN (1969)နှင့် TO A SOLDIER SON (1972) စာအုပ်တို့ ဖြစ်သည်။

ဒေါက်တာမောင်မောင်သည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်းကြောင့်နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)ကို ၁၉၇၅ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံတော်ကပေးအပ်သည့်တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ကို ၁၉၈၄ ခုနှစ်တွင်လည်းကောင်း ရရှိသည်။

ဒေါက်တာမောင်မောင်သည် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဟင်္သာတမြို့နေပါလီမန်အမတ် ဦးသန်းတင်၊ ဒေါ်ကျင်မြတို့၏သမီးဒေါ်ခင်မြင့်နှင့်လက်ထပ်ခဲ့သည်။ သားသမီးခုနစ်ဦးထွန်းကားခဲ့ရာ သားသမီးများသည်စစ်မှုထမ်း၊ အင်ဂျင်နီယာ၊ ပညာရေးဝန်ထမ်း၊ ဌာနဆိုင်ရာအရာထမ်း စသည်ဖြင့် နိုင်ငံတော်တာဝန်များကိုထမ်းဆောင်လျက်ရှိသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင်တစ်တပ်တစ်အား ပါဝင်ခဲ့ပြီး နိုင်ငံ့တာဝန်များကိုကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သမ္မတ (အငြိမ်းစား) ဒေါက်တာမောင်မောင်သည် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့၌ ရန်ကုန်မြို့တွင်ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်မြင့်နှင့် သားသုံးဦး၊ သမီးလေးဦး၊ မြေး ၁၀ ဦးကျန်ရစ်သည်။

**မျိုးချစ်၊ တက္ကသိုလ် (ဝဏ္ဏကျော်ထင်) (ခရစ် ၁၉၂၀–၁၉၉၄)။** ။မြန်မာပြဇာတ်လောကနှင့်ရုပ်ရှင်လောကတွင် အောင်မြင်ကျော်ကြားခဲ့သော ဝဏ္ဏကျော်ထင်ဘွဲ့ရ ပြဇာတ်နှင့်ရုပ်ရှင်မင်းသားတက္ကသိုလ်မျိုးချစ်ကို အဖ လယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးဘိုးကြွေ၊ အမိ ဒေါ်လုံးဖြူတို့က ၁၉၂၀ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့၌ မော်ဘီမြို့တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်ဘခင်ဖြစ်ပြီး



ဝဏ္ဏကျော်ထင် တက္ကသိုလ်
မျိုးချစ်

မွေးချင်းခြောက်ယောက်တွင် စတုတ္ထမြောက်သားဖြစ်သည်။

ငယ်စဉ်က ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်းတွင်ပညာသင်ယူသည်။ ၁၀ တန်းအောင်ပြီးနောက် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ရာ ဥပစာသိပ္ပံ (အိုင်အက်စ်စီ) အောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူစဉ် တက္ကသိုလ်အရန်တပ်ရင်းသို့ ဝင်ရောက်ခဲ့ရာ ဒုတိယတပ်ကြပ်အဆင့် ရရှိသည်။

တက္ကသိုလ်မျိုးချစ်သည် ၁၉၄၂ ခုနှစ်၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) သို့ဝင်ရောက်ပြီး ဗိုလ်ဗလ တပ်တွင် ပါဝင်တိုက်ခိုက်တာဝန်ထမ်းဆောင်သည်။ ၁၉၄၃ ခုနှစ်၌ မကွေးတိုင်း၊ မင်းတုန်းမြို့တွင် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်မြို့ရှိ အာရှလူငယ်အစည်းအရုံးဝင် ဦးဗဂျမ်းနှင့်ဦးကျော်မြင့်လေးတို့က ခေါ်ယူသဖြင့် အာရှလူငယ်အစည်းအရုံးတွင် ဒေါင်းမြီးသုံးကွက်အဆင့် စည်းရုံးရေးမှူးတာဝန်ထမ်းဆောင်သည်။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောအဖွဲ့ တရားလိုက်လံဟောပြောစဉ် တရားမဟောမီ “ဗမာ့လွတ်လပ်ရေး” သီချင်းအပါအဝင် မျိုးချစ်သီချင်းများကို တရားဟောစင်မြင့်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ (စာရေးဆရာ တက္ကသိုလ်နေဝင်း) နှင့်အတူ သီဆိုဖျော်ဖြေသည်။

၁၉၄၅ ခုနှစ်၌ ရန်ကုန်မြို့ ကန်တော်ကြီးတိရစ္ဆာန်ဥယျာဉ်ရှေ့ရှိ မြိုင်ပြဇာတ်ရုံတွင် ပြဇာတ်များရေးသားစီစဉ်တင်ဆက်နေသော ဒါရိုက်တာ ရွှေဒုံးဘီအောင်၏ “တကယ့်စစ်သား” ပြဇာတ်ဖြင့် ပြဇာတ်လောကသို့ ဝင်ရောက်သည်။ “တကယ့်စစ်သား” ပြဇာတ်တွင် ပြဇာတ်မင်းသားကျော်ဝင်း (ပထမဆုံး အမျိုးသားသရုပ်ဆောင်ရုပ်ရှင်အကယ်ဒမီဆုရ ကျော်ဝင်း)၊ မေချစ်၊ ဖိုးပါကြီးတို့နှင့် တွဲဖက်ကပြခဲ့ရာမှ ပြဇာတ်မင်းသားတက္ကသိုလ်မျိုးချစ်ဖြစ်လာသည်။ တက္ကသိုလ်မျိုးချစ်သည် ပြဇာတ်ကပြမှု အနုပညာဗီဇရှိသူဖြစ်သည်။ ဒါရိုက်တာ၏ညွှန်ကြားမှုကို ဇာတ်လမ်းနှင့် အံဝင်ခွင်ကျအောင်သရုပ်ဆောင်နိုင်ပြီး

သရုပ်ဆောင်မှုကောင်းသောကြောင့် တစ်ရှိန်ထိုးနာမည်ကျော်ကြားလာသည်။ တက္ကသိုလ်မျိုးချစ်အား ညွှန်ကြားပြသခဲ့သော ဒါရိုက်တာများတွင် ရွှေဒုံးဘီအောင်၊ မိုလ်ကလေးတင့်အောင်၊ ဒဂုန်ဆရာတင်၊ ပျော်တော်ဆက်သန်းနွဲ့နှင့် ကျွန်တော်ချစ်မောင်တို့ ပါဝင်သည်။

တက္ကသိုလ်မျိုးချစ်ပါဝင်ကပြခဲ့သော ပြဇာတ်များတွင် နေရီရီ၊ စံပြမယား၊ မိမွေဖမွေ၊ နောင်းချစ်ပဲ့တင်၊ ဂီတလုလင်၊ ခွာညိုသင်းပြီမေ၊ သစ္စာပန်းနှစ်ခိုင်၊ နှစ်သစ်ချစ်ဦး၊ နှောင်ကြိုးကိုင်ငင်ပါ့မယ်နှင့် ဝါကျွတ်ပေါ့ သက်ဝေရယ်စသည့်ပြဇာတ်များမှာ အောင်မြင်ကျော်ကြားသည်။ ၁၉၅၀ ခုနှစ်မှ ၁၉၅၃ ခုနှစ်အတွင်း ရန်ကုန်မြို့၊ ပန်းဆိုးတန်းရှိ ဝင်းဝင်းရုံတွင် ပြဇာတ်တင်ဆက်ကပြမှု အထွက်အထိပ်သို့ ရောက်ရှိခဲ့ရာ တက္ကသိုလ်မျိုးချစ်ပါဝင်ကပြခဲ့သော ဒါရိုက်တာ ပျော်တော်ဆက်သန်းနွဲ့၏ မေတ္တာတန်ဆောင်၊ ချစ်ကြေးမုံ၊ ချစ်တတ်ပါစေ၊ ဒါရိုက်တာဒဂုန်ဆရာတင်၏ ချစ်တာပါပဲနှင့် ဒါရိုက်တာ ကျွန်တော်ချစ်မောင်၏ တင့်တင့်တယ်တယ်၊ မင်္ဂလာဖိတ်စာ ပြဇာတ်များလည်း ပါဝင်သည်။ တက္ကသိုလ်မျိုးချစ်နှင့်အတူ ပြဇာတ်ကပြခဲ့သူများမှာ ကျော်ဝင်း၊ ဇေယျ၊ ဖိုးပါကြီး၊ တက္ကသိုလ်သက်ဝေ၊ ခင်မောင်မြင့်၊ ခင်ဇော်၊ ဇော်ဝင်း၊ မြင့်မောင်၊ မြမောင်၊ ကျော်ဧ၊ သန်းနွဲ့၊ ကျော်လီဆွေ၊ ကေို၊ ကြယ်နီ၊ ချစ်မောင်၊ မြင့်ဖေ၊ သိန်းမောင်ကြီးနှင့် မေချစ်၊ မေမြင့်၊ တင်တင်မူ၊ မြင့်မြင့်ဌေး၊ ခင်ခင်ရီ၊ မေရီမြင့်၊ ခင်အုန်းမြင့်၊ စိုးယုမေ၊ မယ်ဗမာမေသဇင်၊ ထိပ်တင်ထွေး၊ မေမေဝင်း၊ သန်းသန်းမြင့်၊မခင်ကြည်၊ ညိုညိုဝင်း၊ မသန်းကြည်၊ ရွှေလုံး၊ မစိန်ခင်၊ မြမြတင်၊ ဒေါ်ခင်ညွှန့် တို့ ဖြစ်သည်။

တက္ကသိုလ်မျိုးချစ်သည် ရုပ်ရှင်မင်းသားအဖြစ် ရုပ်ရှင်ဇာတ်ကားအများအပြားရိုက်ကူးခဲ့ရာချစ်အဏ္ဏဝါမြူ၊ချစ်တော့ချစ်တယ်၊ မိမွေဖမွေ စသည့်ဇာတ်ကားများမှာ ထင်ရှားကျော်ကြားသည်။ ချစ်အဏ္ဏဝါမြူဇာတ်ကားကို ဒါရိုက်တာ သုခ ရိုက်ကူးပြီး တက္ကသိုလ်မျိုးချစ်နှင့်အတူ ခင်အုန်းမြင့်၊ ဇေယျတို့ ပါဝင်သရုပ်ဆောင်သည်။ တက္ကသိုလ်မျိုးချစ်သည် ပြဇာတ်နှင့် ရုပ်ရှင်များတွင် ဇာတ်ဝင်သီချင်းများကို ကိုယ်တိုင် သီဆိုကပြ သရုပ်ဆောင်ခဲ့သူဖြစ်သည်။

တက္ကသိုလ်မျိုးချစ်သည် ၁၉၄၇ ခုနှစ်၌ ပြဇာတ်နှင့် ရုပ်ရှင်မင်းသမီးခင်အုန်းမြင့်နှင့် လက်ထပ်သည်။ ၁၉၅၆ ခုနှစ်၌ တရုတ်နိုင်ငံတွင်ကျင်းပခဲ့သော ရုပ်ရှင်ပညာနီးနှောဖလှယ်ပွဲသို့ မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တက်ရောက်သည်။

တက္ကသိုလ်မျိုးချစ်သည် ၁၉၅၈ ခုနှစ်၌ နိုင်ငံတော်က ချီးမြှင့်အပ်နှင်းသည့် ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိသည်။ ပြဇာတ်နှင့်ရုပ်ရှင်အမြောက်အမြား ကပြရိုက်ကူးသရုပ်ဆောင်ခဲ့သော ဝဏ္ဏကျော်ထင်ဘွဲ့ရ တက္ကသိုလ်မျိုးချစ်သည် ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်အုန်းမြင့်နှင့် သမီးနှစ်ဦးကျန်ရစ်သည်။



အငြိမ်းစား နိုင်ငံတော် တရား ဝန်ကြီးချုပ် ဦးမြင့်သိန်း

**မြင့်သိန်း၊ ဦး (အငြိမ်းစားနိုင်ငံတော် တရားဝန်ကြီးချုပ်) (ခရစ် ၁၉၀၀–၁၉၈၄)။** ။အငြိမ်းစား နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်းကို အဖ ကေအက်စ်အမ်၊ အေတီအမ်ဘွဲ့ရ အရေးပိုင် ဦးဖိုန်း၊ အမိ ဒေါ်မိမိတို့က ၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၂ ရက် နေ့တွင် ဘိုကလေးမြို့၌ ဖွားမြင်သည်။ ဝန်ကြီးဟောင်း ဦးတင်ထွတ် (အိုင်စီအက်စ်) နှင့်ဝန်ကြီးဟောင်း ဦးကျော်မြင့် (ဥပဒေပါမောက္ခ၊ ဝတ်လုံတော်ရ ရှေ့နေကြီး) တို့သည် ဦးမြင့်သိန်း၏ အစ်ကိုများဖြစ်ပြီး ဒေါ်မြမူ (အမ်အေ) စည်သူ ဒေါက်တာထင်အောင် (အငြိမ်းစားရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် နှင့် ဒုတိယ အဓိပတိ၊အငြိမ်းစားသံအမတ်ကြီး)၊ ဒေါ်ခင်စောမူ (ဘီအေ) နှင့်ဒေါ်တင်စောမူ(အမ်အေ) (အငြိမ်း စား ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာန ဌာနမှူး) တို့သည် ဦးမြင့်သိန်း၏ ညီနှင့်ညီမများဖြစ်သည်။

ဦးမြင့်သိန်းသည် ငယ်စဉ်က ဖခင်တာဝန်ထမ်းဆောင်သည့် မြို့များသို့ လိုက်ပါနေထိုင်ပြီး မူလတန်းပညာကို ပဲခူးမြို့တွင် လည်းကောင်း၊ ငါးတန်းနှင့်ခြောက်တန်းကို မန္တလေးမြို့ အေဘီအမ်ကျောင်းတွင်လည်းကောင်း၊ ခုနစ်တန်းမှ ၁၀ တန်းအထိ ရန်ကုန်ဟိုက်စကူးကျောင်း (ယခု အ.ထ.က –၁ လသာ) တွင်လည်းကောင်း ပညာသင်ယူသည်။ ခုနစ်တန်းစာမေးပွဲကို မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ပထမဖြင့် အောင်မြင်သည်။ ၁၀ တန်း

အောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူရာ တက္ကသိုလ်ပညာသင် ဆုရရှိသည်။ ရန်ကုန်တက္ကသိုလ်မှ အမ်အေအောင်သည်။ အင်္ဂလန်နိုင်ငံသို့ သွားရောက်ပြီး ပညာသင်ယူရာ ကိန်းဗရစ်ကွင်း ကောလိပ်မှ အမ်အေနှင့် အယ်လ်အယ်လ်ဘီ ဘွဲ့ကိုလည်းကောင်း၊ လန်ဒန်လင်ကွန်းအင်းမှ Barrister-at-law ဘွဲ့ကိုလည်းကောင်း ရရှိသည်။ ရန်ကုန်တက္ကသိုလ်ကလည်း ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ (L.L.D Honoris) ချီးမြှင့်ခြင်းခံရသည်။

ဦးမြင့်သိန်းသည် ၁၉၂၅ ခုနှစ်တွင် ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်း၌ ကျောင်းအုပ်အဖြစ်တာဝန်ထမ်းဆောင်ရင်း ရှေ့နေအလုပ်လုပ်ကိုင်သည်။ ၁၉၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ပခုက္ကူအရှေ့ပိုင်း မဲဆန္ဒနယ် အမတ်အဖြစ် မျိုးချစ်ပါတီမှ ဝင်ရောက်အရွေးခံရာ အရွေးခံရသည်။ ၁၉၂၅ ခုနှစ်မှ ၁၉၂၈ ခုနှစ်အထိ ပခုက္ကူအရှေ့ပိုင်း မဲဆန္ဒနယ်အမတ်ဖြစ်သည်။ ၁၉၂၈ ခုနှစ် ရွေးကောက်ပွဲတွင် မမှန်မကန်ပြုလုပ်ခြင်းခံရပြီး မဲရှုံးသဖြင့် နိုင်ငံရေးလောကမှထွက်ကာ ရန်ကုန်တွင်ရှေ့နေအဖြစ် ပြန်လည်လုပ်ကိုင်သည်။

ဦးမြင့်သိန်းသည် ရှေ့နေလုပ်ကိုင်နေစဉ် ၁၉၂၈ ခုနှစ်တွင် အင်္ဂလိပ်စစ်တပ်မှ အရန်စစ်ဗိုလ်များခေါ်သဖြင့် လျှောက်ထားရာ အရွေးခံရသည်။ ပထမတစ်နှစ်တွင် အင်္ဂလိပ် စစ်တပ်၌ တစ်လသင်တန်းတက်ရပြီး နောက်ပိုင်းတွင် ဘားမားရိုင်ဖယ်တပ်၌ တစ်နှစ်လျှင် နှစ်ပတ်သွားရောက် အမှုထမ်းဆောင်ရသည်။ ၁၉၃၀ ပြည့်နှစ်တွင် ပြည်ထဲရေးဝန်ကြီးက လက်ထောက်အစိုးရ ရှေ့နေအဖြစ် ဝင်ရောက်လုပ်ကိုင်ရန် ကမ်းလှမ်းခဲ့ရာ မလုပ်လိုသော်လည်း ငြင်းပယ်ရန်မသင့်သဖြင့် လက်ခံလိုက်သည်။ လက်ထောက် အစိုးရရှေ့နေအလုပ်သည် အချိန်ပြည့်တာဝန်ထမ်းဆောင် ရခြင်းမဟုတ်သောကြောင့် ရှေ့နေလုပ်ငန်းကို ဆက်လက် လုပ်ကိုင်သည်။

ဦးမြင့်သိန်းသည် ၁၉၃၂ ခုနှစ်တွင် ရန်ကုန်အစိုးရရှေ့နေအဖြစ် အချိန်ပြည့်ခန့်ထားခြင်းခံရသည်။ ၁၉၃၂ ခုနှစ်မှ ၁၉၃၉ ခုနှစ်ထိ ရန်ကုန်တက္ကသိုလ်ကောင်စီအဖွဲ့ဝင်နှင့် အမျိုးသားပညာရေး ကောင်စီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ ၁၉၃၅ ခုနှစ်တွင် စမော်ကော်ရုံး ( Small Cases Court ) တရားသူကြီးအဖြစ်ထမ်းဆောင်သည်။ ၁၉၃၅ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ဗဟိုအစိုးရရှေ့နေအဖြစ် တိုးမြှင့်ခန့်ထားခြင်းခံရသည်။

၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ အင်္ဂလိပ်စစ်တပ် အရန်စစ်ဗိုလ်ဦးမြင့်သိန်းသည် အင်္ဂလိပ် စစ်တပ်သို့ ဝင်ရောက်သည်။ ၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ အင်္ဂလိပ်တို့ဆုတ်ခွာခဲ့ရာ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြစ်နေသော ဦးမြင့်သိန်းသည် ရွှေဘိုမြို့နယ်ရှိ ရွာတစ်ရွာသို့ ရောက်သောအခါ ချန်နေရစ်သည်။ မြန်မာနိုင်ငံသို့ ဂျပန်များဝင်ရောက်လာချိန်တွင် ဦးမြင့်သိန်းသည် ကျောက်ဆည်မြို့နယ်ရှိ ရွာတစ်ရာရွာ၌ ပုန်းအောင်းနေထိုင်ပြီးနောက် ရှမ်းပြည်နယ်သို့ ရှောင်တိမ်းသွားရသည်။ ဦးမြင့်သိန်းသည် ကလောမြို့တွင် နေထိုင်စဉ် အားလူးစိုက်ပျိုးခြင်း၊ ထင်းရောင်းခြင်းစသည့်အလုပ်များကို လုပ်ကိုင်သည်။ ထိုအချိန်က အိုင်းရစ်နှင့် အီတာလျှံ သီလရှင်များ၊ ဗြိတိသျှ၊ အိန္ဒိယနှင့်ဒိန်းမတ်လူမျိုးများသည် ဦးမြင့်သိန်း၏ ကယ်တင်မှုကြောင့် ဂျပန်တို့၏ ဘေးအန္တရာယ်မှ လွတ်မြောက်သွားသည်။ ဗြိတိသျှ၊ အိန္ဒိယနှင့် ဒိန်းမတ်အစိုးရတို့က ဦးမြင့်သိန်း၏ ကယ်တင်မှုကို ချီးကျူးသည်။ ၁၉၄၅ ခုနှစ်တွင် ဦးမြင့်သိန်းသည်အင်္ဂလိပ်စစ်တပ်နှင့် ပြန်လည်အဆက်အသွယ်ရရှိသည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ ပြန်လည်သိမ်းပိုက်ပြီး ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် စစ်အုပ်ချုပ်ရေး ရုပ်သိမ်း၍ ဘုရင်ခံပြန်လည်ရောက်ရှိသောအခါ ဗိုလ်မှူးကြီးအဆင့်ဖြစ်နေသော ဦးမြင့်သိန်းသည် အင်္ဂလိပ်စစ်တပ်မှ နုတ်ထွက်လိုက်သည်။

ဦးမြင့်သိန်းသည် ၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ မြို့ပြကာကွယ်ရေး ကော်မရှင်နာအဖြစ်လည်းကောင်း၊ ကက်စ်ဘိတရားရေးဆိုင်ရာ အရာရှိချုပ်အဖြစ် လည်းကောင်း၊ မိတ္ထီလာခရိုင် စက်ရှင်တရားသူကြီးအဖြစ်လည်းကောင်း ထမ်းဆောင်သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်မြို့ တရားမ တရားရုံး တရားသူကြီးချုပ်အဖြစ် တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ၁၉၄၇ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နယ်ခြားရေးရာဌာနတွင် တွဲဖက်အတွင်းဝန်အဖြစ် ထမ်းဆောင်သည်။ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲသူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ဦးမြင့်သိန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ တရုတ်ပြည်ဆိုင်ရာ ပထမဆုံးမြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသဖြင့် နန်းကင်းမြို့တွင် တာဝန်ထမ်းဆောင်သည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၁ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပထမဆုံး မြန်မာသံအမတ်ကြီးအဖြစ် ပီကင်းမြို့တွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၁ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ မြန်မာ

သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ၁၉၅၂ ခုနှစ်တွင် တရားလွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ဗိုလ်မှူးကြီးအဆင့်ဖြင့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်အကြံပေးပုဂ္ဂိုလ်အဖြစ်လည်း ထမ်းဆောင်သည်။ ၁၉၅၇ ခုနှစ်တွင် နိုင်ငံတော်တရားဝန်ကြီးချုပ်အဖြစ် တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်တရားဝန်ကြီးချုပ်အဖြစ်မှ အငြိမ်းစားယူသည်။ တော်လှန်ရေးအစိုးရလက်ထက် ၁၉၆၂ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ထိန်းသိမ်းခံခဲ့ရသည်။

ဦးမြင့်သိန်းသည်မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အဖြစ် အပြည်ပြည်ဆိုင်ရာညီလာခံ၊ အစည်းအဝေးနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်သည်။ ဆဋ္ဌမအကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးမြင့်သိန်းသည် မြန်မာနိုင်ငံအား ကူမင်တန်တို့ ဝင်ရောက်ကျူးကျော်မှုကို တင်ပြဆွေးနွေးခဲ့ရာ ကမ္ဘာ့စာနယ်ဇင်းများက အကျယ်တဝင့် ဖော်ပြခြင်းကြောင့် အပြည်ပြည်ဆိုင်ရာက အာရုံစူးစိုက်မှု ခံရသည်။ သတ္တမအကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့လည်း မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် တက်ရောက်သည်။ ၁၉၅၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင်ကျင်းပသော အာရှ–အာဖရိက ညီလာခံ (ဘန်ဒေါင်းကွန်ဖရင့်) သို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တက်ရောက်သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ Afro-Asian Legal Consultative Committee ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

ဦးမြင့်သိန်းသည် ဆောင်းပါးနှင့်ကဗျာများ ရေးသားခဲ့သော စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ ၁၉၅၁ ခုနှစ်မှ စ၍ ဂါးဒီးယန်းသတင်းစာနှင့် မဂ္ဂဇင်းများတွင် MMT ကလောင်အမည်ခံယူကာ ဆောင်းပါးနှင့်ကဗျာများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည်။ ဦးမြင့်သိန်း ရေးသားပြုစုသည့် "Burmese Folk Songs" ကဗျာစာအုပ်ကို ၁၉၇၀ ပြည့်နှစ်တွင်လည်းကောင်း၊ "When At Nights I Strive to Sleep" ကဗျာစာအုပ်ကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း အင်္ဂလန်နိုင်ငံ အောက်စ်ဖို့တက္ကသိုလ် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး "Burmese Nursery Rhymes" စာအုပ်ကို ၁၉၈၀ ပြည့်နှစ်တွင်လည်းကောင်း၊ "Burmese Proverbs Explained In Verse" စာအုပ်ကို ၁၉၈၄ ခုနှစ်တွင် လည်းကောင်း စင်ကာပူနိုင်ငံမှ ရိုက်နှိပ်ထုတ်ဝေ သည်။

ဦးမြင့်သိန်းသည် အင်္ဂလိပ်ခေတ် မြန်မာနိုင်ငံအစိုးရက ချီးမြှင့်သော အေတီအမ်ဘွဲ့ (အမှုထမ်းကောင်းတံဆိပ်ရမင်းဘွဲ့)ကို ၁၉၃၇ ခုနှစ်တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံက ချီးမြှင့်သော အိုဘီအီးဘွဲ့ (Order of the British Empire) နှင့် ဒိန်းမတ်နိုင်ငံက ချီးမြှင့်သော ဒီအိုအယ်လ်ဘွဲ့ (Danish Order of liberty)တို့ကို၁၉၄၅ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကချီးမြှင့်သော သတိုးမဟာသရေစည်သူဘွဲ့ကို ၁၉၅၁ ခုနှစ်တွင် လည်းကောင်း၊ ယူဂိုဆလပ်နိုင်ငံက ချီးမြှင့်သော အိုဝိုင်အက်စ်ဘွဲ့ (Order of Yugoslav Star) ကို ၁၉၅၅ ခုနှစ်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ အစိုးရက ချီးမြှင့်သော အဂ္ဂမဟာသရေစည်သူဘွဲ့ကို ၁၉၅၈ ခုနှစ်တွင် လည်းကောင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ၁၉၈၁ ခုနှစ်တွင်လည်းကောင်း အသီးသီးရရှိသည်။

ဦးမြင့်သိန်းသည် ပြည်တွင်းပြည်ပ ချစ်ခင်သူပေါများသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ တရုတ်နိုင်ငံမှ မော်စီတုံး၊ ချူအင်လိုင်း၊ တိန့်ရှင်ချောင်း၊ အိန္ဒိယနိုင်ငံမှ ပန်ဒစ်ဂျဝါဟလာနေရူး၊ အင်ဒီရာဂန္ဓီ၊ ရာဂျစ်ဂန္ဓီ၊ ဗီယက်နမ်နိုင်ငံမှ ဟိုချီမင်း၊ ဂျပန်နိုင်ငံ ဘုရင် ဟီရိုဟီတို၊ အီဂျစ်နိုင်ငံမှ နာဆာ၊ အင်ဒိုနီးရှားနိုင်ငံမှ ဆူကာနို၊ ထိုင်းနိုင်ငံမှ ပီးဘူးလ်စွန်ကရန်၊ ဗြိတိန်နိုင်ငံမှ လော့ဒ်မောင့်ဘက်တန်နှင့်ဇနီး၊ အမေရိကန်ပြည်ထောင်စုမှ ရစ်ချတ်နစ်ဆင်တို့သည် ဦးမြင့်သိန်းနှင့် ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်ကြီးများဖြစ်သည်။ Maurice Collis ရေးသားသည့် "Trials in Burma" စာအုပ်တွင် ဦးမြင့်သိန်း၏ ယဉ်ကျေးသိမ်မွေ့ပြီး လူကြီးလူကောင်းပီသစွာ ပြုမူနေထိုင်ပြောဆိုပုံများကိုဖော်ပြထားသည်။ K.M.Panikkar ရေးသားသည့် "In Two Chinas" စာအုပ်တွင်လည်း ဦးမြင့်သိန်းနှင့်ဇနီးတို့၏ အကြောင်းကို ချီးကျူးရေးသားထားသည်။

ဦးမြင့်သိန်းသည် မြန်မာအမျိုးသမီးများအနက် ပထမဆုံးဘိလပ်မှ ဥပဒေပါရဂူဘွဲ့ရရှိပြီး ပထမဆုံး မြန်မာအမျိုးသမီး ဝတ်လုံတော်ရ ရှေ့နေကြီး ဒေါ်ဖွားမိုနှင့် ၁၉၃၂ ခုနှစ်တွင် လက်ထပ်သည်။ ဦးမြင့်သိန်းနှင့် ဒေါ်ဖွားမိုတို့တွင် သားသမီးထွန်းကားခြင်းမရှိဘဲ ၁၉၆၂ ခုနှစ်တွင် ဒေါ်ဖွားမို ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့သော အငြိမ်းစားနိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်းသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**မြန်မာနိုင်ငံ ကြက်ခြေနီလှုပ်ရှားမှုများ။** ။မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အိန္ဒိယကြက်ခြေနီအသင်းကြီးမှ ခွဲထွက်၍ သီးခြားအမျိုးသား ကြက်ခြေနီအသင်း

အဖြစ် ၁၉၃၇ ခုနှစ်မှ စ၍ ရပ်တည်လာခဲ့သည်။ ယင်းသို့ ရပ်တည် လာခဲ့ရာ ၁၉၉၄ ခုနှစ်တွင် ၅၇ နှစ်တာ ကာလအတွင်း ရောက်ရှိလာပြီဖြစ်သည်။မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲ လှုပ်ရှားမှုများကို သိရှိနိုင်ကြစေ ရန် အောက်ပါအတိုင်း ဖော်ပြပါသည်။

၁၉၅၂ ခုနှစ်တွင် မြန်မာအမျိုးသားများထဲမှ ပထမဦးဆုံး မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ တရားလွှတ်တော် တရားဝန်ကြီးချုပ် ဆာဘဦးသည် တစ်ချိန် တည်းမှာပင် စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့၏ တပ်မင်းချုပ် အဖြစ်လည်းထမ်းရွက်ခဲ့သည်။ ယင်းသို့ ထမ်းရွက်စဉ် တကွဲတပြားစီဖြစ်နေသော မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းနှင့် စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့တို့ကို ပေါင်းစည်းပေးခဲ့ သည်။ ထိုသို့ ပေါင်းစည်းပြီးနောက် မြန်မာနိုင်ငံ စိန့်ဂျွန်း သူနာပြုတပ်ဖွဲ့ကို ဗြိတိန်နိုင်ငံ စိန့်ဂျွန်းသူနာပြု တပ်ဖွဲ့ ဌာနချုပ်နှင့် အဆက်အသွယ် ဖြတ်တောက်ခဲ့သည်။

၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အက် ဥပဒေကို ပါလီမန်က ပြဋ္ဌာန်းပေးခဲ့သည်။ ယင်း ဥပဒေပါ ပြဋ္ဌာန်းချက်အရ၊ မြန်မာနိုင်ငံတစ်ဝန်း မြို့နယ် အသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၂၁၀၊ လေ့လာသူပေါင်း ၆၁ ယောက်၊ စုစုပေါင်း ၂၇၁ ယောက်ခန့် တက်ရောက်သည့် မြန်မာနိုင်ငံ လုံးဆိုင်ရာ ကြက်ခြေနီ အသင်း၏ ပထမ အကြိမ်ညီလာခံကို ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမတွင် သိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်ခဲ့သည်။ အဆိုပါညီလာခံတွင် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းအတွက်၊ အရေးကြီး သော အခြေခံမူများနှင့် ရှေ့လုပ်ငန်းစဉ်များကို တညီတညွတ် တည်း ချမှတ်နိုင်ခဲ့ သည်။

၁၉၈၀ ပြည့်နှစ် တစ်ဝိုက်တွင်လည်း အသင်းကြီး၏ စည်းရုံးရေးလှုပ်ရှားမှုများမှာ ကျေးရွာအရောက်ထွန်းပေါက်စွာ ခရီးရောက်ခဲ့ရာ ကြက်ခြေနီအသင်းဝင်များနှင့် တပ်ဖွဲ့ ဝင်ပေါင်း နိုင်ငံတစ်ဝန်းလုံးတွင် ဦးရေ ၂,၀၀,၀၀၀ ခန့်အထိ တိုးပွားများပြားလာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ် အထိလေးနှစ်တာ ကာလအတွင်း အသင်းကြီး၏ တိုးတက်မှု အရှိန်အဟုန်မှာ ပိုမိုမြင့်မားလာခဲ့သည်။ ထို့ကြောင့် အထက်ပါ ခုနှစ်များမှာ မြန်မာနိုင်ငံကြက်ခြေနီ အသင်း အတွက် မမေ့နိုင်၊ မမေ့အပ်သည့် မှတ်တိုင် ကြီးများ ဖြစ်ပေ သည်။

အသင်းကြီး၏ တည်ဆဲဥပဒေအရ ဖွဲ့စည်းတည် ဆောက်ပုံကို အကျဉ်းအားဖြင့်ဖော်ပြရမည်ဆိုပါက သုံးနှစ် တစ်ကြိမ် ကျင်းပပြုလုပ်သော နိုင်ငံလုံးဆိုင်ရာညီလာခံကြီး မှာ အသင်းကြီး၏ အမြင့်ဆုံးသောအာဏာပိုင်အဖွဲ့အစည်း ကြီးဖြစ်သည်။ ထိုညီလာခံကြီးက မိမိတို့အထဲမှ အဖွဲ့ဝင် ၃၇ ဦး ခန့် ပါဝင်သော ဗဟို ကောင်စီကို ရွေးချယ်ခန့်ထား တင်မြှောက်သည်။ ဗဟိုကောင်စီ အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ်သာ ကျင်းပပြုလုပ်နိုင်သည်ဖြစ်၍ ထိုအစည်းအဝေးတစ်ခုနှင့် တစ်ခုအကြား ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထမ်းရွက်နိုင်စေရေးအတွက် မိမိတို့ ကောင်စီဝင်ထဲမှ ပုဂ္ဂိုလ် ၁၀ ဦးတို့အား အမှုဆောင်အဖွဲ့ ဝင် များအဖြစ် ရွေးချယ်ခန့်ထား တင်မြှောက်သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သုံးနှစ်တာ သက်တမ်းကာလ အတွင်း မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ပုဂ္ဂိုလ်မှာ ဒေါက်တာ တင်ဦးဖြစ်သည်။

နယ်များတွင် မြို့နယ်အသီးသီး၌ မြို့နယ်ကြက်ခြေနီ အသင်းများကိုလည်းကောင်း၊ ကျေးရွာကြီးများ၌ အသင်း ခွဲများကိုလည်းကောင်း ဖွဲ့စည်းထားရှိသည်။ ဖော်ပြပါ အသင်းများနှင့် အသင်းခွဲများတို့ကို ဗဟိုဌာနချုပ်ကိုယ်စား အနီးကပ် ကြီးကြပ်နိုင်စေရန်အတွက်၊ ပြည်နယ်/တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီများနှင့် ခရိုင်ကြီးကြပ်မှု ကော်မတီများကို လည်း ဖွဲ့စည်းထားရှိပေသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ကြက်ခြေနီအသင်းများသည် အခြေခံမူ ခုနစ်ရပ်ဖြစ်သော လူသားချင်းစာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ လွတ်လပ်စွာ ဆောင်ရွက် ခြင်း၊ စေတနာ့ ဝန်ထမ်း ဆောင်ရွက်ခြင်း၊ တစ်နိုင်ငံတွင် တစ်ခုတည်းသော ကြက်ခြေနီအသင်းသာ ဖွဲ့စည်းတည်ထောင် ခွင့်ရှိသည့် ညီညွတ်မှုရှိခြင်း၊ တစ်ကမ္ဘာလုံးနှင့် ဆက်ဆံခြင်း တို့ကို မြဲမြဲစွာ စောင့်ထိန်းလိုက်နာကြရပေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲ၊ ဒုက္ခ၊ နည်းပါး သက်သာစေရန် ဖြစ်သည်။ ယင်းရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ် သုံးရပ်ရှိသည်။ ငြိမ်းချမ်းသောကာလများတွင် ကျန်းမာရေး မြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခရောက်နေ သူများ ကိုကူညီရန်ဟူ၍ ဖြစ်သည်။

အထက်ဖော်ပြပါရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို လက်တွေ့ အသေးစိတ်အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် ရှေးဦးသူနာပြု လုပ်ငန်း၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ အန္တရာယ်ကျရောက်ပါက အဆင်သင့်ရှိရေးလုပ်ငန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်း၊ ခြေတုတပ်ဆင်ပေးရေးလုပ်ငန်း၊ သူနာတင်ယာဉ်လုပ်ငန်း၊ ခုခံအားကျဆင်းမှုရောဂါပညာပေး ကာကွယ်ရေးလုပ်ငန်း၊ သွေးလှူဒါန်းရေးလုပ်ငန်း၊




**မတော်တဆ ထိခိုက်ဒဏ်ရာရ လူနာတစ်ဦးအား ကြက်ခြေနီတပ်ဖွဲ့ဝင်များက သူနာတင်ယာဉ်ပေါ်သို့ တင်နေစဉ်။**

ကြက်ခြေနီပညာပြန့်ပွားရေးလုပ်ငန်း၊ လူငယ်များလှုပ်ရှားမှုလုပ်ငန်း၊ အိုင်အိုဒင်းဓာတ်ဖြည့်တင်းပေးရေးအတွက် တွန်းအားပေးစီမံဆောင်ရွက်မှုလုပ်ငန်း စသည်တို့ကို မြို့များသာမက ကျေးလက်တောရွာများပါမကျန် လိုက်လံဆောင်ရွက်ပေးလျက်ရှိသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ချက်များအနက် အလွန်ထူးခြားစွာ ဆောင်ရွက်ချက်များကို ဖော်ပြရသော် ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့က မြစ်ကြီးနားမြို့ တစ်ဘက်ကမ်း ခတ်ချိုကျေးရွာ ကူးတို့ဆိပ်တွင် ဖောင်ပေါ်တင်ထားသော မော်တော်ယာဉ် တစ်စီးမှာ အရှိန်လွန်ပြီး အနက် ၁၈ ပေခန့်ရှိသော မြစ်ထဲသို့ ကျဆင်းနစ်မြုပ်သွား သည်။ အဆိုပါ မော်တော်ယာဉ်နှင့် အတူ အမှတ် (၆၅၁) တပ်မဟာအလုပ်ရုံ လျှပ်စစ်တပ်မှ ရဲဘော်ခင်မောင်အေးဆိုသူပါသွားပြီး ရေနစ်မြုပ်သွားခဲ့သည်။ ထိုစဉ်တွင် အနီး၌ရှိနေသော ကြက်ခြေနီရဲဘော် တပ်ကြပ်စိုင်းအောင်လှိုင်မြင့်က မိမိအသက်ကို ပဓာနမထားဘဲ မြစ်ထဲကိုခုန်ဆင်းပြီး ခက်ခဲစွာကယ်ဆယ်ခဲ့သောကြောင့် ရဲဘော် ခင်မောင်အေးမှာ အသက်ချမ်းသာရာရခဲ့သည်။ ဤကဲ့သို့ မိမိအသက်ကို ပဓာနမထားဘဲ တစ်ပါးသူ၏ အသက်ကို စွန့်လွှတ်စွန့်စားကယ်ဆယ်ခဲ့သည့် စိုင်းအောင်လှိုင်မြင့်သည် ၁၉၇၇ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ ဗူခါရက်မြို့တွင် ကျင်းပသော ၂၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံ၌ အလွန်ရတောင့်ရခဲ ဖြစ်သော ဟင်နရီဒူးနန့်ဆုတံဆိပ်ကို ချီးမြှင့်ခံခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၁၇၀–ရှု။)

စစ်ဖြစ်ပွားစဉ်ကာလတွင်ဖြစ်စေ၊ ငြိမ်းချမ်းစဉ် ကာလတွင်ဖြစ်စေ၊ ဖျားနာသူများသို့မဟုတ် ဒဏ်ရာရသူများအား ထူးချွန်ပြောင်မြောက်စွာ ပြုစုစောင့်ရှောက်ပေးခဲ့သော ကမ္ဘာကျော် ကရုဏာရှင် သူနာပြုဆရာမ ဖလော်ရင့်(စ်)နိုက်တင်ဂေးအား ဂုဏ်ပြုသောအားဖြင့် အပြည် ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ အမြဲတမ်း ကော်မရှင်ဥက္ကဋ္ဌက ဖလော်ရင့်(စ်)နိုက်တင်ဂေးလ်ကဲ့သို့ စွမ်းဆောင်နိုင်သူ ကရုဏာရှင်များအား နှစ်နှစ်တစ်ကြိမ် ဖလော်ရင့်(စ်)နိုက်တင်ဂေးလ်၏ မွေးနေ့ဖြစ်သည့် မေလ ၁၂ ရက်တွင် ဖလော်ရင့်(စ်)နိုက်တင်ဂေးလ်ဆုကို ရွေးချယ်ချီးမြှင့်လေ့ရှိသည်။ မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ အမှတ် (၂)တပ်မတော်ဆေးရုံတွင် ထမ်းရွက်ခဲ့သည့်ဗိုလ်မှူး ဒေါ်ခင်အုန်းမြ (အငြိမ်းစား) သည် ၁၉၆၃ ခုနှစ်၊ မေလ ၁၂ ရက်တွင်လည်းကောင်း၊ ဒုတိယ အကြိမ်အဖြစ် ရှမ်းပြည်နယ် မြောက်ပိုင်းမူဆယ်မြို့နယ်၊ ပြည်သူ့ဆေးရုံ၌ ထမ်းရွက်လျက်ရှိသည့်အထက်တန်းသူနာပြုဆရာမ ဒေါ်အမ်ယောနမ်သည် ၁၉၉၃ ခု၊ မေလ ၁၂ ရက်တွင်လည်းကောင်း၊ ယင်းဆုကို အသီးသီးချီးမြှင့်ခံခဲ့ကြရသည်။ (စွယ်စုံ နှစ်ချုပ် ၁၉၉၄ – စာ၊ ၂၂၆ ရှု။ )

အထက်ဖော်ပြပါအတိုင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အစည်းများကပင် ဂုဏ်ပြုချီးမြှင့်ရလောက်အောင်

မြန်မာ့ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ပြည်သူတို့ ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် ရှပ်ရှပ်ချွံချွံ ထမ်းရွက်ခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ်အတွင်း ရန်ကုန်တိုင်း မြို့နယ် အချို့၌ မီးလောင်မှုများ ဖြစ်ပွားသည့် အခါတိုင်း ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များတို့သည် မည်သူတစ်ဦးတစ်ယောက်ကမျှ မတိုက်တွန်းရဘဲ မီးလောင်ကျွမ်းရာနေရာသို့ ချက်ချင်း သွားရောက်ကာ မီးငြိမ်းသတ်ခြင်း၊ မီးသင့်လောင်သူ လူနာများအား ကယ်ဆယ်ခြင်း၊ ဒုက္ခသည်များ၏ ပစ္စည်းများကိုမီးဘေးလွတ်ကင်းရာ နေရာများသို့ သယ်ယူပြောင်းရွှေ့ပေးခြင်း၊ ဒုက္ခသည်များ အတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ထမင်းထုပ်များ အလှူခံပြီး ဝေငှပေးခြင်း၊ သောက်ရေသုံးရေများရရှိ အောင် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ သူနာများရှိပါက ဆေးဝါးပြုစုကုသပေးမှုခံယူရရှိနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း စသည်တို့ကို ကိုယ်ကျိုးလုံးဝမဖက်ဘဲ စေတနာ အပြည့်အဝဖြင့်ဆောင်ရွက်ပေးခြင်းခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၂၆၀၀ ကျော်တို့အား ဂုဏ်ပြုကျေးဇူးတင်စကား မိန့်ခွန်းမြွက်ကြားရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ဝါသနာ၊ စေတနာ၊ အနစ်နာ၊ ကရုဏာနှင့် စံနမူနာဆိုသည့် နာငါးနာပိုင်ရှင်များဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းအဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အားရကျေနပ်မှုရှိသဖြင့် ၅-၅-၉၃ ရက်စွဲဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကြက်ခြေနီအသင်းအဆင့်ဆင့်တို့သည် အစိုးရဌာန ဆိုင်ရာမဟုတ်သော စေတနာရှင်အဖွဲ့အစည်းဖြစ်ပါသည်။ ထိုကြက်ခြေနီ အသင်းအဆင့်ဆင့်သည် နိုင်ငံတော်၏ ကျန်းမာရေး လုပ်ငန်းများ အပါအဝင် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က အားပေးလျက် ရှိပါကြောင်း သို့ပါ၍ အစိုးရမဟုတ်သော စေတနာရှင် အဖွဲ့အစည်းများ၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရှေးရှု၍ သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အသီးသီးက လိုအပ်သလို ပံ့ပိုးကူညီပေးကြပါရန် ညွှန်ကြားချက် တစ်ရပ်ထုတ်ပြန်ပေးခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်တွင်းတွင်သာ လှုပ်ရှားဆောင်ရွက်ရုံမက ကြက်ခြေနီဆိုင်ရာ ပြည်ပအဖွဲ့အစည်းများ ဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းများနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့်လည်းကောင်း၊ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် စတင် ဖွဲ့စည်းချိန် ၁၈၆၃ ခုနှစ်မှ ယခုထိတိုင် ဆွစ်ဇာလန် နိုင်ငံ ဂျီနီဗာမြို့တွင် ဌာနချုပ်ရုံးစိုက်ထားသည်။ ဖက်ဒရေးရှင်းမှာမူ စတင်ဖွင့်လှစ်သည့် ၁၉၁၉ ခုနှစ်၌ ဂျီနီဗာမြို့တွင် ရုံးစိုက် ခဲ့သော်လည်း ၁၉၂၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ ပြောင်းရွှေ့ရုံးစိုက်ခဲ့သည်။ တစ်ဖန် ၁၉၃၉ ခုနှစ်၌ မိမိဌာနချုပ်ကို ပဲရစ်မြို့မှ ဂျီနီဗာမြို့သို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်။ လက်ရှိအားဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီမှ ကိုယ်စားလှယ်တစ်ဦး သည်လည်းကောင်း၊ ဖက်ဒရေးရှင်းမှ ကိုယ်စား လှယ်တစ်ဦး သည်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် အသီးသီး ရုံးဖွင့် ဆောင်ရွက်လျက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည် ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ဂျီနီဗာအများသဘောတူ စာချုပ်လေးရပ်ကို အတည်ပြု သဘောတူကြောင်း လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ အများသဘောတူ စာချုပ်များမှာ ၁၈၆၄ ခုနှစ်၊ ပထမစာချုပ်၊ ၁၉၀၆ ခုနှစ်၊ ဒုတိယစာချုပ်၊ ၁၉၂၉ ခုနှစ်၊ တတိယ စာချုပ်နှင့် ၁၉၄၉ ခုနှစ်၊ စတုတ္ထ စာချုပ်တို့ဖြစ်ကြသည်။

ထို့အပြင် အထူးသဖြင့် ၁၉၉၀ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းသည် ဆွီဒင်နိုင်ငံ ကြက်ခြေနီအသင်း၊ ဂျပန်နိုင်ငံ ကြက်ခြေနီအသင်း၊ ကိုရီးယား သမ္မတနိုင်ငံ ကြက်ခြေနီ အသင်း၊ ဩစတြေးလျနိုင်ငံ ကြက်ခြေနီအသင်းနှင့် တကွ အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ စသည့် နိုင်ငံများမှ အမျိုးသား ကြက်ခြေနီအသင်းများနှင့်လည်း ရင်းနှီး ချစ်ကြည်စွာ ကူးလူးဆက်ဆံခြင်း၊ အပြန်အလှန် ကူညီခြင်း တို့ကို ပြုလုပ်လျက်ရှိသည်။

ဤသို့အားဖြင့် "နာငါးနာ" ပိုင်ရှင်များဖြစ်ကြသည့် ကြက်ခြေနီအသင်းဝင်များနှင့် သူနာပြုတပ်ဖွဲ့ဝင်များတို့သည် နိုင်ငံအတွင်း လုပ်သားပြည်သူများအတွက် ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် ဆိုသည့် အသင်းကြီး၏ ရည်ရွယ်ချက်ကို လက်တွေ့အကောင်အထည်ဖော် လှုပ်ရှားဆောင်ရွက်လျက် ရှိကြပေသည်။

**ဦးချစ်စိန်**

**မြန်မာနိုင်ငံစာပေဆုများ။** ။ ၁၉၉၃ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ၁၃၅၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်အမှူးပြု၍ ဝန်ကြီးများတက်ရောက်ချီးမြှင့်ကြသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က အခမ်းအနား၌ အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရရှိသူများအား ဆုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာပေဗိမာန်စာမူဆုရရှိသူများအား ဆုလက်မှတ်နှင့် ဆုငွေများချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် အမျိုးသားစာပေဆုချီးမြှင့်ရေးမူဝါဒနှင့် စည်းကမ်းများနှင့်အညီ ၁၉၉၃ ခုနှစ်အတွက် သက်ဆိုင်ရာ စာပေဘာသာရပ်အသီးသီးတွင် အမျိုးသားစာပေဆုချီးမြှင့်ရန် အထိုက်တန်ဆုံးစာအုပ်များကို စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ရွေးချယ်ရာတွင် သတ်မှတ်ထားသော စာပေ ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ ( အသုံးချသိပ္ပံ)နှင့် နိုင်ငံရေး၊ စုစုပေါင်း စာပေဘာသာရပ် "ကိုး" မျိုးအတွက် အမျိုးသား စာပေဆု အရွေးချယ်ခံရသည်။ ပြဇာတ်စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (သုတ) စာပေ၊ ဘာသာပြန် (ရသ) စာပေ ဘာသာရပ်များအတွက် ရွေးချယ်ခြင်းမခံရပေ။ အမျိုးသားစာပေဆုအတွက် ရွေးချယ်ခံရသော စာအုပ်များကို ရေးသားသူ စာပေပညာရှင်များအား တစ်ဦးလျှင် ဆုငွေကျပ် ၅၀,၀၀၀ စီ ချီးမြှင့်သည်။

စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့သည် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ မူဝါဒနှင့် စည်းကမ်းချက်များနှင့်အညီ ၁၉၉၃ ခုနှစ်အတွက် သက်ဆိုင်ရာ စာပေဘာသာရပ်အသီးသီးတွင် စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် ပြိုင်ပွဲဝင်စာမူများကို စိစစ်ဖတ်ရှု ရွေးချယ်ခဲ့သည်။ ယင်းသို့ ရွေးချယ်ရာတွင် သတ်မှတ်ထားသော စာပေဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန်စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာ ရပ်)၊ ကဗျာ၊ စုစုပေါင်း စာပေဘာသာရပ် ၁၀ မျိုးအတွက် စာပေဗိမာန်စာမူဆု ပထမဆု ခုနစ်ဆု၊ ဒုတိယဆု ကိုးဆု၊ တတိယဆု ခုနစ်ဆု၊ စုစုပေါင်း ၂၃ ဆု အရွေးချယ်ခံရသည်။ ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေ ဘာသာရပ်များတွင် ပြိုင်ပွဲဝင်စာမူများ တင်သွင်းယှဉ်ပြိုင်ကြသော်လည်း သတ်မှတ်ထားသော မူဝါဒများနှင့် မကိုက်ညီခြင်း၊အကြောင်းအရာထူးခြားမှုမရှိခြင်းနှင့် အရည်အသွေးမမီခြင်းကြောင့် ဆုများချီးမြှင့်နိုင်ခြင်း မရှိပေ။ စာပေဗိမာန်စာမူဆုအတွက် စာမူရေးသားသူ စာပေ ပညာရှင်များအား ပထမဆု ငွေကျပ် ၂၅,၀၀၀၊ ဒုတိယဆု ငွေကျပ် ၂၀,၀၀၀ နှင့် တတိယဆု ငွေကျပ် ၁၅,၀၀၀ စီချီးမြှင့်သည်။

## အမျိုးသားစာပေဆုများ (၁၉၉၃)

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် | မြစိမ်းပြာ ကမာ္ဘတ် | နုနုရည်(အင်းဝ) |
| ဝတ္ထုတိုပေါင်းချုပ် | အီကွေတာပိတောက်နှင့် အခြားဝတ္ထုတိုများ | ဒေါက်တာ ရဲနိုင် |
| ကဗျာပေါင်းချုပ် | မနက်ဖြန်အတွက် လုလက်ဆောင် | နှောင် |
| စာပဒေသာ | ပခုက္ကူ ဦးအုံးဖေ၏ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ | တက္ကသိုလ် စိန်တင် |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ | ပေစာထုပ်ကြီးမှ ဆုတောင်းစာများ | ရွှေဘိုမိမိကြီး |
| သုတပဒေသာ (ဝိဇ္ဇာ) | မြန်မာ့ဇာတိမာန် အဘိတန် | တက္ကသိုလ် တင်ခ |
| သုတပဒေသာ (ရိုးရိုးသိပ္ပံ) | မြန်မာ့ကျောက်စိမ်း | ဘူမိဗေဒပါမောက္ခ ဦးညဏ်သင်း |

## မြန်မာနိုင်ငံ စာပေဆုများ

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| သုတပဒေသာ(အသုံးချသိပ္ပံ) | ရေချိုပုစွန်တုပ်ကြီး လက်တွေ့သားဖောက်ပြုစုနည်းနှင့် အသားတိုးမွေးမြူနည်း | အောင်ကြည် (မဟာသိပ္ပံ) |
| နိုင်ငံရေး | ဝန်းသိုစော်ဘွား ဦးအောင်မြတ် | မောင်ကျော်ရှင်း |

## စာပေဗိမာန် စာမူဆုများ (၁၉၉၃)

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် (ဒုတိယဆု) | မြန်မာ့မုဆိုး | ဖိုးကျော့ |
| ဝတ္ထုရှည် (တတိယဆု) | အဖေ့အမွေ | သန်းဆွေသစ် |
| ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု) | ငတောင်လုံးဝတ္ထုတိုများ | တွင်းကြီး ဝမ်းမောင် |
| ဝတ္ထုတိုပေါင်းချုပ် (တတိယဆု) | ယောက်ျားသားတို့အမေနှင့် အခြားဝတ္ထုတိုများ | တိုးတိုး |
| စာပဒေသာ (ပထမဆု) | အဂ္ဂတောင်က မောင်သန့်ထခဲ့ | တင်မြင့် |
| စာပဒေသာ (ဒုတိယဆု) | ဂုံတို့ဌာနေ ကျိုင်းတုံမြေသို့ | ကမ္ဘောဇ နခင် |
| စာပဒေသာ (တတိယဆု) | မျှော်လင့်ခြင်းခရီးသည် | အောင်ကိုမြင့် |
| ဘာသာပြန်စာပေ (ပထမဆု) | ဘဝဆိုတာသည်လိုပါ | ကိုကြည် (ပြင်ဦးလွင်) |
| ကလေးစာပေ (ဒုတိယဆု) | နံ့သာပန်းခင်း | သန်းအောင် (အညာမြေ) |
| လူငယ်စာပေ (ပထမဆု) | ပန်းဆုဝေလူငယ်ဝတ္ထုတိုများ | ယောနက ဘိုးထောင် |
| လူငယ်စာပေ (ဒုတိယဆု) | လေးပေကိုးလက်မအောက် ဝတ္ထုတိုများ | မောင်မျိုးဆင့် |
| မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာဆိုင်ရာစာပေ (ပထမဆု) | မြန်မာ့ရွှေဟင်္သာ | ထွေးစန္ဒာ |
| မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာဆိုင်ရာစာပေ (ဒုတိယဆု) | မြန်မာ့ ကနုတ်ပန်း | မောင်ယဉ်လှိုင်း (ပျဉ်းမငြိမ်) |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ (တတိယဆု) | အနုပညာပန်း ငွေပန်းထိမ်လုပ်ငန်း | မှတ်ကျောက် |
| ၁၀ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (ပထမဆု) | မြန်မာနိုင်ငံမြေခွန်သမိုင်း | ထွန်းအောင်ကျော် |
| သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (ဒုတိယဆု) | ဆန်းသစ်လာသည့် သွေးချင်းတို့၏ကဘော် | မောင်ဝင်းငြိမ်း (စစ်ကိုင်း) |
| သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (တတိယဆု) | ခေါင်းဆောင်မှုပညာ | ဦးလှမင်း (ဗဟိုဝန်ထမ်းတက္ကသိုလ်) |

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| သုတပဒေသာ(သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်) (ပထမဆု) | သက်ရှိတို့ကို ဖန်ဆင်းသူ ဗီဇ | ဒေါက်တာ မြင့်သန်း |
| သုတပဒေသာ(သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်) ဒုတိယဆု | တောင်တက်လက်စွဲ | ဗိုလ်မှူးကြီး လှအောင် (အငြိမ်းစား) |
| သုတပဒေသာ(သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်) (တတိယဆု) | မွှေးမွှေးကြိုင်ကြိုင် | မောင်ကြည်သန့် |
| ကဗျာ (ပထမဆု) | တိမ်စင်လရဲ့ အလှဝိညာဉ် | မြေလတ် မောင်မြင့်သူ |
| ကဗျာ (ဒုတိယဆု) | ဘဝအဓိပ္ပာယ်နှင့် အခြားကဗျာများ | ရွှေဒါး မောင်လေးရည် |
| ကဗျာ (တတိယဆု) | ခြင်္သေ့ဆီနှင့် သိင်္ဂီရွှေခွက်ကဗျာများ | အဖျောက်မြေမောင်ဆွေမွန် |

## မြန်မာနိုင်ငံတော်၊ပြည်ထောင်စု။

။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၉၄ ခုနှစ်၊ နှစ်ဦးပိုင်းမှ ဩဂုတ်လအထိ တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပခြင်း**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နိုင်ငံတော်သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ဇန်နဝါရီလ ၁၈ ရက်နေ့၊ မတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ၊ မတ်လ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိနှင့် ဧပြီလ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပခဲ့ သည်။

**အမျိုးသားအားကစားပွဲတော်**

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့ရာ ပရိသတ်အင်အား ၄၀,၀၀၀ ကျော် တက်ရောက်ခဲ့သည်။ အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်အသင်း ပေါင်း ၂၆ သင်းမှ အားကစားမောင်မယ် ၄, ၁၈၆ ဦးနှင့် ပြည်နယ်နှင့် တိုင်းအဆင့် အားကစား ပြိုင်ပွဲတွင် ပြည်နယ် နှင့်တိုင်း အသင်း ၁၄ သင်းမှ အားကစားမောင်မယ် ၄, ၇၈၀ ဦးတို့က အားကစားနည်း ၂၄ မျိုးတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပခဲ့ရာ ပရိသတ်အင်အား ၄၀, ၀၀၀ ကျော်တက်ရောက်ခဲ့သည်။ ပိတ်ပွဲအခမ်းအနားတွင် အမျိုးသားအားကစားပွဲတော် ကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြည်နယ်နှင့်တိုင်းအဆင့် အားကစား ပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၈ခု၊ ငွေတံဆိပ် ၈၃ ခုနှင့်ကြေးတံဆိပ်ခုရေ၉၀၊ စုစုပေါင်း ဆုတံဆိပ် ၂၆၁ ခုဖြင့် တံခွန်စိုက်ဆု ရရှိသော ရန်ကုန်တိုင်းအသင်းနှင့် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၇၅ခု၊ ငွေတံဆိပ် ၄၆ ခုနှင့် ကြေးတံဆိပ် ၄၈ခု စုစုပေါင်း ဆုတံဆိပ် ၁၆၉ ခုဖြင့် တံခွန် စိုက်ဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့အား တံခွန်စိုက်ဆုဖလားကြီးများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**ငွေစက္ကူသစ်များ ထုတ်ပေးခြင်း**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကျပ်ငါးရာတန်၊ ကျပ်တစ်ရာတန်၊ ကျပ်ငါးဆယ်တန်၊ကျပ်နှစ်ဆယ်တန်နှင့် ပြားငါးဆယ်တန်၊ ငွေစက္ကူ သစ် ငါးမျိုးကို မတ်လ ၂၇ ရက်နေ့တွင် စတင်ထုတ်ဝေ သည်။

**ကုန်စည်ပြပွဲများ**

မြန်မာ့ကုန်စည်ပြပွဲ ၉၄ ဖွင့်ပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး (စီ) ရဲ့ အဆောင် ၃ နှင့် ၄ ရှိ မြန်မာ့ကုန်တိုက်၌ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် နိုင်ငံပိုင် စီးပွားရေးအဖွဲ့ အစည်း ၂၀၊ ဖက်စပ်ကော်ပိုရေးရှင်း ရှစ်ခု၊ သမဝါယမ အဖွဲ့အစည်း ၃၆ ခုနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင် ၇၁ ဦးတို့က လယ်ယာထွက် ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်နှင့် သစ်အခြေခံပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ စားသောက်ကုန်များ၊ စက်မှုလက်မှု ပစ္စည်းကိရိယာများ၊ လက်ဝတ်ရတနာများနှင့် မြန်မာ့ကျောက်မျက်များစသည့် ပြည်တွင်း ပစ္စည်းမျိုးစုံကို ပြခန်းပေါင်း ၂၀၅ ခန်း

ဖြင့်ပြသခဲ့သည်။ ပြပွဲကို ဧပြီလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ နိုင်ငံခြား စီးပွားရေးလုပ်ငန်းရှင်များအားလည်းကောင်း၊ ဧပြီလ ၄ ရက်နေ့တွင်ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအားလည်းကောင်း၊ ဧပြီလ ၅ ရက်နေ့မှ ၁၂ ရက်နေ့အထိနှင့် ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ပြည်သူလူထုအားလည်းကောင်း ဖွင့်လှစ်ပြသခဲ့ရာ ပြည်ပနိုင်ငံ ၂၁ နိုင်ငံမှ နိုင်ငံခြားသားဧည့်သည် ၁, ၅၀၀ ကျော်၊ ပြည်တွင်းမှ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ နှစ်သိန်းခွဲကျော် လာရောက်လေ့လာကြည့်ရှုပြီး စုစုပေါင်း ငွေကျပ် ၂၄ ဒသမ ၈ သန်းဖိုးနှင့် အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၇၃ သန်းဖိုး (စာချုပ်အပါအဝင်) ရောင်းချရသည်။

ကုန်သွယ်ရေးဝန်ကြီးဌာန၊ တရုတ်ပြည်လေကြောင်း စက်မှုလက်မှုလုပ်ငန်း အထွေထွေကော်ပိုရေးရှင်းနှင့် ပိုင်အိုးနီးယား မြန်မာပိုင် လီမိတက်တို့ စီစဉ်ကြီးကြပ်သော တရုတ်အသေးစား စက်မှုနှင့် ကုန်စည်ပြပွဲ ၉၄ ဖွင့်ပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်မှုလက်မှု နှင့်စီးပွားရေးကုမ္ပဏီ ၄၀ တို့က ပစ္စည်းအမည်ပေါင်း ၅၀၀ ကျော်ကို မေလ ၁၃ ရက်နေ့အထိ ခင်းကျင်းပြသခဲ့သည်။

သမဝါယမဈေးပွဲတော် (မန္တလေး) ဖွင့်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်ကုန်တိုက်၌ မေလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ သမဝါယမဈေးပွဲတော်တွင် အဝတ်အထည်များ၊ ဖယောင်းနှင့် ဖယောင်းထွက် ပစ္စည်းများ၊ သားရေထည်များ၊ ကျောက်စိမ်းနှင့် လက်ဝတ်ရတနာများ၊ ပရိဘောဂများ၊ စားသုံးကုန်များ၊ လူသုံးကုန်များ ၊ သစ်သားပန်းပုထည်များ၊ ပလတ်စတစ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ စာရေးကိရိယာများနှင့် ရိုးရာအနုပညာ ပစ္စည်းများကို မေလ ၂၄ ရက်နေ့အထိ ဖွင့်လှစ်ပြသရောင်းချခဲ့ရာ ပြည်သူလူထု ၂၇၀, ၀၀၀ ကျော် လာရောက်ကြည့်ရှု ဝယ်ယူခဲ့သည်။ သမဝါယမဈေးပွဲတော်တွင် သမဝါယမ အသင်းအချင်းချင်း ကုန်ပစ္စည်းရောင်းဝယ်စာချုပ် တန်ဖိုး ငွေကျပ် ၁, ၁၂၉ သိန်းဖိုး စာချုပ်ချုပ်ဆိုခဲ့သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် စင်ကာပူနိုင်ငံ Applied Investment (A S I A) Pte.;Ltd တို့ အကျိုးတူ ပူးပေါင်းစီစဉ် ခင်းကျင်းပြသသော မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ၉၄ ဖွင့်ပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင်၊ ဂျပန်နှင့်မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် မြန်မာနှင့် ပြည်ပ ကုမ္ပဏီပေါင်း ၅၀ ကျော် တို့က အမေရိကန်ဒေါ်လာ တစ်သန်းတန်ဖိုးရှိသော ပစ္စည်းများကို အီလက်ထရွန်းနစ် ပစ္စည်းများနှင့် လူသုံးအိမ်သုံးပစ္စည်းများကဏ္ဍ၊ အဝတ်အထည်၊ အထည်အလိပ်၊ စက်ကိရိယာများနှင့် အပိုပစ္စည်းများကဏ္ဍ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဆောက်လုပ်ရေး ကိရိယာများနှင့် စက်များကဏ္ဍဟူ၍ ကဏ္ဍကြီး သုံးမျိုးခွဲခြားပြီး ဇွန်လ ၂၅ ရက်နေ့အထိ ပြသခဲ့သည်။

တီအမ်ဒဗလျူအင်တာပရိုက်စ် လီမိတက်က ကြီးမှူးကျင်းပသော ဆိုနီအဆင့်မြင့်နည်းပညာရပ်များပြပွဲ ၁၉၉၄ ဖွင့်ပွဲကို ရန်ကုန်မြို့ကမ်းနားဟိုတယ် မင်္ဂလာခန်းမ၌ ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် ဆိုနီအီလက်ထရွန်းနစ်ပစ္စည်းများကို ဇွန်လ ၂၈ ရက်နေ့အထိ ခင်းကျင်းပြသခဲ့သည်။

မိုးဦးပန်း မြန်မာ့သမဝါယမ ထွက်ကုန်နှင့်ထွက်ကုန်သစ် ပြပွဲ ၁၉၉၄ ရန်ကုန်ဖွင့်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူဈေးဂျီအီးစီအရောင်းခန်းမ၌ ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၏ ကျောက်စိမ်း၊ စာအုပ်၊ ငွေထည်၊ ကနုကမာ၊ ပန်းပု၊ အထည်၊ သားရေ၊ လူသုံးအိမ်သုံး၊ ရွှေချည်ထိုးနှင့် အထွေထွေကုန်ပစ္စည်းများကို ဇွန်လ ၂၈ ရက်နေ့အထိ ဖွင့်လှစ်ပြသရောင်းချခဲ့သည်။ ပြပွဲသို့ ပြည်သူလူထု ၂၆၂,၆၅၀ ဦးလာရောက်ကြည့်ရှုပြီး ကုန်ပစ္စည်း တန်ဖိုးငွေကျပ် ၆၃ သိန်းခွဲကျော်ဖိုး ရောင်းချ ရသည်။

## နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ စင်ကာပူ သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိလည်းကောင်း၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဗိုဗန်ကီယက် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မေလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိလည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များသည် လော

ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန်ဆဗန်၏ ဖိတ်ကြားချက်အရ ဇွန်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ လာပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်အသီးသီးအား လက်ခံတွေ့ဆုံခဲ့သည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် လာပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွန်ဆာဗတ်၊ လင်(န်)ဆာဗတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ၂၁ ရက်နေ့တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလီအလာတပ်စ်နှင့် ကိုယ်စားလှယ်အဖွဲ့တို့အားလည်းကောင်း၊ မတ်လ ၁၀ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ လပ်ကီးဂိုးလ်စတားအုပ်စုမှ ဒုတိယ ဥက္ကဋ္ဌ မစ္စတာ ဘွန်မူကူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ၁၄ ရက်နေ့တွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ရောဘတ်တိုရိုဘိုင်းနားဂွန်ဇာလိဇ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ၂၈ ရက်နေ့တွင် စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင် ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့တို့အားလည်းကောင်း ဧပြီလ ၉ ရက်နေ့တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျာမာလူဒင် ခေါင်းဆောင် သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အာဆီယံ အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ ပရာဆောင်စွန်စီရိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ အားလည်းကောင်း၊ မေလ ၁၀ ရက်နေ့တွင် အိန္ဒိယသမ္မတ နိုင်ငံ စစ်ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဘီပင်ချန်ဒရာဂျိုရှီနှင့်အဖွဲ့၊ ၁၁ ရက် နေ့တွင် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗိုဗန်ကီယက် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ၁၇ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဟိုကျိချန်နှင့်အဖွဲ့နှင့် ၂၅ ရက်နေ့တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေး ဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးဝန်ကြီး မစ္စတာအိုင်အာရ်ဟာတာတိုနှင့်အဖွဲ့တို့အားလည်းကောင်း၊ ဇွန်လ ၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံ ကိုင်ဒန်ရင် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ ဥက္ကဋ္ဌနှင့် မရူဘီနီကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာကာဇူအိုဟာရူနာ ခေါင်းဆောင်သည့် စီးပွားရေးလေ့လာမှုမစ်ရှင်အဖွဲ့၊ ၂၃ ရက်နေ့တွင် တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်မှ ချန်ဒူးစစ်ဒေသကြီးမှူး ဗိုလ်ချုပ်ကြီး လီကျိုလောင်းခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ၂၄ ရက် နေ့တွင် မလေးရှားနိုင်ငံ အခြေခံစက်မှုလုပ်ငန်းများဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးဒါတိုဆီရီ ဒေါက်တာ လင်းကင်ယိတ်နှင့် အဖွဲ့တို့အားလည်းကောင်း၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒါတိုဆီရီ ဒေါက်တာ လင်လျောင်ဆစ်နှင့်အဖွဲ့အားလည်းကောင်း၊ ဩဂုတ်လ ၄ ရက်နေ့တွင် ထိုင်းနိုင်ငံ လွှတ်တော်မှ လက်နက်ကိုင်တပ်ဖွဲ့များရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ (အငြိမ်းစား) ဗိုလ်ချုပ်ကြီး အာသစ်ကမ်လန်အက်နှင့်အဖွဲ့၊ ၉ ရက်နေ့တွင် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ငုယင်ကောင်တာနှင့်အဖွဲ့နှင့် ၂၃ ရက်နေ့တွင် စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ယိုကျောက်တောင်နှင့် အဖွဲ့တို့အား လည်းကောင်း လက်ခံ တွေ့ဆုံခဲ့သည်။

## လမ်းတံတားပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ

မူးမြစ်ကူး ညောင်ပင်ဝန်းတံတား ဖွင့်ပွဲကို ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျင်းပခဲ့သည်။ ညောင်ပင်ဝန်းတံတားသည် မန္တလေး- မုံရွာ- ရေဦး ကားလမ်း မိုင်တိုင် ၃၉ တွင် တည်ရှိပြီး အရှည် ၆၀၄ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေနှင့် ဝဲယာတွင် သုံးပေစီကျယ်သော လူသွားလမ်းစင်္ကြံ အပါအဝင် အကျယ် ၃၄ ပေနှင့် ပေ၂,၄၀၀ ရှည်သော နှစ်လမ်းသွားတံတားချဉ်းကပ်လမ်းကို တစ်ပါတည်း ဖောက်လုပ် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားတည်ဆောက်မှု အတွက် ငွေကျပ် ၅၅၅ သိန်း ကုန်ကျခဲ့သည်။

မန္တလေး အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းနှင့် စဉ့်ကိုင်မြို့သို့ ဆက်သွယ်သော အုပ်ချုပ်မှုလမ်းနှင့် ပန်းလောင်မြစ်ကူး တံတားဖွင့်ပွဲကို ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ အုပ်ချုပ်မှုလမ်းသည် အရှည် ကိုးမိုင် ၂ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၈ ပေရှိ ကျောက်ခင်းလမ်းဖြစ်ပြီး ငွေကျပ် ၁၅၈ သိန်းကျော် အကုန်ကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ပန်းလောင်မြစ်ကူး တံတားသည် အလျားပေ ၃၀၀၊ အကျယ် ၁၂ ပေရှိ နှစ်လွှာတစ်ထပ်ဘေလီပေါင်နှင့် သစ်သားတိုင်တံတား ဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၆၀ ကျော်ကုန်ကျခဲ့သည်။

ပဲခူးမြို့တွင် ပဲခူးမြစ်ကူးတံတားသစ်ဖွင့်ပွဲကို တံတားသစ်မုခ်ဦး၌ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည်။

တံတားသစ်သည် အရှည်ပေ ၂၉၀၊ ယာဉ်သွားလမ်းအကျယ် ၂၆ ပေ၊ အနေးယာဉ်သွားလမ်း ခြောက်ပေခွဲရှိသည်။ တံတား၏ ပင်မသံပေါင်နှစ်ခန်းမှာ တစ်ခန်းလျှင် ၁၂၃ ပေခွဲစီရှိပြီး ၁၄ လက်မ× ၁၄ လက်မနှင့် ၁၂ လက်မ × ၁၂ လက်မ အာစီဒီကွန်ကရစ် ပိုင်တိုင်နှင့် သံကူကွန်ကရစ်ပိုင်တိုင်များကို အသုံးပြု၍ အုတ်မြစ်ချပြီး ၁၉၉၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ရခိုင်ပြည်နယ် ဂွမြို့နှင့် ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့တို့ ဆက်သွယ်သည့် ဂွ– ငါးသိုင်းချောင်းကားလမ်း (ရခိုင်ပြည်နယ် အပိုင်း) ဖွင့်ပွဲကို ကားလမ်းရှိ ယာယီမုခ်ဦး၌ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဂွ– ငါးသိုင်း ချောင်းကားလမ်း (ရခိုင်ပြည်နယ်အပိုင်း) သည် အရှည် ၂၈ မိုင် ငါးဖာလုံနှင့် အကျယ် ၁၆ ပေရှိ ကျောက်ချောလမ်းဖြစ်သည်။

အိမ်မဲမြစ်ကူးတံတားကို ဧပြီလ ၁၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ တံတားသည် ၄၄ ပေ ခန်းပွင့်လေးခု၊ ပေ ၁၀၀ ခန်းပွင့်တစ်ခု၊ စုစုပေါင်း ၂၇၆ ပေရှည်၍ ၄၄ ပေ ခန်းဖွင့်များသည် သံကူကွန်ကရစ် ယက်မ ကြမ်းခင်း များဖြစ်ပြီး ပေ ၁၀၀ ခန်းပွင့်သည် သုံးလွှာတစ်ထပ် ဘေလီတံတားဖြစ်သည်။ တံတားအမြင့်သည် ရေမျက်နှာပြင် အမြင့်ဆုံးအထက် ၃၄ ပေရှိပြီး နှစ်ထပ်သင်္ဘောများ လွတ်ကင်းစွာ သွားလာနိုင်သည်။ ယာဉ်သွားလမ်းအကျယ် ၁၂ ပေ၊ ဘေးတစ်ဖက်တစ်ချက်တွင် လူသွားလမ်း အကျယ် လေးပေနှင့် ခြောက်လက်မရှိသည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ် ၁၂၇ ဒသမ ၅ သိန်း ကုန်ကျခဲ့ပြီး ၁၉၉၃ခု၊ နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားတည်ဆောက်ခြင်းကြောင့်အိမ်မဲမှပုသိမ်သို့လည်းကောင်း၊ မြောင်းမြသို့လည်းကောင်းလွယ်ကူစွာ သွားလာနိုင်သည်။

ဘုရင့်နောင် တံတားကြီးဖွင့်ပွဲကို ဇူလိုင်လ ၂၃ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်ဘက်ခြမ်း တံတားကြီးအနီးရှိ ယာယီမဂ်လာမဏ္ဍပ်၌ ကျင်းပခဲ့သည်။ ဘုရင့်နောင်တံတားကြီးသည် သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး အရှည် ၅၀၀ ဒသမ ၂ မီတာ (၁, ၆၄၁ ပေ)၊ ၂၈ ပေ အကျယ် ယာဉ်သွားလမ်းနှစ်လမ်းနှင့် တစ်ဖက်တစ်ချက်တွင် လူသွားလမ်းရှိသည်။ တံတားကြီးကို ကမ်းကပ် ခန်းဖွင့်နှစ်ခန်းနှင့် ပင်မခန်းဖွင့် ၃ခန်း၊ စုစုပေါင်း ခန်းပွင့် ငါးခန်းဖြင့် ဆောက်လုပ် ထားသည်။ ကမ်းကပ်ခန်းဖွင့် တစ်ခန်းလျှင် ၆၅ ဒသမ ၆၀ မီတာ (၂၁၅ ပေ သုံးလက်မ ) နှင့် ပင်မ ခန်းပွင့် တစ်ခန်းလျှင် ၁၂၃ မီတာ၊ ၄၀၃ ပေ ၆ လက်မ ရှိသည်။ ပင်မခန်းဖွင့် တစ်ခန်း စီ၏ ရေလမ်းကြောင်း ကင်းလွတ်နယ်သည် ၁၁၈ မီတာ (၃၆၁ ပေ) အကျယ်နှင့် ရေမျက်နှာပြင်အထက် တံတားအောက် သံပေါင် ကင်းလွတ်နယ်မြေအမြင့် ၁၀ မီတာ (၃၃ ပေ) ရှိပြီး ရေယာဉ်ကြီးများ တံတားကြီးအောက်မှ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်သည်။ တံတားကြီး၏ အောက်ခြေ အုတ်မြစ်လုပ်ငန်းတွင် ကမ်းကပ်ခုံများနှင့် ကမ်းကပ်တိုင်များအောက်၌ ၂ ဒသမ ၅ မီတာ (ရှစ်ပေ) အချင်းရှိသည့်တိုင်များကို မြေဝင်ပေ ၁၂၀ အထိလည်း ကောင်း၊ ရေလယ်တိုင်များ အောက်ခြေသည် ၁ ဒသမ ၈ မီတာ (ခြောက်ပေ) အချင်းရှိသည့် ပိုင်တိုင်များကို မြေဝင်ပေ ၇၀ အထိလည်းကောင်း မြေတွင်းတူးထည့်သွင်း တည်ဆောက်ထားသည်။ ပင်မခန်းဖွင့် များသည် အကျယ် ၄၀၃ ပေ ခြောက်လက်မ ရှိသည့်အတွက် လှိုင်မြစ်၏ ရေတက်ရေကျရှိမှု၊ ရေနက်မှုတို့ကြောင့် မြန်မာနိုင်ငံတွင် ပထမဆုံး စတင်အသုံးပြုသော အစွန်းထွက်တပ်ဆင်သည့်စနစ်ကို ပြည်တွင်းရှိ သံပေါင်များနှင့် စက်ကိရိယာများ သုံးစွဲတပ်ဆင်ထားသော ယာယီသံပေါင်မသည့် တိုင်စင်အသုံးပြုပြီး တပ်ဆင်ခဲ့သည်။ ဘုရင့်နောင်တံတားကြီးသည် ရန်ကုန်– ပုသိမ် လမ်းမကြီးပေါ်တွင် ၁၀ ခုမြောက် တည်ဆောက်ခဲ့သည့် တံတားဖြစ်ပြီး လက်ရှိအကြီးဆုံးတံတားဖြစ်သည်။ ဘုရင့်နောင်တံတားကြီးပြီးစီးသွားသည့်အတွက် ရန်ကုန် – ပုသိမ်ခရီးကိုငါးနာရီဖြင့် သွားလာနိုင်ပြီး၊ အဓိကကျသောမြို့များကို အလွယ်တကူဆက်သွယ်နိုင်ခြင်း၊ ရန်ကုန် – ပုသိမ်လမ်းမကြီးမှ တစ်ဆင့် ငသိုင်းချောင်းမြို့ရှိ ဝေနတံတားကိုဖြတ်ကျော်ပြီး ရခိုင်ပြည်နယ် ဂွမြို့၊ သံတွဲမြို့နှင့် အခြားမြို့ကြီးများကို ဆက်သွယ်နိုင်ခြင်း၊ ပုသိမ် – မုံရွာလမ်းမကြီးမှတစ်ဆင့် ပဲခူးတိုင်းနှင့် မကွေးတိုင်းရှိ မြို့ကြီးများကို ဆက်သွယ်နိုင်ခြင်း၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသများ၏ နယ်မြေလုံခြုံရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးရေးကို အထောက်အကူပြုရုံသာမက တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုပါ အထောက်အကူပြုခြင်း၊ လှိုင်သာယာမြို့နယ်နှင့် ရန်ကုန်မြို့တော် အလွယ်တကူလျင်မြန်စွာ ဆက်သွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိသည်။ ဘုရင့်နောင်တံတားကြီးကို နိုင်ငံတော်က နိုင်ငံခြားသုံးငွေ ဒေါ်လာ ၂၈ ဒသမ ၄၀ သန်း အပါအဝင် ငွေကျပ်သန်း ၂၅၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

### ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့်လှစ်ခြင်း

မြင်းခြံမြို့နယ် စွန်းလွန်းရေလှောင်တမံ ဖွင့်ပွဲကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ စွန်းလွန်းရေလှောင်တမံကို မြင်းခြံမြို့၏ အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာရှိ စွန်းလွန်းချောင်းပေါ်တွင် ၁၉၉၂ ခုနှစ်၊ ဇွန်လမှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စွန်းလွန်းရေလှောင်တမံ

သည် ဆည်ရေသောက် ဧရိယာ ဧက ၂,၅၀၀ နှင့် သီးနှံ ဧရိယာ ဧက ၃,၀၀၀ ကျော်ရေပေးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် စုစုပေါင်း ငွေကျပ် ၅၁ သန်းကုန်ကျခဲ့သည်။

တပ်ကုန်းမြို့နယ် ကင်းသာရေလှောင်တမံကို ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ကင်းသာရေလှောင်တမံသည် ဆည်ရေသောက်ဧရိယာ ဧက ၂,၀၀၀ နှင့် သီးနှံဧရိယာ ဧက ၃,၀၀၀ အကျိုးပြုမည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၂၈ သန်း ကုန်ကျခဲ့သည်။

သထုံမြို့နယ် ဝါးပါးရေလှောင်တမံဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ရေလှောင်တမံရှေ့ယာယီမဏ္ဍပ်၌ ကျင်းပခဲ့သည်။ ဝါးပါးရေလှောင်တမံသည် လယ်မြေဧရိယာ ဧက ၂,၄၀၀ ကို သီးထပ်ရေသွင်းစိုက်ပျိုးနိုင်ပြီး၊ သထုံမြို့လူထုအတွက်နေ့စဉ်ရေဂါလန် ၂ ဒသမ ၄ သန်းပေးဝေနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၅၂ သန်းကျော် ကုန်ကျခဲ့သည်။

ရေစကြိုမြို့နယ် ဆင်ချောင်းရေလှောင်တမံကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ဆင်ချောင်းရေလှောင်တမံသည် အလျား ၁, ၅၅၁ ပေ၊ အမြင့် ၆၇ ပေရှိပြီး လယ်မြေဧက ၁,၀၀၀ ခန့် ရေပေးဝေနိုင်မည်ဖြစ်သည်။

ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ရေလှောင်တမံ စီမံကိန်း ရေထိန်းတမံဖွင့်ပွဲကို မတ်လ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရေထိန်းတမံ တည်ဆောက်ပြီးစီးခြင်းကြောင့် မြေဧရိယာ ဧက ၄,၅၀၀ ရေပေးဝေနိုင်ပြီဖြစ်သည်။

မတ္တရာမြို့နယ် ကရမက်တူးမြောင်းကို ဧပြီလ ၉ ရက်နေ့တွင်ဖွင့်လှစ်ခဲ့သည်။ ကရမက်တူးမြောင်းသည် အရှည်ခြောက်မိုင်နှစ်ဖာလုံ၊ မြောင်းအောက်ခြေအကျယ် ၁၀ ပေနှင့် ရေစီးအနက် ခြောက်ပေရှိသည်။ ကရမက်တူးမြောင်း ပြုပြင်ဖောက်လုပ်နိုင်မှုကြောင့် ရွှေတချောင်း မြောင်းသောက်ဧက ၁၇, ၈၄၀ သို့ ရေပေးသွင်းနိုင်မည်ဖြစ်သည်။

မင်းတုန်းမြို့နယ် တံတားကျေးရွာဆည်ကို မေလ ၁၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ တံတားကျေးရွာဆည်ကို နိုင်ငံတော်မှ ငွေကျပ်နှစ်သိန်းနှင့် ပြည်သူလူထု လုပ်အားတန်ဖိုးငွေ ကျပ်နှစ်သိန်းခွဲကျော်၊ စုစုပေါင်း ငွေကျပ် ငါးသိန်းခန့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ အနောက်ဘက်ရှိ မင်းရဲရေလှောင်တမံဖွင့်ပွဲကို မေလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ မင်းရဲရေလှောင်တမံတည်ဆောက်ခြင်းကြောင့် အုတ်တွင်းမြို့နယ်တွင် ဆည်ရေသောက်ဧရိယာဧက ၁,၀၀၀ အပေါ်၌ သီးနှံစိုက်ဧရိယာ ဧက ၂, ၀၀၀ ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည်။ မင်းရဲရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၃၅၀ ကုန်ကျခဲ့သည်။

ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်း ရေလှောင်တမံကို ဇွန်လ ၂၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ဘန့်ဘွေးကုန်း ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၂, ၂၀၀ နှင့် အမြင့် ၂၃ ပေရှိသည်။ ရေဆင်းဧရိယာ ၅၅၅ ဧက၊ ရေပြည့်ရေလှောင်ပမာဏ ၁,၅၃၀ ဧကနှင့် ဆည်ရေသောက်ဧက ၃၀၀ ဖြစ်ပြီး ရေလှောင်တမံမှ နေ့စဉ် ရေဂါလန် ၁ ဒသမ ၄သန်း ရေပေးဝေနိုင်မည်ဖြစ်သည်။

ပန်းတောင်းမြို့နယ် ကျီးပင်ရေလှောင်တမံဖွင့်ပွဲကို ဇူလိုင်လ ၁၅ရက်နေ့တွင် ကျင်းပခဲ့သည်။ ကျီးပင်ရေလှောင်တမံသည် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး အလျား ၅၄၀ ပေနှင့် အမြင့်ပေ ၇၀ ရှိသည်။ ရေဆင်းဧရိယာ ၂ ဒသမ ၇၂ စတုရန်းမိုင်၊ ရေပြည့် ရေလှောင်ပမာဏ ဂါလန် ၃၃၃ သန်းဖြစ်ပြီး နေ့စဉ် ရေဂါလန် တစ်သန်း ပေးဝေနိုင်သည်။ ကျီးပင်ရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ် ၄၂ ဒသမ ၄ သန်းကုန်ကျခဲ့သည်။

## ရေအားလျှပ်စစ် စက်ရုံများ တည်ဆောက်ခြင်း

ဟားခါးမြို့နယ် လိုင်ဗားရေအား လျှပ်စစ် စက်ရုံဖွင့်ပွဲကို ဧပြီလ ၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ လိုင်ဗားရေအား လျှပ်စစ်စက်ရုံတွင် ကီလိုဝပ် ၃၀၀ အင်အားရှိ ရေအားစက်နှစ်လုံး တပ်ဆင်ထားပြီး ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်သည်။

လားရှိုးမြို့နယ် နမ့်မျှော်ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ နမ့်မျှော်ရေအားလျှပ်စစ်စက်ရုံသည် လားရှိုးမြို့၏ အနောက်တောင်ဘက် ၂၃ ကီလိုမီတာအကွာတွင် တည်ရှိသည်။ အမြင့် ၁ ဒသမ ၅ မီတာ၊ အလျား ၇၃ မီတာရှိသော ရေလွှဲဆည်ကို နမ့်မျှော်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး အလျား ၂, ၅၈၀ မီတာရှိသော ရေသွယ်မြောင်းဖြင့် ရေလွှဲယူပြီး အလျား ၂၄ မီတာ၊ အနံ ၁၅ မီတာ၊ အမြင့် ငါးမီတာ ရှိသော ရေထိန်းကန်သို့ ရေသွင်းယူသည်။ ရေထိန်းကန်မှ တစ်ဆင့် အချင်း ၁ ဒသမ ၈ မီတာ၊ အရှည်မီတာ ၁၇၀ ရှိသော ဖိအားမြင့်ပိုက်လိုင်းဖြင့် ရေသွယ်ယူကာ ဖရန်စစ်အမျိုးအစား ကီလိုဝပ် ၂, ၀၀၀ စီရှိသည့် တာဘိုင်နှစ်လုံးကိုလည်စေပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၄, ၀၀၀ ထုတ်ယူခြင်းဖြစ်သည်။ စက်ရုံမှ တစ်နှစ်လျှင် ၂၄ ကီလိုဝပ်နာရီ သန်းပေါင်း

ထုတ်လုပ်ပြီး လားရှိုးမြို့သို့ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဝေပေးမည် ဖြစ်သည်။ နမ့်မျှော် ရေအားလျှပ်စစ်စက်ရုံကို နိုင်ငံတော်မှ ငွေကျပ်၅၂ ဒသမ ၉၁၃ သန်းနှင့်ပြည်သူလူထုမှ ငွေကျပ် ၄၂ ဒသမ ၃၀၉ သန်းစုစုပေါင်း ငွေကျပ် ၉၅ ဒသမ ၂၂၂ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကျိုင်းတုံမြို့နယ် နမ့်ဝုတ်ရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲကို ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ နမ့်ဝုတ်ရေအား လျှပ်စစ်စက်ရုံသည် ကျိုင်းတုံမြို့ တောင်ဘက် ၁၀ မိုင်ခန့် အကွာတွင် တည်ရှိသည်။ အနံ သုံးပေ၊ အလျား ၅၆ ပေ ရှိသော ရေလွှဲဆည်ကို နမ့်ဝုတ်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး အရှည်ပေ ၃,၃၀၀ ရှိသော ရေသွယ်မြောင်းဖြင့် ရေလွှဲယူပြီး ထုထည်ကုဗပေ နှစ်သိန်းရှိသော ရေလှောင်ထိန်းကန်သို့ ရေသွင်းယူသည်။ ရေလှောင်ထိန်းကန်မှ တစ်ဆင့် အချင်းနှစ်ပေခြောက်လက်မ၊ အရှည် ၁,၇၂၀ ပေရှိသော ဖိအားမြှင့်ပိုက်ဖြင့် ရေသွယ်ယူကာ တာဘိုင် သုံးလုံးအား လည်စေပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၃,၀၀၀ ထုတ်ယူခြင်းဖြစ်သည်။ စက်ရုံမှ လျှပ်စစ်ဓာတ်အားပမာဏ တစ်နှစ်လျှင် ၁၀ ဒသမ ၅ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ပြီး ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဝေပေးမည်ဖြစ်သည်။ နမ့်ဝုတ် ရေအား လျှပ်စစ်စက်ရုံကို နိုင်ငံတော်မှ ငွေကျပ်သန်း ၅၀ ကျော်နှင့် ပြည်သူလူထုမှ ငွေကျပ်သန်း ၄၀ ကျော်၊ စုစု ပေါင်းငွေကျပ် ၉၃ ဒသမ ၈ သန်း အကုန်ကျခံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

## ဂြိုဟ်တု ဆက်သွယ်ရေးမြေပြင်စခန်းများ ဖွင့်လှစ်ခြင်း

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်မှု အဆင့်မြှင့်ခြင်း လုပ်ငန်းဂြိုဟ်တု ဆက်သွယ်ရေး မြေပြင်စခန်းဖွင့်ပွဲကို မတ်လ ၄ ရက်နေ့တွင် လည်းကောင်း၊ ဘူးသီးတောင်မြို့ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းဖွင့်ပွဲကို မတ်လ ၂၀ ရက်နေ့တွင်လည်းကောင်း၊ တမူးမြို့ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းဖွင့်ပွဲကို ဧပြီလ ၂၆ ရက်နေ့တွင် လည်းကောင်း အသီးသီးကျင်းပခဲ့သည်။

## ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံများ

ပန်ဆန်းမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို ဇန်နဝါရီလ ၃ ရက်နေ့တွင်လည်းကောင်း၊ ပူတာအိုမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို မတ်လ ၂၉ ရက်နေ့တွင်လည်းကောင်း၊ လောက်ကိုင်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဧပြီလ ၂၄ ရက်နေ့တွင် လည်းကောင်း၊ မိုင်းယန်းမြို့နယ် ဆီလူးဒေသ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဇူလိုင်လ ၂၇ ရက်နေ့တွင် လည်းကောင်း အသီးသီး ဖွင့်လှစ်ခဲ့သည်။

## ဘဏ်များ ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ ထိုင်းနိုင်ငံမှ Siam City Bank Ltd. နှင့် စင်ကာပူနိုင်ငံမှ Keppel Bank of Singapore Ltd. နှင့် Oversea - Chinese Banking Corporation Ltd. ဘဏ်များအား ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Thai Farmers Bank Ltd. အား ဇွန်လ ၈ ရက်နေ့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ Bank of Ayudhya Public Company Ltd. နှင့် စင်ကာပူနိုင်ငံ Overseas Union Bank Ltd. ဘဏ်များအား ဇူလိုင်လ ၁၈ ရက်နေ့တွင် လည်းကောင်း ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးခဲ့သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၅၇ အရ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ရန်ကုန်နှင့် ကမ္ဘောဇ ဘဏ်လီမိတက် တောင်ကြီးမြို့တို့ကို ဇွန်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဂ္ဂလိက ဘဏ်ဆိုင်ရာ နိုင်ငံခြားငွေ စည်းမျဉ်းများကို မတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ပြီး မြန်မာနိုင်ငံသားများဘဏ် လီမိတက်၊ သမဝါယမဘဏ် လီမိတက်၊ မြဝတီဘဏ် လီမိတက်နှင့် ရန်ကုန်မြို့တော်ဘဏ် လီမိတက်တို့အား ဧပြီလ ၁ ရက်နေ့မှ စ၍ နိုင်ငံခြားသုံးငွေ လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခဲ့သည်။

## ဈေးချိုတော်ကြီး တည်ဆောက်ဖွင့်လှစ်ခြင်း

မန္တလေးမြို့ အဆင့်မြင့် ဈေးချိုတော်ကြီးဖွင့်ပွဲကို ဇူလိုင်လ ၃၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဈေးချိုတော်ကြီးတွင် အရှေ့မှ အိပ်ချ်ရုံအထိ အဆောက်အအုံ ရှစ်လုံးပါဝင်ပြီး ဘီရုံမှာ ခြောက်ထပ်ဖြစ်၍ ကျန်ရုံများမှာ လေးထပ်ဖြစ်သည်။ တစ်ထပ်လျှင် ရှစ်ပေပတ်လည် ဆိုင်ခန်းပေါင်း ၇၄၄ ခန်း ပါရှိပြီး လေးထပ်တွင် ဆိုင်ခန်းပေါင်း ၂,၉၇၆ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ဘီရုံမှ စတုတ္ထထပ်နှင့် ပဉ္စမထပ်တွင် ဆိုင်ခန်းပေါင်း ၂၀၀ ရှိသည့်အတွက် ဈေးချိုတော်ကြီးတစ်ခုလုံး၌ ဆိုင်ခန်းပေါင်း ၃,၁၇၆ ခန်းရှိသည်။ ကုန်ပစ္စည်းများ တင်ချရန် ဓာတ်လှေကားနှစ်စင်း၊ ဈေးသူဈေးသားများနှင့် ဈေးဝယ်သူများ အသုံးပြုရန် စက်လှေကား ခြောက်စင်း တို့ကို ဈေးကြီး၏ အလယ်ဗဟိုတွင် တပ်ဆင်ထားသည်။ ထို့ပြင် ၄၈ ပေကျယ်သော လှေကားကြီးလေးခုနှင့် လှေကားငယ် ၁၀ ခု တို့ကိုလည်း

တည်ဆောက်ထားသည်။ မန္တလေးမြို့ အဆင့်မြင့် ဈေးချိုတော်ကြီးကို ငွေကျပ် ၈,၅၆၀ သိန်း အကုန်အကျခံ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

**ဆေးရုံသစ်ကြီး တည်ဆောက်ဖွင့်လှစ်ခြင်း**

ကျန်းမာရေးဝန်ကြီးဌာန စံပြဆေးရုံသစ်ကြီး (သဃ်န်းကျွန်း) ဖွင့်ပွဲအခမ်းအနားကို မေလ ၂၁ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံ ဘုရားလမ်းရှိ စံပြဆေးရုံသစ်ကြီး၌ ကျင်းပခဲ့သည်။

စံပြဆေးရုံသစ်ကြီးသည် ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီးဖြစ်ပြီး လူနာဆောင် ခြောက်ဆောင်ရှိသည်။ ပင်မဆောင် (အေ) မြေညီထပ်တွင် အုပ်ချုပ်ရေးရုံးခန်းများ၊ ပထမထပ်တွင် သားဖွားမီးယပ်ခန်းများနှင့် အထူးခန်းများ၊ ပင်မဆောင် (ဘီ) မြေညီထပ်တွင် အထွေထွေရောဂါ ကုသရေးဆောင်၊ ပထမထပ်အရှေ့အခြမ်းတွင် သားဖွားမီးယပ်ဆောင်နှင့် အနောက်ခြမ်းတွင် ခွဲစိတ်ကုသဆောင်၊ ဒုတိယထပ် အရှေ့ခြမ်းတွင် ကလေးဆောင်နှင့် အနောက်ခြမ်းတွင် အရိုးနှင့်ထိခိုက်ဒဏ်ရာဆောင်၊ ပင်မဆောင် (စီ) မြေညီထပ်တွင် အရှေ့ခြမ်းတွင် သွေးလွှဘဏ်နှင့် အနောက်ခြမ်းတွင် ဓာတ်ခွဲခန်း၊ ပထမထပ် အရှေ့ခြမ်းတွင် သားဖွားမီးယပ်ဆောင်နှင့် အနောက်ခြမ်းတွင် ခွဲစိတ်ကုသဆောင်၊ ဒုတိယ ထပ် အရှေ့ခြမ်းတွင် ကလေးဆောင်နှင့် အနောက်ခြမ်းတွင် အရိုးနှင့် ထိခိုက်ဒဏ်ရာဆောင်၊ ပင်မဆောင် (ဒီ) မြေညီထပ်တွင် ဓာတ်မှန်ခန်းများ၊ ဖလင်ခန်းများ၊ ဓာတ်ငွေ့ခန်းများနှင့် ပေါင်းတင်ခန်းများ၊ ပထမထပ်တွင် ခွဲစိတ်ခန်းမကြီးနှင့် အသည်းအသန်ခန်းများ၊ ဒုတိယထပ်တွင် စာကြည့်တိုက်၊ ပြတိုက်၊ စာသင်ခန်းများနှင့် သင်ကြားရေး အထောက် အကူပြုခန်းများ၊ ပင်မဆောင် (အီး) တွင် ပြင်ပလူနာဆောင်၊ ပင်မဆောင် (အက်ဖ်) တွင် အရေးပေါ်လူနာဆောင်များ အပြင် မီးဖိုဆောင်၊ အဝတ်လျှော်ရုံ၊ ပစ္စည်းသိုလှောင်ရုံ၊ ဓာတ်အားပေးစက်ရုံ၊ ရေစက်ရုံ၊ ရင်ခွဲရုံ၊ စားသောက်ဆိုင်၊ သက်သာဆိုင်နှင့်အထူးကုဌာနများကို ဖွဲ့စည်း တည်ဆောက်ထားသည်။

စံပြဆေးရုံသစ်ကြီး (သဃ်န်းကျွန်း) သည် မြေဧရိယာ ၁၅ ဒသမ ၅၇ ဧက ကျယ်ဝန်းပြီး ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ နိုင်ငံခြားငွေ ဒေါ်လာ ၉၃ ဒသမ ၄၄ သိန်း အပါအဝင်ငွေကျပ် သိန်း ၃,၇၀၀ ကုန်ကျခဲ့ သည်။

ဦးစိုးအောင်

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။** ။ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးလုပ်ငန်းသည် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့် အဓိက တာဝန်ကြီးလေးရပ်အနက် ဒုတိယ တာဝန်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေးကဏ္ဍတွင် ပြည်တွင်းပြည်ပ ဆက်သွယ်ရေးလုပ်ငန်းများသည် အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်လျက်ရှိသည်။ ပြည်တွင်း ပြည်ပဆက်သွယ်ရေးလုပ်ငန်းများ ဖြစ်သည့် စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းနှင့် တယ်လီဖုန်းလုပ်ငန်းများကို မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ကြီးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

**စာတိုက်လုပ်ငန်း**

စာတိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသများတွင် ဖွင့်လှစ်ခဲ့သော စာတိုက်အသစ် ၁၄ ရုံး အပါအဝင် စာတိုက်သစ် ၅၃ ရုံးကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အတွင်း တိုးချဲ့ဖွင့်လှစ်ခဲ့ရာ တစ်နိုင်ငံလုံးတွင် စုစုပေါင်း စာတိုက် ၁,၁၆၆ ရုံး ဖွင့်လှစ်ထားသည်။ စာတိုက်လုပ်ငန်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်အထောက်အပံ့ဖြင့် ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သည်။ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် စံပြစာတိုက်ရုံးတစ်ရုံးစီ သတ်မှတ်ထားရှိပြီး အင်းစိန်စာတိုက်နှင့် ရန်ကင်းစာတိုက်တွင် ခေတ်မီကောင်တာတစ်ခုစီဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ငွေကြေးလုပ်ငန်းနှင့် အိမ်တိုင်ရာရောက် စာဝေလုပ်ငန်းဆောင်ရွက်ခြင်းမပြုသော စာတိုက်များကို ငွေကြေးလုပ်ငန်းနှင့် အိမ်တိုင်ရာရောက်စာဝေလုပ်ငန်း ဆောင်ရွက်သော စာတိုက်များအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့သည်။

စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး အထောက်အကူပြု အမြန်ငွေပို့လွှာလုပ်ငန်းကို ရန်ကုန်၊ မန္တလေး၊ စစ်တွေ၊ မော်လမြိုင်၊ ပုသိမ်၊ မကွေးနှင့် တောင်ကြီးမြို့များတွင် လည်းကောင်း၊ အမြန်ချောပို့လုပ်ငန်းကို ၁၉၉၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရန်ကုန်မှ စစ်ကိုင်း၊ မန္တလေး၊ ပျဉ်းမနား၊ မကွေး၊ ပြည်၊ မော်လမြိုင်၊ ပုသိမ်၊ မိတ္ထီလာ၊ မုံရွာ၊ တောင်ကြီး၊ မြိတ်မြို့များသို့လည်းကောင်း၊ မန္တလေးမှ ပျဉ်းမနား၊ မကွေး၊ ပခုက္ကူ၊ မုံရွာမြို့များသို့လည်းကောင်း၊

တက္ကသိုလ်အဆောင်နေ ကျောင်းသား ကျောင်းသူများအတွက် ငွေပို့လွှာလုပ်ငန်းကို ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ မန္တလေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်မန္တလေးတို့တွင်လည်းကောင်း၊ အဝေးသင်တက္ကသိုလ်စာစဉ်များအား သင်တန်းသားများလက်ဝယ်အရောက် ပို့ဆောင်ပေးခြင်းလုပ်ငန်းကို ၁၉၉၂ ခုနှစ်၊ ဩဂုတ်လမှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

စာတိုက်လုပ်ငန်းတွင် အထိမ်းအမှတ်တံဆိပ်ခေါင်းများ ရိုက်နှိပ်ထုတ်ဝေသည့်လုပ်ငန်းလည်း ပါဝင်ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တံဆိပ်ခေါင်းနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ပတ္တမြားတံဆိပ်ခေါင်းတို့ကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ကျပ် ၇ ဒသမ ၅ သန်း တန်ဖိုးရှိသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တံဆိပ်ခေါင်းလုံးရေ ခြောက်သန်း၊ ကျပ် ၀ ဒသမ ၅ သန်းတန်ဖိုးရှိသော အမျိုးသားအားကစားပွဲတော်တံဆိပ်ခေါင်းလုံးရေ တစ်သန်း၊ ကျပ် ၁ ဒသမ ၅ သန်းတန်ဖိုးရှိသော ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး တံဆိပ်ခေါင်းလုံးရေ သုံးသန်း၊ ကျပ် ၉ ဒသမ ၇၅ သန်းတန်ဖိုးရှိသော နိုင်ငံတကာ အာဟာရညီလာခံ တံဆိပ်ခေါင်းလုံးရေ ၄ ဒသမ ၅ သန်းကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ကျပ် ၃ ဒသမ ၇၅ သန်းတန်ဖိုးရှိသော အမျိုးသားညီလာခံ တံဆိပ်ခေါင်း လုံးရေ ၂ ဒသမ ၅ သန်း၊ ကျပ် ၂ ဒသမ ၁၀ သန်းတန်ဖိုးရှိသော ပထမအကြိမ် မြန်မာ့ရိုးရာမြင်းခင်းသဘင် တံဆိပ်ခေါင်း လုံးရေ ၀ ဒသမ ၇ သန်း၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်း နှစ်ခု၏ ပုံများဖြင့် ၁၀ ကျပ်တန်နှင့် ငါးကျပ်တန် တန်ဖိုးကြီး အစဉ်သုံးတံဆိပ်ခေါင်း လုံးရေတစ်သန်းစီကိုလည်းကောင်း ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ပြည်ပချောပို့လုပ်ငန်းဆောင်ရွက်ရာတွင် လေကြောင်းခရီးဖြင့် ပြည်ပ ၂၁ နိုင်ငံရှိ မြို့ကြီး ၂၈ မြို့သို့ ချောစာများ ပေးပို့ခြင်းနှင့် ပြည်ပ ၃၂ နိုင်ငံရှိမြို့ကြီး ၄၂ မြို့မှ ပေးပို့သည့် ချောစာများလက်ခံခြင်းလုပ်ငန်း၊ ရေကြောင်းခရီးဖြင့် ပြည်ပ ၁၃ နိုင်ငံရှိ မြို့ကြီး ၁၈ မြို့သို့ ချောစာများပေးပို့ခြင်းနှင့် ပြည်ပနိုင်ငံ ၃၀ ရှိ မြို့ကြီး ၄၁ မြို့မှ ပေးပို့သည့် ချောစာများလက်ခံခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ပြည်ပချောထုပ်ပို့လုပ်ငန်းနှင့် ပြည်ပနိုင်ငံများမှ ပေးပို့သည့် ချောထုပ်ချောစာများပေးဝေသည့်လုပ်ငန်းကို ရန်ကုန်စာတိုက်ကြီးတွင် တိုးချဲ့ဆောင်ရွက်ပေးခဲ့သည်။ ပြည်ပသို့ လေကြောင်းခရီးဖြင့် တစ်ပတ်လျှင် သုံးရက်သာ ချောထုပ်ပို့ဆောင်နိုင်ခဲ့ရာမှ တစ်ပတ်လျှင် ငါးရက်အထိ တိုးတက်ပို့ဆောင်ပေးလျက်ရှိသည်။



**မရမ်းကုန်း အပြည်ပြည်ဆိုင်ရာ အော်တိုတယ်လီဖုန်း ထရန်စစ် အိတ်ချိန်း အဆောက်အအုံ**

၁၉၉၃ – ၉၄ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ချောထုပ် ၈,၆၆၃ ထုပ်နှင့် ချောစာထုပ် ၁၆၇,၆၀၁ ထုပ်ကိုလည်းကောင်း၊ ပြည်တွင်းချောပစ္စည်း ပမာဏ ၇၅ ဒသမ ၀၈ သန်းနှင့် ငွေပို့လွှာ ပို့ငွေတန်ဖိုး ၆၀၃ ဒသမ ၃၀ သန်းကိုလည်းကောင်း ပေးပို့နိုင်ခဲ့ရာ စာတိုက်လုပ်ငန်းမှ ဝင်ငွေ ကျပ် ၉၃ ဒသမ ၇၀၃ သန်းရရှိခဲ့သည်။

## ကြေးနန်းလုပ်ငန်း

ကြေးနန်းနှောင့်နှေးကြန့်ကြာမှုနှင့် မှားယွင်းမှုများ လျော့နည်းပပျောက်စေရန်၊ ကြေးနန်းလုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားလာပြီး ကြေးနန်းဆက်သွယ်ရေး သွက်လက်လျှင်မြန်လာစေရန်နှင့် ကြေးနန်းဆက်သွယ်ရေး အပေါ် ပြည်သူလူထုက ယုံကြည်အားကိုး၍ စိတ်ကျေနပ်မှု အပြည့်အဝရရှိလာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ပြည်နယ်နှင့်တိုင်း ရုံးစိုက်ရာ မြို့ကြီးများ အပါအဝင်

စီးပွားရေးအချက်အချာကျသော မြို့ကြီး ၅၁ မြို့တွင် ကြေးနန်းလုပ်ငန်းမြှင့်တင်ရေးစီမံချက် (ပထမအဆင့်) ကို ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ မြို့ကြီး ၅၁ မြို့ အပြန်အလှန် ပေးပို့သော ကြေးနန်းများကို ၂၄ နာရီအတွင်း လိပ်စာရှင်ထံ အရောက်ပေးဝေနိုင်ပြီး မြို့ကြီး ၅၁ မြို့မှ အခြားမြို့များသို့ ပေးပို့သော ကြေးနန်းများကိုလည်း ပိုမိုလျင်မြန်စွာပေးပို့ လျက်ရှိသည်။

သမိုင်းကောလိပ်၊ ရန်ကင်း၊ မင်္ဂလာဒုံ၊ အင်းစိန်နယ်မြေစု ကြေးနန်းရုံးများဖွင့်လှစ်ဆောင်ရွက်ခြင်းကြောင့် ရန်ကုန်စည်ပင်သာယာရေးနယ်နမိတ်အတွင်း ကြေးနန်းများ ပိုမိုလျင်မြန်စွာ ပေးပို့နိုင်ခဲ့သည်။ တိုင်းဆက်သွယ်ရေးစခန်း (ကြေးနန်းရုံး) ရန်ကုန်မှ နယ်မြေစု ကြေးနန်းရုံးများသို့ ကြေးနန်းလိုင်းပေါ်မှ တိုက်ရိုက်ပေးပို့ဝေငှသော စနစ်ကို ကျင့်သုံးခဲ့ရာ ကြေးနန်းများကို သုံး နာရီ မိနစ် ၃၀ အတွင်း လိပ်စာရှင်များထံ အရောက်ပေးဝေလျက်ရှိသည်။

၁၉၉၃ ခုနှစ်၊ မတ်လမှ စ၍ ရန်ကုန်နှင့် မန္တလေး ကြေးနန်းရုံများတွင်လည်းကောင်း၊ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလမှစ၍ မကွေးကြေးနန်းရုံးတွင်လည်းကောင်း၊ ဖေဖော်ဝါရီလမှစ၍ တောင်ကြီးနှင့် မော်လမြိုင်ကြေးနန်းရုံးများတွင်လည်းကောင်း ကွန်ပျူတာများတပ်ဆင်ပြီး ကြေးနန်းပို့ယူမှုပြုလုပ်နိုင်ခဲ့သည်။

၁၉၉၂ – ၉၃ ခု ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်း မင်းသာ၊ ရခိုင်ပြည်နယ် ကြိမ်ချောင်းနှင့် တောင်ပြိုတို့တွင် ရေဒီယို ကြေးနန်းရုံး အသစ်တစ်ရုံးစီ၊ ၁၉၉၃ – ၉၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ် ဆော့လော်၊ စစ်ကိုင်းတိုင်း အောင်ဇေယျနှင့် ဗန္ဓုလ၊ ရှမ်းပြည်နယ် ကျောက်တလုံး၊ ပန်းဆန်း၊ ကြူကုတ်၊ မိုင်းမော၊ ကောင်းခါး၊ ဆင်ကျော့နှင့် မန်တုံတို့တွင် ရေဒီယိုကြေးနန်းရုံး အသစ်တစ်ရုံးစီ စုစုပေါင်း ရေဒီယိုကြေးနန်းရုံး အသစ် ၁၃ ရုံး တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့်နယ်စပ်ဒေသရှိပြည်သူများ ကြေးနန်းဆက်သွယ်မှု လွယ်ကူလျက်ရှိသည်။ ၁၉၉၃ – ၉၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်တွင် ကြေးနန်းရုံးအသစ် တစ်ရုံး၊ စစ်ကိုင်းတိုင်းတွင် ကြေးနန်းရုံး အသစ်နှစ်ရုံး၊ မန္တလေးတိုင်းတွင် ကြေးနန်းရုံးအသစ် တစ်ရုံးနှင့် ရှမ်းပြည်နယ်တွင် ကြေးနန်းရုံး အသစ် ခုနစ်ရုံး စုစုပေါင်း ကြေးနန်းရုံး အသစ် ၁၁ ရုံး ဖွင့်လှစ်ပေးခဲ့ပြီး ကချင်ပြည်နယ်မှ ကြေးနန်းရုံး တစ်ရုံး၊ စစ်ကိုင်းတိုင်းမှ ကြေးနန်းရုံး နှစ်ရုံးနှင့် ပဲခူးတိုင်းမှ ကြေးနန်းရုံး နှစ်ရုံး စုစုပေါင်း ကြေးနန်းရုံး ငါးရုံးကို အဆင့်မြှင့်ပေးခဲ့ရာ တစ်နိုင်ငံလုံးတွင် ကြေးနန်းရုံး ၆၃ ရုံး၊ ရေဒီယိုရုံး ၁၃၆ ရုံးနှင့် ရေဒီယိုကြေးနန်းရုံး ၁၈၅ ရုံး စုစုပေါင်း ကြေးနန်းရုံး ၃၈၄ ရုံး ဖွင့်လှစ်ထားပြီးဖြစ်သည်။

ကွန်ပျူတာဖြင့် ကြေးနန်းပို့ယူမှုဆောင်ရွက်နေသည့် ရန်ကုန်ကြေးနန်းရုံး



ဂြိုဟ်တုမှတစ်ဆင့် ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီနှင့် အမေရိကန် နိုင်ငံများသို့ ဆက်ကြောင်း ၄၈ ခုဖြင့် ပြည်ပတဲလက်စ် ဆက်သွယ်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ တဲလက်စ် ဆက်သွယ်ရေးလုပ်ငန်းတွင် အော်တိုစနစ် အသုံးပြုနိုင်ခြင်း၊ ပုံသေစပေါ်တင်စနစ်ဖြင့် လက်ခံရိုက်ကြား ခွင့်ပြုခြင်းတို့ကြောင့် သုံးစွဲသူများပိုမို အဆင်ပြေစွာ ဆက်သွယ်နိုင်လျက်ရှိပြီဖြစ်သည်။ ၁၉၉၃ – ၉၄ ခု ဘဏ္ဍာရေးနှစ်တွင် တဲလက်စ်စက် ၂၂၉ လုံးနှင့် မှတ်ပုံတင်သုံးစွဲသူ ၂,၀၅၄ ဦး ရှိပြီး တဲလက်စ် အထွက် ၅၇,၆၈၅ ကြိမ်အတွက် ငွေကျပ် ၆ ဒသမ ၇၀၇ သန်း ရရှိခဲ့သည်။

ပြည်သူ့သုံး ပြည်ပဖက်စ်လုပ်ငန်းကို ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ပြည်ပနိုင်ငံပေါင်း ၄၀ သို့ ပေးပို့လျက်ရှိသည်။ ပြည်ပဖက်စ်လုပ်ငန်းမှ ၁၉၉၃ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအထိ ဖက်စ်အဝင် ၁၀,၁၃၈ ကြိမ်အတွက် ငွေကျပ် ၀ ဒသမ ၄၃၃ သန်းနှင့် အထွက် ၂၁,၅၅၈ ကြိမ် အတွက် ငွေကျပ် ၆ ဒသမ ၆ သန်း စုစုပေါင်း ငွေကျပ် ၇ ဒသမ ၀၃၃ သန်း ရရှိခဲ့သည်။ ပြည်သူ့သုံးပြည်တွင်း ဖက်စ်လုပ်ငန်းကို ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့စ၍ ရန်ကုန်မှ မန္တလေး၊ စစ်တွေ၊ ပုသိမ်၊ မကွေး၊ မော်လမြိုင်၊ တောင်ကြီးမြို့များတွင် လည်းကောင်း၊ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှ စ၍ တာချီလိတ်မြို့တွင်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်။ ၁၉၉၃ – ၉၄ ခု ဘဏ္ဍာရေးနှစ်အတွင်းပြည်တွင်းဖက်စ်လုပ်ငန်းမှ အပို့စောင်ရေ ၃,၄၃၇ စောင် အတွက် ငွေကျပ် ၁၅၅,၂၁၅ ရရှိခဲ့သည်။

## တယ်လီဖုန်းလုပ်ငန်း

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တယ်လီဖုန်းအိတ်ချိန်းများ အဆင့်တိုးမြှင့်ခြင်းနှင့် အိတ်ချိန်းအသစ်များတိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ကချင်ပြည်နယ်တွင် အိတ်ချိန်း ၁၀ ခု၊ ကယားပြည်နယ်တွင် အိတ်ချိန်းလေးခု၊ ကရင်ပြည်နယ်တွင် အိတ်ချိန်း ငါးခု၊ ချင်းပြည်နယ်တွင် အိတ်ချိန်း ရှစ်ခု၊ စစ်ကိုင်းတိုင်းတွင် အိတ်ချိန်း ၁၇ ခု၊ တနင်္သာရီတိုင်းတွင် အိတ်ချိန်း ၈ ခု၊ ပဲခူးတိုင်းတွင် အိတ်ချိန်း ၂၅ ခု၊ မကွေးတိုင်းတွင် အိတ်ချိန်း ၂၁ ခု၊ မန္တလေးတိုင်းတွင် အိတ်ချိန်း ၃၇ ခု၊ မွန်ပြည်နယ်တွင် အိတ်ချိန်း ၁၀ ခု၊ ရန်ကုန်တိုင်းတွင် အိတ်ချိန်း ၁၂ ခု၊ ရှမ်းပြည်နယ်တွင် အိတ်ချိန်း ခုရေ ၂၀၊ ရခိုင်ပြည်နယ်တွင် အိတ်ချိန်း ၁၅ ခု၊ ဧရာဝတီတိုင်းတွင် အိတ်ချိန်း ၃၃ ခု၊ စုစုပေါင်း အိတ်ချိန်း ၂၂၅ ခုနှင့် လိုင်းအင်အား ၁၇,၇၆၁ လိုင်း အဆင့်မြှင့်တိုးချဲ့ခဲ့ပြီးဖြစ်သည်။ အဆင့်မြှင့်တိုးချဲ့ခဲ့သော အိတ်ချိန်းများတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရန်ပုံငွေဖြင့် အဆင့်မြှင့်ခဲ့သော အိတ်ချိန်း ၁၉၂ ခုနှင့် မြို့မိမြို့ဖများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အိတ်ချိန်း ၃၃ ခု ပါဝင်သည်။ တယ်လီဖုန်းအိတ်ချိန်းသစ်များကို ကချင်ပြည်နယ်တွင် ခုနစ်ခု၊ ကယားပြည်နယ်တွင် ငါးခု၊ ကရင်ပြည်နယ်တွင် ခြောက်ခု၊ ချင်းပြည်နယ်တွင် တစ်ခု စစ်ကိုင်းတိုင်းတွင် ၁၇ ခု၊ တနင်္သာရီတိုင်းတွင် ကိုးခု၊ ပဲခူးတိုင်းတွင် ၃၄ ခု၊ မကွေး တိုင်းတွင် ၁၆ ခု၊ မန္တလေးတိုင်းတွင် ၁၃ ခု၊ မွန်ပြည် နယ်တွင် ခြောက်ခု၊ ရန်ကုန်တိုင်းတွင် ခြောက်ခု၊ ရှမ်းပြည် နယ်တွင် ၃၆ ခု၊ ရခိုင်ပြည်နယ်တွင် သုံးခု၊ ဧရာဝတီ တိုင်းတွင် ၁၁ ခု၊ စုစုပေါင်း ခုရေ ၁၇၀ တိုးချဲ့တပ်ဆင်ခဲ့သည်။ တိုးချဲ့တပ်ဆင်ခဲ့သော တယ်လီဖုန်း အိတ်ချိန်း သစ်များတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ပုံငွေဖြင့် တပ်ဆင်ခဲ့သော အိတ်ချိန်းသစ် ၁၃၈ ခုနှင့် မြို့မိမြို့ဖများနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ ပူးပေါင်းတပ်ဆင်ခဲ့သော အိတ်ချိန်းသစ် ၃၂ ခုရှိသည်။ တစ်နိုင်ငံလုံးတွင် လက်သုံးတယ်လီဖုန်း အိတ်ချိန်း ၃၅၇ ခုနှင့် အော်တိုတယ်လီဖုန်းအိတ်ချိန်း ၅၆ ခု စုစုပေါင်းတယ်လီဖုန်းအိတ်ချိန်း ၄၁၃ ခု၊ တယ်လီဖုန်းပေါင်း ၁၂၈,၆၉၅ လုံးနှင့် တိုက်ရိုက်အိတ်ချိန်းလိုင်း ၁၁၇,၉၃၃ လိုင်းတပ်ဆင်ပြီးဖြစ်သည်။

အော်တိုတယ်လီဖုန်းအိတ်ချိန်းသစ်များ တည်ဆောက်ခြင်းစီမံကိန်းနှင့်ဆက်စပ်၍ ဆက်ကြောင်းသစ်များလိုအပ်နေသော မော်ဘိ – ထောက်ကြန့်ဆက်ကြောင်း၊ အင်းတိုင် – ထောက်ကြန့်ဆက်ကြောင်းနှင့် ကျောက်တန်း – သန်လျင်ဆက်ကြောင်းများတွင် ဒစ်ဂျစ်တယ်လ်ယူအိတ်ချ်အက်ဖ် ရေဒီယိုဆက်ကြောင်း သုံးခုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ သန်းခန့် အကုန်အကျခံပြီး ၁၉၉၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ မကွေး – မင်းဘူး ဆက်ကြောင်းမှ အင်နာလော့ ယူအိတ်ချ်အက်ဖ် စက်များကို ပြည် – ဆင်တဲဆက်ကြောင်းသို့ ပြောင်းရွှေ့တပ်ဆင်ပြီးဖြစ်သည်။ ထို့ပြင် တယ်လီဖုန်းဆက်သွယ်မှု လျင်မြန်စေရေးအတွက် သဃ်န်းကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ ကျိုင်းတုံ၊ အင်းတိုင်၊ မော်ဘိ၊ ကလေးမြို့နှင့် ဒဂုံမြို့သစ်အိတ်ချိန်းများတွင် တယ်လီဖုန်းလိုင်းအင်အား ၆,၅၀၀ ကို ငွေကျပ် ၁၃၈ ဒသမ ၆ သန်းခန့် အကုန်အကျခံ တိုးချဲ့တပ်ဆင်ခဲ့ရာ ၁၉၉၂ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

တယ်လီဖုန်းများတိုးချဲ့ တပ်ဆင်ပေးခဲ့ခြင်းကြောင့် အဝေးဆက်သွယ်မှုလမ်းကြောင်းများ တိုးချဲ့ခဲ့ရာ ရန်ကုန် – ပြည် ဆက်ကြောင်းတွင် ချယ်နယ် ၅၂ ခု၊ ရန်ကုန်– မြေထဲ ဆက်ကြောင်းတွင် ချယ်နယ် ၁၄ ခု၊ ရန်ကုန်– သရက် ဆက်ကြောင်းတွင် ချယ်နယ် ၁၄ ခု၊ မန္တလေး– မကွေး ဆက်ကြောင်းတွင် ချယ်နယ် ၃၆ခု၊ မန္တလေး– မင်းဘူး ဆက်ကြောင်းတွင် ချယ်နယ် ၁၂ ခု၊ မန္တလေး– ရေနံချောင်း ဆက်ကြောင်းတွင် ချယ်နယ် ၁၂ ခု၊ မန္တလေး– ညောင်ဦး ဆက်ကြောင်းတွင် ချယ်နယ် ခြောက်ခုနှင့် မကွေး– သစ်ရာကောက် ဆက်ကြောင်းတွင် ချယ်နယ် ၁၂ ခု စုစုပေါင်း ချယ်နယ် ၁၅၈ ခုကိုလည်းကောင်း၊ ရန်ကုန်– မန္တလေး ဆက်ကြောင်းတွင် ချယ်နယ် ၂၄၀၊ ရန်ကုန်– ပဲခူး ဆက်ကြောင်းတွင် ချယ်နယ် ၆၀၊ ရန်ကုန် – မအူပင် ဆက်ကြောင်းတွင် ချယ်နယ် ၆၀၊ မန္တလေး– တောင်ကြီး ဆက်ကြောင်းတွင် ချယ်နယ် ၆၀ စုစုပေါင်း ချယ်နယ် ၄၂၀ ကို လည်းကောင်း အသီးသီး တိုးချဲ့တပ်ဆင်ခဲ့ပြီးဖြစ်သည်။

မိုက္ကရိုဝေ့ဗ်လိုင်းသစ်များကို ရန်ကုန်–ရေကြည်– ဓနုဖြူ– ကြံခင်း– ဆင်တဲ၊ ကျောက်ကြီး– ပဲနွယ်ကုန်း၊ သစ်ရာကောက်– တောင်တွင်းကြီး၊ ဘီးလင်း– ကျိုက်ထို၊ ဝါးခယ်မ– မော်လမြိုင်ကျွန်း၊ ရေကြည်– ငါးသိုင်းချောင်း၊ ဆင်တဲ– ထုံးဘိုတို့တွင် တစ်လိုင်းစီနှင့် စဉ့်ကိုင်– တံတားဦး၊ မုပွလင်– ကျိုက်ထီးရိုး၊ ဆင်တဲ– ဥသျှစ်ပင်တို့တွင် နှစ်လိုင်းစီ တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ရာ ရပ်ဝေးခေါ်ဆိုမှု လွယ်ကူ ချောမွေ့လျက်ရှိသည်။

ဆက်သွယ်ရေး ဖွံ့ဖြိုးမှု စီမံချက်အရ နယ်စပ်ဒေသများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများကို အလျင်အမြန် သိရှိရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက်တီဒဗလျူ ၁၀၀လိုင်းနှုန်းမြင့် ရေဒီယိုအသံလွှင့် အသံဖမ်းစက်များကို ကချင်ပြည်နယ်တွင် ခြောက်လုံး၊ ကယားပြည်နယ်တွင် သုံးလုံး၊ ကရင် ပြည်နယ်တွင် သုံးလုံး၊ ချင်းပြည်နယ်တွင် ခြောက်လုံး၊ စစ်ကိုင်းတိုင်းတွင် ၁၀ လုံး၊ မကွေးတိုင်းတွင် သုံးလုံး၊ မန္တလေးတိုင်းတွင် တစ်လုံး၊ ရန်ကုန်တိုင်းတွင် ငါးလုံး၊ ရခိုင် ပြည်နယ်တွင် ခြောက်လုံး၊ ရှမ်းပြည်နယ်တွင် ၃၃ လုံး စုစုပေါင်း ၇၆ လုံး တပ်ဆင်ပေးခဲ့သည်။

၁၉၉၀ ပြည့်နှစ်၊ ဇွန်လမှစ၍ ပြည်တွင်းကြိုးမဲ့ဆက်သွယ်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် အဝေးပြောတယ်လီဖုန်း ဆက်သွယ်မှု လွယ်ကူလျင်မြန်လျက်ရှိသည်။ ကြိုးမဲ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အေရှဆက် – ၁ ကြိုးမဲ့ကို ငှါးရမ်းအသုံးပြုခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ မြစ်ကြီးနားနှင့် ဟားခါးမြို့များတွင် လည်းကောင်း၊ ဇန်နဝါရီလ ၂၉ ရက်နေ့၌ ကလေး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြိတ်၊ ကော့သောင်းမြို့များတွင်လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ရန်ကုန် (ပင်မ)၊ လားရှိုး၊ မူဆယ်၊ ဗန်းမော်၊ ခန္တီး၊ မြဝတီမြို့များတွင်လည်းကောင်း၊ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့၌ ဘူးသီးတောင်မြို့တွင်လည်းကောင်း၊ ဧပြီလ ၂၆ ရက်နေ့၌ တမူးမြို့တွင်လည်းကောင်း ကြိုးမဲ့ဆက်သွယ်ရေး မြေပြင်စခန်းများကို အသီးသီး တည်ဆောက်ဖွင့်လှစ်ခဲ့ရာ ထိုမြို့များမှ တစ်နိုင်ငံလုံးသို့သာမက ပြည်ပနိုင်ငံများအထိ အလွယ်တကူ တယ်လီဖုန်း ဆက်သွယ်နိုင်ပြီဖြစ်သည်။

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ပတယ်လီဖုန်း ဆက်ကြောင်း လေးခုနှင့် နိုဝင်ဘာလတွင် ပြည်ပတယ်လီဖုန်း ဆက်ကြောင်းအခု ၃၀ တိုးချဲ့တပ်ဆင်ခဲ့ရာ ပြည်ပကြိုးမဲ့ ဆက်သွယ်ရေးလုပ်ငန်းအတွက် ပြည်ပတယ်လီဖုန်း ဆက်ကြောင်း စုစုပေါင်း အခု ၆၀ ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ တယ်လီဖုန်းဆက်သွယ်မှု လျင်မြန်လွယ်ကူစေရန်နှင့် အရည်အသွေးပိုမိုတိုးတက် ကောင်းမွန်လာစေရန် အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက်သွယ်မှု အဆင့်မြှင့်ခြင်းလုပ်ငန်းကို အမေရိကန် ဒေါ်လာ ၈ ဒသမ ၂ သန်း အကုန်ကျခံဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်မှု အဆင့်မြှင့်ခြင်း လုပ်ငန်းတွင် သန်လျင်ကြိုးမဲ့ဆက်သွယ်ရေး မြေပြင်စခန်းအဆင့် 'အေ' တည်ဆောက်တပ်ဆင်ခြင်း၊ မရမ်းကုန်း အပြည်ပြည်ဆိုင်ရာ အော်တိုတယ်လီဖုန်းထရန်စစ် အိတ်ချိန်း တည်ဆောက်တပ်ဆင်ခြင်း၊ ကြိုးမဲ့ဆက်သွယ်ရေး မြေပြင်စခန်းအဆင့် 'အေ' နှင့် အပြည်ပြည်ဆိုင်ရာ အော်တို တယ်လီဖုန်းထရန်စစ်အိတ်ချိန်း အကြား ဒစ်ဂျစ်တယ်လ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ဆက်သွယ်ခြင်း၊ ပြည်ပဆက်သွယ်ရေးစနစ်နှင့် ပြည်တွင်း ဆက်သွယ်ရေး စနစ်အကြား Optical Fibre Cable တပ်ဆင်ခြင်း လုပ်ငန်းတို့ပါဝင်သည်။ ၁၉၉၄ ခုနှစ်၊ မတ်လ ၄ ရက် နေ့တွင် သန်လျင် ကြိုးမဲ့ဆက်သွယ်ရေးမြေပြင်စခန်း အဆင့် 'အေ' ကို ဖွင့်လှစ်ခဲ့ရာ တိုက်ရိုက်ဆက်သွယ်ရန် လျာထားသော ပြည်ပနိုင်ငံ ၁၂ နိုင်ငံအနက် ၁၁ နိုင်ငံနှင့် တယ်လီဖုန်းဆက်ကြောင်း ၂၇၇ လိုင်း ဆက်သွယ်ကာ အလွယ်တကူ တယ်လီဖုန်းဆက်သွယ်နိုင်ပြီဖြစ်သည်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ဆယ်လူလာ မိုဘိုင်း ရေဒီယိုတယ်လီဖုန်းစနစ်ကို ငွေကျပ် ၄၄ ဒသမ ၆၁ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ ခြင်းကြောင့်

ယခုအခါ ဆယ်လူလာတယ်လီဖုန်းများကို အသုံးပြု၍ ခေတ်မီအဆင့်မြင့် ဆက်သွယ်နိုင်ကြပြီ ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ပြည်တွင်းပြည်ပဆက်သွယ်ရေးလုပ်ငန်းများ ဖြစ်သည့် စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းနှင့် တယ်လီဖုန်း လုပ်ငန်းများမှ ၁၉၉၃ – ၉၄ ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အတွက် စုစုပေါင်း ဝင်ငွေ ကျပ် ၁,၂၁၅ ဒသမ ၀၅၅ သန်း ရရှိခဲ့သည်။ ။

**မြန်မာ့ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများ။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၉၄ ခုနှစ် အတွင်း ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများကို အောက်ပါအတိုင်း ဖော်ပြပါသည်။

## မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ

တတိယအကြိမ်မြောက် အထက်မြန်မာပြည် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲကို ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ မန္တလေးမြို့ ဆင်ဖြူကန်အားကစားကွင်းတွင် ကျင်းပသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေစေရန်၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ တွေ့ဆုံရင်းနှီးပြီး စည်းလုံးညီညွတ်မှု၊ ချစ်ခင် သွေးစည်းမှု ပိုမိုရရှိလာစေရန်၊ မြန်မာတို့၏ ဇာတိသွေးနှင့် အားမာန်သတ္တိ၊ အမျိုးသားစိတ်၊ အမျိုးသားယဉ်ကျေးမှု ရှင်သန်ထက်မြက်လာစေရန်၊ မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားများ၏ အရည်အသွေး မြင့်တင်ပေးခြင်းဖြင့် နိုင်ငံတော် အတွက် ကုန်ထုတ်လုပ်မှု တိုးတက်လာစေရန်၊ လှည်းနှင့် နွား၏ တန်ဖိုးနှင့် အကျိုးကျေးဇူးကို အများပြည်သူတို့ ပိုမိုသိရှိ သဘောပေါက် နားလည်ကြစေရန်နှင့် ခေတ်အဆက်ဆက်တွင် မြန်မာ့လှည်းနှင့် မြန်မာ့နွားတို့၏ အခန်း ကဏ္ဍကို သိရှိနားလည်၍ တန်ဖိုးထားတတ်စေရန် ဟူသော ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ ကျင်းပခြင်း ဖြစ်သည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့ တွင် ကျင်းပသော ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဗိုလ်ချုပ်ကြီး) နှင့် ဝန်ကြီးများ၊ ပြိုင်ပွဲဖြစ် မြောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် လူထုပရိသတ်များ တက်ရောက် သည်။

ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ အမှတ် (၃၃) ခြေမြန်တပ်မဟာနချုပ်၊ အမှတ် (၉၉) ခြေမြန်တပ်မဟာနချုပ်၊ အမှတ် (၁၀၁) ခြေမြန်တပ်မဟာနချုပ်တို့မှ ပြိုင်ပွဲဝင် အသင်းပေါင်း ၅၁ သင်း၊ ပြိုင်ပွဲဝင်ဦးရေ ၁၁၇၆ ဦးနှင့် နွားကောင်ရေစုစုပေါင်း ၇၇၄ ကောင်တို့က နွားလှည်းဒုန်းပြိုင်ပွဲ အကြီးတန်းတွင် ၄၈ စီး၊ အငယ်တန်းတွင် ၅၁ စီး၊ နွားလှည်းခြေအလှ အကြော့မောင်း ပြိုင်ပွဲ အကြီးတန်းတွင် ၉၆ စီး၊ အငယ်တန်းတွင် ၆၄ စီး၊ နွားတစ်ကောင် ဒုန်းလှည်းပြိုင်ပွဲတွင် ၂၆ စီး၊ နွားတစ်ကောင်ချင်း ခြေအလှအကြော့မောင်းပြိုင်ပွဲ အကြီးတန်းတွင် ၇၆ ကောင်၊ အငယ်တန်းတွင် ၅၉ ကောင်၊ နွားကျောစီးပြိုင်ပွဲ တွင် ၆၇ ကောင်၊ နွားသိုးအလှပြိုင်ပွဲတွင် ၄၃ ကောင်၊ နွားမအလှပြိုင်ပွဲတွင် ၃၆ ကောင်၊ ခိုင်းနွားအလှ အရှဉ်းစုံ ပြိုင်ပွဲတွင် ၄၁ ရှဉ်း ပါဝင်ယှဉ်ပြိုင်သည်။

တတိယအကြိမ်မြောက် အထက်မြန်မာပြည် မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ကွင်းပိတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပရာ မန္တလေးတိုင်းအသင်းက အမှတ်ပေါင်း ၁၉၇ မှတ်ဖြင့် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိသည်။ ပြိုင်ပွဲတွင် ဆုအမျိုးအမည်ပေါင်း ၂၆ မျိုး၊ ဆုအရေအတွက်ပေါင်း ၁၉၉ ဆု၊ တန်ဖိုး စုစုပေါင်း ကျပ် ၂၁ သိန်းခွဲ ကျော်ဖိုး ချီးမြှင့်ခဲ့သည်။

## မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာလ ၂၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ် လေ့ကျင့်ရေးဇာတ်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံတို့တွင် ကျင်းပ သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်း ဖြစ် သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄၊ စာ–၂၅၉ ရှု)။

ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ဖွင့်ပွဲ

အခမ်းအနားအပြီးတွင် ပြိုင်ပွဲများကို သတ်မှတ်ထားသည့်နေရာ အသီးသီး၌ စတင်ကျင်းပသည်။ ပြိုင်ပွဲများကို ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၂ နှစ်အထက်) နှင့် အခြေခံပညာအဆင့် (အသက် ၁၂ နှစ်အောက်) ဟူ၍ အဆင့်ငါးဆင့်ခွဲခြားကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင် ဦးရေ စုစုပေါင်း ၁၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင် သည်။

အဆိုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးခွဲခြားထားပြီး မဟာဂီတ၊ ဓမ္မတေးနှင့် ကာလပေါ်တေးတို့ ပါဝင်သည်။ အကပြိုင်ပွဲတွင် သတ်မှတ်ချက်များနှင့်အညီ ကပြယှဉ်ပြိုင်ရသည်။ အရေးပြိုင်ပွဲတွင် ပညာရှင်အဆင့်အတွက် "တြိရတနာ"၊ ဝါသနာရှင်အဆင့်အတွက် "ချိန်တန်ပြီ"၊ အဆင့်မြင့်ပညာအဆင့်အတွက် "မြတ်နိုးသူ"၊ အခြေခံပညာအဆင့် (အသက်၁၂ နှစ်အထက်)နှင့် အခြေခံပညာအဆင့် (အသက် ၁၂ နှစ်အောက်) အတွက် "ဆုံစည်းရာနယ်မြေ" ခေါင်းစဉ်များကို ရေးသားစပ်ဆိုရသည်။ အတီးပြိုင်ပွဲတွင် ဆိုင်း (တစ်ဦးချင်း)၊ နဲကြီး/နဲသေး၊ တယော၊ ပတ္တလား၊ စောင်း၊ စန္ဒရား၊ အိုးစည် (အဖွဲ့လိုက်)၊ ဒိုးပတ် (အဖွဲ့လိုက်) နှင့် ဆိုင်းဝိုင်း (အဖွဲ့လိုက်) စသည့် ပြိုင်ပွဲကိုးမျိုး ပါဝင်သည်။

ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားပြီး အဆိုပြိုင်ပွဲ မဟာဂီတပြိုင်ပွဲ အဆင့်ဆင့်တွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်က အဆိုပြိုင်ပွဲ ဓမ္မတေးပြိုင်ပွဲ အဆင့်ဆင့်တွင် ဆုရရှိသူများအားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က အဆိုပြိုင်ပွဲ ကာလပေါ်တေးပြိုင်ပွဲ အဆင့်ဆင့်တွင် ဆုရရှိသူများအားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မျိုးသန့်က အကပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအားလည်းကောင်း၊ မြို့တော်ဝန် ဦးကိုလေးက အရေးပြိုင်ပွဲ အဆင့်ဆင့်၊ အတီးပြိုင်ပွဲ ဆိုင်း(တစ်ဦးချင်း) နှင့် နဲကြီး/နဲသေးပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအား လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေက အတီးပြိုင်ပွဲ တယောပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မြသင်းက အတီးပြိုင်ပွဲ ပတ္တလားနှင့် စောင်းပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအားလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်က အတီးပြိုင်ပွဲ စန္ဒရားပြိုင်ပွဲ အဆင့်ဆင့်တွင် ဆုရရှိသူများအားလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်မင်းက အတီးပြိုင်ပွဲ အိုးစည်(အဖွဲ့လိုက်) ပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအားလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် ခင်မောင်သန်းက အတီးပြိုင်ပွဲ ဒိုးပတ် (အဖွဲ့ လိုက်) နှင့် ဆိုင်းဝိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲ အဆင့်ဆင့်တွင် ဆုရရှိသူများအားလည်းကောင်း ဆုများ အသီးသီး ချီးမြှင့် ကြသည်။

## မြန်မာ့ရိုးရာယဉ်ကျေးမှု လှေသဘင်ပွဲတော်

မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် မြန်မာ့ဇာတိသွေး ဇာတိမာန်ရှင်သန်ထက်မြက်ရန်၊ ပြည်ထောင်စု ချစ်စိတ်၊ မျိုးချစ်စိတ် ပိုမိုရှင်သန်အောင် ဆောင်ရွက်ရန်ဟူသော ရည်မှန်းချက်များနှင့် မြန်မာ့ရိုးရာလှေလှော် အားကစားနည်းကို ဆက်လက်ဖော်ထုတ်ထိန်းသိမ်း သွားရန်၊ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေးနှင့် အမျိုးသားရိုးရာ ယဉ်ကျေးမှု အစဉ်အလာများထိန်းသိမ်းရေး စသော အချက်များအပေါ် အခြေခံ၍ အမျိုးသားရေး တာဝန်အဖြစ် ဦးတည်ဖော်ဆောင်သွားရန်၊ မြန်မာလူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို သရုပ်ဖော်ရန်၊ ခွဲ၊ လုံ့လ၊ ဝီရိယနှင့် ယှဉ်သော ကိုယ်လက်ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု အစဉ်ရှိနေစေရန်၊ အမျိုးသားစိတ်ဓာတ်ကို ဖော်ညွှန်းသော စုပေါင်းဆောင်ရွက်တတ် မှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိမှုတို့ကို ဖော်ဆောင်ရန်၊ "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်" ဟူသော ရည်မှန်းချက်နှင့်အညီ နိုင်ငံတကာလှေလှော် အားကစားသမားများ ပေါ်ထွန်းလာစေရန်ဟူသောရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌဖလား ဆဋ္ဌမအကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုလှေသဘင်ပွဲတော်ကို ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့၊ ကန်တော်ကြီးတွင်ကျင်းပသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု လှေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ရန်ကုန် မြို့ ကန်တော်ကြီး ကရဝိက်ကျွန်းအဝင် ဗဟိုမဏ္ဍပ်မှခ်ဦးထိပ်၌ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု လှေသဘင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ နာယက

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဆဋ္ဌမအကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုလေ့သဘင်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၄ရက် နေ့တွင် ရန်ကုန်မြို့ကန်တော်ကြီး ဗဟိုမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်ပြီး တံခွန်စိုက်ဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းနှင့် ရေဝတီတိုင်းအသင်းတို့အား တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးအပ်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတို့က ဆုရရှိသည့် အသင်းများနှင့်ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။** ။ ၁၉၉၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၌ ကျင်းပသည်။ အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် တက်ရောက်အမှာစကား ပြောကြားသည်။

ဝန်ကြီးကအမှာစကားပြောကြားရာတွင် နိုင်ငံတကာ အဆင့်ကိုရောက်အောင် ကြိုးစားနေသည့်အချိန်၌ အာရှရုပ်ရှင်ပွဲတော်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်အောင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက စီမံချက်ချ ဦးဆောင်ကြိုးပမ်းပြီး ရုပ်ရှင်အနုပညာသည်အားလုံးကလည်း ရုပ်ရှင်အဆင့်အတန်းမြင့်မြင့်ဖြစ်အောင် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်က အကောင်းဆုံးတေးဂီတဆုရရှိသူ၏ အမည်စာရင်းပါ ချိပ်ပိတ်စာအိတ်ကိုဖွင့်၍ ဆုရရှိသူထရမ်းပက် ဝင်းဦး၏ အမည်စာရင်းကို ကြေညာသည်။

ထို့နောက် ၁၉၅၇ ခုနှစ်က အကောင်းဆုံးဓာတ်ပုံဆုရရှိသူ အကယ်ဒမီ ဦးထွန်းလှိုင်က အကောင်းဆုံးဓာတ်ပုံဆုရရှိသူ၏ အမည်စာရင်းပါ ချိပ်ပိတ်စာအိတ်ကိုဖွင့်၍ ဆုရရှိသူ ဦးသန်းမောင်၏ အမည်စာရင်းကို ကြေညာသည်။

အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုသုံးဆုရှင် အကယ်ဒမီ ခင်သီတာထွန်းက အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုရရှိသူ၏ အမည်စာရင်းပါ ချိပ်ပိတ်စာအိတ်ကို ဖွင့်၍ ဆုရရှိသူမေသန်းနု၏အမည်စာရင်းကိုကြေညာသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က ၁၉၉၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများချီးမြှင့်ရာတွင် အကောင်းဆုံးတေးဂီတဆုအဖြစ် စန္ဒာရုပ်ရှင်မှ ဒါရိုက်တာဝင်းဦးနှင့် ကြည်စိုးထွန်းတို့ ရိုက်ကူးသည့် ခိုင်မာလာနှင်းဆီဇာတ်ကားမှ တေးဂီတမှူး ထရမ်းပက်ဝင်းဦးအားလည်းကောင်း၊ အကောင်းဆုံးဓာတ်ပုံဆုကို အောင်စကြာရုပ်ရှင်မှ ဒါရိုက်တာကြီးမြင့် ရိုက်ကူးသည့် သခွတ်ပန်းဇာတ်ကားမှ ဓာတ်ပုံဆရာဦးသန်းမောင်အားလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုအဖြစ် ထွဋ်ရုပ်ရှင်မှ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသည့် "မှုပိုင်ချစ်သူ" ဇာတ်ကားမှ မင်းသမီးမေသန်းနုအားလည်းကောင်း ရွှေစင်ရုပ်ဆုများနှင့် ငွေသားဆုများကို ချီးမြှင့်သည်။

၁၉၉၂ ခုနှစ် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုရမင်းသမီး မေသန်းနုအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မျိုးသန့်က ဆုချီးမြှင့်စဉ်





၁၉၉၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ဆုပေးပွဲအခမ်းအနား၌ တွေ့ရစဉ်

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (၁၉၉၃)။** ။၁၉၉၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် တက်ရောက်အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိ သူများအား ရွှေစင်ရုပ်ဆုများနှင့်ငွေသားဆုများ ချီးမြှင့်သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့သည် ၁၉၉၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားပေါင်း ၃၈ ကားကို အကြိမ်ကြိမ်အဆင့်ဆင့် စိစစ်ကြည့်ရှုကာ မူများနှင့်အညီအကဲဖြတ်ပြီး အကောင်းဆုံးထူးချွန်ဆုများရွေးချယ်ခဲ့သည်။ သတ်မှတ်ထားသော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအနက် ၁၉၉၃ ခုနှစ်အတွက် အကောင်းဆုံးထူးချွန်ဆု ခုနစ်ဆုချီးမြှင့်နိုင်သည်။ ၁၉၉၃ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ခုနစ်ဆုမှာ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ဒါရိုက်တာဆု၊ ဓာတ်ပုံဆုနှင့် ဇာတ်ကားဆုများဖြစ်သည်။

၁၉၉၃ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို "မြစ်တို့၏မာယာ" ဇာတ်ကားတွင်သရုပ်ဆောင်သော မင်းသားရဲအောင်ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို "သီတာခုနစ်တန်" ဇာတ်ကားတွင်သရုပ်ဆောင်သော မင်းသမီးဇင်မာဦးကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို "သီတာခုနစ်တန်" ဇာတ်ကားတွင် သရုပ်ဆောင်သော ညွန့်ဝင်းကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို "စိန်ခေါနေတဲ့အချစ်" ဇာတ်ကားတွင် သရုပ်ဆောင်သော ရွှမဝစမ်းစမ်းအေးကလည်းကောင်း၊ အကောင်းဆုံးဒါရိုက်တာဆုကို "သီတာခုနစ်တန်" ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာမောင်နန္ဒကလည်းကောင်း၊ အကောင်းဆုံးဓာတ်ပုံဆုကို "မြစ်တို့၏မာယာ" ဇာတ်ကားမှ ဓာတ်ပုံဆရာ သန်းညွန့် (ပန်းသာ) ကလည်းကောင်း၊ အကောင်းဆုံး ဇာတ်ကားဆုကို "သီတာခုနစ်တန်" ဇာတ်ကားကလည်းကောင်း ရရှိသည်။

၁၉၉၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ရာတွင် ရွှေကိန္နရီရုပ်တု၏ ငွေကြယ်နေရာ၌ ရွှေစင်ရွှေသားဖြင့်ပြုလုပ်ထားသည့် ရွှေကြယ်ဖြင့် ပြောင်းလဲတပ်ဆင်ပြီး ထိုက်ထိုက်တန်တန်ချီးမြှင့်ခဲ့ခြင်းဖြစ်ပေသည်။

**ယီမင်သမ္မတနိုင်ငံ။** ။ဆအူးဒီအာရေဗျနိုင်ငံနှင့် နယ်နိမိတ်စည်းရိုးဆက်စပ်နေသော ယီမင်နိုင်ငံသည် သမိုင်းဖြစ်ပေါ်မှုအခြေအနေမတူညီခဲ့သဖြင့် မူလကတည်းက လူမျိုးတစ်မျိုးတည်းနှစ်ပိုင်းကွဲကာ တောင်ယီမင်နှင့်မြောက်ယီမင်ဟု သီးခြားစီဖြစ်ထွန်းတည်ရှိခဲ့သည်။

မြောက်ယီမင်နိုင်ငံသည် အင်္ဂလိပ်နှင့်တူရကီတို့ စိုးမိုးအုပ်ချုပ်မှုကို ခံရပြီးသည့်နောက် ပထမကမ္ဘာစစ်အတွင်း တူရကီတို့စစ်ရှုံးသောအခါ ယီမင်စော်ဘွားများ အုပ်စိုးသည့်နိုင်ငံဖြစ်ခဲ့သည်။ တောင်ယီမင်သည် အင်္ဂလိပ်နှင့်တူရကီတို့၏ စိုးမိုးအုပ်ချုပ်ခဲ့သော ကာလများရှိခဲ့သော်လည်း မဟာဗျူဟာအချက်အချာကျသည့် အေဒင်ဆိပ်ကမ်းမြို့သည် ၁၈၃၉ ခုနှစ်တွင် ဗြိတိသျှလက်အောက်ရောက်ခဲ့သည်။

မြောက်ယီမင်သည် ၁၉၆၂ ခုနှစ်၌ စော်ဘွားအုပ်စိုးမှုကိုဖယ်ရှား၍ သမ္မတနိုင်ငံဖြစ်လာသည်။ ထိုအချိန်၌ အေဒင်သည် ဗြိတိသျှတို့ကြီးမှူးသော တောင်ဆအူးဒီရေဗျပြည်ထောင်စုတွင် ပါခဲ့ရာကနောက်ပိုင်းတွင် တောင်ယီမင်၏မြို့တော်ဖြစ်လာခဲ့သည်။ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ၌ ဗြိတိသျှတပ်များသည် အေဒင်မြို့မှအပ ကျန်ဒေသများအားလုံးမှ ရုပ်သိမ်းခဲ့သည်။ ဗြိတိသျှတပ်များရုပ်သိမ်းပြီးသည့်ဒေသများကို အမျိုးသားလွတ်မြောက်ရေးတပ်ဦးက တာဝန်ယူထိန်းသိမ်းခဲ့သည်။

၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း အေဒင်မြို့တွင်လမ်းပေါ်တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ရာ အေဒင်မြို့မှဗြိတိသျှတပ်များလုံးဝရုပ်သိမ်းရမည့် အခြေအနေသို့ ဆိုက်ခဲ့သည်။ သို့ဖြင့် ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့၌ တောင်ယီမင်ဒေသသည် လွတ်လပ်သောနိုင်ငံ တစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇွန်လ၌ မာက်စ်ဝါဒီအစိုးရအုပ်ချုပ်သည့်နိုင်ငံဖြစ်လာပြီး အောက်တိုဘာလ၌ အမေရိကန်ပြည်ထောင်စုနှင့် သံတမန်ရေးဆက်ဆံမှုဖြတ်တောက်လိုက်သည်။ ၁၉၇၉ ခုနှစ်၊ အောက်တိုဘာလ၌ ဆိုဗီယက်ပြည်ထောင်စုနှင့်ချစ်ကြည်ရေးစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုကာလမှစ၍ ဆိုဗီယက်တို့၏ ငွေကြေးနှင့် လက်နက်အကူအညီများရရှိခဲ့သည်။

ယင်းသို့သောအခြေအနေ၌ အမေရိကန်တို့က ကွန်မြူနစ်နယ်ပယ်ချဲ့ထွင်မှုကို ဟန့်တားရန်ဟု အကြောင်းပြကာ မြောက်ယီမင်နိုင်ငံအားလက်နက်များ ထောက်ပံ့ခဲ့သည်။ ဆိုဗီယက်ဩဇာလောင်းရိပ်နှင့် အမေရိကန်ဩဇာလောင်းရိပ်အောက်အသီးသီးကျရောက်ခဲ့ကြသည့် တောင်ယီမင်နှင့် မြောက်ယီမင်နိုင်ငံတို့သည် ၁၉၇၉ ခုနှစ်၌ တစ်ဖက်နှင့်တစ်ဖက်ရက်သတ္တသုံးပတ်ကြာ စစ်ပွဲတစ်ပွဲဆင်နွှဲခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်၊ မေလတွင်မှ တောင်ယီမင်နှင့် မြောက်ယီမင်တို့သည် ယီမင်သမ္မတနိုင်ငံနှင့်ယီမင်ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံများအဖြစ်မှ ယီမင်သမ္မတနိုင်ငံတနိုင်ငံတည်းအဖြစ်ပေါင်းစည်းခဲ့ကြသည်။ မြောက်ယီမင်သမ္မတအလီအဒူလာဆာလေသည် ပေါင်းစည်းထားသော ယီမင်သမ္မတနိုင်ငံ၏သမ္မတဖြစ်လာပြီးတောင်ယီမင်သမ္မတအလီဆလမ်အယ်ဘေ့သည် ဒုတိယသမ္မတဖြစ်လာခဲ့သည်။ တပေါင်းတစည်းယီမင်သမ္မတနိုင်ငံ၏ သမ္မတအလီအဒူလာဆာလေသည်၊ အထွေထွေပြည်သူ့ကွန်ကရက် (ဂျီ-ပီ-စီ) ပါတီခေါင်းဆောင်ဖြစ်ပြီး ဒုတိယသမ္မတအလီဆလမ်အယ်ဘေ့သည် ယီမင်ဆိုရှယ်လစ်ပါတီ (ဝိုင်အက်စ်ပီ)၏ ခေါင်းဆောင်ဖြစ်သည်။ တောင်ပိုင်းမြောက်ပိုင်းနှစ်ဖက်စလုံးမှ နိုင်ငံရေးသမားများပါဝင်သော ယီမင်သမ္မတနိုင်ငံအစိုးရအဖွဲ့သည် မြောက်ပိုင်းယီမင်မြို့တော်ဆာနားတွင် ရုံးစိုက်ခဲ့သည်။ သို့သော် နှစ်ပိုင်းစလုံးတွင် အာဏာရခဲ့သည့် နိုင်ငံရေးပါတီများသည် မူလစည်းရုံးရေး အမာခံဒေသများတွင်သာ အခြေစိုက်ထားကြသည်။ စစ်တပ်များသည်လည်းကောင်း၊ ရဲတပ်ဖွဲ့များသည်လည်းကောင်း မူလအနေအထားတွင်သာ ရှိခဲ့ကြသည်။

၁၉၉၃ ခုနှစ်၌ ယီမင်နိုင်ငံတွင် ဒီမိုကရေစီရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့သည်။ သို့သော် အသွင်မတူသော ခေါင်းဆောင်ပိုင်းတွင် အာဏာလုပွဲများပြင်းထန်လာခဲ့သည်။ မြောက်ပိုင်းသား သမ္မတအလီအဒူလာဆာလေနှင့် တောင် ပိုင်းသား ဒုတိယသမ္မတအလီဆလမ်အယ်ဘေ့တို့အကြား ဖြစ်ပွားသည့် ပဋိပက္ခသည် နက်ရှိုင်းလာခဲ့သည်။

**ပြည်တွင်းစစ် ဖြစ်ပွားခြင်း** – ယီမင်တောင်ပိုင်းနှင့်မြောက်ပိုင်း တစ်နိုင်ငံတည်း ပေါင်းစည်းခဲ့သော်လည်း အင်အား ၃၆,၀၀၀ ခန့်ရှိ မြောက်ပိုင်းယီမင်စစ်တပ်နှင့် အင်အား ၂၈,၀၀၀ ခန့်ရှိ တောင်ပိုင်းယီမင်စစ်တပ်ပေါင်းစည်းရေး အစီအစဉ်ကို အကောင်အထည်မဖော်နိုင်ဘဲရှိနေခဲ့သည်။ ထိုသို့သော အခြေအနေတွင် ဒုတိယသမ္မတ အယ်ဘေ့၏ ယီမင်ဆိုရှယ်လစ်ပါတီသည် ၁၉၉၃ ခုနှစ် ရွေးကောက်ပွဲ၌ မြောက်ပိုင်းမဲဆန္ဒနယ်တစ်ခုတွင်ဒေသခံ မွတ်ဆလင်အခြေခံ ဝါဒီပါတီကို ရှုံးနိမ့်ခဲ့သည်။ ဒုတိယသမ္မတအယ်ဘေ့က ယီမင်မြောက်ပိုင်းသားများသည် တောင်ပိုင်းသားများအား လွှမ်းမိုးခြယ်လှယ်ရန် ကြိုးပမ်းနေသည်ဟု စွပ်စွဲခဲ့သည်။

ထို့နောက် သမ္မတ ဆာလေနှင့် ဒုတိယသမ္မတ အယ်ဘေ့တို့ ဂျော်ဒန်နိုင်ငံတွင် ပြန်လည်သင့်မြတ်ရေးသဘောတူ

စာချုပ်ကိုလက်မှတ်ရေးထိုးကြပြီးနောက် တစ်ရက်အကြာ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့၌ တောင်ပိုင်း လက်နက်ကိုင်တပ်များနှင့် မြောက်ပိုင်းတပ်ဖွဲ့များအကြား ပစ်ခတ်မှုများဖြစ်ပွားသည်။ ပြန်လည်သင့်မြတ်ရေး သဘောတူ စာချုပ်ကို အကောင်အထည်မဖော်လို၍ ယင်းတိုက်ခိုက်မှု များကို ဖန်တီးခြင်းဖြစ်ကြောင်း တစ်ဖက်နှင့်တစ်ဖက်အပြန် အလှန်စွပ်စွဲခဲ့ကြသည်။ ယင်းသို့မြောက်ပိုင်းနှင့် တောင်ပိုင်း တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ တိုက်ခိုက်မှုလေး ရက်မြောက်နေ့ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ လူ ၇၀၀ ကျော် သေဆုံးကြောင်း ဆအူးဒီအာရေဗျနိုင်ငံထုတ် (ASHARQ AL-AWSAT) သတင်းစာတွင်ဖော်ပြသည်။ သို့သော် ယီမင်အစိုးရကမူ အဆိုပါ ယီမင်တောင်မြောက် တပ်များအကြား ဖြစ်ပွားသောတိုက်ပွဲများတွင် လူ ၁၅ ဦးခန့် သာ သေဆုံးကြောင်းထိန်းထိန်းသိမ်းသိမ်း ကြေညာသည်။

ထိုအတွင်း တောင်ပိုင်းခေါင်းဆောင် ဒုတိယသမ္မတ ဖြစ်သူ အလီဆလမ်အယ်ဘေ၏ ထင်ရှားသော နိုင်ငံရေး မဟာမိတ်များအား ဦးတည်လုပ်ကြံသတ်ဖြတ်ရေး အကြံ အစည်များပေါ်ပေါက်လာခဲ့ရာ အခြေအနေမှာ ပိုမိုဆိုးရွား လာကာ ပြည်တွင်းစစ်ဆီသို့ ဦးတည်သွားခဲ့သည်။

၁၉၉၄ ခုနှစ်၊ မေလ ၅ ရက်နေ့ အရုဏ်တက်ချိန်၌ ဒု သမ္မတအယ်ဘေ၏ တောင်ပိုင်းစစ်ဌာနချုပ်မှ စစ်လေယာဉ် များသည် ယီမင်မြို့တော်ဆာနားကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဆာနားနိုင်ငံတကာလေဆိပ်နှင့် အခြားအရေးကြီးပစ်မှတ် များကို တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။ အခြား အရေးကြီး ပစ်မှတ်ဆိုသည်မှာ သမ္မတနန်းတော်နှင့်နန်းတော်အနီးရှိ စစ်ဌာနချုပ်ရုံးအဆောက်အအုံတို့ ဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။

ယင်းသို့ တောင်ပိုင်းစစ်လေယာဉ်များက စတင်တိုက် ခိုက်သဖြင့် ယီမင်နိုင်ငံတွင် ပြည်တွင်းစစ်စတင်ဖြစ်သည်ဟု စာနယ်ဇင်းအချို့က ဆိုခဲ့ကြသည်။ သို့သော် မြောက်ပိုင်း ယီမင်စစ်တပ်နှင့် တောင်ပိုင်းယီမင်စစ်တပ်တို့သည် ဧပြီလ နောက်ပိုင်းကတည်းက တိုက်ပွဲကြီးများ ဖြစ်ပွားနေခဲ့သည်။ ယင်းကနဦးလများက ယီမင်မြို့တော်ဆာနား၏ မြောက် ဘက်မိုင် ၃၀ ကွာ အမ်မာရန်ဒေသတွင် တင့်ကားကြီးပေါင်း ၂၀၀ ခန့် ပါဝင်ဆင်နွှဲသည့် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ တောင်ပိုင်းနှင့်မြောက်ပိုင်းတပ်များတွင် အသေအပျောက် များစွာရှိခဲ့သည်။ ဒုတိယသမ္မတ အယ်ဘေ၏ ယီမင်ဆိုရှယ်လစ် ပါတီက သမ္မတအလီအဒူလာဆာလေ၏ တပ်များသည် ပြည်တွင်းစစ်ကိုစတင်ဖန်တီးခဲ့ခြင်းဖြစ်ရာ ဆာလေ၏ လုပ်ရပ်ကို ပြည်သူတို့က ဒဏ်ခတ်ကြရမည်ဟု ကြေညာ ချက်ထုတ်ခဲ့သည်။ အမ်မာရန်ဒေသတွင် မြေပြင်တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း၌ ကြိုကြားကြိုကြားတိုက်ပွဲများ ဖြစ်ပွားခဲ့ရာမှ ယီမင်တောင်ပိုင်းစစ်ဌာချုပ်မှ ဂျက်လေယာဉ် များက အထက်ပါအတိုင်း ယီမင်အစိုးရရုံးစိုက်ရာ မြို့တော်ကို ဗုံးကြဲသောအခါ ပြည်တွင်းစစ်မီး စတင်တောက်လောင်ခဲ့ သည်။

တောင်ပိုင်းမာက်စ်ဝါဒီ ယီမင်တပ်များသည် ဆာနား မြို့တော်ကို စကတ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည် ဟု မြောက်ယီမင်တပ်များက မေလ ၆ ရက်နေ့၌ ပြောကြား ပြီး တစ်ချိန်းတည်းမှာပင် မိမိတို့ မြောက်ယီမင်တပ်များသည် ယခင်တောင်ပိုင်းယီမင်မြို့တော် အေဒင်သို့ မြို့သိမ်းတိုက်ပွဲ ဆင်နွှဲရန် ချီတက်နေပြီဖြစ်ကြောင်း ကြေညာသည်။

မေလ ၇ ရက်နေ့၌ တောင်ယီမင်ခေါင်းဆောင်များက တောင်ယီမင်၏ ထောင်ပေါင်းများစွာသော အရန်တပ်သား များ ၂၄ နာရီအတွင်းသတင်းပို့၍တာဝန်ထမ်းဆောင်ကြရန် အမိန့်ထုတ်ပြန်ခဲ့သည်။ တောင်ယီမင်တွင် အရန်တပ်သား အင်အား ၄၀,၀၀၀ ကျော်ရှိသည်ဟုဆိုသည်။ မေလ ၈ ရက် နေ့၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘူထရို့စ် ဂါလီက ယီမင်ပြည်တွင်းစစ်ရပ်စဲရေးအတွက် အစွမ်းကုန် ကြိုးပမ်းကြရန်၊ နိုင်ငံ၏စုစည်းညီညွတ်မှုကို ထိန်းသိမ်းကြ ရန် ပစ်ခတ်တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအားလုံး သို့ တိုက်တွန်းခဲ့သည်။

မေလ ၉ ရက်နေ့၌ တောင်ယီမင်တပ်များက ကြေညာ ရာတွင် အေဒင်မြို့ကို ထိုးဖောက်တိုက်ခိုက်ရန်ကြိုးပမ်းသော မြောက်ယီမင်တပ်များအနက် မြောက်ယီမင်တပ်မဟာ တစ်ခုမှာ တောင်ယီမင်တပ်များ၏ ချေမှုန်းခြင်းကို ခံရကြောင်း ထုတ်ဖော်သည်။ အေဒင်မြို့အရှေ့မြောက်မိုင် ၄၀ ဝေးသည့် ဇင်ဂီဘာမြို့မှ နောက်ဆုံးခုခံနေသည့် မြောက်ပိုင်း တပ်မဟာကို တောင်ပိုင်းတပ်များက မေလ ၉ ရက် အရုဏ် တက်အချိန်၌ ချေမှုန်းမောင်းထုတ်လိုက်သည်ဟုလည်း ကြေညာချက်တွင် ဖော်ပြသည်။ သည့်နောက် မေလ ၁၆ ရက်နေ့၌ တောင်ယီမင်ခေါင်းဆောင်များက ပြည်တွင်းစစ် ရပ်စဲရန်အချက်ရှစ်ချက်ပါ ငြိမ်းချမ်းရေးအစီအစဉ်ကို အဆို ပြု ကမ်းလှမ်းလိုက်သည်။ တောင်ပိုင်းယီမင်ခေါင်းဆောင် များထုတ်ပြန်သော ကြေညာချက်တွင် ပြိုင်ဘက်တပ်များ စစ်မဖြစ်မီက အနေအထားအတိုင်း ပြန်ဆုတ်ပေးရေး တောင်းဆိုချက်လည်း ပါရှိသည်။

ယင်းသို့ကမ်းလှမ်းနေဆဲ မေလ ၁၇ ရက်နေ့၌ မြောက်ပိုင်း ယီမင်တပ်များသည် အေဒင်မြို့မှ မိုင် ၆၀ အကွာ မဟာဗျူဟာ အရ အရေးပါသော အယ်ဟာဘီလန်တောင်ကုန်းမြို့ကို



ဆနာအမြို့တော် လမ်းမများပေါ်တွင် ကင်းလှည့်နေသော မြောက်ပိုင်းယီမင်တပ်ခွဲများ

သိမ်းပိုက်လိုက်သည်။ နောက် ဆက်လက်သိမ်းပိုက်မည့်မြို့မှာ တောင်ပိုင်းတပ်များအခိုင်အမာ ခြေကုတ်ယူထားသော အယ်အန်နာ့မြို့ဖြစ်သည်ဟု မြောက်ပိုင်းစစ်တပ်အရာရှိများက ပြောကြားသည်။ အဆိုပါမြို့သည် အေဒင်မှ ၃၅ မိုင်အကွာ တွင်ရှိသည်။ မြောက်ပိုင်းစစ်ဌာနချုပ်က အယ်အန်နာ့ကို သိမ်းပိုက်ခဲ့ပြီဖြစ်သည်ဟု မေလ ၁၇ ရက်နေ့၌ ကြေညာခဲ့ပြန်သည်။ သို့သော် ထိုမြို့သို့ သွားရောက်ခဲ့သော ဓာတ်ပုံသတင်းထောက်များက မြောက်ပိုင်းတပ်များ ထိုမြို့သို့ဝင်ရောက်ခဲ့ပြီးဖြစ်သော်လည်း မြို့ကို လုံးဝဥဿုံ မထိန်းချုပ်နိုင်သေးကြောင်း ပြောကြားကြသည်။ အယ်ဟာဘီလန်နှင့် အယ်အန်နာ့မြို့သိမ်းတိုက်ပွဲများတွင် တောင်ပိုင်းတိုက်လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် မြောက်ပိုင်းတပ်သား ၃၀၀၀ ကျဆုံးခဲ့သည်ဟု ဆိုသည်။ ယင်းမှာ မေလ ၅ ရက်နေ့ ပြည်တွင်းစစ်စတင်ဖြစ်ပွားချိန်မှစ၍ အမှန်တကယ်အောင်မြင်မှုရသည်ထက် တစ်ဖက်နှင့်တစ်ဖက်ဝါဒဖြန့်ပုံကြီးချဲ့ ပြောဆိုခြင်းသာဖြစ်သည်ဟု ဆိုကြပြန်သည်။

**ခွဲထွက်၍ယီမင်နိုင်ငံသစ်ထူထောင်ခြင်း** – ၁၉၉၄ ခုနှစ်၊ မေလ ၂၁ ရက်နေ့၌ ယီမင်ဆိုရှယ်လစ်ပါတီသည် လက်ရှိယီမင်သမ္မတနိုင်ငံမှ ခွဲထွက်ကာ အေဒင်ဆိပ်ကမ်းမြို့ကို မြို့တော်အဖြစ်ဗဟိုပြု၍ ယီမင်တောင်ပိုင်းကို သီးခြားသမ္မတနိုင်ငံအဖြစ်ထူထောင်ကြောင်းကြေညာသည်။ ထို့နောက် မေလ ၂၂ ရက်နေ့၌ တောင်ယီမင်သမ္မတရေးရာကောင်စီက အလီဆလမ်အယ်ဘေ့ကို ယီမင်ဒီမိုကရက်တစ်သမ္မတနိုင်ငံသစ်၏ သမ္မတအဖြစ်တင်မြှောက်သည်။ အယ်ဘေ့သည် တောင်ယီမင်၏ အတိုက်အခံခေါင်းဆောင်အဗ္ဗဒယ်ရာမန်အလိဂျက်ဖရီအား ယီမင်နိုင်ငံသစ်၏ ဒုတိယသမ္မတအဖြစ်ခန့်အပ်သည်။ ယခင် ယီမင်ဝန်ကြီးချုပ်ဟိုင်ဒါအဘူဘေကာ အယ်အာတတ်စ်အား နိုင်ငံသစ်၏ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့သည်။

**အပြစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုများ** – ယီမင်နိုင်ငံတွင် ဖြစ်ပွားနေသော ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရန် ဆော်ဒီအာရေဗျဘုရင် ဖတ်နှင့်အခြားအာရပ်ခေါင်းဆောင်များက ပန်ကြားခဲ့သည်။ သို့သော် ယီမင်နိုင်ငံသမ္မတ အလီအဒူလာဆာလေက ပန်ကြားချက်ကို လက်မခံခဲ့ချေ။ အပစ်အခတ်ရပ်စဲခြင်းသည် ခွဲထွက်ရေးသမားများအား အသိအမှတ်ပြုရာရောက်သည်ဟု ယီမင်နိုင်ငံခြားရေးဝန်ကြီး မြောက်ပိုင်းသား ဘာဆင်ဒဝါက ပြောကြားသည်။ အာရပ်ခေါင်းဆောင်အချို့သည် ယီမင်တွင်ဖြစ်ပွားလျက်ရှိသောစစ်ပွဲ၏ သဘောသဘာဝကို နားလည်ခြင်းမရှိကြောင်း၊ ယီမင်နိုင်ငံသည် နှစ်နိုင်ငံလူမျိုးနှစ်မျိုးတို့၏ ပေါင်းစည်းမှု မျိုးမဟုတ်၊ လူမျိုးတစ်မျိုးတည်းရှိသော နိုင်ငံတစ်နိုင်ငံ၏ ညီညွတ်ပေါင်းစည်းမှုဖြစ်၍ ဤညီညွတ်မှုကို ပြိုကွဲရန် ဖန်တီးသူများအား ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ဘာဆင်ဒဝါက ပြောကြားခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီက တစ်လကြာပြီဖြစ်သည့် ယီမင်ပြည်တွင်းစစ်ရပ်စဲရန်တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်သည်။ စစ်ရေးအရ အပေါ်စီးရနေသော မြောက်ယီမင်တို့က မမျှော်လင့်သော မူဝါဒအပြောင်းအလဲအဖြစ် ကုလသမဂ္ဂ၏ တိုက်တွန်းချက်ကို လက်ခံကြောင်း ဇွန်လ ၂ ရက်နေ့၌ ကြေညာသည်။

တောင်ပိုင်းသားတို့လက်ခံထားပြီးဖြစ်သော ကုလသမဂ္ဂ၏ တိုက်တွန်းချက်တွင် အပစ်အခတ်ချက်ချင်း ရပ်စဲရန်၊ စစ်ပြိုင်နေသည့် နှစ်ဖက်တပ်များအတွက် လက်နက်တင်ပို့ခြင်းမပြုရန်၊ ယိမင်ဒေသသို့ ကုလသမဂ္ဂ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့စေလွှတ်ရန် ဟူသည့်အချက်များ ပါဝင်သည်။

ကုလသမဂ္ဂ၏တိုက်တွန်းချက်ကို နှစ်ဖက်စလုံးက လက်ခံထားသော်လည်း တကယ်တမ်းအကောင်အထည် မပေါ်ခဲ့ဘဲ စစ်ပွဲများဆက်လက်ဖြစ်ပွားခဲ့သည်။ ဇွန်လ ၂၅ ရက်နေ့၌ မြောက်ယိမင်တပ်များက တောင်ပိုင်းသားတို့ အခိုင်အမာပြုထားသော အေဒင်ကို လက်နက်ကြီးများဖြင့် အပြင်းအထန် ပစ်ခတ်တိုက်ခိုက်သည်။ တစ်ဖန် ဇွန်လ ၂၇ ရက်နေ့၌ မြောက်ပိုင်းတပ်များသည် သံချပ်ကာကားများ၊ အမြောက်များသုံးလျက်တောင်ပိုင်းသားတို့ခြေကုတ်ယူထားဆဲဖြစ်သော အေဒင်မြို့ကို ဆက်လက်ပစ်ခတ်တိုက်ခိုက်သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် အရပ်သား ၁၀ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရခဲ့သည်ဆိုသည်။ တောင်ပိုင်းသားတို့က ကြေညာရာတွင် အဆိုပါတိုက်ပွဲတွင် မြောက်ပိုင်းတပ်သား ၅၀ ကို သုတ်သင်နိုင်ခဲ့သည်ဟု ဆိုသည်။

မြောက်ပိုင်းတပ်များ၏ အပြင်းအထန်တိုက်ခိုက်မှုကြောင့် လူထောင်ချီသေဆုံးခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့၌ အေဒင်မြို့သည် မြောက်ပိုင်းတပ်၏ လက်တွင်းသို့ ကျရောက်သွားသည်။ မြောက်ပိုင်းတပ်က တောင်ပိုင်းတပ်သားများ၏ နောက်ဆုံးခံတပ်အေဒင်မြို့ကို သိမ်းပိုက်လိုက်ခြင်းဖြင့် နှစ်လကြာဖြစ်ပွားခဲ့သည့် ယိမင်ပြည်တွင်းစစ်သည် အပစ်အခတ်ရပ်စဲရေးအကောင်အထည်မဖော်လိုက်ရဘဲ အဆုံးသတ်သွားခဲ့သည်။

ယင်းသို့မြောက်ပိုင်းတပ်လက်တွင်းသို့ အေဒင်မြို့ကျရောက်သွားသောအခါ ယိမင်တောင်ပိုင်းခေါင်းဆောင်များသည် ဆအူးဒီအာရေဗျနိုင်ငံဂျက်ဒါးမြို့သို့ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။ တောင်ပိုင်းခေါင်းဆောင်တစ်ဦးဖြစ်သော ယိမင်သမ္မတနိုင်ငံ၏ ဒုတိယသမ္မတဟောင်း၊ ခွဲထွက်ယိမင်ဒီမိုကရက်တစ်သမ္မတနိုင်ငံသစ်၏ သမ္မတ အလီဆလမ်အယ်ဘေ့မှာမူ အိုမင်နိုင်ငံသို့ထွက်ပြေးသွားခဲ့သည်။

နှစ်လကြာဖြစ်ပွားခဲ့သော ယိမင်ပြည်တွင်းစစ်တွင် တပ်သား ၉၃၁ ဦးနှင့် အရပ်သားများစွာ သေဆုံးခဲ့ပြီးလူ ၅,၀၀၀ ဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင်လ ၁၂ ရက်နေ့၌ ယိမင်ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတွင် ယိမင်သမ္မတနိုင်ငံ သမ္မတ အလီအဒူလာဆာလေက ပြောကြားခဲ့သည်။

**ယူကရိန်းသမ္မတနိုင်ငံ။** ။ ဝန်ကြီးချုပ်အား အထူးလုပ်ပိုင်ခွင့်အာဏာအပ်နှင်းရန်နှင့်စပ်လျဉ်းပြီး သမ္မတ ကရာချတ်နှင့် ဝန်ကြီးချုပ်ကူချ်မာတို့အကြား သဘောထားကွဲလွဲမှုဖြစ်ပေါ်လာရာမှ ဝန်ကြီးချုပ် ကူချ်မာ ရာထူးမှ နုတ်ထွက် သွားခဲ့သည်။ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ယူကရိန်းပါလီမန်က ပါလီမန်ရွေးကောက်ပွဲများနှင့် သမ္မတ ရွေးကောက်ပွဲများကို ၁၉၉၄ ခုနှစ်အတွင်း ကျင်းပသွားရန်ကို မဲပေးဆုံးဖြတ်ခဲ့သည်။ ကူချ်မာ နုတ်ထွက်သွားပြီးနောက်ပိုင်း ဝန်ကြီးများအဖွဲ့ကို သမ္မတ ကရာချတ်က တိုက်ရိုက်တာဝန်ယူ ကွပ်ကဲခဲ့သည်။ (ဗွယ်စုံ နှစ်ချုပ် ၁၉၉၄ – စာ၊ ၂၆၆–၅)

၁၉၉၄ခုနှစ်၊ နိုဝင်ဘာလ ပထမအတွင်း ကရာချတ်သည် လွန်ခဲ့သောနှစ်များက ပြဌာန်းကျင့်သုံးခဲ့သည့် စီးပွားရေး ပြုပြင်ပြောင်းလဲရေးများကို ပြန်ပြောင်းထားသည့် အမိန့်ဒီဂရီများကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခြင်းမှာ စီးပွားရေးအကျပ်အတည်းများကို ကျော်လွှန်နိုင်စေရန်ဖြစ်သည်။

ယူကရိန်းနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာတစ်လလျှင် ၁၀၀ရာခိုင်နှုန်း မြင့်တက်လျက်ရှိနေခဲ့သည်။ လည်ပတ်သုံးစွဲလျက်ရှိသည့် ကာဘိုဗာနက်ငွေကြေးတန်ဖိုးမှာလည်း ၁၉၉၃ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ သုံးလအတွင်း ၈၀ ရာခိုင်နှုန်းကျဆင်းခဲ့ရသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ဖြည့်ဆည်းရရှိမှု ၉၀ ရာခိုင်နှုန်းကို ရုရှားနိုင်ငံအပေါ်မှီခိုနေရသည့် ယူကရိန်းနိုင်ငံအနေဖြင့် လောင်စာကုန်ကျစရိတ်ကို အရောင်းအဝယ်လုပ်ငန်းများမှ ရရှိသည့် အခွန်ငွေဖြင့် ပေးချေရန်မကာမိတော့ချေ။

သမ္မတကရာချတ်က ပြုပြင်ပြောင်းလဲလုပ်ဆောင်ခဲ့မှုများတွင် ကာဘိုဗာနက် တန်ဖိုးနှုန်းထားဈေးကွက်ကို အဆုံးအဖြတ်ပြုသည့် ငွေကြေးလေလံတင်မှုကို ပိတ်ပစ်ခြင်း၊ ငွေကြေးလဲလှယ်မှု ဗျူရိုကိုပိတ်ပစ်ခြင်း၊အစိုးရက တရားဝင်ခွင့်ပြုထားသော သွင်းကုန်နှင့် ပို့ကုန် များအတွက်သာ ဗဟိုဘဏ်က သတ်မှတ်ပေးသည့်နှုန်းထားဖြင့် ငွေကြေးလဲလှယ်ရေးလုပ်ငန်းကို ခွင့်ပြုခြင်း၊ လက်လီလက်ကားဈေးနှုန်းများ ကန့်သတ်ထိန်းချုပ်မှုကို ပြဌာန်းခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့်နိုင်ငံတော်သို့ထုတ်ကုန်အချို့အဝက်ကို ရောင်းချရန် လုပ်ငန်းများ (၉၈ရာခိုင်နှုန်းမှာ နိုင်ငံပိုင် ဖြစ်သည်။) အားတာဝန်ရှိစေသည့် ပစ္စည်းဝယ်ယူရေး မှာကြားသည့် စနစ်ကို ပြန်လည်ဆောင်ရွက်ခြင်းတို့ပါဝင်ပေသည်။

၁၉၉၃ခုနှစ်နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဥပဒေပြုလွှတ်တော်က ၁၉၉၄ ခုနှစ်မတ်လတွင် ကျင်းပရန်ရှိသည့်

အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို အတည်ပြုခဲ့သည်။ ယင်းနှစ်အောက်တိုဘာ ၃၀ ရက်နေ့ကလည်း အာဏာအားလုံးကိုပြည်သူများက ပိုင်ဆိုင်သည့် တရားဥပဒေဖြင့် အုပ်ချုပ်သော ဒီမိုကရက်တစ်နိုင်ငံ တစ်နိုင်ငံအဖြစ် ယူကရိန်းနိုင်ငံအား ပြဌာန်းသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်မူကြမ်းကို ထုတ်ဝေဖြန့်ချိခဲ့သည်။

**ပြည်တွင်းနိုင်ငံရေးအခြေအနေ** – အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ယူကရိန်းနိုင်ငံမှာစီးပွားရေးအကျပ်အတည်းနှင့်ကြုံတွေ့ခဲ့ရသည်။ ၁၉၉၃ ခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းမှာ ၉၀၀၀ ရာခိုင်နှုန်း ရှိခဲ့သည်။ နိုင်ငံ၏ ဘတ်ဂျက်လိုငွေပြမှုမှာလည်း ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ လေးပုံတစ်ပုံခန့်ရှိနေရာ အလွန်မြင့်မားလျက်ရှိနေပေသည်။ စွမ်းအင်ဈေးနှုန်းများ မြင့်တက်မှုကြောင့် စက်ရုံရာပေါင်းများစွာ ထုတ်လုပ်မှုကျဆင်းခဲ့ရပြီး အချို့ပိတ်ပစ်ခဲ့ရသည်။ ထုတ်လုပ်မှုမှာ ၁၉၉၄ ခုနှစ် ဇန်နဝါရီလတွင် ၁၉၉၃ ခုနှစ်ကထက် ၃၂ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ကျောက်မီးသွေးတွင်း အလုပ်သမား ၈၀ ကလည်း ၎င်းတို့၏ လစာငွေရရှိမှု သုံးလနောက်ကျမှုအတွက် ကန့်ကွက်ဆန္ဒပြခဲ့ကြ သည်။ ကျောင်းသားများနှင့် ဆရာများကလည်း အထက်တန်းပညာသင်ကြားမှု ကူညီထောက်ပံ့ငွေ ချို့တဲ့မှုအတွက် ဆန္ဒပြခဲ့ကြသည်။

တစ်ဖက်တွင် ပါလီမန် အထွေထွေရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲကို ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကျင်းပရန် ရှိနေပေသည်။ကရာချုတ်အနေဖြင့် သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲကိုတစ်ပြိုင်နက် ကျင်းပပေးစေရန်လိုလားပေသည်။ ကရာချုတ်မှာယူကရိန်းနိုင်ငံဆိုဗီယက်ပြည်ထောင်စုဟောင်းမှခွဲထွက်ကာလွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ၁၉၉၂ ခုနှစ်တွင်ရွေးချယ်တင်မြှောက်ခံရသည့် ယူကရိန်းနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သည်။

စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေသော သမ္မတကရာချုတ်အနေဖြင့် ၁၉၉၄ ခုနှစ်၊ဇွန်လတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ် ကြောင်း သမ္မတ၏ သတင်းထုတ်ပြန်ရေးအတွင်းရေးမှူးက ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ပြောကြားခဲ့ သည်။

သမ္မတရွေးကောက်ပွဲအတွက် ပြည်သူ့ဆန္ဒစစ်တမ်းတွင် ယခင်ဝန်ကြီးချုပ်ဟောင်းကူချ်မာနှင့် သမ္မတကရာချုတ်တို့သည် ၃၈ ရာခိုင်နှုန်းစီဖြင့် တိုက်နေပေသည်။ သို့ရာတွင် ယိမ်းယိုင်လာနေသော စီးပွားရေးအခြေအနေများအတွက် သမ္မတကရာချုတ်မှာ ပြစ်တင် ဝေဖန်မှု ခံနေရသည်။ တစ်ဖက်တွင် ကူချ်မာအား ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးဆောင်ရွက်မည့် ပျော့ပျောင်းသည့် ပြုပြင်ပြောင်းလဲရေးသမားအဖြစ် ရှုမြင်ကြသည်။

တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် သမ္မတ ကရာချုတ်က ၎င်းအနေဖြင့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်မယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ပြည်သူလူထုအနေဖြင့်ဆိုဗီယက်ခေတ်လွန် ယူကရိန်းနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းဖြစ်ရမှုတွင် ၎င်းတစ်ဦးတည်းသာ တာဝန်မရှိကြောင်း မသိနားမလည်ခြင်းကို ခံစားမိသည့်အတွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ယူကရိန်းရုပ်မြင်သံကြားက ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည်။

ဤသို့ဖြင့် ယူကရိန်းနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲ၏ ပထမအကြိမ်ရွေးကောက်ပွဲကို မတ်လ ၂၇ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ပါလီမန်သို့ ရွေးချယ်တင်မြှောက်ပေးရမည့် အမတ်ဦးရေ စုစုပေါင်းမှာ ၄၅၀ ဖြစ်သည်။ ယူကရိန်းနိုင်ငံ၏ ရွေးကောက်ပွဲစနစ်အရ ရွေးကောက်ပွဲများကို တစ်ကြိမ်တည်းဖြင့် အပြီးအပြတ် ကျင်းပခြင်းမဟုတ်ဘဲ အကြိမ်ကြိမ်ကျင်းပ၍ ရွေးချယ်တင်မြှောက်သွားရန် ဖြစ်သည်။ မဲဆန္ဒနယ်မြေတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ထောက်ခံဆန္ဒမဲ ၅၀ ရာခိုင်နှုန်းကျော် အနိုင်ရရှိရန်လိုအပ်သည်ဖြစ်ရာ ယင်းကိစ္စပြီးပြတ်သည်အထိ ရွေးကောက်ပွဲအကြိမ်ကြိမ် ကျင်းပရန်လိုအပ်ခြင်းဖြစ်သည်။ ဒုတိယအကြိမ်ရွေးကောက်ပွဲ ကျင်းပပြီးသည်အထိ ပါလီမန်သို့ အမတ်နေရာ ၇၃ နေရာ ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။

ရွေးကောက်ပွဲတွင် ကွန်မြူနစ်တို့ အနိုင်ရရှိနေသည်ဖြစ်ရာ ယခင်ဆိုဗီယက်ပြည်ထောင်စုအဖြစ် ပြန်လည်ဖန်တီးမည့်အရေးကို ကရာချုတ်က သတိပေးပြောကြားခဲ့ သည်။ ကရာချုတ်သည် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလက ဆိုဗီယက်ပြည်ထောင်စုကိုဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည့်ခေါင်းဆောင်သုံးဦးအနက်တစ်ဦးအပါအဝင်ဖြစ်သည်။ အခြားခေါင်းဆောင်နှစ်ဦးမှာ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် ဘိုင်လိုရုရှားခေါင်းဆောင် စတာနစ်လက်ဗ်ရှုရှကီ ဗစ်ချ် ဖြစ်သည်။

ယင်းသို့ရှိနေခဲ့ရာမှ သမ္မတကရာချုတ်ကဖွဲ့စည်းပုံအခြေခံဥပဒေအပြင်မှနေ၍ သမ္မတရွေးကောက်ပွဲများကို ရွှေ့ဆိုင်းရန်ပြုလုပ်မည်ဟု ဧပြီ ၂၈ ရက်နေ့တွင် ခြိမ်းခြောက် ပြောဆိုခဲ့ရာ ယူကရိန်းနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေခဲ့သည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအနေဖြင့်ပါလီမန်က ဆုံးဖြတ်ပြီးသောရွေးကောက်ပွဲ အချိန်ဇယားကို ပြောင်းလဲပြင်ဆင်

ခွင့်မရှိပေ။ သို့ရာတွင် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာကို သတ်မှတ်ပြဋ္ဌာန်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပါလီမန်က ပြင်ဆင်ပြီးသည့်တိုင်အောင် သမ္မတရွေးကောက်ပွဲကို ရွှေ့ဆိုင်းထားရမည်ဟု ကရာချွတ်က ပြောကြားခဲ့သည်။ သမ္မတရွေးကောက်ပွဲများကို ဇွန် ၂၆ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားခဲ့သည်။

ကရာချွတ်သည် သမ္မတရွေးကောက်ပွဲတွင် မိမိရှုံးနိမ့်မည့်အရေးကို ရှောင်ရှားရန် ရွေးကောက်ပွဲကို ကြန့်ကြာစေလိုခြင်းဖြစ်သည်ဟု အတိုက်အခံခေါင်းဆောင်များက ပြောကြားသည်။ ကရာချွတ်ကလည်း ပါလီမန်နှင့်သမ္မတအကြား အာဏာယှဉ်ပြိုင်လွန်ဆွဲမှုကို ရှောင်ရှားရန် သမ္မတရွေးကောက်ပွဲမတိုင်မီပါလီမန်နှင့် သမ္မတကြားရှင်းလင်းတိကျသည့် အာဏာခွဲဝေပိုင်းခြားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်ဟု ပြောကြားသည်။

မေလ ၁၁ ရက်နေ့တွင် အသစ်ရွေးချယ်တင်မြှောက်လိုက်သည့် ပါလီမန်အစည်းအဝေးစတင်သည့်အခါ ယင်းကိစ္စကို အလျှင်အမြန်ဆွေးနွေးပြီး သမ္မတရွေးကောက်ပွဲအချိန်ဇယားနှင့် သမ္မတလုပ်ပိုင်ခွင့် အာဏာတို့နှင့် စပ်လျဉ်းပြီး မဲပေးဆုံးဖြတ်စေရန် ကရာချွတ်ကလိုလားပေသည်။

ကရာချွတ်အနေဖြင့် သမ္မတရွေးကောက်ပွဲများစောစီးစွာ ကျင်းပခြင်းကို ဆန့်ကျင်ပြီးရွေးကောက်ပွဲ မရွှေ့ဆိုင်းပါက ၄င်းအနေဖြင့် ပြန်လည်အရွေးခံမည်မဟုတ်ကြောင်း ထပ်ကာတလဲလဲပြောကြားလင့်ကစား သမ္မတရာထူးဒုတိယသက်တမ်းအတွက် ၄င်းအားလျာထားရွေးချယ်မှုကိုမူ လက်ခံခဲ့သည်။

ဤအခြေအနေတွင် ယူကရိန်းသမ္မတကရာချွတ်သည် သဘောထားပြောင်းလဲပြီး ဇွန် ၂၆ ရက်နေ့တွင် ကျင်းပရန်သတ်မှတ်ထားသည့် သမ္မတရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရန် မှတ်ပုံတင်ခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် ပါလီမန်သစ်အစည်းအဝေး မေလ ၁၁ ရက်နေ့စတင်ကျင်းပသည့်အခါ သမ္မတရွေးကောက်ပွဲရွှေ့ဆိုင်းရေးကို ပါလီမန်အား တောင်းဆိုမည်ဟု ကရာချွတ်ကပြောကြားခဲ့ သည်။

ဤသို့ဖြင့်ကရာချွတ်သည်အသစ်ရွေးချယ်တင်မြှောက်လိုက်သည့် ယူကရိန်းပါလီမန်အစည်းအဝေးမစတင်မီ အကြိုနေ့တွင် ဇွန်လ၌ ကျင်းပရန်ရှိသည့် သမ္မတရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရန်ပန်ကြားခဲ့ပြီး နိုင်ငံ၏အနာဂတ် တည်ငြိမ်မှုမှာ ယင်းအပေါ်တည်မှီနေကြောင်း ပြောကြားခဲ့ သည်။

အသစ်ရွေးချယ်တင်မြှောက်ခဲ့သည့် ပါလီမန်အစည်းအဝေးကို မေလ ၁၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ရုရှားနိုင်ငံနှင့်ပိုမိုနီးကပ်စွာ ဆက်ဆံရေးကိုဆန့်ကျင်၍လည်းကောင်း၊ သမ္မတကရာချွတ်၏ သမ္မတရွေးကောက်ပွဲကို ရက်ရွှေ့ဆိုင်းပေးရန် ပါလီမန်ကို တင်ပြတောင်းဆိုမှုကို ဆန့်ကျင်၍လည်းကောင်း ဝေဖန်ဆွေးနွေးပြောဆိုမှုများရှိခဲ့သည်။ ပါလီမန်အမတ်များနှင့် တံခါးပိတ်အစည်းအဝေးပွဲတွင် သမ္မတကရာချွတ်က သမ္မတရွေးကောက်ပွဲရွှေ့ဆိုင်းပေးရေးကို ပါလီမန်ကအတည်ပြုပေးနိုင်ရေးအတွက် ပါလီမန်အမတ်များ၏ ထောက်ခံလက်မှတ်ရေးထိုးမှုကိုရရှိရန်ကြိုးပမ်းခဲ့ရာလိုအပ်သောထောက်ခံလက်မှတ်ရေးထိုးမှုမရရှိခဲ့သဖြင့် ကရာချွတ်အဖို့ အရေးမလှဖြစ်ခဲ့ရသည်။

ပါလီမန်အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မေလ ၁၈ ရက်နေ့က အစည်းအဝေးတွင် ယူကရိန်းဆိုရှယ်လစ်ပါတီခေါင်းဆောင်ကလက်ဆန်ဒါမော်ရိုစ်အား ပါလီမန်ဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ခဲ့သည်။ ၄င်းနှင့်ယှဉ်ပြိုင်ခဲ့သည့် ယခင်ပါလီမန်ဒုတိယဥက္ကဋ္ဌဟောင်းဖြစ်ပြီး ကရာချွတ်၏ မဟာမိတ်ဖြစ် သည့် ဗာဆီလီဒါဒီနက်ခ်စ်မှာမဲအနည်းငယ်အကွာဖြင့် ရှုံးနိမ့် ခဲ့ရသည်။ ဒါဒီနက်ခ်စ်ရှုံးနိမ့်သွားမှုကြောင့် သမ္မတရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရေးအတွက် ဥပဒေပြုအမတ်များအား ကရာ ချွတ်ကစည်းရုံးဆွဲဆောင်နိုင်မည့် အခွင့်အလမ်းကို အားနည်းသွားစေခဲ့သည်။

မော်ရိုစ်မှာ ပါလီမန်တွင် ကွန်မြူနစ်အုပ်စုက နှစ်ခြိုက်သည့်ပုဂ္ဂိုလ်ဖြစ်သည်။ ပါလီမန်တွင် ကွန်မြူနစ်များ၊ ဆိုရှယ်လစ်များနှင့် တောင်သူလယ်သမားပါတီမှ အမတ်များက အင်အားကောင်းကာ လွှမ်းမိုးထားသည်။ တစ်သီးပုဂ္ဂလအမတ်အများစုကလည်း ၄င်းတို့ဘက်မှ ရပ်တည်မည့်သဘော ရှိသည်။

၄င်းပြင် မော်ရိုစ်မှာသမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများအနက်တစ်ဦးဖြစ်သည်။ နောက် တစ်ဦးမှာ ယခင်ဝန်ကြီးချုပ်ဟောင်း လီယိုနစ်ကူချ်မာ ဖြစ်သည်။ ၄င်းပုဂ္ဂိုလ်နှစ်ဦး၏ သမ္မတလောင်းအဖြစ် လျာထားမှုကို ရွေးကောက်ပွဲကျင်းပရေးအဖွဲ့က တရားဝင်အတည်ပြု ပြီးဖြစ်သည်။

ဤသို့ဖြင့် ဇွန်လ ၂ ရက်နေ့ ပါလီမန်အစည်းအဝေးတွင် ကရာချွတ်၏ သမ္မတရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန်တောင်းဆိုချက်ကို ကန့်ကွက်ဆန္ဒမဲတစ်ခဲနက်ပေးခဲ့ကြသည်။ ကန့်ကွက်မဲ ၂၀၁ မဲ၊ ထောက်ခံမဲ ၆၉ မဲ၊ ကြားနေမဲ ၁၃ မဲဖြင့် ကန့်ကွက်သည့်ဘက်မှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မူအားဖြင့် ချမှတ်ထားသည့် ဆုံးဖြတ်ချက်အရ သမ္မတရွေးကောက်ပွဲကို ရွှေ့ဆိုင်းခြင်းသည် ယူကရိန်းနိုင်ငံတွင်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အနှောင့်အယှက်

ဖြစ်စေပြီး စီးပွားရေးကို ထိခိုက်စေလိမ့်မည်ဟု ဥပဒေပြုအမတ်များက ပြောကြားသည်။ သို့ဖြစ်ရာကရာချတ်၏သမ္မတရွေးကောက် ပွဲရွှေ့ဆိုင်းပေးရေးကြိုးပမ်းချက်မှာ ပျက်ပြားသွားရတော့သည်။

ဤသို့ဖြစ်ပေါ်လျက်ရှိနေခဲ့ရာဇွန်လ၁၅ရက်နေ့တွင် သမ္မတကရာချတ်သည် ယခင်ဆိုဗီယက်ခေတ်က ယူကရိန်းနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဗစ်တလီမာဆိုလ်အား ၎င်း၏ဝန်ကြီးချုပ်အဖြစ် လျာထားပြီး ပါလီမန်သို့တင်ပြခဲ့ရာ ပါလီမန်က ဇွန်လ ၁၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။

မာဆိုလ်မှာ ယခင်ဆိုဗီယက်ကွန်မြူနစ်စနစ်အုပ်ချုပ်မှုအောက်တွင် ယူကရိန်းနိုင်ငံ၏နိုင်ငံတော်စီမံကိန်းကော်မရှင်ကို ဦးဆောင်ခဲ့သူဖြစ်သည်။ ထို့နောက် ၁၉၈၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ယူကရိန်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၉၀ ပြည့် နှစ်ကျောင်းသားများဆန္ဒပြမှုတွင် ရုရှားအကျိုးစီးပွားလုပ်ဆောင်သူ အဖြစ် စွပ်စွဲခံရပြီး ရာထူးမှ ဖယ်ရှားခြင်းခံခဲ့ ရသည်။ ထိုစဉ်က ပါလီမန်ဥက္ကဋ္ဌဖြစ်သူ ကရာချတ်မှာလည်း အလားတူ စွပ်စွဲခံရပြီးရာထူးမှဖယ်ရှားပေးရန် ဆန္ဒပြတောင်းဆိုမှုခံခဲ့ရသည်။

လက်ရှိအခြေအနေတွင် ကရာချတ်အနေဖြင့် သမ္မတအဖြစ်ပြည်လည်ရွေးချယ်ခံနိုင်ရန် ခက်ခက်ခဲခဲကြိုးပမ်းလုပ်ဆောင်ရမည့်အနေအထားနှင့် ရင်ဆိုင်နေရပေသည်။ ကရာချတ်က မာဆိုလ်အား ဝန်ကြီးချုပ်အဖြစ်လျာထားရွေးချယ်ခဲ့ခြင်းအား ရုရှားနှင့်တရင်းတနှီးဆက်ဆံရေးကို လိုလားသည့်အရှေ့ယူကရိန်းမဲဆန္ဒရှင်များနှင့် လက်ဝဲဝါဒီတို့အကြား ၎င်း၏ထောက်ခံမှုကို အားပေးရန်ကြိုးပမ်းမှုတစ်ရပ်အဖြစ်ရှုမြင်သုံးသပ်ကြသည်။

အခြားတစ်ဖက်တွင် ကရာချတ်၏အဓိကအတိုက်အခံများဖြစ်ကြသည့် ဝန်ကြီးချုပ်ဟောင်း ကူချ်မာနှင့်ပါလီမန်ဥက္ကဋ္ဌ မော်ရို့စ်တို့သည် နိုင်ငံ၏စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်နိုင်ရန် နည်းလမ်းတစ်ရပ်အဖြစ် ရုရှားနှင့်အနီးကပ်ခိုင်ခိုင်မာမာ ဆက်ဆံရန် လိုလားကြသည်။

သတ်မှတ်ထားသည့်အတိုင်းယူကရိန်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ဇွန်လ ၂၆ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်း ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမအကြိမ်ရွေးကောက်ပွဲကိုဇွန်လ ၂၆ ရက်နေ့နှင့် ဒုတိယအကြိမ်ရွေးကောက်ပွဲကို ဇူလိုင် ၁၀ ရက်နေ့တွင် နှစ်ကြိမ်ခွဲ၍ အသီးသီးကျင်းပသွားရန်ဖြစ်သည်။ သမ္မတလောင်း ခုနစ်ဦးအနက် ကရာချတ်နှင့်၎င်း၏အဓိကပြိုင်ဘက် ကူချ်မာတို့ ထိပ်ဆုံးမှ ပြေးခဲ့သည်။



ယူကရိန်းသမ္မတ ကူချ်မာ

ပထမအကြိမ်ရွေးကောက်ပွဲတွင် ကရာချတ်က ထိပ်ဆုံးမှဦးဆောင်ခဲ့သည်။ ကရာချတ်သည် အမျိုးသားရေးဝါဒီတို့၏ ယူကရိန်းအနောက်ပိုင်းတွင် မဲအသာဖြင့် ဦးဆောင်နိုင်ခဲ့ရုံမျှမက ယူကရိန်းအရှေ့ပိုင်းတွင်လည်း မျှော်လင့်ထားသည်ထက်ပိုမိုအောင်မြင်မှု ရရှိခဲ့သည်။ ၎င်း၏နောက်မှကပ်၍ အဓိကပြိုင်ဘက်ဖြစ်သူ ကူချ်မာက လိုက်ခဲ့သည်။ ကူချ်မာသည် ယူကရိန်းနိုင်ငံအရှေ့ပိုင်းစက်မှုဒေသနယ်မြေများတွင် မဲအနည်းငယ်အသာဖြင့် ဦးဆောင်အနိုင်ရရှိခဲ့သည်။ ဇွန်လ ၂၆ ရက်နေ့ ပထမအကြိမ်ရွေးကောက်ပွဲ ဆန္ဒမဲပေးအပြီးတွင် ကရာချတ်က မဲဆန္ဒ ၃၇ ဒသမ ၇၂ ရာခိုင်နှုန်းရရှိပြီး ကူချ်မာက မဲဆန္ဒ ၃၁ ဒသမ ၂၇ ရာခိုင်နှုန်းရရှိခဲ့သည်။ ရွေးကောက်ပွဲပြိုင်ပွဲဝင် သမ္မတလောင်းတစ်ဦး အနေဖြင့် ရွေးချယ်တင်မြှောက်ခံနိုင်ရန် ယူကရိန်းနိုင်ငံ၏ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ၃၈ သန်းအနက် ထက်ဝက်ကျော်က မဲဆန္ဒပေးပြီး ထောက်ခံဆန္ဒမဲ ၅၀ ရာခိုင်နှုန်းရရှိရန် လိုအပ်ပေသည်။

ဤအတောအတွင်း သမ္မတကရာချတ်သည် အစိုးရအဖွဲ့ကို ဇူလိုင် ၁ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အစိုးရအဖွဲ့အတွင်း အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းသွားမည်ဟုလည်း ကရာချတ်က ပြောကြားခဲ့သည်။ သမ္မတရွေးကောက်ပွဲ ဒုတိယအကြိမ်မဲဆန္ဒပေးပွဲမတိုင်မီ မဲဆွယ်စည်းရုံးလှုပ်ရှားမှုအဖြစ် ကီယက်မြို့မြောက်ဘက်မိုင် ၉၀ အကွာရှိ ချာနီဟစ်ဗ်ဒေသသို့ သွားရောက်ခဲ့ရာတွင် အစိုးရအဖွဲ့အတွင်း အဂတိလိုက်စားမှုကင်းရှင်းရေးကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ယခင်ဝန်ကြီးချုပ်ဟောင်း ကူချ်မာသည် အစိုးရအဖွဲ့အတွင်း တာဝန်ထမ်းဆောင်ခဲ့စဉ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဘာမျှမလုပ်ဆောင်ခဲ့ဟု ကရာချတ်ကဝေဖန်ခဲ့သည်။

မရှေးမနှောင်းဆိုသလိုပင် ဇူလိုင် ၁၀ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲ ဒုတိယအကြိမ် မဲဆန္ဒပေးပွဲကို ကျင်းပခဲ့သည်။ ဇူလိုင် ၁၁ ရက်နေ့တွင် မဲဆန္ဒရရှိမှုအခြေအနေကို ရွေးကောက်ပွဲဗဟိုကော်မရှင်က ကြေညာခဲ့ရာ ကူချ်မာက ၅၂ ရာခိုင်နှုန်းကျော်ရရှိပြီး ကရာချတ်က ၄၅ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။ ဤသို့ဖြင့် မဲဆန္ဒပေးပွဲနှစ်ကြိမ်တွင် ကူချ်မာက မဲအသာဖြင့် အနိုင်ရကာ ယူကရိန်းနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး ပထမအကြိမ်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ကူချ်မာက နိုင်ငံ၏စီးပွားရေးကို ခနော်ခနဲ့ဖြစ်စေသည့် ပြဿနာရပ်များကိုဖြေရှင်းကာစနစ်တကျ ပြန်လည်တည့်မတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ကူချ်မာအနေဖြင့်နိုင်ငံစီးပွားကျဆင်းနေမှုမှ ပြန်လည်လွတ်မြောက်အောင်ဆောင်ရွက်နိုင်စွမ်းရှိလိမ့်မည်ဟု ကီယက်မြို့တွင်ရှိ အနောက်နိုင်ငံမှ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်သူများကမျှော်လင့်လျက်ရှိကြသည်။

သမ္မတရွေးကောက်ပွဲတွင် ကူချ်မာအနိုင်ရရှိမှုကို မကြေညာမီ တစ်ရက်အလိုကပင် ဂျီ-၇ ဟုခေါ်သော စက်မှုခုနစ်နိုင်ငံအုပ်စုက ယူကရိန်းနိုင်ငံစီးပွားရေးတိုးတက်စေရန်အတွက်စီးပွားရေးထောက်ပံ့ကူညီမှု အစီအစဉ်အဖြစ် ဒေါ်လာ ၄ ဘီလီယံပေးရန်ကမ်းလှမ်းခဲ့သည်။ ယူကရိန်းနိုင်ငံအနေဖြင့် ယင်းအကူအညီများရရှိရန် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရမည်ဖြစ်သည်။ သမ္မတကရာချတ်လက်ထက်က အပြည်ပြည်ဆိုင်ရာငွေကြေး အဖွဲ့အစည်းများက လက်ခံနိုင်သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ဟု ဆိုသည်။

သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် လီယိုနစ်ကူချ်မာသည် ဆိုဗီယက်ခေတ်လွန် ယူကရိန်းနိုင်ငံ၏ သမ္မတအဖြစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ နှစ်ရက်အကြာတွင် သမ္မတကူချ်မာသည် ရာဇဝတ်မှုခင်းများနှိမ်နင်းရန် အမိန့်ဒီဂရီတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ စာမျက်နှာလေးမျက်နှာရှိ အဆိုပါအမိန့်တွင် ဓားပြမှု၊ လိမ်လည်မှုနှင့် ပြန်ပေးမှုများကို နှိမ်နင်းရန်အတွက် ရာဇဝတ်မှုမြင့်မားသည့်ဒေသများတွင် ရဲများနှင့်စစ်သားများက ပူးတွဲတာဝန်ယူ ကွပ်ကဲခြင်းကို ထောက်ခံကြောင်းဖော်ပြထားသည်။ ထို့ပြင် လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့်ရေဒီယိုသတ္တိကြွပစ္စည်းများထိန်းသိမ်းကာကွယ်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ သီးခြားအမိန့်တစ်ရပ်တွင် သမ္မတကူချ်မာသည် ပြည်ထဲရေးဝန်ကြီးကို ရာထူးမှဖယ်ရှားခဲ့ပြီး လုံခြုံရေးနှင့် လျှို့ဝှက်ထောက်လှမ်းရေးမှ အရာရှိတစ်ဦးအား အစားထိုးခန့်အပ်ခဲ့သည်။

သမ္မတဖြစ်လာသူ ကူချ်မာအဖို့ ကွန်မြူနစ်အုပ်စုနှင့် ၄င်းတို့၏ မဟာမိတ်အဖွဲ့များ ကြီးစိုးသည့် ပါလီမန်တွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌ လိုအပ်သည့်ထောက်ခံမှုရရှိရန်အခက်အခဲရှိနိုင်ပေသည်။ ကွန်မြူနစ်တို့က အဓိကပြုပြင်ပြောင်းလဲမှုများနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဆန့်ကျင်လျက်ရှိကြပေသည်။ ယင်းတို့ကို ကျော်လွှားပြီး ပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆက်လုပ်ဆောင်သွားနိုင်စေရန်အတွက် သမ္မတ ကူချ်မာအနေဖြင့် ပါလီမန်တွင် ၄င်းအားထောက်ခံသည့် မဟာမိတ်များရှိရန် လိုအပ်နေပေသည်။

ကူချ်မာသည် သမ္မတအဖြစ်တာဝန်ယူခဲ့ချိန်မှစပြီး အစိုးရအဖွဲ့အတွင်းအပြောင်းအလဲပြုလုပ်မှုများ လုပ်ဆောင်လျက်ရှိနေခဲ့သည်။ တစ်ဖက်တွင် ယူကရိန်းနိုင်ငံ၏ ကျဆင်းနေသောစီးပွားရေး ပြန်လည်တည့်မတ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ဩဂုတ် ၂၅ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးအသစ်တစ်ဦးအစားထိုးခန့်အပ်ခဲ့ပြီး ၂၆ ရက်နေ့တွင် အရပ်သားတစ်ဦးဖြစ်သည့် ဗယ်လာရီရှမာရော့ဗ်အား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

**နျူကလီးယားလက်နက်များဖျက်သိမ်းရေး–** ယူကရိန်းနိုင်ငံတွင်ရှိ နျူကလီးယားလက်နက်များဖျက်သိမ်းပစ် ရေးမှာ ယူကရိန်းနှင့် ရုရှားနိုင်ငံသို့ အဓိကထားဆွေးနွေးဖြေရှင်းရမည့်ကိစ္စတစ်ရပ်ဖြစ်နေပေသည်။ ယူကရိန်းနျူကလီးယားလက်နက်များဖျက်သိမ်းရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကို ယူကရိန်းသမ္မတကရာချတ်၊ အမေရိကန်သမ္မတ ကလင်တန်နှင့် ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်တို့သည် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်သည့်တိုင်အောင် ယူကရိန်းနိုင်ငံသည် စတတ်-၁ ဟုခေါ်သည့် မဟာဗျူဟာလက်နက်များ လျှော့ချရေးစာချုပ်ကိုလည်းကောင်း၊ ယင်းစာချုပ်အရ နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးအတွက် နျူကလီးယားထိပ်ဖူးများကို ရုရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်ရေးကို လည်းကောင်း၊ နျူကလီးယားမပြန့်ပွားရေး စာချုပ်အဖွဲ့ဝင်ဖြစ်ရန်ကိုလည်းကောင်း အတည်ပြုပေးရန် တွန့်ဆုတ်လျက်ရှိချေသည်။

နျူကလီးယားမပြန့်ပွားရေး စာချုပ်အဖွဲ့ဝင်ဖြစ်ရေးကို အတည်ပြုလိုက်ပါက ယူကရိန်းနိုင်ငံသည် အဖိုးတန်သည့် နျူကလီးယားနည်းပညာရပ်များသာမက နျူကလီးယားလက်နက်မဲ့သည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်သွားစေပြီး သာမန်ဒုတိယတန်းစားအဆင့်ရှိသည့် နိုင်ငံတစ်နိုင်ငံ

အဖြစ်သာ ရပ်တည်သွားနိုင်မည်ဟု ဥပဒေပြုအမတ်များက စောဒကတက်ကြသည်။

အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့တတိယအကြီးမားဆုံး နျူကလီးယားလက်နက်များရှိသည့် ယူကရိန်းနိုင်ငံအား ယင်းလက်နက်များ ဖျက်သိမ်းရေးအတွက် သဘောတူညီမှု ရရှိရန် ကာလအတန်ကြာ ကြိုးပမ်းလျက်ရှိနေခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ယူကရိန်းနိုင်ငံက နျူကလီးယားထိပ်ဖူးများအားလုံးကို ဖယ်ရှားပေးရန်နှင့် ဆယ်စုနှစ်အကုန်တွင် နျူကလီးယားမဲ့နိုင်ငံတစ်နိုင်ငံဖြစ်ရန်တို့ကို ကတိပေးခဲ့သည်။ သို့ရာတွင် ထိုသို့လုပ်ဆောင်ပေးခြင်းအတွက် အပြန်အလှန်အားဖြင့် လုံခြုံရေး အာမခံချက်များကို ရုရှားနိုင်ငံကလည်းကောင်း၊ စီးပွားရေးအထောက်အပံ့အဖြစ် ဘီလီယံဒေါ်လာရှိသည့် ငွေကြေးအကူအညီကို အနောက်နိုင်ငံများကလည်းကောင်းပေးရန်ကို ယူကရိန်းနိုင်ငံက တောင်းဆိုခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘရပ်ဆယ်မြို့၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်ခရစ္စတိုဖာ၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး အန်ဒရေကိုဇီရက်ဗ်နှင့် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး အနာတိုလီဇလင်ကိုတို့ တွေ့ဆုံသည့်အခါ အထက်ပါကိစ္စမှာ ပြေလည်မှုရရှိခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ကိုဇီရက်ဗ်က မဟာဗျူဟာလက်နက်လျှော့ချရေးစာချုပ်များကို အတည်ပြုပေးမည်ဆိုပါက ယူကရိန်းနိုင်ငံအတွက် လုံခြုံရေးအာမခံချက်များကိုပေးရန် ရုရှားနိုင်ငံက ပြင်ဆင်လျက်ရှိကြောင်းပြောကြားခဲ့သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့၌ ရုရှား၊ ယူကရိန်းနှင့် အမေရိကန်တို့ ပါဝင်သောသုံးပွင့်ဆိုင် အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်ထဲတွင် ကျင်းပခဲ့ကြရာ ယူကရိန်း၌ရှိ နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးအတွက် သဘောတူညီမှု တစ်ရပ်ရရှိခဲ့ကြသည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်နေ့တွင် အမေရိကန်သမ္မတကလင်တန်သည်မော်စကိုမြို့တွင်ကျင်းပမည့်ထိပ်သီးဆွေးနွေးပွဲသို့အသွား ယူကရိန်းနိုင်ငံသို့ ဝင်ရောက်ခဲ့သည်။ သမ္မတကလင်တန်ကယူကရိန်းနိုင်ငံ၌ရှိ ကမ္ဘာ့တတိယအကြီးမားဆုံးနျူကလီးယားလက်နက်များ ဖျက်သိမ်းပစ်ရေးဆိုင်ရာ အပြီးသတ်သဘောတူညီမှုကို ကြေညာပြီး ယူကရိန်း နိုင်ငံက စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်ကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် သမ္မတ ကလင်တန်သည် ယူကရိန်းသမ္မတ ကရာချုတ်နှင့် တွေ့ဆုံခဲ့ ပြီး ယူကရိန်းနိုင်ငံက စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ပါက အမေရိကန်ပြည်ထောင်စုက ယူကရိန်းသို့ အကူအညီအထောက်အပံ့များ တိုးမြှင့်ပေးကမ်းမည်ဟု ပြောကြားခဲ့သည်။

ဤသို့ဖြင့် ဇန်နဝါရီ ၁၄ ရက်နေ့တွင် မော်စကိုမြို့၌ ကျင်းပသော လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမေရိကန်သမ္မတကလင်တန်၊ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် ယူကရိန်းသမ္မတ ကရာချုတ်တို့သည် ယူကရိန်းနိုင်ငံရှိ နျူကလီးယားထိပ်ဖူး ၁,၈၀၀ ဖျက်သိမ်းရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အမေရိကန်သမ္မတ အိမ်ဖြူတော်ကလည်း ကလင်တန်၊ ဘောရစ်ယဲ့လ်ဆင်နှင့် ကရာချုတ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည့် သုံးပွင့်ဆိုင် သဘောတူညီချက်နှင့်စပ်လျဉ်းပြီး အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ ယူကရိန်းနိုင်ငံသည် ၁၀ လအတွင်း နျူကလီးယားထိပ်ဖူး ၂၀၀ ထက်မနည်း ရုရှားနိုင်ငံသို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး ကျန်နျူကလီးယားလက်နက်များကိုလည်း အချိန်တိုအတွင်း လွှဲပြောင်းပေးရမည်ဟု ဖော်ပြထားသည်။ ထို့ပြင် ယူကရိန်းနိုင်ငံ နျူကလီးယားလက်နက်တိုက်တွင်ရှိသည့် အန္တရာယ်အရှိဆုံးဖြစ်သော အက်စ်အက်စ်– ၂၄ ဒုံးကျည် ၁၇၆ စင်းကိုလည်း ၁၀ လအတွင်း ယင်းဒုံးကျည်များ၏ နျူကလီးယားထိပ်ဖူးများဖယ်ရှားပေးခြင်းအားဖြင့် အသုံးမပြုနိုင်သည့်အနေအထားဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ယူကရိန်းနိုင်ငံက နျူကလီးယားလက်နက်များ ဖျက်သိမ်းပေးခြင်းအတွက် လျော်ကြေးစတင်ပေးသည့်အနေဖြင့် ရုရှားနိုင်ငံက ၁၀ လအတွင်း ယူကရိန်းနိုင်ငံရှိနျူကလီးယားဓာတ်အားစက်ရုံများအတွက် လိုအပ်လျက်ရှိသော သန့်စင်မှု အဆင့်နိမ့်ယူရေနီယမ်တန် ၁၀၀ ပါဝင်သော နျူကလီးယားလောင်စာများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ၄င်းအပြင်ယူကရိန်းနိုင်ငံသည် စတတ်–၁ (မဟာဗျူဟာလက်နက်လျှော့ချရေးစာချုပ်) အရ မဟာဗျူဟာမြောက်တိုက်ခိုက်ရေးလက်နက်များအပါအဝင် နျူကလီးယားလက်နက်အားလုံးကို ခုနစ်နှစ်တာကာလအတွင်း ဖျက်သိမ်းပေးရန် ရှိနေပေသည်။

ဇန်နဝါရီ ၂၄ ရက်နေ့တွင် ယူကရိန်းသမ္မတ လီယိုနစ်ကရာချုတ်က နျူကလီးယားမပြန့်ပွားရေးစာချုပ်အဖွဲ့သို့ ဝင်ရောက်ရန်ယူကရိန်းပါလီမန်အား တိုက်တွန်းပြောကြားခဲ့သည်။ နျူကလီးယားမပြန့်ပွားရေးစာချုပ်အဖွဲ့သို့ ဝင်ရောက်ရန် ပါလီမန်သို့ ရေးသားသောသမ္မတကရာချုတ်၏ စာတွင် မော်စကိုမြို့တွင် ကျင်းပခဲ့သည့် ရုရှား၊ ယူကရိန်းနှင့် အမေရိကန်သမ္မတသုံးဦးတို့၏ သုံးပွင့်ဆိုင်ထိပ်သီးစည်းဝေးပွဲ၏ အခြေခံအချက်မှာ နျူကလီးယားမပြန့်ပွားရေးစာချုပ်

အဖွဲ့သို့ ဝင်ရောက်ရေးပင်ဖြစ်ကြောင်း ဖော်ပြရေးသားခဲ့သည်။

ဤသို့ရှိနေရာမှ မတ်လ ၂၁ ရက်နေ့တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလျံပယ်ရီက အမေရိကန်နိုင်ငံက ယူကရိန်းနိုင်ငံသို့ ဒေါ်လာသန်း ၁၀၀ အကူအညီပေးရန် ကတိပြုပြောကြားပြီး နျူကလီးယားထိပ်ဖူးများ ဖျက်ဆီးရေးအတွက် ယူကရိန်းနိုင်ငံက ရုရှားနိုင်ငံသို့ ဒုတိယအကြိမ်လွှဲပြောင်းတင်ပို့ခဲ့မှုကို ချီးကျူးခဲ့သည်။ ရုရှားနိုင်ငံကလည်း ယူကရိန်းနိုင်ငံမှ တင်ပို့သော နျူကလီးယားထိပ်ဖူးများမှ ပြောင်းလဲသန့်စင်ထုတ်လုပ်ထားသည့် နျူကလီးယားလောင်စာများကို ပထမအကြိမ်အဖြစ် ယူကရိန်းနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း ဧပြီ ၄ ရက်နေ့က အင်တာဖက်စ်သတင်းဌာန၏ သတင်းတစ်ရပ်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအတောအတွင်း ယူကရိန်းနိုင်ငံသည် ၄င်း၏ နျူကလီးယားဌာနများကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ) သို့တင်ပြရန်မူအားဖြင့် သဘောတူပြီးဖြစ်ကြောင်း အိုင်အေအီးအေက ဇွန်လ ၂၉ ရက်နေ့တွင် ကြေညာခဲ့သည်။ အဆိုပါသဘောတူညီမှုမူကြမ်းအရ နျူကလီးယားမပြန့်ပွားရေး စာချုပ်ကိုလက်မှတ်ရေးထိုးရန် ရှိနေသေးသည့် ယူကရိန်းနိုင်ငံသည် ငြိမ်းချမ်းရေးကိစ္စရပ်များအတွက်သာ နျူကလီးယားစွမ်းအင်ကို အသုံးပြုရန်နှင့် ၄င်း၏နျူကလီးယားဌာနများအား အိုင်အေအီးအေ၏ ပုံမှန်စစ်ဆေးမှုအတွက် ဖွင့်လှစ်ပေးရန်ဖြစ်သည်။ ယခုကဲ့သို့ သဘောတူညီခြင်းမှာ နျူကလီးယားမပြန့်ပွားရေးစာချုပ်အဖွဲ့သို့ ယူကရိန်းနိုင်ငံဝင်ရောက်ရန် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ယင်းအရေးကိစ္စနှင့် စပ်လျဉ်းပြီး ယူကရိန်းပါလီမန်နိုင်ငံခြားရေးကော်မရှင် ဥက္ကဋ္ဌဖြစ်သူက ယူကရိန်းနိုင်ငံအနေဖြင့် နျူကလီးယားမပြန့်ပွားရေးစာချုပ်အဖွဲ့သို့ ဝင်ရောက်ရန် အချိန်ယူစဉ်းစားဆုံးဖြတ်ရလိမ့်မည်ဟု စက်တင်ဘာလ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ သမ္မတကူချ်မာကလည်း ယင်းကိစ္စအတည်ပြုရေးအတွက် အောက်တိုဘာလတွင် ပါလီမန်သို့တင်ပြမည်ဟု ပြောကြားခဲ့သည်။ သမ္မတကူချ်မာသည် နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ရန်ရှိနေပြီး အမေရိကန်နိုင်ငံကလည်း ယူကရိန်းနိုင်ငံနျူကလီးယားမပြန့်ပွားရေးစာချုပ်အဖွဲ့သို့ ဝင်ရောက်ရေးကို ဖိအားပေးခဲ့သည်။

ဦးမြလင်း

**ယူဂို စလားဗီးယား ပြည်ထောင်စု။** ။ယူဂိုစလားဗီးယား ပြည်ထောင်စုကြီးမှ ၁၉၉၁ ခုနှစ် နှစ်လယ်တွင် ခရိုအေးရှားနှင့် ဆလိုဗေးနီးယားတို့က လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ဘော့စနီးယား-ဟာဇီဂိုဗီးနားက လည်းကောင်း အင်အားသုံးခွဲထွက်ခဲ့ပြီး၊ မက်ဆီဒိုနီးယားက လွတ်လပ်ရေးရယူသွားသည်။ ထို့ကြောင့် ကျန်ပြည်ထောင်စုအဖွဲ့ဝင်များဖြစ်သော ဆာဗီးယားနှင့် မွန်တီနီဂရိုတို့က ယူဂိုးစလားဗီးယားဖက်ဒရယ်ပြည်ထောင်စု (အက်ဖ်၊ အာ၊ ဝိုင်) အဖြစ် ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ပေါင်းစည်းကြေညာခဲ့သည်။ ထိုပြည်ထောင်စုတွင် လူဦးရေ ၁၁ သန်းခန့်ရှိပြီး၊ ၁၉၉၄ ခုနှစ်၊ ဇွန်လအထိ နိုင်ငံပေါင်း ၁၄၈ နိုင်ငံနှင့် သံတမန်အဆက်အသွယ်ပြုလုပ်ထားသည်။

ခွဲထွက်သွားသော ပြည်ထောင်စုများအနက် ဘော့စနီးယား၊ ဟာဇီဂိုဗီးနားတွင် ၁၉၉၂ ခုနှစ်၊ ဧပြီလမှ စတင်ခဲ့သော ပြည်တွင်းစစ်သည်မပြီးဆုံးသေးချေ။ ထိုစစ်ပွဲတွင် ဒေသခံဆာ့ဘ်များက တစ်ဖက်၊ ခရိုအက်နှင့် မူဆလင်တို့က တစ်ဖက်တိုက်ခိုက်နေကြရာ ယူဂို စလားဗီးယား ပြည်ထောင်စုက ပါဝင်ပတ်သက်နေသည်ဟူသော စွဲချက်ဖြင့် ကုလသမဂ္ဂက ယူဂို စလားဗီးယားပြည်ထောင်စုကို ပိတ်ဆို့အရေးယူခဲ့သည်။ ထို့ကြောင့် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ မှစ၍ ယူဂို စလားဗီးယား ပြည်ထောင်စုသည် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(စီအက်စ်စီအီး) အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းခံခဲ့ရသည်။ စီအက်စ်စီအီး၏ ထိုပြည်ထောင်စုအတွင်းလုပ်ပိုင်ခွင့်အာဏာသည် ၁၉၉၃ ခုနှစ်၊ နွေရာသီတွင် ကုန်ဆုံးသွားသည်။ ထို့ကြောင့် အီတလီ၊ ဆွီဒင်နှင့် ဟန်ဂေရီနိုင်ငံတို့မှ သံတမန်များနှင့်ဖွဲ့စည်းထားသော ထရွိုင်ကာအမည်ရှိအဖွဲ့ကို ယူဂိုဆလပ်ပိုင်နက်နယ်မြေအတွင်းလှုပ်ရှားခွင့်မပြုနိုင်ကြောင်းဖြင့် ယူဂိုဆလပ်အစိုးရကကြေညာသည်။ ထိုအဖွဲ့ဝင်သံတမန်များသည် ၁၉၉၄ ခုနှစ်၊ မတ်လမှမေလထိ ကိုဆိုဗို-မိတိုအီနယ်မြေအတွင်း လှည့်လည်သွားလာခဲ့သည်။ ဆာဗီးယားပြည်နယ်တောင်ပိုင်းရှိ ထိုနယ်မြေတွင် အယ်ဘေးနီးယားတိုင်းရင်းသားလူနည်းစုတို့ အများဆုံးနေထိုင်ကြသည်။

ထို ကိုဆိုဗိုခရိုင်၏ဆာ့ဘ်လူမျိုး အုပ်ချုပ်ရေးမှူးက ကေဆိုဗိုဒီမိုကရေစီအဖွဲ့ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်၍ဆာ့ဘ်လူမျိုးဆန့်ကျင်ရေးလှုပ်ရှားမှုများ စီစဉ်ဆောင်ရွက်နေသည်ဟု စွပ်စွဲခဲ့သည်။ ထိုနယ်မြေသည် လူဦးရေ ၁ ဒသမ ၉ သန်းအနက် ၉၀ ရာခိုင်နှုန်းရှိသည့် အယ်ဘေးနီးယားတို့ကို ကိုယ်စားပြုသည့်ပါတီဖြစ်သည်။

ဆာဗီးယားအာဏာပိုင်တို့သည် ရဲတပ်ဖွဲ့အင်အားအလုံးအရင်းဖြင့် ကိုဆိုဗိုနယ်မြေကို အုပ်ချုပ်ထားရာဒေသခံတိုင်းရင်းသားများနှင့်ရဲတို့၏ အဓိကရုဏ်းကြောင့် လူ ၁၀၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။

ယူဂို စ လားဗီးယားပြည်ထောင်စုက ဘော့စနီးယားစစ်ပွဲတွင် ဆာ့ဘ်တို့အား ထောက်ပံ့ကူညီနေသည့်နည်းတူ ဘော့စနီးယားမူဆလင်အစိုးရကိုလည်း အီရန်နိုင်ငံက ကူညီကြောင်းဖြင့် ၁၉၉၄ ခုနှစ်တွင် မူဆလင်စစ်တပ်အကြီးအကဲ သတင်းရပ်ကွက်က ဝန်ခံခဲ့သည်။ ယူဂို စ လားဗီးယားပြည်ထောင်စု၏ သမ္မတနိုင်ငံဟောင်းများသို့ လက်နက်တင်ပို့ခြင်း မပြုရန်၊ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ ကုလသမဂ္ဂက ပိတ်ပင်ထားသည်ကို အီရန်နိုင်ငံက ချိုးဖောက်ခြင်းပင်ဖြစ်သည်။ အီရန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး အလီအက္ကဘာ ဗလာယက်တီသည် ၁၉၉၄ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ဘော့စနီးယားနှင့် ခရိုအေးရှားတို့သို့ လာရောက်လည်ပတ်ရာ ဘော့စနီးယားသမ္မတ အလီဂျာ အီဇက်ဘယ်ဂိုးဗစ်အား ဒေါ်လာတစ်သန်းတန် ချက်လက်မှတ်ကိုလည်းကောင်း၊ ဒီဇယ်စက်သုံးဆီတန် ၁၀,၀၀၀ အကြွေးဝယ်ယူခွင့်ကိုလည်းကောင်း အထောက်အပံ့အဖြစ်ပေးအပ် ခဲ့သည်။

အမေရိကန်ပြည်ထောင်စုကလည်း ဘော့စနီးယားနိုင်ငံသို့ လက်နက်ပိတ်ဆို့မှုကို အာဏာတည်စေရန် ထောက်ကူနေခြင်းမပြုလုပ်နိုင်တော့ကြောင်းဖြင့် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ၁၉၉၄ ခုနှစ်၊ မေလတွင် အမေရိကန်အထက်လွှတ်တော်ကလည်းကောင်း၊ ဇွန်လတွင် အောက်လွှတ်တော်က လည်းကောင်း ဘော့စနီးယားနိုင်ငံအား လက်နက်တင်ပို့မှု ပိတ်ပင်ထားခြင်းကို ရုပ်သိမ်းစေရန် ဆောင်ရွက်ရေးအတွက် သမ္မတကလင်တန်အား တိုက်တွန်းသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ဘော့စနီးယားဆာ့ဘ်များက ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့နောက်ဆုံးထား၍ ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို သဘောမတူနိုင်သေးဘဲ တင်းခံနေလျှင် လက်နက်ပိတ်ဆို့ရေးဆိုင်ရာ ကန့်ကွက်စရိတ်များကို ဖြတ်တောက်မည်ဟု အမေရိကန်ကွန်ဂရက်လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

ဘော့စနီးယားဆာ့ဘ်တို့အနေဖြင့် သဘောတူညီရန်လိုအပ်သည့်အချက်မှာ ဘော့စနီးယားဆက်သွယ်ရေးအုပ်စု၏ အဆိုပြုချက်ပင်ဖြစ်သည်။ ဘော့စနီးယား "ဆက်သွယ်ရေးအုပ်စု" ဟုခေါ်တွင်သော ထိုငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှုအဖွဲ့တွင် အမေရိကန်ပြည်ထောင်စု၊ ရုရှားနိုင်ငံနှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်များပါဝင်၍ ဘော့စနီးယားကို မူဆလင်–ခရိုအက် ဖက်ဒရေးရှင်း ပြည်ထောင်စုအား ပိုင်နက် ၅၁ ရာခိုင်နှုန်း၊ ဘော့စနီးယားဆာ့ဘ်တို့အား ၄၉ ရာခိုင်နှုန်း အသီးသီးခွဲဝေယူရန် အစီအစဉ်တစ်ရပ်ကို တင်ပြထားသည်။ ထိုပြည်တွင်းစစ်ကာလအတွင်း ပိုင်နက်နယ်မြေ ၇၀ ရာခိုင်နှုန်း သိမ်းပိုက်ရရှိထားသော ဆာ့ဘ်တို့က

**ဘော့စနီးယားဆာ့ဘ်တို့ ဝိုင်းရံထားသည့် မြို့တစ်မြို့အနီးတွင် ကုလသမဂ္ဂ တပ်ဖွဲ့များက အခြေအနေကို ထိန်းသိမ်းပေးနေစဉ်**



သဘောမတူကြချေ။ ထိုအစီအစဉ်ကို ဘော့စနီးယား လွှတ်တော်ကမူ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၈ ရက်နေ့တွင် သဘောတူလက်ခံကြောင်း အတည်ပြုခဲ့သည်။

ယူဂို စလားဗီးယားပြည်ထောင်စုအစိုးရက ထို "ဆက်သွယ်ရေးအုပ်စု" ၏ အဆိုပြုချက်ကို ဘော့စနီးယား ဆာ့ဘ်တို့လက်ခံသင့်ကြောင်းဖြင့် ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် တိုက်တွန်းလိုက်သည်။ အကယ်၍ ထိုအစီအစဉ်ကို ဆက်လက်လျစ်လျူရှုနေလျှင် ဘော့စနီးယား ဆာ့ဘ်တို့နှင့် နိုင်ငံရေး၊ စီးပွားရေး အဆက်အသွယ်များဖြတ်တောက်မည်ဟု ကြေညာခဲ့သည်။ သို့ရာတွင် ဘော့စနီးယား ဆာ့ဘ်တို့က ထိုအစီအစဉ်ကို ပယ်ချခဲ့ရာ ဆာဗီးယားသမ္မတ ဆလိုဗိုဒင် မီလိုဆီဗစ်က တယ်လီဖုန်းအဆက်အသွယ်ဖြတ်တောက်မှု အပါအဝင်စစ်ရေးနှင့် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်လုပ်ဆောင်လိုက်သည်။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလတွင်မူ ဘော့စနီးယားဆာ့ဘ် ခေါင်းဆောင် ရာဒိုဗင် ကာရာဒစ်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်မည်ဖြစ်ကြောင်း ကြေညာသည်။ စီးပွားရေး ပိတ်ဆို့မှုဒဏ်ခံနေရသော ဆာဗီးယားသမ္မတ နိုင်ငံ၏ ခေါင်းဆောင် မီလို ဆီဗစ်က ထိုငြိမ်းချမ်းရေးအစီအစဉ်သည် စစ်ပြီးဆုံးရေး အတွက် အခြေခံဖြစ်ပြီး၊ ဆာ့ဘ်တို့အနေဖြင့် အမျိုးသားရေး ရည်မှန်းချက်အားလုံး အောင်မြင်ရေးအတွက် လမ်းစလည်း ဖြစ်သည်ဟူ၍ ဘော့စနီးယားဆာ့ဘ် ခေါင်းဆောင်ပိုင်းအား ဆွေးနွေးခဲ့သည်။

ဘော့စနီးယား-ဟာဇီဂိုဗီးနားသည် ပြည်တွင်းစစ် အစပိုင်းတွင် ခရိုအက်တို့နှင့် မဟာမိတ်ပြုလျက် ဆာ့ဘ်တို့နှင့် စစ်ခင်းခဲ့ကြသည်။ ၁၉၉၃ ခုနှစ်တွင်မူ အချင်းချင်းနယ်မြေပိုင်နက်အငြင်းပွားပြီး စစ်ပြိုင်ခဲ့ကြသည်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘော့စနီးယား မူဆလင်အစိုးရနှင့် ခရိုအက်အစိုးရတို့သည် ဖက်ဒရေးရှင်းပြည်ထောင်စုဖွဲ့စည်းရန်သဘောတူညီသည်အထိ ငြိမ်းချမ်းမှုရရှိခဲ့သည်။ ခရိုအေးရှားသည် ကာရာဂျီးနားတွင် လှုပ်ရှားနေသော ဆာ့ဘ်သူပုန်တို့နှင့် စီးပွားရေးသဘောတူညီချက်တစ်ရပ်ကို ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့် ဆာ့ဘ်နှင့်ခရိုအက်တို့အကြား သုံးနှစ်ကြာ ပဋိပက္ခ အဆုံးသတ်ရေးအတွက် လမ်းပွင့်ခဲ့သည်။

ခရိုအက်သမ္မတနိုင်ငံ၏ သုံးပုံတစ်ပုံမျှကျယ်ဝန်းသော ကာရာဂျီးနားနှင့် ခရိုအေးရှားတို့အကြား ရေနံပိုက်လိုင်းပြန်ဖွင့်ရန်လည်း သဘောတူညီမှုရသည်။ မည်သို့ပင်ဖြစ်စေ ဆာ့ဘ်ကာရာဂျီးနား(အာအက်စ်ကေ)အတွင်း ခရိုအေးရှား ငွေကြေးကူနာကို လက်မခံနိုင်ကြောင်းဖြင့် အာအက်စ်ကေ ခေါင်းဆောင် မီလန်မာတစ်က ကြေညာထားခဲ့ဖြစ်သည်။ ခရိုအေးရှားသမ္မတနိုင်ငံက ယူဂို စလပ်ပြည်ထောင်စုမှ ခွဲမထွက်မီကာလတွင် အလုပ်လုပ်ခဲ့ကြသော အငြိမ်းစား ဝန်ထမ်းများအား အငြိမ်းစားလစာငွေကို ကူနာဖြင့်ပေးချေရန် ခရိုအေးရှားအစိုးရက ရည်ရွယ်ထားခြင်းကြောင့် ဖြစ်သည်။ တကယ်တမ်းအားဖြင့် ဆာဗီးယားသမ္မတ ဆလိုဗိုဒင် မီလိုဆီဗစ်က ခရိုအေးရှားနိုင်ငံကို အသိအမှတ်ပြုရန် အသင့်မရှိသေးကြောင်းဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလတွင် ကြေညာထားပေသည်။ ခရိုအေးရှားဆာ့ဘ်တို့၏ "ဥပဒေနှင့် အညီအကျိုးခံစားခွင့်" များကို မပေးနိုင်သေးသမျှ အသိအမှတ်မပြု နိုင်သေးကြောင်းရှင်းလင်းသည်။ ဥရောပသမဂ္ဂစေ့စပ်ညှိနှိုင်းရေးမှူး လော့ဒ်အိုဝင်နှင့် တွဲဖက်ညှိနှိုင်းရေးမှူး သော်ဗိုစတိုလ်တင်ဘာ့ဂ်တို့က ခရိုအေးရှားနိုင်ငံကို အသိအမှတ်ပြုခြင်းသည် ထိုဒေသအတွင်း ရန်လိုမှုများ ချုပ်ငြိမ်းရေးအတွက် သော့ချက်ဖြစ်သည်ဟု ယူဆသည့်အလျောက် မီလိုဆီဗစ်နှင့်တွေ့ဆုံဆွေးနွေးခဲ့ရာမှ ထိုကြေညာချက်ထွက်ပေါ်ခဲ့သည်။

ခရိုအေးရှားရှိ ဆာ့ဘ်တို့ထိန်းချုပ်ရာ နယ်မြေများအတွင်းတွင် ဘော့စနီးယားအစိုးရကို ပုန်ကန်နေသော မူဆလင်သူပုန်များ ခိုလှုံလျက်ရှိသည်။ ဖစ်ကရက်အက်ဗဒစ် ခေါင်းဆောင်သော ထိုသူပုန်တို့သည် ဆာ့ဘ်တို့ကို မဟာမိတ်ပြုလျက်ပုန်ကန်ထကြွခဲ့ရာ ပိုင်နက်နယ်မြေ ၂၀ ရာခိုင်နှုန်းအထိ ထိန်းချုပ်နိုင်ခဲ့သည်။ ဘော့စနီးယားမူဆလင်အစိုးရက ၁၉၉၄ ခုနှစ်၊ ဇွန်လမှစ၍ ထိုးစစ်ဆင်ခဲ့သည်။ ဩဂုတ်လတွင် အက်ဗဒစ်ကို ထောက်ခံသော စစ်သားများနှင့် အရပ်သားတို့သည် ထွက်ပြေးကြရပြီး ခရိုအေးရှားဆာ့ဘ်နယ်မြေအတွင်း အရပ်သား ၅၁၀၀နှင့် စစ်သား ၁၆၀၀ တို့ တဲများထိုး၍ ခိုလှုံနေထိုင်နေကြရသည်။ ဘော့စနီးယားမူဆလင်အစိုးရက စစ်ရာဇဝတ်မှုကျူးလွန်ခြင်း မရှိသူများအတွက် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ်ကို ဩဂုတ်လ ၄ ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့သည်။ ကြေညာချိန်မှ ရှစ်ရက်အတွင်းအစိုးရတပ်များထံ ဆက်သွယ်ကြရန်ဖြစ်သည်။ ခေါင်းဆောင်အက်ဗဒစ်မှာမူ စစ်ရာဇဝတ်မှုများကျူးလွန်ထားသည်ဟုစွပ်စွဲချက်ဖြင့် ထိုလွတ်ငြိမ်း ချမ်းသာခွင့် အမိန့်တွင် အကျုံးမဝင်ချေ။

ထိုသို့ ပဋိပက္ခမျိုးစုံပေါ်ပေါက်နေသည့် ဘော့စနီးယား ဟာဇီဂိုဗီးယားတွင် "မျိုးဖြုတ်ရေး" လုပ်ငန်းစဉ်မှာ ဆက်လက်ရှိနေဆဲဖြစ်သည်။ ဘော့စနီးယားသည် ဆာ့ဘ်တို့အတွက်သာ ဖြစ်ရမည်ဟူသော ခံယူလျက် ဆာ့ဘ်လူမျိုးမဟုတ်သူများကို အင်အားသုံး၍ နှင်ထုတ်ရန်ကြိုးပမ်းခဲ့ရာ လူပေါင်းတစ်သန်းကျော်သည် ရွှေ့ပြောင်းနှင်ထုတ်ခံခဲ့ကြရသည်။ အခြားလူပေါင်းနှစ်သိန်းခန့်သေဆုံးခဲ့ပြီးဖြစ်

သည်။ မျိုးဖြုတ်ရေးအစီအမံသည် ပြည်တွင်းစစ်ကာလ အစပိုင်းတွင်ပေါ်ပေါက်ခဲ့ပြီး ထိုအစီအမံကို မူဆလင်နှင့် ခရိအက်တို့ကပါ ဆက်ခံကျင့်သုံးလာပြန်ရာ ဆာ့ဘ်တို့ကို လည်းကောင်း၊ အချင်းချင်းလည်းကောင်း ထိုအစီအမံ အတိုင်း ပြုမူဆက်ဆံခဲ့သည်။ ခရိအက်လူမျိုး ၃၅၀၀ သည် ဘော့စနီးယားအလယ်ပိုင်းရှိ ဇေနီကာဒေသမှ နှင်ထုတ်ခံ ရပြီး၊ ထိုကာလမှာပင် မော့စကာအနောက်ပိုင်းရှိ မူဆလင် အများအပြားလည်းသူတို့၏ နေအိမ်များမှ မောင်းထုတ်ခံ ရသည်။ ဆာ့ဘ်တို့ထိန်းချုပ်ထားရာ ဘီဂျယ်ဂျီးနားနယ်မြေ မှ မူဆလင် ၃၀၀ သည်လည်း ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ပထမအပတ်တွင်း နှင်ထုတ်ခံခဲ့ရသည်။ ထိုဒေသတွင် နှိပ်စက်ညှဉ်းပန်းမှုများရှိနေ၍ မူဆလင် ၇၀၀၀ ခန့်သာ ကျန်တော့သည်။ စစ်မဖြစ်မီက မူဆလင် ၃၀၀၀၀ ခန့် ရှိခဲ့သော ထိုဒေသတွင် မူဆလင်အများအပြားသည် နှင်ထုတ်မခံရစေရန် ဆာ့ဘ်တို့၏ ဩသိုဒေါက်ခရစ်ယာန် ဘာသာဝင်အဖြစ် ကူးပြောင်းခဲ့ကြရသည်။

ပြည်တွင်းစစ်ကြောင့် ဘော့စနီးယားပြည်ထောင်စု၏ လူဦးရေ ၄ ဒသမ ၃ သန်းအနက် ထက်ဝက်ကျော်မှာနေရာ အတည်တကျမရှိဖြစ်နေကြရသည်။ နှစ်နှစ်ကျော်ကာလ အတွင်း ဘော့စနီးယားမူဆလင်တို့နှင့် ဆာ့ဘ်တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကြိမ်ကြိမ် ပျက်ပြားခဲ့ရသည်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရရှိ ခဲ့သော သဘောတူညီချက်သည်လည်း အလားတူပင် ပျက်ပြားခဲ့ရသည်။ တိုက်ပွဲများအနှံ့အပြားဖြစ်ပွားခဲ့ရာ ဘော့စနီးယားမြောက်ပိုင်းမြစ်ဆိပ်ကမ်းမြို့ ဘရက်ကိုနှင့် ဘော့စနီးယား အနောက်မြောက်ထောင့်ရှိမူဆလင်တို့စုဝေး ရာ ဘီဟက်ဒေသတို့တွင် ဖြစ်ပွားသောစစ်ပွဲများမှာ အပြင်း ထန်ဆုံးဖြစ်သည်။ ဘရက်ကိုသည် ဘော့စနီးယားရှိ ဆာ့ဘ် နယ်မြေများနှင့် ဆာဗီးယားနယ်မြေနှင့် ဆက်သွယ်ထားရာ လမ်းကြောင်းဖြစ်၍ ဘော့စနီးယားပြည်တွင်းစစ်ကို အဆုံး အဖြတ်ပေးမည့်နေရာဟု ယူဆထားကြသည်။ ကုလသမဂ္ဂ ကပိတ်ဆို့မှုများ ပြဋ္ဌာန်းလုပ်ဆောင်နေစေကာမူ ယူဂိုဆလပ် နယ်နိမိတ်ကို ဖြတ်၍ဆာ့ဘ်ထိန်းချုပ်ရာ နယ်မြေများ အတွင်းသို့ အပတ်စဉ်စက်သုံးဆီတင် ထရပ်ကား ၁၀၀မှ ၁၅၅ စီးအတွင်း ဝင်ရောက်နေခြင်းကြောင့် ဘော့စနီးယား မူဆလင်တို့က မကျေမချမ်းဖြစ်လျက်ရှိသည်။

ဘီဟက်ဒေသတွင် မူဆလင်အရပ်သား တစ်သိန်း ရှစ်သောင်းခန့် နေထိုင်၍ ကုလသမဂ္ဂ ဘင်္ဂလာဒေ့ရှ် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁,၃၀၀ ရှိသည်။ ထိုဒေသကို ဘော့စနီးယား မူဆလင်အစိုးရက ထိန်းချုပ်ထားရာ ကုလသမဂ္ဂက ဘေးကင်းလုံခြုံရာနယ်မြေအဖြစ် သတ်မှတ် ထားသည်။ သို့ရာတွင် ၁၉၉၂ ခုနှစ်၊ ဇွန်လမှစ၍ ဘော့စနီး ယားနှင့် ကာရာဂျီးနားဆာ့ဘ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်း ပိတ်ဆို့၍ လက်နက်ကြီးများဖြင့် ပစ်ခတ်နေခဲ့သည်။ ထိုဒေသကို ရိက္ခာပို့ဆောင်နိုင်ရေးအတွက် ကုလသမဂ္ဂက ကြိုးပမ်းနေရသည်။ ၁၉၉၄ ခုနှစ်၊ မေလမှစ၍ ထိုဒေသသို့ ရိက္ခာမပို့နိုင်ရန် ဆာ့ဘ်တို့က ပိတ်ဆို့ထားခဲ့သည်။ ထို့ကြောင့် ခရိအေးရှားပိုင်နက်အတွင်းမှတစ်ဆင့် ပို့နိုင်ရန် စီစဉ်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနောက်ဆုံးပတ် တွင် ခရိအေရှန်းဆာ့ဘ်တို့က ဘီဟက်နယ်မြေတွင်းသို့ ရိက္ခာတန် ၆၃၀ ခန့် တင်ပို့ရန် ခွင့်ပြုပေးခဲ့သည်။ လူတစ်ဦး အတွက် တစ်လလျှင် ရိက္ခာ ၂ ဒသမ ၂ ပေါင်နှုန်းပင် ထောက်ပံ့နိုင်ခြင်းမရှိချေ။

ဘီဟက်ဒေသတွင် ခရိအေရှန်း ဆာ့ဘ်တို့ ပါဝင် တိုက်ခိုက်နေခြင်းကြောင့် ထိုစစ်ပွဲအတွင်း ခရိအေးရှားကို ဆွဲသွင်းရာရောက်မည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက စိုးရိမ်မကင်းဖြစ်သည်။ ဘီဟက်သည် ခရိအေးရှားအတွင်းရှိ ဆာ့ဘ်တို့ထိန်းချုပ်ရာနယ်မြေများနှင့် ထိုးစစ်ဆင်နေသော ဘော့စနီးယား ဆာ့ဘ်တို့အကြားတွင် ညပ်နေခြင်းကြောင့် ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနောက်ဆုံးပတ်တွင် ဖြစ်ပွားသော တိုက်ပွဲများတွင် ဘော့စနီးယား ဆာ့ဘ်တပ်ဖွဲ့ ဝင်များ ကစဉ့်ကလျားဆုတ်ခွာခဲ့ရပြီး ဆာ့ဘ်အရပ်သားများ လည်း ၄င်းတို့၏ ကျေးရွာများမှ ထွက်ပြေးကြရသည်။ ဤသို့ဖြင့် မူဆလင်အစိုးရတပ်ဖွဲ့ဝင်တို့သည် ဘီဟက်မြို့၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက် ၉၅ စတုရန်းမိုင် ဝန်းကျင်ရှိ မဟာဗျူဟာကျသောနယ်မြေ များကို သိမ်းပိုက်ရရှိသည်။ ထိုအခါ ဘော့စနီးယားဆာ့ဘ် ခေါင်းဆောင် ရာဒိုဗန်ကာရာဇစ်က ထိုသို့ စစ်ရှိန်မြင့် တက်ခြင်းမှာ ဘော့စနီးယားရှိ ကုလသမဂ္ဂကာကွယ် စောင့်ရှောက်ရေးတပ်ဖွဲ့(အန်ပရိုဖော) ကြောင့်ဖြစ်သည် ဟူ၍ ကုလသမဂ္ဂအထူးသံတမန် ယာဆူ ရှီအာကာရှိထံ နိုဝင်ဘာလ ၆ ရက်နေ့တွင် ကန့်ကွက်စာ ပေးပို့ခဲ့သည်။ ကုလသမဂ္ဂစောင့်ရှောက်ထားသော နယ်မြေ များတွင် စစ်မဲ့နယ်မြေအဖြစ် အကောင်အထည်မဖော် နိုင်ခြင်း ကြောင့် မူဆလင်တို့၏လက်နက် အင်အား ဖြည့်တင်းရာ ခြေကုပ်စခန်းများဖြစ်ခဲ့ပြီး ဆာ့ဘ်တို့ကို ထိုးစစ်ဆင်နိုင် ရန် အရိုန်ယူသည့်ဒေသများဖြစ်ခဲ့သည်ဟု ထောက်ပြသည်။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလတွင်မှ ဘော့စနီးယား ဆာ့ဘ်တပ်ဖွဲ့များသည် မြေပြင်မှ ဝေဟင်ပစ်ဒုံးကို ပြုပြင် ထားသော ဒုံးကျည်ဖြင့် ဘီဟက်မြို့ကို ပစ်ခတ်သည်။

မူဆလင် ခရိအက် မဟာမိတ်တပ်များသည် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလဆန်းပိုင်းတွင် ကူပရက်စ်မြို့ကြီးကို

သိမ်းပိုက်ရရှိသည်။ ၁၉၉၂ ခုနှစ်က စစ်ကြီးစတင်ခဲ့ပြီး နောက်ပိုင်းတွင် ဆားဘ်တို့အတွက် အဆိုးဝါးဆုံးအရေးနိမ့်မှုဖြစ်သည်။ ဆာရာယေဗိုမြို့တော်နှင့် အက်ဒရိယာ့တစ်ကမ်းခြေတို့ ဆက်သွယ်ထားသော အမြန် လမ်းမကြီး တစ်လျှောက်နှင့် မြောက်ပိုင်းရှိ အစိုးရအမာခံ စခန်းမြို့တုဇလာဝန်းကျင်တို့တွင်လည်း တိုက်ပွဲများ အကြီးအကျယ်ဖြစ်ပွားသည်။ ဆားဘ်လူမျိုးတို့၏ စစ်သည်အင်အား ၈၀၀၀ ခန့်သာ ရှိသော်လည်း လက်နက်ပိုမိုကောင်းမွန်သည်။ ဘော့စနီးယားတပ်တွင် စစ်သည်အင်အား ၁၂၀,၀၀၀ ရှိ၍ ဘော့စနီးယား ခရိုအက်ပြည်သူ့စစ် ၅၀,၀၀၀ ၏ အကူအညီရထားသည်။

ထိုစစ်ရေးအရှိန် မြင့်တက်နေချိန်တွင် ဆာရာယာဗိုလေဆိပ်အနီးတွင် ဆားဘ်တို့က ဆမ်ဒုံးကျည်ပစ်စင်တည်ဆောက်၍ လေကြောင်းပျံသန်းမှုကို လုံခြုံရေးအာမခံချက် မပေးနိုင်တော့ကြောင်း ကြေညာခဲ့ခြင်းကြောင့် နိုဝင်ဘာ ၂၁ ရက်နေ့မှစ၍ ကုလသမဂ္ဂသည် ရိက္ခာပို့လေယာဉ်ပျံသန်းမှုကို ရပ်ဆိုင်းခဲ့ရသည်။ ဆားဘ်တို့က ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တစ်ဖွဲ့ကို ပစ်ခတ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ် စစ်သားတစ်ဦးဒဏ်ရာရခဲ့သည်။ ဘော့စနီးယားတွင် ငြိမ်းချမ်းရေးတပ်အခြေစိုက်ခဲ့သည့် လပေါင်း ၃၀ အတွင်း အဆိုးဆုံးနှင့် ယုတ်မာဆုံးတိုက်ခိုက်မှုဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့အင်အားစုစုပေါင်း ၃၁,၃၀၀ ရှိသည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် ထိုကုလသမဂ္ဂကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့ (အန်ပရိုဖော) ၏လုပ်ပိုင်ခွင့်ကို ခြောက်လတိုးချဲ့သည်။ ထိုခြောက်လတာကာလအတွင်း အမေရိကန်ဒေါ်လာသန်း ၇၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ ထိုတပ်ဖွဲ့ရန်ပုံငွေ၏ ၃၁ ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုက ထည့်ဝင်သည်။ နေတိုးတပ်ဖွဲ့ဝင်များက ဆားဘ်တပ်ဖွဲ့ဝင်များကို လေကြောင်းမှ တိုက်ခိုက်အရေးယူမှုများ ပြုလုပ်လေ့ရှိသဖြင့် ဆားဘ်တို့က အန်ပရိုဖောတပ်ဖွဲ့ဝင်များကို ဓားစားခံများအဖြစ် ၁၉၉၄ ခုနှစ်အတွင်း ဖမ်းဆီးခဲ့ရာ ဒီဇင်ဘာလလယ်တွင် အန်ပရိုဖောတပ်ဖွဲ့ဝင် ၃၅၆ ဦးမှာ ဆားဘ်တို့၏လက်အတွင်း ကျရောက်နေခဲ့ရသည်။ ထိုတပ်ဖွဲ့ဝင်များမှာ ကနေဒါစစ်သား ၅၅ ဦး ပြင်သစ်နှင့် ယူကရိန်းစစ်သား ၂၇၄ ဦးနှင့် ကုလသမဂ္ဂစစ်ရေးအကဲခတ်သမားလူမျိုးစုံ ၂၇ ဦးတို့ဖြစ်ကြသည်။

ထိုသို့ အခြေအနေများ ရှုပ်ထွေးနေခြင်းကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ဘော့စနီးယားအရေးကို မည်သို့ဖြေရှင်းရမည်ကို အဖွဲ့ဝင်များအကြား သဘောကွဲလွဲကြရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ထိပ်သီးညီလာခံကို ဖျက်သိမ်းလိုက်ကြောင်းဖြင့် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကြေညာသည်။ ဘော့စနီးယားပြဿနာသာမက အီရတ်နိုင်ငံအား ရေနံပိတ်ဆို့မှုကို မည်သည့်အချိန်တွင် ရုပ်သိမ်းသင့်ကြောင်းနှင့် ဆိုဗီယက်သမ္မတနိုင်ငံဟောင်းများအတွင်း ရုရှားနိုင်ငံအား ငြိမ်းချမ်းရေးထိန်းသိမ်းမှုအတွက် ကြီးပမ်းနိုင်ခွင့် အပ်နှင်းရန်သင့်မသင့် တို့တွင်လည်း သဘော ထားကွဲလွဲခြင်းကြောင့် ဖျက်သိမ်းခဲ့သည်ဟု ဆိုသည်။

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင်ပင် ဘော့စနီးယား ဆားဘ်ခေါင်းဆောင် ရာဒိုဗန်ကရာဒစ်က ဘော့စနီးယားစစ်ချုပ်ငြိမ်းရေးအတွက် စေ့စပ်ညှိနှိုင်းပေးရန် အမေရိကန်သမ္မတဟောင်းဂျင်မီကာတာအား မေတ္တာရပ်ခံခဲ့သည်။

**ရဝမ်ဒါနိုင်ငံ။** ။အာဖရိက အလယ်ပိုင်း အရှေ့ဘက်ခြမ်းတွင်ရှိသည့် ရဝမ်ဒါနိုင်ငံသည် ဧရိယာအကျယ်အဝန်းအားဖြင့် ၁၀,၁၆၉စတုရန်းမိုင်ရှိရာ မာရီလဲန့် အရွယ်အစားလောက်ပင်ဖြစ်သည်။ ရဝမ်ဒါနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအဖြစ် မြောက်ဘက်တွင် ယူဂန္ဒာ၊ အနောက်ဘက်တွင် ဇိုင်ယာ၊ တောင်ဘက်တွင် ဘူရွန်ဒီနှင့် အရှေ့ဘက်တွင် တန်ဇန်းနီးယား နိုင်ငံများတည်ရှိကြသည်။ ရဝမ်ဒါနိုင်ငံသည် တောင်တန်းတောင်ကုန်းများပေါများသည့် နိုင်ငံဖြစ်ရာ လူနေဒေသများမှာ အာဖရိကတိုက်တွင် လူနေမှုအသိပ်သည်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

လူဦးရေ ခုနစ်သန်းကျော် နေထိုင်ကြသည့်အနက် ဟူတူမျိုးနွယ်စုများက ၈၅ရာခိုင်နှုန်းအများဆုံးနေထိုင်ကြပြီး တွတ်ဆီမျိုးနွယ်စုများက ၁၄ရာခိုင်နှုန်း အနည်းစုနေထိုင်ကြသည်။ ရဝမ်ဒါနိုင်ငံ၏ သမိုင်းကြောင်းအရ အရပ်ရှည်သည့် တွတ်ဆီမျိုးနွယ်စုများက ဟူတူမျိုးနွယ်စုများကို လွှမ်းမိုးနိုင်ခဲ့သည်။ သို့ရာတွင် ၁၉၅၉ခုနှစ်တွင် ပြည်တွင်းစစ်ဖြစ်ပွားပြီးနောက်ပိုင်း တွတ်ဆီမျိုးနွယ်စုတို့၏ တန်ခိုးဩဇာမှာ ဆုံးခန်းတိုင်ခဲ့တော့သည်။ ၁၉၆၁ခုနှစ်တွင် ပြည်သူ့ဆန္ဒသဘောထားဖြင့် ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့သည်။

စင်စစ်အားဖြင့် ရဝမ်ဒါနိုင်ငံသည် လတ်လပ်ရေးမရရှိမီအချိန်အထိ ကုလသမဂ္ဂ၏ လမ်းညွှန်ချက်အရ ဗဲလဂျီယံနိုင်ငံ၏ အစောင့်အရှောက်ခံ ကိုလိုနီနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်ခဲ့ရသည်။ ၁၉၆၂ခုနှစ် ဇူလိုင်၁ရက်နေ့တွင် ရဝမ်ဒါနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့သော်လည်း ယခင်ကရှိခဲ့ပြီးဖြစ်သော လူမျိုးရေးတင်းမာမှုဆိုးမွေကို ဆက်ခံလာခဲ့သည်။ လွတ်လပ်ရေး

သက်တမ်းနှစ်၃၀ကျော်လာသည်နှင့်အမျှ လူမျိုးရေးတင်းမာမှု ပဋိပက္ခ ပိုမိုပြင်းထန်လာသည်။

လူမျိုးရေး ပဋိပက္ခကြောင့် သုံးနှစ်ကြာမျှဖြစ်ပွားခဲ့သော ပြည်တွင်းစစ်သည် ၁၉၉၃ခုနှစ် ဩဂုတ် ၄ရက်နေ့တွင် တန်ဇန်းနီးယား နိုင်ငံအရုရှားမြို့၌ ရဝမ်ဒါအစိုးရတပ်ဖွဲ့များ (အာရ်ဂျီအက်ဖ်) နှင့် ရဝမ်ဒါမျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်)တို့ အကြား ချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေး စာချုပ်အရပြီးဆုံးသွားခဲ့သည်။

အထက်ပါချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေး စာချုပ်အား အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ရဝမ်ဒါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကူညီရေး မစ်ရှင်အဖွဲ့ (ယူနာမီ) ဖွဲ့စည်းတည်ထောင်ခြင်းကို ဆုံးဖြတ်ချက်အမှတ် ၈၇၂ဖြင့် ၁၉၉၃ခုနှစ် အောက်တိုဘာ ၄ရက်နေ့တွင် အတည်ပြု ချမှတ်ခဲ့သည်။ ယင်းကုလသမဂ္ဂကူညီရေးမစ်ရှင်အဖွဲ့သည် ၄င်း၏ လုပ်ငန်းများကိုနိုဝင်ဘာလဆန်းပိုင်းတွင် စတင်ဆောင်ရွက်ရန်ဖြစ်ပြီး ၁၉၉၂ခုနှစ်၊ ဇူလိုင်လတွင် အာဖရိကညီညွတ်ရေးအဖွဲ့ကြီး (အိုအေယူ)က ချထားခဲ့သည့် စစ်ဘက် လေ့လာရေး အဖွဲ့နှင့် ၁၉၉၃ခုနှစ်၊ ဩဂုတ်လအတွင်းက ဖွဲ့စည်းထူထောင်ခဲ့သည့် ကုလသမဂ္ဂဆိုင်ရာ ယူဂန္ဒာ– ရဝမ်ဒါလေ့လာရေးအဖွဲ့ (ယူနိုမား )တို့ကို တိုးချဲ့အားဖြည့်ပေါင်းစပ်ကာ တပ်ဖွဲ့သစ်တစ်ခုအဖြစ် ဖွဲ့စည်းသွားရန် ဖြစ်သည်။ ရဝမ်ဒါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကူညီရေးမစ်ရှင်အဖွဲ့၏ အင်အားကို ၂,၅၀၀အထိထားရှိရန် ရည်မှန်းထားခဲ့သည်။

ရဝမ်ဒါအစိုးရတပ်ဖွဲ့များနှင့် ရဝမ်ဒါမျိုးချစ်တပ်ဦးတို့အကြားချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေးစာချုပ်အရ ကြားဖြတ်အစိုးရအဖွဲ့နှင့် အမျိုးသားလွှတ်တော်တို့ကို ဖွဲ့စည်းထူထောင်ရန် သတ်မှတ်ထားခဲ့သည်။ ကြားဖြတ်ကာလအစိုးရအဖွဲ့ကို ၁၉၉၃ခုနှစ်၊ စက်တင်ဘာ ၁၀ရက်နေ့တွင် စတင်ရန်ဖြစ်သော်လည်း ရဝမ်ဒါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကူညီရေးမစ်ရှင်အဖွဲ့ ချထားရေး နှောင့်နှေးကြန့်ကြာမှုနှင့် နိုင်ငံရေးပါတီများအကြား အစိုးရအဖွဲ့နှင့် အမျိုးသားလွှတ်တော်သို့ ကိုယ်စားလှယ်များ ရွေးချယ်လျာထားမှု ကြန့်ကြာနေမှုများကြောင့် ယင်းကိစ္စကို ၁၉၉၃ခုနှစ်၊ ဒီဇင်ဘာလ နှောင်းပိုင်းအထိ ရွှေ့ဆိုင်းခဲ့သည်။

ဤသို့ကြားဖြတ်အစိုးရ ဖွဲ့စည်းတည်ထောင်ရေးမှာ လူနည်းစု တွတ်ဆီနှင့် လူများစုဟူတူ မျိုးနွယ်များအကြား ဖြစ်ပွားလျက်ရှိသည့် လူမျိုးရေးပဋိပက္ခကို အဆုံးသတ်စေးရန် အရေးပါသည့် လုပ်ရပ်အဖြစ် ရှုမြင်သုံးသပ်ကြသည်။ ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့စည်းထူထောင်ရေး နှောင့်နှေးကြန့်ကြာနေခြင်းက နိုင်ငံ၏ အနာဂတ်အရေးကို ခြိမ်းခြောက်လျက်ရှိသည်ဟု ဆိုရပေမည်ဖြစ်သည်။

ယင်းသို့ဖြစ်ပေါ်တိုးတက်လျက်ရှိစဉ် ၁၉၉၄ခုနှစ်၊ ဧပြီ ၆ရက်နေ့တွင် ရဝမ်ဒါသမ္မတ ဂျူဗီနယ်ဟာဗျာရီမာနာနှင့် ဘူရွန်ဒီနိုင်ငံ သမ္မတ ဆိုင်ပရီယန်နတ္တာယာမီရာတို့ နှစ်ဦးစီးနင်းလိုက်ပါလာသည့်လေယာဉ်ကီဂါလီ လေဆိပ်သို့ ဆင်းသက်စဉ် လေယာဉ်ပျက်ကျကာ သမ္မတနှစ်ဦးစလုံး သေဆုံးခဲ့ရသည်။ လေယာဉ်မှာ ဒုံးကျည်လက်နက်ဖြင့် ပစ်ခတ်ခြင်းခံရသည်ဟု သင်္ကာမကင်းဖြစ်ခဲ့သည်။ ဤဖြစ်ရပ်ကြောင့် ရဝမ်ဒါနိုင်ငံ၏ အခြေအနေမှာ မီးလောင်ရာ လေပင့်ဆိုသလိုဖြစ်ခဲ့ပြီး သမ္မတတပ်ဖွဲ့မှ တွတ်ဆီနှင့် ဟူတူမျိုးနွယ်စုပြိုင်ဘက်များအကြား သတ်ဖြတ်မှုများ အနှံ့အပြားကူးစက်ဖြစ်ပွားခဲ့တော့သည်။ ရဝမ်ဒါနှင့် ဘူရွန်ဒီနိုင်ငံသား ၅၀၀၀ခန့်တို့သည်လည်း မိမိတို့ နိုင်ငံမှ စွန့်ခွာကာ အိမ်နီးချင်း နိုင်ငံဖြစ်သည့် ဇိုင်ယာနိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။

ကီဂါလီမြို့တော်အား သိမ်းပိုက်ပြီးနောက် ရဝမ်ဒါမျိုးချစ်တပ်ဦး သူပုန်တပ်ဖွဲ့ဝင်အချို့ ပါလီမန်အဆောက်အအုံကိုစောင့်ကြပ်နေစဉ်



သမ္မတနှစ်ဦးစလုံးသေဆုံးပြီး နောက်ပိုင်းဖြစ်ပွားသော တိုက်ပွဲများတွင် ရဝမ်ဒါယာယီဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ တပ်ဖွဲ့မှ ဗဲလဂျီယံတပ်သား၁၁ဦးတို့ သတ်ဖြတ်ခံရသည်။ ထို့ပြင်ခရစ်ယာန်ဘုန်းကြီး၁၇ဦးတို့လည်း သတ်ဖြတ်ခံရကြောင်း ရေဒီယိုဖရန့်အင်တာနေရှင်နယ်က ကြေညာခဲ့သည်။ယင်းအခြေအနေတွင် တွတ်ဆီတို့ စိုးမိုးသည့် ရဝမ်ဒါမျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်) တပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ သို့ဖြစ်ရာ ကီဂါလီမြို့တော်၏ အခြေအနေမှာ သတ်ဖြတ်မှုများ၊ အကြမ်းဖက်ဆန္ဒပြမှုများဖြင့် ပြင်းထန်ဆိုးဝါးလာခဲ့သည်။

ဤအတောအတွင်း ပြင်သစ်လေယာဉ်သုံးစင်းသည် ရဝမ်ဒါနိုင်ငံ ကီဂါလီလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။ ရဝမ်ဒါပြည်တွင်းစစ်မှ အလွတ်ရုန်းထွက်ပြေးကြမည့် နိုင်ငံခြားသားများအား ကယ်ထုတ်ရန်အတွက် ဆိုက်ရောက်လာခြင်းဖြစ်သည်ဟု အများကတွက်ဆကြသည်။ ရဝမ်ဒါနိုင်ငံတွင် ပြင်သစ်နိုင်ငံသား ၆၀၀ခန့်ရှိရာ အများစုမှာ ကီဂါလီမြို့တော်၌ နေထိုင်ကြသည်။

ယင်းသို့ရှိနေခဲ့ရမှ စစ်မက်ဖက်ပြိုင်တိုက်ခိုက်လျက် ရှိကြသည့် အုပ်စုများသည် ကီဂါလီမြို့တွင်း၌ သွေးချောင်းစီးတိုက်ပွဲများနှစ်ရက်ကြာတိုက်ခိုက်ပြီးနောက် ကြားဖြတ်အစိုးရအဖွဲ့ကို ဧပြီ၉ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။ အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ပြီး သမ္မတသစ်၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကို ခန့်အပ်ဖွဲ့စည်းခဲ့ကြောင်းဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌကောလင်းဘီတင်က နယူးယောက်မြို့တွင် ပြောကြားခဲ့သည်။ နှစ်ရက်ကြာတိုက်ပွဲများတွင် လူ၁၀၀၀ခန့်သေဆုံးခဲ့ပြီးနောက် အခြေအနေမှာ တိုးတက်ကောင်းမွန်လာပြီး ကီဂါလီတွင် တိုက်ပွဲများ လျော့နည်းသွားသည်ဟု ဘီတင်ကပြောကြားသည်။တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ရဝမ်ဒါမှ ဒုက္ခသည် ၄၀၀၀ခန့်သည် အိမ်နီးချင်း တန်ဇန်းနီယားနိုင်ငံသို့ ထွက်ပြေးခိုလှုံလျက် ရှိနေကြသည်။

နိုင်ငံခြားသားများသည်လည်း ကီဂါလီမြို့မှနေ၍ ယာဉ်တန်းစုများဖြင့် ထွက်ခွာသွားကြသည်။ နိုင်ငံခြားသားများ ရဝမ်ဒါမှထွက်ခွာပြောင်းရွှေ့မှုကို အကူအညီပေးရန်အတွက် ဗဲလဂျီယံ၊ ပြင်သစ်နှင့်အမေရိကန်ကဒေသအတွင်းသို့ တပ်များစေလွှတ်ပေးခဲ့သည်။ ရဝမ်ဒါမြို့တော်ကီဂါလီ၌ တိုက်ပွဲများရပ်စဲနေသော်လည်း လမ်းမကြီးများပေါ်၌ လူသေအလောင်းများ ပြန့်ကျဲနေပြီးဒေသတွင်း၌နေထိုင်သူများသည် စိုးရိမ်ကြောက်လန့်နေကြသည်။

ဤသို့ဖြင့် ကီဂါလီ မြို့တော်အခြေအနေဆိုးဝါး ပြင်းထန်လာလျက်ရှိနေရာ ယခင်ရဝမ်ဒါအစိုးရ အဖွဲ့ဝင် ဝန်ကြီး များနှင့် မိသားစုများသည် အိမ်နီးချင်း ဘူရွန်ဒီနိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ ၄င်းတို့အား ဇိုင်ယာနိုင်ငံက နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည်။ ရဝမ်ဒါအစိုးရအား ဆန့်ကျင်ပုန်ကန်နေသည့် ရဝမ်ဒါမျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်) တပ်ဖွဲ့များအနေဖြင့် ကီဂါလီမြို့တော်ကို ပိုမိုတင်းကျပ်စွာ ချုပ်ကိုင်နိုင်ပြီဖြစ်ရာ မည်သည့်အုပ်စုနှင့်မျှ ဆွေးနွေးခြင်းမပြုဟုငြင်းဆိုနေခဲ့သည်။

ဤအခြေအနေတွင် ရဝမ်ဒါနိုင်ငံရှိ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်မှူးများသည် ရဝမ်ဒါ၌ ပျံ့နှံ့နေဝသော သွေးချောင်းစီးမှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မည်သို့မည်ပုံတုံ့ပြန်မည်ကို စောင့်ဆိုင်းနေစဉ် ရဝမ်ဒါရှိ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များကို ရာနှင့်ချီ၍ ထပ်မံရုပ်သိမ်းလျက်ရှိသည်။

အကြမ်းဖက်သတ်ဖြတ်မှုများမှာလည်း နေ့စဉ်နှင့်အမျှ တိုးတက်လျက်ရှိနေခဲ့သည်။ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သား ၂,၅၀၀အနက် အနည်းဆုံး သုံးပုံတစ်ပုံကို ဧပြီ ၁၉နှင့် ၂၀ရက်နေ့များတွင် ကီဂါလီမြို့မှ ရုပ်သိမ်းခဲ့သည်။ ကီဂါလီမြို့လမ်းများပေါ်တွင် လူသေအလောင်းများပျံ့နှံ့ပုပ်ပွလျက်ရှိသည်။ ကုလသမဂ္ဂ တပ်ဖွဲ့များလျော့ချရုပ်သိမ်းမှုကို ရဝမ်ဒါနိုင်ငံ ကူညီကယ်ဆယ်ရေးဆိုင်ရာ ပုဂ္ဂလိအသင်းအဖွဲ့များက ခါးခါးသီးသီးပြစ်တင်ဝေဖန်ကြသည်။ ဤလုပ်ရပ်ကြောင့် ရဝမ်ဒါနိုင်ငံ၏ အခြေအနေမှာ ပိုမိုဆိုးဝါးလာနိုင်သည်ဟု ဝေဖန်ထောက်ပြကြသည်။

ယင်းသို့ရှိစဉ် သူပုန်တပ်ဖွဲ့ဖြစ်သည့် ရဝမ်ဒါမျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်)က အပစ်အခတ်ရပ်စဲရေးကို ဧပြီ၂၃ရက်နေ့တွင် တစ်ဖက်သတ်ကြေညာခဲ့သည်ဟု တန်ဇန်းနီးယားအစိုးရပိုင်းမှ ပုဂ္ဂိုလ်တစ်ဦးနှင့် သတင်းများက ဖော်ပြပြောဆိုခဲ့သည်။ တန်ဇန်းနီးယားနိုင်ငံတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမစတင်မီ နာရီပိုင်းအလိုတွင် ရဝမ်ဒါမျိုးချစ်တပ်ဦးက ဧပြီ ၂၅ရက်နေ့ ညဉ့်သန်းခေါင်ယံတွင်စတင် အပစ်အခတ်ရပ်စဲမည်ဟု ကြေညာသည်။

သို့ဖြစ်လင့်ကစား ရဝမ်ဒါနိုင်ငံ၏ မခိုင်မြဲသောအပစ်အခတ်ရပ်စဲထားမှုသည် ကီဂါလီမြို့တော်၌ မော်တာများဖြင့် ဧပြီ၂၆ရက်နေ့တွင် အပြန်အလှန် သဲသဲမဲမဲ ပစ်ခတ်တိုက်ခိုက်ကြသဖြင့် ပျက်ပြားသွားခဲ့ရသည်။ လူအများကို အစုအပြုံလိုက်သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ရဝမ်ဒါနိုင်ငံတောင်ပိုင်း၌ အများဆုံးသတ်ဖြတ်မှုဖြစ်ပွားနေခဲ့သည်။ သို့ဖြစ်ရာ ရဝမ်ဒါနိုင်ငံတွင် အစုလိုက်အပြုံလိုက် လူမျိုးစုချင်းသတ်ဖြတ်ပွဲများ ကြောက်ခမန်းလိလိဆင်နွှဲနေသဖြင့် ဒုက္ခသည် ထောင်ပေါင်းများစွာသည်

တန်ဇန်းနီးယားနိုင်ငံထဲသို့ အလုံးအရင်းဖြင့် ဝင်ရောက်လျက်ရှိနေခဲ့သည်။ ကုလသမဂ္ဂအရာရှိများက မိမိတို့မြင်တွေ့သမျှထဲတွင် ယခုကဲ့သို့ ဒုက္ခသည်များ ဝင်လာခြင်းသည် အကြီးမားဆုံး၊ အမြန်ဆန်ဆုံးဖြစ်သည်ဟု ပြောကြားကြသည်။

ထိုအတောအတွင်း ကုလသမဂ္ဂတွင် အတွင်းရေးမှူးချုပ်ဘူထရို့စ်ဂါလီက ရဝမ်ဒါနိုင်ငံ၏ အခြေအနေသည် လူမှုရေးဘေးဒုက္ခဆိုးကြီးတစ်ရပ်ဖြစ်နေကြောင်းပြောဆိုကာ နောက်ထပ်အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုများ မဖြစ်ပေါ်စေရေးအတွက်အင်အားသုံးကာကွယ်ရန် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များအား လုပ်ပိုင်ခွင့်ပေးရန် လုံခြုံရေးကောင်စီကို တောင်းဆိုလိုက်သည်။ ဘူထရို့စ်ဂါလီ၏ ယခုကဲ့သို့ ပြောကြားချက်ကို ရဝမ်ဒါနိုင်ငံကြားဖြတ်အစိုးရအဖွဲ့က အပြည့်အဝထောက်ခံခဲ့သည်။ သူပုန်တပ်ဖွဲ့ဖြစ်သည့် ရဝမ်ဒါမျိုးချစ်တပ်ဦးကမူ ကြားဖြတ်အစိုးရအဖွဲ့ကို တရားမဝင်ဟုသဘောထားရာ ကုလသမဂ္ဂတပ်ဖွဲ့များက အင်အားသုံး၍ ကြားဝင်ဆောက်ရွက်ရန် အစီအစဉ်ကို ကန့်ကွက်ခဲ့သည်။

တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်း အရုရှား၌ ကျင်းပသည့် နှစ်ရက်ကြာငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မအောင်မမြင်ပြီးဆုံးခဲ့ပြီးနောက် ကီဂါလီမြို့တော်၌အစိုးရတပ်များနှင့်သူပုန် တပ်များ မေလ ၆ ရက်နေ့တွင် အပြန်အလှန်သဲကြီးမဲကြီး ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ သူပုန်တပ်ဖွဲ့များ ကီဂါလီ မြို့တော်သို့ ရှေ့တိုးချီတက်တိုက်ခိုက်လျက်ရှိရာ ထွက်ပြေးသူများ ပိုမိုများလာသည်။ ရဝမ်ဒါသူပုန်တပ်ဖွဲ့များက ကီဂါလီမြို့တော် နိုင်ငံတကာလေဆိပ် အရှေ့ဘက်ရှိ အရေးပါသည့် စစ်တန်းလျားတစ်ခုကို မေလ ၁၀ရက်နေ့တွင် လက်နက်ကြီးများဖြင့် တိုက်ခိုက်ခဲ့သည်။ အစိုးရတပ်ဖွဲ့များကလည်း စစ်တန်းလျားများရှိသည့် ယင်းစခန်းမကျစေရေးအတွက် အပြင်းအထန် ခုခံကာကွယ်ခဲ့သည်။ ယင်းစခန်းကျဆုံးသွားပါက ကီဂါလီနိုင်ငံတကာလေဆိပ်ကို သူပုန်တို့ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။

ရဝမ်ဒါနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်လျက်ရှိသော အခြေအနေအပေါ်မူတည်၍ ကုလသမဂ္ဂလုံခြုံရေး ကောင်စီသည် ရဝမ်ဒါသို့ စစ်သား ၅,၅၀၀စေလွှတ်ရေးနှင့် ပတ်သက်၍ သဘောတူချက်ကို မေလ ၁၃ရက်နေ့တွင်ရရှိခဲ့သည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် အင်အား ၅,၅၀၀ရှိသော ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်များ စေလွှတ်ရေးနှင့် ကီဂါလီမြို့တော်သို့ ဂါနာစစ်သား ၅၀ချက်ချင်းပို့ရေးကိုကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်ပြုလိုက်သည်။ အဆိုပါကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်၏ အဓိက ရည်ရွယ်ချက်မှာ လုံခြုံရေးဒေသများထူထောင်ခြင်းဖြင့် အရပ်သားများနှင့် ကယ်ဆယ်ရေး အလုပ်သမားများအား အကာအကွယ်ပေးရန်ဖြစ်သည်။

ကုလသမဂ္ဂတပ်ဖွဲ့များက ယင်းသို့ကြားဝင်ဆောင်ရွက်လာမည်ဆိုပါက ရန်သူလိုသဘောထားတိုက်ခိုက်ရလိမ့်မည်ဟု ရဝမ်ဒါသူပုန်တို့ကပြောဆိုခဲ့သည်။ တစ်ဖက်တွင် ကုလသမဂ္ဂသည် ငြိမ်းချမ်းမှု ထိမ်းသိမ်းရေးတပ်ဖွဲ့ဝင် ၅,၅၀၀ကို ရဝမ်ဒါသို့စေလွှတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်၍ ကီဂါလီ လေဆိပ်လုံခြုံရေးမှာ တပ်သားများစေလွှတ်

နိုင်ယာနိုင်ငံ နယ်စပ်ဒေသသို့ ထွက်ပြေးခဲ့ကြသည့် ရဝမ်ဒါ ဒုက္ခသည်များက ပြင်သစ်တပ်ဖွဲ့ဝင် တစ်ဦးထံမှ စားနပ်ရိက္ခာများ တောင်းခံနေကြစဉ်



ရေးအတွက်အလွန်အရေးပါလျက်ရှိသည်ဖြစ်ရာလေဆိပ်အား ကုလသမဂ္ဂ၏ ထိန်းချုပ်မှုအောက်တွင်ထားရှိရေး အတွက် အစိုးရတပ်များနှင့် သူပုန်တပ်များ၏ ကိုယ်စားလှယ်များသည် ကုလသမဂ္ဂ တာဝန်ရှိသူများနှင့် ဆွေးနွေးကြသည်။ သို့ရာတွင် သဘောတူညီချက် မရရှိခဲ့ချေ။

ဤသို့ဖြင့် ကုန်းတွင်းရဝမ်ဒါနိုင်ငံအတွက် အရေးပါသော လေဆိပ်သိမ်းပိုက်ရေးတိုက်ပွဲတွင်အသာစီး ရလျက်ရှိသည့် သူပုန်တပ်ဖွဲ့များက လေဆိပ်နှင့်လေဆိပ်အနီးရှိ ကာနွမ်ဘီစစ်တန်းလျားများကို မေလ ၂၂ရက်နေ့တွင် သိမ်းပိုက်ခဲ့သည်။ သို့ဖြစ်ရာ သူပုန်များအတွက် ကီဂါလီမြို့တော်ကို သိမ်းပိုက်ရန်အခြေအနေကောင်းသွားခဲ့သည်။ သူပုန်တပ်များက မြို့တော်ကီဂါလီကို ဝိုင်းထားပြီး မြို့တော်အနောက်တောင်ဘက်၂၅မိုင်ကွာဝေးသည့် အစိုးရဘက်မှ အကြွင်းအကျန်ပုဂ္ဂိုလ်များရုံးစိုက်ရာ ဂီတာရာမားမြို့သို့လည်း အချို့တပ်များဦးတည်ချီတက်ခဲ့သည်။ တွတ်ဆီတို့ ကြီးစိုးသည့် ရဝမ်ဒါမျိုးချစ်တပ်ဦးတို့၏ လက်တုံ့ပြန်သတ်ဖြတ်မည့်အရေးကို စိုးရိမ်နေကြသည့် ထောင်ပေါင်းများစွာသော ဒုက္ခသည်များ မြို့တော်မှ ထွက်ပြေးလျက်ရှိကြသည်။ ဟူတူလူမျိုးစု နှစ်သိန်းခွဲခန့်တို့သည် တန်ဇန်းနီးယားနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြပြီး ထောင်ပေါင်းများစွာသော ကျန်ဟူတူလူမျိုးစုတို့မှာ တန်ဇန်းနီးယားနှင့် ဘူရွန်ဒီနိုင်ငံများသို့ဝင်ရောက်တိမ်းရှောင်သွားကြသည်။

ဤအခြေအနေတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ၎င်း၏ အရေးပေါ်အစည်းအဝေးကို မေလ ၂၄ရက်နေ့တွင် ဂျီနီဗာ၌ စတင်ကျင်းပခဲ့ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး အယာလာလက်စ်ဇိုက ရဝမ်ဒါနိုင်ငံတွင် အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုမှာ လူ့သမိုင်းတွင်အမှောင်ဆုံး စာမျက်နှာများဖြစ်ကြောင်း ပြောကြားလိုက်ပြီး အဆိုပါအစုလိုက် အပြုံလိုက်သတ်ဖြတ်မှုကို နိုင်ငံတကာစုံစမ်းစစ်ဆေးမှုပြုလိုက်ရန် တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် အရေးပေါ်အစည်းအဝေးက ဒုတိယကမ္ဘာစစ်တွင် နာဇီဂျာမနီတို့ အရေးနိမ့်ပြီးနောက် နာဇီခေါင်းဆောင်များအား တရားစွဲဆိုအပြစ်ပေးခဲ့သောနုရင်ဘတ်စစ်ခုံရုံးကဲ့သို့သော နိုင်ငံတကာခုံရုံးဖွင့်လှစ်စစ်ဆေးရေးတောင်းဆိုချက်ကို စွန့်လွှတ်ပြီး တာဝန်ရှိသူများအား ရဝမ်ဒါနိုင်ငံ၏ တရားစနစ်ဘောင်အတွင်း စစ်ဆေးအပြစ်ပေးရန် ဆုံးဖြတ်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ရဝမ်ဒါနိုင်ငံတွင် မျိုးနွယ်စုချင်း အစုအပြုံလိုက်သတ်ဖြတ်မှုများကို စုံစမ်းစစ်ဆေးရန် တာဝန်ပေးခြင်းခံရသူ အိုင်ဗရီကိုစ်နိုင်ငံမှ ဥပဒေပါမောက္ခ ရေနီဒက်ဂနီဆီဂူအီက လူသတ်မှုတွင် ပါဝင်ခဲ့သူများအား တရားစွဲဆိုအပြစ်ပေးမည့် နိုင်ငံတကာခုံရုံး ဖွဲ့စည်းရေးကို ထောက်ခံကြောင်းပြောကြားသည်။ ဆီဂူအီမှာ အိုင်ဗရီကိုစ်တက္ကသိုလ်ဥပဒေပညာ မဟာဌာနမှူးဖြစ်ပြီး ရဝမ်ဒါနိုင်ငံတွင် ဧပြီလ၆ရက်နေ့မှ အစပြု၍ ခန့်မှန်းခြေ ၅,၀၀,၀၀၀ခန့် အထိ သေဆုံးခဲ့မှုကို စုံစမ်းစစ်ဆေးမည့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းရေးအဖွဲ့ကို ဦးဆောင်ရန် ခန့်အပ်ခံရသူဖြစ်သည်။

ထိုအတွင်း ရဝမ်ဒါနိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားရန် လျာထားခြင်းခံခဲ့ရသူဟုဆိုသည့် ဖော်စတင်တွာဂီရာမွန်ဂူက ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် နိုင်ငံတကာခုံရုံး ဖွဲ့စည်းရန် ပျက်ကွက်ခြင်းသည် ရဝမ်ဒါတွင် အစုအပြုံလိုက်လူသတ်ပွဲများ ဆက်လက်ရှိနေရန်အတွက် အားပေးရာ ရောက်သွားနိုင်သည်ဟု ဝေဖန်ပြောဆိုခဲ့သည်။

ကီဂါလီမြို့အတွင်း တိုက်ပွဲများမှာလည်း ဆက်လက်ဖြစ်ပွားခဲ့ပြီး ဒုက္ခသည်များအား ဘေးလွတ်ရာသို့ သယ်ယူပြောင်းရွှေ့ပေးမှုများကို နှောင့်နှေးစေခဲ့သည်။ အရေးပေါ်စားနပ်ရိက္ခာများမှာလည်း အပူတပြင်းလိုအပ်လျက်ရှိနေခဲ့သည်။ ယင်းအချိန်တွင် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲ ပြန်လည်စတင်ခဲ့သော်လည်း သူပုန်တပ်ဖွဲ့များက ဂီတာရာမားအနီးရှိ စစ်တန်းလျားကို သိမ်းပိုက်ရန် ကြိုးပမ်းခဲ့သည်။ ရှေ့တိုးချီတက်လာသည့် သူပုန်တပ်များ ဂီတာရာမားနှင့် တပြည်းပြည်းနီးကပ်လာခဲ့သည်။ အစိုးရတပ်ဖွဲ့များကလည်း အပြင်းအထန်ခုခံတွန်းလှန်ခဲ့သည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲမှာပင် သူပုန်တပ်ဖွဲ့ဝင်များက ကီဂါလီမြို့တော်ကို ဝိုင်းပတ်မိသွားသည်။ မြို့တော်အတွင်း ပိတ်မိနေသောအစိုးရတပ်ဖွဲ့များ၏ အခြေအနေမှာ ဆိုးဝါးလျက်ရှိသည်။ မြို့တော်အတွင်း ဝိုင်းပိတ်မိနေပြီး ဂီတာရာမား အစိုးရ အမာခံစခန်းအား ဖြတ်တောက်ခြင်းခံနေရသည့်အစိုးရတပ်ဖွဲ့များက ဇွန်လ ၆ ရက်နေ့တွင် သူပုန်တပ်ဖွဲ့များအား မောင်းထုတ်ရန် တန်ပြန်ထိုးစစ်ဆင်ခဲ့သည်။

ဤအတောအတွင်း ရဝမ်ဒါစစ်တပ်နှင့် သူပုန်တပ်ဖွဲ့တပ်မှူးများအကြားတတိယအကြိမ် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲကို ကီဂါလီမြို့တော်တွင် ပြုလုပ်ခဲ့သည်။ ဇွန်လ ၁၃ရက်နေ့တွင်သူပုန်တပ်ဖွဲ့များက မဟာဗျူဟာအရ အရေးပါသည့် ဂီတာရာမားမြို့ကို ထိန်းချုပ်သိမ်းပိုက်လိုက်နိုင်ပြီဖြစ်ကြောင်းနှင့် အနီးအနားဝန်းကျင်ဒေသများမှ

ရဝမ်ဒါ အစိုးရ တပ်ဖွဲ့များနောက်သို့ လိုက်လံတိုက်ခိုက်လျက်ရှိကြောင်း ကြေညာခဲ့သည်။ အာဖရိကခေါင်းဆောင်များကလည်း ရဝမ်ဒါမြေတွင် သွေးမြေကျလျက်ရှိသည့် လူမျိုးစု ပဋိပက္ခ ဖြေရှင်းရေးအတွက် ကြိုးပမ်းလျက်ရှိပြီး အပစ်အခတ် ရပ်စဲရေးအတွက် ဖိအားပေးလုပ်ဆောင်လျက်ရှိနေခဲ့သည်။

ဤသို့ဖြင့် အာဖရိက ညီညွတ်ရေးအဖွဲ့ကြီး (အိုအေယူ) ထိပ်သီးအစည်းအဝေး၌ အာဖရိကနိုင်ငံများ၏ ခေါင်းဆောင်များ ဖိအားပေးချက်အရ အပစ်အခတ်ရပ်စဲရန် ဇွန်လ၁၄ရက်နေ့တွင် သဘောတူလိုက်ကြသည်ဟု သူပုန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ပြောကြားခဲ့သည်။

အခြားတစ်ဖက်တွင် ပြင်သစ်သမ္မတ မီးထရောင်းက အစုအပြုလိုက် လူသတ်ပွဲများ အလျင်အမြန်ရပ်ဆိုင်းသွားရေးအတွက် အခြားအနောက်နိုင်ငံများ၏ ပူးပေါင်းကူညီမှုမရသည့်တိုင်ပြင်သစ်နိုင်ငံက ရဝမ်ဒါတွင် ကြားဝင်ဆောင်ရွက်ရေးတပ်ကို စေလွှတ်မည်ဟု ပြောကြားခဲ့သည်။ ကုလသမဂ္ဂက စေလွှတ်ရန် စီစဉ်နေသည့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ရောက်သည်ကို စောင့်ဆိုင်းမနေဘဲ မိမိတို့တပ်များကို စေလွှတ်မည်ဟု မီးထရောင်းက ပြောကြားသည်။ အာဖရိကနိုင်ငံခေါင်းဆောင်များက ပြင်သစ်အဆိုကို လက်ခံသော်လည်း ရဝမ်ဒါရှိ တွတ်ဆီသူပုန်များက ရှုတ်ချထားသည်။ ပြင်သစ်သည်ဟူတူလူမျိုးတို့ ကြီးစိုးထားသည့် အစိုးရအား အတိတ်ကာလက စစ်ရေးအရ အကူအညီပေးခဲ့သည့်အတွက် ပြင်သစ်ကိုဘက်မလိုက်ဟု သဘောမထားနိုင်ဟု တွတ်ဆီမျိုးချစ်တပ်ဦးကပြောသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီကမူ ရဝမ်ဒါတွင် စစ်ရေးအရ ကြားဝင်ဆောင်ရွက်ရန်ပြင်သစ်နိုင်ငံ၏ အဆိုပြုချက်ကို ထောက်ခံခဲ့သည်။

ရဝမ်ဒါသူပုန်များက ဆန့်ကျင်မည်ဖြစ်ကြောင်း သတိပေးနေသည့်ကြားမှပင် ရဝမ်ဒါ၌ ပြင်သစ်နိုင်ငံက စစ်ရေးဝင်ရောက်ကူညီရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ထောက်ခံမဲ ၁၀မဲ ကန့်ကွက်မဲမရှိဖြင့် ဇွန်လ၂၂ရက်နေ့တွင် မဲခွဲအတည်ပြုလိုက်သည်။ ဤသို့ဖြင့် ပြင်သစ်တပ်ဖွဲ့များသည်ရဝမ်ဒါတွင်စစ်ရေးအရကြားဝင်ဆောင်ရွက်သည့်အနေဖြင့် ဇိုင်ယာနိုင်ငံ နယ်စပ်မှဖြတ်ကာ ရဝမ်ဒါနိုင်ငံတွင်းသို့ ဇွန်လ၂၃ရက်နေ့တွင် စတင်ဝင်ရောက်ခဲ့သည်။ ပြင်သစ်တပ်ဖွဲ့များက ရဝမ်ဒါနိုင်ငံအနောက်ပိုင်းတွင် အန္တရာယ်ကျရောက်လုဆဲဆဲဖြစ်နေသည့် တွတ်ဆီလူမျိုးစု အရပ်သားဒုက္ခသည်များအား အကာအကွယ်စတင်ပေးခဲ့သည်။ ရဝမ်ဒါသူပုန်တပ်များကလည်း မြို့တော်ကီဂါလီကို သဲကြီးမဲကြီး ဆက်လက်တိုက်ခိုက်ခဲ့သည်။

ယင်းသို့ရှိနေစဉ် ကီဂါလီမြို့တော်ကို ဝိုင်းပတ်ထားသည့် ရဝမ်ဒါမျိုးချစ်တပ်ဦး သူပုန်များက မြို့လယ်ခေါင်သို့ ရှေ့တိုးချီတက်ခဲ့ပြီး အစိုးရ၏ စစ်ဌာနချုပ်ဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာနကို ဇူလိုင် ၄ ရက်နေ့တွင် သိမ်းပိုက်ခဲ့သည်ဟု ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာ လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။ အပေါ်စီးရကာ အစိုးရအဖွဲ့သစ် ကြေညာလုနီးနီးဖြစ်နေသည့် ရဝမ်ဒါမျိုးချစ်တပ်ဦး သူပုန်တပ်ဖွဲ့က ပြင်သစ်တပ်ဖွဲ့များ ရဝမ်ဒါနိုင်ငံမှ ထွက်ခွာသွားရေးကို လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။ ဤအခြေအနေတွင် ဗိုလ်ချုပ်ကြီးနှစ်ဦး အပါအဝင် ဟူတူကြီးစိုးသည့် ရဝမ်ဒါအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်ရှစ်ဦးက ပြည်တွင်းစစ် ပြီးဆုံးစေရေးအတွက် တွတ်ဆီသူပုန်များနှင့် ဆွေးနွေးညှိနှိုင်းရန် နည်းလမ်းရှာဖွေလျက်ရှိနေခဲ့ကြသည်။ ရဝမ်ဒါမျိုးချစ်တပ်ဦး သူပုန်တပ်ဖွဲ့များက ကြားဖြတ်အစိုးရ ဖွဲ့စည်းပြီးနောက်မှသာ ကန့်သတ်ချက်ဖြင့် အပစ်အခတ်ရပ်စဲရေး ကြေညာရန်သတ်မှတ်ခဲ့သည်။ ကြားဖြတ်အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် တွတ်ဆီသူပုန်များက ရွေးချယ်လျာထားခြင်းခံရသည့် ဖော်စတင်တွာဂိရာမွန်ဂူသည်လည်း ကီဂါလီမြို့တော်သို့ ဇူလိုင်၁၄ရက်နေ့တွင် ရောက်ရှိလာပြီး ရဝမ်ဒါနိုင်ငံ၏ ဘေးဒုက္ခဆိုးကြီးကို အဆုံးသတ်ရန် တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း ရဝမ်ဒါနိုင်ငံတွင် အပစ်အခတ်အလျင်အမြန်ရပ်စဲရန် ပန်ကြားပြီး ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ကြရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ တိုက်တွန်းခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ရဝမ်ဒါမျိုးချစ်တပ်ဦးသည် ဇူလိုင် ၁၉ရက်နေ့တွင် တင်မြှောက်မည့် သမ္မတအဖြစ် ဟူတူလူမျိုးစု တစ်ဦးဖြစ်သူ ပတ်စ်တူဘိဇိမွန်ဂူအား ရွေးချယ်တင်မြှောက်လိုက်သည်။ ထို့ပြင်ဖော်စတင်တွာဂိရာ မွန်ဂူသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ ဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်ကြောင်း ရဝမ်ဒါရေဒီယိုက အတည်ပြုဖော်ပြသည်။ ဟူတူမျိုးနွယ်စုဝင်နှစ်ဦးအား ထိပ်တန်းရာထူးနှစ်နေရာပေးခြင်းဖြင့် တွတ်ဆီလူမျိုးစုတို့ ဩဇာလွှမ်းမိုးသည့် ရဝမ်ဒါမျိုးချစ်တပ်ဦး အစိုးရအဖွဲ့လက်အောက်တွင် ဟူတူမျိုးနွယ်စုများအနေဖြင့် စိုးရိမ်ကြောင့်လန့်စရာမလိုကြောင်း အာမခံရန် ကြိုးပမ်းခဲ့ပုံရသည်ဟုဆိုသည်။

ရဝမ်ဒါတွတ်ဆီသူပုန်များသည် ရဝမ်ဒါအစိုးရသစ်ကို ဇူလိုင်၁၉ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။ ပါတီစုံပါဝင်သော အစိုးရအဖွဲ့ ဖွဲ့စည်းပါမည်ဟု ကတိပြုထားသောသူပုန်အရာရှိများသည် အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်ရာထူးနှစ်နေရာရရှိသည့်အပြင် အစိုးရအဖွဲ့ဝင်ဝန်ကြီး ရာထူး

နေရာ ၂၀အနက် ငါးနေရာကိုလည်း ရယူခဲ့ကြသည်။ ထို့ပြင် ရဝမ်ဒါမျိုးချစ်တပ်ဦး သူပုန်များက ရဝမ်ဒါပြည်တွင်း စစ်တွင် ၄င်းတို့ အနိုင်ရရှိကြောင်းကြေညာပြီး အပစ်အခတ် ရပ်စဲရန် ဆော်သြခဲ့သည်။ ပြည်ပသို့ထွက်ပြေးနေကြသော ဒုက္ခသည်များအားလည်း ဌာနေသို့ပြန်လာကြရန် ပန်ကြားခဲ့သည်။ သို့ရာတွင် ထောင်ပေါင်းများစွာသော ဟူတူလူမျိုး ဒုက္ခသည်များမှာ ရဝမ်ဒါအနောက်တောင်ပိုင်းရှိ ပြင်သစ်တို့၏ ဘေးကင်းလုံခြုံရေးစခန်းမှ တစ်ဆင့်ဇိုင်ယာနိုင်ငံဘက်သို့ ထွက်ပြေးလျက်ရှိသည်။

ဤအတောအတွင်းသူပုန်တပ်ဖွဲ့များကတင်မြှောက်ခဲ့သည့် သမ္မတပတ်စ်တူဘီဇီမွန်ဂူက ၄င်း၏ကြားဖြတ်အစိုးရအဖွဲ့သစ်အနေဖြင့် ရွေးကောက်ပွဲများ မကျင်းပမီ ရဝမ်ဒါနိုင်ငံအား ငါးနှစ်နီးပါးကြာအုပ်ချုပ်သွားမည်ဟု ဇူလိုင် ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့ပြင်ရဝမ်ဒါသမ္မတပတ်စ်တူဘီဇီမွန်ဂူသည် ဇိုင်ယာနိုင်ငံတွင် ခိုလှုံနေသည့် ရဝမ်ဒါဒုက္ခသည်များ ဌာနေသို့ ပြန်လာနိုင်စေရေးအတွက် ဇိုင်ယာသမ္မတနှင့် ဆွေးနွေးရန် မော်ရစ်ရှပ် နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဖြစ်ပေါ်တိုးတက်လာသော အခြေအနေများနှင့်အတူ ပြင်သစ်တပ်ဖွဲ့များသည် ရဝမ်ဒါနိုင်ငံမှ ဇူလိုင် ၂၉ရက်နေ့တွင်စတင်ရုပ်သိမ်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကမူ ပြင်သစ်တပ်ဖွဲ့များ ဆက်လက်ထားရှိရန် တိုက်တွန်းခဲ့သည်။

ပြင်သစ်တပ်ဖွဲ့များ ရဝမ်ဒါနိုင်ငံမှ ရုပ်သိမ်းမှုမှာ ဩဂုတ် ၂၁ရက်နေ့တွင်ပြီးဆုံးခဲ့ပြီး ဒုက္ခသည်များ ခိုလှုံလျက်ရှိသည့် ဘေးကင်းရာဒေသကို ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်။

ရဝမ်ဒါအစိုးရ အဖွဲ့သစ်ကလည်းအခြေအနေများ တည်ငြိမ်မှုရရှိလာစေရန် ကြိုးပမ်းခဲ့သည်။ အဝေးရောက်ယခင်ရဝမ်ဒါအစိုးရအဖွဲ့မှ ခေါင်းဆောင်များကလည်း ရဝမ်ဒါမျိုးချစ်တပ်ဦး သူပုန်များဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့သစ်တွင် ၄င်းတို့အား အာဏာခွဲဝေပေးရန်တောင်းဆိုခဲ့သည်။ မလိုက်လျောပါက ဟူတူဒုက္ခသည်များ နေရပ်သို့ ပြန်မလာအောင် လုပ်ဆောင်မည်ဟု ပြောကြားခဲ့သည်။ ရဝမ်ဒါနိုင်ငံတွင်းရှိ ဟူတူအစွန်းရောက်ဝါဒီများကလည်း တွတ်ဆီသူပုန်များ ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့သစ်ကို ထောက်ခံသူများအား သတ်ပစ်မည်ဟု လက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေကာခြိမ်းခြောက်ခဲ့သည်။ သို့ဖြစ်ရာ ရဝမ်ဒါနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေမှာ တည်ငြိမ်မှုမရှိဘဲ ရှုပ်ထွေးလျက်ပင်ရှိနေဆဲဖြစ်သည်။



စာရေးဆရာ
ရန်အောင်မောင်မောင်

## ရန်အောင်မောင်မောင် (ခရစ် ၁၉၂၉ – ၁၉၉၄)

။ ။ စာရေးဆရာ ရန်အောင်မောင်မောင်ကို ရမည်းသင်းခရိုင် ရန်အောင်မြို့တွင် မြေစာရင်းအင်စပက်တော် ဦးမင်းကို ဒေါ်သိန်းတို့က ၁၉၂၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် နေ့၌ဖွားမြင်သည်။ အမည်ရင်း ဦးမောင်မောင် ဖြစ်သည်။

ဇာတိဖြစ်သော ရန်အောင်မြို့ကို အစွဲပြု၍ 'ရန်အောင်မောင်မောင်' ဟူသော ကလောင်အမည်ကို ခံယူခဲ့သည်။ 'လက်မရွံ့ မောင်မောင်'၊ 'ရန်အောင် မိမိလေး' ဟူသော ကလောင်အမည်ခွဲများဖြင့်လည်း စာများရေးသားခဲ့သည်။ ယုဝတီဂျာနယ်တွင်လည်း စာများရေးသားရာ ယုဝတီကလောင်ရှင်အမည်ရခဲ့သည်။

ရန်အောင်မောင်မောင်သည် ၁၉၄၈ ခုနှစ်တွင် မန္တလေးမြို့၊ အမှတ် (၁) အစိုးရအထက်တန်းကျောင်းမှ (၁၀) တန်းအောင်၍ ရန်ကုန်တက္ကသိုလ်တွင် ဥပစာ (က) ပိုင်းထိ သင်ကြားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်၌ မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာနတွင် ထောင်မှူးအဖြစ် စတင်အမှုထမ်းခဲ့သည်။

၁၉၅၆ ခုနှစ်၌ မြဝတီမဂ္ဂဇင်းတွင် "မြစ်တွင်းထောင်ထမှုကြီး" ဝတ္ထုတိုဖြင့် စတင်အောင်မြင်ခဲ့သည်။ ရန်အောင်မောင်မောင် ရေးသားခဲ့သော "ကြမ္မာရဟတ်တစ်ပတ်လည်" လုံးချင်း ဝတ္ထုကို ဒါရိုက်တာ ဦးသုခက "သိကြားစေသက်သေညွှန်း" အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့သည်။

၁၉၆၆ ခုနှစ်တွင် "ကြိုးစင်ပေါ်မှ မှတ်စုများ" စာအုပ်ဖြင့် ဝတ္ထုတိုပေါင်းချုပ်တတိယ (အမျိုးသားစာပေဆု) ရရှိခဲ့သည်။ ရန်အောင်မောင်မောင်သည် ကွယ်လွန်ချိန်အထိ လုံးချင်းဝတ္ထု ၂၀ ကျော်နှင့် ဝတ္ထုတိုအပုဒ်ပေါင်း ၃၀၀ ကျော်ရေးသားခဲ့သည်။

ရန်အောင်မောင်မောင်သည် အကျဉ်းဦးစီးဌာနတွင် ထောင်ပိုင်အဆင့် (၂) အဖြစ်တာဝန်ထမ်းဆောင်ရာမှ အငြိမ်းစားယူခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အေးမြင့်အောင်နှင့် သားသမီး ကိုးယောက် ကျန်ရစ်ခဲ့သည်။



စာရေးဆရာ လင်းယုန်နီ

**လင်းယုန်နီ (၁၉၂၆ – ၁၉၉၄)။** ။စာရေးဆရာ လင်းယုန်နီ၊ အမည်ရင်း ဦးညီညီ ကို အဘ သမဝါယမ အသင်း မြို့အုပ် ဦးငွေခင်၊ အမိ ဒေါ်သန်းတို့မှ ၁၉၂၆ ခု၊ ဧပြီလ ၁၃ ရက်၊ အင်္ဂါနေ့တွင် ပဲခူးမြို့၊ လိပ်ပြာကန် ရပ်ကွက်တွင် မွေးဖွားခဲ့သည်။ မွေးချင်းကိုးယောက် ရှိသည့်အနက် တတိယမြောက်ဖြစ်သည်။

ဖခင်မှာ အစိုးရ အရာရှိ တစ်ဦးဖြစ်သည့် အားလျော်စွာ မြန်မာပြည်အရပ်ရပ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၃၂ ခုနှစ်တွင် မိသားစု ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ရာ ခြောက်နှစ်သားအရွယ်တွင် ပုဇွန်တောင် မက်သဒစ် မိန်းကလေးကျောင်းတွင် သူငယ်တန်းမှ စတင်ပညာသင်ကြားခဲ့သည်။ ပဋ္ဌမတန်းမှစ၍ ယောက်ျားလေး မက်သဒစ် ကျောင်းသို့ ပြောင်းရွှေ့ခဲ့ပြီး (၁၀) တန်းအထိ ပညာသင်ကြားခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း အာရှလူငယ် အစည်းအရုံးသို့ ဝင်၍ ဆိုက်ကားနင်းရင်း နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက်စုပေါင်းသမဝါယမကျောင်း၏ ကြီးကြပ်သူအဖြစ် လုပ်ကိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ဗမာ့ကာကွယ်ရေး တပ်မတော်သို့ ဝင်ရောက်၍ တပ်သားကျော်အဖြစ် လည်းကောင်း၊ ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးတွင် လည်းကောင်း ပါဝင်ခဲ့သည်။ ထို့အတွက် လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်အဖြစ် ချီးမြှင့်ခံရသည်။

စစ်ပြီးခေတ်တွင် တပ်မတော်သားဘဝမှ နုတ်ထွက်ကာ ကျောင်းပြန်တက်၍ ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ကာ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ ဥပစာဝိဇ္ဇာ (က) တွင် ပညာသင်ကြားယင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂတွင် ဝင်ရောက်၍ အမှုဆောင်တစ်ဦးဖြစ်လာခဲ့ပြီး ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ဒို့ဗမာအစည်းအရုံးလည်း ရှိနေသေး၍ အစည်းအရုံးဝင်အဖြစ်တာဝန်ယူခဲ့ပြန်သည်။ ထိုမှ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဖြစ်လာခဲ့ပြီး ၁၉၄၆ ခုနှစ်နှင့် ၁၉၄၈ ခုနှစ် ကျောင်းသားနှင့် အမှုထမ်းအထွေထွေ သပိတ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

တစ်ဖက်မှလည်း စာပေရေးသားချင်သော ဗီဇကြောင့် နိုင်ငံရေးပြဿနာများမှအစ ကျောင်းသားရေးရာများ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်အဖြစ် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ရသော အတွေ့အကြုံမြင်ကွင်းများကို ဆောင်းပါးများစတင်ရေးသားခဲ့သည်။ ကလောင်အမည်များမှာ အမည်ရင်း ညီညီ၊ လင်းယုန်နီနှင့် တက္ကသိုလ်စောလွင် တို့ဖြစ်သည်။ ၁၉၄၆ ခုနှစ်မှာပင် တက္ကသိုလ်လောက နောက်ခံ ခေတ်သစ်ကောလိပ်ကျောင်းသားဝတ္ထုကို ရေးသားခဲ့သည်။ တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းတွင် အမည်ရင်း ညီညီဖြင့် ရေးသားဖော်ပြခဲ့သည်။ ထိုဝတ္ထုကိုပင် မြဝတီမဂ္ဂဇင်း၌ ဖော်ပြခဲ့သည်။ ထို့နောက်ခေတ်သစ် ကောလိပ်ကျောင်းသူဝတ္ထုကို ရေးသားရာ ကလောင် အမည်ကို လင်းယုန်နီဟု ပေးခဲ့သည်။ မဂ္ဂဇင်းများတွင် ဝတ္ထုများဆက်လက်ရေးသားခဲ့သည်။

၁၉၄၈ ခုနှစ်တွင်၊ လင်းယုန်နီ ကလောင်အမည်ဖြင့် "ချစ်မမ" ဟူသော အချစ်ဇာတ်လမ်း လုံးချင်းဝတ္ထုတစ်ပုဒ်ကို ရေးသားခဲ့ရာ စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ကျောင်းသားလှုပ်ရှားမှုကြောင့် ပုဒ်မ ၅ ဖြင့် အဖမ်းခံရကာ ထောင်တစ်နှစ်ကျခဲ့သည်။ ထောင်ထဲတွင် ချစ်မမ ဇာတ်လမ်းအဆက်ဖြစ်သော "မမမြင့်" ကို ဆက်၍ ရေးသားခဲ့သည်။ ထိုဝတ္ထုဖြင့် လင်းယုန်နီဟူသော အမည်သည် အထူးအောင်မြင်ကျော်ကြားခဲ့၍ လူငယ်တို့ကြားတွင် ရေပန်းစားခဲ့သည်။ စာဖတ်ပရိသတ်၏ တောင်းဆိုချက် အရပင် "မြင့်" "ချစ်မမမြင့်" "မမ"နှင့် "ချစ်သောမမချစ်မမ" ဟူ၍ ဝတ္ထုလေးအုပ် ဆက်လက်ရေးသားခဲ့သည်။ ထိုဝတ္ထုသည် စာမျက်နှာ ၁၀၀၀ ကျော်ရှိသဖြင့် စစ်ပြီးခေတ် မြန်မာ့ဝတ္ထု သမိုင်းတွင် ပထမဆုံးသော အရှည်လျားဆုံး ဝတ္ထုဖြစ်ခဲ့သည်။

၁၉၅၁ နောက်ပိုင်း မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် အတွင်းရေးမှူး၊ အမှုဆောင်၊ စာရင်းစစ်၊ ငွေထိန်းစသည့် တာဝန်များယူခဲ့သည်။ ၁၉၅၅ – ၅၆ ခုနှစ် တွင် မြဝတီ မဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက် (မြန်မာနိုင်ငံ)တွင် အမှုဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ရုပ်ရှင်လောကသို့ ဇာတ်ညွှန်းရေး ဆရာအဖြစ် ဝင်ရောက်ခဲ့သည်။ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထု "ထားသခင်"နှင့် စစ်ကိုင်းအေးလွင်၏ ဝတ္ထု "မန်းသူလေးမို့" တို့ကို ဇာတ်ညွှန်းရေးသားပေးခဲ့ပြီး ဇမ္ဗူအေးရုပ်ရှင်မှ ထုတ်လုပ်သည်။ အောင်မြင်သော ရုပ်ရှင်ကားများဖြစ်ခဲ့သည်။

ထို့နောက် "မုံ" "ချစ်မှာတမ်း" "ရွှေမင်းသမီး" "ကော်ကောင်" စသော ရုပ်ရှင်ဇာတ်လမ်းများကို ကိုယ်ပိုင်ဝတ္ထု၊ ကိုယ်ပိုင်ဇာတ်ညွှန်းအဖြစ်ရေးသားခဲ့သည်။

၁၉၆၄ ခုနှစ်၊ ပြန်ကြားရေး ဝန်ကြီးဌာန ရုပ်ရှင်လုပ်ငန်းသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရုပ်ရှင်ကား တင်သွင်းရေး အေဂျင်စီတွင် ရုပ်ရှင်ကား စိစစ်ရေးမှူး (ဖြန့်ချိရေး) တာဝန်မှ ညွှန်ကြားရေးမှူး အဆင့်အထိ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ဆရာလင်းယုန်နီသည် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဘာသာပြန်စသည်ဖြင့် ပုဒ်ရေ (၂၀၀) ခန့် ရေးသားခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့တွင် ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်အဖြစ်လည်းကောင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိစဉ် ၁၃-၆-၉၄ နေ့၊ နံနက် (၈:၃၀) နာရီတွင် ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ရေစက်လမ်း အမှတ် ၅၅၂ နေအိမ်တွင် ကွယ်လွန်ခဲ့သည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အုန်းကြွယ်၊ သမီး ဒေါက်တာ ရီရီမြင့်နှင့် သား ဦးထင်အောင် (အင်ဂျင်နီယာ) တို့ ကျန်ရစ်ခဲ့သည်။

## ဝဏ္ဏသိရီ၊ ဆရာတော်ဘဒ္ဒန္တ (သန်လျင်မင်းကျောင်း ဆရာတော်) (မြန်မာ ၁၂၈၂ - ၁၃၅၆)။ ။

သန်လျင်မင်းကျောင်းဆရာတော်ဟု ထင်ရှားတော်မူသော သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင် တိုက် ဦးစီးပဓာနနာယကဖြစ်တော်မူသည့်ဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရီကို ခမည်းတော်ဦးဘိုးဦး၊ မယ်တော်ဒေါ်ငွေတင်တို့က ၁၂၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့နယ် ထန်းတောကြီးကျေးရွာ၌ ဖွားမြင်သည်။ မွေးချင်း နှစ်ယောက်အနက် အကြီးဖြစ်၍ ငယ်နာမည်မှာ မောင်ရွှေမြိုင်ဖြစ်သည်။

ဆရာတော်သည် ထန်းတောကြီးကျေးရွာ ဦးဘိုးမြိုင်၊ ဒေါ်ငွေညွန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ထန်းတောကြီး ကျေးရွာ တောင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍



ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ

ရှင်ဝဏ္ဏဟူသော ဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ဒုတိယအကြိမ်တွင် ပဲခူးမြို့ ပန်းလှိုင်ရပ် မိခင်ဒေါ်အေးလှ၊ သားဦးထွန်းမြင့်၊ ဦးရီရှိန်၊ ဇနီး ၊ဒေါ် ချစ်ပု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပဲခူးမြို့ ဝိပဿနာကျောင်း ဆရာတော် ဦးဝရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဖြစ်သည်။

လှည်းကူးမြို့နယ်၊ ရှမ်းတဲကြီးအောက်ရွာ ဦးသန့်၊ ဒေါ်စိန်ညွန့်၊ သမီး မမြစိန်၊ မသန်း၊ သား မောင်သိန်းအောင်၊ မောင်နေအောင်၊ တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၃၀၁ ခုနှစ်၊ တပေါင်း လဆန်း ၁၂ ရက် အင်္ဂါနေ့ နံနက် ၉ နာရီ ၇ ဖဝါး ၁ ဖီလာ အချိန်တွင် ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရား အနီးရှိ အဘယာဘိဓေယျမဟာသိမ်တော်ကြီး၌ ညောင်ဦးမြို့ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ် ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘဒ္ဒန္တဂမ္ဘီရဗုဒ္ဓိဘိဝံသ မဟာထေရ်က အရှင်ဝဏ္ဏသိရီဟု ခေါ်တွင်စေသည်။

ဆရာတော်သည် ထန်းတောကြီး ကျေးရွာ တောင်ကျောင်းဆရာတော်ထံတွင် ပညာစတင်သင်ယူသည်။ ပဲခူးမြို့ ဝိပဿနာကျောင်းဆရာတော် ဦးဝရိန္ဒထံတွင် သဒ္ဒါ၊ သင်္ဂဟစသော ပိဋကတ်အခြေခံကျမ်းစာများ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တကောဏ္ဍညနှင့် စာချဆရာတော် ဦးဂန္ဓမာတို့ ထံတွင် ပိဋကတ်စာပေများ၊ သန်လျင်မြို့နယ်၊ လဟာရက် ကျေးရွာ ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် ဦးကလျာဏ၊ စာချဆရာတော် ဦးတေဇော သာရနှင့် ဦးသာသန တို့ထံတွင် ပထမပြန်စာမေးပွဲ ဆိုင်ရာ စာပေများ၊ သန်လျင်မြို့ မင်းကျောင်းဆရာတော် ဦးခေမိန္ဒ၊ စမ်းချောင်း အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက် ဆရာတော် ဦးဥတ္တမ၊ ဗဟန်းညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဦးဓမ္မသေနနှင့် စာချဆရာတော် များထံတွင် ပါဠိတော်အဋ္ဌကထာ၊ ဋီကာ၊ နေ့ဝါ ညဝါ

ကျမ်းစာများနှင့် လှည်းကူးမြို့နယ် ကျူချောင်ကျေးရွာ ဆရာတော် ဦးပဏ္ဍိတ ထံတွင် လက်ရိုးတွက်ပညာကို ဇာတာဖွဲ့နိုင်သည်အထိ သင်ယူခဲ့သည်။

ဆရာတော်သည် သန်လျင်မြို့၊ မင်းကျောင်းကို ၁၃၁၃ ခုနှစ်တွင် ပထမပြန်စာသင်တိုက်အဖြစ် ဖွင့်လှစ်ကာ စာသင်သံဃာတော်များအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူသည်။ ဆရာတော်၏ စာပေပို့ချပေးမှုကြောင့် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် စာချတန်းတို့တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၌ ဂုဏ်ထူးရ အထူးအောင် သံဃာတော်များပေါ်ထွန်းခဲ့သည်။

ဆရာတော်သည် ၁၃၁၆ ခုနှစ်မှ ၁၃၄၁ ခုနှစ်အထိ သန်လျင်စာဖြေဌာန ပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်၊ မှော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ သံဃာ့ကိုယ်စားလှယ်၊ ရန်ကုန်တိုင်း ခုနစ်မြို့နယ် သုဓမ္မနိကာယ စာပြန်ပွဲကြီး၌ ၁၃၂၇ ခုနှစ်မှစ၍ အကျိုးတော်ဆောင်နှင့် ဆယ်သွယ်ရေးတာဝန်ခံ၊ ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယ၊ ၁၃၄၂ ခုနှစ် ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဖြစ်မြောက်ရေး မူလသံဃာ့ဝန်ဆောင် ၆၆ ပါးအဖွဲ့တွင် အဖွဲ့ဝင်၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ ဝိနည်း ဓမ္မကံ လုပ်ထုံးလုပ်နည်းများရေးဆွဲရေးအဖွဲ့အကျိုးဆောင်၊ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်၊ ၁၃၅၅ ခုနှစ် တပေါင်းလမှစ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ စသည်ဖြင့် သာသနာ့အကျိုးကိုကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ပဲခူးမြို့ ဝိနယာဓိက ပထမအဆင့်၊ လှည်းကူးမြို့ ဝိနယ ပထမလတ်တန်း၊ ၁၃၁၄ ခုနှစ် ပထမကြီးတန်း၊ ၁၃၁၈ ခုနှစ်တွင် ဓမ္မာစရိယစာချတန်းကို အောင်စဉ် အမှတ်တစ်ဖြင့် ထူးချွန်းစွာအောင်မြင်၍ အဂ္ဂမဟာအကျော် ဘွဲ့ရရှိသည်။ ထို့အပြင် သာသနာ့အကျိုးသယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေကာ၊ ဂန္ထဓုရာဝဟ၊ မဟာ ထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေ သလ၊ သိက္ခာကာမ စသည့်ဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၃၅၀ ပြည့်နှစ်တွင် ရရှိတော်မူသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာအကျော် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိသည် ၁၃၅၆ ခုနှစ်၊ တန်ခူးလဆုတ် ၇ရက်၊ တနင်္လာနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**သဘာဝဘေးဒဏ်။** ။ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝဘေးအန္တရာယ်များသည် နှစ်စဉ်ပေါ်ပေါက်လျက်ရှိသည်။ ၁၉၉၄ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သောသဘာဝ ဘေးအန္တရာယ်များတွင် မဒါဂါစကာကျွန်းနိုင်ငံ၌ ပေါ်ပေါက်ခဲ့သော ကမ္ဘာ့လေတိုက်နှုန်းအပြင်းအထန်ဆုံး မုန်တိုင်းကြီး၊ အမေရိကန်နိုင်ငံသမိုင်းတွင် ဒုတိယအဆိုးဝါးဆုံးသဘာဝဘေးဒဏ်ကြီးအဖြစ်မှတ်တမ်းတင်ခဲ့သော ကာလီဖိုးနီးယားငလျင်ကြီး၊ ဩစတြေးလျနိုင်ငံ၏ ၂၀၆ နှစ် တာကာလအတွင်း အဆိုးဝါးဆုံးနှင့် အကြီးမားဆုံး တောမီးလောင်ကျွမ်းမှုကြီးများ ပါဝင်ခဲ့သည်။

ငလျင်လှုပ်ခြင်း – အ မေ ရိ ကန် ပြည် ထောင် စု ကာလီဖိုးနီးယား ပြည်နယ်တောင်ပိုင်း လော့အိန်းဂျလိစ်မြို့မှ အနောက်မြောက်ဘက်မိုင် ၂၀ အကွာရှိ ဆန်ဖာနန်ဒိုဗယ်လီဒေသကို ဗဟိုပြု၍ ဇန်နဝါရီလ ၁၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၄ နာရီ ၃၁ မိနစ်တွင် လှုပ်သွားခဲ့သောငလျင်သည် ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိခဲ့သည်။ ငလျင်ဒဏ်ကြောင့် အဝေးပြေး လမ်းများ၊ ခုံးကျော်လမ်းနှင့် တံတားများ၊ အဆောက်အအုံများစွာ ပြိုကျပျက်စီးခဲ့သည်။ လူ ၆၀ သေဆုံး၍ လူ ၈၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အိမ်ခြေအဆောက်အအုံ ၁၄၀၀၀ ကျော်ပျက်စီးခဲ့ပြီး လူ ၂၅၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ထိုဒေသသည် ယာဉ်အသွားအလာ အလွန်ထူထပ်သောဒေသဖြစ်သော်လည်း ငလျင်လှုပ်ချိန်သည် လင်းအားကြီးအချိန်ဖြစ်သောကြောင့်သာ လူသေမှုနည်းခဲ့ခြင်းဖြစ်သည်။ လော့အိန်းဂျလိစ်မြို့လယ်ရှိ မိုးထိတိုက်ကြီးများမှာမူ အနည်းငယ်မျှသာထိခိုက် ပျက်စီးမှုရှိခဲ့သည်။ ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှု တန်ဖိုးစုစုပေါင်းသည် ဒေါ်လာ ဘီလီယံ ၃၀ ပင် ကျော်နိုင်ကြောင်း ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဝီလ်ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။သို့သော်ငလျင်လှုပ်ပြီးတစ်လနီးပါးအကြာတွင် အစိုးရဌာနမှ တရားဝင်ထုတ်ပြန်ချက်အရ ပျက်စီးဆုံးရှုံးမှုစုစုပေါင်း ၁၃ ဘီလီယံမှ ၂၀ ဘီလီယံအတွင်းရှိသည်ဟုသိရသည်။ ၎င်းတို့၏ထုတ်ပြန်ချက်သည် ငလျင်ဖြစ်ပေါ်ခါစက ထုတ်ပြန်ခဲ့သော ၁၅ ဘီလီယံမှ ၃၀

ဘီလီယံအတွင်း ရှိမည်ဟုသောခန့်မှန်းချက်ထက် လျော့သွားခဲ့သည်။ ဤလျှင်ကြီးသည် အမေရိကန်သမိုင်းတွင် ဒုတိယအဆိုးဝါးဆုံး သဘာဝဘေးဒဏ်ကြီးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ အဆိုးဆုံးမှတ်တမ်းဝင်ခဲ့သည့် သဘာဝဘေးဒဏ်မှာ ၁၉၉၂ ခုနှစ်က ဒေါ်လာဘီလီယံ ၃၀ မျှ ပျက်စီးဆုံးရှုံးစေခဲ့သည့် အန်ဒရူးအမည်ရှိ ဟာရီကိန်းမုန်တိုင်းကြီးဖြစ်သည်။

လော့အိန်းဂျလိစ်လျှင်ကြီးလှုပ်ပြီးနောက်လျှင်ဒဏ်ခံဒုက္ခသည် ၂၀၀၀၀၀ ကျော်မျှသည် ကယ်ဆယ်ရေးရုံးများအရှေ့တွင် နေ့စဉ်လာရောက် အကူအညီတောင်းခံခဲ့ကြသည်။ အမေရိကန်သမ္မတ ကလင်တန်က အရေးပေါ်အကူညီပေးရန် ကွန်ဂရက်သို့ တင်ပြတောင်းဆိုခဲ့ရာ ကယ်ဆယ်ရေး ထောက်ပံ့မှုအဖြစ် ၈ ဒသမ ၆ ဘီလီယံဒေါ်လာကို ကွန်ဂရက်က ခွင့်ပြုခဲ့သည်။

ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းဒေသသည် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသောလျှင်ကြီးတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ဂျကာတာမြို့တော်မှအရှေ့မြောက်ဘက် ၁၅၅၀ မိုင်အကွာ တာနိတ်မြို့အနီးတွင် ဗဟိုပြုခဲ့သောလျှင်ကြောင့် အိမ်ခြေအဆောက်အအုံရာပေါင်းများစွာ ပြိုကျပျက်စီးခဲ့ပြီး အနည်းဆုံးလူခြောက်ဦးသေဆုံးခဲ့သည်။

မတ်လ ၁ ရက်နေ့တွင် အီရန်နိုင်ငံတောင်ပိုင်း၌ အင်အား ၅ ဒသမ ၇ ရှိသော လျှင်လှုပ်သွားခဲ့ရာ ကျေးရွာ ၅၃ ရွာရှိ အိမ်ခြေ ၃၀၀၀ ကျော်ပျက်စီးခဲ့ပြီး လူသုံးဦးသေဆုံးခဲ့သည်။ ကျွဲနွားကောင်ရေ ၂၈၀၀၀ ကျော်သေကျေပျက်စီးခဲ့သည်။ လျှင်ပေါ်ပေါက်ရာ ဗဟိုချက်နှင့်အနီးဆုံးဖြစ်သော ဖာရူဇာဘတ်မြို့၌ ပျက်စီးမှုအများဆုံးဖြစ်သည်။ အီရန်နိုင်ငံသမိုင်း၌ ဤရာစုနှစ်အတွင်း အဆိုးဝါးဆုံးလျှင်ကြီးမှာ ၁၉၉၀ ပြည့်နှစ်၊ ဇွန်လက ကက်စပီယန် ပင်လယ်ကမ်းခြေအနီး တီဟီရန်မြို့တော် အနောက်မြောက်ဘက်လူနေထူထပ်သော ဒေသတွင် လှုပ်ခဲ့သည့်လျှင်ကြီးဖြစ်သည်။ ရစ်ချ်တာစကေး ၇ ဒသမ ၃ ရှိသော ထိုလျှင်ကြီးကြောင့် လူ ၃၅၀၀၀ သေကျေပျက်စီးခဲ့ပြီး အိုးအိမ်အဆောက်အအုံ ၁၀၀၀၀၀ ပြားပြားဝပ်ခဲ့သည်။

ဇွန်လ ၃ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းကြီး၏ အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်၌ ရစ်ချ်တာစကေး ၅ ဒသမ ၉ ရှိသော လျှင်တစ်ခုကြောင့် အနည်းဆုံး လူ ၂၆၄ ဦးသေဆုံးခဲ့ပြီး ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လျှင်လှုပ်မှုကြောင့် ပေ ၂၀ မြင့်သော လှိုင်းလုံးကြီးများဖြစ်ပေါ်လာပြီး ကမ်းခြေရှိရွာများကို ဒီရေလှိုင်းများက ရိုက်ချသွားခဲ့သဖြင့် လူသေပျောက်မှုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ အရဏ်တက်ခါနီးအချိန်ပေါ်ပေါက်ခဲ့သောကြောင့် အိပ်မောကျနေသော ရွာသားအများစုမှာ ဘေးလွတ်ရာသို့ ရှောင်တိမ်းချိန်မရရှိခဲ့ကြပေ။ အနည်းဆုံးလူ ၂၂ ဦး ပျောက်ဆုံးခဲ့ပြီး အိမ် ၁၄၁၂ လုံးနှင့် ငါးဖမ်းလှေသင်္ဘော ၁၂၃ စင်း ပျက်စီးခဲ့သည်။ အဆိုးဆုံးနေရာမှာ ဂျကာတာမြို့ အရှေ့ဘက် ၇၁၆ မိုင်အကွာ ဘန်ယူဝမ်ဂီမြို့ရှိ ကျေးရွာ ခြောက်ရွာဖြစ်သည်။ ထိုတစ်နေရာတည်းမှ လူ ၂၀၄ ဦး သေဆုံးခဲ့ရသည်။ ဖေဖော်ဝါရီလအတွင်းကလည်း ဂျာဗားကျွန်း အနောက်ဘက် ဆူမတြားကျွန်းတွင် လှုပ်ခဲ့သောလျှင်ကြောင့် လူ ၂၁၇ ဦး သေဆုံးခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလက ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိသောလျှင် ကြီးတစ်ခုသည် ဂျကာတာ အရှေ့တောင်ဘက် ၉၅ မိုင်ခန့် အကွာရှိ ဖလောရက်စ်ကျွန်းတွင် ဖြစ်ပေါ်ခဲ့ဖူးရာ အနည်းဆုံး လူ ၂၅၀၀ သေဆုံးခဲ့သည်။

**တောမီးလောင်ခြင်း** – ဩစတြေးလျနိုင်ငံတွင်နှစ်ပေါင်း ၂၀၆ နှစ်အတွင်း အဆိုးရွားဆုံးနှင့် အကြီးမားဆုံးတောမီးလောင်ကျွမ်းမှုကြီး ဇန်နဝါရီလ ပထမပတ်အတွင်းက ဖြစ်ပေါ်ခဲ့သည်။ ဇန်နဝါရီလ ပထမပတ်အတွင်းက စတင်ခဲ့သောတောမီးသည် ၁၀ ရက်ကျော်ကြာလောင်ကျွမ်းခဲ့ရာ သစ်တောနှင့် သဘာဝ မြက်ခင်းဧရိယာ ဧက တစ်သန်းကိုးသိန်းကျော် ပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်စဉ် လေပြင်းများက တစ်နာရီမိုင် ၆၀ အထိ တိုက်ခတ်ခဲ့ပြီး ပူပြင်းသောနွေရာသီ၏ အပူချိန်ကလည်း ၁၀၄ ဒီဂရီဖာရင်ဟိုက်မျှရှိခဲ့သည်။ ထို့အပြင် တမင်ရှို့သူ များကြောင့် မီးလောင်မှုပမာဏ ပိုမိုကြီးထွားခဲ့ရခြင်း ဖြစ်သည်။ ဩစတြေးလျ နိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းရှိ စက်မှုထွန်းကားသော နယူးကာဆယ်မြို့အနီးမှစခဲ့သော တောမီးသည် နယူးဆောက်သ်ဝေး ပြည်နယ်တစ်ခုလုံးသို့ ပျံ့နှံ့သွား ခဲ့သည်။ တောမီးလောင်ကျွမ်းမှုကြောင့် လူလေးဦးသေဆုံးခဲ့ရာတွင် မီးသတ်သမားနှစ်ဦးပါဝင်သည်။ ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြသည်။ အိမ်ခြေ ၂၀၀ ကျော် မီးလောင်ကျွမ်းခဲ့ပြီး ရာပေါင်းများစွာ အိုးအိမ်စွန့်၍ ထွက်ပြေးခဲ့ကြရသည်။ ကမ္ဘာပေါ်တွင် ဒုတိယသက်တမ်းအရှည်ဆုံး သဘာဝဥယျာဉ်ဖြစ်သော တော်ဝင်အမျိုးသားပန်းခြံကြီး၏ ၉၈ ရာခိုင်နှုန်းသည် မီးထဲပါသွားခဲ့သည်။ သဘာဝဥယျာဉ်ကြီးထဲမှ တောရိုင်းတိရစ္ဆာန်အများအပြားထောင်နှင့်ချီ၍ သေဆုံးခဲ့ကြသည်။ မီးသတ်သမား ၇၀၀၀ ကျော်နှင့် စစ်သားရာပေါင်းများစွာ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသော ထိုတောမီးကြီးသည် လွန်ခဲ့သော ၂၀၆ နှစ်ကာလ ဥရောပကိုလိုနီဖြစ်ခဲ့စဉ်မှစ၍ ဩစတြေးနိုင်ငံသမိုင်းမှတ်တမ်း၌ အကြီးမားဆုံးတောမီးဖြစ်ခဲ့သည်။

ဇွန်လအတွင်း၌လည်း အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်အနှံ့အပြား၌ တောမီးလောင်မှုများ ဖြစ်သွားခဲ့သည်။ ပင်နွန်ဟီးလ်မြို့အနီး အိမ်ဂျလိစ်အမျိုးသား သစ်တောကြီးဝိုင်းဒေသ အစွန်နားတွင် လောင်ကျွမ်းခဲ့သော တောမီးတစ်ခုတည်းကြောင့်ပင် ဒေါ်လာနှစ်သန်းဖိုးမျှ ဆုံးရှုံးပျက်စီးခဲ့သည်။ ချုံနွယ်နှင့်သစ်တောဧရိယာဧက ၁၀၀၀ ကျော်နှင့် အိမ် ၁၀ လုံးပြာကျလောင်ကျွမ်းခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်အနှံ့အပြား၌ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း လောင်ကျွမ်းခဲ့သောတောမီးများကြောင့် လူအသေအပျောက်ရှိခဲ့သည်။ အလယ်ပိုင်း ဝါရှင်တန်ပြည်နယ်ရှိ ချီလန်မြို့ကလေးအနီး၌ လောင်ကျွမ်းခဲ့သော တောမီးကြောင့် ဧက ၇၀၀၀၀ ကျော်မျှသော သစ်တောများလောင်ကျွမ်းပျက်စီးခဲ့သည်။ မွန်တနာမြို့ အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော တောမီးကို ငြိမ်းသတ်ရန် ဝိုင်းကူသောလေယာဉ် တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦးစလုံး သေဆုံးခဲ့သည်။ ယင်းတောမီးကို ငြိမ်းသတ်နိုင်ရန် လူ ၂၀၀၀ ကျော်က ဝိုင်းဝန်းကြိုးစားခဲ့ကြရသည်။ ယင်းကာလအတွင်း၌ အမေရိကန်ပြည်ထောင်စု၏ အနောက်ပိုင်း ပြည်နယ်ရှစ်ခုနှင့် ဗြိတိသျှကိုလံဘီယာ၊ ကနေဒါနိုင်ငံတို့တွင် တစ်ပြိုင်နက်ဖြစ်ပေါ်နေခဲ့သော ပမာဏကြီးသည့် တောမီးပေါင်းမှာ ၂၅ ခုမျှရှိခဲ့ပြီး သစ်တောဧရိယာ ဧက ၁၅၀၀၀၀ ကျော်ကို လောင်ကျွမ်းပျက်စီးစေခဲ့ပြီး ဖြစ်သည်။ အရေအတွက်ဒါဇင်ပေါင်းများစွာသော တောမီးလေးများလည်းအနှံ့အပြား ဖြစ်ပေါ်ခဲ့သည်။

**မီးတောင်ပေါက်ကွဲခြင်း** – အင်ဒိုနီးရှားနိုင်ငံ၏ ဆီမီရု မီးတောင်သည် ဖေဖော်ဝါရီလ ၃ ရက်မှ ၈ ရက်နေ့ အတွင်း ၁၈ ကြိမ်တိုင်တိုင်ပေါက်ကွဲ ခဲ့ရာ လူငါးဦးသေဆုံးပြီး လူ ၁၅၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာပြေးခဲ့ရသည်။ ဂျကာတာမြို့တော်၏ အရှေ့ဘက်မိုင် ၃၇၀ အကွာ၌ရှိသော ထိုမီးတောင်သည် ပေ ၁၂၀၀၀ မြင့်ပြီး မကြာခဏပေါက်ကွဲလေ့ရှိသည်။ ၁၉၈၃ ခုနှစ်က ဖြစ်ပေါ် ခဲ့သော ပေါက်ကွဲမှုကြောင့် ရွာနှစ်ရွာပျက်စီးခဲ့ရသည်။

စက်တင်ဘာလ တတိယပတ်အတွင်းကလည်း ပါပူဝါ နယူးဂီနီနိုင်ငံ မိုရက်စ်ဘီ မြို့တော်ဆိပ်ကမ်းမြို့မှ အရှေ့မြောက်ဘက် မိုင် ၅၀၀ အကွာ နယူးဗြိတိသျှကျွန်းပေါ်ရှိ ရာဘောလ် မြို့တွင် မီးတောင်တစ်ခုပေါက်ကွဲခဲ့သည်။ မီးတောင်သည် ရာဘောလ်လေယာဉ်ကွင်း၏ ပြေးလမ်းအဆုံးတွင်ရှိသည်။ မီးတောင်မပေါက်ကွဲမီ အရိပ်လက္ခဏာများ ကြိုတင်ဖြစ်ပေါ်ခဲ့သဖြင့် မြို့နေလူဦးရေ ၃၀၀၀၀ အနက် ၂၀၀၀၀ ခန့်ကို ကြိုတင်ပြောင်းရွှေ့ပေးထားနိုင်သဖြင့် လူအသေအပျောက် အထိအခိုက် မရှိခဲ့ပေ။

စက်တင်ဘာနောက်ဆုံးပတ်အတွင်း၌မူ ဖိလစ်ပိုင်နိုင်ငံမှ ပင်နာတူဘိုမီးတောင်သည် ချော်ရည်နှင့်ရွှံ့ပြာနှစ်များ ထုတ်လွှတ်ခဲ့ရာ ရွာရှစ်ရွာပျက်စီးပြီး အနည်းဆုံး လူ ၁၄ ဦး သေဆုံး၍ ခုနစ်ဦးပျောက်ဆုံးခဲ့သည်။ မိုးရေများက မီးတောင်အတွင်းရှိ လွန်စွာပူပြင်းနေသော ချော်ရည်များကို ပေါက်ကွဲအောင် ဖြစ်ပေါ်စေခဲ့သဖြင့် သုံးမိုင်အမြင့်အထိ ပေါက်ကွဲ လွင့်တက်ခဲ့သည်။ ပြာပူနှင့် အမှိုက်အမှုန်စများသည် အနီးဝန်းကျင်ရှိ ရွာများပေါ်သို့ ပြန်ကျခဲ့သည်။ ပင်နာတူဘိုမီးတောင်၏ ၁၉၉၁ ခုနှစ်က ပေါက်ကွဲမှုသည် ဤရာစုနှစ်၏ အပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှုကြီးအဖြစ် ပေါ်ပေါက်ခဲ့ရာ အနည်းဆုံးလူ ၈၀၀ သေဆုံး၍ ကမ္ဘာ့ရာသီဥတုကိုပါ ပြောင်းလဲသွားစေခဲ့သည်။

**မုန်တိုင်းတိုက်ခတ်ခြင်း** – ၁၉၉၄ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ပထမဆုံး မုန်တိုင်းအဖြစ် ဇန်နဝါရီလ ၅ ရက်နေ့က တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၂၂ ဦးသေဆုံး၍ ၄၈ ဦးပျောက်ဆုံးခဲ့သည်။ မုန်တိုင်းသည် လူဇုံကျွန်းကြီး၏ တောင်ပိုင်းပြည်နယ်များကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး မုန်တိုင်းဒဏ်ကို အဆိုးဝါးဆုံး ခံရသောပြည်နယ်မှာ အယ်လ်ဘေးပြည်နယ်ဖြစ်သည်။ ထိုပြည်နယ်တွင် မုန်တိုင်း၏နောက်ဆက်တွဲအဖြစ် မိုးကြီးရေလျှံပြီး မြေပြိုခဲ့ရာ လူ ၁၇ ဦး သေဆုံးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၉၃ ခုနှစ်အတွင်းက အပူပိုင်းမုန်တိုင်းပေါင်း ၂၃ ခု တိုက်ခိုက်ခဲ့သည်။

ဇန်နဝါရီလ တတိယပတ်အတွင်းက ဖြစ်ပေါ်ခဲ့သော ရိဝါအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပါပူဝါနယူးဂီနီနိုင်ငံတွင် လူ ၉ ဦး သေဆုံးခဲ့သည်။

ဖေဖော်ဝါရီလပထမပတ်အတွင်းက ပေါ်ပေါက်ခဲ့သော အားပြင်းသည့်တိုင်ဖွန်းမုန်တိုင်းကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မဒါဂါစကာနိုင်ငံတွင်လေ့သင်္ဘောများစွာ နစ်မြုပ်၍ အိုးအိမ် ထောင်ပေါင်းများစွာ ပျက်စီးခဲ့သည်။ အရှေ့ဘက်ကမ်းရိုးတန်းရှိ တိုအာမာဆီနာ ဆိပ်ကမ်း၏ ၉၅ ရာခိုင်နှုန်း ပျက်စီးသွားပြီး လူ ၅၀၀၀၀၀ ကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ မြို့တော်အန်တာနာနာရီဗိုတွင် အနည်းဆုံးလူ ၇၀ ကျော် သေဆုံးခဲ့သည်။ ၄င်းမုန်တိုင်းကြီးကို ဂျာရယ်လ်ဒါဟ အမည် ပေးထားပြီး မဒါဂါစကာနိုင်ငံတွင် ဤရာစုနှစ်အတွင်း အကြီးမားအပြင်းထန်ဆုံး မုန်တိုင်းအဖြစ် မှတ်တမ်းတင်ရစ်ခဲ့သည်။ မဒါဂါစကာ မိုးလေဝသဌာန၏ထုတ်ပြန်ချက်အရ မုန်တိုင်း တိုက်ခတ်နှုန်းသည် တစ်နာရီ ၃၅၀ ကီလိုမီတာ

(တစ်နာရီမိုင် ၂၂၀ ခန့်) ရှိခဲ့ကြောင်းသိရသည်။ ဂင်းနက်စ် ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်ကြီး၏ မှတ်တမ်းအရ ကမ္ဘာပေါ်တွင် အနိမ့်ပိုင်းလေတိုက်နှုန်းအများဆုံးစံချိန်မှာ ၁၉၇၂ ခုနှစ်၊ မတ်လက ဂရင်းလန်ကျွန်း အမေရိကန်ပြည်ထောင်စု လေတပ်အခြေစိုက်စခန်း၌ တိုင်းတာခဲ့သော တစ်နာရီ ၃၃၃ ကီလိုမီတာ (တစ်နာရီ ၂၀၇ မိုင်ခန့်) ဖြစ်ရာ ဂျာရယ်လ်ဒါ မုန်တိုင်းသည် ကမ္ဘာ့မိုင်နှုန်းအများဆုံး မုန်တိုင်းအဖြစ် စံချိန်တင်ခဲ့သည်။

မတ်လ ၂၅ ရက်နေ့က အာဖရိကတိုက်မိုဇမ်ဘစ်နိုင်ငံ၌ နာဒီယာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၉၅ ဦးသေဆုံး၍ မြောက်ပိုင်းနမ်ပူလာပြည်နယ်တွင် လူတစ်သန်းငါးသိန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ထိုပြည်နယ်ရှိ ပြောင်းဖူး၊ ပီလောပီနန်နှင့် ပဲစိုက်ခင်း တစ်ဝက်ခန့်လည်းပျက်စီးဆုံးရှုံးခဲ့သည်။

ဧပြီလ ၇ ရက်နေ့က တရုတ်နိုင်ငံတောင်ပိုင်း ကျန်စီပြည်နယ်ရှိ မြို့ ၁၆ မြို့နှင့် ကျေးရွာများကို တော်နေးဒိုးမုန်တိုင်းကျရောက်ပြီး မိုးသီးများကြွေခဲ့ရာ လူကိုးဦးသေဆုံးပြီး ၂၇၉ ဦး ဒဏ်ရာရရှိခဲ့သည်။ အဆောက်အအုံ ၅၀၀၀၀၀ ကျော်ပျက်စီးပြီး စိုက်ပျိုးမြေဧက ၂၅၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ဧပြီလ တတိယပတ်နှင့် စတုတ္ထပတ်အတွင်း၌ပင် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်လေးခုတွင် တော်နေးဒိုးမုန်တိုင်းများပေါ်ပေါက်ခဲ့ရာ လူသေပျောက်မှုနှင့် ဒဏ်ရာရရှိမှုများရှိခဲ့သည်။ ထိုကာလအတွင်း၌ပင် တန်ဇားနီးယားနိုင်ငံ ဒါရက်ဆလမ်မြို့တော်ဝန်းကျင်တွင် ဆိုင်ကလုန်းမုန်တိုင်း တစ်ခု ဖြစ်ပေါ်ခဲ့သဖြင့် လူသုံးဦးသေဆုံးပြီး ၂၅၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မေလ ၂ ရက်နေ့ညတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်း၌ ပြင်းထန်သောမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့သဖြင့် လူ ၁၀၀ ကျော်သေဆုံးခဲ့သည်။ မိုးသက်မုန်တိုင်းသည် တစ်နာရီ ၁၂၅ မိုင်နှုန်းအထိ တိုက်ခတ်ခဲ့သည်။

စက်တင်ဘာလ တတိယပတ်အတွင်း၌ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ မုန်တိုင်းတစ်ခုကျရောက်၍ ရေကြီးခဲ့ရာ လူ ၁၀ ဦး သေဆုံးခဲ့သည်။ မရှေးမနှောင်းမှာပင် လျူခ်အမည်ရှိသော တိုင်ဖွန်းမုန်တိုင်းတစ်ခု ဗီယက်နမ်နိုင်ငံ၌ တိုက်ခတ်သွားခဲ့ရာ လူကိုးဦး သေဆုံးပြီး စပါးစိုက်ခင်းဧက ၂၅၀၀၀၀ ကျော် ရေလွှမ်းမိုးခံခဲ့ရသည်။ ဗီယက်နမ်နိုင်ငံတွင် ဩဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလဆန်းပိုင်းအတွင်း ပေါ်ပေါက်ခဲ့သော အခြားမုန်တိုင်းနှစ်ခုကြောင့် ပြည်နယ်ရှစ်ခု၌ စပါးဧက ၅၀၀၀၀၀ ကျော်ရေလွှမ်းမိုးခံခဲ့ရပြီးဖြစ်သည်။ တရားဝင် ထုတ်ပြန်ချက်အရ ဤသဘာဝဘေးဒဏ်များကြောင့် ဗီယက်နမ်နိုင်ငံဆန်ထွက်မှုတွင် တန်ချိန် ၃၀၀၀၀၀ ခန့် လျော့နည်းသွားစေခဲ့သည်။

**မြေပြိုခြင်း** – ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ဇန်နဝါရီလ ၈ ရက်နေ့က မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ လေးဦးသေဆုံးခဲ့သည်။ ပြင်သစ်အဲလ်ပ် တောင်တန်းအနီး အစ်ဆီရီဒေသ ရှိရွာတစ်ရွာပေါ်သို့ ညအချိန်တွင်၌ မြေများပြိုကျလာခြင်း ဖြစ်သည်။ ထိုဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေများသည် မိုးရေဖြင့်ပျော့အိလျက်ရှိနေခဲ့သည်။ ရွာသူရွာသား ၂၈၀ ကို ဘေးလွတ်ရာသို့ အမြန်ရွှေ့ပြောင်း ပေးခဲ့ရသည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင်လည်း တောင်အာဖရိကနိုင်ငံတွင်မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၃ ဦးသေဆုံး၍ ၅၆ ဦး ပျောက်ဆုံးခဲ့သည်။ ဟာမိုနီရွှေတွင်းကြီးအနီးရှိ ရွှေတွင်းမှစွန့်ပစ်ပစ္စည်းများသိုလှောင်ထားရာ ကန်ကြီးသည် သည်းထန်စွာရွာသွန်းခဲ့သော မိုးရေများကြောင့် ပြိုကျသွားခဲ့ခြင်းဖြစ်သည်။ အိမ် ၈၀ လုံးပျက်စီး၍ ၂၀၀ ခန့်ထိခိုက်ပျက်စီးမှုအနည်းငယ်ရှိခဲ့ပြီး လူ ၄၅၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ပျက်စီးဆုံးရှုံးမှု တန်ဖိုးဒေါ်လာ ၁၅ သန်းမျှရှိမည်ဟု ခန့်မှန်းသည်။

ဧပြီလ ၁၅ ရက်နေ့ညတွင် ဘရာဇီးနိုင်ငံသံဖြူသတ္တုတွင်းကြီးတစ်ခု၌ မြေပြိုခဲ့ရာသတ္တုတွင်းလုပ်သား ၁၉ ဦး သေဆုံးပြီး ၁၀ ဦး ပျောက်ဆုံးခဲ့သည်။ မြေပြိုမှုဖြစ်ပေါ်ခဲ့သော ဘွန်ဖူတိုရှိသံဖြူတွင်းသည် ဘရာဇီးနိုင်ငံ၏အကြီးဆုံးသံဖြူတွင်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး မြို့တော်ရီယိုဒီဂျနေရိုမှ အနောက်မြောက်ဘက် ၂၄၉၀ မိုင်အကွာ ရွန်ဒေးနီးယားပြည်နယ်၌တည်ရှိသည်။ သတ္တုတွင်းကို တောင်ခြေရင်း၏အောက်ဘက်သို့ အလွန်အမင်းနက်ရှိုင်းစွာ တူးထားခဲ့သဖြင့် မိုးသည်းထန်စွာရွာသောအခါ၌ ၎င်းမြေများပြိုကျလာခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ ၁၉ ရက်နေ့က တရုတ်နိုင်ငံတောင်ပိုင်း မြစ်တစ်ခုအတွင်းသို့ ကျောက်ဆောင်တစ်ခုနှင့် မြေစိုင်များ ပြိုကျခဲ့ရာ အနည်းဆုံး လူ ၄၁ ဦးသေဆုံး၍ ၅၄ ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။ ၂၀ ရက်နေ့တွင်လည်း ယွန်နန်ပြည်နယ် ယွန်ယန်ခရိုင်တွင် ၎င်းမြေများပြိုကျမှုကြောင့် လူရှစ်ဦး ပျောက်ဆုံးခဲ့သည်။

တရုတ်နိုင်ငံကွမ်တုံပြည်နယ်ရှိ တောင်ပေါ်ရွာတစ်ရွာတွင် ဇူလိုင် ၂၃ ရက်နေ့က ဖြစ်ပေါ်ခဲ့သောမြေပြိုမှုကြောင့် လူ ၁၄ ဦးသေဆုံးခဲ့သည်။

ရေကြီးခြင်းနှင့်မိုးသည်းထန်ခြင်း – ၁၉၉၄ ခုနှစ် အတွင်း ရေကြီးမှုကြောင့် လူသေဆုံးမှု ပထမဆုံးဖြစ်ပေါ် ခဲ့သော နိုင်ငံမှာ ပြင်သစ်နိုင်ငံဖြစ်သည်။ ၁၉၉၃ ခု၊ ဒီဇင်ဘာ လကုန်ပိုင်းနှင့် ၁၉၉၄ ဇန်နဝါရီလ ပထမပတ်အတွင်း မြစ်ရေကြီးမှုကြောင့်လူရှစ်ဦး သေဆုံးခဲ့သည်။ အမျိုးသမီး တစ်ဦးနှင့် သူမ၏ ၁၃ နှစ်အရွယ်သားငယ်တို့ သည် ရေလျှံနေသောတံတားတစ်ခုကို ကားနှင့်ဖြတ်ကူးစဉ် ရေစီးအားကြောင့် ကားပါမျောပါသွားခဲ့သည်။ မိခင်ဖြစ်သူ အသက်ဘေးမှ လွတ်ခဲ့သော်လည်းသားဖြစ်သူမှာ မိခင်ရှေ့မှာပင် ရေစီးနှင့်မျော၍နစ်မြုပ်သေဆုံးခဲ့သည်။

ဇန်နဝါရီလ တတိယပတ်အတွင်း၌ပင် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ ရေကြီးမှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့သည်။ အနောက်ဂျာဗားဒေသမှ လူထောင်ပေါင်းများစွာတို့သည် ဆယ်နှစ်အတွင်း အဆိုးဝါးဆုံးရေကြီးမှုကြောင့် အိုးအိမ်စွန့်ခွာ၍ ထွက်ပြေးခဲ့ကြရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးမှုသည် မတ်လ၌လည်းဖြစ်ပေါ်ခဲ့ပြန်ရာ ဒူဆာတန်ဂါရာပြည်နယ်အနောက်ပိုင်းတွင် လူငါးဦးသေဆုံးပြီး စပါးစိုက်ဧက ၇၄၀၀ ကျော်ပျက်စီးခဲ့သည်။ အိမ်၊ ကျောင်း၊ ရုံးနှင့် ပြည်သူပိုင်အဆောက်အအုံ ၁၂၀၀၀ ခန့်ရေလွှမ်းခံရပြီး လူ ၅၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သောကြောင့် ဆုံးရှုံးမှု ဒေါ်လာတစ်သန်းမျှရှိခဲ့သည်။

ဇွန်လအတွင်းက ပေါ်ပေါက်ခဲ့သော မိုးသည်းထန်မှု၊ ရေကြီးမှုများကြောင့် တရုတ်နိုင်ငံတောင်ပိုင်းတွင် လူ ၆၀ ခန့် သေဆုံးပြီး ၇၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ စိုက်ပျိုးမြေဧက ၁ ဒသမ ၃ သန်းကျော် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှု တန်ဖိုးဒေါ်လာ ၆၇၄ သန်းမျှရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနှံ့ ဖြစ်ပေါ်ခဲ့သော ရေကြီးမှုများတွင် ဂျော်ဂျီယာပြည်နယ် ဘိန်းဘရစ်မြို့ ရေလွှမ်းမိုးမှုသည် စံချိန်တင်ခဲ့သည်။ ဖလင့်မြစ်ရေသည် ရေလျှံမှုအဆင့်ဖြစ်သော ပေ ၂၀ ထက်များစွာကျော်လွန်၍ ၄၅ ပေအထိ မြင့်တက်ခဲ့ရာ ၁၉၂၅ ခုနှစ်က စံချိန်ဖြစ်သော ပေ ၄၀ ထက် ၅ ပေပိုခဲ့သည်။ ဂျော်ဂျီယာပြည်နယ်၏ စိုက်ပျိုးမြေဧက ၃၀၀၀၀၀ ရေလွှမ်းမိုးခံခဲ့ရပြီး ယင်းပြည်နယ်တစ်ခုတည်း၌ပင် လူ ၂၈ ဦး သေဆုံးခဲ့သည်။ အလာဘားမားပြည်နယ်တွင်လည်း တစ်ဦးသေဆုံး၍ နှစ်ဦးပျောက်ဆုံးခဲ့သည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်း၌ ဇူလိုင် တတိယပတ်အတွင်းက မုတ်သုံမိုးများ သည်းထန်စွာရွာသွန်းခဲ့ရာ ကရာချိမြို့တွင် အနည်းဆုံး လူရှစ်ဦး သေဆုံးခဲ့သည်။ နှစ်ပတ်အတွင်း သေဆုံးသူ ၄၀ ရှိခဲ့သည်။ ဇူလိုင်လ ၁၆ ရက်နေ့အထိ ၁၆ ရက်အတွင်း ရွာသွန်းသော မိုးရေချိန်မှာ ၂၅၄ မီလီမီတာမျှ ရှိခဲ့သည်။

ဇူလိုင်လကုန်ပိုင်း၌ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော ရေကြီးမှုများကြောင့် လူ ၁၈၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့သည်။ မြို့တော်မနီလာတွင် လမ်းမကြီးများရေလွှမ်းသဖြင့် ကျောင်းများ၊ ရုံးများ ပိတ်ခဲ့ရသည်။ ရေကြီးခြင်း၊ မိုးတောင်ချော်နှင့် ရွှံ့နွံများ ပြိုဆင်းခြင်းတို့ကြောင့် မြောက်ပိုင်းပြည်နယ်များတွင် သေဆုံးသူ ၁၇ ဦးရှိပြီး ဒေါ်လာ သုံးသိန်းဖိုးမျှ ပျက်စီးခဲ့သည်။ ပါနေကျွန်းပေါ်ရှိ အီလွိုင်လိုမြို့တွင် လူတစ်သိန်းကျော် အိုးအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ ထိုတစ်မြို့တည်း၌ပင် လူ ၁၀ ဦးသေဆုံးခဲ့သည်။

ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတွင်လည်း ဇူလိုင်လကုန်ပိုင်း၌ မိုးသည်းထန်ခြင်းနှင့် ရေကြီးခြင်းများ ပေါ်ပေါက်ခဲ့ရာ လူ ကိုးဦးသေဆုံးခဲ့သည်။ ယင်း မိုးကြီးရေလျှံခြင်းများသည် အေမီအမည်ရှိ အပူပိုင်းဒေသ မုန်တိုင်း၏ နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သည်။ မုန်တိုင်းတိုက်ခတ်ရာ ကမ္ဘောဒီးယားနိုင်ငံတွင်လည်း ရေကြီးမှု၊ လူသေပျောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ လူ ၂၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး စိုက်ပျိုးမြေဧက ၃.၇ သန်း ရေလွှမ်းခံရပြီး ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ သန်း ၁၈၀၀ မျှ ရှိခဲ့သည်။

ဇူလိုင်လအထိ ရရှိသောစာရင်းများအရ တရုတ်နိုင်ငံဒေသအနှံ့အပြား၌ ပေါ်ပေါက်ခဲ့သော ရေကြီးမှုများကြောင့် လူ ၁၈၄၆ ဦး သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပျက်စီး ဆုံးရှုံးမှုဒေါ်လာ သန်းပေါင်း ၈၇၀၀ ခန့်ရှိသည်။

မိုးခေါင်မှုဒဏ် မကြာခဏကြုံတွေ့ နေရသော အာဖရိကတိုက် အနောက်ပိုင်း နိုင်ဂျာနိုင်ငံတွင် ဩဂုတ်လ ဒုတိယပတ်က မကြုံစဖူး မိုးသည်းထန်စွာရွာပြီး နိုင်ဂျာမြစ်ရေကြီးခဲ့ရာ အနည်းဆုံးလူ ၄၀ ဦး သေဆုံး၍ စိုက်ပျိုးမြေဧက ၂၄၇၀၀ ရေလွှမ်းခံခဲ့ရသည်။ လူ ၃၀၀၀၀ ကျော် နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ နိုင်ငံ၏ အချို့ဒေသများတွင် တစ်နှစ်ပတ်လုံး၏ ပျမ်းမျှ မိုးရေချိန်ဖြစ်သော ၁၄ လက်မကို တစ်နေ့တည်း၌ပင် ရွာခဲ့သည်။

စက်တင်ဘာဒုတိယပတ်အတွင်း ထုတ်ပြန်ကြေညာချက်အရ တရုတ်နိုင်ငံတစ်ဝန်း၌ ၁၉၉၄ ခုနှစ်အတွင်း မိုးကြီးရေလျှံမှုကြောင့် လူ ၄၃၀၀ ကျော်သေဆုံးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာသန်းပေါင်း ၁၇၄၀၀ ရှိခဲ့သည်။ ယခုနှစ်အတွင်း

တိုင်ဖွန်းမုန်တိုင်းကိုးခုတိုက်ခတ်ခဲ့ရာ နှစ်စဉ်ဖြစ်ပေါ်နေကျ အရေအတွက်ငါးခုခြောက်ခုနှင့် နှိုင်းယှဉ်၍ သိသိသာသာ များပြားခဲ့သည်။ ထို့ပြင် အချို့ဒေသများသည် မိုးသည်းထန်မှုကို အကြိမ်ကြိမ်ခံစားရသဖြင့် ပျက်စီးမှု ပိုမိုများပြားခဲ့သည်။ တိဗက်ဒေသနှင့် ကမ်းရိုးတန်းမြို့ ဖြစ်သော ရှန်ဟဲတို့မှလွဲလျှင် တရုတ်နိုင်ငံတစ်ဝန်းလုံးနီးပါး ရေကြီးမှုဒဏ်ခံခဲ့ရသည်။

နိုင်ဂျီးနီးယားနိုင်ငံတွင် စက်တင်ဘာလလယ်က ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများကြောင့်ရေကြီးမှုများပေါ်ပေါက်ခဲ့ရာ လူ ၁၀၀ ခန့်သေဆုံး၍ လူ ၁၀၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ အဓိကအကြောင်းရင်းမှာ မိုင်ဒူဂူရီမြို့ရှိ ရေကာတာကြီးတစ်ခုကျိုးပေါက်သွားပြီး မြေနိမ့်ပိုင်းတွင်ရှိနေသော မြို့အတွင်းသို့ ရေလွှမ်းမိုးခဲ့ခြင်းကြောင့် ဖြစ်သည်။ မြို့တစ်ဝက်သည် ရေအောက်သို့ခြောက်ပေခန့်နစ်မြုပ်သွားခဲ့သည်။

## သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဆောင်ရွက် ချက်များ (၁၉၉၄) ။

။ ၁၉၉၄ခုနှစ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင် များ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဖော်ပြပါသည်။

### ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြသော ဆရာတော်ကြီးများနှင့် ပရိယတ္တိဝန်ဆောင် စာချဆရာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပဋိပတ္တိ ဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိက ဆရာတော်များ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များနှင့် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြင့် ဆက်ကပ်လှူဒါန်းထောက်ပံ့ချီးမြှင့်ခဲ့ရာ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ(၄) ရက် (၄၆)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် အမိန့် ကြော်ငြာစာအမှတ် (၁/၉၄)ဖြင့် ဆရာတော်ကြီး (၁) ပါးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှ ဆရာတော်ကြီး ၁၉ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီးတစ်ပါးတို့အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ စာချဆရာတော် (၁၆) ပါးနှင့် သီလရှင် ဆရာကြီးငါးပါးတို့အား အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ပြည်တွင်းမှဆရာတော် ၂၄ ပါး၊ ပြည်ပမှ ဆရာတော်တစ်ပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါး၊ လူပုဂ္ဂိုလ်နှစ်ဦးတို့အား မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကိုးပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါးတို့အား ရှုဋ္ဌဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီး ကိုးပါးတို့အား အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီး ငါးပါးတို့အား မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးနှစ်ပါးတို့အား ရှုဋ္ဌကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ နယ်လှည့် ဓမ္မကထိက ဆရာတော်ကြီးတစ်ပါးအား မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆရာတော်ကြီးငါးပါးတို့အား ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင် တော်မူသော ဆရာတော်ကြီးတစ်ပါးအား အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှ ဆရာတော်ကြီး ၁၂ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီး နှစ်ပါးတို့အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးခုနစ်ပါး၊ သီလရှင် ဆရာကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ် အမျိုးသားနှစ်ဦး၊ အမျိုးသမီး တစ်ဦးအား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော် ၁၁ ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦး တို့အား သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆက်ကပ်လှူဒါန်းထောက်ပံ့ခဲ့သည့်အပြင် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ပေးကြသော လူပုဂ္ဂိုလ် အမျိုးသား နှစ်ဦးတို့အား သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်အမျိုးသား တစ်ဦးအား သုဓမ္မမဏိ ဇောတဓရ ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်အမျိုးသမီး နှစ်ဦး တို့အား သိရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ အမျိုးသမီး တစ်ဦးအား သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ကိုလည်းကောင်း ချီးမြှောက်ထောက်ပံ့ခဲ့သည်။

### တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးကျင်းပခြင်း

တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ ပဋ္ဌမ အစည်းအဝေးကို ၁၃၅၅ ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်နေ့မှ (၁၃)ရက်နေ့အထိ ရန်ကုန်မြို့၊ သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက

ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

ယင်းအစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း (၂) ရပ်၊ မှတ်တမ်းတင်ခြင်း (၆) ရပ်၊ အတည်ပြုခြင်း (၈)ရပ် နှင့် ဆုံးဖြတ်ခြင်း (၅) ရပ်တို့ကို ချမှတ်ခဲ့သည်။

**ဆုံးဖြတ်ခြင်း (၅) ရပ်**

(က) ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယ စည်းမျဉ်း (ပြင်ဆင်ဖြည့်စွက်ချက်) ကိုဆုံးဖြတ်ခြင်း၊
(ခ) စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးပွဲကြီး ကျင်းပရေးအတွက် လုပ်ငန်း စီမံချက်များ (မူကြမ်း) ကို ဆုံးဖြတ်ခြင်း၊
(ဂ) တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ စည်းမျဉ်း အခန်း (၁) အပိုဒ် (၂) ပြင်ဆင်ဆုံးဖြတ်ခြင်း၊
(ဃ) သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပြင်ဆင် ရန် တင်ပြခြင်းကို ဆုံးဖြတ်ခြင်း၊
(င) ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း စည်းမျဉ်း (ပြင်ဆင် ဖြည့်စွက်ချက်) (မူကြမ်း) ကို ဆုံးဖြတ်ခြင်း၊

**ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပခြင်း**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အမိန့်ကြေညာစာအမှတ် (၁/၉၄)ဖြင့် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် သာသနာ တော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်း ကြသော ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ၁၃၅၆ခုနှစ်၊ တပေါင်း လပြည့် (၁၉၉၄ခုနှစ်၊ မတ်လ ၂၆ ရက်)နေ့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသဏ လိုဏ်ဂူ တော်ကြီး၌လည်းကျင်းပသည်။

**ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဝိနည်း ဓမ္မကံ အဓိကရဏ်း မှုခင်းများဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) နှင့်အညီ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်များပါဝင် သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော် အယူခံဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများကို စစ်ဆေး ဆုံးဖြတ်စေခဲ့ရာ ၁၉၉၄ ခုနှစ်အတွင်း နိုင်ငံတော် သံဃ ဝိနိစ္ဆယအဖွဲ့ ၁၆ ဖွဲ့တို့က နိုင်ငံတော်အယူခံ ဝိနည်း ဓမ္မကံ မှုခင်း ၆၇ မှုတို့ကို စစ်ဆေးသုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။ ထို့အပြင်ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်းမှုလေးမှု၊ ရဟန်း၊ သာမဏေနှင့် အခြား ပုဂ္ဂိုလ်တို့ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်းမှု (၁၉)မှု၊ ပြေငြိမ်း မှုနှင့် အယူခံပြီး ဆုံးဖြတ်သွားသော ဝိဝါဒ ဓိကရုဏ်းမှု ၂၂ မှု၊ ၄၇ပါး စုံညီ အစည်းအဝေးသို့ တင်ပြအဆုံးဖြတ်ခံယူမှု ၅၀မှု၊ အထူးအစည်းအဝေးသို့တင်ပြ၍ အဆုံးအဖြတ်ခံယူမှု သုံးမှု၊ အထွေထွေ ဝိနိစ္ဆယဆောင်ရွက်မှု ၂၀၃ မှုတို့ကို လည်းကောင်းဆောင်ရွက်ခဲ့သည်။

**ဗုဒ္ဓဘာသာဆိုင်ရာစာမူများစိစစ်ခြင်း**

၁၉၉၄ ခုနှစ်အတွင်း ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း ၇၄၈ မှုတို့ကို စိစစ်ခဲ့သည်။ စာမူပေါင်း ၁၄၈ မှုအနက် ၂၆၀ တို့ကိုထုတ်ဝေခွင့်ပြုခဲ့၍ စာမူ ၂၂ကို ထုတ်ဝေခွင့်မပြုဘဲ စာမူ ၁၀၇ မှုကို ပြင်ဆင်စေရန်လည်းကောင်း၊ စာမူ ၁၈၃ မှုကိုဖြုတ်ပယ်စေ၍လည်းကောင်း၊ စာမူ ၁၇၀ ကိုဖြုတ်ပယ် ပြင်ဆင်စေ၍လည်းကောင်း ထုတ်ဝေခွင့်ပြုခဲ့ပြီး စာမူ ခြောက်မှုကို ပြင်ဆင်ရေးသားတင်ပြရန် ညွှန်ကြားခဲ့သည်။

**စာမေးပွဲများကျင်းပခြင်း**

၁၉၉၄ ခုနှစ်၊ (၄၆) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် သံဃာတော်ပေါင်း ၁၆၀ ဝင်ရောက်ဖြေဆိုပြန်ဆိုခဲ့ရာ အာဂုံပြန် ၂၄ ပါး၊ သဘော ရေးဖြေသုံးပါး၊ စုစုပေါင်း ၂၇ ပါး အောင်မြင်ခဲ့သည်။

၁၉၉၄ ခုနှစ် ဓမ္မာစရိယ စာမေးပွဲကို ၃၁-၃-၉၄ နေ့မှ စ၍ ပြည်နယ်/တိုင်းအသီးသီးရှိ စာဖြေဌာန ၂၅ ဌာနတို့၌ ကျင်းပခဲ့ရာ ၆၀၅၄ ပါး ဝင်ရောက်ဖြေဆို၍ သုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ ၁၁၂ ပါး၊ နှစ်ကျမ်းအောင် ၁၃၂ ပါး၊ တစ်ကျမ်းအောင် ၁၅၂ပါး၊ မြန်မာဂုဏ်ထူးအောင် သုံးပါး၊ စုစုပေါင်း ၃၉၈ ပါးအောင်မြင်ခဲ့သည်။

ပထမပြန်စာမေးပွဲများကို ပြည်နယ်/တိုင်းအတွင်းရှိ စာဖြေဌာန ၂၀၂ ဌာနတို့၌ ကျင်းပခဲ့ရာ ပထမကြီးတန်းတွင် ၆၁၉၄ပါး ဝင်ရောက်ဖြေဆိုရာ (၇၇၂)ပါး အောင်မြင် ပါသည်။ ပထမလတ်တန်းတွင် (၉၉၉၆)ပါး ဝင်ရောက် ဖြေဆိုခဲ့ရာ ၂၁၀၃ပါး အောင်မြင်သည်။ ပထမငယ်တန်း တွင် ၁၅၅၃၉ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၅၁၅၈ပါး အောင်မြင်သည်။ အခြေပြု မူလတန်းစာမေးပွဲတွင် ၁၇၆၂၄ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၁၀၄၄ပါး အောင်မြင် သည်။

လူနှင့် သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို နှစ်စဉ်ကျင်းပခဲ့သည်။ အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲကို ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စာဖြေဌာန ၁၀၉ ဌာန၌ ကျင်းပခဲ့ရာ ၉၀၅၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၄၅၈၆ဦး အောင်မြင်ခဲ့သည်။ အဘိဓမ္မာဂုဏ်ထူးဆောင် စာမေးပွဲကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာန ၇၄ ဌာနတို့၌ ကျင်းပခဲ့ရာ ၁၅၂၃ဦး ဝင်ရောက်ဖြေဆို၍ ၈၁၃ဦး အောင်မြင်သည်။ ဝိသုဒ္ဓိမဂ်စာမေးပွဲကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာန (၄၃)ဌာနတို့၌ ကျင်းပခဲ့ရာ ၃၀၄ဦး ဝင်ရောက်ဖြေဆို၍ ၁၆၀ဦးအောင်မြင်သည်။

တတိယအကြိမ် နိကာယ်(၅) ရပ် ပါဠိတော်စာမေးပွဲကို ၂၇-၆-၉၄ နေ့မှ စ၍ ပြည်နယ်/တိုင်းအသီးသီးရှိ စာဖြေဌာန ၅၈ ခုတို့၌ ကျင်းပခဲ့သည်။ ယင်းနိကာယ် (၅) ရပ် ပါဠိတော်စာမေးပွဲသို့ ၆၁၇၅ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၈၁၄ပါး အောင်မြင်သည်။

နိကာယ် ၅ ရပ် ပါဠိတော်စာမေးပွဲကြီးတွင် အပ်စု (၁) ခုဒ္ဒကနိကာယ် (ဝိနယပိဋက) ဝိနည်းငါးကျမ်းလုံးကို ဖြေဆို အောင်မြင်သော ပုဂ္ဂိုလ်များအား "ဝိနယဝိဒူ" ဘွဲ့တံဆိပ်၊ ဝိနည်းငါးကျမ်းလုံးကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "ဝါသိဋ္ဌဝိနယဝိဒူ" ဘွဲ့တံဆိပ်၊ အပ်စု( ၂) ဒီဃနိကာယ (သုတ္တန္တဝိနယ) သုတ်သုံးကျမ်းကို ဖြေဆို အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "ဒီဃဝိကာယဝိဒူ" ဘွဲ့တံဆိပ်၊ သုတ်သုံးကျမ်းလုံးကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "ဝိသိဋ္ဌဒီဃနိကာယဝိဒူ" ဘွဲ့တံဆိပ် ၊ အပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက) သုတ်သုံးကျမ်းလုံးကို ဖြေဆိုအောင်မြင်ကြသော ပုဂ္ဂိုလ်များအား "မဇ္ဈိမနိကာယဝိဒူ" ဘွဲ့တံဆိပ်၊သုတ်သုံးကျမ်းလုံးကို ဂုဏ်ထူး ဖြင့် အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "ဝိသိဋ္ဌမဇ္ဈိမနိကာယဝိဒူ" ဘွဲ့တံဆိပ်၊ အပ်စု (၄) (သုတ္တန္တပိဋက) သုတ်သုံးကျမ်းလုံးကို ဖြေဆိုအောင်မြင်ကြသော ပုဂ္ဂိုလ်များအား "သံယုတ္တနိကာယဝိဒူ" ဘွဲ့တံဆိပ်၊ သုတ်သုံးကျမ်းလုံး ကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "ဝိသိဋ္ဌသံယုတ္တနိကာယဝိဒူ" ဘွဲ့တံဆိပ်၊ အပ်စု (၅) အင်္ဂုတ္တရနိကာယ်(သုတ္တန္တပိဋက) သုတ်သုံးကျမ်းကို ဖြေဆို အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "အင်္ဂုတ္တရနိကာယဝိဒူ" ဘွဲ့တံဆိပ်၊ သုတ်သုံးကျမ်းလုံးကို ဂုဏ်ထူးဖြင့် အောင်မြင် ကြသောပုဂ္ဂိုလ်များအား "ဝိသိဋ္ဌ အင်္ဂုတ္တရနိကာယဝိဒူ" ဘွဲ့တံဆိပ်၊ အပ်စု(၇) ခုဒ္ဒကနိကာယ် (သုတ္တန္တပိဋက) သုတ်ငါးကျမ်းလုံးကို ဖြေဆိုအောင်မြင်ကြသော ပုဂ္ဂိုလ်များအား "ခုဒ္ဒကနိကာယဝိဒူ" ဘွဲ့တံဆိပ်၊ သုတ်ငါးကျမ်း လုံးကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "ဝိသုဋ္ဌ ခုဒ္ဒကနိကာယဝိဒူ" ဘွဲ့တံဆိပ်၊ အပ်စု (၈) ခုဒ္ဒက နိကာယ် (အဘိဓမ္မ ပိဋက) အဘိဓမ္မာကျမ်းစဉ် ငါးကျမ်းလုံးကို ဖြေဆိုအောင်မြင်ကြသော ပုဂ္ဂိုလ်များအား "အဘိဓမ္မဝိဒူ" ဘွဲ့တံဆိပ်၊ အဘိဓမ္မာ ပိဋက ကျမ်းစဉ် ငါးကျမ်းလုံးကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "ဝိသိဋ္ဌ အဘိဓမ္မဝိဒူ" ဘွဲ့တံဆိပ်များနှင့် လျှုဒါန်းပူဇော်ပွဲ များကို ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

**သီရိလင်္ကာနိုင်ငံ။** ။ ၁၉၉၃ ခု၊ မေလ ၁ ရက်နေ့တွင် သီရိလင်္ကာ နိုင်ငံ သမ္မတ ပရီမာဒါသာ လုပ်ကြံမှုခံရပြီးနောက် အခြေခံဥပဒေနှင့်အညီ ဝန်ကြီးချုပ် ဝိဂျက်တွန်းဂါးသည် ယာယီသမ္မတ အဖြစ် တာဝန်ယူဆောင်ရွက်သည်။ (ဗွယ်ကုံ နှစ်ချုပ် ၁၉၉၄ – စာ ၊ ၃၀၇၊ ၃၀၈– ရှု။ )

ဝိဂျက်တွန်းဂါးသည် ပြည်နယ်ခွဲထွက်ရေးအတွက် လက်နက်ကိုင်တိုက်ခိုက်နေသူ တမီးလ်များအပေါ်တွင် ပို၍ တင်းမာသော သဘောထားရှိသူဖြစ်သည်။ ထို့ကြောင့်ပင် တမီးလ်တပ်နှင့် အစိုးရတပ်တို့မကြာခဏတိုက်ပွဲဖြစ်ပွား ရာ နှစ်ဖက်အကျအဆုံးများလျက်ရှိသည်။

၁၁ နှစ်ကြာဖြစ်ပွားသောတိုက်ပွဲများတွင် ပြည်သူ ၃၄၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။ တိုက်ပွဲများပြီးဆုံးအောင် မစွမ်းဆောင်နိုင်ကြပေ။

ရာထူးယူပြီး ရှစ်လအကြာ ၁၉၉၄ ခု၊ ဇန်နဝါရီလ ၂ ရက်နှစ်သစ်ကူးစမှာပင် အစိုးရတပ်များနှင့် တမီးလ်အီလမ် တပ်များ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ပွားသည်။ အတိုက်အခံ ပါတီများကလည်း ဝိဂျက်တွန်းဂါး အစိုးရကို ဝေဖန်ပြစ်တင် ဆန့်ကျင်ကြသည်။

ဇူလိုင်လဆန်းတွင် အာဏာရ ယူနိုက်တက်နေရှင်နယ် ပါတီက ကြေညာရာတွင် ၁၉၇၀ ပြည့်နှစ်များက ကျင့်သုံး လာသည့် သမ္မတ၌ အာဏာပိုရှိသော လက်ရှိကျင့်သုံးနေသည့် စနစ်ကို ပယ်ဖျက်ပြီး ယခင်ကျင့်သုံးခဲ့ဖူးသည့် ပါလီမန်က အာဏာရှိပြီး၊ သမ္မတကို ပြယုဂ်တစ်ခုအဖြစ်သာထားသော စနစ်ဟောင်းကို ပြန်လည်အစားထိုး ကျင့်သုံးမည်ဟု ဖော်ပြ ထားသည်။ ပါလီမန်၌ အာဏာပို၍ထားသည့် အုပ်ချုပ်ရေး စနစ်ကို သီရိမာဗိုဗန္ဒရာနိုက်ကေးနှင့် သမီး ချန်ဒရိကာတို့၏ ဖရီးဒမ်း (လွတ်လပ်ရေး) ပါတီက လိုလားသည်။

ဇွန်လ ၂၅ ရက်နေ့တွင် အစိုးရသည် လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။ ဇူလိုင်လ ၂၁ ရက်နေ့ရောက်သော အခါ အစိုးရသည် မိမိ၏ကြေညာချက်ကို ရုပ်သိမ်းလိုက်ပြီး သမ္မတတွင် အာဏာပိုရှိသော လက်ရှိအုပ်ချုပ်ရေးစနစ်ကိုပင်

ကျင့်သုံးမည်ဟု ကြေညာပြန်သည်။ ဖရီးဒမ်းပါတီက ဦးဆောင်တင်ပြသည့် အုပ်ချုပ်ရေးစနစ်ကို အတိုက်အခံပါတီငယ်များက ထောက်ခံသည်။

ထိုအတောအတွင်း ဩဂုတ်လ ၂ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်း ပါလာလီလေဆိပ်ကို တမီးလ်ခွဲထွက်ရေး ပြောက်ကျားတို့က ဝင်ရောက် တိုက်ခိုက်ပြီးနောက် ရဟတ်ယာဉ်တစ်စီးကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

ဩဂုတ်လ ၁၆ ရက်နေ့တွင် ရရှိသော သတင်းအရ အစိုးရရေတပ်မှ သင်္ဘောတစ်စင်းကို ပြောက်ကျားတို့က နစ်မြုပ်လိုက်ရာ တပ်ခွဲနှစ်ခွဲ ပျောက်ဆုံးနေသည်ဟု ဆိုသည်။ တမီးလ်ပြောက်ကျားတို့သည် မြောက်ပိုင်းဂျက်ဖနာကျွန်းတစ်ဝိုက်နှင့် အရှေ့ပိုင်း ဟာရင်ကိုမလီတစ်ဝိုက်၌ ဩဇာ လွှမ်းမိုးလျက်ရှိသည်။

**ရွေးကောက်ပွဲ** – ဩဂုတ်လ ၁၆ ရက် နေ့တွင် ရွေးကောက်ပွဲပြုလုပ်ရမည်ဖြစ်ရာ ပါတီဝင်အချင်းချင်း ခိုက်ရန်မဖြစ်ပွားရေး၊ အဓိကရုဏ်းမပေါ်ပေါက်ရေး၊ တမီးလ်ခွဲထွက်ရေး ပြောက်ကျားတို့၏ တိုက်ခိုက်မှုမှ ကာကွယ်ရေးအတွက် နိုင်ငံတစ်ဝန်းတွင် အရေးပေါ်အခြေအနေကြေညာရသည်။ အစိုးရအာဏာမလွှမ်းသော မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် ယင်းအခြေအနေနှင့်ပတ်သက်၍ ကြေညာရန်မလိုဟုဆိုသည်။ ဩဂုတ်လ ၁၀ ရက်နှင့် ၁၁ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် အစိုးရစခန်းများကို တမီးလ်ကျားတို့က တိုက်ခိုက်ရာ သူပုန်နှင့်အစိုးရတပ်သား ၅၇ ဦး သေဆုံးသည်။ သီရိလင်္ကာအရှေ့ပိုင်း ဘာတီကာလိုအာခရိုင်တွင် ဖြစ်ပွားသော တိုက်ပွဲ၌ တပ်သား ၁၀ ဦးသေဆုံး၍ သူပုန်ဘက်မှ ၂၀ သေဆုံးသည်။

တမီးလ်တို့တွင် အိန္ဒိယတောင်ပိုင်း တမီးလ်နာဒူးကျောထောက်နောက်ခံနယ်ရနေသည်။ သီရိလင်္ကာ အစိုးရသည် အနောက်အုပ်စုနိုင်ငံအချို့နှင့် အစ္စရေးနိုင်ငံတို့ထံမှ အထိုက်အသင့် အကူညီအများဆုံးရရှိနေသည်။ ပြည်သူတို့မှာ တိုက်ခိုက်သတ်ဖြတ်မှုများကို ငြီးငွေ့နေကြသည်။

ထိုအတောအတွင်း ; ရွေးကောက်ပွဲကို ဩဂုတ် ၁၆ ရက်နေ့တွင် ကျင်းပသောအခါ လူဦးရေ ၁၆ သန်းအနက် မဲစာရင်းတွင် မဲဆန္ဒရှင် ၉ သန်းပါရှိသည်။ ပြည်သူ့ညီညွတ်ရေးပါတီ (ယူအင်ပီ)၊ သီရိလင်္ကာလွတ်လပ်ရေးပါတီနှင့် အခြားပါတီ ၁၁ ခု ယှဉ်ပြိုင်အရွေးခံကြသည်။ တစ်သီးပုဂ္ဂလ ၂၉ ဦးလည်း ပါဝင်ယှဉ်ပြိုင်သည်။

မဲဆန္ဒပေးသောနေ့တွင် လွန်ခဲ့သောနှစ် ၂၀ က ကြေညာထားခဲ့သော အရေးပေါ်အခြေအနေကြေညာချက်ကို ခေတ္တရုပ်သိမ်းပေးသည်။ ၇၀ ရာခိုင်နှုန်းက မဲပေးကြသည်ဟုဆိုသည်။

မဲများရေတွက်ပြီးစီးသောအခါ ပြည်သူ့ညီညွတ်ရေးပါတီ (ယူအင်ပီ) က ရှုံးနိမ့်ကာ ဖရီးဒမ်းပါတီက ဦးဆောင်သော အတိုက်အခံ ၁၁ ပါတီပါရှိသည့် လက်ဝဲဝါဒီပြည်သူ့ မဟာမိတ်ပါတီက အနိုင်ရသည်။

သီရိမာဗို ဘန္ဒရာနိုက်ကေး၏ သမီး ချန်ဒရိကာကုမာရတွန်းဂါး ဦးဆောင်သော ပြည်သူ့မဟာမိတ်ပါတီက အမတ်နေရာ ၂၂၅ နေရာအနက် ၁၀၅ နေရာ၊ ယူအင်ပီက ၉၄ နေရာအနိုင်ရရှိကြသည်။ ဖရီးဒမ်းပါတီကြီးမှာ နေရာအများစုမရသဖြင့် ပါတီငယ်များနှင့်ပေါင်းကာ ညွန့်ပေါင်းအစိုးရဖွဲ့မည်ဖြစ်သည်။ ယူအင်ပီပါတီကလည်း ညွန့်ပေါင်းအစိုးရဖွဲ့ရန်ကြိုးပမ်းသော်လည်း မအောင်မြင်ပေ။

နောက်ဆုံးတွင် ဩဂုတ်လ ၂၀ ရက်နေ့၌ သမ္မတက ပြည်သူ့မဟာမိတ်ပါတီခေါင်းဆောင် ချန်ဒရိကာကုမာရတွန်းဂါးအား ဖိတ်ကြားကာ အစိုးရဖွဲ့ရန် အပ်နှင်းရသည်။

ချန်ဒရိကာသည် ဗေဒင်ပညာရှိတို့၏ အခါပေးဆုံးဖြတ်ချက်အရ ဩဂုတ်လ ၁၉ ရက်နေ့ သောကြာနေ့ နံနက် ၁၀ နာရီ ၁၄ မိနစ်တွင် ဝန်ကြီးချုပ်အဖြစ်ကျမ်းကျိန်ဆိုသည်။ ထိုနေ့မှာပင် အစိုးရဝန်ကြီးများအမည်ကို ကြေညာသည်။ ဤနည်းအားဖြင့် ၁၇ နှစ်ကြာ အုပ်စိုးခဲ့သော ယူအင်ပီပါတီသည် ဤနေ့ဤရက်တွင် ဖရီးဒမ်းပါတီသို့ ပြန်လည်အရှုံးပေးရသည်။

ဝန်ကြီးချုပ် ချန်ဒရိကာဗန္ဒာရာနိုက်ကေးကုမာရတွန်းဂါးသည် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းဝန်ကြီးဌာန ဝန်ကြီးရာထူးများကိုလည်း ရယူမည်ဖြစ်သည်။

ချန်ဒရိကာကုမာရတွန်းဂါးသည် ဖခင်ဖြစ်သူ ဝန်ကြီးချုပ်ဆော်လမွန်ဗန္ဒရာနိုက်ကေးနှင့် မိခင်ဖြစ်သူ ဝန်ကြီးချုပ်သီရိမာဗို၏ သမီးဖြစ်သည်။ ဤသို့ဖြင့် အာရှတွင် အမျိုးသမီး ဝန်ကြီးချုပ်သုံးဦး ဖြစ်လာသည်။ ပါကစ္စတန် ဝန်ကြီးချုပ်ဘီနဇာဘူတို၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာနှင့် သီရိလင်္ကာဝန်ကြီးချုပ် ချန်ဒရိကာကုမာရတွန်းဂါးတို့ဖြစ်သည်။

ဖခင် ဆော်လမွန်ဗန္ဒရာနိုက်ကေးမှာ ဘုန်းတော်ကြီးတစ်ပါး၏ လုပ်ကြံမှုကို ခံရသည်။ သူမ၏ ခင်ပွန်းဖြစ်သူ ဗီဂျေးကုမာရသိင်္ဂါသည် ဖရီးဒမ်းပါတီ၏ အတွင်းရေးမှူးဖြစ်ပြီး ရုပ်ရှင်ဇာတ်ဆောင် တစ်ယောက်ဖြစ်သည်။ ပရိမာဒါဆာတို့ တန်ခိုးထက်ခဲ့စဉ် အဖမ်းခံရဖူးသည်။ ထောင်မှလွတ်လာပြီး မကြာမီပင် အမည်မသိသူတို့၏ လက်ချက်ဖြင့် အသက်သေဆုံးရသည်။

ချန်ဒရိကာသည် မိခင်လက်ထက်နှင့် ခင်ပွန်းသည်လက်ထက်တွင် ပါတီလုပ်ငန်းများ၌ ပါဝင်အလုပ်လုပ်ခဲ့သူ



ချန်ဒရိကာ ဗန္ဒာရနိုက်ကေးကုမာရတွန်းဂါး (ဝဲ) အား မိခင်ဖြစ်သူနှင့် အတူတွေ့ရစဉ်

ဖြစ်ခဲ့သည်။ ယခုဝန်ကြီးချုပ်တာဝန်ကိုကိုယ်တိုင် ထမ်းဆောင်ရသောအခါ မိခင်ဖြစ်သူ၏ အကူအညီကိုမရယူဘဲ သို့မဟုတ် မိခင်၏ ကြိုးဆွဲမခံရဘဲ အုပ်ချုပ်နိုင်မည်လားဟု စဉ်းစားရန် မလိုပေ။ မိခင်ဖြစ်သူမှာ နာမည်ပျက်စာရင်း၌ မှတ်သွင်းခြင်း ခံရ၍ ရွေးကောက်ပွဲများ၌ ဝိုင်းပယ်ခံနေရသည်။

အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ချန်ဒရိကာသည် ပါလီမန်အစည်းအဝေးကို ပထမဆုံး အကြိမ်အဖြစ် ဩဂုတ်လ ၁၉ ရက်နေ့က ကျင်းပသည်။

ကာကွယ်ရေးဝန်ကြီးဌာနကို သမ္မတ ဒင်ဂီရီဘန်ဒါ ဝီဂျီတွန်းဂါးလက်တွင် ခေတ္တထားရှိသည်။ ရွေးကောက်ပွဲ ပြီးဆုံးသောအခါ အရေးပေါ်အခြေအနေကြေညာချက်ကို ရုပ်သိမ်းသည်။ ဝန်ကြီးချုပ် ချန်ဒရိကာက ယင်းအမိန့်ကို စက်တင်ဘာလ ၅ ရက်နေ့က အပြီးသတ်ရုပ်သိမ်းလိုက်ရာ၊ နှစ် ၂၀ ကျော်ခဲ့သော အရေးပေါ်အခြေအနေကြေညာချက်သည် ပြီးဆုံးသွားတော့သည်။

ဩဂုတ်လ ၂၃ ရက်နေ့တွင် ဝန်ကြီးဌာနအသီးသီးသည် သက်ဆိုင်ရာလုပ်ငန်းများကို စတင်ဆောင်ရွက်ကြသည်။ ကုန်ဈေးနှုန်းလျှော့ချရေးကို လက်ငင်းဆောင်ရွက်ရာ၌ ဂျုံနှင့် ပေါင်မုန့်ဈေးလျှော့ချခဲ့သည်။

ဝန်ကြီးချုပ်ချန်ဒရိကာ ဗန္ဒာရနိုက်ကေးကုမာရတွန်းဂါးသည် ၁၁ နှစ်ကျော် ကြာရှည်ပြီဖြစ်သော ပြည်နယ်ပြဿနာကို ဖြေရှင်းရန် စစ်ဘက်ခေါင်းဆောင်များနှင့် ဩဂုတ်လ ၃၁ ရက်နေ့က တိုင်ပင်ဆွေးနွေးသည်။

ဆွေးနွေးရမည့်အချက်များတွင် တမီးလ်နယ်မြေများသို့ ရိက္ခာတင်ပို့မှု ဖြတ်တောက်ရေးကို အလျှော့ပေးသင့် မပေးသင့်၊ အပစ်အခတ်ရပ်စဲမှု ပြု သင့်မပြုသင့်နှင့် နိုင်ငံရေးအရ သင့်မြတ်အောင် ဖြေရှင်းနိုင်မည့်နည်းများ ပေးသင့်မပေးသင့်ကို ဆွေးနွေးတိုင်ပင်သည်။

ဗိုလ်ချုပ် ဂယ်ရီဒီစီးလ်ဗားက မိမိတို့သည် ယှင်းပြဿနာများနှင့်ပတ်သက်၍ အမည်းရောင် တမီးလ်နယ်စပ်၌ ပြောက်ကျားတို့နှင့် ရင်ဆိုင်နေရသော စခန်းများရှိ တပ်မှူး တပ်သားများနှင့် ဆွေးနွေးရဦးမည်ဟု ဆိုသည်။ ထိုအပြင် မြောက်ပိုင်း အရှေ့ပိုင်းနယ်မြေများသို့ သွားလမ်းလာလမ်းများကို နှစ်ဖက်လုံးက ဖွင့်ပေးရမည်ဟု ဆိုသည်။

တစ်ချိန်တည်းမှာပင် ဝန်ကြီးချုပ်ချန်ဒရိကာ အစိုးရက သူပုန်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမည်ဟု ဖိတ်ခေါ်လိုက်သည်။ ယင်းဖိတ်ခေါ်ချက်ကို တမီးလ် ပြောက်ကျားအဖွဲ့ခေါင်းဆောင် ပရာဘာဟာကာရန်က လက်ခံသည်။ စည်းကမ်းချက်မထားဘဲ ဆွေးနွေးလိုသည်ဟု ပရာဘာဟာကာရန်က ပြန်ကြားသည်နှင့်တစ်ပြိုင်နက် တမီးလ်တို့က ဖမ်းဆီးထားသော အရာရှိရှစ်ဦးကို လွှတ်ပေးလိုက်သည်။

သီရိလင်္ကာအစိုးရကလည်း သူပုန်နယ်မြေအတွင်း စားနပ်ရိက္ခာနှင့် ဝတ္ထုပစ္စည်းများ သွင်းပို့နိုင်ခွင့်ပေးလိုက်သည်။ စက်တင်ဘာ ၁၅ ရက်နေ့တွင် တမီးလ်သူပုန်ခေါင်းဆောင် ပရာဘာဟာကာရန်က အစိုးရ၏ကမ်းလှမ်းချက်ကိုလက်ခံသည်။ ယင်းတို့လက်ခံကြောင်း ဂျက်ဖနာသူပုန်ဌာနတွင် ဘီဘီစီ သတင်းထောက်သို့ ပြောပြသည်။ အပစ်အခတ်ရပ်စဲကြရန် ကိုလည်း ပရာဘာဟာကာရန်က တိုက်တွန်းလိုက်သည်။

သို့ရာတွင် စက်တင်ဘာ ၁၉ ရက်နေ့တွင် သီရိလင်္ကာကျွန်း အနောက်မြောက်ပင်လယ်ကမ်းကို ကင်းထောက်စောင့်ကြပ်နေသော အစိုးရသင်္ဘောတစ်စင်းကိုအသေခံ တမီးလ်တပ်သား တစ်ဦးက ဗုံးထောင်ဖောက်ခွဲကာ နှစ်မြုပ်လိုက်သည်။ တစ်ဖန် အောက်တိုဘာလ ၁၉ ရက်နေ့တွင်လည်း ကင်းလှည့်သင်္ဘော တစ်စီးကို တမီးလ်တို့က တိုက်ခိုက်နှစ်မြုပ်လိုက်သည်။ တစ်နေရာတွင်မူ ထိုးစစ်အကြီးအကျယ်ဆင်ရန် ပြင်ဆင်ထားသော အစိုးရတပ်ဖွဲ့ကို ရှေ့မတိုးစေဘဲ ရပ်ဆိုင်းထားသည်ဟု သိရှိရသည်။

## သီသိ၊ အကယ်ဒမီ ရုပ်ရှင်မင်းသမီးကြီး (ခရစ် ၁၉၃၄–၁၉၉၄)။

။ရုပ်ရှင်မင်းသမီးကြီး သီသိအား မိဘများဖြစ်ကြသော ဦးလှရွှေ၊ ဒေါ်သန်းစိန်တို့က ၁၉၃၄ ခုနှစ်တွင် သဲကုန်းမြို့၌ မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူသည် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူ၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ ဗိုလ်ချုပ် အောင်ဆန်းဈေးတွင် ဈေးထွက်ရင်း

မိသားစု၏ စီးပွားရေးကို ဝင်ရောက်လုပ်ကိုင်ပေးခဲ့သည်။ သီသီသည် ငယ်စဉ်ကစ၍ ရုပ်ရှင်ကြည့်ရင်း သရုပ်ဆောင်မင်းသမီးများ၏ အမူအရာကို လေ့လာခဲ့သည်။ ထိုစဉ်ကတည်းက သီသီသည် ရုပ်ရှင်မင်းသမီးဘဝကို မျှော်မှန်းခဲ့သည်။ ရုပ်ရှင်မင်းသမီးဖြစ်လိုသော သီသီအတွက်အခွင့်အလမ်းတစ်ရပ်မှာ သီသီတို့ဆိုင်သို့ လာရောက် ဈေးဝယ်လေ့ရှိသူများတွင် ရုပ်ရှင် မင်းသား ခင်မောင် ပါဝင်နေခြင်းပင်ဖြစ်သည်။

၁၉၅၂ ခုနှစ်တွင် မင်းသား ခင်မောင်က သီသီအား ရုပ်ရှင်မင်းသမီးအဖြစ်အသုံးပြုရန် လှျပ်စစ်ရုပ်ရှင် ကုမ္ပဏီသို့ ဆက်သွယ်ပေးခဲ့သည်။ ထိုအချိန်က ပြဇာတ်လောကတွင် ထင်ရှားကျော်ကြားသော မင်းသမီးများနှင့် အေ ဝမ်း၊ ဗြိတိသျှဘားမားစသည့် ကုမ္ပဏီကြီးများတွင် လခစားမင်းသမီးအဖြစ် ကျင်လည်နေသူများသာ ရုပ်ရှင်မင်းသမီးဖြစ်နိုင်ချိန်ဖြစ်ရာ သီသီကဲ့သို့ သာမန်အရပ်သူ တစ်ယောက်အတွက် ရခဲလှသည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

ထိုသို့ဖြင့် ၁၉၅၂ ခုနှစ် လှျပ်စစ်ရုပ်ရှင်ကုမ္ပဏီမှ သမာဓိရှင်လုံး၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ တက္ကသိုလ်ဝင်းဖေရိုက်ကူးသော "စွန့်ဝံ့သူ" ရုပ်ရှင်ကား၌ သီသီသည် "ခင်သီ" အမည်ဖြင့် ပါဝင်ခွင့်ရရှိကာ မင်းသမီးဖြစ်လာခဲ့သည်။ "စွန့်ဝံ့သူ" မှာ သံစုံသွင်း ရုပ်ရှင်ကားဖြစ်သည်။ ခင်သီက အရူးမကလေးတစ်ဦးအသွင် ခက်ခက်ခဲခဲ နက်နက်နဲနဲ သရုပ်ဆောင်ပြခဲ့ရသည်။ "စွန့်ဝံ့သူ" ရိုက်ကူးချိန်တွင် သီသီ၏ အသက်မှာ ၁၈ နှစ်သာရှိသေးသည်။ တွဲဖက်သရုပ်ဆောင်ရသော မင်းသားမှာလည်း သီသီအား ရုပ်ရှင်လောကသို့ ဆွဲခေါ်လာခဲ့သော သီသီနှင့် ရင်းနှီးခင်မင်သည့် မင်းသား ခင်မောင်ဖြစ်သည်။



(အကယ်ဒမီ)
သီသီ

"စွန့်ဝံ့သူ" ဖြင့် ရုပ်ရှင်လောကသို့ ခြေချစဉ်က သီသီသည် "ခင်သီ" အမည်ဖြင့် ဝင်ရောက်ခဲ့သော်လည်း နောင်တွင် "သီသီ" ဟူသော အမည်ကိုသာ အသုံးပြုခဲ့သည်။ သီသီ ရုပ်ရှင်လောက စတင်တုန်းက မေမြင့်၊ မေရှင်၊ မေသစ်၊ မေမြ၊ မေလွင်၊ တင်တင်မူ၊ မြင့်မြင့်ခင်၊ ခင်လေးဆွေ၊ ခင်အုန်းမြင့်၊ မေရီမြင့် စသူတို့မှာ အောင်မြင်နေကြပြီး ကြည်ကြည်ဌေးမှာလည်း :"ချစ်သက်ဝေ" ဖြင့် ရုပ်ရှင်လောက စတင်ခြေချနေချိန်ဖြစ်သည်။

စွန့်ဝံ့သူအပြီးတွင် သီသီ၏ လက်ဦးဆရာ ဒါရိုက်တာ တက္ကသိုလ် ဝင်းဖေကပင် "နှင်းဝေဝေ" အသံတိတ်ကားနှင့် "ချစ်သွေးသောက်" သံစုံသွင်းကားများဖြင့် သီသီကို ဆက်လက်၍ သရုပ်ဆောင်မင်းသမီးအဖြစ် မြေတောင်မြှောက်ပေးခဲ့သည်။ ထိုအချိန်က အသံထွက်ရုပ်ရှင်ကားများတွင်ကျယ်ထွန်းကားနေချိန်ဖြစ်သော်လည်း ရိုက်ကူးခွင့်ရသည့် ရုပ်ရှင်ကားများမှာ အသံထွက်ကားများမဟုတ်ဘဲ အသံတိတ်နှင့် သံစုံသွင်းကားများဖြစ်ကြရာ သီသီပါဝင်သော ကားများမှာ အသံတိတ်ကားများသာဖြစ်ခဲ့ကြရသည်။

ထို့နောက် ဒါရိုက်တာ ဦးအောင်စု၏ အောင်ရုပ်ရှင်ကုမ္ပဏီတွင် တစ်လလျှင် သုံးရာငါးဆယ်ကျပ်ဖြင့် သုံးနှစ်ဝင်၍ လုပ်ကိုင်ခဲ့သည်။ ထိုကုမ္ပဏီဖြင့် သီသီသည် ရုပ်ရှင်နှစ်ကား ရိုက်ကူးခွင့်ရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မပြီးပြတ်ခဲ့သဖြင့် ရုံမတင်နိုင်ခဲ့ချေ။ သီသီအတွက် အချိန်ကုန် လူပန်းပြီး မျှော်ရကျိုးမနပ်ခဲ့သော ကာလများပင် ဖြစ်သည်။ ထို့နောက် သီသီသည် အောင်ရုပ်ရှင်မှ နုတ်ထွက်ပြီး ၁၉၅၆ ခုနှစ်တွင် "ဝ" တစ်လုံးရုပ်ရှင်မှ ဒါရိုက်တာ ဦးဘသင်း၏ "မေချစ်တဲ့မောင်" ကို ရိုက်ကူးသည်။ မေချစ်တဲ့မောင်သည် အသံထွက်ကားဖြစ်၍ သီသီသည် အသံထွက်ကားကို စတင်သရုပ်ဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် "မိချစ်ဘချစ်" တွင်ဆက်လက်ပါဝင်ခွင့် ရရှိခဲ့သည်။ ဒါရိုက်တာ ရွှေဒုံးဘိအောင်က မန္တလေးရုပ်ရှင်အတွက် ရိုက်ကူးမည့် "ဤလူ့ဘောင်တွင်" ၌ သီသီအား သရုပ်ဆောင်ရန် လျာထားစီစဉ်ခဲ့သော်လည်း ကားရိုက်ရက်တွင် ကျန်းမာရေးမကောင်းသဖြင့် မြင့်မြင့်ခင်နှင့် ရိုက်ကူးဖြစ်သွားကာ သီသီအတွက် အခွင့်အရေးတစ်ခု လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ထိုနည်းတူစွာ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒါရိုက်တာ ရွှေဒုံးဘိအောင်ကြီးကြပ်၍ ဗိုလ်ဗကို ရိုက်ကူးသည့် "သူရချစ်ညို" စစ်ကားတွင် သရုပ်ဆောင်ခွင့် ရခဲ့သော်လည်း ရုပ်ရှင်ကားရိုက်ကူးမှုကို ဆိုင်းငံ့ထားသဖြင့် ရင်မောခဲ့ရပြန်သည်။ ရုပ်ရှင်သက်တမ်း ၁၀ နှစ်ခန့် အတွင်း၌ ရုပ်ရှင်ကား ၁၀ ကားခန့်သာ ရိုက်ကူးခွင့်ရခဲ့ သဖြင့် သီသီမှာ

တစ်နှစ်လျှင် တစ်ကားခန့်သာ ရိုက်ကူးခွင့်ရခဲ့သည်ဟု ဆိုနိုင်သည်။ ရိုက်ကူးခဲ့သမျှ ကားများသည်လည်း လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့သည့် ကားများမပါဝင်ချေ။

ထိုအချိန်တွင် ဒါရိုက်တာ ရွှေဒုံးဘိအောင်က ရွှေမန်းရုပ်ရှင်၏ပွဲဦးထွက်ကား "အတွေ့" တွင် သီသီကို အသုံးပြုရန် ရွေးချယ်ခဲ့သည်။ ဒါရိုက်တာ ရွှေဒုံးဘိအောင်က သီသီတွင်ရှိသည့် အရည်အသွေးမှန်သမျှ အိတ်သွန်ဖာမှောက် အသုံးချခွင့်ရအောင် ဖန်တီးညွှန်ကြားပေးခဲ့သည်။ သီသီနှင့် ဇာတ်ဆောင်စရိုက်မှာ အံဝင်ခွင်ကျရှိလွန်းလှသည်။

"အတွေ့" ရုံတင်ချိန်တွင် သီသီကို ပရိသတ်က ရာနှုန်းပြည့်အမှတ်ပေးကြသည်။ "အတွေ့" ရုပ်ရှင်ကား အောင်မြင်ခဲ့သည့်နည်းတူ သီသီလည်းအောင်မြင်ခဲ့သည်။ ထုတ်လုပ်သူ ဒါရိုက်တာတို့သည်လည်း သီသီထံသို့ ဝိုင်းလာကြသည်။ ၁၉၆၂ ခုနှစ်တွင် "အတွေ့" ဖြင့် အကောင်းဆုံး သရုပ်ဆောင်ထူးချွန်ဆုချီးမြှင့်ခံရသောအခါ သီသီ၏ အောင်မြင်မှုမှာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ တင်တင်မူ၊ မေသစ်၊ မြင့်မြင့်ခင်နှင့် ကြည်ကြည်ဌေး စသောခေတ်ပြိုင် သရုပ်ဆောင်များနှင့်လည်း ရင်ပေါင်တန်းနိုင်ခဲ့သည်။

ထို့နောက် သီသီသည် ၁၉၈၂ ခုနှစ် တွင် ကိုယ်ပိုင်သီတာဦးရုပ်ရှင်မှ ဒါရိုက်တာ ထွန်းဝင်း၏ "ဘဝကိုစိန်ခေါ်ကြသူ" တွင် သရုပ်ဆောင်ပြီးနောက် ရုပ်ရှင်လောကမှ အနားယူခဲ့သည်။ သီသီပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ကားများကို လေ့လာပါက ရုပ်ရှင်ကားတစ်ကားတည်းတွင်မည့်သည့်သရုပ်ဆောင် နှင့်မဆို ယှဉ်ပြိုင်၍ သရုပ် ဆောင်ဝံ့သော အနုပညာသတ္တိကို တွေ့ရှိနိုင်သည်။

ထို့အပြင် သီသီသည် မေတ္တာရေ လှိုင်းကဲ့သို့သော မြန်မာနိုင်ငံ၏ပထမဆုံး ဆေးရောင်စုံရုပ်ရှင်ကားနှင့်ယနေ့ ဆေးရောင်စုံကားများ၏ ရှေ့ပြေးစက်မှု နည်းပညာကို ဇတ်သိမ်းတွင် စမ်းသပ်ရိုက် ကူးထားသော "မေတ္တာဘုံသို့ နှစ်ခေါက် လေ" ရုပ်ရှင်ကားတွင် သရုပ်ဆောင်ခွင့်ရရှိခဲ့သူဖြစ်သည်။ ထို့ပြင် သီသီသည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် လွတ်လပ်ရေး ထိမ်းသိန်းမှုကိုဖော်ကျူးသည့် ရုပ်ရှင်ကားများ၊ တိုင်းရင်းသားချစ်ကြည်ရေးကို အထောက်အကူပြုသည့်ရုပ်ရှင်ကားများ၊ အချစ်၊ အိမ်ထောင် ရေးနှင့် လူမှုပညာပေးရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

သီသီသည် ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်မီးရထားရုပ်ကွက်၊ တိုက်အမှတ် (၁၇၁/၁၇၅)၊ အခန်း (၈) နေအိမ်၌ ကွယ်လွန်သွားခဲ့သည်။ ကွန်လွန်ချိန်တွင် သားမောင်ကျော်စိုးသိန်း ကျန်ရစ်ခဲ့သည်။

**ဟောတီနိုင်ငံ။** ။ဟောတီနိုင်ငံသည် ကာရစ်ဘီယံပင်လယ်တွင်းရှိ ဟစ်ပင်နီယိုလာ ကျွန်းကြီးပေါ်တွင် တည်ရှိသည်။ရှေးပဝေသဏီကစ၍ ပြင်သစ်ကိုလိုနီဖြစ်ခဲ့ကာ ၁၈ဝ၄ ခုနှစ်၌ ကျွန်တော်လှန်ရေးကြီးဖြစ်ပြီးနောက် လွတ်လပ်ရေး ရရှိခဲ့သည်။ ထို့နောက်၁၉၁၅ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ အမေရိကန်တပ်များ ဝင်ရောက်ခဲ့ကာ နှစ်ပေါင်း၂၀ နီးပါးခန့် အမေရိကန်တပ်များ တပ်စွဲထားစဉ်ကာလများအတွင်း လယ်သမားပြောက်ကျား လှုပ်ရှားထကြွမှုများ ဖြစ်ပေါ်လာပြီး လူပေါင်းထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ တစ်ဖန် ပါပါဒေါက်ဟု နာမည်ကြီးခဲ့သော ဒေါက်တာ ဖရန်ဆွာ ဒူဗေးလီးယားက ၁၉၅၇ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ သမ္မတအဖြစ် အုပ်ချုပ်ခဲ့သည်။ ၎င်းကွယ်လွန်သွားသော အခါ သားဖြစ်သူ ဘေဘီဒေါက်က ၁၉၈၆ ခုနှစ်အထိ ဟောတီ နိုင်ငံကို အုပ်ချုပ်ခဲ့ပြန်သည်။ ဒေါက်တာ ဒူဗေးလီးယား သားအဖ အုပ်ချုပ်စဉ်ကာလအတွင်း ဟောတီနိုင်ငံသည် ဖိနှိပ် ညှဉ်းဆဲမှုမျိုးစုံနှင့် ကြုံခဲ့ရသည်။

### ပထမဆုံးဒီမိုကရေစီရွေးကောက်ပွဲ

၁၉၉၀ ပြည့်နှစ်၌ ဟောတီနိုင်ငံတွင် ပထမဆုံးအကြိမ် ဒီမိုကရေစီ ရွေး ကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ရွေးကောက်ပွဲတွင် ခရစ်ယာန် ဘုန်းတော်ကြီး ယန်းဘာတရန် အရစ်တိုက် အနိုင်ရကာ သမ္မတဖြစ်လာခဲ့သည်။ သို့သော် အရစ်တိုက်သည် သမ္မတအဖြစ် ခုနှစ်လသာ ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ခုနှစ် စက်တင်ဘာလ၌ စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆီးဒရပ်စ် ခေါင်းဆောင်သော စစ်ဘက်မှ အာဏာသိမ်းခဲ့ သည်။ ထို့နောက် အရစ်တိုက်ကို ဖမ်း ဆီးပြီး တိုင်းပြည်မှ နှင်ထုတ်ခဲ့သည်။

### ပိတ်ဆို့တားမြစ်မှုများ

ဆီးဒရပ်စ်အုပ်စုသည် ပြည်သူများ၏ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ အရစ်တိုက်ကို တိုင်းပြည်မှ နှင်ထုတ်ပြီးနောက် အရစ်တိုက်အားထောက်ခံခဲ့သည့် ပြည်သူများကို နည်းမျိုးစုံနှင့် နှိပ်စက်ညှဉ်းပန်း ခဲ့သည်။

ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို မခံနိုင်သဖြင့် ဟေတီပြည်သူ ၃၅၀၀၀ ခန့်သည် အမေရိကန် ပြည်ထောင်စုသို့ ထွက်ပြေးခဲ့ကြသည်။ ယင်းသို့ဖြင့် အမေရိကန်အစိုးရအဖို့ ဟေတီဒုက္ခသည်များ ပြဿနာသည် ခေါင်းခဲရသော ပြဿနာဖြစ်လာခဲ့သည်။

ယင်းသို့ ပြည်သူလူထုရွေးကောက်တင်မြှောက်ထားသော သမ္မတအရစ်တိုက်ထံမှ အာဏာသိမ်းကာ အရစ်တိုက်အား ထောက်ခံသူ ပြည်သူအများစုအား ညှဉ်းပန်းနှိပ်စက်ခဲ့သော ကြောင့် ဆီးဒရပ်စ်ဦးဆောင်သော ဟေတီအစိုးရကို ရေနံ၊ လက်နက်နှင့် ငွေကြေးအကူအညီများမပေးရန် ကုလ သမဂ္ဂက ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့၌ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

ဖြတ်ချခံရသော သမ္မတအရစ်တိုက်ကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့၌ အာဏာပြန်လွှဲပေးပါမည်ဟု ဆီးဒရပ်စ်က ကတိပြုခဲ့သည်။ ထို့ကြောင့်ကုလသမဂ္ဂက ပိတ်ဆို့တားမြစ်မှုများကို ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

အရစ်တိုက်အား အာဏာပြန်လည်လွှဲပြောင်းပေးရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အိမ်စောင့်အစိုးရအဖွဲ့ ဖွဲ့စည်းရေးကိုလည်းကောင်း၊ အိမ်စောင့်အစိုးရကိုဦးဆောင် မည့် ဝန်ကြီးချုပ်တစ်ဦးကို အရစ်တိုက်၏ဆန္ဒအရ ခန့်ထား ရေးကို လည်းကောင်း ဟေတီစစ်အစိုးရနှင့် သမ္မတ အရစ် တိုက်တို့ ဆွေးနွေးညှိနှိုင်း သဘောတူညီမှုရရှိခဲ့သည်။ အရစ် တိုက်သည် အိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ် ရောဘတ် မယ်လ်ဘယ်လ်ကို ခန့်ထားခဲ့သည်။

သို့သော် ဆီးဒရပ်စ်သည် အရစ်တိုက်ဟေတီသို့ ပြန် လာရေးနှင့် ၎င်းအားအာဏာပြန်အပ်ရေးကိစ္စကို ဘာမျှ ဆက်မလုပ်ဘဲ မိမိ၏ကတိကို ဖျက်ကာ ၁၉၉၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့၌ အသက်၈၀အရွယ်ရှိ တရားသူကြီးချုပ် အမ်မီယောနတ်ဆိန့်ကို ဟေတီနိုင်ငံ သမ္မတအဖြစ် ခန့်အပ် လိုက်သည်။ ဤသို့ဖြင့် တင်းမာမှုများပြန်လည်ဖြစ်ပေါ်ကာ နောက်ဆုံးတွင် ဟေတီကို အမေရိကန်ဦးဆောင်သော နိုင်ငံစုံ တပ်ဖွဲ့က စစ်ရေးအရဝင်ရောက်ရန် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြု ဆုံးဖြတ်ခဲ့သည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၂ နိုင်ငံက ထောက်ခံမဲပေးသည်။ ကန့်ကွက်မဲမရှိချေ။ တရုတ်နှင့် ဘရာဇီးတို့က မဲမပေးဘဲ နေခဲ့သည်။

**ညှိနှိုင်းဆွေးနွေးပွဲ**

ကုလသမဂ္ဂကဟေတီကိုစစ်ရေး အရ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့သော်လည်း အမေရိကန် အစိုး ရသည် စစ်ရေးအရဝင်ရောက်တိုက်ခိုက်ရန် ဝန်လေးနေခဲ့ သည်။ နိုင်ငံခြားရေး မူဝါဒတွင် နာမည် ပျက်ဖွယ်ကိစ္စတစ်ခု တိုးလာမည်ကို ကြောင့်ကြပြီး သမ္မတကလင်တန်သည် အမေရိကန်တပ်များ ဟေတီသို့ ဝင်ရောက်ရေးကို ချိန်ဆနေခဲ့ သည်။ ကလင်တန်အစိုးရအဖွဲ့ အရာရှိများက အမေရိကန် တပ်များ သတိပေးမှုတစ်စုံတစ်ရာ မပြုဘဲ အမြန်ဝင်ရောက် တိုက်ခိုက်နည်းကို သုံးပါက ဟေတီတွင် အမေရိကန်တပ်များ ကြာမြင့်စွာ တပ်စွဲထားရမည့်အရေးကို ရှောင်လွှဲနိုင်လိမ့် မည်ဟု ဆွေးနွေး ခဲ့ကြသည်။ သို့သော် ၁၉၁၅ ခုနှစ်က အမေရိကန်တပ်များ ဟေတီနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ပြီး ဟေတီမှ တပ်များအချိန်တိုအတွင်း ပြန်လည်မရုပ်သိမ်းနိုင် ခဲ့ပေ။ ဟေတီ၏ နိုင်ငံရေးအုံကြွမှု၊ ဟေတီ၏ပြည်ပကြွေးမြီ ပြန်ဆပ်နိုင်စွမ်းမရှိဆိုသည့် နိုင်ငံတကာ အငြင်းပွားမှုများ ကြောင့် အမေရိကန်တပ်များသည် ထိုအချိန်က နှစ်ပေါင်း ၂၀အထိတပ်စွဲထားခဲ့ရသည်။ ဟေတီ နိုင်ငံထဲသို့ ဝင်ရောက် ရသည်မှာ လွယ်သော်လည်း ဖြစ်လာမည့် အကျိုးဆက်များ ကို ဖြေရှင်းရသည်မှာ မလွယ်သဖြင့် အမေရိကန်အစိုးရသည် ဟေတီနိုင်ငံသို့ စစ်ရေးအရ ဝင်ရောက်ရေးကို မဝံ့မရဲ ဖြစ်ခဲ့သည်။

အမေရိကန်အစိုးရသည် အရစ်တိုက်အား အာဏာ ပြန်လည် လွှဲအပ်ရေးကို စစ်ရေးအရ မစွက်ဖက်ဘဲ ပြီး မြောက်စေရန် ကြိုးစားခဲ့သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ၊ ဒုတိယပတ်တွင် သမ္မတကလင်တန်သည် သမ္မတဟောင်း ဂျင်မီကာတာကို ဟေတီသို့စေလွှတ်ပြီး ဟေတီစစ်ခေါင်း ဆောင်များနှင့် ညှိနှိုင်းဆွေးနွေးစေခဲ့သည်။

အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာသည် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်နေ့၌ ဟေတီ စစ်ခေါင်း ဆောင်များနှင့် ဆွေးနွေးညှိနှိုင်းရန် ဟေတီနိုင်ငံသို့ ရောက် လာသည်။ ၎င်းတို့နှင့်အတူ ဗိုလ်ချုပ်ကြီး ကောလင်းပါဝဲနှင့် Senate Armed Services Committee ဥက္ကဋ္ဌ ဆမ်နန် တို့လည်း လိုက်ပါလာကြသည်။

ဂျင်မီကာတာနှင့် အဖွဲ့သည် စစ်ခေါင်းဆောင်များ အာဏာစွန့်ရေး၊ အရစ်တိုက်ကို သမ္မတရာထူးပြန်ပေးရေး၊ ဟေတီလွှတ်တော်က စစ်ခေါင်းဆောင်များကို လွတ်ငြိမ်း ချမ်းသာခွင့်ပေးရေးကိစ္စများကို ဟေတီစစ်ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ဆီးဒရပ်စ်ခေါင်းဆောင်သော ဟေတီ အစိုးရခေါင်းဆောင်များနှင့် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့၌ ကမ်းလှမ်းညှိနှိုင်းဆွေးနွေးခဲ့သည်။ ဟေတီ စစ်ဌာနချုပ်တွင် ယင်းသို့ဆွေးနွေးနေကြစဉ် ဆီးဒရပ်စ်ကို ထောက်ခံကြသူ ဟေတီပြည်သူ ၉၀၀ ခန့်က စစ်ဌာနချုပ်

အပြင်ဘက်မှ အရစ်တိုက်ကို အလိုမရှိကြောင်း ဆန္ဒပြခဲ့ကြသည်။ ဆွေးနွေးပွဲတွင် သဘောတူညီမှု ရသည်ဟူသော အသံထွက်ပေါ်လာခြင်းမရှိခဲ့သော်လည်း ဆီးဒရပ်စ်သည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် နောက်ဆုံးထား၍ အာဏာကိုစွန့်လွှတ်ရမည်ဟု သမ္မတ ကလင်တန်က အသံလွှင့်ကြေညာခဲ့သည်။ ဟေတီစစ်ခေါင်းဆောင်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး ဆီးဒရပ်စ်၊ ဗိုလ်ချုပ်ဖိလစ်ဘီရမ်ဘီတို့အဖွဲ့နှင့် သမ္မတဟောင်းကာတာ ဦးဆောင်သည့်အမေရိကန် အစိုးရ ကိုယ်စားလှယ်အဖွဲ့တို့၏ ဆွေးနွေးညှိနှိုင်းပွဲမှာ ပြေလည်မှုမရဘဲပြီးဆုံးသွားခဲ့သည်။

### အမေရိကန်တပ်များဝင်ရောက်ခြင်း

မပြေလည်သောဆွေးနွေးပွဲပြီးဆုံးသွားပြီးနောက် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ညဉ့်၌ သမ္မတ ကလင်တန်က စစ်လေယာဉ် ၆၁ စင်း ဟေတီသို့ပျံသန်းချီတက်ရန် အမိန့်ပေးခဲ့သည်။ အဆိုပါလေယာဉ်များ ဟေတီသို့ဦးတည်ပျံသန်းလာနေချိန်မှာပင် ဟေတီယာယီသမ္မတ ယောနက်ဆိန့်က အာဏာစွန့်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူချက်အရ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၌ ဆီးဒရပ်စ်နှင့်အဖွဲ့သည် အာဏာစွန့်မည်ဖြစ်သည်။ လွှတ်တော်က အာဏာသိမ်းခေါင်းဆောင်များအား လွတ်ငြိမ်းချမ်းသာခွင့်ကြေညာမည်ဖြစ်သည်။ အမေရိကန်သို့ထွက်ပြေးတိမ်းရှောင်နေသော အရစ်တိုက်ပြန်လာပြီး ဟေတီသမ္မတတာဝန်ပြန်လည်ရယူမည်ဖြစ်သည်။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်၌ အမေရိကန်တပ်ဖွဲ့ ပထမအသုတ်သည် ဟေတီနိုင်ငံ လေဆိပ်သို့ ခုခံမှုမရှိဘဲ ရဟတ်ယာဉ်များဖြင့် ဆင်းသက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်စစ်သင်္ဘောနှစ်စင်းနှင့်ကမ်းခြေစောင့်ရေယာဉ်တစ်စင်းက ဟေတီဆိပ်ကမ်းကို ထိန်းချုပ်ထားလိုက်သည်။ ဟေတီစစ်ဆင်ရေးစစ်မြေပြင်တပ်မှူးအမေရိကန်ဗိုလ်ချုပ်ကြီး ဟင်နရီရှယ်တန် သည် လေဆိပ်ကို လုံခြုံရေးရယူပြီးချိန်တွင် ရဟတ်ယာဉ်တစ်စင်းနှင့် ရောက်လာခဲ့သည်။

### မငြိမ်သက်မှုများ

အာဏာစွန့်ရေး၊ အာဏာလွှဲရေးစသည့် ကိစ္စရပ်များ ညှိနှိုင်းပြင်ဆင်နေချိန်၌ ဟေတီနိုင်ငံအတွင်း မငြိမ်မသက်မှုများဖြစ်ပွားခဲ့သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ အမေရိကန်တပ်များဝင်လာပြီးချိန်တွင် အရစ်တိုက်ထောက်ခံသူများက ဆန္ဒပြပွဲလုပ်ရာမှ ဆန္ဒပြသူများကို ဟေတီရဲအဖွဲ့က တုတ်များဖြင့်ရိုက်သည်။ ဆီးဒရပ်စ်၏ ခါးပိုက်ဆောင်တပ်ပြည်သူ့စစ်များကလည်း ရဲများနှင့်ပူးပေါင်းပြီး ဆန္ဒပြသူများကို ရိုက်နှက်ကြသည်။

ထို့နောက်ခြောက်ရက်အကြာ စက်တင်ဘာလ ၂၄ ရက်နေ့၌ ဟေတီရဲဌာနချုပ်အနီးတွင် အမေရိကန်မရိန်းတပ်ဖွဲ့ကိုပစ်ခတ်သဖြင့် အမေရိကန်တပ်သားတစ်ဦး ခြေတွင်ဒဏ်ရာရသွားသည်။ အမေရိကန်စစ်သားများက ပြန်လည်ပစ်ခတ်သဖြင့် ဟေတီလူမျိုး ကိုးဦးကျဆုံးခဲ့သည်။

### လွှတ်တော်အစည်းအဝေး

အာဏာသိမ်းဟေတီစစ်ခေါင်းဆောင်များအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့် ဥပဒေပြဋ္ဌာန်းရန် ဟေတီလွှတ်တော်အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပသည်။ ၁၉၉၁ ခုနှစ် အာဏာသိမ်းပွဲဖြစ်ပွားပြီးချိန်၌ အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးခိုလှုံနေခဲ့သော ဟေတီလွှတ်တော်အမတ် ၁၁ ဦးသည် အမေရိကန်နိုင်ငံ မိုင်ယာမီမြို့မှ ဟေတီသို့ပြန်လာကြသည်။

### အရစ်တိုက်နှင့် ဆီးဒရပ်စ်အခြေအနေ

အမေရိကန်နိုင်ငံသို့ ထွက်ပြေးခိုလှုံနေသော ဟေတီပြည်ပြေးသမ္မတ ယန်းဘာထရန်အရစ်တိုက်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိမိသည်ပြည်ပြေးဘဝကို အဆုံးသတ်ကာ ဟေတီနိုင်ငံသို့ အောက်တိုဘာလ ၁၅ ရက်နေ့နောက်ဆုံးထား၍ပြန်လာတော့မည်ဖြစ်ကြောင်းကုလသမဂ္ဂအထွေအထွေညီလာခံကြီးတွင် အောက်တိုဘာလ ၆ ရက်နေ့ကပြောကြားသည်။

ဟေတီစစ်ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရှိုင်ရော့ ဆီးဒရပ်စ်သည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်နေ့၌ ပနားမားနိုင်ငံတွင် နိုင်ငံရေးခိုလှုံရန် လေကြောင်းဖြင့် ထွက်ခွာသွားသည်။ ဆီးဒရပ်စ်နှင့်အတူ ၄င်း၏ထိပ်တန်းစစ်ဘက်အကြီးအကဲ ဖိလစ်ဘီရမ်ဘီလည်း လိုက်ပါသွားခဲ့သည်။

### ဟေတီပြန်လည်ထူထောင်ရေး

ဟေတီတွင် ဒီမိုကရေစီပြန်လည်ထွန်းကားရေးရေတိုစစ်ဆင်မှုအတွက် အမေရိကန်အစိုးရက အနည်းဆုံးဒေါ်လာသန်း ၅၀၀ သုံးစွဲသွားမည်။ ဟေတီစီးပွားရေးပြန်လည် ဦးမော့လာရေးအတွက် ကျားကန်ပေးရန် လေးနှစ်တာ ကာလအတွင်း နိုင်ငံတကာအကူအညီ

ဒေါ်လာသန်း ၂၀၀၀ ပေးရေး အစီအစဉ်တွင်လည်း အမေရိကန်အစိုးရက ထည့်ဝင်သွားမည်ဖြစ်ကြောင်း ဝါရှင်တန် သတင်းတစ်ရပ်က ဖော်ပြခဲ့လေသည်။

**အမျိုးသားညီလာခံ။** ။နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရရှိရေးအတွက် အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ကစ၍ ကျင်းပခဲ့ရာတွင် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ညီလာခံကို ရပ်နားခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပြန်လည် စတင်ကျင်းပသည်။ ထိုသို့ကျင်းပခဲ့ရာတွင် အခန်းလိုက် ခေါင်းစဉ်များအနက်မှ ခေါင်းစဉ် ၃ ရပ်ဖြစ်သော နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော် အကြီးအကဲ ခေါင်းစဉ်များကို အစုအဖွဲ့. ရှစ်ဖွဲ့. အတွင်းမှ အစုအဖွဲ့. အလိုက်၊ နိုင်ငံရေးပါတီတစ်ခုချင်းအလိုက်၊ အချို့ကိုယ်စားလှယ်တစ်ဦးချင်းအလိုက် အကြံပြုချက်စာတမ်းများကို ရေးသားပြုစု တင်ပြခဲ့ကြသည်။ ထိုစာတမ်းများကို ၁၉၉၄ ခု၊ မတ်လ ၂၃ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အတွင်း သမ္မတအိမ်တော်ဝင်းအတွင်း၌ ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အသီးသီးဖတ်ကြားတင်ပြခဲ့ကြရာ စာတမ်းအားဖြင့် ၅၃ စောင်၊ စာမျက်နှာအားဖြင့် ၁၅၃၂ မျက်နှာ ဖြစ်သည်။

ထိုသို့ဖတ်ကြားတင်သွင်းခဲ့ကြသော အကြံပြုချက် စာတမ်း ၅၃ စောင်ကို စုစည်း၍ အမျိုးသားညီလာခံ သဘာပတိအဖွဲ့က အခြေခံရမည့်မှု တစ်ခုချင်းအလိုက် သုံးသပ်ပြုစုခဲ့ရာ စာမျက်နှာအားဖြင့် ၈၆၄ အထိ ရှိခဲ့သည်။ သဘာပတိအဖွဲ့သည် ၁၉၉၄ ခု၊ ဧပြီလ ၅ ရက် နေ့မှ ၈ ရက် နေ့အထိ ယင်းသုံးသပ်ချက်များကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ ဖတ်ကြားတင်ပြခဲ့သည်။

အမျိုးသားညီလာခံ၏ ဦးတည်ချက် ၆ ရပ်နှင့် အခြေခံ ရမည့်မှုများ ဘောင်အတွင်းမှ အသေးစိတ်ချမှတ် ရမည့်မှုများနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များနှင့်အတူ သဘာပတိအဖွဲ့၏ သုံးသပ်ချက်များကို အခြေခံထားလျက် ချမှတ်သင့်သော အခြေခံမှုများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီက အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သို့ တင်ပြခဲ့သည်။ ယင်းသို့တင်ပြသော အခြေခံရမည့်မှုများကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က အတည်ပြုပေးခဲ့သည်။ ထိုမှုများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌက ၉-၄-၉၄ နေ့တွင် ကျင်းပသော စုံညီ အစည်းအဝေး၌ ရှင်းလင်းတင်ပြခဲ့သည်။

ထိုနေ့တွင်ပင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က အမျိုးသားညီလာခံတွင် အခန်းအလိုက်ခေါင်းစဉ်များ၊ နိုင်ငံတော်အခြေခံမှုများ သတ်မှတ်ရာတွင် အခြေခံရမည့်မှုများကို ညှိနှိုင်းဖော်ထုတ်ပြီးဖြစ်သည့်အတွက် ညီလာခံ၏ဦးတည်ချက် ၆ ရပ်နှင့်အတူ ချမှတ်ပြီးဖြစ်သည့် အခြေခံရမည့်မှုများအပြင် အမျိုးသား ညီလာခံကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဆန့်ကျင်မသွေဖည်ဘဲ ရှေ့အဖို့တိုးတက်မှုရှိရန်၊ အချိန်ကုန် ရကျိုးနပ်စေရန် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက် သွားကြဖို့လိုအပ်ကြောင်း မေတ္တာရပ်ခံ ပြောကြားသည်။

အမျိုးသားညီလာခံကော်မရှင်ဥက္ကဋ္ဌကမိမိတို့သည် လက်ရှိတိုင်း ၇ တိုင်းနှင့် ပြည်နယ် ၇ ပြည်နယ်ကို အဆင့် အတန်းတူညီသော တိုင်းဒေသကြီးနှင့် ပြည်နယ်များအဖြစ် ဖွဲ့စည်းသွားရန်၊ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာ ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ခွဲဝေအပ်နှင်းသွားရန်၊ ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မရသေးသော တိုင်းရင်းသားလူမျိုး များထဲမှ လျော်ကန်သင့်မြတ်သော လူဦးရေရှိမှု၊ တစ်ဆက် တစ်စပ်တည်း နေထိုင်သောဒေသရှိမှု ဟူသော သတ်မှတ်ချက်များကို အခြေခံပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများဖွဲ့စည်းရန် အခြေခံအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားစွာ အကြံပြု ဆွေးနွေးသွားကြသည်ကိုတွေ့ရကြောင်း၊ ဤကိစ္စနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားသည့်အတိုင်း နောက်တစ်ကြိမ် ပြန်လည်ကျင်းပမည့် အမျိုးသား ညီလာခံတွင် ဆက်လက် ဆွေးနွေးညှိနှိုင်းသွားမှာ ဖြစ်ကြောင်း ပြောကြားလျက် ကိုယ်စားလှယ်များသည် မိသားစု၊ လုပ်ငန်းဆောင်တာတို့နှင့် ခွဲခွာပြီး အမျိုးသား ညီလာခံတာဝန်များကို လာရောက်ထမ်းဆောင်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်၍တစ်ကြောင်း၊ နှစ်သစ်ကူးအခါကြီးရက်ကြီး ဖြစ်သော တာသင်္ကြန်ပွဲတော်နီးကပ်လာပြီဖြစ်၍ မိမိတို့ ရပ်ထံပြန်လည် နားနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ် သဖြင့် အမျိုးသားညီလာခံကို ၁၀-၄-၉၄ နေ့မှ စတင် ရပ်နားပြီး ၂-၉-၉၄ နေ့တွင် ပြန်လည်ကျင်းပမည် ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ ရပ်နားနေစဉ် ညီလာခံ ပြန်လည်စတင်သည့်အခါ ဆွေးနွေးကြမည့် အခန်းလိုက် ခေါင်းစဉ်များနှင့်စပ်လျဉ်းသော အကြံကောင်း ဉာဏ်ကောင်းများပေးနိုင်ရန် အချိန်ရခိုက် လေ့လာ စုဆောင်း မှတ်သားကြဖို့ တိုက်တွန်းမှာကြားသည်။

အမျိုးသားညီလာခံကို ၂-၉-၉၄ နေ့တွင် ပြန်လည်



**အမျိုးသားညီလာခံ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးတစ်ခု မြင်ကွင်း**

ကျောင်းပရာ၌ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က သဘာပတိမိန့်ခွန်းပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ဆက်လက်ဆွေးနွေးရမည့် အခြေအနေအရပ်ရပ်ကို ခေါင်းစဉ်များအလိုက် ရှင်းလင်းပြောကြားသည်။

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌက အမျိုးသားညီလာခံ၏ အစီအစဉ်များတွင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း ဆွေးနွေးစဉ်က မပြီးပြတ်ခဲ့ပဲ ဆက်လက်ဆွေးနွေးဦးမည်ဟု ပြောကြားထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကိစ္စကို ဦးစွာဆွေးနွေးညှိနှိုင်းကြရန်နှင့်သတ်မှတ်ထားခဲ့သော အခန်းအလိုက် ခေါင်းစဉ်များအနက် တစ်ခုနှင့်တစ်ခုကျိုးကြောင်းဆက်စပ်နီးနွှယ်နေသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အခြေခံရမည့်မူများကို ခေါင်းစဉ်တစ်ခုချင်း အလိုက် ဆွေးနွေးအကြံပြုသွားနိုင်ရန်မှာကြားသည်။ အဓိကအားဖြင့် ညီလာခံ၏ ဦးတည်ချက် ၆ ရပ်ကို မမှိတ်မသုန် ရှေးရှု၍ အတတ်နိုင်ဆုံးဖြည့်ဆည်းရန် တိုင်းရင်းသား လူမျိုးများ စည်းလုံးညီညွတ်ရေးအတွက် အမြော်အမြင် ကြီးမားခြင်းနှင့်အတူ သဘောထားကျယ်ဝန်းစွာဖြင့် စိတ်ရှည်လက်ရှည် ပူးပေါင်းဆောင်ရွက်ရန်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ထုံးလုပ်နည်းများကို အပြည့်အဝ အလေးအနက် လိုက်နာဆောင်ရွက်သွားကြရန် နိုဂုံးချုပ်အားဖြင့် တိုက်တွန်းသွားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီအနေဖြင့် လေ့လာထားရှိချက်များကို ရှင်းလင်းပြောကြားပါသည်။ ယင်းပြောကြားချက်များအပေါ်တွင် ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြရန်ဖြစ်ကြောင်း၊ အခြားသင့်လျော်သော အကြံပြုချက်များရှိလျှင် ဦးတည်ချက် ခြောက်ရပ်နှင့်အညီ လည်းကောင်း၊ ချမှတ်ပြီး အခြေခံမူများနှင့်အညီ လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းလုပ်နည်းများနှင့် အညီလည်းကောင်း ဆွေးနွေးအကြံပြုကြဖို့ဖြစ်ကြောင်း ဆက်လက်ပြောကြားပါသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များသည် လုပ်ငန်းကော်မတီ၏ လေ့လာတင်ပြချက်များကို အခြေခံလျက် ၂၁-၉-၉၄ နေ့မှစ၍ အစုအဖွဲ့အလိုက်၊ ဆွေးနွေးရမည့်ခေါင်းစဉ်အလိုက် မိမိတို့အစုအဖွဲ့ သဘာပတိများနှင့် ညှိနှိုင်း၍ ရက်သတ်မှတ်ကာဆက်လက်ဆွေးနွေး၍ စာတမ်းများကို အကြောင်းရပ်အလိုက်ရေးသားပြုစု တင်ပြလျက်ရှိကြသည်။

၁၉၉၄ ခုနှစ် ကုန်ဆုံးချိန်တွင်ညီလာခံသို့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ်ဦးရေမှာ ၆၈၇ ဦး ဖြစ်လေသည်။

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ( ၁၉၉၅ )

ဤ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန် ရှာဖွေလိုပါကလည်း အက္ခရာစဉ် အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကား ဖွယ် အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြ ထားပါသည်။


### က

ကနေဒါ ၁၂၈–၁၃၂။
ကနေဒီ–အိုနာဆစ်, ဂျက်ကလင်း ၁၅၊ ၁၃၂–၁၃၃၊ ၁၉၃။
ကရာချတ်, လီယိုနစ် ၂၀၈–၂၁၃။
ကလင်တန် ၁၊ ၂၊ ၂၆၊ ၆၀၊ ၂၁၆၊ ၂၆၁၊ ၃၁၂–၃၁၃၊ ၃၃၉၊ ၃၄၀။
ကာတာ, ဂျင်မီ ၃၃၉–၃၄၀။
ကာရာဒစ်, ရာဒိုဗန် ၁၃၆၊ ၃၁၆၊ ၃၁၈။
ကီဂါလီ ၃၁၉–၃၂၃။
ကုမာရတွန်းဂါး, ချန်ဒရိကာ ၃၃၅–၃၃၆။
ကုလသမဂ္ဂ ၁၄၃–၁၅၀၊ ၃၁၇။
ကုသ(ဦးတိုးအောင်) ၁၅၀–၁၅၁။
ကူချ်မာ, လီယိုနစ် ၂၀၈–၂၁၄။
ကောလိပ်မြိုင် ၁၅၁–၁၅၂။
ကိုရီးယားသမ္မတနိုင်ငံ ၁၅၂–၁၆၃။
ကင်မ်ယောင်ဆမ် ၁၆၁၊ ၁၅၂၊ ၁၅၃၊ ၁၅၈။
ကင်အီဆွန်း ၁၊ ၁၅၉၊ ၁၆၃–၁၆၇။
ကုန်စည်ပြပွဲများ ၂၉၀။
ကမ်းဘဲလ်, ကင်မ် ၁၂၈။
ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၅၈–၆၅။
ကမ္ဘောဒီးယားနိုင်ငံ ၉၊ ၁၆၇–၁၇၃။
ကွယ်လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ ၁၇၃–၁၈၃။
ကျွန်ဖိမင်း ၁၅၈။

### ခ

ခရစ္စတိုဖာ, ဝါရင် ၃၁၃။
ခူဆမ်ဖန် ၁၆၈၊ ၁၇၂။
ခင်ညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး ၂–၄၊ ၈၊ ၁၂–၁၅၊ ၂၀–၂၅၊ ၂၇–၃၁၊ ၄၃၊ ၄၅–၄၇၊ ၇၇၊ ၈၄၊ ၈၈၊ ၂၇၈၊ ၂၈၈၊ ၃၀၁၊ ၃၀၃။
ခင်ရွှေဩ ၁၈၃–၁၈၅။
ချက်သမ္မတနိုင်ငံ ၁၈၅–၁၈၈။
ခွန်ဆာ ၂၇၇။
ချွမ်လိပိုင် ၁၇၂၊ ၂၂၈–၂၃၀။

### ဂ

ဂါမ်နီဒစ်ဆာနာယကေး ၂၈။
ဂါလီ, ဘူထရို့စ် ၃၀၆၊ ၃၂၁။
ဂိုချပ်တောင် ၁၈၈–၁၈၉၊ ၂၉၁၊ ၂၉၂။
ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ(၁၉၉၄) ၁၈၉–၁၉၀။
ဂတ် ၁၉၀–၁၉၇။
ဂမ်ဆတ်ဟာဒီးယား ၂၀၁–၂၀၄။
ဂျပန်နိုင်ငံ ၁၉၇–၂၀၀။
ဂျော်ဂျီယာသမ္မတနိုင်ငံ ၂၀၁–၂၀၇။

### စ

စာဆိုတော်နေ့ ၂၀၇–၂၀၉။
စင်ကာပူသမ္မတနိုင်ငံ ၂၁၀–၂၁၃။
စိုင်းအောင်လှိုင်မြင့် ၂၈၆။

### ဆ

ဆလမ်အယ်ဘော့, အလီ ၃၀၅–၃၀၈။
ဆအူးဒီအာရေဗျ ၂၄၉၊ ၃၀၅–၃၁၆။
ဆီးဒရပ်စ်, ရှိုင်ရော် ၂၄–၂၅၊ ၃၃၈–၃၄၀။
ဆန်ချေ့ဇ်ဒီလိုဇာ ၆၀။
ဆန်ဟာနန်ဒို ၂။

### ဇ

ဇိုင်ယာ ၃၁၈–၃၂၀၊ ၃၂၃၊ ၃၂၄။

### ဈ

ဈေးချိုတော်ကြီး ၂၉၅။

### တ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၂၁၃–၂၁၆။
တာနာကာ, ကာကူအီ ၂၁၆–၂၁၇။
တိုကျိုဝိုင်း ၁၉၃။
တင်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ၂၃၊ ၃၀၃။
တင်အုန်း၊ ဦး ၂၁၇–၂၁၈။
တင်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ၆၊ ၇၊ ၁၀၊ ၁၄၊ ၂၀၊ ၂၂–၂၄၊ ၂၈၊ ၃၀၊ ၄၄–၄၆၊ ၃၀၃။
တောင်အာဖရိကသမ္မတနိုင်ငံ ၁၂၊ ၁၄၊ ၁၅၊ ၂၁၈–၂၂၄။
တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး ရေး ပရဟိတ(ကျား)ကျောင်း ၂၂၄–၂၂၇။
တန်စန်းနီးယား ၃၁၈၊ ၃၂၀၊ ၃၂၁၊ ၃၂၂။
တိန်ရှောင်ဖိန် ၈၊ ၂၁၄။
တွာဂီရာမွန်ဂူ, ဖော်စတင် ၃၂၂၊ ၃၂၃။
တွတ်ဆီ ၃၁၈–၃၂၀၊ ၃၂၂၊ ၃၂၃။

### ထ

ထိုင်းနိုင်ငံ ၂၂၇–၂၃၁။

### ဒ

ဒီကလပ် ၂၁၉။
ဒုတိယအကြိမ်အမျိုးသား အားကစားပွဲတော် ၃၊ ၄၊ ၈၀–၈၉။
ဒူဗေးလီးယား, ဖရန်ဆွာ ၃၃၈။
ဒီမှိုင်း ၂၅၈။

### န

နာဆာယူဆွတ်၊ ဗိုလ်ချုပ် ၂၅၀။
နာရာဆင်ဟာရောင်း ၂၁၆။
နာဝပ်ဇ်ရှရစ်ဖ် ၂၄၄၊ ၂၄၇၊ ၂၄၈။
နိုရိုဒွန်ချာကရာဘွန် ၁၇၁။

နစ်ဆင်, ရစ်ချက်
မိလ်ပောက်စ် ၁၂၊ ၂၃၁–၂၃၃။
နယ်စပ်ဒေသနှင့် တိုင်းရင်း
သား လူမျိုးများဖွံ့ဖြိုးတိုးတက်
ရေး အကောင်အထည်ဖော်
ဆောင်ရွက်မှုများ (၁၉၉၄) ၂၃၃–၂၄၁။

ပ

ပခုက္ကူဦးအုံးဖေစာပေ
ဆုနှင်းသဘင် ၄၊ ၂၄၁–၂၄၃။
ပရာစောင်ဆွန်စိရိ ၁၂၊ ၂၆၁။
ပလိပ်ရောဂါ ၉၇–၁၀၉။
ပါကစ္စတန်အစ္စလာမ္မစ်
သမ္မတနိုင်ငံ ၂၄၃–၂၄၈။
ပါလက်စတိုင်းကိုယ်ပိုင်
အုပ်ချုပ်ရေး ၂၄၈–၂၅၂။
ပါဝဲ, ကောလင်း ၃၃၉။
ပူလစ်ဇာဆု ၁၁။
ပဲရက်, ရှိမွန် ၂၆။
ပယ်ရိ, ဝီလျံ ၁၅၉၊ ၃၁၄၊ ၃၂၄။
ပြင်သစ် ၃၂၀၊ ၃၂၃။
ပြည်ထောင်စုကြံ့ခိုင်ရေး
နှင့်ဖွံ့ဖြိုးရေးအသင်း၏
လှုပ်ရှားမှုများ ၂–၄၊ ၈၊ ၁၀၊ ၁၃၊
၁၆၊ ၂၅၂–၂၅၈။

ဗ

ဗိယက်နမ်ပြည်သူ့သမ္မတနိုင်ငံ ၂၅၈–၂၆၁။
ဗဲလဂျီယံ ၃၁၈၊ ၃၂၀။
ဗိုဗန်ကီယက် ၁၄၊ ၂၆၁–၂၆၂၊ ၂၉၁–၂၉၂။
ဗုဒ္ဓမြတ်စွယ်တော် ၁၂၊ ၁၅–၁၆၊ ၃၅–၄၇။
ဗန္ဒာရနိုက်ကေး, သီရိမာဗို ၃၃၅။

ဘ

ဘုရင့်နောင်တံတား ၂၆၂–၂၆၄၊ ၂၉၃။
ဘူတို, ဘီနဇာ ၂၄၃–၂၄၆၊ ၂၄၈။
ဘူတာယ်လိဗ်, မန်ဂိုဆူတူ ၂၁၉–၂၂၀၊ ၂၂၂။
ဘူရွန်ဒီ ၃၁၈၊ ၃၂၀၊ ၃၂၂။
ဘော့စနီးယား–ဟာဇီဂိုဗီးနား ၃၁၄၊ ၃၁၆။
ဘန်ဒေါင်းကွန်ဖရင့် ၂၈၄။
ဘွဲ့တံဆိပ်တော်ရ
ဆရာတော်အရှင်မြတ်များ ၂၆၄–၂၇၃။

မ

မီးထရောင်း ၃၂၃။
မူးယစ်ဆေးဝါးနှင့် စိတ်ကို
ပြောင်းလဲစေသော ဆေးဝါး
များ အန္တရာယ်တားဆီးကာကွယ်
ရေး(မြန်မာနိုင်ငံ)(၁၉၉၄) ၂၇၃–၂၇၈။
မင်ဒဲလား, နယ်လ်ဆင် ၂၁၈၊ ၂၂၀–၂၂၃။
မောင်စိန် (ပန်းချီ)၊ ဦး ၂၇၈–၂၇၉။
မောင်မောင်၊ ဒေါက်တာ ၂၇၉–၂၈၁။
မောင်မောင်ခင်၊ ဒုတိယ
ဗိုလ်ချုပ်ကြီး ၂၊ ၆၊ ၁၀၊ ၁၄၊ ၁၅၊
၁၇၊ ၁၈၊ ၂၃၊ ၃၀၃။
မောင်အေး၊ ဗိုလ်ချုပ်ကြီး ၄–၉၊ ၁၄–၁၅၊
၁၉၊ ၂၂–၂၄၊
၂၆–၂၇၊ ၃၀၁၊၃၀၃။
မျိုးချစ်၊ တက္ကသိုလ်
(ဝဏ္ဏကျော်ထင်) ၂၈၁–၂၈၂။
မျိုးညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး ၃၀၂၊ ၃၄၂။
မြနန်းစံကျော်ရွှေနန်းတော် ၉၀–၉၅။
မြင့်သိန်း၊ ဦး (အငြိမ်းစားနိုင်ငံ
တော်တရားဝန်ကြီးချုပ်) ၂၈၂–၂၈၄။
မြန်မာနိုင်ငံကြက်ခြေနီ
လှုပ်ရှားမှုများ ၂၈၄–၂၈၇။
မြန်မာနိုင်ငံစာပေဆုများ ၂၈၈–၂၉၀။
မြန်မာနိုင်ငံ ဆေးတက္ကသိုလ်
များနှင့် အခြားနီးနွယ်သော
တက္ကသိုလ်များ ၆၆–၇၉။
မြန်မာနိုင်ငံတော်၊
ပြည်ထောင်စု ၂၉၀–၂၉၆။
မြန်မာနှင့် ကမ္ဘာ့ခရီး
သွား လုပ်ငန်း ၁၁၀–၁၂၁။
မြန်မာ့ကုန်စည်ပြပွဲများ ၁၂၃–၁၂၆။
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ၂၉၆–၃၀၁။
မြန်မာ့ရိုးရာယဉ်ကျေးမှု
ပြိုင်ပွဲများ ၃၀၁–၃၀၃။
မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၃၀၃–၃၀၄။

ယ

ယီမင်သမ္မတနိုင်ငံ ၁၅၊ ၃၀၅–၃၀၈။
ယူကရိန်းသမ္မတနိုင်ငံ ၃၀၈–၃၁၄။
ယူဂိုစလားဗီးယားပြည်ထောင်စု ၃၁၄–၃၁၈။
ယဲ့လ်ဆင်,
ဘောရစ် ၁၊ ၇၊ ၁၆၊ ၃၀၉၊ ၃၁၂–၃၁၃။
ယောနက်ဆိန်, အမ်မီ ၃၃၉–၃၄၀။
ရဝမ်ဒါ ၁၄၊ ၃၁၈–၃၂၄။
ရာနာရစ် ၁၆၇–၁၆၉။
ရာပြည်မလွန်ဈေးဆန်လှူ
အသင်းကြီး ၄၉–၅၇။
ရာဘင်, ယစ်ဇက် ၄၊ ၁၃၊ ၂၅၀။
ရုရှား ၃၁၂–၃၁၃၊ ၃၁၅၊ ၃၁၈၊ ၂၇၆။
ရစ်ချတ်(ပ်)ဆင်, ဘီလ် ၆။
ရန်အောင်မောင်မောင် ၃၂၄–၃၂၅။
ရှိဗာနာဒေ ၂၀၁။
ရွှေကမ္ဘာလုံးရုပ်ရှင်ဆု ၃။

လ

လီဖုန် ၈၊ ၃၂။
လီလီဟားမားဆောင်းရာသီအိုလံပစ် ၅။
လက်စ်နိ, အယာလာ ၃၂၂။
လက်ဟာရိ ၂၄၄။
လင်းယုန်နီ ၃၂၅–၃၂၆။

ဝ

ဝဏ္ဏသိရိ ဆရာတော်ဘဒ္ဒန္တ ၃၂၆–၃၂၇။

သ

သဘာဝဘေးဒဏ် ၃၂၇–၃၃၂။
သာသနာတော်သန့်ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်ချက်များ
(၁၉၉၄) ၃၃၂–၃၃၄။
သီရိလင်္ကာ ၃၃၄–၃၃၆။
သိသိ၊ အကယ်ဒမီရုပ်ရှင်
မင်းသမီးကြီး ၃၃၆–၃၃၈။
သောဘိတ၊ ဘဒ္ဒန္တ
(အဘိဓဇမဟာရဋ္ဌဂုရု) ၄၃။
သန်းရွှေ ဗိုလ်ချုပ်မှူးကြီး ၁၊ ၄–၁၁၊
၁၃–၁၇၊ ၂၀–၂၁၊ ၂၃–၂၇၊
၂၉–၃၂၊ ၄၅–၄၆၊ ၂၉၁–၂၉၂၊ ၃၀၃။

ဟ

ဟာတာ ၁၉၇။
ဟာဗျာရိမာနာ, ဂျူဗီနယ် ၁၄၆၊ ၃၁၉။
ဟူတူ ၃၁၈–၃၁၉၊ ၃၂၃–၃၂၄။
ဟောတီ ၃၃၈–၃၄၁။
ဟိုဆိုကာဝါ ၁၃။
ဟင်နရိဒူးနန်တံဆိပ် ၂၈၆။
ဟွန်ဆန် ၁၇၀။
ဟွန်နက်ကာ, အဲရစ် ၁၆။

အ

အကာရှိ ယာဆုရှိ ၁၄၀၊ ၃၁၇။
အပြည်ပြည်ဆိုင်ရာ ကုန်သွယ်
ရေးအဖွဲ့(အိုင်တီအို) ၁၉၀။
အမျိုးသားညီလာခံ ၉၊ ၃၄၁–၃၄၂။
အရစ်တိုက်, ယန်းဘာထရန် ၃၃၈–၃၄၀။
အမ်ယောနမ်၊ ဒေါ် ၂၈၆။

ဥ

ဥရောပလုံခြုံရေးနှင့် ပူးပေါင်း
ဆောင်ရွက်ရေးကောင်စီ ၃၁၄။
ဥရောပသမဂ္ဂ ၃၁၅။
ဥရုဂွေးရောင်း ၁၉၂၊ ၁၉၄–၁၉၅

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၅) အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကော်လံ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၂ | ၂ | ပုံစာ | လော့စ်အိန်ဂျလိစ်ပြည်နယ် | လော့စ်အိန်ဂျလိစ်မြို့ |
| ၂ | ၃ | ၆ | လော့စ်အိန်ဂျလိစ်ပြည်နယ် | လော့စ်အိန်ဂျလိစ်မြို့အနီး |
| ၃၉ | ၁ | ၁၂ | နန်းရင်းဝင် | နန်းရင်းဝန် |
| ၃၉ | ၂ | ၇ | လက်ရွေးစဉ် | လက်ရွေးစင် |
| ၄၀ | ၂ | ၁၀ | ပဒုံမင်း | ဗဒုံမင်း |
| ၉၄ | ၁ | ၃၉ | မင်းမူး၊ မင်းသားငယ် | မြင်းမူးမင်းသားငယ် |
| ၁၀၁ | ၁ | ၂၀ | Ineubation | Incubation |
| ၂၁၇ | ၂ | ၉ | ၁၉၉၃ | ၁၉၃၃ |
| ၂၈၀ | ၁ | ၁၇ | LINCON's | LINCOLN'S |
| ၂၈၁ | ၁ | ၁၁ | TRAIL | TRIAL |
| ၂၈၃ | ၁ | ၈ | L. L. D Honoris | L. L. D Honorary |